http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးရုးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

သစ္စာလေးပါး

တရားတော်



သာသနာ- ၂၅၅၂ ကောဇာ- ၁၃၇၀ ခရစ်- ၂၀၀၈

မဟာစည်ဆရာတော်ဘုရားကြီး ဒုတိယဝါတော်ကြီးပွဲ

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

သစ္စာလေးပါး

တရားတော်



သာသနာ- ၂၅၅၂ ကောဇာ- ၁၃၇၀ ခရစ်- ၂၀၀၈

http://www.dhammadownload.com

အဆင်းမြင်ရာ၊ ရူမှတ်ခါ၊ မှန်စွာသိပါစေ။
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရူလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဂီရှင်၊ ရူလျင်ဖြစ်နိုင်ပေ။

အသံကြားရာ၊ ရူမှတ်ခါ၊ မှန်စွာသိပါစေ။
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရူလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဂီရှင်၊ ရူလျင်ဖြစ်နိုင်ပေ။

အနံ့နံရာ၊ ရူမှတ်ခါ၊ မှန်စွာ သိပါစေ။
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရူလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဂီရှင်၊ ရူလျင်ဖြစ်နိုင်ပေ။

အရသာစားရာ၊ ရူမှတ်ခါ၊ မှန်စွာ သိပါစေ။
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရူလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဂီရှင်၊ ရူလျင်ဖြစ်နိုင်ပေ။

အတွေ့ထိရာ၊ ရူမှတ်ခါ၊ မှန်စွာ သိပါစေ။
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရူလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဂီရှင်၊ ရူလျင်ဖြစ်နိုင်ပေ။

သဘောသိရာ၊ ရူမှတ်ခါ၊ မှန်စွာ သိပါစေ။
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရူလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဂီရှင်၊ ရူလျင်ဖြစ်နိုင်ပေ။

http://www.dhammadownload.com

သဒ္ဓမ္မဇောတိပုဒ္ဓဇ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

သစ္စာလေးပါးတရားတော်

သာသနာ-၂၅၅၁ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်(၃၂၀၃၃၄၀၆၀၇)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၂၀၄၆၅၁၁၀၀၈)

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၂၀၀၀ အုပ်

၂၀၀၈ - ခုနှစ်

ကွန်ပျူတာစာစီ - ကိုအေးချမ်း (မဟာစည်)

ထုတ်ဝေသူ - ဦးဖုန်းမြင့် (၀၂၄၀)
ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ် ၁၆၊ သာသနာ့ရိပ်သာလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဒေါအေးအေးကြူ (၀၅၆၄၄၄)
မိုးဝင်းပုံနှိပ်တိုက်
၂၂၊ သိမ်ကြီးလမ်း၊
ကြည့်မြင်တိုင်။

စာအုပ်ချုပ် - မိုးဝင်းပုံနှိပ်တိုက်

http://www.dhammadownload.com



အနန္တကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂီတိပုဗ္ဗက အဂ္ဂမဟာပဏ္ဍိတ

မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	**ဒုက္ခဆန္ဒာဇာရုးစော် ပဆေပို်ဒ်း**	
	◆ သာသနာနဲ့တွေ့ကြုံရတာ သစ္စာလေးပါး သိဖို့ပဲ	၁
	◆ သစ္စာမှလွတ်တဲ့တရားမရှိ	၂
	◆ ဒိဋ္ဌိသစ္စာ	၄
	◆ သစ္စာနှစ်ပါး	၄
	◆ ပရမတ္ထသစ္စာ	၅
	◆ အဝိပရီတသဘောမှန်ကို သေချာသိဖို့ လိုတယ်	၅
	◆ ပရမတ်နဲ့ပညတ်ကွဲဖို့ သိပ်ပြီး အရေးကြီးပါတယ်	၇
	◆ ပညတ်နဲ့နိဗ္ဗာန်သာ မြဲပါတယ်	၈
	◆ ပရမတ်က မှန်သောတရား။ ပညတ်က မမှန်တဲ့တရား	၉
	◆ ပညတ်ဆိုတာ မျက်လှည့်ပြတဲ့ပစ္စည်းလိုပဲ	၉
	◆ ပညတ်ဆိုတာ သမုတိသစ္စာ အနေမှန်ပေမယ့် ပရမတ်အနေအားဖြင့်မမှန်ဘူး	၁၀
	◆ ပညတ်ကို ထင်နေပုံတွေ	၁၁
	◆ ပရမတ်သိနဲ့ ပညတ်သိ	၁၂
	◆ သဘာဝသစ္စာနဲ့ အရိယသစ္စာ	၁၃
	◆ သစ္စာလေးပါးမြတ်တရား	၁၄
	◆ လက်သည်အကြောင်းကို ရှာရမယ်	၁၅
	◆ ဒုက္ခမှန်သမျှတွေဟာ အရိယာများသာ အမှန်သိပါတယ်	၁၆
	◆ ဒုက္ခသစ္စာ	၁၇
	◆ သမုဒယသစ္စာ	၁၇
	◆ နိရောဓသစ္စာ	၁၈
	◆ မဂ္ဂသစ္စာ	၁၈
	◆ လူတိုင်းမှာ ဒီသစ္စာနှစ်ပါးပဲ ရှိပါတယ်	၁၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ ဒုက္ခ ၁၂-မျိုး	၂၁
	◆ ဇာတိဒုက္ခ	၂၁
	◆ တရားရှုမှတ်ဖူးရင် သေရတာ မဆန်းလှဘူး	၂၈
	◆ ပဋိသန္ဓေလေးမျိုး	၂၉
	◆ ဒုက္ခ (၇)မျိုး	၃၃
	◆ ဒုက္ခ ဒုက္ခကို သိပုံချင်း မတူကြ	၃၄
	◆ ဝိပရိဏာမဒုက္ခ	၃၅
	◆ သခ်ါရဒုက္ခ	၃၈
	◆ ပဋိစ္ဆန္နဒုက္ခ	၃၉
	◆ အပွဋိစ္ဆန္နဒုက္ခ	၄၀
	◆ ပရိယာယဒုက္ခနဲ့ နိပ္ပရိယာယဒုက္ခ	၄၀
	◆ ပရိယာယဒုက္ခ	၄၂
၂။	**ဒုက္ခသစ္စာတရားဇော် ဒုတိယပိုင်း**	
	◆ သဘာဝသစ္စာနဲ့ ပရမတ္ထသစ္စာ	၅၀
	◆ တေဘူမကတရားဆိုတာ	၅၀
	◆ ကာယဒသကကလာပ်	၆၀
	◆ ဝတ္ထုဒသကကလာပ်	၆၀
	◆ ဇရာနှစ်မျိုး	၇၀
	◆ သခ်တဇရာ	၇၀
	◆ သန္ဆတိဇရာ	၇၀
	◆ အိုခြင်းသဘောကို ပကတိမျက်စိနဲ့ မမြင်နိုင်ဘူး	၇၃
	◆ အသက်ကြီးလေလေ သူတို့မှာ မှီခိုရာတရားမရှိလေလေပဲ	၇၅
	◆ ပါရိဇုညတရားလေးပါး	၇၉
	◆ ဓမ္မုဒ္ဒေသတရားလေးပါး	၇၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ သေခြင်းဒုက္ခ	၈၂
	◆ ဒိတရားတွေ ရှိနေရင် သေရမှာမစိုးရိမ်ရဘူး	၈၄
	◆ နတ်များ စုတေခါနီး ပုပ္ပနိမိတ်ထင်လာပုံ	၈၆
	◆ သိကြားမင်းရဲ့သောကကို မြတ်စွာဘုရားပယ်ဖျောက်တော်မူပုံ	၈၇
၃။	**စုတ္ထဆန္ဒာဇရူးစဏာ် ထဇီဃပို်ငး်**	
	◆ သောကဆိုတာ	၉၃
	◆ ပဌာစာရာဝတ္ထု	၉၅
	◆ ပါရမီရှိပြီးသူဆိုရင် ဘုရားက ကယ်နိုင်ပါတယ်	၉၇
	◆ သေဘေးကို မည်သူမျှမကယ်နိုင်ခြင်း	၉၉
	◆ သီလဗျသန	၁၀၂
	◆ ဒိဋ္ဌဗျသန	၁၀၂
	◆ အယူဖျက်ရင် သေခါနီးမှာ သိရပါတယ်	၁၀၃
	◆ စိတ်ထားပြောင်းနိုင်ရင် မဆုံးရှုံးပါဘူး	၁၀၅
	◆ မီးမလောင်ခင် မီးကြိုပေးထားသလို ကြိုတင်ပြင်ဆင်ထားရင် သက်သာပါတယ်	၁၀၉
	◆ ပရိဒေဝဒုက္ခ	၁၁၂
	◆ သာမန်လူတွေထက် တရားရှုမှတ်သူများ ကွာခြားပါတယ်	၁၁၅
	◆ ဒေါမနဿ	၁၁၆
	◆ ဇီဝကဆေးဆရာနဲ့ စဏ္ဍာပဒ္ဓေါတမင်း	၁၂၀
	◆ တောင်ပိုင်းဗုဒ္ဓဘာသာတွေနဲ့ နီဗ္ဗာန်	၁၂၅
	◆ ရုပ်ထူးနာမ်ထူးရှိရင် ဇာတိစတဲ့အထူးလည်း ရှိရမှာပဲ	၁၂၆
	◆ သိကြားမင်း သောတာပန်ဖြစ်ပုံ	၁၂၇
	◆ ဥပါယာသ	၁၂၈
	◆ မချစ်မနှစ်သက်တဲ့သူတွေနဲ့ အတူနေရခြင်းဒုက္ခ	၁၂၉
	◆ ချစ်ခင်မြတ်နိုးအပ်တဲ့သူနဲ့ ကွဲကွာရခြင်းဒုက္ခ	၁၃၂

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄။	**ဒုက္ခသစ္စာတရားစောဲ ဆွေးဆွေးမြိုင်မြိုင်း**	
	◆ ပဝါရဏာပြုတယ် ဆိုတာ	၁၃၆
	◆ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတဲ့နေ့	၁၃၉
	◆ တရားအနုသန္ဓေ	၁၄၁
	◆ မရနိုင်တာကို လိုချင်တာလည်း ဒုက္ခ	၁၄၂
	◆ အန္ဓဘာရဝတ္ထု	၁၄၃
	◆ မရတာကို လိုချင်တာ ဒုက္ခရောက်တာပဲ	၁၄၄
	◆ စွန့်နိုင်ခဲတဲ့အလှူကို စွန့်လှူခဲ့လို့ ချမ်းသာရခဲ့တယ်	၁၄၆
	◆ မရနိုင်တာကို လိုချင်တာလည်း ဒုက္ခပဲ	၁၄၈
	◆ အကျဉ်းချုံးပြီး ပြောရရင် ဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခပဲ	၁၅၁
	◆ မတည့်သူတွေနဲ့ အတူနေရတာလည်း ဆင်းရဲပဲ	၁၅၃
	◆ ရူပုပါဒါနက္ခန္ဓာ	၁၅၆
	◆ ပထဝီ	၁၅၇
	◆ အာပေါ	၁၅၈
	◆ တေဇော	၁၆၈
	◆ ဝါယော	၁၆၉
	◆ ရုပ်တရားတွေကို ဝိပဿနာဉာဏ်ဖြင့် မသိရင် စွဲလမ်းတော့တာပဲ	၁၆၀
	◆ လူတစ်ကိုယ်သာ ဝင်နိုင်ထွက်နိုင်တဲ့ တံခါးပေါက်လိုပါပဲ	၁၆၃
	◆ ဝေဒနုပါဒါနက္ခန္ဓာ	၁၆၅
	◆ သညုပါဒါနက္ခန္ဓာ	၁၆၇
	◆ သင်္ခါရုပါဒါနက္ခန္ဓာ	၁၆၈
	◆ ဝိညာဏုပါဒါနက္ခန္ဓာ	၁၆၉
	◆ ခန္ဓာငါးပါးရှိနေလို့ ဒုက္ခတွေ ဖြစ်နေရတာပဲ	၁၆၉
	◆ နာမ်တရားအပေါ်မှာ စွဲလမ်းတာ	၁၇၂

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရမယ်	၁၇၂
	◆ ဥပါဒါနက္ခန္ဓာတွေ သိအောင်လို့ ရှုမှတ်ရတာပဲ	၁၇၇
	◆ တရားရှုမှတ်ပုံ	၁၇၈
	◆ နိဗ္ဗိန္ဒ (ငြီးငွေ့) ဉာဏ် ဖြစ်ပေါ်လာခြင်း	၁၈၁
၅း	**ဆဠာယတနသစ္စာအရေးစတော်**	
	◆ သမုဒယသစ္စာ	၁၈၅
	◆ အာရုံ ၆-ပါးနဲ့စပ်ပြီးသာ လောင်နေတာကို တဏှာလို့ ခေါ်ခြင်း	၁၈၆
	◆ သမုဒယ (တဏှာ)ဆိုတာ နာမည်အမျိုးမျိုးနဲ့ပါပဲ	၁၈၆
	◆ သတ္တဝါတွေ ဖြစ်ရာဘဝမှာ သဘောကျနေကြတာပဲ	၁၈၇
	◆ လောက်လန်းသဖွယ် ဝိညာဉ်တွယ်	၁၉၃
	◆ ဘုရားလောင်းသော်မှ တဏှာရာဂဖြင့်စွဲလမ်းလို့ နဂါးဖြစ်ရခြင်း	၁၉၄
	◆ ခွေးရဲ့ချမ်းသာမှုကို မြင်ရတော့ သာယာမိခြင်း	၁၉၅
	◆ ဘုရားလက်ထက်တော်က ရဟန်းတစ်ပါး	၁၉၆
	◆ သတ္တဝါတွေဟာ စွဲလမ်းရာရာမှာ ဖြစ်ကြတာပါပဲ	၁၉၇
	◆ တဏှာသုံးမျိုး	၂၀၀
	◆ ဘဝတဏှာ	၂၀၂
	◆ သဿတဒိဋ္ဌိအားကြီးရင် တရားမမြင်နိုင်ဘူး	၂၀၄
	◆ ဝိဘဝတဏှာ	၂၀၆
	◆ ကာမသုခလွန်ကာနုယောဂဆိုတာ ဝိဘဝတဏှာပဲ	၂၀၇
	◆ အကြိုက်ချင်းမတူကြဘူး	၂၀၉
	◆ ကွဒ္ဒာရုံနှစ်မျိုးရှိတယ်	၂၁၀
	◆ ပိယရူပ်သာတရူပ်	၂၁၂

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ ပရိကပ္ပဏ္ဍဌာရုံ	၂၁၃
	◆ တဏ္ဍာတစ်ရာ့ရှစ်ပါး	၂၁၅
	◆ တဏ္ဍာဆိုတဲ့တရားဟာ နေရာတကာမှာ သူပါတယ်	၂၁၆
	◆ အတွင်းရောအပြင်ရော နေရာတကာမှာ ရှုပ်နေတာက တဏ္ဍာပါပဲ	၂၁၆
	◆ သမ္မပ္ပဓာန်လုံ့လရှိသူဟာ တဏ္ဍာမဝင်နိုင်တော့ဘူး	၂၂၂
၆။	**နိဗျောဇသစ္စာတရားတော်**	
	◆ သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို မြင်သွားရင် အားကြီးတဲ့ တဏ္ဍာငြိမ်းတယ်	၂၂၆
	◆ ရုပ်နာမ်သခီါရတို့၏ ငြိမ်းနေတာကို တွေ့မြင်လျှင် နိဗ္ဗာန်ကိုတွေ့ရတာပဲ	၂၃၃
	◆ မဂ်အဆင့်ဆင့်တိုင်းမှာ တဏ္ဍာတွေ ထိုက်သည့်အားလျော်စွာ ငြိမ်းသွားတယ်	၂၃၄
	◆ နိဗ္ဗာန်ရဲ့လက္ခဏာ ရသ၊ ပစ္စုပဌာန်	၂၃၆
	◆ နိဗ္ဗာန်ဆိုတာ ငြိမ်းခြင်းပါပဲ	၂၃၆
	◆ ရုပ်နာမ်တွေ မချုပ်တဲ့ အချိန်မရှိဘူး	၂၃၇
	◆ သေတယ် ဆိုရင် ဘဝဟောင်းက ရုပ်နာမ်တွေ အကုန်လုံး ချုပ်တယ်	၂၃၈
	◆ နိဗ္ဗာန်ဓာတ်ကတော့ ရွှေ့လျောခြင်းမရှိဘူး	၂၄၁
	◆ နိဗ္ဗာန်မှာ ပုံသဏ္ဌာန်အထည်ဖြပ်လည်း မရှိဘူး	၂၄၂
	◆ နိဗ္ဗာန်နဲ့ တူတဲ့ ဥပမာမရှိဘူး	၂၄၃
	◆ ပုံသဏ္ဌာန်ရှိတယ်ဆိုတဲ့ နိဗ္ဗာန်ဟာ ဗုဒ္ဓဘာသာရဲ့နိဗ္ဗာန် မဟုတ်ဘူး	၂၄၄
	◆ နိဗ္ဗာန်ထက်ကောင်းတဲ့ ချမ်းသာမရှိဘူး	၂၄၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ ပုထုဇဉ်အမြင်နဲ့ အရိယာအမြင် ကွာခြားခြင်း	၂၅၀
	◆ အကြောင်းဖြစ်တဲ့ ကိလေသာငြိမ်းမှ အကျိုးတရားဟာ ငြိမ်းမယ်	၂၅၆
	◆ ဒီရုပ်နာမ်တွေဟာ ထပ်ခါထပ်ခါဖြစ်နေတယ်	၂၅၉
	◆ အကြောင်းတရားကို မငြိမ်းဘဲနဲ့ အကျိုးတရားကို ငြိမ်းနေရင် ခွေးများနဲ့ တူပါတယ်	၁၆၁
	◆ ဝက်မကလေးဝတ္ထု	၂၆၄
	◆ သံသရာဆိုတာ ကြောက်စရာပါပဲ	၂၇၁
	◆ မသေချာတဲ့ အခြေအနေကနေ သေချာတဲ့ အခြေအနေ ရောက်ကြရအောင် တရားအားထုတ်ကြပါ	၂၇၂
	◆ ဝက်မကလေးရဲ့ ဆယ့်သုံးဘဝ	၂၇၈
	◆ နောက်ဆုံး သတိသံဝေဂရပြီး ကျွတ်တမ်းဝင်သွားပါတယ်	၂၇၉
	◆ နိဗ္ဗာန်ဆိုတာ	၂၈၀
၇။	**မဂ္ဂင်္ဂစတုတ္ထဈာန်အထိ ပထမပိုင်း**	
	◆ လောကသစ္စာလေးပါး	၂၈၂
	◆ လောကဆင်းရဲ	၂၈၃
	◆ လောကဆင်းရဲကြောင်းများ	၂၈၃
	◆ လောကနိဗ္ဗာန်	၂၈၄
	◆ လောကနိဗ္ဗာန်ရကြောင်းများ	၂၈၄
	◆ ဆင်းရဲအမှန်	၂၈၅
	◆ အကျင့်လမ်းမဂ္ဂင် ရှစ်ပါး	၂၈၇
	◆ သမ္မာဒိဋ္ဌိမဂ္ဂင်	၂၈၉
	◆ သမ္မာဒိဋ္ဌိငါးမျိုး	၂၉၉
	◆ ကမ္မဿကတာဒိဋ္ဌိ	၂၉၀

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
◆	လူဖြစ်ဖို့ မလွယ်	၂၉၃
◆	ကုသိုလ်ဖြစ်ဖို့ခဲယဉ်းခြင်း	၂၆၃
◆	လိပ်ကန်းဥပမာ	၂၉၄
◆	သိပ်ကြောက်ဖို့ကောင်း	၂၉၅
◆	သမ္မာဒိဋ္ဌိမည်ပုံ	၂၉၃
◆	မဂ္ဂင် သုံးပါး	၂၉၉
◆	သိပုံ နှစ်မျိုး	၃၀၁
◆	အအေးဆုံးနိဗ္ဗာန်တွေ့	၃၀၃
◆	ဖြစ်ပျက်သမျှ ဆင်းရဲဒုက္ခကို ပိုင်းခြားသိပြီး	၃၀၃
◆	နေပူထဲကလာတဲ့သူပမာ	၃၀၄
◆	သမုဒယကို ပယ်ခြင်းကိစ္စ ပြီးစီးခြင်း	၃၀၆
◆	ဆေးလိပ်ဖြတ်သူပမာ	၃၀၇
◆	မဂ္ဂသစ္စာပွားစေခြင်း ကိစ္စပြီးခြင်း	၃၀၈
◆	အဆင့်ငါးဆင့်ဖြင့် သိခြင်း	၃၀၈
◆	သစ္စာနှစ်မျိုး	၃၀၈
◆	နိဗ္ဗာန်ဆိုတာ အကောင်းဆုံး	၃၀၉
◆	နိဗ္ဗာန်ကို ကောင်းတယ်လို့ သိနိုင်ခြင်း	၃၁၀
◆	သုပ္ပဝါသာ အမျိုးသမီးအာရုံပြုပုံ	၃၁၂
◆	ဆင်းရဲငြိမ်းကြောင်းအကျင့်	၃၁၄
◆	ဝဋ်သစ္စာကို ရှုမှတ်အားထုတ်ခြင်း	၃၁၆
◆	အိမ်အိုပမာ အလွန်ကြောက်စရာ	၃၁၆
◆	အမှောင်နှင့်အလင်းပမာ ရုပ်နာမ်နှစ်ဖြာ	၃၁၈
◆	ဒုက္ခသစ္စာ သိဖို့အရေး	၃၁၉
◆	ဥဂ္ဂဟ -သင်ယူခြင်းစသည်	၃၁၉
◆	ဒုက္ခနှင့်သမုဒယ	၃၂၁

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ တဏှာကင်းငြိမ်းပုံ	၃၂၃
	◆ ဝိပဿနာသမ္မာဒိဋ္ဌိ	၃၂၄
	◆ သမ္မာသင်္ကပ္ပမဂ္ဂင် စသည်လည်း ဖြစ်ခြင်း	၃၂၆
၈။	**မဂ္ဂင်ရှစ်ပါးတော် စုံတိုင်ပိုင်း**	
	◆ မဂ္ဂင်နဲ့မဂ္ဂ	၃၂၈
	◆ မဂ္ဂ နှစ်မျိုး	၃၂၈
	◆ သမ္မာသင်္ကပ္ပနှင့် မဂ္ဂင်သုံးပါး	၃၃၀
	◆ နေကွမ္မသင်္ကပ္ပ	၃၃၀
	◆ လိုချင်မှုဖြစ်ရာများ	၃၄၁
	◆ ဖြစ်တိုင်း ရှုမှတ်နေခြင်း	၃၄၁
	◆ အဗျာပါဒ အဝိဟိသာသင်္ကပ္ပ	၃၄၄
	◆ သမ္မာဝါစာနှင့် မဂ္ဂင်သုံးပါး	၃၄၃
	◆ သမ္မာဝါစာလေးပါး	၃၄၃
	◆ မုသာဝါဒမှ ကြဉ်ရှောင်ခြင်း	၃၄၈
	◆ ဖရုသဝါစာမှ ကြဉ်ရှောင်ခြင်း	၃၄၉
	◆ ပိသုဏဝါစာမှ ကြဉ်ရှောင်ခြင်း	၃၅၀
	◆ သမ္ဖပ္ပလာပမှ ကြဉ်ရှောင်ခြင်း	၃၅၀
	◆ သမ္မာကမ္မန္တနှင့် မဂ္ဂင်သုံးပါး	၃၅၂
	◆ သမ္မာအာဇီဝနှင့် မဂ္ဂင်သုံးပါး	၃၅၃
၉။	**မဂ္ဂင်ရှစ်ပါးတော် ထပ်တိုပိုင်း**	
	◆ သမ္မာဝါယာမနှင့် မဂ္ဂင်သုံးပါး	၃၆၆
	◆ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရအောင် အားထုတ်ခြင်း	၃၆၆
	◆ ဖြစ်ပြီးအကုသိုလ် ပယ်နိုင်အောင် အားထုတ်ခြင်း	၃၆၈

http://www.dhammadownload.com

မာတိကာ

စဉ်	အတြောင်းအရာ	စာမျက်နှာ
	◆ ဝဂီသမထေရ်ကို နည်းယူခြင်း	၃၆၉
	◆ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်အောင်အားထုတ်ခြင်း	၃၇၂
	◆ ဖြစ်ပြီးကုသိုလ်ကို တည်တံ့ပွားများအောင် အားထုတ်ခြင်း	၃၇၄
	◆ သမ္မာသတိမဂ္ဂင်၊ ကာယာနုပဿနာသတိပဋ္ဌာန်	၃၈၂
	◆ မပြတ်အားထုတ်ခြင်း	၃၈၄
၁၀။	**မဂ္ဂသစ္စာတရားတော် စတုတ္ထပိုင်း**	
	◆ ကာယာနုပဿနာသတိပဋ္ဌာန်အဆက်	၄၀၀
	◆ ဝေဒနာနုပဿနာသတိပဋ္ဌာန်	၄၀၉
	◆ စိတ္တာနုပဿနာသတိပဋ္ဌာန်	၄၂၄
	◆ စိတ်ကိုစောင့်စည်းနိုင်ရင် ကိလေသာမှ လွတ်နိုင်ခြင်း	၄၂၇
	◆ ဓမ္မာနုပဿနာသတိပဋ္ဌာန်	၄၃၁
	◆ စိတ္တာနုပဿနာသတိပဋ္ဌာန်	၄၃၃
၁၁။	**မဂ္ဂသစ္စာတရားတော် ပဉ္စမပိုင်း**	
	◆ သမ္မာသမာဓိမဂ္ဂင်	၄၃၇
	◆ ပထမဈာန်	၄၄၄
	◆ ဘိက္ခုသုံးမျိုး	၄၄၄
	◆ ပထမဈာန်နှစ်မျိုး	၄၄၅
	◆ လောကုတ္တရာဈာန်	၄၄၆
	◆ သမာဓိသုံးမျိုး	၄၄၇
	◆ ကာမမှကင်းဆိတ်လျှင် ဈာန်ရခြင်း	၄၄၈
	◆ ကာမကင်းအောင် တရားအားထုတ်ခြင်း	၄၄၉
	◆ ဗျာပါဒ စသည်ကင်းအောင် ရှုမှတ်ခြင်း	၄၅၁
	◆ ပီတိငါးမျိုး	၄၅၃

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ သမထချာန်	၄၅၈
	◆ ချာန်ရစေတဲ့ ကမ္မဋ္ဌာန်းများ	၄၅၈
	◆ ဝိပဿနာချာန်နှင့် လက္ခဏာနှစ်ပါး	၄၆၁
	◆ ဧကဂ္ဂတာ	၄၆၆
	◆ ချာန်အင်္ဂါ ငါးဖြာ	၄၅၇
၁၂။	**မဂ္ဂသစ္စာတရားတော် ဆဋ္ဌမပိုင်း**	
	◆ ဒုက္ခသစ္စာ	၄၇၅
	◆ သမာဓိဉာဏ်ရင့်ရင် ဖြစ်ပျက်တွေ့ရခြင်း	၄၇၅
	◆ ပြုပြင်ပေးရ	၄၇၇
	◆ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်နှင့် မရှုတဲ့ပုဂ္ဂိုလ်	၄၇၈
	◆ သမုဒယသစ္စာ	၄၈၁
	◆ နိရောဓသစ္စာ	၄၈၄
	◆ မဂ္ဂသစ္စာ	၄၈၅
	◆ သမာဓိနှစ်မျိုး	၄၉၁
	◆ ဘုရားလောင်းမသေတဲ့ တရားရှာခြင်း	၄၉၂
	◆ အာဠာရ ရသေ့ထံ ရောက်ခြင်း	၄၉၃
	◆ ဥဒကရာမပုတ္တရသေ့ထံ ရောက်ခြင်း	၄၉၄
	◆ ဒုက္ကရစရိယာကျင့်ခြင်း	၄၉၅
	◆ ခန္ဓာရှုမှ မဂ္ဂသစ္စာဖြစ်ခြင်း	၄၉၅
	◆ မြတ်စွာဘုရားဟောထားလို့ ရှုသိခြင်း	၄၉၈
	◆ ပထမချာန်	၄၉၉
	◆ ချာန်နှင့်မဂ်	၄၉၉
	◆ ချာန် ၂-မျိုး	၅၀၀
	◆ သမထချာန်	၅၀၁

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
◆	ဝိပဿနာဈာန်	၅၀၅
◆	ကာမမှကင်းခြင်း	၅၀၈
◆	အကုသိုလ်တရားမှ ကင်းခြင်း	၅၁၂
◆	ပထမဈာန် အင်္ဂါငါးပါး	၅၁၅
၁၃း	**မဟဒ္ဓနဇာတ်ဆရားစတော် ထင်ထွန်မပို့ခ်ီး**	
◆	ပထမဈာန်အင်္ဂါ ငါးဖြာ	၅၁၈
◆	ဒုတိယဈာန်အင်္ဂါသုံးပါး	၅၂၄
◆	တတိယဈာန်	၅၂၆
◆	တတိယဈာန်အင်္ဂါနှစ်ပါး	၅၂၉
◆	ဥပေက္ခာဆယ်ပါး	၅၂၈
◆	ဝိပဿနုပေက္ခာ	၅၂၉
◆	သခ်ါရုပေက္ခာ	၅၃၁
◆	ဝိရိယုပေက္ခာ	၅၃၁
◆	အရှင်သောဏမထေရ်	၅၃၂
◆	မလ္လာမတင်း စောင်းညှင်းပမာ	၅၃၄
◆	အရှင်အာနန္ဒာမထေရ်	၅၃၅
◆	ဝေဒနုပေက္ခာ	၅၃၉
◆	ဆဋ္ဌုံပေက္ခာ စသည် ခြောက်ပါး	၅၄၉
◆	စက္ခုဒ္ဓါရကနေပြီး ဥပေက္ခာဖြစ်ပုံ	၅၄၀
◆	ရဟန္တာပမာ ရှုမှတ်ပါ	၅၄၅
◆	သောတဒ္ဓါရ စသည်ကနေပြီး ဥပေက္ခာဖြစ်ပုံ	၅၄၆
◆	သီရာကနေပြီး ဥပေက္ခာဖြစ်ပုံ	၅၅၀

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄။	**မဇ္ဈိမနိကာယ်အဋ္ဌကထာ**	
◆	ပိတိလွန်မြောက်ပြီ	၁၁၆
◆	ဥပေက္ခာ ၁၀-ပါး	၁၁၈
◆	ဗြဟ္မဝိဟာရ	၁၆၂
◆	ဥပေက္ခာ	၁၆၃
◆	မေတ္တာ	၁၆၄
◆	ရွေးဦးစွာ မေတ္တာမပွားအပ်တဲ့ပုဂ္ဂိုလ်	၁၆၄
◆	ရွေးဦးစွာ မေတ္တာပွားအပ်တဲ့ပုဂ္ဂိုလ်	၁၆၅
◆	ကိုယ့်ကိုယ်အရင်ပွား	၁၆၅
◆	ချမ်းသာပါစေဆိုပြီး ပွားများ	၁၆၆
◆	ကောသလမင်းနှင့် မလ္လိကာမိဖုရား	၁၆၇
◆	ကိုယ့်ကိုယ်အချစ်ဆုံး	၁၆၈
◆	ချမ်းသာချင်ရင် အကုသိုလ်မပြုနဲ့	၁၆၉
◆	ယခုကိုယ်ချမ်းသာရေး	၁၇၀
◆	ခန္ဓာဝန်ကြီးပြုစုရေး	၁၇၂
◆	မေတ္တာပို့ပုံ	၁၇၃
◆	၁၂၈-သွယ်မေတ္တာ အနောဓိသမေတ္တာ	၁၇၅
◆	ပုဂ္ဂလအဓိပ္ပာယ်	၁၇၅
◆	ပုဂ္ဂလဆိုတာ ရုပ်	၁၇၆
◆	သြဓိသမေတ္တာ	၁၈၀
◆	မေတ္တာအကျိုး (၁၁)မျိုး	၁၈၆
◆	ကရဏာပွားပုံ	၁၉၁
◆	မုဒိတာပွားပုံ	၁၉၂

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ မေတ္တာ ကရုဏာ မုဒိတာ ဗျက်ခြင်း	၅၉၃
	◆ ဥပေက္ခာဈာန်ပွားပုံ	၅၉၄
	◆ မကောင်းစိတ်က အကျိုးကို ပြုလုပ်ပေးခြင်း	၆၀၁
	◆ စေတီထီးပမာ ဥပေက္ခာ	၆၀၄
၁၅။	**ဗဟုဃနဇာတကုးစတော် နဝဓမ္မိဉ်း**	
	◆ ကဆုန်လပြည့် ဗုဒ္ဓနေ့အကြောင်း	၆၀၇
	◆ ကုသိုလ်ကံအရေးကြီး	၆၀၈
	◆ တတိယဈာန်အကြောင်း	၆၁၇
	◆ အရိယာချိုးကျူးခံရတဲ့ပုဂ္ဂိုလ်	၆၁၈
	◆ ဗောဇ္ဈင်္ဂပေက္ခာ	၆၂၀
	◆ လူရွပ်အသွင် သမ္မောဇ္ဈင်	၆၂၇
	◆ သိကြောင်းတရားအပေါင်း ဗောဇ္ဈင်	၆၂၇
	◆ ဥပေက္ခာသမ္မောဇ္ဈင်	၆၂၇
	◆ သဒ္ဓါလွန်က တရားမတက် ပညာမဖြစ်	၆၂၈
	◆ ပညာလွန်က သဒ္ဓါအားနည်းခြင်း	၆၂၉
	◆ ဝီရိယလွန်က သမာဓိမဖြစ်ခြင်း	၆၃၀
	◆ သမာဓိလွန်က ဝီရိယအားနည်းခြင်း	၆၃၀
	◆ ညီမျှစေတဲ့ ဥပေက္ခာ	၆၃၀
	◆ ဘက်မလိုက်မှုကိစ္စရှိခြင်း	၆၃၁
	◆ အလယ်အလတ်ဖြစ်ပြီး ညီမျှနေခြင်း	၆၃၄
	◆ ရထားထိန်းပမာ ဥပေက္ခာ	၆၃၅
	◆ ဥပေက္ခာညီမျှဖို့ အရေးကြီး	၆၃၈
	◆ စတုတ္ထဈာန်	၆၃၉
	◆ ပါရမီမျိုးစေ့	၆၄၄

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	◆ ဝိဝဋ္ဋနိဿိတဆုတောင်း	၆၄၅
	◆ ဆုတောင်းမှားခဲ့ခြင်း	၆၄၇
	◆ မဂ္ဂင်သုံးမျိုး	၆၅၀
	◆ ဒုက္ခနှင့် သမုဒယမှာရှုမှတ်ခြင်း	၆၅၄
	◆ အဖျက်ဆုတရားရှုမှတ်ခြင်း	၆၅၅
	◆ ဗဟိဒ္ဓတရားရှုမှတ်ခြင်း	၆၅၇
၁၆။	**ဓဋ္ဌဆန္ဓာဘရုးစဘော် ဓဿဓိုင်း**	
	◆ သစ္စာ၌ သဘောတရားမျှဟု ရှုနေ	၆၆၀
	◆ ကိုယ်ထဲမှာ သစ္စာလေးပါးရှိခြင်း	၆၆၁
	◆ နိဗ္ဗာန်ကိုယ်တွင်းမှာရှိပုံ	၆၆၂
	◆ အဖျက်ဆုသန္ဆာန်မှာရှုခြင်း	၆၆၃
	◆ ဖြစ်ပျက်ရှုနေခြင်း	၆၆၄
	◆ အကြောင်းအားဖြင့် ဖြစ်ပျက်ရှုခြင်း	၆၆၅
	◆ ဖြစ်ခိုက်ခဏအားဖြင့် ရှုခြင်း	၆၆၅
	◆ ဖြစ်ခြင်းသဘောရှုခြင်း	၆၆၆
	◆ မော်တော်ကား အိမ်မြှောပုံဟန် ဝိပဿနာဉာဏ်	၆၆၉
	◆ စိတ်စင်ကြယ်အောင်မှတ်နေရခြင်း	၆၆၉
	◆ နာမ်ရုပ်သိခြင်း	၆၇၀
	◆ သတိထင်ပုံ	၆၇၁
	◆ သဘောတရားချည်းထင်ခြင်း	၆၇၁
	◆ သတိထင်ပုံအခြင်းအရာ ၁၀-ပါး	၆၇၂
	◆ အတ္ထအဓိပ္ပာယ်	၆၇၆
	◆ မိစ္ဆာအယူဖြစ်တဲ့အတ္ထ	၆၇၆
	◆ ဝိပဿနာဉာဏ်နဲ့မကြည့်ရင်	၆၇၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
◆	တဏှာဒိဋ္ဌအမှီကင်းပြီးနေခြင်း	၆၈၃
◆	မစွဲလမ်းတော့	၆၈၄
◆	သစ္စာလေးချက် တစ်ပြိုင်နက်သိပုံ	၆၈၆
◆	သတိပဋ္ဌာန်ပွားများရကျိုး	၆၉၁
◆	ခုနစ်ရက်အားထုတ်ရကျိုး	၆၉၅
◆	ပုဂ္ဂိုလ်လေးမျိုး	၆၉၆
◆	နေယျပုဂ္ဂိုလ်လေးမျိုး	၃၉၃
◆	အကျိုးခုနစ်ပါးရှိတဲ့သတိပဋ္ဌာန်	၆၉၉

သစ္စာလေးပါးတရားတော် မာတိကာ ပြီးပါပြီး

****

http://www.dhammadownload.com

နိဒါန်း

နမော ဗုဒ္ဓါယ သီဓံ။

ဤစာအုပ်အကြောင်း

ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်းကို ပြရလျှင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် "ဤသစ္စာလေးပါးတရားတော်ကြီး"ကို ၁၃၂၃-ခု၊ တော်သလင်းလဆုတ် (၈)ရက်နေ့မှစ၍ အခွင့်သင့်သော သီတင်းနေ့များ၌ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလယဉ်ခမွာရုံတော်ကြီးတွင် ဟောကြားတော်မူခဲ့လေသည်။

၁၃၂၄ -ခု၊ ကဆုန်လကွယ်နေ့တွင် အပြီးသတ် ဟောကြားတော်မူခဲ့ပါ၏။ ယင်းတရားတော်ကို ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်မှ တိပ်ရီကော်ဒါဖြင့် အသံဖမ်းယူထားခဲ့၏။ တစ်ဖန်ဆက်၍ ယင်းတရားတော်ကို လက်နှိပ်စက်ဖြင့် စာမူကြမ်း ထုတ်ယူခဲ့ပြန်သည်။ ၎င်းစာမူကြမ်းတွင် လျှောက်လွှာစာရွက်ဖြင့် စာမျက်နှာ (၆၀၀) ကျော်ရှိ၏။ အခန်းပေါင်း (၁၆)ခန်း ခွဲခြားပြီး တစ်ခန်းလျှင် တစ်သီတင်းကျ ဟောကြားတော်မူခဲ့ရာ ဒုက္ခသစ္စာမှာ လေးသီတင်း, လေးခန်း၊ သမုဒယသစ္စာမှာ တစ်သီတင်း, တစ်ခန်း၊ နိရောဓသစ္စာမှာ တစ်သီတင်း, တစ်ခန်း၊ မဂ္ဂသစ္စာမှာ (၁၀) သီတင်း, (၁၀)ခန်း ရှိခဲ့လေသည်။

ဟောတော်မူသောအခါ ကြားမှာ အကြောင်းအားလျော်စွာ ပြတ်လပ်မှု ရှိခဲ့၍ ၁၃၂၄-ခုနှစ် ကဆုန်လကွယ်နေ့မှ အပြီးသတ်တော်မူခဲ့၏။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်များ မပျောက်ပျက်စေရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ စာအုပ်အဖြစ်ရောက်အောင် ဆောင်ရွက်လာခဲ့ကြရာ ယခု စာမူကြမ်းကိုလည်း စာမူချော

http://www.dhammadownload.com

ဖြစ်အောင် ကြည့်ရှုသုံးသပ်ပြီးပေးပါရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် တွဲဖက်အကျိုးတော်ဆောင် ဒါယကာကြီး ဦးဖုန်းမြင့်-က စာရေးသူအား လာရောက်လျှောက်ထားအပ်နှံခဲ့လေသည်။ အပ်နှံမှုကို လက်ခံပြီး ၁၃၆၇-ခု၊ ဝါဆိုလမှစပြီး ဖတ်ရှုသုံးသပ်ခဲ့ရာ တော်သလင်းလတွင် အပြီးသတ်နိုင်ပြီး နိဒါန်းပါ ရေးသားပေးပါရန် လျှောက်ထားခဲ့သဖြင့် တစ်ဆက်တည်းရေးကာ သီတင်းကျွတ်မှာ ပြန်လည်အပ်နှံခဲ့၍ "ဤစာအုပ်" ထွက်ပေါ်လာရခြင်း ဖြစ်ပါသည်။

ကျေးဇူးဆပ်ရန် ရောက်ရှိပြန်

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် သက်တော်ထင်ရှားရှိစဉ်ကဆိုလျှင် ဟောပြီးသော တရားတစ်ပုဒ်ကို စာတစ်အုပ်ပြုလုပ်မည် ဆိုပါက တိတ်ခွေမှ ထုတ်ယူပြီး စာမူကြမ်းကို ကိုယ်တော်တိုင် ခရေစေ့တွင်းကျကြည့်ရှုပြင်တော်မူပြီး တပည့်များဖြစ်ကြသော နာယက၊ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက တစ်ပါးပါးအား ပြန်လည်ဖတ်ရှုပြီး နိဒါန်းများရေးရန် တာဝန်ပေးတော်မူလေ့ရှိ၏။ ယခုသော်ကား စံလွန်တော်မူပြီးမှ "ဤသစ္စာလေးပါးတရားတော်ကြီး" ကို စာမူကြမ်းထုတ်တာ အချောပြင်ဆင် စက်တင်ပုံနှိပ်ရသည်ဖြစ်၍ ဤစာရေးသူထံ ပြင်ဆင်ရန် ရောက်ရှိလာခြင်းသည် "ကတညုတ ကတဝေဒိ" မင်္ဂလာတရားတော်အရ ဆရာသမား၏ကျေးဇူးကို အထူးဆပ်ခွင့် ကြုံလာသော မင်္ဂလာအခါကောင်းကြီးတစ်ခု ရရှိလိုက်ခြင်းပဲဟု ဝမ်းမြောက်မဆုံး ဖြစ်ရတော့သည်။

ဆရာတော်ဘုရားကြီး၏ ဓမ္မသနာဝိလာသညာဏ်တော်

"ဆိုရေးရှိက ဆိုအပ်လှ၏" ဟူသော စကားအရ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အဟောတရားတော်များစွာတို့တွင် "ဤသစ္စာလေးပါးတရားတော်ကြီး" သည် အကျယ်ပြန့်ဆုံးနှင့် အစုံအလင်ဆုံး တရားအစုတွင် တစ်ခုအပါအဝင်ဟု ဆိုလျှင် ဆိုချင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် ဤစာရေးသူသည် ဒီစာမူကြမ်း စာမျက်နှာ (၆၀၀) ကျော်ကို တစ်ရွက်မကျန် အစမှအဆုံး အထိ ဖတ်ရှုသုံးသပ်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆရာတော်ဘုရား

http://www.dhammadownload.com

ကြီး၏ စာတွေ့ကိုယ်တွေ့ ဟောညွှန်ပြသ ဆုံးမမှုများသည် ထင်ရှားပေါ်လွင်လှသည်ဖြစ်၍ ဆရာတော်ဘုရားကြီး၏ "ဒေသနာဝိလာသညာဏ်တော်" ကိုလည်း ကြည်ညိုမဆုံး ဖြစ်ခဲ့ရပါသည်။

အခြေခိုင်မာ ဓမ္မသနာ

ကျေးလူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်များသည် ကြားနာကောင်းရုံသာမန်ဟောထားသည်မဟုတ်ဘဲ ထိုထို ပဋိပက္ခတ်တော်မှ သုတ္တန်တစ်ခုခုကို မူရင်းတည်ပြီး ယောဂီတို့၏ ကိုယ်တွေ့ ဉာဏ်တွေ့နှင့် ဆက်စပ်လျက် ဟောကြားတော်မူသော တရားတော်များဖြစ်ပါ၏။ ယခုထုတ်ဝေမည့် သစ္စာလေးပါးတရားတော်ကိုလည်း "ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ္တန်လာ ဓမ္မာနုပဿနာ သတိပဋ္ဌာန် (၅)ပိုင်းတွင် စတုသစ္စပဗ္ဗ သစ္စာလေးပါး အပိုင်းကဏ္ဍကို မူတည်ပြီးတော့ ဖတ်ရှုနာယူသူများ သိနားလည်အောင် ဥပမာ, ဥပမေယျ ပုံဆောင်ပြလျက် စုံလင်စွာ တန်ဆာဆင်ပြီး ဖွင့်လှစ်ဟောကြားထားသော တရားတော်ဖြစ်ပါ၏။

မူရင်းသုတ္တန်၏ ဦးတည်ချက် မဖျက်စေဘဲ ဦးကာ အာစရိယမုဋ္ဌိ နည်းစုံညှိလျက် ဖြည့်စွက်ထည့်သွင်းကာ ပဋိပဒါနည်း စနစ်ကျကျဖြင့် ဟောကြားခဲ့ပေသည်။

ဘုရားရှင်၏အလိုတော်နှင့် ဆရာတော်ဘုရားကြီး၏ ရည်မှန်းချက်ဖြစ်သည့် နိဗ္ဗာန်ဆီသို့ ကြားနာပွားရှုသူတို့ ဦးတိုက်သွားရောက်နိုင်အောင် ဓမ္မကထိက အစစ်၏ ဂုဏ်အင်္ဂါလက္ခဏာတို့ဖြင့် စုံလင်စွာ တန်ဆာဆင်၍ စီစဉ်ဟောကြားထားသောကြောင့် အခြေခိုင်မာ ဒေသနာအနှစ်အစစ်ဖြစ်ကြောင်းလည်း ပေါ်လွင်လှပါ၏။

သာသနာနဲ့တွေ့ရတာ ဘာအတွက်လဲ

ဆရာတော်ဘုရားကြီးသည် တရားဟောကြားတော်မူသောအခါ လိုရင်းကျသော အဓိပ္ပာယ်ကို ရှေးဦးစွာ ညွှန်ပြတော်မူလေ့ရှိပါသည်။

သို့ဖြစ်၍ ဤသစ္စာလေးပါးတရားတော် ဟောကြားတော်မူသောအခါမှ လိုရင်းအဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှေးဦးစွာ ညွှန်ပြတော်မူခဲ့၏။ (နှာ-၁)

http://www.dhammadownload.com

"မြတ်စွာဘုရားသာသနာတော်မှာ သစ္စာလေးပါးဆိုတာ သိဖို့ရာ အရေးကြီးဆုံးပဲ။ သစ္စာလေးပါးကို သိရင် သာသနာမှာ ကျင့်သင့်ကျင့်ထိုက်တဲ့ ကျင့်ဝတ်တာဝန်တွေဟာ အကုန်လုံး ပြည့်စုံသွားတော့တာပဲ။ သစ္စာလေးပါးကို မသိနိုင်ကြတဲ့အတွက် သံသရာထဲမှာ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့နေကြရတယ်။ သစ္စာလေးပါးကို သိသွားလို့ရှိရင် ဆင်းရဲတွေ အကုန်လုံးလွတ်ပြီးတော့ သွားနိုင်တယ်။

ရှေးရှေးသောဘုရားတွေလည်း သစ္စာလေးပါးကို သိပြီးတော့ နိဗ္ဗာန်ကို ဝင်ကြရတယ်။ ဘုရား၏တပည့်သားဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေလည်း ဒီသစ္စာလေးပါးကို သိပြီးတော့ နိဗ္ဗာန်ကို ဝင်ကြရတယ်။ နောက်နောက်သောအခါ ပွင့်တော်မူလတ္တံ့သော ဘုရားတွေရော, အဲဒီဘုရားရှင်တို့၏ တပည့်သာဝကတွေရော, ကြားထဲမှာ ပွင့်မယ့် ပစ္စေကဗုဒ္ဓါတွေရော, ဒါတွေလည်း ဒီသစ္စာလေးပါးတရားတော်ကို သိပြီးတော့ နိဗ္ဗာန်ဝင်ကြမှာပဲ။ ယခုပွင့်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားရော, တပည့်သားဖြစ်တဲ့ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အစရှိသော သာဝကတွေရော ဒီသစ္စာလေးပါးတရားကို သိပြီးတော့ နိဗ္ဗာန်ကို ဝင်ကြရတယ်။ အဲဒီတော့ ဒီသစ္စာလေးပါးတရားကို သိဖို့ရာ အရေးကြီးတယ်ဆိုတာ ထင်ရှားနေပါတယ်။ အရေးကြီးလို့လည်း မြတ်စွာဘုရား ဘုရားဖြစ်ပြီး တရားဦးစ, ဟောကတည်းက ဓမ္မစကြာခေါ်တဲ့တရားမှာ သစ္စာလေးပါးအခြေခံတည်ပြီး ဟောခဲ့တာဖြစ်ပါတယ်။

မဟောင်းနိုင်သော ဗုဒ္ဓတရားတော်

လောက၌ ပေါ်ပေါက်နေသော စာပေအရေးအသားအချို့တို့က သူ့ခေတ်တစ်ခေတ်မှာသာ ခေတ်မီတွင်ကျယ်ပြီးနေငြားသော်လည်း နောင်တစ်ခေတ်ရောက်တဲ့အခါ ခေတ်ဟောင်းသွားပြီး ခေတ်၏စွန့်ပယ်ခြင်းကို ခံရတော့၏။

ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သော တရားတော်များကား ဟောင်းလေ သစ်လေ, ကြာလေ ကောင်းလေဖြစ်ပြီး အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ခေတ်ကာလသုံးပါးလုံးမှာပင် အမြဲတမ်း သစ်လွင်လျက် ခေတ်မီနေသော တရားတော်များသာ ဖြစ်နေပေသည်။ ထို့ကြောင့် အရှေ့တိုင်း အနောက်တိုင်းမှ သိပ္ပံပညာရှင်များပင် လေ့လာနေကြပြီ မဟုတ်ပါလား။

http://www.dhammadownload.com

ဓေတ်နောက်မကျသော ဗုဒ္ဓတရားတော်

လွန်ခဲ့သော အတိတ်သာသနာတော်နှစ် (၂၅၀၀) ကျော်ကာလက ဟောကြားတော်မူခဲ့သော ဗုဒ္ဓ၏ အဆိုအမိန့် တရားတော်များကို ယခုခေတ် သိပ္ပံနည်းပညာအမျိုးမျိုးဖြင့် စမ်းသပ်ရှာဖွေကြသော်လည်း ဗုဒ္ဓ၏ဟောကြားချက် တရားတော်များကို ကျော်လွန်နိုင်သော သိပ္ပံပညာကား မပေါ်ပေါက်သေးပေ။ စကြဝဋ္ဌာနှင့်စပ်၍ ဗုဒ္ဓဟောတော်မူခဲ့သော အချက်အလက်များကို သိပ္ပံပညာဖြင့် ယခုတိုင် ကုန်အောင်ရှာဖွေ၍ မရနိုင်သေးချေ။ သိပ္ပံပညာဖြင့် ရှာဖွေ၍ မရနိုင်သော ဝိပဿနာပညာ, မဂ်ဖိုလ်ပညာနှင့် နိဗ္ဗာန်တိုင်အောင် ချမ်းသာတို့သည် ဗုဒ္ဓသာသနာဝင်တို့၏ လက်ထဲမှာသာ အထင်အရှားရှိနေကြပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏တရားတော် (စကားတော်) များသည် ယနေ့တိုင်ပင် ခေတ်၏ရှေ့မှ ပြေးနေလျက်ရှိကြောင်း ထင်ရှားလှပေသည်။

တရားတိုင်းတွင် သူပါဝင်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ဤသစ္စာလေးပါးတရားတော်ကား ဗုဒ္ဓဟောကြားတရားတော်တိုင်းမှာပင် သူပါဝင်နေ၍ "ခပ်တိုင်းငံပဲခူးဆား" ဆိုစကားကဲ့သို့ ဖြစ်နေကြောင်းကို အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။ (နှာ၊ ၂)

"မြတ်စွာဘုရား ဟောတိုင်း ဟောတိုင်း တရားဒေသနာတိုင်းမှာ ဒီသစ္စာလေးပါးတရား သိဖို့ချည်း ရည်ရွယ်ပြီးတော့ ဟောတာပဲ၊ တိုတိုဟောဟော, ရှည်ရှည်ဟောဟော, တိုက်ရိုက်ပဲဟောဟော, သွယ်ဝိုက်ပဲဟောဟော၊ ဒီသစ္စာလေးပါးတရားသိဖို့ ဟောတာပဲ၊ သတိပဋ္ဌာန်သုတ်မှာဆိုရင် ပထမအစပိုင်းကနေပြီး ကာယာနုပဿနာကို ဟောတယ်၊ ဒါလည်း သစ္စာလေးပါးသိဖို့ ဟောတာပဲ၊ ဝေဒနာနုပဿနာဟောလည်း ဒီသစ္စာလေးပါးသိဖို့ပဲ၊ စိတ္တာနုပဿနာဟောလည်း ဒီသစ္စာလေးပါးသိဖို့ပဲ၊ ဓမ္မာနုပဿနာထဲက နီဝရဏငါးပါး ဟောတယ်၊ ဒါလည်း သစ္စားလေးပါးသိဖို့ပဲ၊ ခန္ဓာငါးပါးဟောလည်း သစ္စာသိဖို့ပဲ၊ အာယတန (၁၂)ပါးဟောလည်း ဒီသစ္စာသိဖို့ပဲ။ ဗောဇ္ဈင်ဟောလည်း ဒီသစ္စာလေးပါးသိဖို့ပဲ

http://www.dhammadownload.com

ဟောတယ်၊ ဒီနေ့ ဟောမယ့်တရားကတော့ သစ္စာလေးပါးကို တိုက်ရိုက်ပဲ ဟောတယ်၊ သွယ်ဝိုက်ဟောတာ မဟုတ်ဘူး"ဟု မိန့်ခဲ့၏။

ပြည့်စုံလှပါ ဤကျမ်းစာ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤသစ္စာလေးပါးတရားတော်ကြီးကို တစ်သိတင်းလျှင် တစ်ပိုင်းပိုင်း၍ (၁၆)သိတင်းတိုင်တိုင် သစ္စာလေးပါးကို ပေါ်လွင်အောင် ဟောတော်မူခဲ့ရာ ပိုင်နိုင်တော်မူလှပါပေသည်။ နိုင်နင်းတော်မူသလောက်ပင် ဟောကြားတော်မူသည့်နေရာမှာလည်း ဘယ်နေရာတော့ လိုနေသေးသည်ဆိုတာ မရှိရအောင် အကွက်စေ့စေ့ ပြည့်ပြည့်စုံစုံ ဟောထားသည်ကို တွေ့ရပါသည်။ "ဥပမာယ မိဓေကစွေ အတ္ထံ အာဇာနန္တိ ဝိညူ ပုရိသာ"ဟူသော ဆိုရိုးစကားလာရှိသည့်နှင့်အညီ တရားသဘောတိုင်းမှာ လိုလို အဓိပ္ပာယ်ပေါ်လွင်ထင်ရှားအောင် နှိုင်းယှဉ်ကြောင်း လောကဥပမာစကားများထည့်သွင်းကာ ဟောကြားထားပုံများကလည်း လွန်စွာမှ ပေါ်လွင်လှပါသည်။

ဟောကြားသည့်အခါမှာ ပရိယတ်အမြင်တစ်မျိုးတည်းသာ ကြည့်ပြီးဟောထားသည်မဟုတ်၊ ပရိယတ်, ပဋိပတ်နှစ်ရပ်သော အမြင်မျိုးနှင့် ဟောထားသော တရားတော်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်နှစ်မျိုးလုံး လက်ခံနိုင်သော တရားတော်ဖြစ်ပေသည်။

ဤသစ္စာလေးပါးတရားတော်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ အလုပ်သဘောများကိုပါ ညွှန်ပြလို၍ အခြေခံဝိပဿနာရှုနည်းများကိုလည်း အခါအားလျော်စွာ ထည့်သွင်းဟောကြားခဲ့လေသည်။

ဥပမာ (နှာ-၂၄၄)၌ "ယောဂီပုဂ္ဂိုလ်မှာတော့ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်းတွေ ရှုပြီးနေတော့ သမာဓိဉာဏ်တွေ အားရှိလာတဲ့အခါ ပညတ်တွေ ပျောက်ပြီး ပရမတ်သဘောချည်း ထင်နေတာကိုး။ (ပ) ဝမ်းဗိုက်က ဖောင်းတာ ပိန်တာ မှတ်ရင်လည်း ဖောင်းတာ ပိန်တာလေးက လှုပ်လိုက်, ရွေ့လိုက်, ပျောက်လိုက်၊ လှုပ်လိုက်, ရွေ့လိုက်, ပျောက်လိုက် အဲဒါဖြစ်ပြီး ပျောက်ပျက်နေတဲ့ တရားချည်းပဲ၊ စိတ်ကူးတွေ ပေါ်လာတိုင်းလည်း အဲဒီ

http://www.dhammadownload.com

စိတ်ကူးလေးတွေ လိုက်ပြီး ရှုလိုက်ရင် သူက သာပြီးမြန်သေး၊ ဖြစ်ပြီး ပျောက်သွားပြီ မရှိတော့ဘူး။ ဘာမှ တာရှည်တည်နေတဲ့ အထည်ဝတ္ထုရှာလို့ မရဘူး၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ ချည်းပဲ တွေ့နေတယ်။"

ဆက်လက်၍ နိဗ္ဗာန်ဆိုက်ရောက်ပုံကိုလည်း ဒါလို့ ညွှန်ပြတော်မူခဲ့သည်။ (နှာ-၂၄၅) ၌ . . . "ဒါကြောင့် ဒီရုပ်နာမ်အားလုံး ဖြစ်ပျက် ချုပ်ဆုံးပြီးတော့ သွားတာ၊ တွေ့ရတဲ့တရားဟာ တဏှာငြိမ်းရာဖြစ်လို့ သူ့ကို နိဗ္ဗာန်လို့ ခေါ်တယ်"

"ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုံး၊ ချုပ်ဆုံးနိဗ္ဗာန်တည်း"တဲ့။ ဒီလို မှတ်ချက်နှင့်တကွ ပေါ်လွင်အောင် ဟောညွှန်ခဲ့လေသည်။

စားကြည့်မှ ဇကောင်းမှန်းသိသလို

ထမင်းဟင်း စသော အရသာများဟာ ကိုယ်တိုင်စားကြည့်မှ ကိုယ်တိုင် သိရသလို ဤကျမ်း၏ ကောင်းမွန်ပြည့်စုံသမျှကို ဤနေရာတွင် ကုန်စင်အောင် ဖော်မပြနိုင်ပါ။ သို့ဖြစ်၍ ဆားမြည်းလောက်သာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ကိုယ်တိုင်ဖတ်ရှုကြည့်ပါလို့ တိုက်တွန်းလိုပါသည်။ ကိုယ်တိုင်ဖတ်ရှုကြည့်သော အခါ အပြည့်အဝ သိရမည်မှာ ဇကန်ပါ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ဟောကြားသောတရားဖြစ်စေ၊ ရေးသားသောကျမ်းဂန်ဖြစ်စေ၊ ဟော ခွင့်ရေးခွင့်ရောက်လာလို့ ဟောပြီရေးပြီဆိုရင် ပရိယတ်ရော ပဋိပတ်ပါ အပြည့်အစုံ ဟောကြားရေးသားတော်မူလေ့ရှိပါသည်။

အချို့သောပုဂ္ဂိုလ်များ ဟောရာ, ရေးရာတို့၌ ပရိယတ်အားသန်လျှင် ပရိယတ်ဘက် အလေးထားလျက်၊ ပဋိပတ်အားသန်လျှင် ပဋိပတ်ဘက် အလေးထားလျက်သာ ဟောကြား ရေးသားတတ်ကြပေသည်။ ဤသို့ဖြစ်နေလျှင် ထမင်းစားရာ၌ "ထမင်းက ကောင်းသော်လည်း ဟင်းက မကောင်း၊ ဟင်းက ကောင်းသော်လည်း ထမင်းက မကောင်း ဖြစ်နေက အရသာမတွေ့သလို" ဖြစ်နေတတ်ပါသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားရေးသားထားသော တရားတော်များကား ထမင်းရော ဟင်းပါ ဘက်စုံကောင်းသော ထမင်းပွဲစားရသည်နှင့် တူမည်မှာ သေချာလှပါသည်။

http://www.dhammadownload.com

ဤသစ္စာလေးပါးတရားတော်ကြီးသည် နောင်လာနောက်သား ရဟန်းရှင်လူ သူတော်စင်များအတွက်ရော လက်တွေ့တရားဘာဝနာ ရှုပွားကြတဲ့ ယောဂီများအတွက်ပါ ကျေးဇူးများလှသော တရားတော်ကြီးဖြစ်သဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တည်သမျှကာလပတ်လုံး အခွန့်ရှည်ကြာ တည်ပါစေသော်ဟု ဆန္ဒကောင်းပြုပြီး အောက်ပါရည်ရွယ်ချက်ကလေးထားကာ ဤနိဒါန်းလွှာကို အဆုံးသတ်လိုက်ပါသည်။

"စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။"

မဟာစည်နာယက
ဘဒ္ဒန္တ ဝါသဝ (မြစ်သား)
အဂ္ဂမဟာပဏ္ဍိတ
မြကျင် နာယကကျောင်း
မဟာစည်သာသနာ့ရိပ်သာ
ဗဟန်း၊ ရန်ကုန်မြို့။

၁၃၆၇-ခု၊ သီတင်းကျွတ်လဆန်း (၂)ရက်။
(၄ - ၁၀ -၂၀၀၅)

http://www.dhammadownload.com

ဒုက္ခသစ္စာတရားတော်

ပထမပိုင်း

[၁၃၂၃-ခု၊ တော်သလင်းလဆုတ် ၈-ရက်နေ့ ဟောကြားသည်။]

မဟာသတိပဋ္ဌာနသုတ် သတိပဋ္ဌာန်လေးပါးထဲက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပိုင်း၊ အဲဒီ ဓမ္မာနုပဿနာပိုင်းမှာလဲ ၅-ပိုင်းထဲက နောက်ဆုံးဖြစ်တဲ့ စတုသစ္စပဗ္ဗ သစ္စာလေးပါးကို ဟောတဲ့အပိုင်း ယနေ့ ဒါဟောရမယ်။

ဆာသနာနဲ့ စတွေ့ကြုံရတာ သစ္စာလေးပါးသိဖို့ပဲ

မြတ်စွာဘုရား၏သာဒနာတော်မှာ သစ္စာလေးပါးဆိုတာ သိဖို့ရာ အရေးအကြီးဆုံးပဲ။ သစ္စာလေးပါးကို သိရင် သာသနာမှာ ကျင့်သင့်ကျင့်ထိုက်တဲ့ ကျင့်ဝတ်တာဝန်တွေဟာ အကုန်လုံး ပြည့်စုံသွားတော့တာပဲ။ သစ္စာလေးပါးကို မသိနိုင်ကြတဲ့အတွက် ဘဝသံသရာထဲမှာ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့နေကြရတယ်။ သစ္စာလေးပါးကို သိသွားလို့ရှိရင် ဒီသံသရာဝဋ်ဆင်းရဲတွေက အကုန်လုံး ကင်းလွတ်သွားကြတယ်။ ရှေးရှေးသော ဘုရားတွေလဲ ဒီသစ္စာလေးပါးကို သိပြီးတော့ နိဗ္ဗာန်ကို ဝင်ကြရတယ်။ မြတ်စွာဘုရား၏ တပည့်သားဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေလည်း ဒီသစ္စာလေးပါးကို သိပြီးတော့ပဲ နိဗ္ဗာန်ကို ဝင်ကြရတယ်။ နောက်နောက်သော အခါကာလမှာ ပွင့်တော်မူလတ္တံ့သော ဘုရားတွေရော၊ မြတ်စွာဘုရား၏ တပည့်သာဝကတွေရော၊ ကြားထဲမှာပွင့်မယ့် ပစ္စေကဗုဒ္ဓါရော ဒါတွေလည်းပဲ သစ္စာလေးပါးတရားကို သိပြီးတော့ နိဗ္ဗာန်ကို ဝင်ကြရမှာပဲ။ ယခု ဂေါတမမြတ်စွာဘုရားလက်ထက်မှာလဲ ပွင့်ထွန်းပေါ်ပေါက်ပြီးသွားခဲ့တဲ့ ဂေါတမမြတ်စွာဘုရားရော၊ မြတ်စွာဘုရား၏ တပည့်သားဖြစ်တဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်အစရှိသော သာဝကတွေရော ဒီသစ္စာလေးပါးတရားကို သိမြင်ပြီးတော့ နိဗ္ဗာန်ကို ဝင်ကြရတယ်။ အဲဒီသစ္စာလေးပါးတရားကို သိဖို့ရာ အရေးကြီးတယ်။ အရေးကြီးလို့လည် မြတ်စွာဘုရား တရားဦးဟောကတည်းက "ဓမ္မစက္ကပဝတ္တနသုတ်"လို့

http://www.dhammadownload.com

ခေါ်တဲ့ ဓမ္မစကြာတရားဟာ သစ္စာလေးပါးတရားကို အခြေခံတည်ပြီးတော့ ဟောထားတာပဲ။ သစ္စာလေးပါးတရားကို မိမိကိုယ်တိုင် သိလာခဲ့တဲ့အကြောင်း သစ္စာလေးပါးတရားကို ဘယ်ပုံဘယ်နည်းနဲ့ သိလာတယ် ဆိုတာတွေကို ထုတ်ဖော်ပြီး ဟောသွားတယ်။

သစ္စာမှလွဲတဲ့တရားမရှိ

မြတ်စွာဘုရားဟောတိုင်း ဟောတိုင်း တရားဒေသနာတိုင်းမှာ ဒီသစ္စာလေးပါးတရား သိဖို့ချည်းပဲ ရည်ရွယ်ပြီး ဟောတာပဲ။ တိုတိုဟောဟော၊ ရှည်ရှည်ဟောဟော၊ တိုက်ရိုက်ဟောသည်ဖြစ်စေ၊ သွယ်ဝိုက်ဟောသည်ဖြစ်စေ ဒီသစ္စာလေးပါးတရားသိဖို့ ဟောတာပဲ။ သတိပဋ္ဌာနသုတ်မှာလည်း ပထမအစပိုင်းက နေပြီး ကာယာနုပဿနာတွေ ဟောလာတယ်။ ဒါလည်းပဲ ဒီသစ္စာလေးပါး တရားသိဖို့ ဟောတာပဲ။ "ကာယာနုပဿနာ"ဆိုတဲ့ ကိုယ်အမူအရာ ရုပ်တွေ ကိုယ်ရုပ်တွေဟာ ဒုက္ခသစ္စာထဲက အတွင်းဝင်နေတဲ့တရားတွေပဲ။ အဲဒီ ဒုက္ခသစ္စာတရားကို သိလိုက်လို့ရှိရင် ဒုက္ခသစ္စာနဲ့ဆိုင်ရာ သမုဒယသစ္စာလည်း သိတာပဲ။ နိရောဓသစ္စာတို့၊ မဂ္ဂသစ္စာတို့လည်း သိသွားတာပဲ။ အဲဒါကြောင့် ကာယာနုပဿနာဟောတာလဲ သစ္စာလေးပါးတရားသိဖို့ ဟောတာပဲ။ ထို့အတူ ဝေဒနာနုပဿနာဟောတယ်။ သစ္စာလေးပါးတရားသိဖို့ ဟောတာပဲ။ စိတ္တာနုပဿနာဟောတယ်၊ သစ္စာလေးပါးတရားသိဖို့ပဲ။ ဓမ္မာနုပဿနာထဲက နိဝရဏတရား ငါးပါးကို ရှုဖို့ ဟောတယ်။ ဒါလည်း သစ္စာလေးပါးတရားသိဖို့ ဟောတာပဲ။ ခန္ဓာငါးပါးကို ဟောတယ်။ သစ္စာလေးပါးတရား သိဖို့ ဟောတာပဲ။ အာယတန ၁၂-ပါး၊ အာယတနပိုင်းကို ဟောတယ်၊ သစ္စာလေးပါးတရားသိဖို့ပဲ။ ဗောဇ္ဈင်ပိုင်းကို ဟောတယ်၊ အဲဒါလည်းပဲ သစ္စာလေးပါးတရားသိဖို့ ဟောတာပဲ။ ဒီကနေ့ ဟောမယ့် တရား ကတော့ ဒီသစ္စာလေးပါးတရားကို တိုက်ရိုက်ဟောတယ်။ သွယ်ဝိုက်ဟောတာ မဟုတ်ဘူး။

ပုန စပရံ ဘိက္ခဝေ ဘိက္ခူ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု၊

ဘိက္ခဝေ-ရဟန်းတို့၊ ပုနစ-တစ်ဖန်လဲ၊ အပရံ-တစ်ပါးသောနှလုံးသွင်းပုံရှုပုံကား၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်၍ တရားကျင့်သုံးနေသောပုဂ္ဂိုလ်သည်၊

http://www.dhammadownload.com

စတူသု-လေးပါးကုန်သော၊ အရိယသစ္စေသု-အရိယသစ္စာဟု ခေါ်ဆိုအပ်ကုန်သော၊ အရိယသစ္စေသု-အရိယာတို့သိအပ်သော အမှန်တရားဟု ခေါ်ဆိုအပ်ကုန်သော၊ ဓမ္မေသု-သဘောတရားတို့၌၊ ဓမ္မာနုပဿီ-သဘောတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

တစ်နည်းရှုပုံကတော့ - သဘောတရားတွေကို သဘောတရားလို့ ရှုပြီးတော့ နေတာဟာ အရိယသစ္စာတရားလေးပါးတွေကို ရှုပြီးတော့ နေတာပါပဲတဲ့။ အရိယသစ္စာတရားလေးပါးတွေကို သဘောတရားအနေနဲ့ ရှုပြီးတော့ နေတာဟာလည်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပွားများနေတာပါပဲတဲ့။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု၊

ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကိုရှုမြင်၍ တရားကျင့်သုံးအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊ စတူသု-လေးပါးကုန်သော၊ အရိယသစ္စေသု-အရိယသစ္စာဟု ခေါ်ဆိုအပ်ကုန်သော၊ (ဝါ) အရိယာတို့သိအပ်သော အမှန်တရားဟု ခေါ်ဆိုအပ်ကုန်သော ဓမ္မေသု-သဘောတရားတို့၌၊ ကထဉ္စ ပန-ဘယ်ပုံဘယ်နည်းဖြင့်၊ ဓမ္မာနုပဿီ-သဘောတရားဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေပါသနည်း။

ဣဓ ဘိက္ခဝေ ဘိက္ခု 'ဣဒံ ဒုက္ခ'န္တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခသမုဒယော'တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခနိရောဓော'တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခနိရောဓဂါမိနိပဋိပဒါ'တိ ယထာဘူတံ ပဇာနာတိ၊

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကိုရှုမြင်၍ တရားကျင့်သုံးအားထုတ်နေသော ပုဂ္ဂိုလ်သည်၊ ဣဒံ-ဤသည်ကား၊ ဒုက္ခံ-ဆင်းရဲဖြစ်သော၊ (အရိယသစ္စံ-အရိယာတို့သိအပ်သော အမှန်တရားတည်း)၊ ဣတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-သိ၏၊ အယံ-ဤသည်ကား၊ ဒုက္ခသမုဒယော-ဆင်းရဲဖြစ်ကြောင်း တရားဖြစ်သော၊ (အရိယသစ္စံ-အရိယာတို့သိအပ်သော အမှန်တရားတည်း)၊ ဣတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-သိ၏၊ အယံ-ဤသည်ကား၊ ဒုက္ခနိရောဓော-ဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော၊ (အရိယသစ္စံ-

http://www.dhammadownload.com

အရိယာတို့ သိအပ်သော အမှန်တရားတည်း၊) ဣတိ-ဤသို့၊ ယထာဘူတံ-စွာ၊ ပဇာနာတိ-သိ၏၊ အယံ-ဤသည်ကား၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ-ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာ ဆိုက်ရောက်ကြောင်း အကျင့်ဖြစ်သော၊ အရိယသစ္စံ-အရိယာတို့ သိအပ်သော အမှန်တရားတည်း၊ ဣတိ-ဤသို့၊ ယထာဘူတံ-စွာ၊ ပဇာနာတိ-သိ၏။

ဒိဋ္ဌိသစ္စာ

အရိယသစ္စာတရားလေးပါးကို အမှန်အတိုင်းသိတယ်လို့ ဆိုလိုပါတယ်။ "သစ္စာတရား"ဆိုတာ ပါဠိလိုက "သစ္စ" မြန်မာလိုတော့ "သစ္စာ"လို့ ဒီလိုပြောဆိုကြတယ်၊ ရေးသားကြတယ်။ 'အမှန်တရားပဲ၊ မှန်တယ်'တဲ့။ မှန်တာကို သစ္စာလို့ ခေါ်တယ်။ မှန်တယ် ဆိုတာတွေက အမျိုးမျိုးရှိတယ်။ မှန်တယ် ဆိုတာတွေက သူအယူဝါဒနဲ့သူ မှန်နေတာတွေလည်း ရှိတာပဲ။ အဲဒါတွေက ဒိဋ္ဌိသစ္စာတွေလို့ ခေါ်တယ်။ ဒီလိုဟာတွေလည်း ရှိတာပဲ။ ဘာသာတိုင်း ဘာသာတိုင်းမှာ ကိုယ့် အယူဝါဒနဲ့ကိုယ် တရားတွေကို မှန်တယ်လို့ ဆိုပြီးတော့ ဒီလိုပဲ ဝန်ခံကြတယ်။ အဲဒါတွေကတော့ ဒိဋ္ဌိသစ္စာတွေပဲတဲ့။ အယူဝါဒတွေကိုပဲ ကိုယ့်အယူဝါဒနဲ့ကိုယ် မှန်တယ်လို့ ပြောနေတာတဲ့၊ တကယ်မှန်တယ်လို့တော့ မဟုတ်ဘူးပေါ့။ ကိုယ့် ဟာနဲ့ကိုယ် မှန်နေတာ။

ဆစ္စာနှစ်ပါး

ပြီးတော့ ဝစီသစ္စာဆိုတာ ရှိတယ်။ ဝစီသစ္စာ ဆိုတာကတော့ မှန်ကန်သော စကားကို ပြောတာကိုး၊ မဟုတ်တာ မပြောဘူး၊ မမှန်တာ မပြောဘူး၊ ဟုတ်မှန်တာကို ပြောတယ်၊ အဲဒါလည်းပဲ အမှန်ခေါ်ရတာပဲ။ အဲဒီပြင်လည်းပဲ အမှန်တွေ အများကြီးရှိပါတယ်။ အခုလိုရင်း ပြောရမယ် ဆိုရင် သစ္စာက သမ္မုတိသစ္စာနဲ့ ပရမတ္ထသစ္စာလို့ နှစ်မျိုးရှိတယ်တဲ့။

"သမ္မုတိသစ္စာ"ဆိုတာ လောကက သမုတ်ထားတဲ့အတိုင်း ခေါ်ဝေါ်သုံးစွဲပြီးတော့ နေတာတွေ အမှန်တွေ ဖြစ်နေတယ်။ လောကက "အမေ အဖေ၊ သားသမီး၊ လူနတ်ဗြဟ္မာ"စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲထားတယ်။ အဲဒါတွေ ခေါ်ဝေါ်သုံးစွဲတဲ့အတိုင်းပဲ အများက လိုက်ပြီးသကာလ ပြောဆိုနေတယ်။ ဒါတွေဟာ မှန်နေတာပဲ။ အမေကို အမေလို့ ခေါ်တယ်၊ မှန်တယ်။ အဖေကို အဖေလို့

http://www.dhammadownload.com

ခေါ်တယ်၊ မှန်တယ်။ သားကို သားလို့ ပြောတယ်၊ မှန်တယ်။ သမီးကို သမီးလို့ ပြောတယ်၊ မှန်တယ်။ ယောကျ်ားကို ယောကျ်ား၊ မိန်းမကို မိန်းမ၊ လူကို လူ၊ အဲဒီလို ပြောတာကိုး။ အဲဒီ လောကဝေါဟာရရှိတဲ့အတိုင်း ပြောဆိုနေကြတာတွေဟာ ဒါအမှန်တွေပဲ။ ဒါ သမ္မုတိသစ္စာတွေတဲ့။ ဒါတွေ ပြောတဲ့အတွက် မုသာဝါဒ မဖြစ်ဘူး။ သူကမှန်နေတာပဲ။ သို့သော် ပရမတ္ထသစ္စာတော့ မဟုတ်ဘူး။

ပရမတ္ထသစ္စာ

"ပရမတ္ထသစ္စာ" ဆိုတာကတော့ မဖောက်မပြန် မှန်ကန်တဲ့ဥစ္စာ-တဲ့။ ဖောက်ပြန် ပြောင်းလွဲခြင်း မရှိဘူး-တဲ့။ သူကတော့ **"ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော"** (ဋီကာကျော် စာပိုဒ်၊ ၂) ပရမော ဥတ္တမော-မြတ်သော၊ အတ္ထော-အနက်သဘောတည်း၊ ပရမတ္ထော-ပရမတ္ထမည်၏ လို့ ကျမ်းဆရာတွေက "ဝစနတ္ထ" သဒ္ဒါ၏အနက် အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြကြတယ်။

"ပရမ"ဆိုတာ မြတ်တယ်-တဲ့။ ဘာဖြစ်လို့ မြတ်သလဲ။ အဝိပရီတော-မဖောက်ပြန်လို့-တဲ့။ မဖောက်ပြန်လို့ မြတ်တယ်။ မဖောက်ပြန်တဲ့အတွက် သူမြတ်တယ်တဲ့။ 'အတ္ထော'ကတော့ အနက်သဘောပဲ။ မဖောက်ပြန်တဲ့ အနက်သဘော၊ ဒါ မြတ်သော အနက်သဘောပါပဲ-တဲ့။ ဖောက်ပြန်တယ်။ မဖောက်ပြန်ဘူး ဆိုတာက စကားမှာ နှစ်မျိုးရှိပါတယ်။ "ဖောက်ပြန်တယ်"ဆိုတာ ပြောင်းလဲသွားတာကိုပဲ ဖောက်ပြန်တယ်လို့ ခေါ်တယ်။ အစက ဒီလိုမဟုတ်၊ တစ်မျိုးတစ်မည်ဖြစ်သွားပြီဆိုရင် အဲဒါ ဖောက်ပြန်တယ်၊ ဒီလို ပြောတာ ရှိတယ်။ အဲဒါဖောက်ပြန်တာ တစ်မျိုး၊ နောက် ဖောက်ပြန်တာ တစ်မျိုးကတော့ မှန်မှန်ကန်ကန်မဟုတ်တဲ့ ဥစ္စာတွေကိုလည်း ဖောက်ပြန်တယ်လို့ သုံးပြန်တယ်။ မမှန်ဘူး၊ ဒီဥစ္စာ မူမမှန်ဘူး၊ ဖောက်ပြန်တယ်။ ဒီလိုပဲ မူမမှန်တဲ့ ဥစ္စာတွေကိုလည်း ဖောက်ပြန်တယ်လို့ ပြောတယ်။ "ဖောက်ပြန်တယ်"ဆိုတဲ့ စကားလေးက နှစ်မျိုးရှိတယ်။

အဝိပရီတ သဘောမှန်ကို ဓသစ္စာသိမှီ လှိုင်တယ်

အခု ဒီ"ပရမတ္ထ"သဒ္ဒါကို ဝစနတ္ထလုပ်တဲ့နေရာမှာ "မဖောက်မပြန် မြတ်တယ်"ဆိုတာက ဘယ်လိုဖောက်ပြန်တာ, ဘယ်လိုမဖောက်ပြန်တာတုံးလို့

http://www.dhammadownload.com

ရွေးစစ်ဖို့ရာ လိုအပ်တယ်။ မပြောင်းမလဲ ဆိုလိုသလား။ (သို့မဟုတ်) မမှား မယွင်း ဆိုလိုသလား။ ဒါစစ်ဆေးဖို့ရာ လိုအပ်တယ်။ ဆိုလိုတာက ဒီမှာ "မမှားမယွင်း"လို့ ဆိုလိုပါတယ်။ မပြောင်းလဲလို့ မဆိုလိုပါဘူး။ "ပရမော ဥတ္တမော-မြတ်သော၊ အဝိပရီတော-မဖောက်ပြန်သော"ဆိုတာ မမှားယွင်း မှန်တယ်လို့ ဆိုတယ်။ မပြောင်းလဲ မဖျက်စီးတော့လို့ ဒီလိုမဟုတ်၊ မမှားယွင်းဘူးတဲ့ ချွတ်ချွတ်ယွင်းယွင်း မဟုတ်၊ မှားမှားယွင်းယွင်း မဟုတ်ပါဘူးတဲ့၊ မှန်မှန်ကန်ကန်ပဲ၊ တိတိကျကျ မှန်တယ်လို့ ဆိုတယ်။ အဲဒါ အဝိပရီတ-မဖောက်မပြန် မှန်တာတဲ့။ မပြောင်းလဲ ဆိုတဲ့ အနက်က ရှိတယ်။ အဲဒါက "အဝိပရီတ"လို့ ခေါ်တယ်။

ပါဠိလို "ဝိပရိဏတ"ဆိုရင်တော့ ပြောင်းလွဲ ဖောက်ပြန်သွားတယ်။ "အဝိပရိဏတ"ဆိုတာ မပြောင်းလဲ ဒီအတိုင်းပဲ တည်နေတာ။ အဲဒါနဲ့ ရောတတ်တယ်။ သာမန်ပုဂ္ဂိုလ်တွေ မပြောနဲ့၊ ရွေးက ကျမ်းရေးတဲ့ ကျမ်းဆရာကြီးတွေကို မှားယွင်းကုန်လို့ မြန်မာပြည်မှာ သင်္ကြိတ်တွေ၊ အဘိဓမ္မာတွေ၊ အနက်တွေ၊ အဓိပ္ပါယ်တွေ ဖော်ပြတဲ့နေရာမှာ "ပရမတ္ထ"ပုဒ်က စပြောရတာကိုး။ ပြောတော့ အဲဒီပရမတ္ထအနက်အဓိပ္ပါယ်တွေ ပြောတာတွေ မှားကုန်လို့ တကယ်တည်းမှပဲ အဲဒါတွေပဲ အမှန်မှတ်ပြီးတော့ ထင်ကလည်း ထင်ရှားတယ်။ တကယ့် ဆရာတော်ကြီးတွေ ရေးသွားတာတွေ မှားကုန်လို့၊ "ပရမတ္ထ"ဆိုတာ မပြောင်းလဲ။ မူလအရင်းအတိုင်း သူက တည်နေတယ် ဆိုပြီးတော့ ပရမတ်က မပြောင်းလဲ။ ပညတ်က ပြောင်းလဲတယ် ဆိုပြီး အနက်အဓိပ္ပါယ်တွေ သူဥဒါဟရဏ်နဲ့သူ ထုတ်တော့ သူဟာ ခပ်ဟုတ်ဟုတ်ပဲ။ သူက ဟုတ်တယ်၊ မပြောင်းလဲပုံ၊ ပြောင်းလဲပုံ၊ ပညတ်က ပြောင်းလဲတယ်တဲ့၊ ပရမတ်က မပြောင်းလဲဘူးတဲ့။

ကဲ ရှိ့ကလေးယူခဲ့တဲ့သူက ဥပမာပေးတယ်၊ ရှိ့လေး၊ ရှိ့လေးဟာ ခုရှိ့တုံးနော်။ ရှိ့တုံး ရှိ့ခဲပဲ။ ရှိ့တုံး ရှိ့ခဲကို က၊ . . နွားရူပ်ကလေးလုပ်လိုက်၊ နွားရူပ်ကလေးဖြစ်တယ်။ ခုနဟာ ရှိ့တုံးနော်။ ခုနရှိ့တုံးဆိုတဲ့နာမည် ပျောက်သွားပြီ။ နွားရူပ်ဖျက်ပြီးသကာလ တစ်ခါခွေးရူပ်ကလေး လုပ်လိုက်အုံး၊ ခွေးဖြစ်သွားတယ်။ ဟာ. . ပြောင်းလဲသွားပြန်ပြီတဲ့ ဒီဥစ္စာ၊ တစ်ခါ ဒီကနေပြီး အိုးလုပ်လိုက်စမ်း ဆိုရင် အိုးလေးဖြစ်သွား။ အဲ. . ပြောင်းလဲသွားပြန်ပြီ။ အဲဒီလိုတဲ့ ပညတ်တွေက ပြောင်းလဲတယ်တဲ့။ ရှိ့တတော့ ရှိ့ပါပဲတဲ့၊ မပြောင်းပါတဲ့။ အစကလည်းပဲ ရှိ့တုံး၊

http://www.dhammadownload.com

ရှိတုံးကလည်း ရှိပဲတဲ့။ နွားရုပ်ကလေး လုပ်တော့လဲ ရှိပဲတဲ့။ ခွေးရုပ်ဖြစ်လာလည်း ရှိပဲတဲ့။ အိုးပုတ်ကလေးဖြစ်လာတော့လည်း ရှိပါပဲတဲ့။ မပြောင်းပါတဲ့။ ရှိက မပြောင်း၊ ပညတ်က ပြောင်းတယ်တဲ့။ မူလရှိရင်းအထည်ဝတ္ထုကတော့ မပြောင်း၊ အဲဒီလို မပြောင်းမလဲဘဲနဲ့ သဘာဝအားဖြင့် တည်နေတဲ့ဥစ္စာ၊ ဒါက ပရမတ်ပဲ ဆိုပြီးတော့ ရှေးက အင်မတန်ထင်ရှား ကျော်စောတဲ့ ဆရာတော်ကြီး တစ်ပါးက ရေးထားတယ်။ သူဟာလည်း အလွန်ပင် အလေးအစားပြုကြပါတယ်။ သူကလည်း ဟုတ်တုတ်တုတ်ပဲ။ သူကပြောတော့ ကောင်းတောင်းတောင်းပဲ။ ဒါပေမယ့်လို့ ရည်ရွယ်ချက်ကတော့ ဒါကို ပြောတာ မဟုတ်။ ဒီနေရာ မှာတော့ မဖောက်ပြန်ဆိုတာဟာ မမှားလို့ဆိုပါတယ်။ မှန်တယ်လို့ ဆိုပါတယ်။ မပြောင်းလဲ၊ မပျက်စီးလို့ မဆိုလိုပါ။ ပြောင်းလဲပါသော်ကော။

ပရမတ်နဲ့ပညတ်တွဲဖို့ သိပ်ခဲယဉ်း အစေးကြီးပါတယ်

ပရမတ်တရားတွေ ပြောင်းလဲလာမှ ပရမတ်တရားမှ ပြောင်းလဲတာ၊ ပညတ်က ဘယ်ပြောင်းလိမ့်မှာတုံး၊ 'ပညတ်'ဆိုတာ ရှိမှမရှိဘဲနဲ့၊ ပြောင်းလို့ ဘယ်ဖြစ်လိမ့်မှာတုံး သူဥစ္စာ၊ သေသေချာချာ စဉ်းစားကြည့်ပါလား။ 'ပညတ်' ဆိုတာ မရှိ။ ခုန ရှိတုံးလေးယူလာခဲ့၊ ရှိတုံးလေးဆိုတဲ့ ပညတ်ဟာ ရှိသလား၊ မရှိသလား စစ်ပါအုံး၊ ရှိမှမရှိဘဲ။ ရှိတုံးဆိုတဲ့ နာမည်ကလေးကော ပျောက်ပါ့ မလား မပျောက်၊ ခုန နာမည်လေး ပြန်ပြောရတာပဲ ရှိတယ်၊ သူဥစ္စာ မပျောက်ဘူး။ နွားရုပ်ကလေး လုပ်လိုက်တော့ကို နွားရုပ်ဖြစ်လာတော့ နွားရုပ် ပုံသဏ္ဌာန်လေး ရောက်လာ။ ဒီပုံသဏ္ဌာန်က တကယ်ရှိတာလား မရှိပါ၊ ရှိမှမရှိဘဲ၊ စိတ်ကူးထဲမှာ ထင်ရတဲ့ဥစ္စာ၊ နောက်ပြန်စဉ်းစားရင်လည်း ပေါ်တာပဲ၊ နွားရုပ်ကလေး ဖျက်လိုက် ချေမှုန်းလိုက်လို့ ရှိတွေက အမှုန့်အမှုန့် ဖြစ်သွားအုံးတော့ ခုန နွားရုပ်ကလေး ပြန်စဉ်းစားရင် ပေါ်နေသေးတာပဲ၊ သူဥစ္စာ မပျောက်ဘူး၊ ပညတ်က ပျောက်တာ မဟုတ်၊ 'ပညတ်' ဆိုတာ ရှိတာမှ မဟုတ်ဘဲ၊ စိတ်ကူးထဲ ပေါ်တာ၊ အဲဒီတော့ ဒါက ပညတ်ဆိုတာဟာ ပြောင်းလဲတယ်လို့ မရှိ၊ ပျက်စီးတယ်လို့ မရှိဘူး၊ ပညတ်ဆိုတာဟာက မြဲတယ်တဲ့၊ မြဲတာ နှစ်ခုပဲ ရှိတယ်။

http://www.dhammadownload.com

ပညတ်နဲ့ နိဗ္ဗာန်သာ မြဲပါတယ်

လောကမှာ မြတာက ပညတ်နဲ့နိဗ္ဗာန် နှစ်ခုပဲ ရှိတယ်။ နိဗ္ဗာန် ဆိုတဲ့ တရားက ဖြစ်တတ်တဲ့တရားမဟုတ်လို့ မပျက်တတ်။ သူက သဘာဝအားဖြင့် ရှိလည်း ရှိတယ်၊ နိဗ္ဗာန်တရားရှိလည်း ရှိတယ်။ ရဟန္တာပုဂ္ဂိုလ်တွေ နိဗ္ဗာန်တရားကို သိပြီး ကိလေသာတွေ အကုန်လုံးငြိမ်းသွားတော့ ကိလေသာကို မှီဖြစ်တဲ့ ကံတွေ မရှိတော့ ကံက နေပြီးဖြစ်မယ့် ဘဝသစ် ရူပ်နာမ်ဆင်းရဲတွေ့မဖြစ်ရလို့ အစဉ် ထာဝရ ငြိမ်းသွားတဲ့ အငြိမ်းဓာတ်သဘောဟာ ရှိလည်း ရှိတယ်၊ ရှိလို့လည်းပဲ ငြိမ်းတာပေါ့၊ မရှိရင် ဘယ်ငြိမ်းလိမ့်မတုံး၊ ဒီအငြိမ်းဓာတ်ဟာ ရှိလည်း ရှိနေတာပဲ၊ ပျက်တယ်လို့လည်း မရှိ။ ဒါကြောင့် ဒီအငြိမ်းဓာတ်ကတော့ဖြင့် မြဲတဲ့တရားပဲတဲ့၊ သူကတော့ မပျက်မစီးဘဲနဲ့ မြဲနေတဲ့တရားပဲတဲ့။ ဒါက ထင်ရှားရှိပြီးနေတဲ့တရား။

ပညတ်ကတော့ကား မရှိဘဲ မြဲနေတဲ့တရား၊ သူကတော့ ပညတ်ဟာ ဘယ်တုန်းကမှ ဖြစ်လာတယ်လို့လဲ မဟုတ်၊ ပျောက်သွားတယ်လို့လည်း မဟုတ်ဘူး၊ လူနာမည်စဉ်းစားကြည့်ပါလား။ လူနာမည်တွေများ အမည်မှည့်လိုက်ရင် သူတို့ အခုမှ ပေါ်လာသလိုလို ထင်ရတယ်၊ ဘယ်မှာဟုတ်လိမ့်မှာတုံး။ ရှိမှမရှိဘဲ။ စိတ်ကူးထဲမှာ ထင်ရုံမျှပဲ လူသေတယ်လို့လည်း ပျောက်သွားတယ် မဟုတ်။ လူတွေက အကုန်လုံးမေ့ထားရင် ပျောက်သလိုလိုရှိတယ်။ နောက် ဒီနာမည်ကို ဖော်နိုင်တဲ့သူက ဖော်လိုက်ရင် ပြန်ပြီးပေါ်လာတယ်။

ရှေးက လေးသင်္ချိနဲ့ ကမ္ဘာတစ်သိန်းထက်က ရှိခဲ့တဲ့ ဒီပင်္ကရာမြတ်စွာဘုရားတို့၊ သုမေဓာရသေ့တို့ ဆိုတာ ကြားထဲ ပျောက်နေတာ အကြာကြီးပေါ့။ ဟော . . . မြတ်စွာဘုရားက ဖော်လိုက်ပြန်တော့ တစ်ခါပေါ်လာပြန်ရော နောက် ဘယ်လောက်ပဲ ကြာကြာ ပေါ်နိုင်တဲ့ပုဂ္ဂိုလ်က ဖော်ရင် ဒီနာမည်ဟာ ပေါ်တာပဲ၊ ပျောက်သွားတာ မဟုတ်၊ အဲဒီတော့ 'ပညတ်'ဆိုတာက ရှိလည်း မရှိ၊ ပျောက်လည်း မပျောက်၊ ဒါ သူပညတ်အနေအားဖြင့်တော့ သူမြဲတယ်လို့ပဲ ဆိုရတယ်။ ဒါကြောင့် ပညတ်တရားက မဖောက်ပြန်တတ်ဘူး၊ ဖောက်ပြန်တဲ့ဥစ္စာက ပရမတ်တရားတွေတဲ့။ ပရမတ် ရူပ်နာမ်တွေ ဆိုတာက ဥပါဒ် ဌီ ဘင် ခဏခဏ ပြောင်းလဲနေတာ၊ အကြောင်းတရားနဲ့ အကြောင်းအားလျော်စွာ အကျိုးတရားတွေ အသစ်အသစ် ဖြစ်ပြီး သူက အမြဲတမ်း ပြောင်းလဲနေတယ်။

http://www.dhammadownload.com

ပရမတ်က မှန်ခဆောတရား၊ ပညတ်က ဧမှန်ကန်တဲ့တရား

အဲဒီတော့ ဒီမှာ မဖောက်ပြန် ဆိုတာက မပြောင်းလဲတာကို ပြောတာ မဟုတ်ဘူး၊ ဘာပြောသလဲ ဆိုတော့ မှန်ကန်တယ်-တဲ့။ အဝိပရီတ-မှန်တယ်တဲ့။ မှန်နေတဲ့တရားပဲ-တဲ့။ 'ပရမတ္ထ'ဆိုတာက တကယ်မှန်တဲ့တရား၊ 'ပညတ်'ဆိုတာက တကယ်မှန်တဲ့တရားမဟုတ် - ဒီလိုဆိုပါတယ်။ ခုနက သမ္မုတိသစ္စာကနေပြီးတော့ အမေဆိုပြီး, အဖေဆိုပြီး ဒီလိုနာမည်ကလေးတွေ ရှိတာကိုး၊ ယောက်ျားတို့၊ မိန်းမတို့ စသည်ဖြင့် ဒီလိုခေါ်ထားတယ်၊ လူလို့ စသည်ဖြင့် ခေါ်ထားတယ်။ အဲဒါ သေသေချာချာ စစ်ကြည့်လို့ရှိရင် ဒီထဲမှာ အမေတို့, အဖေတို့ ခေါ်ရအောင် ပုဂ္ဂိုလ်သတ္တဝါ အထည်ဝတ္ထု မရှိဘူး၊ ရှိနေတာက ဘာတွေရှိနေတုံး၊ ရုပ်နာမ်တွေပဲ ရှိတယ်၊ ရုပ်နာမ် အထည်ကိုယ်တွေပဲ ရှိနေတယ်။

ဥပမာအားဖြင့် ဘယ်လိုတုံးဆိုရင် အုတ်တွေနဲ့၊ အင်္ဂတေတွေနဲ့ အိမ်ကြီး တစ်လုံးဆောက်တယ်၊ အိမ်ကြီးဖြစ်နေတယ်၊ တိုက်ကြီးဖြစ်နေတယ်၊ အိမ်ကြီး တိုက်ကြီး တကယ်ရှိနေတာလားဆို ဘယ်ရှိမလဲ၊ သူက အုတ်ခဲတွေ တစ်ခုစီ တစ်ခုစီ ဆွဲပြီး ပုံထားလိုက်ရင် အုတ်ပုံကြီးဖြစ်သွားမယ်။ ခုန ဟိုအိမ်တိုက်ကြီး ရယ်လို့ မရှိ။ အဲဒါ တကယ်အားဖြင့် ထင်ရှားမရှိတဲ့ဥစ္စာပဲ။ မဟုတ်မှန်ဘဲနဲ့ ဟုတ်တယ်လို့ ထင်ရတာတဲ့။

ပညတ်ဆိုတာ မျက်လှည့်ပြတဲ့ ပစ္စည်းလိုပဲ

ဥပမာအားဖြင့် ဘာနဲ့တူလဲ့ဆိုတော့ မျက်လှည့်ဆရာများက မျက်လှည့်ပြ တာနဲ့ တူတယ်တဲ့။ မျက်လှည့်ဆရာတွေက စက္ကူကလေးပေမယ့် ကောက်ပြီးတော့ ပန်းပွင့်ကလေး လုပ်ပြတယ်။ ဝိုင်းကြည့်နေတဲ့ပုဂ္ဂိုလ်က ပန်းပွင့်ထင်ရတာပေါ့လေ။ အဲ . . . ပန်းပွင့်ထင်ရတယ်။ စားစရာမုန့် သူက လုပ်ပြတော့ စားစရာမုန့် တကယ် ထင်ရတာပဲ။ မျက်လှည့်ဆရာလုပ်ပြတဲ့အတိုင်း ထင်ရတယ်။ သူက တကယ်ဟုတ် သလားဆို ဘယ်ဟုတ်မလဲ သူဥစ္စာ၊ ဘေးကပုဂ္ဂိုလ်တွေ အထင်အမြင်မှားအောင် သူလုပ်တတ်တယ်၊ ဘယ်လိုလုပ်ပြတယ်တော့ မပြောတတ်ဘူး၊ အံ့သြစရာတော့ တော်တော်ကောင်းတယ်။

ဘုန်းကြီးများငယ်ငယ်တုန်းကတော့ မျက်လှည့်ကို နည်းနည်းပါးပါး ကြည့်ဖူး ပါတယ်။ ဒါပေမယ့် သိပ်ပြီးတော့ မမှတ်မိ။ ခပ်ငယ်ငယ်တုန်းက ကြည့်တယ်။

http://www.dhammadownload.com

ကြီးလာမှတော့လည်းပဲ ဘုန်းကြီးများက သက်နှံးဝတ်နဲ့ နေနေရတော့ ဒါတွေကို မကြည့်ပါဘူး။ စုစု စုစုနဲ့ လူတွေတော့ မြင်ရဲ့ ရန်ကုန်မှာလည်း သွားရင်း လာရင်း ကားနဲ့ဘာနဲ့ ဖြတ်သွား၊ ဒီလို စုစုမြင်ရဲ့ ဒါမျက်လှည့်လား၊ (သို့မဟုတ်) အလမ္ဘာယ် လားတော့ မပြောတတ်၊ စုနေတာတော့ မြင်တယ်။ ခဏခဏ အစုအစုလေးတွေ မြင်တယ်၊ ဒီလိုဟာတွေ နေမှာပါပဲ။ အဲဒီမျက်လှည့်ပြတဲ့ဥစ္စာက မဟုတ်ဘဲနဲ့ ဟုတ်တယ်လို့ ထင်ရတယ်၊ အဲဒါမျိုးပဲတဲ့၊ 'ပညတ်တရား' ဆိုတာက တကယ် အားဖြင့် စစ်လိုက်လို့ရှိရင် မရှိ၊ ရှိတော့ ဘာရှိသလဲ ဆိုရင် ပရမတ္ထဖြစ်တဲ့ ရုပ် တရား နာမ်တရားတွေပဲ ရှိပါတယ်တဲ့၊ ရုပ်တရား နာမ်တရား အထည်ဝတ္ထုတွေ ခုနက အိမ်တစ်ခုကို အသေးစိတ်ပစ္စည်းတွေကို ထုတ်ကြည့်လိုက်တဲ့ အခါ ကာလကျတော့ အုတ်နဲ့, အင်္ဂတေနဲ့, သစ်သားနဲ့ ဒါတွေ ရှိတာကိုး။ အဲဒါတွေ အသေးစိတ် ထုတ်ကြည့်လိုက်လို့ရှိရင် အိမ်ရှာလို့ မရ၊ အိမ်ပျောက်နေတယ်။

ပညတ်ဆိုတာ သမ္မုတိသစ္စာအနေမှန်ဓမမယ့် ပရမတ်အနေအားဖြင့် မမှန်ဘူး

မြန်မာပြည်မှာ အများသုံးပြီးတော့ နေကြတဲ့ လှည်းဆိုတာ ရှိတယ်၊ အဲဒါက သာပြီးတော့ သိသာပါတယ်၊ အိမ်က နည်းနည်းကြီးနေတယ်၊ လှည်းကမှ နည်းနည်း စဉ်းစားလို့ လွယ်တယ်၊ မျက်စိထဲမှာ မျက်စိအောက်တွင် မြင်ရတယ်၊ အိမ်ကြီးက ကြီးနေတော့ နည်းနည်းအကြည့်ရခက်နေတယ်၊ လှည်းကတော့ လှည်းကြီးပဲ၊ အဲဒီ လှည်းဟာ အသေးစိတ် အစိတ်အပိုင်းအင်္ဂါလေးတွေ တစ်ခုစီ တစ်ခုစီ လျှောက် ထုတ်ကြည့်လိုက်ပါ၊ ဘီးတစ်ခုတည်းလည်း လှည်းမခေါ်၊ ဘီးနုတ်လိုက်ရင် ဘီး လည်း လှည်းမဟုတ်၊ ဝင်ရိုးလည်း လှည်းမဟုတ်၊ လှည်းအိမ် လှည်းသန်တွေ တစ်ခုစီ တစ်ခုစီ ထုတ်ကြည့်၊ လှည်းမဟုတ်၊ တံပိုးကလည်း မဟုတ်၊ စင်ပေါ်က လည်း လှည်းမဟုတ်၊ လှည်းဆိုတာ ဘာမှမဟုတ်၊ သူဟာ တစ်ခုတစ်ခုစီ ဖြုတ် ထားလိုက် ပုံထားလိုက်လို့ ရှိရင်ဖြင့် အစိတ်အပိုင်း အစုအဝေး အပုံလေး ဖြစ်နေ တာပဲ၊ လှည်းပျောက်သွားတယ်။ လှည်းရယ်လို့ သူဟာမရှိ၊ သို့သော်လည်းပဲ သူနေရာနဲ့သူ အချိုးကျ ဆင်ထားလိုက်ရင်တော့ လှည်းကြီးပဲ ဖြစ်နေတာပဲ၊ အဲဒီ လိုပဲ 'လှည်း'ဆိုတဲ့ဥစ္စာက ပညတ်သဘောကိုး၊ အစိတ်အပိုင်းလေးတွေဆိုတာက ပရမတ်သဘောကိုး၊ ဒါလဲပဲ ဥပမာပေးရတာပဲ၊ ဒါ ဥပမာအစစ် မဟုတ်သေးဘူး၊

http://www.dhammadownload.com

ဒီအစိတ်အပိုင်းလေးတွေမှာလည်းပဲ အသေးစိတ် စိတ်လိုက်လို့ရှိရင်ဖြင့် အမှုန့်အမှုန့် လုပ်လိုက်လို့ရှိရင်ဖြင့် အဲဒီကျမှ သဘာဝလေးတွေ ကျန်နေမှာ ဒီထဲမှာ ပထဝီဓာတ်တို့၊ အာပေါဓာတ်တို့ ဒီကျတော့မှ ပရမတ်ရောက်လာတယ်။အဲဒါကြောင့် 'ပညတ်'ဆိုတာကတော့ လောကခေါ်ဝေါ်နိုး သုံးစွဲနိုးအားဖြင့် ခေါ်ဝေါ်တဲ့ အတိုင်း မှန်နေလို့ သမ္မုတိသစ္စာဖြစ်သော်လည်းပဲ ပရမတ္ထနယ်ပယ်ကနေ ကြည့်လိုက်မယ် ဆိုရင် ဒါတွေ မမှန်ဘူး၊ ထင်တဲ့အတိုင်းတော့ မဟုတ်၊ သို့သော်လည်း မဟုတ်ပေမယ့်လို့ အဲဒီလိုပြောတဲ့အတိုင်း မှန်တယ်လို့ပဲ ဆိုရပါတယ်၊ မုသာဝါဒ အပြစ်မရှိပါ၊ သူက အပြစ်တော့ မမြင်ပါဘူး၊ အမှန်ရှိတာကတော့ ရူပ်တရား နာမ်တရားတွေပဲ ရှိတယ်တဲ့၊ သဘောတရားတွေပဲ ရှိတယ်၊ ပရမတ္ထသဘောတရားတွေပဲ ရှိတယ်။

ပရမော ဥတ္ထမော အဝိပရီတော အတ္ထော ပရမတ္ထော၊

ပရမော ဥတ္ထမော အဝိပရီတော-မဖောက်မပြန် မှန်ကန်မြင့်မြတ်သော အတ္ထော-အနက်သဘောတည်း။ ပရမတ္ထော-မဖောက်မပြန်မှန်ကန်၍ မြတ်သော အနက်သဘော။ 'မဖောက်မပြန် မှန်ကန်၍မြတ်တယ်'လို့ ဆိုလိုတယ်၊

ပညတ်ကို ထင်နေပုံတွေ

ပညတ်များလို ထင်တဲ့အတိုင်းမဟုတ်ဘဲ ဖောက်လွဲဖောက်ပြန်မဖြစ်ပါတဲ့၊ ထင်ရင် ထင်တဲ့အတိုင်း သိရင် သိတဲ့အတိုင်းပါပဲတဲ့၊ မျက်စိက မြင်ရတယ်၊ မြင်ရတဲ့အခါ ကာလကျတော့ ပကတိထင်တဲ့ပုဂ္ဂိုလ်တွေက 'လူမြင်တယ်၊ ယောကျ်ားမြင်တယ်၊ မိန်းမမြင်တယ်၊ မျက်နှာကို မြင်တယ်၊ ကိုယ်ကို မြင်တယ်၊ လက်ကို မြင်တယ်' စသည်ဖြင့် ဒီလိုထင်ရတာကိုး၊ ဒါက ပကတိအထင်တွေ၊ အဲဒါ ပညတ်တွေပဲ၊ ပညတ်တွေက တကယ်ထင်တဲ့အတိုင်း ဟုတ်ပါ့မလားဆိုတော့ တကယ်တော့ မဟုတ်ဘူး၊ မြင်ရတာက အမှန်အဆင်းလေးချည်းပဲ မြင်ရတယ်၊ လူပုဂ္ဂိုလ်ကြီး ဘယ်မြင်ရမလဲ၊ မြင်တာ ကိုယ့်ဘက်လှည့်နေတဲ့အပိုင်းက အပေါ်ယံက အဆင်း တွေ လျှောက်မြင်သွားတယ်၊ မျက်နှာက အဆင်းလည်း မြင်မှာပဲ၊ ကိုယ်က နေပြီးတော့ ကိုယ်အနေအဆင်းမှ အတွင်းသား မမြင်ရဘူး၊ အပေါ်က အဝတ်ဝတ်ထားရင် အဝတ်က အဆင်းပဲ မြင်ရတယ်၊ အဲဒါ မြင်ပြီးသကာလ အတွင်းက တစ်ခါတည်း ကိုယ်အကောင်အထည်ကြီးတော့ ကိုယ်စိတ်ထဲမှာ

http://www.dhammadownload.com

ထင်မြင်သွားတာ၊ သူက အပေါ်ယံလေးတွင် လျှောက်ပြီးတော့ မြင်သွားတာ၊ အပေါ်ယံအဆင်းလေးတွင် အတွင်းကဟာတွေ ဘယ်မြင်မလဲ၊ အတွင်းက အကျိုးနှစ်ထပ်သုံးထပ် ဝတ်ထားလို့ ရှိရင် အတွင်းဘက်က အကျိုဟာ အပေါ်ကနေပြီး အဖြူဝတ်ထားတယ်၊ အတွင်းကနေပြီး ဒီပြင်ဟာ ဝတ်ထားလို့ရှိရင် အဓဲတို့, အစိမ်းတို့, အပြာတို့ ဝတ်ထားရင် ဘယ်သိမလဲ မသိနိုင်ပါဘူး၊ အပေါ်က အဓဲ ဝတ်ထားမယ်၊ အတွင်းက နေပြီး အဖြူဝတ်ထားမယ်၊ မသိနိုင်ဘူး၊ အတွင်းက ဘယ်ဟာမှ မမြင်နိုင်၊ အပေါ်ယံက အဆင်းလေးပဲ မြင်ရတယ်၊ အဲဒီအဆင်းမြင်တာတွေ ပေါင်းစပ်ပြီးတော့ ပေါင်းစပ်ဆိုလည်း ခဲခဲယဉ်းယဉ်း၊ မဟုတ်တာတွေက ကြေနေတာ၊ အနမတဂ္ဂ သံသရာကတည်းက သင်တန်းတက်လာတာ၊ ဒီဥစ္စာ ဖြုန်းခနဲ မြင်ပြီး သိပြီးတော့ 'ဟိုမှာ ယောက်ျားပဲ၊ မိန်းမပဲ'ဆိုတာ သိသွားတယ်၊ အဲဒါ ပညတ်ရောက်လာတယ်၊ ပရမတ်တွင် သူက မနေဘူး။

ပရမတ်သိနဲ့ ပညတ်သိ

ဘာနဲ့တူနေတုံးဆိုလို့ ရှိရင်ဖြင့် ပေပေါ်မှာ ဂွမ်းကလေးတင်ပြီးတော့ သံတူကြိုးနဲ့ ထုလိုက်လို့ရှိရင် အဲဒီဂွမ်းကလေးတွင်တော့ နားမနေ၊ အောက်က သံတူကြိုးပေါ် ဒိုင်းခနဲ ကျသွားမှာပဲ၊ ဘာပြုလို့တုံး၊ အလယ်က ဂွမ်းကလေးက နုနေတာကိုး၊ ဒီတွင် ရပ်မနေတော့ဘူး၊ ဂွင်းကလေးတွင် ရပ်နေအောင် လုပ်လို့မရ၊ ဒီက သံတူနဲ့ ထုလိုက်လို့ရှိရင် တစ်ခါတည်း အရှိန်နဲ့ ကျလာရမှာကိုး၊ သံတူကလည်း အလေးကြိုး၊ ပြီးတော့ မာကလည်း အမာကြိုး၊ အောက်က အခံကလည်း အမာကြိုး၊ အလယ်ကနေပြီး ရှိတာက ဂွမ်းကလေးက နုနုလေး၊ တစ်ခါတည်း ဂွမ်းကလေးတွင် ဘယ်နားနေလိမ့်မှာတုံး၊ ဒိုင်းခနဲဆို ဟိုရောက်သွားပြီး အဲဒါလိုပဲ မြင်တယ်ဆိုလို့ရှိရင် ပရမတ်အဆင်း၊ မြင်ရတဲ့အဆင်းသဘောလေးတွင် မတည်၊ မြင်ပြီးတာနဲ့ တစ်ခါတည်း ယောက်ျားပဲ၊ မိန်းမပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲ တစ်ခါတည်းကို ရောက်သွားပြီး တစ်ကွက်ကျော်သွားတယ်၊ ကိုယ်သိတာတော့ ရှိတော့ ရှိပါတယ်၊ ဒါပေမယ့်လို့ အဲဒါက မထင်ရှား၊ ခုနကလည်းပဲ တူကြိုးထုလိုက်တဲ့ဂွမ်းတော့ ရှိတာပဲ၊ ရှိပေမယ့်လို့ အဲဒါက မထင်ရှား၊ ဒိုင်းခနဲ ဟိုမှာ တူနှစ်ခု ထုတာပဲ ထင်ရှားတယ်။

အဲဒါလိုပဲ ပရမတ်သဘောတွင် မတည်တဲ့နိုင်ဘဲ ပညတ်သဘောတွေ ရောက်သွားတယ်တဲ့။ အဲဒီလို မရောက်ရအောင်လို့ ခု မြင်တိုင်း မြင်တိုင်းကို

http://www.dhammadownload.com

ရှုရတာကိုး၊ ပရမတ်ကလေးတွင် ရောက်အောင် အင်မတန် လုပ်ယူရတယ်။ အင်မတန်လုပ်လို့ အချိုးကျလာတဲ့အခါကျတော့ တည်ပါတယ်။ အဲဒီလို မရောက်သေးခင်တော့ ပရမတ်သဘောတွင် မတည်ဘဲနဲ့ ပညတ်သဘောတွေချည်း ရောက်နေတာပဲ။ "ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော"ဆိုတဲ့ ပရမတ္ထတွင်ကို မတည်ဘူး။ ပညတ်ချည်းပဲ ရောက်ရောက်နေတယ်။ နောက် ရှုပါများလာတဲ့အခါကျတော့ ပညတ်တွေ ဖျောက်ပြီး ပရမတ်တွေ တည်လာတယ်။ မြင်ရုံမျှပဲ ပေါ်နေတယ်။ မြင်ပြီးရင် ရိုပ်ခနဲ ပျောက်သွားပြီးရင် ရိုပ်ခနဲ ပျောက်၊ ပုံသဏ္ဌာန် အထည်ဖြပ်တွေ မပေါ်၊ ယောက်ျား မိန်းမစ သည် ဘာမှ မပေါ်ဘူး။ လက်တွေ ဘာတွေ ကွေးလိုက် ဆန့်လိုက်လို့ရှိရင် လေသဘောလေးတွေပဲ။ လက်ရယ်၊ ခြေရယ်၊ ခေါင်းရယ်၊ ကိုယ်ရယ် မပေါ်ဘူး။ သူကတော့ သိပ်နေရာကျတယ်။ ပရမတ်တွင် တည်သွားတာ၊ အဲဒီ ကျအောင် တည်အောင် လုပ်ရမှာကိုး၊ အဲဒီလို ရုပ်တရား နာမ်တရား သဘောလေးတွေက ပရမတ္ထသစ္စာတရားပဲတဲ့။ ပရမတ်တရားအနေအားဖြင့် သူတို့ မှန်တယ်တဲ့။

သဘာဝသစ္စာနဲ့ အရိယသစ္စာ

အဲဒီပရမတ်တရားထဲမှာလည်းပဲ သဘာဝသစ္စာနဲ့ အရိယသစ္စာ နှစ်မျိုး ရှိပြန်တယ်။ သဘာဝသစ္စာကတော့ သဘောတရားအနေအားဖြင့် မှန်နေတာပဲတဲ့။ ဘယ်လိုဟာတုံး၊ "ကုသလာ ဓမ္မာ-ကုသိုလ်တရား၊ အကုသလာ ဓမ္မာ-အကုသိုလ်တရား၊ အဗျာကတာ-အဗျာကတတရား" ဒီလို ရှိတာကိုး။ ကုသိုလ်တရား၊ အကုသိုလ်တရား အဗျာကတဝါရား သုံးမျိုးလို့ ကုသလတိတ်က ဟောထားတယ်။ ဒီသုံးမျိုးပဲ။ တစ်ခါ သုခရယ်၊ ဒုက္ခရယ်၊ ဥပေက္ခာရယ် ဝေဒနာက ဟောလိုက်ပြန်ရော၊ ချမ်းသာရှိတယ်တဲ့၊ ဆင်းရဲရှိတယ်တဲ့၊ အလယ်အလတ်ရှိတယ်လို့ သုံးမျိုး ဟောလိုက်ပြန်ရော၊ ဒါ သဘာဝတွေပဲ၊ မှန်တာချည်းပဲ၊ ချမ်းသာဆိုတဲ့ သုခ ဝေဒနာလည်း မှန်တာပဲ၊ ဆင်းရဲဆိုတာလည်း မှန်တာပဲ။ ဥပေက္ခာ ဆိုတာလည်း မှန်တာပဲ။ ဒါပေမယ့်လို့ အရိယသစ္စာ-အရိယာတို့သိအပ်တဲ့ နယ်ပယ် ရောက်တဲ့အခါကျတော့ အဲဒီလို အစိတ်အစိတ် မကွဲတော့ဘူး။ သူက လောကီတရားတွေ မှန်သမျှ အကုန်လုံး ဒုက္ခသစ္စာပဲလို့ သူက ထင်တယ်။ ဒုက္ခချည်းပဲ

http://www.dhammadownload.com

သုခမရှိ၊ ဥပေက္ခာမရှိဘူး၊ သူမှာတော့ ဆင်းရဲချည်းပဲ။ တစ်ခါတည်း လောကီတရားတွေ ဟူသမျှဟာ အကုန်လုံး ဆင်းရဲချည်းပဲတဲ့။ သူက ဒီလို လာတာကိုး။ ဒါကြောင့်မို့ အဲဒါ အရိယာတို့ဉာဏ်နဲ့ သိအပ်တဲ့ သစ္စာတရားက 'အရိယသစ္စာ'လို့ ခေါ်တယ်။ အခု ဟောမယ့် သစ္စာလေးပါးတရားက အရိယသစ္စာတွေ ဖြစ်တယ်၊ ခုနက ပြောတဲ့ လောကသမ္မုတိပညတ်အားဖြင့် မှန်တန်တဲ့ သစ္စာမဟုတ်သေး။ ပရမတ္ထနယ်ပယ်က မှန်ကန်နေရုံလည်း မဟုတ်သေး။ အရိယာတို့ သိအပ်တဲ့ သစ္စာတဲ့။

သစ္စာလေးပါး ခြင်္ကာရား

အရိယေဟိ ပဋိဝိဒ္ဓါနိ ဆစ္စာနိ အရိယသစ္စာနိ။

အရိယေဟိ-အရိယာပုဂ္ဂိုလ်တို့သည်၊ ပဋိဝိဒ္ဓါနိ-ထိုးထွင်း၍ သိအပ်ကုန်သော၊ သစ္စာနိ-သစ္စာတရားတို့သည်၊ အရိယသစ္စာနိ-အရိယာတို့ ထိုးထွင်း၍ သိအပ်သော သစ္စာတရား။

အရိယာတွေ ထိုးထွင်းသိအပ်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့ဖြင့် ထိုးထွင်းပြီးတော့ သိရတဲ့ သစ္စာတရားတဲ့။ အဲဒါကို 'အရိယသစ္စာတရား'လို့ ခေါ်တယ်တဲ့။ အဲဒီအရိယသစ္စာတရားက လေးမျိုးရှိတယ်-တဲ့။

(၁) **ဒုက္ခအရိယသစ္စာ** - ဆင်းရဲပဲလို့ အရိယာတို့သိအပ်တဲ့ သစ္စာတရားက တစ်ပုံ၊

(၂) **ဒုက္ခသမုဒယအရိယသစ္စာ** - ဆင်းရဲဖြစ်ကြောင်းတရားပဲလို့ အရိယာတို့ သိအပ်တဲ့ သစ္စာတရားက တစ်ပုံ။ ဒါက လောကီသစ္စာနှစ်ပါးခေါ်တယ်။

(၃) **ဒုက္ခနိရောဓအရိယသစ္စာ** - ဆင်းရဲချုပ်ငြိမ်းရာပဲလို့ အရိယာတို့သိအပ်တဲ့ သစ္စာတရားက တစ်ပုံ။

(၄) **ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ** - အတိုချုပ်အားဖြင့်တော့ မဂ္ဂ အရိယသစ္စာ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်တဲ့အကျင့် လမ်းကောင်းလမ်းမှန်ဖြစ်တဲ့ အမှန်တရား သစ္စာတရားပဲတဲ့။ အရိယာတို့ သိအပ်တဲ့ သစ္စာတရားပဲ၊ အဲဒါက တစ်ပုံ၊ အားလုံး လေးခု ရှိပါတယ်။ အဲဒီလေးခုကို ရွေးဦးစွာ ခေါင်းစဉ်ကလေး ဆိုကြအုံးစို့။

http://www.dhammadownload.com

သစ္စာတရားလေးပါး ဆိုတာတော့ သိနေတာတွေတော့ များကြပါတယ်။ ဒါပေမယ်လို့ တရားရောက်တဲ့အခါ ဆိုလိုက်အုံးမှာပဲ။ ဒါမှ ပြောလို့, ပြုလို့ လွယ်သွားမယ်၊ ကဲ . . . ဆိုကြစို့။

(က) **ဒုက္ခသစ္စာ** - ဆင်းရဲအစစ်အမှန်တရား။ (ဆို- သုံးခေါက်)

(ခ) **သမုဒယသစ္စာ** - ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်တရား၊ (ဆို- သုံးခေါက်)

(ဂ) **နိရောဓသစ္စာ** - ဆင်းရဲငြိမ်းရာ အစစ်အမှန်တရား။ (ဆို- သုံးခေါက်)

(ဃ) **မဂ္ဂသစ္စာ** - ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းကောင်း လမ်းမှန်အစစ်တရား။ (ဆို- သုံးခေါက်)

အဲဒါ ဒီလေးချက်က နေရာတကာမှာပဲ အရေးကြီးပါတယ်။ ဒီလေးချက်က မကောင်းတာရယ်, မကောင်းတာကို ဖြစ်စေတတ်တာရယ်၊ မကောင်းတာ, မကောင်းတာရဲ့အကြောင်းရယ်၊ အဲဒီမကောင်းတာ ငြိမ်းဖို့ရာ ဆိုတာရယ်၊ ကောင်းတာရယ်, ကောင်းတာကို ရောက်စေတတ်တဲ့အကြောင်းက တစ်စုံ၊ နေရာတကာမှာ အသုံးကျတယ်။ မကောင်းတာတွေ ဆိုတာဟာ ပယ်ရှားရမှာပဲ။ မကောင်းတာ ပယ်ချင်တော့ မကောင်းတာ ဖြစ်ပွားစေတတ်တဲ့အကြောင်းက ရှိရလိမ့်မယ်။ ဒီအကြောင်းကို ပယ်မှဖြစ်မှာ။

လက်သည်အကြောင်းကို ရှာရမယ်

ဥပမာ - ရောဂါဖြစ်လာတယ်ဆိုရင် ဒီရောဂါကို ပယ်ရှားရလိမ့်မယ်။ ရောဂါပယ်ချင်တော့ ရောဂါဖြစ်စေတတ်တဲ့ အကြောင်းရှာမှ ဖြစ်မှာပါ။ လက်သည်က သူရှိသေးတာကိုး။ အကြောင်းမရှာဘဲနဲ့ဆိုရင်တော့ မငြိမ်းနိုင်ဘူး။ ဒါပယ်လို့ မဖြစ်နိုင်ဘူး၊ အကြောင်းရှာရမယ်။ ဥပမာ - ဆူးပင်ရှိနေပြီ၊ ဆူးပင်တွေ ဆူးခဲ့ကြတွေ ရှိနေပြီ၊ ဆူးပင် ဆူးခဲ့ကြတွေကို ပယ်ချင်ပြီဆိုရင် အဖျားပိုင်းလေးတွင် ခုတ်ပယ်ပစ်လို့ မဖြစ်ဘူး၊ သေသေချာချာ အမြစ်အရင်းကို ရှာပြီးတော့ အမြစ်အရင်းကိုပဲ တစ်ခါတည်း တူးဆွပြီးတော့ ခုတ်ပစ်လိုက်မှ ဒီဆူးပင်ဟာ မျိုးပြုတ်ပြီး ပျောက်သွားမှာ။ အကြောင်းရင်းကို ရှာဖို့ရာ လိုတယ်။ အဲဒါကြောင့် လောကမှာ အလိုမရှိအပ်တဲ့ ဥစ္စာတွေဟူသမျှဟာ အကြောင်းအရင်းလေးတွေက ရှိနေတယ်။ အကြောင်းနဲ့အကျိုးက ဆက်သွယ်နေတော့ မကောင်းတာရှိရင် မကောင်းတာကို

http://www.dhammadownload.com

ဖြစ်စေတတ်တဲ့အကြောင်း ရှိတယ်။ မကောင်းတာ မလိုချင်လို့ရှိရင် အဲဒီမကောင်းတာကို ဖြစ်စေတတ်တဲ့ အကြောင်းကို ရှာပြီးတော့ ပယ်ရလိမ့်မယ်။ အကျိုးမဲ့ဖြစ်စေတတ်တဲ့ဟာ အကျိုးမဲ့တစ်စုံတစ်ခု ရှိလို့ရှိရင် အကျိုးမဲ့ဖြစ်စေတတ်တဲ့ အကြောင်းကတော့ ရှိနေတာပဲ။ အဲဒီအကြောင်းတွေကို ပယ်ရှားရလိမ့်မယ်။ ကောင်းတဲ့ဥစ္စာပြုရင် ကောင်းတဲ့ဥစ္စာ ဖြစ်စေတတ်တဲ့ အကြောင်းလည်း ရှိတာပဲ။ ကောင်းတာကို လိုချင်လို့ရှိရင် ကောင်းတာဖြစ်စေတတ်တဲ့ အကြောင်းတရားကို ပြုစုပျိုးထောင်ရလိမ့်မယ်။ အဲဒါကြောင့် အခု သစ္စာလေးပါးတရားဆိုတာ ဒါပါပဲ။ မကောင်းတာနဲ့ ကောင်းတာ၊ မကောင်းတာရဲ့ အကြောင်းနဲ့ ကောင်းတာရဲ့ အကြောင်း ဒီလေးခုပါပဲ။ အကြောင်းအကျိုး တစ်စုံတစ်စုံလေးတွေပဲ။ အဲဒီမှာ ဒုက္ခသစ္စာဆိုတာ ဆင်းရဲအစစ်အမှန်တရားပဲတဲ့။

ဒုက္ခမှန်သမျှတွေဟာ အရိယာမျက်စေ့ အမှန်သိပါတယ်

လောကမှာ ဆင်းရဲတွေဆိုတာ အမျိုးမျိုးရှိတယ်တဲ့။ အဲဒီဆင်းရဲအမျိုးမျိုးထဲက ဒီဆင်းရဲကတော့ အစစ်ပါပဲတဲ့။ ဒါ အရိယာတို့သိအပ်တဲ့ ဆင်းရဲအစစ်ပါပဲတဲ့။ အရိယာမဟုတ်တဲ့ပုဂ္ဂိုလ်တွေက ဆင်းရဲအစစ်အမှန်ကို မသိ။ ဆင်းရဲကိုလည်း သူက ချမ်းသာထင်ချင်ထင်နေတာပဲ။ ချမ်းသာလည်း သူဆင်းရဲထင်ချင်ထင်နေတာပဲ။ အဲဒီတော့ အမှန်အတိုင်းမဖြစ်နိုင်။ ဥပမာအားဖြင့် ဘာလိုတုံးဆိုလို့ရှိရင် ယားနာရောဂါဝေဒနာရှိတဲ့ပုဂ္ဂိုလ်ဆိုပါတော့ ယားနာက ရှိနေတော့ သူဟာ ယားတော့ ကုတ်ရမှာကိုး။ အသားတွေ ဘာတွေ ပဲ့အောင် လုပ်ရမှာ၊ သူဟာ အမှန်ကတော့ ပဲ့တာက ကောင်းတော့ မကောင်း။ အပွန်းအပဲ့တွေဖြစ်အနာဖြစ်ပုံမတော်လို့ရှိရင် ဒီကနေပြီးတော့ ရောဂါဝေဒနာတွေဖြစ်ပြီး သေတောင် သေနိုင်တာပဲ။ ကောင်းတော့ ကောင်းတာမဟုတ်၊ ဒါပေမယ့် သူမှာ ယားနာက ရှိနေတော့ မလွဲသာလို့ ဒါက ကောင်းတယ်လို့ ထင်ရတယ်။ သူက ကုတ်ဖဲ့တာကို ကောင်းတယ်လို့ ထင်ရတယ်။ အဲဒါလိုပဲ လောကမှာ အရိယာအဖြစ်သို့ မရောက်သေးတဲ့ပုဂ္ဂိုလ်တွေက အကောင်းထင်နေပေမယ်လို့ ထင်တဲ့ဥစ္စာ ဟုတ်ချင်မှ ဟုတ်မယ်။ မကောင်းထင်နေလို့ရှိရင်လဲ ထင်တဲ့ဥစ္စာ ဟုတ်ချင်မှ ဟုတ်မယ်။ အခု အရိယာပုဂ္ဂိုလ်တို့ အမှန်အတိုင်း ကိုယ်တိုင်တွေ့ပြီး သိထားတဲ့တရား၊ အဲဒီတရားကတော့ ဆင်းရဲထင်ရင်လည်း တကယ်ဆင်းရဲတော့တာပဲ။ ချမ်းသာ

http://www.dhammadownload.com

ထင်ရင်လဲ တကယ်ချမ်းသာတော့တာပဲ။ ဒါကြောင့်မို့ အခု ဒုက္ခအရိယသစ္စာ ဆိုတာဟာ အရိယာတို့သိအပ်သော အမှန်တရားပဲတဲ့။ ဆင်းရဲအနေအားဖြင့် သိအပ်တဲ့ အမှန်တရား၊ ဆင်းရဲတဲ့တရားပါပဲတဲ့။ အဲဒီဒုက္ခသစ္စာ ဆင်းရဲအစစ် အမှန်တရားတဲ့။ တကယ့်ဆင်းရဲစစ် ဆင်းရဲမှန်တွေပဲ။ အဲဒီ ဆင်းရဲစစ် ဆင်းရဲမှန် တရားတွေကိုလဲ မြတ်စွာဘုရား၏တပည့်သားဖြစ်တဲ့ပုဂ္ဂိုလ်က အမှန်အတိုင်း သိပါတယ်တဲ့။

'ဂ္ဂဒံ ဒုက္ခ'န္တိ ယထာဘူတံ ပဇာနာတိ။

ဂ္ဂဒံ-ဤသည်ကား။ ဒုက္ခံ-အရိယာတို့သိအပ်သော ဆင်းရဲ အစစ်အမှန် တရားတည်း။ ဂ္ဂတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-သိ၏။

ဒါကတော့ ဆင်းရဲအစစ်တရားပဲတဲ့၊ အဲဒီလို အမှန်အတိုင်းသိသွားပါတယ် တဲ့။ ဒီလိုအမှန်အတိုင်းသိတာကလည်း သိအောင် အားထုတ်မှ သိတာ၊ သိအောင် အားထုတ်တာတော့ ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း အားထုတ်လာခဲ့တာပါပဲ။ ကာယာနုပဿနာပိုင်းတုန်းက အများကြီး ပြောလာပြီးပါပြီ။

ဒုက္ခသစ္စာ

အကျဉ်းချုပ်အားဖြင့်ဆိုရင် ဒွါရ ၆-ပါးက ဖြစ်ခိုက် ရုပ်နာမ်လေးတွေ ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးတော့ ရှုတော့ အဲဒီဖြစ်တိုင်း ဖြစ်တိုင်းတရားလေးတွေ ဟာ ဒုက္ခသစ္စာတွေပဲ။ သူတို့ကို သိတာ ဖြစ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျောက် လိုက်၊ ဒါတွေ ဒုက္ခသစ္စာတရားတွေပဲ။ အဲဒီဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာတရားတွေကို အမှန်အတိုင်း သိပါတယ်တဲ့။

သမုဒယသစ္စာ

အဲဒီဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာတရားတွေရဲ့အကြောင်းလည်း ရှိတယ်။ အဲဒီအကြောင်းက 'သမုဒယသစ္စာတရား'ခေါ်တယ်တဲ့။ ဒါ သမုဒယသစ္စာ ဆင်းရဲ ဖြစ်ကြောင်း အစစ်အမှန်တရားပဲ။ ဆင်းရဲဖြစ်ကြောင်းဖြစ်တဲ့ အစစ်အမှန်တွေပဲ။ ဆင်းရဲတွေ ဘယ်ကပေါ်လာလဲဆိုရင် သမုဒယသစ္စာကနေ ပေါ်နေတယ်။ ဒါ နောက်မှ အကျယ်ဟောရမှာ။ ခုတော့ ခေါင်းစဉ် စဉ်နေရတုန်း ရှိသေးတယ်။

http://www.dhammadownload.com

နိဒါနသဒ္ဒါ

အဲဒီတော့ ဒီဆင်းရဲတွေငြိမ်းအောင် အားထုတ်လို့ ဆင်းရဲငြိမ်းတာက နိဗ္ဗာန်တရားကိုး။ ဆင်းရဲငြိမ်းတာကလည်း အစစ်အမှန်မဟုတ်ဘဲနဲ့ တစ်ခဏာ ငြိမ်းတာတွေက အများကြီးရှိပါတယ်။ အဲဒီ တစ်ခဏာငြိမ်းတာမဟုတ်။ ဒါကတော့ အစဉ်ထာဝရကို တစ်ခါတည်းငြိမ်းတာ။ ဆင်းရဲငြိမ်းရာ အစစ်အမှန်တရားဟာ နိဗ္ဗာန်တရားပဲ။

မဂ္ဂသဒ္ဒါ

အဲဒီ ဆင်းရဲငြိမ်းရာနိဗ္ဗာန်ကလည်း ရောက်ကြောင်းဖြစ်တဲ့ တရားရှိတယ်။ ဒီအတိုင်း အလိုလိုငြိမ်းတာတော့မ ဟုတ်ဘူး။ ငြိမ်းအောင်လို့ အားထုတ်မှ ဆင်းရဲဆိုတာ ငြိမ်းတယ်။ အဲဒီဆင်းရဲငြိမ်းရာသို့ ရောက်အောင် အားထုတ်ကျင့်ကြံပြီးတော့ ဆင်းရဲငြိမ်းတဲ့သဘောကို မျက်မှောက်သိတာ။ အဲဒီတော့ ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်းဖြစ်တဲ့အကျင့်ဟာ အကျင့်လမ်းမှန် အရိယမဂ္ဂ သစ္စာတရားပဲ။ ဒါကြောင့် . .

မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းကောင်းလမ်းမှန်အစစ်ဖြစ်သော တရား-တဲ့။ ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်းဖြစ်တဲ့ တရားပါ-တဲ့။ သို့သော်လည်း မဂ္ဂ-ပုဒ်က ပါနေတော့ မဂ္ဂလေးလည်းပဲ အနက်ကလေး ပေါ်သွားအောင်လို့ အကျင့်လမ်းကောင်း လမ်းမှန် အစစ်တရားလို့ ဒါဆောင်ပုဒ်ကလေး ထည့်ထားတယ်။ အကျင့်လမ်းကောင်းလမ်းမှန် အစစ်တရားလမ်းကလည်းပဲ ဒီအတိုင်း လျှောက်သွားတဲ့လမ်းလည်း ရှိတယ်။ အဲဒီလမ်းမျိုးမဟုတ်ဘူး။ ဒါကတော့ အကျင့်သည်ပင် လမ်းပဲ။ လမ်းကောင်းလမ်းမှန် အကျင့်မှန်တရားပဲ။ သီလအကျင့်ကို ကျင့်နေတာလဲ လမ်းကောင်းလမ်းမှန်ပဲ။ သမာဓိအကျင့်ကို ကျင့်နေတာလည်း လမ်းကောင်းလမ်းမှန်ပဲ။ ပညာ ဘာဝနာ အကျင့်ကို ကျင့်ရတာလည်း လမ်းကောင်းလမ်းမှန်ပဲ။ သို့သော် ဒီမှာ မဂ္ဂင် ရှစ်ပါးတရားတွေ ဖြစ်တယ်၊ အဲဒီ မဂ္ဂင်ရှစ်ပါးတရားတွေက နောက်သူ့အပိုင်းကျတော့ ဟောရမယ်။ ယခု ဒီကနေ့ မရောက်သေးပါဘူး။ အဲဒီ သစ္စာလေးပါးတရားတွေကို အမှန်အတိုင်း သိရပါတယ်တဲ့။ အမှန်အတိုင်းသိအောင်လည်း အားထုတ်ရတယ်။

http://www.dhammadownload.com

လူတိုင်းမှာ ဒီသစ္စာနှစ်ပါးပဲ ရှိပါတယ်

သတ္တဝါတို့၏သန္တာန်မှာ ထင်ရှားရှိနေတာက ဒီသစ္စာလေးပါးတရားထဲက ဘယ်နှစ်မျိုးရှိသလဲဆိုရင် နှစ်မျိုးပဲ ထင်ရှားရှိတယ်။ အများသတ္တဝါတွေသန္တာန်မှာ ဒုက္ခသစ္စာရှိတယ်၊ သမုဒယသစ္စာရှိတယ်လို့ နှစ်မျိုးပဲ ရှိတယ်။ နိရောဓသစ္စာ, မဂ္ဂသစ္စာ ဆိုတာကတော့ အရိယာပုဂ္ဂိုလ်တွေနဲ့သာ ဆိုင်တယ်။ အရိယာအဖြစ် မရောက်သေးတဲ့ပုဂ္ဂိုလ်တွေမှာ နိရောဓသစ္စာ, မဂ္ဂသစ္စာက မရှိသေးပါဘူး၊ သာမန်ပုဂ္ဂိုလ်တွေမှာဆိုရင် သစ္စာနှစ်ခုပဲ ရှိတယ်။ သစ္စာလေးပါးဆိုပေမယ့် လေးပါးလုံးရှိသေးတာ မဟုတ်ပါဘူး၊ နှစ်ပါးပဲ ရှိတယ်။

'မဂ္ဂသစ္စာ'ဆိုတာ အရိယာမဂ်ဖြစ်တဲ့အခါမှ ရှိတာကိုး။ အရိယာမဂ်ဆိုတာလေးကလည်း စိတ်ကလေးက တစ်ကြိမ်ဖြစ်တယ်၊ သူဟာ ဘာမှ ကြာတာ မဟုတ်ဘူး၊ နိဗ္ဗာန်အာရုံပြုလိုက်တဲ့အခိုက်အတန့်မှာ တစ်ကြိမ်ပဲ ဖြစ်တယ်။ အဲဒီအခါမှ သူက ရှိတယ်။ သူနဲ့စပ်သွယ်ပြီးတော့နေတဲ့ ဝိပဿနာမဂ်တွေ ဖြစ်လာတယ်။ အဲဒါလည်း ဝိပဿနာတရား အားထုတ်နေတဲ့ပုဂ္ဂိုလ်သန္တာန်မှာ ရှိပါတယ်။ အားမထုတ်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ မရှိပါဘူး။

'နိရောဓသစ္စာ'ဆိုတာ နိဗ္ဗာန်တရားဆိုတော့ အရိယမဂ်ဖြင့် မျက်မှောက်တွေ့သွားတဲ့အခါကာလမှာ သိရတယ်။ နောက်ကိုပြန်ဆင်ခြင်တဲ့အခါမှာလည်း သိနိုင်တယ်။ ဒါကြောင့် နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ ဆိုတာကတော့ အရိယာပုဂ္ဂိုလ်တွေနဲ့သာ ဆိုင်တယ်။ သာမန်ပုဂ္ဂိုလ်တွေ၏သန္တာန်မှာ ဆိုရင် ဒုက္ခနဲ့ သမုဒယ သစ္စာ နှစ်မျိုးပဲ ရှိတယ်။ ဒုက္ခနဲ့သမုဒယတွေမှာ အများအားဖြင့် ဒုက္ခသစ္စာတွေ အမြဲဖြစ်နေတာ၊ ယခု မြင်တိုင်း မြင်တိုင်း ဒွါရခြောက်ပါးတို့မှာ ပေါ်နေတာတွေက ဒုက္ခသစ္စာတွေပဲဖြစ်တယ်၊ မြင်တိုင်း မြင်တိုင်း ထင်ရှားဖြစ်နေတာတွေက ဒုက္ခသစ္စာတွေပဲဖြစ်တယ်၊ ကြားတိုင်း ကြားတိုင်း ထင်ရှားဖြစ်နေတာက ဒုက္ခသစ္စာတွေပဲ ဖြစ်တယ်၊ အနံ့နံတိုင်း၊ အရသာစားသိတိုင်း၊ တွေ့ထိတိုင်း၊ စိတ်ကူးစဉ်းစား ကြံစည်တိုင်းမှာ ဖြစ်ပေါ်နေတဲ့ဥစ္စာတွေဟာ ဒုက္ခသစ္စာတရားတွေပဲ ဖြစ်ကြတယ်၊ ဒီထဲမှာ နှစ်သက်သာယာမှုကလေး ရှိတယ်။ နှစ်သက်သာယာမှု၊ တောင့်တမှု၊ လိုချင်မှု၊ မျှော်လင့်မှုကလေး ရှိတယ်။ အဲဒါကတော့ သမုဒယသစ္စာပဲတဲ့။ အဲဒီနှစ်သက်သာယာမှု၊ တောင့်တမှုကလေးကို အကြောင်း

http://www.dhammadownload.com

ပြုပြီးတော့ ဒီမြင်မှု, ကြားမှုတွေ ဒွါရခြောက်ပါးမှာ ဖြစ်နေပါတယ်၊ ဒါကြောင့် နှစ်သက်သာယာမှု၊ တောင့်တမှုကတော့ သမုဒယသစ္စာ၊ ဒွါရခြောက်ပါးမှာ မပြတ် မပြတ်ဖြစ်နေတာက ဒုက္ခသစ္စာ ဒီနှစ်ခုပဲ ရှိတယ်။ အဲဒီနှစ်ခုထဲမှာ ဒုက္ခသစ္စာ တရားတွေကို ဝိပဿနာရှုရတယ်။ အဲဒါတွေကို နောက်ပိုင်းကျမှ ပြည့်ပြည့်စုံစုံ ပြောရမှာ။ ယခုတော့ နည်းနည်းရိပ်မိအောင်လို့ စောစောကတည်းက အပိုလေး ပြောထားတယ်။ သူတရားဒေသနာအစဉ်အတိုင်းဆိုရင်တော့ နောက်နားမှာသာ ရှိတယ်။

"ဒုက္ခသစ္စာ"ဆိုတာ -

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခံ အရိယသစ္စံ-အရိယာတို့သိသော ဆင်းရဲအစစ် အမှန်တရားသည်၊ ကတမဉ္စ-အဘယ်ပါနည်း။

အရိယာတို့သိအပ်တဲ့ ဆင်းရဲအစစ်အမှန်တရားဆိုတာ ဘာလဲဆိုရင်-

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဘိက္ခဝေ-ရဟန်းတို့၊ ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပင်တည်း၊ ဇရာပိ-အိုရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပေတည်း၊ မရဏမ္ပိ-သေရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲပင်တည်း၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ-စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, စိတ်နှလုံး၏ ပြင်းစွာပူပန်ရခြင်းတို့သည်လည်း၊ ဒုက္ခာ-ဆင်းရဲတို့တည်း။ အပ္ပိယေဟိ-မချစ်ခင် မနှစ်သက်အပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့်၊ သမ္ပယောဂေါ-ပေါင်းဖက်ယှဉ်တွဲရခြင်းသည်၊ ဒုက္ခော-ဆင်းရဲပင်တည်း။ ပိယေဟိ-ချစ်ခင် နှစ်သက်အပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့်၊ ဝိပ္ပယောဂေါ-ကွေကွင်းခွဲခွာရခြင်းသည်လည်း၊ ဒုက္ခော-ဆင်းရဲပင်တည်း။ ယံပိ-ယေနပိ-အကြင်အကြောင်းမဲ့ လိုချင်တောင့်တသော တဏှာဖြင့်လည်း။ ဣစ္ဆံ-ဣစ္ဆန္တော-အလိုရှိပါလျက်၊ န လဘတိ-မရ၊ တမ္ပိ-ထိုမရနိုင်သည်ကို လိုချင်သော တဏှာသည်လည်း၊ ဒုက္ခံ-ဆင်းရဲပင်

http://www.dhammadownload.com

တည်း။ သံခိတ္တေန-အကျဉ်းအားဖြင့်ကား။ ပဥ္စ-ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ-ဥပါဒါနက္ခန္ဓာတရားတို့သည်၊ (ဝါ) ဥပါဒါန်၏ စွဲလမ်းရာ မှီရာဖြစ်သော ခန္ဓာတရားတို့သည်၊ ဒုက္ခာ-ဆင်းရဲတို့ပေတည်း။

ဒုက္ခ (၁၂)မျိုး

ဒုက္ခသစ္စာမှာ အကျုံးဝင်တဲ့တရားတွေကို မြတ်စွာဘုရား အကျယ်ဝေဖန်ပြီး ဟောထားတယ်။ ဒုက္ခသစ္စာ ဒုက္ခတရား ၁၂-မျိုး ရှိတယ် -

(၁) **ဇာတိ** - ဘဝသစ်ဖြစ်ရတာလည်း ဆင်းရဲပဲတဲ့။

(၂) **ဇရာ** - အိုရတာလည်း ဆင်းရဲပဲတဲ့။

(၃) **မရဏ** - သေရတာလည်း ဆင်းရဲပဲတဲ့။

(၄) **သောက** - စိုးရိမ်ရတာလည်း ဆင်းရဲပဲတဲ့။

(၅) **ပရိဒေဝ** - ငိုကြွေးရတာလည်း ဆင်းရဲပဲတဲ့။

(၆) **ဒုက္ခ** - ကိုယ်ဆင်းရဲတယ်။ ဒါကတော့ အထူးပြောစရာမလို။ သူက ဆင်းရဲကို ဖြစ်နေတယ်။

(၇) **ဒေါမနဿ** - စိတ်နှလုံးမသာမယာ စိတ်ဆင်းရဲတယ်။ သူလဲ ဆင်းရဲပဲ။

(၈) **ဥပါယာသ** - စိတ်နှလုံး ပြင်းစွာပင်ပန်းရတယ်တဲ့။ ဒါလဲ ဆင်းရဲပဲ။

(၉) **အပ္ပိယေဟိ သမ္ပယောဂ** - မချစ်ခင် မနှစ်သက်အပ်သော ပုဂ္ဂိုလ်တွေ၊ ဝတ္ထုတွေနဲ့ မတွေ့ချင်ဘဲနဲ့ တွေ့ရ၊ ကြုံရ၊ ပေါင်းသင်း ဆက်ဆံရတာလဲ ဆင်းရဲပဲတဲ့။

(၁၀) **ပိယေဟိ ဝိပ္ပယောဂ** - ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ် ဝတ္ထုတွေနဲ့ ကွေကွင်းခွဲခွာပြီးတော့ သွားရတာ၊ ဒါလည်း ပဲ ဆင်းရဲပဲတဲ့။

(၁၁) **ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ** - သူကတော့ နာမည်ရှည်ရှည်ပဲ ဣဿရိယာတဒုက္ခ'လို့ ခေါ်တယ်။ ကိုယ့်အလိုအတိုင်း မဖြစ်တာပေါ့လေ။ အလိုအတိုင်းမဖြစ်တဲ့ ဥစ္စာတွေကို အလိုရှိပြီး တောင့်တပြီးတော့ နေလို့ရှိရင် ဒါလည်း ဆင်းရဲပဲတဲ့၊ မဖြစ်နိုင်တာတွေ ဖြစ်ချင်နေတာလည်း ဆင်းရဲပဲတဲ့။

http://www.dhammadownload.com

(၁၂) **သံဒိဋ္ဌေန ပဠုပါဒါနတ္ထာ ဒုတ္ထာ** - အကျဉ်းချုပ်အားဖြင့် ပြောရမယ် ဆိုလို့ရှိရင် ဥပါဒါနက္ခန္ဓာ ၅-ပါးဖြစ်ကြတယ်၊ ရုပ်နာမ်တရားတွေဟာ ဆင်းရဲချည်းပါပဲ-တဲ့။

မြတ်စွာဘုရားက ဒုက္ခ ၁၂-မျိုးကို ဖြည်းဖြည်းချင်း ဝေဖန်ပြီးတော့ ဟောတယ်။ ဘုန်းကြီးကလည်း ဖြည်းဖြည်းချင်း ဟောရမှာပဲ။ ဖြည်းဖြည်းဟောမှလည်း ဖြစ်မယ်၊ ဒုက္ခတွေက အများကြီးပဲ၊ ခေါင်းစဉ်တွေတော့ စဉ်ရလိမ့်မယ်။ ခေါင်းစဉ်ကလေးကတော့ မြန်မာလို ရလွယ်တာပေါ့လေ။ ခေါင်းစဉ်ကလေး ဆိုရမယ်။

* **ဖြစ် အို သေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။** (ဆို သုံးခေါက်)

ဖြစ် အို သေရေး စိုးရိမ်ဆွေး - ဘဝသစ် ဖြစ်တယ်။ အိုတယ်။ သေရေး-သေတယ်၊ စိုးရိမ်ပူဆွေးတယ်၊ ငိုကြွေးတယ်။ ကိုယ်နာကျင်ဆိုတာ ကိုယ်ဆင်းရဲပဲ။ ဒါတွေက ဒုက္ခဆင်းရဲဖြစ်တယ်၊ အဓိပ္ပာယ်ပြောတာ ခြောက်ခုရှိပြီ၊ နောက်တစ်ခါ ပြန်ဆိုရမယ်။

* **ဖြစ် အို သေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။** (ဆို သုံးခေါက်)

'ဖြစ်တယ်'ဆိုတာ ဇာတိပဲပေါ့။ ပါဠိလိုရနေတဲ့ပုဂ္ဂိုလ်တွေကတော့ လွယ်လွယ်လေး သိနေပြီးသားပါပဲ။ သို့သော်လဲ ပါဠို- လူတိုင်းလူတိုင်းမရက ရပြန် လည်း အနက်အဓိပ္ပာယ်က မသိပြန်၊ အနက်ကလည်း ထင်ဉီးမှု။ အဲဒီတော့ ဒီဟာကတော့ငို မသိစရာ မရှိ 'ဖြစ်'ဆိုတာ ဖြစ်တာပဲ၊ ဘဝသစ်ဖြစ်တာ။ 'အို'ဆိုတာကလည်း အိုတာ သိနေတာပဲ၊ 'သေရေး' ဆိုတာလည်း သေတာ သိနေတာပဲ။ 'စိုးရိမ်ဆွေး'ဆိုတာလည်း စိုးရိမ်ပူဆွေးတာ သိနေတာပဲ၊ 'ငိုကြွေး'ဆိုတာလည်း သိနေတာပဲ။ 'ကိုယ်နာကျင်တယ်' ဆိုတာလည်း ကိုယ်နာကျင်ရင် ကိုယ်ဆင်းရဲ တာပေါ့၊ ဒါလဲ သိနေတာပဲ။ ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်၊ ခြောက်ခုရှိတယ်။ ပြီးတော့ ကိုယ်ဆင်းရဲပြီးတော့ စိတ်ဆင်းရဲကိုး။

* **နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူထာဆင်းရဲပဲ။** (ဆို သုံးခေါက်)

နှလုံးမသာ-နှလုံးမသာမယာ ဒေါမနဿတရားပဲ၊ ပြီးတော့ စိတ်ပြင်းစွာ-စိတ်ပြင်းစွာပူပန်တတ်တဲ့ ဥပါယာသတရားဖြစ်တယ်၊ ဒီတရားနှစ်ခုလည်း ဒုက္ခဖြစ်ကြတယ်၊ ဒီလက်မှာ နှစ်မျိုးပါတယ်။ လက်ဘတစ်ပုဒ် ကုန်သွားပြီ။ တိုတိုလေး

http://www.dhammadownload.com

လုပ်လို့ မရဘူး၊ နှလုံးမသာတာ တစ်ခု၊ စိတ်ပြင်းပူတာက တစ်ခု၊ အဲဒါတွေက ဆင်းရဲပဲတဲ့၊ ကိုင်း . . . . ဆိုရမယ်။

* **နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာ ဆင်းရဲပင်၊**
မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်၊ (ဆို သုံးခေါက်)

'မုန်းသူနှင့် တွဲ' ဆိုတာ အပြိယေဟိ သမ္မယောဂေါ ဒုက္ခော - အလိုမရှိတာတွေနဲ့ တွေ့ရတယ်။

'ချစ်သူကွဲ' ဆိုတာ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော - အလိုရှိတာနဲ့ ကွဲရရတယ်။

မုန်းသူနဲ့ တွဲရတယ်၊ ချစ်သူနှင့် ကွဲရယ်တယ်၊ ဒါတွေဟာ ဆင်းရဲအမှန်ပင်။ 'မုန်းသူနှင့်တွဲ'ဆိုတာ စာလိုတော့ ဒီလို ရေးရမှာပဲ။ လူသာမဟုတ်သေးဘူး၊ ဝတ္ထုပစ္စည်းတွေလည်း ရှိတယ်။ ကိုယ်မတွေ့ချင်တာတွေနဲ့ တွေ့ရတယ်၊ မမြင်ချင်တာတွေ မြင်ရတယ်၊ မကြားချင်တာတွေ ကြားရတယ်၊ ဒါတွေလည်း အကုန်လုံးပါတယ်။

'ချစ်သူကွဲ'ဆိုတာကလည်း ဒီအတိုင်းပဲ။ ချစ်တဲ့ပုဂ္ဂိုလ်နဲ့ ကွဲတာတင်မဟုတ်သေးဘူး၊ ကိုယ်အလိုရှိအပ်တဲ့ ဝတ္ထုပစ္စည်းတွေ ပျောက်ဆုံးသွားတာတွေလည်း အကုန်လုံးပါတော့တာပဲ။ ဥစ္စာတွေ ပျောက်ပျက်သွားလို့ရှိရင် ဒါတွေလည်း ပါတာပဲ။ ကဲ . . . . ဆိုရမယ်။

* **မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်၊** (ဆို သုံးခေါက်)

ဆင်းရဲတွေ ၁၀-ခု ရသွားပြီ။ နောက် နှစ်ခုပဲ လိုတော့တယ်။ 'မရတာလို၊ ဒုက္ခဆို'တဲ့၊ မရတာတွေကို လိုချင်နေလို့ရှိရင်တော့ မဖြစ်နိုင်တာတွေ အလိုရှိတာသုကလည်း ဒုက္ခပဲ။ မဖြစ်နိုင်တာကိုလည်း တယ်လိုချင်တယ်။ မဖြစ်နိုင်တာတွေမှ လိုချင်လိုချင်နေကြတယ်။ အဲဒီဥစ္စာကလည်း ဒုက္ခတစ်ခုပဲ။ မအိုဘဲနဲ့မပြီး၊ အဲဒါဟာ လောကမှာ ဖြစ်လာရင် တစ်နေ့ကျအိုရမယ်၊ မအိုဘဲနဲ့ နေချင်ကြတယ်။ လောကမှာ ဖြစ်လာရင် တစ်နေ့ကျရင် သေရမယ်။ မသေဘဲနဲ့ မပြီး၊ ဒါပေမယ့်လို့ မသေဘဲနဲ့ နေလို့မရ။ ဒီလောက်မဟုတ်တာတွေကလည်း ရှိပါသေးတယ်။ အများကြီး ရှိပါသေးတယ်။ မရတာတွေ လိုချင်တာ၊ မရနိုင်တာတွေ လိုချင်တာက ဒုက္ခ၊ သူလည်း ဒုက္ခရောက်တာပဲ။ ဒါကြောင့် 'မရတာလို-ဒုက္ခဆို'တဲ့၊ ဒါ တစ်ခုကိုး။

http://www.dhammadownload.com

တိုတိုပြောရမယ် ဆိုလို့ရှိရင် 'သံခိတ္တေန'လို့ ဘုရားဟောထားတဲ့ပါဠိ၊ တိုတိုပြောလျှင် ဒါလည်း ပါသေးတာ။ 'မရတာလို့-ဒုက္ခဆို' တိုတိုပြောရလျှင် ဘာတုံးဆို 'စွဲလမ်းနှိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာဒုက္ခပင်'၊ စွဲလမ်းနှိုင်တဲ့ ခန္ဓာပါးဟာ ဒုက္ခသစ္စာပဲတဲ့။ ကိုင်း . . . ဆိုရမယ်။ ဒီပုဒ်နှစ်ပုဒ်ကတော့ တစ်ပုဒ်ပြီး တစ်ပုဒ် တွဲဆိုရမယ်။ သူက ဆက်နေတယ်။

* **မရတာလို့၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်။** (ဆို သုံးခေါက်)

မရတာကို လိုချင်တာလည်းပဲ ဆင်းရဲတစ်မျိုးပဲတဲ့။ သူလည်း ဒုက္ခသစ္စာ တရားထဲ အပါအဝင်ပဲတဲ့၊ 'မရတာလို့၊ ဒုက္ခဆို၊ တိုတိုပြောရမယ်'ဆိုရင် သံခိတ္တေန-အကျဉ်းအားဖြင့်ဆိုရင် ဘယ်နှယ့်ပြောမတုံး၊ 'စွဲလမ်းနှိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာ ဒုက္ခပင်'၊ ရှေးက ပြောတာတွေဟာ အရှည်နဲ့ ပြောလာတာကိုး၊ ယခု အတို ပြောတယ်။ ဒုက္ခသစ္စာတွေ ဆိုတာ ဘာလဲဆိုရင် 'ဖြစ်အိုသေခရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်တဲ့'၊ ဒါတွေလည်း ဒုက္ခသစ္စာတရားတွေပဲတဲ့။ ဒါက ၆-ခု ရှိသွားပြီ၊ ပြီးတော့ 'နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာဆင်းရဲပင်'တဲ့။ ဒါလည်း ဒုက္ခသစ္စာပဲတဲ့။ ၈-ခုရှိသွားပြီ။ 'မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်'။ ဒါ နှစ်ခုကလည်း ဆင်းရဲပဲတဲ့၊ ၁၀-ခုရှိသွားပြီ၊ 'မရတာလို့၊ ဒုက္ခဆို' ဒါလေး ထည့်လိုက်တော့ ၁၁-ခုရှိသွားပြီ၊ အကျယ်အားဖြင့် ပြောမယ်ဆိုရင် ၁၁-မျိုးရှိပါတယ်တဲ့။ ဆင်းရဲတွေ တိုတိုပြောရရင် အကျဉ်းချုပ် ပြောမယ်ဆိုရင်တော့ ဘယ်နှစ်ခု တုံးဆိုရင် 'စွဲလမ်းနှိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်'တဲ့။ စွဲလမ်းနှိုင်တဲ့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာတရားပဲတဲ့။ တိုတိုပြောရင် ဒါပါပဲတဲ့။ ကိုင်း . . . ဆိုရမယ်။

* **စွဲလမ်းနှိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။** (ဆို သုံးခေါက်)

စွဲလမ်းနှိုင်တဲ့ ခန္ဓာငါးပါးအကြောင်းတွေကလည်း ရှေးက ခဏခဏတော့ ဟောနေကျပါပဲ။ ဒါပေမယ့်လို့ သူအချိန်ကျတဲ့အခါကျတော့ ဒါတွေကို အကျယ် ဟောရဦးမယ်။ ခုတော့ ခေါင်းစဉ်လေးပဲ။ အဲဒါ ဒုက္ခ ၁၁-မျိုးရှိတယ်။ အကျယ် ဟောတဲ့ ဒုက္ခ ၁၁-မျိုး။ အကျဉ်းဟောတာက ခန္ဓာ ၅-ပါးက တစ်မျိုး၊ ပေါင်း ဒုက္ခသစ္စာတရား ၁၂-မျိုးတဲ့။ မြတ်စွာဘုရားက ဝေဖန်ပြီးတော့ ဟောကြားတယ်။ အဲဒီဒုက္ခသစ္စာတရား ၁၂-မျိုးကို အစဉ်အတိုင်း ယခုပြောရမှာကိုး။

http://www.dhammadownload.com

ဇာတိဒုက္ခ - ဇာတိ ဘဝအဖြစ် ဖြစ်ရတာ ဘာ့ကြောင့် 'ဒုက္ခ'လို့ ခေါ်ရသလဲ၊ 'ဇာတိ'ဆိုတာ ဘယ်လိုဟာတုံးဆိုတာကိုလည်း မြတ်စွာဘုရားက အကျယ်ဟောပါသေးတယ်။ ဇာတိ-ဘဝအသစ်ဖြစ်တယ်ဆိုတာ ဘာလဲ ဆိုတော့ -

ကတမာ စ ဘိက္ခဝေ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

ဇာတိကို အကျယ်ဟောတယ်။ 'ဇာတိ'ဆိုတာတဲ့ ထိုထိုသတ္တဝါတွေမှာ ထိုထိုဘဝမှာ ရွှေဦးစွာ ဖြစ်တာလေးပဲတဲ့။ ရွှေဦးစွာ ရုပ်နာမ်တရားတွေ စုံလင်ပြီး သကာလ ဖြစ်တာလည်း ရှိတယ်တဲ့၊ အသက်ဝင်လာသလိုပဲတဲ့။ တခြားက ရောက်လာသလိုပဲတဲ့။ ဒါက ဘဝအသစ်ဖြစ်တာလေး ရှိတယ်။ လောကလူတွေ အနေနဲ့ဆိုလို့ရှိရင်တော့ သူက အသက်ဝင်လာတယ်လို့ ဒီလိုပဲ ပြောကြတာကိုး၊ အသက်ရောက်လာတယ်၊ အသက်ဝင်လာတယ်။ ဆရာဝန်တွေက ဆိုလို့ရှိရင် တော်တော်လေးကြာမှ သူတို့အသက်ဝင်လာတယ်လို့ ဒီလိုယူဆကြပါတယ်။ ကလေးဟာ အမိဝမ်းထဲ ပဋိသန္ဓေနေလို့ အကောင်လေး တော်တော်ပီပီသသ ဖြစ်လာမှ ရက်သတ္တပတ်ပေါင်းတော်တော်လေးများလာမှသူတို့က အသက်ဝင်လာတယ်ဆိုပြီးတော့ နည်းနည်းလှုပ်လာမှ အသက်ဝင်လာတယ် ဆိုတာကို နှုံးသွေးတွေ ဘာတွေခုန်လာမှ အဲဒီမှာ အသက်ဝင်တယ်လို့ခေါ်တယ်။ သူက အမှန်တော့ အစကတည်းကပါပဲ။ ဒီပဋိသန္ဓေစဖြစ်တာတည်းက ရုပ်နာမ်အသက်တွေတော့ သူဝင်နေတာပါပဲ။ သို့သော် မလှုပ်နိုင်သေးဘူး၊ အားမရှိသေးဘူး။ အဲဒီပထမစပြီးတော့ ပေါ်လာတဲ့ ပဋိသန္ဓေစိတ်ကလေး စဖြစ်လာတာရှိတယ်။ အဲဒီကတည်းက အသက်ဝိညာဏ်လေး ဇာတိ ရွှေဦးစွာ ဖြစ်ခြင်းပဲတဲ့။

သဉ္ဇာတိ - အပြည့်အစုံဖြစ်လာခြင်းတဲ့။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ရုပ်တွေ အပြည့်အစုံဖြစ်လာတာ။

ဩက္ကန္တိ - သက်ဝင်လာတာတဲ့။ တစ်နေရာက တစ်နေရာကို တစ်ခါတည်း ပြုန်းခနဲဝင်လာသလို ရောက်လာသလိုပဲတဲ့။ တစ်ခါတည်း သက်ဝင်လာတာ။

အဘိနိဗ္ဗတ္တိ - ထင်ရှားဖြစ်ပေါ်ပြီးတော့လာတာတဲ့။ အစက မရှိသေးဘူး၊ မရှိသေးဘဲနဲ့ သူတို့ ဒီမှာ ထင်ရှားဖြစ်ပေါ်လာတာ။

http://www.dhammadownload.com

ခန္ဓာနံ ပါတုဘာဝေါ - ဖြစ်တယ် ဆိုတာ ဘာတုံးဆိုတော့ အမှန်ကတော့ ခန္ဓာငါးပါးဖြစ်တာပါပဲတဲ့၊ ပုဂ္ဂိုလ်သတ္တဝါအကောင်တော့ မရှိပါဘူးတဲ့။ တရားရှု မှတ်နေမှသာ ဒီရုပ်နာမ်ကို မြင်နိုင်ပါတယ်။

လောကမှာ သတ္တဝါတွေ အထင်အမြင်ကတော့ 'တစ်ဘဝက တစ်ဘဝ၊ အကောင်အထည် လိုက်ပြောင်းလာတယ်' ဒီလိုထင်ကြတာကိုး။ အကောင်အထည် လိုက်ပြောင်းလာတာ မဟုတ်ဘူး။ 'ခန္ဓာနံ ပါတုဘာဝေါ'-ခန္ဓာငါးပါးတို့ ဖြစ်လာတာပဲတဲ့။ ခန္ဓာငါးပါးပဲ ရှိတယ်။ အကျဉ်းချုပ်လိုက်ရင် ရုပ်နာမ်နှစ်ပါးပဲ ရှိတယ်။ ခန္ဓာငါးပါးနဲ့ ရုပ်နာမ်နှစ်ပါး ဒါပဲရှိတာပဲ။ အဲဒါကတော့ တရားနှလုံးသွင်း အားထုတ်မှုတွေ ကောင်းကောင်းမရှိသေးတဲ့ ပုဂ္ဂိုလ်တွေတော့ ထင်ဖို့, မြင်ဖို့ တယ်မလွယ်ဘူးပေါ့။ စာနဲ့, ပေနဲ့ သင်လို့ရှိရင်တော့ တော်ဘော်တော့ ရိပ်မိမှာပဲ။ သုတမယဉာဏ်အားဖြင့် အတော်အတန်ရိပ်မိတယ်။ တရားအားထုတ်နေရင်တော့ ပိုပြီးတော့ ရှင်းပါတယ်။ တရားအားထုတ်ကြည့်တော့ ရှုတိုင်း မှတ်တိုင်း ဒီရုပ်နာမ်တွေကို တွေ့နေရပါတယ်။ ရုပ်နာမ်တွေ မှတ်တိုင်း မှတ်တိုင်းဟာ ကိုယ် ရုပ်က တခြား၊ သိနေတဲ့စိတ်ကလေးက တခြားကိုး။ မှတ်တိုင်း မှတ်တိုင်း အာရုံ ရုပ်က တခြား၊ အသိစိတ်က တခြား၊ မှီရာကိုယ်ရုပ်က တခြား၊ အသိစိတ်က တခြား ဒီလိုကွဲနေတယ်၊ ရုပ်နဲ့နာမ်နဲ့ နှစ်ခုပဲရှိတယ်။ ဘယ်အချိန်မဆို ဒါလေး နှစ်ခုပဲ။ ဒါလေးက တစ်ခါတည်း အသစ်အသစ် ကိုယ်တိုင်ပြနေသလိုပဲ။ အသစ် အသစ် ဝင်ဝင်လာသလို ဟိုက တခြားကနေပြီး ရောက်ရောက်လာသလိုပဲ။ တစ်ခါ တည်း အသစ်အသစ်ဖြစ်ပေါ်နေတာလေး တွေ့ရတယ်။ အဲဒါလေးတွေ 'ဩကွန္တိ' ဆိုတာ ဒါပဲ။

တရားအားထုတ်တဲ့အခါကာလမှာ ဟိုက တစ်ခုချုပ်ပြီးရင် ဟိုက တစ်ခုက ပေါ်လာတယ်။ ကိုယ်ထဲမှာ အသစ်ဝင်လာသလို ရောက်လာသလို ထင်ရတယ်။ 'ဩကွန္တိ' သက်ဝင်လာတဲ့သဘောမျိုး တွေ့ရတယ်။ အဲဒါ တစ်ခါချုပ်ပြီး ပြန်လို့ ပျောက်သွားပြန်တယ်၊ နောက်တစ်ခုက တစ်နေရာက ပေါ်လာပြန်တယ်၊ သူက လည်း အသစ်ပေါ်လာတယ်။ သက်ဝင်လာတဲ့သဘောလေးပဲ။ အဲဒီရုပ်နာမ် တွေဟာ ဒီလိုပဲ အသစ်အသစ် ဆင့်ကာဆင့်ကာ ဖြစ်နေတယ်။ ဖြစ်တိုင်း ဖြစ် တိုင်းတွေကို ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်က ချုပ်ပြီးကော့ သိနေတယ်။ အဲဒါတွေဟာ ခန္ဓာငါးပါး သက်ဝင်ပြီးတော့ ဖြစ်လာတာပဲတဲ့။

http://www.dhammadownload.com

အခု ဝိပဿနာရှုတဲ့အခါမှာ အသစ်အသစ်ဖြစ်ပေါ်ပြီးတော့ လာတာလိုပဲ။ ဘဝအစတုန်းက ဖြစ်ခဲ့တာလည်း ဒီလိုပဲ အတူတူပါပဲ။ အခု ရှုမှတ်တဲ့အခါကလည်း ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ စိတ်ကလေး တစ်စိတ်ချင်း ဖြစ်နေတာ တွေ့ရတယ်။ ပကတိပုဂ္ဂိုလ်တွေတော့ ဘယ်တွေ့မတုံး၊ ပြောလို့သာ ပြောနေရတာ။ တွေ့တာ မဟုတ်ဘူး။ ပကတိပုဂ္ဂိုလ်တွေက စာမသင်ကြားဖူးတဲ့ပုဂ္ဂိုလ်တွေ ဆိုရင်တော့ ဘာမှမသိပါ၊ 'ပူးလုံးနားမရှင်း'ဆိုတာလိုပဲ။ သူက ဘာကိုမှမသိ၊ အကောင်ကြီး လိုက်ပဲ ထင်နေတာပဲ။

'ဘဝအသစ်ဖြစ်ပြန်လည်း အကောင်ကြီးလိုက်ဖြစ်ပေါ်လာတယ်လို့ အောက်မေ့နေတယ်။ သေပြန်လည်း အကောင်ကြီးလိုက် ပျောက်သွားတယ် အောက်မေ့နေတယ်' ဒီလိုထင်နေကြတာကိုး၊ စာပေကျမ်းဂန် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ စာပေအရနဲ့ အတော်အတန်တော့ သဘောကျပြီး ရိပ်မိပါတယ်။ ဒါပေမယ့် ကိုယ်တိုင်တွေ့အားဖြင့်တော့ သဘောမကျသေးဘူး။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်က သဘောကျတယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက ရှုင်းခနဲ တစ်ခါတည်း စိတ်ကလေးတစ်ခုချင်း တွေ့နေတာကိုး။ သူမှာ လက်နဲ့ ကိုင်ကြည့်သလိုပဲ။ စိတ်ကလေးတစ်ခု ပေါ်လာလိုက် မှတ်လိုက်ရင်း၊ ပျောက်သွားလိုက်ရင်း-ဒါလေးကို တွေ့နေတာပဲ။ ချောင်းတို့ မြောင်းတို့ မြစ်တို့ထဲမှာ ရေစီးကြောင်းတွေ စီးနေတော့ တချို့ တုတ်ကလေးကို ဟိုမှာ မြေကြီးစိုက်နေတာ ရှိတယ်။ အထက်ပေါ်မှာ နည်းနည်းပေါ်နေတယ်။ ရေစီးကနေပြီးတော့ ဖိကြတဲ့အခါ တုတ်ကလေး ငုံ့သွားတယ်။ တော်တော်ကြာကျရင် တစ်ခါ ထောင်လာပြန်တယ်၊ ပေါ်လာတယ်။ တော်တော်ကြာကျ ငုံ့သွားပြန်တယ်၊ တော်တော်ကြာကျ ပေါ်လာပြန်တယ်။ ငုံ့ချည်ပေါ်ချည်နဲ့ ဒီတုတ်ကလေးက လူတိုင်းလူတိုင်း မြင်ဖူးပါတယ်။ အဲဒါနဲ့ တော်တော်တူပါတယ်။

ဒီမှာ တရားအားထုတ်တိုင်း မှတ်လိုက်ရင်း ပျောက်သွားရင်း၊ မှတ်လိုက်ရင်း ပျောက်သွားရင်း ပေါ်ချည် ပျောက်ချည်၊ ပေါ်ချည် ပျောက်ချည်နဲ့ ရုပ်နာမ်လေး တွေ ဖြစ်နေတာကို တွေ့ရတာကိုး၊ အဲဒီလို တွေ့ရတော့ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်က ရုပ်နာမ်အကြောင်း သိတယ်။ ရုပ်နာမ်ဆိုတာ ဒီလိုဖြစ်ပျက်နေတာပဲ။ ဘဝအစတုန်းက ရှေးဦးစွာသက်ဝင်ပြီးလာတယ်။ ဟိုက ဘဝအသစ်ဖြစ်လာတယ်ဆိုတဲ့ ပဋိသန္ဓေဘဝအသစ် ဖြစ်လာတယ် ဆိုတာလည်း ဒီလိုပဲ။

http://www.dhammadownload.com

ယခု ရှမ္ဘတ်နေရတဲ့ ရုပ်နာမ်ကလေး အသစ်ဖြစ်ပေါ်လာတာမျိုးလေးပဲ။ ဒါလေ နှစ်ခုစပြီးတော့ ဖြစ်လာတာ။ ဒါလေး စပြီးတော့ ဖြစ်လာတော့ သူပျောက်သွားရင် နောက်တစ်ခါလည်း အသစ်ဖြစ်တယ်၊ တစ်ဘဝလုံးပဲ ဒီလို ဆက်ဖြစ်နေတာကို၊ နောက်ဆုံးတစ်နေ့ကျ သေတယ်ဆိုတာလည်း ဘာမှမထူးဆန်း။ အခု ရှရတဲ့ ရုပ်နာမ်လေးတွေ ပေါ်ပြီး ပျောက်သွားတာမျိုးလေးပဲ။ ဒါလေး ပျောက်သွားတယ်၊ နောက်ထပ် အသစ်မဖြစ်ပေါ်လာတော့ဘူး။ သေတော့တာပေါ့။ ဒီလိုပဲ မှတ်တဲ့စိတ်ကလေးတွေ မှတ်ရင်း ပျောက်ရင်း၊ မှတ်ရင်း ပျောက်ရင်းနဲ့ နောက်ကပေါ်ပေါ်နေလို့၊ မပေါ်ရင် သေတော့မှာ၊ အကြောင်းမညီညွတ်တဲ့အခါကာလ ဒါလေး နောက်ထပ်ပေါ်မလာရင် သေရော့ပဲ၊ အဲဒီတော့ တရားအားထုတ်ထားတဲ့ ယောဂီပုဂ္ဂိုလ်တွေအနေအားဖြင့် ဆိုရင် 'ခန္ဓာနံ ပါတုဘာဝေါ - ခန္ဓာငါးပါးတို့၏ အသစ်ဖြစ်ပေါ်လာခြင်းဟာ ဇာတိ-ဘဝအသစ်ဖြစ်တာပဲ၊ အဲဒီဘဝအသစ်ဖြစ်တာလေးတော့ သိသလားဆို၊ ဒီလိုတော့မသိနိုင်ဘူး။ ဒါကတော့ နှိုင်းဆသိရမှာပဲ၊ ဘဝအသစ်ဖြစ်ခဲ့တာ ကြာကြာလှမှပဲ၊ အခုမှပြန်ပြီးစဉ်းစားလို့ ဘယ်ပေါ်လိမ့်မှာတုံး၊ အဓိပ္ပါးတွင်း ပဋိသန္ဓေနေခဲ့တာ မပြောနဲ့တော့၊ ငယ်ငယ်ရွယ်ရွယ်လေး ငါးနှစ်အတွင်းက နေခဲ့ထိုင်ခဲ့တုန်းက ဖြစ်ခဲ့တာတွေတောင်မှ ပြန်စဉ်းစားလို့ ရှိရင် မသိနိုင်ပါဘူး။ သေသေချာချာ တိတိကျကျသိဖို့တော့ ဘယ်ဖြစ်လိမ့်မတုံး၊ သို့သော် သဘောကျတာကို ပြောတာပဲ။

ထရားရှမ္ဘတ်ထူးရင် ဘေရမှာ ဘေးနိုးလှေးထူး

အဲ အခုဝိပဿနာရှမ္ဘတ်နေတဲ့ အခါကာလဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကလေးတွေ အဖြစ်အပျက်ကို မြင်ရတော့ ပဋိသန္ဓေစိတ် ဘဝအသစ်ဖြစ်ခဲ့တယ် ဆိုတဲ့ သဘောလေးကို ပြန်ပြီးတော့ သဘောကျတာပေါ့၊ ဒါလေးမျိုးဖြစ်လာတာပဲလို့ သဘောကျလာတာ၊ နောက်ဆုံးတစ်နေ့ သေတယ်ဆိုတာလည်းပဲ ဒါလေးမျိုး ပျောက်သွားတာပဲ၊ ဘာမှမထူးဆန်းလို့ သိရတာကိုး၊ ဒါကြောင့်မို့ တရားကို ကောင်းကောင်းအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေက သေရမှာလည်း ကြောက်စရာမရှိ၊ သေဆိုတာလည်း ဘာမှမထူးဆန်း၊ ဒီလိုပဲ ရုပ်နာမ်ကလေးတွေ ပျောက်သွားတဲ့ ဥစ္စာဟာ သေတာပဲ၊ ခုလည်းပဲ ပျောက်နေတာပဲ၊ ဘာမှမထူးဆန်းဘူး။ သဘော

http://www.dhammadownload.com

တရားတွေပဲလို့ ဆိုတာ မြင်နေတော့ ဘာမှကြောက်စရာမရှိဘူး၊ အင်မတန် ထောက်ထား အားကိုးစရာတွေ တွေ့ရပါတယ်။

'အာယတနာနံ ပဋိလာဘော' - အာယတနတရားတွေ ရလာခြင်းပဲ၊ အာယတနတရား ဆိုတာ မျက်စိတို့ နားတို့ပေါ့လေ၊ အဲဒီရုပ်နာမ်လေးတွေ အသစ်ဖြစ်လာခြင်းပဲတဲ့၊ အဲဒါကို 'ဘဝအသစ်ဖြစ်တယ်'လို့ ခေါ်တယ်၊ အဲဒါ ပဋိသန္ဓေ ဘဝအသစ်ဖြစ်တယ်လို့ ခေါ်တယ်။

ပဋိသန္ဓေလေးမျိုး

ကျမ်းဂန်အနေအားဖြင့် ပြောမယ်ဆိုရင် ပဋိသန္ဓေနေခြင်းဟာ လေးမျိုး လေးစား ရှိပါတယ်၊ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေတဲ့ သတ္တဝါတွေကို 'ဂဗ္ဘ သေယျက၊ ဇလာဗုဇ'လို့ ခေါ်ပါတယ်၊ ဂျည်စသည့် စိုစိုနေရာတွေ ကပ်ရောက်ပြီး သကာလ ပေါက်ပွားလာတဲ့ ပိုးလောက်စသည် သတ္တဝါတွေကို 'သံသေဒဇ'လို့ ခေါ်တယ်၊ ကိုယ်ထင်ရှား အပြည့်အစုံဖြစ်လာတဲ့ သတ္တဝါတွေကို 'ဥပပါတိ'လို့ ခေါ်တယ်၊ အဲဒါက နတ်တွေတို့ ငရဲတို့ ပြိတ္တာတို့ စတုမဟာရာဇ်နတ်တို့လည်း ရှိတာပါပဲ၊ ရုက္ခစိုးတွေလည်း ရှိတာပဲ၊ တစ္ဆေတို့ ဘာတို့ ခေါ်တဲ့ ဥစ္စာလည်း ဒါမျိုးတွေပါပဲ၊ ဒါတွေလည်း ရှိတာပဲ၊ ဟိုအထက်ကောင်းကင်က အထက်တန်း ကျတဲ့နတ်တွေလည်း ရှိတယ်၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာနတ်တွေလည်း ရှိတယ်၊ ဒါတွေက သူတို့က ကိုယ်ထင်ရှားဖြစ်တော့ အမိဝမ်းတွင်း ကတည်းက ပဋိသန္ဓေနေလာတာ မဟုတ်ဘူး၊ ကုသိုလ်ကံရှိတဲ့ပုဂ္ဂိုလ်က စုတေတာနဲ့ နောက်ဆုံး ပိတ် သေဆုံးသွားလိုက်တာနဲ့ တစ်ခါတည်း ဟိုမှာ ဘဝသစ် ပဋိသန္ဓေစိတ်ကလေး ဖြစ်လိုက်တယ်ဆိုရင် ပဋိသန္ဓေစိတ်နဲ့ ရုပ်နဲ့ တစ်ခါတည်း ကိုယ်ထင်ရှား ဘွားခနဲ ဖြစ်တာကိုး၊ နတ်ဖြစ်တယ်ဆိုတဲ့ပုဂ္ဂိုလ်က နတ်သား, နတ်သမီး အကြိမ်းကြိမ်းဖြစ်တာပဲ၊ ငယ်ငယ်လေးဖြစ်တာ မဟုတ်ဘူး၊ နတ်ကလေး နို့စို့ခလေး ဒီလိုမဟုတ်ဘူး၊ အကြိမ်း ကြိမ်း တစ်ခါတည်းဖြစ်တာ၊ အပြည့်အစုံ ဖြစ်လာတယ်၊ တစ်ခါတည်း အရွယ် ရောက်ပြီးတော့နေတဲ့ ၁၅-နှစ်၊ ၁၆-နှစ်၊ အနှစ် ၂၀-အရွယ် တစ်ခါတည်း သွားပြီးတော့ ပြည့်ပြည့်စုံစုံကြီးဖြစ်တာ။ အဲဒါကို 'ဥပပါတ်ပဋိသန္ဓေ'ခေါ်တယ်။ ငရဲတွေ ပြိတ္တာတွေမှာလဲ ဒီလိုပဲ။ ပြုန်းခနဲဖြစ်ရတာ။ ငရဲပဋိသန္ဓေနေနေလို့ ကလေးလေးဖြစ်ပြီးတော့ ဘယ်ကြီးနိုင်လိမ့်မှာတုံး။ ငရဲမီးတွေက လောင်နေ၊

http://www.dhammadownload.com

ဒုက္ခရောက်နေရတာ မကြီးနိုင်။ ဒါကတော့ ကြီးဖို့ အတော်ခက်တာ၊ ပြိတ္တာလည်းပဲ အတူတူပဲ၊ ဘယ်သူမှ နို့တိုက်မယ့်လူရှိမှာမဟုတ်။ ကြီးဖို့ အတော်ခက်လိမ့်မယ်။ အဲဒီတော့ သူကတော့ တစ်ခါတည်း အပြည့်အစုံဖြစ်တာ၊ အကောင်ကြီး အကြီးကြီးဖြစ်တာ။ ဒါကို 'ဥပပါတိ' ခေါ်တယ်။

နောက် "သံသေဒဇ"ဆိုတာကတော့ အညီတွေထဲ ဖြစ်တာတခု တွေ့နေကြတာပဲ။ ပိုးလောက်တွေဟာ အညီရှိရင် ပိုးလောက်ဖြစ်တာပဲ။ သူဟာသူ ရေညှီလေး ဘာလေးရှိရင်လည်း ပိုးလောက်လွှားလေးတွေ ဘာလေးတွေ ဖြစ် လာတာပဲ။ ဖြစ်စရာ အကြောင်းလေးတွေ ရှိရင် သူတို့က ဖြစ်လာကြတာပဲ။ ဘယ်ကနေပြီးတော့ ဖြစ်လာမှန်းမသိ၊ မျိုးစေ့ ဘယ်ကလာမှန်းမသိ၊ အဲဒါကို "သံသေဒဇ"လို့ ခေါ်ပါတယ်။ အဓိပ္ပါယ်တွင်း ပဋိသန္ဓေနေတာကတော့ "ဂဗ္ဘသေယျက"တို့၊ "ဇလာဗုဇ"တို့ ခေါ်တယ်။ ဂဗ္ဘသေယျက- အဓိပ္ပါယ် သူငယ်အိမ်မှာ ဖြစ်တာကိုး။ သူက သူငယ်အိမ်လေးမှာ ပဋိသန္ဓေဖြစ်တယ်။ အဲဒါ လောက်ကနေပြီးတော့ ဆရာဝန်တွေက ရှာကြံပြီးတော့ထားလို့ ဒီမှာ နေပြီး ဖြစ်တယ်ဆိုပြီး သူတို့မြင်သမျှနဲ့ ဆိုထားတာလေးတွေလည်း ရှိပါတယ်။ အဲဒီ ဆိုထားတဲ့ဟာတွေလည်း သိပ်ပြီးတော့ မကွဲလှဘူး။ သို့သော် ပဋိသန္ဓေတည်ပုံကတော့ တော်တော်တူပါတယ်။ အဲဒီ အဓိပ္ပါယ်တွင်းမှာရှိတဲ့ မိဘတို့၏ သုတ်သွေး ရုပ်ကို အမှီပြုပြီးတော့ ဒါတွေကို ဆရာဝန်တွေ ဘာတွေကတော့ ပိုးတွေလို့ ဆိုတာပဲ။

အဲဒါတွေကို အမှီပြုပြီးတော့ ကမ္မဇရုပ်တွေဆိုတာ ဖြစ်လာတာကိုး။ ကံကြောင့်ဖြစ်တဲ့ရုပ်တွေကို ကမ္မဇရုပ်လို့ခေါ်တယ်၊ လူဖြစ်တယ်ဆိုတာ ကုသိုလ်ကံကြောင့်ဖြစ်တာ၊ ရွေးဘဝက ပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ၏အဟုန်ကြောင့် ဒီမှာ ကာယဒသကရယ်၊ ဘာဝဒသကရယ်၊ ဝတ္ထုဒသကရယ် ကမ္မဇရုပ် ကလာပ် ၃-စည်းရှိတယ်။ "ကာယဒသက"ဆိုတာ ကိုယ်မှာ အတွေ့အထိကို သိနိုင်တဲ့ရုပ်မျိုးတွေပဲ။ "ဘာဝဒသက"ဆိုတာကတော့ ယောကျ်ားး, မိန်းမတို့ ယောကျ်ားစိတ်, မိန်းမစိတ်ကို ဖြစ်စေနိုင်တဲ့ ရုပ်တွေပဲ။ "ဝတ္ထုဒသက"ဆိုတာက စိတ်၏ တည်ရာမှီရာပဲ၊ သူက ပဋိသန္ဓေစိတ်၏ တည်ရာမှီရာ ဒသကသုံးခု၊ "ဒသကသုံးခု"ဆိုတာ ရုပ် ၃၀-ပေါ့။ ရုပ် ၁၀-ခု သုံးလိ ပေါင်းထားတာ။ ယခင်တုန်းကတော့ ဘုန်းကြီးက ရုပ်ကလာပ်တွေ အကျယ်ဟော ပြီးသား။ အခုတော့ အကျဉ်းပြောရမယ်။ ဒီမှာ ရုပ်၁၀-ခုရှိတယ်။

http://www.dhammadownload.com

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီး ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဥပါဒါရုပ်က ၄-ပါး၊ ပေါင်း ၈-ပါး။ ဇီဝိတက တစ်ခု၊ အဲဒီမှာ ကာယပသာဒတစ်ခုထည့်လိုက်ရင် ကာယဒသကကလာပ်၊ ရုပ် ၁၀-ခု၊ တစ်ခါ အဲဒီ ၉-ခုထဲမှာ ရုပ်တစ်ခုထည့်လိုက်ရင် ဘာဝနဲ့တကွ ၁၀-ခု၊ ဒီဒသကကလာပ်က ရုပ် ၁၀-ခု၊ တစ်ခါ ဝတ္ထုရုပ် စိတ်၏ တည်ရာမှီရာဖြစ်တဲ့ ဝတ္ထုရုပ်ကလေး တစ်ခုထည့်လိုက်ရင်လည်း ၁၀-ခု ဒသက ကလာပ်ပဲ။ အဲဒါ ရုပ် ၁၀-ခုအပေါင်း ၃-ခုပေါ့လေ။ ၃-ခုတစ်စုံ၊ အဲဒီ ၃-ခုတစ်စုံစုပြီးတော့ ပထမဆုံးဖြစ်လာတာကို မှီပြီးတော့ ပဋိသန္ဓေစိတ်ကလေး ဖြစ်တာကိုး။ ဟိုဘဝက စုတိစိတ်ကလေးဆုံးလိုက်တာနဲ့ သေခါနီးက စွဲတဲ့ အာရုံကလေးကို ပြန်ပြီးတော့ နှလုံးသွင်းလိုက်လို့ရှိရင် ဒီမှာလာဖြစ်တာကိုး။ အဲဒီ ကလာပ်၃-ခုအပေါင်းထဲမှာပါတဲ့ ဒီဝတ္ထုရုပ်ကိုမှီပြီးဖြစ်တဲ့ ပဋိသန္ဓေ စိတ်ကလေးရှိတယ်။ အဲဒါဟာ ဇာတိပဲတဲ့။ နွေးဦးစွာ ဖြစ်လာတာကလေး 'ဇာတိ'ပဲ။

"သစ္စာတိ, သြက္ကန္တိ, အဘိနိဗ္ဗတ္တိ၊ ခန္ဓာနံ ပါတုဘာဝေါ" ဆိုတာ အဲဒီ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေ ရတယ်၊ ဒါတွေ ဖြစ်လာတယ်။ အဲဒါ "ပဋိသန္ဓေပဲ"တဲ့။ ဒီက ဖြစ်ပြီးလာတော့ နောက်ဆက် ရုပ်တွေလည်း ဖြစ်တာပေါ့။ ရုပ်တွေ ဆက် ဖြစ်သလိုပဲ၊ စိတ်တွေကလည်း ဆက်ပြီးတော့ ဖြစ်တယ်။ အခု မြင်ပြီးရင်ကြား၊ ကြားပြီးရင်မြင်၊ မြင်ပြီးရင် စဉ်းစား၊ စဉ်းစားပြီးရင် အဲဒီလို ရုပ်နာမ်တွေ ဆက်ကာ ဆက်ကာ ဖြစ်နေတယ်။ အဲဒါ ပဋိသန္ဓေကတည်းက ဖြစ်လာပြီးတော့ နောက်ထပ် ၉-လ၊ ၁၀-လ ရှိတဲ့အခါကျတော့ မွေးဖွားပြီး ကလေးကလေး ဖြစ်လာတယ်။ အဲဒီကနေ တဖြည်းဖြည်းကြီးပြင်းလာတော့ လူကြီးဖြစ်လာတယ်။ လူကြီးဖြစ်ပြီး တဖြည်းဖြည်း တော်တော်ကြာလာ၊ အသက်ကြီးတဲ့အခါကျတော့ အိုပြီးတော့ သေပြန်ရော။ ဒီလိုသွားနေတာပဲ။ အဲဒီလိုဖြစ်နေရာမှာ ဇာတိဟာ ဘာလဲ၊ "ဇာတိပိ ဒုက္ခာ" ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲ၏။ ဘဝသစ် ဖြစ်ရတာ အမှန်ကတော ဒီဇာတိလေးက သူသက်သက်နဲ့တော့ မဆင်းရဲ၊ ဘာပြုလို့တုံးဆိုတော့ ဘဝသစ်ဖြစ်စဉ်တုန်းက အဲဒီမှာ ဒုက္ခမပါ၊ သူဘဝသစ်ဖြစ်တဲ့ သဘောလေးက ဒုက္ခမပါ၊ ဒသကကလာပ်သုံးခု၊ ကလာပ်သုံးစည်း ရုပ်သုံးဆယ် စပြီးတော့ ဖြစ်တယ်၊ အဲဒီရုပ်သုံးဆယ်ကို မှီပြီးတော့ ပဋိသန္ဓေစိတ် စေတသိက်တွေ ဖြစ်တယ်၊ အားလုံး ခန္ဓာငါးပါး ဖြစ်တယ်၊ ဒီခန္ဓာငါးပါးထဲ ဒုက္ခမပါ၊ ဘာမှ အခံခက်တဲ့သဘောမပါ၊ ကိုယ်ပင်ပန်း စိတ်ပင်ပန်းတွေ ဘာမှမပါဘူး။

http://www.dhammadownload.com

ဒီလိုဆို ဘာဖြစ်လို့ ဒုက္ခဆိုသလဲဆိုရင် သူက ဒုက္ခ၏အကြောင်းတွေတဲ့၊ ဒီဘဝ အသစ်ဖြစ်ရခြင်းကြောင့် ဒီဘဝနဲ့ဆိုင်တဲ့ ဆင်းရဲတွေကို သူက လုပ်ပေးတာတဲ့။ အခမ်းအနားတို့, အစည်းအဝေးတို့ ဖွင့်လိုက်တာလိုပေါ့လေ။ တစ်ကယ်ဖွင့်လိုက်တာ တစ်ဘဝလုံး မင်းသွားရော့ဆိုပြီးတော့ ပဋိသန္ဓေကနေပြီးတော့ ဖွင့်လိုက်တာ။ ဥပမာဆိုပါတော့ . . . ငရဲဖြစ်ရမယ့်ပုဂ္ဂိုလ်ဆိုရင်ဖြင့် ငရဲပဋိသန္ဓေကနေပြီးတော့ ပေးလိုက်တာ။ ငရဲတစ်ဘဝလုံး ခံဖို့ရာ ဒီကနေ ဖွင့်လိုက်တာကိုး။ ငရဲဒုက္ခတွေ တစ်ခုလုံး ငရဲဇာတိလေးရှိလို့ ဒီဇာတိလေးမရှိရင် ငရဲမခံရဘူး၊ ဒီဇာတိလေးရှိလို့ အခုလောကတွင် ဥပမာအားဖြင့် ထင်ထင်မြင်မြင် ပြောရမယ်ဆိုလို့ရှိရင် ရာဇဝတ်မှုကျူးလွန်တဲ့ပုဂ္ဂိုလ်တွေဟာ စီရင်ချက် ချလိုက်တဲ့ အခါမှာ ထောင်ဒဏ်ဘယ်နှစ်ဆိုပြီးတော့ အမိန့်ချလိုက်တယ်။ အဲဒီအမိန့်ကလေး ချပြီးတော့ သူမှာ ထောင်ဒဏ် ဘယ်နှစ်ခံဖို့ရာ ပွင့်သွားတယ်။ ဒီဒုက္ခတွေ ရောက်ဖို့ရာ ဖြစ်သွားတယ်။ အဲဒါလိုပဲ ပဋိသန္ဓေလေးစလိုက်ကတည်းက ဒီပဋိသန္ဓေက ဆက်ပြီးတော့ နှစ်ပေါင်း ဥပမာ တစ်သိန်းကြာမယ်၊ နှစ်သိန်းကြာမယ်၊ လေးငါးဆယ်သိန်းကြာမယ် စသည်ဖြင့်ပေါ့လေ။ ဒီထဲမှာ ဖြစ်ရမယ့် ဆင်းရဲတွေဟာ အကုန်လုံး ဒီပဋိသန္ဓေက ဖွင့်လိုက်တာ၊ သူကြောင့်မို့ဖြစ်ရတာ။ အကယ်၍သာ ဘဝအသစ်ဖြစ်တဲ့ ပဋိသန္ဓေလေးမရှိခဲ့ရင် ငရဲသားဖြစ်ပြီးတော့ မခံရတော့ဘူး။

ထို့အတူပဲ ပြိတ္တာဘဝဖြစ်တာလည်း ပြိတ္တာတစ်ဘဝလုံး ဒုက္ခရောက်ဖို့ရာ ပဋိသန္ဓေကစပြီး ဖွင့်လိုက်တာပဲ။ လူဘဝကြည့်ပါဦး . . . လူဘဝမှာလည်း ဆင်းရဲမယ့် ပုဂ္ဂိုလ်တွေ အများကြီးပဲ၊ ရှေးက ကံမကောင်း အကြောင်းမလှချင်တော့ ကိုယ်ဆင်းရဲဖို့ရာ ပဋိသန္ဓေ စလိုက်ကတည်းက အင်မတန်ဆင်းရဲတဲ့ မိဘတွေရဲ့ ဝမ်းမှာ သွားပြီး ပဋိသန္ဓေနေရတယ်၊ ဝင်စားရတယ်။ ပဋိသန္ဓေဝင်စားရ ကတည်းကိုက သူမှာ မိဘတွေကလည်း ဆင်းဆင်းရဲရဲနဲ့ ဖြစ်ရင် ကလေးဟာ ဝမ်းတွင်း ပဋိသန္ဓေကတည်းက ဒုက္ခရောက်ပြီးတော့ လာခဲ့တာ၊ မွေးဖွားပြီး လာပြန်လည်း သူပြုစုမယ့်ပုဂ္ဂိုလ်တွေ သိပ်ပြီးမရှိလေတော့ ကောင်းကောင်းစားစရာလည်း မရှိပါဘူး၊ ကောင်းကောင်းဝတ်စရာလည်း မရှိပါဘူး၊ ကြီးပြင်းလာပြန်တဲ့အခါလည်းပဲ အင်မတန်ကို ခဲခဲယဉ်းယဉ်း အစာအစား စားရတယ်၊ ကြမ်းတမ်းတဲ့အဝတ်တွေ ဝတ်ရတယ်၊ ဒီထဲကနေပြီးတော့ တစ်ချို့ပုဂ္ဂိုလ်တွေ ကံမကောင်းအကြောင်းမသင့်တော့ သူများက ကိုယ့်ကို အနိုင်ကျင့်လို့ ခံရတာတွေ အများကြီးရှိသေးတယ်။

http://www.dhammadownload.com

ဒီထဲကနေပြီး တစ်ချို့က ရောဂါဝေဒနာတွေဖြစ်ပြီး ဒုက္ခရောက်တာလည်း ရှိတယ်။ အဲဒီလို တစ်ဘဝလုံး ဆင်းရဲဖို့ရာ ဘယ်က လာသတုံးဆိုတော့ အမိဝမ်း ပဋိသန္ဓေ နေတာလေးက စလာတာ။ ဒါလေး မရှိခဲ့လို့ရှိရင် လူဆင်းရဲတွေ ခံစားရမှာမဟုတ်။ အဲဒါကြောင့် သူဟာ ဆင်းရဲကြောင်း ဖြစ်ပါတယ်တဲ့။ ဒါကြောင့်မို့ ဇာတိ ဘဝ အသစ်ဖြစ်ရတာ ဒုက္ခပဲတဲ့။ အဲဒီဒုက္ခသစ္စာဖြစ်တဲ့နေရာမှာ ဒုက္ခအမျိုးအမည် ပေါင်းက ခုနစ်မျိုးရှိပါတယ်၊ ဒီခုနစ်မျိုးကိုလည်း နားလည်ထားမှ သင့်တော်မယ်။

ဒုက္ခခုနစ်မျိုး

(၁) ဒုက္ခဒုက္ခ၊
(၂) ဝိပရိဏာမဒုက္ခ၊
(၃) သင်္ခါရဒုက္ခ၊
(၄) ပဋိစ္ဆန္နဒုက္ခ၊
(၅) အပ္ပဋိစ္ဆန္နဒုက္ခ၊
(၆) ပရိယာယဒုက္ခ၊
(၇) နိပ္ပရိယာယဒုက္ခ - အားလုံး ခုနစ်မျိုးရှိတယ်။

ဒီဒုက္ခခုနစ်မျိုးကတော့ ဆောင်ပုဒ်လုပ်ဖို့ရာလည်း ခဲယဉ်းတာနဲ့ အကြမ်းဖျင်းအနေနဲ့ လုပ်ရတော့မှာပဲ။ အကြမ်းဖျင်းဆိုပေမယ့်လို့ မှတ်ရအောင် ဆိုဦးမှ ဖြစ်မယ်။

"ဒုက္ခဒုက္ခ" ဆိုတာဟာ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲတွေကို "ဒုက္ခဒုက္ခ"လို့ ခေါ်တယ်။ အတိုချုပ်အနေနဲ့ ကိုယ်ထဲ, စိတ်ထဲမှာ မခံသာတဲ့ ဒုက္ခဝေဒနာတွေ ပါပဲ။ စာပေဝေါဟာရနဲ့ပြောရင် ဒုက္ခဝေဒနာပဲ။ မြန်မာလိုတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲပါပဲ။ အဲဒါကို "ဒုက္ခဒုက္ခ"ဟုခေါ်သည်တဲ့။ "ဒုက္ခဒုက္ခ"၌ ဒုက္ခ သဒ္ဒါတစ်ခုကလည်း ဆင်းရဲပဲ။ နောက် ဒုက္ခသဒ္ဒါတစ်ခုကိုလည်း ထပ်ပြီးတော့ ထည့်တော့ ဆင်းရဲဖြစ်တဲ့ဆင်းရဲပဲ၊ တကယ့်ဆင်းရဲလို့ ဆိုလိုတယ်။ ဒါတော့ ဆင်းရဲပဲ။ ဆင်းရဲမဟုတ်တာကို မဟုတ်။ တကယ့်ဆင်းရဲအစစ်လို့ ဆိုလိုပါတယ်။ ဆင်းရဲသော ဆင်းရဲကိုး။ ဒုက္ခံ-ဆင်းရဲသော။ ဒုက္ခံ-ဆင်းရဲတည်း။ ဒီလို ဖြစ်နေတာကိုး။ တကယ့်ကိုဆင်းရဲတဲ့ ဆင်းရဲလို့ ဆိုလိုတယ်။ အဲဒါ ကိုယ်ထဲ, စိတ်ထဲမှာ ဆင်းရဲပင်ပန်းစွာ ဖြစ်လာတဲ့ ဥစ္စာပဲတဲ့။

http://www.dhammadownload.com

ဥပမာဆိုပါတော့ ကိုယ်ထဲမှာ နာကျင်ကိုက်ခဲတာတွေ ဖြစ်လာတယ်။ သူကတော့ မကောင်းဘူး၊ ဆင်းရဲတာပဲ။ လူတိုင်း လူတိုင်းက ဆင်းရဲမှန်း သိတယ်။ လူတွေသာ မဟုတ်သေးဘူး၊ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတွေ အကုန်လုံး သိတယ်။ တိရစ္ဆာန်တွေလည်း သိတာပဲ။ ကိုယ်ထဲ နာကျင်လာလို့ရှိရင် မကောင်းဘူးဆိုတာကို သိနေတာပဲ။ "နာတယ်၊ ကျင်တယ်၊ ကိုက်ခဲတယ်၊ ယားတယ်၊ ပူတယ်၊ အောင့်တယ်" အဲဒီလို အခံခက်တဲ့ဥစ္စာတွေဟာ နေမကောင်း ထိုင်မကောင်း ဖြစ်တယ်။ အဲဒါတွေဟာ ကိုယ်ဆင်းရဲတွေ၊ ဒါတွေကတော့ တကယ့်ဆင်းရဲအစစ်တွေပဲတဲ့။ "ဒုက္ခဒုက္ခ"လို့ ခေါ်တယ်တဲ့။ ဆင်းရဲအစစ်အမှန်ဖြစ်တဲ့ ဆင်းရဲပါပဲတဲ့။ နောက်တစ်ခု၊ စိတ်ထဲက ဆင်းရဲရှိတယ်။ စိတ်ထဲက ဆင်းရဲဆိုတာကလည်း စိတ်ထဲနှလုံးမသာတာတွေ ဆိုပြီး စိတ်ညစ်တယ်၊ စိတ်ပူတယ်၊ စိတ်ထဲမှာ တစ်ခါတည်း လေးနေတယ်၊ အောင့်နေတယ်၊ အနေအထိုင် ခက်နေတယ်၊ အဲဒီဥစ္စာတွေဟာ စိတ်ထဲက မခံသာတဲ့သဘောတွေ၊ သူကလည်းပဲ ဒုက္ခဒုက္ခပဲ။ အဲဒီတော့ "ကိုယ်ထဲ စိတ်ထဲ၌ မခံသာသော ဒုက္ခဝေဒနာကို "ဒုက္ခဒုက္ခ" ဟု ခေါ်သည်။" ကိုင်းဆိုရဦးမယ်။ ဒါမှ နည်းနည်း မှတ်မိအောင် ဆိုရမယ်။

ကိုယ်ထဲ, စိတ်ထဲ၌ မခံသာသော ဒုက္ခဝေဒနာကို "ဒုက္ခဒုက္ခ"ဟု ခေါ်သည်။

(ဆို ၃-ခေါက်)

ဒုက္ခဒုက္ခကို သိပုံချင်း မတူကြ

အဲဒီ "ဒုက္ခဒုက္ခ"ကတော့ လူတိုင်းသိပြီးပါပဲ။ ဘာမှ မခဲယဉ်းဘူး၊ မကောင်းမှန်း လူတိုင်းက သိတယ်။ ဘယ်သူမှ အလိုမရှိကြဘူး၊ သို့သော်လည်း အသိချင်းတော့ ကွာတယ်။ သာမန်ပုဂ္ဂိုလ်တွေ သိတာကတော့ ငါဆင်းရဲတယ်လို့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ သိတယ်။ ယောဂီပုဂ္ဂိုလ်တွေသိတာကတော့ တရားသဘောအနေနဲ့ သိတယ်။ အဲဒါပဲ ကွာတယ်။ ငါဆင်းရဲတယ်ဆိုတဲ့အနေနဲ့ သိရုံနဲ့တော့ ဝိပဿနာမဖြစ်သေးဘူး။ တရားသဘောအနေနဲ့ သိမှ၊ ဒီဒုက္ခလေးတွေဟာ အခံခက်တဲ့ သဘောလေးတွေ ဖြစ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျောက်လိုက်၊ ဒါတရားသဘောလေးပဲ။ ငါရယ်လို့ မရှိ။ ဆင်းရဲတဲ့သဘောမျှလေးတွင် သူ့ဟာသူ ဖြစ်ပျက်နေတာပဲ ဆိုတာကို အဲဒီလို သိမှ ဝိပဿနာဉာဏ်ဖြစ်တယ်။ ကိုယ်ထဲမှာ ညောင်းတာတို့၊ ပူတာတို့၊ နာတာတို့၊ ဒါလေးတွေ စိုက်မှတ်တော့ "နာတယ်၊ နာ

http://www.dhammadownload.com

တယ်၊ နာတယ်"လို့ မှတ်ရင် ပကတိပုဂ္ဂိုလ်တွေအနေကတော့ "နာရင် ငါနာနေတာပဲ၊ အကြောကြီးနာနေတာပဲ" ဒီလို အောက်မေ့တာကိုး။ ယောဂီပုဂ္ဂိုလ် အနေကတော့ နာတယ် မှတ်လိုက်ရင်း ပျောက်သွားရင်း။ မှတ်လိုက်ရင်း ပျောက်သွားရင်း တစ်နာနဲ့တစ်နာ မရောဘူး၊ နာတဲ့သဘောလေးတွေမှာ ငါမရှိဘူး၊ ဒီမှာ နာတတ်တဲ့ ငါမရှိ၊ နာတယ်လို့ နှလုံးသွင်းတဲ့ ငါမရှိ။ နာတဲ့သဘောမျှသာ ရှိတယ်။ အခံခက်တဲ့သဘောမျှသာ ရှိတယ်၊ အဲဒီလို သိအောင် အားထုတ်ရမှာ။ ဒီလိုသိလို့ရှိရင်တော့ ဒုက္ခသစ္စာအမှန်ဖြစ်တာပဲ။

ဒီလိုမဟုတ်ဘဲနဲ့ "ငါနာတယ်၊ ငါအကြောကြီး ဆင်းရဲနေတယ်။ ငါအကြောကြီး ညောင်းနေတယ်၊ ငါပင်ပန်းနေတယ်"ဒီလိုထင်ရင်တော့ ဒုက္ခသစ္စာကို သိတာ မမည်သေးဘူး။ ဒါကတော့ ဒေါမနဿ - နှလုံးမသာတာ ဖြစ်လိမ့်မယ်။ သူက နာလိုက် ပျောက်လိုက်၊ နာလိုက် ပျောက်လိုက် သဘောတရားလေးတွေကို ရှုရင်း ရှုရင်း သဘောကျပြီးတော့ သိနေလို့ရှိရင်တော့ ဒုက္ခသစ္စာကို သိတာပဲ။ အဲဒါ "ဒုက္ခဒုက္ခ"တဲ့။ ဒုက္ခထဲမှာ ဒါက အထင်ရှားဆုံးပဲ။

ဝိပရိဏာမဒုက္ခ

"ဝိပရိဏာမဒုက္ခ"တဲ့။ ပြောင်းလဲဖောက်ပြန်လို့ရှိရင် ဆင်းရဲတတ်တဲ့တရားပဲတဲ့။ သူရှိတုန်းတော့ အကောင်းသားပဲ။ သူမရှိပြီဆိုမှဖြင့် ဒုက္ခပေးတာတဲ့။ ဝိပရိဏာမဒုက္ခက ကိုယ်ထဲ, စိတ်ထဲမှာ ခံသာတဲ့ သုခဝေဒနာကို ခုန မခံသာတဲ့သဘောရောက်သွားတယ်၊ တစ်ခါ ခံသာ ကောင်းတယ်။ ဒီတစ်ခါတော့ "ကိုယ်ထဲ, စိတ်ထဲ၌ ခံသာသော သုခဝေဒနာကို "ဝိပရိဏာမဒုက္ခ" ဟု ခေါ်သည်တဲ့။ သူကတော့ ပြောင်းလွဲသွားတဲ့အခါကာလကျရင် ချမ်းချမ်းသာသာနေလာတော့ သူ့ကို တမ်းတပြီး သူရှိတုန်းက ချမ်းသာချင်တာနဲ့ နောက်ဆုံး မနေတတ် မထိုင်တတ် ဖြစ်ပြီးတော့ ဆင်းရဲလာတယ်။

အခု လောကမှာ ဘာမှမလုပ်မကိုင်ဘဲနဲ့ ချမ်းချမ်းသာသာနေလာတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ နောက် အကြောင်းမသင့်လို့ ကိုယ့်မှာ သုံးစရာ စွဲစရာက အဆင်သင့်မရှိ၊ မရှိတဲ့အခါကျတော့ ကိုယ့်ဟာကိုယ် ရှာဖွေစားရတာ ဒုက္ခရောက်တယ်၊ သိပ်ပြီးတော့ ဒုက္ခရောက်တယ်။ အစတုန်းကတည်းက ဆင်းဆင်းရဲရဲနေလာတဲ့ပုဂ္ဂိုလ်က နေတတ်ထိုင်တတ်ရှိနေတယ်။ ဆင်းရဲလို့ လုပ်တတ်ကိုင်တတ်

http://www.dhammadownload.com

ရှိတယ်၊ ဖွေတတ်ရှာတတ်တယ်၊ ဘာမှကိစ္စမရှိ။ အစက ဘာမှမလုပ်မကိုင်ဘဲနဲ့ ထမင်းတို့ ဘာတို့ မချက်မပြုတ်ဘဲနဲ့ လွယ်လွယ်ကူကူလေးတွေ စားရတယ်၊ သက်သက်သာသာနဲ့ စားသောက်ပြီးတော့ ချမ်းချမ်းသာသာနေလာတဲ့ ပုဂ္ဂိုလ် တစ်ယောက်က နောင် အကြောင်းမသင့်လို့ ရှာဖွေစားရရင် သိပ်ဒုက္ခရောက်တယ်။ ဟိုတုန်းက အခြေအနေတွေ ပြန်တွေးတွေးပြီးတော့ စိတ်မချမ်းသာစရာတွေ သိပ်ပြီးတော့ ဖြစ်လာတယ်။ ပထမတုန်းက ကိုယ့်တစ်ယောက်ထဲ နေလာတယ်၊ တစ်ကိုယ်တည်း နေနေတဲ့ပုဂ္ဂိုလ်ဟာ တစ်ကိုယ်တည်း နေတတ်ထိုင်တတ် ရှိတယ်၊ ဘာမှကိစ္စမရှိဘူး၊ နောက် ကိုယ်က အပေါင်းအဖော်နှစ်ယောက်နဲ့ နေရော၊ အိမ်ထောင်ဖြစ်စေ၊ အိမ်ထောင်မဟုတ်တာဖြစ်စေ နှစ်ယောက်နေ၊ နှစ်ယောက်နေလို့ နှစ်ဦးနှစ်ဝ ညီညီညွတ်ညွတ် သင့်သင့်တင့်တင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေနေကြရော၊ အကြောင်းအဆင်မသင့်လို့ ဒီလို နှစ်ယောက်ခွဲပြီးတော့ သွားမယ် ဆိုရင် အခွဲရအခက်ကြီး၊ ခက်တယ်။ သူအစက တစ်ယောက်တည်းနေနေတုန်းက ကိစ္စမရှိဘူး။ ဟော နောက် နှစ်ယောက်နေပြီးလို့ နေထိုင်စရှိတုန်းကထက် နေသာထိုင်သာ ရှိခဲ့တယ်၊ ပြောရတယ်၊ နဂိုက နေခဲ့၊ ထိုင်ခဲ့တာတွေ တော်တော်ကြာတော့ တစ်ယောက်တည်းနေရတဲ့အခါ သိပ်ဒုက္ခရောက်နေတယ်။ အဲဒါကို "ဝိပရိဏာမ ဒုက္ခ"လို့ ခေါ်တယ်။

သုခချမ်းသာပေမယ်လို့လည်း သူရှိတုန်းကတော့ အကောင်းသားပဲ၊ သူမရှိတဲ့အခါကျတော့ သူက ပြုစားထားခဲ့တာနဲ့ တူတယ်။ မင်းတို့ ဒုက္ခရောက်နေခဲ့ရော့၊ ငါမရှိတော့ မင်း ဒုက္ခရောက်ရော့ဆိုပြီး ပြုစားထားခဲ့တာနဲ့ တူတယ်။ သူမရှိရင် သိပ်ဒုက္ခရောက်တယ်။ ဘာနဲ့တူလဲဆိုရင် အမြင့်ကနေပြီး လိမ့်ကျတာနဲ့ တူတယ်တဲ့။ အမြင့်တက်တဲ့ပုဂ္ဂိုလ်ဟာ နိမ့်နိမ့်ကလိမ့်ကျရင် လက်တစ်ဝါးလောက် တစ်မိုက်လောက်က လိမ့်ကျရင် သိပ်ပြီးတော့ မနာဘူး၊ ကိစ္စမရှိပါဘူး၊ တစ်ထွာလောက်က လိမ့်ကျလည်း ကိစ္စမရှိ၊ တစ်တောင်လောက်ကဆိုရင်လည်း သိပ်ပြီးတော့ ကိစ္စမရှိသေးဘူး။ နှစ်တောင် သုံးတောင်လောက်က လိမ့်ကျရင် တော်တော်နာလာပြီ။ လေးငါးဆယ်တောင်လောက်က လိမ့်ကျရင် ပုံမတော်သေတယ်။ တစ်ဆင့်တစ်ဆင့်မြင့်လာတာကို၊ အဲဒါလိုပဲ ချမ်းသာပေမယ်လို့ နည်းနည်း ချမ်းသာရာက ပြုတ်ကျရင် ကိစ္စမရှိဘူး၊ များများကြီး အကြီးအကျယ် ချမ်းသာနေတဲ့ ပုဂ္ဂိုလ်က အကြီးအကျယ် စည်းစိမ်တွေ အကုန်ပြုတ်သွားလို့ရှိရင် အဲဒါ

http://www.dhammadownload.com

ဒုက္ခရောက်ပါရော ပြီးပါရော။ တစ်ခါတည်း အစတုန်းက အင်မတန် ချစ်ခင်လေးမြတ်အပ်တဲ့ပုဂ္ဂိုလ်၊ အကြီးအကျယ် ချစ်ခင်လေးမြတ်အပ်တဲ့ပုဂ္ဂိုလ် ရှိနေတဲ့ဥစ္စာ၊ အဲဒီပုဂ္ဂိုလ်မရှိတော့လို့ရှိရင် အဲဒါက သိပ်ခက်တယ်။ အင်မတန် ချစ်ခင်လေးမြတ်အပ်တဲ့ ပစ္စည်းဥစ္စာတွေကို အာရုံပြုပြီးတော့ အင်မတန်ကို မျော်နေတယ်၊ အဲဒါတွေ အကုန်လုံးပြုတ်သွားရင်တော့ ဒုက္ခရောက်တယ်၊ သိပ်ပြီး ဒုက္ခရောက်တယ်။ အဲဒါ "ဝိပရိဏာမဒုက္ခ"လို့ ခေါ်တယ်။ ဒါကြောင့်မို့ အဲဒါ ဆိုရမယ် . .

တိုယ်ထဲ, စိတ်ထဲ၌ ခံသာဆော သုခဝေဒနာတို့
"ဝိပရိဏာမဒုက္ခ"လို့ ခေါ်သည်။ (ဆို သုံးခေါက်)

ကိုယ်ထဲ, စိတ်ထဲ၌ ခံသာတဲ့ သုခဝေဒနာတဲ့၊ ခံသာတယ်။ ကောင်းတယ်ပေါ့လေ။ ကိုယ်ထဲမှာ တွေ့ထိလို့ကောင်း၊ စိတ်ထဲမှာလည်း အာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာတွေနဲ့ကောင်း၊ ကိုယ်ထဲ, စိတ်ထဲ ကောင်းနေတယ်။ အကောင်းတွေပါပဲ။ သူဖြစ်တုန်းတော့ ကောင်းတာပဲ။ သူဖြစ်တုန်း ကောင်းတော့ ဒီဥစ္စာပဲ လူတွေက ရှာနေကြတာ။ ချမ်းသာအောင်လို့ ဆိုတာ။ လူချမ်းသာတွေဆိုတာလည်း သူပဲ။ နတ်ချမ်းသာတွေဆိုတာလည်း သူပဲ၊ ဗြဟ္မာချမ်းသာတွေဆိုတာလည်း သူပဲ။ ဒီချမ်းသာတစ်ခုဟာ သတ္တဝါတိုင်း သတ္တဝါတိုင်း အလိုရှိကြတယ်။ "ချမ်းသာတစ်ခုမက်မောမှုကြောင့် ပုဂ္ဂလမြင်သမျှကို" စသည်ဖြင့် ရှေးက လက်ာဆရာတွေ ရေးထားကြတယ်။ ချမ်းသာတစ်ခုကို ရအောင်လို့ ရှာနေကြတာ။ နေ့တိုင်း နေ့တိုင်း ရှာကြရတယ်။ တစ်နေ့ဖြင့် ကောင်းနိုးနိုး၊ ကောင်းနိုးနိုး၊ နောက်နေ့ကျရင် ပိုပြီး ကောင်းနိုးနိုး ဒီလိုရှာနေကြတာကို။ အခိုက်အတန့် ကောင်းသင့်လောက်တော့ ကောင်းပါတယ်။ ရသင့်သလောက်လည်း ရပါရဲ့။ ရတဲ့ဥစ္စာတွေက နောက်ဆုံး ပျောက်ပျက်သွားလို့ရှိရင် မပြည့်စုံတဲ့အခါကျတော့ ဒုက္ခရောက်ပါတယ်တဲ့။ ဒီသုခတွေဖြစ်လာတဲ့ဥစ္စာဟာ သူနဲ့နေနေကျတော့ အကောင်းသားတဲ့။ သူမရှိမှ မနေတတ် မထိုင်တတ်ဖြစ်ပြီး ဒုက္ခရောက်တယ်တဲ့။ သူပြောင်းလဲ ဖောက်ပြန်သွားတဲ့အခါမှာ ဒုက္ခပေးတယ်။ သူကတော့ "ဝိပရိဏာမဒုက္ခ"တဲ့။ မရှိတဲ့အခါကျ ဆင်းရဲပေးတတ်တဲ့ဒုက္ခလို့ ဆိုလိုပါတယ်။ သူကလည်း ဒုက္ခသစ္စာပဲတဲ့။ ဒါကြောင့်မို့ ကိုယ်ထဲ, စိတ်ထဲ ကောင်းတာတွေကိုလည်းပဲ ဆင်းရဲဒုက္ခသစ္စာထဲမှာ ထည့်ထားတယ်။ သူက ဒုက္ခပေးတတ်တယ်၊ ပြီးတော့ ဆက်လာတယ်။

http://www.dhammadownload.com

သခ်ီရဒုက္ခ

"သခ်ီရဒုက္ခ"တဲ့၊ "သခ်ီရဒုက္ခ"ဆိုတာကတော့ ဆိုင်ရာဆိုင်ရာအကြောင်းတရားတွေက ပြုပြင်ပေးမှု ဖြစ်ပေါ်တတ်တဲ့တရားတွေ, ဖြစ်ပျက်တဲ့တရားတွေပေါ့လေ။ ဒါတွေဟာ အကုန်လုံး သခ်ီရဒုက္ခတွေပဲ။ ခုန သုခနဲ့, ဒုက္ခနဲ့ ပါသွားတယ်။ ဥပေက္ခာကျန်နေတယ်။ "ဥပေက္ခာဝေဒနာ"ဆိုတာကတော့ သူက ဒုက္ခလည်း မဟုတ်၊ သုခလည်း မဟုတ်၊ မထင်ရှားဘူး၊ သို့သော်လည်း သုခသဘောတော့ နည်းနည်းသက်ဝင်တယ်။ ဥပေက္ခာဖြစ်နေရင် နေသာထိုင်သာရှိတယ်။ ဒီဥပေက္ခာရော၊ဥပေက္ခာမှဝေဒနာတစ်ပါ၊ ဒီပြင်တရားတွေရော လောကီတရားတွေဟူသမျှဟာအကုန်လုံး 'သခ်ီရဒုက္ခ"လို့ ခေါ်တယ်တဲ့။ ဒါကို ဘုန်းကြီးက ဟိုသစ္စာလေးပါး သရုပ်တွေ ဆောင်ပုဒ်ပေးတဲ့အခါကျတော့ "ဖြစ်ပျက်သမျှ သခ်ီရဒုက္ခသစ္စာ"တည်း။ အဲဒါတွေပါပဲ။ ဖြစ်ပျက်နေတဲ့တရားတွေ အကုန်လုံးပဲ။ ဒါကတော့ ဖြစ်ပျက်နေတဲ့ သခ်ီရတရားဟူသမျှကို "သခ်ီရတရား" ဟု ခေါ်သည်လို့ အတိုချုပ်ဒီလိုမှတ်မှပဲ။ ခုနက သုခဒုက္ခဝေဒနာနှစ်ပါး နုတ်ပြီးတော့ပေါ့လေ။ ကိုယ်ထဲ, စိတ်ထဲမှာ ချမ်းသာတဲ့သုခ၊ ကိုယ်ထဲ, စိတ်ထဲမှာ ဆင်းရဲတဲ့ဒုက္ခ -အဲဒါနှစ်ခုနုတ်ပြီးကျန်သမျှ ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေဟူသမျှ အကုန်လုံးကို "သခ်ီရဒုက္ခ" လို့ ခေါ်တယ်။ ကိုင်း . . . ဆိုကြဦးစို့။ ဒါလေးတွေလွယ်လွယ်ပဲ ဆိုရမယ်။

"သုခဝေဒနာ ဒုက္ခဝေဒနာမှတစ်ပါးသော ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာတို့ကို "သခ်ီရဒုက္ခ" ဟု ခေါ်သည်"။ (ဆို ၃-ခေါက်)

သုခဝေဒနာ ဒုက္ခဝေဒနာမှတစ်ပါး သူက နည်းနည်းရှည်တယ်၊ နည်းနည်းခက်သွားတယ်။ သုခဝေဒနာ ဒုက္ခဝေဒနာကတော့ သူတို့ဟာသူတို့ သီးသန့်အနေနဲ့ ဒုက္ခအမည်တွေ ရသွားတယ်။ ဒုက္ခဝေဒနာက ဒုက္ခဒုက္ခ၊ သုခဝေဒနာကတော့ ဝိပရိဏာမဒုက္ခ၊ သူတို့က နာမည်သီးခြားရှိတာကိုး။ သူတို့နှစ်ခုနုတ်လိုက်ရင် ကျန်တဲ့ဖြစ်ပျက်သမျှတွေတဲ့၊ ဖြစ်လိုက်ပျက်လိုက်တွေတဲ့ ယခု ယောဂီ ပုဂ္ဂိုလ်တွေမှာ ဖြစ်လိုက်ပျက်လိုက်တွေ တွေ့တာကိုး၊ မှတ်တိုင်း မှတ်တိုင်း ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်တွေရတဲ့ အဲဒါတွေဟာ သခ်ီရဒုက္ခတွေပဲတဲ့။ ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာဟူသမျှကို "သခ်ီရဒုက္ခ" ဟု ခေါ်သည်။ ဒုက္ခသုံးခု ပြီးသွားပြီ။ နောက်ဟာတွေကတော့ ခပ်လွယ်လွယ်ပါပဲ။

http://www.dhammadownload.com

ပဋိဆန္နဒုက္ခ

နောက်တစ်ခုကတော့ "**ပဋိဆန္နဒုတ္ထ**"တဲ့၊ ဒါတွေတော့ မဆိုကြပါနဲ့တော့။ သူကတော့ နားလည်ရုံလောက်ပဲ၊ ရိပ်မိရုံ ဘုန်းကြီးက ပြောသွားပါတော့မယ်။ ဒါတွေဆိုရတာ နည်းနည်း ခက်တယ်။ ဘာပြုလို့တုံးဆိုတော့ "ပဋိဆန္န" ဆိုတဲ့ ပါဠိကလည်းပဲ သိပ်ကြားဘူးမှာ မဟုတ်ဘူး။ "ဖုံးကွယ်တဲ့ဆင်းရဲ"၊ "ဖုံးလွှမ်းနေတဲ့ဆင်းရဲ"တဲ့။ "ပဋိဆန္နဒုက္ခ" ပါဠိရဲ့ အနက်အဓိပ္ပာယ်ကတော့ လွယ်ပါတယ်။ "ဖုံးလွှမ်းနေတဲ့ဆင်းရဲ"ဆိုတာဟာ ဘာတုံးဆိုတော့ နားကိုက်တာတို့၊ သွားနာတာတို့ ဖြစ်ကြတယ်၊ ကိုယ်ထဲက ဆင်းရဲတွေ ရှိတယ်။ တချို့ရောဂါဝေဒနာတွေက လူကို ကြည့်တော့လည်း အကောင်းသားပဲ၊ ကျန်းမာနေတယ်၊ ဘာမှမဖြစ်။ ဒါပေမယ့် သူက နေမကောင်း၊ မကျန်းမာနေတယ်၊ သူပြောမှပဲ သိတယ်။ ပြောတာကို တချို့ပုဂ္ဂိုလ်များက မယုံဘူး။ တစ်ခါတည်း ရုပ်ရည်က ဝက, ဝပါဘိသနဲ့ နေမကောင်းဘူးလို့ ပြောတယ်။ ဘာပြုလို့တုံး၊ "သူမှာ အစာက မကြေလို့၊ လေက အောင့်လို့"စသည်ဖြင့် သူပြောမှ သိတယ်။ ရုပ်ကြည့်ရင်တော့ သူမှာ ဒုက္ခမရှိဘူး။ ကျန်းမာနေတယ်လို့ ထင်ရတယ်။ သူက ဝဝပြိုးပြိုးကြီးဖြစ်နေတယ်၊ အဲဒီလိုဟာတွေ ရှိတာကိုး၊ အဲဒီကိုယ်ထဲမှာ ကိုယ့်ဟာကိုယ်သာ သိပြီးတော့ နေတဲ့ ကိုယ်ဆင်းရဲတွေ ရှိတယ်။ အဲဒါဟာ "ပဋိဆန္နဒုက္ခပဲ"တဲ့။

ဟော . . . စိတ်ဆင်းရဲတွေလည်း ရှိတယ်။ တစ်ချို့မှာ စိတ်ပူစရာတွေက ရှိနေတယ်။ လူကြည့်ရတော့ သူဟာ တစ်ခါတည်း လူထဲသူထဲဝင်တော့ ကောင်းကောင်းမွန်မွန် အဝတ်ကောင်း အစားကောင်းတွေ ဝတ်လို့, စားလို့ ပြောင်ပြောင်လက်လက်နဲ့ တစ်ခါတည်း ပျော်ပျော်ရွှင်ရွှင်လို့ ထင်ရတာပေါ့လေ။ သို့သော်လည်း သူ့စိတ်ထဲမှာ ပူစရာတွေက ရှိနေတယ်။ ရာဂနဲ့စပ်ပြီးတော့ ကိုယ်လိုချင်တာလေးတွေအတွက်နဲ့ ကြောင့်ကြစိုက်ပြီးတော့ ပူနေရတာလည်း ရှိတယ်။ ဒေါသနဲ့ စပ်ပြီးသကာလ ပူနေရတာလည်း ရှိတယ်။ နောင်ရေးတွေ တွေးပြီး စိုးရိမ်နေရတာတွေ ရှိတယ်။ တစ်ချို့က လူထဲမှာ တစ်ခါတည်း ဟန်သာလုပ်နေရတာကိုး၊ စိတ်ပူစရာတွေက ရှိနေတယ်။ ငိုချင်လောက်အောင် ဖြစ်နေတာရှိတယ်။ ဒါပေမယ့်လို့ လူရှေ့သူရှေ့ ကွန်ဖြေမျက်မှာစိုးလို့ အသာလေး ငြိမ်နေရတာ။ အဲဒီလိုဟာတွေ ရှိတယ်။ အဲဒါတွေက ဘာတုံးဆိုတော့ "ပဋိဆန္နဒုက္ခတွေ"တဲ့။ ဒါ

http://www.dhammadownload.com

တွေ ဖုံးလွှမ်းနေတယ်၊ မမြင်ရဘူးပေါ့လေ။ နောက်ကွယ်ကနေပြီး "ဒုက္ခတွေ သူမှာ ရှိနေတယ်" ဒီလို ဆိုလိုတယ်။ ကိုယ်ထဲမှာ မမြင်သာတဲ့ အတွင်းရောဂါ ဝေဒနာတွေ ဖြစ်နေတဲ့ပုဂ္ဂိုလ်။ အဲဒါလည်းပဲ သူဟာသူ တစ်ခါတည်း နေနေလို့ ရှိရင် ရောဂါမရှိဘူးလို့ ထင်ရတယ်။ စိတ်ထဲ ပူစရာပင်စရာတွေ အများကြီးရှိ နေတဲ့ ပုဂ္ဂိုလ်မှာ၊ အဲဒါတွေဟာ "ပဋိစ္စန္နဒုက္ခတွေပဲ"တဲ့။ "အပါကဋဒုက္ခ"လည်း ခေါ်တယ်တဲ့။ "မထင်ရှားတဲ့ဒုက္ခ"တဲ့။ နောက်ကွယ်မှာရှိနေတဲ့ ဒုက္ခတွေလို့ ဆိုလိုတာပေါ့လေ။ ထင်ထင်ရှားရှား ဒုက္ခတွေကတော့ ဘာတုံးဆိုတော့ ဘေးဒဏ်တွေ ဘာတွေ သင့်တာပေါ့။ လက်နက်ဘေးဒဏ်တွေ သင့်တာတွေပါပဲ။

အပွင့်ဆန်ဒုက္ခ

ဥပမာ - ခေါင်းထိလို့၊ တုတ်နဲ့ရိုက်လို့၊ လုံးနဲ့ထိုးလို့၊ ဆူးစူးလို့၊ ခလုတ်တိုက်လို့၊ သစ်ပင်ပေါ်ကလိမ့်ကျလို့ စသည်ဖြင့် ဒီလိုဟာတွေ အနာရောဂါတွေ ဖြစ်နေတာ ရှိတယ်။ တစ်ချို့လည်းပဲ သွေးစုနာကြီးတွေ ဘာကြီးတွေ ပေါက်ပြီးတော့ အဖုအလုံး ကြီးတွေ ဖြစ်နေတာ ရှိတယ်။ တစ်ချို့ ရောဂါဝေဒနာ အကြီးအကျယ်ဖြစ်နေတာ ရှိတယ်။ ဒါကတော့ မြင်နေရတာကိုး။ မြင်နေတာနဲ့ သိတယ်။ "ဩော် - ဒီလူ ဒုက္ခတွေ အများကြီးရောက်နေတယ်" ဆိုတာ သိတယ်။ အဲဒါကတော့ "အပွင့်ဆန် ဒုက္ခပဲ"တဲ့။ ဒါကျတော့ လူတိုင်းလူတိုင်း သိတယ်။ ပေါ်ပေါ်လွင်လွင်ဖြစ်နေတဲ့ ဒုက္ခလို့ ဆိုလိုတယ်။ "ပါကဋဒုက္ခပဲ"တဲ့။ "ထင်ရှားတဲ့ဒုက္ခ"တဲ့။ အဲဒါ မြင်ရုံနဲ့ သိတယ်၊ မေးမနေရဘူး။ "ဒီလူက ဒုက္ခရောက်နေပြီ" ဆိုတာ သိရတော့တာပဲ။ ဒါကတော့ အနာရောဂါကြီးတွေ၊ ဘေးဒဏ်ကြီးတွေ သင့်နေတာ ထင်ရှားနေ တယ်။ ဒါ "ပါကဋဒုက္ခပဲ"တဲ့။

ပရိယာယဒုက္ခ နဲ့ နိပ္ပရိယာယဒုက္ခ

နောက်နှစ်ခုကျတော့ "ပရိယာယဒုက္ခ နဲ့ နိပ္ပရိယာယဒုက္ခ" ဆိုတာ ရှိတယ်။ "နိပ္ပရိယာဒုက္ခ"ဆိုတာ နိပ္ပရိယာယ-မုချတိုက်ရိုက်ပဲ-တဲ့။ သွယ်ဝိုက်နေတာ မဟုတ်ဘူး၊ တိုက်ရိုက်ဆင်းရဲပဲတဲ့။ အဲဒါ ခုနက ဒုက္ခဒုက္ခပဲ။ ကိုယ်ထဲ, စိတ်ထဲက မခံသာတဲ့ ဒုက္ခဝေဒနာဖြင့် သူက မသွယ်ဝိုက်၊ သူကတော့ဖြင့် ဒုက္ခမှန်း လူတိုင်း လူတိုင်း သိတယ်။ ဆင်းရဲတာ, မကောင်းတာတော့ဖြင့် ပထမတန်းပဲ။ သူကတော့

http://www.dhammadownload.com

ကိုယ်ထဲမှာ ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာ၊ ရောဂါဝေဒနာတွေ ဖြစ်ပြီး တော့ အနေအထိုင်ခက်နေတာ။ စိတ်ထဲ မချမ်းမသာတွေ၊ စိတ်ပူစရာတွေ၊ နှလုံး မသာစရာတွေ ဖြစ်နေတာ။ အဲဒါတွေကို "နိုပ္ပရိယာယဒုက္ခ"လို့ ခေါ်တယ်။ သွယ်ဝိုက်ခြင်းမရှိတဲ့ တိုက်ရိုက်ဆင်းရဲပဲတဲ့။ ဒါကတော့ဖြင့် ဘာအကြောင်းပြု၍ သူ့ကို ဆင်းရဲခေါ်သတုံးဆိုရင် ဆင်းရဲလို့ ဆင်းရဲတာပဲ။ သူကတော့ ဘာကြောင့် သူ့ကို "ဆင်းရဲဒုက္ခ" လို့ ခေါ်ရသလဲဆိုတော့ သူက ဆင်းရဲပဲ၊ ဆင်းရဲတာပါပဲ။ ဒုက္ခမို့ ဒုက္ခဖြစ်တာပါပဲ။ တိုက်ရိုက်ပဲ သူတော့ ဘာမှ အကြောင်းရှာပြနေဖို့ မလိုဘူး။

ရှေးတုန်းက ဆရာတော်တစ်ပါးရှိတယ်။ ခုတော့ ဖုံတော်မူသွားပါပြီ။ မရှိ ပါဘူး။ အဲဒီဆရာတော်တစ်ပါးက စာမေးပွဲဝင်ဖြေတယ်။ စာတွေဘာတွေလည်း တော်တော်ရပါတယ်၊ စာတွေဘာတွေတော်တော့ အဲဒီအချိန်မှာ အကြောင်းမသင့် လို့ စာမေးပွဲက မအောင်၊ ကျကျနေတယ်၊ ကျနေတော့ သူဒါယကာကြီးက မကျေနပ်လို့ စာမေးပွဲအုပ်ချုပ်တဲ့ပုဂ္ဂိုလ်တွေကို လာမေးတယ်။ "ကျုပ်သားဟာတဲ့ ဘာပြုလို့ စာမေးပွဲမအောင်သလဲ၊ အောင်သင့်ပါလျက်နဲ့ ဘာလို့ မအောင်သလဲ"လို့ မေးတယ်။ ဟိုလူကြီးတွေက "မအောင်တာကတော့ဗျာ အကြောင်းကတော့ မအောင်လို့ မအောင်တာပါပဲ"လို့ ဖြေတယ် သူက ဒါကိုး။ ဒီပြင်အကြောင်း မပြဘူး၊ မအောင်လို့ မအောင်တာပါပဲ။ အကြောင်းကတော့ ဒါပါပဲ။ "ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ"ဆိုတာကို ဘာပြုလို့ သူ့ကို "ဆင်းရဲ" ခေါ်တာတုံးဆို၊ ဆင်းရဲလို့ပဲ ဆင်းရဲတယ်လို့ သူပြောရမှာပဲ။ ဒီပြင်အကြောင်းရှာနေစရာ မလိုဘူး။ သူကကို ဆင်းရဲနေတာကိုး။

ဌာန်ထဲမှာ "ဥဩ"ဆိုတာ ရှိတယ်၊ ဘာပြုလို့ သူ့ကို "ဥဩ"လို့ ခေါ်သလဲ။ သူကကို "ဥဩမြည်နေတာကိုး"။ ဒါကြောင့် သူ့ကို "ဥဩ"လို့ ခေါ်တယ်။ အဲဒါလိုပဲ သူက "ဒုက္ခဒုက္ခ"ဆိုတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဝေဒနာတွေဖြစ်နေလို့ သူ့ကိုယ်က ဆင်းရဲနေတာပဲ။ သူက တိုက်ရိုက်ဆင်းရဲပဲတဲ့။ ပရိယာယအကြောင်းတွေနဲ့ ဘာ ကြောင့် ညာကြောင့် ပြောနေစရာကို မလိုဘူးတဲ့။ သူ့ကိုယ်က ဆင်းရဲလို့ကို ဆင်းရဲတာပဲတဲ့။ ဒါကြောင့်မို့ ဒုက္ခဒုက္ခက "နိုပ္ပရိယာယဒုက္ခ"လို့ ခေါ်တယ်တဲ့။ ပါဠိလို တိုက်ရိုက်ရှင်းရှင်းပဲ။

http://www.dhammadownload.com

ပရိယာယဒုက္ခ

"ပရိယာယဒုက္ခ" ဆိုတာ ရှိတယ်တဲ့။ သွယ်ဝိုက်ပြီးတော့ ယူရတယ်။ သူကတော့ တိုက်ရိုက်မဟုတ်ဘူး၊ ဆင်းရဲခြင်း၏အကြောင်းဖြစ်လို့ တစ်နည်းနည်းနဲ့ သူ့အကြောင်းပြုပြီးတော့ သူက ဆင်းရဲတွေ ဖြစ်လာတယ်။ အဲဒါကြောင့် သူ့ကို "ဒုက္ခ" လို့ ခေါ်ရတယ်တဲ့။ အဲဒါကတော့ ခုနက ကိုယ်ချမ်းသာ စိတ်ချမ်းသာဆိုတဲ့ ဝိပရိဏာမဒုက္ခမျိုးပါပဲ။ "ဝိပရိဏာမဒုက္ခ"ဆိုတာဟာ သူဖြစ်နေတုန်း အကောင်းသားပဲ။ ကိုယ်ထဲမှာ တကယ်ချမ်းသာလို့ နေတတ်ထိုင်တတ်ဖြစ်လို့၊ စိတ်ထဲမှာလည်းပဲ စိတ်ချမ်းသာလို့၊ ပျော်လို့ ရွှင်လို့၊ လူတွေက ဒါကိုပဲ လိုက်ပြီးတော့ ရှာနေကြတာ၊ အကောင်းသားပဲ၊ ဒါပေမယ့်လို့ သူမရှိတဲ့အခါကျ ဒုက္ခတွေ ပေးသွားတယ်။ အဲဒါကြောင့် သူက ဆင်းရဲခြင်းရဲ့အကြောင်းဖြစ်လို့ဟဲ့။ တစ်နည်းနည်းနဲ့ ဒီဘက်ကနေပြီး ချမ်းသာနေပေမယ့် ဟိုဘက်ကနေ လှည့်လာတဲ့ဆင်းရဲတွေက ရောက်လာတယ်၊ အဲဒီလို ဆင်းရဲဒုက္ခတွေ ပေးသွားလို့တဲ့။ ဒါကြောင့် သူ့ကို "ဒုက္ခ"လို့ ခေါ်ရတယ်တဲ့။ ဒါကတော့ "ပရိယာယဒုက္ခ" သွယ်ဝိုက်ပြီးသကာလ ယူတဲ့ဒုက္ခပဲတဲ့။ အားလုံးဒုက္ခသစ္စာတရားထဲ အတွင်းဝင်တာတွေဟာ ဒီလိုပဲ သွယ်ဝိုက်ပြီးတော့ ယူတဲ့ဒုက္ခတွေ၊ တည့်တည့် ဒုက္ခကတော့ ခုနကပြောတဲ့ ဒုက္ခ ဒုက္ခ တစ်ခုပဲ ပါတယ်၊ နိပ္ပရိယာယဒုက္ခ တစ်ခုပဲ ပါတယ်။

ဒီပြင်ဟာတွေဟူသမျှဟာ အကုန်လုံး "ဇာတိပိ ဒုက္ခာ - ဘဝအသစ်ဖြစ်ရခြင်းဟာလည်း ဆင်းရဲပဲ"ဆိုတာ သွယ်ဝိုက်ပြီးယူထားတာ။ တဲ့တိုးဆိုလို့ရှိရင်တော့ ပဋိသန္ဓေ ဘဝအသစ် ဖြစ်တာလေးမှာ ထင်နေတယ်၊ သို့သော်လည်းပဲ ရသင့်ရထိုက်တာတွေ ယူလိုက်တဲ့အခါကာလကျတော့ တစ်ဘဝလုံးဆိုင်တဲ့ ဆင်းရဲတွေဟာ သူ့ကြောင့် ဖြစ်လာတာကိုး။ သူရှိလို့ ခုနက ပြောတဲ့အတိုင်း ငရဲမှာ နှစ်ပေါင်းသိန်းသန်းများစွာ ဒုက္ခရောက်တာ၊ ဘယ်သူ့ကြောင့်လဲဆိုတော့ အရင်းစစ်လိုက်ရင် ပဋိသန္ဓေလေးက စလိုက်လို့၊ ပဋိသန္ဓေကနေပြီး ပွင့်လိုက်လို့ ငရဲစခန်းတစ်ဇာတ် တစ်ဘဝ ဖွင့်လိုက်တာကိုး။ သူက ဖွင့်လိုက်တာနဲ့ တစ်ခါတည်း တစ်ဘဝလုံး သွားလေရော ဒုက္ခတွေပြီးပါရောပဲ၊ လမ်းဆုံးတိုင်အောင် လိုက်ရတော့တာပဲ၊ ပြိတ္တာဖြစ်တဲ့ပုဂ္ဂိုလ်တွေ ပြိတ္တာရဲ့ဇာတိလေးက စပြီး, ပဋိသန္ဓေက စပြီး ဖွင့်လိုက်တာ ပြိတ္တာတစ်ဘဝလုံး သွားရောပဲ၊ ဒုက္ခတွေ ဒီလို ဖြစ်နေတယ်။ လူဘဝမှာ

http://www.dhammadownload.com

လူဘဝတစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့ ဆင်းရဲတွေ ခံစားရဖို့ရာလည်း ပဋိသန္ဓေက စပြီး ဖွင့်လိုက်တာပဲ၊ ပဋိသန္ဓေကနေ ဖွင့်လိုက်လို့ လူတစ်ဘဝလုံး တချို့ပုဂ္ဂိုလ်တွေ တစ်သက်လုံး တစ်ဘဝလုံး ဆင်းရဲတွေနဲ့ မပြတ်ဆင်းရဲနေလို့ ဒုက္ခတွေ သေသည့် တိုင်အောင် ဒုက္ခရောက်ပြီးသွားတာပဲ။

"ချမ်းသာနေပါတယ်"ဆိုတဲ့ ပုဂ္ဂိုလ်တွေ လိုက်ပြီးတော့ ကြည့်ပါဦး။ သူတို့လည်းပဲ သိပ်ပြီးတော့ မချမ်းသာပါဘူး ဆင်းရဲတွေ ရှိတာပါပဲ၊ ထိုက်သည့် အားလျော်စွာ အတော်အတန်တော့ ဆင်းရဲတွေ ရှိနေသေးတာပါပဲ၊ စိတ်မချမ်းသာ စရာတွေ ဆိုတာလည်း တွေ့နေသေးတာပဲ။ ရှာမှီးရတဲ့ဒုက္ခတွေလည်း ရှိနေသေး တာပဲ၊ ကိုယ့်အလိုမပြည့်တာတွေလည်း ရှိနေသေးတာပဲ။ နေမကောင်း ထိုင် မကောင်းတဲ့ ရောဂါဝေဒနာတွေ ဆိုတာကတော့ ဘယ်သူမှ မကင်းဘူး။ ဒါတွေ ကတော့ လောကမှာ အင်မတန်ထင်ရှားကျော်စောပြီးနေတဲ့ တိုင်းပြည်အုပ်ချုပ် နေတဲ့ ဘုရင်မင်းကြီးတွေ ဘာတွေလည်းပဲ တစ်နေ့ကျ နေမကောင်း ထိုင်မကောင်း ဖြစ်တာပဲ၊ ဘယ့်နဲ့မှ မတတ်နိုင်။ ဆေးဆရာတွေ ဘာတွေလည်း နေမကောင်း ထိုင်မကောင်း ဖြစ်တာပဲ၊ ဘယ့်နဲ့မှ မတတ်နိုင်။ တစ်နေ့ကျ အိုတယ်၊ အိုလို့ရှိရင် လည်း ဘယ်သူမှ မတတ်နိုင်။ ဘယ်သူဖြစ်ဖြစ် မအိုအောင် ဘယ့်နဲ့မှ မလုပ်နိုင်။ တစ်နေ့ကျရင် သေရမယ်၊ သေခါနီးကျတော့လည်း ဆင်းရဲတွေ ဖြစ်ရတယ်။ လူတစ်ဘဝလုံးမှာဖြစ်တဲ့ ဆင်းရဲတွေတဲ့။ ဒီဆင်းရဲတွေ ဘယ်ကလာတာတုံးဆိုရင် ပဋိသန္ဓေက စပြီးသကာလ ဖွင့်လိုက်လို့ပါပဲတဲ့။ ဒါကြောင့်မို့ ဒီပဋိသန္ဓေဟာ တစ်ဘဝလုံး တစ်ဘဝလုံးနဲ့ဆိုင်တဲ့ ဆင်းရဲတွေ ခံစားဖို့ရာ အကြောင်းရင်းဖြစ် လေသော ကြောင့် "ဇာတိပိ ဒုက္ခာ" - ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲလှ၏၊ ဘဝအသစ်ဖြစ်တာ ဆင်းရဲပဲ"လို့ ဟောပါတယ်။

မြတ်စွာဘုရား ဘုရားဖြစ်ခါစတုန်းက စိတ်ထဲက ဓမ္မလုံးသွင်းပြီး ဥဒါန်းကျူး ထားတာ ရှိတယ်။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ပုနပ္ပုနံ-အဖန်ဖန်အထပ်ထပ်။ ဇာတိ-ဘဝအသစ်ဖြစ်ရခြင်းသည်။ ဒုက္ခာ-ဆင်းရဲလှပါ၏။

http://www.dhammadownload.com

မြတ်စွာဘုရားကတော့ ဘဝတွေအကုန်လုံး လျှောက်မြင်နေတာကိုး။ ရှေးက တစ်ခါတည်း တစ်ဘဝပြီး တစ်ဘဝ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်၊ ငရဲကျလိုက်၊ ပြိတ္တာဖြစ်လိုက် စသည်ဖြင့် ဘဝတွေ လျှောက်ပြီး ကိုယ့် ဘဝတွေလည်းပဲ မြင်တယ်၊ သူများဘဝလည်းပဲ မြင်တယ်။ တစ်ဘဝပြီး တစ်ဘဝ တစ်ခါတည်း မြင်နေတယ်။ အခု လူတွေအမြင်နဲ့ ကြည့်မယ်ဆိုလို့ရှိရင် ကြက်တွေ၊ ဘဲတွေ ကြည့်စမ်းပါလား။ ကြက်တွေ၊ ဘဲတွေဟာလည်း သူခမျာ မကြာသေး။ ဟိုမှာ ဥလေးဥပြီး အကောင်လေး ဖြစ်လာခါရှိသေး။ တော်တော်ကြာတော့ကို အဲဒီလူတွေက နေပြီးသကာလ ဟင်းချက်လိုက်၊ ပြန်သွားပြန်နဲ့ ရှေ့တစ်ခါ ထပ်ဖြစ်မယ် ဆိုရင် မဖြစ်လို့ မဆိုနိုင်ဘူး။ ဒါတွေ ထပ်ခါထပ်ခါ ဘယ်လောက် ဖြစ်နေမှန်း မသိဘူး။ ထပ်ခါထပ်ခါ အမျှားကြီးလည်း ဖြစ်နေမှာပဲ။ အဲဒီလို ဖြစ်နေလို့ရှိရင် ဒါကြောက်စရာ သိပ်ကောင်းတာပေါ့။

မော်လမြိုင်တုန်းက ရှေ့နေ ဒကာတစ်ဦးက ဆရာတော်ကြီး တစ်ပါးကို စောဒကတက်ဘူးတယ်၊ ကျောင်းနှားနီးနီးက ဘုရားပွဲလုပ်တော့ အဲဒီမှာ စျေးတွေ ဘာတွေ ရောင်းကြပြုကြနဲ့၊ ကျွေးကြမွေးကြ၊ စားကြ၊ သောက်ကြနဲ့၊ အဲဒါ အကြောင်းပြုပြီးတော့ ရှေ့နေတစ်ယောက်က စောဒကတက်တယ် "အရှင် ဘုရားတဲ့ . . . ကြက်တွေ၊ ဝက်တွေ၊ ဘဲတွေ၊ ဆိတ်တွေ၊ ဆရာတော် ဒီအသားတွေ စားတာ မကောင်းပါ"တဲ့။ "ဘာဖြစ်လို့တုံးဟဲ့"တဲ့။ "ဒီသတ္တဝါကောင်တွေ သေကုန်တာပေါ့ဘုရား၊ ဒုက္ခတွေ အင်မတန်ရောက်သွားကြတယ်၊ ဒီဥစ္စာတွေ စားစရာမကောင်းပါဘူး"တဲ့။ ဟိုဆရာတော်ကြီးကလည်းပဲ ပရိယာယ်က များများ။ ဆရာတော်ကြီးက သူများဖြူတယ်ဆို မဲရမှ၊ တည့်တည့်မတ်မတ် မလုပ်ဘူး။ သူက အဖြေပေးတယ် "ကိစ္စမရှိပါ"တဲ့။ "ဘာဖြစ်လို့ ကိစ္စမရှိသလဲဘုရား"ဆိုတော့ "ဘာကိစ္စရှိမလဲတဲ့ . . ကြက်တွေ၊ ဘဲတွေ ဆိုတာ တစ်ခါတည်း တရုတ်တွေ၊ ကုလားတွေ၊ သူတို့ကနေပြီး သတ်သတ်ပြီး သူတို့ ဘဲတွေ၊ ကြက်တွေ၊ ဌက်တွေ ဖြစ်လိုက်။ ကြက်တွေ, ဘဲတွေကနေပြီး ဒီသတ်တဲ့ပုဂ္ဂိုလ်တွေ လူတွေလာဖြစ်လိုက်။ လူတွေကနေ ကြက်တွေဖြစ်လိုက်၊ ဒါပဲတဲ့ . . . ကိစ္စမရှိပါတဲ့၊ ကျုပ်တို့က စားရုံစားနေတာ ကိစ္စမရှိ"လို့ သူက ဖြေသတဲ့။ သူပြောတာ ဟုတ်တယ်၊ သတ္တဝါတွေဟာ ဒီလိုပဲ သတ်တဲ့ပုဂ္ဂိုလ်တွေက သတ်လိုက်၊ သတ်ပြီး တစ်ခါတည်း ကြက်တွေ၊ ဘဲတွေ ဖြစ်လိုက်။ ဒီလိုဖြစ်နေကြတာကိုး။ အဲဒီလိုဖြစ်တော့ ဘဝတွေ ဘယ်

http://www.dhammadownload.com

လောက်ဖြစ်မှန်းမသိ။ အင်မတန် ကြောက်စရာကောင်းတယ်။ အဲဒီတော့ ဘဝ အသစ် ထပ်ခါထပ်ခါ ဖြစ်ရတာတဲ့။ ဖြစ်ရာဖြစ်ရာဘဝမှာ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ ဒါကြောင့် ကြောက်စရာအင်မတန် ကောင်းတယ်တဲ့။

ပုနပ္ပုန်-အဖန်ဖန်အထပ်ထပ်၊ ဇာတိ-ဘဝအသစ်ဖြစ်ရခြင်းသည်၊ ဒုက္ခာ-ဆင်းရဲလှပါ၏၊ သာ စ ဇာတိ-ထိုဇာတိ, ထိုဘဝသစ်ဖြစ်ရခြင်းသည်လည်း။ ဂဟကာရေ-ခန္ဓာအိမ်ကို ပြုပြင်စီရင်တတ်သော တဏှာယောက်ျား လက်သမား ကို၊ အဒိဋ္ဌေ-မမြင်ရသေးသည်ရှိသော်၊ န နိဝတ္တတိ-ဆုတ်နစ်ခြင်းမရှိချေ။

ဘဝသစ်ဖြစ်ရတာ မကောင်းဆိုလို့ မဖြစ်ချင်ပါဆိုပြီး ရမလားဆိုတော့ မရဘူးတဲ့။ ဘဝသစ်ဖြစ်အောင်လို့ ဖန်တီးတဲ့ဟာ ရှိနေတာကိုး။ ဘဝအသစ်ဖြစ် အောင် လုပ်ပေးနေတာ။ ယခု သမုဒယသစ္စာပေါ့လေ။ နောက် တော်ကြာမှ ဟောရမယ်။ အဲဒီသမုဒယသစ္စာက အိမ်ဆောက်နေတဲ့လူနဲ့ တူတယ်တဲ့။ ဒီအိမ် ဆောက်နေတယ်၊ တစ်ခါတည်း မြို့တွေ ဘာတွေ မြူနီစီပယ်တို့ ဘာတို့ ဆိုတာ ရှိတယ်။ ရွာမှာ အိမ်တွေ ရှုပ်တယ်ဆိုပြီး လိုက်ဖျက်။ ဒီနားအပိုင်းက ဖျက်နေ၊ ဟိုနားက အိမ်တစ်လုံးဆောက်။ ဒီကနေ အဲဒီအိမ်ဖျက်ပြန်တော့ ဟိုက အိမ် တစ်လုံးက ဆောက်နေတယ်၊ ဒီလိုဆောက်နေတာ ရှိတယ်။ ဘယ်ကုန်နိုင်မှာတုံး၊ ဆောက်တဲ့လူက အမှတ်တမဲ့ ဆောက်ဆောက်သွားနေလို့ရှိရင် ဖျက်လို့မကုန် နိုင်ဘူး၊ ဒီလိုဖြစ်နေတယ်။ အဲဒီတော့ ဘဝအသစ်ဖြစ်ရတာ မကောင်းလို့ မဖြစ်ချင် ပါဆိုပေမယ့်လို့လည်း တစ်ဘဝကပြီးရင် တစ်ဘဝ၊ ဘဝသစ်တွေ ဖြစ်နေတယ်။ အဲဒါ ဘယ်သူကြောင့်ဖြစ်တာတုံးဆိုတော့ ဟဏှာတည်းဟူသော လက်သမား ရှိတော့ အိမ်ဆောက်နေတယ်။ ဘဝတွေဖန်တီးနေတယ်တဲ့။ အဲဒီတဏှာလက် သမားကို မိအောင် ဖမ်းနိုင်မှ သူအိမ်မဆောက်နိုင်မှာကိုး။ သူက ဘဝသစ်တွေ ဆောက်နေတယ်။ အဲဒီတော့ သူ့ကို တွေ့ဖို့ရာ လိုတယ်။

ပုနပ္ပုန်-အဖန်ဖန်အထပ်ထပ်၊ ဇာတိ-ဘဝအသစ်ဖြစ်ရခြင်းသည်၊ ဒုက္ခာ-ဆင်းရဲလှပါ၏၊ သာ စ ဇာတိ-ထိုဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဂဟကာရေ-ခန္ဓာအိမ်ကို အကြိမ်ကြိမ်တိထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာ ယောက်ျား လက်သမားကို၊ အဒိဋ္ဌေ-မမြင်ရသေးသည်ရှိသော်။ န နိဝတ္တတိ-ဆုတ်နစ်ခြင်း, ဖဲခွာခြင်းမရှိချေ။ တသ္မာ-ထို့ကြောင့်။ ဂဟကာရံ-အတ္တဘော

http://www.dhammadownload.com

တည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ်တိတွင်၍ စိရင်ဆောက်လုပ်တတ်သော တဏှာယောက်ျား လက်သမားကို၊ ဝဝေသန္တော-ရှာမှီး၍နေသောငါသည်၊ ယေန ဉာဏေန-အကြင်အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ဖြင့်။ တံ-ထိုတဏှာ ယောက်ျား လက်သမားကို၊ ဒဋ္ဌုံ-မြင်ခြင်းငှာ၊ သက္ကာ-စွမ်းနိုင်ရာ၏၊ တံ ဉာဏံ-ထိုအရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို၊ အဝိန္ဒန္တော-မရသေးသည် ဖြစ်၍၊ အနေကဇာတိသံသာရံ-နှစ်ပေါင်းများစွာ သံသရာဘဝ ကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရီ-ပြေးလွှားကျင်လည်ခဲ့ရလှလေပြီ။

မြတ်စွာဘုရားက ဆင်ခြင်တော်မူတယ် - သူဘဝတွေ ဘဝတွေ ဖြစ်ရတာ မကောင်းလို့တဲ့၊ ဒီဘဝတွေ ငြိမ်းမှ တော်မယ်။ ဒီဘဝတွေ လူဖြစ်ရင် လူဒုက္ခတွေ တွေ့ရတယ်၊ နတ်ဖြစ်ရင် နတ်ဒုက္ခတွေ တွေ့ရတယ်။ အပါယ်ငရဲတွေ ဖြစ်ရင်တော့ ပြောစရာမရှိ၊ ဒုက္ခတွေ တစ်ဘဝလုံးသွားရော။ ဘဝကလည်း တစ်ဘဝပြီး တစ်ဘဝ ထပ်ပြီး ထပ်ခါထပ်ခါ ဖြစ်နေတယ်။ ဘာ့ကြောင့်ဖြစ်တုံးဆိုရင် တဏှာရှိတယ်တဲ့၊ သူက သာယာနှစ်သက် တွယ်တာနေတဲ့ တဏှာရှိတယ်။ သူ့ကြောင့် ဖြစ်နေတာ။ အဲဒါတွေကို ငြိမ်းချင်လို့ရှိရင် ဒီတဏှာကို ရှာရမှာကိုး။ ဘယ်သူက လုပ်နေတာပါလိမ့်မလဲလို့ အကြောင်းရှာရမယ်။ အဲဒီအကြောင်းရှာပြီးတော့ တွေ့မှ ယခု ဆေးကုတဲ့ပုဂ္ဂိုလ်တွေ ရောဂါဖြစ်တော့ ဒီရောဂါရဲ့အကြောင်းကို ရှာပြီးတော့ ပယ်ရှားသလို အဲဒီတဏှာယောက်ျား လက်သမားကို ရှာနေတာ ကြာလှပြီတဲ့။ ဒီပက်ရာမြတ်စွာဘုရားခြေရင်းမှာ နီယတဗျာဒိတ်ခံပြီး အဲဒီဘဝကတည်းက စပြီးတော့ ပါရမီတွေ ဖြည့်ဆည်းပူးပြီး ရှာလာလိုက်တာ လေးသင်္ချိန်နဲ့ ကမ္ဘာ တစ်သိန်းတောင်ကြာပြီ။ တဏှာလက်သည် မတွေ့ခဲ့ဘူး၊ သူ့ကို တွေ့နိုင်မြင်နိုင်တဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်က မရသေးလို့ မတွေ့ရမမြင်ရတာပဲ။ မတွေ့ရ မမြင်ရသေးခင် သူလည်း ခန္ဓာအိမ်တွေ ဆောက်လိုက်တာ ဘဝတွေ မနည်းဘူး။ တစ်ဘဝပြီး တစ်ဘဝ ခန္ဓာအိမ်တွေ ဆောက်လိုက်တာ ဒုက္ခတွေ ရောက်လာတာ များလှပြီ။ အဲဒီဘဝတွေ, ဒုက္ခတွေ ရောက်လာပြီး သံသရာမှာ ပြေးခဲ့ရလှပြီ။ ဒုက္ခတွေ တွေ့ခဲ့ရလှပြီ။ နောက်ဆုံး ယခုမှ မင်းကို တွေ့တော့တယ်တဲ့။

မြတ်စွာဘုရားက ရှေ့ရောက်ပြီး စဉ်းစားတာလည်း ရှိပါတယ်။ "ဂဟကာရက ဒိဋ္ဌောသိ၊ ဂဟကာရက-ခန္ဓာအိမ်ကို အကြိမ်ကြိမ်တိတွင်၍ စိရင်

http://www.dhammadownload.com

ဆောက်လုပ်တတ်သော ဟေ့. . တဏှာယောက်ျားလက်သမား၊ ဣဒါနိ-ယခုအခါ
ကာလ၌၊ တံ့-သင့်ကို၊ မယာ-ငါသည်၊ ဒိဋ္ဌော-အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်
ဖြင့် မျက်ဝါးထင်ထင် တွေ့မြင်အပ်သည်၊ အသိ-ဖြစ်ပြီတဲ့။ မင်းကို ငါတွေ့ပြီတဲ့၊
မင်း ဘယ်မှ မပြေးနဲ့တော့ပေါ့လေ။

ဥပမာ - ပုလိပ်ကနေပြီးတော့ ဟိုမှာ သူခိုးဖမ်းသလို မိနေတာပေါ့။ ဟေ့
မပြေးနဲ့ တစ်ခါတည်း ပြောသလိုပဲ။ တဏှာ . . . မင်းကို တွေ့ပြီတဲ့။ မင်း ဒီက
ရှေ့တော့ အိမ်မဆောက်ရတော့ဘူး။ မင်းအိမ်က အချင်ရနယ်၊ ဒိုင်းမြားနဲ့တူတဲ့
ကိလေသာတွေရော, အိမ်အကွပ်ကြိုးနဲ့တူတဲ့ အဝိဇ္ဇာရော ငါက အကုန်လုံးဖျက်ပြီး
ပြီတဲ့။ မင်း ဒီကရှေ့တော့ အိမ်မဆောက်ရတော့ဘူး" ဆိုပြီးတော့ မြတ်စွာဘုရားက
ဆင်ခြင်ပြီးသကာလ ခန္ဓာအိမ်ကို ဆောက်လုပ်ပြီးနေတဲ့ တဏှာကို ကြိမ်းဝါးနေတဲ့
ဥဒါန်းကို "အနေကဇာတင်တယ်"လို့ ခေါ်တယ်။ ဒီဥဒါန်းဂါထာကို ဘုန်းကြီး
တွေက ရွတ်ဆိုနေတယ်၊ သို့သော်လည်း အနက်အဓိပ္ပါယ်ကို မရွတ်တော့ သိချင်မှ
သိမယ်။

အဲဒီမှာ "ဇာတိ"ဆိုတာ အင်မတန်ဆင်းရဲတယ်။ ဇာတိက အရေးကြီးဆုံးပဲ။
ဒီဇာတိချုပ်ငြိမ်းလို့ရှိရင် နိဗ္ဗာန်ရောက်တာပဲ။ အခု နိဗ္ဗာန်ရောက်အောင် အားထုတ်
ရတာ။ ဒီဇာတိချုပ်ငြိမ်းအောင်လို့ လုပ်ရတာ။ ဒီဇာတိမချုပ်ငြိမ်းသေးလို့လို့ရှိရင်
လူဘဝဖြစ်ရင် လူဆင်းရဲဖြစ်မှာ၊ နတ်ဘဝဖြစ်ရင် နတ်ဆင်းရဲဖြစ်မှာပဲ။ တချို့
ဘာသာတရားတွေက ကောင်းကင်ဘုံရောက်ပြီးတော့ ပြန်လာလိမ့်မယ်။ ကောင်း
ကင်ဘုံ ရောက်ပြီးတော့ ကောင်းကင်ဘုံက ဆင်းရဲတွေနဲ့ တွေ့မှာပဲ။ ကောင်း
ကင်ဘုံ ဆိုတာ နတ်တွေပဲ။ ဒါလည်း ဒီဒုက္ခပဲ တွေ့မှာပဲ၊ သူတို့ပြောတဲ့အတိုင်း
ရောက်မလား၊ မရောက်ဘူးလား၊ ရောက်ရင်လည်း အဲဒီဒုက္ခတွေ တွေ့မှာပဲ။
အဲဒီတော့ ဒီဘဝအသစ်ဖြစ်တဲ့ဇာတိဟာ အရေးကြီးပါတယ်။ ဒါကို ဖယ်ရှားဖို့ရာ
အရေးကြီးပါတယ်။

"ဇာတိပိ ဒုက္ခာ"၊ ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲ
ပေတည်း။ မြတ်စွာဘုရားက ဒုက္ခသစ္စာတရား ရှေးဦးစွာ စတင်ပြီး ဟောတယ်တဲ့။
ကဲ . . . အချိန်လည်း တော်တော်ကုန်သွားပြီ။ ဒီနေ့ ဒီတွင်မှာ ရပ်အုံးမှပဲ။
ဇာတိနောက် ဇရာတို့, မရဏာတို့ လျှောက်ပြီးတော့ အစဉ်အတိုင်း နောက်သီတင်း
တွေကျမှ ဟောရမယ်။ ကိုင်း. . ဆိုရမယ်။ ခုန ခေါင်းစဉ်လေးတွေ-

http://www.dhammadownload.com

* ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။
နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာ ဆင်းရဲပင်။
မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်။
မရတာလို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်။
စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။ (ဆို သုံးခေါက်)

ဤအရိယသစ္စာ ပထမပိုင်း တရားဒေသနာကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မဿဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ယခုတရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့သည် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဤအရိယသစ္စာတရားလေးပါးတို့ကို သိအောင် ပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

******

http://www.dhammadownload.com

ဒုက္ခသစ္စာတရားတော်

ဒုတိယပိုင်း

[၁၃၂၃-ခု၊ တော်သလင်းလတွယ်နေ့ ဟောကြားသည်။]

မွောနုပဿနာ သတိပဋ္ဌာန်သစ္စာပိုင်း၊ သစ္စာလေးပါးတစ်နေ့က ဟောခဲ့ပြီ။ ဒီကနေ့ အဲဒါဆက်ပြီးတော့ ဟောရမယ်။

ကထဥ္စ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယ သစ္စေသု။

ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သော ယောဂီရဟန်းသည်၊ စတူသု-လေးပါးကုန်သော၊ အရိယသစ္စေသု-အရိယသစ္စာဟု ဆိုအပ်ကုန်သော၊ ဓမ္မေသု-သဘောတရားတို့၌၊ ဓမ္မာနုပဿီ-သဘောတရားဟု ရှုမြင်သည်ဖြစ်၍၊ ကထဥ္စ ဝိဟရတိ-အဘယ်သို့ နေသနည်းဟူမူကား -

ဣဓ ဘိက္ခဝေ ဘိက္ခု 'ဣဒံ ဒုက္ခ'န္တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခသမုဒယော'တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခနိရောဓော'တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'တိ ယထာဘူတံ ပဇာနာတိ။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သော ယောဂီရဟန်းသည်၊ ဣဒံ-ဤသည်ကား၊ ဒုက္ခံ-ဆင်းရဲတည်း၊ ဣတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-သိ၏၊ အယံ-ဤသည်ကား၊ ဒုက္ခသမုဒယော-ဆင်းရဲဖြစ်ကြောင်းတရားတည်း၊ ဣတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-သိ၏၊ အယံ-ဤသည်ကား၊ ဒုက္ခနိရောဓော-ဆင်းရဲ၏ ချုပ်ငြိမ်းရာဖြစ်သောတရားတည်း၊ ဣတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-သိ၏၊ အယံ-ဤသည်ကား၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-ဆင်းရဲ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်လမ်းမှန်တည်း၊ ဣတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-သိ၏။

http://www.dhammadownload.com

သဘာဝသစ္စာနဲ့ ပရမတ္ထသစ္စာ

"အရိယသစ္စာ - အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးတရားဖြစ်ပါတယ်၊ မနေ့က သစ္စာအကြောင်းလည်း ပြောပြီးပြီ။

သမ္မုတိသစ္စာ - လောကသမုတ်ထားတဲ့အတိုင်း မှန်နေတာကို "သမ္မုတိသစ္စာ"လို့ ခေါ်တယ်။ သဘောသဘာဝအားဖြင့် မှန်ကန်နေတာကိုတော့ "ပရမတ္ထသစ္စာ"လို့ ခေါ်တယ်။ အဲဒီပရမတ္ထသစ္စာထဲမှာ သဘာဝသစ္စာနဲ့ အရိယသစ္စာနဲ့ ခွဲလိုက်တဲ့အခါ "သဘာဝသစ္စာ"ကတော့ သဘောတရားအနေအားဖြင့် မှန်နေတာတွေဟာ သဘာဝသစ္စာတွေပဲ။ သဘာဝသစ္စာထဲမှာ သုခချမ်းသာတယ်ဆိုတာလည်း ရှိတယ်၊ ဒုက္ခဆင်းရဲဆိုတာလည်း ရှိတယ်၊ ဥပေက္ခာအလယ်အလတ်ဆိုတာလည်း ရှိတယ်။ အဲဒီအထဲမှာ ကောင်းတာလည်း ရှိတယ်၊ မကောင်းတာလည်း ရှိတယ်၊ အမျိုးမျိုးရှိတယ်။ အရိယသစ္စာ နယ်ပယ်ရောက်သွားတဲ့ အခါကျတော့ သဘာဝသစ္စာထဲက သုခချမ်းသာတွေလည်း ဒုက္ခဆင်းရဲဖြစ်နေတာပဲ။ တချို့သုခတွေက ဒုက္ခတွေဖြစ်နေတယ်။ "လောကီချမ်းသာတွေ"ဆိုတာဟာ လောကီဘက်ကနေပြီးတော့ ကောင်းတယ်ဆိုတာ တွေ့တာ။ အရိယသစ္စာ နယ်ပယ်ကျတော့ မကောင်းတာတွေ ဆင်းရဲတွေ ဖြစ်နေတယ်။ အဲဒီတော့ အခုဟောရမှာကတော့ အရိယသစ္စာနယ်ပယ်ကိုး။ တစ်နေ့က ဟောခဲ့တာလည်း အရိယသစ္စာနယ်ပယ်ကပဲ။ အဲဒီယောဂီဖြစ်တဲ့ မြတ်စွာဘုရား၏ တပည့်သားဖြစ်တဲ့ ရဟန်းဟာ "ဒီတရားဟာ ဆင်းရဲပဲ"လို့ အဲဒီလို ဆင်းရဲအမှန်ကို သိတယ်။

တေဘူမက တရားဆိုတာ

"ဆင်းရဲအမှန်"ဆိုတာ ဘယ်တရားတုံးဆိုတော့ "တေဘူမကတရားပဲ"တဲ့။ တေဘူမက ဟုတ်လား၊ ပါဠိလိုက စပြောရမှာကိုး၊ "တေဘူမက"ဆိုတာ ဘုံသုံးပါး၌ ဖြစ်တယ်။ တိ,က သုံးခု၊ ဘူမိ,ကတော့ ဘုံပဲ။ "တေဘူမက"ဆိုတာ ဘုံသုံးပါးမှာ အကျုံးဝင်တဲ့တရားတွေတဲ့။ ဘုံသုံးပါးဆိုတာဟာ ဘာလဲဆိုတော့ ကာမဘုံ ရှိတယ်၊ ရူပဘုံ ရှိတယ်၊ အရူပဘုံ ရှိတယ်၊ သုံးခုပဲ ရှိတယ်။ "ကာမဘုံ"ဆိုတာကတော့ အပါယ်လေးဘုံ၊ ကာမဘုံ၊ လူဘုံလည်း ကာမဘုံပဲ။ လူ့ဘုံက အထက်တက်သွားတော့ နတ်ပြည်ခြောက်ထပ်ဆိုတာ ရှိတယ်။ အဲဒါတွေလည်း ကာမဘုံပဲ။ ဒီကာမဘုံမှာလည်း ယောက်ျား မိန်းမ အစုံရှိတယ်။ အဲဒီကာမဘုံက တစ်ဆယ်နဲ့

http://www.dhammadownload.com

တစ်ဘုံ ရှိတယ်။ ကာမဘုံ တစ်ဆယ့်တစ်ဘုံကနေပြီး အထက်တက်သွားတော့ တစ်ခါ ရူပဗြဟ္မာဘုံ-တဲ့။ ကာမကိလေသာတွေ မရှိ၊ ကာမရာဂတွေ မရှိ၊ ဗျာပါဒ ဒေါသတွေလည်း မရှိတဲ့နတ်တွေကို "ဗြဟ္မာတွေ"လို့ ခေါ်တယ်။ ယောက်ျား မိန်းမရယ်လို့ အခုကာမဘုံက ပုဂ္ဂိုလ်တွေရဲ့ စိတ်မျိုးတွေလည်း မရှိ၊ အပြင်ပန်း ပုံသဏ္ဌာန်အနေအားဖြင့် ယောက်ျား၏ ပုံသဏ္ဌာန်ကဲ့သို့ ထည်ထည်ဝါဝါ ရှိပြီးတော့ အကုန်လုံး ထည်ထည်ဝါဝါကြီးပဲ။ ဒီက ကာမဘုံကနေပြီး ရူပါဝစရဈာန် ဆိုတဲ့ တရားတွေကို အားထုတ်လို့ ရသွား၊ တွေ့သွားတဲ့ပုဂ္ဂိုလ်တွေဟာ စုတေပြီးရင် အဲဒီဘုံရောက်သွားရော၊ ယောက်ျားပဲ ရောက်သွားသွား၊ မိန်းမပဲ ရောက်သွားသွား၊ ဒီပုံပန်းသဏ္ဌာန် တစ်ပုံတည်းပဲ။

ယောက်ျားရယ်, မိန်းမရယ် ခွဲခြင်းခြင်းမရှိ၊ အဲဒါက "ရူပဘုံ"ခေါ်တယ်။ အဲဒီရူပဘုံရဲ့အထက်ကိုကျတော့ အရူပဘုံတွေတဲ့။ အရူပဘုံတွေကျတော့ ရုပ်ကိုယ် မရှိပြန်ဘူး။ သူကတော့ စိတ်ကြီးပဲ ရှိတယ်။ ရူပဘုံက တစ်ဆယ့်ခြောက် ဘုံ ရှိတယ်။ အရူပဘုံက လေးဘုံရှိတယ်။ အားလုံးပြဟ္မာနှစ်ဆယ်လို့ ခေါ်တာကိုး။ ကာမက ဆယ့်တစ်ဘုံ၊ ရူပက တစ်ဆယ့်ခြောက်ဘုံ၊ အရူပက လေးဘုံ၊ အားလုံး ပေါင်းလို့ရှိရင် ဘုံသုံးဆယ်တစ် ရှိတယ်။ အဲဒါတွေကို အကျဉ်းချုံးလိုက်လို့ရှိရင် (၁) ကာမဘုံ၊ (၂) ရူပဘုံ၊ (၃) အရူပဘုံ ဘုံအားဖြင့် သုံးမျိုးသုံးစားပဲ ရှိတယ်။ ကာမတစ်ဆယ့်တစ်ဘုံက အမျိုးအစားအားဖြင့် တူနေလို့ ပေါင်းလိုက်တယ်။ ကာမ ဘုံပဲတဲ့။ ကာမကိလေသာ မကင်းသေးတဲ့ဘုံ၊ အဲဒီကနောက် ရူပါဝစရတစ်ဆယ့် ခြောက်ဘုံက ရူပဘုံ၊ ဒီကအထက် ရုပ်မရှိတဲ့ဘုံကတော့ အရူပဘုံ၊ စိတ်ချည်းပဲ ဖြစ်နေတယ်။ အင်မတန် ဆန်းကြယ်တဲ့ဘုံ၊ အဲဒါတွေကတော့ မြတ်စွာဘုရားတွေ ဟောကြားထားလို့သာ ဒီဘုံတွေကို သိရတယ်။ နို့မို့ဆိုရင် ဒီဘုံတွေကတော့ စမ်းသပ်လို့ကို မရနိုင်ဘူး၊ ဘယ့်နှယ်ရုပ်မှမရှိပဲ။ ဘာမှလည်း မတွေ့နိုင်ဘူး၊ သူက စိတ်ကြီး နာမ်တရားကြီးတည်း ဖြစ်နေတာ။ အဲဒီဘုံသုံးပါးမှာ အတွင်းဝင်တဲ့ တရားတွေမှန်သမျှ အကုန်လုံး ဒုက္ခသစ္စာချည်းပဲတဲ့။

ဘာချန်ရစ်မလဲဆိုတော့ တဏှာကိုတော့ ချန်ထားရစ်မယ်တဲ့။ ဒီထဲမှာ တဏှာရှိတယ်။ အဲဒါလေးချန်ပြီးတော့ တဏှာဆိုတဲ့ တပ်မက်သာယာမှုလေး နုတ်ပြီးတော့ ကျန်သမျှ ဘုံသုံးပါးအတွင်း ဝင်တဲ့တရားတွေဟာ "ဒုက္ခသစ္စာ"လို့ ခေါ်တယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာ ကာမဘုံဖြစ်နေတဲ့အခါလည်း ရှိတယ်၊

http://www.dhammadownload.com

အပါယ်လေးဘုံဖြစ်နေတဲ့အခါလည်း ရှိတယ်၊ ငရဲဖြစ်နေတဲ့အခါလည်း ရှိတယ်၊ တိရစ္ဆာန်ဖြစ်နေတဲ့အခါလည်း ရှိတယ်၊ ပြိတ္တာဖြစ်နေတဲ့အခါလည်း ရှိတယ်၊ အသုရကာယ်ဖြစ်နေတဲ့အခါလည်း ရှိတယ်။ လူဘုံရောက်ပြီး လူဖြစ်နေတဲ့အခါ ရှိတယ်၊ နတ်ဖြစ်နေတဲ့အခါ ရှိတယ်။ နတ်မှာလည်းပဲ စတုမဟာရာဇ်တို့ တာဝတိံသာတို့ တစ်မျိုးတစ်မျိုးပေါ့လေ။ သူတစ်ယောက်တည်းက အမျိုးမျိုးလျှောက်ဖြစ်နေတာပဲ။ အဲဒီကာမတစ်ဆယ့်တစ်ဘုံ ဘယ်ဘုံမှာဖြစ်နေနေ သူသန္တာန်မှာ ရှိတဲ့တရားကို "ကာမတရား"လို့ခေါ်တယ်။ သူက တရားတစ်ခုပဲ။ ဒါ ဒီတစ်ယောက်တည်းဖြစ်နေတာ ပြောတာ၊ ဒီပြင်လူတွေ မပါသေးဘူး။ ဒီပြင်ပုဂ္ဂိုလ်တွေ ဘာမှ မပါသေးဘူး။ သူတစ်ယောက်တည်းအတွက် တစ်ခါ ကာမဘုံကနေပြီးတော့ ရူပဘုံစျာန်ရပြီး ရူပရောက်ပြန်ပြီ-တဲ့။ အဲဒီရူပတစ်ဆယ့်နဲ့ခြောက်ဘုံ၊ တစ်ဆယ့်နဲ့ခြောက်ဘုံထဲမှာ ဆယ့်တစ်ဘုံလောက်ကတော့ ပုထုဇဉ်တွေ ရောက်နိုင်ပါတယ်။ ကျန်ငါးဘုံကတော့ အနာဂါမ်ပုဂ္ဂိုလ်တွေသာ ရောက်နိုင်တဲ့ဘုံဖြစ်တယ်။ သုဒ္ဓါဝါသဘုံအောက်ပိုင်းက တစ်ဆယ့်နဲ့တစ်ဘုံ၊ အဲဒီတစ်ဆယ့်နဲ့တစ်ဘုံကတော့ ပုထုဇဉ်တွေလည်း ရောက်နိုင်ပါတယ်။ အဲဒီဘုံတွေ ရောက်နေတဲ့အခါ အဲဒီပုဂ္ဂိုလ်၏သန္တာန်မှာရှိတဲ့တရားတွေကို "ရူပတရား"လို့ ခေါ်တယ်။

အဲဒီကနေပြီးသကာလ အရူပဘုံရောက်နေပြန်ပြီဆိုရင် စိတ်ကြီးပဲဖြစ်နေတယ်။ အဲဒီအရူပလေးဘုံရောက်နေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာရှိတဲ့တရားတွေကို "အရူပတရား"လို့ ခေါ်တယ်။ အဲဒီက ရူပဘုံ၊ အရူပဘုံကနေ ဆင်းလာ၊ လူပြည် ရောက်လိုက်၊ နတ်ပြည်ရောက်လိုက်၊ နတ်ပြည်ကနေပြီးတော့ ရူပဘုံ အရူပဘုံ ရောက်လိုက်၊ အဲဒီဘုံသုံးဆယ်တစ်မှာ လှည့်ပြီးတော့ သွားနေတာ၊ ကံအားလျော်စွာ အဲဒီလိုလှည့်ဖြစ်နေတဲ့သတ္တဝါမှာ ဖြစ်ရာဖြစ်ရာမှာ ကာမဘုံဖြစ်နေတဲ့အခါ ကာမတရားပဲ။ ရူပဘုံဖြစ်နေတဲ့အခါ ရူပတရားပဲ။ အရူပဘုံဖြစ်နေတဲ့အခါ အရူပတရားပဲ။ ဘုံသုံးပါးထဲက အကျုံးဝင်တဲ့တရားတွေဟာ ဒုက္ခသစ္စာတွေချည်းပဲတဲ့။ အဲဒါ သူတစ်ယောက်ထဲနော်။ ဒီပြင်ပုဂ္ဂိုလ်တွေ မပါသေးဘူး။ အဲဒီပြင် ပုဂ္ဂိုလ်တွေက သူဒုက္ခနဲ့သူပေါ့။ ဒီပြင်ပုဂ္ဂိုလ်တွေလည်းပဲ ဟိုလူတစ်ယောက်ဆိုရင်လည်း သူဒုက္ခ ပေါ့။ ဒီပြင်လူတစ်ယောက်အတွက်လည်း ဒီပြင်လူဒုက္ခပဲ။ ကိုယ့်ဒုက္ခနဲ့ ကိုယ်ကိုယ် နဲ့ကို ထမ်းနေကြတာတွေ၊ ဘုံသုံးပါး၌ဖြစ်တဲ့ တရားတွေဟာ ဒုက္ခသစ္စာတွေပဲ။ သူဟာ အားလုံး တစ်လောကလုံးက သတ္တဝါတွေရဲ့တရားတွေကို

http://www.dhammadownload.com

အကုန်လုံး စုပေါင်းပြီးတော့ ဒီလိုယူရမှာ မဟုတ်ဘူး။ တစ်ယောက်ချင်း ယူရမှာ၊ ကိုယ့် သန္တာန်မှာဖြစ်တဲ့ ဒုက္ခသစ္စာတွေ ကိုယ့်ဘုံသုံးပါးမှာဖြစ်တဲ့ ဒုက္ခတရားတွေပဲ။ သူများ ဘုံသုံးပါး၌ဖြစ်တဲ့တရားက သူများဒုက္ခတွေ၊ သူများဒုက္ခနဲ့ ကိုယ့်ဒုက္ခနဲ့ မရောရ၊ တခြားစီပဲ၊ ရောလို့လည်း မရ၊ အဲဒါဘုံသုံးပါး၌ဖြစ်ခဲ့တဲ့ဒုက္ခ၊ ရှေးကလည်း ဖြစ်ခဲ့ပြီး။ ယခုလည်း ဖြစ်ဆဲ၊ နောင်လည်း ဖြစ်အုံးမယ်။ အဲဒီ ဘုံသုံးပါးအတွင်း ဝင်တဲ့ တရားတွေတဲ့။ ဒါတွေက ဒုက္ခသစ္စာတရား ဆင်းရဲတရားတွေချည်းပဲတဲ့။ အဲဒီဆင်းရဲတရားတွေကို ဘယ်လိုလုပ်ပြီး ဝေဖန်ထားသလဲ ဆိုတော့ . . .

ကထမဋ္ဌ ဘီက္ခဝေ ဒုက္ခံ အရိယသစ္စံ၊

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခံ အရိယသစ္စံ-အရိယာတို့သိအပ်သော ဆင်းရဲအစစ် အမှန်တရားသည်၊ ကတမဋ္ဌ-အဘယ်နည်းဟူမူကား။

ဘုံသုံးပါး၌ အကြွင်းဝင်တဲ့ ဒုက္ခသစ္စာတရားဆိုတာ ဘယ်ဟာလဲလို့ ဆိုတော့ "ဇာတိပိ ဒုက္ခာ"၊ ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပေတည်း။

ဘဝသစ်ဖြစ်တာ ဆင်းရဲပဲတဲ့။ အင်း. . ဘယ်ဘဝဖြစ်ဖြစ်ပေါ့လေ။ ကိုယ်တစ်ယောက်တည်း စဉ်းစားကြည့်၊ ငရဲဖြစ်လို့ရှိရင်လည်း အဲဒီဖြစ်ရတာ ဒုက္ခပဲ။ တိရစ္ဆာန်ဖြစ်ရင်လည်း အဲဒါဒုက္ခပဲ။ ပြိတ္တာဖြစ်ရင်လည်း ဒုက္ခပဲ၊ အသူရကာယ်ဖြစ်ရင်လည်း ဒုက္ခပဲ၊ လူဖြစ်ရင်လည်း ဒုက္ခပဲ၊ လူဘဝဇာတိလဲ ဒုက္ခပဲ၊ နတ်ဘဝဖြစ်တာ လဲ ဒုက္ခပဲ၊ ခုန ရူပဗြဟ္မာတွေဖြစ်ရင်လည်း ဒုက္ခပဲ၊ အရူပဘုံတက်ပြီးဖြစ်လည်း ဒုက္ခပဲ၊ ရှေးက ဒီလိုဖြစ်ခဲ့တဲ့ဘဝတွေ များလှပြီ၊ ဒါက ဖြစ်တိုင်းဖြစ်တိုင်းဟာ ဒုက္ခတွေချည်းပဲ။ ယခု ဘဝလည်း ဖြစ်ဆဲ၊ အဲဒါလည်း ဒုက္ခပဲ၊ နောင်လည်း ဖြစ်အုံးမယ်၊ နောက်ဖြစ်မယ့် ဥစ္စာတွေလည်း ဒုက္ခတွေပဲ၊ ဇာတိဒုက္ခပဲ။ ဘာပြုလို့ "ဇာတိဒုက္ခ"လို့ ခေါ်ရသလဲဆိုရင် တစ်နေ့က ပြောခဲ့ပြီ။ ဒါတွေ တော်တော်ကို စုံနေပါပြီ။ ဇာတိဟာ ဘာဖြစ်လို့ ဒုက္ခလဲဆိုတော့ ဒီဇာတိဘဝအသစ်ဖြစ်လို့ ဒီတစ်ဘဝလုံးနဲ့ဆိုင်တဲ့ ဆင်းရဲတွေ တွေ့ရကြုံရတာတဲ့။ ဇာတိသက်သက်ကတော့ ဒုက္ခမဟုတ်ဘူး၊ ဇာတိကလေးကတော့ ဘဝအသစ် ဖြစ်လာတာကလေး ရုပ်နာမ်ကလေးပဲ၊ ပဋိသန္ဓေစိတ်နဲ့ ပဋိသန္ဓေရုပ်နဲ့ ဖြစ်ပေါ်လာတယ်၊ ဒုက္ခမဟုတ်ဘူး၊ သူကတော့ ရုပ်နာမ်ပဲ၊ ဒီထဲ ဒုက္ခမပါဘူး။

http://www.dhammadownload.com

တစ်နေ့က ပြောတဲ့ ဒုက္ခခုနစ်မျိုးထဲက ဒုက္ခအစစ်မျိုးမပါဘူး။ တစ်နေ့က ဒုက္ခခုနစ်မျိုးမှာ ဒုက္ခဒုက္ခကို တစ်နေ့က ပြောခဲ့တယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ တွေဟာ ဒုက္ခဒုက္ခပဲ။ ကိုယ်ထဲမှာ ဆင်းရဲတယ်၊ စိတ်ထဲမှာ ဆင်းရဲတယ်၊ ကိုယ်ထဲ စိတ်ထဲမှာ မခံသာတဲ့ဆင်းရဲတဲ့။ ဒုက္ခဝေဒနာဟူသမျှကို ဒုက္ခဒုက္ခလို့ ခေါ်တယ်တဲ့။ ကိုယ်ထဲက မခံသာတာတွေ, နာကျင်ကိုက်ခဲတာတွေ, မောပန်းတာတွေ, အနေ အထိုင်ခက်တာတွေ အကုန်ပေါ့လေ၊ ကိုယ်နဲ့စပ်ပြီးတော့ ဖြစ်တာတွေ ရောဂါဝေဒနာ ဖြစ်လို့ပဲဖြစ်ဖြစ်, သူအလိုလိုပဲဖြစ်ဖြစ်၊ အလုပ်ပင်ပန်းလို့ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ပေါ့လေ ကိုယ်ထဲမှာ နာကျင်ကိုက်ခဲ အခံခက်တာတွေဟူသမျှ အကုန်လုံး ကိုယ် ဆင်းရဲ ဒုက္ခဝေဒနာတွေပဲ။ ဒါလည်း ဒုက္ခဒုက္ခပဲ။ သူလည်း မကောင်းဘူးဆင်းရဲပဲ၊ ကိုယ်ဆင်းရဲတွေဟာ ဖြစ်ပေါ်လာလို့ရှိရင် မကောင်းတာလို့ မကောင်းတာလို့ပဲ စိတ်ဆင်းရဲတွေလဲ မကောင်းဘူး။ စိတ်ဆင်းရဲတွေကတော့ စိတ်ထဲ မချမ်းမသာမှု တွေပဲ။ စိတ်နှလုံးမသာမှု၊ စိတ်ပူပင်မှု၊ ဝမ်းနည်းမှု၊ ပူဆွေးမှု စိတ်ထဲ မခံသာတဲ့ သဘောတွေဆိုရင် အကုန်လုံး စိတ်ဆင်းရဲတွေ၊ အဲဒါလည်း ဒုက္ခဒုက္ခပဲတဲ့။

အဲဒီပဋိသန္ဓေစိတ်နဲ့ ပဋိသန္ဓေဂျမ်မှာ အဲဒီဒုက္ခတွေ မပါဘူး

"သုခဝေဒနာတွေ"တဲ့။ ကိုယ်ထဲ, စိတ်ထဲမှာ ချမ်းသာတဲ့သဘောတွေ, ကိုယ်ထဲမှာ တွေ့ထိပြီးတော့ ကောင်းနေတာတွေ လောကကလဲ ချမ်းသာလို့ပဲ ခေါ်တယ်။ ခုနက သဘာဝသစ္စာမှာလည်းပဲ သုခဝေဒနာလို့ပဲ ခေါ်ရတယ်။ ကောင်းလည်း ကောင်းနေတာပဲ။ စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာပြီး စိတ်ချမ်းသာ နေတာတွေ ရှိတယ်။ လောကမှာလည်း ဒီဥစ္စာကောင်းနေတာပဲ။ ဒီချမ်းသာကိုပဲ အလိုရှိနေကြ တယ်။ သဘာဝသစ္စာအနေနဲ့ လိုက်မယ်ဆိုလို့ရှိရင်လဲ အဲဒီဥစ္စာဟာ သုခဝေဒနာလို့ပဲ ခေါ်တယ်၊ ချမ်းသာလို့ပဲ ခေါ်ပါတယ်။ ဒါပေမယ်လို့ အခု အရိယသစ္စာဒေသနာကျတော့ သူလည်း လောကီတရားဆိုလို့ရှိရင် ဒုက္ခထဲ ထည့်လိမ့်မယ်၊ ဒုက္ခပဲတဲ့။ သူသဘာဝအတိုင်းတော့ သူက မဆင်းရဲ၊ သူဖြစ်လာ အောင်လို့ပဲ တမင်တကာ ရှာဖွေနေ အားထုတ်နေရတာ။ ကိုယ့်အတွေ့အထိ ကောင်းအောင် စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာရှိပြီး စိတ်ချမ်းသာအောင် ဒါလည်း ရှာကြံအားထုတ်နေရတာ။ ကိုယ်ထဲ, စိတ်ထဲ ချမ်းသာနေလို့ရှိရင် ပြီးတာပဲ။ ကိုယ်ထဲ, စိတ်ထဲ ချမ်းသာနေလို့ရှိရင် အကောင်းဆုံးပဲ၊ သူဟာ ဘယ်နည်းနဲ့ပဲ

http://www.dhammadownload.com

ချမ်းသာနေနေ ကိုယ်ထဲ, စိတ်ထဲ ချမ်းသာနေရင် သူဟာ ကောင်းနေတာပဲ။ လောကဘက်နေကြည့်ရင် ကောင်းပါတယ်။ ဒါပေမယ်လို့ သူက ရှိတုန်းတော့ ကောင်းတယ်တဲ့၊ သူမရှိတဲ့အခါကျတော့ အဲဒါ မနေတတ်မထိုင်တတ်နဲ့ ဆင်းရဲတတ်ပါတယ်၊ သူဖောက်ပြန်သွားတဲ့အခါကျတော့ ဆင်းရဲပြီးတော့ ကျန်ရစ်တတ်တယ်တဲ့။ အဲဒါကို "ဝိပရိဏာမဒုက္ခ"လို့ ခေါ်တယ်။

ကိုယ်တစ်ယောက်တည်း နေနေတယ်၊ အစတုန်းက တစ်ယောက်တည်း နေနေတယ်။ အဲ . . . ချမ်းသာနေတာပဲ။ နေသာထိုင်သာရှိနေတယ်။ နောက် အကြောင်းအားလျော်စွာ အဖော်ရလာတယ်၊ နှစ်ယောက်ဖြစ်လာတယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက်လည်း အင်မတန်ခင်မင်ရင်းနှီး, အင်မတန် အဆင်သင့်ပြီးတော့ နေလို့, ထိုင်လို့ အင်မတန်ချမ်းသာပြီးတော့ နေတယ်။ နောက် တစ်နေ့ကျ အကြောင်းမသင့်လို့ ဒီလူနှစ်ယောက် ကွဲသွားလို့ရှိရင် အဲဒါ မကွဲချင်ဘဲနဲ့ ကွဲရလို့ရှိရင် အင်မတန်ဒုက္ခရောက်တယ်။ ကိုယ်က အစတုန်းက ချမ်းသာနေသလောက် ကိုယ်မှာ ကွဲရတဲ့အခါကျရင် ဒုက္ခရောက်တာပဲ။ အခု ဒုက္ခတွေ ရောက်ကြတယ်ဆိုတာ အဲဒါတွေပဲ၊ မခွဲချင်တဲ့ဟာတွေနဲ့ ခွဲရတဲ့အခါကာလကျတော့ အစတုန်း မရှိခင်တုန်းက သူက ကိစ္စမရှိဘူး။ နောက်ရှိလာပြီးတဲ့နောက် ပြန်ပြီးခွဲရတဲ့အခါကျရင် ဒုက္ခတွေဟာ သိပ်ရောက်တယ်။ အဲဒါကြောင့် ချမ်းသာဟာ သူဖြစ်ပေါ်လာတုန်းတော့ ကောင်းတယ်တဲ့။ သူမရှိတဲ့အခါကျတော့ ဒုက္ခရောက်သွားလို့ သူကို "ဝိပရိဏာမဒုက္ခ"လို့ ပြောခဲ့တယ်နော်။

"ဝိပရိဏာမဒုက္ခ"- အဲဒီ"ဝိပရိဏာမဒုက္ခ"ကတော့ဖြင့် ပဋိသန္ဓေထဲမှာ ပါမယ်ဆိုရင် ပါနိုင်တယ်ပေါ့။ ဒါပေမယ်လို့ သူကတော့ သိပ်မထင်ရှားဘူး။ နောက် တစ်ခုက "သခါရဒုက္ခ"တဲ့။ "သခါရဒုက္ခ"ဆိုတာကတော့ အကြောင်းအားလျော်စွာ ဖြစ်ပျက်နေတဲ့သခါရတရားတွေပဲ၊ ဒါတွေကတော့ကို အကုန်လုံး ရုပ်နာမ်တွေဟူသမျှ သခါရတရားတွေချည်းပဲ၊ အကြောင်းရှိလို့ဖြစ်နေတယ်။ ဘယ်ဟာမဆို အကြောင်းရှိမှပဲ ဖြစ်ပေါ်တယ်၊ အကြောင်းမရှိရင် မဖြစ်ပေါ်၊ အကြောင်းရှိလို့ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေဟူသမျှ အကုန်လုံး "သခါရတရားတွေ"လို့ ခေါ်တယ်။ သခါရတရားတွေကလည်း မသက်သာ၊ အမြဲတမ်းပဲ ကြောင့်ကြစိုက်ပြီးတော့ ပြုပြင်ပေးနေရတယ်၊ ပြုပြင်ပေးမှ တော်ရုံပဲရှိတယ်။ အခု ထင်ထင်

http://www.dhammadownload.com

ရှားရှား ပြောရမယ်ဆိုလို့ရှိရင် လူတွေဟာ ကိုယ့်ကိုယ်ကို အမြဲတမ်း ပြုပြင်နေရတယ်။ အသက်ရှည်ဖို့ရာအကြောင်း အပြဲတမ်းပြုပြင်နေရတယ်။ နေ့စဉ် ဆာလောင်မွတ်သိပ်မှု မနှိပ်စက်ရအောင်လို့ အစာအာဟာရတွေ နေ့စဉ် ကျွေးနေရတယ်။ တစ်နေ့ကို တချို့က တစ်ကြိမ်၊ တချို့က နှစ်ကြိမ်၊ တချို့က သုံးလေးကြိမ် ဒီလိုကျွေးနေရတယ်။ နေ့စဉ် အချိန်မှန်မှန် ကျွေးရတယ်။ သူ့အချိန်ကျလို့ ရှိရင် သူက ဆာလာတယ်၊ ဆာလာရင် ကျွေးရတယ်။ မကျွေးလို့ရှိရင် သူက မနေနိုင်၊ မစားရလို့ရှိရင် သေရင်လည်း သေသွားနိုင်တယ်။ အဲဒါကြောင့် နေ့စဉ် အစာအာဟာရနဲ့ သူပြုပြင်ပြီးတော့ ပေးနေရတယ်တဲ့။ တစ်ဘဝသာမဟုတ်ဘူး။ ဘဝတိုင်းဘဝတိုင်း အစာကျွေးပြီးတော့ ပြုပြင်နေရတယ်။ ကိုယ်အသက်ရှည်အောင်လို့ပါ၊ ဒါဟာ သခ်ါရဒုက္ခ-သခ်ါရပြုပြင်နေရတယ်။

ပြီးတော့ အဲဒီအစာအာဟာရကမှ တစ်နေ့မှတစ်ကြိမ် နှစ်ကြိမ်ဆိုတော့ သူက တော်တော်ဝေးပါသေးတယ်။ ကိုယ်ထဲမှာ ညောင်းညာကိုက်ခဲမှုဆိုတာ ရှိတယ်။ ဒါက အမြဲတမ်းပြုပြင်နေရတယ်။ ဘယ်အနေနဲ့မှ ကြာကြာကြီးမနေနိုင်၊ ထိုင်နေလို့ရှိရင်လည်း ခဏနေလို့ရှိရင် ညောင်းလာတယ်။ သူခြေထောက်က နေပြီးတော့ ညောင်းလာရတာနဲ့၊ ပူလာရတာနဲ့၊ လက်ကနေပြီး ညောင်းလာရတာနဲ့၊ ပူလာရတာနဲ့၊ ခေါင်းကနေပြီးတော့ ငုံ့နေရလို့၊ (သို့မဟုတ်) မော့နေရလို့၊ (သို့မဟုတ်) စောင်းနေရလို့ မနေသာဖြစ်လာရတာနဲ့၊ လက်ကတောင့်ပြီးတော့နေလို့ မနေသာ ဖြစ်လာရတာနဲ့၊ ခါးက တောင့်နေလို့ မနေသာဖြစ်လာရတာနဲ့၊ အများကြီး သူဟာ ခဏခဏပြင်နေရတယ်။ မျက်စိက အပြင်ရဆုံးပဲ။ မျက်စိက ခဏခဏ မျက်တောင် ခပ်ရတယ်။ ကြာကြာကြီးဖွင့်မထားနိုင်၊ တော်တော်ကြာလို့ရှိရင် မျက်တောင်တစ်ခါခပ်လိုက်ရပြန်ပြီ၊ အမြဲတမ်း ပြုပြင်ပေးနေရတယ်၊ မနေသာဘူး။ သူက အဲဒါမနေသာလို့ ပြုပြင်ပေးနေရတာတွေ နေသာအောင်လို့ ပြုပြင်ရတာပဲတဲ့။ ဒါလည်း သခ်ါရဒုက္ခတွေပဲ၊ ဒါ ထင်ရှားပါတယ်။

မထင်ရှားတာတွေ မြုပ်နေတာတွေ အများကြီးရှိသေးတယ်။ အဲဒါ ကိုယ်ထဲမှာ ရုပ်နာမ်တွေ အကြောင်းအားလျော်စွာဖြစ်နေတဲ့ ရုပ်နာမ်တွေ, သခ်ါရတရားတွေ ကောင်းမြကောင်းပြီးတော့ နေရန် အမြဲတမ်းကြောင့်ကြစိုက်ပြီးတော့ နေရပါတယ်တဲ့။ အဲဒီလို အမြဲတမ်းကြောင့်ကြစိုက်ပြီးတော့ နေရတဲ့ တရားတွေ

http://www.dhammadownload.com

ဟာ သခါရဒုက္ခတွေပဲတဲ့၊ အဲဒီလို ပြုပြင်ပြီးတော့ ပေးနေရတယ်။ အမြဲတမ်း ဒုက္ခရောက်နေတယ်လို့ ဆိုလိုတယ်၊ ဘာနဲ့တူသလဲဆိုရင် ရေထဲမှာ လှေပေါက် လှေကွဲ စီးနေရတဲ့ပုဂ္ဂိုလ်များ ရေဝင်နေတဲ့အထဲ အပေါက်အကွဲရှိတဲ့ လှေကြီးမလွှဲသာလို့ ခရီးသွားရမယ်ဆိုလို့ရှိရင် ဒီလှေကို ရေထဲမမြုပ်အောင် အမြဲတမ်း ကြောင့်ကြ စိုက်ရလိမ့်မယ်၊ ရေတွေက အမြဲတမ်း ဝင်နေမှာကိုး၊ ဝင်တော့ အဲဒီရေတွေကို ပယ်ထုတ်နေမှဖြစ်မှာ၊ ရေတွေကို ထုတ်ရမယ်၊ လိုရာခရီးရောက်အောင်လို့ လှော်တဲ့ ပုဂ္ဂိုလ်က လှော်၊ ရေတွေဝင်ပြီးတော့ မြုပ်မသွားအောင်လို့ ရေပက်ထုတ်တဲ့ ပုဂ္ဂိုလ်က ပက်ထုတ်လို့ အမြဲတမ်း လုပ်နေရလိမ့်မယ်၊ မလုပ်ပဲနဲ့နေရင် ရေတွေ ဝင်ပြီးတော့ မြုပ်လိမ့်မယ်။

အဲဒါလိုပဲ ကိုယ်ထဲမှာ မပြုပြင်လို့ရှိရင် ဒီသခါရတရားတွေဟာ မြုပ်သွားမယ်၊ ဒုက္ခရောက်သွားမယ်တဲ့၊ ဒုက္ခမရောက်ရအောင် ယခု လောလောဆယ် အမြဲတမ်း စားမှု သောက်မှု နေမှု ထိုင်မှုမှ စပြီးတော့ ကိုယ်ခန္ဓာကြီး ပြုပြင်နေရတယ်၊ ကိုယ်ချမ်းသာမှုရအောင်, စိတ်ချမ်းသာမှုရအောင် အမြဲတမ်း ပြုပြင်နေရတယ်၊ ကြောင့်ကြစိုက်နေရတယ်၊ နောင်သံသရာဘဝတွေ ကောင်းစားရေးလည်း သူကြောင့်ကြစိုက်ရတယ်၊ နောင်သံသရာဘဝကောင်းစားရေးကလည်း ကိုယ့်နည်းနဲ့ကိုယ်ပေါ့လေ၊ သူ့ဘာသာတရားနဲ့သူ ကိုယ်နည်းနဲ့ကိုယ် ပြုပြင်နေကြတယ်၊ မှန်တာလည်းရှိ၊ မှားတာလည်း ရှိ၊ ကုသိုလ်ကောင်းမှုတွေ ပြုနေရတယ်၊ နောင်သံသရာဘဝတွေ ကောင်းအောင်, ချမ်းသာရအောင်လို့ ကုသိုလ်ကောင်းမှုတွေ အမြဲတမ်း ပြုပြင်ပေးနေရတယ်။ မပြုပြင်တဲ့ တစ်နေ့ကျရင် ကုသိုလ်ကံမရှိဘူးဆိုရင် အကုသိုလ်ကနေပြီး အပါယ်ချရင် ဒုက္ခရောက်သွားမှာပဲ၊ ဒါကတော့ ဆင်းရဲတွေကို တစ်ခါတည်း တွေ့သွားမှာ၊ အဲဒီလို မရောက်ရအောင် အမြဲတမ်းပြုပြင်ပြီးတော့ ပေးနေရတယ်၊ အဲဒါကြောင့် မိမိတို့ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ရုပ်တရား နာမ်တရားတွေဟာ သခါရဒုက္ခတွေပဲတဲ့။ အမြဲတမ်း ပြုပြင်ပေးနေရလို့ ဒုက္ခရောက်နေတာတဲ့။ အဲဒါ ဒုက္ခတွေပဲ၊ သေသေချာချာ စဉ်းစားကြည့်ရင် သေသေချာချာ ဒုက္ခရောက်နေတာ၊ ခန္ဓာကိုယ်ကြီးကတော့ သေသေချာချာ ဒုက္ခရောက်နေတာ။

ဘာနဲ့တူတုံးဆိုတော့ ဟိုလူတစ်ယောက်နေကပြီးတော့ ဝန်ထုပ်ဝန်ပိုးကြီး တင်ပေးထားတာနဲ့ တူနေတယ်၊ ဝန်ထုပ်ဝန်ပိုး ဖြုတ်ချလို့လည်း မဖြစ်၊ ကိုယ်

http://www.dhammadownload.com

ပေါ်မှာ ပိလေးနေတာလိုပဲ၊ ဒီရုပ်နာမ်ခန္ဓာတာဝန်ကြီးကို အမြဲတမ်း ဆောင်နေရတယ်၊ ဘယ်ကျမှ ငြိမ်းမလဲဆိုရင် ရဟန္တာဖြစ်ပြီးတော့ နောက်ဆုံးပရိနိဗ္ဗာန်စုတိကျမှ ဒီဝန်ထုပ်ဝန်ပိုးငြိမ်းမယ်၊ အဲဒီနောက်တော့ သူကြောင့်ကြမစိုက်ရတော့ဘူး၊ နို့မို့ရင် ရဟန္တာတောင်မှ သူက ဝန်ထုပ်ဝန်ပိုးကြီးက ဆောင်ရတုန်း ရှိသေးတယ်၊ ရဟန္တာဖြစ်ပြီးတဲ့အခါလည်း အေးအေးဆေးဆေး မနေရသေး၊ ဆွမ်းခံသွားချိန် သွားရတယ်၊ စားချိန် စားရတယ်၊ ရေချိုးချိန် ချိုးရတယ်၊ အိပ်ချိန်လည်း အိပ်ရတယ်၊ ကိုယ်လက်ဆန့်ချင် ဆန့်ရတယ်၊ သူလည်း ပြုပြင်ရသေးတာပဲ၊ နေသာထိုင်သာရှိအောင် လုပ်ရသေးတာပဲ၊ မအေးသေးဘူး၊ သူက အဲဒီရဟန္တာပရိနိဗ္ဗာန်စုတိကျလို့ရှိရင်တော့ အေးသွားတယ်၊ အဲဒီကျတော့ ဘာမျှ မလုပ်ရ၊ အဲဒီကျမှ အေးမှာပဲ၊ အဲဒါကြောင့် မိမိတို့၏သန္တာန်မှာရှိပြီးနေတဲ့ ရုပ်တရား နာမ်တရားတွေဟာ သခ်ါရဒုက္ခတွေပဲ၊ အမြဲတမ်း ပြုပြင်ပေးရတဲ့ တရားတွေတဲ့၊ ပြုပြင်ပေးမှ နေသာ ထိုင်သာရှိပြီးတော့ သက်သာခွင့်ရတဲ့တရားတွေပဲတဲ့။

ဒီတရားတွေဟာ ပဋိသန္ဓေစိတ်ကစပြီးပါတဲ့ ရုပ်နာမ်တွေပဲ၊ သခ်ါရဒုက္ခတွေထဲမှာ ပါတယ်၊ သူလည်းပဲ သခ်ါရဒုက္ခထဲမှာပါတယ်၊ သူလည်း ပြုပြင်ရတာပဲ၊ ဘဝကောင်း ဘဝမြတ်ရအောင်လို့ ပြုတဲ့ကုသိုလ်ကောင်းမှုကတော့ သခ်ါရတွေပဲ။ အခုနေ ကုသိုလ်တွေ, သီလကုသိုလ်တွေ, ဘာဝနာကုသိုလ်တွေ ပြုကြတယ်၊ လွှဘဝ ဘဝကောင်းရအောင်၊ နတ်ဘဝ ဘဝကောင်းရအောင် အဲဒီလိုပြုပြင်တာတွေဟာ သခ်ါရတွေပဲ။ အမြဲတမ်းပြုပြင်ပေးနေရတယ်၊ အဲဒါ သူက သခ်ါရဒုက္ခထဲမှာ ပါတယ်၊ အဲဒါကြောင့်လည်းပဲ သခ်ါရဒုက္ခဖြစ်တဲ့အတွက် ဇာတိဟာ ဒုက္ခပဲလို့။

တစ်နည်းအားဖြင့် "ပရိယာယဒုက္ခ၊ နိပ္ပရိယာယဒုက္ခ"ဆိုရာမှာ ပရိယာယဒုက္ခ - သွယ်ဝိုက်ပြီးတော့ ဆင်းရဲလို့ဆိုရတဲ့တရား၊ နိပ္ပရိယာယဒုက္ခ - မသွယ်ဝိုက်ဘဲနဲ့ တိုက်ရိုက်ဆင်းရဲတဲ့တရား နှစ်မျိုးရှိတာကိုး၊ တိုက်ရိုက်သွယ်ဝိုက် မုချနှင့် ဥပစာလို့လည်း ခေါ်ရတယ်၊ မုချဆင်းရဲ ဥပစာဆင်းရဲ၊ တိုက်ရိုက်ဆင်းရဲ၊ သွယ်ဝိုက်တဲ့ဆင်းရဲ၊ တိုက်ရိုက်ဆင်းရဲကတော့ ခုနက "ဒုက္ခဒုက္ခ"ဆိုတဲ့ တရားတွေပဲ၊ ကိုယ်ထဲ, စိတ်ထဲမှာ မခံသာတဲ့ဆင်းရဲတွေက တိုက်ရိုက်ဆင်းရဲပဲ၊ "နိပ္ပရိယာယဒုက္ခ"လို့ ခေါ်တယ်၊ မုချဆင်းရဲပဲတဲ့၊ ဒါကတော့ ဘာကြောင့် သူကို "ဆင်းရဲ"လို့ ခေါ်သလဲဆိုတော့ ဆင်းရဲလို့ ဆင်းရဲနေတာပဲ၊ တကယ်ကို ဆင်းရဲနေတာပဲ၊ အဲဒီမှ

http://www.dhammadownload.com

တစ်ပါးသော ဒုက္ခသစ္စာထဲ အတွင်းဝင်တဲ့ တရားတွေကတော့ ပရိယာယဒုက္ခ ခေါ်တယ်။ မုချတိုက်ရိုက်အားဖြင့်တော့ သူဟာ မခံသာနေတာတော့ မဟုတ်ဘူး၊ သေသေချာချာလိုက်ပြီး စစ်ကြည့်မယ်ဆိုရင်တော့ သွယ်ဝိုက်တဲ့နည်းနဲ့ ယူလိုက်ရင် သူဒုက္ခထဲ စာရင်းဝင်နေတယ်တဲ့။ ဘယ်လိုနည်းနဲ့ဝင်တုံးဆိုတော့ အခု ဘဝအသစ်ဖြစ်လိုက်ရင် ဘဝသစ်ဖြစ်ခြင်းအကြောင်းပြုပြီးတော့ အဲဒီဘဝနဲ့ ဆိုင်တဲ့ ဆင်းရဲတွေ အကုန်လုံးရောက်လာပါတယ်တဲ့။

ဥပမာ - ငရဲဆင်းရဲ၊ ငရဲဘုံမှာဖြစ်ရတဲ့ဆင်းရဲ၊ ငရဲမှာ ခံရတဲ့ဆင်းရဲ၊ ငရဲမီးလောင်နေတဲ့ဆင်းရဲ၊ ငရဲထိန်းတွေ လာနှိပ်စက်ပြီး နှိပ်စက်ခံရတဲ့ ဆင်းရဲ၊ အဲဒီဆင်းရဲတွေဟာ အများကြီးရှိပါတယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေပါပဲ။ အဲဒီဆင်းရဲတွေဟာ ဘာကြောင့် ခံရသလဲဆိုရင် ငရဲမှာဖြစ်တဲ့ ပဋိသန္ဓေကလေးကြောင့် စပြီးဖြစ်လိုက်လို့၊ ငရဲမှာမဖြစ်ဘဲနေရင် ငရဲဆင်းရဲတွေ ဘာမှကြောက်စရာမလို၊ အခု သတ္တဝါတွေကြောက်နေတာက ငရဲကမှာ ကြောက်တယ်ဆိုတာ အဲဒီပဋိသန္ဓေလေးဖြစ်မှာကြောက်နေရတာ၊ ပဋိသန္ဓေလေး ဖြစ်လိုက်လို့၊ မဖြစ်ရင် ဘာမှကြောက်စရာမလိုဘူး၊ သူက စလိုက်တဲ့အတွက် ငရဲဒုက္ခတွေ အနှစ်သိန်းပေါင်းသန်းပေါင်းများစွာ ခံရတယ်တဲ့။ ဒါကြောင့်မို့ အဲဒီပဋိသန္ဓေဟာ ဒုက္ခပါပဲ။ ထို့အတူ ပြိတ္တာဖြစ်ပြီး ဆင်းရဲတွေ ခံနေရတယ်ဆိုတာ ပြိတ္တာဖြစ်တဲ့ဇာတိကြောင့် ဖြစ်ရတာပဲ၊ တိရစ္ဆာန်ဖြစ်ပြီးတော့ ဆင်းရဲတယ်ဆိုတာလည်း တိရစ္ဆာန်ရဲ့ဇာတိကြောင့်ပဲ။

ဥပမာ - နွားဖြစ်ပြီးတော့ ဆင်းရဲတယ်ဆိုတာ နွားဆင်းရဲတွေဟာ နွားရဲ့ဘဝကလေး အသစ်ကလေး စဖြစ်လို့၊ အသစ်ကလေးမဖြစ်ရင် နွားဒုက္ခမဖြစ်ဘူး။ မြင်းဒုက္ခ၊ ကျွဲဒုက္ခ၊ ခွေးဒုက္ခ၊ ကြက်ဒုက္ခ၊ ဝက်ဒုက္ခ စသည်ဖြင့် အများကြီပေါ့လေ။ တိရစ္ဆာန်တွေ ကိုယ့်ဒုက္ခတွေနဲ့ ကိုယ်ဖြစ်ရတာ၊ အဲဒါတွေဟာ ဘဝအသစ်ဖြစ်တဲ့ဇာတိအကြောင်းပြုပြီး ဖြစ်လာတာ၊ တစ်ခါ လူဘဝမှာလည်းပဲ ဆင်းရဲတွေရှိတာပဲ။ ကံအားလျော်စွာ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေလည်း အထိုက်အလျောက် ချမ်းသာတာတော့ ချမ်းသာတာ ရှိပါတယ်။ ဒါပေမယ်လို့ များသောအားဖြင့် ဆင်းရဲတွေက အတော်များတယ်၊ အဲဒီလူဘဝ ဆင်းရဲတွေလည်း ဘယ်ကလာသလဲ ဆိုရင် ဒီပဋိသန္ဓေက လာတာပဲ။ လူဘဝ ပဋိသန္ဓေစိတ်ကလေးအသစ်ဖြစ်လို့၊ အဲဒီပဋိသန္ဓေအသစ်မဖြစ်လို့ရှိရင် လူတစ်ဘဝနဲ့ဆိုင်တဲ့ ဆင်းရဲတွေ ဘာမှမဖြစ်ရဘူး။

http://www.dhammadownload.com

ကာယဒသကကလာပ်

အခု ပဋိသန္ဓေဖြစ်ပေါ်တဲ့အတွက် ဆင်းရဲတွေ ဖြစ်ရတယ်၊ ဘယ်က စဖြစ်လာသလဲဆိုတော့ အဓိဝမ်းထဲ ပဋိသန္ဓေနေရတာက ဖြစ်လာတာပဲတဲ့။ အဓိဝမ်းထဲ ပဋိသန္ဓေနေကတည်းက အင်မတန်သေးမွှားတဲ့ မျက်စိဖြင့် မမြင်နိုင်ကောင်းတဲ့ ရုပ်ကလေးက စပြီးတော့ တည်လာရတာကိုး။ "ကလလရေကြည်" ဆိုတဲ့ဟာကို မျက်စိဖြင့် မမြင်နိုင်၊ အင်မတန် သေးမွှားတဲ့ရုပ်ကလေး စပြီးတော့ ဖြစ်လာတယ်။ အဲဒါလေးက စပြီးတော့ တစ်နေ့က ပြောခဲ့တဲ့အတိုင်း ကလာပ်ပေါင်း သုံးခု၊ ရုပ်ပေါင်းအားဖြင့် သုံးဆယ် ရှိတယ်။ "ကလာပ်"ဆိုတာက ရုပ်အစုအဝေးကို ခေါ်တယ်၊ ကလာပ်အပေါင်း၊ အပေါင်းအစုဆိုတာ ရုပ်ဆယ်ခု အပေါင်း ဒသကကလာပ် ရှိတယ်၊ ဒီထက်နည်းပြီး ကိုးခုပေါင်း, ရှစ်ခုပေါင်းလည်း ရှိတယ်။ ဒီထက် များပြီးတော့ ဆယ့်တစ်ခု၊ ဆယ့်နှစ်ခု၊ ဆယ့်သုံးခုတို့ ဒီလိုလည်းရှိပါတယ်။ ဒီမှာဆယ်ခုပဲ။ ရုပ်ဆယ်ခုအပေါင်းကလာပ်၊ ရုပ်ဆယ်ခု အပေါင်းကလာပ်က ဘာတွေတုံးဆိုရင် ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်လို့ သုံးခု ရှိတယ်၊ "ကာယ"ဆိုတာကတော့ ကိုယ်ပေါ့လေ။ အတွေ့အထိတွေကို တွေ့ထိ နိုင်တယ်။ ကာယဒသကကလာပ်က အဲဒီထဲမှာပါတဲ့ ဓာတ်သဘာဝရုပ်ကြောင့် အတွေ့အထိတွေကို တွေ့ရတယ်၊ ကာယပသာဒရုပ်နဲ့ တွဲပြီးတော့ ရုပ်ဆယ်ခုပေါင်း ကာယဒသကကလာပ်-တဲ့။ "ဘာဝဒသကကလာပ်" ဆိုတာ ယောကျ်ား မိန်းမဖြစ်ကြောင်းရုပ်ပဲတဲ့။ အဲဒီရုပ်နဲ့တွဲပြီးတော့ ရုပ်ဆယ်ခု အပေါင်းကို ဘာဝဒသကကလာပ်ခေါ်တယ်။

ဝတ္ထုဒသကကလာပ်

"ဝတ္ထုဒသကကလာပ်"တဲ့။ ဒါကတော့ စိတ်၏တည်ရာ မှီရာဖြစ်တဲ့ရုပ်ပဲ၊ စိတ်က အဲဒီရုပ်ပေါ်မှာမှီရတဲ့ ဝတ္ထုရုပ်ဆိုတာ ရှိတယ်၊ အဲဒီရုပ်မှာ မှီရတယ်၊ ပဋိသန္ဓေစိတ်ကလေးက အဲဒီမှာ တည်တည်ပြီး ဖြစ်တယ်။ အဲဒီဝတ္ထုရုပ်နှင့်တကွ ရုပ်ဆယ်ခုအပေါင်းကို "ဝတ္ထုဒသကကလာပ်"လို့ ခေါ်တယ်။ အဲဒီတော့ နာမည်ခေါင်းတပ်ပြီး ခေါ်တာကတော့ ကာယရယ်၊ ဘာဝရယ်၊ ဝတ္ထုရယ် သုံးခုပဲ ရှိတယ်။ ကျန်တဲ့ရုပ်ကိုးခုစီကတော့ အမျိုးတူနေပြီ၊ သူကတော့ ရုပ်ကိုးခုက အမျိုးတူတယ်၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီးလေးပါး၊ ပြီးတော့

http://www.dhammadownload.com

ဝဏ္ဏ-အဆင်း၊ ဂန္ဓ-အနံ့၊ ရသ-အရသာ၊ ဩဇာဆိုတာက အဆီအစေး၊ အဲဒါ ရှစ်ခုရှိတယ်၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဓာတ်ကြီးလေးပါ၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ လေးပါး ပေါင်းလျှင် ရှစ်ခုဖြစ်သွားတယ်၊ နောက် 'ဇီဝိတ'ခေါ်တဲ့ အသက်ရှပ်ကလေး ရှိတယ်၊ တစ်သက်လုံး တစ်ဘဝလုံး ဇီဝိတကြောင့် ဆက်ခါ ဆက်ခါ အလားတူဖြစ်တယ်၊ အသက်ရှင်နေတယ်၊ ဇီဝိတကြောင့် သတ္တဝါတွေဟာ အသက်ရှင်နေတယ်၊ ဒီရှပ်မျိုးပြတ်သွားတဲ့အခါ သေတာပဲ၊ အဲဒီ ဇီဝိတ ရှပ်ကလေးဆိုတာပါတယ်၊ ကိုးခုဖြစ်သွားပြီ၊ အဲဒီရှပ်ကိုးခုနဲ့ ကာယပသာဒ ခေါ်တဲ့ ကိုယ်ရှပ်နဲ့ တွဲလိုက်တော့ ကာယဒသကကလာပ်တဲ့၊ ရှပ်ဆယ်ခု ရှိတယ်၊ သူက ရှပ်မှန့်ကလေးတစ်ခုပေါ့လေ၊ မမြင်ရ၊ မြင်နိုင်လောက်အောင် ကြီးတာ မဟုတ်ပါဘူး၊ အင်မတန်ကိုသေးတယ်၊ မြင်နိုင်တာထက် ဟိုဘက်ကို အများကြီး သေးနေသေးတယ်၊ ခုန ရှပ်ကိုးခုနဲ့ ဘာဝနဲ့ တွဲလိုက်တော့ ထိုရှပ်ဆယ်ခုအပေါင်း ကို ဘာဝဒသကကလာပ်လို့ ခေါ်တယ်၊ ဒါကလည်း အင်မတန်သေးတာပဲ။

"ဝတ္ထုဒသကကလာပ်" ခုနပြောတဲ့ ရှပ်ကိုးခုနဲ့ ဒီစိတ်စေတသိက်၏ မှီရာဖြစ်တဲ့ ဝတ္ထုရှပ်နဲ့ တွဲလိုက်တော့ သူလည်း ဆယ်ခုပဲ၊ ဝတ္ထုဒသကကလာပ်တဲ့၊ အဲဒါ ကလာပ်အားဖြင့် ရှပ်မှန့်ကလေး သုံးခုရှိတယ်တဲ့၊ မျက်စိနဲ့ မမြင်နိုင်လောက်တဲ့ အင်မတန်သေးတဲ့ ရှပ်မှန့်ကလေး၊ ဒီလိုအမှန့်ကလေးတွေ လေးငါးဆယ်တောင် မမြင်သေးဘူး၊ သူဟာ အင်မတန်သေးတဲ့ဟာလေးတွေ၊ အဲဒီထက် အင်မတန်ကို သေးပါတယ်၊ အဲဒီတော့ ဒီရှပ်မှန့်ကလေး သုံးခုထဲမှာ ပါဝင်တဲ့ ရှပ်တရားက ဘယ်လောက်ပါသလဲဆိုရင် တစ်ခုတစ်ခုမှာ ဆယ်ခုဆယ်ခုပါတယ်၊ အားလုံးရှပ်ပေါင်းသုံးဆယ်တဲ့၊ ကလာပ်အားဖြင့် သုံးခု၊ ရှပ်အမျိုးပေါင်းအားဖြင့် သုံးဆယ်၊ အဲဒါကစပြီး ပဋိသန္ဓေဖြစ်လာဝဟာကိုး။ အဲဒီမှာ ဝတ္ထုရှပ်ကို မှီပြီးတော့ ပဋိသန္ဓေစိတ် ဖြစ်လာတယ်တဲ့။ ပဋိသန္ဓေစိတ်က ဘယ်ကလာတုံးဆို ဟိုဘဝ သေခါနီးက စွဲလာတဲ့စိတ်တွေ၊ သေခါနီးမှာ လူဖြစ်မယ့်ပုဂ္ဂိုလ်တွေ ကုသိုလ်ကောင်းမှုတစ်ခုခု ကို အာရုံပြုပြီး စွဲလာတယ်၊ သေလာတယ်။ အဲဒီစွဲခဲ့တဲ့အာရုံကလည်း နှလုံးသွင်းတဲ့ စိတ်ကလေးပါပဲ။ ဒီစိတ်ကလေး အစွဲမပြေတာလေးပေါ့လေ။ အိပ်မက်မက်ရာက နိုးလာတော့ အိပ်မက်ထဲကအာရုံ စိတ်ထဲ မပျောက်သလို အဲဒါကိုပဲ ဟိုဘဝက အာရုံမပျောက်ပဲနဲ့ ဟိုဘဝက အာရုံလေး စွဲရင်းစွဲရင်းနဲ့ တစ်ခါတည်း သေလာတော့ ဒီမှာ ပဋိသန္ဓေစိတ်ကလေးကလည်း စွဲရင်းပဲ လာဖြစ်တာကိုး။ အဲဒါကိုပဲ

http://www.dhammadownload.com

"ပဋိသန္ဓေစိတ်"လို့ ခေါ်တယ်။ သူကနေပြီး ဆက်ပြီးတော့ သူလိုအလားတူ စိတ်တွေဖြစ်တယ်၊ ဒီထဲကနေပြီး နောက်ရင့်လာတဲ့အခါကျတော့ကို မြင်စရာ ,ကြားစရာရှိရင် မြင်တဲ့စိတ်ဖြစ်တယ်၊ ကြားတဲ့စိတ်ဖြစ်တယ်၊ စဉ်းစားတဲ့စိတ်ဖြစ်တယ်၊ တော်တော်ကြာရင် အဲဒီပဋိသန္ဓေတုန်းက စိတ်မျိုးတွေ ပြန်ပြီးတော့ ဖြစ်တာကို "ဘဝင်စိတ်"လို့ ခေါ်တယ်။ ဒီလိုပဲ ဖြစ်မယ်။ တစ်သက်လုံး အဲဒီဟာ ပဋိသန္ဓေအခါကာလတုန်းက ကလာပ်အားဖြင့် သုံးခု၊ ရုပ်အားဖြင့် သုံးဆယ်၊ "ကလလရေကြည်"ခေါ်တဲ့ အင်မတန်သေးလွန်းတဲ့ရုပ်ကလေးက စပြီးတော့ ဖြစ်လာတယ်တဲ့။

ဝမ်းထဲမှာဖြစ်တော့ ဘယ်လိုနေရာဖြစ်သလဲဆိုတော့ ဖြစ်ကတဲကိုက သူဟာ အစာသစ်အိမ်, အစာဟောင်းအိမ်တွေကြားထဲမှာ ဖြစ်လာတယ်တဲ့။ ဝမ်းထဲမှာ သူက သာသာယာယာ သန့်သန့်ပြန့်ပြန့် နေရာမျိုးမဟုတ်ဘူးတဲ့။ ဖြစ်ကတည်းက အင်မတန် မသန့်ရှင်းတဲ့ ဝမ်းထဲမှာ ဖြစ်ရတယ်တဲ့။ ဒီထဲကစပြီးတော့ သူ နေရာမကောင်းဘူးလို့ ဆိုလိုတယ်။ ဟိုပဋိသန္ဓေက သူဟာသူဖြစ်လို့ပေါ့လေ။ သူအခု ဒီလိုကြီးပြင်းပြီးတော့ နေတဲ့ပုဂ္ဂိုလ်ကို ဒီနေရာမှာတော့ တစ်ညလောက် အိပ်စမ်းပါဆိုရင် ဘယ်အိပ်နိုင်လိမ့်မတုံး၊ ဟော. . အမိဝမ်းထဲ သွားပြီးတော့ တစ်ညလောက် အိပ်စမ်းပါအုံးဆိုတာ ဘယ်အိပ်နိုင်လိမ့်မတုံး၊ တခါတည်း သွားပြီးတော့ ဘယ်သူမှ မနေချင်ကြဘူး၊ ဘယ်သူမှ မအိပ်ချင်ကြဘူး၊ ဟိုတုန်းက သူဟာသူဖြစ်လာလို့သာ၊ အင်မတန်မသန့်ရှင်းတဲ့နေရာပဲတဲ့။ တစ်ညလောက် မပြောနဲ့ တစ်ခဏလောက်ကို နေဖို့ရာ နေချင်မှာ မဟုတ်ဘူး။ ဒီနေရာကတော့ ကောင်းတဲ့နေရာမဟုတ်လို့ ထားအုံးတော့၊ အစာသစ်တွေဆိုတာလည်းပဲ အင်မတန်နံစော်ပြီး မသန့်ရှင်းတဲ့ဟာတွေပဲ။ အစာဟောင်းတွေဆိုတာလည်း မသန့်ရှင်းတာတွေပဲ။ ဒီဝမ်းထဲမှာ ဒီပြင်မသန့်ရှင်းတဲ့ သွေးပုပ်တွေ ဘာတွေ ရှိပါသေးတယ်။ ဒီဥစ္စာတွေကလည်း ကောင်းတာတွေ မဟုတ်ဘူး။ အပြင်ဘက်က နေပြီး လူမှာ အရေခွံဖုံးထားတော့ အတွင်းက အသားတွေတို့, အသွေးတွေတို့ အဲဒီလိုမစင်ကြယ်တာတွေ မမြင်ရလို့ပဲတဲ့။ သူက သပ်သပ်ရပ်ရပ်ကလေး ချောလို့ နေတယ်။ အတွင်းမှာ သေသေချာချာ ဖွင့်လှန်ကြည့်မယ်ဆိုလို့ရှိရင် လူတိုင်းထဲမှာ အစိတ်အပိုင်းတွေဟာ ရွံစရာတွေချည်းပဲ။ ဘာမှကောင်းတာတွေ မဟုတ်ဘူး။ ဒီထဲကနေပြီး တချို့ရောဂါဝေဒနာတွေက ဖြစ်လိုက်သေးတယ်။

http://www.dhammadownload.com

အဲဒါ ရောဂါဝေဒနာတွေကရှိလို့ရှိရင် သာပြီးတော့ ရွံစရာကောင်းတာပဲ။ အဲဒါကြောင့် ပဋိသန္ဓေနေကတည်းက အင်မတန်မကောင်းတဲ့နေရာမှာ သူ ပဋိသန္ဓေနေလာရတယ်တဲ့။ နေတော့လည်း သူဟာ တစ်ခဏလည်း မဟုတ်၊ လူဆိုလို့ ရှိရင်ဖြင့် ရှစ်လ ကိုးလ ဗီလိုနေရတာကိုး။ အကြာချည်းပဲ။ ဒီထဲမှာ အဲဒါတွေ မလှုပ်ရ၊ မယှက်ရ၊ မဆန့်ရ၊ ဘာမှ မပြုပြင်နိုင်ဘူး၊ အဲဒီတော့ အမိဖြစ်တဲ့ပုဂ္ဂိုလ်က လှုပ်တိုင်း, ယှက်တိုင်း, ကြမ်းကြမ်းတမ်းတမ်း ပြုမူတိုင်း အတွင်းမှာ ပဋိသန္ဓေတည်နေတဲ့ပုဂ္ဂိုလ်လည်း ဒုက္ခရောက်နေတာပဲ။ ပြီးတော့ အပူအအေး စသည်တို့ မသင့်တာတွေကို စားတိုင်း စားတိုင်းဟာလည်းပဲ အင်မတန် ဒုက္ခရောက်နေတယ်လို့ ဆိုတယ်။ ရှုပ်ကလေးက အင်မတန်နုနုကလေး။ ခုန ကလလရေကြည်ဆိုတာလဲ အင်မတန်သေးပါသေးတယ်။ သွေထက်ကြီးတာတောင်မှ ရှုပ်ကလေးက အင်မတန်နုနေတာကိုး။ အဲဒီတော့ ဒီကနေပြီးတော့ အေးတဲ့အစာ အာဟာရတွေ စားလိုက်အုံးမှာ၊ ရေခဲရေတွေ သောက်လိုက်လို့ရှိရင် အင်မတန်ကို အေးမှာ၊ ဟိုဟာကလေးက သေးသေးကလေး ရေခဲနဲ့ စိမ်လိုက်တာလို ဖြစ်သွားမှာ။ လက်ဖက်ရည်တို့ ဘာတို့ အင်မတန်အပူတွေ သောက်လိုက်တဲ့အခါကျလို့ရှိရင်လည်း အင်မတန်ပူသွားမှာပဲ။ ငရုတ်သီးတွေ ဘာတွေ စားလိုက်လို့ရှိရင် ဟိုမှာ အင်မတန်ပူမယ်။ တစ်ခါတစ်ခါ ကလေးမပြောနဲ့၊ အဆင်မသင့်လို့ရှိရင် ငရုတ်သီးပူပူစပ်စပ် သွားစားမိလို့ရှိရင် တစ်ခါတည်း ဒုက္ခတွေရောက်ပြီး မျက်ရည်တွေကျလို့ အင်မတန်ကို ဒုက္ခရောက်တယ်။ ဒါလူကြီးတောင် ဒုက္ခရောက်တယ်။ အဲဒီတော့ မိခင်အစားအသောက်နဲ့စပ်ပြီးတော့လည်း ဗီကလေးဟာ ဒုက္ခတွေ အများကြီး ရောက်ခဲ့ရပါတယ်။ ဒါပေမယ်လို့ မမှတ်မိလို့ တော်တော့ တော်သေးရဲ့နော်။ မှတ်မှားမှတ်မိလို့ရှိရင်လေ အင်မတန်ကို ကြောက်မယ်။ လူတွေ မမှတ်မိကြလို့ မှတ်မိကြမယ်ဆိုရင် နောက်တစ်ခါ ဘဝအသစ်ကို ဖြစ်ချင်မှာ မဟုတ်တော့ဘူး။ ဖြစ်ရမှာ သိပ်ကြောက်ကြမယ်။ ခုတော့ မမှတ်မိတော့ တယ်ကိစ္စမရှိလှဘူး။

စာပေကျမ်းဂန်တွေ ပြောထားလို့သာ၊ နဂိုက မှတ်မှမမှတ်မိပဲဟာကို။ နေသာထိုင်သာတော့ ရှိပါရဲ့၊ သူဥစ္စာတော်ပါသေးရဲ့လို့ ဆိုရမှာပဲ။ နောက်ဆုံး ဖွားမြင်တဲ့အခါကာလတွေမှာ အင်မတန်ကြီးကျယ်စွာ ဒုက္ခရောက်ပါတယ်တဲ့။ ဒါကတော့ မိခင်ဖြစ်တဲ့ပုဂ္ဂိုလ်တွေ သာပြီးတော့ သိမှာပေါ့။ အင်မတန်ဒုက္ခရောက်တယ်လို့ ပြောသံကြားတယ်။ မွေးဖွားပြီးတဲ့ အခါကာလမှာလည်း

http://www.dhammadownload.com

ဒီကလေးလေးဟာ အင်မတန်နုနေတဲ့အသားနဲ့ အသားအရေလေးတဲ့။ အဲဒါလေး တွေကို ဒီက အဝတ်ကြမ်းတွေ ဘာတွေနဲ့ ထိကြ၊ လက်နဲ့ ဘာနဲ့ ထိကြ၊ ဆေးကြ ကြောကြ၊ ကိုင်ကြ၊ တွယ်ကြနဲ့ အဲဒီမှာလည်းပဲ အင်မတန်နာကျင်ပါတယ်တဲ့။ ဒါတွေလည်းပဲ မမှတ်မိလို့တော်ရဲ့၊ ကလေးတွေက ကြီးလာတော့ မမှတ်မိကြ၊ မေ့ကုန်တယ်။ သူတို့ မမေ့ဘဲနဲ့သာ သတိရနေမယ်ဆိုလို့ရှိရင် သူကလည်း ကြောက်စရာ အင်မတန်ကောင်းမှာပဲတဲ့။ အဲဒီဆင်းရဲတွေ ဘယ်ကလာတုံး ဆိုလို့ရှိရင် ဒါက ဘဝအသစ်ဖြစ်မိလို့ပဲ။ ဘဝအသစ်မဖြစ်ရလို့ရှိရင် ဒီဆင်းရဲတွေ မတွေ့ရဖူး။ နောက် ကလေးလေး ဖြစ်လာပြန်တော့လည်း ကိုယ်ကို မလှုပ်နိုင် မယှက်နိုင်ရှိသေးတယ်၊ နွားတို့၊ မြင်းတို့၊ ဆင်တို့ဆိုတဲ့ ဒီကောင်တွေကတော့ မွေးပြီးရင် သူတို့က ကလေးလေးပေမယ့် သူတို့က ထပြီးတော့ လမ်းလျှောက် နိုင်တယ်၊ သွားနိုင်တယ်၊ တော်သေးတယ်။

ဒါပေမယ့် လူကတော့ မလှုပ်နိုင်ဘူး၊ မွေးပြီးတစ်ခါတည်း မိဘတွေကသာ မပြုစုဘူးဆိုရင် သူဟာ အခက်သားပဲ၊ ဘာမှ မလုပ်နိုင်ဘူး၊ လှည့်တောင် မလှည့်နိုင်ဘူးတဲ့၊ ညောင်းလို့လည်းပဲ မပြောနိုင်ဖူး၊ ပူလို့လည်းပဲ မပြောနိုင်ဘူး၊ ယားလို့ လည်းပဲ မပြောနိုင်ဘူး၊ ကိုယ်ဟာကိုလည်း မပြုပြင်နိုင်ဘူး၊ ဒီထဲက ခြင်တွေ ဘာတွေ စသည် ကိုက်မယ်ဆိုလို့ရှိရင်လည်းပဲ သူ ဘာမှမတတ်နိုင်ဘူး၊ အဲဒါ သူဟာ ငိုရုံပဲ ရှိတာပဲ။ အဲဒီဆင်းရဲအမျိုးမျိုးလည်းပဲ ကလေးငယ်ငယ်ရွယ်ရွယ်က ခံခဲ့ရပါတယ်တဲ့။ သူလည်း မေ့ကုန်လို့တော်သေးရဲ့၊ ဒါတွေကလည်း အားလုံး မေ့ကြတာချည်းပါပဲ၊ ဒါတွေမေ့တာတွေဟာ ကောင်းကောင်းလို့ ဆိုရမှာပါပဲ။ မမေ့ရင် သိပ်ကြောက်နေရမှာ၊ နောက် ကြီးပြင်းလာတဲ့အခါလည်းပဲ ကိုယ့်ဟာကို ရှာမှီးပြီးသကာလ စားနိုင်, မသောက်နိုင်, လုပ်နိုင်, ကိုင်နိုင် ကိုယ့်ကိုယ်လေးအတွက် ချမ်းသာရအောင်လို့ ရှာမှီးရတာကိုး။ ရှာမှီးရပြီး မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ ပိုပြီးတော့ ဒုက္ခရောက်တာပေါ့။ ရှေးရှေးသော ဘဝတွေက ဒါနကုသိုလ် အဆောက်အဦးက နည်းလို့ အဲဒီလိုပုဂ္ဂိုလ်တွေ ဖီဘဝမှာ ဆင်းရဲတာပဲ။ ဆင်းရဲတယ်၊ ဆင်းရဲတော့ အဲဒီပုဂ္ဂိုလ်တွေက စားရေး သောက်ရေး နေရေး ထိုင်ရေး အင်မတန်ဒုက္ခရောက်ရှာကြပါတယ်၊ အင်မတန်ကို သနားစရာကောင်းပါတယ်။

ဒါပေမယ်လို့ ဆရာတော်ကြီးတစ်ပါးကတော့ "ဟေ့ ခွေးပိန်တွေ ဘာတွေ တွေ့လို့ရှိရင်နော် မကျွေးကြနဲ့တဲ့၊ ရိုက်သာ ရိုက်ပေတော့တဲ့။ ဘာဖြစ်လို့တုံး

http://www.dhammadownload.com

ဆိုတော့ သူ ဟိုဘဝတုန်းက ကောင်းကောင်းမွန်မွန် မနေခဲ့ဘူး-တဲ့။ သူက ဒီကုသိုလ်ကောင်းမှုတွေ သူမပြုခဲ့ဘူးတဲ့၊ သူ့ကို သနားနေလို့ မဖြစ်ဘူး။ သူက ဟိုဘဝတုန်းက ကုသိုလ်ကောင်းမှုမပြုလို့ ကျွေးမယ့်လူ မရှိ၊ မွေးမယ့်လူ မရှိ၊ ဒါကြောင့် သူက ဒုက္ခရောက်နေတာတဲ့။ ဒီဘဝ ဘယ်သနားလို့ ဖြစ်မလဲတဲ့။ ဟိုဘဝက သူမိုက်လာလို့တဲ့။ အဲဒီတော့ တွေ့လို့ရှိရင် ခဲနဲ့ပေါက်၊ ရိုက်ရမယ်"လို့ ဆရာတော်ကြီးတစ်ပါးကတော့ ရီစရာ မောစရာ ပြောတယ်။ ဟုတ်တယ်၊ အဲဒါ ဆင်းရဲတဲ့ ပုဂ္ဂိုလ်တွေကလည်း သူ့ဟာ ဆင်းရဲစရာအကြောင်းလေးတွေ ရှိတယ်။ ဟိုဘဝက ဆင်းရဲစရာအကြောင်းလေးတွေ သူက ပြုလာတာကို။ အဲဒါလိုပဲ အခုလောလောဆယ် တစ်ခါတည်း မကောင်းမှု အကုသိုလ်တွေ ပြုတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ သူက တစ်နေ့ကျလို့ရှိရင် အဲဒီလို ဒုက္ခရောက်ဖို့ရာတွေပဲ။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ဖြစ်ရာဘဝမှာ စားရေး သောက်ရေး နေရေး ထိုင်ရေးတို့အတွက်လည်း အင်မတန်ရှာမှီးရပါတယ်။ ပြည့်လည်း မပြည့်စုံနိုင်ဘူး၊ ဒုက္ခတွေ အများကြီး ရောက်ရပါတယ်တဲ့။ ဒီထဲကနေပြီးတော့ ရောဂါဝေဒနာတွေဆိုတာလည်းပဲ မဖြစ်ဘဲနေမှာ မဟုတ်ဘူး၊ ဖြစ်သေးတာပဲ။ အဲဒါတွေနဲ့ တွေ့ရတယ်။ ကိုယ့်ကိုနိုင်တဲ့ ပုဂ္ဂိုလ်တွေ ညှဉ်းဆဲမှုနှိပ်စက်မှုတွေလည်းပဲ အကြောင်းအားလျော်စွာ တွေ့ရတယ်။ ခေတ်ကာလ မကောင်းတဲ့အခါ၊ အုပ်ချုပ်ရေး ညံ့ဖျင်းနေတဲ့အခါကာလတွေများတော့ နိုင်ရာနိုင်ရာတွေက တယ်ညှဉ်းဆဲကြတာကိုး။ ညှဉ်းဆဲကြတာတွေ အင်မတန် ကြောက်စရာကောင်းတယ်။

အထင်ရှားဆုံး ဆိုလို့ရှိရင် အခု ဘုန်းကြီးများသိခဲ့ရတာ၊ ဘုန်းကြီးများမျက်မှောက်တွေ့ခဲ့ရတာကတော့ စစ်ခေတ်အတွင်းတုန်းကပေါ့လေ။ ဂျပန်ခေတ်အတွင်းက တွေ့တာ များပါတယ်၊ တစ်ခါတည်း မပြောနဲ့တော့၊ နိုင်ရာနိုင်ရာပုဂ္ဂိုလ်တွေက သိပ်ညှဉ်းဆဲတာကိုး၊ ပြောသံကြားရတယ်။ ကိုယ်တိုင်တော့ မတွေ့ရပါဘူး။ ဘာမှအကြောင်းမရှိဘဲနဲ့ သက်သက်မယ့် နိုင်ရာနိုင်ရာ ညှဉ်းဆဲတာတွေ ရှိတယ်။ အခုကာလတိုင်အောင်လည်းပဲ တချို့တချို့သော နေရာမှာ နိုင်ရာနိုင်ရာ ညှဉ်းဆဲမှုတွေ ဒီလိုရှိတာပါပဲတဲ့။ ဒါ လူမို့ တော်သေးတာ။ ဒီမြင်တိရစ္ဆာန်တွေ ဘာတွေကျတော့ ဘယ်သူမှ ကယ်မယ့်သူတောင်မရှိ၊ မြင်ရဲ့သားနဲ့ ဒီလိုပဲကြည့်နေကြရတာပဲ၊ သူ့ကို ဘယ်သူမှ ကယ်ဖို့ မတတ်နိုင်ဘူး။

http://www.dhammadownload.com

ဥပမာအနေနဲ့ ပြောရရင် - ဝက်သတ်သမားက ဝက်သတ်တယ်၊ အသတ်ခံရတဲ့ဝက်က အော်ရှာနေတယ်။ တစ်ခါတည်း တကျည်ကျည်နဲ့ အော်နေတယ်၊ အရပ်က လူတွေလည်း အသိသားပဲ။ ဝက်သတ်တယ်လို့ ဟိုသတ်ခံရတဲ့အကောင်လည်း မသေချင်ရှာလို့ သူခမျာ ငိုရှာတယ်။ သနားစရာကောင်းတယ် ဆိုတာလည်း သူဥစ္စာ အသိသားပဲ။ နို့ ဘာတတ်နိုင်မှာတုံး၊ ဘာမှ မတတ်နိုင်ဘူး။ သနားရင်လည်း သနားတာ ရှိတယ်၊ သနားရုံပဲ။ တချို့ကလည်း မသနားဘဲ နေချင်နေမှာပေါ့။ သနားရင်လည်း သနားရုံပဲရှိတယ်၊ ဘာမှ မတတ်နိုင်ဘူး၊ သူ့အကြောင်းကံအားလျော်စွာ ဒုက္ခတွေ ခံရတယ်။ ဒီပြင်သတ္တဝါတွေလည်း ဒီလိုပဲ ညှဉ်းဆဲခံနေရတယ်၊ နိုင်ရာနိုင်ရာကနေပြီးသကာလ ညှဉ်းဆဲ သတ်ဖြစ်တာတွေခံ ရတယ်။ အဲဒါတွေဟာ သေသည်တိုင်အောင် တစ်ဘဝလုံး ဒုက္ခတွေ ရောက်သွားတာ။ ဘယ်ကလာတာတုံးဆိုရင် "အရင်းစစ်လိုက်တော့ အမြစ်မြေက" ဆိုသလို ဇာတိကလာတာတဲ့၊ ဘဝအသစ်ဖြစ်လို့တဲ့။ ဒါကြောင့်မို့ . . .

"ဇာတိပိ ဒုက္ခာ"၊ ဇာတိ-ဘဝသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပင်တည်းတဲ့။ ဘဝသစ်ဖြစ်တာ မကောင်းဘူး။ လူဖြစ်ရင် လူဘဝ တစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့ ဆင်းရဲတွေ တွေ့ရတယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာတွေ ဖြစ်ရင် အဲဒါတွေ ပြောစရာမလိုတော့ဘူး၊ ဆင်းရဲတွေ အကြီးအကျယ်ပဲဖြစ်တယ်၊ နတ်ဖြစ်ရင် နတ်ဘဝလည်း ထိုက်သည့်အားလျော်စွာ ဆင်းရဲရှိသေးတာပဲ၊ နတ်တစ်ဘဝလုံးလည်း သူသက်ဆိုင်ရာ ဆင်းရဲတွေနဲ့ တွေ့ရပါတယ်တဲ့။ ပြဟ္မာဖြစ်လို့ရှိရင် ပြဟ္မာဘဝဆင်းရဲ သခ်ီရဒုက္ခပဲ ရှိနေတယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိဘူး။ သူဟာ ပြဟ္မာဘဝဆင်းရဲအနေနဲ့ သခ်ီရဒုက္ခလောက်ပဲ ရှိတယ်။ ပြီးတော့ ကိုယ်ပင်ပန်းဆင်းရဲတာ နည်းနည်းရှိရဲ့၊ ဒါပေမယ်လို့ သူဘဝကက မြတာ မဟုတ်တော့ တစ်နေ့ကျရင် သူဘဝဟာလည်း ကုန်သွားပြန်တာကိုး။ မကုန်ဘဲနေရင်တော့လည်း သူဟာ သိပ်မဆိုးလှဘူး၊ တော်သားပါပဲ။ ဒါပေမယ့် သူဟာ ကုန်သွားကုန်သွားတဲ့ အခါကျတော့ ခုလိုလူပြည်ရောက်လာ, နတ်ပြည်ရောက်လာတယ်၊ အဲဒီကနေပြီး မကောင်းမှု အကုသိုလ်ပြုလို့ရှိရင် အပါယ်လေးပါးလည်း ပြန်ကျနိုင်ပြန်တာပဲ။ သူဟာလည်း စိတ်မချရသေးဘူး၊ ဒါကြောင့် ဇာတိဘဝသစ်ဖြစ်ရတာဟာ ဘယ်မှာပဲ ဖြစ်ဖြစ်၊ ဖြစ်ရာဘဝနဲ့ စပ်ပြီးတော့ ဆင်းရဲဒုက္ခတွေ

http://www.dhammadownload.com

ရောက်ရပါတယ်တဲ့။ ဒါကြောင့်မို့ "ဇာတိပိ ဒုက္ခာ" ဇာတိပိ-ဘဝသစ်ဖြစ်ရခြင်း သည်လည်း၊ ဒုက္ခာ-ဆင်းရဲပေတည်း။

တစ်နေ့က ဆင်းရဲအမျိုးမျိုးဖြစ်ပုံကို ပြောခဲ့တယ်နော်။ တစ်နေ့က ကြားပြီး နာပြီးသား ပုဂ္ဂိုလ်တွေ များများပါပဲ။ သို့သော် စပ်မိလို့ ပြောနေရတာ။ ကဲ အဲဒီဥစ္စာလေး ထပ်ပြီး ဆိုကြအုံးဗို့။ တရားနာသူ လူသစ်တွေလည်း ပါတယ်။

၁။ **ဒုတ္ထသစ္စာ - ဆင်းရဲအမှန်တရား၊**

၂။ **သမုဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်းအမှန်တရား၊**

၃။ **နိရောဓသစ္စာ - ဆင်းရဲငြိမ်းရာအမှန်တရား၊**

၄။ **မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းကောင်း လမ်းမှန်တရား။** (သုံးခေါက်လိုက်ဆိုကြ)

ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း လမ်းကောင်းလမ်းမှန်တရား-တဲ့။ ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း အရိယသစ္စာတရားလေးပါးကို။ အရိယာတို့ သိအပ်တဲ့ အမှန်တရားလေးပါးပါးထဲက ဆင်းရဲအစစ်အမှန်တရားတွေ ဆိုတာ ဘာလဲဆိုတော့ ဇာတိ-ဘဝသစ်ဖြစ်ရခြင်းဟာ ဆင်းရဲအစစ်အမှန်ပဲလို့ ဆိုထား တယ်။ တစ်နေ့က အဲဒါနှင့်စပ်ပြီးတော့ ဆောင်ပုဒ်ကလေးတွေ ဟောထားတယ်။ ဇာတိ-ဘဝသစ်ဖြစ်ရခြင်း။ "ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်"တဲ့။ ဖြစ်ရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ် ဆင်းရဲပင်ပန်းရခြင်း၊ ကိုယ်နာကျင်ဆိုတာ ကိုယ်ဆင်းရဲ ပင်ပန်းရခြင်း၊ အဲဒါ ဆင်းရဲတွေပဲတဲ့။ ကဲ. . . ဒါလေး လိုက်ဆိုပါအုံး . . .

- **ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်း** (ဆို သုံးခေါက်)

ဖြစ်ရတာလည်းပဲ ဆင်းရဲပဲတဲ့။ အိုရတာလည်း ဆင်းရဲပဲတဲ့၊ သေရတာ လည်း ဆင်းရဲပဲတဲ့၊ စိုးရိမ်ပူဆွေးရတာလည်းပဲ ဆင်းရဲပဲတဲ့။ ငိုကြွေးရတာလည်း ဆင်းရဲပဲ။ ကိုယ်ဆင်းရဲရတာလည်းပဲ ဆင်းရဲပဲတဲ့။ "ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုက်နာကျင်" ဒီအပိုဒ်က ဆင်းရဲခြောက်ခု ရှိပါတယ်။

ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပင်တည်း၊ ဇရာပိ-အိုရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပင်တည်း၊ မရဏမ္ပိ-သေရခြင်းသည် လည်း၊ ဒုက္ခံ-ဆင်းရဲပင်တည်း၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ-စိုးရိမ်

http://www.dhammadownload.com

ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံး၏ ပြင်းစွာ ပူပန်ရခြင်းတို့သည်လည်း၊ ဒုက္ခာ-ဆင်းရဲတို့ပင်တည်း။

အဲဒီမှာ ဘဝသစ်ဖြစ်ရတဲ့ ဆင်းရဲကတော့ ဒီလောက်ဆိုရင် ပြည့်စုံလောက်ပါပြီ။ ဘဝသစ်ဖြစ်ရတာ မကောင်းဆိုတာမှာ ဖြစ်ရတာထက် မဖြစ်ရတာကပို ကောင်းတယ်။ မဖြစ်ရရင် ပိုကောင်းတာပဲ။ ဖြစ်နေရလို့ရှိရင်တော့ ဖြစ်ရာဘဝမှာ မကောင်းဘူး၊ သို့သော် ဖြစ်ရခြင်းတူလို့ရှိရင်တော့လည်း ကောင်းတဲ့ဌာနဖြစ်ရတာ ကောင်းတယ်။ အပါယ်လေးပါးဖြစ်ရတာနဲ့စာရင် လူဘဝတွေဖြစ်ရတာ ကောင်းတယ်။ လူဘဝ ဖြစ်ရတာနဲ့စာရင် နတ်ဘဝဖြစ်ရတာက နည်းနည်းချမ်း သာရာကောင်းတယ်ပေါ့။ သို့သော် ကုသိုလ်ဖြစ်ပွားရေး၊ ပါရမီဖြစ်ပွားရေးတွေ နဲ့စာလို့ရှိရင်တော့ လူဘဝ ဖြစ်ရတာက ပါရမီကုသိုလ်တွေ သာပြီးတော့ဖြစ် နိုင်တယ်။ နေရ ထိုင်ရ ချမ်းသာ မှုကို ငဲ့ပြီး ပြောရမယ်ဆိုရင်တော့ နတ်ပြည် လောကတွေ ဖြစ်ရတာက နည်းနည်း ပိုကောင်းတာပေါ့။ သူထက်ပိုပြီး ပြဟ္မာ့ ဘဝဖြစ်ရတာက ပိုကောင်းတယ်၊ ရူပဘုံဖြစ်ရတာက ပိုကောင်းတယ်။ သူထက်ပိုပြီးသကာလ အရူပဘုံတွေကဆိုတော့ ပိုပြီးတော့ အသက်ရှည်ပြီးတော့ ကောင်းတာပေါ့။ ဒါပေမယ်လို့ ပါရမီဖြစ်ရေး ကုသိုလ်ဖြစ်ရေးတွေနဲ့ စပ်ပြီးတော့ ကြည့်မယ်ဆိုရင် အဲဒီအရူပဘုံတွေဆိုတာ တရားလည်း မနာနိုင်၊ အရူပဘုံ တွေဆိုတာ ရုပ်မရှိတော့ သူက နားလည်းမရှိ ဖြစ်နေတာကိုး။ တရားလည်း မနာနိုင်၊ ဘုရားလည်း မဖူးနိုင်၊ ဘယ်သူနဲ့မှလည်း မတွေ့မဆုံနိုင်၊ သူကတော့ ထပ်တိုးစရာတော့မရှိဘူး။

အကယ်၍ လူပြည် နတ်ပြည်ကနေပြီး သောတာပန်ဖြစ်တယ်၊ သောတာပန် စသည့် အရိယာဖြစ်ပြီးတော့ အဲဒီအရူပဌာဘုံရောက်သွားပြီးရင်တော့ ကိစ္စ မရှိဘူး။ သူက သူတရားနဲ့သူ အစဉ်အတိုင်း တိုးတက်ပြီးတော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံယူမယ်။ ဒီတော့ ကိစ္စမရှိပါဘူး။ ပုထုဇဉ်အဖြစ်နဲ့သာ အဲဒီအရူပဘုံ ရောက်သွားမယ်ဆိုလို့ရှိရင် သူ့ရှေ့ကို တိုးတက်စရာမရှိဘူး၊ ဒီအတိုင်းနေမှာပဲ။ အဲဒီအရူပဘုံဖြစ်နေတဲ့အတွင်းမှာ လူပြည်က ဘုရားပွင့်လာလို့ တရားတွေ ဘာတွေ ဟောကြားတယ်၊ သူများတွေ အကျွတ်တရားတွေ့ ရလည်း သူက မရနိုင်ဘူး။ ဒီတရားနဲ့လည်း မတွေ့နိုင်ဘူး၊ အဲဒီလို ဖြစ်နေတယ်။ သူအသက်တမ်းစေ့တဲ့ အခါကျ သေမယ်။ သေပြီးတော့ နောက်တစ်ခါ လူဘဝပြန်ရောက်လာတဲ့အခါ ဘုရားသာသနာလည်း မရှိပြန်ဘူးဆိုရင် သာသနာနဲ့လည်း လွဲနိုင်တယ်။ အဲဒီဘုံက

http://www.dhammadownload.com

တရားထူးမရဘဲ မပြည့်စုံဘဲနဲ့ဆိုရင်တော့ အဲဒီဘုံကို ရောက်သွားလို့ ရှိရင် သိပ်ကျေးဇူးမများဘူး။ ဒါပေမယ့် ဒီဘဝတွေဖြစ်နေရင် ဘယ်လို ကောင်းတယ် ဆိုပေမယ်လို့ နောက်ဆုံး တစ်နေ့ကျဆိုရင် သေခြင်းဆိုတဲ့ ဆင်းရဲနဲ့ တွေ့ရ ပြန်တာပဲ။ တွေ့ပြီးတော့ ဘဝသစ်တွေ ဖြစ်ရတယ်၊ ဒုက္ခတွေနဲ့လျှောက်ပြီးတော့ တွေ့သွားနိုင်တယ်။ ဘဝအသစ် လုံးလုံးမဖြစ်မှဘဲ ဆင်းရဲငြိမ်းမယ်တဲ့။

နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ - ဆင်းရဲငြိမ်းရာတရား, ဆင်းရဲငြိမ်းရာ အစစ် အမှန်တရား၊ အဲဒီဆင်းရဲငြိမ်းရာ အစစ်အမှန်တရား ရောက်သွားမှပဲ သူက ဆင်းရဲငြိမ်းပြီးတော့သွားတယ်။ ဘဝအသစ်မဖြစ်မှ ငြိမ်းသွားတယ်။ ဒါကြောင့် ဖြစ်ရတဲ့ဥစ္စာလည်း ဆင်းရဲပဲတဲ့။ ဘယ်မှာဖြစ်ဖြစ် ဖြစ်ရတာ မကောင်းဘူး။ မဖြစ်ရတာ ကောင်းတယ်တဲ့။ အဲဒါကို သိထားဖို့ပေါ့လေ။ ဘာဖြစ်လို့ဖြစ်ရတာ မကောင်းသလဲဆိုတော့ ဖြစ်လို့ရှိရင် အဲဒီဖြစ်ရာဘဝနဲ့ စပ်ပြီးတော့ ကြုံရတဲ့ ဆင်းရဲတွေ အကုန်လုံးဟာ တောက်လျှောက်ကြီး လျှောက်ပြီးတော့ တွေ့သွားရ မယ်တဲ့။ ဘယ်မှတိမ်းလို့, ရှောင်လို့ မလွတ်ဘူး။ အဲဒီဆင်းရဲတွေနဲ့ မတွေ့ရ အောင် မဖြစ်ရတာ ကောင်းတယ်၊ ဖြစ်ရတာ ဆင်းရဲပဲတဲ့။

ဇရာပိ-အိုရခြင်းသည်လည်း၊ ဒုက္ခာ- ဆင်းရဲတည်း။ ဒီအိုရတယ် ဆိုတာလဲ ဆင်းရဲပဲ။ အိုရတယ်ဆိုတာ ဘယ်လိုတုန်းဆိုတော့ -

ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇိတ္ထဝေ ဇရာ၊

ဘိက္ခဝေ-ရဟန်းတို့၊ တမှိ တမှိ သတ္တနိကာယေ-ထိုထိုသတ္တဝါအပေါင်း၌၊ တေသံ တေသံသတ္တာနံ-ထိုထိုသတ္တဝါတို့၏၊ ယာ ဇရာ-အကြင်အိုမင်းခြင်းသည်၊ ယာ ဇီရဏတာ-အကြင်အိုမင်းရင့်ရော်သည်၏အဖြစ်သည်၊ ယံ ခဏ္ဍိစ္စံ-အကြင် သွားကျိုးခြင်းသည်၊ ယံ ပါလိစ္စံ-အကြင်ဆံပင်ဖြူခြင်းသည်၊ ယာ ဝလိတ္တစတာ-အကြင်အရေတွန့်သည်၏အဖြစ်သည်၊ အာယုနော-အသက်ရုပ်ဇီဝိတိန္ဒြေ၏၊ ယာ သံဟာနိ-အကြင်ဆုတ်ယုတ်ခြင်းသည်၊ ဣန္ဒြိယာနံ-မျက်စိစသော ဣန္ဒြေတို့၏။ ယော ပရိပါကော-အကြင်ရင့်ကျက်ခြင်းသည်၊ အတ္ထိ-ရှိ၏။ အယံ-ဤသဘော တရားကို၊ ဇရာ-အိုမင်းရင့်ရော်ခြင်း ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏။

http://www.dhammadownload.com

ဇရာနှစ်မျိုး

"အိုမင်းခြင်း ဆင်းရဲ"ဆိုတဲ့နေရာမှာ အိုမင်းတာက ဘာတုံးဆိုရင် အိုတာဟာ ပါဠိလို "ဇရာ"လို့ ခေါ်တယ်။ မြန်မာလိုတော့ "အိုခြင်းပါ"ပဲ။ ဇရာလို့လည်း ခေါ်တယ်။ ဇီရဏတာ-ရင့်ကျက်ခြင်းလို့လည်း ခေါ်တယ်တဲ့။ နောက်သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်းတွေလည်းပဲ ဇရာရဲ့လက္ခဏာတွေပဲ။ ပြီးတော့ အသက်ခေါ်တဲ့ ဇီဝိတ-ရုပ်ဇီဝိတိန္ဒြေ အားနည်းပြီးတော့ ရင့်ကျက်သွားခြင်း၊ ဆုတ်ယုတ်ပြီးတော့ ရင့်ကျက်သွားခြင်း၊ ပြီးတော့ မျက်စိတို့ နားတို့ ထိုင်းပြီးသကာလ အားသေးတယ်။ အားသေးပြီးသကာလ ရင့်ကျက်သွားခြင်း၊ အဲဒါတွေလည်းပဲ ဇရာ လက္ခဏာတွေပဲတဲ့။ သို့သော်လည်းပဲ ဇရာဆိုတာကတော့ အစစ်အားဖြင့်ဆိုရင် သခ်တဇရာနဲ့ သန္တတိဇရာလို့ နှစ်မျိုးရှိတယ်။

သခ်တဇရာ

"သခ်တ"ဆိုတာ သခ်တလက္ခဏာဆိုတာကတော့၊ သခ်တတရားမှာ အစဖြစ်ပေါ်လာတာ ရှိတယ်။ ဆုံးသွားတာ ရှိတယ်။ စပေါ်လိုက်၊ ဆုံးသွားလိုက်၊ စပေါ်လိုက်၊ ဆုံးသွားလိုက်၊ အလယ်ပိုင်းလေး ရှိတယ်။ အလယ်ပိုင်းလေးကို "ဇရာ"ခေါ်တယ်။ စပေါ်လိုက်၊ အခိုက်အတန့်တည်လိုက် ဆုံးသွားလိုက်၊ ဒီလို ရှိတာကိုး၊ ဘယ်အရာဝတ္ထုမျိုးမဆို ရုပ်တရားပဲဖြစ်ဖြစ်၊ နာမ်တရားပဲဖြစ်ဖြစ် စပေါ်လာပြီးတော့ ပျောက်ဆုံးသွားတာပဲ၊ အမြဲတမ်း တည်နေတာ မရှိဘူး၊ ဒါပေမယ်လို့ မပျောက်ဆုံးခင် ခဏလေးတော့ အခိုက် အတန့်ကလေးတော့ ရှိတယ်။ အဲဒီအခိုက်အတန့်မှာ တည်နေတာလေးဟာ ဇရာပဲတဲ့။ ရင့်တဲ့အပိုင်းပဲ။ စဖြစ်ပေါ်လာလိုက် ခဏတည်နေလိုက်၊ ပျောက် သွားတယ်၊ စာလိုပြောမယ်ဆိုရင် "ဥပါဒ် ဌီ ဘင်" လို့ ခေါ်တယ်။ စာဝေါဟာရ အကြောင်းတွေကတော့ ဥပါဒ်ရယ်၊ ဌီရယ်၊ ဘင်ရယ် သုံးခုရှိတာကိုး။ ဥပါဒ်က ဖြစ်ပေါ်လာတာ၊ ဘင်ဆိုတာက ပျက်သွားတာ၊ ဌီဆိုတာက အလယ်ပိုင်းကလေး ရှိတယ်။ စိတ်တရားပဲဖြစ်ဖြစ်၊ ရုပ်တရားပဲဖြစ်ဖြစ် ရှေးဦးစွာ ဖြစ်ပေါ်လာတယ်။ ဖြစ်ပေါ်ပြီးတော့ ပျောက်သွားတယ်။ အဲဒီလို မပျောက်ခင်ကြားထဲမှာ အခိုက် အတန့် တည်တာကလေးတော့ ရှိတယ်။ အဲဒါကို "ဌီ"လို့ ခေါ်တယ်။ အစဖြစ်မှု၊ အလယ်ပိုင်းတည်မှု၊ အဆုံးပျက်မှု ဒီသုံးခုထဲက အလယ်ပိုင်း တည်မှုဟာ သခ်တ

http://www.dhammadownload.com

လက္ခဏာဇရာ ခေါ်တယ်တဲ့။ သခ်ၤါရတရားတိုင်း တရားတိုင်းဟာ ဖြစ်ပေါ်ပြီးရင် ရင့်ကျက်ပြီး အခိုက်အတန့်တည်တည်ပြီးတော့ နေတဲ့ဥစ္စာဟာ ဇရာပဲတဲ့။ အဲဒါ သခ်ၤတလက္ခဏာပါပဲ။

ဆန္ဆတိဇရာ

သခ်ၤတလက္ခဏာဇရာတွေ တစ်ဘဝအတွင်းမှာ ဆက်ဆက်ဖြစ်လို့ ကြာပြီး သွားတဲ့အခါကာလကျတော့ တစ်မျိုးတစ်မည်ပြောင်းသွားတာကို "သန္ဆတိဇရာ" လို့ ခေါ်တယ်။ သန္ဆတိအစဉ်အဆက်ပေါ်မှာ တည်ပြီးတော့နေတဲ့ အိုမင်းခြင်း ပေါ့လေ။ အဲဒီအိုမင်းခြင်းတော့ တွေ့တော့ မတွေ့ရဘူး။ မမြင်ရဘူး။ အိုမင်းတယ် ဆိုတာ မမြင်ရဘူး။ ခုကာလ လူတွေက အိုတာလည်းပဲ တွေ့မြင်တယ်လို့ ထင်မှတ်နေတယ်။ အိုတာက မတွေ့နိုင်ဘူး၊ မမြင်နိုင်ဘူး။ အိုတာက ခုနပြောတဲ့ ရုပ်နာမ်တွေနဲ့ ဌိခဏကလေးဆိုလို့ရှိရင်တော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ တွေ့တာပေါ့။ အားထုတ်လို့ရှိရင် အခိုက်အတန့်တည်နေ အခိုက်အတန့်တည်နေ၊ တည်ပြီး ချက်ခြင်းပျောက်သွား၊ ချက်ချင်းပျောက်သွားပြီး၊ ဖြစ်ပေါ်လာလိုက်၊ တည်နေလိုက်၊ ခဏချင်းပျောက်သွားလိုက်၊ အဲဒီအခိုက်အတန့်ကလေး တည် နေတာ တွေ့ရတာပေါ့။ တရားအားထုတ်တဲ့အခါကာလ တွေ့နိုင်တယ်။ ဒါပေမယ့် အခု လူတွေတွေ့နေတဲ့ အိုမင်းတာကြီးမျိုးတော့ မဟုတ်ဘူး။ ပြီးတော့ သန္ဆတိ ဇရာဆိုတာကလည်း အဆက်ဆက်သော တည်တဲ့မှုတွေ, ခုန သခ်ၤတလက္ခဏာ တည်တဲ့မှုတွေကို အလယ်ပိုင်းတည်တဲ့မှုတွေ အဆက်ဆက်ဆိုတာကိုး၊ အဲဒါကို လည်း မမြင်နိုင်ဘူးတဲ့။ အခုမြင်ရတာတွေက ဘာမြင်ရသလဲဆိုတော့ ဇရာ၏ အိုမင်းခြင်း သဘောရဲ့ သွားရာလမ်းကြောင်းတွေကို တွေ့နေရတယ်တဲ့။

ဥပမာအားဖြင့် ဘာနဲ့တူတုံးဆိုရင် လေအပြင်းအထန်တိုက်တယ်။ လေမုန်တိုင်းတွေ ဘာတွေကျတယ်။ လေမုန်တိုင်းကျပြီးတော လေသွားတဲ့လမ်းမှာ သစ်ပင်တွေ ဘာတွေ လဲနေတာ ရှိတယ်၊ အိမ်တွေ ဘာတွေ ပြိုပျက်နေတာ ရှိတယ်။ အဲဒါတွေကို မြင်ရသဖြင့် ဒီလေမုန်တိုင်းဟာ ဒီကနေပြီး တိုက်သွားတယ် ဆိုတာ သိရတယ်။ လေမုန်တိုင်း တွေ့ရဲ့လား, မြင်ရဲ့လား ဆိုရင် ဘယ် မြင်လိမ့် မတုံး၊ မမြင်ရဘူး။ လေမုန်တိုင်းထဲပါလာတဲ့ အမှုန့်တွေ ဘာတွေဟာ ကျလာတာကို မြင်ရတယ်။ လေမုန်တိုင်းထဲ ပါလာတဲ့အမှိုက်တွေ အမှုန့်တွေ, မြူတွေ မဲမဲညိုညိုကြီး မြင်ရတယ်၊ လေမြင်ရတာ မဟုတ်ဘူး။ လေတော့ မမြင်နိုင်ဘူး။

http://www.dhammadownload.com

တစ်ခါတစ်လေ အပြင်းအထန်ရေကြီးတဲ့အခါ ရေတွေဟာ တဟော်ဟော် တိုက်ချတာ ရှိပါတယ်။ ဒီရေကြောင်း လမ်းကြောင်းတွေ မြင်ရတယ်၊ ရေကျသွားတဲ့အခါ သွားကြည့်လို့ရှိရင် ရေသွားတဲ့လမ်းကြောင်းကို တွေ့ရတယ်။ ရေတော့ မမြင်ရတော့ဘူး၊ ရေတက်နေတုန်းက သွားကြည့်ရင်တော့ ရေမြင်ရမှာပဲ။ သို့ပေမယ့် ရေကျသွားမှ သွားကြည့်လို့ ရှိရင်ဖြင့် ရေကိုတော့ မတွေ့ရဘူး။ ဒါပေမယ်လို့ ရေကြီးတုန်းက တက်ထားလို့ ရေစားထားတဲ့ အပိုင်းတွေ, ရေမြုပ်တွေ ဘာတွေကို တွေ့ရတယ်။ ရေလမ်းကြောင်းတွေ့တာပဲ၊ ရေတွေ့တာ မဟုတ်ဘူး။ အကယ်၍ မီးတွေ ဘာတွေ လောင်သွားပြန်လို့ရှိရင်လည်း ဒီလိုပဲ လောင်တုန်း သွားကြည့်ရင် မီးကိုတော့ တွေ့မယ်။ ဒါပေမယ်လို့ မီးလောင်ပြီးတဲ့အခါကာလကျမှ သွားကြည့်လို့ရှိရင် ဘာတွေ့ရသလဲဆိုတော့ မီးလောင်ထားတဲ့ မီးလောင်စာတွေ ဘာတွေ တွေ့ရတယ်၊ မီးသွားတဲ့လမ်းကို တွေ့ရတယ်။ မီးတော့ မတွေ့ရဘူး။ အဲဒါလိုပဲတဲ့၊ အခု ဆံဖြူတယ်၊ သွားကျိုးတယ်၊ အရေတွေတွန့်ကုန်တယ်။ အသားအရေတွေ တစ်မျိုးတစ်မည်တွေ ဖြစ်သွားတယ်ဆိုတာ ဇရာရဲ့ လမ်းကြောင်းတွေပေါ့၊ အိုမင်းခြင်းသဘောတရားနှိပ်စက်လို့ ရုပ်တွေက တစ်မျိုးတစ်မည် ပြောင်းလဲသွားတာတဲ့။ ဒါကတော့ ဇရာမဟုတ်ဘူးတဲ့။

ဆံပင်ဖြူတာက ဇရာအိုမင်းခြင်းသဘောလားဆို မဟုတ်ဘူးတဲ့။ အိုမင်းခြင်းရဲ့ သွားရာဖြစ်တဲ့ လမ်းကြောင်းပဲ။ အိုမင်းခြင်းက နှိပ်စက်သွားလို့ သူဇက်ချက်တွေတွေကြောင့် ဆံတွေ ဖြူကုန်တယ်၊ သွားတွေ ကျိုးကုန်တယ်၊ အရေတွေ တွန့်ကုန်တယ်၊ မျက်စိတွေ ဘာတွေ မှုန်ကုန်တယ်၊ ခွန်အားဗလတွေ လျော့ကုန်တယ်၊ တုန်တုန်ရီရီတွေ ဖြစ်နေတယ်၊ ချိချိနဲ့နဲ့တွေ ဖြစ်နေတယ်။ အဲဒါတွေဟာ အိုမင်းခြင်းမဟုတ်ဘူး။ အိုမင်းခြင်းနှိပ်စက်သွားလို့တဲ့၊ အိုမင်းခြင်း၏ ဇက်ရာဇက်ချက်တွေ ကျန်နေတာနဲ့ ခုန လေတိုက်တော့ ဟိုလေလမ်း ကြောင်းကြီး ကြောင့် သစ်ပင်တွေ ဘာတွေ ကျိုးကြေ၊ အိမ်တွေ ဘာတွေ ပြိုပျက်ပြီးတော့ ကိုးရိုးကားယားဖြစ်နေတွေ တွေ့ရသလိုပဲတဲ့၊ ဒီလိုပဲ ဇရာဆိုတဲ့သဘော နှိပ် စက်သွားတာကို တွေ့ရတယ်တဲ့၊ ဇရာကတော့ မတွေ့ရဘူး၊ ဇရာအိုမင်းခြင်း သဘော မမြင်နိုင်ဘူးတဲ့။

http://www.dhammadownload.com

အိုခြင်းသဓတာကို ပကတိမျက်စိနဲ့ မမြင်နိုင်ဘူး

တရားအားထုတ်တဲ့အခါကာလမှာ အခိုက်အတန့် ဖြစ်ပေါ်လိုက်၊ အခိုက်အတန့် တည်လိုက်ပြီးတော့ ပျောက်သွားလိုက်၊ အဲဒီအလယ်ပိုင်းတည်မှုကလေးတွေလည်း ခဏပါပဲ၊ ဘာမှမကြားဘူး၊ ဖြုတ်ခနဲ ဖြုတ်ခနဲ သူ့ဥစ္စာကုန်သွားတယ်၊ အစနဲ့အဆုံးပဲ များပါတယ်။ အလယ်ပိုင်းက ဒီလောက်ရှာလို့ တယ်တွေ့တာ မဟုတ်ဘူး။ အဲဒီအလယ်ပိုင်းကလေးကို တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေကျတော့ အတော်အတန်တွေ့နိုင်တယ်။ အဲဒါကြောင့် အဲဒီဇရာသဘောတရားက ပကတိမျက်စိဖြင့် မမြင်နိုင်ပါဘူးတဲ့။ တရားအားထုတ်လို့ရှိရင် ဝိပဿနာဉာဏ်နဲ့ဆိုရင် တွေ့နိုင်ပါတယ်တဲ့။ ပကတိမျက်စိနဲ့ မြင်ရတာတွေကတော့ အခုအိုမင်းတဲ့ပုဂ္ဂိုလ်တွေမှာ ကြည့်လိုက်ရင် ဆံပင်ဖြူတာကို မြင်ရမယ်။ အဲဒါ ဇရာနှိပ်စက်ထားလို့တဲ့၊ ဇရာရဲ့ဒဏ်ချက်ပဲတဲ့။ ဒါဟာ အိုမင်းမှုနှိပ်စက်ထားလို့ ဒဏ်ရာဒဏ်ချက်ပဲ။ သွားကျိုးနေတာ မြင်ရတာလည်း ဒဏ်ရာဒဏ်ချက်ပဲ။ အရေတွေ တွန့်နေတာ မြင်ရတာလည်း ဒဏ်ရာဒဏ်ချက်ပဲ။ ခါကိုင်းနေတာ မြင်ရတာလည်း ဒဏ်ရာဒဏ်ချက်ပဲ။ မျက်စိမှုန်နေတာ တွေ့ရမယ်၊ နားထိုင်းနေတာ တွေ့ရမယ် ဆိုတာတွေဟာ ဇရာအိုမင်းမှုရဲ့ဒဏ်ရာဒဏ်ချက်တွေ့ကြောင့်ပါ၊ ဇရာ နှိပ်စက် ထားလို့ ရုပ်နာမ်ခန္ဓာတွေရဲ့ ရင့်ရော်တဲ့သဘောပဲတဲ့။ ရုပ်နာမ်ခန္ဓာတွေ ရင့်ရော်တဲ့သဘောဆိုတော့ မဟုတ်ဘူး။ သူ့သက်သက်နဲ့ဆိုရင် ဆင်းရဲလို့လည်း မရှိဘူးတဲ့၊ ဒုက္ခဝေဒနာ မဟုတ်ပါဘူးတဲ့။ ဒါပေမယ်လို့ ဆင်းရဲခြင်း၏ အကြောင်းတရားတွေ ဖြစ်ပါတယ်တဲ့။ အိုမင်းခြင်း အကြောင်းပြုပြီးသကာလ ဆင်းရဲတွေ ဖြစ်ရတယ်။

အင်္ဂါနံ သိထိလဘာဝါ, ရှာ့ဒြီယာနံ ဝိကာရဓတာ

အင်္ဂါနံ-ကိုယ်လက်အင်္ဂါတို့၏၊ သိထိလဘာဝါ-လျော့ရဲခြင်းကြောင့်လည်းကောင်း၊ အရွယ်ကြီးရင့်လာတော့ ဇရာနှိပ်စက်လာတဲ့ပုဂ္ဂိုလ်တွေမှာ ကိုယ်လက်အင်္ဂါတွေက ရှေးကလို မဟုတ်ဘူးတဲ့။ တောင့်တောင့်တင်းတင်း သန်သန်စွမ်းစွမ်းတွေ မဟုတ်တော့ဘူးတဲ့။ တစ်မျိုးတစ်မည်ပြောင်းလဲပြီးသကာလ အင်အားတွေ နည်းကုန်တယ်တဲ့၊ ရော့ရဲရဲတွေ ဖြစ်ကုန်တယ်။ ကိုယ့်ကိုယ်ကိုတောင်မှ တချို့မသယ်နိုင်တော့ဘူး။ ကိုယ့်ကိုယ်ကိုတောင်မှလည်း ထူဖို့ ထဖို့ရာတွေ မလုပ်နိုင်ဘူး၊ ဘာမှ မလုပ်နိုင်တော့ဘူး။ ငယ်ငယ်တုန်းက အင်မတန်သန်ခဲ့, စွမ်းခဲ့တာတွေပေါ့။

http://www.dhammadownload.com

ငယ်ငယ်ရွယ်ရွယ်တုန်းကဆိုရင်တော့ ငါပဲ ဆိုပြီး မာန်မာနတွေလည်း တစ်ခါတည်း အင်မတန်တက်ကြွခဲ့တယ်။ ကိုယ်အင်္ဂါတွေ, လက်တွေ, ခြေတွေနဲ့ တစ်ခါတည်း ငါသန်တယ်၊ ငါသန်မာတယ်၊ ငါလုပ်နိုင်တယ်၊ ငါအားရှိတယ် ဆိုပြီးတော့ တစ်ခါတည်း တော်တော်ကြွားကြွားဝါဝါနဲ့ ဂုဏ်ယူခဲ့တဲ့ ကိုယ်အင်္ဂါတွေတဲ့။ အသက်ကြီးရင့်တဲ့ အခါကာလကျတော့ သူဟာတွေက ဘာမှ မစွမ်းမသန်တော့ဘူး။

"ဣန္ဒြိယာနံ ဝိကာရတော" ဣန္ဒြိယာနံ-မျက်စိစသော ဣန္ဒြေတို့၏၊ ဝိကာရတော-ဖောက်ပြန်ပျက်စီးခြင်းကြောင့်လည်းကောင်း-တဲ့။ မျက်စိကလည်း မှုန်တယ်၊ နားကလည်း ထိုင်းတယ် စသည်ဖြင့် မျက်စိ၊ နား၊ နှာ၊ ခေါင်း၊ လျှာ၊ ကိုယ် အကုန်လုံးပဲ ချို့ယွင်းကုန်တယ်။ အထူးအားဖြင့်တော့ မျက်စိနှင့်နားက ချို့ယွင်းတတ်တယ်။ နှာခေါင်းတို့ ဒီလောက်တော့ မထင်ရှားဘူး။ ဒါလဲ ငယ်ငယ်တုန်းကလိုမဟုတ်ဘူး။ လျှာလည်းပဲ ဒီလောက်မထင်ရှားဘူး။ ဒါလည်းပဲ ငယ်ငယ်တုန်းကလို မဟုတ်ဘူး။ စားလို့ရှိရင် အရသာသိပ်မကောင်းဘူး။ ကြီးလာရင် သိပ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ပြောသံကြားရတာပဲ။ တကယ်မကြီးတဲ့ပုဂ္ဂိုလ်တွေ ကောင်းသေးတာပါပဲ။ သိပ်ကြီးလာတဲ့ပုဂ္ဂိုလ်တွေက သူတို့မှာ ဟိုဟာစားလို့လည်းပဲ တယ်မကောင်း၊ ဒီဟာစားလို့လည်းပဲ တယ်မကောင်းဘူးတဲ့။ တော်တော်လေး ကြီးလာရင် ငယ်ငယ်ကနဲ့မတူဘူး။ ငယ်ငယ်တုန်းက ကောင်းတဲ့ဟာတွေဟာ တော်တော်ကြီးတဲ့အခါ စားကြည့်တယ်။ မကောင်းတော့ဘူး။ ငယ်ငယ်တုန်းက အတော်ကောင်းတဲ့ဥစ္စာ၊ စားစရာတွေကတော့ ပျက်သွားမယ်မဟုတ်ပါဘူး။ ကိုယ်က ပျက်လာတာနဲ့တူပါရဲ့။ ငယ်ငယ်တုန်းက အင်မတန်ကောင်းလို့ မှတ်ထားတဲ့မုန့်တွေစားကြည့် ဘုန်းကြီးက အခုစားကြည့်တဲ့အခါ ဟိုတုန်းကလို မကောင်းဘူး။ နည်းနည်းတော့ ပျက်သွားတယ်နဲ့တူပါတယ်။ သဥ္ဇာလျှာက ပျက်သွားပုံရတယ်။ ဟိုမှာလဲပဲ ဒီလိုပဲ ကိုယ်အတွေ့အထိတွေကလဲ ကိုယ်ရုပ်တွေကလည်း ငယ်ငယ်တုန်းကလိုတော့မဟုတ်ဘူး။ ဣန္ဒြိယာနံ ဝိကာရတော- ဤဣန္ဒြေ တွေက ချို့ယွင်းသွားတယ်တဲ့။ ကိုယ်မှာ မျက်စိက အများကြီးချို့ယွင်း၊ တချို့မှာ နားက အများကြီးချို့ယွင်း၊ အဲဒီလို ဣန္ဒြေတွေ ချို့ယွင်းပြီးသကာလ သွားလို့တဲ့။ ဒါကြောင့် မို့ ဒုက္ခတွေရောက်ရပါတယ်တဲ့။ ကိုယ်အင်အားတွေတဲ့ ကိုယ်အင်အားတွေကလည်း ပျက်ပြီးတော့သွားတာပါပဲ။

http://www.dhammadownload.com

ဗလဿအနုပကာရတော-ကိုယ်ခွန်အားဗလတွေလည်းက ပျက်ပြီးတော့သွားတယ်။ အင်မတန်သန်သန်စွမ်းစွမ်း အဲဒီကိုယ်အင်အားဗလတွေကလည်း ပျက်သွားတယ်တဲ့။ ဒါကြောင့် ငယ်ငယ်ရွယ်ရွယ်တုန်းက တချို့အင်မတန်လှပတင့်တယ်နေတဲ့ဆိုတဲ့ အချိုးအစားတွေကလည်း ကြီးတဲ့အခါကျတော့မရှိဘူး။ ငယ်ငယ်ရွယ်ရွယ်တုန်းက အင်မတန်အားခွန်ဗလကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ တယ်မရှိဘူး။ အခု လောကမှာ ငယ်ငယ်ရွယ်ရွယ်မှ အလှအပရွေးချယ်တဲ့ပုဂ္ဂိုလ်တွေ ဟုတ်လား ဒါတွေပထမဆုရတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ပထမျဆုရတဲ့ ပုဂ္ဂိုလ်တွေ လွန်ခဲ့တဲ့အနှစ်လေးငါးခြောက်ဆယ်လောက် ခုနစ်ဆယ်လောက်ဆီက နေပြီးတော့ အစဆုံးရွေးပွဲဆုရတဲ့ ပုဂ္ဂိုလ်တွေ ဘွဲ့ရတဲ့ပုဂ္ဂိုလ်တွေလည်း အခု အသက် ခုနစ်ဆယ်ရွယ်ရောက်လို့ရှိရင် အဲဒါတွေလှပတာတွေ မရှိတော့ဘူး။ ကုန်သွားပြီ။ လွန်ခဲ့တဲ့ လေးငါးခုနစ်ဆယ် ရှစ်ဆယ်လောက်ကနေပြီးတော့ အားအင်ဗလ ခွန်အားပြိုင်ပွဲမှာ ပထမရတဲ့ပုဂ္ဂိုလ်တွေ ခုနေသွားကြည့်စမ်းပါလား။ အသက်ခုနစ်ဆယ် ရှစ်ဆယ်ရှိတဲ့ပုဂ္ဂိုလ်တွေ သွားကြည့်၊ ဘာမှအားအင်မရှိတော့ဘူး။ ဘာမှ မစွမ်းဆောင်နိုင်တော့ဘူး။ အခုနေအခါကာလမှာ ဒီလိုပဲရုပ်ရေအဆင်း အဂိါနဲ့ စပ်ပြီးတော့ အလှအပဆုံး အတင့်တယ်ဆုံးတွေ ရွေးထားတဲ့ပုဂ္ဂိုလ်တွေ ခွန်အားဗလ အကောင်းဆုံး ရွေးထားတဲ့ပုဂ္ဂိုလ်တွေ နောင်အနှစ် လေးငါးခြောက်ဆယ်လောက်ကြာရင် ဒီလိုဖြစ်မှာပဲ။ ဘာမှ သူမစွမ်းမသန်ဘူး။ အဲဒီလို ကိုယ်အဂိါတွေကလည်း ချို့ယွင်း၊ ဂ္ဂနှေ့တွေ မျက်စိစသည်ကလည်း ဖောက်ပြန်၊ ခွန်အားဗလတွေကလည်း ယုတ်လျော့အားနဲပြီးသကာလ သွားတယ်။ အဲဒီလို ဖောက်ပြန်သွားခြင်းကြောင့်တဲ့။ အသက်အရွယ်ကြီးလို့ရှိရင် ငယ်ငယ်ကလိုမဟုတ်ဘူးတဲ့။ ပြန်စဉ်းစားတိုင်း စဉ်းစားတိုင်း စိတ်မချမ်းမသာ ဆင်းရဲရတယ်တဲ့။ ဒါကတော့ ကိုယ်တိုင်တွေ့မှပဲ ပိုသိမယ်။ မတွေ့တဲ့ပုဂ္ဂိုလ်တွေကတော့ သိပ်သိမယ်မဟုတ်ဘူး။

အသက်ကြီးလေလေ သူတို့မှာ မှိန့်ရာတရား မရှိလေပဲ

တစ်နေ့တုန်းက ဆရာမကြီးတစ်ယောက် အင်္ဂလန်ကပြန်လာတယ် ပြောတယ်။ သူပြောတာပဲ မှတ်ထားရသေးတယ်။ သူ့ဟာ ခပ်ကောင်းကောင်းပဲ။ အဲဆရာမကြီးတစ်ယောက် သူက အင်္ဂလန်မှာ တစ်နှစ်လောက်ပညာလေ့လာပြီး ဆည်းပူးပြီးပြန်လာတယ်။ သူက နေရတော့အဖွားကြီးတစ်ယောက်နဲ့အတူနေ

http://www.dhammadownload.com

ရတယ်ဆိုတာကိုး။ အဖွားတစ်ယောက်နဲ့အတူ နေရတယ်။ အဖွားကြီးက အသက်ခုနစ်ဆယ်နဲ့ခြောက်ဖွစ်တဲ့။ သူနဲ့အတူတူနေရတဲ့အဖွားကြီး ဟိုမှာတော့ သားသမီးမြေးမြစ်တွေဆိုတာ လူကြီးတွေနဲ့အတူတူနေကြတာမဟုတ်ဘဲဟာကိုး။ ကိုယ့်ဟာလေးနဲ့ကို နေကြတာ။ အဖွားကြီးလဲ သူဟာသူချက်ပြုတ်စား သူဟာသူနေရတယ်။ ဒီမှာ အတူနေရတယ်။ အဲဒီအိမ်မှာ အတူနေရတော့ ဒီအဖွားကြီးက သူတို့မှာ ဗုဒ္ဓဘာသာတရားမျိုးတွေနဲ့စပ်ပြီးတော့ ဆင်ခြင်စဉ်းစားမှုက ဘာမျှမရှိဘဲဟာကိုး။ ဒီမှာ ဗုဒ္ဓဘာသာတွေဆိုတော့ ရုပ်တရား နာမ်တရားတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေနဲ့ မြင်တယ်၊ တရားအားမထုတ်နဲ့ဟုံးတော့ သူများပြောသံ ဆိုသံ ကြားရတာနဲ့ အတော်အတန်တော့ ဆင်ခြင်တတ်တယ်၊ နှလုံးသွင်းတတ်တယ်၊ တော်တော်သည်းခံနိုင်ကြတယ်။ သူတို့ဗုဒ္ဓဘာသာတရားမျိုး အဲဒီလိုဆင်ခြင်တုံတရားတွေ ဘာမှမရှိတော့ အဲဒီလိုအိုမင်းမစွမ်းဖြစ်နေတာနဲ့ စပ်ပြီးတော့ သူတို့မှာ ဒုက္ခတွေ ရောက်နေတယ်လို့ သူက ပြောတယ်။

ဒီတော့ ဒီအသက် ဒီအရွယ်ရောက်အောင် ခုနစ်ဆယ်နဲ့ခြောက်ဆယ် လောက်ရောက်အောင် စိတ်ကလည်း ငယ်စိတ်မပျောက်သေးပဲဖြစ်နေတာကိုး။ ဟိုတုန်းကလို ပျိုပျိုရွွယ်ရွယ်တုန်းကလို သူတို့က စိတ်ကရှိနေတာ။ တစ်ခါတစ်ရံ သူတို့ညီအစ်မနှစ်ယောက် ရှိတယ်တဲ့၊ သူအစ်မကြီးက တစ်ယောက်၊ ခုနစ်ဆယ့်ရှစ်နှစ်နဲ့တူပါရဲ့။ တစ်ခါတစ်ခါ လာပြီး ဆုံတဲ့အခါကာလ ညမိုးချုပ်လို့ ရှိရင်ဖြင့် မှန်ကလေးတွေနဲ့ လှချင်ကြတယ် ဆိုတာကိုး။ သူဥစ္စာလှချင်ကြတယ်တဲ့။ ဆံပင်ကလေးတွေ ကောက်ရတာကိုး။ အင်္ကီပိတ်က ဆံပင်ကလေးတွေ ကောက်ကြတာ။ တစ်ညလုံး ဒီအရွွယ်ကြီးလှနေဆိုတာကို ဘယ်သူက လာကြည့်မလဲလို့၊ ဆံပင်ကလေးကောက်၊ ဒါလေးတွေ လုပ်နေကြတာတဲ့၊ သူကြည့်ရတာ တွေ့ရတယ်။ အဲဒါတွေ ငယ်စိတ်တွေမကုန်ပဲ ဖြစ်နေတာ၊ ငယ်စိတ်တွေ မကုန်သေးတော့ ဘာဖြစ်သလဲဆိုတော့ နေ့တိုင်း နေ့တိုင်း မျက်ရည်ကလည်း ကျရတယ်တဲ့။ စိတ်မချမ်းမသာ ဖြစ်ရတယ်။ ငယ်ငယ်တုန်းကလို ကိုယ့်ရုပ်ရေတွေကလည်း အစစအရာရာတွေမပြည့်စုံတော့ ကိုယ့်ရုပ်ရေလေး အကြောင်းပြုပြီးတော့လည်းပဲ ကိုယ့်ဟာကို အလိုရှိတိုင်းကစပြီး သူတစ်ပါးတွေနဲ့ ဆက်ဆံရေးတွေ ဘာတွေ ဆိုတာ ဒီအရွွယ်ကြီးကြီးလာတော့ ဘယ်သူမှလဲ လာပြီးတော့ ကြည့်မယ့်လူ၊ ရှုမယ့်လူ၊ ကြောင့်ကြစိုက်မယ့်လူ ဘာမှမရှိတာတွေ၊ ဒါတွေလျှောက်ပြီး တွေးဟန် တူပါတယ်။

http://www.dhammadownload.com

ဟုတ်တယ်။ တွေးမယ်ဆိုလည်း တွေးစရာပဲ။ ရွှေတုန်းက ကိုယ်နေခဲ့တုန်းက ဘယ်လိုနေခဲ့တယ်၊ ဘယ်လိုမျော်ခဲ့တယ်၊ ဘယ်လိုရွှင်ခဲ့တယ်၊ အဲဒါတွေက အခုပြန်လုပ်တော့ မဖြစ်ဘဲဟာကိုး။ မဖြစ်တော့ အဲဒါနဲ့စပ်ပြီးတော့ နေ့စဉ်နေ့စဉ် တစ်ခါတည်း မျက်ရည်ကလည်း ကျရသေးတယ်ဆိုပဲလို့ ဆရာမကြီးက ပြောတယ်။

အဲဒါ အဲဒီဒကာမကြီးက ပြောတယ်တဲ့ . . . "နင်တို့ ငယ်ငယ်ရွယ်ရွယ်လေး ရှိသေးတယ်၊ ဘာပြုလို့ ဒီလိုပြင်ဆင်မနေသလဲ။ တို့တောင် ဒီအရွယ်တောင်မှ သပ်သပ်ရပ်ရပ် ပြင်ဆင်ပြီးတော့ နေသေးတာပဲ" ဆိုပြီး သူက အပြစ်တင်သေးတယ်တဲ့။ အပြစ်တင်တော့ ဟိုကလည်း ပြန်ပြောတယ် "ကျုပ်တို့က ဗုဒ္ဓဘာသာတရားနဲ့ဆိုတော့ ကိစ္စမရှိပါဘူး။ ကျုပ်တို့ ဒီလိုပဲ နေနေတာပဲလို့ ဘာမှမဖြစ်ပါဘူး။ စိတ်ချမ်းသာရင် ပြီးတာပဲ၊ အမေကြီးတို့ အခု အဲဒီလိုစိတ်ချမ်းသာအောင် မထားနိုင်လို့ တစ်ခါတည်း အခုမျက်ရည်တွေ နေ့စဉ်နေ့စဉ်ကျနေရတာ၊ ဒုက္ခဖြစ်နေတာ၊ ကျုပ်တို့က ဘာမှမဖြစ်ဘူး"လို့ ပြောရသေးတယ်။ ပြောပေမယ်လို့ သူတို့က သိပ်တော့ သဘောမကျဘူး၊ သဘောမပေါက်နိုင်ဘူး။ အဲဒီလို အိုမင်းမစွမ်းဖြစ်လာရင် ငယ်ငယ်ရွယ်ရွယ်ကဟာတွေ ပြန်စဉ်းစားပြီး ငယ်ငယ်ကလို ကိုယ့်အလိုအတိုင်းက မပါတော့ ကိုယ့်ရုပ်က ငယ်ငယ်ရွယ်ရွယ်ကလို မပါ။ အသုံးချလို့ မရလို့၊ အဲဒါတွေ အားမရပဲဖြစ်ပြီး စိတ်နှလုံးမသာ မယာတွေ များစွာဖြစ်တတ်ပါတယ်လို့၊ ဒါအိုမင်းခြင်းရဲ့ဒုက္ခပဲလို့ ဟုတ်လား။ ကိုယ်သွားချင်တိုင်း မသွားနိုင်ဘူး၊ ကိုယ်စားချင်တိုင်း မစားနိုင်ဘူး၊ ကိုယ်လုပ်ချင်တိုင်း မလုပ်နိုင်ဘူး၊ ကိုယ်အလိုရှိတဲ့အတိုင်း မဆောင်ရွက်နိုင်ဘူး၊ ကိုယ်က ဆောင်ရွက်စေကာမူ သူများကနေပြီးတော့ အားရပါးရမရှိဘူး။ သူများက စိတ်မဝင်စားဘူး။ ဂရုမစိုက်ဘူးဟုတ်လား၊ အဲဒါတွေကို လျှော့ပေါ့စဉ်းစားလိုက်ရင် အသက်အရွယ် ကြီးလေကြီးလေ နေရာမကျလေပဲ၊ စိတ်ပျက်စရာကောင်းလေလေပဲ။ ဒါတွေ စိတ်ဆင်းရဲစရာ ဖြစ်ရပါတယ်တဲ့။

အိုမင်းခြင်းအကြောင်းပြုပြီးတော့ ဒုက္ခဖြစ်ရတာတွေ ဒါတွင် မကသေးဘူးတဲ့။ အသက်အရွယ်ကြီးလာတဲ့ပုဂ္ဂိုလ်တွေကျတော့ မိမိလက်အောက် ဖြစ်တဲ့သားတို့၊ သမီးတို့၊ အခွေအရံတို့, ငယ်ရွယ်တဲ့ပုဂ္ဂိုလ်တို့ လည်းပဲ မရိုမသေ မလေးမစား ဖြစ်လာတယ်တဲ့၊ ဂရုမစိုက်တော့ဘူးတဲ့။ ကြီးတော့ ငယ်တဲ့ပုဂ္ဂိုလ်တွေကလည်းပဲ ဟာ . . အဖိုးကြီး ဘာမှ မသိဘူး၊ အဖွားကြီး ဘာမှ မသိဘူး။

http://www.dhammadownload.com

ခေတ်အကြောင်း ပြောင်းလဲနေတာ ဘာမှမသိ၊ ညာမှမသိ၊ လူထဲ လာပြီးတော့ ရှုပ်မနေနဲ့။ ကိုယ့်ဟာကို အသာလေးနေပေါ့၊ အမန်အမဲကလည်း ခံရသေးဆိုတာကိုး၊ ခံလည်း ခံရမှာပဲ၊ ဟုတ်တယ်။ လူကြီးကလည်း လူကြီးနေရာတယ်လည်း မနေချင်ဘူး။ သူက ရှေးကတည်းက နေရာတကာ အကြီးအကဲခေါင်းဆောင်တွေ လုပ်လာခဲ့တယ်၊ ခေါင်းဆောင်လုပ်ပြီး လာတော့ အခုလည်းပဲ သူက အရွယ်ကြီးနေပေမယ့်လို့ လူငယ်တွေအပေါ် ဩဇာအာဏာ ပေးချင်သေးတာကိုး၊ ညွှန်ကြားချင်သေးတာကိုး၊ ပိုပြီးတော့ သိသလိုလို သူများအတွက် သူက စိတ်မချဘူး။ သူက စီမံလိုက်ရမှ, ခန့်ခွဲလိုက်ရမှ၊ အဲဒါပိုပြီး ကောင်းတယ်လို့ စိတ်က ထင်တယ်။ လူငယ်တွေကတော့လည်း သူ့ကို အထင်မကြီးဘူး၊ သူဟာ ခေတ်မမီတော့ဘူး။ လူကြီး ဘာမှမသိတော့ဘူးဆိုပြီးတော့ အဲဒီလိုဖြစ်နေတယ်။ အဲဒီတော့ လူငယ်တွေက မရှိမသေ မလေးမစားပြောလို့ မခန့်မငြားပြောတာတွေလည် ခံရတယ်တဲ့။ အဲဒါကြောင့်လည်း စိတ်မချမ်းမသာဖြစ်ရတယ်။ ကလေးလေးလို ပြန်ဖြစ်သွားတယ်ဆိုတာကိုး၊ သူဟာ ဟုတ်တယ်၊ တချို့သိပ်ကြီးသွားပြီဆိုတော့ သားသမီးတွေ, ဘာတွေကနေပြီးသကာလ ခိုင်းတဲ့အတိုင်း ထားတဲ့အတိုင်း နေရတာပဲ။ သူပြောတဲ့အတိုင်းနေရတာ။ ကိုယ်ကလည်း ဘာမှမစွမ်းဆောင်နိုင်ဘူး။ အဲဒီလို အခါကျရင် စိတ်ဆင်းရဲတွေ အများကြီး ဖြစ်ရပါတယ်တဲ့။ ဒါ အိုမင်းခြင်းအကြောင်းပြုပြီးသကာလ ဖြစ်ရတာတွေတဲ့။

အိုမင်း-တဲ့၊ ရုပ်အကြောင်းပြုပြီးသကာလ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေများစွာဖြစ်ရတယ်တဲ့၊ ဒါကတော့ အိုမင်းခြင်းဒုက္ခနဲ့ ပက်ပင်းပါတွေ့နေတဲ့ ပုဂ္ဂိုလ်တွေ ပိုသိမှာပေါ့။ ကိုယ်နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်တွေ အဖိုးကြီး၊ အဖွားကြီးတွေ ဒုက္ခရောက်နေတာတွေရှိရင်လည်းပဲ သိပါတယ်။ တစ်နေ့ကျလို့ရှိရင်တော့ တို့လည်းပဲ ဒီအသက် ဒီအရွယ်ရောက်လာ ဒီလိုနေမယ်၊ ဒီလိုဒုက္ခတော့ တွေ့ရအုံးမှာပဲလို့ စောစောကတည်းက ဒါတွေစဉ်းစားထားမှပဲ တွေ့ရမှာ၊ မတွေ့မရှိဘူး။ သူက အဲဒီလိုတွေ့ပြီးသကာလ သွားနိုင်တယ်တဲ့။ ဒါကြောင့်မို့ -ဇရာပိ-အိုမင်းရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပဲတဲ့။

ဘဝတိုင်း, ဘဝတိုင်း ဒီဇရာက ဒီဘဝသာ မဟုတ်ဘူးနော်၊ ဖြစ်ပြီးသော ဘဝတွေကလည်း တွေ့ကြလှပြီ။ နောက်နောက်သော ဘဝတွေလည်း ဒီလို ဇရာ

http://www.dhammadownload.com

ဒုက္ခကြီး တွေ့သွားရအုံးမှာပဲတဲ့။ . . ဟိုအရှင်ရဋ္ဌပါလမထေရ်က ကောရဗျမင်းကို ဟောထားတယ် - ကောရဗျမင်း ဓမ္မဒ္ဒေသတရားလေးပါးထဲမှာ ဟောထားတယ်။ ကောရဗျမင်းက အရှင်ရဋ္ဌပါလကို လျှောက်တယ်။ "အရှင်ရဋ္ဌပါလ ဘာဖြစ်လို့ရဟန်း ပြုပါသလဲ။ လောကမှာ အရွယ်ကြီးရင့်လို့, အိုမင်းမစွမ်းဖြစ်လို့ အနာရောဂါတွေနှိပ်စက်လို့, စီးပွားဥစ္စာတွေ ပျက်စီးလို့ ရဟန်းပြုရတာ လေးမျိုးရှိပါတယ်"တဲ့။

ပါရိဇုညတရားလေးပါး

ပါရိဇုညတရားလေးပါးဆိုတာ -

(၁) ဇရာပါရိဇုည၊
(၂) ဗျာဓိပါရိဇုည၊
(၃) ဘောဂပါရိဇုည၊
(၄) ဉာတိပါရိဇုည၊

"ပါရိဇုည"ဆိုတာ ပျက်စီးခြင်းလေးမျိုးဖြစ်တယ်၊ ပျက်စီးခြင်းလေးမျိုးနဲ့ တွေ့တဲ့အခါကျတော့ ရဟန်းပြုကြရတယ်တဲ့။ အရှင်ရဋ္ဌပါလတော့ ပျက်စီးခြင်းလေးမျိုးထဲ ဘာမှမရှိဘူး။ ငယ်ငယ်ရွယ်ရွယ်ကလေးပဲတဲ့။ ပျိုပျိုရွယ်ရွယ်နဲ့ပဲ ရဟန်းပြုသွားတယ်။ ရောဂါဝေဒနာလည်း ဘာမှမရှိဘူးတဲ့။ ကျန်းကျန်းမာမာနဲ့ ရဟန်းပြုသွားတာပဲ။ ပြီးတော့ ပစ္စည်းဥစ္စာတွေလည်း ပေါများပြည့်စုံနေတာပဲ။ ကောရဗျမင်းနေတဲ့နိုင်ငံမှာဖြင့် သူက ပစ္စည်းပေါများတဲ့ အထက်တန်းသူဌေးထဲကပဲတဲ့။ ဆွေမျိုးတွေလည်း အပြည့်အစုံရှိတာပဲ။ ဘာဖြစ်လို့ ရဟန်းပြုသလဲလို့ မေးတဲ့အခါ ဓမ္မဒ္ဒေသတရားလေးပါးကို အရှင်ရဋ္ဌပါလမထေရ်က ဟောတယ်။

ဓမ္မဒ္ဒေသတရားလေးပါး

ဥပနီယတိ လောကော အဗ္ဘာဝေါ

လောကော-လောကသည်၊ ဥပနီယတိ-ဆွဲဆောင်အပ်၏၊ ပို့ဆောင်အပ်၏၊ အဗ္ဘာဝေါ-ခိုင်မြဲခြင်းမရှိဘူး-တဲ့၊ လောကကြီးဟာ ပဋိသန္ဓေကနေပြီးတော့ ဘဝအသစ်ဖြစ်လာတယ် ဆိုရင် ဒီအတိုင်းတည်မနေဘူးတဲ့၊ တဖြည်းဖြည်းနဲ့ တော်တော်ကြာအိုရတယ်တဲ့။ အိုမင်းရင့်ရော်ပြီးတော့ သွားရတယ်။ တစ်မိနစ်က တစ်

http://www.dhammadownload.com

မိနစ်၊ တစ်နာရီက တစ်နာရီ ရွှေ့ပြောင်းသွားနေသလို တစ်ချိန်က တစ်ချိန် ရွှေ့ပြောင်းသွားနေတယ်။ အဲဒီကိုယ်ထဲက ရုပ်နာမ်တရားတွေကလည်း အချိန်တိုင်း အချိန်တိုင်း အိုမင်းရင့်ရော်မှုဆီကို ပို့နေတာပဲ။ အိုမင်းရင့်ရော်မှုတွေကလည်း ပြောင်းလဲပြီးသကာလ သွားနေတယ်။ အိုမင်းရင့်ရော်ရာက နေပြီးသကာလ မကျန်းမမာနာဖျားမှုရောက်တယ်၊ အဲဒီကနေပြီးတော့ တဖြည်းဖြည်းနဲ့ တော်တော်ကြာလို့ရှိရင် သေမယ်၊ အဲဒီလို သွားနေတယ်။ ဘဝတိုင်း ဘဝတိုင်းဟာ နာရီလက်တံများ သွားနေသလိုပဲတဲ့၊ တစ်စခန်းက တစ်စခန်း ရွှေ့ပြီးသကာလ သွားနေတယ်၊ ဆွဲဆောင်ပြီးသကာလ ပို့နေတယ်၊ ဘယ်နေရာမှာ အမြဲတမ်း တည်တံ့ပြီးတော့ နားနေရတဲ့အချိန် မရှိဘူး။ ပျိုပျိုရွယ်ရွယ်လေးနဲ့ တည်တံ့ပြီးတော့ နားနေချင်ကြတာပဲ။ လူတွေကတော့ အဲဒီလို မနေရပါဘူးတဲ့။

အဲဒါကြောင့် မြတ်စွာဘုရား ဟောကြားထားတဲ့ ဒီဓမ္မဒ္ဒေသတရားကို သူဟာ ကြားနာရတယ်၊ ကြားနာပြီး စဉ်းစားဆင်ခြင်ကြည့်တော့ သဘောလည်း ပေါက်တယ်၊ ကိုယ်တိုင်လည်း သိတယ်။ ဒီရုပ်ရေဟာ တစ်နေ့ကျလို့ရှိရင် ဒီအတိုင်း သွားမှာပဲ။ အိုမင်းရင့်ရော်ခြင်း ရောက်သွားမယ်။ တစ်နေ့ကျရင် မကျန်းမမာခြင်လို့ ရောက်သွားမယ်၊ အဲဒီအချိန် မရောက်ခင်အတွင်း ဒီကိုယ်ထဲကနေပြီး အမြတ်ရအောင် တရားအဖိုးတန်တွေ ရအောင် ငါအားထုတ်မှပဲဆိုပြီးတော့ ရဟန်းပြုတဲ့အကြောင်း သူက ပြောတာကိုး။ တရားကျင့်သုံးရတယ်ဆိုတာ အဲဒီလို နှလုံးသွင်းရတာ။ ဒီကိုယ်ကြီးက ဒီအတိုင်း ထားလိုက်လို့ရှိရင် တစ်နေ့ကျ အိုမင်းမစွမ်းဖြစ်သွားမှာ၊ အဲဒီအိုမင်း မစွမ်းဖြစ်တဲ့ အခါကျ အဆီအနှစ်ထုတ်လို့ မရဘူး။ စောစောက ထုတ်ထားမှ၊ ဒီကိုယ်ထဲက နေပြီးတော့ အဖိုးတန်တရားတွေလည်း ရထားအောင် ဒါအရေးကြီးတယ်။ အဲဒါကို သဘောမကျလို့ ကောရဏ္ဍမင်းက မေးပြန်တယ်။ "အရှင်ရဋ္ဌပါလ . . . တစ်နေရာက တစ်နေရာ ဆွဲဆောင်အပ်တယ်၊ ဘာမှ မြဲမြဲတည်တံ့နေတာ မရှိဘူး" လို့ အရှင်ရဋ္ဌပါလကတော့ ပြောတာပဲ၊ ဒါပေမယ်လို့ သူကတော့ သဘောမပေါက်ဘူးတဲ့။ ဘယ်လိုလုပ်ပြီးသကာလ တစ်နေရာက တစ်နေရာ ဆွဲဆောင်ပြီး သကာလ အမြဲမတည်ဘဲနဲ့ ဖြစ်နေရပါသလဲလို့ မေးတော့ အရှင်ရဋ္ဌပါလ,က ဖြေတယ်။

"အသင်မင်းကြီး စဉ်းစားကြည့်တဲ့၊ အသင်မင်းကြီးဟာ တစ်ချိန်တုန်းက အင်မတန် ခွန်အားဗလကောင်းခဲ့တဲ့အချိန် ရှိပါလိမ့်မယ်တဲ့။ ငယ်ငယ်ရွယ်ရွယ်

http://www.dhammadownload.com

ပျိုပျိုရွယ်ရွယ်တုန်းကဆိုရင် အရှင်မင်းကြီးဟာ အင်မတန် ခွန်အားဗလ ကောင်းခဲ့မှာပါပဲတဲ့ ဆိုတော့ ကောင်းတယ်တဲ့ ဟိုတုန်းက သိပ်ကောင်းတာတဲ့။ ဟိုတုန်းက အင်မတန်အားကောင်းတယ်တဲ့။ အင်အားတော့ တစ်ခါတည်း ပြိုင်ဘက်မရှိလောက်အောင် စိတ်ထဲမှာထင်တာပဲ။ ဟုတ်တယ်။ မင်းတွေဆိုတာ အမျိုးအရိုးအားဖြင့်လည်းပဲ အမျိုးအရိုးသန့်တာကိုး။ သန့်ပြီးနေတော့ လူတွေကလည်း ဇာတိမာန်ကြွားကြွားပုဂ္ဂိုလ်ဖြစ်တယ်၊ ခွန်အားဗလတွေ ကောင်းလည်း ကောင်းပါတယ်။ ရုပ်ကောင်းရုပ်သန့်တွေဖြစ်တယ်၊ အဲဒါကြောင့် လက်မောင်းအင်အား၊ ကိုယ်အင်အား၊ ခြေထောက်အင်အား တစ်ခါတည်း ပြိုင်ဘက်မရှိလောက်အောင်က ဘယ်သူနဲ့ဖြစ်ဖြစ် ဘက်ပြိုင်ပြီးသကာလ ထိုးမယ်၊ ပုတ်မယ်၊ သတ်မယ်၊ စစ်ပွဲတွေဝင်ပြီးသကာလ တိုက်မယ်၊ ပြေးမယ်၊ လွှားမယ်၊ ဆင်စီး၊ မြင်းစီးတွေ တစ်ခါတည်း လေ့ကျင့်မယ်ဆိုရင် ဘယ်သူမှကို မမှီနိုင်အောင်လို့ အင်မတန်ကို စွမ်းသန်ခဲ့ပါတယ်၊ အဲဒီလို အခြေအနေရှိခဲ့ပါတယ်တဲ့။ ကောင်းပြီတဲ့ ဒါဖြင့် အဲဒီ အခြေအနေဟာ အခု အသင်မင်းကြီး ရှိပါသေးရဲ့လား"ဒီလို မေးတာကိုး။ သူကလည်း အသက်အရွယ်အားဖြင့် ခုနစ်ဆယ်ကျော် ရှစ်ဆယ်လောက်ရှိနေပုံရပြီ။

အဲဒီတော့မှ ဟာ. . အရှင်ဘုရားတဲ့။ ဒါကတော့ မရှိဘူးတဲ့။ ဟိုတုန်းကလို မဟုတ်တော့ဘူးတဲ့။ အခုဟာလေတဲ့။။ တကတည်း ခြေလှမ်းက ဒီဘက်လှမ်းမယ်လို့ ဥစ္စာ၊ ဒီဘက်မလှမ်းဘဲနဲ့ ဟိုဘက်ရောက်သွားတဲ့အခါ ရှိသေးတယ်တဲ့။ ဒီနေရာမှာ နင်းမယ်လို့ဟာ ဒီနေရာ မနင်းမိဘဲနဲ့ ဟိုနေရာရောက်သွားတယ်၊ ဘာမှနေရာ မကျဘူးတဲ့။ အခု ကိုယ်သွားချင်ရာ သွားလို့မရ၊ ကိုယ်လုပ်ချင်တာ လုပ်လို့မရ။ ဟိုတုန်းက အခြေအနေတော့ ဘာမှ ရှာမရတော့ဘူးတဲ့။ အခု ဒီလိုဖြစ်နေပြီတဲ့။ အသင်မင်းကြီး အဲဒါပြောတာတဲ့။

"ဥပနိယျတိ လောကော" ဆိုတာ ဒါပြောတာတဲ့။ သတ္တဝါတွေကို ဇာတိဖြစ်တဲ့စခန်းကနေပြီး အိုတဲ့စခန်းကို ပို့တယ်။ အိုတဲ့စခန်းကနေပြီးသကာလ နာတဲ့စခန်းကို ပို့တယ်၊ မကျန်းမမာစခန်းပို့တယ်၊ မကျန်းမာ နာဖျားရာကနေပြီး သေတဲ့စခန်းကို ပို့တယ်၊ ဒီလိုပို့ခြင်းဖြင့် အဆုံးမရှိတော့ဘူး၊ နောက်တစ်ခါ ဘဝအသစ်ဖြစ်ပြန်တော့ ဖြစ်တဲ့စခန်းပြန်ရောက်၊ ဒီစခန်းက တော်တော်ကြာရင် ပျိုပျိုရွယ်ရွယ်လေးဖြစ်လာ၊ ပျိုပျိုရွယ်ရွယ်ကောင်းတယ်။ ကောင်းရာက တော်တော်ကြာ အိုသွားပြန်ရော။ အိုတဲ့စခန်းက တော်ကြာ မကျန်းမာနာဖျားဖြစ်၊

http://www.dhammadownload.com

တော်တော်ကြာ သေတဲ့စခန်းရောက် သေပြန်ရော။ သူ့ဟာနဲ့သူ ဒီလို သွားနေ တာတဲ့။ ဒီလိုသွားနေတာလို့ မြတ်စွာဘုရားက ဟောတယ်။ ဒါကြောင့်မို့ ဒီလို လမ်းစဉ်တိုင်းသွားနေတဲ့ဥစ္စာဟာ အိုတဲ့စခန်း၊ နာတဲ့စခန်းတွေ မရောက်သေး ခင်အတွင်း မိမိကိုယ်ထဲက အသုံးမကျတဲ့ကိုယ်ကြီးထဲကနေပြီး အဖိုးတန်တရား ကလေးတွေ ရအောင် အဆီအနှစ်ထုတ်ပြီး ယူဖို့ရာပေါ့။ သာသနာတော်မှာ ဝင်ပြီး ရဟန်းပြု တရားအားထုတ်၊ ကျင့်ကြံတဲ့အကြောင်း သူက ဖြေကြားတယ်။ ဖြေကြား တော့မှ အဲဒီကောရဗျမင်းက သဘောပေါက်သွားတယ်။ အခု တရား အားထုတ် ရတဲ့ပုဂ္ဂိုလ်တွေလည်း ဒီအတိုင်းပဲ။ ငယ်ငယ်ရွယ်ရွယ်က အင်အားတွေ ရှိစဉ် အခါကာလ, ကိုယ့်ကိုယ်ကိုယ် သယ်ဆောင်နိုင်တဲ့အခါကာလက တရားဆိုတာ ကျင့်ကြံအားထုတ်ရတယ်။ အားမထုတ်လို့ရှိရင် တစ်နေ့ကျ ဒီက သူ့စခန်းအတိုင်း သူသွားမှာ။ ကိုယ်အိုတဲ့နေရာရောက်သွားမယ်။ အဲဒါ "ဇရာပိ ဒုက္ခာ"ဆိုတာ ရောက်သွားမယ်။

ဇရာပိ-အိုရခြင်းသည်လည်း။ ဒုက္ခာ-ဆင်းရဲ၏-တဲ့၊ မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း၊ ဆံပင်ဖြူခြင်း၊ သွားကျိုးခြင်း၊ အရိုးနဲ့အရေ ကြကြဖြစ်ခြင်း၊ ခါးကိုင်း ခြင်း၊ ကိုယ့်ကိုယ်ကို အလိုရှိရာကို မသယ်နိုင်ခြင်း၊ ကောင်းကောင်း မအိပ်နိုင်ခြင်း၊ ကောင်းကောင်း မသွားနိုင်ခြင်း၊ ကောင်းကောင်း မစားနိုင်ခြင်း ဒီလို အခြေ အနေမျိုးတွေက တစ်နေ့ကျ ရောက်သွားမယ်။ အဲဒီအနေကျမှတော့ ဘာမှလုပ်လို့ မဖြစ်တော့ဘူး။ အဲဒါ အရေးကြီးပါတယ်။ ဒါကြောင့်မို့ သူက "ဇရာပိ ဒုက္ခာ-အိုမင်းရခြင်းဟာလည်းပဲ ဆင်းရဲပဲ"တဲ့။

သေခြင်းဒုက္ခ

"မရဏမို့ ဒုက္ခံ" ဆိုတာကတော့ဖြင့် ပိုပြီးဆင်းရဲတာပေါ့။ သေရခြင်း ကတော့ ပိုပြီးဆင်းရဲတယ်။ တစ်နေ့ကျလို့ရှိရင် သေရပြန်တာကိုး။ အမှုမဲ့ အမှတ်မဲ့ နေတော့ ကိစ္စမရှိဘူး။ သေသေချာချာ စဉ်းစားကြည့်လေလေ တစ်နေ့ကျရင် သူဟာ သေရသေးတာ၊ မသေဘဲနဲ့ မပြီးဘူး။ ဘယ်သူဖြစ်ဖြစ် တစ်နေ့ကျ သေ သွားတာပဲ၊ "မသေသေးဘူး၊ မသေသေးဘူး" အောက်မေ့ရင်း အောက်မေ့ရင်း နဲ့ တော်တော်ကြာ သေသွားရော၊ ဘယ်နှယ့်မှလဲ မတတ်နိုင်ဘူး။ သေဖို့ရာ အကြောင်းတွေက ရှိတယ်တဲ့။ သေလောက်တဲ့ရောဂါဝေဒနာ၊ မကျန်းမမာ နာဖျား

http://www.dhammadownload.com

မှုတွေက နှိပ်စက်ပြီးမှ သေတာ၊ သူက လွယ်လွယ်ကူကူကလေး သေတာ မဟုတ်ဘူး။ သေတာကလည်းပဲ သေစရာအကြောင်းဒုက္ခတစ်ခုခုတွေ ရောက်ပြီးမှ သေကြရတာကို။ ရိုးရိုးတန်းတန်း သေတဲ့ပုဂ္ဂိုလ်တွေကို ရောဂါဝေဒနာတစ်ခုခု ဖိစီးနှိပ်စက်ပြီး သေတာပဲ။ အဲဒါ တချို့ပုဂ္ဂိုလ်တွေများ အကြောကြီး ဖိစီးနှိပ်စက်ခံနေတာ ရှိတယ်။ ရောဂါဝေဒနာဖိစီးနှိပ်စက်လို့ သေတာ မသေသေးတယ် သေလုသေခါနီး ဖြစ်နေတာပဲ၊ ဘာမှ ထောက်ရာတည်ရာ မရဘူး။ ဘေးက ပုဂ္ဂိုလ်တွေ အမြဲတမ်း ဝိုင်းဝန်းပြီး ပြုစုပြီးတော့နေရတယ်၊ စောင့်ရှောက်ပြီးတော့ နေရတယ်၊ ပြုစုရ စောင့်ရှောက်ရတဲ့လူတွေ အင်မတန်ကို ပင်ပန်းတယ်။ အင်မတန် ဒုက္ခရောက်တယ်။ အဲဒီမကျန်းမမာဖြစ်နေတဲ့ပုဂ္ဂိုလ်တော့ ပြောစရာမရှိဘူး၊ အများကြီး ဒုက္ခရောက်ပါတယ်တဲ့။ ဒါ သေခြင်းအကြောင်းပြုပြီးဖြစ်ရတဲ့ ဆင်းရဲပဲတဲ့။

ပြီးတော့ အဲဒါက ကောင်းကောင်းမွန်မွန် သေရတာကို။ ကောင်းကောင်းမွန်မွန်မဟုတ်ဘဲနဲ့ သူတစ်ပါးတွေက သတ်လို့ဖြတ်လို့ သေရတာတွေကလည်း အများကြီးပဲ။ လူဖြစ်တဲ့အခါမှာ နည်းတာပေါ့လေ။ လူတော့ သူများသတ်လို့ သေရတဲ့ဟာ နည်းပါတယ်။ ကံမကောင်း အကြောင်းမသင့်တဲ့ပုဂ္ဂိုလ်တွေ တွေ့ရတယ်။ တိရစ္ဆာန်လို လောကတွေမှာတော့ အများကြီးပဲတဲ့။ သူတစ်ပါးတွေ သတ်လို့ဖြတ်လို့ သေရတာတွေ ပြည့်နေတာပဲ။ တစ်ခါတည်း တစ်ကောင်နှင့်တစ်ကောင်ဟာ အချင်းချင်းစားနေကြတာကိုး၊ တစ်ကောင့်တစ်ကောင် စားနိုင်တဲ့ အကောင်တွေက လိုက်ဖမ်းပြီးတော့ စားနေတယ်။ သူများပါးစပ်ထဲ သေရတာတွေက အများကြီးပဲ။ ဝါးရင်း ဝါးရင်း သေသွားရတယ်၊ တချို့မသေခင် မျိုချလိုက်လို့ ဝမ်းထဲကျမှ သေရတာတွေလည်း အများကြီးနေမှာပါပဲ။ တိရစ္ဆာန်တွေ တစ်ကောင်တစ်ကောင် လိုက်ပြီးတော့ ဖမ်းသတ်စားနေတာတွေ တွေ့နေရတယ်။ အဲဒါတွေကလည်း အင်မတန် ဒုက္ခရောက်မှာပေါ့။

သေခြင်းနဲ့စပ်ပြီးတော့ လူပြည်လောကကို ပြောပါစို့ရဲ့ . . လူပြည်လောကမှာ သေတဲ့အခါကာလ ဘာမှရောဂါဝေဒနာတွေ အပြင်းအထန် မခံစားရနဲ့အုံးတော့ သေတော့မယ်ဆိုလို့ရှိရင်ကိုပဲ ကောင်းမှုရှိတဲ့ပုဂ္ဂိုလ် ရှိတယ်၊ ကောင်းမှုမရှိတဲ့ပုဂ္ဂိုလ် ရှိတယ်၊ ဒီလိုနှစ်မျိုးရှိပါတယ်တဲ့။ ကောင်းမှုမရှိတဲ့ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

ကျတော့ အားကိုးရာမရှိဘူး၊ ကောင်းမှုမရှိတဲ့ပုဂ္ဂိုလ်, ကောင်းမှုမပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ ငါသေလို့ရှိရင် ဘယ်သွားမှာပါလိမ့်၊ ဘယ်ရောက်မှာပါလိမ့်၊ ဘာဖြစ်မှာပါလိမ့်လို့ တွေးပြီး အမြဲတမ်းလိုလို ကြောက်ရနေတယ်၊

ဒီတရားတွေရှိနေရင် သေရမှာ မနိုးရိမ်ရဘူး

ဥပမာ - အခု တို့နေရာကနေပြီး အခြားခရီး သွားရမယ်ဆိုပါတော့ ခရီးသွားတော့ လမ်းစရိတ်ကလည်း ဒီမှာ ယူစရာမရှိဘူး။ လမ်းကျရင် စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ လမ်းစရိတ်က မရှိဘူး၊ ဟိုမှာ အသိအကျွမ်းလည်း မရှိပါဘူး၊ မသွားလည်း မဖြစ်ဘူး၊ သွားလည်း သွားရတော့မယ်။ အဲဒီပုဂ္ဂိုလ် သူတော်တော်ပူလိမ့်မယ်၊ ဟုတ်လား၊ လမ်းကျရင် ဘယ် လိုလုပ်ပြီး စားရလိမ့်မယ်၊ ဘယ်မှာစားရလိမ့်မယ်၊ စိတ်ပူစရာကြီး၊ ခရီးစရိတ်မရှိ ဘဲနဲ့ မသိတဲ့အရပ်ကို ခရီးသွားရတော့မယ်ဆိုရင် မလွှဲမကင်းသာ မသွားမဖြစ်လို့ သွားရတော့မယ်ဆိုရင် စိတ်ပူစရာကြီးပဲ။ အဲဒါလိုပဲ ကုသိုလ်ကောင်းမှုမရှိတဲ့ပုဂ္ဂိုလ်တွေ၊ ကုသိုလ်ကောင်းမှု မပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ သေခါနီးကျတော့ ကိုယ့်ဟာလေးကို ပြန်လှည့်ကြည့်တာကို၊ ဘာတွေများ ငါ အားကိုးစရာရှိပါလိမ့်ဆိုတာ လှည့်ကြည့်လိုက်တော့ တစ်ချို့ အားကိုးစရာရှိမှမရှိတာကို၊ မရှိတော့ အဲဒီမှာ အင်မတန်စိုးရိမ်ပူဆွေးခြင်း ဖြစ်ရ ပါတယ် ၊ ကြောက်ရွံ့ခြင်းဖြစ်ရပါတယ်။ အဲဒီလို ကြောက်ရွံ့ခြင်းမဖြစ်ရအောင်လို့ ဒီတရားတွေ အားထုတ်ထားရတာပါ။ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေက မကြောက်ရဘူး၊ တရားအားထုတ်ထားတော့ ကိုယ်မှာ အားကိုးစရာတွေ ရှိတယ်။ ဒါနကုသိုလ်တွေ ပြုထားတဲ့ပုဂ္ဂိုလ်တွေလည်း ဒါနကုသိုလ်တွေ အားကိုးရတာပဲ။ ငါ့ဒါနကုသိုလ်လှူဒါန်းထားတာ ဘယ်လောက် ဘယ်လောက်ရှိတယ်၊ ဘယ်လို ကုသိုလ်တွေ ရှိတယ် ဆိုတာကို အာရုံပြုနေ၊ ဒါနကုသိုလ်လေးတစ်ခုကိုလည်းပဲ ပြုရပါတယ်၊ အများကြီး ပြောစရာ မရှိဘူး၊ စိတ်စေတနာ ထက်ထက်ထက်သန် သန်နဲ့ စင်စင်ကြယ်ကြယ်နဲ့ လှူဒါန်းပြီးတော့ ထားတဲ့ ကုသိုလ်လေးတစ်ခု အားကိုး ရပါတယ်၊ ဆွမ်းကလေး တစ်ခါလောက် လှူထားတာပဲ ဖြစ်စေကာမူ အဲဒါလည်း အားကိုးရပါတယ်။

သီလကလည်း အားကိုးရတယ်၊ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ လုံလုံခြုံခြုံ သန့်သန့်ရှင်းရှင်း ဆောက်တည်ထားတဲ့ သီလကုသိုလ်တွေ ရှိတယ်။

http://www.dhammadownload.com

အဲဒါလည်း အားကိုးရတယ်။ သို့သော်လဲ ကောင်းကောင်း ခိုင်ခိုင်လုံလုံ အားကိုးရဆုံး ဘဝနာကုသိုလ်အားထုတ်တာက အကောင်းဆုံးပဲတဲ့။ ဘာဝနာတရားလေး အားထုတ်ထားလို့ရှိရင် အားကိုးစရာရတယ်။ ဘာဝနာတရား အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေက မိမိတရားလေးနဲ့ နှလုံးသွင်းပြီးတော့ နေရမှာကို။ ဒါလေးက အားကိုးရာလေးပဲ၊ ဘာမှကြောက်စရာမရှိဘူး။ ကိုယ်ထဲရှိတာကလည်း ရုပ်တရား နာမ်တရား နှစ်ပါးသာရှိတာကိုး၊ အဲဒီ ရုပ်တရား နာမ်တရားတွေဟာ သူဟာသူ ဖြစ်ပျက် နေတဲ့တရားပဲလို့ သိပြီးတော့ နှလုံးသွင်းပြီးသကာလ နေသွားရင် ကြောက်စရာ မရှိပါဘူး၊ တရားအထူးရနေရင်တော့ အထူးပြောစရာမလိုဘူး။ အရိယမဂ် ဖိုလ်ရနေလို့ သောတာပန်ဖြစ်နေရင်တော့ သာပြီးတော့ ခိုင်လုံတာပေါ့လေ။ အဲဒီလို တရားအထူးပင် မရနဲ့ဦးတော့ ကိုယ်ထဲမှာ ရုပ်နာမ်နှစ်ပါးရှိတာပဲ၊ ရုပ်နာမ်နှစ်ပါးကို သဘောကျပြီး သိပြီးသကာလ နေတဲ့ပုဂ္ဂိုလ်ဟာ အဲဒီရုပ်နာမ်မို့တွေ ရှုပြီးသွားနေရင် အားကိုးရာ ရပါတယ်။ အဲဒီလို အားကိုးရာရအောင် လို့လည်း အခု တရားဆိုတာ အားထုတ်ထား ရတယ်။ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်ဖြစ်စေကာမူ ယခုဘဝမှာ ခင်မင်တွယ်တာ စရာတွေနဲ့ ခွဲရတော့မယ်ဆိုရင် အဲဒါကလည်းပဲ တာဝန်လေးတတ်ပါတယ်တဲ့။ သေခါနီးကျတော့ ကုသိုလ် ကောင်းမှုပြုလို့ နောက်ဘဝကျရင် ယခုဘဝထက် ကောင်းမြတ်တဲ့ဘဝတွေ ရောက်မယ်ဆိုတာ ကုသိုလ်ကောင်းမှုရှိတဲ့ပုဂ္ဂိုလ်တွေ ကိုယ့်ကိုယ်ကို စိတ်ချရတယ်။

ယခုမျက်မှောက်မှာ ခင်မင်ရင်းနှီးပြီး နေတဲ့ပုဂ္ဂိုလ်တွေနဲ့ မခွဲချင်ဘူး။ ခွဲပြီးတော့ ကိုယ်တစ်ယောက်တည်း သွားရမှာ၊ လက်ရှိပစ္စည်းဥစ္စာတွေ စွန့်ပြီး သကာလ မသွားချင်ဘူးတဲ့။ ဒါလေးတွေနဲ့ အခွဲခက် အခွာခက်ဖြစ်နေတယ်တဲ့။ များများကြီးရှိတဲ့ပုဂ္ဂိုလ် များများကြီးအခွဲခက်မယ်။ ဘုန်းကြီးက တခြားနိုင်ငံ သွားတုန်းက အင်မတန်သာသာယာယာ ဆောက်လုပ်ထားတဲ့ မြို့တစ်မြို့ကို ရောက်သွားတော့ စဉ်းစားမိတယ်။ အဲဒီမှာ လူတွေရော၊ မြို့တွေရော မီးတွေနဲ့ သာသာယာယာထွန်းထားတွေကို တွေ့တော့ "ဩော် . . . . ဒီပုဂ္ဂိုလ်တွေဟာ သာသာယာယာတွေ အင်မတန်လုပ်ထားတာပဲ၊ ဒီသာသာယာယာတွေကနေပြီး တစ်နေ့ကျရင် သေတဲ့အခါကျ သူတို့ ဒါတွေ ခွဲရမှာ သေချာပါတယ်၊ တော်တော် ဝန်လေးရှာကြလိမ့်မယ်"လို့ ဘုန်းကြီးက အောက်မေ့တယ်။ တရားရှိတဲ့ပုဂ္ဂိုလ်ဆို ကိစ္စမရှိဘူး၊ တရားမရှိတဲ့ပုဂ္ဂိုလ်တွေမှာဆိုရင် သိပ်ဝန်လေးမှာပဲ၊ ခွဲရမှာ အခွဲခက်

http://www.dhammadownload.com

ကြီးဖြစ်နေတာ၊ အင်မတန်တာဝန်လေးပြီးတော့ နေတယ်။ ဒါက သာမန်ပုဂ္ဂိုလ် မပြောနဲ့၊ မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက သိကြားမင်းကြီး တောင်မှ အခွံခက်နေလို့ ဒုက္ခရောက်နေလို့ တကတည်း သိကြားမင်းကြီး စုတေခါနီး နတ်သက်ကလည်း ကုန်လို့ ခုနစ်ရက်လောက်ကြာလို့ရှိရင် နတ်ဘဝက စုတေရတော့မယ်ဆိုတာ ပုဗ္ဗနိမိတ်ထင်လာတော့တယ်၊ ပုဗ္ဗနိမိတ်ထင်တော့ ခုနစ်ရက်လောက် နေရင် ငါ စုတေတော့မယ် ဆိုတာ သေချာသိရတယ်။

နတ်မျှားစုဇေခါနီး ပုဗ္ဗနိမိတ်ထင်လာပုံ

"မာလာ မိလာယန္တိ" - နတ်ပန်းတွေ ညှိုးသွားတယ်တဲ့၊ နတ်ပြည်ရောက်ကတည်းက ပန်ဆင်ထားတဲ့ပန်းတွေ ဘယ်တော့မှ မညှိုးဘူး၊ အခု ညှိုးသွားတယ်တဲ့။

"ဝတ္ထာနိ ကိလိဿန္တိ" - နတ်အဝတ်အစားတွေလည်း ဟောင်းနွမ်းပြီး သကာလ သွားတယ်တဲ့။ နတ်ပြည်မှာ ရောက်ကတည်းက နတ်အဝတ်အစားတွေဟာ ဘယ်တော့မှ ဟောင်းနွမ်းတယ်လို့ မရှိဘူး။ အခု လူပြည်လောကလို ဒိုဘီပေးရတယ်၊ ခဝါချရတာတွေ၊ ပြန်ပြီးဆိုးရတာတွေ၊ ပြင်ရတာတွေ မရှိဘူး။ သူဟာ မဟောင်းမနွမ်းဘဲနဲ့ သစ်သစ်လွင်လွင်ကြီးဖြစ်နေတာ။ တောက်တောက်ပပကြီးပဲ ဖြစ်နေတယ်။

"ကစ္ဆေဟိ သေဒါ မုစ္စန္တိ" - လက်ကတီးခြောက ချွေးတွေလည်း ကျနေတယ်။ နတ်ပြည်ရောက်ကတည်းက ဘယ်တော့မှလည်း ချွေးမကျဖူးဘူး။ အဲဒီအခါ တော့ ချွေးကျတယ်။

"ကာယေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ" ကိုယ်မှာလည်းပဲ အိုမင်းတဲ့ရုပ်ဆိုတာ မရှိဘူးတဲ့။ နတ်ပြည်ရောက်ကတည်းက ပျိုပျိုရွယ်ရွယ်ကလေးချည့် တည်နေတာတဲ့။ အဲဒီအခါကျတော့ နတ်ဟာ တစ်ခါတည်း အိုတဲ့ရုပ်တွေ ပေါ်လာတယ်။

"ဒေဝေါ ဒေဝါသနေ န သဏ္ဌာတိ" နတ်ပြည်မှာလည်း မမွေ့လျော်ဘူး၊ မပျော်တော့ဘူးတဲ့။ ဘယ်နေရာမှာ နေလို့မှ ပျော်ပိုက်ခြင်းမရှိဘူး။ ရှေးတုန်းက ဆိုရင် ဘယ်တော့မှ ပျင်းတဲ့အခါမရှိဘူး။ နတ်ပြည်မှာ ပျင်းစရာကလည်း မကောင်းဘူး။ ဘယ်တော့မှ ပျင်းတယ်လို့ ညည်းညူစရာ မရှိဘူးတဲ့။ အခုဟာ

http://www.dhammadownload.com

ကတော့ ဘယ်မှ မမျော်တော့ဘူးတဲ့။ သူဟာ သူဘုံဗိမာန်နဲ့ နေရလို့လည်း မမျော်၊ အက၊ အဆိုတွေ ကြည့်နေရလို့လည်း မမျော်၊ အတီးအမှုတ်တွေ နားထောင်နေရလို့လည်း မမျော်၊ ပျော်ပွဲစားတွေ ဘာတွေသွားလို့လည်း မမျော်၊ အဖော်အပေါင်းတွေနဲ့ နေရလို့လည်း မမျော်၊ ဥယျာဉ်တွေ သွားလို့လည်း မမျော်၊ ဘယ်မှ မမျော်တော့ဘူးတဲ့။ စိတ်ဟာ ပူနေတော့တာပေါ့လေ၊ သေရမယ်ဆိုတာ သိနေလို့ နေပါလိမ့်မယ်။ သေရတော့မယ်ဆိုတာ သိနေလို့ရှိရင် ဘယ်မျော်တော့မလဲ။

အဲဒီပုဗ္ဗနိမိတ်ငါးပါး ထင်လို့ရှိရင် ခုနစ်ရက်အတွင်းမှာ နတ်ဆိုတာ စုတေတယ်တဲ့။ ခုနစ်ရက်အတွင်း စုတေရတော့မှာပဲလို့ သိတော့ လက်ရှိစည်းစိမ်တွေနဲ့ ခွဲဖို့ သူခက်တာကိုး၊ သူက ကုသိုလ်ကောင်းမှုတွေ ရှိပါတယ်။ နောက်ဘဝ သေလို့ရှိရင်လည်း အဲဒီလို နတ်ဘဝကောင်းတွေ ပြန်ရနိုင်တယ်ဆိုတာ သူက ယုံကြည်ပါတယ်။ ဒီထက်ကောင်းတဲ့ ဘဝတွေရမယ်ဆိုတာ သူ ယုံကြည်ပါတယ်။ ဒါပေမယ့်လို့ လက်ရှိ စည်းစိမ်တွေ စွန့်ပစ်ရမှာကတော့ အခွဲခက်တဲ့ယ်။ နတ်မိဖုရားတွေ၊ နတ်သမီး အခြွေအရံတွေ၊ နတ်သားအခြွေအရံတွေ၊ သိကြားမင်း စည်းစိမ်၊ နတ်ဘုံဗိမာန်တွေက အမျှားကြီးဖြစ်နေတာကိုး။ ဒါတွေဟာ သာယာစရာတွေ အမျှားကြီးဖြစ်နေတယ်။ အဲဒါတွေကို စွန့်သွားရတော့မယ်။ ဒါတွေ စွန့်သွားပြီးတော့ ကိုယ့်ပစ္စည်းမဟုတ်တော့ဘူး။ မျက်စိမှိတ်ပြီးတော့ လူပြည်က အပြောနဲ့ ပြောမယ်ဆိုရင် ကိုယ့်ဟာ မဟုတ်တော့ဘူး။ တခြားရောက်သွားပြီး အကုန်လုံး သူမျှားဟာ ဖြစ်တော့မယ်။ သူမျှားပိုင်ဆိုင်တော့မယ်။ အဲဒီမှာ တစ်ခါတည်း နောက် သူမရှိလို့ရှိရင် နောက်ထပ် သိကြားတစ်ယောက် ထပ်ပြီး အသစ်ရောက်ရမှာကိုး။ အဲဒီပုဂ္ဂိုလ်ကသာ အပိုင်ယူသွားတော့မှာပဲ။ အဲဒီတော့ မချမ်းမသာတွေ အမျှားကြီးဖြစ်တယ်တဲ့။

သိကြားမင်းရဲ့စောဘကို မြတ်စွာဘုရားက မယ်ဖျောက်စေခြင်း

အဲဒီ စိတ်မချမ်းမသာတွေ အမျှားကြီးဖြစ်ပြီးတော့ ဒီစိုးရိမ်ပူဆွေးမှုတွေ ဘယ်သူက ပယ်ဖျောက်နိုင်မလဲလို့ စဉ်းစားတဲ့အခါ အဲဒီတုန်းက မြတ်စွာဘုရား ကလည်းရှိတယ်၊ မြတ်စွာဘုရားမှပဲ ပယ်ဖျောက်နိုင်မယ်လို့ ယုံကြည် အားကိုးပြီးတော့ မြတ်စွာဘုရားဆီ လာခဲ့တယ်။ လာပြီးတော့ အကျိုးအကြောင်းတွေ လျှောက်ထားတယ်။ မြတ်စွာဘုရားက တရားဟောတာကိုး။ သူက မေးခွန်းတွေ

http://www.dhammadownload.com

မေးပါတယ်။ အဲဒီမေးခွန်းမေးရာက နေပြီးသကာလ တရားဟော အဲဒီတရား နာရင်းနာရင်းနဲ့ သောတာပန်ဖြစ်သွားတယ်။ သောတာပန်လည်းဖြစ်ရော နတ်သက်ကလည်း ဒီချိန်မှာ ကုန်တဲ့အချိန်ဖြစ်လို့ စုတေစိတ်ကျပြီး သိကြားမင်းပဲ ပြန်ဖြစ်တယ်။ သူက ဒီနေရာမှာပဲ ပြန်ပြီးတော့ဖြစ်တယ်။ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်က သူဟာ ဖြစ်နိုင်တယ်။ ကိုယ့်နေရာကို ထပ်ပြီးတော့ နတ်ဆိုရင် နတ်သူနေရာပြန်ပြီးတော့ ဖြစ်နိုင်တယ်။ ဖြစ်တာမှ ဘဝဟောင်း ဘဝသစ်လဲတာ။ ဘေးကပုဂ္ဂိုလ်တွေ မသိလိုက်ဘူးတဲ့။ သူဟာ သိကြားမင်းကတော့ သူဟာသူမို့ ဘဝအဟောင်းမှန်း အသစ်မှန်း သိတယ်။ ဘုရားကလည်း မြတ်စွာဘုရားမို့ သိတယ်။ ဘေးကပုဂ္ဂိုလ်တွေ မသိကြဘူး။။ သူက နတ်အခြွေအရံ အများကြီးရှိတာကိုး။

အဲဒါ နတ်အသစ်လား အဟောင်းလား မသိဘူးတဲ့၊ ဟုတ်လား။ ပုံကလည်း တူနေမှာကိုး၊ ဓာတ်ပုံအတိုင်း တူနေမှာ။ နတ်ပြည်တော့လည်း အလောင်းကလည်း မရှိပဲဟာကိုး။ အလောင်းကြီးရှိရင်တော့လည်း သူဟာ သိဦးမှာပဲ။ လူပြည်တော့ သူဟာ သေတယ်ဆိုလို့ရှိရင် အလောင်းကြီးမြင်နေတော့ ဒါဟာ သေပြီဆိုတာ သိရတယ်။ အခုဟာ နတ်ကတော့ ဒီလိုအလောင်းကြီးကလည်း ရှိတာမဟုတ်ဘူး။ ရှိပြီးသား ရွှေပွတ်လည်း လေလိုလွင့်ပြီးသကာလ အခိုးအငွေ့တွေ တစ်ခါတည်း ဖြုတ်ခနဲဆို ပျောက်သွားတာကိုး။ နောက်ထပ် အသစ်ကလည်း ဒီနေရာမှာပဲ ထပ်ပြီးဖြစ်လိုက်တော့ ဘေးက ပုဂ္ဂိုလ်တွေက မသိလိုက်ကြဘူး။ နတ်ဘဝ အဟောင်းအသစ်လဲပြီး အဲဒီမှာ သိကြားမင်းအသစ် ပြန်ပြီးဖြစ်သွားတယ်။ အဲဒီ သိကြားမင်းကြီးတောင်မှ သေဖို့ရာ အကြောင်းဆုံစည်းလာတဲ့ အခါကျတော့ သေခြင်းအကြောင်းပြုပြီး မိမိလက်ရှိစည်းစိမ်နဲ့ ခွဲရဖို့ရန်အတွက် စိုးရိမ်ပူဆွေးရခြင်းတွေ အများကြီး ဖြစ်ကြရပါတယ်တဲ့။ ဒါကြောင့် -

"မရဏမို့ ဒုက္ခံ" မရဏမို့-သေရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲပဲတဲ့။ သေရတယ်ဆိုတာဟာ သေခြင်းအကြောင်းပြုပြီးတော့ ရောဂါဝေဒနာတွေ ဖြစ်ရတာလည်း ဆင်းရဲပဲတဲ့။ သေတဲ့အခါကာလကျ ကောင်းမှုမရှိတဲ့ပုဂ္ဂိုလ်တွေ နောက်ဘဝသေပြီးသည့်နောက် ဘာဖြစ်မှာပါလိမ့်မတုံးဆိုပြီး နောက်ဘဝ နောင်ရေးတွေအတွက် တွေးပြီးသကာလ ပူပင်ရ ဆင်းရဲရတယ်၊ ကောင်းမှုရှိတဲ့ပုဂ္ဂိုလ်တွေကလည်း လက်ရှိတွေနဲ့ ခွဲရမယ်ဆိုတော့ ဒါတွေနဲ့ မခွဲချင်တာနဲ့ စိတ်ဆင်းရဲရတယ်။ ဒီဒုက္ခတွေ ရောက်ရပါတယ်တဲ့။ "မရဏဒုက္ခ"ဆိုတာက အကြီးဆုံးပဲ။ ဒုက္ခ သုံးခု

http://www.dhammadownload.com

ပြီးသွားပြီနော်။ စိုးရိမ်တာတွေ၊ ပူဆွေးတာတွေ၊ ငိုကြွေးတာတွေ၊ ကိုယ်ဆင်းရဲပင်ပန်းတာတွေ ဆင်းရဲတွေပါပဲ။ နောက် သီတင်းကျမှ ဆက်ဟောမှာပဲ။ အချိန်လည်း တော်တော်ကြာသွားပြန်ပြီ။ အဲဒီတော့ ဒီခေါင်းစဉ်ကလေးတွေ ပြန်ပြီး ဆိုကြအုံးနော်၊ ဟုတ်လား။ ခေါင်းစဉ်ကလေး တစ်နေ့က စဉ်ပေးထားတယ်။ ခေါင်းစဉ်ကလည်း စာနဲ့ရေးထားမှ၊ နောက် စိတ်ထဲမှာ ပျောက် ပျောက်သွားတယ်။

* **ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။** (ဆို သုံးခေါက်)

ဖြစ်ခြင်း ဇာတိ ဆင်းရဲတစ်ခု၊ အိုခြင်း-ဇရာ ဆင်းရဲတစ်ခု၊ သေခြင်း မရဏ-ဆင်းရဲတစ်ခု၊ စိုးရိမ်ပူဆွေး-သောက ဆင်းရဲတစ်ခု၊ ငိုကြွေး ပရိဒေဝ-ဆင်းရဲတစ်ခု၊ ကိုယ်နာကျင်-ဒုက္ခ ဆင်းရဲတစ်ခု၊ သောကပရိဒေဝဒုက္ခ၊ ခြောက်ခု ရှိပြီ။ "ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်"။

* **နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာ ဆင်းရဲပင်။** (ဆို သုံးခေါက်)

နှလုံးမသာ-ဒေါမနဿ ဆင်းရဲတစ်ခု၊ နှလုံးမသာ စိတ်ပြင်းစွာ၊ စိတ်ပြင်းစွာ နှလုံးမသာ-ဥပါယာသ ဆင်းရဲတစ်ခု၊ ဒါတွေအားလုံး ဆင်းရဲတွေဖြစ်ကြတယ်၊ ဒီအပိုင်းက နှစ်ခုရှိတယ်။

* **မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်။** (ဆို သုံးခေါက်)

မုန်းသူနှင့်တွဲ အပြိယေဟိ သမ္ပယောဂေါ ဒုက္ခော - ဆင်းရဲတစ်ခု၊ မုန်းတဲ့ပုဂ္ဂိုလ်, မုန်းတဲ့အာရုံဝတ္ထု မမြင်ချင်၊ မကြားချင် အတူတကွတွဲပြီးတော့ နေရခြင်း, တွေ့ဆုံရခြင်းဟာ ဆင်းရဲပဲ။ ချစ်သူကွဲ - ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော - ဆင်းရဲတစ်ခု၊ ချစ်အပ်တဲ့ ပုဂ္ဂိုလ် ဝတ္ထုတို့နဲ့ ကွေကွင်းခွဲခွာရခြင်းဟာ ဆင်းရဲအမှန်ပင်ဖြစ်တယ်။

* **မရတာကို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်။**
* **စွဲလမ်းနှိုင်ရာ၊ ဝါးခန္ဓာ၊ သစ္စာဒုက္ခပင်။** (ဆို သုံးခေါက်)

"မရတာလို ဒုက္ခဆို' - မရနိုင်တာတွေကို တောင့်တ,တာတဲ့။ အိုခြင်း သဘောရှိနေလျက်နဲ့ မအိုရအောင် တောင့်တတာ စသည်ပေါ့လေ။ မရနိုင်တဲ့ ဥစ္စာတွေ လျှောက်ပြီး တောင့်တနေတဲ့ဥစ္စာဟာလည်းပဲ ဆင်းရဲပဲတဲ့။ မဖြစ်နိုင်တာတွေ တောင့်တ၍ မရတာ ဒုက္ခတစ်ခု၊ အဲဒီတော့ ဘယ်နှစ်ခုရှိသွားတုံးဆိုရင်

http://www.dhammadownload.com

ပထမပုဒ်က ခြောက်ခု၊ ဒုတိယပုဒ်က နှစ်ခု၊ တတိယပုဒ်က နှစ်ခု ဆိုတော့ ဆယ်ခု၊ မရတာလို ဒုက္ခဆိုတာက "ဣန္ဒာဝိယာတဒုက္ခ"လို့ ခေါ်တယ်။ ပါဠိလိုတော့ ဣန္ဒာဝိယာတ အလိုမျက်စီးတာပေါ့။ အလိုတိုင်း မဖြစ်တာ၊ ဆယ့်တစ်ခု၊ အဲဒါက ဒုက္ခဆယ့်တစ်ခု၊ ဒါက အသေးစိတ်ဒုက္ခတွေဆယ့်တစ်ခု၊ တိုတို ပြောရလျှင်တဲ့ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" - အကျဉ်းချုပ်အားဖြင့် ပြောမယ် ဆိုလို့ ရှိရင်တော့ တစ်မျိုးတည်းပါပဲတဲ့။ ဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခပါပဲတဲ့။ အဲဒီမှာ တိုတိုပြောရလျှင် "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်၊"၊ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါး တရားတွေတဲ့။ အဲဒါက လိုရင်းပါပဲ။ ငါဥစွာပဲလို့ သာယာပြီးတော့ စွဲလမ်းနိုင်တဲ့ တရားတွေ၊ အဲဒီတဏှာစွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတရားတွေ ရှိတယ်တဲ့။ အဲဒီ ခန္ဓာငါးပါးတရားတွေဟာ ဒုက္ခသစ္စာတရားတွေပဲဖြစ်တယ်၊ မိမိသန္တာန်မှာ အတွင်းဝင်ပြီးကော့နေတဲ့ အဲဒီခန္ဓာငါးပါးတရားတွေကို ငါပဲလို့လည်း ထင်မှတ်နေကြတယ်။ ငါဥစွာပဲဆိုပြီး ငါ့ကိုယ်ပဲ၊ ငါ့လက်ပဲ၊ ငါ့ခြေပဲ၊ ငါ့မျက်စိပဲ၊ ငါ့စိတ်ပဲ စသည်ဖြင့် ထင်မှားပြီး သာယာပြီးတော့ သဘောကျနေတယ်။ အဲဒီလို စွဲလမ်းပြီးတော့နေတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေဟာ ဒုက္ခသစ္စာပဲတဲ့။

ဥပါဒါနက္ခန္ဓာငါးပါးတရားတွေက ဆင်းရဲတစ်ခု၊ သူကတော့ အသေးစိတ် မဟုတ်ဘူး။ အကျဉ်းချုပ်ပဲ အပေါင်းပဲ။ ဟိုတစ်ဆယ့်တစ်ပါးသော အသေးစိတ် ဒုက္ခတွေက ဒီဥပါဒါနက္ခန္ဓာငါးပါးကို မှီပြီးတော့ ဖြစ်နေကြတာ။ ဒီဥပါဒါနက္ခန္ဓာငါးပါးရှိနေရင် တစ်ဆယ့်တစ်ပါးသော ဒုက္ခတွေ ဖြစ်နေကြတယ်။ ဒါကြောင့်မို့ ဒီဥပါဒါနက္ခန္ဓာငါးပါးတို့က ဒုက္ခသစ္စာတစ်ပါး၊ ပေါင်း ဒုက္ခသစ္စာ ဆယ့်နှစ်မျိုး ဝေဖန်ပြီးတော့ ဟောထားတယ်တဲ့။ နောက်ရက်တွေကျမှပဲ ပြည့်စုံအောင် ဟောရမယ်၊ တော်တော်များသေးတယ်။ နောက်ပြောဖို့ရာတွေ အခု ဝိပဿနာရှုတဲ့ အခါကျတော့ ဘာတွေတွေ့နေတုံးဆိုတော့ ဒီဥပါဒါနက္ခန္ဓာငါးပါးပဲ တွေ့နေကြတယ်၊ ငင်းဥပါဒါနက္ခန္ဓာငါးပါးတို့ကို ရှုနေရတာပဲ။ ဒွါရခြောက်ပါးတို့မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ရုပ်ရှုရင် ရှုပက္ခန္ဓာပဲ၊ ဝေဒနာရှုရင် ဝေဒနာက္ခန္ဓာပဲ၊ သညာမှတ်သားမှုလေးတွေ ရှုမိတဲ့အခါကျ သညာက္ခန္ဓာပဲ။ အဲဒီအပြင် စိတ်နဲ့ အာရုံနဲ့ တွေ့တဲ့ ဖဿတို့၊ စေတနာတို့၊ လိုချင်မှု လောဘတို့၊ မလိုချင်မှု အလောဘတို့၊ ယုံကြည်မှုကြည်ညိုမှု သဒ္ဓါတို့ စသည့်တရားတွေကို ရှုမိတိုင်းဟာ သခ်ါရက္ခန္ဓာပဲ၊ နောက် သိတဲ့စိတ်ကလေးတွေ ရှုမိတာက ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး တစ်ခုခုတော့

http://www.dhammadownload.com

ရှုမိတာပဲ။ ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပေါ်လာတာလေး ဖမ်းရှုလို့ ရှိရင် ဒီခန္ဓာငါးပါးထဲက တစ်ခုခုတော့ ရှုမိတယ်။ အဲဒီခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ တရားတွေပဲ။ အခု ဖောင်းတယ်၊ ပိန်တယ် ရှုမှတ်နေရင် ဒါက ရုပ်တရားတွေ ပဲ၊ ကွေးတယ်၊ ဆန့်တယ်ဆိုရင်လည်း ရုပ်တရား၊ ဒါတွေအားလုံး ဒုက္ခသစ္စာပဲ။ စိတ်ကူး ကြံစည်တာရယ်ဆိုလို့ရှိရင်ဖြင့် ဝိညာဏက္ခန္ဓာပဲ။

တစ်စုံတစ်ခုကို ပြုချင်တယ်။ လုပ်ချင်တယ်ဆိုပြန်တော့ သူက သခ်ါရက္ခန္ဓာ ပဲ။ ကိုယ်ထဲက ညောင်းတာ ပူတာတွေ, ကိုက်ခဲတာတွေ, စိတ်ထဲက ဝမ်းမြောက် ဝမ်းသာတာတွေ မှတ်လိုက်ရင် ဝေဒနာက္ခန္ဓာ၊ တစ်စုံတစ်ခုကို စွဲလမ်း မှတ်သား တာကို ရှုလိုက်၊ မှတ်လိုက်ပြန်လို့ရှိရင်လည်း သညာက္ခန္ဓာပဲ။ အဲဒီခန္ဓာငါးပါး တရားတွေကို ရှုရတယ်။ အဲဒီခန္ဓာငါးပါးတရားတွေ၏ ဖြစ်နေတဲ့သဘောဟာ ဇာတိပဲ။ ခန္ဓာငါးပါးတရားတွေ ပျက်နေတဲ့သဘောဟာ မရဏပဲ။ ခန္ဓာငါးပါး တရားတွေရဲ့ အခိုက်အတန့်အားဖြင့် တည်တဲ့မှု အဆင့်ဆင့်တည်တဲ့မှု သဘောတွေ ဇရာအိုမင်းခြင်းသဘောပဲ။ အဲဒီဟာတွေကို ဒွါရခြောက်ပါးက ပေါ်တိုင်း ပေါ်တိုင်း ရှုနေလို့ရှိရင် ထိုက်သည့်အားလျော်စွာ သိနေပါတယ်။ အဲဒါတွေကို သိအောင်လို့ လည်းပဲ ရှုရတယ်။ "ဒုက္ခသစ္စံ ပရိညေယျံ" ဒုက္ခသစ္စံ-ဒုက္ခသစ္စာကို၊ ပရိညေယျ-ပိုင်းခြားသိရမယ်-တဲ့။ ယောဂီပုဂ္ဂိုလ်က ကိုယ်တိုင်ကို သေသေချာချာ လက်နဲ့ ကိုင်ကြည့်သလို တရားသဘောကလေးတွေကို ပိုင်းခြားပြီး သိရမယ်တဲ့။ အဲဒါလို ပိုင်းခြားပြီးတော့ သိအောင်လို့လည်း အားထုတ်ပြီးတော့ နေကြရတယ်။

ဤအရိယသစ္စာလေးပါး တရားတို့ကို ရှိသေစွာ နာခံ မှတ်သားရသော ဓမ္မဿဝနကုသိုလ်ကံ စေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မြတ်စွာဘုရားဟောကြားအပ်သော အရိယသစ္စာတရားလေးပါးတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိအောင် ရှုနိုင်၊ မှတ်နိုင်၊ အားထုတ်နိုင်ကြ၍၊ ဝိပဿနာဉာဏ်စဉ် အရိယမဂ်ဉာဏ်အစဉ်တို့ဖြင့် ဤသစ္စာ တရားလေးပါးတို့ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

http://www.dhammadownload.com

ဒုက္ခသစ္စာတရားဧတာ်
တတိယပိုင်း

[၁၃၂၃-ခု၊ သီတင်းကျွတ်လဆန်း ၈-ရက်နေ့ ဟောကြားသည်။]

ကထမဥ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊

ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ ဒုက္ခံ အရိယသစ္စံ-အရိယာတို့သိအပ်သော ဆင်းရဲအစစ်အမှန်တရားသည်၊ ကတမဉ္စ-အဘယ်ပါနည်းဟူမူကား။

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲအစစ်အမှန်တရားပေတည်း၊ ဇရာပိ-အိုရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲပေတည်း၊ မရဏမ္ပိ-သေရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲပေတည်း။

ဘဝသစ်ဖြစ်ရခြင်း ဖြစ်ရာဘဝမှာ အိုရခြင်း၊ အိုပြီးတော့ နောက်ဆုံးမှာ သေရခြင်း ဆင်းရဲချည်းပဲတဲ့။ ဆင်းရဲဆိုတာ ကြောက်စရာကောင်းတာ။

ဘယဋ္ဌေန ဒုက္ခံ၊ ဘယဋ္ဌေန-ကြောက်စရာကောင်းသော အနက်သဘော ကြောင့်၊ ဒုက္ခံ-ဆင်းရဲပဲ-တဲ့။ ဆင်းရဲဆိုတာ ကြောက်စရာကောင်းတာ ဆင်းရဲပဲ။ မကောင်းတာတွေ၊ မတွေ့ချင်တာတွေ၊ မလိုချင်တာတွေ၊ ကြောက်စရာကောင်းတာတွေ၊ ရွံစရာကောင်းတာတွေ အားလုံးကို "ဆင်းရဲ"လို့ ခေါ်တယ်တဲ့။

ဧသောဓ ဗဇိဓဧဝ ဒုက္ခ ဧဓါဓနဿ ဥပါယာသ ဒုက္ခမျှား

အဲဒီဘဝသစ်ဖြစ်ရတာလည်း ဆင်းရဲပဲ၊ ဘာကြောင့် ဆင်းရဲဖြစ်ရတယ် ဆိုတာလဲ အကျယ်ပြောပြီးပါပြီ။ အိုရခြင်းဆင်းရဲကတော့ ထင်ရှားနေတယ်။ သေရခြင်းဆင်းရဲလည်း ထင်ရှားနေတယ်။ ဒါတော့ ပြောပြီးကုန်ပါပြီ။ အဲဒီကနောက်

http://www.dhammadownload.com

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ-စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း, စိတ်နှလုံး၏ ပြင်းစွာပင်ပန်းခြင်းတို့သည်လည်း၊ ဒုက္ခာ-ဆင်းရဲတို့တည်း။

စိုးရိမ်ပူဆွေးရတယ် ဆိုတာလည်း ဆင်းရဲပဲ၊ ဒါကတော့ သူ့ပကတိ ပင်ကိုရင်းကို ဆင်းရဲနေတာပါပဲ၊ ငိုကြွေးရတာလည်း ဆင်းရဲပဲတဲ့။ ကိုယ်ဆင်းရဲ ဆိုတာကတော့ ကိုယ်ထဲမှာ အခံခက်တာတွေဟူသမျှ အကုန်လုံး၊ နေမကောင်း ထိုင်မကောင်းတွေရော, ဗျာဓိဒုက္ခဆိုတာတွေလည်း အကုန်လုံးပါတယ်။ ဒီအထဲမှာ ကိုယ်ထဲမနေသာ မထိုင်သာ သူ့အလိုလိုဖြစ်လာတာပဲဖြစ်ဖြစ်၊ ကိုယ့်ပယောဂ ကြောင့် ဖြစ်တာပဲဖြစ်ဖြစ်၊ ဥတုအားလျော်စွာ ဖြစ်ပေါ်လာတာပဲဖြစ်ဖြစ် ကိုယ်ထဲ အခံခက်တာဟူသမျှ, ဆင်းရဲတာဟူသမျှ အကုန်လုံး ဒုက္ခဆင်းရဲ ခေါ်တယ်။ စိတ်ဆင်းရဲဆိုတာ စိတ်ထဲမှာ နှလုံးမသာတာတွေအကုန်ပဲ၊ စိတ်ထဲမှာ ပြင်းစွာ ပင်ပန်းတာတွေဖြစ်တယ်၊ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီး တောက်တခေါက်ခေါက်နဲ့ ပြင်းစွာပင်ပန်းတာတွေဟာ စိတ်ဆင်းရဲတွေပဲတဲ့။ ဒါတွေကတော့ ထင်ရှားနေတဲ့ ဥစ္စာတွေပါပဲ။ ယနေ့ အဲဒီအပိုင်းက ဟောရလိမ့်မယ်။

ဆောက ဆိုတာ

တတမော စ ဘိက္ခဝေ ဆောကော၊

ဘိက္ခဝေ-ရဟန်းတို့၊ သောကော-စိုးရိမ်ပူဆွေးရခြင်းဟူသည်၊ ကတမော စ-အဘယ်ပါနည်း။

စိုးရိမ်ပူဆွေးတယ်ဆိုတာ ဘာတုံး၊ စိုးရိမ်ပူဆွေးတယ်ဆိုတာ နားတော့လည် နေကြပါပြီ၊ သိနေပါပြီ။ စိုးရိမ်ပူဆွေးတယ်ဆိုတဲ့ စကားလုံးနဲ့ပဲ နားလည်နေပြီ၊ ဒါပေမယ်လို့ ဒီသုတ်က အကျယ်ပဲ ဟော့တယ်။ သိလောက်တယ် ဆိုပြီးတော့ ခွင်းချန်မထားဘူး၊ ဒါကို အကုန်ဟောတာပဲ။ ဒီတော့ နည်းနည်းဟောရအုံးမယ်။ သူပါဠိလေးနဲ့

ယော ဓေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ ဆောကော ဆောစနာ ဆောစိတတ္တံ အန္တောဆောကော အန္တောဝရိဆောဏော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဆောကော၊

http://www.dhammadownload.com

ဘိက္ခဝေ-ရဟန်းတို့၊ အညတရညတရေန-တစ်မျိုးမျိုးသော၊ ဗျသနေန-ပျက်စီးခြင်းနှင့်၊ သမန္နာဂတဿ-ပြည့်စုံသောသူအား၊ အညတရညတရေန-တစ်မျိုးမျိုးသော၊ ဒုက္ခမေန-ဆင်းရဲကြောင်းတရားနှင့်၊ ဖုဋ္ဌဿ-တွေ့ထိရသော ပုဂ္ဂိုလ်အား၊ ယော သောကော-အကြင်စိုးရိမ်ပူဆွေးခြင်းသည်၊ ယာ သောစနာ-အကြင်စိုးရိမ်ပူဆွေးသောအမူအရာသည်၊ ယံ သောစိတတ္တံ-အကြင်စိုးရိမ်ပူဆွေးသည်၏အဖြစ်သည်၊ ယော အန္တောသောကော-အကြင်အတွင်းအတွင်း၌ စိုးရိမ်ခြင်းသည်၊ ယော အန္တောပရိသောကော-အကြင်အတွင်းထက်ဝန်ကျင် စိုးရိမ်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ၊ ဤစိုးရိမ်ပူဆွေးခြင်းသဘောကို၊ သောကော-သောကဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ဗျသနတရားဆိုတာ ငါးပါးရှိပါတယ်၊ ပျက်စီးခြင်းတရား တစ်မျိုးမျိုးနဲ့ တွေ့ခဲ့လို့ရှိရင် ဖြစ်တတ်တယ်။ ဉာတိဗျသန-ဆွေမျိုးတွေ ပျက်စီးတယ်၊ ဆွေမျိုး အပေါင်းအသင်း ပျက်စီးတာကို "ဉာတိဗျသန"လို့ ခေါ်တယ်။ ပါဠိလို ဉာတိဗျသန၊ မြန်မာလို ဆွေမျိုးအပေါင်းအဖော်တွေ ပျက်စီးကုန်တာ။ အမိ၊ အဘ၊ ညီအစ်ကို၊ မောင်နှမ၊ အိမ်သူအိမ်သား၊ သားသမီး၊ ဆွေမျိုးတော်တဲ့ပုဂ္ဂိုလ်၊ ချစ်ကျွမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေ ရှိကြတယ်။ အစတုန်းက အင်မတန်ကို တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီး ချစ်ကျွမ်းဝင်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေ ပျက်စီးသွားတဲ့အခါ စိုးရိမ်ပူဆွေးခြင်း ဖြစ်တယ်။ ဒါကတော့ အင်မတန်ထင်ရှားနေတာ၊ ကိုယ်နဲ့မနီးစပ်တဲ့ ပုဂ္ဂိုလ်တွေ ပျက်စီးတာတော့ စိုးရိမ်ပူဆွေးခြင်း မဖြစ်ဘူး။ ကိုယ်နဲ့ နီးစပ်လာပြီး ဆိုရင် စိုးရိမ်ပူဆွေးခြင်းဆိုတာ ဖြစ်ကြတယ်။ ကိုယ်နဲ့ခင်မင်ရင်းနှီးခြင်းမရှိတဲ့ပုဂ္ဂိုလ်တွေ သေကြ ပျက်စီးနေကြတာပဲ။ ဒါပေမယ်လို့ အမှုမဲ့ အမှတ်မဲ့ပဲ ဘာမှကိစ္စမရှိဘူး၊ မတုန်လှုပ်ဘူး။ ကိုယ်နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်တွေ ပျက်စီးသွားပြီလို့ဆိုရင်တော့ မခံမရပ် နိုင်အောင် စိုးရိမ်ပူဆွေးခြင်းဖြစ်တယ်။ စိုးရိမ်ပူဆွေးခြင်းဆိုတဲ့သဘောကတော့ ဒုက္ခတရားပါပဲ။ သူကတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ နှစ်မျိုးထဲမှာ ဖြစ်တယ်၊ စိတ်ကနေပြီးတော့ မခံသာတဲ့သဘောတွေ တစ်စုံတစ်ခုနဲ့ ထိုးဆွနေသလို ပူလောင်နေတယ်၊ အောင့်သက်ပြီးတော့ အခံရခက်တဲ့စိတ်ဆင်းရဲပဲဖြစ်တယ်။

ဝေဒနာက သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ-လို့ သုံးမျိုး ရှိပါတယ်၊ ခံစားမှုသုံးမျိုးပေါ့၊ သုခဝေဒနာဆိုတာကတော့ ကောင်းတဲ့ခံစားမှုပဲ။ ဥပေက္ခာဆိုတာကတော့ မကောင်းမဆိုး ခံစားမှုပဲ၊ သူကောင်းတဲ့ဘက်က များများ

http://www.dhammadownload.com

ဖြစ်နေတယ်လို့ ဆိုရမှာပဲ။ ကုသိုလ်အကျိုးဆိုရင် ကောင်းတဲ့ဘက်က များတယ်။ အကုသိုလ်၏အကျိုးကတော့ ဥပေက္ခာဆိုပေမယ်လို့ မကောင်းတဲ့ဘက်က သူက ပါနေတယ်။ ဒုက္ခဆိုတာကတော့ မကောင်းတဲ့ခံစားမှုပဲ။ ကိုယ်ထဲမှာ မခံသာတဲ့ သဘော၊ အဲဒါဒုက္ခ၊ စိတ်ထဲမှာ မခံသာတဲ့သဘော၊ သူလည်း ဒုက္ခပဲဖြစ်လို့ "ဒေါမနဿ"လို့လည်း ခေါ်တယ်။ အခု စိုးရိမ်ပူဆွေးတယ်ဆိုတဲ့ သောက,က အဲဒီစိတ်ဆင်းရဲထဲက အထူးပေါ့လေ။ စိုးရိမ်ပူဆွေးတဲ့အနေနဲ့ သက်သက် စိတ် မချမ်းသာတာတွေ ရှိတယ်။ စိတ်နှလုံးမသာဖြစ်ရုံမျှပဲ ရှိပါတယ်။ စိုးရိမ်ပူဆွေး တယ် ဆိုတာက တော်တော်ကို လောင်ကျွမ်းပြီးဖြစ်တယ်၊ စိုးရိမ် ပူဆွေးခြင်း ဖြစ်တာဟာ တကယ်ဆိုးပါတယ်၊ တော်တော်ဆိုးတဲ့တရားပါပဲ။ စိုးရိမ် ပူဆွေး ခြင်းတွေ အားကြိုးလို့ရှိရင် စိတ်တွေ ဘာတွေလည်း ဖောက်ပြန်ပြီးတော့ သွားတတ် ပါတယ်။ တချို့ ပုံမတော်လို့ရှိရင် သေသွားတတ်ပါတယ်။ အင်မတန် ဆိုးတဲ့တရား ပါပဲ။

ပဋာစာရာဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက "ပဋာစာရီ"ဆိုတဲ့ မိန်းမ တစ်ယောက်က အင်မတန်ထင်ရှားနေပါတယ်။ ပဋာစာရီဝတ္ထုဆိုပြီးတော့ ရှေးကဓမ္မကထိကတွေ သူနှင့်စပ်လျဉ်းပြီး ဟောလို့ အများလည်းပဲ သိနေကြတယ်။ သူမှာ ခင်ပွန်းယောကျ်ားလည်း မြွေကိုက်လို့ ဆုံးသွားတယ်၊ သူသားကြီးကလည်းပဲ ချောင်းတစ်ခုကူးတဲ့အခါမှာ ကမ်းနားထားပြီး ကူးသွားတယ်၊ သားငယ်ကို ဟိုဘက်ကမ်းသွားပြီး ပို့နေတုန်း သားငယ်ကလေးကို စွန့်က သားတစ်မှတ်ပြီး သကာလ ချီသွားတယ်၊ လက်ခုတ်လက်ဝါးတီးပြီး စွန့်ကို ခြောက်တော့ ကမ်းက ကြည့်ပြီးနေတဲ့သားကြီးက သူခေါ်တယ် မှတ်ပြီး ရေထဲဆင်းလို့ ရေထဲမျောပါ သွားတယ်။ သားကြီးကလည်း ရေထဲမျောပြီးတော့ သေသွားတယ်၊ ရေထဲဆင်းလို့ ရေထဲမျောပါသွားတယ်။ သားကြီးကလည်း ရေထဲမျောပြီးတော့ သားငယ်ကလည်း စွန့်ချီပြီးတော့ သွားတယ်။ ဒီပြင်လည်း အားကိုးစရာ ဘာမျှမရှိဘူး၊ သူမှာ ဆွေမျိုးအရင်းအချာဖြစ်တဲ့ မိဘတွေထံကလည်းပဲ အစကထွက်ပြေးလာတာမို့လို့ မကပ်နိုင်တဲ့အနေ ရောက်နေတယ်၊ ဘာမှ အားကိုးစရာမရှိဘူး။ အဲဒီတော့ အားကိုးစရာဖြစ်တဲ့ ခင်ပွန်းကလည်းပဲ ဆုံး။ အင်မတန်ချစ်ခင်ပြီးတော့နေတဲ့

http://www.dhammadownload.com

သားလေးတွေကလည်း တစ်ခါတည်း ပျက်စီးခြင်းမလှ ပျက်စီးပြီး မျက်စိအောက်တွင် ဆုံးသွားကြတယ်။ အဲဒီတော့ သူမက စိတ်ထိန်းသိမ်းလို့ မရဘူး။ သောကတွေ အကြီးအကျယ် ဖြစ်နေတယ်။

သူမက စိတ်သောကအကြီးအကျယ်ဖြစ်ပြီး စိတ်ကောင်းကောင်း မူမမှန်ချင်တော့ဘူး။ ဖောက်ဖောက်ပြန်ပြန်ဖြစ်လာပြီး စိတ်သောကအားကြီးလာလို့ရှိရင် တဖျစ်တောက်တောက်နဲ့ တစ်ခါတည်း သတိကောင်းကောင်း မကောင်းတော့ဘူး။ ပကတိအနေမျိုးမဟုတ်ဘူး၊ ဟိုပြောမိ၊ ဒီပြောမိ အဲဒါတွေ တောင်တောင် မြောက်မြောက်ပြောမိ ဒီလိုဖြစ်လာတယ်။ ဒါအကြီးအကျယ်ဖောက်ပြန်လို့ရှိရင် ရူးတာပဲ။ နည်းနည်းဆိုရင်တော့ မရူးပါဘူး။ အဲဒီလိုဖောက်ပြန်လာရာက တစ်ဖြည်းဖြည်းနဲ့ တစ်ခါတည်း ဘယ်မှအားကိုးစရာမရှိတော့ မိဘတွေထံပဲ ပြန်မှပဲဆိုပြီး မိဘတွေဆီသွားတယ်။ အဲဒီညက မိုးရွာတော့ သူမိဘတွေလည်း မိုးနဲ့လေနဲ့ကျပြီး အိမ်ပြိုလို့ တိုက်အိမ်တွေ ပိပြီးတော့ သေကုန်ကြတာပေါ့။ အမေရော, အဖေရော, အစ်ကိုရော အကုန်လုံးသေကုန်ကြတော့ ဟိုမှာ တစ်ခါတည်း အကုန်လုံး စုပေါင်းပြီး သင်္ဂြိုဟ်လိုက်ရတယ်။ မြို့အနီးအနားရောက်တဲ့အခါကျတော့ လူတစ်ယောက်ကို မြင်ပြီး မေးတယ်၊ "အဲဒီသူဌေးများ ဘယ့်နဲ့နေပါသလဲလို့ မေးတော့ ဟိုလူကြီးက ပြောတယ် ၊ "ဟာ. . မမေးပါနဲ့"တဲ့။ သူ့အကြောင်းကတော့ မမေးပါနဲ့ ဆိုပေမယ့် လို့ ထပ်ခါထပ်ခါ မေးမေးတော့ မတတ်သာလို့ ပြောရတယ်။ အကြောင်းမကောင်းလို့ မပြောချင်လို့ ညက မိုးရွာတုန်းက မိုးကြိုးလေကြိုးကျပြီးတော့ တိုက်အိမ်ပြိုလို့ အကုန်လုံးတော . သေကုန်ကြတယ်။ သူဌေးရော, သူဌေးကတော်ရော, သူသားရော သေကြလို့ ဟိုသုသာန်မှာ မီးခိုးတစ်လူလူနဲ့ မီးရှို့ထားတယ်၊ အင်မတန်အကြောင်းမကောင်းရှာကြပါဘူး ဆိုပြီးတော့ စိတ်မချမ်းမသာနှင့် သူက ပြောတော့ တစ်ခါတည်း ယူကြုံးမရ ဖြစ်သွားတာကိုး။ အစကလည်း လင်သေလို့ သားကလေးတွေ သေလို့ ပူဆွေးလာရတဲ့အထဲမှာ တစ်ခါ အားကိုးရာဖြစ်တဲ့ မိဘတွေ, မောင်တွေက တစ်ခါတည်း သေကုန်ပြန်ပြီဆိုတာ ကြားတော့ ဘယ်ဆောက်တည်ရာရတော့မတုံး။ သူကတော့ လောလောဆယ် အားကိုးစရာ ဘာမှမရှိတော့ဘူး။

သူမမှာ ခင်မင်ရင်းနှီးတာကလည်း အကြောင်းတစ်ခု၊ မိမိ၏ အားကိုးရာမဲ့တာကလည်း အကြောင်းတစ်ခု၊ အဲဒီအကြောင်းနှစ်ခုကြောင့် စိုးရိမ်ပူဆွေးမှုတွေဟာ အကြီးအကျယ်ဖြစ်နေတယ်။ ခင်မင်ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ ပျက်စီးခြင်း

http://www.dhammadownload.com

ကြောင့်လည်းပဲ စိတ်မချမ်းမသာမှုဖြစ်ပြီးတော့ စိုးရိမ်ပူဆွေးမှုတွေ ဆိုတာ ဖြစ်တတ်တယ်။ အားကိုးရာမဲ့ဖြစ်သွားပြီဆိုပြီးတော့ အားကိုးရာအကြောင်းကို မျှော်ပြီးတော့လည်းပဲ အားကိုးရာ မရှိဘူး ဆိုပြီးတော့ စိုးရိမ်ပူဆွေးမှုတွေ ဆိုတာ အကြီးအကျယ်ဖြစ်တတ်တယ်။ အခုတော့ သူမှာ ဘယ်ဘက်ကနေကြည့်ကြည့် စိုးရိမ်ပူဆွေးစရာကြီးပဲ ဖြစ်နေတာကိုး။ ခင်မင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်ဆိုတာတွေက လည်း အကုန်လုံးပျက်စီးလို့ ဘာမှမရှိတော့ဘူး။ အားကိုးစရာကလည်း မရှိဘူး။ ဒီတော့ အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ပြီးတော့ စိုးရိမ်ပူဆွေးမှုတွေ ဖြစ်လာတယ်-တဲ့။ သောကမီးလည်း လောင်သေးရဲ့၊ တစ်ခါတည်း စိတ်တွေဖောက်ပြန်ပြီး ရူးသွားတာပဲ။ သူက စားရမှန်း မသိ၊ သောက်ရမှန်း မသိ၊ ဝတ်ရမှန်း မသိ၊ နေရမှန်းမသိ၊ ထိုင်ရမှန်း မသိ၊ နေ့မှန်းညမှန်း မသိဆိုတာ တစ်ခါတည်းကို အရူးကြီး ရူးသွားတာပဲ။ စိုးရိမ်ပူဆွေးမှုတွေ ဒုက္ခတွေ ရောက်တယ်။ သူဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ပဲ။ နောက်ဆုံး သူဟာ ဒီဘဝ ရဟန္တာ ဖြစ်ရမယ့်ပုဂ္ဂိုလ်၊ သာမညပုဂ္ဂိုလ်မဟုတ်ဘူး။ နောက်မှ မြတ်စွာဘုရားထံ ရောက်လာတဲ့အခါ မြတ်စွာဘုရားတရားဟောတုန်း တရားနာပရိသတ်ဆီကို ဆူဆူညံညံနဲ့ သူဝင်လာတော့ ဘေးက ပရိသတ်တွေက ဝိုင်းတားကြတယ်။ ဟိုက အရူးမ တစ်ယောက်လာတယ် ဆိုပြီးတော့ ဝိုင်းတားကြတယ်။ ဘုရားက လာပါစေလို့ ခွင့်ပြုလိုက်တယ်။ ခွင့်ပြုလိုက်တော့ တစ်ခါတည်း ဘုရားဆီလာပြီး ဘုရားဆီ ရောက်လာတော့ ဘုရားက တစ်ခါတည်း လှမ်းပြီးတော့ သတိပေးတယ်။

ပါရမီရှိပြီးသူ ဆိုရင် ဘုရားက ကယ်နိုင်ပါတယ်

"သတိ ပဋိလဘ ဘဂိနိ" ဘဂိနိ-နှမအရွယ်ဖြစ်သော အိုသူငယ်မ၊ (သို့မဟုတ်) ချစ်သမီးပေါ့လေ။ စာကတော့ ဒီလိုပဲ၊ မြတ်စွာဘုရားလက်ထက်မှာ ယောက်ျားတွေက နေပြီးတော့ အမျိုးသမီးတွေကို ယဉ်ယဉ်ကျေးကျေးခေါ်လို့ရှိရင် ဒီလိုပဲ ခေါ်တယ်။ မြန်မာ့အသုံးအနှုန်းနဲ့ကတော့ အဲဒါက မကိုက်ဘူး။

ဘဂိနိ၊ နှမအရွယ်ဖြစ်သော အိုသူငယ်မ၊ အိုချစ်သမီး၊ သတိ-သတိကို၊ ပဋိလဘ-ရပါလေတော့။

"သတိတရားရပါ"လို့ မြတ်စွာဘုရားက သတိပေးလိုက်တယ်။ သူ့ရှေးက လည်းပဲ ပါရမီကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်လာတာက တစ်ကြောင်း၊ မြတ်စွာဘုရား၏

http://www.dhammadownload.com

ဘုန်းတော် ကံတော်ကလည်းပဲ အကြောင်းတစ်ခုပေါ့။ အကြောင်းနှစ်ခုကြောင့် တစ်ခါတည်း ပြန်ပြီးတော့ သတိရသွားတယ်။ အရူးပျောက်သွားတယ်၊ အခု ဒီတရားအားထုတ်လို့ ပျောက်တာ မဟုတ်ဘူး။ သူက သတိပေးလိုက်တာနဲ့ အရူးမဘဝ ပျောက်သွားတယ်။ တချို့က တရားအားထုတ်လို့ ပျောက်တယ်လို့ ပြောကြတာ မဟုတ်ဘူး။ အခုပျောက်တာကတော့ ရှေးက ပါရမီဖြည့်ဆည်းဖူးလာခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေတယ်။ ကမ္ဘာတစ်သိန်းထက်ကနေပြီး ဝိနည်းဆောင် ဧတဒဂ်ရဖို့ရာ ဧတဒဂ်ရ ဘိက္ခုနီမတစ်ဦး အကြောင်းပြုပြီးတော့ ဧတဒဂ် ရဖို့ရာ ဆုတောင်းပါရမီနဲ့ လာခဲ့တာ။ ဆုတောင်းပါရမီက ပြည့်ပြီးသားပုဂ္ဂိုလ် ဆိုတာ ဒီဘဝမှာ ရဟန္တာမဖြစ်ရမယ်။ ဧတဒဂ်ရ ဝိနည်းဆောင်ပုဂ္ဂိုလ်လည်း သူဖြစ်ရမှာပဲ။ အဲဒီလိုဖြစ်ရမယ့်ပုဂ္ဂိုလ်အကြောင်းတစ်ခုပြီးတော့ မြတ်စွာဘုရား ထံမှောက် ရောက်လာတော့ မြတ်စွာဘုရားကလည်းပဲ ပါရမီဖြည့်တဲ့ပုဂ္ဂိုလ်တွေ မှန်သမျှ အကုန်လုံး ဟောချွတ်နိုင်ရမယ့် စွမ်းရည်သတ္တိရှိတယ်။ ပါရမီမရှိတဲ့ ပုဂ္ဂိုလ်တော့လည်း မတတ်နိုင်ဘူးပေါ့။

ဘုရားမှာ အနန္တတန်ခိုးတွေ, အနန္တညာဏ်တော်တွေ ရှိနေတယ် ဆိုပေမယ့် ပါရမီမရှိတဲ့ပုဂ္ဂိုလ်တွေကျတော့ ဘာမှမတတ်နိုင်ဘူး။ ဒါကတော့ ပါရမီမရှိတဲ့ ပုဂ္ဂိုလ်တွေ ဟောလို့၊ ပြောလို့ မဖြစ်ဘူး။ သူတို့ နားလည်းမလည်ဘူး။ သူက ပါရမီအခံမှ မရှိဘဲဟာကိုး။ ဘာနဲ့တူနေတုံးဆိုတော့ မျက်စိမရှိတဲ့ပုဂ္ဂိုလ် မြင်အောင် လုပ်ပြီး မပြနိုင်သလိုပဲ မျက်စိသူမှာ ရှိမှမရှိဘဲကိုး။ အဲဒါလိုပဲ ပါရမီ အခံမရှိတဲ့ပုဂ္ဂိုလ်ကို ဘုရားက ဘယ်လိုဟောနေနေ ဒီတရား သူသဘောမပေါက်ဘူး၊ နားမလည်နိုင်ဘူး။ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေ မှန်သမျှတော့ မြတ်စွာဘုရားက ဘယ်အခြေအနေပဲ ရောက်နေနေ ဘုရားထံမှောက် ရောက်လာလို့ရှိရင်ဖြင့် တရားကို သိအောင်လို့ ဟောနိုင်ရမှာကိုး။ အဲဒါကြောင့် ဘုရား၏တန်ခိုးတော် အားဖြင့်လည်း ပဋ္ဌာစာရိက ချက်ချင်းသတိရသွားတယ်။ သတိရပြီးသွားတော့မှ အဲဒီမှာ ဟီရိဩတ္တပ္ပတွေကပ်လာတော့ လူတစ်ယောက်က အဝတ်တစ်ထည်ပေးလို့ ဒီမှာအဝတ်ဝတ်ရတယ်။ ကောင်းကောင်းမွန်မွန်ဝတ်ပြီးသကာလ တရားနာတော့မှ အဲဒီတရားနာရင်း တရားနှလုံးသွင်းရင်းပေါ့လေ။ သောတာပန်ဖြစ်ပြီး သွားတာကိုး။

http://www.dhammadownload.com

နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္ဓဿ၊ နတ္တိ ဉာတီသု တာဏတာ။

အန္တကေန-သေမင်းသည်၊ အဓိပန္ဓဿ-နှိပ်စက်အပ်သော ပုဂ္ဂိုလ်အား၊ ပုတ္တာ-သားသမီးတို့သည်၊ တာဏာယ-ကိုးကွယ်ရာအလို့ငှာ, စောင့်ရှောက်တတ်သူ အလို့ငှာ၊ နသန္တိ-မရှိကြကုန်၊ အဲဒီသေခြင်းတရားနှိပ်စက်တဲ့အခါမှာ သားသမီးတွေ လည်း အားမကိုးရပါဘူးတဲ့၊ ပိတာ-အမိအဘတွေလည်းပဲ အားမကိုးရပါဘူး။ နာပိဗန္ဓဝါ-ဆွေမျိုးတွေလည်း အားမကိုးရပါဘူး။ ဉာတီသု-ဆွေမျိုးတို့၌၊ တာဏာတာ-စောင့်ရှောက်တတ် ကိုးကွယ်ရသည်၏ အဖြစ်သည်လည်း မရှိပါဘူး။

သေဘေးကို မည်သူမှ မကယ်နိုင်ခြင်း

သေဘေးနှိပ်စက်တဲ့အခါ သေဘေးသာ မဟုတ်ဘူး။ သေဘေးကို ပဓာနပြု ပြောတာ၊ အိုဘေးနှိပ်စက်တဲ့အခါလည်း ဘယ်သူမှ မကယ်နိုင်ဘူး။ ကိုယ်ကလည်း ခွဲယူလို့ မရဘူး။ အိုနေပြီ၊ ငါအိုနေတော့ မင်းတို့က နည်းနည်းပါးပါး ခွဲယူကြ ပါအုံးလို့ ပြောလို့ ဒီလိုမရဘူး။ ဒီလိုခွဲယူလို့ရလို့ရှိရင် နေရာကျမှာပေါ့။ အဘိုး ကြီးတွေ, အဖွားကြီးတွေက မြေးလေးတွေ, သားသမီးကလေးတွေ ခွဲလိုက်ရင် တော်တော်လေးလှလာမှာ၊ နေရာကျမှာ၊ ဒီလိုခွဲပေးလို့လည်း ဖြစ်တာမဟုတ်ဘူး။ ဘယ်သူမှ မတတ်နိုင်ဘူး။ အဲဒါထားပါအုံးတော့၊ သူ့ဟာ နာဘေးကျတော့ကော အတူတူပဲ။ မကျန်းမမာ နာဖျားနေလို့ရှိရင် ဘယ်သူမှ ခွဲယူလို့ ရတာမဟုတ်ဘူး။ ငါ့သက်သာအောင် နည်းနည်းလေး မင်းက နည်းနည်းခွဲပြီးတော့ ယူပါကွယ်လို့ ပြောလို့မရဘူး။ လေးတဲ့ဝန်ထုပ်ကို ထမ်းရတဲ့ပုဂ္ဂိုလ်ဟာ တစ်ယောက်တည်း ထမ်းရတော့ လေးလွန်းအားကြီးလို့ နှစ်ယောက်ခွဲပြီးတော့ ထမ်းလို့ရှိရင် သက်သာ သွားတယ်။ သုံးယောက်ခွဲပြီး ထမ်းရင်လည်း ပိုပြီးတော့ ပေါ့သွားတယ်။ ဒီမကျန်း မမာ နာဖျားမှုဖြစ်လာတဲ့အခါကာလမှာ ရောဂါဝေဒနာ သက်သာသွားအောင်လို့ ခင်မင်ရင်းနှီးလာတဲ့ပုဂ္ဂိုလ်တွေ ဆွေမျိုးတွေ ဘာတွေနဲ့ ခွဲဝေလို့ ဒီလိုလည်း ရတာ မဟုတ်ဘူး၊ ဘယ်သူမှ မကယ်နိုင်ဘူး။ သေတာကျတော့ သာဆိုးတာပေါ့။ ဘယ်သူမှ ကယ်နိုင်တာ မဟုတ်ဘူး။ ဒါကြောင့် အိုခြင်းဘေး၊ နာခြင်းဘေး၊ သေခြင်းဘေးတွေ အဲဒီဘေးမျိုးစုံတွေနဲ့ တွေ့တဲ့အခါ သားသမီးတွေ၊ မိဘတွေ၊ ဆွေမျိုးတွေဆိုတာ ဘယ်သူမှကိုးကွယ်ရာ မရှိကြပါဘူးတဲ့။

http://www.dhammadownload.com

တေမတ္ထဝသံ ဥတွာ၊ ပဏ္ဍိတော သီလသံဝုတော၊
နိဗ္ဗာနဝမနမဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

ဧတံ အတ္ထဝသံ-ဤသို့သော အကြောင်းတွေကို၊ ဥတွာ-သိ၍၊ ပဏ္ဍိတော-အမြော်အမြင်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်၊ သီလသံဝုတော-သီလတည်းဟူသော စောင့်ရှောင်ထိန်းသိမ်းမှုနှင့် ပြည့်စုံသည်ဖြစ်၍၊ နိဗ္ဗာနဝမနံမဂ္ဂံ-နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အကျင့်လမ်းကို၊ ခိပ္ပမေဝ-လျင်စွာသာလျှင်၊ ဝိသောဓယေ-သုတ်သင်ရှင်းလင်းရာ၏။

မြတ်စွာဘုရားက သတိပေးတရား ဟောတယ်။ အဲဒီတော့ လောကထဲမှာ တကယ့်အရေးတွေနဲ့ ကြုံလာတဲ့အခါကာလ မိဘဆွေမျိုးတွေ ဘယ်သူမှ ကယ်နိုင်တာမဟုတ်တော့ ဘယ်သူမှအားကိုးစရာမရှိဘူး၊ ဒါတွေကို အားကိုးနေစရာမလိုဘူး။ အရေးကြီးတာကတော့ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ဖို့ရာ အရေးကြီးတယ်။ အဲဒါကြောင့် အမြော်အမြင်ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ဖို့ရာ နိဗ္ဗာန်သွားဖို့ရာလမ်းကို သုတ်သင်ရမယ်တဲ့။ သီလနဲ့ ရှေးဦးစွာ ပြည့်စုံပြီးသကာလ သီလအခြေခံပြီးတော့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အကျင့်လမ်းကို သုတ်သင်ရှင်းလင်းရမယ်တဲ့။ မြတ်စွာဘုရားက သတိပေး တရား ဟောတယ်။ ဂါထာဆိုတော့ တိုတိုလေးပေါ့လေ။ သို့သော် သူကလည်း ပါရမီရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒါလောက်နဲ့ နားလည်ချင် နားလည်မှာပါ။ သို့ပေမယ့် မြတ်စွာဘုရားဟောတုန်းက နားလည်အောင် အကျယ်ချဲ့ပြီး ဟောတာလည်း ပါ,ပါလိမ့်အုံးမယ်။ နိဗ္ဗာန်ကိုရောက်အောင် သုတ်သင်ရပုံလေးက - ဒွါရခြောက်ပါးက ဖြစ်တဲ့ ရုပ်နာမ်ကလေးတွေ ရှုရှုပြီးသကာလ ရုပ်နာမ်တရားတွေ အဖြစ်အပျက်ကို သိအောင်လို့ ဒီလိုဟာတွေ ပါပါလိမ့်အုံးမယ်။ အဲဒီလိုဟောလိုက်တော့ အဲဒီဒေသနာတရားကို ကြားနာပြီး ဟောတော်မူတဲ့အတိုင်း နှလုံးသွင်းလိုက်တာနဲ့ သောတာပန်ဖြစ်သွားတယ်။ သောတာပန်ဖြစ်သွားတော့ ခုနက စိုးရိမ်ပူဆွေးမှုတွေ ပျောက်သွားတာပေါ့လေ။ နောက်လည်းပဲ အစဉ်အတိုင်း တရားအားထုတ်ပြီးတော့ ရဟန္တာဖြစ်သွားပါတယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်လည်း စံသွားပါတယ်။

အဲဒီ "ပဋာစာရီ"ဆိုတဲ့ ထေရီမဟာ နောက်ဆုံး ပစ္ဆိမဘဝိက ပရိနိဗ္ဗာန်ပြုမယ့် ဘဝတောင်မှ တကယ့်အရေးနဲ့ တွေ့တဲ့အခါကျတော့ ဒီလိုပဲ စိုးရိမ်ပူဆွေးမှု

http://www.dhammadownload.com

တွေဆိုတာ ဖြစ်တာပဲ။ သူသူငါငါတွေဆိုတာ ပြောစရာ မရှိဖြစ်တာပေါ့။ လူတွေ ဆွေမျိုးတို့ပျက်စီးတဲ့အခါကာလကျရင် အများအားဖြင့် ငိုကြွေးကြတယ်၊ စိုးရိမ်ပူဆွေးရာကနေပြီး ငိုတာအဆင့် ရောက်သွားတယ်။ အဲဒီလိုမျိုး တွေ့ရတယ်။ တွေ့တိုင်း တွေ့တိုင်း သိပ်ပြီး သနားစရာကောင်းတာပေါ့။ တချို့များ တစ်ခါတည်း သူမှာ အားကိုးစရာက ဘာမှမရှိဘူး။ သူဟာက တစ်ခါတည်း အားကိုးစရာ ပုဂ္ဂိုလ်က ဆုံးပါးပျက်စီးသွားတဲ့အခါမှာ အင်မတန်ကို မခံမရပ်နိုင်ဖြစ်ပြီးသကာလ ငိုကြွေးနေတာတွေ မြင်ရတွေ့ရတဲ့အခါ အင်မတန်ကို သနားစရာကောင်းတယ်။ သံသရာခရီးသွားတဲ့ပုဂ္ဂိုလ်တွေဟာ ဒီလိုဆင်းရဲမျိုး ခဏခဏ တွေ့နေရတာ။ အဲဒါကြောင့် မကောင်းတဲ့စိတ်ဆင်းရဲတွေတဲ့။

"ဘောဂဗျသန" ဆိုတာ စီးပွားဥစ္စာတွေ ပျက်စီးဆုံးရှုံးသွားတာတဲ့။ အဲဒါလည်း စိုးရိမ်ပူဆွေးမှုဖြစ်တာပဲ။ ဒီဥစ္စာတွေ စီးပွားဥစ္စာတွေ ရှိစုမဲ့စု အကုန်လုံး ပျက်စီးသွားမယ်ဆိုရင် သာဆိုးတာပေါ့။ အတော်အတန်ပျက်စီးသွားရင်ကိုပဲ စိုးရိမ်ပူဆွေးမှုတွေ ဖြစ်တယ်။ အလေးအမြတ်ပြုထားတဲ့ ပစ္စည်းတွေ ပျောက်ပျက်သွားလို့ရှိရင် မခံမရပ်နိုင်ဘူး။ ကိုယ့်အားကိုးထားတဲ့ ဥစ္စာပစ္စည်း အကုန်လုံး ပျက်သွားပါပြီဆိုရင် အင်မတန် ယူကြုံးမရ ဖြစ်တတ်တယ်။ စည်းစိမ်ဥစ္စာကြောင့်ပျက်စီးသွားခြင်းလည်း စိုးရိမ်ပူဆွေးခြင်းဖြစ်ပါတယ်။

ပြီးတော့ "ရောဂဗျသန'တဲ့၊ 'ရောဂဗျသန'ဆိုတာ အနာရောဂါဆိုးများ ဆိုက်ရောက်ခြင်းပါပဲတဲ့။ အနာရောဂါတွေ ဆေးကုလို့, ပြုလို့ မရနိုင်အောင် အင်မတန်ကြီးကြီးကျယ်ကျယ် ရောဂါတွေ ကပ်ရောက်လာလို့ရှိရင် အဲဒါလည်းပဲ စိတ်ပျက်တတ်တယ်၊ အင်မတန်ကို စိုးရိမ်ပူဆွေးမှုဖြစ်တတ်တယ်။ အထူးအားဖြင့် အရွယ်ကြီးတဲ့ပုဂ္ဂိုလ်က အရွယ်ကောင်းအနေမှာဆိုရင် အရုပ်အဆင်း ပျက်စေတတ်တဲ့ ရောဂါများ ဖြစ်လာလို့ရှိရင် သာပြီးတော့ ဆိုးတာပေါ့။ အရွယ်ကောင်းကောင်းနဲ့ အလှအပ အလိုရှိနေတဲ့အချိန်မှာ တကတည်း မလှမပအောင်လို့ အနာရောဂါတွေက ဝင်ပြီးတော့ ဖြစ်လိုက်မယ်ဆိုလို့ရှိရင် မျက်ရည်ကျလို့ မဆုံးပါဘူး၊ စိုးရိမ်ပူဆွေးမှု အကြီးအကျယ်ဖြစ်တာပေါ့။ ထို့ထက် သေလောက်အောင် ရောဂါဝေဒနာတွေဖြစ်ရင် သာဆိုးတာပေါ့။ ရောဂါဖိစီးဆိုးသွမ်းတဲ့ ရောဂါကြီးတွေ စွဲလာလို့ရှိရင် စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ပါတယ်တဲ့။

http://www.dhammadownload.com

သီလဗျာသန

"သီလဗျသန"တဲ့၊ သီလပျက်စီးခြင်းတဲ့။ သီလပျက်စီးသွားလို့ရှိရင် စိုးရိမ်ပူဂဆွေးမှု ဖြစ်ပါတယ်တဲ့။ ဒါကတော့ကို အထူးအားဖြင့် ရဟန်းများနဲ့ သက်ဆိုင်တယ်။ လူကတော့ သီလပျက်စီးတယ်ဆိုပြီးတော့ သူက သီလဆောက်တည်လိုက်ရင် လွယ်သေးတာကိုး၊ သိပ်မခက်ဘူး။ လူကတော့ ငါးပါးသီလရှိရင် ငါးပါးသီလ ဆောက်တည်ထား။ အဲဒီငါးပါးသီလ ပျက်စီးသွားရင် တစ်ခါပြန်ပြီးတော့ နောက်ကို မကျူးလွန်ပါဘူးဆိုပြီး ဆောက်တည်လိုက်ရင် သီလပြန်ပြီး လွယ်လွယ်ကူကူ ပြည့်စုံတယ်။ သူက ဒီလောက်တောင် စိုးရိမ်ပူဆွေးမှု အကြီးအကျယ်မဖြစ်လှဘူး။ ဒါပေမယ့်လို့ အထူးရှိရှိသေသေ စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်ကျတော့ အဲဒီသီလချို့ယွင်းသွားမှာကို အင်မတန်စိုးရိမ်တယ်။ ချို့ယွင်းသွားပြန်လို့ရှိရင် စိတ်မချမ်းမသာရင်လည်း ဖြစ်တတ်တယ်။ ဒါပေမယ်လို့ သူက ခံသာပါတယ်။ ရဟန်းများကတော့ ရဟန်းမှာ ရဟန်းသီလတွေ မလွန်ကျူးရဘူး။ အနေကြီးတဲ့ သိက္ခာပုဒ်တွေ ကျူးလွန်သွားလို့, ပျက်သွားလို့ရှိရင် အဲဒါ နောက်ပြန်ပြီး အစားထည့်လို့ မရဘူး။ အစတုန်းက မိမိသီလကို ရှိရှိသေသေနဲ့ စောင့်ထိန်းနေတဲ့ ရဟန်းပုဂ္ဂိုလ်ဟာ ပါရာဇိကခေါ်တဲ့ အာပတ်ကြီးကျူးလွန်သွားလို့ မှားသွားပြီဆိုတာကို သိလို့ရှိရင် ယူကြုံးမရအောင် စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ရတာ။ အဲဒါ သီလဗျသနပဲ။

ဒိဋ္ဌိဗျာသန

"ဒိဋ္ဌိဗျသန"တဲ့၊ ဒိဋ္ဌိဗျသန - အယူဖျက်စီးတာတဲ့၊ ပထမတော့-မှန်ကန်သော အယူယူနေရာကနေပြီး မှားသောအယူ ရောက်သွားလို့ရှိရင် မသိရင်လည်း သူက ဖျက်စီးမှန်းမသိလို့ ပူဆွေးရမှာတော့ မဟုတ်ဘူး။ သို့ပေမယ့်လို့ သိတဲ့အချိန်အခါကာလကျတော့ ပူဆွေးမှုဖြစ်တယ်။ ဘယ်အချိန်မှာ သိမလဲဆို တော့ သေခါနီးကျ သိမှာကိုး။ စောစောတုန်းက မှန်ကန်တဲ့ သမ္မာဒိဋ္ဌိအယူ - ကံ, ကံ၏အကျိုး ရှိတယ်ဆိုတဲ့အယူကို ယူထားတယ်။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်ဆိုတာ ကိုယ်ယုံကြည်တဲ့အယူ၊ မှန်ကန်တဲ့အယူကို ယူထားတယ်။ ရုပ်တရား၊ နာမ်တရားတွေသာ ရှိတယ်ဆိုတဲ့ မှန်ကန်တဲ့ အယူကို သူယူထားတယ်။ ဟောပြောတဲ့ပုဂ္ဂိုလ်ရဲ့ ဟောပြောမှု ကြားရ နာရလို့ဖြစ်စေ၊

http://www.dhammadownload.com

(သို့မဟုတ်) မိမိအလိုလို စဉ်းစားကြံစည်ပြီးတော့ဖြစ်စေ၊ စာအုပ်စာတမ်းတွေ အရအားဖြင့် ဖြစ်သည်ဖြစ်စေ မှန်ကန်တဲ့အယူတွေကို စွန်လွှတ်ပြီး မှားတဲ့ အယူတွေကို ရောက်သွားတယ်။ ဒီလိုပုဂ္ဂိုလ်လည်း ယခုလောကမှာ ရှိကြတာကိုး။ သူက အခြားတစ်ပါးသော ဘာသာအယူတွေကြောင့် ဖြစ်တာရှိတယ်။ ဘာသာ လုံးလုံးလွတ်ပြီးသကာလ သွားတာလည်း ရှိတယ်။ နောင်တမလွန်ဘဝမရှိ၊ ကံ, ကံ၏ အကျိုးမရှိဆိုပြီးတော့ ဒီလိုအယူတွေ ရောက်သွားတဲ့ပုဂ္ဂိုလ်တွေ သူ့ဟာသူ မှားမှန်းလည်း သိမှာမဟုတ်ဘူး၊ အကျိုးအပြစ်လည်း အကြီးအကျယ် ဘာမျှ မြင်မှာ သိမှာမဟုတ်ဘူး။ ဒီတုန်းကတော့ ပူဆွေးမယ် မဟုတ်ပါဘူး။ ဒီအနေမှာတော့ သူ့ဟာနဲ့သူ ဝမ်းမြောက်ဝမ်းသာ ရှိနေမှာပေါ့။ တချို့ အခုနေလည်းပဲ ရှိတာပဲ။ သတင်းစာထဲတောင် ပါသေးတာပဲ။ အဲဒီလို အယူဝါဒတွေ ကြေညာနေတာ ရှိတယ်။

အယူပျက်ရင် သေခါနီးမှာ သိရပါတယ်

အခုနေကတော့ ကိစ္စမရှိသေးဘူး။ သေခါနီးမှာ ကိုယ့်အမှုတွေက ပေါ်မှာ ကိုး။ ကိုယ့်အမှုက သေခါနီးကျတော့ ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်တွေ ကုသိုလ်အာရုံ နိမိတ်တွေ ပေါ်ထွက်လာတယ်တဲ့။ အကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်တွေ အကုသိုလ် နိမိတ် အာရုံ ပေါ်လာတယ်။ ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်က ဒါန, သီလ အစရှိသော ကုသိုလ်တွေ ပြုထားလို့ အဲဒီကုသိုလ်တွေဟာ တစ်ခါပေါ်လာတာပဲ။ ပေါ်လာတော့ ဒီကုသိုလ် တွေ အာရုံပြုပြီးတော့နေရင် ဖြစ်ရမယ့် ဘဝအာရုံနိမိတ်တွေကလည်း ပေါ်လာ တယ်။ လူပြည်ဖြစ်မယ်၊ နတ်ပြည်ဖြစ်မယ်၊ ကောင်းရာဘဝ အာရုံနိမိတ်တွေ, ဘုံဗိမာန်တွေ ဘာတွေ ပျော်စရာတွေပေါ့။ ဟိုက အတီးအမှုတ် တူရိယာတွေ ဘာတွေ၊ ကြိုနေပုံတွေ ဘာတွေ အကုန်လုံး ပေါ်တာကိုး။ နတ်ရထားတွေ ဘာတွေ ရောက်တယ်၊ ဒါတွေဟာ အင်မတန်ပျော်စရာကြီးပဲတဲ့။ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေက တပျော်တစ်ပါးကြီးပေါ့လေ။ ဘေးက လူမမာပြုစုတဲ့ပုဂ္ဂိုလ်ကတော့ ဒီပုဂ္ဂိုလ်မြောနေတယ်ဆိုပြီးတော့ မျက်ရေကျချင်လည်း ကျနေမှာပေါ့လေ။ ဆွေမျိုး တွေရောပေါ့၊သူကတော့ သူ့အာရုံနိမိတ်တွေနဲ့ သူပျော်နေတယ်။ ဟိုမှာ ဘဝတောင် မပြောင်း ရသေးဘူး၊ ပျော်နေပြီ။ အဲဒီကနေပြီး စုတေစိတ်ကျလိုက်တယ်ဆိုတာနဲ့ ဟိုမှာ တစ်ခါထဲ လူ့ဘဝဖြစ်ဖြစ်, နတ်ဘဝဖြစ်ဖြစ် ဖြစ်သွားတယ်။ အထူးအားဖြင့်တော့

http://www.dhammadownload.com

နတ်ဘဝရောက်သွားတယ်ဆိုရင် တစ်ခါတည်း သူဟာ နတ်သား နတ်သမီးတွေ, မိတ်ဆွေသစ်တွေ, ဆွေမျိုးအသစ်တွေ, အပေါင်းအဖော်အသစ်တွေနဲ့ ဟိုမှာ ပျော်နေတာပဲ။ ဟိုမှာ ပွဲတွေ ဘာတွေ ခံလို့ အင်မတန်ပျော်နေတာ။ ဒီကတော့ သေပြီဆိုပြီးတော့ ဆွေမျိုးတွေက ငိုကြယိုကြရှိုက်ကြတယ်။ ဟိုမှာတော့ဖြင့် သုခချမ်းသာနေပြီး အင်မတန်ကို ကောင်းနေပြီ အဲဒီလိုဟာကိုး။ ဒါက ကုသိုလ်ကံရှိတဲ့ပုဂ္ဂိုလ်တွေအတွက်ပါ။

ကုသိုလ်ကံမရှိတဲ့ အကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်တွေကျတော့ အကုသိုလ်တွေက လာတယ်၊ သူမိတ်ဆွေတွေက လာတယ်။ စောစောတုန်းကတော့ သူက ကိစ္စမရှိသေးဘူး။ သူဟာနဲ့သူ ဘာမျှမဖြစ်သေးဘူး။ သေခါနီးကျတော့ဖြင့် လာပြီး အကုသိုလ်တွေက ဘယ်လိုလဲဆိုရင် ညနေခင်းအခါကာလမျှားမှာ တောရိပ်တောင်ရိပ်တွေမျှားလိုပါပဲတဲ့။ ညနေခင်းကျတော့ နေက အနောက်ကို ရောက်ရောက်သွားပြီး လောကအနေအားဖြင့် မြောရင် အောက်ရောက်သွားတယ်လို့ ဆိုရမှာပေါ့။ ကမ္ဘာ့အယူဝါဒတွေတော့ ထားပေါ့လေ။ အဲဒီတော့ နေက နိမ့်နိမ့်သွားတော့ တောင်ရိပ်တွေ, တောရိပ်တွေက တစ်ခါတည်း ရှည်ရှည်ပြီးတော့ လာတာကိုး။ ရှည်ရှည်ဖုံးဖုံးပြီးသွားတာ။ မြေပြင်ပေါ်မှာ တောရိပ်တောင်ရိပ်တွေက လွှမ်းမိုးဖုံးလွှမ်းပြီး သွားဘိသကဲ့သို့ပါပဲ၊ မိမိပြုစုထားတဲ့ အကုသိုလ်ကံတွေက ဖုံးလွှမ်းလာပါတယ်တဲ့၊ ခုနကလို ကံ, ကံ၏အကျိုးမရှိ၊ နောင်တမလွန်ဘဝမရှိလို့ ယူထားတဲ့ပုဂ္ဂိုလ်က သူပြုချင်တာတွေ အကုန်လုံးပြုထားမှာကိုး၊ သူကြောက်စရာမှ မရှိပဲ။ အခုဘဝကောင်းစားပြီးရော ဆိုပြီးတော့ ဘာဖြစ်ဖြစ် လုပ်ထားမှာပါ၊ အကုသိုလ်တွေ အများကြီးရှိမယ်။ ဒီတော့ ဘာသာတရားတွေနဲ့ စပ်ပြီးသကာလ ပုန်ကန်ထားတာတွေလည်း အများကြီးရှိမယ်၊ အဲဒီဘာသာတရားတွေနဲ့စပ်ပြီး တစ်ခါတည်း ဗုဒ္ဓဘာသာတရားမှန်တွေအပေါ်မှာ စွပ်စွဲထားတာ ပြစ်မှားထားတာ, ကဲ့ရဲ့ထားတာ အများကြီးရှိမယ်။ အဲဒါဟာ အကုသိုလ်ကံတွေပဲဖြစ်တယ်။

ဘာသာအမှန်ကနေပြီးသကာလ ဘာသာအမှားရောက်သွားတဲ့ပုဂ္ဂိုလ်ကလည်း ထို့အတူပဲဖြစ်တယ်၊ ဘာသာအမှန်တွေအပေါ်မှာ, တရားမှန်တွေ အပေါ်မှာ ပြစ်မှားထားတာတွေ အများကြီးရှိနေတယ်။ အဲဒီတော့ ဘာသာတရားမှားတဲ့ အလိုက် မှားပြီး ကျင့်ထားတဲ့ အကုသိုလ်တွေ သူမှာ အများကြီးရှိမယ်၊ မနည်းပေဘူး။ အဲဒါတွေက သေခါနီးအချိန်မှာ မိတ်ဆွေတွေ တစ်ခါတည်း လာကျရော။

http://www.dhammadownload.com

တော ရိပ်တောင်ရိပ်တွေ မြေပြင်ဖုံးလွှမ်းဘိသကဲ့သို့ တောတွေက နေပြီးသကာလ တွဲလောင်းခိုပြီးတော့ ဆင်းလာသလိုပဲတဲ့။ အာရုံနိမိတ်တွေ လွှမ်းမိုးပြီးတော့ လာတာ၊ တရစ်ရစ်တဝဲဝဲ ပေါ်နေတာကိုး။ ဟိုမှာ ပွဲကြည့်ရတာလို ရုပ်ရှင်မှား ပြသလို ကိုယ့်လုပ်ထားခဲ့တဲ့ ကိုယ့်အမှုတွေ ပြန်ပေါ်လာတာကိုး။ ကိုယ့်အမှုတွေက ပြန်ပေါ်လာတော့ ဒီအမှုတွေရဲ့အကျိုးပေးမယ့် ဘဝအကြောင်း, ဘဝရဲ့အာရုံ နိမိတ်တွေကလည်း ပေါ်လာတယ်။ ဒါ ငရဲဖြစ်ရတော့မယ်ဆိုရင် ငရဲအာရုံ မြင်နေတာကိုး။ ငရဲထိန်းတွေ, ငရဲသားတွေ နှိပ်စက်တော့မယ့် အမူအရာတွေ, သတ်ဖြတ်တော့မယ့် အမူအရာတွေ တစ်ခါတည်း အဲဒီမှာ အင်မတန်ကြောက်စရာ လန့်စရာအာရုံတွေ ပေါ်လာတယ်။ ငရဲမီးတွေ တစ်ဟုန်းဟုန်းလောင်နေပုံတွေ ပေါ်လာတယ်။ အဲဒီလိုအခါကာလကျတော့ သိရမှာ၊ ငါဥစ္စာတွေ မှားလာပြီ ဆိုပြီးတော့ အရင်က ငါအယူတွေ မှားလာပြီ၊ အဲဒါ ဒိဋ္ဌိဗျသန-အယူမှားနဲ့ တွေ့လို့ အယူဖျက်စီးပြီးသွားခြင်းကြောင့် စိုးရိမ်ပူဆွေးရတာတဲ့။ ငါမှားမိပြီ မှားပြီ မှားပြီ ဆိုပြီးတော့ ဒီမှာ စိတ်မချမ်းမသာတွေ ဖြစ်မှာ၊ စိတ်ပူပန်မှုတွေဖြစ်မှာပါ။

စိတ်ဆားစခြောင်းနှိုင်းရင် မဇ္ဈေးဇွန်းမပါဆူး

မြတ်စွာဘုရားအလောင်းတော်တောင်မှ တစ်ခုသော ဘဝက "လောမဟံသကဿပ"ဆိုတဲ့ ရသေ့တစ်ပါးဖြစ်ခဲ့တယ်။ မြတ်စွာဘုရားအလောင်းတော် သုံးဆယ့်နှစ်ကမ္ဘာထက်က ဖြစ်တယ်။ လောမဟံသကဿပ ရသေ့ပြုပြီးသကာလ တက္ကတွန်းအကျင့်ကို ကျင့်ခဲ့တယ်၊ အဝတ်မဝတ်ဘူး၊ အစားအသောက်တွေ ဘာတွေဟာလည်းပဲ တွေ့ရာတွေ စားသောက်နေတယ်၊ တောထဲတောင်ထဲ လူတွေ့မခံဘူး။ အလွန်အကျွံကျင့်တော့ ကျင့်နေတာပါပဲ။ အစားအသောက်ဆိုရင် ဖြင့် နွားချေးတွေ ဘာတွေလဲ စားနေတာပဲ ဆိုတာပဲ။ အစားအသောက်မှာ တောထဲ တောင်ထဲမှာနေတော့ နေပူတဲ့အခါတွေမှာ ကွင်းပြင်ထွက်နေတယ်၊ အေးတဲ့အခါကာလတွေမှာ အအေးခံပြီး တောကြီးတောင်ကြီးထဲမှာ နေတယ်၊ အိုက်နေတဲ့အခါကာလတွေမှာ အပူအအိုက်ထဲမှာ သွားပြီးတော့နေတယ်၊ ကိုယ်ပင်ပန်းအောင် အမျိုးမျိုးကျင့်နေတယ်။ အဲဒီတက္ကတွန်းအကျင့်တွေ ကိုယ်ပင်ပန်း အောင် ကျင့်တဲ့အကျင့်တွေကို ကျင့်ပြီးတော့နေလို့ သေခါနီးကျတော့ ဘာဖြစ်လာ သလဲ ဆိုတော့ ငရဲအိုးနိမိတ် ပေါ်လာတယ်။ ငရဲအိုးနိမိတ်ပေါ်လာတော့ သူက

http://www.dhammadownload.com

ဘုရားလောင်းမို့ပေါ့။ ဒီပြင်ပုဂ္ဂိုလ်ဆိုလို့ရှိရင်လည်း အကောင်းမှတ်ချင်လည်း မှတ်နေအုံးမယ်၊ ပြောင်းလဲ ပြောင်းတတ်မှာမဟုတ်ဘူး။ ဘုရားလောင်းဖြစ်ပြီး နေတော့ တစ်ခါတည်း ဟာ ငါမှားပြီလို့ ငါဒဉ္စာတွေဟာ ကောင်းအောင်လို့ ကျင့်လာတာ၊ မကောင်းတဲ့အကျင့်တွေပဲ။ ဒီအကျင့်တွေ ငါအလိုမရှိဘူး ဆိုပြီးတော့ စွန့်လွှတ်လိုက်တာကိုး။

စွန့်လွှတ်လိုက်တော့မှ ဒီမှာ ဘုရားလောင်းလည်း ဖြစ်ပြီး ဒီပြင်ကုသိုလ်တွေက သူမှာ ရှိသေးတာကိုး။ ပြီးတော့ တတ္တတွန်းအကျင့်ကလည်း သူများနှိပ်စက်တဲ့ မကောင်းသောအကျင့်တော့မဟုတ်ဘူး။ သူဟာက အကုသိုလ်တွေ သိပ်များများဖြစ်တဲ့အကျင့်မဟုတ်ဘူး။ ကိုယ်ပင်ပန်းအောင်ကို နှိပ်စက်ပြီးတော့ ပင်ပန်းအောင် ကျင့်တဲ့ အယူအစွဲလောက်ပဲ ရှိတယ်။ ဒါကြောင့် သူအပြစ်က သိပ်မကြီးလို့ပေါ့၊ အဲဒီအယူကို စွန့်လွှတ်လိုက်လို့ သုဂတိနိမိတ်ထင်ပြီးတော့ ကောင်းရာ ရောက်သွားတယ်ဆိုတာကိုး။ အဲဒါ ဘုရားအလောင်းနော်။ အဲဒီတော့ သာမန်ပုဂ္ဂိုလ်တွေဆို ပြောစရာမရှိဘူး။ အဲဒီလိုအယူပျက်စီးခြင်း အကြောင်းပြုပြီးတော့ အကျိုးပေးတဲ့အခါမှာ မကောင်းမှု အကုသိုလ်အကျိုးပေးတော့မယ်လို့ ပေါ်လာတဲ့အခါကျတော့ အဲဒီမှာ စိုးရိမ်ပူဆွေးခြင်းဖြစ်ရတယ်တဲ့။ ဘဝတစ်ပါး ရောက်လို့ ဆင်းရဲဒုက္ခတွေနဲ့ အကြီးအကျယ်တွေ့တဲ့အခါကာလမှာလည်း စိုးရိမ်ရတာပေါ့။ "ရှေးဘဝက ငါမှားခဲ့တယ်၊ မှားခဲ့တယ်"ဆိုပြီး စိုးရိမ်ပူဆွေးမှုတွေ အများကြီးဖြစ်တာပေါ့။ အဲဒါကြောင့် -

အညတရညတရေန-တစ်ပါးပါးသော၊ ဗျသနေန-ပျက်စီးခြင်း တရားနှင့်၊ သမန္နာဂတဿ စ-ပြည့်စုံသောသူအားလည်းကောင်း၊ တစ်ပါးပါးသော ပျက်စီးခြင်းတရားနဲ့ တွေ့ကြုံတဲ့ပုဂ္ဂိုလ်တဲ့၊ ဉာတိဗျသန-ဆွေမျိုးပျက်စီးခြင်း၊ ရောဂဗျသန-အနာရောဂါကြီးခွဲခြင်း၊ ဘောဂဗျသန-စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ သီလဗျသန-သီလပျက်စီးခြင်း၊ ဗျသနတရားငါးမျိုးတဲ့။ အဲဒီဗျသနတရားငါးမျိုးနဲ့တွေ့တဲ့အခါကာလမှာလည်း လူတိုင်း လူတိုင်း စိုးရိမ်ပူဆွေးမှုတွေ ဖြစ်တတ်ပါတယ်တဲ့။

အညတရညတရေန-တစ်ပါးပါးသော၊ ဒုက္ခဓမ္မေန-ဆင်းရဲကြောင်းဖြစ်သောတရားနှင့်၊ ဖုဋ္ဌဿ-တွေ့ထိနှိပ်စက်အပ်သောသူအား။ ယော သောကော-အကြင်စိုးရိမ်ပူဆွေးခြင်းသည်၊ ယာ သောစနာ-အကြင် စိုးရိမ်ပူဆွေးသော အမူအရာသည်၊ ယံ သောစိတတ္တံ-အကြင်စိုးရိမ်ပူဆွေးသည်၏ အဖြစ်သည်၊ ယော

http://www.dhammadownload.com

အန္တောသောကော-အကြင်အတွင်း၌စိုးရိမ်ခြင်းသည်၊ ယော အန္တောပရိသောကော-အကြင်အတွင်းထက်ဝန်းကျင်စိုးရိမ်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ-ဤစိုးရိမ်ပူဆွေး ခြင်းသဘောကို၊ သောကော-သောကဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုရ၏။

ဆင်းရဲကြောင်းဖြစ်တဲ့အမှု တစ်စုံတရာနဲ့ တွေ့တာတဲ့။ ဆင်းရဲကြောင်းအမှု တွေက အများကြီးရှိတာကိုး။ လောကတွင် မင်းဘေး မင်းဒဏ် စသည့် သည်လို ဟာတွေလည်း ရှိတာပဲ။ လူနိုင်တွေက နေပြီး နှိပ်စက်တာတွေလည်း အများကြီး ရှိတာပဲ။ စိတ်မချမ်းသာစရာ တွေကတော့ လောကမှာ အဆင်မပြေမှုတွေ အများ ကြီးရှိတယ်။ စိတ်ညစ်စရာတွေ စိတ်ဆင်းရဲစရာတွေ ရှိတယ်၊ ဆင်းရဲကြောင်း တရားတွေ ရှိတယ်။ အဲဒီ ဆင်းရဲကြောင်းတရားတွေ တစ်ခုခုနဲ့ တွေ့လို့ရှိရင် ငါကံမကောင်းဘူး ကံဆိုးတယ်။ ဖြစ်မှဖြစ်ရလေခြင်း ဆိုပြီးတော့ စိတ်နှလုံးပူပန်ပြီး စိုးရိမ်ပူဆွေးတာတွေ ဖြစ်တတ်ပါတယ်တဲ့။

စိုးရိမ်ပူဆွေးခြင်းသဘောဆိုတာ ဒါပဲတဲ့။ အဲဒါက အများသိပြီးသားပါပဲ။ သိပြီးသားပေမယ့် သူဒေသနာကြားရအောင်လို့ ထပ်ပြီးတော့ အကျယ်ချဲ့ပြီး ပြော နေရတာ။ ဒီစိုးရိမ်ပူဆွေးတယ်ဆိုတာ ကလေးကတည်းက သိနေတာပါပဲ။ အဲဒီ စိုးရိမ်ပူဆွေးတာကတော့ ဆင်းရဲဒုက္ခပါပဲ။ စိုးရိမ်ပူဆွေးတာကိုတော့ ဘယ်သူမှ အလိုမရှိကြဘူး။ စိုးရိမ်ပူဆွေးတာ ကင်းအောင်လို့, ငြိမ်းအောင်လို့ တစ်လောက လုံးက အလိုရှိတယ်၊ ဘာသာတိုင်း ဘာသာတိုင်းက အလိုရှိတယ်၊ လူမျိုးတိုင်း လူမျိုးတိုင်း အလိုရှိတယ်၊ လူတိုင်း လူတိုင်း အလိုရှိတယ်။ နတ်တိုင်း နတ်တိုင်း အလိုရှိတယ်၊ သတ္တဝါတိုင်း သတ္တဝါတိုင်း အလိုရှိတယ်။ စိုးရိမ်ပူဆွေးခြင်းဟာ မကောင်းဘူးဆိုတာ သိပြီးတော့ လူတွေက စိုးရိမ်ပူဆွေးခြင်းကင်းငြိမ်းတဲ့ နည်း လမ်းတွေကို အလိုရှိကြတယ်။ အဲဒါတွေ ကြံလည်း ကြံနေကြတယ်။ စိုးရိမ် ပူဆွေးတာ ကင်းအောင် နေနိုင်အောင်လို့ ကြံနေကြတယ်။ ကင်းအောင်နေ နိုင်တဲ့နည်းကတော့ ဒို့မြတ်စွာဘုရားဟောတဲ့နည်းပဲ ရှိတယ်။ မြတ်စွာဘုရားက သောကကင်းဝေး နေထိုင်တဲ့နည်း ဆိုတဲ့ သတိပဋ္ဌာန်းတရားကို ဟောကြားထား ပါတယ်။

"သောကပရိဒေဝါနံ သမတိက္ကမာယ" အယ် မဂ္ဂေါ-ဤသတိပဋ္ဌာန် လေးပါးတည်းဟူသော ခရီးသည်၊ သောကပရိဒေဝါနံ-စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေး

http://www.dhammadownload.com

ခြင်းတို့ကို၊ သမတိတ္ထမာယ-လွန်မြောက်ခြင်းငှာ၊ ဧကာယနော မဂ္ဂေါ-တစ်ခု တည်းသောလမ်းတစ်ကြောင်းတည်းသော ခရီးပါပေတည်း။

စိုးရိမ်ပူဆွေးခြင်းကို လွန်မြောက်နိုင်တဲ့နည်းဟာ သတိပဋ္ဌာန်နည်းလမ်း ပဲတဲ့။ သတိပဋ္ဌာန်နည်းလမ်းဟာဖြင့် တစ်ကြောင်းတည်းသော ခရီးပဲတဲ့။ သတိ ပဋ္ဌာန်နည်းလမ်းက သွားလို့ရှိရင်တော့ စိုးရိမ်ပူဆွေးမှု ကင်းသွားကြမှာပါပဲ။ စိုးရိမ်ပူဆွေးခြင်း ဒုက္ခတွေ အမြဲတမ်းမဟုတ်တောင်မှ အခိုက်အတန့်တော့ သူက ကင်းငြိမ်းပြီးတော့ သွားနိုင်တယ်။ စိုးရိမ်ပူဆွေးမှုကလေးတွေ ပေါ်လာရင် သူက ရှာလိုက် မှတ်လိုက် ပျောက်တတ်ပါတယ်။ တရားအားထုတ်တဲ့ အခြေခံရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ပျောက်တယ်။ အခြေခံမရှိတဲ့ပုဂ္ဂိုလ်ဆိုရင်လည်း နည်းနည်းတော့ သက်သာမှာပဲ။ ဒီတိုင်းနေနေလို့ရှိရင်တော့ စဉ်းစားတိုင်း စဉ်းစားတိုင်း စိုးရိမ် ပူဆွေးမှုတွေချည်းဖြစ်တာပဲ။ အမေသေလို့၊ အဖေသေလို့၊ အိမ်သူအိမ်သားတွေ သေလို့၊ သားသေလို့၊ သမီးသေလို့ စသည်ဖြင့် ဒါတွေကို စဉ်းစားတိုင်း စဉ်းစားတိုင်း ဟိုမှာ အကောင်အထည်ပေါ်ပြီးတော့ လွမ်းစရာ ဆွေးစရာတွေက ပြန်ပြန်ပေါ် နေတာကိုး။ ဟိုက ပေါ်လာ၊ ဒီက ပေါ်လာ၊ ဟိုကထွက်လာ၊ ဒီကထွက်လာနဲ့ ဒါလေးတွေ ပေါ်နေတယ်။ အဲဒါလေးတွေ ပေါ်တိုင်းပေါ်တိုင်း ဒီကနေပြီး လိုက် ပိတ်ရမယ်။ စိုးရိမ်ပူဆွေးတာတွေ ရှုရ မှတ်ရမှာကို။ သတိပဋ္ဌာန်က ဟိုက အစ ကလေး ပေါ်လာတာနဲ့ တစ်ခါတည်း စိတ်ကူးရောက်သွားရင် ရောက်တယ်။ မြင်ရင် မြင်တယ်၊ ဥပမာအနေနဲ့ ပြောရရင် သားလေးဆိုပါတော့ သားလေး အနေနဲ့ မြင်လာလို့ ရှိရင် မြင်တယ်။ စဉ်းစားရင် စဉ်းစားတယ်။ အဲဒီလို ပေါ်တိုင်း ပေါ်တိုင်း လိုက်ပြီးတော့ မှတ်ရတယ်။ ဒီလိုမှတ်လို့ရှိရင် သူက ပျောက်ရမယ်။ အသံးမပေးနဲ့ မရှောနဲ့။ တစ်ခါတည်း စိုးရိမ်ပူဆွေးမှုတွေ ပေါ်တိုင်းပေါ်တိုင်းသာ လိုက်ပြီးမှတ် မှတ်ရင်း ပျောက်တာပဲ။ အခြေခံရှိတဲ့ပုဂ္ဂိုလ်ဆိုရင်ဖြင့် မြန်မြန် ပျောက်လွယ်တယ်။ အခြေခံရှိတဲ့ပုဂ္ဂိုလ်တွေ တရားက ကျကျနန အားထုတ်ထား လို့ရှိရင် တစ်ခါတည်း စိုက်ပြီး မှတ်လိုက်လို့ရှိရင် တော်တော်ကြာ အကုန်လုံး ပျောက်သွားတယ်။

လောကမှာ အကျဉ်းချုပ်ဆိုရင် သတ္တဝါတိုင်းမှာ ရုပ်နှင့်နာမ်ပဲ ရှိတော့ တယ်။ ကိုယ်လည်းရုပ်နဲ့နာမ်ပဲ၊ တစ်လောကလုံးလည်း ရုပ်နဲ့နာမ်ပဲ၊ ဖြစ်ပျက်နေတဲ့ တရားပဲ။ ကိုယ်လည်း ဖြစ်ပျက်နေတာ၊ တစ်လောကလုံးလည်း ဖြစ်ပျက်နေတာ။

http://www.dhammadownload.com

ဘာမှ စိုးရိမ်စရာမရှိဘူး၊ ပူဆွေးစရာမရှိ၊ လွမ်းစရာမရှိဘူး။ အကုန်လုံး တစ်ခါတည်း ဖြစ်ပျက်တဲ့ သဘောတရားကြီးပဲ၊ ပျောက်သွားတဲ့အခါ ပျောက်ရောပေါ့။ ပုဂ္ဂိုလ်သတ္တဝါရှာလို့မှ မရပဲ။ အဲဒီလို ပျောက်သွားတတ်ပါတယ်။ ဒါ့ကြောင့် သတိပဋ္ဌာန်တရားဟာ စိုးရိမ်ပူဆွေးမှု ကင်းနိုင်တဲ့နည်းပဲတဲ့။ စိုးရိမ်ပူဆွေးမှုကင်းပြီးသကာလ ချမ်းချမ်းသာသာ နေချင်ကြရင် ဒီတရားကို အားထုတ်ထားရမယ်။ အရေးရှိတဲ့အခါကျတော့ ဒါဟာ အသုံးကျတယ်။ အရေးမရှိ သေးခင်ကတော့ အနေသာ အထိုင်သာသား ဒါကိစ္စမရှိဘူး။ အရေးရှိလာပြီဆိုတော့ အခက်ပဲ။ စောစောကတည်းက လုပ်ထားပါမှ၊ စောစောကလုပ်ထားမှ ရေသောက်ချင်မှ ရေတွင်းတူးနေလို့ မဖြစ်ဘူး။ သူဟာ ရေတွင်းတူးနေလို့လည်း ရေမထွက်လား, ထွက်လားလည်း မသိဘူး။ စောစောကတည်းက လုပ်ထားမှဖြစ်မှာ။ စိုးရိမ်ပူဆွေးမှုတွေက အခု မရှိသေးဘူး၊ မရှိပေမယ်လို့ စောစောကတည်းက ဒီလက်နက်တော့ ပြင်ထားမှ။ တစ်နည်းပြောရရင် စိုးရိမ်ပူဆွေးမှု ပျောက်စေနိုင်တဲ့ဆေး ပြင်ထားလို့ အသင့်ရှိနေတဲ့ပုဂ္ဂိုလ်ဟာ တစ်နေ့ကျရင် အကြောင်းကိစ္စကြောင့် ကြုံမှာပဲ။ ဘယ်သူမှ မကြုံဘဲမရှိဘူး။ အနည်းနဲ့အများ တွေ့တော့ တွေ့ရမှာပဲ။ စိုးရိမ်စရာ ပူဆွေးစရာဆိုတာ လုံးလုံးမတွေ့ဘဲနဲ့ ဘယ်ရှိမလဲ။ သူက ရှိတာပဲ။ စိုးရိမ်ပူဆွေးစရာကတော့ တချို့က သည်းခံနိုင်လို့ သိပ်ပြီးတော့ မတုန်လှုပ်ဘူးပေါ့လေ။ ဒါလောက်ပဲ ရှိတယ်။ သူက တွေ့တော့ တွေ့နေတာပဲ။ လူတစ်ယောက်မှာ အသက်ရှည်ရှည်နေရမယ်ဆိုရင် အကြိမ်ပေါင်းတစ်ရာမက တွေ့မှာပဲ၊ စိုးရိမ်ပူဆွေးစရာတွေ မတွေ့ဘဲနေလို့ မဖြစ်ဘူး။

မီးမခလောင်စင် မီးကြိုပေးထားသလို့ ကြိုတင်ပြင်ဆင်ထားရင် သက်သာပါတယ်

ဗုဒ္ဓဘာသာမဟုတ်တဲ့ အပြင်ဖက်ပုဂ္ဂိုလ်တချို့က "ဟာ ဗုဒ္ဓဘာသာ တရားတွေက စိတ်ညစ်စရာတွေ လျှောက်ပြီးတော့ စဉ်းစားနေတာပဲ။ အဲဒီတော့ စိတ်ညစ်စရာတွေ စဉ်းစားတာထက်၊ လောကမှာ ပျော်စရာတွေလည်း အများကြီးရှိတာ၊ အဲဒါတွေ စဉ်းစားနေတာက သက်သာတယ်။ စိတ်ညစ်စရာတွေ စဉ်းစားနေတာက အလကား ဒုက္ခရောက်တာပဲလို့" ဒီလို ပြောလည်း ပြောကြတယ်၊

http://www.dhammadownload.com

ပြောချင်တယ်၊ အမှန်ကတော့ သူဟာ ပျော်စရာတွေချည်း စဉ်းစားနေလို့ ပျော်နေရင် အကောင်း သားကိုး။ နောက်တစ်နေ့ကျတော့ စိုးရိမ်စရာတွေနဲ့၊ အခုလိုဆင်းရဲတွေနဲ့ လာတွေ့တဲ့အခါမှာ မနေတတ်မထိုင်တတ် ဒုက္ခရောက်မှာပေါ့။ အခု ဗုဒ္ဓဘာသာတရားက စောစောကနေပြီးတော့ ဒီလိုအကြောင်းတွေရှိတယ်။ ဒီလိုဖြစ်တတ်တယ် ဆို တာတွေ စောစောကတည်းက စဉ်းစားထား၊ ဆင်ခြင်ထားလို့ရှိရင် ဒါကိုပဲ သက်သာတယ်။ နောက်တွေ့တဲ့အခါကျရင် "အော်. . ဖြစ်တတ်တဲ့တရားတွေ ဖြစ်တာပဲ"လို့ သက်သာရာရတယ်။ ဒီသတိပဋ္ဌာန်တရားပွားများ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ သေသေချာချာ နိုင်နေတာပေါ့။ သူဟာ စိတ်ကလေး ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးရှုလို့ နိုင်နေတဲ့ ပုဂ္ဂိုလ်ကစိုးရိမ်စရာကလေး တွေ့တဲ့အခါကျတော့ လုံးလုံးမကောင်းတောင်မှ ဖြစ်တော့ နည်းနည်းပါးပါးတော့ ဖြစ်အုံးမှာပေါ့လေ။ ဒါပေမယ်လို့ အဲဒီတရားမရှိတဲ့ပုဂ္ဂိုလ်တွေလောက် အဆီးအတားမရှိ အရမ်းကာရော မဖြစ်ဘူး၊ သက်သာခွင့်ရတယ်။ ရှုလိုက် မှတ်လိုက်လို့ရှိရင် ငြိမ်းနေတယ်၊ သက်သာခွင့်ရတယ်၊ အင်မတန် နေရာကျတယ်။

အဲဒီစိုးရိမ်ပူဆွေးမှုဟာ ဆင်းရဲပဲတဲ့၊ ဝိုကြွေးမှုကလည်း ဆင်းရဲပဲတဲ့၊ စိုးရိမ်ပူဆွေးမှုဖြစ်ခြင်း အကြောင်းပြုပြီးတော့ နောက်ဆက်တွဲ ကိုယ်ပင်ပန်းမှုတလည်း နောက်က လိုက်လာသေးတာကိုး။ ဒါကြောင့် မြတ်စွာဘုရား၏တပည့်သားဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တွေဟာ စိုးရိမ်ပူဆွေးခြင်းဟာဖြင့် ဆင်းရဲတရားပဲတဲ့။ အမှန်အတိုင်း သိနေမြင်နေတော်မူကြတယ်။ ဒါလေးက သိပ်မကြီးပါဘူးလို့ တချို့ကလည်း အောက်မေ့ဦးမှာပေါ့။ တစ်သက်ပတ်လုံး တစ်ခါတစ်ရံမှာ တွေ့တာတော့ ဟုတ်ပါတယ်။ ဒီပြင်အခါတွေက နေသာထိုင်သာ ကြီးပဲ။ တချို့က ဒီလို အောက်မေ့တယ်။ "ဟုတ်တယ်၊ နေသာထိုင်သာရှိတဲ့အခါတွေလည်း တော်တော်များတော့ ရှိပါရဲ့၊ ဒါက အကြောင်းညီညွတ်တဲ့ သဘောပေါ့။ အကြောင်းမညီညွတ်တဲ့ ဘဝကျတော့ စိုးရိမ်ပူဆွေးမှုတွေ ခဏခဏ တွေ့တွေ့နေတာ၊ တချို့ပုဂ္ဂိုလ်တွေ ခဏခဏ တွေ့နေတယ်။ လူပုဂ္ဂိုလ်တွေအနေနဲ့ ကြည့်လို့သာ သက်သာကြတာကိုး။ တိရစ္ဆာန်တွေ သတ္တဝါတွေအနေနဲ့ဆိုရင် အမြဲတမ်း စိုးရိမ်ပူဆွေးစရာ တွေ့ကြုံနေတာပဲ။ နေ့ရော, ညရော အမြဲတမ်း ထိတ်ထိတ်လန့်လန့် စိုးရိမ်နေကြတာတွေ့ကြုံနေတာပဲ။ အေးအေးဆေးဆေးကို မရှိရဘူး။ မိမိကို ရန်မူမယ့် မိမိကို

http://www.dhammadownload.com

သတ်ဖြတ်မယ့် ရန်သူဟာ တကယ်တည်း ဘယ်အချိန်ပေါ်မယ်ဆိုတာ မသိနိုင်ဘူး။ အမြဲတမ်း ကိုယ့်ကိုယ်လေးကို စောင့်ရှောက်နေရတယ်။ လူလောကမှာတော့ အုပ်ချုပ်ရေးတွေ ဘာတွေနဲ့ သူဟာသူရှိနေလို့ပဲ။ ဒီလိုမရှိလို့ရှိရင် အုပ်ချုပ်ရေးတွေ ဘာတွေမရှိရင် လူတွေလည်း အခက်ပဲ။ လူတွေလည်း တစ်ခါတစ်ခါ အုပ်ချုပ်ရေးပျက်တဲ့အခါကျ စိုးရိမ်ရတယ်။ ခုတောင်မှ တောချုံတောင်ကြား လူတွေက ဘယ်အချိန်ဘယ်လိုနေရမှန်းမသိ၊ ဘာစားရမှန်းမသိ ဘာလုပ်ရမှန်းမသိ၊ ဒီလိုဟာတွေ အများကြီးရှိတယ်။ ဒုက္ခတွေရောက်နေတာ။ အဲဒီ စိုးရိမ်ပူဆွေးစရာတွေ ခဏခဏတွေ့နေတယ်။

ပြီးတော့ ဘဝတွေကလည်း ဘဝတိုင်းဘဝတိုင်း ဒီလိုတွေ့ရတဲ့ဘဝတွေ အများကြီးပဲ။ အဲဒီတော့ တစ်သံသရာလုံးလျှောက်ပြီး ကြည့်လိုက်ရင် ဘဝတိုင်း ဖြစ်ရတာ ဘာအမြတ်ရှိသလဲဆိုတော့ နောက်ဆုံးမှာ စိုးရိမ်ပူဆွေးတာတွေနဲ့ တွေ့ရတာ၊ အစတုန်းက ကောင်းတဲ့အချိန်မှာ ကောင်းပြီး တစ်နေ့ကျရင် စိုးရိမ်ပူဆွေးမှုတွေနဲ့ တွေ့ရတယ်။ ဒီတော့ ဘဝသံသရာထဲ ဖြစ်နေရတာ ဘာမှ မကောင်းဘူး။ ဒီစိုးရိမ်ပူဆွေး ဆင်းရဲဒုက္ခတွေနဲ့ တွေ့ဖို့ရာ, ဒါတွေ ခံစားဖို့ရာ လောကထဲ လူလာပြီးတော့ ဖြစ်ရ သတ္တဝါလာပြီးတော့ ဖြစ်ရသလိုပဲတဲ့၊ အရိယာ ပုဂ္ဂိုလ်အမြင်နဲ့တော့ ဒီလိုမြင်ကြတာကိုး။ ဒါစိုးရိမ်တာတစ်ခုထဲ ပြောတာနော်။ အကုန်လုံးလျှောက်ပြောမယ်ဆိုရင် ဇာတိတို့၊ ဇရာတို့၊ ဗျာဓိတို့၊ မရဏတို့ အကုန်လုံးလျှောက်ပြီးသကာလ ဆင်းရဲတွေ အများကြီးရှိတယ်။ ဒါတွေ တစ်ခုပြီး တစ်ခု လည်ပြီးခံဖို့ရာ လောကထဲမှာ တစ်ခါတည်း တစ်ဘဝပြီး တစ်ဘဝ ဖြစ်လိုက်တာ၊ ဖြစ်ပြီးရင်း ဆင်းရဲတွေ ခံသွားရင်း အဲဒီတစ်ဘဝပြီး နောက်တစ်ဘဝ ခံရင်း ဒီလိုဖြစ်နေတာကိုး။ အဲဒီတော့ ဒါတွေဟာ ဆင်းရဲတွေပဲတဲ့။ ဒါတွေကို ကောင်းတယ်၊ ချမ်းသာတယ်၊ ထင်နေသမျှကာလပတ်လုံးကတော့ ဒါအမြင်မှန် မဟုတ်သေးဘူး။ သံသရာထဲ ပျော်နေတုန်းတော့ ကောင်းတယ်ထင်တဲ့ ပုဂ္ဂိုလ်တွေက ပျော်နေကြတာ၊ ဒါပေမယ့် အကုန်လုံး တစ်နေ့ကျရင် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေ ရောက်ရောက်ပြီးသကာလ သွားတာကိုး၊ ဒီတော့ တစ်သံသရာလုံးဖြစ်နေရတာ။ သက်သက်မယ့် ဆင်းရဲတုံး ဆင်းရဲခံဖို့ရာ တစ်ခါ ဘဝတိုင်း လာပြီးတော့ ပေါ်ပေါက်နေရသလို ဉာဏ်ထဲမှာ ဒီလိုမြင်ရတာကိုး။

http://www.dhammadownload.com

သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာဝိ ဒုက္ခာ- စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံး၏ပြင်းစွာ ပင်ပန်းရခြင်းတို့သည်လည်း၊ ဒုက္ခာ-ဆင်းရဲတို့ပါတည်း။ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ပြီးသွားပြီ။

ပရိဒေဒုက္ခ

"ပရိဒေဝ"တဲ့။ ငိုကြွေးရတဲ့ဆင်းရဲလဲ ထင်ရှားပါတယ်။ သောကဖြစ်ရင် ပရိဒေဝဖြစ်တာပဲ။ စိုးရိမ်ပူဆွေးမှုက,နေပြီး ငိုကြရတာကိုး။ ငိုကြရတာများသောအားဖြင့် လူပြည်လောကတွင် ကြည့်လိုက်မယ်ဆိုရင် ယောကျ်ားတွေကတော့ သိပ်ပြီးတော့ မငိုကြဘူးပေါ့။ မိန်းမတွေက ငိုကြတယ်။ အမျိုးသမီးလောကဆိုရင် ငိုစရာရှိရင် ငိုကြရတာပဲ။ မငိုလို့လည်း မဖြစ်ဘူး၊ ငိုလည်း ငိုဦးမှပဲ၊ မငိုလို့ရှိရင်ဖြင့် မငိုပဲနေတာကို ဘေးက ကဲ့ရဲ့ချင်တယ်၊ ကဲ့ရဲ့ပေမယ့် တချို့ကတယ်မငိုချင်ဘူး၊ အခု ဆွေထဲမျိုးထဲကဆိုတော့ သူများက ငိုနေတော့ ကိုယ်က မငိုဘဲနေလို့ရှိရင် ပြောစရာဖြစ်နေမှာ စိုးလို့ ရောပြီးတော့ ငိုရတယ်။ သို့သော်လည်းပဲ သဘာဝကိုက သူက ငိုချင်နေတာကိုး။ ငိုချင်ရဲ့ လက်တို့ ဆိုတာလိုပဲ။ စိုးရိမ်ပူဆွေးစရာတွေဆိုတာ ငိုတတ်လို့ပဲ ငိုတာပဲ၊ မျက်ရည်ကျတယ်၊ ယောကျ်ားတွေကတော့ မငိုကြဘူးလို့ လောကက အသိအမှတ်ပြုထားတော့ ငိုချင်ပေမယ်လို့ မှိတ်ပြီးတော့ နေရတာပေါ့။ သူများမမြင်တဲ့နေရာတော့ တိတ်တိတ်ငိုချင်လည်း ငိုမှာပဲ ဒါ ရှိလိမ့်အုံးမယ်။

တချို့တော့လည်း မထိန်းနိုင်လို့ ငိုတဲ့ ယောကျ်ားလည်း ရှိတယ်။ သူလည်း ငိုတာပဲ။ စိုးရိမ်စရာ ပူဆွေးစရာတွေ့တဲ့အခါကာလကျတော့ သည်းမခံနိုင်တော့ဘူး။ မအောင့်နိုင်တော့ ငိုကြွေးခြင်းရောက်လာတယ်တဲ့၊ အဲဒါလည်းပဲ ဒုက္ခပါပဲတဲ့။ ဒါပေမယ်လို့ ငိုကြွေးတယ်ဆိုတာကတော့ တရားကိုယ်ကောက်လိုက်လို့ရှိရင် ဘာရသလဲဆိုတော့ ရုပ်တရားရတယ်၊ ငိုကြွေးတယ်ဆိုတာ အသံရတယ်။ အသံရုပ်ရတယ်။ စိုးရိမ်ပူဆွေးတာကတော့ ခုနပြောတဲ့ စိတ်ဆင်းရဲမှု ဒုက္ခဝေဒနာကို ရတယ်။ အဲဒီဒုက္ခဝေဒနာအကြောင်းပြုပြီးတော့ အမျိုးမျိုးအထွေထွေညည်းညူအော်ဟစ် ပြောဆိုပြီးတော့နေတဲ့ အသံတွေကို "ပရိဒေဝ"လို့ ခေါ်တယ်။ အသံကတော့ ရုပ်ဖြစ်တယ်၊ ရုပ်မှာတော့ ခံစားတဲ့ ဒုက္ခသဘော ဆိုတာ မရှိဘူး။

http://www.dhammadownload.com

ဒါပေမယ်လို့ အဲဒီပရိဒေဝဖြစ်ခြင်း၏အကြောင်းတွေကလည်း ဒုက္ခဖြစ်နေတယ်။ ပရိဒေဝငိုကြွေးတဲ့အသံတွေ ဖြစ်ပေါ်ဖို့ရာ အကြောင်းတွေကလည်း ဒုက္ခဖြစ်နေတယ်။ အဲဒီငိုကြွေးမှုအကြောင်းပြုပြီးတော့ ကိုယ်ပင်ပန်း စိတ်ပင်ပန်းမှုတွေက ရှိသေးတာကိုး။ အဲဒီဒုက္ခတွေလည်း နောက်ကဆက်ပြီးသကာလ ဖြစ်လာပါတယ်။ ဒါကြောင့် ငိုကြွေးရတယ်ဆိုတာတလည်း ဒုက္ခပဲ။ ဒါကတော့ တရားကိုယ်စစ်ကြည့်ရင် ဒီရုပ်တရားမို့ ဒုက္ခဝေဒနာမဟုတ်ဘူးလို့ သိရတာကိုး၊ လောက အနေအားဖြင့် ပူဆွေးတယ်ဆိုတာ မကောင်းဘူးလို့ ထင်နေပါတယ်။ ဒါကတော့ ထင်နေကြတာပဲ။

ဒုက္ခ

ငိုကြွေးတာ ဘယ်ကောင်းမလဲ၊ ဒုက္ခ-ကိုယ်ဆင်းရဲတယ်၊ ကိုယ်ဆင်းရဲဆိုတာကတော့ ကိုယ်ထဲမှာ မကောင်းသော အတွေ့တွေနဲ့ တွေ့တာဖြစ်တယ်။ နေမကောင်း ထိုင်မကောင်း ရောဂါဝေဒနာအမျိုးမျိုး ဖြစ်တာတွေလည်း ကိုယ်ဆင်းရဲတွေပဲ၊ ဒါကြောင့်မို့လို့ ဟိုမှာ ဇာတိ ဇရာ မရဏထဲ ဗျာဓိထည့်မထားဘူး။ ဒုက္ခသစ္စာဟောတဲ့အခါ "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ" ဒီလို ဟောတယ်။ "ဗျာဓိပိ ဒုက္ခော"လို့ မဟောဘူး။ ဗျာဓိကို ထည့်မဟောတော့ဘူး။ ဘာလို့လဲဆိုရင် ဒုက္ခလေးက ရှိတာကိုး၊ ဒုက္ခဟာ အကုန်လုံး ကိုယ်ဆင်းရဲတွေ ဟူသမျှ အကုန်လုံးပါသွားတယ်။ ဗျာဓိတွေရော မကျန်းမမာ ဖျားနာမှုတွေရော အကုန်ပါသွားတယ်။ ဆူးစူးတာတွေ စသည်ဖြင့် ကိုယ်တစ်စုံတစ်ခု ဘေးဒဏ်ဖြစ်ပြီးသကာလ နာတာ ကျင်တာတွေလည်း ပါတယ်။ ပူပန်နှိပ်စက်လို့, သတ်လို့, ဖြတ်လို့ အဲဒီလို နာတာကျင်တာတွေလည်း ပါတယ်။ အကုန်လုံးပဲ ဆင်းရဲတွေ ဟူသမျှ အကုန်ပါသွားတယ်။ အဲဒီကိုယ်ဆင်းရဲတွေတကတော့ တကယ်ကို ဆင်းရဲတာပါပဲ။ ဒါက အပါယ်ဘုံမှာဆိုလို့ရှိရင် အများဆုံးပေါ့။ အမြဲတမ်း ဒုက္ခတွေချည်း တစ်ခုပြီးတစ်ခု ရောက်နေတာပဲ။

"ဖဿာယတနိကဒုက္ခ"လို့ ဆိုတာကိုး။ ဒွါရခြောက်ပါးလုံးကို ဒုက္ခတွေ ရောက်နေတယ်။ မျက်စိက မြင်ရင်လည်းပဲ ချမ်းသာစရာမရှိဘူး၊ ဆင်းရဲစရာ၊ စိတ်ညစ်စရာ၊ ကြောက်စရာ လန့်စရာတွေပဲ၊ ကြားပြန်လို့ရှိရင် အသံတွေကလည်း သာယာစရာ ဘာတစ်ခုမှမရှိဘူး။ ကြောက်စရာလန့်စရာ ထိတ်စရာကြီးပဲ။

http://www.dhammadownload.com

ဟိုလိုသားသတ်ရုံများလို နေမှာပေါ့။ သားသတ်ရုံမှာ အသတ်ခံရမယ့် သားကောင်တွေက ဘေးက တခြားအကောင်တွေ သတ်ဖြတ်နေတာတွေ မြင်ရလို့လည်း စိတ်မချမ်းမသာ ဖြစ်နေတယ်။ အော်တာ, အင်တာတွေ ဒီလိုကြားရလို့လည်း စိတ် မချမ်းမသာတွေ ဖြစ်နေတာပဲ။ အနံ့နံ့ရလို့လည်း ကောင်းတာ မရှိဘူးတဲ့။ အရသာစားရလို့ဆိုတော့ ဆာလောင်လို့ စားပြန်တော့ သံတုံးသံခဲတွေ ကျွေးတာကိုး။ သံရည်တွေ ပါးစပ်ထဲ လောင်းထည့်လို့ ဒုက္ခတွေ တွေ့ရတာကို။ အတွေ့အထိတွေ ဆိုတာကလည်း ကောင်းသော အတွေ့အထိ ဘယ်ရှိမလဲ။ ငရဲဘုံမှာ အမြဲတမ်း တစ်ခါတည်း မကောင်းသော အတွေ့အထိတွေနဲ့ တွေ့နေရတယ်။ ကိုယ်ဆင်းရဲတွေ တစ်ခါတည်း တရစပ်ဖြစ်နေတယ်။ စိတ်ကူးစဉ်းစား ကြံစည်ကြည့်လိုက်ရင် ရှေ့ကဖြစ်ခဲ့ဖူးတာတွေ ပြန်စဉ်းစားလည်း ဝမ်းနည်းစရာကြီးပဲ။ နောင်ဆက်လက်ပြီးတော့ ဘယ်လောက်များ၊ ဘယ်လိုများ ဖြစ်သွားဦးမလဲ။ နောင်ရေးတွေ တွေးလိုက်လို့လည်း စိတ်ချမ်းသာစရာမရှိဘူး။ ယခုလောလောဆယ် အကြောင်းအရာတွေ စဉ်းစားလိုက်ရင်လည်း သက်သာစရာမရဘူး။ ဒွါရခြောက်ပါးလုံးဟာ ဘယ်မှာမှ သက်သာရာမရဘူး။ ဆင်းရဲကြီးပဲ တွေ့နေရတာ။ ငရဲမှာ ငရဲဘုံနဲ့အလားတူ ပြိတ္တာဘုံတွေလည်း ရှိပါတယ်။ တိရစ္ဆာန်တွေလည်း မသက်သာဘူး။ သူတို့လည်း ဒုက္ခတွေရောက်ကြတာပဲ။

လူဘုံကလည်း ကံမကောင်းအကြောင်းမသင့်တဲ့ပုဂ္ဂိုလ်တွေမှာလဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေဆိုတာ တွေ့ရတယ်။ ရောဂါဝေဒနာတွေ စွဲကပ်ပြီးတော့ ဒုက္ခတွေ အကြီးအကျယ် ရောက်တာရှိတယ်။ အဲဒီတော့ နိုင်တဲ့ပုဂ္ဂိုလ်တွေက နှိပ်စက်လို့ ဒုက္ခရောက်နေတာလည်း ရှိတယ်။ နေရာထိုင်ခင်း အစစအရာရာ မပြည့်စုံလို့ လေဒဏ် မိုးဒဏ် စသည်ဖြင့် ဒုက္ခရောက်နေတာတွေ ဒီလိုဟာတွေလည်း အများကြီးရှိတယ်။ ကိုယ်ဆင်းရဲဒုက္ခတွေ ရောက်ပြီးနေကြတာ ဆင်းရဲအစစ်တွေပါပဲ။ နိပ္ပရိယာယဒုက္ခ မုချဆင်းရဲတွေပဲ။ သူတို့ဆင်းရဲတဲ့အပြင် သူတို့အကြောင်းပြုပြီးတော့ နောက်ထပ်လည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဖြစ်ရသေးတယ်တဲ့။ ဒီကိုယ်ဆင်းရဲတွေ အကြောင်းပြုပြီး တစ်ခါတည်း နောက်ကလိုက်ပြီးတော့ စဉ်းစားတိုင်း စဉ်းစားတိုင်း မချမ်းမသာဆင်းရဲတွေ ဖြစ်နေတယ်။ အဲဒါကြောင့် ဒုက္ခသစ္စာပဲ။ ဒါကတော့ ထင်လွယ်မြင်လွယ်ပါတယ်။ သို့သော်လည်း ထင်ပုံခြင်း ကွာတယ်။ ပကတိလူတွေက ရောဂါဝေဒနာဖြစ်လို့ ဆင်းရဲရတယ်၊

http://www.dhammadownload.com

နာကျင်လို့ ဆင်းရဲရတယ်ဆိုတာတွေ သိတော့ သိကြပါတယ်။ ဒါပေမယ့် ပကတိလူတွေ သိတာက ဘယ်လိုသိတုံးဆိုတော့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ သိတယ်။ ငါ ဆင်းရဲတယ်၊ သူဆင်းရဲတယ်။ အကောင်လိုက်ကြီး ဖြစ်နေတယ်။ အဲဒီလို ထင်နေတယ်။

သာဓန်လူစွေဆက် တရားရှုမှတ်သူများ ကွာခြားပါတယ်

အရိယာတွေအသိကတော့ အဲဒီလို မဟုတ်ဘူး၊ ဆင်းရဲတဲ့ သဘောတရားတစ်ခုပဲ။ ကိုယ်ထဲမှာ အသစ်အသစ် ကျရောက်ပြီးတော့နေတဲ့ ဆင်းရဲမှုသဘောပဲ။ ဒီလို သိရတာကိုး။ အခု ယောဂီတွေမှာ တရားအားထုတ်တော့ ဒုက္ခဝေဒနာတွေ တွေ့ရတယ်။ ဒုက္ခဝေဒနာတွေ့တဲ့အခါ ရှုရမှတ်ရမှာ၊ ဥပမာ ညောင်းရင်ဖြင့် ညောင်းတယ်။ ပူရင်ဖြင့် ပူတယ် ပူတယ်။ နာရင်ဖြင့် နာတယ် နာတယ် ရှုမှတ်တော့ ပကတိပုဂ္ဂိုလ်တွေလည်း ဒီလို နှလုံးသွင်းရင်း ညောင်းတာ၊ ပူတာ၊ နာတာ သိတာပေါ့။ သိတော့ ဘယ်နှယ်သိတုံးဆို 'ငါပူတယ်၊ ငါနာတယ်'ဆိုတာ ဒီလိုသိတယ်။ ပကတိပုဂ္ဂိုလ်တွေက "ဟာ. . ငါဖြစ်မှ ဖြစ်ရပလေ၊ အစကနေ ကောင်းတာ၊ အခု နေမကောင်းဘူး။ သူများတွေ နေကောင်းတယ်။ ငါ နေမကောင်း ဘူးဆိုတာ စိတ်မချမ်းသာစရာတွေ နောက်ကလိုက်လာတာ" ဒီလို သိတယ်။ ပကတိပုဂ္ဂိုလ်တွေအနေနဲ့ပေါ့၊ ယောဂီပုဂ္ဂိုလ်မှာတော့ အဲဒီလို မဖြစ်ဘူး၊ သူက "ညောင်းရင် ညောင်းတယ်၊ နာတယ်၊ ပူတယ်၊ ကျင်တယ်၊ ကိုက်ခဲတယ်" စသည်ဖြင့် သူဟာသူ လိုက်ပြီးမှတ်တော့ သဘောတရားလေးတွေ သိတယ်။ ဒီကနေပြီးတော့ အလိုလိုကျရောက်နေတာတွေ သိတယ်။ မိုးရွာထဲမှာ အကျီမပါဘဲ အပြင်ဘက် ထွက်သွားလို့ရှိရင် ကိုယ်ပေါ်မှာ တစ်ခါတည်း မိုးပေါက် တွေ ပေါက် ပေါက် ပေါက်နဲ့ ကျပြီးနေတော့ အဲဒီဥစ္စာတွေ တွေ့ရတယ်။ အဲဒါလိုပဲ ကိုယ်ထဲမှာ တစ်ခါ နာတာလေးတွေ၊ ကျင်တာလေးတွေ၊ ကိုက်ခဲတာလေးတွေ၊ အနေအထိုင် ခက်တာလေးတွေ အသစ်အသစ်ကျရောက်နေတဲ့သဘောလေး ဖြစ်ပြီးရင်လည်း ပျောက်သွား၊ ဖြစ်ပြီးရင်လည်း ပျောက်သွား၊ သူ့အကြောင်းအားလျော်စွာ အသစ် အသစ်ဖြစ်ပြီးတော့ ပျောက်နေတဲ့တရားလေးပဲလို့ ဒီလို သိတာကိုး။ အဲဒါ သိပုံက ကွာတယ်။ ပကတိပုဂ္ဂိုလ်တွေအသိက ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ငါဆင်းရဲတယ် ဆိုပြီး ပုဂ္ဂိုလ်သတ္တဝါဆင်းရဲတဲ့ဟာ သိတယ်။ ယောဂီပုဂ္ဂိုလ်နဲ့ အရိယာပုဂ္ဂိုလ် အသိ

http://www.dhammadownload.com

ကတော့ သဘောတရားကလေးတွေ သူဟာသူဖြစ်ပြီးတော့ ဆင်းရဲနေတဲ့ တရားပဲလို့ ဒီလိုသိတာကိုး။ အဲဒါမှာ ကွာတယ်။ အဲဒါ ဒုက္ခသစ္စာအစစ်ပါပဲ။

ဒေါမနဿ

ဒေါမနဿ-စိတ်နှလုံးမသာယာခြင်း။ စိတ်ဆင်းရဲခြင်း-တဲ့။ စိတ် ဆင်းရဲခြင်းဆိုတာကလည်း ထင်ရှားနေပါတယ်။ စိတ်ထဲမှာ - "ယံ ဒေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ" စိတ်ထဲတွင်ဖြစ်တဲ့ ဆင်းရဲပဲ-တဲ့။ စေတသိက် ဒုက္ခံ-စိတ်ထဲတွင်ဖြစ်တဲ့ မသာယာမှုပဲတဲ့၊ သာယာစရာမကောင်းတဲ့အမှုတဲ့ လက်ခံစရာမကောင်းဘူးတဲ့၊ "စေတသိကံ အသာတံ မနောသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ" စိတ်ထဲမှာ မကောင်းတဲ့အာရုံတွေတွေ့ပြီးတော့ ဆင်းရဲတဲ့ခံစားမှုပဲတဲ့။ မသာယာဖွယ်ဖြစ်တဲ့ ခံစားမှုပဲတဲ့၊ မသက်သာတဲ့ခံစားမှုပဲတဲ့။ အဲဒါ စိတ်နှလုံးမသာယာမှု၊ စိတ်ပူမှု၊ စိတ်ညစ်မှုတွေပေါ့လေ။ ခုန သောတဆိုတဲ့ စိုးရိမ်ပူဆွေးမှုကို နုတ်ပြီးတော့ ကျန်တာတွေဟူသမျှဟာ အကုန်လုံး စိတ်ဆင်းရဲတွေ ဒီထဲမှာပါတယ်။ မကောင်းတဲ့အာရုံတွေနဲ့တွေ့တဲ့ အခါကာလကျလို့ရှိရင် စိတ်မချမ်းသာမှု၊ စိုးရိမ်မှုတွေ ဖြစ်တယ်။ အဲဒါဟာ စိတ်ဆင်းရဲပဲတဲ့။ ဒီစိတ်ဆင်းရဲကလဲပဲ ဒုက္ခပါပဲ။ သူက ထင်ရှားနေပါပြီ။ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲနှစ်ခုကတော့ အထင်ရှားဆုံးပါပဲ။ အဲဒီကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ပျောက်ငြိမ်းဖို့ရာ မြတ်စွာဘုရား၏ သာသနာတော်မှာ တရားအားထုတ်ရတာပဲ။

"ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ" ဒုက္ခဒေါမနဿာနံ-ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့၏။ အတ္ထင်္ဂမာယ-ချုပ်ငြိမ်းရန်အလို့ငှာ၊ ကောယနော မဂ္ဂေါ-တစ်ခုတည်း သောလမ်းတစ်ကြောင်းတည်းသောခရီးပေတည်း။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ငြိမ်းဖို့ရာ မြတ်စွာဘုရားဟောထားတဲ့ ဒီသတိပဋ္ဌာန်နည်းလမ်းပဲ။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဆိုတာ မကောင်းဘူးလို့ လူတိုင်းသိ သတ္တဝါတိုင်း သိကြတယ်။ ကင်းအောင်လို့ ဘယ်လို လုပ်ရမလဲဆိုတာ နည်းလမ်းက မသိဘူး။ ကိုယ်တတ်နိုင်သမျှတော့ ကင်းအောင်လို့ အားလည်းထုတ်နေကြတာပါပဲ။ဆာလောင်မွတ်သိပ်လို့ရှိရင် အစာကျွေး၊ ပူလို့အိုက်လို့ရှိရင် ရေမိုးချိုး၊ အညောင်း အညာပြေအောင်လို့ ကျန်းမာရေးတွေ ဘာတွေလုပ် စသည်ဖြင့်ပေါ့လေ။ ဆေးတွေ ဝါးတွေနဲ့လည်း အမျိုးမျိုးပြုပြင်ကြပါတယ်။ ကောင်းနိုင်သမျှ ကောင်းအောင်လို့ ကိုယ်ဆင်းရဲတွေ

http://www.dhammadownload.com

မဖြစ်အောင် တတ်နိုင်သမျှတော့ ပြုပြင်ကြတာပဲ။ ဒါပေမယ့်လို့ အကုန်လုံးငြိမ်း အောင်ကတော့ မတတ်နိုင်ဘူး။ အကုန်လုံးငြိမ်းတဲ့နည်းကတော့ ဘာတုံးဆို ဒီသတိပဋ္ဌာန်နည်းပဲတဲ့။ သတိပဋ္ဌာန်နည်းအတိုင်း ကျင့်သုံးသွားလို့ ရှိရင်တော့ တစ်ကြောင်းတည်းသော လမ်းပါပဲ။ ဒီလမ်းလိုက်သွားလို့ရှိရင် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေ အကုန်လုံး ငြိမ်းသွားပါလိမ့်မယ်တဲ့။ ငြိမ်းတာကို မြတ်စွာဘုရား လက်ထက်က တိဿရဟန်းတော်၏ တရားအားထုတ်ပုံ၊ ကျားစား ခံရတဲ့ရဟန်း အားထုတ်ပုံနဲ့ ပြပြီးသွားတဲ့နည်းမှာ ဒုက္ခဝေဒနာတွေ ခံစားရင်းနဲ့ တရားနှလုံးသွင်း အားထုတ်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရောက်သွားကြတယ်။ ရောက် သွားတော့ တစ်ခါတည်း ငြိမ်းသွားတာပေါ့။ အဲဒီမှာ နောက်ထပ် တစ်ခါတည်း ဒီလိုဆင်းရဲတွေ မတွေ့ရတော့ဘူး။ တစ်ခါတည်း ငြိမ်းသွားတယ်။

စိတ်ဆင်းရဲငြိမ်းတာတော့ သိကြားမင်းတို့, သုဇြဟ္မာနတ်သားတို့ရဲ့ ဝတ္ထုတွေနဲ့ ထုတ်ပြီးတော့ ပြထားတယ်။ သိကြားမင်းဝတ္ထုက ခဏခဏ ပြောရပါတယ်။ သုဇြဟ္မာနတ်သားဆိုတာ နတ်ဥယျာဉ်ထဲမှာ တစ်ခါတည်း ပျော်ပွဲခံပြီးတော့ နေတုန်း နတ်သမီးအခြွေအရံတစ်ထောင် ရှိတယ်တဲ့၊ သူ ပရိသတ်ကပေါ့။ ငါးရာက ပန်းပင်ပေါ်တက်ပြီး ပန်းခူးလို့နေတယ်၊ ငါးရာက အောက်က ပန်းသီလို့ နေတယ်၊ အပျော်အပါး လုပ်နေကြတာပေါ့လေ၊ ပန်းသီကုံးပြီးပန်းတွေ နတ်သားကို ဆင်ပေး တယ်၊ ဒီလောက်အလုပ်က ပင်ပင်ပန်းပန်း လုပ်မှာမဟုတ်ပါဘူး။ ပျော်ပျော် ပါးပါးပါပဲ၊ သွားလိုက်၊ လာလိုက်၊ ဆိုလိုက်၊ ကောက်လိုက်၊ ဒီလို လုပ်နေတာကိုး၊ တော်တော်နဲ့ မပြီးနိုင်ဘူး၊ အဲဒီအနေမှ ပန်းပင်ပေါ်က နတ်သမီးငါးရာက စုတီ စိတ်ကျသွားလို့ အသံတိတ်သွားတယ်၊ အဲဒါ ဘယ်ရောက်ကုန်ပါလိမ့်တုံးလို့ ကြည့်လိုက်တဲ့အခါကျတော့ ငရဲကျသွားကြတယ်ဆိုတာကိုး၊ နတ်ပြည်မှာ အာရုံ ငါးပါးတွေက အင်မတန်ကို ပေါများပြည့်စုံပြီးတော့ နေတယ်၊ အမြဲတမ်း သူတို့က ပျော်နေကြတာကိုး၊ ပျော်နေတော့ ကုသိုလ်စိတ်က မဝင်နိုင်ဘူး။ ကုသိုလ်စိတ်က မဝင်နိုင်တော့ သေခါနီးကျရင် ကုသိုလ်က ဝင်စရာမရှိဘူး၊ ကုသိုလ်က လမ်းဆုံးနေ ပြီ။ ရွေးဘဝကပြုခဲ့တဲ့ အကုသိုလ်တွေက ရှိရင် အဲဒီအကုသိုလ် ဝင်ပေါက် တိုးလာတာကိုး၊ အကုသိုလ်က ဒီမှာ တစ်ခါတည်းဝင်လာတော့ အဲဒီအာရုံကလေး စွဲလမ်းပြီး သေသွားတော့ ငရဲကျသွားကုန်တယ်၊ နတ်ပြည်မှာ ကြောက်စရာ အလွန်ကောင်းပါတယ်၊ ဘယ်နေ့ ဘယ်အချိန် သေမှန်းမသိ၊ ဘာမှန်းမသိ သေ

http://www.dhammadownload.com

ရေးအတွက် မစဉ်းစားလည်း မစဉ်းစားဘူး။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေနေတာကိုး။

အဲဒီလိုနေနေရင်းက ကုသိုလ်စိတ်က ဘာမှမရှိတော့ သေခါနီးကျ အဲဒီ မိမိရှေးကပြုထားတဲ့ အကုသိုလ်တွေ ဝင်လာတာပေါ၊ နတ်ပြည်တော့ အကုသိုလ် ပြုစရာသိပ်မရှိဘူး။ ရှေးရှေးသောဘဝတွေက ပြုထားတဲ့ အကုသိုလ်တွေ ပြန်ပြီး တော့ ပေါ်လာတယ်တဲ့။ ပေါ်လာပြီး အဲဒီအာရုံစွဲပြီး သေသွားရင် ငရဲတွေ ဘာ တွေ ကျသွားတတ်တယ်။ ဗြုန်းခနဲ အလွန်ကြောက်စရာကောင်းပါတယ်။ အဲဒီနတ်သမီးငါးရာက တစ်ခါတည်း ငရဲကျသွားကြတယ်၊ နတ်သားကြီးက အသံမကြားတော့ ဘယ်ရောက်ကုန်ပါလိမ့်မတုံးလို့ စဉ်းစားလိုက်တော့ စုတေ စိတ်ကျပြီး ငရဲရောက်ကုန်တာတွေ မြင်ရလို့ စိတ်မချမ်းမသာ ဖြစ်သွားတယ်။ စိတ်မချမ်းမသာဖြစ်ပြီး သူတို့သေဆုံးသွားတာတော့ ဟုတ်ပါရဲ့၊ တို့အသက် ဘယ် လောက်နေရအုံးမှာပါလဲလို့ စဉ်းစားတော့ သူ့အသက်ကလည်း သိပ်မကြာ တော့ဘူး၊ (၇)ရက်လောက်နေရင် စုတေတော့မယ် ဆိုတာကို၊ စုတေရင် အဲဒီလိုပဲ ငရဲကျဖို့ရာ အကြောင်းကံတွေလည်း ရှိနေတယ်။ ဒါကို စဉ်းစားပြီး သူက စိုးရိမ်ပူပန်မှုတွေ ဖြစ်လာတယ်၊ အဲဒီမှာ မနေတတ် မထိုင်တတ်ဖြစ်ပြီး စိတ် မချမ်းမသာ ဖြစ်တော့ မြတ်စွာဘုရားထံလာပြီး လျှောက်တယ်။ ဖြစ်ပြီးသော ဆင်းရဲတွေ အကြောင်းပြုပြီးတော့လည်း စိတ်များဟာ တုန်လှုပ်နေပါတယ်။ မဖြစ်သေးတဲ့ ဆင်းရဲတွေ အကြောင်းပြုပြီးတော့လည်း နောင်ရေးတွေးပြီးတော့ စိတ်တွေဟာ တုန်လှုပ်နေပါတယ်။

နိစ္စံ ဥတြသ္ဆမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂိဒံ မနော။
အနုပွန္ဒေသု ကိစ္ဆေသုစ၊ အထော ဥပွတိတေသု စ။
သစေ အတ္ထိ အနုတြသ္ဆံ၊ တံ မေ အတ္ဓာဟိ ပုစ္ဆိတော။

ဘန္တေ-မြတ်စွာဘုရား၊ ဣဒံ စိတ္တံ-ဤစိတ်သည်၊ အနုပွန္ဒေသု ကိစ္ဆေသု စ-မဖြစ်သေးသော ဆင်းရဲမှုတို့ကြောင့်လည်းကောင်း၊ အထော ဥပွတိတေသု ကိစ္စေသု စ-ဖြစ်ပြီးသော ဆင်းရဲတို့ကြောင့်လည်းကောင်း၊ ဣဒံ စိတ္တံ-ဤစိတ်သည်၊ နိစ္စံ-အမြဲ၊ ဥတြသ္ဆံ- တဖျတ်ဖျတ်နဲ့ထိတ်လန့်၍နေပါသည် အရှင်ဘုရား၊ ဣဒံစိတ္တံ- ဤစိတ်သည်၊ နိစ္စံ-အမြဲ၊ ဥဗ္ဗိဂ္ဂံ-ကြောက်လန့်၍နေပါသည်ဘုရား၊ အနုတြသ္ဆံ-

http://www.dhammadownload.com

မထိတ်လန့်ရာဖြစ်သောအရပ်သည်၊ (ဝါ) မထိတ်လန့်ကြောင်းဖြစ်သော နည်းလမ်းသည်၊ သစေ အတ္ထိ- အကယ်၍ ရှိသည်ဖြစ်ငြားအံ့၊ တံ-ထိုအကြောင်းကို၊ မေ-အကျွန်ုပ်အား၊ ပုစ္ဆိတော-မေးမြန်းအပ်သော အရှင်ဘုရားသည်၊ အက္ခာဟိ-ဟောကြားတော်မူပါ အရှင်ဘုရား-တဲ့။

အဲဒီလို နတ်သားက မြတ်စွာဘုရားကို လျှောက်တယ်။ ဖြစ်ပြီးတဲ့ဆင်းရဲတွေ ရှိတယ်တဲ့၊ သူ့ရဲ့အပေါင်းအဖော်ဖြစ်တဲ့ နတ်သမီးတွေ ငရဲကျရောက်ပြီး ဒုက္ခ ရောက်နေတာတွေ မြင်ရတာ ဖြစ်ပြီးသားဆင်းရဲတွေပေါ့လေ။ ခုန ဉာတိဗျသန မျိုးပဲပေါ့။ ကိုယ့်ခင်မင်ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ အတိဒုက္ခရောက်နေတာ မြင်ရတော့ ဘယ်စိတ်ချမ်းသာမလဲ။ စိတ်တွေ အမျှားကြီး နှလုံးမသာမယာဖြစ်တယ်။မဖြစ်သေးတဲ့ ဆင်းရဲတွေလည်း ရှိပါတယ်။ မဖြစ်သေးတဲ့ဆင်းရဲတွေက ကိုယ်တိုင်လည်းပဲ နောက်အဖြွေအရံတွေနှင့်တကွ ခုနစ်ရက်မြောက်လို့ရှိရင် နတ်ဘဝက စုတေပြီးတော့ အလားတူပဲ ငရဲကျရောက်ဖို့အကြောင်း ရှိပါတယ်။ အဲဒါတွေ အကြောင်းပြုပြီးတော့ စိတ်ဟာ တစ်ခါတည်း တည်ငြိမ်မှုမရဘူး၊ အမြဲတမ်း ထိတ်လန့်နေတယ်၊ လန့်လည်း လန့်စရာပေါ့။ အခု လောကမှာတောင်မှ တစ်စုံတစ်ရာ ဒုက္ခရောက်တော့မယ်ဆိုရင် အလွန်ကြောက်စရာတောင်းတာ၊ သူဇာ ဘယ်အိပ်လို့ရတော့မလဲ၊ အေးအေးဆေးဆေး မနေနိုင်တော့ဘူး။ အဲဒီနားမှာလည်း စိတ်တွေက ဂနာမငြိမ်ဘဲ တထိတ်ထိတ် တဖျတ်ဖျတ်နဲ့ နေပါတယ်တဲ့။ အဲဒီလို မလန့်တဲ့အရပ်ဒေသရှိရင် သွားနေချင်ပါတယ်၊ မလန့်အောင် ကာကွယ် တားမြစ်နိုင်တဲ့ နည်းလမ်းမျှားရှိရင်လည်း မြတ်စွာဘုရားညွှန်ကြားပါတဲ့။ ဒီနည်းလေးကို လိုချင်ပါတယ်လို့ လာလျှောက်တာကိုး။ အခု လောကမှာ မဖြစ်တာ ဖြစ်တာတော့ မပြောတတ်ဘူး။ အလိုရှိနေတာက လက်နက်တို့, ဘေးဒဏ်တို့ မထိလိုက်နိုင်တဲ့ဥစ္စာ၊ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတို့ ဘာတို့ ဒီလိုဟာတွေ လိုချင်ကြတာကိုး။ ဘေးရန်အန္တရာယ်ကင်းတဲ့ဥစ္စာတွေ လိုချင်ကြတယ်။ အဲဒါလိုပဲ အခု စိတ်နှလုံးမတုန်မလှုပ်နည်းသွားအောင်၊ စိတ်မဆင်းရဲနည်းသွားအောင် နည်းလမ်းတွေ အလိုရှိတယ်လို့ လျှောက်တာ၊ စိတ်ဆင်းရဲပြီးတဲ့နည်း ရတော့ စိတ်မဆင်းရဲဖူးဆိုရင် သိပ်နေရာကျမှာပေါ့။ သူက ဘာပဲဖြစ်ဖြစ် စိတ်က မဆင်းရဲဘူး ဆိုရင် အင်မတန်နေရာကျတယ်။ ဘုရားရဟန္တာတွေမှာ စိတ်မဆင်းရဲဘူး။ ရုပ်ကိုယ်က ရှိနေတော့ သူမှာတော့ ကိုယ်ဆင်းရဲကတော့ဖြင့် ရှိတာပါပဲ။ ညောင်း

http://www.dhammadownload.com

စရာရှိ ညောင်းမှာပဲ၊ ပူစရာရှိ ပူမှာပဲ၊ နာစရာရှိရင်လည်း နာမှာပဲ။ ဒါပေမယ်လို့ စိတ်က သူ့မှာ မဆင်းရဲဘူး၊ ဘာမှ မဖြစ်ဘူး စိတ်က ငါ့မှာ မကောင်းတာတွေနဲ့ တွေ့ရတယ်လို့ စိတ်မပျက်ဘူး၊ စိတ်မညစ်ဘူး၊ စိတ်မပူဘူး၊ ဘာမှမဖြစ်ဘူး။ သိပ်နေရာကျတယ်။ အဲဒီလို စိတ်ဆင်းရဲကင်းတဲ့နည်းလေး ရှိရင်ဖြင့် လိုချင်ပါတယ်လို့ မြတ်စွာဘုရားကို လျှောက်တယ်။ စိတ်ဆင်းရဲငြိမ်းတဲ့နည်းကို ဘုရားဟောထားတယ်။

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ။

ဒေဝပုတ္တ-နတ်သား၊ ဗောဇ္ဈာ ဗောဓိယာ-အရိယာမဂ်ဉာဏ်အကျင့်ကို, အရိယာမဂ်အကျင့်ကို၊ အညတြ ထပေတွာ-ကြဉ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိ-ချမ်းသာရာ ချမ်းသာခွင့်ကို၊ အဟံ-ငါဘုရားသည်၊ နပဿာမိ-ငါဘုရားမြင်တော်မမူ။

ဗောဓိခေါ်တဲ့ အရိယာမဂ်အကျင့် ရှိတယ်တဲ့။ အရိယမဂ်ဉာဏ်ရတဲ့အကျင့်ကို့ မကျင့်ဘဲနဲ့ကတော့ မဖြစ်ဘူးတဲ့။ သတ္တဝါတွေ ဆင်းရဲကင်းချင်တယ်။ ငြိမ်းချင်တယ်ဆိုရင် ဒီအကျင့်ကျင့်ရလိမ့်မယ်တဲ့။ ဒီအကျင့်ကျင့်မှပဲ ငြိမ်းမယ်တဲ့။ ရောဂါဝေဒနာဖြစ်လို့ရှိရင် ပျောက်စေတတ်တဲ့ဆေးစားမှ ပျောက်သလိုပေါ့လေ။ ဒီဆေးစားမှပဲ ပျောက်မှာပဲ၊ မစားရင် မပျောက်ဘူးဆိုရင် ဒီဆေးစားရတယ်။ မစားလို့ မဖြစ်ဘူး။

ဇီဝကဆေးဆရာနဲ့ စဏ္ဍပဇ္ဇောတမင်း

မြတ်စွာဘုရားလက်ထက်တုန်းက ဆရာဇီဝကဆိုတာ ရှိတယ်။ စန္ဒပဇ္ဇောတမင်းက သူ့မှာ ရောဂါဝေဒနာရှိလို့ ဗိမ္ဗိသာရမင်းကြီးဆီကို သူက ဆရာဇီဝကလွှတ်ပေးပါလို့ တောင်းတယ်၊ ဗိမ္ဗိသာရမင်းကြီးက လွှတ်လိုက်တယ်။ လွှတ်လိုက်လို့ စဏ္ဍပဇ္ဇောတမင်းဆီ ရောက်တော့ ဆရာဇီဝကက သူ့ရောဂါအကြောင်း အကဲခတ်ကြည့်လိုက်တယ်။ ရောဂါဖြစ်တဲ့အကြောင်းလည်း သိရော သူက ဘာပြောပြန်သလဲ ဆိုတော့ "ငါက ထောပတ်တော့ မကြိုက်ဘူး-တဲ့။ ဘာပဲဖြစ်ဖြစ် ထောပတ်မပါတဲ့ ဆေးတိုက်ပါတဲ့။ ဒီပြင်ဟာနဲ့ဆို ဘာနဲ့ တိုက်တိုက်

http://www.dhammadownload.com

ငါ့ရောဂါပျောက်အောင်သာ ကုပေတော့"တဲ့။ ဆရာဇီဝက,က သူ့ရောဂါက ထောပတ်ပါမှပဲ ပျောက်မယ်။ ထောပတ်မပါရင် ဘယ်နည်းနဲ့မှ မပျောက်နိုင်ဘူးလို့ သိတယ်၊ ခက်တာပဲတဲ့၊ ထောပတ်လည်း သူကို မကျွေးပါနဲ့ ဆိုတာကိုး။ ထောပတ်မပါတဲ့ ဆေးပေးပါ။ ထောပတ်မပါရင် သူ့ရောဂါက ပျောက်ကို မပျောက်နိုင်ဘူး။ အဲဒီတော့ ဆရာဇီဝကက ဆရာဆိုတော့ သူက အကင်းပါးတယ်။ ဒီတော့ ကောင်းပါပြီဆိုပြီးတော့ သူက ဘာမှမပြောဘူး။ ထောပတ်ပါတဲ့ဆေးပဲ။ ထောပတ်အနဲ့အရသာတွေ အကုန်လုံးပျောက်အောင်လို့ တစ်ခါတည်း ချက်ပစ်တယ်။ ထောပတ်အနဲ့အရသာတွေ ဘာမှကိုမရှိရအောင်လို့ တစ်ခါတည်း ချက်ပစ်တယ်။ အဲဒီဆေးကြည့်ရင်တော့ကို နမ်းကြည့်လို့သော်လည်းကောင်း၊ စားကြည့်လို့သော်လည်းကောင်း ထောပတ်ပါမှန်းတောင် မသိရတော့ဘူး။ ဒီလိုမျိုး ဒီလိုလုပ်တာကိုး၊ ဆရာက တယ်စွမ်းတယ်။ အခုလည်း အနောက်နိုင်ငံ ဆရာတွေ တော်ပါတယ်၊ အတွင်းက ဘယ်လိုပဲခါးနေနေ၊ အပြင်ဘက်က ဘာလေး ညာလေးနဲ့ အုပ်ထားတာ၊ စားရတာ သိပ်မဆိုးဘူး။ ဗိုက်ထဲကျမှ ဘယ်နှယ်နေနေ၊ ပါးစပ်တော့ မဆိုးလောက်အောင် လုပ်ရတယ်၊ ဆရာဇီဝကကတော့ ဒီဆေးလုံး မနံရဘူး။ ထောပတ်နဲ့ မနံရဘူး။ ထောပတ်အရသာ မပေါ်ရအောင်း ချက်တယ်၊ ချက်ပြီးတော့ အဲဒီဆေးကို သူက ပေးတယ်။ ဒါပေမယ်လို့ ဒီဆေးက စားလိုက်လို့ရှိရင် စားတုန်းတော့ သူမသိလိုက်ဘူး။

ဒါပေမယ်လို့ သူဟာ အစာအိမ်က မကောင်းတဲ့ပုဂ္ဂိုလ်ဆိုတော့ တော်တော်ကြာတော့ အစာက,လေလေး ဘာလေး တက်ဦးမှာကိုး၊ လေချဉ်တက်အုံးမယ်တဲ့။ လေချဉ်တတ်တဲ့အခါကျတော့ ဒီထောပတ်က အနံ့နံလိမ့်မယ်တဲ့။ နံလို့ရှိရင်တော့ ဒီမင်းကလည်း ဆိုးကဆိုးပါဘိနဲ့ ငါ့ကို သတ်ချင်သတ်ပစ်မယ်တဲ့။ ဒါ စောစောကတည်းက ပြောထားတယ်။ "အရှင်မင်းကြီးတဲ့ ကျွပ်တို့ဆရာတွေ ဆိုတာကတော့ အင်မတန်အရေးကြီးပါတယ်၊ ကိစ္စက ဒီလိုသွားချင်လို့ရှိရင် ဖြုတ်ခနဲဆို သူ့အချိန်ကျသွားရတယ်။ အတားအဆီးမရှိမှ ဖြစ်မှာတဲ့။ အဲဒီတော့ တံခါးတွေဘာတွေ ဆိုလည်း ဘယ်ကထွက်ထွက် ဆရာဇီဝက ဆိုရင်ဖြင့် အဆီးအတား မရှိ၊ အဓိန့်ထုတ်ပါ။ ဒီလိုမြန်မြန်သွားပြီး ဆေးတွေ ဘာတွေလည်း ရှာအုံးမှ ဖြစ်မှာတဲ့။ ရောဂါက မသေးဘူးတဲ့။ အဲဒီတော့ကို အချိန်မမှီလို့ရှိရင် ဒါက မဖြစ်ဘူးတဲ့။ ဒီတော့ကို အလိုရှိတဲ့ယာဉ်ရထားလည်း ဆရာဇီဝကအလိုရှိရင် တစ်ခါတည်း ယူစေ

http://www.dhammadownload.com

တစ်ခါတည်း အမိန့်ထုတ်ပါ" ဒီလို ပြောတာကိုး။ ပြောထားပြီးတော့ အမိန့်ထုတ်၊ မင်းက မသိဘူးပေါ့လေ။ ဆရာတော့် သူဆရာဉာဏ်နဲ့ လုပ်ရတာပေါ့။ ဒါနဲ့ အမိန့်ထုတ်ထားတော့ အဲဒီမှာ အင်မတန်မြန်တဲ့ဆင်တွေ ရှိတယ်။ ဆင်က ယူဇနာငါး ဆယ်လောက်သွားတဲ့ ဆင်ရှိတာကိုး။ တစ်နေ့ ခရီးသွားမယ်ဆိုရင် ယူဇနာငါးဆယ်လောက်ပေါက်အောင် သွားတယ်။ အဲဒီတော့ ဒီဆင်ကို တစ်ခါတည်း သူက ယူပြီးတော့ ဆေးလည်း တိုက်ပြီးရော ဆင်စီးပြီးတော့ ထွက်သွားတာပဲ။ သူဟာ အမိန့်က ထုတ်ထားတော့ ဘယ်သူမှ အတားအဆီးမရှိဘူး။ ဒီဆင်စီးသွားတယ်လို့ ဘယ်သူမှလည်း သူ့ကို အပြစ်မတင်ဘူး၊ ဆေးသွားရှာတယ်လို့ အောက်မေ့တာကိုး၊ သူက တစ်ခါတည်း ဆင်စီးပြီးတော့ ထွက်သွားတယ်။

ထွက်သွားပြီးနောက် တော်တော်ကြာတော့ သူဟာ တစ်နာရီ၊ တစ်နာရီ ကျော်ကျော်လောက်နေမှာပေါ့။ လေချဉ်က တက်လာတာကိုး။ လေချဉ်တက်တော့ ထောပတ်ပါတော့ "ဟာ. . ဇီဝကဆရာ တော်တော်မိုက်တဲ့ ဆရာပဲ၊ ငါ့ကို ထောပတ်ဆေး တိုက်သွားတယ်၊ တော်တော်မိုက်တဲ့ဆရာ၊ ဒီဆရာခေါ်ကြဟ, ခေါ်ကြ"ဆိုတော့ ဆရာမရှိတော့ဘူးတဲ့။ ဆရာ ဟိုဆင်စီးပြီးတော့ ထွက်သွားတယ်။ "ဟာ. . ဆင်စီးထွက်သွားလို့ရှိရင် ကိုင်း. . ငါ့ခြေမြန်တော် ရှိတယ်။ ခြေမြန်တော် ဆိုလည်း သူမှာ အမတ်တစ်ယောက် ရှိတယ်။ သူက ဆင်ထက်တောင် မြန်သေးတယ်။ အဲဒီလူကလည်း ဘီလူးနဲ့ ရထားတာ၊ သူက တယ်မြန်နေတယ်။ ယူဇနာတစ်ရာလောက်တောင် သွားနိုင်တယ်၊ ကဲ. . လိုက်ကွာ. . လိုက်၊ သူကလည်း အားလည်း ကောင်းတယ်။ သွားခေါ်တဲ့ ဇီဝကကို၊ သူက လိုက်သွားရော လိုက်သွားတော့ ဟိုကျ ကောသမ္ဗီရောက်ကရော့ မှာလိုက်သေးတယ်။ "ဆရာဆိုတာ အင်မတန်ပရိယာယ်များတယ်။ ဘာမှ သူကျွေးတာ မစားနဲ့၊ မင်း ဒီကို ခေါ်သာခေါ်ခဲ့" ဆိုတော့ ဟိုရောက်တော့ တွေ့တာကိုး။ ဟိုက ခြေမြန်တော်က သိပ်မြန်တာ။ ဆင်နဲ့ပြေးတဲ့ဥစ္စာကို မလွတ်ဘူး၊ မှီနေတယ်။ ကောသမ္ဗီမှီနေတော့ အကျိုးအကြောင်း ပြောတယ် ဆရာ-တဲ့။ ဒီကို ဘုရင်မင်းမြတ်က လွှတ်လိုက်လို့တဲ့။ အခေါ်ခိုင်းလို့ လိုက်လာရတယ်။ အေးကွာ ကောင်းပါတယ်။ ပြန်တာပေါ့တဲ့။ ဒါဆိုလည်း ကိစ္စမရှိပါဘူး။ ငါ ဒီမှာ စားတုန်းသောက်တုန်းကွာ ခဏဆိုင်းပါဦး ဆိုပြီးတော့ သူက ဆီးဖြူသီး စားနေတယ်၊ ဆီးဖြူသီးစားပြီး ရေလေးသောက်တယ်၊ သောက်ရင်းသောက်ရင်းနဲ့ မင်းလည်း ဆီးဖြူသီးစားဦးမလားလို့ဆိုပြီး ပေးလိုက်

http://www.dhammadownload.com

တာကိုး။ သူက "ကာက"ဆိုတဲ့အမတ်ကစားနေတော့ ဘာမှဖြစ်မှာမဟုတ်ပါဘူး။ ဆရာပေးတာစားဦးမှ၊ မစားဘဲနေလည်း မကောင်းဘူးဆိုပြီးတော့ စားတာပေါ့ဗျာ ဆိုပြီးတော့ ဆီးဖြူသီးတစ်ပိုင်း ပေးလိုက်တော့ ဆရာက စောစောကတည်းက လက်သည်းထဲမှာ ဆေးလေးထည့်ထားတယ်။ အဲဒါလေး ထည့်ပေးလိုက်တယ်။ ထည့်ပေးလိုက်တော့ ဘာမှ များမှာမဟုတ်ပါဘူး၊ ဆေးက အတော်စွမ်းပုံရတယ်။ ကာကဆိုတဲ့အမတ်က တစ်ခါတည်း စားတာကိုး။ ဝါးလို့ မကြာခင်ပဲ တစ်ခါတည်း ဗိုက်ထဲရောက်တယ်ဆိုတာနဲ့ ဝမ်းသက်သွားတယ်။ ဒလဟော ဝမ်းတွေ လျှောလိုက်တာ တစ်ခါတည်း လူကို မလှုပ်နိုင်ဘူး။ အင်မတန် အားကောင်းတဲ့ဥစ္စာ ဒီတိုင်းဆိုလို့ရှိရင် သူဆွဲခေါ်သွားရင် လိုက်ရမှာ။ တစ်ခါတည်း ဒလဟော ဝမ်းတွေ သက်သွားတာ မလှုပ်နိုင်ဘူး။ အဲဒီတော့မှ ကာကအမတ်က ပြောတယ်။ ဆရာ ဒီလိုဆိုလို့ရှိရင် သေမှားသေတော့မလား၊ အသက်မှ ရှင်ပါ့မလားပေါ့။ ကိစ္စ မရှိပါဘူးကွာ။ မင်းလည်း ရှင်မှာပါပဲ။ မင်းတို့မင်းလည်းပဲ နောက် ဘာမှ မဖြစ်တော့ဘူး။ ရောဂါကလည်း ပျောက်ပြီလို့ ကိစ္စမရှိဘူး။ မင်းလည်းပဲ ဟောဒီဆင် ပြန်ပြီးတော့ ယူသွား၊ ငါလည်း ငှါဟာငါသွားတော့မယ်လို့ ဆိုပြီးတော့ တစ်ခါတည်း သူက ရာဇာဂြိုဟ်ပြန်သွားတာကို။ နို့မို့လို့ရှိရင် မင်းတို့မင်းက အင်မတန်ကြမ်းတယ်တဲ့၊ ငှါသတ်ချင်သတ်ပစ်မှာ ပြောလို့မဖြစ်ဘူးဆိုတော့မှ ပြန်သွားတယ်။ ပြန်သွားတော့ ဟိုလူလည်းပဲ ဘာမှမဖြစ်ပါဘူး။ တယ်ကောင်းတဲ့ ဆေးပဲ၊ မင်းလည်းပဲ တစ်ခါတည်း ရောဂါပျောက်သွားတယ်။ ဆေးတစ်ခွက်ပဲ တိုက်ရတယ် ပျောက်သွားတယ်။ ပျောက်တော့ သူက နောက်တော့ ကျေးဇူးတင်တယ်။ နောက်ကျတော့ ဆရာပူဇော်မယ်လို့ တစ်ခါ ခေါ်သေးတယ်။ မသွားဘူး။ နောက် ပူဇော်မယ်လို့ ခေါ်တော့ သူမယုံဘူး၊ ကောင်းကောင်းခေါ်တာပါပဲ၊ ကောင်းကောင်းခေါ်ပေမယ်လို့ မသွားဘူး။ အဲဒီမှာ သူပြောလိုရင်းကတော့ ဒါပါပဲ။

အဲဒီ စက္ကူပဇ္ဇာတမင်းဟာ သူ့ဖြစ်တဲ့ရောဂါက ထောပတ်မပါရင် ပျောက်ကို မပျောက်နိုင်ဘူး။ ဒီထောပတ်ပါတဲ့ဆေးစားမှ ပျောက်မယ်။ အဲဒီတော့ ဒီဆေးကို ဆရာက တိုက်ရတယ်။ သူနည်းနဲ့သူ တိုက်ရတယ်။ဒါလိုပဲ သတ္တဝါတွေက ဆင်းရဲ ကင်းချင်ကြတယ်။ ဆင်းရဲကင်းချင်ကျတော့ မြတ်စွာဘုရား က ဟောခိဆိုတဲ့ အရိယာမဂ်ဉာဏ်အကျင့်ကို ကြဉ်ထားပြီးတော့ ဒီအကျင့်မကျင့်ဘဲနဲ့တော့ မဖြစ်

http://www.dhammadownload.com

ဘူးတဲ့။ ထောပတ်ပါလို့ မကြိုက်သလို မစားပဲနေရင် ရောဂါမပျောက်သလိုပဲ၊ ဒီအကျင့်က တာဝန်လေးပါတယ်၊ ကျင့်ရမှာ၊ မကျင့်နိုင်ပါဘူးဆိုရင် အဲဒါဆင်းရဲ ငြိမ်းမှာ မဟုတ်ဘူး၊ ပျောက်မှာ မဟုတ်ဘူး။ ဒီတော့ ဆင်းရဲတွေ ကြိုက်လို့ရှိရင် လည်း မကျင့်ကြနဲ့ပေါ့။ ဒါပဲ ရှိတယ်။ ဘုရားကတော့ -

ဒေဝပုတ္တ-နတ်သား၊ ဗောဓိယာ-ဗောဓိဉာဏ်အကျင့်ကို၊ အညတြ ထပေတွာ-ကြဉ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိ-ချမ်းသာရာ ချမ်းသာ ခွင့်ကို၊ အဟံ-ငါဘုရားသည်၊ နံ ပဿာမိ-မြင်တော်မမူ။

ဒီပြင်ချမ်းသာတဲ့နည်း မရှိပါဘူးတဲ့။ လောကမှာ ချမ်းသာတဲ့နည်းတွေက ပေါကြတယ်။ ဘုရားသခင်ရဲ့ အဆုံးအမသြဝါဒလိုက်နာတယ်၊ ဘုရားသခင်က ကောင်းကင်ဘုံကို ကယ်တင်လိမ့်မယ်ဆိုရင် ဒီလိုလည်း ဟောကြတာကိုး။ အဲဒါ သူတို့ဟောတာတော့ အကောင်းလုပ်ဟောတာ။ အကောင်းသားပဲ။ ဒီလိုနည်းက မရှိဘူး၊ မရှိတဲ့ဥစ္စာတွေ ဟောနေတာ ကောင်းကင်ဘုံက အမြဲတမ်း မနာ မသေ ဘဲနဲ့ ဆင်းရဲခပ်သိမ်း ငြိမ်းရာရှိမှမရှိပဲ။ သူတို့အလိုရှိတာ လုပ်ထားတာကို။ သူတို့အလိုရှိတာ လုပ်ထားတယ်။ ဘာသာအမျိုးမျိုးတွေက ဒီလိုပဲ။ ကိုယ်ကြိုက်ရာ တွေကို လူတွေသဘောကျအောင်လို့ ကြိုက်လုံးကလေးတွေ ယူပြီး သူဘာသာ လေးတွေ ဝါဒဖြန့်ထားတယ်။ တကယ်စင်စစ်အားဖြင့်တော့ မရှိပါဘူး-တဲ့။ သဗ္ဗညုတညာဏ်နဲ့ အားလုံးသော လောကဓာတ်တွေ ဖြန့်ပြီးတော့ ကြည့်ရင် ဗောဓိဉာဏ်အကျင့် မကျင့်ပဲနဲ့ ဆိုရင်တော့ ဆင်းရဲငြိမ်းတာ မဖြစ်နိုင်ဘူးတဲ့။ ဆင်းရဲငြိမ်းတာက ဒီအကျင့်ကျင့်မှပဲ ငြိမ်းမယ်တဲ့။ ဒါကြောင့်မို့ ဒီသတိပဋ္ဌာန် အကျင့်တွေ ဒါကြောင့် ကျင့်နေရတာ၊ မကျင့်ချင်လို့ မဖြစ်ဘူး။ မကျင့်ချင် ပေမယ်လို့ ကျင့်ရမှာပဲ။ ဆင်းရဲငြိမ်းချင်ရင် ကျင့်ပေါ့။ မငြိမ်းချင်ရင် မကျင့်နဲ့။

ဣန္ဒြိယသံဝရာ-ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်းအမှုကို၊ အညတြ ထပေတွာ-ကြဉ်ထား၍၊ ပါဏိနံ-၏၊ သောတ္ထိ-ကို။ အဟံ-သည်၊ နံ ပဿာမိ-မြင်တော်မမူ။

ဣန္ဒြိယသံဝရ-ဣန္ဒြေခြောက်ပါး စောင့်စည်းတဲ့အကျင့်၊ မျက်စိက မြင်တိုင်း မြင်တိုင်း မြင်ရတဲ့အာရုံနဲ့ စပ်ပြီးတော့ လောဘ ဒေါသမဖြစ်အောင် ကျင့်ရမှာကိုး။ ဒီနေရာ အာရုံတွေ ကောင်းတယ်၊ ဆိုးတယ်လို့ နှလုံးမသွင်းဘဲနဲ့ မြင်ရုံမျှတွင်

http://www.dhammadownload.com

ရပ်တန့်ပြီးတော့ သွားအောင် ကျင့်ရမယ်။ နားက ကြားတိုင်း၊ နှာခေါင်းက နံတိုင်း၊ ပါးစပ်က အရသာစားသိတိုင်း၊ ကိုယ်က တွေ့ထိတိုင်း၊ စိတ်က စိတ်ကူး စဉ်းစားကြံစည်တိုင်း လောဘ ဒေါသတွေ မဖြစ်ရအောင်လို့ တစ်ခါတည်း သိရုံ သိရုံမျှ ကလေးတွင် ရပ်ပြီး သွားအောင် ကျင့်ရတာ။ အဲဒီလက္ခန္ဓေ(၆)ပါးမှာ ကိလေသာ မဖြစ်အောင် စောင့်စည်းမှုအကျင့် မကျင့်ပါဘဲနဲ့လဲ မဖြစ်ဘူး။ ဒီအကျင့်ကျင့်မှပဲ ဆင်းရဲငြိမ်းတယ်တဲ့။ ဆင်းရဲငြိမ်းချင်ရင် ဒီအကျင့်က ကျင့်ရလိမ့်မယ်။

သဗ္ဗနိဿင်္ဂါ-အလုံးစုံသောတရားတို့ကို စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်တရားကို၊ အညတြ-ကြဉ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိ-ချမ်းသာရာ ချမ်းသာခွင့်ကို၊ အဟံ-ငါဘုရားသည်၊ နု ပဿာမိ-မြင်တော်မမူ။

အလုံးစုံသောတရားတွေ စွန့်လွှတ်ရာ နိဗ္ဗာန်တရား ရှိတယ်တဲ့။ အဲဒီတရားတွေ အကုန်လုံးစွန့်လွှတ်နိုင်မှ ဆင်းရဲငြိမ်းမယ်။ ရူပတရား၊ နာမ်တရား၊ ခန္ဓာငါးပါးတရားတွေ အကုန်လုံး မစွန့်လွှတ်နိုင်ဘဲနဲ့ ဒါလေးတော့ ကောင်းသေးရဲ့၊ ဒါလေးတော့ ကျန်သေးရဲ့။ ဒီလိုတော့ ဖြစ်ချင်တယ်ဆိုရင် အဲဒါ မရဘူးတဲ့။ တချို့က ဒီလိုရှိတာကိုး။ မအို၊ မနာ၊ မသေတော့လည်း နေချင်တယ်။ ဒါပေမယ်လို့ ဒီကိုယ်နဲ့ ခန္ဓာနဲ့၊ ရူပ်နဲ့၊ နာမ်နဲ့ ဒီလိုတော့လည်း ရှိချင်သေးတာကိုး။ ရူပ်နဲ့၊ နာမ်နဲ့ရှိပြီး တချို့က ဒါတွင်တောင် မကဘူး။ သားတွေ၊ သမီးတွေ၊ အခြွေအရံပရိသတ်တွေနဲ့ နေချင်သေးတာကိုး။ နိဗ္ဗာန်ရောက်ပြီး တဂျပ်တပါးကြီး ဒီလိုနေချင်တာကို။ အဲဒီလို နိဗ္ဗာန်အလိုရှိကြတယ်။ အများက အဲဒါသဘောကျတယ်။ ရူပ်နာမ်သခါရတွေ ငြိမ်းသွားတဲ့နိဗ္ဗာန်ကို မလိုချင်ကြဘူး။ တယ်မကြိုက်ကြဘူး။ ရူပ်နာမ်သခါရတွေနဲ့ တစ်ခါတည်း ရူပ်အကောင်အထည်နဲ့ ယောက်ျားမိန်းမနဲ့ ပုံသဏ္ဌာန်အထည်ဖြပ်နဲ့ အထွေထွေအမျိုးမျိုးတွေနဲ့ တဂျပ်တပါးကြီး နေရတယ် ဆိုတဲ့ဟာကို သဘောကျတယ်။

စောင်ပိုင်းဝုဒ္ဓဘာသာစတွေရဲ့နိဗ္ဗာန်

ဝုဒ္ဓဘာသာမဟုတ်တဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီနိဗ္ဗာန်ချည်းပြောနေကြတာပဲ။ ဝုဒ္ဓဘာသာထဲမှာတောင် မဟာယာနက အဲဒီနိဗ္ဗာန်ဟောထားတယ်။ မဟာယာန နိဗ္ဗာန် အဲဒါမျိုးပဲ။ တယ်ကောင်းတယ်ဆိုပဲ သူနိဗ္ဗာန်မှာ၊ တစ်ခါတည်းရှိတဲ့ သစ်ပင်တွေကလည် ဒီမှာ မရှိဘူးတဲ့။ ဒီမှာ မမြင်ဘူးတဲ့ သစ်ပင်မျိုးတွေ အင်မတန်ကောင်း

http://www.dhammadownload.com

ဆိုတာကိုး။ ရွှေတွေ ဘာတွေ ဝင်းဝင်းတောက်နေတယ်။ သူနေရာက အင်မတန်ကောင်းတယ်၊ ဥယျာဉ်က အင်မတန်ကောင်းလို့ တစ်ခါတည်း အသီးတွေ ဘာတွေကလည်း အင်မတန်ကောင်းတယ်၊ အဲဒီမှာရှိတဲ့ မြစ်ကြီးတွေ ဘာတွေကလည်း သိပ်ပြီးတော့ သာသာယာယာ ရှိတယ်ဆိုတာကို၊ ဘုံဝိမာန်ကြီးတွေကလည်း တယ်ကောင်းဆိုပဲ။ နိဗ္ဗာန်ကို အင်မတန်ကောင်းတယ်လို့ ချီးကျူးထားတယ်။ အဲဒီ မဟာယာနက ဗုဒ္ဓဘာသာတော့ ဗုဒ္ဓဘာသာပဲ။ မဟာယာနဝိဏ်းနိဗ္ဗာန်က အဲဒီလို သူဟောထားတယ်။ အဲဒီနိဗ္ဗာန်ကို သဘောကျကြတယ်။ ဒါ မဖြစ်နိုင်ဘူးတဲ့။ အလုံးစုံသော ရုပ်နာမ်သဓါရတရားတွေ မချုပ်ငြိမ်းဘဲနဲ့ ဒါတွေကို မစွန့်လွှတ်ဘဲနဲ့ဆိုရင်တော့ ဆင်းရဲခပ်သိမ်းက မငြိမ်းနိုင်ပါဘူးတဲ့။ ရုပ်ရှိရင်ဖြင့် ရုပ်မှီပြီးတော့ ဆင်းရဲဖြစ်ရမှာပဲ၊ နာမ်ရှိရင် နာမ်မှီပြီးတော့ ဆင်းရဲဖြစ်ရမှာပဲ။ မြန်မာပြည်မှာ တချို့ဆရာတော်ကြီးတွေက အဲဒီလို သဘောကျနေတာရှိတယ်။ ခန္ဓာငါးပါးသာ ငြိမ်းသွားပြီး နိဗ္ဗာန်ရောက်တော့ တစ်ခါတည်း အတ္တ,ကရှိနေတဲ့ အဓိပ္ပါယ်မျိုးကို၊ တစ်ခါတည်း ရုပ်ထူးနာမ်ထူးနဲ့ဆိုတာ တချို့ဆရာတော်ကြီးတွေက ဒီလို ယူထားဆိုကိုး။

ရုပ်ထူးနာမ်ထူးရှိရင် ဇာတိ စတဲ့အထူးလည်း ရှိရမှာပဲ

အဲဒါနဲ့ မော်လမြိုင်မြို့မှာ သီတင်းသုံးတော်မူတဲ့ ဆရာတော်ကြီးတစ်ပါးခုလည်း ရှိပါသေးတယ်။ ဆရာတော်ကြီးတစ်ပါးကတော့ ဆုံးဖြတ်ပေးတယ်။ နိဗ္ဗာန်မှာ ရုပ်ထူးနာမ်ထူးရှိနေရင် ဇာတိအထူးလည်း ရှိရမယ်တဲ့၊ ဇရာအထူးရှိမယ် တဲ့၊ ဗျာဓိအထူး ရှိရမယ်တဲ့၊ မရဏအထူးရှိရမယ်တဲ့၊ သောကပရိဒေဝဒုက္ခ ဒေါမနဿ အထူးတွေ အကုန်ရှိမှာတဲ့၊ အခု လူပြည်ကဟာလိုတော့ မဟုတ်ဘူး။ တစ်ခါတည်း ဘဝသစ်ဖြစ်မှုကလည်း အထူးရှိရမှာ၊ အိုမှုလည်း အထူးရှိရမယ်၊ အိုတော့ အိုရဦးမှာပဲ၊ နာမှုလည်း ရှိရဦးမှာပဲ၊ သေလည်း သေရဦးမှာပဲ။ သူက အထူးကို အထူးသေရမယ်တဲ့။ စိုးရိမ်ပူဆွေးမှုတွေ၊ ငိုကြွေးမှုတွေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ အကုန်လုံးရှိဦးမှာတဲ့။ ဒါမဖြစ်နိုင်တဲ့ဥစ္စာချည်းလို့ သူကပြောတယ်။ ရုပ်နာမ် သဓါရတွေ အကုန်လုံး စွန့်လွှတ်တဲ့ နိဗ္ဗာန်တရား ရှိတယ်တဲ့။ အဲဒီ နိဗ္ဗာန်တရားကို ဖယ်ထားပြီးတော့ ဒီနိဗ္ဗာန်မရောက်ဘဲနဲ့ အခြားနည်းနဲ့ ဆိုရင် ဆင်းရဲငြိမ်းတာ မဖြစ်နိုင်ပါဘူးတဲ့။ မြတ်စွာဘုရားက နတ်သားကို ဟောတယ်။

http://www.dhammadownload.com

ဒေဝပုတ္တ-နတ်သား။ ဗောဇ္ဈာ ဗောဓိယ-အရိယမဂ်ဉာဏ်အကျင့်ကို၊ အညတြ ထပေတွာ-ကြဉ်ထား၍လည်းကောင်း၊ တပသာ-ခြိုးခြံသော သမ္မပ္ပဓာန်လုံ့လဝီရိယကို၊ အညတြ ထပေတွာ-ကြဉ်ထား၍လည်းကောင်း။ ဣဒ္ဓိယသံဝရာ-ဣဒ္ဓိဖြောက်ပါးတို့၌ ကိလေသာမဖြစ်ပွားရအောင် စောင့်ထိန်းခြင်း တည်း ဟူသော အကျင့်ကို။ အညတြ ထပေတွာ-ကြဉ်ထား၍လည်းကောင်း၊ သဗ္ဗနိဿဂ္ဂါ-အလုံးစုံသော ရုပ်နာမ်ခန္ဓာတို့ကို စွန့်လွှတ်ရာဖြစ်သောနိဗ္ဗာန်ကို၊ အညတြ ထပေတွာ-ကြဉ်ထား၍လည်းကောင်း။ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္တိ-ချမ်းသာရာ ချမ်းသာ ခွင့်ကို၊ အဟံ-ငါဘုရားသည်၊ နပသာမိ-မြင်တော်မမူ။

နတ်သားသောဏာပန်ဖြစ်ပုံ

အဲဒီဒေသနာတော်ဟောတော့ နာရင်း နာရင်းနဲ့ တစ်ခါတည်း နှလုံးသွင်းပြီးတော့ သောတာပန်ဖြစ်သွားတယ်။ သုဇြဟ္မာနတ်သားဟာ အခြေအရံပရိသတ်တွေနှင့်တကွ သောတာပန်ဖြစ်သွားတယ်တဲ့။ ဒီအထဲမှာ သမ္မပ္ပဓာန်ဝီရိယနဲ့ ဣဒ္ဓိဖြောက်ပါးကို စောင့်စည်းလိုက်တော့ ဒွါရခြောက်ပါးက လောဘ၊ ဒေါသ မရှိရအောင် မြင်ရုံကြားရုံမျှနဲ့ နှလုံးသွင်းလိုက်တော့ ခုန အရိယမဂ်ဉာဏ်အကျင့်က ဖြစ်ပေါ်လာတာကိုး၊ အရိယမဂ်ဉာဏ်အကျင့်ဖြစ် ပေါ်လာတော့ ခုနအလုံးစုံကို စွန့်လွှတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့သွားတယ်။ သူထဲမှာ အကျင့်တွေ အကုန်ပါသွားတယ်။ တိုတိုလေးဟောတာနဲ့ သူက သောတာပန်ဖြစ်သွားတယ်တဲ့။ သောတာပန်ဖြစ်သွားတော့ မူလကဖြစ်နေတဲ့ စိတ်နှလုံးမသာမယာမှုတွေ အကုန်လုံးငြိမ်းသွားတာပေါ့လေ။ အပါယ်လေးပါးကျဖို့ရာလည်း မရှိဘူး၊ စုတေပြီးတော့လည်း နတ်ပဲပြန်ဖြစ်ဖို့ ရှိတော့တာပဲ။ ဒါကြောင့်မို့ ကိလေသာငြိမ်းသွားတယ်တဲ့။ အဲဒီတော့ ဆင်းရဲငြိမ်းချင်လို့ရှိရင် ဆင်းရဲငြိမ်းတဲ့နည်းကတော့ သတိပဋ္ဌာန်နည်းလမ်းပဲတဲ့။

အယံ မဂ္ဂေါ-သတိပဋ္ဌာန်လေးပါး တည်းဟူသော ဤခရီးသည်၊ ဒုက္ခ-ဒေါမနဿာနံ-ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏၊ အတ္ထင်္ဂမာယ-ချုပ်ငြိမ်းကွယ်ပျောက်ခြင်းငှာ၊ ဧကာယနော မဂ္ဂေါ-တစ်ခုတည်းသောလမ်း တစ်ကြောင်းတည်းသော ခရီးတည်း။ အဲဒီခရီးကျင့်ရမှာပေါ့။ ကျင့်လည်း ကျင့်ကြ၊ အားလည်း အားထုတ်ကြပေါ့။ အားထုတ်တဲ့ပုဂ္ဂိုလ်တွေလည်း ယောဂီတွေ များပါတယ်။ သူက

http://www.dhammadownload.com

ဟန်ကျပါတယ်။ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေ တော်တော်များသေးတယ်ဆိုရမှာပေါ့လေ။ အခု ဘာမှ ဘုန်းကြီးများက အထူးသိပ်ပြီးတော့ ဟောမနေရဘူး။ သူ့ဟာသူ တရားအားထုတ်မယ့်လူတွေ သူ့သဒ္ဓါတရားနဲ့ သူလာကြတယ်။ အားထုတ်မယ့် ပုဂ္ဂိုလ်တွေ ကမ္ဘဋ္ဌာန်းကျောင်း များနေတာပဲ၊ နေစရာမရှိအောင်တောင် ပြည့်နေတယ်၊ တော်ကြပါတယ်။ ကိုယ့်ကျိုးကိုယ့်စီးပွားကို သိပ်ပြီးတော့ ရသင့်ရထိုက်တဲ့အချိန် တို့အရယူရမှာပဲလို့ စိတ်နှလုံးသွင်းပြီး လာပြီးအားထုတ်ကြတယ်။ အင်မတန် ချီးမွမ်းစရာကောင်းပါတယ်။ အားရစရာ အင်မတန်ကောင်းပါတယ်။

ဥပါယာသ

"ဥပါယာသ"ဆိုတာ စိတ်နှလုံးပြင်းစွာပူပန်မှု ဒေါသပဲတဲ့။ သောက, က စိုးရိမ်ပူဆွေးတယ်။ ဒေါမနဿ,က နှလုံးမသာယာဖြစ်တယ်။ ပရိဒေ၀,က မခံနိုင်တော့ ငိုကြွေးတယ်။ ငိုကြွေးတော့ စိတ်ထဲတွင် တစ်ခါတည်း တအံ့နွေးနွေးဖြစ်ပြီးတော့ မခံသာတဲ့ စိတ်ပင်ပန်းနေတယ်၊ စိတ်ပူပန်ပင်ပန်းနေတဲ့သဘောကို "ဥပါယာသ"လို့ ခေါ်တယ်။ ပြင်းစွာပင်ပန်းခြင်းတဲ့၊ တောက်တခေါက်ခေါက်နဲ့ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီးတော့ စိတ်ကုန်ခန်းနေတယ်။ ဒါဟာ ဥပါယာသပဲတဲ့။

ဥပမာအားဖြင့် ဘယ်လိုပေးထားတုံးဆိုတော့ မီးဖိုပေါ်မှာ ဒယ်အိုးထဲ ဆီကမီးထိုးလိုက်တော့ ဆီတွေက ပူပြီးတော့ ပွက်လာတယ်။ ဆီတွေဟာ တစ်ခါတည်း အပြင်ဘက်ထိအောင် ဝေမကျသေးဘဲနဲ့ ဒယ်အိုးတွင်းတွင် ပူပြီးတော့ ပွက်နေတဲ့ဥစ္စာက သောကဖြစ်နေတာနဲ့တူတာပဲတဲ့။ အဲဒီကနေပြီးတော့ အားပြည့်အားကောင်းလာတဲ့အခါကျတော့ ပရိဒေ၀-ငိုကြွေးတယ်။ ဒါက ဘာနဲ့တူတုံးဆိုတော့ ခုနက အိုးအတွင်းကနေပြီးတော့ ပွက်ရာကနေ နှုတ်ခမ်း ပေါ်ကျော်ပြီး ဝေကျသွားဒါနဲ့ တူတယ်။ အပြင်ဘက်တွင် လာတယ်။ အပြင်ဘက် ထွက်သွားပြီးတော့ ဆီက အားနည်းသွားတာ၊ အပြင်ဘက်တော့ မထွက်နိုင် တော့ဘူး။ အတွင်းတွင်ပဲ တစ်ခါတည်း ပွက်ပြီးသကာလ ပူလောင်နေတယ်။ အဲဒါနဲ့ ဘာတူသလဲဆိုတော့ တောက်တစ်ခေါက်ခေါက်နဲ့ ဖြစ်မှဖြစ်ရလေခြင်း သည်းမခံနိုင်တဲ့သဘောနဲ့ တစ်ခါတည်း ဟိုဟာစဉ်းစားလိုက် ဖြစ်မှဖြစ်ရလေခြင်း၊ ဒီဟာဖြင့် စဉ်းစားလိုက် ဖြစ်မှ ဖြစ်ရလေခြင်း၊ ကိုယ်မဖြစ်ချင်တဲ့ဥစ္စာတွေ ကိုယ်မတွေ့ကြုံချင်တဲ့ ဥစ္စာတွေ ကိုယ်အလိုမရှိတဲ့ဥစ္စာတွေ အာရုံပြုပြီးသကာလ စိတ်ထဲမှာ မခံချည့် မခံသာဖြစ်ပြီးတော့

http://www.dhammadownload.com

စိတ်ပူပန်နေတာ ရှိတယ်တဲ့၊ ဒါဟာ ဒေါသပါပဲ။ ဒေါသဖြစ်နေတာ စိတ်ဆိုး နေတယ်။ အဲဒါကို "ဥပါယာသ" လို့ ခေါ်တယ်။ ဒီဥပါယာသကလည်း သူသက်သက် တော့ ဒုက္ခမဟုတ်ဘူး။ သူက ဒုက္ခနဲ့တွဲဖြစ်နေတယ်။ သူဖြစ်ရင်လည်း မသက် သာဘူး။ အဲဒါကြောင့် ဒုက္ခနဲ့တွဲဖြစ်လို့လည်း ဆင်းရဲဖြစ်တာပဲ။ စိတ်ပူပန်မှု အကြောင်းပြုပြီးတော့ နောက်ထပ် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေက လိုက်ပြီးတော့ ဖြစ်လာတယ်။ အဲဒါတွေကလည်း ဆင်းရဲပါပဲတဲ့။ သောက ပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသ ဆင်းရဲတွေ အကုန်လုံး ပြီးသွားပြီ။

"အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော" အပ္ပိယေဟိ-မချစ်မနှစ်သက် အပ်သော ပုဂ္ဂိုလ်အစုတို့နှင့်၊ သမ္ပယောဂေါ-ပေါင်းဖက်ယှဉ်တွဲ မှီဝဲရခြင်းသည်၊ ဒုက္ခော-ဆင်းရဲပေတည်း၊ အဲဒီဆောင်ပုဒ် မဆိုရသေးဘူး။ အဆိုခိုင်းအုံးမှ ဆိုကြ အုံးစို့၊ တချို့က ရနေတာပဲ။ ကဲ . . . ဆိုရမယ်။

* **ဖြစ်ကိုသေရော၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။** (ဆို သုံးခေါက်)

ဖြစ်ရတဲ့ဆင်းရဲ ဇာတိဒုက္ခ၊ အိုရတဲ့ဆင်းရဲ ဇရာဒုက္ခ၊ သေရတဲ့ ဆင်းရဲ မရဏဒုက္ခ၊ စိုးရိမ်ပူဆွေးရတဲ့ သောကဒုက္ခ၊ ငိုကြွေးရတဲ့ ပရိဒေဝဒုက္ခ၊ ကိုယ် နာကျင် ဒုက္ခပဲ၊ ဆင်းရဲဒုက္ခခြောက်ခု ရှိသွားပြီ။

* **နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာဆင်းရဲပင်။** (ဆို သုံးခေါက်)

နှလုံးမသာမယာခြင်း ဒေါမနဿဒုက္ခ၊ စိတ်ပြင်းစွာ ပူပန်ခြင်း ဥပါယာသ ဒုက္ခ၊ အားလုံးရှစ်ခုရှိသွားပြီ။

မချစ်မနှစ်သက်တဲ့သူတွေနဲ့ တွေ့ရခြင်းဒုက္ခ

"အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော" အပ္ပိယေဟိ-မချစ်မနှစ်သက်အပ် သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့်၊ (ဝါ) မုန်းအပ်သော ပုဂ္ဂိုလ်ဝတ္ထုနှင့်။ သမ္ပယောဂေါ-ပေါင်းဖော်ယှဉ် တွဲမှီဝဲရခြင်းသည်၊ ဒုက္ခော-ဆင်းရဲတည်း။ ဒါလည်း ဆင်းရဲပဲ။ ဒါ ထင်ရှားပါတယ်။ ဒါကို မြတ်စွာဘုရားက အကျယ်ချဲ့ဟောတယ်။ ဒါနှင့် ပတ်သတ်ပြီး ဆောင်ပုဒ်ဆိုကြရအောင် -

* **မုန်းသူနှင့်တွဲ၊ ချစ်သူတွဲ၊ ဆင်းရဲဏမှန်ပင်။** (ဆို သုံးခေါက်)

http://www.dhammadownload.com

ကတမော စ ဘိက္ခဝေ အပ္ပိယေဟိ ဆမ္ဘယောဂေါ ဒုက္ခော၊

အပ္ပိယေဟိ-မချစ်မနှစ်သက်အပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့်၊ သမ္ပယောဂေါ-ပေါင်းဖော်ယှဉ်တွဲ မှီဝဲရခြင်းဟု ဆိုအပ်သော၊ ဒုက္ခော-ဆင်းရဲသည်၊ ကတမော စ-အဘယ်နည်းဟူမူကား၊

ဣဓ ယဿ တေ ဟောန္တိ အနိဋ္ဌာ အကန္တာ အမနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထကာမာ အဟိတကာမာ အဖာသုကကာမာ အယောဂက္ခေမကာမာ၊ ယာ တေဟိ သဒ္ဓိံ သင်္ဂတိ သမာဂမော သမောဓာနံ မိဿီဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤလောကဌ်၊ ယဿ-အကြင်တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား၊ အနိဋ္ဌာ-အလိုမရှိအပ်ကုန်သော၊ အကန္တာ-မနှစ်သက်အပ်ကုန်သော၊ အမနာပါ-စိတ်နှလုံးကို မတိုးပွားစေတတ်ကုန်သော၊ ယေ တေ ရူပါ ဝါ-အကြင်အဆင်းတို့သည်လည်းကောင်း၊ ယေ တေ သဒ္ဒါ ဝါ-အကြင်အသံတို့သည်လည်းကောင်း၊ ယေ တေ ဂန္ဓာ ဝါ-အကြင်အနံ့တို့သည်လည်းကောင်း၊ ယေ တေ ရသာ ဝါ-အကြင်အရသာတို့သည်လည်းကောင်း၊ ယေ တေ ဖောဋ္ဌဗ္ဗာ ဝါ-အကြင်အတွေ့အထိတို့သည်လည်းကောင်း၊ ယေ တေ ဓမ္မာ ဝါ-အကြင်သဘောတရုံတို့သည်လည်းကောင်း၊ သန္တိ-ရှိကုန်၏၊ ဝါ ပန-တစ်နည်းအားဖြင့်သော်ကား၊ အဿ-ထိုပုဂ္ဂိုလ်၏။ အနတ္ထကာမာ-အကျိုးမဲ့ကို အလိုရှိကုန်သော၊ အဟိတကာမာ-အစီးအပွားမဲ့ကို အလိုရှိကုန်သော၊ အယောဂက္ခေမကာမာ-ဘေးဒုက္ခနှင့်ယှဉ်တွဲမှုမကုန်ခြင်းကို အလိုရှိကြကုန်သော ဝါ- ဘေးဒုက္ခနှင့်ယှဉ်တွဲမှုကုန်ခြင်းကို အလိုမရှိကြကုန်သော၊ ယေ တေ ဝါ-အကြင်ပုဂ္ဂိုလ်တို့သည်လည်း၊ သန္တိ-ရှိကုန်၏၊ တေဟိ-ထိုသို့သောအာရုံ, ထိုသို့သောပုဂ္ဂိုလ်တို့နှင့်၊ ယာ သင်္ဂတိ-အကြင်ပေါင်းဆုံခြင်းသည်၊ ယော သမာဂမော-အကြင်ပေါင်းဆုံခြင်းသည်၊ ယံ သမောဓာနံ-အကြင်ဆုံတွေ့ခြင်းသည်၊ ယော မိဿီဘာဝေါ-အကြင်တစ်ပေါင်းတည်း ဖြစ်ခြင်းသည်၊ အတ္ထိ-ရှိ၏။ အယံ-ဤသဘောကို၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော-မချစ်အပ်သော မုန်းအပ်သောအာရုံဝတ္ထုတို့နှင့် ယှဉ်တွဲရသော ဒုက္ခ ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏။

http://www.dhammadownload.com

အဲဒီတော့ မချစ်အပ်တဲ့ မုန်းအပ်တဲ့ အရာဝတ္ထုတွေ ဆိုတာ နှစ်မျိုးရှိတယ်။ အာရုံတွေလည်း ရှိတယ်၊ ပုဂ္ဂိုလ်လည်း ရှိတယ်၊ အာရုံတွေကတော့ အလိုမရှိအပ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော အာရုံတွေပဲ။ မမြင်ချင်တဲ့ အာရုံတွေ အများကြီး ရှိတာပဲ။ အဲဒါတွေကလည်း တစ်ခါတစ်ခါ မြင်ရတယ်၊ မကြားချင်တာတွေလည်း ကြားရတယ်၊ မနံချင်တဲ့အနံ့တွေလည်း နံရတယ်၊ မစားချင်တဲ့ အရသာတွေလည်း စားရတယ်။ မတွေ့ထိချင်တဲ့ အတွေ့အထိတွေ ဆိုတာလည်း ကိုယ်ထဲ မကောင်းတဲ့အတွေ့အထိတွေကို တွေ့ရတယ်။ စိတ်ကူးထဲ မပေါ်ချင်တဲ့ အာရုံတွေလည်း ပေါ်နေတယ်။ မပေါ်ပါနဲ့ဆိုလို့ကို မရဘူး။ ဖျောက်လို့လည်း မရဘူး၊ တစ်ခါတစ်ခါ စိတ်ထဲမှာ ပေါ်နေတယ်။ အဲဒါဟာ အလိုမရှိအပ်တဲ့ အာရုံဝတ္ထုတွေပဲတဲ့။ အဲဒီအာရုံဝတ္ထုတွေနဲ့ တွေ့နေတာလည်းပဲ ဒါမုန်းသူနဲ့ တွဲနေရတာပဲ။ မုန်းတဲ့ဥစ္စာတွေနဲ့ တွဲနေရတယ်။

မတွေ့ချင်ဘဲနဲ့ တွေ့နေရတာကိုး။ မမြင်ချင်တာတွေ မြင်ရ၊ မြင်ရတိုင်း မြင်ရတိုင်း စိတ်မချမ်းသာဖြစ်တယ်၊ မကြားချင်တာတွေ ကြားရတယ်၊ ကြားတိုင်း ကြားတိုင်း စိတ်မချမ်းသာဖြစ်တယ်၊ ကိုယ့်ကို ဆိုတယ်၊ ဆဲတယ်၊ ငေါက်တယ်၊ မာန်တယ်၊ မဲတယ်၊ ဒီလို ရှိတာကို၊ အဲဒါတွေ မကြားချင်ဘဲနဲ့ ကြားနေရတယ်။ မနံချင်တာတွေ နံရတယ်၊ မစားချင်တာတွေ စားရတယ်၊ မတွေ့ချင်တာတွေ တွေ့ရတယ်၊ ဒါတွေကတော့ အများကြီးပေါ့လေ။ ကိုယ်ထဲမှာ ညောင်းညာကိုက်ခဲနာကျင်မှု, ကိုယ်ပင်ပန်းမှုတွေ ဖြစ်တိုင်းဖြစ်တိုင်း မကောင်းတာတွေနဲ့ တွေ့နေတာပဲ။ မတွေ့ချင်တာတွေနဲ့ တွေ့နေရတာ။ အထူးအားဖြင့်တော့ ရောဂါဝေဒနာဖြစ်တဲ့ အခါတွေမှာ မကောင်းတာတွေနဲ့ တွေ့နေရတယ်။ စိတ်ကူးထဲမှာ မပေါ်ချင်တဲ့အာရုံတွေ ပေါ်နေတယ်။ စိတ်ညစ်စရာ စိတ်ပျက်စရာတွေ လာလာပြီးတော့ တွေ့နေတာ ရှိတယ်။ အဲဒါတွေဟာ မုန်းအပ်တဲ့အာရုံတွေနဲ့ တွေ့နေတာတဲ့။ မုန်းသောပုဂ္ဂိုလ်တို့နှင့်လည်း တွေ့ရတာပဲ။

မချစ်မနှစ်သက်အပ်သော ပုဂ္ဂိုလ်တို့နှင့် ပေါင်းဖက်ယှဉ်တွဲ မှီဝဲရခြင်း ဆိုတော့ လူလောက် အောက်မေ့နေတာ ဘယ်ကုန်မလဲ အကုန်လုံး၊ အာရုံခြောက်ပါးလုံး၌ မျက်စိက မမြင်ချင်တွေဟာလည်း မုန်းစရာတွေပဲ။ နားက မကြားချင်တာတွေ၊ နှာခေါင်းက မနံချင်တာတွေ၊ လျှာက မစားချင်တာတွေ၊ ကိုယ်က မတွေ့ထိချင်တာတွေ၊ စိတ်ကူးထဲ မပေါ်ချင်တဲ့ အာရုံတွေ အကုန်လုံး

http://www.dhammadownload.com

မုန်းစရာတွေပါဖြစ်တယ်၊ မလိုတာတွေဟူသမျှအကုန် "အပွဲယေဟိ"ဆိုတာနဲ့ တွေ့ရတာ။ နို့ကောင်းရဲ့လားဆိုရင် ဘယ်ကောင်းမလဲ။ ဘယ်သူမှ မတွေ့ချင်ဘူး။ မလွဲသာလို့သာ တွေ့နေရတာတွေဟာ ဒုက္ခပါပဲတဲ့။ သူတို့ရှိကြတဲ့အတွက် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဖြစ်ကြရတယ်။

လူပုဂ္ဂိုလ်တွေကျတော့ ကိုယ့်အကျိုးမဲ့ကို အလိုရှိတဲ့ပုဂ္ဂိုလ်တွေ, အကျိုးမဲ့စီးပွားမဲ့, ကောင်းစားချမ်းသာခြင်း အလိုမရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အေးငြိမ်းခြင်း အလိုမရှိတဲ့ပုဂ္ဂိုလ်တွေဟာ ရန်သူတွေပေါ့လေ။ တကယ့် ရန်သူလည်း ရှိတယ်၊ ကိုယ်က ရန်သူထင်နေလို့ ရန်သူဖြစ်နေတာတွေလည်း ရှိပါတယ်၊ အဲဒီလို ရန်သူနှစ်မျိုး ရှိပါတယ်။ တချို့ကလည်း အဟုတ်ကို အကျိုးမဲ့ပျက်စီးအောင်လို့ အကျိုးမဲ့ဖြစ်ခြင်းကို အလိုရှိနေတဲ့ပုဂ္ဂိုလ်ဟာ တကယ့်ရန်သူပဲ ဖြစ်တယ်၊ အဲဒီ ပုဂ္ဂိုလ်တွေနဲ့ တွေ့ရခြင်းဟာလည်း ဆင်းရဲပဲ၊ အဲဒါမတွေ့ချင်တဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့နေရတယ်၊ အတူမနေချင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူနေနေရတယ်၊ ပေါင်းသင်းဆက်ဆံနေရတယ် ဆိုတော့သာ ဒုက္ခရောက်တာပေါ့။ ဒါက အများကြီး ဒုက္ခရောက်တာပဲ။ အဲဒါကြောင့်-

အဲဒီ မချစ်မနှစ်သက်အပ်တဲ့ အာရုံဝတ္ထုတွေနဲ့ တွေ့လို့ ဆင်းရဲပြီးတော့ ချစ်နှစ်သက်တဲ့ အာရုံတွေနဲ့ ကွဲတာကလည်း ပေါ်လွင်သွားပြီ။

ချစ်ခင်မြတ်နိုးအပ်တဲ့သူနဲ့ ကွဲကွာရခြင်းဒုက္ခ

ပိယေဟိ-ချစ်ခင်နှစ်သက်အပ် မြတ်နိုးအပ်သော အာရုံဝတ္ထုပုဂ္ဂိုလ်တို့နှင့်၊ ဝိပ္ပယောဂေါ-ကွေကွင်းခွဲခွာရခြင်းသည်၊ ဒုက္ခော-ဆင်းရဲပဲ-တဲ့။

အဲဒီမှာ ချစ်ခင်အပ်တဲ့ အာရုံဝတ္ထုကို ကိုယ်မြင်ချင်တာတွေ၊ ကြားချင်တာတွေ၊ နံချင်တာတွေ၊ စားချင်တာတွေ၊ တွေ့ချင်တာတွေ စိတ်ကူးထဲ ပေါ်ချင်တဲ့ အာရုံတွေက ပျောက်ပျောက်သွားတာ ရှိသေးတယ်။ ဒါတွေက ကိုယ်မြင်ချင်တဲ့ အာရုံတွေ မမြင်ရဘဲနဲ့ ပျောက်သွားတယ်၊ အမြင်ကောင်းရှိတဲ့ ဝတ္ထုပစ္စည်းတွေပေါ့။ ကျမ်းသဘောနဲ့ ပြောနေတော့ အဆင်းရှုပါရုံကို ပြောနေတာ။ အမှန်ကတော့ မျက်စိနဲ့မြင်ကောင်းတဲ့ အသုံးအဆောင်တွေ နည်းတာမဟုတ်ဘူး။ မျက်စိနဲ့ မြင်ကောင်းတဲ့ လှလှပပ အင်္ကျီတို့၊ လုံချည်တို့၊ အခင်းတို့၊ လက်ဝတ်လက်စား

http://www.dhammadownload.com

အနေအားဖြင့် အသုံးပြုအပ်တဲ့ အာရုံ၀တ္ထုတွေ၊ ကိုယ့်ရှိတဲ့၀တ္ထုပစ္စည်းတွေ ပျောက်သွားရင် ချစ်သူတွေနဲ့ ကွဲဆိုတာပဲ။ ကိုယ်က တကယ်လုံလုံခြုံခြုံ ရှိရှိသေသေ သိမ်းထား ခိုးသွားလို့ဖြစ်စေ၊ လုယက်သွားလို့ဖြစ်စေ၊ အနိုင်ကျင့်သွားလို့ဖြစ်စေ ဆုံးရှုံးသွားရင် ဒါဟာ စိတ်မချမ်းမသာဖြစ်တာပေါ့။ အဖိုးတွေ များများ တန်လေလေ နှလုံးမသာတွေ အများကြီးဖြစ်လေလေပေါ့။ အဲဒါ ချစ်တာတွေနဲ့ ကွဲတာပဲ။ ထို့အတူ အဆင်း၀တ္ထုလိုပဲ အသံ၀တ္ထုတွေ, အနံ့၀တ္ထုတွေ, အရသာ စားဖွယ်သောက်ဖွယ်တွေနဲ့စပ်တဲ့၀တ္ထုတွေ, အတွေ့အထိ၀တ္ထုတွေ, စိတ်ကူးစဉ်းစားကြံစည်ပြီးတော့ ကောင်းစားဖို့ ချမ်းသာဖို့ရာ စိတ်ကူးထဲပေါ်နေတဲ့ အာရုံတွေ အကုန်လုံးပျက်သွားလို့ရှိရင်လည်း စိတ်မချမ်းမသာဖြစ်တာပဲ။

အဲဒါကြောင့် ချစ်ခင်နှစ်သက်အပ်တဲ့ အာရုံအမျိုးမျိုးတွေနဲ့ ကွေကွင်းခွဲခွာရခြင်းဟာလည်းပဲ ဆင်းရဲတယ်တဲ့။ ချစ်ခင်အပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ကွဲတယ်လို့ ဆိုတာပေါ့၊ ဒါတော့ အထူးပြောစရာမလိုဘူး။ ဒါကတော့ လောကအများ သိနေပြီး အင်မတန်ထင်ရှားနေပြီ။ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်ဖြစ်တယ်၊ မခွဲချင်ဘဲနဲ့ ခွဲခွာရလို့ရှိရင် စိတ်မချမ်းမသာဖြစ်တော့ ပြောစရာမရှိဘူး။ ဒါကတော့ ရှင်းကွဲလည်း ရှိတယ်၊ သေကွဲလည်း ရှိတယ်၊ သူက ထုံးစံအတိုင်း ဖြစ်လေတော့ အထူးပြောစရာမရှိဘူး။

ရှင်းလျက်သားနဲ့ တစ်ဦးနဲ့တစ်ဦး စိတ်သဘောကွဲလွဲပြီး ကွဲသွားတာလည်း ရှိတယ်။ အဲဒါ စိတ်သဘောထား မတဲ့ဖြစ်ပြီးတော့ ကွဲသွားတာ ရှိတယ်။ အထင်အမြင်လွဲပြီး ကွဲသွားတာလည်း ရှိတယ်။ တစ်ဦးနဲ့ ဘာမှ မဖြစ်ပေမယ့်လို့ မလွဲသာလို့ပေါ့၊ အလုပ်အကိုင်ကိစ္စတစ်ခုခုကြောင့် တခြားစီ တစ်ရွာစီ နေနေရတာလည်း ရှိတာပဲ။ သေပြီးတော့ ကွဲတာလည်း ရှိတယ်။ ကိုယ်က သေ လို့သော်လည်းကောင်း၊ သူက သေလို့သော်လည်းကောင်း ကွဲသွားတာလည်း ရှိတယ်။ ဒါတွေ စိတ်မချမ်းမသာ အများကြီးဖြစ်ရတဲ့ဥစ္စာတွေပဲ။ ဒါကတော့ သိပ်ထင်ရှားနေပါပြီ။ ခဲ့ပြီးပြောနေဖို့ မလိုပါဘူး။ ဒါကြောင့် -

* **မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်။** (ဆို သုံးခေါက်)

"မုန်းသူနှင့် တွဲ"ဆိုတာ မုန်းစရာကောင်းတဲ့ အာရုံ၀တ္ထုတွေနဲ့ တွေ့ထိရတာ၊ မုန်းစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတကွ ကွဲပြီးတော့ နေရတာ၊ တွေ့ရတာ၊

http://www.dhammadownload.com

ဆုံရတာဟာ ဒုက္ခပဲတဲ့။ ဒါကို အကြောင်းပြုပြီးတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဖြစ်ရတယ်။ ဒါကြောင့်မို့ သတ္တဝါတွေ အကုန်လုံးက မကောင်းမှုနဲ့ သိနေကြတယ်။ မလွဲမကင်းသာလို့ပဲ မဖြစ်ချင်ကြဘူး။

ချစ်အပ်တဲ့ အာရုံဝတ္ထုတွေ, ချစ်အပ်တဲ့ပုဂ္ဂိုလ်တွေနဲ့ မလွဲသာလို့ ရှင်လျက်သားနဲ့ ကွဲသွားတာ ရှိတယ်။ ပြီးတော့ သေပြီး ကွဲတာလည်း ရှိတယ်။ တစ်နည်းနည်းနဲ့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကွဲတာပေါ့။ အဲဒီကွဲသွားတဲ့ဥစ္စာလည်း ဆင်းရဲပဲ၊ ဒါကို အကြောင်းပြုပြီးတော့ ဒုက္ခတွေ ဖြစ်နေတာ။ အချိန်က တော်တော်တောင် ကြာသွားပြီ။ (၄)နာရီတီးတော့မှာ ဒီနေ့မပြီးပါဘူး။ ဒီနေ့ ဘုန်းကြီးက "မရတာလို ဒုက္ခဆို" အဲဒီထိအောင် ပြီးမလားလို့ အောက်မေ့တယ်။ ဒါလေးဆိုရင် ပြီးသွားမှာပါ။ နောက်သီတင်းကျမှပဲ ပြောမှပဲ။ အချိန်ကလည်း ကြာသွားပြီ။ ကဲ ဒါတွေဆိုပြီးတော့ တရားသိမ်းကြအုံးစို့ရဲ့။

* **မရဏာလို၊ ဒုက္ခဆို၊ ထိုထိုပြောရလျှင်။** (ဆို သုံးခေါက်)

မရတဲ့ဥစ္စာတွေကို အလိုရှိတာ-တဲ့။ အိုတတ်တဲ့ သဘောရှိနေလျက်သားနဲ့ သတ္တဝါတွေက မအိုချင်ဘူး၊ မအိုဘဲနဲ့ အမြဲတမ်းနေရတာကို အလိုရှိတယ်၊ ဒါဆို မရဘူး စသည်ဖြင့်ပေါ့။ လောကရေးနဲ့စပ်ပြီး အလိုရှိတာတွေ၊ မဖြစ်နိုင်တဲ့ဥစ္စာတွေ လိုချင်နေတာတွေ၊ အဲဒါတွေ လိုခြင်းကြောင့် ဒုက္ခရောက်နေတာ။ မလိုချင်တဲ့ပုဂ္ဂိုလ် ဒုက္ခမရောက်ဘူး။ ဒါကြောင့်မို့ မရနိုင်တာတွေကို လိုချင်တောင့်တမှုဟာလည်း ဒုက္ခပါပဲ။ အတိုချုပ်ပြောရလို့ရှိရင် -

"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" - သံခိတ္တေန-အကျဉ်းအားဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာ-ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်၊ ဒုက္ခာ-ဆင်းရဲတို့တည်း။ တိုတိုပြောရလျှင် - စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားပဲ လို့ဆိုရမယ်။

* **စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ ဆစ္စာဒုက္ခပင်။** (ဆို သုံးခေါက်)

စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါးက ဒုက္ခသစ္စာပဲ၊ ဒါက နောက်သီတင်းကျမှ ဟောရမယ်။ ဒါကတော့ လိုရင်းပါပဲ။ ဒီခန္ဓာငါးပါးဒုက္ခ ဖြစ်ပုံပေါ်အောင်လို့ အမှုတွေနဲ့ ထုတ်ပြီးတော့ ပြထားတယ်။ ဖြစ်ရတာ၊ အိုရတာ၊ နာရတာ၊ သေရတာတွေက ခန္ဓာငါးပါးဖြစ်တာကြောင့် မကောင်းဘူး။ ခန္ဓာငါးပါးမို့ပြီး ဒါတွေ ဖြစ်ရတယ်

http://www.dhammadownload.com

ဆိုတာကို သိအောင်လို့ အပြစ်အနာအဆာတွေ ထုတ်ပြီး ပြောတယ်။ လိုရင်းက ဒီခန္ဓာငါးပါး ဒုက္ခသစ္စာတရားတွေ သိဖို့ရာ လိုတယ်။ ဒါသိအောင်လို့ပဲ အားထုတ်ရတယ်။ အဲဒီဥပါဒါနက္ခန္ဓာ ငါးပါးကို နောက်သီတင်းကျမှပဲ ဟောကြပါစို့ရဲ့။ ခုလည်းပဲ နောက်ဆောင်ပုဒ်ကလေးတွေလည်း ရှိပါသေးတယ်။ ယနေ့ သိမ်းဦးမှပဲ ဖြစ်မယ်၊ အချိန်လဲ လေးနာရီကြာသွားပြီ။

ဤသစ္စာလေးပါး တရားဒေသနာကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ် အပေါင်းသူတော်ကောင်းတို့သည် မြတ်စွာဘုရားဟောကြားအပ်သော ဤဒုက္ခသစ္စာတရားတို့ကို မိမိတို့ကိုယ်ပိုင်ဥစ္စာဖြင့် သိအောင် ကျင့်ကြံပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

⁂⁂⁂⁂⁂⁂⁂

http://www.dhammadownload.com

ဒုက္ခသစ္စာတရားတော်
စတုတ္ထပိုင်း

[၀၃၂၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ဟောကြားသည်။]

ပဝါရဏာပြုတယ် ဆိုတာ

ဒီကနေ့တော့ သီတင်းကျွတ်လပြည့်နေ့ဖြစ်တယ်၊ သီတင်းကျွတ်လပြည့် ဆိုတာ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့က ပုရိမဝါကပ်ပြီး သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော် အရှင်မြတ်တွေ သုံးလပြည့်တော့ကို မိမိတို့၏ သီတင်းသုံးမယ်လို့ ဝန်ခံချက်ထားတဲ့ ပဋိညာဉ်ဝန်ခံချက်၊ ကျွတ်လွတ်ပြည့်စုံတဲ့နေ့လို့ ဆိုရမှာပေါ့။ ဒီကနေ့ အဲဒီပဋိညာဉ်ဝန်ခံချက် ကျွတ်လွတ်ပြည့်စုံလို့ ဒီကနေ့မှာ ရဟန်းသံဃာတော်တွေ စုဝေးပြီးတော့ ပဝါရဏာပွဲ ဆိုတာကို ပြုရတယ်။ မြန်မာပြည်က ပွဲဆိုတာကို သိပ်ပြီးတော့ ဝါသနာပါတယ်၊ သိပ်ပြီးတော့ သဘောကျတယ်၊ ပွဲတွေ ခဏခဏလုပ်ကြတယ်။ အဲဒီတော့ သာသနာရေးတွေနဲ့ စပ်ပြီးတော့လည်း နာမည်ပွဲတွေ တပ်ပြီးတော့ ခေါ်ရတာကိုး၊ ဘုရားလည်းပဲ ဘုရားကို ဒီအတိုင်း ပူဇော်ကန်တော့ရုံနဲ့ မပြီးသေးဘူး၊ ဘုရားပွဲဆိုပြီးတော့ ပွဲတပ်ပြီးတော့ နာမည် တပ်ရုံတွင်မဟုတ်ဘူး။ တချို့စီးပွားရေးသမားတွေကလည်း ဇာတ်တွေ ဘာတွေ ရုံတွေ ဘာတွေ သွင်းပြီးတော့ အကြီးအကျယ် တစ်ခါတည်း ပွဲတွေ ဘာတွေ လုပ်ကြတာ။ ဒါတွေ သွားကြ လာကြ၊ ဘုရားပွဲဆိုပြီးတော့ အမှန်ကတော့ ဘုရားပူဇော်ကန်တော့ဖို့ရာပဲ၊ ဒီနေ့ ဒီရက်မှာ ဘုရားပွဲလုပ်တဲ့နေ့ဆိုရင် ဘုရား ပူဇော်ကန်တော့ဖို့ပဲ၊ ဘုရားပူဇော်ကန်တော့တာက နည်းနည်း၊ ပွဲက များများ ဒီလို ဖြစ်နေကြတယ်၊ ဒီပြင်ပွဲတွေလည်း ဒီလိုများများပဲ၊ ပဝါရဏာပွဲဆိုတာ အမှန် ကတော့ ရဟန်းသံဃာတော်တွေ အချင်းချင်းဖိတ်မန္တကပြုတဲ့ ကိစ္စပါပဲ။ ရဟန်း သံဃာတော်တွေ အချင်းချင်း မိမိတို့ ချို့ယွင်းချက်များကို ကိုယ့်ကိုယ်တိုင်ဆိုတာ ကိုယ့်အပြစ်ကို မြင်ခဲတယ်။

http://www.dhammadownload.com

"သုဒဿံ ဝဇ္ဇမညေဿံ၊ အတ္တနော ပန ဒုဒ္ဒသံ၊"

အညေသံ-သူတစ်ပါးတို့၏၊ ဝဇ္ဇံ-အပြစ်ကို၊ သုဒဿံ-မြင်လွယ်၏။ သူများအပြစ်များကျတော့ မြင်လွယ်တယ်။ ဟာ. . ဟိုလူ မတော်တာတွေ ပြောပြန်ပြီ၊ မတော်တာတွေ လုပ်ပြန်ပြီ၊ သူများဥစ္စာဆိုရင် သေးသေးကလေးက အကြီးကြီးဖြစ်ပြီးသကာလ မြင်တယ်၊ သူများကျတော့

အတ္တနော ပန-မိမိ၏ အပြစ်ကိုမူကား။ ဒုဒ္ဒသံ-မြင်နိုင်ခဲ၏-တဲ့၊ ကိုယ့်အပြစ်ကျတော့ ကိုယ်တယ်မြင်ခဲတယ်။ ကိုယ့်အပြစ်ကျတော့ တကယ်ရှိနေတဲ့အပြစ်တောင်မှ ဟာ. . ဒါလောက်ကတော့ ကိစ္စမရှိပါဘူးလို့ ဆိုသေးတယ်၊ အောင်မယ် . . . ကိုယ့်ဟာကို နောက်က အဖြေလေး ထည့်လိုက်သေးတယ်။ ကိုယ်မှားပြီဆိုလို့ရှိရင် ကိုယ်မှားတဲ့ဥစ္စာကျတော့ ဒါကိစ္စမရှိပါဘူးလို့ ဆိုပြီး ကိုယ့်ကိုယ်ကို တောင်မှ လိမ်နေသေးတယ်၊ ဒီလိုလုပ်တာကိုး။ အဲ . . . ကြီးကြီးကျယ်ကျယ်ဖြစ်ပြန်လည်းပဲ သိပ်မကြီးပါဘူး၊ ငယ်ပါသေးတယ်။ တော်ပါသေးရဲ့ ဆိုပြီး ဒီလိုဖြေတာကိုး။ ကိုယ့်ဟာကိုကျတော့ အပြစ်ဆိုတာ မြင်ခဲတယ်။ ဒါကြောင့်မို့ ကိုယ့်ဟာကို ချွတ်ယွင်းနေတာ ကိုယ်မမြင်နိုင်လို့ရှိရင် သီတင်းသုံးဖော်တွေက မြင်တွေ့ရင် အားမနာပဲနဲ့ ပြောနိုင်, ဆိုနိုင်အောင်လို့ ဖိတ်မန္တကပြုရတာကိုး။

"သံယံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ တတိယမ္ပိ ဘန္တေ သံယံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊"တဲ့။

ဘန္တေ-အရှင်ဘုရားတို့၊ အဟံ-အကျွန်ုပ်သည်၊ သံယံ-သံဃာတော်ကို၊ ပဝါရေမိ-ဖိတ်ကြားပါတယ်၊ ပန်ကြားပါတယ်။ ဒိဋ္ဌေန ဝါ-မြင်သဖြင့်ဖြစ်စေ၊ သုတေနဝါ-ကြားသဖြင့်ဖြစ်စေ၊ ပရိသင်္ကာယဝါ-ယုံမှားသင်္ကာရှိသဖြင့်ဖြစ်စေ၊ အာယသ္မန္တော-အရှင်ဘုရားတို့သည်၊ မံ-အကျွန်ုပ်ကို၊ အနုကမ္ပံ ဥပါဒါယ-အစဉ်သနားသဖြင့်၊ ဝဒန္တု-ပြောဆိုကြပါဘုရား၊ ပဿန္တော-မြင်သိခဲ့သော်၊ အဟံ-တပည့်တော်သည်၊ ပဋိကရိဿာမိ-ကုစားလိမ့်မယ်ဘုရား-တဲ့။

မတော်တာပြုတာကို မြင်လို့ဖြစ်စေ၊ (သို့မဟုတ်) သတင်းကြားလို့ပဲ ဖြစ်စေ၊ (သို့မဟုတ်) စိတ်ထဲက ဒီပုဂ္ဂိုလ်တော့ မတော်တာကို သူပြုတာနေမှာပဲဆိုပြီးတော့

http://www.dhammadownload.com

ဒီလိုမသက်သာလို့ပဲဖြစ်စေ အဲဒီလို ချို့ယွင်းချက်များရှိ လို့ရှိရင် ပြောပါ-တဲ့။ ပြောတော့ကို ဒီလိုအပြစ်ပြောတယ်ဆိုတာ အများအားဖြင့်တော့ကို မုန်းလို့ ပြောတယ်လို့ ထင်တတ်တယ်။ ပြောတဲ့ပုဂ္ဂိုလ်က စေတနာကောင်းနဲ့ ပြောလည်းပဲ ကိုယ့်အပြစ်ပြောတာ တယ်မကြိုက်ချင်ဘူး၊ ချီးမွမ်းရင်တော့ ကြိုက်တယ်၊ မြှောက်ရင် ကြိုက်တယ်၊ သူ့ကို ရှုတ်ချရင် မကြိုက်ဘူး၊ အပြစ်ပြောရင် မကြိုက်ဘူး။ အဲဒီလို လောကမှာ ဒီလိုဖြစ်နေတယ်။ ဒါပေမယ်လို့ ခုဟာကတော့ အဲဒီလို မကြိုက်မနှစ်သက်စရာ မရှိပါဘူး-တဲ့။ ဒါကို အလိုရှိနေပါတယ်တဲ့။

အနုကမ္ပံ-အစဉ်သနားခြင်းကို၊ ဥပါဒါယ-အကြောင်းပြု၍၊ ကိုယ့်ဟာကိုယ် ဆိုတော့ မမြင်နိုင်ဘဲနဲ့, မသိနိုင်ဘဲနဲ့ ဖြစ်နေပါလိမ့်မယ်တဲ့။ ဒီတော့ မသိရင် မသိတဲ့အမှုဆိုတာ ခဏခဏ မှားယွင်းတယ်။ ဥပမာဆိုပါတော့ ကိုယ့်မျက်နှာမှာ အိုးမဲတို့၊ အညစ်အကြေးတို့ လူးပြီးတော့ နေတယ်။ လူထဲ, ပရိသတ်ထဲ သွားတော့မယ် ဆိုလို့ရှိရင် မှန်တို့ ဘာတို့ ကြည့်စရာမရှိရင် မှန်ကြည့်စရာမရှိဘူး ဆိုပါတော့ ဟုတ်လား။ ခုကာလ မှန်တွေက ပေါနေတော့ ဒါသွားကြည့်မှာ၊ မှန်မရှိတဲ့အနေနဲ့ စဉ်းစား၊ မှန်ကလည်း မရှိဘူး၊ ပရိသတ်အစည်းအဝေးလည်း သွားတော့မယ်။ လူ့ရွေ့ သူ့ရွေ့လည်း သွားတော့မယ်၊ လှလှပပ တင့်တင့်တယ်တယ် အဝတ်အစားတွေ ပြင်ဆင်ပြီးသကာလ ဟန်နဲ့ပန်နဲ့ သွားတော့မယ်။ မျက်နှာကလည်း အိုးမဲတွေ အကွက်တွေ ဘာတွေ ရှိနေတယ်။

ကိုယ့်ဟာကိုတော့ ဘယ်မြင်မလဲ၊ သူက ဘေးကမြင်တဲ့ပုဂ္ဂိုလ်က ပြောမှ "ဟ. . နင့်. . နေဦး, နေဦး၊ ဘယ်နားမှာ အကွက်ရှိနေတယ်။ မျက်နှာလေး သစ်လိုက်ဦး၊ ဆေးလိုက်ဦး" ပြောရမှာကိုး။ အဲဒီလို ဘေးကပြောရင် အပြောခံရတဲ့ ပုဂ္ဂိုလ်က ဘယ်လိုအောက်မေ့မလဲ ကျေးဇူးတင်တယ်။ သူမပြောလို့ရှိရင် လူတွေ ရယ်ကြမယ်၊ ငါအရှက်ကွဲမယ်၊ သူပြောပေလို့ ငါ့အပြစ်ကင်းသွားတယ်ဆိုပြီးတော့ ကျေးဇူးတင်ရတယ်။ အဲဒါလိုပဲ ကိုယ့်အပြစ်ကို မမြင်လို့ရှိရင် ဒီအပြစ်တွေဟာ နောင်လည်း ထပ်ခါထပ်ခါဖြစ်မယ်၊ သူများအပြစ်တင်စရာတွေလည်း ဖြစ်နေမယ်-တဲ့။ ကဲ့ရဲ့စရာလည်း ဖြစ်နေမယ်။ အဲဒီတော့ "သနားသောအားဖြင့် ပြောကြပါ"လို့ ဒီလို ပန်ကြားရတာကိုး။ အဲဒါ တကယ်ပြောစရာရှိရင်လည်း ပြောရအောင်လို့ပဲ မြတ်စွာဘုရား အကောင်းဆုံး နည်းပညာတော်ပြီးတော့ ထားခဲ့တယ်။ သာသနာတော်ကြီးမှာ စင်ကြယ်အောင်လို့ သာသနာတော်နေတဲ့ ရဟန်းတော်

http://www.dhammadownload.com

တွေဟာ အပြစ်မရှိဘဲနဲ့ စင်ကြယ်နေအောင် ကာယက်၊ ဝစီက်၊ အကုန်လုံး စင်ကြယ်ပြီး နေအောင်လို့ မြတ်စွာဘုရားက ပဝါရဏာပြုဖို့ရာ ခွင့်ပြုပြီးတော့ ထားခဲ့တယ်။ အဲဒီလို ခွင့်ပြုသောအားဖြင့် အချင်းချင်းပြောကြဆိုကြလို့ရှိရင်ဖြင့် အပြောအဆို ခံတဲ့ပုဂ္ဂိုလ်ကလည်းပဲ စိတ်ပါလက်ပါနှင့် တကယ်လိုလိုလားလားနှင့် ဖိတ်မန္တကပြုပြီးတော့ ပြောတဲ့အခါကာလမှာလည်း ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပြီး ကြည်ရွှောင်သွားကြမယ် ဆိုလို့ရှိရင်ဖြင့် သာသနာတော်ကြီး စင်ကြယ်သွားဖို့၊ အပြစ်ကင်းဖို့ရာပဲလို့ အဲဒါကို ရည်ရွယ်ပြီး မြတ်စွာဘုရားက ပဝါရဏာပြုဖို့ ဆိုပြီး သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာပြုရတယ်။

အားလုံး အရပ်ရပ်အနယ်နယ်မှာ သံဃာနည်းနည်းရှိရင်လည်း နည်းနည်းစုပြီးတော့ များများရှိရင်လည်း များများစုပြီးတော့ ပဝါရဏာပြုကြတယ်။ အဲဒါကို ပဝါရဏာပွဲဆိုပြီး တချို့အရပ်တွေကျတော့ ဒကာ ဒကာမတွေက အကြီးအကျယ် ပွဲကြီးတွေ လုပ်တယ်။ အကျွေးအမွေးတွေ, အခမ်းအနားတွေနဲ့ လုပ်ကြတယ်။ အဲဒီလောက်လုပ်ဖို့တော့ မဟုတ်ပါဘူး။ သို့သော်လည်း သင္ခါတရားက သိပ်ကောင်းနေတော့ သိပ်လုပ်ကြတဲ့ပွဲဖြစ်တယ်၊ လိုရင်းကတော့ သံဃာတွေ အချင်းချင်း ပြုလုပ်ရတဲ့ပွဲပါပဲ။ အဲဒီလို ပဝါရဏာပြုပြီးတဲ့အခါ ဒီကနေ့ ပဝါရဏာပြုပြီး နက်ဖြန်မနက် အရုဏ်တက်လို့ရှိရင်တော့ သွားနိုင်ပြီ။ သူက ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူကြတဲ့ ရဟန်းတော်တွေဟာ ဘယ်သွားသွား နက်ဖြန်မနက် အရုဏ်တက်ပြီးရင် သွားနိုင်တယ်၊ ဘာမှ အာပတ်မသင့်ဘူး။ ဒီသုံးလအတွင်းကတော့ မသွားရဘူး၊ သွားလို့ရှိရင်ဖြင့် သူအာပတ်သင့်တယ်၊ အပြစ်ဖြစ်တယ်။ အဲဒါကြောင့် ဒီကနေ့ သီတင်းကျွတ်လပြည့်နေ့ဟာ နေ့ထူးနေ့မြတ်ပဲ ဖြစ်ပါတယ်တဲ့။

အဘိဓမ္မာဒေသနာတော်ကို ဟောကြားတဲ့နေ့

သာသနာတော်နဲ့ စပ်ပြီးတော့ နောက်တစ်ခုကတော့ မြတ်စွာဘုရား တာဝတိ သာမှာ တက်ပြီးတော့ အဘိဓမ္မာကို သုံးလပတ်လုံး ဟောကြားတယ်တဲ့။ အဘိဓမ္မာဒေသနာတော်ကြီးက အင်မတန်ရှည်တယ်။ အဘိဓမ္မာဒေသနာဆိုတာ အင်မတန်ကို ရှည်လျားတဲ့ ဒေသနာတော်ကြီးပဲဖြစ်တယ်၊ အဲဒီတော့ သုံးလပတ်လုံး နေ့ရောညရော မပြတ်ဟောရတယ်။ ဟောလို့ပြီးဆုံးတဲ့နေ့ ဒီကနေ့မှာ သီတင်း

http://www.dhammadownload.com

ကျွတ်လပြည့်နေ့မှာ ပြီးဆုံးလို့ သီတင်းကျွတ်လပြည့်နေ့မှာ တာဝတိံသာနတ်ပြည်က နေပြီး လူပြည်လောကကို သက်ဆင်းတယ်-တဲ့။ သက်သမြို့ဆိုတာ အိန္ဒိယထဲမှာပေါ့။ အခု ဘုရားဖူးတွေသွားကြတဲ့ သက်သမြို့ဖြစ်တယ်၊ အဲဒီမှာ မြတ်စွာဘုရား ဆင်းစဉ်အခါကာလတုန်းက စောင်းတန်းလှေကားဦး နေရာဆိုပြီးတော့ အထိန်းအမှတ်နဲ့ အသောကမင်းကြီးက အဲဒီမှာ ကျောက်တိုင်တွေ ဘာတွေ ရှေးကစိုက်တာ။ ခုတော့ ကျောက်တိုင်အကျိုးအပျက်ပဲ ရှိပုံရပါတယ်။ အဲဒီ နေရာမှာ သွားပြီး ဘုရားဖူးတွေက သွားကြတယ်။ ဘုန်းကြီးများတော့ မရောက်ပါဘူး။ သွားရတာ တယ်မလွယ်ဘူးလို့ ပြောတယ်။ အဲဒါ တာဝတိံသာနတ်ပြည်က အဘိဓမ္မာဟောပြီးတော့ လူပြည်လောကကို ဆင်းတဲ့နေ့လည်း ဖြစ်တယ်တဲ့။ ကနေ့ ဒါကြောင့် နေ့ထူးနေ့မြတ်ပဲတဲ့။ အခု ဒီမှာ တရားဟော တရားနာတဲ့ ပုဂ္ဂိုလ်တွေ အဖို့ကတော့ မိမိတို့ဟောပြော ကျင့်သုံးပြီး နေတာတွေကို အာရုံပြုပြီးတော့ ထူးတယ်လို့ ဆိုရမှာပဲ။ ဒါကလည်း ထူးတာ တစ်ခုပဲ။

ဝါတွင်းသုံးလကာလပတ်လုံး သီတင်းတိုင်း သီတင်းတိုင်း တရားဟောတယ်။ တချို့က တစ်ရက်တလေလောက် လာနိုင်တဲ့ပုဂ္ဂိုလ်လည်း ရှိတာပေါ့။ တချို့လည်း သီတင်းတိုင်း သီတင်းတိုင်း မှန်မှန်ပဲ လာနိုင်တယ်။ အခွင့်အရေးရတော့ လာနိုင်တယ်။ လာပြီးတော့ တရားတွေ အမြဲမပြတ် ကြားနာနေရတယ်။ မြတ်စွာဘုရားဟောတော်မူတဲ့ တရားတွေ ကြားနာရတယ်။ ကြားနာရုံတွင်မကသေးဘူး၊ မိမိတို့ စွမ်းနိုင်တဲ့ဖက်ကလည်း နှလုံးသွင်းအားထုတ်ကြပါ၊ ဒီမှာ ယောဂီပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင်တော့ အသစ်ရော အဟောင်းရော ဒီတရားတွေ နာပြုပြီး မိမိတို့ဘာသာအားထုတ်ပြီးတော့ နေဖြင့်ရင် ဒီဝါတွင်းအနေနဲ့ဖြင့်ရင် တစ်ဝါတွင်းသာ တရားနာတဲ့စခန်းရော၊ တရားကျင့်သုံးတဲ့စခန်းတွေရော တစ်ဝါတွင်း ချမ်းချမ်းသာသာနဲ့ ဘေးအန္တရာယ်မရှိဘဲနှင့် တစ်ခါတည်းပဲ ပြီးဆုံးသွားပြီ၊ အောင်မြင်သွားပြီလို့သာ စာရင်းပိတ်တဲ့နေပေါ့လေ။ ဒါပေမယ့် စာရင်းပိတ်ပြီဆိုပြီး နောက်တစ်ရက်ကျတော့ တရားတော့ မကျင့်ဘဲ ဒီလိုတော့ မနေကြနှင့်နော်။ ရှေ့လျှောက်ဆက်လက် ဒီလိုပဲ အားထုတ်သွားရမှာ၊ ကျင့်တာကိုတော့ မလျော့ရဘူး။ နောက်လည်း ဟောမှာပါ၊ နောက်သီတင်းတွေကျလည်း လာနိုင်ရင် လာကြအုံးပေါ့ ဟုတ်လား။ သီတင်းကျွတ်လို့ရှိရင်တော့ တရားတွေကလည်း ကျွတ်ပြီးတော့ သွားတတ်တယ်။ အရင့်အရင်နှစ်တွေက ဘုန်းကြီးကြည့်နေတယ်၊

http://www.dhammadownload.com

ဝါကျွတ်တာနဲ့ တရားနာ တော်တော်လျော့သွားတယ်။ တရားက ကျွတ်သွားကြတာကိုး။ ဒီနှစ်တော့ မကျွတ်ကြနဲ့၊ ခုကတည်းက ပြောထားရမယ်။

ဘာလို့တုံးဆိုတော့ ဒီနှစ်တော့ အစိုးရကလည်း နိုင်ငံတော်ဘာသာလုပ်ပြီး သီတင်းနေ့ အေးအေးလူလူ ဥပုသ်သီလလည်း စောင့်နိုင်အောင်၊ တရားနာတွေလည်း သွားနိုင်အောင်၊ ကျောင်းကန်ဘုရားတွေလည်း ရောက်အောင်၊ ဘာသာရေးတရားတွေနဲ့ မိမိတို့၏ ကိုးကွယ်ရာတွေ ဆည်းပူးနိုင်အောင်လို့ တစ်ခါတည်း နိုင်ငံတော်ဘာသာလုပ်ပြီး သီတင်းနေ့ကို ရုံးပိတ်ရက်ဆိုပြီးတော့ ရုံးက ပိတ်ထားတယ်။ သို့သော်လည်း ဈေးက မပိတ်တော့ ဈေးက လူတွေက လာဖို့ နည်းနည်းခက်လိမ့်မယ်၊ လာနိုင်တဲ့ပုဂ္ဂိုလ် လာကြပေါ့လေ၊ မလာနိုင်တဲ့ပုဂ္ဂိုလ်တော့ မတတ်နိုင်ဘူး။

တရားအနှုသစ္စ

ကနေ့ဟောဖို့ရာ တရားအဆက်ကတော့ တစ်နေ့က ဟောနေတဲ့ သတိပဌာနသုတ် ဓမ္မာနုပဿနာပိုင်း၊ ဓမ္မာနုပဿနာငါးပိုင်းထဲမှာလည်း အရိယသစ္စာပိုင်းကို ဆက်ပြီး ဟောရမယ်။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခံ အရိယသစ္စံ-အရိယာတို့ သိအပ်သော ဆင်းရဲအစစ်အမှန်တရားသည်၊ ကတမဉ္စ-အဘယ်ပါနည်းဟူမူကား။

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဇာတိပိ-ဘဝအသစ်ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲပင်တည်း၊ ဘဝအသစ်ဖြစ်ရတာလည်း ဆင်းရဲပဲတဲ့။ တစ်နေ့က ဟောပြီးသား၊ ဇရာပိ အိုရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲတည်း၊ အိုရတာလည်း ဆင်းရဲပဲတဲ့။ ဒါကတော့ သဘောပေါက်ပြီ ဟောလည်း ဟောပြီးပါပြီ။ မရဏမ္ပိ-သေရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲတည်း၊ ဒါကတော့ အင်မတန်ကို ထင်ရှားနေတယ်။ သေရတာ ကြောက်စရာ အကောင်းဆုံးပဲ။ ကြောက်စရာတကာထဲမှာ သူက အကောင်းဆုံးပဲ။ သောက

http://www.dhammadownload.com

ပရိဇေ၀ဒုက္ခဒေါမနဿုပါယာသာပိ-စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းတို့သည်လည်း၊ ဒုက္ခာ-ဆင်းရဲတို့တည်း။

စိုးရိမ်ပူဆွေးရတယ် ဆိုတာ မတောင်းဘူး။ ငိုကြွေးရတယ် ဆိုတာ မကောင်းဘူး။ ကိုယ်ထဲက အမျိုးမျိုးအထွေထွေ နာကျင်ကိုက်ခဲပြီးတော့ ဆင်းရဲပင်ပန်းရတယ်ဆိုတာ သာပြီး ကြောက်စရာကောင်းပါတယ်၊ မကောင်းဆုံးတရားပဲ ဖြစ်တယ်၊ စိတ်ထဲက စိတ်နှလုံးမသာမယာတာတွေ, စိတ်ဆင်းရဲတာတွေလည်း မကောင်းဆုံးတရားပါပဲ။ သူလည်း စိတ်၏ပြင်းစွာပင်ပန်းခြင်းဆင်းရဲတွေပဲတဲ့။ ဒါတွေကို ဟောပြီးသားဖြစ်တယ်။

အပွိယေဟိသမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော၊

အပ္ပိယေဟိ-မုန်းအပ်သော အာရုံ၀တ္ထုပုဂ္ဂိုလ်တို့နှင့်၊ သမ္ပယောဂေါ-ပေါင်းဖက်ယှဉ်တွဲရခြင်းသည်လည်း၊ ဒုက္ခော-ဆင်းရဲပင်တည်း၊ ပိယေဟိ-ချစ်ခင်အပ်သော ပုဂ္ဂိုလ်အာရုံ၀တ္ထုတို့နှင့်၊ ဝိပ္ပယောဂေါပိ-ကွေကွင်းခွဲခွာ ရခြင်းသည်လည်း၊ ဒုက္ခော-ဆင်းရဲပင်တည်း။

မချစ်မနှစ်လိုအပ်တဲ့ပုဂ္ဂိုလ်တွေ, မုန်းစရာကောင်းတဲ့ပုဂ္ဂိုလ်တွေ, မတွေ့ချင်တဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့ရ၊ ပေါင်းသင်းဆက်ဆံပြီးတော့ နေရတယ်၊ မတွေ့ချင်တဲ့အာရုံတွေနဲ့ တွေ့ပြီး နေရတယ်၊ မမြင်ချင်တာတွေ မြင်ရတယ်၊ မကြားချင်တာတွေ ကြားရတယ် စသည်ဖြင့်ပေါ့လေ၊ မနှစ်သက်အပ်တဲ့ အာရုံတွေနဲ့ တွေ့ပြီးတော့ နေရလို့လည်း ဆင်းရဲပဲတဲ့။ ချစ်ခင်အပ်တဲ့ ပုဂ္ဂိုလ်တွေ, ချစ်ခင်နှစ်သက်အပ်တဲ့ အာရုံတွေနဲ့ ကွေကွင်းခွဲခွာရတာတွေလည်း ဆင်းရဲပါပဲ။ တစ်နေ့ကလည်း ပြောလည်း ပြောပြီးပြီ။ ထင်လည်း ထင်ရှားနေပါတယ်။

ဗရိုင်ဟာကို ရှိခိုးဂါထာလည်း ဒုက္ခ

ယမ္မိစ္ဆံ နာ လဘတိ ဒုက္ခံ၊

ယံပိ-ယေနပိ-အကြင်လိုမှု, အကြင်လိုချင်နှစ်သက်မှု တဏှာဖြင့်လည်း၊ ဣစ္ဆံ-ဣစ္ဆန္တော-အလိုရှိပါလျက်၊ နာ လဘတိ-မရ၊ တမ္ပိ-ထိုလိုတာကို မရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲပင်တည်း။

http://www.dhammadownload.com

အနုဘောရဒဏ္ဍ

မရနိုင်တာကို လိုချင်တဲ့အတွက် လိုချင်တဲ့အလို မရနိုင်တာကိုး။ ရမယ့် ဥစ္စာကို လိုချင်တဲ့အလိုကတော့ ရှာဖွေလိုက် ယူလာလိုက်ရလာမှာပဲ။ သူက မဆင်းရဲဘူး။ သူက နည်းနည်းတော်သေးတာပေါ့။ မရနိုင်တာကို လိုချင်တာမှ ဆင်းရဲတာ။ မရနိုင်တာ, မဖြစ်နိုင်တာကို ဖြစ်ချင်နေပြီဆိုတဲ့ အဲဒီဆင်းရဲတာမှ အလကား သက်သက်မဲ့၊ မရနိုင်တဲ့ဥစ္စာ အစက မလိုချင်ရင်တော့ ကိစ္စမရှိဘူး။ မရနိုင်တဲ့ဥစ္စာ လိုချင်တဲ့သဘောဖြစ်လာလို့ရှိရင် တားလို့ဆီးလို့လည်း မရ၊ လိုက လည်း လိုချင်၊ တားလို့လည်း မရ ဒုက္ခရောက်တာပေါ့။ ရနိုင်တာပေမယ်လို့ လည်းပဲ အင်မတန် ခက်ခက်ခဲခဲလုပ်မှ ရနိုင်တဲ့ဥစ္စာ၊ လိုချင်လို့ရှိရင်လည်း အဲဒါဒုက္ခ ရောက်တာပဲ။

ဇာတ်နိပါတ်ထဲမှာ အရှင်အနုရုဒ္ဓါအလောင်းဖြစ်တဲ့ "အန္နဘာရ" ဆိုတဲ့ လုလင်တစ်ယောက်ရှိတယ်၊ "အန္နဘာရ"ဆိုတဲ့ လုလင်က အဲဒီမှာ မဟာဝန္ဓသူဌေး ကြီးအတွက် အင်မတန်ကောင်းတဲ့ အစာအာဟာရတွေနဲ့ ပြုပြင်ပြီးတော့ ထမင်း စားပွဲ ကျင်းပနေတယ်။ အင်မတန်ကောင်းတဲ့ နံ့သာရေတွေ ဘာတွေနဲ့ စပါးစိုက် မျိုးကတည်းက စပြီး နံ့သာရေတွေ ဘာတွေနဲ့ အင်မတန်ကောင်းတဲ့ မျိုးစပါးတွေ စိုက်မျိုးတာတွေကိုး။ နံ့သာရေတွေ ဘာတွေနဲ့ တစ်ခါတည်း စပါးဖြစ်လာတဲ့အခါ လည်း သိမ်းဆည်းပြီး ထားပါတယ်။ အင်မတန်ကောင်းပြီးတော့ စားသုံးလို့ ကောင်းတဲ့အချိန်ကျမှ တစ်ခါတည်း ထုတ်ပြီး ဆန်လုပ်၊ ဆန်လုပ်ပြီးတော့လည်း အင်မတန်ကောင်းလို့ သိမ်းဆည်းပြီး အမွှေးနံ့သာတွေနဲ့ အင်မတန်ကောင်းအောင် လုပ်ထားပြီးတော့မှ ချက်ပြုတ်၊ ချက်ပြုတ်တဲ့အခါကာလည်း အင်မတန်ကောင်းတဲ့ စားဖွယ်သောက်ဖွယ်တွေနဲ့ ရောစပ်ပြီးသကာလ ချက်ပေါ့လေ။ ဘယ်လောက်များ ကောင်းမယ်တော့ မပြောတတ်ဘူး။ သူဟာ အစုံကောင်းပုံရပါတယ်။ အဲဒါ ချက် ပြုတ်ပြီးတော့ သူက ထမင်းစားပွဲ တစ်ခါတစ်ခါမှာ လုပ်ရတယ်။ နေ့ကြီးရက်ကြီး အခါမှာ သူက ထမင်းစားပွဲခင်းတာကိုး။ ထမင်းစားပွဲခင်းတော့ ထမင်းစားပွဲတွင် မဟုတ်သေးဘူး၊ အကတွေ၊ အဆိုတွေ အတီးအမှုတ်တွေ ပါ,ပါလိမ့်အုံးမယ်။ အဲဒီ ဥစ္စာတွေနဲ့ တစ်ခါတည်းလုပ်တော့ အဝတ်အစားတွေ ဘာတွေလည်း အမျိုးမျိုး တစ်ခါတည်း ဆင်ပြင်ပြီးတော့ပေါ့လေ၊ အဲဒီမှာ ထမင်းစားပွဲခင်းကို မြို့သူ

http://www.dhammadownload.com

မြို့သားတွေက တခမ်းတနား တစ်ခါတည်း ကြည့်ကြတယ်ဆိုပဲ။ ကုတင် ညောင်စောင်းတွေ, ခုံတွေ အဆင့်ဆင့်ခင်းပြီး ခုကာလပွဲ ကြည့်တာလိုပေါ့လေ။ ပွဲလည်း ပါပါလိမ့်မယ်နဲ့ တူပါတယ်။ အဲဒါတွေ ကြည့်ကြတာကိုး။ စားပွဲလောကမှာ ဂုဏ်ရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်လုပ်ရင် ဟုတ်တယ်လို့ပဲ ထင်လည်း ထင်တတ်တယ်။ လူတွေကလည်း ဒီလိုပဲ ထင်တတ်တယ်။ တချို့က အဲဒီမှာ ကြည့်ကြတယ်။ ကြည့်ကြတော့ အရှင်အနုရုဒ္ဓါအလောင်း အန္ဒဘာရလုလင်က တောသားကလေး တစ်ယောက်ကိုး။ တောရွာက မြို့ကို လာတယ်။ မြို့ကို လာတဲ့အခါနဲ့ မြို့က မိတ်ဆွေအိမ်မှာ တည်းခိုတယ်၊ မြို့က မိတ်ဆွေအိမ်မှာ တည်းပြီးတော့ မြို့က မိတ်ဆွေက ဒီကနေ့ကွာ မင်းလာတာ နေရာကျလိုက်တာ၊ သူဌေးကြီး ထမင်းစားပွဲထိုင်တဲ့နေ့ ထမင်းစားပွဲခင်းကျင်းတဲ့နေ့ အင်မတန် ကြည့်ရခဲတယ်တဲ့။ ဒါ တစ်နှစ်မှ တစ်ကြိမ်ကြုံတာ၊ အင်မတန် ကြုံခဲတယ်။ မင်း အင်မတန်ကံကောင်းလို့ ဒီနေ့ ဒို့သွားကြည့်ရအောင် ဆိုပြီးတော့ သွားကြည့်ကြတယ်။

မရတာကို လို့ချင်တာ ခုကွရောက်တာပဲ

သွားကြည့်၊ ဟိုရောက်တော့ တစ်ခါတည်း စားဖို့, သောက်ဖို့ရာ ဟိုက သူဌေးကြီးက ကောင်းမွန်တဲ့ အဝတ်အစားတွေနဲ့, အပြင်အဆင်တွေနဲ့, အခြွေအရံတွေနဲ့ပေါ့လေ၊ တစ်ခါတည်း အနီးအပါးက သတို့သမီးတွေ ဘာတွေက အစစအရာရာ အပြင်အဆင်တွေနဲ့ တစ်ခါတည်း အစီအစဉ်တွေ တခမ်းတနားကြီး လုပ်တာကိုး။ အကတွေ ဘာတွေလည်း ပါပါလိမ့်မယ်။ သူက အဲဒီမှာထိုင်ပြီးတော့ ထမင်းစားပွဲကလည်း ရွှေခွက်တွေ ဘာတွေနဲ့ အင်မတန်အကောင်းတွေနဲ့ ပြင်ထားတာကိုး၊ ခမ်းခမ်းနားနားကြီး တစ်ခါတည်းပြင်ပြီး အဲဒီလိုစားတဲ့အခါကျတော့ တယ်ကောင်းတယ်ဆိုပဲ။ အနံ့က ပရိသတ်တွေလွမ်းပြီးတော့ အင်မတန်မွှေးတဲ့ အနံ့တွေ ပျံ့သွားတယ်၊ ပျံ့သွားတော့ အဲဒီမှာ တော,က လာတဲ့ အရှင်နုရုဒ္ဓါအလောင်း "အန္ဒဘာရ"ဆိုတဲ့ လူက အစွန်အဖျားကနေပြီးတော့ နေရင်းနဲ့ ဒီအနံ့ရတော့ စားချင်တဲ့စိတ်ပေါက်လာတယ်။ ဒီဟာ စားလိုက်ရရင် သိပ်ကောင်းမှာပဲ စားချင်တဲ့စိတ်ပေါက်လာတယ်၊ စားချင်တဲ့စိတ်ပေါက်လာတော့ သူမိတ်ဆွေကို ပြောတယ်။ မိတ်ဆွေ တောင်းပေးစမ်းပါကွာ-တဲ့။ ငါ ထမင်းကလေး တလုတ်လောက် စားရရင် တော်ပါပြီ။ ဟာ. . တောင်းလို့ ဘယ်ဖြစ်မလဲ၊ ဒီပြင်ပရိသတ်

http://www.dhammadownload.com

တွေနဲ့ ရှက်စရာကြီး မဖြစ်နိုင်တဲ့ ဥစ္စာကြီးပဲတဲ့၊ မဟုတ်ဘူးတဲ့၊ တောင်းပေးပါတဲ့။ ငါက မစားရလို့ရှိရင် သေလိမ့်မယ်တဲ့။ သူက မစားရရင် နေကိုမနေနိုင်တော့ဘူး။ ဒီလိုပြောတာကိုး။

အဲဒီတော့ အကြိမ်ကြိမ်အဖန်ဖန်ပြောတော့ မဖြစ်လှတော့ ငါလူတော့ နေရာမကျပါဘူး။ ရလိုရငြား တောင်းအုံးမှပါပဲ ဆိုပြီးတော့ မြို့မိတ်ဆွေကနေပြီး အရဲစွန့်ပြီးသကာလ တောင်းရတာကိုး။ ကျွန်တော့်မိတ်ဆွေမှာ ဒီလိုဒီလို ဖြစ်နေလို့ပါ၊ ထမင်းလေးနည်းနည်းဖြစ်ဖြစ် စွန့်ပါဆိုပြီး တောင်းတော့ သူဌေးကြီးက ပြောတယ်၊ "အေး. . ဒီလိုတောင်းတိုင်း တောင်းတိုင်း ပေးနေရင် ငါဘယ်စား ရတော့မတုံး၊ ဟုတ်တယ်၊ ပရိသတ်ထဲကနေပြီး ဟိုက တစ်လုတ်၊ ဒီက တစ်လုတ် တောင်းရင်း ဗါကုန်ရောပေါ့ကွ၊ မပေးနိုင်ဘူး"တဲ့။ နို့မပေးလို့ရှိရင် ကျွန်တော့် မိတ်ဆွေကတော့ သေရတော့မယ်လို့ ပြောကြားခဲ့တယ်။ သနားသောအားဖြင့် ဗျာ နည်းနည်းပေးစွန့်ပါဦးတဲ့၊ ကပ်ပြီးတော့ တောင်းရတယ်။ တောင်းတော့ ဒီလိုတော့ မပေးနိုင်ဘူးတဲ့၊ အကယ်၍ မင်းလူဟာ တကယ်စားချင်လို့ရှိရင် ငါ အိမ်မှာ သုံးနှစ် ကျွန်ခံရမယ်တဲ့။ သုံးနှစ်ကျွန်ခံလို့ရှိရင်တော့ ဒီထမင်းစားပွဲမျိုး ငါလိုပဲ အခမဲ့အနားနဲ့ စားရမယ်၊ ဒီလိုပြောတော့ကို၊ ဘယ်နဲ့လဲကွ ငါ့လူ ခုပြောတာ ကြားရဲ့ လားတဲ့။ တောက အန္ဓဘာရလုလင်တ ကြားပေါ့ကွာ။ ငါသဘောတူပါတယ်။ သုံးနှစ်ပေမယ်လို့ ကျွန်ခံရရင် ခံရပေစေတော့၊ ဒီဟာတော့ မစားရရင် မနေနိုင်ဘူး။ ဗါစားရအောင် သူပြောတဲ့အတိုင်း လုပ်တော့မယ် ဆိုတာ ကောင်းပါပြီ၊ သူဌေးကြီး ဟောဒီမှာ သုံးနှစ်ကျွန်ခံမယ်ပြောတော့၊ အေး. . ဗါဖြင့် ကောင်းပြီတဲ့။ ငါ့အိမ် ငါခိုင်းတာ အကုန်လုပ်ရမယ်။

သုံးနှစ်တစ်ခါတည်း အလုပ်လုပ်ရတာကိုး၊ သုံးနှစ်လုပ်ပြီး သုံးနှစ်စေ့တဲ့ အခါကာလကျတော့ သူဌေးကြီးက "အေး. . ဒီလူ တော်တယ်တဲ့၊ အကုန်လုံး တာဝန်ဝတ္တရားတွေလည်း ကျေပွန်အောင် သူလုပ်တယ်။ ခိုင်းတာတွေလည်း အကုန်လုံး လုပ်တယ်။ ပြီးတော့ကို သုံးနှစ်စေ့တဲ့အခါ ငါလိုပဲ ဒီတစ်ပွဲမှာ ငါ မစားတော့ဘူး-တဲ့။ အန္ဓဘာရလုလင်ကိုပဲ ပွဲပေးလိုက်ရမှာကိုး။ သူက အခြွေ အရံတွေကလည်း တစ်ခါတည်း သူ့ကို သူဌေးကြီးခြွေရံသလိုပဲ သူ့ကို အရှိအသေ ပေးပြီး တစ်ခါတည်း အတီးအမှုတ် အကအခုန်တွေနဲ့ တစ်ခါတည်း လုပ်ရမှာကိုး။ သူက ခဏတော့ သူဌေးဖြစ်တာပဲ။ အဲဒီလို လုပ်တော့ စားမယ်လို့ တစ်ခါတည်း

http://www.dhammadownload.com

လုပ်တုန်း၊ ဒီမှာလည်း ပရိသတ်တွေက ဟိုသူဌေးကြီးစားတဲ့အခါတုန်းကလိုပဲ ဒီလိုပွဲလာကြည့်ကြတာပဲ၊ ဘယ့်နှယ်နေမလဲ၊ တောသား "အန္ဓဘာရ"ဆိုတဲ့ လူကလေး စားတာ ဘယ့်နှယ်နေမလဲဆိုပြီး လာကြည့်ကြတယ်။ အခမ်းအနားတွေ အကုန်လုံး အတူတူပဲ။ လုပ်ထားတာ စားမယ်လို့ လုပ်နေတုန်း ဒီအခါကာလ အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးက နိရောဓသမာပတ်က ထခါစ၊ ဒီနေ့ မည်သူများ ချီးမြှောက်ရပါမတုံးလို့ စဉ်းစားတယ်။ စဉ်းစားလိုက်တဲ့အခါကျတော့ အန္ဓဘာရကို မြင်တာကိုး။ ဩော်. . အန္ဓဘာရလုလင် သူ့ခများ သနားစရာပဲ။

စွန့်နိုင်စဲတဲ့အလှူကို စွန့်လှူနဲ့လို့ ချမ်းသာရနဲ့တယ်

သူ့ခများ သုံးနှစ် ကျွန်ခံရှာတယ်၊ တယ်. . သနားစရာကောင်းတယ်။ အဲဒီတော့ ငါသွားလို့ရှိရင် သူလှူနိုင်ပါ့မလား။ စိတ်စေတနာမှ ရှိရဲ့လား။ သူ့မှာ ဘဝအဆက်ဆက်က ပါရမီဖြည့်လာတဲ့ အနုရုဒ္ဓါအလောင်းကို၊ သူက စိတ်စေတနာ ကောင်းတယ်။ အဲဒီတော့ ငါသွားရင် လှူမှာပဲတဲ့။ စေတနာ ထက်ထက်သန်သန် နဲ့ လှူမယ်။ စေတနာထက်ထက်သန်သန်နဲ့ လှူလိုက်လို့ရှိရင်တော့ ဒီဘဝအတွင်းပဲ သူက သူဌေးဖြစ်မှာကိုး။ ချက်ချင်းသူဌေးဖြစ်မှာမို့ ဒါလေး တစ်နပ်စားပြီးလျှင် ပြီးရောပဲ၊ နောက်တစ်ခါ ကျွန်ကျွန်ပဲ၊ တောသား တောသားပဲ ပြန်ဖြစ်မှာ။ ဘာမှ ဆောက်တည်ရာမရှိဘူး။ အဲဒီတော့ ရှင်ပစ္စေကဗုဒ္ဓါက ဒါချီးမြှောက်မှပဲဆိုပြီး နိရောဓသမာပတ်မှ ထခါစလည်း ဖြစ်မယ်။ စေတနာသဒ္ဓါတရားနဲ့ ထက်ထက် သန်သန်လည်း လှူမယ်ဆိုလို့ရှိရင် ဒါက နေ့ချင်းညချင်း အကျိုးပေးတာကိုး။ အဲဒါကြောင့် ဒီမှာ စားမယ်လို့ အခမ်းအနားပြင်နေတုန်း ရှိသေးတယ်။ ရှင်ပစ္စေက ဗုဒ္ဓါက တစ်ခါတည်း အဘိညာဉ်နဲ့ ရောက်လာတာကိုး။ အဘိညာဉ်နဲ့ ရှေ့မှာလာပြီး ဆွမ်းခံရောက်တယ်၊ စေတနာမရှိတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ တော်တော်ကို စိတ်ဆိုး မှာပေါ့။ သူက သုံးနှစ်တောင် အားထုတ်ပြီးတော့မှ ဒီထမင်းကလေးစားရတဲ့ဥစ္စာ။

ကိုယ်တော့်နှယ် အားမှမနာဘူးနော်၊ ငါ့လာပြီးတော့ အလှူခံတယ်ဆိုပြီး စိတ်ဆိုးမယ်။ သူ့ဥစ္စာ စေတနာမရှိတဲ့ပုဂ္ဂိုလ်၊ စေတနာမကောင်းတဲ့ပုဂ္ဂိုလ်တွေ အဲဒီလို ဖြစ်မှာပဲ၊ ဘေးကပုဂ္ဂိုလ်ကလည်း အဲဒီလိုပဲ အောက်မေ့မှာပဲ။ ယခုကာလ တချို့ပြောကြတယ်။ ဆွမ်းခံကြွလာလို့ရှိရင် ပြောတတ်တယ်။ အဲဒီတော့ အန္ဓဘာရ လုလင်က စဉ်းစားကြည့်လိုက်တယ်။ "အင်း. . ငါ ဒီနေ့ ထမင်းတစ်နပ်ကလေး

http://www.dhammadownload.com

စားဖို့ရာအတွက် သုံးနှစ်တောင်မှ ကျွန်ခံရတယ်။ ရွှေကုသိုလ်က် နည်းလို့ပဲတဲ့။ ကံက နည်းလို့ ဒီဟာလေး စားလိုက်လို့လည်းပဲ တစ်ခဏပဲ မထူးပါဘူး။ ဒါလေး လှူလိုက်လို့ ရှိရင်တော့ ဘ၀အဆက်ဆက်မှာ ဒီလိုမဆင်းရဲရဘဲနဲ့ ချမ်းသာသွားမယ်၊ ပြည့်စုံသွားမယ်-တဲ့။ ဒီဟာလေး စွန့်ပြီး ငါလှူလိုက်ပါတော့မယ်။ မစားဘူး၊ ဒီလောက်ရှိလှတာ" ဆိုပြီးတော့ ရှင်ပစ္စေကဗုဒ္ဓါအား လှူလိုက်တာကိုး။ လှူလိုက်တော့ အဲဒီနေ့မှာပဲ ဆူဆူညံညံတွေ တစ်ခါတည်း ဩဘာပေးကြတာကိုး။ လူတွေက တစ်ခါတည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ "ဟာ ဒီပုဂ္ဂိုလ် တယ်တော်တဲ့ပုဂ္ဂိုလ်ပဲ၊ ဒီလောက် တစ်ခါတည်း ခဲခဲယဉ်းယဉ်း အားထုတ်ထားတာကလေးတောင်မှ သူစွန့်လှူနိုင်တယ်"ဆိုပြီး ဆူဆူညံညံတွေ သာဓုခေါ်ကြတယ်။ အဲဒီလို သူဌေးကြီးက ကြားတယ်။ ကြားတဲ့အခါ ဘဉ်ကြောင့် ပါလိမ့်မတုံးမေးမြန်းကြည့်တော့ အကျိုးအကြောင်း သိတော့မှ သူလည်း သဘောကျတယ်။ အဲဒီကုသိုလ်ကောင်းမှု ရောင်းဖို့သူက ဝယ်တယ် မရောင်းဘူး။ ဟိုက မရောင်းတာနဲ့ နောက်တော့ ပြန်တောင်းပန်ပြုပြီး အမျှ၀ေဖို့ ပြောတော့မှ အဲဒီမှာ ငွေပေးပြီး အမျှ၀ေတယ်၊ အမျှ၀ေတော့မှ အဲဒီကနေပြီး အရင်းအနှီး ရသွားတယ်။

မင်းကနေပြီးတော့ အမျှ၀ေဖို့ရာ ငွေပေးပြီးတော့ သူရတယ်။ ဒီကနေပြီး သူပစ္စည်းတွေ ရသွားပြီး သူဌေးဖြစ်သွားတယ်။ တော်တော့တော်ပါသေးတယ်။ သူက စေတနာကောင်းလို့ ပစ္စေကဗုဒ္ဓါလည်းဖြစ်၊ အဲဒီအနုဘာရလုလင်ဟာ ရတော့ ရနိုင်တဲ့ဥစ္စာပါပဲ။ ဒါပေမယ်လို့ အင်မတန် ခဲခဲယဉ်းယဉ်း ရမယ့်ဥစ္စာ၊ သွားပြီး တောင့်တတာကိုး။ အင်မတန် ကောင်းတဲ့ထမင်းကလေး စားချင်တဲ့စိတ်ကလေး သွားပြီးတော့ ဖြစ်တာကိုး။ ကိုယ့်အလုပ်မဟုတ်ဘဲနဲ့ ရိုးရိုးတမ်းတမ်း ထမင်းစားနေလည်း ပြီးတာပဲ။ ဘယ်နှယ် ဒီလွန်လွန်ကဲကဲ အင်မတန်ကောင်းတဲ့ဥစ္စာကြီးမှ သွားပြီး တောင့်တတယ်။ အဲဒီတောင့်တတာကြောင့် သူမှာ ဘယ်လောက် ဒုက္ခရောက်သွားသလဲဆိုတော့ သုံးနှစ်တိုင်တိုင် သူများအိမ် ကျွန်ခံရနဲ့ ထမင်းတစ်နပ် ဘယ်လောက် တကယ်တည်း ဒုက္ခရောက်သွားသလဲ။ အဲဒါလိုပဲ ရနိုင်တဲ့ ဥစ္စာဖြစ်ပေမယ်လို့ ခဲခဲယဉ်းယဉ်းဟာကို သွားပြီး တောင့်တလို့ရှိရင် အဲဒီလိုချင် တောင့်တမှုဟာလည်း ဒုက္ခပဲတဲ့။ သူလည်းပဲ ဆင်းရဲကြောင်းတရားပဲ။ လုံးလုံးမရနိုင်တဲ့ဟာ၊ သွားတောင့်တလို့ရှိရင်တော့ သေကို သေတတ်တယ်။ ဒီလို သေတာလည်း ရှိတယ်။ တချို့ နတ်သမီးမြင်လို့ တောင့်တပြီးတော့ မရတာနဲ့

http://www.dhammadownload.com

သေသွားတာလည်း ရှိတယ်။ တချို့ ဇမ္ဗုသပြေသီးဆိုတာကို စားချင်ပြီးတော့ မရတာနဲ့ သေသွားတာလည်း ရှိတယ်။ အလွန်အကျွံ မရနိုင်တဲ့ဥစ္စာကို သွားတောင့်တလို့ရှိရင်ဖြင့် သေသည့်တိုင်လည်း ဒုက္ခတွေပေးပြီးတော့ သွားတတ်တယ်။ မရနိုင်တာကို တောင့်တခြင်းဟာလည်းပဲ ဒုက္ခပါပဲတဲ့။ အခု ဒီမှာ မရနိုင်တာ တောင့်တတာတွေဟာ ဘာတွေလဲ ဆိုလို့ရှိရင် -

မရနိုင်တာကို လိုချင်တာလည်း ဒုက္ခပဲ

တတမဥ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုတ္ခံ။

မရနိုင်တာကို လိုချင်တောင့်တခြင်းဆင်းရဲဟာ အဘယ်နည်း ဟူမူကား

ဇာတိမ္မောနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ 'အဟော ဝတ မယံ နဇာတိမ္မာ အဿာမ၊ နစ ဝတ နော ဇာတိ အာဂစ္ဆေယျာ'တိ နခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုတ္ခံ။

ဘိက္ခဝေ-ရဟန်းတို့၊ ဇာတိမ္မောနံ-ဘဝအသစ်ဖြစ်ခြင်းသဘောရှိကုန်သော၊ သတ္တာနံ-သတ္တဝါတို့အား၊ ဧဝံ ဣစ္ဆာ-ဤသို့သော လိုချင်တောင့်တခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်ခဲ့၏၊ မယံ-ငါတို့သည်၊ ဇာတိမ္မော-ဘဝအသစ်ဖြစ်ခြင်း သဘောရှိကြပါကုန်သည်။ နအဿာမ-မဖြစ်ပါကုန်မူကား၊ အဟော ဝတ-ဩော် ကောင်းလေစွတကား၊ နော-ငါတို့ထံသို့၊ ဇာတိ-ဘဝအသစ်ဖြစ်ခြင်း သဘောသည်၊ နအာဂစ္ဆေယျ-မလာပါမူကား၊ အဟော ဝတ-ဩော်. . ကောင်းလေစွတကား၊ ဣတိ-ဤသို့၊ ဣစ္ဆာ-လိုချင်တောင့်တမှုသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏။ ဣဒမ္ပိ-ဤ ဘဝအသစ် မဖြစ်ခြင်းကို အလိုရှိခြင်း၊ တောင့်တခြင်းသည်လည်း၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ-မရနိုင်တာကို လိုချင်တဲ့ ဆင်းရဲပင်တည်း။ ဘဝအသစ်ဖြစ်ခြင်း သဘောရှိ တယ်တဲ့။ သတ္တဝါတွေ ဘဝအသစ်ဖြစ်ခြင်းသဘောရှိတယ်။ နိဗ္ဗာန်ကို မရောက် သေးတဲ့ ပုဂ္ဂိုလ်တွေ အားလုံးဟာ ဘဝအသစ်က ဖြစ်ခြင်းသဘောရှိတာပဲ။ တစ် ဘဝက သေလျှင် တစ်ဘဝဖြစ်ရတယ်။ တစ်ဘဝက သေရုံနဲ့မပြီးသေးဘူး။ သေပြီးပြန်လည်း ဘဝက ဖြစ်ရ၊ ကံအားလျော်စွာ ဖြစ်ရတယ်။ ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေ ကောင်းတဲ့ လူဘဝ နတ်ဘဝတွေ ဖြစ်ရတယ်။ ကံမကောင်းတဲ့ ပုဂ္ဂိုလ်တွေ ငရဲ တိရစ္ဆာန် ပြိတ္တာ ဆင်းရဲတဲ့ ဘဝတွေဖြစ်ရတယ်။ လူဖြစ်ပြန်လည်းပဲ အညံ့စား

http://www.dhammadownload.com

ဆင်းရဲတဲ့ဘဝတွေ၊ ဆင်းရဲတဲ့လူဘဝတွေ အောက်တမ်း နောက်တမ်းကျတဲ့ ဘဝတွေ ဖြစ်ရတယ်။ အဲဒါမဖြစ်ချင်ပေမယ်လို့ မရဘူး။ သူက မဖြစ်ချင်ပေမယ်လို့ မဖြစ်ပါ စေနဲ့လို့ တောင်းတနေလို့ မရဘူး။ ဖြစ်ရမှာပဲတဲ့။ အဲဒီလို တောင့်တရုံနဲ့ မရနိုင်တဲ့ ဥစ္စာတွေကို လိုချင်တောင့်တတာဖြင့်ရင် ဆင်းရဲပဲတဲ့။ ပြီးတော့-

ဇရာမွာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣဿာ ဥပ္ပဇ္ဇတိ 'အဟော ဝတ မယံ န ဇရာဓမ္မာ အဿာမ၊ န စ ဝတ နော ဇရာ အာဂစ္ဆေယျာ'တိ န ခေါ ပနေတံ ဣဿာယ ပတ္ထပ္ပံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

ဇရာဓမ္မာနံ-အိုခြင်းသဘောရှိကုန်သော၊ သတ္တာနံ-သတ္တဝါတို့၏၊ ဧဝံ ဣဿာ-ဤသို့သော အလိုသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ မယံ-ငါတို့သည်၊ ဇရာ ဓမ္မာ-အိုခြင်းသဘောရှိကုန်သည်၊ န အဿာမ-မဖြစ်ကြပါကုန်မူကား။ အဟော ဝတ-ဩော် . . . ကောင်းလေစွ၊ နော-ငါတို့ထံသို့၊ ဇရာ-အိုခြင်းသဘောသည်၊ န စ အာဂစ္ဆေယျ- မရောက်လာပါမူကား။ အဟော ဝတ-ဩော် . . ကောင်းလေစွ၊ ဣတိ-ဤသို့၊ ဣဿာ-လိုချင်တောင့်တခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ ဧတံ-ဤအိုမှု ကင်းခြင်းကို၊ ဣဿာယ-တောင့်တလိုသော်လည်း၊ န ခေါ ပန ပတ္ထပ္ပံ-မရနိုင်။ ဣဒမ္ပိ-ဤအိုမှုကင်းခြင်းကို လိုချင်တောင့်တခြင်းသည်လည်း၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ-မရနိုင်တာကို လိုချင်သော ဆင်းရဲပင်တည်း။

သတ္တဝါတွေဟာ အိုခြင်းသဘောရှိကြတယ်၊ ဘဝမှာဖြစ်ရင် ဘယ်မှာ ဖြစ် ဖြစ်၊ ဖြစ်ရာဘဝမှာ အိုရမှာပဲ၊ မအိုဘဲနဲ့ကတော့ မပြီးဘူး၊ မနာဘဲနဲ့ မပြီးဘူး၊ မသေဘဲနဲ့လည်း မပြီးဘူး။ အိုရ နာရ သေရဦးမှာတွေချည်းပဲ။ ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်တွေကတော့ ဝေးသေးလို့ တယ်မသိသေးဘူး။ ကြီးလာလေလေ ဒီဥစ္စာ အိုဖက်ရောက်လာတယ်။ အိုဖက်ကို ရောက်လာပြီးတော့ မကျန်းမမာ နာဖျားမှု တွေလည်း ခဏခဏတွေ့ရတယ်။ နောက် တော်တော်ကြာလာလို့ရှိရင် ကိုယ်နဲ့ ရွယ်တူတွေရော၊ ကိုယ့်ထက်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ့်အောက်ငယ်တဲ့ပုဂ္ဂိုလ်တွေ ရော၊ ကိုယ့်အနီးအနားက ပုဂ္ဂိုလ်တွေရော၊ သေသေသွားတာ တွေ့မြင်ရတော့ အင်း . . သေခြင်းသဘောရှိနေတာပဲဆိုတာ အင်မတန် ထင်ရှားပါတယ်။ အဲဒီ တော့ အိုခြင်း၊ နာခြင်း၊ သေခြင်းတွေနဲ့ မတွေ့ချင်ကြဘူး။ မတွေ့ပါရစေနဲ့လို့ ဒီလိုတော့ အလိုရှိနေတာပဲ။ အလိုရှိတဲ့အတိုင်းက ဖြစ်ရဲ့လားဆိုတော့ ဒီလိုတော့

http://www.dhammadownload.com

မဖြစ်ဘူး၊ မဖြစ်တော့ကို အဲဒီမရနိုင်တာကို လိုချင်တဲ့အတွက် ဆင်းရဲရတယ်တဲ့။ မအိုချင်ကြတဲ့ပုဂ္ဂိုလ်တွေဟာ အိုမင်းရုပ်တွေ အကြောင်းပြုပြီးတော့ စိတ်ဆင်းရဲမှုတွေဖြစ်ရတယ်။

အခု ဗုဒ္ဓဘာသာဝင်တွေတော့ အိုတတ်တဲ့သဘောရှိတယ်ဆိုတာ စောစောကတည်းက နှလုံးသွင်းထားကြတဲ့အတွက် ဒီသဘောတရားတွေပဲဆိုပြီး တော်တော်တော့ သည်းခံနိုင်ကြတာပေါ့လေ။ တော်တော်တော့ သည်းခံနိုင်ကြတယ်။ ဒါလည်းပဲ ကိုယ်အလိုရှိတဲ့အတိုင်းမပြီးတော့ အိုတဲ့ပုဂ္ဂိုလ်တွေဟာ အိုခြင်းအကြောင်းပြုပြီးတော့ ဆင်းရဲတွေ အများကြီးဖြစ်ရသေးတာပါပဲ။ အဲဒီလို တရားကို နှလုံးမသွင်းနိုင်တဲ့တရား လက်လွတ်ပုဂ္ဂိုလ်တွေကျတော့ အိုတာအကြောင်းပြုပြီးတော့ ဆင်းရဲရတယ်တဲ့။ ငယ်ငယ်ရွယ်ရွယ်တုန်းက ပျိုပျိုနုနုနဲ့ နေခဲ့တဲ့အခြေအနေတွေနဲ့ နှိုင်းစာပြီးတော့ အိုမင်းတဲ့အခါကာလ ကိုယ်အလိုရှိတဲ့အတိုင်းက မပြီးတော့ အဲဒါတွေ ပြန်ပြီး စဉ်းစားပြီးတော့ စိတ်မချမ်းမသာတွေ ဖြစ်ရတယ်တဲ့။

တစ်နေ့တုန်းက ဟိုအင်္ဂလန်က ဒကာမကြီးတစ်ယောက်အကြောင်းပြုပြီး တစ်နေ့က ပြောပြီးပြီ။ အသက်ခုနစ်ဆယ့်ခြောက်နှစ်ရှိနေတဲ့ဥစ္စာကြီး၊ တကယ်တည်းမှ သူဆံပင်ကလေးတွေ ကောက်ကောက်ပြီး လှအောင်လို့ ညှပ်ပြင်နေရဆိုတာကိုး။ ဒီထဲကနေပြီးတော့ မှန်ထဲ ကြည့်လိုက်ရင်း, မျက်ရည်ကျလိုက်ရင်း စိတ်မချမ်းမသာတွေ ဖြစ်နေတယ်။ အဲဒါတွေဟာ တရားလက်လွတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အများကြီး ဒုက္ခရောက်တယ်။ မကျန်းမမာ နာဖျားခြင်း ဆိုတာကလည်း မကျန်းမမာ နာဖျားခြင်းနဲ့ တွေ့တဲ့အခါကာလကျတော့ သိပ်ဒုက္ခရောက်တယ်။ မကျန်းမမာ နာဖျားခြင်းက မဖြစ်ချင်ဘဲဟာကိုး၊ မဖြစ်ချင်ဘဲနဲ့ ကိုယ့်လာပြီး ဖြစ်တော့ မချမ်းသာမှုတွေ အများကြီးဖြစ်ရတယ်၊ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီးတော့ မချမ်းသာမှုတွေ ဖြစ်ရတယ်။ သေခြင်းဘေးနဲ့ တွေ့တဲ့အခါကာလကျ သာဆိုးတာပေါ့။ ကိုယ်မဟုတ်ဘဲနဲ့ သူများတွေ တွေ့တာတောင်မှ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီးတော့ စိတ်မချမ်းမသာမှုတွေ အများကြီး ဖြစ်ရတာပဲ။

အဲဒါတွေဟာ ဘာကြောင့်တုံးဆိုရင် မဖြစ်နိုင်တာတွေကို လိုချင်ထားလို့၊ အစက ကိုယ့်အလိုရှိတဲ့အတိုင်း ဖြစ်မယ်လို့ အောက်မေ့နေကြတယ်။ မအိုဘဲနဲ့ နေရမလိုလို၊ မနာဘဲနဲ့ နေရမလိုလို၊ အမြဲတမ်း ကျန်းကျန်းမာမာ နေရမလိုလို၊ အမြဲတမ်း ချမ်းသာပြီး နေရမလိုလို စိတ်ထဲမှာ ဒီလိုပဲ အောက်မေ့နေကြတာကိုး။

http://www.dhammadownload.com

အဲဒီလိုဖြစ်တာ အဲဒီလိုအောက်မေ့နေကြတာပဲ။ အဲဒီလို ချမ်းချမ်းသာသာလည်း အလိုရှိနေတာကိုး၊ အဲဒီလို အလိုရှိတဲ့ပုဂ္ဂိုလ်တွေ ကိုယ့်အလိုအတိုင်းက မဖြစ်ဘူး ဆိုတော့ တစ်နေ့ကျ ဆင်းရဲမှုတွေ အများကြီး ရောက်ရပါတယ်တဲ့။ အဲဒါကြောင့် မရနိုင်တာကို လိုချင်တာဖြင့် ဆင်းရဲပဲတဲ့။ အထူး စိုးရိမ် ပူဆွေးခြင်းသဘော ရှိကြပါတယ်တဲ့။ စိုးရိမ်စရာရှိရင် စိုးရိမ်ပူဆွေးကြတယ်၊ ငိုကြွေးစရာတွေနဲ့ တွေ့ကြ၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေနဲ့ တွေ့ကြ၊ စိတ်ပူပန်စရာတွေနဲ့ တွေ့ကြ၊ အဲဒီလို တွေ့တတ်တဲ့ လောကကြီးထဲမှာ ဖြစ်နေတာတဲ့။ ကိုယ်နေတဲ့ နယ်ပယ်ကိုက ဒီနယ်ပယ်ထဲမှာ နေတာကိုး။

ဥပမာ - ပူတဲ့အပိုင်းမှာ နေလို့ရှိရင် ပူတဲ့ ဥတုရာသီကျ ပူမှာပဲ။ အေးတဲ့အပိုင်း နေလို့ရှိရင် အေးတဲ့ဥတုရာသီကျ အေးမှာပဲ။ သဘာဝနယ်ပယ်ထဲ သွားနေတာကိုး။ ဒီတော့ စိုးရိမ်ပူဆွေးတယ်၊ ငိုကြွေးတယ်ဆိုတဲ့ မကောင်းတဲ့ အပိုင်းထဲမှာ နေနေကြရတာကိုး။ ဘုံသုံးဆယ့်တစ် လောကထဲမှာ နေနေကြရတာ၊ နေကြတော့ အဲဒီစိုးရိမ်ပူဆွေးမှုတွေနဲ့ တွေ့ကြမှာပဲ။ မတွေ့ဘဲနဲ့ မဖြစ်ဘူး။ အဲဒါတွေ မတွေ့ချင်ကြဘူး၊ မတွေ့ပါစေနဲ့လို့တော့ လိုချင်နေကြတယ်၊ အဲဒီလိုချင်နေတဲ့ အတိုင်းမဟုတ်ဘဲနဲ့ တော်တော်ကြာတွေ့ရော၊ တွေ့တဲ့အခါကျတော့ ဒီဆင်းရဲတွေ ငါ့ဖြစ်မှဖြစ်ရလေခြင်းဆိုပြီး ငါနှင့်စပ်တဲ့ပုဂ္ဂိုလ်တွေမှာ ဖြစ်မှဖြစ်ရလေခြင်းတွေ ဖြစ်ရတာကိုး။ ဒါကြောင့် မရနိုင်တာတွေ လိုချင်တာကလည်း ဆင်းရဲတာပါပဲ။ ဒါက အလွန်အကဲတွေ ပြောတာနော်။ ခုနကလို စားရေး,သောက်ရေးနဲ့ စပ်ပြီးတော့ မရနိုင်တာတွေ လိုချင်တာတွေ ရှိသေးတယ်၊ မဖြစ်နိုင်တဲ့ဥစ္စာတွေ၊ လောကရေးနဲ့စပ်ပြီးတော့ မဖြစ်နိုင်တာတွေ, မရနိုင်တာတွေကို လိုချင်တောင့်တနေတယ်၊ လုံးလုံးမဖြစ်နိုင်တာတွေ လိုချင်တောင့်တနေတယ်။ (သို့မဟုတ်) အင်မတန် ခက်ခက်ခဲခဲကြီးလုပ်မှ မဖြစ်နိုင်တာတွေ လိုချင်တောင့်တနေတယ်။ အဲဒါတွေလည်း ဒုက္ခပဲတဲ့။ မရနိုင်တာတွေ လိုချင်တဲ့ဥစ္စာဟာ ဒုက္ခတွေပဲတဲ့။

အကျဉ်းချုံးပြီး ဖြေကြရရင် ဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခပဲ

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊

သံခိတ္တေန-အကျဉ်းချုပ်အားဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာ-ငါးပါးသော ဥပါဒါန-က္ခန္ဓာတရားတို့သည်၊ ဒုက္ခာ-ဆင်းရဲတို့တည်း။

http://www.dhammadownload.com

ရှင်းရှင်းပြောရမယ် ဆိုရင်တော့ ဥပါဒါနက္ခန္ဓာငါးပါးဟာ ဆင်းရဲပါပဲတဲ့။ ဥပါဒါနက္ခန္ဓာငါးပါးကို ဟောရမယ်။ ခေါင်းစဉ်ကလေး ဆိုရအုံးမယ်။

* **ဖြစ်ကိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်း** (ဆို သုံးခေါက်)

ဇာတိ-ဖြစ်ရခြင်းလည်း ဆင်းရဲပဲတဲ့။ "ဇာတိပိ ဒုက္ခာ"လို့ တို့ဘုရားဟောတဲ့ ဒေသနာအစဉ်အတိုင်း ဒုက္ခတွေကို မှတ်ရအောင်လို့ တိုတိုကလေး လုပ်ထားရတယ်။ ပါဠိတွေဆိုတော့လည်း မှတ်နိုင်မှာမဟုတ်ဘူး၊ ဘဝအသစ်ဖြစ်ရတာက လူဖြစ်ရင်လည်း မကောင်းဘူး၊ နတ်ဖြစ်ရင်လည်း မကောင်းဘူး၊ ပြဟ္မာဖြစ်ရင်လည်း မကောင်းဘူး၊ အပါယ်လေးပါးဖြစ်တာတော့ ပြောစရာမရှိဘူး၊ ဖြစ်တဲ့ဥစ္စာဟာ ဖြစ်တာတွေ အကုန်လုံး ဆင်းရဲကြီးပဲတဲ့။ ဖြစ်ရာတစ်ဘဝလုံးနဲ့စပ်ပြီး ဖြစ်ရတဲ့ ဆင်းရဲတွေဟာ အဲဒီဖြစ်မှုကစပြီး ပေါ်လာတာတဲ့။ ဘဝအသစ်ဖြစ်မိလို့ ဘဝသစ်ဖြစ်မိကတည်းက စာချုပ်ချုပ်မိတာလို တစ်ခါတည်း, တကယ်တည်းမှပဲ တစ်ဘဝလုံးနဲ့စပ်တဲ့ ဆင်းရဲတွေ ခံသွားရတာ။

အိုခြင်း ဆင်းရဲပြီးတော့ သေခြင်း ဆင်းရဲ၊ စိုးရိမ် ပူဆွေးရခြင်း ဆင်းရဲ၊ ငိုကြွေးရခြင်း ဆင်းရဲဖြစ်တယ်၊ ကိုယ်ထဲမှာ နာကျင်ကိုက်ခဲမှု၊ အခံခက်မှု၊ မကျန်းမမာမှု၊ ရောဂါဝေဒနာ ဖြစ်မှုတွေဟာ အကုန်လုံး ဆင်းရဲထဲမှာ ပါသွားတယ်။ ဒီအထဲမှာ ဖြစ်အိုသေရေး စိုးရိမ်ဆွေး ငိုကြွေး ကိုယ်နာကျင် ဖြစ်ရတယ်။ အိုရယ်၊ သေရယ်၊ စိုးရိမ်ဆွေးရယ်၊ ငိုကြွေးရယ်၊ ကိုယ်နာကျင်ရယ်၊ ခြောက်ခုရှိသွားပြီနော်။ ဟုတ်လား ဒုက္ခခြောက်ခု ရသွားပြီ။

"နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာဆင်းရဲပင်"။ နှလုံးမသာ ဒေါမနဿ၊ ဥပါယာသ စိတ်ပြင်းစွာ ပူတာ။ အဲဒါ နှစ်ခုကလည်း ဆင်းရဲ ပဲတဲ့။ ကဲ . . ဆိုရမယ်။

* **နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာဆင်းရဲပင်**။ (ဆို သုံးခေါက်)

နှလုံးမသာတာ ပါဠိလိုက "ဒေါမနဿ" ကိုယ်နာကျင် ဆိုတာက "ဒုက္ခ"၊ စိတ်ပြင်းစွာပူတာ "ဥပါယာသ"ခေါ်တယ်။ စိတ်ပြင်းစွာ ပူတာ ဖြစ်မှဖြစ်ရလေခြင်း တောက်တခေါက်ခေါက်နဲ့ စိတ်ထဲက မခံချိမခံသာ ဖြစ်နေတယ်။ ဒေါသတွေ ဖြစ်နေတာကို၊ သူလည်းပဲ ဆင်းရဲပဲတဲ့။ ဒါတွေက ဆင်းရဲမှန်းတော့ သိတယ်။ လူတိုင်းလူတိုင်းပဲ သိနေတယ်။ အဲဒီတော့ ခုနခြောက်ခုနဲ့ ဒီနှစ်ခုနဲ့ ပေါင်းလိုက်တော့ ဆင်းရဲပေါင်း ရှစ်ခုရသွားတယ်။

http://www.dhammadownload.com

မတဲ့သူတွေနဲ့ အတူနေရတာလည်း ဆင်းရဲပဲ

* **မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်။** (ဆို သုံးခေါက်)

အပ္ပိယေဟိ သမ္ပယောဂေါ ဒုတ္ခော။

မုန်းသူနှင့်တွဲ၊ မုန်းတဲ့ မုန်းစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတကွ နေရတယ်၊ တွေ့ရ ကြုံရတယ်၊ ပေါင်းသင်းဆက်ဆံရတယ်။ မုန်းစရာကောင်းတဲ့ အာရုံဝတ္ထုတွေနဲ့ တွေ့ရတယ်၊ မြင်ရ ကြားရတယ်၊ မမြင်ချင်တာတွေ မြင်ရ၊ မကြားချင်တာတွေ ကြားရ၊ မတွေ့ချင်တာတွေ တွေ့ရ၊ အကုန်လုံး ဆင်းရဲပဲတဲ့။ ချစ်ခင်တဲ့ပုဂ္ဂိုလ်တွေ, ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေနဲ့ သေကွဲ ရှင်ကွဲ ဘယ်လိုကွဲကွဲ ကွဲတာ မကောင်းဘူးတဲ့၊ အဲဒါလည်း ဆင်းရဲတာပဲ။ ချစ်ခင် နှစ်သက်စရာ အာရုံဝတ္ထုတွေ, အသုံးအဆောင်တွေ ကိုယ်က အင်မတန် အလေးအမြတ်ပြုပြီးတော့ အဲဒါတွေ ပျောက်ပျက်ပြီးတော့ သွားလို့ရှိရင် စိတ်မချမ်း မသာတွေ ဖြစ်ရတာပဲ။ မုန်းသူနှင့်တွဲ ချစ်သူကွဲ ဆင်းရဲအမှန်ပင်၊ ဒါလေးက နှစ်ခုဆို ဆယ်ခုရသွားပြီ။ "မရတာလို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်" ခုနကပြောတဲ့ မရတာကို လိုချင်တဲ့ဥစ္စာလည်း ဒုက္ခပဲတဲ့။ မရနိုင်တာတွေ လိုချင်တယ်ဆိုရင် မဖြစ်နိုင်တာတွေကို လိုချင်တောင့်တ,နေရင် အဲဒါလည်း ဒုက္ခပါပဲ။ ဆိုရမယ် . . .

* **မရတာလို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်။** (ဆို သုံးခေါက်)

ခုနက ဆယ်ခုထဲမှာ "မရတာလို"ဆိုတဲ့ မရနိုင်တာတွေကို လိုချင်တဲ့ဟာလည်း ဒုက္ခတစ်ခု၊ အဲဒါ "ဣစ္ဆာဝိယာတဒုက္ခ"ခေါ်တယ်။ အဲဒါ ထည့်လိုက်တော့ ဆယ့်တစ်ခု ရသွားပြီ။ ဒါတွေကတော့ အကျယ်ဒုက္ခတွေ။ တိုတိုပြောလို့ရှိရင် ဥပါဒါနက္ခန္ဓာငါးပါး၊ သူက တစ်မျိုးတည်းပဲ။ "မရတာလို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်"တဲ့။ ဒါလေးက တိုတိုပြောမယ်ဆိုလို့ရှိရင်တော့ စွဲလမ်းနေတဲ့ ဥစ္စာငါးပါးပဲ။ အဲဒါဟာ ဒုက္ခသစ္စာပါပဲ-တဲ့။ အတိုချုပ်ဆိုရင် ဒါပဲ။ ခုန အရှည်တွေ ပြောတာက ဒီအတိုချုပ်ကို နားလည်အောင်လို့ ပြောနေတာ။ ကိုင်း. . ဆိုရမယ်။

* **စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။** (ဆို သုံးခေါက်)

စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါးကို ပါဠိလို "ဥပါဒါနက္ခန္ဓာ"လို့ ခေါ်ပါတယ်။ ဥပါဒါန်က စွဲလမ်းတတ်တဲ့တရား၊ ခန္ဓာကတော့ကို ရုပ်နာမ်အစုပါပဲ။ စွဲလမ်းနိုင်တဲ့

http://www.dhammadownload.com

ရုပ်နာမ်အစု၊ စွဲလမ်းမှု စွဲလမ်းရာဖြစ်တဲ့ ရုပ်နာမ်အစုပဲလို့ ဆိုလိုပါတယ်။ စွဲလမ်းတတ်တဲ့ ဥပါဒါန်တရားက အကျဉ်းချုပ်အားဖြင့် တဏှာနဲ့ဒိဋ္ဌ နှစ်ခုပဲ။ အကျယ်တော့ လေးခုရှိတယ်၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုပြီး လေးခုရှိတယ်။ အကျဉ်းဆိုရင်တော့ စွဲလမ်းတာဟာ တဏှာနဲ့ သာယာပြီး ဒိဋ္ဌနဲ့ အထင်မှားပြီးတော့ စွဲလမ်းတယ်။ ဒါသူတို့နှစ်ခုပဲ စွဲလမ်းနေတာ၊ သူတို့နှစ်ခုကိုလည်း နားလည်အောင်လို့ ဒီမှာ ဆောင်ပုဒ်ပေးရဦးမယ်။ ဒီကနေ့ ဒါဟောရမှာ အရေးကြီးတာက အဲဒီခန္ဓာငါးပါးဒုက္ခတွေကို နားလည်ဖို့ အရေးကြီးတယ်။ "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"တဲ့။ ဥပါဒါန်နှစ်မျိုး ရှိတယ်တဲ့။ အထင်လွဲပြီးတော့ စွဲလမ်းတာ ရှိတယ် ဒိဋ္ဌဥပါဒါန်၊ သာယာပြီးတော့ စွဲလမ်းတာရှိတယ် - တဏှာဥပါဒါန် ဖြစ်တယ်။

* **ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်၊** (ဆို သုံးခေါက်)

ဥပါဒါန်ဆိုတာ စွဲလမ်းတာပဲ။ ပါဠိလို "ဥပါဒါန" မြန်မာလို စွဲလမ်းတာပဲ။ မလွတ်နိုင်အောင်လို့ စိတ်ထဲမှာ စွဲစွဲမြဲမြဲယူထားတဲ့သဘောပဲ။ ဒါကို စွဲလမ်းတာတဲ့။ ဘယ်ပုံဘယ်နည်း စွဲလမ်းသလဲ ဆိုရင် အထင်လွဲပြီးတော့လည်စွဲလမ်း ပါတယ်တဲ့။ သာယာပြီးတော့လည်း စွဲလမ်းတယ်။ ထင်လွဲသာယာ အထင်လွဲပြီး စွဲလမ်းတာက ဒိဋ္ဌပဲ။ သာယာပြီးတော့ စွဲလမ်းတယ်ဆိုတာ တဏှာပဲ။ ဒိဋ္ဌဥပါဒါန်နဲ့ တဏှာဥပါဒါန် နှစ်မျိုးရှိတယ်။ အဲဒါတွေ စွဲလမ်းနေတာ ဒီလိုပဲ။ စွဲလမ်းနေတာ ဒါနှစ်ခုပဲရှိတယ်။ စွဲလမ်းတာတွေ အကျဉ်းချုပ်လိုက်ရင် သူတို့နှစ်ခုပဲ။ ဒိဋ္ဌနဲ့စွဲလမ်းလိုက်၊ တဏှာနဲ့စွဲလမ်းလိုက် သူတို့ပဲ စွဲလမ်းနေတာ၊ ဘယ်လိုစွဲလမ်းသလဲဆိုတော့ ငါ, ငါ့ဥစ္စာ၊ ငါပဲလို့ ငါကောင် သတ္တဝါကောင်၊ အသက်ကောင်၊ အသက်ရှင်နေတဲ့ အကောင်ပဲလို့ အထင်လွဲပြီး စွဲလမ်းတာ၊ ငါ့ဥစ္စာပဲလို့ ငါ့ဥစ္စာအနေနဲ့ သာယာစရာအနေနဲ့ ကိုယ်ပိုင်အနေနဲ့စွဲလမ်းတာ တဏှာက စွဲလမ်းတာ၊ ငါ ငါ့ဥစ္စာလို့ စွဲလမ်းတဲ့ဥစ္စာဟာ တဏှာဒိဋ္ဌနဲ့ စွဲလမ်းတာပဲ။ ဘယ်သူကို စွဲလမ်းသလဲဆိုရင် အဲဒါ ဥပါဒါနကွန္ဓာငါးပါးကို စွဲလမ်းတာပဲ။ စွဲလမ်းတော့ ဟိုဒင်းလိုပဲ၊ မီးဟာလောင်လို့ ရှိရင် ဘာလောင်သလဲ၊ ထင်းလောင်စရာရှိရတာကို၊ လောင်စရာမရှိဘဲနဲ့ သူ လောင်လို့ မဖြစ်ဘူး၊ ထင်းရင်လည်း လောင်ရမယ်၊ ရေနံရင်လည်း လောင်ရမယ်၊ ဓာတ်ဆီရင်လည်း လောင်ရမယ်၊ လောင်စရာတော့ရှိရမယ်၊ လောင်စရာရှိမှ သူလောင်လို့ ဖြစ်တယ်။

http://www.dhammadownload.com

လောင်စရာမရှိဘဲနဲ့ သက်သက်မယ့် ကောင်းကင်မှာ အလွတ်မှာသွားပြီး ဘယ်မှလောင်လို့မဖြစ်ဘူး။ လောင်စရာရှိမှ လောင်တယ်။ အဲဒါကိုပဲ စွဲလမ်းတယ်ဆိုတာ စွဲစရာကလေးဟာ ရှိဦးမှ၊ ဥပမာ -လက်နဲ့ တစ်စုံတစ်ခု ကိုင်တယ်ဆိုရင် ကိုင်စရာရှိလို့ ကိုင်တာကိုင်စရာမရှိဘဲနဲ့ ကောင်းကင်မှာ အလကား တန်းဖမ်းကိုင်လို့ မရဘူး၊ ကြိုးသော်လည်းကောင်း၊ တုတ်သော်လည်းကောင်း၊ တိုင်သော်လည်းကောင်း၊ နံရံသော်လည်းကောင်း၊ ကိုင်စရာတစ်ခုခုတော့ ရှိရမယ်။ ကိုင်စရာတစ်ခုခုရှိရင် လတ်က ဆွဲကိုင်ရော ဆွဲကိုင်လို့ ရတယ်။ ဒါလိုပဲ တဏှာနဲ့ ဒိဋ္ဌိကလည်း သူစွဲလမ်းစရာ ရှိရတယ်၊ စွဲလမ်းတော့ ဘယ်သူစွဲလမ်းတုံးဆိုတော ဥပါဒါနက္ခန္ဓာငါးပါးပဲ စွဲလမ်းတာပဲ။ အဲဒီတော့ ဥပါဒါနက္ခန္ဓာဆိုတာဟာ အခြားမဟုတ်ဘူး။ ခုနက အထင်လွဲပြီးတော့ ငါလို့စွဲလမ်းနိုင်တဲ့တရားနဲ့ သာယာပြီး တဏှာနဲ့ ငါ့ဥစ္စာလို့ စွဲလမ်းနိုင်တဲ့ တရားတွေ၊ ဒါ ဥပါဒါနက္ခန္ဓာတွေပါပဲတဲ့။ ဆိုရမယ် . . .

* **ငါငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက်ခံ။** (ဆို - သုံးခေါက်)

ငါပဲလို့ စွဲလမ်းနိုင်တဲ့ဥစ္စာ၊ ငါ့ဥစ္စာပဲလို့ သာယာပြီး စွဲလမ်းနိုင်တဲ့ဥစ္စာတွေဟာ ဥပါဒါနက္ခန္ဓာ ခေါ်တာပဲတဲ့။ စွဲလမ်းနိုင်ရာ ဥပါဒါနက္ခန္ဓာ ဆိုတာ ဒါတွေပဲ။ တော်တော်ကြာမှ ပြောရအုံးမှာ၊ ခေါင်းစဉ်ကလေး စဉ်ပေးနေတာ။ ဒီဥစ္စာက သူဟာ နည်းနည်းမလွယ်ဘူး၊ ခေါင်းစဉ်ထားမှ တော်တော်ကြာပြောလို့ နားလည်မှာ၊ ခန္ဓာငါးပါးဆိုတာ နှုတ်တော့ တက်နေတာပဲ။ တော်တော်ကြာတော့ သဘောကမပေါက်နိုင်ဘူး။ သဘောပေါက်အောင်လို့ ခေါင်းစဉ်ပေးနေတာ၊ ငါ ငါ့ဥစ္စာ စွဲနိုင်တာ ဥပါဒါနက္ခန်၊ ဘယ်သူတွေတုံးဆိုတော့ ရုပ်ရှိတယ်၊ ဝေဒနာရှိတယ်၊ သညာရှိတယ်၊ သခါရရှိတယ်၊ ဝိညာဏ်ရှိတယ်၊ ဒီငါးခုပဲ။ ရုပ်ရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သခါရရယ်၊ ဝိညာဏ်ရယ် အဲဒီငါးခုပါပဲတဲ့။ တခြားမဟုတ်ပါဘူးတဲ့။ ဆိုရမယ် . . .

* **ရုပ်, ဝေ, သညာ၊ သခါရာ၊ ဝိညာဏ် ဤငါးထန်။** (ဆို - သုံးခေါက်)

အဲဒါ ငါးပါးပဲတဲ့။ ဒါကို မြတ်စွာဘုရားကိုယ်တော်မြတ်က အမေးအဖြေနဲ့ ရှင်းထားတယ်။

ကတမဥ္စ ဘိက္ခဝေ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

http://www.dhammadownload.com

ဘိက္ခဝေ-ရဟန်းတို့၊ ပဋ္ဌ-ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ-စွဲလမ်းနိုင်သော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်ကုန်သော၊ ဒုက္ခာ-ဆင်းရဲတို့သည်၊ ကတမဋ္ဌ-အဘယ်နည်း ဟူမူကား။

စွဲလမ်းနိုင်တဲ့ ဥပါဒါန်တရားတွေက ခန္ဓာငါးပါးဆင်းရဲတရားတွေပဲ ဆိုတာ ဘယ်ဟာတွေလဲလို့ မေးခွန်းထုတ်တယ်။ စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေ ဆိုတာ ဘာတွေတုံး။ ဘယ်တရားတွေတုံးလို့ မေးတော့

ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ သေယ္ယထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊

ဘိက္ခဝေ-ရဟန်းတို့၊ သံခိတ္တေန-အကျဉ်းချုပ်အားဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာ-ဥပါဒါန်ခန္ဓာငါးပါးဟု ဆိုအပ်သော၊ ဒုက္ခာ-ဆင်းရဲတို့သည်၊ ကတမေ စ-အဘယ်တို့နည်းမူကား၊ ဣဒံ ဣမေပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်၊ သေယျထာ ကတမေ-အဘယ်သည်တို့နည်းဟူမူကား၊ ရူပုပါဒါနက္ခန္ဓော-ရူပ်ဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာတရားလည်းကောင်း၊ ဝေဒနုပါဒါနက္ခန္ဓော-ဝေဒနာဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာလည်းကောင်း၊ သညုပါဒါနက္ခန္ဓော-သညာဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာတရားလည်းကောင်း၊ သင်္ခါရုပါဒါနက္ခန္ဓော-သင်္ခါရဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာလည်းကောင်း၊ ဝိညာဏုပါဒါနက္ခန္ဓော-ဝိညာဏ်ဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာတရားလည်းကောင်း၊ ဘိက္ခဝေ-ရဟန်းတို့၊ ဣမေ-ဤတရားတို့ကို၊ သံခိတ္တေန-ဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-ဟူ၍၊ ဝုစ္စန္တိ-ဆိုအပ်ကုန်၏။ ဘိက္ခဝေ-ရဟန်းတို့၊ ဣဒံ-ဤတရားသည်၊ ဒုက္ခံ အရိယသစ္စံ-ဒုက္ခ အရိယသစ္စာတည်း။

ရူပုပါဒါနက္ခန္ဓာ

"ရူပ်"ဆိုတဲ့ ဥပါဒါနက္ခန္ဓာတရားတစ်ခု ရှိတယ်တဲ့။ ဝေဒနာက တစ်ခု၊ သညာက တစ်ခု၊ သင်္ခါရက တစ်ခု၊ ဝိညာဏ်က တစ်ခု၊ အဲဒီခေါင်းစဉ်ကလေး ရအောင်လို့ ဒီမှာ "ရူပ်,ဝေ,သညာ၊ သင်္ခါရာ၊ ဝိညာဏ် ဤငါးတန်"လို့ စဉ်တာ။ ပါဠိလို ဆိုလို့ရှိရင် ပါဠိအနက် ထင်ရဖုံးမယ်၊ သူက မလွယ်ဘူး၊ ဟောဒီဆောင်ပုဒ်

http://www.dhammadownload.com

ကလေးနဲ့တော့ လွယ်လွယ်ကလေးပဲ။ "ရူပ် ဝေ သညာ၊ သင်္ခါရာ၊ ဝိညာဏ် ဤငါးတန်" ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ ဒါပဲတဲ့။ ဘာတုံးဆို၊ "ငါ, ငါ့စွာ၊ စွဲနိုင်တာ၊ ဥပါဒါနက်ခန်" ငါပဲ, ငါ့စွာပဲလို့ စွဲနိုင်တဲ့ဟာတွေတဲ့ ဥပါဒါနက္ခန္ဓာငါးပါးပဲတဲ့။ အဲဒါဟာ တရားကိုယ် အစိတ်စိတ်ခွဲလိုက်ရင် ငါးခုရှိတယ်၊ ရူပ်ရှိတယ်၊ ဝေဒနာ ရှိတယ်၊ သညာရှိတယ်၊ သင်္ခါရရှိတယ်၊ ဝိညာဏ်ရှိတယ်၊ ရူပ် ဆိုတာဟာ အထင်ရှား တွေ့နေရတဲ့ တရားတွေပဲ။ သူများတခြားတစ်ပါး လိုက်ရှာနေဖို့ မလိုဘူး။ ကိုယ့် ကိုယ်ထဲမှာ ရှိနေတာပဲ၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်ထဲမှာ ရှိနေတာပဲ။ ကိုယ့်ကိုယ်ကြီးတစ်ကိုယ်လုံး အမြဲတမ်း တွေ့နေရတယ်။ မျက်စိနဲ့လည်း မြင်ရတယ်။ လက်နဲ့ စမ်းသပ်ကြည့်မယ်ဆိုလို့ ရှိရင်လည်း တွေ့ရတယ်။ အဲဒါ ကိုယ်ကောင်ကြီးတစ်ခုလုံးဟာ ရူပ်တရားတွေပဲ။ ရူပ်တွေ အများကြီး စုပေါင်းပြီး တော့ ဖြစ်နေတဲ့ ရူပ်အစုအဝေးတရားတွေ အသေးစိတ် ခွဲမယ်ဆိုရင် ဒီရူပ်တွေက နှစ်ဆယ့်ခုနစ်ပါး ရှိတယ်။ အားလုံးတော့ ရူပ်ဆိုတာ နှစ်ဆယ့်နဲ့ရှစ်ခု ရှိတယ်။

သို့သော်လည်း လူတစ်ယောက်တစ်ယောက်မှာတော့ နှစ်ဆယ့်ခုနစ်ခု ကတော့ အများဆုံးပဲ၊ ဒီထက်တော့ ပိုပြီးတော့ မရဘူး၊ ဘာလို့တုံး ဆိုတော့ ယောကျ်ားမှာ ရတဲ့ရူပ်က မိန်းမမှာရတဲ့ရူပ်နဲ့တွဲ ဒါလေးက တစ်ခုရှိတယ်။ မိန်းမ များမှာသာ ရတဲ့ရူပ် ဣတ္ထိဘာဝဆိုတာ ယောကျ်ားမှာ မရှိဘူး။ ယောကျ်ားများမှာသာ ရတဲ့ရူပ်၊ ပုမ္ဘာဝရူပ် ဆိုတာ မိန်းမတွေမှာ မရှိဘူး၊ ဒီနှစ်ခုက ပုဂ္ဂိုလ် တစ်ယောက်တည်း နှစ်ခုမရနိုင်ဘူး။ အဲဒီတော့ နှစ်ဆယ့်နဲ့ရှစ်ခုထဲက တစ်ခု ကတော့ ရော့နေတာပဲ၊ ယောကျ်ားလည်း (၂၇)ခုပဲ။ မိန်းမလည်း (၂၇)ခုပဲ။ (၂၈)ခု အကုန်လုံး စုပြီးတော့ မရနိုင်ဘူး။ အဲဒီတော့ အသေးစိတ်ခွဲမယ်ဆိုလို့ ရှိရင် ရူပ်ပေါင်း (၂၇)ခု ရှိတယ်။ လူကိုယ်ထဲမှာပဲ ဆယ်ခုလောက်ကတော့ကို ပညတ်ရူပ်တွေပဲ။ ရူပ်အစစ်တွေ မဟုတ်ပါဘူး၊ ပညတ်ရူပ်တွေပဲ။ အဲဒီတော့ (၁၇)ခုလောက်က သူက ပရမတ်ရူပ်တွေ၊ အဲဒီရူပ်တွေအကြောင်းကို အရင်ကတော့ အကျယ်တွေလည်း ဟောပြီးပါပြီ။

ပထဝီ

ဓာတ်က လေးပါး-တဲ့။ ဓာတ်ကြီးလေးပါးရှိတယ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်ကြီးလေးပါး ကိုယ်ထဲမှာ စမ်းသပ်ကြည့်လို့ရှိရင် ခက်မာ ကြမ်းတမ်း

http://www.dhammadownload.com

တဲ့သဘော၊ နူးညံ့တဲ့သဘော၊ အစိုင်အခဲသဘောနဲ့ ကိုယ်ထဲမှာ တွေ့ရတယ်။ အဲဒါတွေက ပထဝီဓာတ်တွေပဲ၊ ဥပမာ - လက်မှာ စမ်းသပ်ကြည့်၊ ခက်မာကြမ်းတမ်းတဲ့သဘောရင်လည်း တွေ့မယ်၊ နူးညံ့တဲ့သဘောရင်လည်း တွေ့မယ်။ လက်ရယ်လို့ဆိုတဲ့ ဝေါဟာရကတော့ ဒါက သူပညတ်လုပ်ထားတာပဲ။ အမှန်ကတော့ ဟိုမှာ ခက်မာကြမ်းတမ်းတဲ့သဘော, နူးညံ့တဲ့သဘော တွေ့ထိရတဲ့ သဘောပဲ ရှိတာပဲ။

အာပေါ

အာပေါ-အရည်သဘော, စိုထိုင်းတဲ့သဘော, ဖွဲ့စည်းတဲ့သဘောဖြစ်တယ်၊ သူက စိုထိုင်းဖွဲ့စည်းပြီးတော့ ထားလို့ ရုပ်တွေ ကွဲမကုန်တာ။ ဆန်မှုန့် ဂျုံမှုန့် ကလေးတွေ တစ်မှုန့်တစ်မှုန့်စီ အသေးလေးတွေ ရှိတယ်။ အဲဒါလေးတွေကို သင့်တော်လောက်တဲ့ရေနဲ့ တစ်ခါတည်း ရောစပ်လိုက်လို့ရှိရင် တစ်ခုနဲ့တစ်ခုနဲ့ ကွဲသွားရော။ အစိုင်အခဲကြီး အတုံးအခဲကြီး ဖြစ်သွားရော၊ တစ်လုံးတည်း ဖြစ်သွားတယ်၊ မကွဲတော့ဘူး။ တစ်ခါနေပူပြန်လှန်းပြီးတော့ ကြိတ်လိုက်လို့ရှိရင် တစ်မှုန့်စီတစ်မှုန့်စီ ပြန်ဖြစ်သွားတယ်။ အဲဒါလိုပဲ ဒီကိုယ်ထဲမှာလဲပဲ ရုပ်အသေးအမွှားလေးတွေကို တစ်ကွဲစီ တစ်ကွဲစီ မကွဲရအောင်လို့ စုပေါင်းပြီးတော့ တွဲထားတဲ့ အစိုဓာတ်သဘော, အရေသဘောဟာ အာပေါဓာတ်ပဲတဲ့။ ကိုယ်ထဲမှာ ဒါရှိလို့ ဒီအာပေါဓာတ်တွေ အကုန်လုံး ခြောက်ခန်းပြီးသွားလို့ရှိရင် တစ်မှုန့်တစ်မှုန့်စီ ခုနကလို ကွဲကုန်မှာ၊ တစ်မှုန့်တစ်မှုန့်စီ ကွဲပြီးတော့ လက်လည်းရှိမှာမဟုတ်ဘူး၊ ဘာမှရှိမှာမဟုတ်ဘူး၊ သူဥစ္စာ တစ်မှုန့်စီဖြစ်ပြီးတော့သွားမယ်။ အဲဒီအာပေါဓာတ်ကလည်း ကိုယ်ထဲမှာ ရှိတာပဲ။

တေဇော

"တေဇောဓာတ်"ဆိုတာ အပူအအေးသဘောဖြစ်တယ်၊ ကိုယ်ထဲမှာ စမ်းကြည့်ရင် ပူတာသော်လည်းကောင်း၊ အေးတာသော်လည်းကောင်း၊ နွေးတာသော်လည်းကောင်း တွေ့မယ်။ အဲဒါ ပူတာ, အေးတာဖြစ်တယ်၊ ပူတာ ပူတာပဲ။ လက်လည်း မဟုတ်ဘူး၊ ခြေလည်း မဟုတ်ဘူး၊ ခေါင်းလည်း မဟုတ်ဘူး၊ အေးတာ အေးတာပဲ။။ နွေးတာလည်း နွေးတာပဲ။ လက်ရယ်၊ ခြေရယ်၊ ခေါင်းရယ်၊ ယောကျ်ားမိန်းမ ဘာမှမဟုတ်ဘူး။ ဒီဥစ္စာ သဘောတရားလေးတွေပဲ။

http://www.dhammadownload.com

ဝါယော

နောက် "ဝါယောဓါတ်"တဲ့၊ တောင့်တင်းလှုပ်ရှားတဲ့သဘောဖြစ်တယ်၊ တောင့်တင်းတာ, လှုပ်ရှားတာဟာ တောင့်တာဟာ တောင့်တာပဲ။ ဥပမာ-လက်ကို ဆန့်တန်းထားလိုက်လို့ရှိရင် လက်ထဲမှာ စိတ်နဲ့ စိုက်ပြီးကြည့်၊ တောင့်နေတာတွေ တွေ့ မယ်၊ တောင့်နေတာတွေ, တင်းနေတာတွေ တွေ့မယ်။ လက်ဆုပ်ထားလိုက် တောင့်နေတာတွေ, တင်းနေတာတွေ လက်ထဲကနေ ထင်ရှားနေတယ်။ အဲဒီတော့ တင်းနေတဲ့သဘောဟာ တင်းတာပဲ၊ လက်လည်း မဟုတ်ဘူး၊ သူ့ဟာ ခြေထောက် လည်း မဟုတ်ဘူး၊ ကိုယ်လဲ မဟုတ်ဘူး၊ ခေါင်းလည်း မဟုတ်ဘူး၊ ယောက်ျားလည်း မဟုတ်၊ မိန်းမလည်း မဟုတ်ဘူး၊ သူ့ဟာ တောင့်တာ တောင့်တာသဘောပဲ။ လက်တွေ ဘာတွေ ကွေးလိုက်၊ ဆန့်လိုက်၊ လှုပ်ရှားလိုက်တဲ့အခါကျတော့ ရွှေ့ရှားတဲ့ သဘောရှိတယ်။ တစ်နေရာက တစ်နေရာ ရွှေ့သွားတယ်။ အဲဒါဟာ ရွှေ့တာ လည်း ရွှေ့တဲ့သဘောပဲ။ ဗိုက်ထဲမှာ အသက်ရှူတော့ကို ဖောင်းလိုက်၊ ပိန်လိုက်နဲ့ လှုပ်ရှားနေတာ ရှိတယ်။ အဲဒီမှာ ရွှေ့ရှားတဲ့သဘော, တောင့်တင်းတဲ့ သဘော တွေလည်း ထင်ရှားပါတယ်။ ဗိုက်ထဲကနေပြီးတော့ အဲဒါဟာ ဝါယောဓာတ်တွေပဲ၊ ရုပ်သဘောတွေပဲ။ ဖောင်းတက်လာတာလည်းပဲ တောင့်တင်းလှုပ်ရှားပြီးတော့ ဖောင်းတက်လာတယ်၊ ပိန်ကျသွားတာလည်းပဲ လှုပ်ရှားပြီးသကာလ ပိန်ကျ သွားတယ်၊ အဲဒါတွေဟာ ဝါယောဓာတ်တွေပဲ၊ သူက တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ပဲတဲ့။

ပြီးတော့ ဝဏ္ဏ၊ ဝန္ဓ၊ ရသ၊ ဩဇာ၊ အဆင်း - မျက်စိနဲ့ မြင်နိုင်တဲ့ သဘော၊ အနံ့ - နှာခေါင်းနဲ့ နံနိုင်တဲ့သဘော၊ အရသာ - လျှာနဲ့သိနိုင်တဲ့သဘော၊ ဩဇာ- အဆီအစေးသဘော၊ အဲဒီရုပ်ကလည်း လေးခုပဲ။ အဲဒါကို "အဝိနိဗ္ဘောဂရုပ် ရှစ်ခု"လို့ ခေါ်တယ်။ ဒါတွေက ဟိုအရင်တုန်းကတော့ ဆောင်ပုဒ်တွေနဲ့ ပေးပြီးပြီ။ ဝိပဿနာအခြေခံတရားတော်ထဲမှာတော့ ဒါတွေအကုန်ပါတယ်။ ရုပ်အကြောင်း တွေ အကျယ်ကြီးပါတယ်။ ဟိုမှာ ခန္ဓာငါးပါးတုန်းက ဟောခဲ့ပြီးသား၊ ခုတော့ ဒီမှာ အကျဉ်းချုပ်ပဲ ဟောရမယ်၊ အကျယ်ပြောနေလို့ မဖြစ်ဘူး၊ အကျယ်ပြော နေရင် ဟိုတုန်းကလိုပဲ တော်တော်နဲ့ ပြီးမှာ မဟုတ်ဘူး။

နောက် 'မျက်စိရုပ်'တဲ့။ မြင်အောင်လို့ အဆင်းရုပ်တွေ ထင်နိုင်အောင် မျက်စိထဲမှာမြင်တဲ့ မျက်စိရုပ်၊ နားရုပ် - အသံထင်နိုင်အောင် နားထဲက ရုပ်၊

http://www.dhammadownload.com

နှာခေါင်းရှပ် - အနံ့ထင်နိုင်အောင်လို့ နှာခေါင်းထဲကကြည်တဲ့ရှပ်, လျှာရှပ် - အရသာထင်နိုင်အောင်လို့ လျှာထဲကကြည်တဲ့ရှပ်၊ ကိုယ်ရှပ် - အတွေ့အထိ တွေ့သိနိုင်အောင်လို့ ကိုယ်ထဲကနေပြီးတော့ ကြည်တဲ့ရှပ်၊ အဲဒါ ငါးခုရှိတယ်။ ဒါဆိုရင် ကိုးခု ရသွားပြီ။ အဲဒီရှပ်တွေဟာ အားလုံး စေ့စေ့ပေါက်ပေါက် လျှောက်ပြီးတော့ တွက်လိုက်မယ်ဆိုလို့ရှိရင် ရှပ်အစစ်တွေက (၁၇)ခုရှိတယ်။ အဲဒီရှပ်တွေဟာ အကုန်လုံး စုပေါင်းပြီးတော့ သူနေရာနဲ့သူ စုပေါင်းပြီးတော့ တည်နေတော့ လက်ပုံသဏ္ဌာန်၊ ခြေပုံသဏ္ဌာန်၊ ခေါင်းပုံသဏ္ဌာန်၊ ကိုယ်ပုံသဏ္ဌာန်နဲ့ ဒီလိုအထည်ဝတ္ထုကြီး ဖြစ်ပြီးတော့ ထင်နေတာကိုး။ ထင်ရှားတွေ့နေရတယ်။ ဘာနဲ့တူတုံးဆိုလို့ရှိရင် လှည်းများလိုပဲ။ မြန်မာပြည်ကတော့ လှည်းထင်ရှားနေတာပဲ၊ လှည်းနဲ့မြောမှ လူတိုင်း လူတိုင်း နားလည်တယ်။ လှည်းဟာ သူ့အစိတ်အပိုင်းနဲ့သူ အဆင်သင့် တပ်ဆင်ထားလို့ရှိရင် လှည်းပဲ။ သူကတော့ တစ်ခုစီ တစ်ခုစီ ဖြုတ်ကြည့်မယ် ဆိုလို့ရှိရင် လှည်းမရှိဘူး။ ဘီးက တခြားဖြုတ်ကြည့်၊ ဝင်ရိုးက တခြားဖြုတ်ကြည့်၊ လှည်းသံက တခြားဖြုတ်ကြည့်၊ ထမ်းပိုးက တခြားဖြုတ်ကြည့်၊ ရန်တိုင်က စိတ်အပိုင်းပဲဖြစ်နေတယ်။ အဲဒါတွေ သူနေရာနဲ့သူ တပ်ဆင်ပြီးထားလိုက်တဲ့အခါကျတော့ လှည်းကြီးဖြစ်နေတယ်။

အဲဒါလိုပဲ ပထဝီဓာတ်ကလည်း သူနေရာနဲ့သူ တစ်ခါတည်း တစ်ကိုယ်လုံး အနံ့အပြား အကုန်လုံးပြည့်နေတယ်။ အာပေါဓာတ်ကလည်း တစ်ကိုယ်လုံး အရေစိမ့်ပြီး ဖွဲ့စည်းတတ်တဲ့သဘောလေး တစ်ကိုယ်လုံး ဖွဲ့တွဲထားတယ်။ တေဇောဓာတ်ကလည်း ကိုယ်ထဲမှာ အနွေးဓာတ်၊ အအေးဓာတ်၊ အပူဓာတ်တွေ တစ်ခါတည်း သူနေရာနဲ့သူ မျှပြီးသကာလ တည်နေတယ်။ ဝါယောဓာတ်ကလည်း တောင့်တင်းမှု၊ လှုပ်ရှားမှုသဘောတွေဟာ တစ်ကိုယ်လုံးမှာ ထောက်ကန်ပြီး သကာလ တည်နေတော့ တစ်ခါတည်း လက်ပုံသဏ္ဌာန်၊ ခြေပုံသဏ္ဌာန်ကြီး၊ ခေါင်းပုံသဏ္ဌာန်ကြီး၊ မျက်နှာပုံသဏ္ဌာန်ကြီး၊ ကိုယ်ပုံသဏ္ဌာန်ကြီး စသည်ဖြင့် ပုံသဏ္ဌာန်ကြီးလိုက် တစ်ခါတည်း အထည်ဝတ္ထုကြီး ထင်ရှားတွေ့ပြီးတော့ နေရတယ်။ အဲဒါဟာ ရှပ်တရားတွေပဲတဲ့။ ဒါအစိတ်အစိတ် တစ်ခုချင်း တစ်ခုချင်း ထုတ်ကြည့်မယ်ဆိုလို့ရှိရင်တော့ ဒီဥစ္စာ ရှာလို့ မတွေ့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး။ ပုံသဏ္ဌာန်အထည်ဖြပ်မရှိဘူး။ တစ်ခုချင်း တစ်ခုချင်းကလေး လျှောက်ကြည့်မယ် ဆိုလို့ရှိရင် ဥပမာ - တောင့်တာကလေးတစ်ခု ဆိုပါတော့ တောင့်တာကလေး

http://www.dhammadownload.com

တစ်ခု ဝါယောဓာတ်ကနေ ပြောပါတော့။ တောင့်တဲ့နေရာကလေးကို စိတ်နဲ့ စိုက်ပြီးတော့ ထားကြည့်၊ အဲဒီထဲမှာ လက်ပုံသဏ္ဌာန်လည်း မဟုတ်ဘူး။ သူက တောင့်တာဟာ တောင့်တာပဲ။ ခြေပုံသဏ္ဌာန်လည်း မဟုတ်၊ ကိုယ်ပုံသဏ္ဌာန်လည်း မဟုတ်၊ ယောကျ်ားပုံသဏ္ဌာန်လည်း မဟုတ်၊ မိန်းမပုံသဏ္ဌာန်လည်း မဟုတ်ဘူး။ အသက်ရှင်နေတဲ့ သတ္တဝါ အကောင်အထည်လည်း မဟုတ်ဘူး။ တောင့်တာက တောင့်တာလေးပဲ ရှိတယ်။

ဒါကြောင့်မို့ သေသေချာချာ ဝိပဿနာအစဉ်လိုက် ရှုမှတ်ပြီးသွားတဲ့ ပုဂ္ဂိုလ်တွေဟာ သမာဓိညာဏ်အားကောင်းလာတဲ့အခါကျတော့ ပုံသဏ္ဌာန်အထည်ဖြပ်တွေ အကုန်လုံးပျောက်သွားတာ။ ယောကျ်ားမိန်းမတွေ ပုံသဏ္ဌာန်အထည်ဖြပ်တွေ အကုန်လုံးပျောက်သွားတာ။ ယောကျ်ားမိန်းမတွေ ပုံသဏ္ဌာန်အထည်ဖြပ်တွေ အကုန်လုံးပျောက်ပြီး သဘောကလေးတွင် တည်နေတာ။ ဖောင်းတယ်၊ ပိန်တယ်၊ အစမှတ်ခါစ ပုဂ္ဂိုလ်ကတော့ ဖောင်းတယ်၊ ပိန်တယ်ဆိုတာ ဗိုက်နဲ့ ကိုယ်နဲ့ ဒီလို ထင်သေးတာပေါ့။ အပြင်က ပုဂ္ဂိုလ်တွေကလည်း သူကို့မှာ ဒီလိုထင်နေလို့ တရား အားထုတ်တဲ့ပုဂ္ဂိုလ်လည်း ဒီလိုထင်လိမ့်မယ်၊ အောက်မေ့ကြတာပဲ။ ဒါပေမယ်လို့ သမာဓိညာဏ်ရင့်လာတဲ့အခါကျတော့ ဒီလိုမဟုတ်ဘူး။ သဘောတရားလေးတွေပဲ ထင်တယ်။ နောက်ကျတော့ အထက်ပိုင်းဘင်္ဂဉာဏ်ဆီကျလို့ရှိရင်ဖြင့် ဖောင်းတဲ့ သဘောလေးပဲ၊ တောင့်တင်းတဲ့သဘောလေးပဲ။ ရွေ့လိုက် ပျောက်လိုက်၊ ရွေ့လိုက် ပျောက်လိုက်၊ တောင့်လိုက် ပျောက်လိုက်၊ တောင့်လိုက် ပျောက်လိုက်၊ တင်းလိုက် ပျောက်လိုက်၊ တင်းလိုက် ပျောက်လိုက် သဘောလေးပဲ။ အထည်ဝတ္ထု ဘယ်ရှာလို့ ရနိုင်မှာတုံး၊ လက်သဏ္ဌာန်၊ ခြေသဏ္ဌာန်၊ ခေါင်းသဏ္ဌာန် ဘာသဏ္ဌာန်မှမရှိဘူး။ သူဟာ တရိပ်ရိပ်နဲ့ ပျောက်နေတဲ့သဘောလေး ရှိနေတယ်။ အဲဒီသဘောလေးတွေ ထင်အောင်လို့ပဲ အခု ဖောင်းတာ ပိန်တာက စပြီး ဒါရခြောက်ပါးမှာ ဒီမှာ ရှုမှတ်ပြီးတော့ နေရတယ်။

ရုပ်တရားစတွေကို ဝိပဿနာညာဏ်ဖြင့် မသိရင် နွဲ့လမ်းစောနေတာပဲ

အဲဒါ ထင်ရှားတွေ့ရတဲ့ ဥစ္စာတွေမှန်သမျှ အကုန်လုံး ရုပ်တရားတွေပဲတဲ့။ ဒီရုပ်တရားတွေကို ဝိပဿနာညာဏ်ဖြင့် အမှန်အတိုင်း မသိနိုင်ကြလို့ရှိရင် ဘာဖြစ်သွားသလဲဆိုတော့ ခုနက ပြောတဲ့ အထင်လွဲပြီးတော့လည်း စွဲလမ်းပါတယ်တဲ့။

http://www.dhammadownload.com

သာယာပြီးတော့လည်း စွဲလမ်းတယ်တဲ့။ ဥပါဒါန်တရားတွေက စွဲလမ်းပြီးတော့ သွားတယ်။ ဥပမာ - လက်ကလေး ကွေးလိုက်တယ် ဆိုပါတော့ လက်ကလေးကွေးလိုက်၊ လှုပ်လိုက်လို့ရှိရင် ဘယ့်နှယ်ထင်သလဲဆိုရင် အဲဒီကွေးလိုက် လှုပ်လိုက် တာဟာ ငါပဲလို့ ထင်နေတာပဲ။ 'ငါကွေးတယ်၊ ငါလှုပ်တယ်၊ ငါကွေးမယ်'လို့ ကြံတယ်။ ငါပဲ ကွေးတယ်၊ မကွေးမီက လက်ကလည်း ဒီရောက်လာတယ်။ အရင်က ရှိနေတဲ့ လက်ပဲ။ ဒီလက်ဟာ ယေယျကတည်းက ရှိနေတဲ့ လက်ပဲ။ ငါပဲ အရင်က တည်းက ရှိနေတာပဲ၊ ဒီလို ထင်နေတယ်၊ အဲဒါဟာ အထင်လွဲတာပေါ့။ တကယ် အမှန်ကတော့ ကွေးမယ်လို့ ကြံတဲ့စိတ်ကလေးက တစ်ခုပဲ၊ ကွေးမယ်လို့ ကြံတဲ့စိတ် ကလေးကြောင့်ဖြစ်တဲ့ ရုပ်ကလေးတွေကလည်း အဆင့်ဆင့် တစ်ခုစီတစ်ခုစီ ကလေးတွေ၊ ကွေးတိုင်း ကွေးတိုင်းဟာ တောင့်တင်းမှု၊ လှုပ်ရှားမှုကလေးတွေ တစ်နေရာက တစ်နေရာကို မရောက်ဘူး။ ဒီနေရာက ရွှေ့လိုက် ပျောက်လိုက်၊ ဟိုနေရာက ရွှေ့လိုက် ပျောက်လိုက်၊ ဒီနေရာက ရွှေ့လိုက် ပျောက်လိုက်၊ ဟိုနေရာက ရွှေ့လိုက် ပျောက်လိုက်၊ တစ်နေရာက တစ်နေရာ မရောက်သွားဘူး။ သူ့နေရာလေးတွင် သူပျောက်ပြီးတော့ လိုက်နေတာ။ မမြဲတဲ့သဘောတွေချည်းထဲပဲ၊ မြဲတည်နေတာ မရှိဘူး၊ ဒီထဲ ပုဂ္ဂိုလ်သတ္တဝါ ဘာမှမရှိဘူး။

အဲဒါကြောင့် သမာဓိဉာဏ်ရင့်လာတဲ့အခါကျတော့ ဒီက ကွေးတယ်၊ မှတ်တဲ့ပုဂ္ဂိုလ်အား ကွေးချင်တယ်။ ကွေးချင်တယ် မှတ်ရင် မှတ်ရင်း မှတ်ရင်းနဲ့ ကွေးချင်တဲ့စိတ်ကလေးတွေ ကွေးချင်ရင်း ပျောက်ရင်း၊ ကွေးချင်ရင်း ပျောက်ရင်း ပျောက်နေတဲ့စိတ်ကလေးတွေဟာပဲ တွေ့ရတယ်၊ ကွေးပြန်တော့လည်း ကွေးတယ်၊ ကွေးတယ်လို့ မှတ်တော့ ရွှေ့လိုက်ရင်း ပျောက်လိုက်ရင်း၊ ရွှေ့လိုက်ရင်း ပျောက်လိုက်ရင်း ဒါပဲ တွေ့ရ။ မြဲတည်နေတာ တစ်ခုမှမရှိဘူး။ ပုဂ္ဂိုလ်သတ္တဝါကောင် တစ်ခုမှမရှိဘူး၊ အဲဒါတွေကို အမှန်အတိုင်း တွေ့ရတယ်။ အဲဒီ မရောက်သေး ခင်ကတော့ အခု ကွေးလိုက်တယ် ဆိုလို့ရှိရင် ငါပဲဆိုပြီး ထင်သွားတယ်။ ယောကျ်ားဖြင့်လည်း ယောကျ်ားပဲ၊ မိန်းမဖြင့်လည်း မိန်းမပဲ၊ ဒီလို ထင်သွား တာပေါ့။ အရင်ကရှိနေတာလည်း ငါပဲ၊ ခုရှိနေတာလည်း ငါပဲ၊ မကွေးခင်ကလည်း ငါပဲ၊ ကွေးတော့လည်း ငါပဲလို့ ဒီလို ထင်တာကိုး။ အဲဒါကွေးတာနဲ့ အတူတူပဲ။ တခြားအမူအရာတွေ ပြုတိုင်း ပြုတိုင်းလည်းပဲ ခေါင်းငဲ့လိုက်၊ မော့လိုက်၊ ကိုယ် ယိမ်းလိုက်၊ ယိုင်လိုက်၊ ထိုင်ရာက ထလိုက်၊ ရပ်လိုက်၊ ရပ်ရာကနေပြီး သွားလိုက်၊

http://www.dhammadownload.com

ညာလှမ်းလိုက်၊ ဘယ်လှမ်းလိုက်၊ အကုန်လုံး ကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်း အဲဒီလိုချည်းပဲ၊ အစွဲအလမ်းတွေ ရောက်နေတယ်။ ရုပ်တရားအပေါ်မှာ ငါလို့ ထင်မြင်စွဲလမ်းနေတယ်။ အဲဒါအထင်လွဲပြီး စွဲလမ်းသွားတာတဲ့။ ဒီလို အထင်လွဲပြီး စွဲလမ်းနိုင်လို့ ဒီကွေးမှု၊ ဆန့်မှု အစရှိတဲ့ ရုပ်တွေကို "ဥပါဒါနက္ခန္ဓာ"လို့ ခေါ်တယ်။

ကွေးလိုက်လို့ရှိရင် အဲဒီကွေးလိုက်တာလေးကိုပဲ ကောင်းတယ်လို့ ထင်ပြန်တာကိုး။ သူက အထူးအထင်ရှားဆုံးကတော့ ပျော်ပျော်ပါးပါးရှိလို့ တကတည်း ကတဲ့, ခုနှစ်တဲ့ပုဂ္ဂိုလ်တွေများ အဲဒါတွေဟာတော့ အသာယာဆုံးပေါ့။ တစ်ခါတည်း လက်နဲ့ ကွေးဆန့်ပြီး လုပ်နေရတာကို တစ်ခါတည်း သူ့ဟာသူ သဘောကျနေတယ်။ ဘေးက ပုဂ္ဂိုလ်တွေကလည်း ကြည့်ပြီး သဘောကျနေတယ်။ ဒီဥစ္စာကတော့ ရုပ်ကို သာယာနေတာ၊ တစ်ခါ ဟောဝမ်းမြောက်ဝမ်းသာနဲ့ တချို့စကား ပြောနေတာတွေ ရှိတယ်၊ ခေါင်းလှုပ်၊ လက်လှုပ်၊ ခြေလှုပ်ပြီးသကာလ အားရပါးရ ပြောနေတာတွေ ရှိတယ်။ လက်တွေ ဘာတွေ ခါပြုရမ်းပြုပြီး တချို့ကလည်း ခေါင်းတွေ ဘာတွေ ငြိမ့်ငြိမ့်ပြီး စကားပြောနေတယ်။ အဲဒီလိုပြောနေတဲ့ပုဂ္ဂိုလ်က ပြောနေတာကို သာယာနေတာ၊ လက်အမူအရာတွေ၊ ကိုယ်အမူအရာတွေ၊ ခေါင်းအမူအရာတွေ ပြုပြင်နေရတာကို သာယာသဘောကျနေတယ်။ အဲဒါကို သာယာပြီးတော့ စွဲလမ်းတာပဲ။ ဒါလည်းပဲ တဏှာ ဥပါဒါန်နဲ့ စွဲလမ်းနေတာ။ တဏှာ ဥပါဒါန်တွေ-နဲ့သာယာစရာကောင်းတယ်လို့ ထင်ပြီးတော့ စွဲလမ်းနေတာ။ အဲဒီလို စွဲလမ်းနိုင်လို့ ဒီလို ရုပ်တရားတွေကို ဥပါဒါန်စွဲလမ်းမှု မဖြစ်အောင်လို့ ဝိပဿနာရှုရတာ။ ဝိပဿနာရှုတယ် ဆိုတာ ဒါပဲ။ "ဝိပဿနာ"ဆိုတာက ကိလေသာ၏ ဖြစ်နေကျ နယ်ပယ်တွေကို ဝိပဿနာဉာဏ်ကနေပြီးတော့ သိအောင်လို့ လုပ်ရတာဖြစ်တယ်၊ ကိလေသာ၏ ဖြစ်ရာဌာနက ဘာလဲဆိုတော့ ဒီဥပါဒါနက္ခန္ဓာငါးပါးပဲ။ ကိလေသာ ဖြစ်ရင် ဒီဥပါဒါနက္ခန္ဓာငါးပါးမှာ ဖြစ်တာပဲ၊ ဝိပဿနာဉာဏ်ဖြစ်ရင်လည်း ဒီဥပါဒါနက္ခန္ဓာငါးပါးမှာ ဖြစ်ရမှာပဲ။ ကိလေသာတွေ ဖြစ်နေရင်တော့ ဝိပဿနာ မဖြစ်နိုင်ဘူးပေါ့၊ ဝိပဿနာဖြစ်နေရင်လည်း ကိလေသာမဖြစ်နိုင်ဘူး။

လူဆစ်ကိုယ်သာ ဝင်နိုင်ထွက်နိုင်တဲ့ ဇံခါးပေါက်လို့ပါပဲ

ဥပမာအားဖြင့် တံခါးပေါက်ကနေပြီးတော့ ဝင်ကြ, ထွက်ကြတယ်။ လူ တစ်ယောက်တည်းသာ ဝင်နိုင်, ထွက်နိုင်တဲ့ တံခါးဆိုလို့ရှိရင် အတွင်းက လူက

http://www.dhammadownload.com

ထွက်နေရင် အပြင်က မဝင်နိုင်ဘူး။ အပြင်က လူက ဝင်နေလို့ရှိရင် အတွင်းက မထွက်နိုင်ဘူး။ အဲဒါလိုပဲ ဒီဥပါဒါနက္ခန္ဓာငါးပါးတရားတွေ အာရုံပြုပြီးတော့ တဏှာဝိဋ္ဌအစရှိသော ကိလေသာတွေ စွဲလမ်းတဲ့တရားတွေ ဖြစ်နေတယ်။ အဲဒီလို စွဲလမ်းနေတဲ့အခါမှာဆိုရင် ဝိပဿနာဉာဏ်က မဖြစ်နိုင်ဘူး၊ ဝိပဿနာဉာဏ်က ရှုမှတ်ပြီးတော့ ရုပ်တရား နာမ်တရား အဖြစ်အပျက်တွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ သိနေလို့ရှိရင်လည်း ဥပါဒါန်တရားတွေက မဖြစ်ဘူး၊ သူတို့က ပြောင်းပြန် ဆန့်ကျင်ဘက်တရားတွေပဲ၊ အပူနဲ့အအေးလိုပဲ၊ အမှောင်နဲ့အလင်းလိုပဲ၊ အလင်း လာရင် အမှောင်ပျောက်တာပဲ၊ အမှောင်ရောက်တယ်ဆို အလင်းမရှိတော့ဘူး။ အပူလာရင်လည်း အအေးမရှိဘူး။ အအေးလာရင်လည်း အပူမရှိဘူး။ အဲဒါလိုပဲ တဏှာဝိဋ္ဌအစရှိသော ကိလေသာတွေက စွဲလမ်းပြီးတော့ ဖြစ်နေလို့ရှိရင် ဒီအခိုက်အတန့်မှာ ဝိပဿနာဉာဏ်တွေ မဖြစ်ဘူး၊ ဝိပဿနာဉာဏ်က ရှုပြီးတော့ အဖြစ်အပျက်တွေ သိနေတယ် ဆိုလို့ရှိရင်လည်း အဲဒီကိလေသာတွေ မဖြစ်ရဘူး။ အဲဒါကြောင့် ဒီရုပ်နာမ်တရားတွေ ထင်ရှားဖြစ်တိုင်းဖြစ်တိုင်း ကိလေသာနဲ့ မစွဲလမ်းနိုင်အောင်လို့ နောက်က လိုက်ပြီး ဝိပဿနာက ရှုရတာ။

အခု ဖောင်းတယ်ဆိုရင် မရှုရင် ဘာဖြစ်မလဲ၊ ဖောင်းတက်လာတာကိုက ငါပဲလို့ ဆိုရမှာကိုး။ 'ငါ့ဗိုက်ပဲ၊ ငါပဲ၊ ငါ့ကိုယ်ပဲ' ဒီလိုစွဲလမ်းမယ်။ ပြီးတော့ အဲဒီဖောင်းပိန်ပြီး လှုပ်ရှားနေတဲ့ ဥစ္စာကိုပဲ ကောင်းတယ်လို့ ထင်ပြီးတော့ သဘောထဲကျနေမယ်၊ ကိုယ့်ကိုယ်လေးကို အားရသဘောကျနေမယ်၊ တဏှာနဲ့ စွဲလမ်းတယ်။ အဲဒီတဏှာဝိဋ္ဌန့်ပါးနဲ့ စွဲလမ်းနိုင်တဲ့တရားတွေ ဖြစ်လို့ ဒီဖောင်းပိန် နေတဲ့ ဥစ္စာဟာလည်းပဲ ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ ကွေးဆန့်နေတာ ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ လှုပ်ရှားနေတာ ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ ထိုင်နေတာ ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ ထနေတာ ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ ကိုယ်အမူအရာတစ်ခုတစ်ခု ပြုနေတာ ရုပ်ဥပါဒါနက္ခန္ဓာပဲ။ နောက် မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကိုယ်တို့ ဆိုတာတွေလည်း ရုပ်ဥပါဒါနက္ခန္ဓာတွေပဲ။ အဲဒီရုပ်ဥပါဒါနက္ခန္ဓာတရားတွေဟာ ဒုက္ခသစ္စာတရား တွေပါပဲတဲ့။ ဒါတွေ ဘာဖြစ်လို့ ဒုက္ခသစ္စာတရားတွေပဲဆိုရင် ဘဝအသစ်ဖြစ်ပြီး ဆင်းရဲတယ် ဆိုတာ ဒီရုပ်တွေပဲ၊ ရုပ်မရှိဘဲနဲ့ ဘဝအသစ် မဖြစ်ဘူး အိုပြီး၊ ဆင်းရဲရတယ် ဆိုတာ ဒီရုပ်တွေပဲ။

http://www.dhammadownload.com

နောက် ဒုက္ခ ဒေါမနဿ,က ဒုက္ခအရနဲ့ ကိုယ်နာကျင်တယ်ဆိုတဲ့အရက ရောဂါဝေဒနာတွေဖြစ်ပြီး ဆင်းရဲရတာ ဒီရုပ်တွေပဲ၊ ရုပ်မရှိရင် ဘယ်ကလာပြီး ဖြစ်နိုင်မလဲ၊ ရောဂါမဖြစ်နိုင်ဘူး။ သေရတယ်ဆိုတာလည်း ဒီရုပ်တွေရှိလို့ သေရတာ။ စိုးရိမ်ပူဆွေးရတယ် ဆိုတာလည်း ဒီရုပ်တွေရှိလို့၊ သူများရုပ်တွေလည်း ရှိလို့၊ အဲဒါတွေ အကြောင်းပြုပြီးတော့ စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ရတယ်။ ငိုကြွေးရတယ်ဆိုတာလည်း ဒီရုပ်တွေရှိလို့ ကိုယ်ထဲမှာ ဆင်းရဲအမျိုးမျိုးတွေနဲ့ တွေ့ရတဲ့ ဥစ္စာ ကိုယ်ကြီးရှိလို့ပေါ့၊ ကိုယ်ရုပ်ကြီးမရှိဘဲ ဘယ်ကလာ ဆင်းရဲရှိနိုင်မလဲ။ စိတ် ဆင်းရဲရတယ် ဆိုတာလည်း ဒီကိုယ်ကို မှီပြီးတော့ ဒီရုပ်ရှိလို့ မှီပြီးတော့ ဖြစ်ရတာ။ ရုပ်မရှိဘဲနဲ့ ဘယ်ဖြစ်နိုင်မလဲ။ အဲဒါကြောင့် ရှေ့ကပြခဲ့တဲ့ "ဇာတိပိ ဒုက္ခာ-ဖြစ်အိုသေရေး" အစရှိတဲ့ ဆယ့်တစ်ပါးသော ဒုက္ခတွေဟာ ဒီဥပါဒါနက္ခန္ဓာတရားတွေရှိလို့ ဖြစ်ရတာပဲ၊ ဒီဥပါဒါနက္ခန္ဓာငါးပါးတရားတွေသည်ပင်လျှင် ဆင်းရဲအစစ်တွေပါပဲတဲ့။ ဒီထဲက အရင်းအမြစ်စစ်လိုက်လို့ရှိရင် ဒီဥပါဒါနက္ခန္ဓာငါးပါးတရားတွေဟာ ဆင်းရဲတရားတွေပဲတဲ့။ သူတို့ရှိလို့ ဘဝအသစ် ဖြစ်ရတယ်။ သူတို့ရှိလို့ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ စိုးရိမ်ပူဆွေးရတယ်၊ ကိုယ်ဆင်းရဲဖြစ်တယ်၊ သူတို့ရှိလို့ အကုန်လုံးဖြစ်ပေါ်ပြီးတော့ လာရတယ်တဲ့။ ဒါကြောင့် ဥပါဒါနက္ခန္ဓာငါးပါးတရားတွေဟာ ဆင်းရဲတွေပဲလို့ ဒီလိုသိရမှာကိုး။ ဒါ အခု ရုပ်ဥပါဒါနက္ခန္ဓာ အကြောင်း အကျဉ်းချုပ် သိပုံပဲ။ အကျယ်ကတော့ အရင်က ဟောပြီးပြီ။

ဓာတုမါတိနက္ခန္ဓာ

ဝေဒနာအကြောင်း ပြောကြဦးစို့ရဲ့၊ "ဝေဒနာ"ဆိုတာဟာ ကောင်းတဲ့ ဝေဒနာ ရှိတယ်၊ မကောင်းတဲ့ဝေဒနာ ရှိတယ်။ အတိုချုပ်အားဖြင့်တော့ နှစ်ခုပါပဲ။ "ဥပေက္ခာဝေဒနာ"ဆိုတာကတော့ သိမ်မွေ့တယ်၊ ကောင်းတဲ့အပိုင်းထဲ ထည့်ထားပါတော့၊ သူက ကောင်းတဲ့ဝေဒနာကို "သုခသမ်းသာ"လို့ ခေါ်တယ်။ မကောင်းတဲ့ ဝေဒနာကို "ဒုက္ခဆင်းရဲ"လို့ ခေါ်တယ်။ ဒုက္ခဆင်းရဲလို့ ခေါ်တဲ့ ဝေဒနာကတော့ ဘယ်သူမှ မကြိုက်ကြပါဘူး၊ မကြိုက်ပေမယ်လို့ မိမိသန္တာန်မှာဖြစ်လို့ရှိရင်တော့ ငါပဲလို့ ထင်ပြီးတော့ သာယာမှုကတော့ ရှိတယ်။ ဒီဒုက္ခပေါ်မှာကို သာယာမှု ရှိနေတယ်။ ငါပဲလို့ ထင်ပြီးတော့ ဒီဒုက္ခကလေးကို ငါဆင်းရဲနေတယ်။ ဆင်းရဲတာကို မကြိုက်ဘူး၊ မကြိုက်ပေမယ်လို့ ကိုယ်ပဲလို့ ထင်ပြီးတော့ အတွင်း

http://www.dhammadownload.com

ဘက်အနေနဲ့ အဲဒီအပေါ်မှာ သာယာမှုကတော့ ရှိနေတယ်။ ငါပဲဆိုပြီးတော့ သာယာသိမ်းပိုက်မှုတော့ ရှိနေတယ်။ သုခဝေဒနာ - ကောင်းတဲ့ ခံစားမှုတွေ ကျတော့ကို တကယ်ကို သာယာနှစ်သက်မှုတွေ ဖြစ်နေတာပဲ။ မြင်လို့ ကောင်းတာ၊ ကြားလို့ ကောင်းတာ၊ နံလို့ ကောင်းတာ၊ စားလို့ ကောင်းတာ၊ တွေ့ထိလို့ ကောင်းတာ၊ စိတ်ကူးစဉ်းစား ကြံစည်ပြီးတော့ ဝမ်းမြောက်ဝမ်းသာစရာတွေ၊ ပျော်စရာတွေ လျှောက်ပြီး စဉ်းစားပြီးတော့ ကောင်းနေတာ။ စိတ်ကူးပြီး ကောင်းနေတာတွေကို ချမ်းသာတွေလို့ ခေါ်တာပဲ။ အဲဒါတွေကျတော့ သတ္တဝါတွေက အကုန်လုံး သာယာနှစ်သက် သဘောကျနေကြတယ်။ ဒီချမ်းသာကလေး လိုလို့ပဲ လိုက်လိုက်နေကြတာပဲ။

အမြင်ကောင်းတွေ မြင်ရအောင်၊ အကြားကောင်းတွေ ကြားရအောင်၊ အနံ့ကောင်းတွေ နံရအောင်၊ အရသာကောင်း စားရအောင်၊ အတွေ့အထိ ကောင်းတွေ တွေ့ထိရအောင်၊ စိတ်ကူးထဲမှာ အမြဲတမ်း ပျော်နေရအောင် ဆိုပြီးတော့ အစစအရာရာ ပြည့်စုံအောင်လို့ နေ့မအား၊ ညမအား လိုက်ပြီးတော့ ရှာနေကြတယ်၊ ကြောင့်ကြမျာပါဒ စိုက်နေကြတယ်။ အဲဒီဝေဒနာတွေဟာ တဏှာနဲ့ရ သာယာပြီးတော့ စွဲလမ်းနေပါတယ်၊ ဒီဌိနဲ့လည်း အထင်မှားပြီးတော့ စွဲလမ်းနေပါတယ်။ တဏှာနဲ့ သာယာနေတာကတော့ ကောင်းတဲ့ ဝေဒနာတွေအပေါ်မှာ အထူးထင်ရှားပါတယ်။ မကောင်းတဲ့ ဝေဒနာတွေလည်းပဲ ကိုယ့်မှာ ဖြစ်လာလို့ ရှိရင် ငါပဲဆိုပြီးတော့ ပုဂ္ဂိုလ်အနေနဲ့ သိမ်းပိုက်ပြီးတော့ သာယာမှု ရှိနေပါတယ်။ ကိုယ့်ကိုယ်ပဲ ဆိုပြီးတော့ မကောင်းတဲ့ ဝေဒနာဆိုပြုပြင်ဖို့ပဲ၊ လုံးလုံးကြီး ပျောက်သွားဖို့ရာတော့ သူက အလိုမရှိဘူး၊ သာယာသိမ်းပိုက်မှုက ရှိနေတယ်။ ပြီးတော့ ဒီဌိနဲ့ စွဲလမ်းမှုကတော့ဖြင့် ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် ခံစားမှု ဝေဒနာတွေကို ငါပဲလို့ ထင်နေတယ်၊ ငါကောင် သတ္တဝါကောင်အနေနဲ့ မြင်လို့ ကောင်းသွားတာလည်း ငါပဲ၊ မြင်လို့ မကောင်းသွားတာလည်း ငါပဲ၊ ကြားလို့ ကောင်းသွားတာလည်း ငါပဲ၊ ကြားလို့ မကောင်းသွားတာလည်း ငါပဲ။ ဒွါရခြောက်ပါးက အာရုံခြောက်ပါးနဲ့ တွေ့ပြီးတော့ ကောင်းသွားတာလည်း ငါပဲ။ ငါ ကောင်းသွားတာလို့ ထင်တာပဲ၊ မကောင်းသွားပြန်လို့ ရှိရင်လည်း ငါပဲ။ ငါဆင်းရဲတယ်ဆိုပြီးတော့ ဒီလို စွဲလမ်းနေတာကိုး။ အဲဒါ အထင်မှားပြီးတော့ ဒီဌိနဲ့ စွဲလမ်းနေတာ။

http://www.dhammadownload.com

အဲဒီစွဲလမ်းမှုတွေ မဖြစ်ရအောင်လို့ ဒီဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း လည်း ဒါ ရှုရ, မှတ်ရတာကိုး။ ကိုယ်ထဲမှာ ဆင်းရဲဖြစ်လာလို့ရှိရင် ညောင်းတာ၊ ပူတာ၊ နာကျင် ကိုက်ခဲတာတွေကို "ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ်၊ နာတယ် နာတယ်၊" စသည်ဖြင့် ရှုရ, မှတ်ရတယ်၊ မရှုမမှတ်လို့ရှိရင် အဲဒီ ညောင်းတာ ပူတာလေးကိုက ငါပဲလို့ ထင်တယ်။ ညောင်းတာ ပူတာတွေ, ကောင်း စားစေချင်တဲ့စိတ်တွေ, တောင့်တမှုတွေ နောက်လိုက်ပြီးတော့ သာယာမှုတွေလည်း ဖြစ်လာတယ်။ အဲဒါတွေ မဖြစ်ရအောင်လို့ ညောင်းတိုင်း၊ ပူတိုင်း၊ နာတိုင်း၊ ကျင်တိုင်း တစ်ခါတည်း ဝေဒနာလေးတွေ စိုက်ပြီးတော့ ရှုရတယ်။ ရှုလို့ သမာဓိ ဉာဏ်အားကောင်းလာတဲ့အခါကျတော့ ညောင်းတဲ့သဘောလေးတွေ၊ နာတဲ့ သဘောလေးတွေဟာ သဘောတရားအနေအားဖြင့် ထင်လာတယ်။ ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း မမြဲတဲ့တရားတွေ, ဆင်းရဲတရား တွေ, ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေ, အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရား တွေဟာ ကိုယ်ပိုင်ဉာဏ်နဲ့ ပိုင်းခြားပြီးတော့ သိလာတယ်။ အဲဒီလို သိအောင်လို့ အားထုတ်ရတယ်။ ကောင်းတဲ့ခံစားမှုတွေနဲ့ စပ်ပြီးတော့လည်း ကိုယ်ထဲမှာဖြစ်ဖြစ်၊ စိတ်ထဲမှာဖြစ်ဖြစ် ကောင်းတာကလေးတွေ ပေါ်လာရင် ဒါ ရှုရ, မှတ်ရတာပဲ။ ဝမ်းမြောက်ဝမ်းသာတွေ အထူးအားဖြင့်တော့ ဝမ်းသာရင် "ဝမ်းသာတယ်၊ ဝမ်းသာတယ်"လို့ မှတ်ရတယ်။ ကိုယ်ထဲက အတွေ့အထိတွေ ကောင်းလို့ ရှိရင်လည်း "ကောင်းတယ် ကောင်းတယ်"လို့ ရှုမှတ်ပြီး သိအောင် အားထုတ် ရတယ်။ အဲဒါတွေကို မသိလို့ရှိရင် အဲဒါတွေကို တဏှာနဲ့ သာယာပြီး သဘော ကျတယ်။ ငါပဲလို့လည်း ထင်ပြီးတော့ ဒိဋ္ဌနဲ့လည်း စွဲလမ်းပြီးသွားတယ်။ အဲဒီ တဏှာဒိဋ္ဌနဲ့ မစွဲလမ်းနိုင်အောင်လို့ တစ်ခါတည်း ဒီအကောင်းအဆိုးကလေးတွေ ပေါ်တိုင်းပေါ်တိုင်း ဝေဒနာကလေးတွေ ရှုရတယ်တဲ့။ ဒါကို ဝေဒနာနုပဿနာ ခန်းမှာ အကျယ်ဟောခဲ့ပြီ။

သညူပါဒါနက္ခန္ဓာ

သညာ-မှတ်သားမှု-တဲ့၊ အတူတူပါပဲ။ သညာက မှတ်သားမှု ထိုထိုအာရုံ တွေကို မှတ်မိတာတွေဟာ ငါပဲလို့ ထင်နေတယ်၊ ငယ်ငယ်တုန်းကစပြီးတော့ မှတ်သိလာတွေ အခုပြန်စဉ်းစားလိုက်တော့ ပေါ်နေတယ်။ အဲဒါ ငါပဲလို့ ထင်

http://www.dhammadownload.com

နေတယ်၊ အရင်က မြင်ဖူးဒါလေးတွေ ပြန်ပြီး စဉ်းစားလိုက်ရင် ပေါ်နေတယ်။ အဲဒါ ငါပဲလို့ ထင်နေတယ်။ အရင်က တွေ့ဖူး, သိဖူးတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့လို့ မှတ်မိပြန်လည်း ငါပဲလို့ ထင်နေတယ်။ အဲဒါ သညာကို ငါထင်နေတာ။ အဲဒီလို မှတ်မိတာလေးတွေကိုပဲ အကောင်းထင်နေတာ။ ငါအမှတ်ကောင်းတယ်၊ ငါက သတိကောင်းတယ်၊ ငါက ဉာဏ်ကောင်းတယ် မမေ့ဘူး၊ အဲဒီလိုဟာလေးတွေ သာယာနေပြန်ရော၊ အဲဒီသာယာတာလည်း တဏှာနဲ့ သာယာပြီး စွဲလမ်းနေတာ။ အမှန်ကတော့ သညာဟာ ငါလည်း မဟုတ်ဘူး၊ အမြဲတမ်းလည်း ရှိနေတာ မဟုတ်ဘူး၊ သာယာစရာလည်း မဟုတ်ဘူး၊ အရင်တုန်းက မှတ်မိတာ၊ အရင်တုန်းက ပျောက်သွားပြီး အခုမှတ်မိတာက အသစ်အသစ်တွေပဲ။ ဒီမှာ သာယာစရာလည်း မရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်မှတ်စွဲလမ်းစရာလည်း မရှိဘူး။ အဲဒါလေးတွေ သိအောင်လို့ အဲဒီမှတ်သားမှုလေးတွေလည်း ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ပြီးတော့ ပိုင်းခြားပြီးတော့ သိရတယ်။

သစ်ရွှေပါစိနုက္ကမ

သစ်ရ-အားထုတ်မှုတွေ၊ အဲဒီအားထုတ်မှုတွေကတော့ ကွေးတိုင်း, ဆန့်တိုင်း, သွားတိုင်း, လာတိုင်း, လှုပ်ရှားတိုင်း, ကိုယ်အမူအရာပြုတိုင်း, စိတ်အမူအရာပြုတိုင်းဟာ စိမံခန့်ခွဲနေတဲ့ သဘောလေး ရှိတယ်၊ ကွေးလိုက် ကွေးလိုက်၊ ဆန့်လိုက် ဆန့်လိုက် မဆိုသော်လည်း ဆိုတိုသက့ဲသို့ပဲ၊ ကွေးချင်တဲ့သဘောလေးတွေ, ဆန့်ချင်တဲ့သဘောလေးတွေ, လှုပ်ရှားချင်တဲ့ သဘောလေးတွေ, ပြုပြင်ချင်တဲ့ သဘောလေးတွေ, စေ့ဆော်တိုက်တွန်းမှုလေးတွေ ပေါ်နေတယ်။ အဲဒါ သစ်ရတွေပဲ။ အဲဒါတွေလည်းပဲ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်နေတယ်။ ငါကပဲ လုပ်နေတယ်၊ အောက်မေ့တယ်၊ ကွေးအောင်လို့ ငါက လုပ်နေတယ်။ ဆန့်အောင်လို့ ငါက လုပ်နေတယ်။ ထိုင်အောင်၊ သွားအောင်၊ လာအောင် ငါက လုပ်နေတယ်။ အကုန်လုံး အမူအရာတွေ ငါပဲ လုပ်နေတယ်လို့ ဒီလိုထင်နေတယ်။ ပြီးတော့လည်း ဒါကို စိမံခန့်ခွဲလုပ်နေတာကိုပဲ ကောင်းတယ်လို့ ထင်ပြီးတော့ သာယာနှစ်သက်သဘောကျနေတယ်။ တဏှာဒိဋ္ဌိနဲ့ စွဲလမ်းနေပုံက ကိုယ့်ကိုယ်ထဲမှာ ဒီလို စွဲလမ်းနေတာ။

http://www.dhammadownload.com

ဝိညာဏ်ပါဒါနက္ခန္ဓာ

ဝိညာဏ်-တဲ့၊ 'ဝိညာဏ်'ဆိုတာ သိတာပဲ။ မြင်ပြီး သိတယ်၊ ကြားပြီး သိတယ်၊ နံပြီး သိတယ်၊ စားပြီး သိတယ်၊ တွေ့ထိပြီး သိတယ်၊ စိတ်ကူးစဉ်းစားကြံစည်ပြီး သိတယ်၊ အဲဒီသိနေတဲ့အသိကလေးတွေလည်းပဲ ငါကောင် သတ္တဝါကောင်အနေအားဖြင့် ထင်မှတ်စွဲလမ်းတယ်၊ သိနေတာလေးတွေ ပျောက်သွားမှာ သိပ်စိုးရိမ်တယ်၊ သာယာသဘောကျနေတယ်။ အဲဒါ တဏှာဒိဋ္ဌိနဲ့ စွဲလမ်းနေပုံတဲ့။ အဲဒီလို တဏှာဒိဋ္ဌိနဲ့ စွဲလမ်းအပ်တဲ့ တရားတွေဟာ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေပဲတဲ့။ ဒီဥပါဒါနက္ခန္ဓာငါးပါးတရားတွေဟာ ဒုက္ခတရား ဆင်းရဲချည်းပဲ။ ဘဝအသစ်ဖြစ်ပြီးတော့ ဆင်းရဲရတာ ဒီခန္ဓာငါးပါးရှိလို့ပဲ၊ ဒီခန္ဓာငါးပါးမရှိဘဲနဲ့ ဘယ်ကလာပြီး ဘဝသစ်ဖြစ်နိုင်မလဲ။ လူခန္ဓာငါးပါးရှိလို့ လူဖြစ်လာတယ်၊ လူတစ်ဘဝလုံး ဆင်းရဲဒုက္ခတွေ တွေ့ရတယ်။ လူခန္ဓာငါးပါးရှိပြီးတော့ နေရတဲ့အတွက် လူအိုကြီးဖြစ်ရတယ်၊ အဖိုးအို၊ အဖွားအိုကြီးတွေ ဖြစ်ပြီး ဆင်းရဲရတယ်။ လူခန္ဓာ ငါးပါးရှိတဲ့အတွက် မကျန်းမမာ ရောဂါဝေဒနာတွေ ဖြစ်ရတယ်၊ အနာရောဂါဝေဒနာအမျိုးမျိုးတွေ ဖြစ်ရတယ်၊ ဒုက္ခတွေ ရောက်ရတယ်။ ဒီလူ ခန္ဓာငါးပါးရှိနေတဲ့အတွက်ကြောင့် တစ်နေ့ကျလို့ရှိရင် သေရတယ်၊ လူခန္ဓာငါးပါးရှိပြီးတော့နေတဲ့အတွက်ကြောင့် မတွေ့ချင်တာ ဒါတွေနဲ့ တွေ့ပြီးတော့ စိုးရိမ်ရတယ်၊ ပူရတယ်၊ ဆွေးရတယ်၊ လွမ်းရတယ်၊ ငိုကြွေးရတယ် ဟုတ်လား။ ကိုယ်ထဲမှာ ဆင်းရဲဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ရတယ်။ စိတ်ထဲမှာလည်းပဲ စိတ်နှလုံးမသာဖြစ်ပြီး ဆင်းရဲဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ရတယ်။

ခန္ဓာငါးပါးရှိနေလို့ ဒုက္ခတွေဖြစ်နေရတာပဲ

အဲဒီဆင်းရဲတွေဟာ ဘယ်ကလာသလဲဆိုတော့ လူခန္ဓာငါးပါးတွေ ရှိနေလို့တဲ့။ ဒီခန္ဓာငါးပါးအရင်းခံတွေ ရှိနေလို့၊ ဒီခန္ဓာငါးပါးတွေ နုတ်ပစ်လိုက်လို့ရှိရင် ဘာမှ သူကတော့ စိတ်ဆင်းရဲတွေ မပေါ်နိုင်ဘူး။ ဥပမာအားဖြင့် နိုင်တဲ့ပုဂ္ဂိုလ်တွေကပေါ့လေ၊ ဆိုပါတော့ လူနဲ့မပြောပါနဲ့၊ ဥပမာတစ်ခုနဲ့ ပြောမယ်... နွားဆိုပါတော့ ဟုတ်လား၊ နွားကို မသနားမညှာတာတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဖမ်းပြီး ရိုက်နှက်၊ ရိုက်နှက်တော့ကို ရိုက်တိုင်း ရိုက်တိုင်း ဒီနာကျင်မှုတွေ ခံရတာကိုး၊ ဒီလိုနာကျင်မှုတွေ ခံရတာဟာ ဘာကြောင့်တုံးဆို သူ့ရုပ်ကိုယ်ကြီး

http://www.dhammadownload.com

ရှိနေလို့ပဲ။ နွားမှာ နွားရုပ်ကိုယ်ကြီးရှိတဲ့အတွက် ဒီနွားကို နဖားကြိုးနဲ့ တပ်ပြီး ချည်ထားလို့ ရတယ်။ အကယ်၍သာ ရုပ်ကိုယ်ကြီးမရှိလို့ရှိရင် ဘယ်ချည်လို့ရမလဲ။ ဖမ်းထားလို့လည်း မရ၊ ဆွဲလာလို့လည်း မရဘူး။ သိမ်းထားလို့လည်း မရဘူး။ ရိုက်လို့လည်း မရဘူး။ ရုပ်ကိုယ်ကြီး မရှိလို့ရှိရင် ဝေဒနာဆိုတဲ့ နာကျင်တတ်တဲ့ သဘောမရှိဘူး။ သညာဆိုတဲ့ မှတ်သားတတ်တဲ့သဘော မရှိဘူး။ စိတ်ဆိုတဲ့ အသိ မရှိဘူးဆိုလို့ရှိရင်လည်း ဘာမှဖြစ်မှာမဟုတ်ဘူး။ အခုတော့ ရုပ်ကလည်း ရှိတယ်။ သိတတ်တဲ့နာမ်ကလည်း ရှိတယ်၊ ရုပ်ရော, နာမ်ရော နှစ်ခုရှိနေတော့ သူဟာ ဒုက္ခရောက်ရတာကိုး။ ရုပ်နာမ်ရှိတဲ့အတွက် ဒီနွားက ဒုက္ခရောက်ရတယ်။

အဲဒါလိုပဲ သတ္တဝါတွေမှာ ဘဝမှာဖြစ်ပြီးတော့ အမျိုးမျိုးသော ဒုက္ခတွေနဲ့ တွေ့ရတယ်၊ ကိုပြီးတော့ ဆင်းရဲအမျိုးမျိုးနဲ့ တွေ့ရတယ်၊ နာပြီးတော့ ဆင်းရဲအမျိုးမျိုးနဲ့ တွေ့ရတယ်၊ သေပြီး ဆင်းရဲနဲ့ တွေ့ရတယ်၊ စိုးရိမ်ပူဆွေးပြီးတော့ ဆင်းရဲနဲ့ တွေ့ရတယ် ဆိုတဲ့ ဒီဆင်းရဲတွေဟာ ဘယ်ကလာတုံးဆိုလို့ရှိရင် ခန္ဓာငါးပါးတွေ ရှိနေလို့တဲ့။ အဲဒီခန္ဓာငါးပါးဟာ ဆင်းရဲကြောင်းတရားတွေပဲ။ သူတို့ကြောင့် ဆင်းရဲနေတာ။ ဒါကြောင့်မို့ သူတို့ကို "ဒုက္ခသစ္စာ"ခေါ်တာ။ ဒီခန္ဓာငါးပါးတွေ ရှိနေသမျှ ကာလပတ်လုံးဟာ ဒုက္ခတွေတွေ့နေမှာပဲ။ ဒုက္ခလုံးလုံး ကင်းချင်လို့ ရှိရင် ဒီခန္ဓာငါးပါးမရှိမှ ဖြစ်မှာ။ ဒီခန္ဓာငါးပါးတွေ ရှိနေရင်တော့ ချမ်းသာမှု မဖြစ်နိုင်ဘူး။ လူဘဝမှာ ခန္ဓာငါးပါးရှိနေရင် လူဆင်းရဲတွေနဲ့ တွေ့ရမှာပဲ။ နတ်ဘဝမှာ ခန္ဓာငါးပါးရှိနေရင် နတ်ဒုက္ခတွေ တွေ့ရမှာပဲ။ ဗြဟ္မာဘဝဖြစ်လို့ရှိရင် ဗြဟ္မာဒုက္ခ တွေ့မှာပဲ။ ဘာပြုလို့တုံးဆိုတော့ ဒီခန္ဓာငါးပါးတွေက ဆင်းရဲ၏ တည်ရာတွေ ဖြစ်နေတာကိုး။ ဆင်းရဲအမျိုးမျိုး၏ တည်ရာတွေ ဖြစ်ပြီးတော့ ဒုက္ခတွေက မကင်းနိုင်ဘူးတဲ့။ အဲဒါကို သိအောင်လို့ ဒီမှာ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"တဲ့။ အကျဉ်းအားဖြင့်ဆိုလို့ရှိရင်တော့ ဥပါဒါနက္ခန္ဓာငါးပါးဟာ ဆင်းရဲတွေပါပဲတဲ့။

ဒီရုပ်တရားတွေရှိနေတာ ဆင်းရဲပဲတဲ့။ နာမ်တရားတွေ ရှိနေတာတွေလည်း ဆင်းရဲပဲတဲ့၊ ဒါကို ဒီမှာ ဟောထားတယ်။ "မရတာလို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်" တဲ့။ တိုတိုပြောရမယ်ဆိုလို့ရှိရင် "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်"၊ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတရားတွေဟာ ဒုက္ခသစ္စာတရားပဲတဲ့။ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါးတရားတွေကလည်း ဘယ်မှာရှိတာတုံးဆို ကိုယ့်ကိုယ်ထဲမှာ ရှိနေတာတဲ့။ တခြားမှာ ရှိနေတာ မဟုတ်ဘူး၊ မြင်တိုင်း မြင်တိုင်း စွဲလမ်းနေတဲ့ ခန္ဓာငါးပါးတွေဟာ

http://www.dhammadownload.com

ဖြစ်နေတယ်၊ ကြားတိုင်း ကြားတိုင်းလည်း စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတရားတွေ ဖြစ်နေတယ်။ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း၊ စိတ်ကူးစဉ်းစားကြံစည်နေတိုင်း စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတွေ ဖြစ်နေတယ်။ မြင်တဲ့အခါကလေးတစ်ခု ဆိုပါတော့ မြင်တာလေးတစ်ခု နည်းနည်းပြောမယ်။ မြင်တဲ့အခါမှာ မျက်စိက ရှုပ်ပဲ၊ မြင်ရတဲ့အဆင်းကလည်း ရှုပ်ပဲ။ မျက်စိကိုလည်း ငါကောင်သတ္တဝါကောင်အနေနဲ့ ထင်မှတ်ပြီး စွဲလမ်းတယ်၊ မြင်ရတဲ့ အဆင်းကိုလည်း ပုဂ္ဂိုလ်သတ္တဝါကောင်အနေနဲ့ ထင်မှတ်ပြီးတော့ စွဲလမ်းတယ်၊ မျက်စိကိုလည်းပဲ ကောင်းတယ်လို့ ထင်ပြီး သာယာတယ်။ မြင်ရတဲ့အဆင်းကိုလည်း "လှပတယ်၊ တင့်တယ်တယ်"ဆိုပြီး ထင်ပြီး သာယာတယ်။ တဏှာဒိဋ္ဌိနဲ့ စွဲလမ်းနေပုံ၊ ရှုပ်ခန္ဓာမှာ စွဲလမ်းပုံပဲ။

နာမ်တရားအစပေါ်မှာ စွဲလမ်းတာ

တစ်ခါမြင်သိတယ်ဆိုတဲ့ နာမ်တရား၊ အဲဒီနာမ်တရားတွေအပေါ်မှာလည်း မြင်သိတယ်ဆိုတဲ့ဥစ္စာကိုလည်းပဲ ကောင်းတယ်လို့ ထင်ပြီးတော့ သာယာတာလည်း ရှိတယ်၊ မြင်သိတာလေးဟာ ငါပဲလို့ ထင်ပြီးတော့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ထင်မှားစွဲလမ်းတာလည်း ရှိတယ်၊ တဏှာဒိဋ္ဌိနဲ့ မြင်သိတယ်ဆိုတဲ့ နာမ်တရားလေးအပေါ်မှာလည်း သူစွဲလမ်းနေတယ်။ အဲဒီမြင်သိတာလေးကို သရုပ်ခွဲလိုက်လို့ရှိရင် ဝေဒနာပါတယ်၊ သညာပါတယ်၊ သင်္ခါရပါတယ်၊ ဝိညာဏ်ပါတယ်၊ ဒါဟာ လေးခုဖြစ်တယ်၊ မြင်ကာ သိကာမျှသဘောကလေးက ဝိညာဏကွန္ဓာ ခေါ်တယ်။ မြင်ရတဲ့အာရုံ အကောင်းအဆိုးလိုက်ပြီးတော့ ကောင်းသွားလိုက် ဆိုးသွားလိုက်၊ မြင်တာကောင်းရင် ကောင်းတဲ့အာရုံ မြင်ရတဲ့အခါမှာ မြင်လို့ ကောင်းသွားတယ်။ မကောင်းတဲ့အာရုံ မြင်လို့ရှိရင်လည်း မကောင်းသွားတယ်။ အဲဒါ ဝေဒနာပဲ၊ မြင်ရ တဲ့အာရုံ မှတ်သားတာကလေးက သညာ၊ မြင်အောင်လို့ စေ့ဆော်အားထုတ်ပြီးတော့ ပေးတဲ့သဘောလေး ရှိတယ်။ မြင်ကောင်းအောင်လို့ စူးစိုက်ပြီးတော့ ကြည့်တာ တို့ နှလုံးသွင်းတာတို့ စေ့ဆော်အားထုတ်ပေးတဲ့သဘောလေးက သင်္ခါရ။ အဲဒီတော့ မြင်မှုကလေးထဲမှာကို ဥပါဒါနက္ခန္ဓာလေးပါ ပါနေတယ်။ အဲဒါ နာမ်ဥပါဒါနက္ခန္ဓာလေးပါးပဲ။ သူ့ကို ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့်လည်း ထင်မှားပြီးတော့ စွဲလမ်းပါတယ်။ ပြီးတော့ ကောင်းတဲ့အနေအားဖြင့်လည်း သာယာပြီး စွဲလမ်းပါတယ်တဲ့။

http://www.dhammadownload.com

မြင်တာလေးကို ကောင်းတယ်ထင်လို့ပဲ၊ အကောင်း ထင်ပြီး သာယာပြီးတော့ စွဲလမ်းတယ်။ ဒါကြောင့် မို့ မြင်မှုကလေးထဲမှာ ဥပါဒါနကွန္ဓာငါးပါး ပါဝင်ပြီးတော့နေတယ်။ ဒါကြောင့် မြင်မှုကလေးကို မြင်တိုင်းမြင်တိုင်း ဥပါဒါနကွန္ဓာ ငါးပါး သိအောင်လို့ ဝိပဿနာရှုရတာ၊ အဲဒါ ဒုက္ခသစ္စာတရားပဲ။

ဒုက္ခသစ္စာတရားကို ပိုင်းခြားသိရမယ်

ဒုက္ခံ ပရိညေယျံ၊ ဒုက္ခံ-ဒုက္ခသစ္စာကို၊ ပရိညေယျံ-ပိုင်းခြားရှုသိရာ၏။

ဒုက္ခသစ္စာကို ပိုင်းခြားသိရမယ်-တဲ့။ ဒုက္ခသစ္စာတရားတွေ အစနဲ့အဆုံးနဲ့၊ သူ့သဘောရင်းနဲ့၊ ဖြစ်မှုနဲ့ပျက်မှုနဲ့၊ မမြဲတဲ့သဘောနဲ့၊ ဆင်းရဲတဲ့သဘောနဲ့၊ အနတ္တသဘောနဲ့ အဲဒါတွေ ပိုင်းခြားပြီးသကာလ သိရမှာကိုး။ ဒုက္ခသစ္စာတရားတွေ ပိုင်းပိုင်းခြားခြား သေသေချာချာ သိရမယ်လို့ ဆိုလိုတယ်။ အခုမြင်တဲ့ အခိုက်အတန့်မှာ ဖြစ်ပေါ်သွားတဲ့တရားတွေဟာ ရုပ်ပဲဖြစ်ဖြစ်၊ နာမ်ပဲဖြစ်ဖြစ် ဒါတစ်ခုပဲ ဖြစ်လာတယ်၊ ပြီးရင် ပျောက်သွားတယ်၊ မမြဲတဲ့တရားပဲ၊ ဆင်းရဲတရားပဲ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ သဘောတရားပဲလို့ ဆိုတာကို ပိုင်းပိုင်းခြားခြား သိရမှာ။ အဲဒီလို သိရအောင်လို့ မြင်တိုင်း မြင်တိုင်း သူ့ကို မြင်တယ်လို့ ရှုပြီးတော့ မှတ်နေရတယ်။ ရှုမှတ်ပြီးတော့ သိရမယ်။ ထို့အတူ ကြားတာတွေ၊ နံတာတွေ၊ စားတာတွေ၊ တွေ့ထိတာတွေ၊ ကွေးတာ၊ ဆန့်တာတွေ အကုန်လုံး အတူတူချည်းပဲ။

ကွေးတာ, ဆန့်တာ ဆိုပါတော့ ကွေးတာ, ဆန့်တာက နည်းနည်းနှေးလည်လွယ်တယ်။ ကွေးတဲ့, ဆန့်တဲ့အခါကာလမှာ ကွေးမယ်လို့ ကြံလိုက်တာကလေးက နာမ်တရားပဲ။ ကွေးလိုက် လှုပ်လိုက်တဲ့ ဥစ္စာကလေးက ရုပ်တရား၊ ကွေးလိုက် လှုပ်လိုက်တဲ့ ရုပ်တရားက ရုပ်ဥပါဒါနကွန္ဓာပဲ။ ကွေးလိုက်, လှုပ်လိုက်တဲ့ ရုပ်တရားကို ငါလို့လည်း ထင်တယ်၊ ကွေးလိုက် လှုပ်လိုက်တာ ကောင်းတယ်လို့လည်း သာယာတယ်၊ တဏှာဒိဋ္ဌိနဲ့ စွဲလမ်းတယ်၊ ဝိပဿနာနဲ့ အနီစ္စ၊ ဒုက္ခ၊ အနတ္တ မသိလို့ရှိရင် အဲဒီကွေးလှုပ်ရှားလိုက်တဲ့ သဘောကလေးကိုပဲ ကောင်းတယ်လို့ ထင်ပြီး သာယာသွားနိုင်တယ်၊ ငါပဲလို့ ထင်ပြီးတော့လည်းပဲ စွဲလမ်းပြီး သွားနိုင်တယ်၊ အဲဒီလို အထင်လွဲပြီး သာယာပြီး စွဲလမ်းနိုင်လို့ အဲဒီကွေးမှု, လှုပ်ရှားမှုတွေဟာ ဥပါဒါနကွန္ဓာပဲ၊ ကွေးမယ်လို့ ကြံတဲ့ စိတ်ကလေးလည်းပဲ ထို့အတူပဲ။ အဲဒါလေး ငါပဲလို့လည်း အထင်မှားပြီးတော့ စွဲလမ်းနိုင်တယ်။

http://www.dhammadownload.com

ကောင်းတယ်လို့ ထင်ပြီးတော့လည်း သာယာစွဲလမ်းနိုင်တယ်။ အဲဒါကြောင့် ကွေးမယ်လို့ ကြံတဲ့စိတ်ကလေးဟာလည်း ဥပါဒါနကွန္ဓာပဲ။ အဲဒီဥပါဒါနကွန္ဓာ တရားတွေ, ဒုက္ခသစ္စာတရားတွေ ပိုင်းခြားသိရအောင် ဒါ ကွေးတိုင်း။ ကွေးတိုင်း။ ကွေးချင်တာလေးရော၊ ကွေးတာလေးရော သိအောင် ကွေးတယ်၊ ကွေးတယ်၊ ဆန့်ရင်လည်း ဆန့်တယ် ဆန့်တယ်လို့ ဒါတွေကို မှတ်ရတာကိုး။ သွားတိုင်း၊ လာတိုင်း၊ လှုပ်ရှားတိုင်း အကုန်လုံး ဒီလိုချည်းပဲ။ သဘောအားဖြင့် အတူတူပဲ။

စိတ်ကူး စဉ်းစားကြံစည်တဲ့အခါကာလမှာလည်းပဲ "စိတ်ကူးစဉ်းစားကြံစည်တယ်"ဆိုတာက ဒါနာမ်ခန္ဓာတွေပဲ၊ စိတ်ကူး စဉ်းစား ကြံစည်မှု၏ တည်ရာဖြစ်တဲ့ ရုပ်ကိုယ်ကြီးက ရုပ်ခန္ဓာပဲ၊ အဲဒီမှာလည်းပဲ ခန္ဓာငါးပါးပဲ။ အဲဒီခန္ဓာငါးပါးတရားတွေ သိအောင်လို့သာ စိတ်ကူး စဉ်းစား ကြံစည်တိုင်းလည်း ရှုမှတ်ပြီး ပိုင်းခြားပြီးတော့ သိရတယ်။ အဲဒါဟာ ဥပါဒါနကွန္ဓာငါးပါး ဒုက္ခသစ္စာတရားတွေပဲတဲ့။ အခု ယောဂီတွေ ရှုပြီးတော့နေကြတဲ့ ဥစ္စာဟာ အဲဒီဒုက္ခသစ္စာတရားတွေ ရှုပြီးတော့ နေကြရတာ။ ဖောင်းတယ်၊ ပိန်တယ်လို ရှုလို့ရှိရင် ရုပ် ဥပါဒါနကွန္ဓာ ရှုနေတာပဲ။ ကွေးတယ်၊ ဆန့်တယ်လို့ ရှုလို့ရှိရင်လည်း ရုပ် ဥပါဒါနကွန္ဓာတွေ ရှုနေတာပဲ။ ထိုင်တယ်၊ ထတယ်၊ သွားတယ်၊ လာတယ်၊ လှုပ်ရှားတယ်၊ ကိုယ်အမူအရာတွေ ရှုတိုင်း ရှုတိုင်းဟာ ရုပ်ဥပါဒါနကွန္ဓာတွေ ရှုနေရတာပဲ။ ဒီထဲကနေပြီးတော့ စိတ်ကူးစဉ်းစားကြံစည်တာကလေးတွေ ရှုလို့ရှိရင် အဲဒါနာမ် ဥပါဒါနကွန္ဓာ ရှုတာ၊ ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာတွေ ရှုရင် ဝေဒနာ ဥပါဒါနကွန္ဓာပဲ။ အဲဒါလို ရှုနေတာပဲ။ ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ဘယ်ဟာပဲရှုရှု ရုပ်နဲ့နာမ်တစ်ခုခုကိုတော့ ရှုမိနေတာ၊ ရုပ်ဥပါဒါနကွန္ဓာ၊ နာမ် ဥပါဒါနကွန္ဓာတစ်ခုခုကို ရှုမိနေတာ။ အဲဒါဥပါဒါနကွန္ဓာတရား ဒုက္ခသစ္စာတရားတွေကို ပိုင်းခြားသိအောင်လို့ ရှုပြီးတော့နေကြတာတဲ့။ အဲဒါတွေကို သိဖို့ရာပဲ။

တတိယဝဋ္ဋ ဆိတွဝေ ဆံဒိဏ္ဍေန ပဋ္ဌပါဒါနကွန္ဓာ ဒုက္ခာ၊

အကျဉ်းအားဖြင့် ဥပါဒါနကွန္ဓာတရားငါးပါး ဆင်းရဲတရားတွေ ဆိုတာ ဘယ်ဟာလဲလို့ မေးပြီးတော့ "သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော - ရုပ်ဥပါဒါနကွန္ဓာက တစ်ခု-တဲ့၊ ဝေဒနာဥပါဒါနကွန္ဓာက တစ်ခု-တဲ့၊ သညာဥပါဒါနကွန္ဓာက တစ်ခု-တဲ့၊ သင်္ခါရဥပါဒါနကွန္ဓာကတစ်ခု-တဲ့။ ဝိညာဏဥပါဒါနကွန္ဓာကတစ်ခုတဲ့၊

http://www.dhammadownload.com

ဒီဥပါဒါနက္ခန္ဓာငါးခုပါပဲတဲ့။ အဲဒီငါးခုကို ခေါင်းစဉ်နဲ့ မှတ်ရအောင်လို့ ဒီက ဆောင်ပုဒ်ကလေး ပေးထားတယ်။ ကဲ . . . ဆိုပါဦး၊ ကောင်းတော့ အလွန်ကောင်းတဲ့ ဥစ္စာကလေး -

* **စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုတွပင်။** (ဆို သုံးခေါက်)

စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတရားတွေ မျက်စိက မြင်တိုင်းမြင်တိုင်း စွဲလမ်းနိုင်တယ်၊ အဲဒါ ဒုက္ခသစ္စာတရားတွေပဲ။ နားက ကြားတိုင်းကြားတိုင်း စွဲလမ်းနိုင်တယ်၊ နှာခေါင်းက နံတိုင်း၊ လျှာက စားသိတိုင်း၊ ကိုယ်က တွေ့ထိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း၊ စိတ်ကူးစဉ်းစားကြံစည်တိုင်း၊ စွဲလမ်းနိုင်တယ်။ ဘယ်လို စွဲလမ်းနိုင်သလဲဆိုရင် ငါကောင်သတ္တဝါအနေအားဖြင့် ထင်မှားပြီးတော့ စွဲလမ်းနိုင်တယ်။ ကောင်းတယ်လို့ ထင်ပြီးကော့ သာယာပြီးတော့လည်း စွဲလမ်းနိုင်တယ်။ တဏှာဒိဋ္ဌိနှစ်ခုနှင့် စွဲလမ်းနိုင်တာ၊ ဒါကြောင့်မို့ "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်"လို့ ဥပါဒါန်စွဲလမ်းမှုဟာ နှစ်မျိုးရှိတယ်လို့ ဆိုလိုတယ်။

ဒွါရခြောက်ပါးမှာ ထင်မြင်လာတဲ့အာရုံကို မရှုနိုင်ရင် သာယာစွဲလမ်းနေကြမှာပဲ။ ကဲ . . . ဆိုကြမယ်။

* **ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။** (ဆို သုံးခေါက်)

အထင်လွဲသာယာ - ပုဂ္ဂိုလ်သတ္တပါအနေအားဖြင့် အထင်လွဲတာကို "ဒိဋ္ဌိဥပါဒါန်"လို့ ခေါ်တယ်။ သာယာတယ်၊ နှစ်သက်တယ်၊ သဘောကျတယ်၊ ဒါကို "တဏှာဥပါဒါန်"လို့ ခေါ်တယ်။ အဲဒီလို အထင်လွဲတာနဲ့သာယာတာ၊ ဒါနှစ်ခုဟာ စွဲလမ်းမှု နှစ်ခုပဲတဲ့၊ ဥပါဒါန်နှစ်မျိုးပဲတဲ့။ အဲဒီ ဥပါဒါန်နှစ်မျိုးနဲ့ စွဲလမ်းတဲ့ဥစ္စာကို "ဥပါဒါနက္ခန္ဓာ" ခေါ်တာပဲ။ မြင်ဆဲခဏမှာ ရုပ်တရားတွေကို ငါကောင် သတ္တဝါ ကောင်အနေအားဖြင့် ထင်တယ်၊ ကောင်းတယ်လို့ ထင်ပြီးတော့ သာယာ နှစ်သက် သဘောကျတယ်။ အဲဒီရုပ်တရားတွေဟာ ဥပါဒါနက္ခန္ဓာ။ မြင်ဆဲခဏမှာ မြင်သိသွားတဲ့ နာမ်တရားတွေထဲမှာ ဝေဒနာ၊ သညာ၊ သခီါရ၊ ဝိညာဏ် လေးမျိုးပါတယ်။ အကျဉ်းချုပ်တော့ နှစ်မျိုးပဲ ဆိုကြပါစို့၊ ရုပ်နဲ့နာမ်နဲ့ နှစ်ခုပဲလို့ ဆိုပါစို့။ အစိတ်အပိုင်းတွေ များတော့ မှတ်ရတာ ခက်တယ်။ မြင်ဆဲခဏမှာ မြင်သိမှု နာမ်ခန္ဓာတွေကို ငါလို့ ထင်သွားပြန်တယ်၊ ဒိဋ္ဌိနဲ့ စွဲလမ်းသွားပြန်တယ်။ ဒီလို အကုန်လုံး ထင်နေတာ။ တရားသဘောကို သေသေချာချာ မသိသေးတဲ့ပုဂ္ဂိုလ်တွေက အဲဒီလို

http://www.dhammadownload.com

ထင်နေတာ။ စဉ်းစားတိုင်းစဉ်းစားတိုင်း တစ်ခါတည်း မြင်နေတာတွေဟာ ငါပဲ၊ ကြားနေတာတွေဟာလည်း ငါပဲ၊ နံ့, စား, တွေ့, ထိ အကုန်လုံး သိနေတာတွေဟာ အကုန်လုံး ငါတွေပဲ ထင်နေတယ်၊ ငါကပဲ အကုန်လုံး လျှောက်သိနေတယ်။ ဒီလို အောက်မေ့တာ၊ ပြီးတော့ အဲဒါတွေ သာယာနှစ်သက် သဘောကျနေတယ်။ မြင်ရတာတွေလည်း သဘောကျ၊ ကြားရတာလည်း သဘောကျ၊ နံရတာလည်း သဘောကျ၊ စားရတာလည်း သဘောကျ၊ တွေ့ထိရတာတွေလည်း သဘောကျနေတာပဲ။ အဲဒီ တဏှာဒိဋ္ဌိနဲ့ စွဲလမ်းနှိုင်လို့ အဲဒီတရားတွေကို ဥပါဒါနက္ခန္ဓာ ခေါ်တယ်။ ဒုက္ခသစ္စာတရားတွေပဲ။ ဒါတွေကို ပိုင်းခြားသိရမှာ၊ ဒါတွေ ပိုင်းခြား သိရမှာ။ ကိုင်းကိုင်း ဆိုစမ်းပါဦး . . . .

* **မြင်ဆဲခဏ၌၊ မျက်စိနဲ့အဆင်းက၊ ရုပ်ဥပါဒါနက္ခန္ဓာ၊ မြင်တာသိတာက နာမ်ဥပါဒါနက္ခန္ဓာ** (ဆို သုံးခေါက်)

မြင်ဆဲခဏမှာ လူကိုယ်ထဲက ရှိတာ မြင်ချင်လည်း မြင်မယ်၊ အပြင်က ဟာ မြင်ချင်လည်း မြင်မယ်။ အဲဒါ ရုပ်ဥပါဒါနက္ခန္ဓာပဲတဲ့။ ရုပ်ဥပါဒါနက္ခန္ဓာဆိုရင် ဒုက္ခသစ္စာ ဒုက္ခဆင်းရဲပဲ။ ဒါအကြောင်းပြုပြီးတော့ ဆင်းရဲမယ်။ မျက်စိအကြောင်း ပြုပြီးတော့ ဆင်းရဲတယ်၊ မြင်ရတဲ့အဆင်း အကြောင်းပြုပြီးတော့ ဆင်းရဲပေါ်လာမယ်၊ မြင်တာ သိတာတဲ့၊ မြင်တာရယ်၊ သိတာရယ်၊ အဲဒါ မြင်ပြီး သိတာလည်း ရှိတယ်။ နောက်က ဆက်စဉ်းစား သိတာလည်း ရှိတယ်။ ဒါကြောင့် မြင်တာ, သိတာက နာမ်ဥပါဒါနက္ခန္ဓာပဲ။ သူကတော့ ခွဲမယ်ဆိုလို့ရှိရင် ဒီထဲမှာ ဝေဒနာပါတယ်၊ သညာပါတယ်၊ သင်္ခါရပါတယ်၊ ဝိညာဏ် ပါတယ်၊ အစိတ် အစိတ်တွေခွဲရင် ရှည်နေမယ်။ တိုတိုပဲ။ မြင်တာ, သိတာက နာမ်ဥပါဒါနက္ခန္ဓာ၊ နာမ်ဥပါဒါနက္ခန္ဓာဆိုရင် ဒါလဲပဲ ဒုက္ခသစ္စာပဲ။ သူ့အကြောင်းပြုပြီးတော့ ဆင်းရဲမယ်၊ နာမ်တရားအကြောင်းပြုပြီးတော့ မြင်သိမှုအကြောင်းပြုပြီးတော့ သူဆင်းရဲလိမ့်မယ်တဲ့၊ ဒီလိုလည်း မြင်နိုင်တယ်။ သူလည်း ဖြစ်ပြီး ပျောက်လို့ ဆင်းရဲပါပဲ။ သို့သော်လည်း သူတော့ သိပ်မထင်ရှားသေးဘူး၊ ထားပါအုံးတော့ သူ့အကြောင်း ပြုပြီး ဆင်းရဲတွေ ပေါ်လာနိုင်တယ်တဲ့။

ဒါကြောင့် မြင်တဲ့ခဏမှာ သူမှာ ရှိတာက ဘာရှိသလဲဆိုတော့ မျက်စိရယ်၊ အဆင်းရယ်၊ မြင်သိတာရယ်၊ ဒီသုံးခုပဲ ရှိတယ်။ အဲဒီသုံးခုဟာ အကုန်လုံး ဥပါဒါန

http://www.dhammadownload.com

ကွန္ဒာတွေချည်းပဲ။ ဒီသုံးခုကို ဝိပဿနာဉာဏ်နဲ့ အမှန်အတိုင်း မသိရင် ဘာတွေ ထင်သလဲ ဆိုတော့ ငါပဲလို့ ထင်တယ်၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ထင်တယ်၊ မြဲတည် နေတယ်လို့ ထင်တယ်၊ ချမ်းသာနေတယ်လို့ ထင်တယ်၊ ကောင်းနေတယ်လို့ ထင် တယ်၊ သာယာနှစ်သက်ပြီးတော့ နေတယ်လို့ အဲဒီတဏှာဒိဋ္ဌိနဲ့ စွဲလမ်းပြီးတော့ နေပါတယ်။ အဲဒီလို တဏှာဒိဋ္ဌိနဲ့ စွဲလမ်းနေလို့ ဒါကို "ဥပါဒါနက္ခန္ဓာ"ခေါ်တယ်။ ဒီဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ ဆင်းရဲတရားပဲ၊ အဲဒီဆင်းရဲတရားကို ပိုင်းခြားသိရမှာကိုး။ ဒါကြောင့်မို့ မြင်တိုင်းမြင်တိုင်း ရှုရတာ၊ မြင်တိုင်းမြင်တိုင်း မြင်ဆဲခဏမှာ ပေါ်တဲ့တရားလေးတွေ မြင်ပြီးရင်း ပျောက်သွားရင်း၊ မြင်ပြီးရင်း ပျောက်သွားရင်း သိအောင်လို့ ရှုရတယ်။ ထို့အတူ ကြားဆဲမှာလည်း ဒီအတိုင်းပဲ၊ နားနဲ့အသံက ရုပ်ဥပါဒါနက္ခန္ဓာ၊ ကြားတာ သိတာက နာမ်ဥပါဒါနက္ခန္ဓာပဲ။ ကဲ တစ်ခေါက်စီပဲ ဆိုသွားမယ်။ ဒါတွေက လွယ်ပါပြီ။

* **ကြားဆဲခဏ၌ နားနဲ့အဆံက ရုပ်ဥပါဒါနက္ခန္ဓာ၊**
ကြားတာ သိတာက နာမ်ဥပါဒါနက္ခန္ဓာ၊
နံဆဲခဏ၌ နှာခေါင်းနှင့်အနံ့က ရုပ်ဥပါဒါနက္ခန္ဓာ၊
နံတာသိတာက နာမ်ဥပါဒါနက္ခန္ဓာ၊
စားဆဲခဏ၌ လျှာနဲ့အရသာက ရုပ်ဥပါဒါနက္ခန္ဓာ၊
အရသာကို သိတာက နာမ်ဥပါဒါနက္ခန္ဓာ၊
တွေ့ထိဆဲခဏ၌ ကိုယ်နဲ့အတွေ့အထိက ရုပ်ဥပါဒါနက္ခန္ဓာ၊
ထိတာ သိတာက နာမ်ဥပါဒါနက္ခန္ဓာ၊ (ဆို သုံးခေါက်)

ကိုယ်က တွေ့ထိတဲ့အခါကာလတွေ ဟုတ်လား၊ တွေ့ထိတဲ့အခါကာလတွေ ဆိုတာ ပြည့်လို့ပဲ၊ တစ်ကိုယ်လုံး အများကြီးပဲ။ သူက တွေ့ထိတာတွေ ဘယ်အချိန် မဆိုလည်း ရှိနေတာပဲ။ ကိုယ်ထဲ အတွေ့အထိတွေကတော့ အဝတ်အစားတွေနဲ့ လည်း တွေ့ထိနေတာပဲ၊ လေတွေနဲ့လည်း တွေ့ထိနေတာပဲ။ ကိုယ့်ကိုယ် အချင်း ချင်းလည်း တွေ့ထိနေတာပဲ။ ကိုယ်ထဲကနေပြီးတော့ ပါးစပ်ထဲက ဆိုပါတော့ လျှာနဲ့ ဘာနဲ့လည်း ဒီလိုတွေ့ထိနေတာတွေ ရှိတာပဲ။ လည်ချောင်းထဲက တွေ့ထိ နေတာတွေ ရှိဟယ်၊ အူထဲက တွေ့ထိနေတာတွေ ရှိတယ်၊ အသည်းထဲက တွေ့ထိ နေတာ ရှိတယ်။ အသွေးထဲက နေပြီးတော့ ကိုယ်ထဲမှာ ဘယ်နေရာဖြစ်ဖြစ်

http://www.dhammadownload.com

တွေ့ထိနေတာတွေ ရှိနေတာပဲ။ ရှိးရှိးရွရွလေးတွေ အထိလေးတွေ ဖြစ်နေတာ။ ကိုယ်ဆိုတာကတော့ တွေ့ထိရာ ဌာနလေးပဲ၊ တွေ့ထိရာဌာနရုပ်၊ ကိုယ်အကြည်ရုပ်ကလေးဆိုတာ ရှိတယ်။ မှန်မှားလိုပဲ သူက အတွေ့အထိ ထင်ပေါ်ရာလေး၊ အတွေ့အထိဆိုတာ တွေ့ထိရတဲ့သဘော, တွေ့ထိရတဲ့သဘောက အကောင်းအဆိုး အမျိုးမျိုးရှိတယ်။ ကိုယ်ရုပ်နဲ့တွေ့ထိရတဲ့ အာရုံနှစ်ခုက ရုပ်ဥပါဒါနကွန္ဓာပါပဲ။

အထိအသိကလေးတွေ ရှိတယ်။ သိပြီးတော့ ထိသွားတာလေးတွေ ကောင်းကောင်းတွေ့ထိပြီး သွားတာ ရှိတယ်။ ဆိုးဆိုးတွေ့ထိသွားတာ ရှိတယ်။ အဲဒီအထိအသိကလေးတွေကတော့ နာမ်ဥပါဒါနကွန္ဓာတွေ ဒါတွေလဲ ဒုက္ခသစ္စာတရားတွေပဲ။ ကွေးတယ်၊ ဆန့်တယ်၊ သွားတယ်၊ ထိုင်တယ်၊ ထတယ် စသည်ဖြင့် ကိုယ်အမူအရာတွေ မှတ်တဲ့ဟာ ဒီအတွေ့အထိတွေ မှတ်နေတာပဲ။ ဝိုက်က ဖောင်းတယ်၊ ပိန်တယ်၊ မှတ်တာလည်း အတူတူပဲ။ ဖောင်းတယ်၊ ပိန်တယ် မှတ်နေတော့ ဝိုက်ထဲကနေ အတွေ့အထိ မှတ်နေတာ။ ဝိုက်ထဲကရှိတဲ့ရုပ်နဲ့၊ ဝိုက်ထဲမှာရှိတဲ့ ကိုယ်ရုပ်နဲ့၊ ဝိုက်ထဲမှာရှိတဲ့ တောင့်တင်းလှုပ်ရှားတဲ့ရုပ်နဲ့ ထိနေတာကိုး။ ထိလို့ပဲ ဝိုက်ထဲကနေပြီး တောင့်ရင် တောင့်တယ်၊ တင်းရင် တင်းတယ်၊ လှုပ်ရှားရင် လှုပ်ရှားတယ်၊ ဒါ သိနေတာပဲ။ ကိုယ်ရုပ်နဲ့ အတွေ့အထိရုပ်တွေက ရုပ်ဥပါဒါနကွန္ဓာပဲ။ အဲဒီမှာ ဝိုက်ထဲကနေပြီးတော့ ထိသိနေတာလေးတွေဟာ နာမ်ဥပါဒါနကွန္ဓာပဲ။

ဥပါဒါနကွန္ဓာတွေ သိစအောင်လို့ ရှုမှတ်ရတာပဲ

အဲဒီ ဥပါဒါနကွန္ဓာတွေ သိအောင်လို့ ဖောင်းတယ်၊ ပိန်တယ်၊ ဒါ ရှုမှတ်နေတာ။ ဒုက္ခသစ္စာတရားတွေ ပိုင်းခြားသိအောင်လို့ ရှုရတာ၊ စိတ်ကူး စဉ်းစား ကြံစည်ဆဲခဏ ရောက်လာပြီး စိတ်ကူးစဉ်းစားကြံစည်ဆဲခဏကျတော့ စိတ်ကူးမှု၏ တည်ရာက ရုပ်ပဲ။ စိတ်ကူးတယ် ဆိုတာ ရုပ်မရှိဘဲနဲ့ သက်သက်မဲ့ ကောင်းကင်မှာ စိတ်ကူးလို့ မဖြစ်၊ ရုပ်ကို မှီပြီးတော့ စိတ်ကူးတွေဟာ ဖြစ်နေတာ။ စိတ်ကူးစဉ်းစားကြံစည်ဆဲခဏမှာ အဲဒီစိတ်ကူးစဉ်းစားကြံစည်မှု၏ တည်ရာဖြစ်တဲ့ ရုပ်က ရုပ်ဥပါဒါနကွန္ဓာပဲ။ ရုပ်ကိုယ်ကြီး တစ်ကိုယ်လုံးဆိုမယ်ဆိုလည်း ဆိုနိုင်ပါတယ်။ ဟဒယဝတ္ထုရုပ်ဆိုပြီး နှလုံးရုပ်ကလေးတွင် ဒီအတိုင်းကောက်ရင်လည်း ကောက်ပေါ့လေ။ စိတ်ကူးစဉ်းစားကြံစည်မှုရဲ့တည်ရာဖြစ်တဲ့ ရုပ်က ရုပ်ဥပါဒါနကွန္ဓာ၊

http://www.dhammadownload.com

စိတ်ကူးစဉ်းစားကြံစည်မှုက နာမ်ဥပါဒါနကွန္ဓာ၊ ဥပါဒါနက္ခန္ဓာတရား ငါးပါးတွေ ချည်းပဲ။ ကိုင်း . . ဒါလေး ဆိုပါဘုံး။

* **ကြံဆိဆဲခဏ၌ ကြံဆိမှုဏ နာမ်ဥပါဒါနကွန္ဓာ၊**
ကြံဆိမှု၏တည်ရာရုပ်က ရုပ်ဥပါဒါနကွန္ဓာ၊ (ဆို သုံးခေါက်)

ကြံသိဆဲခဏမှာ ကြံတိုင်းကြံတိုင်း ဒါကြောင့်မို့ ရှုရတာ။ မရှုရင် ဘာဖြစ်သလဲဆိုရင် ကြံသိတာလေးပဲ။ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်တယ်။ ကြံသိတာလေး ကောင်းတယ်လို့ ထင်ပြီး သာယာသဘောကျနေတယ်။ စိတ်ကူးနေရတာကို ကောင်းနေတာ, သဘောကျတာက အချို့စိတ်ကူးကောင်းနေတုန်း သူများက လာပြီး စကားပြောတာတောင် မကြိုက်ဘူး။ စိတ်ကူးယက်သွားမည်စိုးလို့ သူက စိတ်ကူးကောင်းနေတုန်းမှာ အလုပ်တစ်ခုခုရှိလို့လည်း လာပါဦး လာပါဦးဆိုရင် သဘောမကျဘူး။ သူစိတ်ကူးယက်သွားတယ်။ သူစိတ်ကူးလေး သာယာသဘောကျနေတယ်။ ဒါကြောင့် စိတ်ကူးကြံသိမှုကလေးကို ပုဂ္ဂိုလ်သတ္တဝါလို့လည်း ထင်ပြီးတော့ စွဲလမ်းတယ်။ ကောင်းတယ်လို့ ထင်ပြီးတော့လည်း သာယာနေတယ်။ ဒါကြောင့် သူ ဥပါဒါနကွန္ဓာ စိတ်ကူးကြံသိမှုတည်ရာဖြစ်တဲ့ ကိုယ်ရုပ်၊ အဲဒီကိုယ်ရုပ်လည်းပဲ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်ပြီးတော့ စွဲလမ်းနေတယ်။ ကောင်းတယ်လို့ထင်ပြီး သာယာနှစ်သက်ပြီးတော့လည်း စွဲလမ်းနေတယ်။ ဒါကြောင့် ဥပါဒါနကွန္ဓာပဲ။ ဒါကြောင့် ကြံစည်တိုင်း ကြံစည်တိုင်းလည်း ကြံတယ်။ စိတ်ကူးရင် စိတ်ကူးတယ်၊ စဉ်းစားရင် စဉ်းစားတယ်၊ အကုန်လုံး ရှုရတယ်။ အဲဒီအကုန်လုံး ဖွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရှုရင် ကုန်နေတာပါပဲ။ ဒုက္ခသစ္စာတရားတွေ ပိုင်းခြားသိရမယ် ဆိုတဲ့ ဒေသနာတော်နဲ့အညီ ဒုက္ခသစ္စာတရား ပိုင်းခြားသိနေတာပဲ။

တရားရှုမှတ်ပုံ

ဒါကြောင့် ဒီမှာ ယောဂီပုဂ္ဂိုလ်တွေ ဒါတွေကို ရှုနေရတာ၊ များများကြီး မရှုနိုင်သေးရင် နည်းနည်းရှုရတယ်။ ဝိုက်က ဖောင်းတာ, ပိန်တာလေး စပြီး ရှုနေရတယ်။ ဖောင်းမှု၊ ပိန်မှုထဲပါတဲ့ ဒုက္ခသစ္စာတရားတွေကို ရှေးဦးစွာ စပြီး ပိုင်းခြားရှုနေရတယ်။ နောက် ဒီထဲ စိတ်ကူးတွေ ပေါ်လာရင် အဲဒီစိတ်ကူးမှုနဲ့ စပ်တဲ့ ဒုက္ခသစ္စာတရားတွေ ပိုင်းခြားသိနေရတယ်။ နောက် ဒီထဲ စိတ်ကူးတွေ

http://www.dhammadownload.com

ပေါ်လာရင် အဲဒီစိတ်ကူးမှုနဲ့ စပ်တဲ့ ဒုက္ခသစ္စာတရားတွေ ပိုင်းခြားသိရတယ်။ ဒီထဲက နောက်ဝေဒနာပေါ်လာရင် အဲဒီဝေဒနာဒုက္ခသစ္စာတရားတွေ ပိုင်းခြားသိရတယ်။ ဒီထဲကနေပြီးတော့ လက်တွေ့, ခြေတွေ ကွေးလိုက် ဆန့်လိုက် လှုပ်ရှားလိုက်ပြန်လို့ရှိရင် အဲဒီထဲပါတဲ့ ဒုက္ခသစ္စာတရားတွေ ပိုင်းခြားသိရတယ်။ လမ်းလျှောက်လို့ရှိရင်လည်း ခြေလှမ်းထဲမှာပါတဲ့ ဒုက္ခသစ္စာတရားတွေ ကြည့်ပြန်လို့ရှိရင် ကြည့်တဲ့ထဲပါတဲ့ ဒုက္ခသစ္စာတရားတွေ နားထောင်လို့ရှိရင် ကြားရာက နေပြီး အဲဒီဒုက္ခသစ္စာတရားတွေ အကုန်လုံး နေရာတကာ ဒုက္ခသစ္စာတရားတွေချည်းပဲ။ တစ်ကိုယ်လုံးမှာ ဒုက္ခတွေ ပြည့်နေတာ၊ ဒုက္ခချည်းပဲ။ အကောင်းဒီထဲ ဘာတစ်ခုမှ မရှိဘူး၊ သူက ဒုက္ခအစုအဝေးကြီးဖြစ်တယ်၊ ဒါကြောင့် သမာဓိ ဉာဏ်ရင့်လာတဲ့အခါ အထက်ပိုင်း ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒဉာဏ်တွေကျတော့ ဒုက္ခအစုအဝေးကြီး ဆင်းရဲအစုအဝေးကြီးလို့ ထင်လာတာ၊ ဘာမှ မကောင်းဘူး၊ တစ်ကိုယ်လုံး ကောင်းတာရှာလို့ မရဘူး၊ ယူစရာ၊ ရစရာ၊ သိမ်းပိုက်စရာ၊ နှစ်သက်စရာ၊ တွယ်တာစရာ ဘာမှမရှိဘူး။ အကုန်လုံး ငြီးငွေ့စရာ ဖြစ်နေတယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ၊

သဗ္ဗေ-အလုံးကုန်သော၊ သင်္ခါရာ-သင်္ခါရတရားတို့သည်၊ အနိစ္စာ-မမြဲကုန်။ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါကာလ၌၊ ပညာယ-ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဿတိ-ရှုမြင်လေ၏။

ယောဂီပုဂ္ဂိုလ်က ဖြစ်တာကို အစဉ်အတိုင်းရှုပြီးတော့ သွားတော့ တစ်ခါတည်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း လိုက်ရှုသွားတော့ ပေါ်ပြီးရင်း ပျောက်သွားရင်း ပေါ်ပြီးရင်း ပျောက်သွားရင်း ဒါတွေ တွေ့ပြီးနေတော့ မမြဲတဲ့ တရားတွေပဲလို့ ဉာဏ်ထဲ ထင်လာတယ်။ မြဲတာ တစ်ခုမှ မရှိဘူးလို့ထင်လာတယ်။ တို့အရင်တုန်းက မသိလို့ ဒီကိုယ်ကောင်ကြီးလိုက် တည်နေတယ်။ ဒီစိတ်ဟာ တစ်စိတ် ဟာည်း တည်နေတယ်လို့ အောက်မေ့တာ မဟုတ်ဘူး၊ သူအခိုက်အတန့်နဲ့သူပဲ ဖြစ်ပြီးရင်း ပျောက်သွားရင်း တစ်နေရာက တစ်နေရာ မရောက်ဘူး၊ တစ်ခဏက တစ်ခဏကို မရောက်ဘူး၊ ချက်ချင်းချက်ချင်း ပျောက်လိုက်နေတဲ့ တရားချည်းပဲ။ မီးတောက်ကလေးမျှား ဟုတ်ခနဲ ဟုတ်ခနဲ တစ်ခါတည်း

http://www.dhammadownload.com

ငြိမ်းလိုက်နေသလိုပဲ သူ့ဥစ္စာ၊ ဖယောင်းတိုင်မီးကလေး ထွန်းထားရင် လေတိုက်တဲ့အခါကျတော့ ဟုတ်ခနဲဆို ငြိမ်းသွားတယ်၊ ဘာမှရှာလို့မရဘူး၊ ပျောက်သွားတယ်။ အဲဒါလိုပဲ ပေါ်တိုင်းပေါ်တိုင်း တရားတွေ မှတ်ရင်း မှတ်ရင်း ဟုတ်ခနဲ ဟုတ်ခနဲ ပျောက် လိုက်နေတာကို၊ ပျောက်ပျောက်လိုက်နေတာချည်းပဲ တွေ့နေရတာ။ အဲဒါ မမြဲတဲ့ တရားတွေပဲ ဆိုတာ အထူးတောင် မဆိုရပါဘူး။ ဉာဏ်ထဲ တစ်ခါတည်း ရှင်းပြီး တော့ သိတာ။ သဗ္ဗေ-အလုံးစုံကုန်သော၊ သခီရာ-သခီရတရားတို့ သည်၊ အနိစ္စာ-မမြဲကုန်၊ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါကာလ၌၊ ပညာယ-ဝိပဿနာဉာဏ် ပညာဖြင့်၊ ပဿတိ-ရှုမြင်၏။

ပေါ်တိုင်းပေါ်တိုင်းလေးတွေ ရှုလို့ ပေါ်ရာပေါ်ရာကနေပြီးတော့ မမြဲတာတွေ တွေ့တော့ တစ်လောကလုံးလည်း ဒီလိုပဲလို့ တစ်ခါတည်း အကုန်လုံး လျှောက်ပြီးတော့ တစ်ခါတစ်ခါ ထင်တယ်။ ဟိုဖင်းများလိုပဲ တစ်ခါတည်း ခြေလှမ်းညီညီ နင်းသွားတဲ့ စစ်တပ်ကြီးများကို တစ်ညီတည်း တစ်ညီတည်း ခြေထောက်ကြွတာလည်း ညီတယ်၊ ချတာလည်း ညီတယ်၊ တစ်ခါတည်း တစ်ပြိုင်နက် တစ်ပြိုင်နက် ကြွလိုက်၊ ချလိုက်၊ ကြွလိုက်၊ ချလိုက်နဲ့ တစ်ခါထည်း အသံတွေလည်း ဂေါက်ဂေါက်ဂေါက်နဲ့မြည်ပြီး ပျောက်ပျောက်ပြီးတော့ လိုက်နေသလိုပဲ။ မိမိသန္တာန်မှာရှုတော့ ဖောင်းတာလေး မှတ်လိုက် ဖောင်းတာလေး ရိပ်ခနဲ ပျောက်သွား၊ ပိန်တာ မှတ်လိုက်၊ ပိန်တာလေး ရိပ်ခနဲ ပျောက်သွား၊ ညောင်းတာ ပူတာ မှတ်ရင် ညောင်းတယ် ညောင်းတယ် မှတ်ရင် ဒါတွေ ရိပ်ခနဲ ပျောက်သွား၊ စိတ်ကူးတာလေး မှတ်ရင် စိတ်ကူးတာလေး ရိပ်ခနဲ ပျောက်သွား၊ အဲဒီလို ပျောက်ပျောက်သွားတာလေးတွေ တွေ့ရတော့ တစ်လောကလုံးမှာလည်း အခု အကုန်လုံး ဒီလိုချည်းပဲ။ တရိပ်ရိပ်နဲ့ ဒီလိုတစ်ပြိုင်တည်း ဖြစ်တဲ့တရားတွေ တစ်ပြိုင်တည်း ပျောက်ပြီးတော့ လိုက်နေတာပဲ။ ညီတူညာတူပေါ့လေ။ တစ်ခါတည်း ချိန်းထားသလိုပဲ။ ဒီက ပျောက်လိုက်တာနဲ့ ဟိုကလည်း ပျောက်လိုက်တာပဲ။ ဟိုက ဖြစ်လိုက်တာနဲ့ ဒီကလည်း ဖြစ်လိုက်တာ။ ဒီက ပျောက်တာနဲ့ ဟိုကလည်း ပျောက်တာပဲ။ တစ်ပြိုင်နက်ကို တစ်ခါတည်း တစ်လောကလုံး တစ်ခါတည်း ဖြစ်ပြီးရင်း ပျောက်ရင်း ဖြစ်ပြီးရင်း ပျောက်ရင်း မမြဲတဲ့တရားတွေချည်းပဲလို့ ယောဂီပုဂ္ဂိုလ်ဉာဏ်ထဲ ထင်လာတာကိုး။ သူ့ဒီအတိုင်းစိတ်ကူးလို့တော့ မထင်ဘူး၊ တကယ်ရောက်မှ ထင်တာ သူက -

http://www.dhammadownload.com

သဗ္ဗေ-အလုံးစုံကုန်သော၊ သခီရာ-သခီရတရားတို့သည်၊ အနိစ္စာ-မမြဲကုန်၊ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါကာလ၌၊ ပညာယ-ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဿတိ-ရှုမြင်လေ၏၊ အထ-ထိုသို့ရှုမြင်သောအခါ၌၊ ဒုက္ခေ-မမြဲ၍ဆင်းရဲဟု ဆိုအပ်သော တရားအပေါင်း၌၊ မမြဲ၍ ဆင်းရဲသော သခီရတရားအပေါင်း၌၊ နိဗ္ဗိန္ဒတိ-မပျော်မမွေ့ ငြီးငွေ့လေတော့၏။

နိဗ္ဗိန္ဒ (ငြီးငွေ့) ဉာဏ် ဖြစ်ပေါ်လာခြင်း

ဘာမှပျော်စရာမကောင်းဘူး၊ အခုတော့ ပျော်စရာတွေ ကောင်းနေတယ်။ မမြဲမှ မထင်ပဲ၊ မြဲနေတာတွေလို့ ထင်နေတာကိုး။ အရင်ရှိနေတဲ့ငါ ခုထက်ထိရှိ၊ အရင်က သိနေတဲ့ငါ ခုထက်ထိသိ၊ နောက်လည်း ရှိဦးမယ်၊ နောက်လည်း သိဦးမယ်၊ နောက်လည်း ခံစားဦးမယ်၊ နောင်လည်း တောင်းဦးမယ်၊ နက်ဖြန်ခါကျရင် ဒီထက်ပိုကောင်းဦးမယ်၊ မျှော်လင့်စရာတွေကို မျှော်နေတာ။ ဘယ် နိဗ္ဗိန္ဒ-ငြီးငွေ့မှာတုံး မငြီးငွေ့ဘူး၊ သူက ပျော်နေတယ်၊ မငြီးငွေ့ဘူး။ ဒီအတိုင်း ပုဂ္ဂိုလ်တွေကတော့ ပျော်ချင်စရာတွေ, ပျော်ဖို့ရာတွေ ရှာနေတယ်၊ ပျော်စရာတွေကိုလည်း ရလိမ့်မယ်လို့ မျှော်လင့်ချက်တွေက ရှိနေတယ်၊ တိုးတက်တိုးတက်ပြီး ကောင်းလာလိမ့်မယ်လို့ မျှော်နေတာ၊ မျှော်ရင်း မျှော်ရင်းနဲ့ တော်တော်ကြာ မကောင်းတဲ့ဟာတွေ တွေ့နေတယ်။ ဒါပေမယ့် စိတ်ကတော့ မလျော့ဘူး၊ ကောင်းဦးမှာပဲလို့ ထင်နေတာပဲ၊ ထင်ရင်း ထင်ရင်းနဲ့ တခို့ သေသွားတာပဲ ပြီးရောပဲ။ ရှုနေတော့ ဝိပဿနာဉာဏ် ရင့်လာတဲ့အခါကျ ရှုတိုင်း ရှုတိုင်း၊ နေရာတကာ မှတ်ရင်း မှတ်ရင်း ပျောက်ပျောက်လိုက်နေတာ၊ မမြဲတာတွေ တွေ့ပြီးတော့ မိမိသန္တာန်က ရှုနေတာတွေလည်း မမြဲဘူး၊ သူများသန္တာန်တွေလည်း တစ်လောကလုံး ဒီလိုပဲ မမြဲဘူးတဲ့။ ဒီလိုဖြစ်ပျက်နေတဲ့တရားချည်းပဲလို့ ဉာဏ်ထဲ ထင်လာတဲ့အခါကျတော့ လောကကြီးထဲမှာ ဒါတွေ ငြီးငွေ့ပါတယ်တဲ့။

ဒုက္ခေ -ဆင်းရဲအပေါင်းပဲ-တဲ့။ ခုပြောခဲ့တဲ့ မြင်ရာမှာ မျက်စိရုပ်ကလည်း ရုပ်ဥပါဒါနကွန္ဓာဆင်းရဲ၊ မြင်ရတဲ့ အဆင်းကလည်း ရုပ်ဥပါဒါနကွန္ဓာဆင်းရဲ၊ မြင်သိတာကလည်း နာမ်ဥပါဒါနကွန္ဓာဆင်းရဲ၊ ဘာရှိတုံး ဆင်းရဲချည်းပဲ။ ထို့အတူ ကြားရာလည်း ဒီလို သွားတာပဲ။ နံရာ၊ စားရာ၊ တွေ့ထိရာ၊ ကွေးရာ၊ ဆန့်ရာ၊ လှုပ်ရှားရာ၊ စိတ်ကူး စဉ်းစားကြံစည်ရာ အကုန်လုံး ရုပ်ဥပါဒါနကွန္ဓာ, နာမ်

http://www.dhammadownload.com

ဥပါဒါနက္ခန္ဓာ ဖြစ်ပျက်နေလို့ ဆင်းရဲကြီးပဲတဲ့၊ ဘာမှကောင်းတာမရှိဘူး။ အဲဒီလို ဆင်းရဲချည်းပဲ။ ကိုယ့်သန္တာန်က ဆင်းရဲရှုနေတဲ့တရားတွေ ဆင်းရဲပဲလို့ ထင်တာ၊ တစ်လောကလုံးလည်း ဒီလိုပါပဲ၊ အဲဒါဒီလို ဆင်းရဲတွေချည်းပဲလို့ ထင်တာ ဘယ်ပျော်စရာကောင်းတော့မလဲ. ဒါကြောင့်မို့ -

အထ-ထိုအခါ၌၊ ဒုက္ခေ-မမြဲ၍ဆင်းရဲသော ရုပ်နာမ် သခါရအပေါင်း၌၊ နိဗ္ဗိန္ဒတိ-မပျော်မမွေ့ ငြီးငွေ့လေတော့၏။

ငြီးငွေ့ဆိုတော့ အဟုတ်ငြီးငွေ့တာ၊ အဟုတ်မပျော်တာ၊ ဟန်လုပ်တာ မဟုတ်ဘူး၊ သူက ဟန်ဆောင်ပန်ဆောင်မဟုတ်ဘူး။ ဟန်ဆောင်ပန်ဆောင် လုပ်ပြီးတော့ ငြီးငွေ့နေရုံနဲ့ မဖြစ်ဘူး။ တကယ်ကို စိတ်ထဲက တစ်ခါတည်း မလိုချင်ဘူးလို့ ဆိုတဲ့အနေနဲ့ တွေ့လာရမှာတိုး၊ ငြီးငွေ့တဲ့စိတ်တွေ ပျံ့နေတယ်။

သေ-ဧသော-ဤသို့ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေသာမှ စင်ကြယ်သော နိဗ္ဗာန်၏၊ မဂ္ဂေါ-ရောက်ကြောင်းဖြစ်သော အကျင့်ပေတည်း။

အဲဒီငြီးငွေ့တာဟာ နိဗ္ဗာန်ရောက်ဖို့အကြောင်းပါပဲတဲ့။ အဲဒီငြီးငွေ့တဲ့ ဉာဏ်ဟာ တရားအစဉ်အတိုင်း အားထုတ်နေရင် ရောက်ပါတယ်၊ ရောက်ရုံတွင် မကပါဘူး။ တော်တော်ကြာတော့ ငြီးငွေ့တဲ့ဉာဏ်ကနေပြီး အစဉ်အတိုင်း ရှုမှတ်ပြီးတော့ တက်သွားလျှင် ကိလေသာစင်ကြယ်တဲ့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်၊ ခန္ဓာငါးပါးတွေ လုံးဝချုပ်ငြိမ်းနေတဲ့နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်ဖြင့် တစ်ခါတည်း မျက်မှောက်တွေ့ပြီးတော့ ဆိုက်ရောက်သွားနိုင်ပါတယ်။ အဲဒီဆိုက်ရောက်ပြီးတော့ သွားအောင်လို့ အားထုတ်ကြဖို့ပဲတဲ့။ ဒုက္ခသစ္စာတရားတွေ ပိုင်းခြားပြီး သိအောင်လို့ အားထုတ်ကြဖို့ပဲတဲ့။ အင်း. . တရားလည်း သိမ်းဦးမှပဲ၊ တော်တော်လည်း စုံသွားပြီဟုတ်လား။ နောက်တစ်ရက်ကျလို့ရှိရင် သမုဒယသစ္စာဟောရမယ်။ တော်လောက်ပါပြီ။ ဒီခန္ဓာငါးပါးအကြောင်းတွေ အကျယ်အားဖြင့် အရင်က ဟောပြီးပြီ။ တော်လောက်ပါပြီ။ အခု ဝိပဿနာအခြေခံတရားတော်ထဲမှာ ဆောင်ပုဒ်တွေ ရှိတယ်။ အဲဒါတွေ ပြန်ပြီးတော့ ကြည့်လို့ရှိရင် ပေါ်လာလိမ့်မယ်။ သေသေချာချာပဲ အသေးစိတ်ခွဲဟောထားတယ်။ အခုတော့ ဒီအသေးစိတ် မဟောတော့ဘူး။ အကျဉ်းပဲ ကဲ . . . . ဆိုရမယ်။

http://www.dhammadownload.com

* **ခွဲသမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုတွေပင်၊**
ထင်လွဲသာယာ၊ ခွဲသမ်းတာ၊ နှစ်ဖြာဥပါဒါန်၊
ငါ ငါ့ဥစ္စာ၊ ခွဲနိုင်တာ၊ ဥပါဒါနတ်ခန်း၊
ရုပ်,ဝေ,သညာ၊ သင်္ခါရာ၊ ဝိညာဏ်ဤငါးတန်း (ဆို သုံးခေါက်)

ဒါ ဒုက္ခသစ္စာအပိုင်းက ပြီးပါပြီ။ သမုဒယသစ္စာအပိုင်းက ဆောင်ပုဒ်ကလေးသုံးပုဒ် ပေးထားလိုက်ရဦးမယ်။ သမုဒယသစ္စာ ဆိုတော့ တဏှာပဲ။ တဏှာကတော့ သုံးမျိုးရှိတယ်တဲ့။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးခု-တဲ့ အဲဒီသုံးခုသရုပ်ခွဲဖို့က နည်းနည်းမလွယ်ဘူး။ ဒါကြောင့် ဆောင်ပုဒ်ပေးထားရတယ်။ နောက်တစ်ခါကျမှ ဟောရမယ်။ အခု ခေါင်းစဉ်ပေးထားတယ်။

* **ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု၊** (ဆို သုံးခေါက်)

ကာမတဏှာ ဆိုတာ ကောင်းတဲ့ဟာတွေ, သာယာတာတွေပဲ။ ခု လူတွေ ကောင်းတာဆိုရင် ကြိုက်ပြီး သဘောကျပြီ။ အဲဒါ ကာမတဏှာတွေပဲ။

* **ဘဝတဏှာ၊ ထည်မြဲသာ၊ ထင်ခါနှစ်သက်မှု၊** (ဆို သုံးခေါက်)

ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင်ဟာ ဒီဘဝလည်း ရှိ၊ ဟိုဘဝလည်းရှိ၊ အမြဲတမ်း ဘယ်တော့မှ မပျောက်မပျက်ဘူးလို့ ထင်နေတာ။ အဲဒါ သဿတဒိဋ္ဌိပဲ။ တည်လည်းတည်, ရှိလည်းရှိနေတယ်လို့ပဲ ထင်နေတာ၊ အဲလိုထင်ပြီး သဘောကျနေတာ။ ဘဝတဏှာဆိုတာ ဒါပဲ။ နောက်သီတင်းကျမှ အကျယ်ဟောရမယ်။

* **ဝိဘဝမှာ၊ ပြတ်စဲတာ၊ ထင်ခါနှစ်သက်မှု၊** (ဆို သုံးခေါက်)

"ဝိဘဝတဏှာ"ဆိုတာ ပြတ်စဲသွားတယ်၊ ဒါဟာ ဥစ္ဆေဒဒိဋ္ဌိ၊ သေပြီး ဘာမှ မရှိဘူးလို့ ထင်နေတယ်။ အဲဒီလိုထင်ပြီး အဲဒါလေးကို သူက သဘောကျနေတယ်။ အဲဒါ "ဝိဘဝတဏှာ"ခေါ်တယ်။ နောက်သီတင်းကျမှ အကျယ်ဟောရမယ်။

* **ဆင်းရဲပွားရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာရှု၊** (ဆို သုံးခေါက်)

ဆင်းရဲဖြစ်ပွားစေတဲ့အကြောင်းကတော့ တဏှာသုံးပါးပဲတဲ့။ သမုဒယသစ္စာကို ပယ်ရမှာကိုး။ ဒါပယ်နိုင်အောင်လို့ ဝိပဿနာရှုရတာ။ ရှုတော့ ကြာတော့လည်း ပယ်နိုင်သွားပါတယ်။ ပယ်နိုင်သွားလို့ရှိရင် အကုန်လုံးပယ်နိုင်ဘဲ့အခါမှ ဆင်းရဲခပ်သိမ်း ငြိမ်းသွားမှာပဲ၊ "ဆင်းရဲပွားရန်၊ အကြောင်းမှန်၊ သုံးတန်

http://www.dhammadownload.com

တဏှာရှု"တဲ့။ ကနေ့တော့ သိမ်းကြဉီးစို့၊ နောက်သီတင်းကျမှ အဲဒါ အကျယ်ဟောရမယ်။

ဤသစ္စာလေးပါးတရားကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မဿဝန ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် အခု မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဒေသနာတော်အတိုင်း ဇာတိဒုက္ခ အစရှိသော အကျယ်အားဖြင့် တစ်ဆယ့်တစ်ပါးသော ဒုက္ခ၊ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာ တရားတွေကို ပိုင်းခြားသိအောင် ရှုမှတ်အားထုတ်နိုင်ကြ၍ ထိုထိုသော သစ္စာတရားတွေကို ပိုင်းခြားသိသောအားဖြင့် သမုဒယသစ္စာတရားကို ပယ်နိုင်ကြ၍၊ ဝိပဿနာဉာဏ် အစဉ် မဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

http://www.dhammadownload.com

သမုဒယသစ္စာတရားတော်

ပဥ္စမပိုင်း

[၁၃၂၃-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈)ရက်နေ့ ဟောကြားသည်။]

သမုဒယသစ္စာ

ကတမဥ္စ ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ။

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခသမုဒယော-ဒုက္ခ၏ဖြစ်ပွားကြောင်းဖြစ်သော၊ အရိယသစ္စံ-အရိယာတို့သိအပ်သော အမှန်တရားဟူသည်၊ ကတမဥ္စ-အဘယ်ပါနည်း။

ဒုက္ခဖြစ်ပွားကြောင်း ဆင်းရဲဒုက္ခတွေ ဘယ်က, လာလဲဆိုရင် အဲဒီဆင်းရဲဒုက္ခဖြစ်ပွားရာ အကြောင်းအရင်းမူလပေါ့။ ဤအကြောင်းများမှာ မြစ်ဖျားခံတဲ့ နေရာများလိုပဲ။ ဒုက္ခတွေ မူလအကြောင်းအရင်းကနေ ဖြစ်ပွားပြီးတော့ အဲဒီဒုက္ခတွေ ဖြစ်ပွားလာခဲ့တဲ့ အကြောင်းအရင်းဟာ အရိယာတို့အမြင်နဲ့ ဒုက္ခဖြစ်ကြောင်းတရားပဲလို့ သိ၊ ဒီတရားကြောင့် ဒုက္ခတွေဖြစ်နေတယ်လို့ အမှန်အတိုင်းသိရတဲ့ အရိယသစ္စာတရားကို "သမုဒယသစ္စာ"လို့ ခေါ်တယ်။ အဲဒီ သမုဒယသစ္စာဟာ ဘယ်တရားပါလဲလို့ ရှေးဦးစွာ မေးခွန်းထုတ်တယ်။ အဖြေက -

ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ - ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ယာယံ တဏှာ၊ အကြင်တပ်မက်ဆာလောင်မှုသည်၊ ပေါနောဗ္ဘဝိကာ၊ တစ်ဖန် ဘဝအသစ်ကိုလည်း ဖြစ်စေတတ်၏။ နန္ဒီရာဂသဟဂတာ-နှစ်သက်ခြင်း၊ တပ်မက်ခြင်းသဘောနှင့်တကွဖြစ်၏။ (ဝါ) နှစ်သက်ခြင်း, တပ်မက်ခြင်းသဘောရှိ၏။ တတြတတြာဘိနန္ဒိနီ-ထိုထိုကြုံရာ တွေ့ရာဘဝအာရုံတို့၌ နှစ်သက်လက်ခံပျော်မွေ့လေ့ရှိ၏။

http://www.dhammadownload.com

အာရုံ(၆)ပါးနဲ့စပ်ပြီး ဆာလောင်စနစ်ကို တရားလို့ ခေါ်ခြင်း

အဲဒီ သမုဒယသစ္စာ-ဒုက္ခပွားကြောင်းဟာ တဏှာပါပဲတဲ့။ တဏှာဆိုတာ ဆာလောင်တပ်မက်တဲ့သဘောပဲတဲ့။ ထမင်းမျှားဆာနေတာကို, ရေမျှားဆာနေတာကို အာရုံဆာနေတဲ့သဘောပေါ့လေ။ တဏှာအာရုံတွေ ဆာလောင်နေတယ်။ ထမင်းဆာနေရင် စားလိုက်၊ ပျောက်သွားလိုက်၊ တော်တော်ကြာ ပြန်ဆာပြန်ရင်း၊ ပြန်ဆာပြန်ရင်း အဲဒီလိုပဲ ဆာလို့လည်း မပြီးနိုင်ဘူး ဆာနေတာပဲ၊ ရေသောက်ရတာလိုပဲ ဆာရင်း သောက်ရင်း၊ ဆာရင်း သောက်ရင်း မပြီးနိုင်ဘူး၊ သူဟာ လုံးလုံးပျောက်သွားတယ်လို့ မရှိဘူး၊ ဆာနေတာပဲ။ အဲဒါလို တဏှာဆိုတဲ့ သဘောကလည်း အာရုံခြောက်ပါးနဲ့စပ်ပြီး ဆာလောင်နေတယ်တဲ့။ ဟိုဟာ လိုချင်၊ ဒီဟာ လိုချင် ရပြန်ပြီ ဆိုရင်လည်း ပြီးသလားဆိုတော့ မပြီးသေးဘူး။ ဒီဟာပြီး ဟိုဟာ ရောက်သွားပြန်ပြီ၊ ဒီတစ်ခုပြီး ဟိုတစ်ခုရောက်သွားပြန်ပြီ၊ သူက နှုတ်ခမ်းကို မသတ်နိုင်ဘူး၊ သွက်လျှိုလို့, မွေးလို့လည်း မပြီးနိုင်ဘူး၊ မီးမျှားနဲ့လည်း တူပါတယ်။

မီးဟာ လောင်စာထည့်ပေးတယ်၊ ထည့်တိုင်း ထည့်တိုင်း လောင်နေတာပဲ။ လောင်စာထည့်ပေးလေလေ လောင်လေလေ၊ လောင်စာထည့်ပေးလေလေ လောင်လေလေ၊ သူဟာ ငြိမ်းတယ်လို့မရှိဘူး။ လောင်စာမရှိမှသာ သူငြိမ်းတယ်၊ လောင်စာထည့်ပေးရင် သူမငြိမ်းဘူး၊ အားရတယ်လို့ မရှိဘူးတဲ့။

အဲဒါလိုပဲ တဏှာက ဘယ်တော့မှ အားရတယ်လို့မရှိဘူး၊ ဆာလောင်နေတာပဲတဲ့၊ အဲဒါကြောင့် သူ့ကို ပါဠိလို "တဏှာ"လို့ ခေါ်တယ်။ ဆာတဲ့သဘောပဲ၊ အာရုံဆာနေတာပဲ၊ အားမရ မရောင့်ရဲနိုင်ဘဲနဲ့ ဆာလောင်နေတဲ့သဘော၊ တပ်မက်တယ်၊ သာယာတယ်၊ နှစ်သက်တယ် ဆိုတာ အတူတူပဲ။ တောင့်တတယ်၊ လိုချင်တယ်၊ သူနာမည်တွေ ပေါတယ်။

သမုဒယ (တဏှာ) ဆိုတာ နာမည်အမျိုးမျိုးနဲ့ပါပဲ

လောကဂုဏ်ရှိတဲ့လူမှာ ဂုဏ်အမျိုးမျိုးနဲ့ အမည်တပ်ပြီး ခေါ်ရသလိုပဲ။ သူကလည်း ဂုဏ်တွေ ပေါတယ်၊ မကောင်းတဲ့ ဂုဏ်တွေပါပဲ၊ ဆာလောင်တယ်၊ တပ်မက်တယ်၊ နှစ်သက်တယ်၊ သာယာတယ်၊ ပျော်တယ်၊ လိုချင်တယ်၊ တောင့်တတယ်၊ ချစ်တယ်၊ ခင်တယ် စသည်ဖြင့် သူနာမည်တွေ အများကြီးရှိတယ်။

http://www.dhammadownload.com

အဲဒါတွေကိုက တဏ္ဍာရဲ့အမည်တွေချည့်ပဲ။ အဲဒီတဏ္ဍာဟာ နန္ဒိရာဂသဘောပဲတဲ့။ ကောင်းတဲ့အာရုံလေးတွေဆို သူက ပျော်တာပဲ၊ အလွတ်မထားဘူး၊ သူက သဘောကျတယ်၊ တပ်မက်တဲ့သဘော, တပ်စွဲတဲ့သဘော၊ ဆိုးတဲ့ဆေးများဟာ ထိတဲ့ အရာအဝတ္ထုကို စွဲသွားသလိုပဲ သူက ဆေးအမဲဖြစ်ဖြစ်၊ အနီဖြစ်ဖြစ်၊ အဝါဖြစ်ဖြစ်၊ အပြာဖြစ်ဖြစ် ဆိုးဆေးထဲမှာ အဝတ်တစ်ခုထည့်လိုက်လို့ရှိရင် ထည့်တဲ့ဥစ္စာ သူစွဲတာပဲ၊ အဝတ်ဖြူဆိုရင် ပိုစွဲတာပေါ့။ အဝတ်ဖြူတို့ စက္ကူဖြူဖြူတို့ ဆိုရင် သာပြီးတော့ စွဲတယ်။ အစက မဲနေတဲ့ဟာတော့ ထပ်ပြီး စွဲစရာမရှိဘူး။ ဖြူနေတဲ့ဥစ္စာဆိုရင်ဖြင့် သူစွဲတာပဲ။ အဲဒါလိုပဲ။

သတ္တဝါတွေဟာ ဖြစ်ရာအဝမှာ သဘောကျနေကြတာပဲ

ဒီတဏ္ဍာရာဂဆိုတဲ့ သဘောက ကျရာအာရုံမှာ သူက တစ်ခါတည်း စွဲသွားတယ်၊ စိမ့်ဝင်သွားသလိုပဲ။ အာရုံဆီကို အာရုံနဲ့ဟာ ပူးကပ်ပြီးသွားတယ်။ တပ်စွဲခြင်းသဘောရှိတယ်တဲ့။ တတြတတြာဘိနန္ဒိနီ-ထိုထိုအာရုံတွေမှာလည်းပဲ လာတိုင်းလာတိုင်း အာရုံတွေကို ကောင်းလို့ရှိရင်ဖြင့် နှစ်သက်ပျော်မွေ့ လက်ခံတာပဲတဲ့။ အလွတ်မထားဘူးတဲ့၊ တော်ပါပြီလို့ မရှိဘူး၊ မငြင်းဘူး သူကတော့ ခေါင်းမခါဘူး၊ အကုန်လုံးလက်ခံတယ်။ ဒါထက်ကောင်းလို့ရှိရင်ဖြင့် မြင်စရာအဆင်းတွေ လာခဲ့ လက်ခံတယ်၊ ကြားစရာ အသံတွေ, နံစရာအနံ့တွေ, စားစရာ အရသာတွေ, တွေ့ထိစရာ အတွေ့အထိတွေ, ဝမ်းမြောက်ဝမ်းသာ ပျော်စရာတွေ, စိတ်ကူးအာရုံတွေ လာတိုင်းလာတိုင်း သူကတော့ လက်ခံသဘောကျနေတာပဲ၊ မပယ်ဘူး။ ဘဝတွေလည်း ဖြစ်ရာဘဝ ဘယ်ဘဝ ရောက်ရောက် ရောက်ရာ ရောက်ရာဘဝ ကိုယ့်ဘဝလေးနဲ့ကိုယ်တော့ ပျော်တာပဲ။

အခု လူအဖြစ်ကနေ ကြည့်မယ်ဆိုရင် အောက်တန်းကျတဲ့ တိရစ္ဆာန်ပိုးမွှားလေးတွေ, သတ္တဝါလေးတွေ အဲဒီအောက်တန်းကျတဲ့ ခွေး၊ ကြက်၊ ငှက်မှ စပြီးတော့ အောက်တန်းကျတဲ့ သတ္တဝါလေးတွေရဲ့ ဘဝမျိုးဆိုရင် အင်မတန်ကြောက်စရာကောင်းတယ်။ အဲဒီဘဝမှာ ဝင်ပြီးဖြစ်ရမယ် ဆိုရင် တော်တော်ကြောက်စရာကောင်းတယ်။ ပိုးကောင်တွေများသာကြောက်စရာကောင်းတာပေါ့။ တီကောင်ကြီးတွေ၊ ကင်းခြေများတွေ၊ ပိုးနားသန်ကောင်တွေ အဲဒီလို အကောင်တွေထဲမှာ

http://www.dhammadownload.com

ဝင်ပြီးတော့ ဖြစ်မယ်ဆိုရင် သိပ်ပြီးတော့ ကြောက်စရာကောင်းတာပေါ့။ ရွံစရာကို အင်မတန်ကောင်း၊ လန့်သွားအောင်ကိုပဲ တစ်ခါတည်း မကောင်းဘူး။ ဒါပေမယ် လို့ အဲဒီအကောင်မျိုးဖြစ်နေတဲ့အခါကျတော့ သူဘဝလေးနဲ့သူတော့ ကြိုက်နေ တယ်၊ သဘောကျနေတယ်၊ ပျော်နေတယ်၊ သူဟာနဲ့သူ အဲဒီတော့ ရရာ ရရာအာရုံ ရောက်ရာရောက်ရာဘဝမှာ နှစ်သက်ပျော်မွေ့တတ်ပါတယ်တဲ့။ ဒီတရားကတော့ ဘယ်ရောက်ရောက် သူအလိုက်အထိုက်တော့ ပျော်နေတာပဲတဲ့။ ဒါကြောင့်မို့ ပေါနောဘ္ဘဝိကာ-တစ်ဖန် ဘဝသစ်ကိုလည်း ဖြစ်စေတတ်ပါတယ်-တဲ့။ ဒီတရာ့ မကင်းသေးရင် ဘဝသစ်ဖြစ်တာပဲ။ တစ်ဘဝက သေသွားရင်း တစ်ဘဝ ဖြစ်ရင်း ဆိုတာ ဒီတရာ့ကနေ ဖန်တီးနေတာ၊ သူကနေပြီးတော့ ဟိုဒင်းလိုပဲ။ ကြိုးကလေး များ တစ်စဆုံးတာနဲ့ တစ်စဆက်သလိုပဲ၊ ကော်များနဲ့လှမ်းပြီး ကပ်လိုက်သလိုပဲ။ ဒီဘဝက ဆုံးလိုက်တာနဲ့ ဟိုဘဝ တစ်ခါတည်း ဆက်သွားတယ်။

သေခါနီးမှာ အာရုံလေးတစ်ခု စွဲစွဲပြီးတော့ သူက သေသွားတယ်။ ဒီသာယာမှု တပ်မက်မှုရှိနေတဲ့ ပုဂ္ဂိုလ်က စွဲပြီးတော့ သေသွားရင် စွဲရာမှာ သူက သွားပြီးတော့ တစ်ဘဝဖြစ်ဖြစ်သွားတာကိုး။ အင်မတန် ကြောက်စရာကောင်း တယ်။ ဒါကြောင့်မို့ သူ့ကို "သမုဒယသစ္စာ"လို့ ခေါ်တာ။ ဖြစ်ရာဘဝ တစ်ဘဝလုံး ဆင်းရဲတွေ့ သူက ဖန်တီးနေတာပဲ။ ဒီဘဝက နှစ်သက်လက်ခံလိုက်တော့ သာယာ နှစ်သက်တဲ့ အာရုံလေး လက်ခံပြီးတော့ စွဲလမ်းပြီး သေသွား၊ အကြောင်းအား လျော်စွာ အဲဒီအာရုံနဲ့စပ်ပြီးတော့ ဘဝအသစ်ကလေး ဖြစ်သွားတယ်။ အဲဒီဖြစ်ရာ ဘဝမှာ အိုရ၊ နာရ၊ သေရ အစရှိသည့် ဆင်းရဲတွေ့ အကုန်လုံး သွားတော့တာပဲ။ အဲဒါကြောင့် ဒုက္ခဖြစ်ပွားကြောင်းဟာ သူပဲတဲ့။ ဘုန်းကြီးက သစ္စာလေးပါး ဆောင် ပုဒ်ထဲမှာ ပေးထားတယ်။ "ဖြစ်ပျက်သမျှ၊ သခိါရ၊ ဒုက္ခသစ္စာတည်း"လို့ ဆောင်ပုဒ် ပေးထားတယ်။ ဖြစ်ပျက်သမျှ သခိါရတွေရှိရင် ဒုက္ခသစ္စာချည်းထဲပဲ။ ဟိုအရင် သီတင်းတွေက ဟောခဲ့တဲ့ ဒုက္ခသစ္စာတွေ အကျယ်ဟောထားတာတောင် သိပ် မကျယ်သေးပါဘူး၊ ချဲ့စရာတွေတော့ ရှိပါသေးတယ်။ ပြီးချင်တာနဲ့ အပြီးသတ် လိုက်ရတော့တယ်။ ဥပါဒါနက္ခန္ဓာငါးပါးတွေ အကျယ်ဟောစရာတွေ အများကြီး ရှိပါတယ်။ ဒါပေမယ်လို့ အရင်ကလည်းပဲ ခန္ဓာငါးပါးအကြောင်းက ဟောခဲ့ပြီး သားမို့ ကနေ့ကတော့ နည်းနည်းပဲဟောမယ်။ "ဖြစ်ပျက်သမျှ၊ သခိါရ၊ ဒုက္ခသစ္စာ တည်း"တဲ့၊ ဖြစ်ပျက်ဟာတွေမှန်သမျှဟာ အကုန်လုံး သခိါရတရားတွေချည်းပဲတဲ့။

http://www.dhammadownload.com

ဒါက ယောဂီပုဂ္ဂိုလ်တွေ နားလည်တဲ့ဥစ္စာပဲ။ ယောဂီပုဂ္ဂိုလ်မဟုတ်တဲ့ အလွတ်ပုဂ္ဂိုလ်တွေ ဆိုရင်တော့ နားလည်ဖို့ရာ မလွယ်ပေဘူး။ ဒီဥစ္စာဖြစ်ပျက်သမျှ သခ်ါရဆိုတာ ဖြစ်ပျက်တာကိုလည်း သူမသိဘူး။ သခ်ါရကိုလည်း သူမသိဘူး။ ဒုက္ခသစ္စာဆိုတော့ ဘယ့်နဲ့လုပ် ဒုက္ခသစ္စာဖြစ်သလဲ၊ ဒါလည်း နားမလည်နိုင်ဘူး။ အလွတ်ပုဂ္ဂိုလ်တွေ အတွက်ဆိုရင်တော့ ဒီဆောင်ပုဒ်က နားမလည်ပေဘူး။

တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ်တွေအဖို့ ဆိုရင်တော့ဖြင့် ဖြစ်ပျက်တာတွေက သူက တွေ့ထားသကိုး။ မျက်စိက မြင်ပြီးတော့ ဖြစ်ပျက်သွားတယ်။ နားက ကြားပြီး ဖြစ်ပျက်သွားတယ်။ နှာခေါင်းက အနံ့နံပြီး ဖြစ်ပျက်သွားတယ်။ လျှာက အရသာသိပြီး ဖြစ်ပျက်သွားတယ်။ ကိုယ်က တွေ့ထိပြီး ဖြစ်ပျက်သွားတယ်။ စိတ်ကူးစဉ်းစားကြံစည်ပြီး ဖြစ်ပျက်သွားတယ်။ ဒွါရ (၆)ပါးက ပေါ်တိုင်း ပေါ်တိုင်းတွေကို ရှုမှတ်ရ၊ မှတ်တိုင်းမှတ်တိုင်းတွေဟာ ဖြစ်ပျက်နေတာတွေချည်းပဲ။ ရှုမှတ်ပြီးတော့နေတဲ့စိတ်ပါဆို တစ်ခါတည်း ရှုတိုင်းရှုတိုင်း ဖြစ်ပျက်နေတာတွေကို တွေ့ရတာကိုး၊ အဲဒါ ဒုက္ခသစ္စာတွေ။ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်မတွေ့သေး, မမြင်သေးမချင်း ရှေးအဖို့က မပြတ်ရှုပြီးတော့ နေရတာ။ ရှုတိုင်းရှုတိုင်းဟာ အာရုံရော ရှုတဲ့စိတ်ရော၊ အာရုံရော ရှုတဲ့စိတ်ရော၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေပဲ။ အဲဒါတွေ အကုန်လုံး ဒုက္ခသစ္စာချည်းပဲ။

ရုပ်နာမ်သခ်ါရငြိမ်းရာကို ရောက်ပြီးတော့ တွေ့သွားတဲ့သဘောက နိဗ္ဗာန်ပဲ၊ အဲဒီမရောက်ခင် ရှုတိုင်းရှုတိုင်း အာရုံရော အသိရော ဖြစ်ပျက်နေတာတွေဟာ ဒုက္ခသစ္စာဆင်းရဲတရားချည်းပဲတဲ့။ ဒီတရား ဘာမှ ကောင်းတဲ့တရားတွေ မဟုတ်ဘူးတဲ့။ ဖြစ်ပြီး ပျက်နေလို့ မကောင်းဘူးလို့ ဆိုလိုတယ်။ အားမကိုးရဘူး၊ ကြောက်စရာပဲတဲ့။ အဲဒီဖြစ်ပျက်နေတာတွေကိုပဲ ကောင်းတယ်လို့ ထင်ပြီး အားကိုးနေလို့ရှိရင် အင်မတန်ကြောက်စရာကောင်းတယ်တဲ့။

မခိုင်ခဲ့တဲ့အိမ်ကို ခိုင်ခဲ့တဲ့အိမ်မှတ်ပြီးတော့ အဲဒီအိမ်ထဲ သွားပြီးနေလို့ရှိရင် အိမ်ပျက်ပြီးတော့ သေနိုင်တာလိုပဲ၊ ခိုင်မှ မခိုင်ဘဲနဲ့ ပြိုလုပြိုကာနီး ကိုယ်က အကောင်းကြီးမှတ်ပြီး သွားနေလို့ရှိရင် ကြောက်စရာကောင်းတာပေါ့။ အဲဒါလိုပဲ ဒီဖြစ်ပျက်နေတဲ့တရားတွေ မကောင်းပါဘဲနဲ့ ကောင်းတယ်လို့ ထင်ပြီးနေရင် ကြောက်စရာအင်မတန်ကောင်းတယ်။ ဒါကြောင့်မို့ ခဏမစဲ ဖြစ်ပျက်နေတဲ့

http://www.dhammadownload.com

တရားတွေ မဖြစ်ပျက်ဘူးလို့ အများက ထင်ပြီးတော့ နေကြတယ်။ ကိုယ်ကြီး တစ်ခုလုံး အမြဲတည်သလိုလို ထင်ရတယ်။ စိတ်တွေကလည်း မြဲတည်နေသလိုလို ထင်ရတယ်၊ ကိုယ်တစ်ယောက်တည်းလိုလို ထင်ရတယ်၊ ဟိုဘဝ ဒီဘဝ အမြဲတမ်း တည်နေသလိုလို ထင်ရတယ်။ အဲဒီလို ခိုင်မြဲတဲ့အနေအားဖြင့် ထင်မြင်စွဲလမ်း တယ်။ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေတဲ့။ ယောဂီပုဂ္ဂိုလ်ရှုတော့ ရှုတိုင်းရှုတိုင်း ဖြစ်ပျက်မှု တွေ့ရတာတွေ ဆင်းရဲတွေချည်းပဲ။ မသိကြလို့ အကောင်းတွေ မှတ်ပြီး ပျော်စရာတွေမှတ်၊ အားကိုးစရာတွေ မှတ်ပြီးတော့ ပျော်နေကြတယ်၊ အားကိုးနေ ကြတာပဲတဲ့။ အမှန်တော့ ခဏမစဲ ဖြစ်ပျက်နေလို့ အကုန်လုံး ဆင်းရဲချည်းပဲလို့ ဒီလိုဉာဏ်ထဲ ထင်ရမှာကိုး။ ယောဂီပုဂ္ဂိုလ်က အားထုတ်ရင် ထင်တယ်၊ သူထင်တဲ့ အပိုင်းမှာ ထင်တာပေါ့လေ။ မှတ်တိုင်း မှတ်တိုင်း ဖြစ်ပျက်နေတာတွေ တွေ့ရ တော့ အကုန်လုံးဆင်းရဲချည်းပဲလို့၊ ဒါတွေ အကုန်လုံးကုန်မှ ငြိမ်းမှာအေးမှာပဲလို့ ဒီလိုအသိဉာဏ်ကို ရောက်သွားရမယ်။ ဒီလိုသိမှ သူက ဒုက္ခသစ္စာကို ပိုင်းခြား သိတယ်။ ကဲ . . . ဒီဆောင်ပုဒ်ကလေး ဆိုစမ်းပါဦး။ ဒီဒုက္ခသစ္စာကို ဉာဏ်စဉ် တရား ဟောတဲ့အခါ ခဏခဏ ဟောနေတာပဲ။

* **ဖြစ်ပျက်သမျှ၊ သစ်ရိ၊ ဒုက္ခသစ္စာထည်း။** (ဆို သုံးခေါက်)

တစ်နေ့က သုံးလေးသီတင်းဆက်ပြီး ဟောခဲ့တဲ့ ဒုက္ခသစ္စာတွေ ဆိုတာ အဲဒါတွေပါပဲ။ ဇာတိပိ ဒုက္ခာ - ဘဝအသစ်ဖြစ်ရခြင်းဟာလည်း ဆင်းရဲပဲဆိုတာ အဲဒါ ဖြစ်ပျက်နေတာ။ ဘဝသစ်ဖြစ်တာလေးကလည်း ဖြစ်ပြီးပျက်သွားတာပဲ။ သူလည်း မြဲတည်နေတာ မဟုတ်ဘူး။ ဇရာပိ ဒုက္ခာ - အိုရတာလည်း ဆင်းရဲပဲ၊ အိုတဲ့သဘော အိုတဲ့ရုပ်တွေ, နာမ်တွေဟာလည်း ဖြစ်ပျက်သွားတာပဲ။ မရဏမွိ ဒုက္ခံ - သေခြင်းဆိုတာကလည်း ပျက်တဲ့တရားပဲ။ သောက-ဖိုးရိမ်ခြင်း၊ ပရိဒေဝ-ငိုကြွေးခြင်း၊ ဒုက္ခ - ကိုယ်ဆင်းရဲ၊ ဒေါမနဿ - စိတ်ဆင်းရဲ၊ ဥပါယာသ - စိတ်၏ပြင်းစွာပူပန်ခြင်းတွေဟာ အကုန်လုံးဖြစ်ပျက်နေတဲ့ တရားတွေချည်းပဲ။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော - ဒါတွေလည်း ဖြစ်ပျက်တဲ့တရားတွေတဲ့။ နောက် ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ -ဆိုတာလည်း ဖြစ်ပျက်တဲ့တရားပဲ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ - အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတွေဟာလည်း ဒုက္ခသစ္စာပဲလို့ ဆိုတယ်။ အဲဒါတွေကလည်း ဖြစ်ပျက်နေတာပဲ၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေချည်းပဲ။

http://www.dhammadownload.com

ယောဂီပုဂ္ဂိုလ်အနေအားဖြင့်တော့ ရှုတိုင်း မှတ်တိုင်း ဖြစ်ပျက်နေတဲ့ တရားတွေကို တွေ့ရတော့ ရှေးက မရှိခင်တုန်းက မသိရတဲ့တရားတွေဟာလည်း ဒီလိုဖြစ်ပျက်နေတဲ့တရားတွေပဲ။ နောင်လည်းပဲ ဘဝသံသရာထဲ လူဖြစ်နေ၊ နတ်ဖြစ်နေ စသည်ဖြင့် ဖြစ်နေတယ်။ အဲဒီဖြစ်နေသမျှကာလပတ်လုံး ဖြစ်ရာဖြစ်ရာ ကာလမှာ ဒီလိုဖြစ်ပျက်နေမှာပဲ။ မြင်ပြီးတော့ ဖြစ် ပျက်၊ ကြားပြီးတော့ ဖြစ်ပျက်၊ နံပြီး၊ စားပြီး ကွေးပြီး၊ ဆန့်ပြီး၊ ထိုင်၊ ထ၊ လှုပ်ရှား၊ စိတ်ကူး စဉ်းစားကြံစည်ပြီးတော့ ဖြစ်ပျက်နေတဲ့ တရားတွေချည်းပဲ။ အကုန်လုံး ဒါတွေဟာ ဒုက္ခသစ္စာတရားတွေချည်းပဲလို့ ဒီလိုပိုင်းခြားသိရမှာကိုး။

* **သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်းတဲ့။** (ဆို သုံးခေါက်)

သမုဒယသစ္စာ အတိုချုပ်ပဲ။ သခ်ါရဖြစ်ပျက်တဲ့ သခ်ါရတွေ အကောင်းထင်နေတယ်တဲ့၊ ကောင်းတယ်လို့ ထင်နေတယ်။ ဖြစ်ပျက်တဲ့ သခ်ါရမှန်း သိရင်တော့ ဘယ်ကောင်းတယ် ထင်လိမ့်မှာတုံး။ အခု သတ္တဝါတွေဟာ အဲဒီလိုမှ မသိဘဲပဲ။ သတ္တဝါတွေ မပြောနဲ့ လူတွေတောင်မှ မသိဘူး၊ လူတွေတောင်မှ သာမန်လူတွေ မဟုတ်ဘူး၊ တော်တော်တရားတွေကို လေ့လာနေတဲ့ပုဂ္ဂိုလ်တွေတောင်မှ ဝိပဿနာ ဉာဏ်နဲ့ ကောင်းကောင်းမပြည့်စုံသေးလို့ရှိရင် အဲဒီလိုပဲ ထင်နေတယ်။ ဒီ ဖြစ်ပျက်နေတဲ့ သခ်ါရတွေကိုပဲ အကောင်းထင်နေတယ်။ ဘယ်လိုထင်တုံး၊ မြင်ရတာကလည်း ကောင်းတယ်လို့ ထင်တာပဲ မထင်ဘူးလား၊ ထင်သလားလို့ စဉ်းစားကြည့်ပေါ့။ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် ဒီလိုထင်တယ်။ မြင်ရတာတွေ မြင်ရလို့ ရှိရင် ကောင်းတယ်လို့ ထင်တယ်။ ကောင်းတယ်ထင်တော့ ကောင်းအောင်လို့ပဲ စီမံဖန်တီးပြီးသကာလ ပွဲတွေ လမ်းတွေ ကျင်းပကြတယ်။

ကနေ့ ဘုန်းကြီးများ ဦးသန်းစိန်အိမ်က ဆွမ်းစားပင့်လို့လိုက်သွားတယ်၊ ခါတိုင်း ခါတိုင်းတော့ ဘုန်းကြီးက ရိုးရိုးဆွမ်းကျွေးတယ်လို့ အောက်မေ့တယ်၊ ဒီကနေ့ သူက အလှူအတန်း အကြီးအကျယ် လုပ်တာကိုး။ လှူစရာ တန်းစရာတွေလည်း တော်တော်များပါတယ်။ သူ့ဟာ စောင်တွေ၊ အိပ်ယာခင်းတွေ၊ ခြင်ထောင်တွေ၊ ခေါင်းအုံးတွေ၊ မုန့်ပုံးတွေကို သံယာတော် (၁၅)ပါးအား လှူဒါန်းတယ်။ ဘုရားနဲ့စပ်ပြီးတော့လည်း အနေကဇာတင်ပွဲကိုလည်းပဲ ပူဇော်လှူဒါန်းတာ အတော်များပါတယ်။ အဲလို ကုသိုလ်ကောင်းမှုတွေ အကြီးအကျယ် လုပ်တာကိုး။

http://www.dhammadownload.com

အကြီးအကျယ်လုပ်တော့ သူက စည်သည်တွေကို ကျွေးမွေးနေစဉ်မှာ ဘုန်းကြီးများ ဝင်သွားတော့ ခါတိုင်းလို ဘုန်းကြီးက ရိုးရိုးဆွမ်းကပ်မှာပဲ အောက်မေ့တယ်။ ဘာဟုတ်မလဲ၊ ဝင်သွားတော့ ဟိုမှာ စည်ခံတွေ ဘာတွေ အကတွေ အခုန်တွေနဲ့ လုပ်နေတာကို၊ သူက အကြီးအကျယ် လုပ်နေတာပါလားလို့ ဒီလို မြင်ရတယ်။

ဒါတွေဟာ ကောင်းတယ်ထင်လို့ လုပ်ကြတာပဲ။ ကောင်းအောင်လို့လည်းပဲ သူဟာကပုဂ္ဂိုလ်ကိုလည်း ကြည့်ကောင်းအောင်လို့ တမင်တကာကို ပြင်ဆင်ပြီးတော့ လုပ်ထားတယ်။ အဲဒီကြည့်တဲ့ပုဂ္ဂိုလ်တွေကလည်း ဒါကြည့်နေရတာ ကောင်းတယ်လို့ ထင်တာကိုး။ ဒါကြောင့် မြင်ရတာတွေ ကောင်းတယ်လို့ ထင်တယ်။ မြင်ရတဲ့အာရုံတွေလည်း ကောင်း၊ ကိုယ်က မျက်စိထဲက မြင်သိသွားတာလေးကလည်း ကောင်းတယ်၊ ကြားရတဲ့အာရုံကလည်း ကောင်းတယ်လို့ ဒီလို ထင်နေတာကိုး။ ကြားရတဲ့အာရုံလေးကောင်းလို့ အခု ရေဒီယိုတွေက ညစဉ် အမျှားအားဖြင့် သီချင်းတွေများများ လွှင့်နေတာပဲ။ ဒါတွေ ဖွင့်နားထောင်တဲ့ ပုဂ္ဂိုလ်ကလည်း ကောင်းနေတာပဲ။ ကြားရတာလည်း ကောင်းတယ်လို့ ထင်တယ်။ မြင်တာလည်း ကောင်းတယ်လို့ ထင်တယ်။ အနံ့ နံရတာတွေ၊ တွေ့ထိတာတွေ၊ စားရတာတွေ၊ တွေ့ထိတာနဲ့စပ်ပြီးတော့ ကိုယ့်ဟာနဲ့ကိုယ် ကိုယ့်ကိုယ်နဲ့ကိုယ် ထိုင်နေရတာလည်း ကောင်း၊ ထနေရတာလည်း ကောင်း၊ သွားနေရတာလည်း ကောင်း၊ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်တွေ ထိုင်နေ၊ ထနေ သွားလာ လုပ်ကိုင်နေရတာတွေလည်းပဲ အကောင်းတွေပဲ ထင်နေတာပဲ။ အဲဒါတွေဟာ အရင်းစစ်လိုက်ရင် ဒါသခ်ါရတွေချည်းပဲ၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ သခ်ါရတွေတဲ့။

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ မြင်တိုင်းမြင်တိုင်း ရှုတော့ ဖြစ်ပျက်တာ တွေ့တာပဲ။ ကြားတိုင်း ကြားတိုင်း ဖြစ်ပျက်တာ တွေ့တာပဲ၊ ဒီပြင်ဘာမှမရှိဘူး၊ ကောင်းတာမရှိဘူး။ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း စိတ်ကူးစဉ်းစားကြံစည်တိုင်း ဖြစ်ပျက်တာချည်းပဲ၊ ဘာမှ ဒီအထဲ ကောင်းတာ မရှိပါဘူး။ ဒါပေမယ်လို့ အဲဒီလိုမရှုနိုင်လို့ အလိုရှိတဲ့ပုဂ္ဂိုလ်တွေကတော့ "ငါကောင်၊ သူကောင်၊ သတ္တဝါကောင်"စသည်ဖြင့် ထင်နေတယ်၊ လှုပတင့်တယ်တဲ့ အကောင်ကြီးတွေ ကိုယ့်ကိုယ်ကိုလည်း ထင်တယ်၊ သူများလည်း ထင်ပြီးတော့ ကောင်းတယ်လို့ ထင်နေတာကိုး၊ ကောင်းတယ်လို့ ထင်ရင် သဘောကျတော့တာပေါ့၊ ကောင်းရင် သဘောကျတယ်။ မကောင်းရင်တော့ သဘောမကျဘူး။ ကောင်းတယ်ထင်လို့

http://www.dhammadownload.com

ရှိရင် ကောင်းတဲ့အာရုံ သဘောကျတော့တာပဲ။ ဒါမို့ကြောင့် "သခ်ါရတွင်း အကောင်းထင်၊ ခင်မင်သမုတည်း"တဲ့။ အကောင်းထင်တယ်တဲ့၊ အကောင်းထင်တော့ ခင်မင်တယ်၊ နှစ်သက်တယ်၊ သာယာတယ်၊ သဘောကျတယ်၊ လိုချင်တယ်၊ ဒါတွေ ရောက်လာတော့တာပေါ့။ အဲဒါဟာ သမုဒယသစ္စာပဲတဲ့။ တဏှာ ဆာလောင်တယ် ဆိုတာဟာလည်း ကောင်းတယ်လို့ ထင်တာလေးတွေ၊ လိုချင်တောင့်တတာတွေဟာ သမုဒယသစ္စာပဲ။ ကိုင်း. . ဒါလေး ဆိုစမ်းပါဦး။

* **သခ်ါရတွင်း၊ အကောင်းထင်၊ ခင်မင်သမုတည်း။** (ဆို - သုံးခေါက်)

အဲဒီဖြစ်ပျက်နေတဲ့ သခ်ါရတွေကိုပဲ ကောင်းတယ်လို့ ထင်ပြီးတော့ ခင်မင်နှစ်သက်သာယာတာ, သဘောကျနေတာတွေဟာ သမုဒယသစ္စာတဏှာပဲတဲ့။ ဒီသမုဒယသစ္စာတွေဟာ ဘယ်ပုံဘယ်နည်းနဲ့ ဖြစ်သတုံးဆိုရင် အာရုံတစ်ခုခု အကြောင်းပြုပြီးတော့ အကောင်းထင်နေလို့ရှိရင် စွဲလမ်းသွားတာဟာ သမုဒယသစ္စာပဲ၊ သေခါနီးကျရင် တစ်ခုခုအာရုံစွဲပြီးတော့ ဘဝအသစ်ဖြစ်တာဟာလည်းပဲ သမုဒယသစ္စာပဲ။

ဓလောက်လန်းသဖွယ် ဝိညာဉ်တွယ်

ရှေးက ပညာရှိဆရာတော်တွေက စာတွေ ဘာတွေ စီထားတယ်။ "လောက်လန်းသဖွယ်၊ ဝိညာဉ်တွယ်တယ်" ဆိုပြီးတော့ အဲဒီတဏှာလေးနဲ့ တွယ်ပုံလေးကို အကြောင်းပြုပြီးတော့ ပြောတာ။ ပိုးလောက်လန်းလေးတွေ သွားလို့ရှိရင် ရှေးကနေပြီးတော့ ထောင်ပြီး ရှေ့က တွယ်ပြီးတော့မှ နောက်ကနေ လွှတ်တာကိုး။ ရှေ့ကတွယ် နောက်ကလွှတ်၊ ရှေ့ကတွယ် နောက်ကလွှတ် ဒီလိုသွားတာ။ အဲဒါလိုပဲ အခုဘဝဖြစ်တဲ့တဏှာလေးက တွယ်တာစရာအာရုံလေး တွယ်ပြီးတော့မှ စုတိစိတ်က ချုပ်သွားတာကိုး၊ ဟိုအကောင်းလေးအမျှင်လေးတော့ မရှိပါဘူး။ ဒါပေမယ့်လို့ အာရုံလေးတွယ်တာပြီး သေခါနီးမှာ စွဲလမ်းစရာအာရုံလေး ရှိတယ်။ အဲဒီစွဲလမ်းစရာအာရုံလေးတွေ ကပ်ပြီးတော့မှ စုတိစိတ်က ချုပ်သွားတယ်။ ချုပ်သွားတော့ အဲဒီစွဲလမ်းတဲ့အာရုံလေးကို ပဋိသန္ဓေစိတ်က အာရုံပြုပြီး ဘဝအသစ် ဖြစ်သွားတာကိုး၊ ဘဝအသစ် စိတ်အသစ်ကလေး ဖြစ်သွားတယ်။ အဲဒီလို ဖြစ်ဖြစ်သွားတာ။

http://www.dhammadownload.com

ဘုရားလောင်းသော်မှ တရားရာဂမြင့် စွဲလမ်းလို့ နဂါးဖြစ်ရခြင်း

ဘုရားအလောင်းတော်ကြီးတောင်မှ တစ်ခုသောဘဝမှာ စမ္ပေယျနဂါးမင်းကြီးရဲ့ နဂါးစည်းစိမ်တွေ မြင်ရလို့ ရှေးတုန်းက စာထဲ ပေထဲကမှာ နဂါးတွေ ခဏခဏပါတယ်။ အခုကာလ နဂါးကတော့ သိပ်ပြီးတော့ ထင်ရှားမတွေ့ရဘူး။ အခုခေတ်တော့ ဥစ္စာစောင့်တွေ ဘာတွေ တွေ့တတ်တယ်။ ဥစ္စာစောင့်တွေတော့ သတင်းစာထဲ ခဏခဏပါတယ်။ ဟိုမှာတွေ့ ဒီမှာတွေ့၊ အဲဒါတွေ စွဲလမ်းနေလို့ ဆေးတွေ ဘာတွေနဲ့ ကုပြီး အစွဲကို ချွတ်ပြီးယူရတယ်။ အဲဒါလည်း စွဲနေတာပဲ။ အဲဒီအရပ်က မင်းက နဂါးကို ပူဇော်တာကိုး။ အဲဒီနဂါးကြီးက နဂါးစည်းစိမ်နဲ့၊ အခြွေအရံပရိသတ်တွေနဲ့ ခမ်းခမ်းနားနားကြီး ပူဇော်ခံနေတယ်တဲ့။ နဂါးဆိုလို့လည်းပဲ တန်ခိုးနဲ့ ဖန်ဆင်းနိုင်တဲ့ နဂါးဖြစ်တော့ လူယောင်ဖန်ဆင်းပြီး သူက အပူဇော်ခံတာကိုး။ အဲဒီအခါတုန်းက ဘုရားလောင်းလည်းပဲ ဆင်းရဲနွမ်းပါးတဲ့ဘဝမှာ ရောက်ပြီးနေတော့ နဂါးမင်းကြီးရဲ့စည်းစိမ်တွေကို မြင်တော့ သူက သဘောကျတယ်။ "ဒီနဂါးမင်းကြီးမျိုး ဖြစ်ရရင်တော့ နေရာကျမှာပဲ၊ သိပ်နေရာကျတာပဲ"လို့ ဆိုပြီးတော့ နဂါးမင်းစည်းစိမ်ကို စိတ်ထဲမှာ သဘောကျတယ်။

သဘောကျတော့ အဲဒီဘဝက သေတဲ့အခါမှာ အဲဒီစမ္ပေယျနဂါးမင်းကြီး သွားဖြစ်တယ်။ အရင်နဂါးကြီး စုတေသွားတော့ သူလည်း နဂါးမင်းကြီးဖြစ်နေတယ်။ နဂါးမင်းကြီးဖြစ်တော့ သ္ဌကိုယ်လည်း သူပြန်ပြီးစဉ်းစားလိုက်တော့ "အောင်မယ် ငါ့ အရင်က ကောင်းတယ်လို့ မှတ်တယ် အပြီးသတ်တော့ ငါမြွေကြီး ဖြစ်နေပါကော။ ဟန်မကျပါပဲလား"ဆိုပြီး ဒီမှာ စိတ်ပျက်တာကိုး။ ဒါလည်း ဘုရားလောင်းမို့ ဘုရားလောင်းမဟုတ်လို့ရှိရင်တော့ ဒီပြင်ပုဂ္ဂိုလ်ဆိုလို့ရှိရင် ဒါလည်း သဘောကျမှာပဲ။ မြွေကြီး သ္ဌကိုယ်နဲ့သူ သဘောကျမှာ။ ဘုရားလောင်းဆိုတော့ သဘောမကျဘူး၊ သဘောမကျပေမယ့်လည်းပဲ အဲဒီနဂါးအခြွေအရံပရိသတ်တွေက ဖြေဖျော်လိုက်တော့ စိတ်တွေ ပျောက်ပြီး သွားသေးတယ်လို့ ဆိုတယ်။ ဒါပေမယ်လို့ သံဝေဂရတာနဲ့ နဂါးဘဝကလွတ်အောင်လို့ သ္ဌဥပုသ်တွေ ဘာတွေ စောင့်ပြုပြီးတော့ ကျင့်သုံးယူရတယ်။ အဲဒီဘဝက လွတ်အောင်လို့ အားထုတ်ရတယ်။ အဲဒါဟာ ဘာကလာတုံးဆိုတော့ ခုနက နဂါးမင်းမျိုးဖြစ်ရရင် ကောင်းမှာပဲ ဆိုတဲ့ တောင့်တမှုကလေး ဒီက လာတာ။

http://www.dhammadownload.com

ခွေးရဲ့ချမ်းသာမှုကို မြင်ရဲတော့ သာယာမိစြင်း

ယောသကသူဌေးကြီးဆိုတာ ရှိတယ်။ ယောသကသူဌေးကြီးဆိုတာက လည်း အလ္လကပ္ပတိုင်းက သမီးခင်ပွန်းနှစ်ယောက် ဆာလောင်မွတ်သိပ်တဲ့ အစာ ရေစာခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရဘေး ကပ်ဆိုက်ရောက်လို့ ထွက်ပြီးတော့ ပြေးကြ ရတယ်။ သမီးခင်ပွန်းနှစ်ယောက် ကလေးလေးတစ်ယောက်နဲ့ လမ်းတွင် ခရီးရိက္ခာ များ ကုန်သွားတယ်လို့ ဆိုတယ်။ ခရီးရိက္ခာကုန်တော့ကို အစာတွေ ပြတ်သွားတယ်၊ အားအင်တွေ ချိနဲ့ပြီးသကာလ ပင်ပင်ပန်းပန်းနဲ့ သွားကြရတယ်။ ကလေးလေး တောင်မှ တကတည်း တစ်ယောက်တစ်လှည့်စီ ချီရတာ တော်တော်ကြာတော့ မချီချင်တဲ့စိတ်တောင်ပေါ်လို့ ပစ်ထားခဲ့ကြပါစို့ရဲ့၊ တိုင်ပင်ပြီးတော့ ယောသက အလောင်းဖြစ်တဲ့ပုဂ္ဂိုလ်က ပစ်ထားခဲ့လို့ သူ့မှာ ယောသကသူဌေးဖြစ်တဲ့အခါ သေရာသေကြောင်း အကြံအစည်ခံရတယ်။ သို့သော်လည်း အဲဒီတုန်းက ကလေး ပစ်ထားခဲ့တာက သေတော့ မသေဘူးပေါ့လေ။ အဲဒီကနေပြီးတော့ တောစခန်း လွန်မြောက်ပြီး ရွာတစ်ရွာရောက်ပြီးသွားတဲ့အခါကျတော့ နွားကျောင်း သားတွေ နေရာ ရောက်သွားတယ်တဲ့။

နွားကျောင်းသားဆိုတာ နွားတွေ မွေးမြူပြီးတော့ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ပေါ့လေ။ ဒါ နွားကျောင်းတဲ့အလုပ်နဲ့ သူအသက်မွေးနေတာပဲ။ ဂေါပါလ ဆိုတာ သူပိုင်နွားတွေလည်း ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ကိုယ်ပိုင်နွားတွေ ထိန်းကျောင်းပြီး နေတယ်။ အဲဒီဂေါပါလနွားကျောင်းသားကလည်းပဲ ဒီနေ့မှာ သူမင်္ဂလာပြုတဲ့နေ့မှာ ပစ္စေကဗုဒ္ဓါတစ်ပါး ကိုးကွယ်ထားတယ်။ ပစ္စေကဗုဒ္ဓါ ပင့်ပြီးတော့ နို့ဆွမ်းတွေ ကပ်လှူတယ်၊ ပရိသတ်တွေ ဘာတွေလဲ ဖိတ်မံပြီး ကျွေးမှာပေါ့လေ။ အဲဒီမှာ သူတို့ကလည်းပဲ တိုင်းတစ်ပါးက နေပြီး ဒုက္ခရောက်ပြီး တော့ လာတဲ့ ဧည့်သည်တွေအနေနဲ့ အဲဒီမှာ သူတို့ဝင်ကြတာကိုး။ အလှူအတန်း ဝင်ရောက်ပြီး သူတို့ကိုလည်း ကျွေးတယ်။ ဒီတော့ သမီးခင်ပွန်းနှစ်ယောက်လုံး စားကြတယ်။ စားတဲ့အခါကာလမှာ အိမ်သူဖြစ်တဲ့ မိန်းမက သူ့ယောကျ်ားကို ငဲ့ညှာသောအားဖြင့် သင်ပဲ များများစားပါ။ လမ်းမှာလဲ သင် ပင်ပန်းလာတယ်။ အစာအာဟာရတွေလည်း ပြတ်လာတယ်၊ အင်မတန် ပင်ပန်းလာတယ်၊ ကလေး ချီရတာကလည်း ပင်ပန်းလာတယ်၊ သင်ပဲ စားပါ ဆိုပြီးတော့ ထမင်းဇလုံယူပြီး

http://www.dhammadownload.com

မိန်းမက နည်းနည်းစားတယ်၊ သူက လမ်းက ဆာလာတော့ စားကောင်းကောင်း နဲ့ သိပ်စားတာကိုး။

အဲဒီလိုစားနေရင်း နွားကျောင်းသမား နွားပိုင်ရှင်ပေါ့လေ။ နွား ကျောင်းသမား နွားပိုင်ရှင်က သူလည်းပဲ စားတယ်၊ သူစားပြီး သူစားနေရင်း သူမွေးထားတဲ့ ခွေးမကြီးတစ်ကောင်ကလည်း ရှိတယ်။ အဲဒီခွေးမကြီးလည်း သူစားနေတဲ့ နို့ထမင်းတွေကို သူက တစ်လုတ်ချင်း တစ်လုတ်ချင်း ယူယူပြီး ကျွေးတာကိုး။ ခွေးမကြီးစားနေတာ သူက မြင်ရတော့ ခုနက ဘေးဒုက္ခရောက်လာတဲ့ပုဂ္ဂိုလ်က မြင်ရတော့ သူစိတ်လည်း အောက်မေ့တယ်၊ ဒီခွေးမကြီး သိပ်ကံကောင်းတာပဲ။ သူချမ်းချမ်းသာသာနဲ့ အကောင်းအမွန်တွေချည်း စားနေရတယ်။ သူက ဆင်းဆင်းရဲရဲနဲ့ အစာအာဟာရ ပြတ်လာတဲ့ပုဂ္ဂိုလ် ဆိုတော့ ဒါကိုပဲ သူက သာယာစရာလို့ အင်မတန် ထင်နေတာကိုး။ အဲဒီလို ထင်နေတော့ သူ အဲဒီခွေးမကြီးရဲ့အနေမျိုးကို သာယာနှစ်သက် သဘောကျသွားတယ်။ အေးအေးလူလူနဲ့ ချမ်းချမ်းသာသာ စားနေရတာနဲ့ အဲဒါလေး သဘောကျတယ်၊ နောက်ညကျတော့ သူစားထားတဲ့ အစာက အစာမကြေဖြစ်ပြီး တစ်ခါတည်း ညတွင်းချင်း ရောဂါဖြစ်ပြီး သေရော၊ သူသေတော့ အဲဒီခွေးမကြီးဝမ်းထဲဝင်ပြီး ခွေးကလေးသွားဖြစ်တယ်။ ကြောက်စရာ အင်မတန် ကောင်းတယ်။ အဲဒါ သူဘဝဆက်ပြီးဖြစ်သွားပုံလေး၊ တဏှာကြောင့် ဒီဘဝအသစ် ဖြစ်လာ စွဲလမ်းသွားတာပါပဲ။

ဆူရူးလက်ထက်အထိ ရဟန်းတစ်ပါး

မြတ်စွာဘုရားလက်ထက်တုန်းက ရဟန်းတစ်ပါး ရှိတယ်၊ အဲဒီရဟန်းတစ်ပါးအား သူနှမကနေပြီးတော့ သင်္ကန်းလျှာအဝတ် လှူဒါန်းထားတယ်။ သင်္ကန်းလျှာအဝတ် တော်တော်ကောင်းတယ်၊ ဟိုခေတ်တုန်းကတော့ သူဟာနဲ့သူ တော်တော်ကောင်း ကောင်းနေမှာပေါ့လေ။ အဲဒါလေး သူက သဘောကျနေတယ်၊ ဒါလေး သဘောကျပြီးတော့ အဲဒါလေး စွဲလမ်းနေရင်း သေသွားလို့ သင်္ကန်းမှာ သန်းလကြီးဖြစ်နေလို့တဲ့၊ အင်မတန်ကြောက်စရာကောင်းတယ်။ သန်းကြီးဖြစ်ပြီး နေတော့ ရဟန်းပျံတော်မူသွားလို့ရှိရင် ဒီရဟန်းရဲ့ပစ္စည်းတွေက သံယိကဖြစ်တော့ ဝေရတယ်လို့ ဆိုတယ်၊ သံယာတွေ ဝေရတယ်၊ ဝေမယ်လို့လုပ်တဲ့အခါကျတော့ သန်းကြီးက "ငါ့ပစ္စည်းမယူကြနဲ့၊ မကိုင်ကြနဲ့" စသည်ဖြင့် အော်နေတယ်ဆိုတာကိုး၊

http://www.dhammadownload.com

ရဟန်းတွေကတော့ မသိပါဘူး၊ သန်းကြီးက အော်နေတယ်၊ မြတ်စွာဘုရားက နေပြီး ဒီဗွသောတအာဘိညာဉ်နဲ့ ကြားတယ်။ "ဒီအကောင်ကြီးဟာ ဒုက္ခတော့ ရောက်တော့မှာပဲ၊ အစတုန်းကလည်း သင်္ကန်းစွဲလမ်းပြီးတော့ အဲဒီစွဲလမ်းသာယာတဲ့စိတ်နဲ့ သူသန်းဖြစ်လာခဲ့ပြီ"။ ဒါ သူသိလတွေ စင်ကြယ်နေတဲ့ပုဂ္ဂိုလ်ပဲ။ ဒီစွဲလမ်းတာမရှိလို့ရှိရင် စုတိသည်၏ အခြားမဲ့မှာ လူဖြစ်ချင်လည်း ဖြစ်ဖို့ပဲ၊ နတ်ဖြစ်ချင်လည်း ဖြစ်ဖို့ပဲ၊ ဒီစွဲလမ်းတာလေးရှိတဲ့အတွက်ကြောင့် ဒီပြင်ဘာမှအပြစ်မရှိဘူး။ ဒါစွဲလမ်းနေလို့ သူက တဏှာကနေပြီးတော့ ဘဝကူးပေးလိုက်တာ။ ကြောက်စရာအင်မတန် ကောင်းတယ်။

အဲဒီတော့ မြတ်စွာဘုရားက မြင်တော်မူတာနဲ့ "ဟေ့. . ဒီသင်္ကန်း (၇)ရက်အတွင်းမဝေကြနဲ့၊ ဆိုင်းထားကြအုံး"လို့ မြတ်စွာဘုရားက ခိုင်းတယ်။ ဆိုင်းထားလိုက်တော့မှ (၇)ရက်ကြာတဲ့အခါမှာ သန်းကြီးက အစာမစားရဘဲဟာကိုး၊ သန်းဆိုတာ လူတွေဘာတွေ သွေးတွေ စုပ်နေရမှ အသက်ရှည်မှာ၊ သူအစာမစားရဘဲနဲ့ (၇)ရက်ကြာတော့ သူသေရော၊ သေသွားတော့ ဒီအခါကျတော့ သူစွဲလမ်းမှုမပေါ်ဘူး။ သင်္ကန်းက သူ့အသုံးမှမကျဘဲဟာကိုး၊ အဲဒီမှာ သန်းအဖြစ်ကနေပြီး စုတေသွားတဲ့အခါကျတော့မှ ရွှေးကရဟန်းဘဝကနေပြီး စောင့်ထိန်းထားတဲ့ သီလတွေ၏အစွမ်းကြောင့် တာဝတိံသာနတ်ပြည် ရောက်သွားတယ်။ သူက တော်သေးရဲ့၊ နို့မို့ရင် ရဟန်းတွေပြစ်မှားပြီး သီလကုသိုလ်ပျက်ပြီးတော့ ဒီထက်ဆိုးဝါးတဲ့ ငရဲတွေ ဘာတွေ ကျသွားမှာ၊ မြတ်စွာဘုရားက မြင်လို့ တားထားတယ်။ အဲဒီဘဝဆိုတာ ဒီလိုဖြစ်တယ်။

ဆဋ္ဌဝါစတွေဟာ စွဲလမ်းရာရောမှာ ဖြစ်ကြောပါပဲ

ပြီးတော့ သက္ကပဥ္ဉသုတ်မှာလာတဲ့ "ဂေါပက"ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်၊ သူကိုးကွယ်ထားတဲ့ ရဟန်း (၃)ပါးဟာ သာမညရဟန်း မဟုတ်ဘူး၊ ဈာန်တရားတွေ ရနေတဲ့ ရဟန်းဖြစ်နေတယ်၊ အဲဒီရဟန်းသုံးပါးတို့က စုတေသွားတဲ့အခါ သူတို့ ဘယ်ရောက်တုံးဆိုတော့ ဂန္ဓဗ္ဗနတ်မျိုး သွားဖြစ်နေတယ်တဲ့။ "ဂေါပက"ဆိုတဲ့ အမျိုးသမီးကတော့ ကုသိုလ်ကောင်းမှုတွေ ပြုတယ်၊ တရားတွေလည်း အားထုတ်တော့ သောတာပန်လည်း ဖြစ်သွားပါတယ်။ သောတာပန်

http://www.dhammadownload.com

ဖြစ်သွားပြီးတော့ သူက မိန်းမဘဝလည်း ရွှံရွှာစက်ဆုပ်ပြီးနေတယ်၊ လောကမှာ မိန်းမဆိုတာ အင်မတန် အောက်တန်းကျတယ်၊ အရာရာမှာ ဘယ်နေရာမှ အသုံးမကျဘူး၊ အဲဒီတော့ ငါ ဒီအဖြစ်မျိုး အလိုမရှိတော့ဘူးဆိုပြီး မိန်းမအဖြစ်မျိုး ရွံရှာစက်ဆုပ်ပြီးတော့ အဲဒီဘဝက စုတေသွားတဲ့အခါမှာ တာဝတိံသာမှာ သိကြားမင်းရဲ့ သားတော်အဖြစ်နဲ့ ဖြစ်တယ်တဲ့။ သားတော်အဖြစ်ဆိုတော့လည်း လူပြည်လို အမိဝမ်းထဲမှာ ပဋိသန္ဓေနေရတာမျိုး မဟုတ်ပါဘူး၊ ရင်ခွင်ထဲမှာ ဝင်ဖြစ်လို့ရှိရင် သားရယ်၊ သမီးရယ် အသိအမှတ်ပြုရတယ်တဲ့။ ဒါ နတ်လောကမှာ ဥပဒေရှိတာကိုး၊ နတ်ကလည်း သူဥပဒေနဲ့သူ ရှိတယ်။ အိပ်ရာထဲမှာ ဖြစ်လို့ရှိရင်ဖြင့် အဲဒီနတ်သမီးတို့ ဘာတို့ ဖြစ်လို့ရှိရင်တော့ ဒါကြင်ယာတော်ပဲ။ အိပ်ရာဘေးနားမှာ ဖြစ်လို့ရှိရင် အလုပ်အကျွေးတွေပဲလို့ ဒီလိုဖြစ်တာကိုး၊ ရင်ခွင်ပေါ်မှာ တင်ပလ္လင်ခွေထဲမှာ လာပြီးဖြစ်လို့ရှိရင်တော့ နတ်သားလာဖြစ်ရင် သားပဲ၊ နတ်သမီးလာဖြစ်ရင် သမီးပဲလို့ အသိအမှတ်ပြုရတယ်။ သူဟာကတော့ အမိဝမ်းတွင်းလွယ်ပြီးတော့ မွေးဖွားနေရတာ မဟုတ်ပါဘူး။ အဲဒီမှာ သိကြားမင်းရဲ့ သားတော်ဖြစ်တယ်၊ "ဂေါပက"လို့ ခေါ်တယ်တဲ့။

တစ်နေ့သောအခါကာလကျတော့ ခုနက ဝန္ဓပုနတ်တွေက ကချေသည်နတ်တွေကိုး၊ အခု သူက လူပြည်မှာ သဘင်သည် ကချေသည်တွေလိုပဲဖြစ်တယ်၊ သဘင်သည် ကချေသည်တွေဆိုတာ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေ ငှားရမ်းခိုင်းတာကို ကပြရတယ်၊ ဒါတွေကို ဖြေဖျော်ရတာ၊ သိကြားမင်းကို သွားသွားပြီး သူတို့က ခစားရတယ်၊ ကပြရတယ်။ အဲဒီ ကပြတဲ့အထဲ ခုန နတ်သားသုံးယောက်က ထူးထူးခြားခြားပါလာတာကိုး၊ ထူးထူးခြားခြားပါလာတော့ ဂေါပက,က ကြည့်တယ်။ "ဘယ့်နဲ့လဲ ဒီနတ်သားတွေ ထူးလှပါလား။ ရွှေဘဝက ဘယ်လိုပုဂ္ဂိုလ်များဖြစ်ခဲ့ပါလိမ့်မတုံး"လို့ ကြည့်တော့ "ရွှေဘဝက ရဟန်းတွေ ဖြစ်ခဲ့ကြတယ်၊ ရဟန်းတွေဆို ဘယ်ကရဟန်းတွေတုံး"လို့ စဉ်းစားတော့ သူကိုးကွယ်ထားတဲ့ ဆရာရဟန်းတွေ ဖြစ်နေခဲ့တယ်။ နို့နေပါဦး ဒီဟာတွေ ရွှေဘဝက သူတို့တရားတွေ ဘာတွေ အားမထုတ်လို့လား ဆိုတော့ အားမထုတ်လို့လည်း မဟုတ်ဘူး၊ အားလည်း အားထုတ်ထားတဲ့ ဈာန်တရားများ ရရှိတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ကြတယ်၊ သို့သော် မဂ်တရား၊ ဖိုလ်တရားတော့ မရပါဘူး၊ ဈာန်ရထားတဲ့ ပုဂ္ဂိုလ်တွေပဲ၊ ဈာန်ရထားတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင် ရှုပဋိဘာဘုံမှာ ဖြစ်ရမယ်၊ သီလ

http://www.dhammadownload.com

စင်ကြယ်ရုံနဲ့တောင်မှ တာဝတိံသာ စသည့် အထက်နတ်ပြည်တွေမှာ ဖြစ်တာပဲ၊ သီလကောင်းကောင်း စင်ကြယ်လို့ရှိရင် ဖြစ်ပါတယ်၊ သီလမစင်ကြယ်ရင် တော့လည်းပဲ မဖြစ်နိုင်ဘူးပေါ့လေ။ သူတို့က သီလစင်ကြယ်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်တယ်၊ ပြီးတော့ ဈာန်ရထားတော့ မြဟ္မာပြည်ရောက်တာပဲ။

မြဟ္မာဖြစ်ရမယ့်ပုဂ္ဂိုလ်တွေဖြစ်တော့ သူတို့ ဘာဖြစ်လို့ ဒီမှာ ဖြစ်နေပါလိမ့်မလဲ ဆိုတော့ သူက ဂန္ဓဋ္ဌနတ်မျိုးဘဝနဲ့ ရွှေကလဲ ဖြစ်ဖူးတယ် ဆိုတာကိုး။ ဖြစ်ခဲ့ဖူးတော့ ဒီနေရာကို သူက အစွဲလမ်းလေးရှိနေတယ်၊ ဒါလေး ကြိုက်နေတာပေါ့လေ၊ ကိုယ်နေဖူးတဲ့နေရာလေးဆိုတာ စွဲလမ်းတတ်တယ်၊ ကိုယ်နေဖူးတဲ့နေရာလေးမျှားဆိုရင်ဖြင့် သဘောကျတယ်၊ ကိုယ့်နေရာလေးနဲ့ကို နေရမှ ပိုပြီးတော့ သဘောကျတယ် ထင်တယ်။

တစ်ခါတုန်းက ဒကာမတစ်ယောက် ဘုန်းကြီးမျှားထက် နည်းနည်းငယ်တာပေါ့၊ သူက ရန်ကုန်ရောက်နေတာကိုး၊ သူပြောတယ်၊ "တပည့်တော်ဘုရားတဲ့ကိုယ့်အရပ်မဟုတ်ရင် ဘယ်မှမသွားဘူးတဲ့၊ ကိုယ့်အိမ်ထဲတွင် ကိုယ်နေနေတော့တာပဲ၊ သူအရပ်ကလည်း သိပ်ကောင်းကောင်းမွန်မွန် မဟုတ်ပါဘူး၊ တော်တော်ခြောက်ခြောက်သွေ့သွေ့နေတာပဲ။ "ရန်ကုန်မြို့"ဆိုတာ အကောင်းဆုံးနေရာကြီးပဲ၊ မြန်မာပြည်အနေနဲ့ ဆိုရင်တော့ ကောင်းတယ်ပေါ့လေ၊ ဒီမှာ ဘုရားသွားချင်လည်း သွားနိုင်တယ်၊ ကျောင်းသွားချင်လည်း သွားနိုင်တယ်၊ အရပ်ထဲလျှောက်ပြီးတော့လည်း သာသာယာယာ လျှောက်သွားမယ်ဆိုလည်း သွားနိုင်တယ်၊ သွားစရာတွေ အင်မတန်ကောင်းတဲ့ဟာတွေပဲ။

ဒါပေမယ့် သူစိတ်ထဲ ခြောက်သွေ့ကြီးဖြစ်နေတယ်၊ သူနေရာက ဘာမှကောင်းတာ မဟုတ်ဘူး၊ ဘုန်းကြီးမျှားလည်း ရောက်ဖူးပါတယ်၊ သူနေရာက မြို့လို့တော့ ခေါ်ရတာပေါ့၊ ဒါပေမယ့် တောရွာလေးလိုပါပဲ၊ ဘုန်းကြီးမျှားနေတဲ့ရွာလောက်တောင်မှလည်း သာသာယာယာမရှိပါဘူး။ ဒါပေမယ်လို့ သူနေရာလေးနဲ့သူ သဘောကျနေတယ်၊"ကိုယ့်အရပ်မဟုတ်ရင် ဘုရားတပည့်တော်ဘယ်တော့မှမသွားတော့ဘူး၊ အိမ်ထဲတွင် နေတော့တာပဲ"တဲ့၊ သူက ပြောတယ်၊ အဲဒါလိုပဲ ကိုယ်နေဖူးတဲ့နေရာလေးတွေ သူက စွဲလမ်းနေတယ်၊ ဒါကြောင့် ဒီနတ်သားသုံးယောက်က ရွှေကလည်းပဲ အဲဒီမှာ ဖြစ်ဖူးလို့တဲ့၊ သီလလည်း စင်ကြယ်ရဲ့၊

http://www.dhammadownload.com

ဈာန်လဲရရဲ့၊ ပြဟ္မာပြည်မဖြစ်ဘဲနဲ့ အထက်နတ်ပြည်တွေ မဖြစ်ဘဲနဲ့ ကချေသည် ဂန္ဓပွနတ်နတ်မျိုးဖြစ်လာတာကိုး၊ အံ့သြစရာကောင်းတယ်၊ အဲဒါ ဘာတုံးဆိုတော့ တဏှာ စွဲလမ်းမှုလေးပဲ၊ အဲဒါကြောင့် -

* **သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း။** (ဆို သုံးခေါက်)

သခ်ါရအကောင်းထင်လို့ ရှိရင်တော့ အကောင်းထင်ရင် ခင်မင်တယ်၊ ခင်မင်တာက ကိုယ့်ကိုယ်ထဲက တရားတွေ အကြောင်းပြုပြီးလည်း ခင်မင်တွယ်တာမှု ဖြစ်တယ်၊ အပြင်ပက အာရုံတွေ အကြောင်းပြုပြီးတော့လည်း ခင်မင်တွယ်တာမှု ဖြစ်တယ်၊ အဲဒီတွယ်တာမှုကလေးတွေဟာ သမုဒယပဲတဲ့၊ ဆင်းရဲတွေ ဖြစ်စေတတ်တယ်တဲ့၊ သူ့ကြောင့်မို့ ဘဝလေးတွေ ထပ်ခါထပ်ခါ ဖြစ်ရတယ်၊ ဒါကြောင့် "သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း"လို့ ဒီလို ဆောင်ပုဒ်ပေးထားတယ်။

သေယျထိဒံ ကာမထဏှာ ဆဝထဏှာ ဝိဘဝတဏှာ။

ဣဒံ အယံ တဏှာ-ဤတဏှာသည်၊ သေယျထ ကတမံ -သေယျထာ ကတမာ-အဘယ်နည်းဟူမူကား။ ကာမတဏှာ-ကာမဂုဏ်အာရုံတို့၌ ဆာလောင်တပ်မက်သော တဏှာလည်းကောင်း၊ ဘဝတဏှာ-ဘဝ၌ ဆာလောင်တပ်မက်သော တဏှာလည်းကောင်း၊ ဝိဘဝတဏှာ-ဘဝကင်းပြတ်သည်၌ ဆာလောင်တပ်မက်သော တဏှာလည်းကောင်း၊ ဣဟမာ တိသော-ဤသုံးပါးတို့ပင်တည်း။

တဏှာဆုံးမျိုး

ဆာလောင်တပ်မက်တဲ့ တဏှာဆိုတာ ဘယ်ဟာလဲ ဆိုရင် (၃)မျိုး ရှိတယ်တဲ့၊

(၁) ကာမတဏှာ၊

(၂) ဘဝတဏှာ၊

(၃) ဝိဘဝတဏှာ၊

"ကာမတဏှာ"ဆိုတာ ကာမဂုဏ်အာရုံတွေ နှစ်သက်သာယာတဲ့ အနေအားဖြင့် ဖြစ်တာပဲ၊ ကာမဂုဏ်အာရုံတွေဆိုတာကတော့ မြင်စရာအာရုံတွေ, ထိစရာအာရုံတွေပေါ့လေ၊ "ကာမဂုဏ်"ဆိုတာ ငါးပါးရှိတယ်၊

http://www.dhammadownload.com

(၁) ရူပါရုံ - မျက်စိဖြင့် မြင်ပြီးတော့ သာယာနှစ်သက်ဖွယ်ဖြစ်တဲ့ အာရုံတွေကို "ကာမဂုဏ်"လို့ ခေါ်တယ်၊ အဆင်းအာရုံ ကာမဂုဏ်တွေလည်းပဲ ဟိုလိုရှိုးရှိုးအဆင်းမဟုတ်ဘူး၊ ယောကျ်ား၊ မိန်းမတို့၏ အသုံးအဆောင်အနေ အားဖြင့် အဲဒီလို ဥစ္စာတွေကို သာယာနေတယ်လို့ ခေါ်တယ်။

ဥပမာ - ဘုရားဆင်းတုတော်ကြီးက အဆင်းကို သပ္ပာယ်လို့ ဘာလို့ ဒီဟာမျိုးမဟုတ်ဘူး၊ ယောကျ်ား၏သန္ဌာန်က အဆင်းရူပါရုံ၊ မိန်းမ၏သန္ဌာန်က အဆင်းရူပါရုံ၊ ယောကျ်ား၏အသုံးအဆောင်၊ မိန်းမ၏အသုံးအဆောင် အဝတ် အစားတွေ ဘာတွေ စသည်ပေါ့လေ၊ အဲဒီလိုအလှအပတွေဟာ ရူပါရုံ ကာမဂုဏ် ဝတ္ထုတွေပဲ။

(၂) သဒ္ဒါရုံ - အသံဝတ္ထုတွေကလည်း ယောကျ်ား၏အသံ၊ မိန်းမ၏ အသံ၊ တူရိယာသံတို့ဟာတွေက သဒ္ဒါရုံကာမဂုဏ်ဝတ္ထုတွေတဲ့၊

(၃) ဂန္ဓာရုံ - အနံ့တဲ့၊ ယောကျ်ားနဲ့စပ်တဲ့ အနံ့၊ မိန်းမနဲ့စပ်တဲ့ အနံ့၊ ယောကျ်ား,မိန်းမတို့၏ကိုယ်၌ လူးလိမ်းထားတဲ့ အနံ့, ဖုံးထားတဲ့ အနံ့၊ ဓါတ်အလွတ်ဖြစ်တဲ့ မွှေးကြိုင်ပြီးတော့နေတဲ့ အနံ့၊ အနံ့ကောင်းတွေဟူသမျှ အကုန် ပေါ့လေး

(၄) ရသာရုံ - အရသာတွေဆိုရင်လည်းပဲ စားသောက်စရာ အရသာ တွေ ဓါတွေအကုန်ပဲ။

(၅) ဖောဋ္ဌဗ္ဗာရုံ - အတွေ့တွေကတော့လည်း အထူးအားဖြင့် ယောကျ်ား မိန်းမအနေအားဖြင့် တွေ့ထိအပ်တဲ့အာရုံမျိုးတွေ၊

အဲဒီလို အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ စပ်ပြီးတော့ သာယာနှစ် သက်တဲ့ ဥစ္စာတွေကို "ကာမတဏှာ"လို့ ခေါ်တယ်တဲ့၊ ဒီကာမတဏှာဟာလည်း တော်တော်နှိပ်စက်တဲ့တရားပါပဲ၊ ဒီကာမတဏှာရှိနေတဲ့အတွက် သတ္တဝါတွေ တော်တော်ဒုက္ခရောက်ပါတယ်၊ ဒီကာမတဏှာကို နုတ်ပစ်လိုက်လို့ရှိရင် အင်မတန် သက်သာရာရမယ်။ သူက သတ္တဝါတွေကို တော်တော်ဒုက္ခပေးတယ်၊ ကာမတဏှာ ရှိနေတော့ ဒီကာမအာရုံကို မရသေးတာတွေ သူက ရချင်တယ်။ မရသေးတာတွေ အင်မတန်မျော်လင့်တောင့်တတယ်၊ မလိုချင်ပါဘူးလို့ မစွန့်လွှတ်နိုင်ဘူး၊ သူဟာ လိုချင်တောင့်တမှုတွေ ရှိနေတာပဲတဲ့။

http://www.dhammadownload.com

ဥပမာအားဖြင့်ဆိုရင် ဆေးလိပ်ကြိုက်တတ်တဲ့ပုဂ္ဂိုလ်ဟာ ဆေးလိပ်ကို သာယာနေသလိုပဲ၊ သောက်ချင်နေတာပဲ၊ အခုသောက်ပြီးတော့ ခဏနေ တော်တော်ကြာတော့ သောက်ချင်သေးတာပဲ၊ မသောက်ပါဘူးဆိုတဲ့စိတ် မရှိဘူး၊ ကွမ်းကြိုက်တတ်တဲ့ပုဂ္ဂိုလ်ကလည်း ကွမ်းစားဖို့ရာ စိတ်ကူးနေတာပဲ၊ အခု စားပြီး ပေမယ့်လို့ တော်တော်ကြာ စားဦးမှာပဲ၊ မစားပါဘူးဆိုတဲ့စိတ် မဖြစ်ဘူး၊ ဖြတ်ရ မယ်ဆိုရင် တော်တော်ဝန်လေးတယ်၊ ခက်တယ်၊ အဲဒါလိုပဲ ကာမအာရုံတွေ ကြိုက် ပြီးတော့နေတဲ့ ကာမတဏှာ အင်မတန်ဒုက္ခပေးတယ်၊ အဲဒါ ကာမတဏှာတဲ့၊ သူကတော့ ထင်ရှားနေပါပြီ။

ဘဝတဏှာကတော့ အဋ္ဌကထာမှာ (၄)မျိုး ဖွင့်ပြထားပါတယ်။

ဘဝတဏှာ

ဘဝေ ထဏှာ ဘဝထဏှာ - ဘဝတောင့်တပြီးတော့ ဖြစ်တဲ့တဏှာတဲ့။ သူက မိမိလက်ရှိဖြစ်ပြီးတဲ့ဘဝကို သာယာနှစ်သက် သဘောကျပြီးတော့နေတာ၊ ဒါဟာ ကာမတဏှာထဲ ထည့်ဖုံးမှ ကိုက်မှာ၊ သူကလဲပဲ ဘဝအနေအားဖြင့် သာယာတာကိုး၊ ဘဝထဲမှာ ထည့်ထားတော့ ပိုတော့ နားလည်လွယ်တယ်၊ ဘဝ အလိုအားဖြင့် တောင့်တတယ်တဲ့၊ မိမိလက်ရှိဘဝပဲ သာယာနှစ်သက် သဘော ကျတယ်၊ နောင်ဖြစ်ရမယ့်ဘဝတွေ သာယာနှစ်သက် သဘောကျတယ်၊ ယောကျ်ားဖြစ်နေတဲ့ပုဂ္ဂိုလ် ယောကျ်ားဘဝ၊ မိန်းမဖြစ်နေတဲ့ပုဂ္ဂိုလ် မိန်းမဘဝ၊ နောင်ဖြစ်ရမယ့်ဘဝ လူဘဝ နတ်ဘဝတွေ အလိုရှိနေတာ၊ ဘဝအလိုအားဖြင့် တောင့်တတဲ့ တဏှာက တစ်မျိုးပဲတဲ့။ ပြီးတော့-

"ဘဝပတ္ထနာဝသေန ဥပ္ပန္နဿ သဿတဒိဋ္ဌိသဟဂတဿ စေတသော အဘိဝဒနံ"

သဿတဒိဋ္ဌိနဲ့တကွ ဖြစ်တယ်တဲ့၊ မြဲတဲ့အနေအားဖြင့် မပျက်မစီးဘဲနဲ့ မြဲတည်နေတာပဲလို့ ထင်တယ်၊ မိမိကိုယ်လည်း မပျက်မစီးဘဲနဲ့ မြဲတည်နေတယ်၊ တွေ့ကြုံနေရတဲ့ အာရုံတွေပေါ်မှာလည်း မပျက်မစီးဘဲနဲ့ မြဲတည်နေတယ်လို့ ထင်ပြီးတော့ အဲဒီဟာကို သာယာတာကိုး၊ ကိုယ့်ကိုယ်ကိုလည်း သာယာတယ်၊ တွေ့ကြုံရတဲ့အာရုံတွေလည်း သာယာတယ်၊ နှစ်သက်တယ်ဆိုရင် ဒါ သဿတ

http://www.dhammadownload.com

ဒီဌိနဲ့ တကွ ဖြစ်တာ-တဲ့။ အခု ဒီမှာ ဆောင်ပုဒ်ပေးထားတာက တစ်ခုပဲ ပေးထားတယ်၊ အများအားဖြင့် ဘဝတဏှာဆိုတာ "သဿတဒိဌိနှင့်တကွ ဖြစ်တယ်"လို့ ဒီလိုပဲ ဖွင့်တတ်ပါတယ်၊ ဒီနေရာမှာတော့ လေးခုဖွင့်ထားတယ်၊ ဒါပေမယ်လို့ အဲဒီအများဖွင့်ထားတဲ့ဥစ္စာကို လိုက်ပြီး ဆောင်ပုဒ်ကတော့ ပေးထားရတယ်၊ လေးခုလုံးလည်း စီလို့မဖြစ်ဘူး၊ တစ်ပုဒ်နဲ့ လေးခုစီဖို့ရာ မလွယ်ဘူး၊ နောက်တစ်ခုကတော့ -

ဘဝပတ္ထနာဝသေန ဥပ္ပန္နဿ ရူပါရူပဘဝရာဝဿ စေတံ အဓိဝစနံ၊

ရူပဘဝ အရူပဘဝ - ရူပပြဟ္မာ ဘဝ, အရူပပြဟ္မာဘဝတွေ ဖြစ်ချင်နေတာ၊ သာယာနှစ်သက်နေတာ၊ ရူပဘဝ အရူပဘဝ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် အဲဒီဘဝတွေ သူက သာယာနှစ်သက်နေတာ၊ မရောက်သေးတဲ့ ပုဂ္ဂိုလ်က ရောက် ချင်ပြီးတော့ နေတာ၊ ဒါလဲပဲ ဘဝတဏှာပဲတဲ့။

ဘဝပတ္ထနာဝသေန ဥပ္ပန္နဿ ဗျာနဒိကန္တိယာ စေတံ အဓိဝစနံ၊

ဗျာနဒိကန္တိ - ရူပဗျာန် အရူပဗျာန် နှစ်သက်နေတာ၊ မိမိရထားတဲ့ ဗျာန်ဆိုလို့ရှိရင်ဖြင့် အဲဒီဗျာန်တွေ နှစ်သက်သာယာနေတယ်တဲ့။ မရသေးလို့ရှိရင်လည်း ရချင်ပြီးတော့နေတဲ့ဟာ၊ အဲဒီဥစ္စာ ဘဝတဏှာပဲတဲ့။

အဲဒီ (၄)ခုထဲမှာ အခု ဒီမှာ ဘုန်းကြီးက တစ်ခုပဲ ပေးထားတယ်၊ ဒီဆောင်ပုဒ်ကလေးတွေ ဆိုဖုံးမှပဲ၊

* **ကာမတဏှာ၊ တောင်းနိုးရာ၊ သာယာနှစ်သက်မှု၊** (ဆို သုံးခေါက်)

ကာမတဏှာ ဆိုတာ ယောက်ျား, မိန်းမသန္တာန်မှာရှိတဲ့ အာရုံဝတ္ထုတွေ၊ ယောက်ျား၊ ယောက်ျား, မိန်းမ၏အဖြစ်နဲ့ သုံးဆောင်လို့ဖြစ်တဲ့ အရာဝတ္ထုတွေ ကောင်းနိုးရာရာ ကောင်းတယ်လို့ သာယာနှစ်သက်နေတာ၊ ဒါ ကာမတဏှာပဲတဲ့။ ကာမတဏှာ ကောင်းနိုးရာ သာယာနှစ်သက်မှု၊ အဲဒါ မြင်ရတဲ့အာရုံဖြစ်ဖြစ်၊ ကြားရတဲ့အာရုံဖြစ်ဖြစ်၊ နံရတဲ့အာရုံဖြစ်ဖြစ်၊ စားရတဲ့အာရုံဖြစ်ဖြစ်၊ တွေ့ထိရတဲ့အာရုံဖြစ်ဖြစ် ကောင်းတယ်ထင်ရတဲ့အာရုံတွေကို သာယာနှစ်သက်သဘောကျတာတွေဟာ ကာမတဏှာပဲတဲ့။ ကာမဂုဏ်ငါးပါးဆိုတာ အဲဒါတွေပဲ။

* **ဘဝတဏှာ၊ တည်မြဲသာ၊ ထင်လာနှစ်သက်မှု။** (ဆို သုံးခေါက်)

http://www.dhammadownload.com

* ဘဝတဏှာ-တည်မြဲသော, ထင်လာနှစ်သက်မှုတဲ့ ဘဝတဏှာဆိုတာ သဿတဒိဋ္ဌနဲ့တကွ ဖြစ်တယ်လို့ အဋ္ဌကထာများမှာ ဖွင့်ထားတာကို၊ ဘဝတဏှာကို အများအားဖြင့် အဲဒီလိုပဲ ဖွင့်ကြတယ်၊ ဘဝတဏှာတ သဿတ၊ ဝိဘဝတဏှာက ဥစ္ဆေဒ၊ သူက အပြန်အလှန်ဖွင့်တယ်၊ ဒါကြောင့် အဲဒါကို ယူပြီးတော့ ဒီမှာဆောင်ပုဒ်ပေးထားတယ်၊ ဘဝတဏှာ တည်မြဲသာတဲ့၊ တည်မြဲအတိုင်းသာ တည်နေတယ်တဲ့၊ အဲဒီလိုထင်ပြီးတော့ သာယာနှစ်သက် နေတာ၊ ကိုင်း . . . ဆိုစမ်းပါအုံးတော့။

* **ဘဝတဏှာ၊ တည်မြဲဆာ၊ ထင်လာနှစ်သက်မှု၊** (ဆို သုံးခေါက်)

"ဘဝတဏှာ"ဆိုတာ တည်မြဲတည်နေတာပဲလို့ အရင်ကလည်း ရှိ၊ ခုလည်း ရှိ၊ နောင်လည်း ရှိ၊ အမြဲတမ်းရှိနေတယ်၊ မဟုတ်နိုင်ဘူးလို့ မြဲတဲ့အနေအားဖြင့် ထင်နေတာကိုး။ "သဿတဒိဋ္ဌ"လို့ ခေါ်တယ်၊ မြင်တာတစ်ခုနဲ့ စပ်ပြီးတော့ မြင်တဲ့ စိတ်ကလေးဟာ ငါပဲ၊ အရင်ကလည်း ရှိတယ်၊ ခုလည်း ရှိတယ်၊ နောင်လည်း ရှိမှာအုံးပဲ၊ နွေးဘဝရလဲရှိတယ်၊ ယခုဘဝလဲရှိနေတော့ ပြောစရာမလိုဘူး၊ နောင်ဘဝတွေလည်း ပဲရှိသွားအုံးမှာပဲ။ တစ်ကြိမ်ထဲ တစ်ခါတည်း အသက်ကောင် လေးအနေအားဖြင့် တစ်ကြဲ့တည်း အမြဲတမ်း တည်နေတယ်လို့ ထင်တာကိုး၊ သေတဲ့အခါ ကာလမှာ ဒီရုပ်အလောင်းကြီး ဘာကြီး ပျက်သွားတာ၊ ဒါတော့ အသိကြသားပေါ့၊ သိပေမယ်လို့ အဲဒီအကြမ်းစားတွေက ဒါပျက်သွားတယ်၊ အနုစားဖြစ်တဲ့ အသက်ကောင် သတ္တဝါကောင်၊ အတ္တကောင်ကတော့ ဟိုဘဝ ပြောင်းသွားတယ်၊ လိပ်ပြာကောင်တို့ ဘာတို့ ခေါ်တာပေါ့လေ၊ မြန်မာက ဟိုမှာ လိပ်ပြာထွက်သွားတယ်၊ လိပ်ပြာနုတ်သွားတယ်၊ ဘာညာစသည်ဖြင့် အသက်ထွက်သွားတယ်၊ စသည်ဖြင့် ပြောကြတယ်၊ အဲဒါမျိုးတွေ ငါကောင် သတ္တဝါကောင် လေးဟာ တကယ်ရှိတယ်ထင်ပြီးတော့ အဲဒါ အရင်ကလည်း ရှိတယ်၊ ခုလည်းရှိတယ်၊ နောင်လည်း ရှိမှာပဲလို့ အဲဒါ မြင်မှုနဲ့စပ်ပြီးတော့ ထင်မြင်ခွဲလမ်းတာကို၊ ဒါ"သဿတဒိဋ္ဌ"လို့ ခေါ်တယ်။

သဿတဒိဋ္ဌအားကြီးရင် တရားမမြင်နိုင်ဘူး

သဿတဒိဋ္ဌအားကြီးလို့ရှိရင် တရားအားထုတ်လို့လည်း မဖြစ်ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ သူက အကောင်လိုက်တည်နေတာကိုး၊ အဲဒါ ဖြစ်တယ် ပျက်တယ်မှ မထင်ဘဲနဲ့၊ နိဗ္ဗာန်ဆိုတာလည်း မရှိဘူး၊ အကောင်လိုက်ထင်နေတယ်၊

http://www.dhammadownload.com

အမြဲတမ်းရှိနေတာ၊ ဒီအကောင်က ဖျက်ပစ်လို့ကို မရဘူး၊ ဘယ်နည်းနဲ့မှ ထပ် ဖျက်လို့မရဘူး၊ ဖောက်ဖျက်လို့ မရဘဲ တစ်ခါတည်း တည်မြဲတည်နေတဲ့ အကောင် အထည်ပဲတဲ့။ အဲဒီလို စွဲလမ်းတာကို "သဿတဒိဋ္ဌ"လို့ခေါ်တယ်၊ နည်းနည်း ပါးပါးတော့ ရှိကြတာပေါ့လေ၊ အများကြီးရှိလို့ရှိရင် တရားအားထုတ်လို့ မဂ် ဖိုလ်တရားမရနိုင်ဘူး၊ မဂ္ဂန္တရာယ်ဖြစ်တယ်၊ နည်းနည်းပါးပါး ရှိတာကတော့ အားထုတ်ရင်း အားထုတ်ရင်းနဲ့ ပျောက်သွားပါတယ်၊ တော်ရုံတန်ရုံဟာတော့ ပျောက်သွားတယ်၊ သိပ်များ နေရင်တော့ မပျောက်ဘူး၊ အဲဒီလို တည်မြဲတည်နေ တယ်လို့ ထင်ပြီးတော့ မြင်ရတဲ့အာရုံ သာယာတယ်၊ ထို့အတူ ကြားရာကနေပြီး တော့လည်းပဲ ရှေးက ကြားတာလည်း ငါ၊ ခုကြားတာလည်း ငါ အစဉ် ထာဝရ ရှိနေတယ်လို့ ထင်နေရတာကိုး၊ အဲဒါကို "သဿတဒိဋ္ဌ"လို့ ခေါ်တယ်၊ နံရာ ကလည်း ရှိတာပဲ၊ ကြားရာကလည်း ရှိတာပဲ၊ တွေ့ထိရာကလည်း ရှိတာပဲ၊ စိတ်ကူးစဉ်းစားကြံစည်ရာကလည်း ရှိတာပဲ၊ ဒွါရခြောက်ပါးလုံး အကုန်လုံး ရှိတယ်၊ ဒီမှာ ဒွါရခြောက်ပါးလုံး တစ်ခါတည်းမြင်တာ, ကြားတာတွေဟာ ဟိုဘက်ကနေ ကြည့်ရင်လည်းပဲ မြဲတည်နေတာပဲ၊ မြင်ရကြားရတဲ့အာရုံတွေ တခြား အပြင်ဘက်က အာရုံတွေ ကြည့်လိုက်ရင် အဲဒါတွေကလည်း မြဲတည်နေတယ်၊ သူတစ်ပါးလို့ ထင်ရတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကလည်း မြဲတည်နေတယ်၊ အရင် ဘဝကလည်း ရှိတယ်၊ ခုလည်း ရှိတယ်၊ နောင်လည်း ရှိအုံးမှာပဲ၊ အဲဒီလို ထင်ပြီးတော့ကို သာယာနှစ်သက်တာတဲ့၊ အဲဒီလို မြဲတယ်လို့ ထင်တဲ့ သဿတဒိဋ္ဌနဲ့တကွ တွဲပြီးတော့ ဖြစ်တဲ့ တဏှာဟာဖြင့်ရင် ဘဝတဏှာပဲတဲ့။ "ဘဝတဏှာ"ဆိုတာက မြဲတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ ရှိမြဲရှိနေတယ်၊ ဘဝရှိမြဲရှိနေတယ်၊ ဘယ်တော့မှ ပျောက်မသွားဘူး။

အခု ဝိပဿနာရှုတဲ့အခါကျတော့ ပေါ်တိုင်းပေါ်တိုင်း တရားလေးတွေ ပျောက်သွားတာကိုး၊ ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်တွေကတော့ ပျောက်တယ်လို့မှ ထင်မှ မထင်ပဲ။ မြင်တာတွေလည်းပဲ အရင်ကလည်း ရှိတယ်၊ နောင်လည်း ရှိတယ်လို့ ထင် တယ်၊ ကြားတာလည်း ထို့အတူပဲ၊ နံတာ, စားတာ, တွေ့ထိတာတွေ အကုန်လုံးပဲ ကိုယ်တစ်ယောက်တည်း အမြဲတမ်း တည်ရှိနေတယ်လို့ ထင်နေတာကိုး၊ သဿတဒိဋ္ဌ ဆိုတာ ဒါပဲ၊ ခိုင်ခိုင်မြဲမြဲကြီး စွဲလမ်းရင် တကယ့်ဒိဋ္ဌပဲ။ အခု ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေမှာ မြင်တိုင်းကြားတိုင်းတွေ ရှုတော့ ခဏမစဲ ဖြစ် ပျက်နေတာပဲ ရှိတယ်၊ တည်မြဲနေတာ မရှိဘူး၊ တည်မြဲတည်နေတာ ဘာမှမရှိဘူး၊

http://www.dhammadownload.com

ချက်ချင်းပျောက်သွားတာချည်းထဲပဲ၊ အကောင်အထည်ရှာလို့ မရဘူး၊ အဲဒီလို သိရမှာ၊ အဲဒီလို ကိုယ်တိုင် ကောင်းကောင်းမသိတောင်မှ ယုံကြည်ရမယ်၊ ယုံကြည်ထားလို့ရှိရင် သူလည်း သဿတဒိဋ္ဌိ အကြီးအကျယ်တော့ မဖြစ်ပါဘူး၊ မကင်းရုံလောက်ရှိတယ်၊ အဲဒီလောက်ဆိုလို့ရှိရင်ပဲ တရားအားထုတ်လို့ သူက ဖြစ်ပါတယ်၊ အကြီးအကျယ် စွဲလမ်းနေရင်တော့ ဒါ မဂ္ဂန္တရာယ်ဖြစ်တယ်၊ တရားအားထုတ်လို့ မဖြစ်ဘူး၊ အမြဲတမ်းတည်နေတယ်၊ တည်မြဲတည်နေတာပဲ၊ မပျက်မစီးဘူး တည်နေတယ်၊ ဟိုဘဝ သည်ဘဝ တစ်ခါတည်း တစ်သံသရာလုံး ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်တဲ့ ငါကောင် သတ္တဝါကောင် အသက်ကောင် တကယ်ရှိနေတာပဲလို့ ကိုယ့်ကိုယ်ကိုလည်း ဒီလိုထင်တယ်၊ သူများကိုယ်လည်း ဒီလိုထင်တယ်၊ အဲဒီလို ထင်မြင်စွဲလမ်းပြီးတော့ မြင်ရ ကြားရတဲ့ အာရုံတွေနဲ့စပ်ပြီး သာယာနှစ်သက် သဘောကျတယ်၊ အခု လက်ရှိ ရနေတာကို သဘောကျတယ်၊ နောင်လည်းပဲ ရချင်တာပဲ၊ နောင်ဘဝတွေ ဟိုဘဝတွေ ဒီဘဝတွေ လျှောက်ပြီး ဖြစ်ချင်တယ်ဆိုရင် အဲဒီဥစ္စာ ဘဝတဏှာပဲ၊ တည်မြဲ တည်နေတယ်လို့ ထင်ပြီးတော့ နှစ်သက်နေတယ်၊ သာယာနေတယ်၊ ဒါကို "ဘဝတဏှာ"လို့ ခေါ်တယ်။ ဘဝတဏှာ၊ တည်မြဲသာ၊ ထင်လာနှစ်သက်မှု၊ အဲ တည်မြဲနေတယ်လို့ ထင်ပြီးတော့ နှစ်သက်နေတဲ့ဥစ္စာဖြင့် သာယာနေတာပဲ၊ ဘဝတဏှာလို့ခေါ်တယ်တဲ့။

ဝိဘဝတဏှာ

"ဝိဘဝတဏှာ"ဆိုတာကတော့ ဥစ္ဆေဒဒိဋ္ဌိနဲ့တကွ ဖြစ်တယ်တဲ့။ ဝိဘဝမှာ၊ ပြတ်စဲသာ၊ ထင်လာနှစ်သက်မှုတဲ့။ ဥစ္ဆေဒ-ဆိုတာ ပြတ်တယ်၊ ဒီဘဝက သေရင် နောက်ဘဝ မရှိဘူး၊ သေပြီးတာနဲ့ ဘာမှမရှိတော့ဘူး၊ ပျောက်သွားတယ်လို့ ဒီလို ယူတာကိုး၊ အဲဒါ "ဥစ္ဆေဒဒိဋ္ဌိ"ခေါ်တယ်၊ ကိုင်း . . . ဆိုရမယ်၊

ဝိဘဝမှာ၊ ပြတ်စဲသာ၊ ထင်လာနှစ်သက်မှု၊ (ဆို သုံးခေါက်)

"ဝိဘဝတဏှာ"ဆိုတာ ပြတ်စဲတယ်လို့ သေသွားရင် မရှိတော့ဘူး၊ မသေခင်တော့ ရှိတယ်လို့ ယူတယ်၊ မသေခင်တော့ ရှိနေတာပဲ၊ သေသွားရင် ဘာမှမရှိတော့ဘူး၊ ဟိုဘက်ကျ ဘာမှမရှိတော့ဘူး၊ သေသည်နဲ့တစ်ပြိုင်နက်ထဲ သတ္တဝါကောင် ငါကောင် မရှိတော့ဘူး၊ နောက်ဘဝရယ်လို့ မရှိဘူး၊ အဲဒါ "ဥစ္ဆေဒဒိဋ္ဌိ"လို့ ခေါ်တယ်၊ အဲဒီလို အယူရှိပြီးတော့ သာယာနှစ်သက်နေတာတွေကို "ဝိဘဝတဏှာ"လို့

http://www.dhammadownload.com

ခေါ်တယ်။

အခု ခေတ်ကာလမှာ ထင်ရှားပေါ်ပြီးတော့နေတဲ့ ရုပ်ဝါဒတွေဆိုတာ အဲဒီဥစ္စာတွေပဲ။ မသေခင်မှာ သူဟာရှိတာကိုး။ သေပြီးရင် မရှိဘူး။ သူကတော့ သေပြီး ဘာမှမရှိဘူး၊ နောက်ဘဝ ဘာမှမဖြစ်ဘူး၊ လူသေပြီးတော့ ဘာမှမဖြစ် နိုင်တော့ဘူး၊ ဒီပြင် သတ္တဝါတွေ သေလည်း ဘာမှမရှိတော့ဘူး၊ သူက ရုပ်ပဲ ပဓာနဖြစ်တယ်၊ ရုပ်ပျက်သွားလို့ရှိရင်ဖြင့် နောက်ထပ် ဒီကနေပြီးတော့ ဘဝ အသစ်မရှိဘူး၊ ဘဝအသစ်မရှိဘူးလို့ ယူဆထားတယ်၊ ဒီလို ယူဆထားတော့ကာ ဘာဖြစ်တုံးဆိုတော့ ကုသိုလ်ကံ အကုသိုလ်ကံမရှိဘူးလို့ သူယူတော့တာကိုး၊ ကောင်းတာတွေပြုလည်း ကောင်းကျိုးမပေးနိုင်ဘူး၊ မကောင်းတာပြုလည်း မကောင်းကျိုးမပေးနိုင်ဘူး၊ နောင်ဘဝရယ်လို့ ဘာမှမရှိနိုင်ဘူးလို့ သူယူဆ ထားတယ်၊ အဲဒါကို "ဥစ္ဆေဒဒိဋ္ဌိ" လို့ခေါ်တယ်၊ အဲဒီဥစ္ဆေဒဒိဋ္ဌိအယူရှိပြီးတော့ သာယာနှစ်သက်နေတဲ့ ဟာတွေကို "ဝိဘဝတဏှာ"ခေါ်တယ်။

ကာမသုခလွန်ကာနုဓယာဂ ဆိုတာ ဝိဘဝတဏှာပဲ

ဥစ္ဆေဒဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ်ကလည်း သာယာနှစ်သက်စွဲလမ်းတာပဲ၊ အခုကြည့်မှပေါ့။ ရုပ်ဝါဒတွေရှိတဲ့ပုဂ္ဂိုလ်တွေ ဘယ်လောက် သာယာနှစ်သက် အားကြီး သလဲ၊ သူတို့မှ ပိုပြီးတော့ ကြီးတာ၊ ကြီးရမှာပေါ့ သူဥစ္စာ၊ နောက်ဘဝမှ ရှိမှမရှိဘဲ၊ မသေခင်အတွင်း သုခံစားရမှာကိုး၊ သဿတအယူရှိတဲ့ ပုဂ္ဂိုလ်တွေမှ နောက်ဘဝ အတွက် ချိန်ပြီးတော့ ဒီဘဝလွန်လွန်ကျူးကျူးတွေ မတော်တာတွေ လုပ်လို့ မတော်ဘူး၊ မတော်တာတွေ လုပ်လို့ရှိရင်ဖြင့် အပြစ်ဖြစ်မယ်၊ နောက်ဘဝ ကျတော့မှ ကောင်းရာ ဘဝ ရောက်တော့မှာ၊ နောက်ဘဝကျတော့မှပဲ စည်းစိမ် ချမ်းသာတွေ ခံစားမယ် ဆိုပြီးတော့ သူက လျော့ထားတော့ တော်သေးတယ်၊ ဥစ္ဆေဒအယူရှိတဲ့ပုဂ္ဂိုလ်က နောက်ဘဝ မျှော်လင့်စရာလည်း မရှိဘူး။ ယခု ဘာပဲလုပ်လုပ် အပြစ်လည်း ဖြစ်လိမ့်မယ်လို့ သူက မယူဆဘူး။ ဒီတော့ကို မကောင်းမှု အကုသိုလ်ရယ်လို့ သူ့ရှောင်စရာ မရှိတော့ဘူး၊ လုပ်ချင်တာတွေ အကုန်လုပ်ပဲ၊ လောကတွင်ပဲ အစိုးရအပြစ်ဒဏ်တွေ ဘာတွေ ကြောက်လို့ရှိရင်တော့ အဲဒါ လောက်ပဲ ရှိတော့တယ်၊ သူရှောင်စရာကတော့ ဒီပြင်ဟာ ဘာမှမရှိတော့ဘူး၊ သူလုပ်ချင်တာတွေ အကုန်လုပ်မှာပဲ။ ကောင်းတဲ့ဥစ္စာ တွေလည်း သူလုပ်စရာ မလိုဘူး၊ ကုသိုလ်ရယ်လို့လည်း သူအားထုတ်စရာ ဘာမှမလိုဘူး၊

http://www.dhammadownload.com

သူကတော့ နှစ်သက်သာယာစရာတွေဟူသမျှဟာ အကုန်လုံးအကောင်းတွေ လိုက်လံရှာဖွေ ပြီးသကာလ ရနိုင်သမျှတော့ အစွမ်းကုန် သူသုံးဆောင်ခံစားဖို့ ရှိတာပဲ။ ကာမသုခလွှိကာနုယောဂလမ်းဆိုတာ ဒါပါပဲ၊ ကာမဂုဏ်အာရုံ ခံစားနိုင်ရင် ကောင်း တယ်လို့ ဘာမှအပြစ်မရှိဘူးလို့ ယူဆထားတာကိုး၊ အဲဒါ ဝိဘဝတဏှာပဲတဲ့။

သေသွားရင် ဘာမှမရှိတော့ဘူးလို့ ယူဆပြီးတော့ နောက်ဘဝရယ်လို့ မရှိဘူး၊ ကုသိုလ်ကံ အကုသိုလ်ကံကနေပြီး ကောင်းကျိုး ဆိုးကျိုးတွေ ပေးတာမရှိ၊ ဘဝအသစ်မရှိဘူးလို့ ယူဆပြီးတော့ မြင်တိုင်း၊ ကြားတိုင်း အာရုံအကောင်းတွေကို သာယာစွဲလမ်းပြီးတော့နေလို့ရှိရင် ဒါဥစ္ဆေဒဒိဋ္ဌိနဲ့တကွ ဖြစ်တဲ့တဏှာပဲ။ ဒါ ဝိဘဝတဏှာလို့ ခေါ်တယ်၊ အဲဒါကို ဒီက "ဝိဘဝမှာ ပြတ်စဲတာ ထင်လာနှစ်သက်မှု" ဒီတဏှာလေးသုံးခုကလေးပေမယ်လို့ သရုပ်ကွဲခဲတယ်၊ ဒါတွေ မှတ်ရမှာ။ **"ကာမတဏှာ၊ ကောင်းနိုးရာ၊ ဆာယာနှစ်ဆက်မှု"** ဒါရှင်းနေတယ်၊ **"ဘဝတဏှာ၊ တည်မြဲဆာ၊ ထင်လာနှစ်ဆက်မှု"**တဲ့။ တည်မြဲတည်နေတဲ့ပုဂ္ဂိုလ်သတ္တဝါဟာ မပျောက်မပျက်ဘူးလို့ အဲဒီလိုထင်ပြီးတော့ သာယာနှစ်သက်တာတွေဟာ ဘဝတဏှာပဲတဲ့။ အဲဒီဘဝတဏှာကတော့ ဒီမှာ ဆိုလို့ရှိရင် (၄)မျိုးရှိတယ်၊ ခုနက ပြောခဲ့တဲ့အတိုင်း မိမိတို့ဘဝလေးဘွေနဲ့ သာယာနေတာ၊ မိမိတို့ နောင်ဖြစ်ရမယ့် ဘဝနဲ့စပ်ပြီး ကာမဘဝနဲ့ လူဘဝ နတ်ဘဝတွေနဲ့စပ်ပြီးတော့ မျှော်လင့်တောင့်တနေတာလည်းပဲ ဘဝတဏှာပဲ။ နောက် ရူပဈာန် အရူပဈာန်တွေ ရူပဘဝ အရူပဘဝတွေ သာယာတာလည်း ဘဝတဏှာပဲ၊ ရူပဈာန် အရူပဈာန်သာယာတာလည်း ဘဝတဏှာပဲ၊ ယခု သဿတဒိဋ္ဌိနဲ့တကွဖြစ်တာလည်း ဘဝတဏှာပဲ။ အားလုံး (၄)မျိုးရှိတယ်၊ ဝိဘဝတဏှာကတော့ သူက တစ်မျိုးပါပဲ။ **"ဆင်းရဲပွားရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာရှု"**တဲ့၊ အဲဒီတဏှာသုံးခုဟာဖြင့် ဆင်းရဲပွားရန် အကြောင်းပဲ၊ သမုဒယသစ္စာဆိုတာ သူပဲတဲ့၊ မှတ်သားရမယ်ပေါ့လေ။

- **ဆင်းရဲပွားရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာရှု။** (ဆို သုံးခေါက်)

ဆင်းရဲပွားရန် ဆင်းရဲပွားစေတတ်တဲ့ သမုဒယသစ္စာလို့ ခေါ်တဲ့ အကြောင်းဟာဖြင့်ရင် တဏှာ (၃)ပါးပဲတဲ့။

ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထီဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊

http://www.dhammadownload.com

လ္ကဖံ အယံ တဏှာ-ဤတဏှာသည်၊ သေယျထာ ကတမာ-အဘယ်နည်း ဟူမူကား၊ ကာမတဏှာ-ကာမအာရုံ ကာမဝတ္ထုတို့၌ တပ်မက်နှစ်သက်သော တဏှာလည်းကောင်း၊ ဘဝတဏှာ-ဘဝ၌ တပ်မက်နှစ်သက်သော တဏှာလည်း ကောင်း၊ ဝိဘဝတဏှာ-ဘဝကင်းပြတ်သည်၌ တပ်မက်နှစ်သက်သော တဏှာ လည်းကောင်း၊ လ္ကတိ-ဤ (၃)ပါးတို့တည်း။

အဲဒါဟာ တဏှာ (၃)ပါး၊ ဒီတဏှာ (၃)ပါးဟာ သမုဒယသစ္စာပဲတဲ့။

သာ ခေါ ပနေသာ ဆိတ္ဆဝေ ထဏှာ တတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ တတ္ထ နိဝိသမာနာ နိဝိသတိ။

သာ ခေါ ပနေသာ တဏှာ-ထိုတဏှာသည်၊ ဥပ္ပဇ္ဇမာနာ- ဖြစ်ခဲ့သည် ရှိသော်၊ ကတ္ထ-အဘယ်၌၊ ဥပ္ပဇ္ဇတိ-ဖြစ်ပါသနည်း၊ နိဝိသမာနာ-သက်ဝင် ကိန်း ဝပ်ခဲ့သည်ရှိသော်၊ ကတ္ထ-အဘယ်၌၊ နိဝိသတိ-သက်ဝင်ကိန်းဝပ်ပါသနည်း။

ဤတဏှာဟာဖြင့်ရင် ဘယ်မှာဖြစ်သတုံးလို့ ဖြစ်တဲ့အခါကျ ဘယ်မှာဖြစ် သလဲ၊ ကိန်းရင်လည်း ဘယ်မှာကိန်းသလဲလို့ မေးတော့ -

ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကေ-လောကၼ်၊ ယံ ပိယရူပ်-အကြင်ချစ်ခင်ဖွယ်သဘောသည်၊ ယံ သာတရူပ်-အကြင်သာယာဖွယ်သဘောသည်၊ အတ္ထိ-ရှိ၏၊ ဧသာ တဏှာ-ဤတဏှာသည်၊ ဥပ္ပဇ္ဇမာနာ-ဖြစ်ခဲ့သည်ရှိသော်၊ ဧတ္ထ-ဤချစ်ဖွယ် သာယာဖွယ် သဘော၌၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ နိဝိသမာနာ-ကိန်းခဲ့သည်ရှိသော်၊ ဧတ္ထ-ဤချစ်ဖွယ် သာယာဖွယ်သဘော၌၊ နိဝိသတိ-ကိန်း၏။

အကြိုက်ချင်း မတူကြောင်း

လောကမှာ ချစ်စရာကောင်းတဲ့ အရာဝတ္ထုတွေ ရှိတယ်။ နှစ်သက်စရာ ကောင်းတာ သာယာစရာကောင်းတာတွေ ရှိတယ်၊ တဏှာကဖြစ်ရင် အဲဒီမှာ ဖြစ်တာတဲ့၊ တဏှာက သူနေရာနဲ့သူ ဖြစ်တာ၊ မုန်းစရာကောင်းတဲ့ အာရုံဝတ္ထု တွေမှာ ကတော့ မဖြစ်ဖူး၊ သူက ချစ်စရာ နှစ်သက်စရာကောင်းတဲ့ အာရုံမှ ရွေးပြီး ဖြစ်တာ၊ အကောင်းကြိုက်တယ်၊ မကောင်းတာတော့ မကြိုက်ဘူး၊

http://www.dhammadownload.com

ဒီတဏှာက အကောင်းကြိုက်တယ်၊ ဒါပေမယ်လို့ ပုဂ္ဂိုလ်လိုက်ပြီးတော့ပေါ့။ ပုဂ္ဂိုလ်တစ်ယောက် အနေအားဖြင့် မကောင်းပေမယ့် ပုဂ္ဂိုလ်တစ်ယောက်ကတော့ ကောင်းချင်လည်း ကောင်းနေတယ်။

ဥပမာဆိုပါဆိုတော့ လူတစ်ယောက်က အဆင်းအရောင်မှာ စိမ်းစိမ်းပြာပြာလေးမှ ယဉ်တယ်လို့ ထင်တာကိုး၊ လူတစ်ယောက်ကျ အဲဒီလို မဟုတ်တော့ဘူး။ နီနီရဲရဲကြီး ယဉ်တယ်လို့ ထင်နေတာကိုး၊ အမျိုးမျိုးပဲ။ ဒါကြောင့်မို့ သူက ကိုယ်ကြိုက်တဲ့ အဝတ်အစားတွေ အဆင်းတွေနဲ့ ဆင်ပြီး ဝတ်နေကြတာ၊ တချို့က ဘာအဆင်မှမရှိဘူး၊ အဖြူသက်သက် ဝတ်နေတာ၊ ကိုယ်ကြိုက်ရာကို လုပ်ကြတာကိုး၊ အဲဒီတော့ ပုဂ္ဂိုလ်တစ်ယောက်က နှစ်သက်စရာဖြစ်နေတယ်၊ ပုဂ္ဂိုလ်တစ်ယောက်က မုန်းစရာဖြစ်နေပေမယ့်လို့ ဟိုပုဂ္ဂိုလ်တစ်ယောက်ကျ ချစ်စရာ ခင်စရာ နှစ်သက်စရာ သာယာစရာ ဖြစ်နေတယ်၊ အဲဒီတော့ လောက အသုံးမကျတာရယ်လို့ တယ်မရှိပါဘူး။ ဟိုလူတစ်ယောက်က မသုံး၊ ဒီလူတစ်ယောက်က သုံးတာပဲ၊ အဲဒီတော့ အသုံးမကျတာတော့ သိပ်မရှိဘူး၊ သူကတော့ ချစ်ဖွယ် နှစ်သက်ဖွယ် သာယာဖွယ်ဖြစ်တဲ့ သဘောရှိတယ်တဲ့။ "ပိယရူပ သာတရူပ" ပါဋ္ဌိလို ခေါ်တယ်၊ ချစ်ခင်နှစ်သက် သာယာဖွယ်ဖြစ်တဲ့ အာရုံ ကောင်းလေးတွေပေါ့လေ။ အဲဒါကို သဠိုဟ်ကျမ်းမှာ ပါဋ္ဌိ "ဣဋ္ဌာရုံ"လို့ ခေါ်တယ်၊ မြန်မာစကားတော့ အလိုရှိအပ်တဲ့အာရုံပါပဲ။ ဣဋ္ဌာရုံ - အလိုရှိအပ်တဲ့အာရုံ၊ ဣဋ္ဌ-ဆိုတာ အလိုရှိအပ်တယ်။ အလိုရှိသင့် အလိုရှိထိုက်တယ်ပေါ့လေ။ ကောင်းနေတယ်လို့ ဆိုလိုတယ်။

ဣဋ္ဌာရုံနှစ်မျိုးရှိတယ်

ဣဋ္ဌာရုံဟာ သဘာဝဣဋ္ဌာရုံ ရှိတယ်။ ပရိကပ္ပဣဋ္ဌာရုံ ရှိတယ်၊ သဘာဝဣဋ္ဌာရုံဆိုတာ သူ့ပင်ကိုရင်းကိုယ်က အလိုရှိစရာ တကယ့်ကိုကောင်းနေတာ။ ဒါက စင်းလုံးချောနေတာပေါ့လေ။ ပင်ကိုရင်းတိုင်း ကောင်းနေတယ်၊ ဘာမှပြုပြင်စရာမရှိဘူး။ ပရိကပ္ပဣဋ္ဌာရုံဆိုတာကတော့ ပင်ကိုယ်ရင်းကတော့ မကောင်းဘူး။ ဒါပေမယ်လို့ ပုဂ္ဂိုလ်တစ်ယောက်ယောက်က စိတ်ကူးနဲ့ သူ့စိတ်ကူးထဲတော့ ကောင်းနေတာပဲ။ အဲဒါ သူ့စိတ်ကူးနဲ့ ကြံဆပြီးတော့ ယူတော့ ကောင်းနေတယ်။ အဲဒါ ပရိကပ္ပဣဋ္ဌာရုံခေါ်တယ်။

http://www.dhammadownload.com

မူလရင်း သူဟာ သူကိုယ်က ကောင်းနေတဲ့ဥစ္စာက သဘာဝကျင့်ဘာရဲ့၊ ပင်ကိုကောင်း နဂိုရိုးကောင်းပေါ့။ ပရိကပ္ပကျင့်ဘာရဲ့ကတော့ ကြိုက်တဲ့ပုဂ္ဂိုလ်က ကြိုက်လို့ ကောင်းတာ၊ ဒါကတော့ သူစိတ်ကူးနဲ့သူ ကြိုက်လို့ ကောင်းတာ၊ တကယ်ကောင်းတာတော့ မဟုတ်ဘူး။ အဲဒါ နှစ်မျိုးရှိတယ်၊ အဲဒီနှစ်မျိုးလုံးဟာ "ဝိယရွပ် သာတရွပ်"ခေါ်တယ်၊ ချစ်ဖွယ်နှစ်သက်ဖွယ်ဖြစ်တဲ့အာရုံတဲ့၊ သဘာဝ ပင်ကိုရင်းအတိုင်း ကောင်းတာကလည်းပဲ ချစ်ဖွယ်နှစ်သက်ဖွယ်ပဲတဲ့။ အားလုံး သော ပုဂ္ဂိုလ်တွေ ချစ်ဖွယ် နှစ်သက်ဖွယ်ဖြစ်တယ်၊ ပရိကပ္ပကျင့်ဘာရဲ့ဆိုတာကလည်း အဲဒီကြိုက်တဲ့ပုဂ္ဂိုလ်တွေအဖို့မှာတော့ ကောင်းနေတာပဲ။ အစားအသောက်တွေတောင်မှ အမျိုးမျိုးကွဲတယ်၊ အစားအသောက်တွေဟာ မြန်မာလူမျိုးတွေ ကောင်းနေတဲ့ဥစ္စာ၊ ဒီပြင်လူမျိုးတွေက ကောင်းတာ မဟုတ်ဘူး၊ ဒီပြင်လူမျိုးတွေ ကောင်းပေမယ်လို့ မြန်မာက ကောင်းချင်မှကောင်းတာ၊ သူဟာ အရသာဆိုတာ အဲဒီလို အကြိုက်တွေ အမျိုးမျိုးကွဲနေကြတာပဲ။ အဲဒါကြောင့် ဣန္ဒြာရုံ (၂)မျိုးရှိပါတယ်။ အဲဒါက ဝိယရွပ်သာတရွပ်တွေပဲ။ ချစ်စရာ နှစ်သက်စရာကောင်းတဲ့ သဘောတွေတဲ့။ ဒီသမုဒယသစ္စာခေါ်တဲ့ တဏှာဖြစ်ရင် အဲဒီချစ်စရာကောင်းတဲ့ သာယာစရာအာရုံကလေးတွေနဲ့တွေ့ရင် ဖြစ်တတ်တယ်တဲ့၊ ပင်ကိုက မကောင်းသော်လည်းပဲ အဲဒီတွေ့ထိတဲ့ပုဂ္ဂိုလ်က ကြိုက်လို့ သဘောကျသွားရင်လည်းပဲ အဲဒီမှာ ဖြစ်တတ်တယ်တဲ့။ အကြိုက်က သူကြိုက်လို့ဖြစ်တာကိုး၊ အဲဒါတွေ ဖြစ်ပါတယ်တဲ့၊ ဒါကြောင့် -

ကိဉ္စ လောကေ ဝိယရူပံ သာတရူပံ၊ စက္ခု လောကေ ဝိယရူပံ သာတရူပံ၊ ဃ္ဍေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဃ္ဍေ နိဝိသမာနာ နိဝိသတိ၊

"သောတံ လောကေ၊ (ဃ) ဃာနံ လောကေ၊ ဇိဝှါ လောကေ၊ ကာယော လောကေ၊ မနော လောကေ ဝိယရူပံ သာတရူပံ၊ ဃ္ဍေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဃ္ဍေ နိဝိသမာနာ နိဝိသတိ၊"

လို့ ဟောတော်မူပါတယ်။

ဘိက္ခဝေ-ရဟန်းတို့၊ လောကေ-လောကဌ်၊ ဝိယရူပံ သာတရူပံ-ချစ်ဖွယ် သာယာဖွယ်သဘောသည်၊ ကိဉ္စ-အဘယ်ပါနည်းဟူမူကား၊ ဘိက္ခဝေ-ရဟန်းတို့၊ လောကေ-လောကဌ်၊ စက္ခု-မျက်စိသည်၊ သောတံ-နားသည်၊ ဃာနံ-နှာခေါင်း

http://www.dhammadownload.com

သည်၊ ဇဝါ-လျှာသည်၊ ကာယော-ကိုယ်သည်၊ မနော-စိတ်သည်၊ ပိယရူပံ သာတရူပံ-ချစ်ဖွယ်သာယာဖွယ်သဘောသည်၊ ဟောတိ-ဖြစ်၏၊ သော တဏှာ-ဤတဏှာသည်၊ ဥပ္ပဇ္ဇမာနာ-ဖြစ်ခဲ့သည်ရှိသော်၊ ဧတ္ထ-ဤချစ်ဖွယ်သာယာဖွယ်ဖြစ်သော မျက်စိအစရှိသည်၌၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ နိဝိသမာနာ-ကိန်းဝပ်ခဲ့သည်ရှိသော်၊ ဧတ္ထ-ဤချစ်ဖွယ်သာယာဖွယ်သဘောဖြစ်သော မျက်စိအစရှိသည်၌၊ နိဝိသတိ-ကိန်းဝပ်၏၊

ပိယရူပ် သာတရူပ်

မိမိကိုယ်သန္တာန်မှာရှိတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မျက်စိဆိုတာ ရှိတယ်။ ချစ်စရာပဲတဲ့။ ဒါကတော့ သဘာဝပဲ။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကိုယ့်ဟာနဲ့ကိုယ် ဖြစ်ရမှာပဲ။ ကိုယ့်မျက်စိ ကိုယ်ကြိုက်ရမှာပဲ၊ သဘောကျရမှာပဲ၊ မျက်စိဆိုရင် မျက်စိအစစ်ကတော့ စက္ခုပသာဒရူပ် အကြည်လေးကို ခေါ်တယ်။ ဒါပေမယ့်လို့ အဲဒီအကြည်လေးနဲ့တကွ မျက်လုံးပါ မျက်ခုံးပါ အကုန်ပေါ့လေ၊ တစ်ခါတည်း မျက်စိအသိုင်းအဝိုင်းနဲ့တကွ အကုန်လုံးပေါ့၊ မျက်စိလို့ ခေါ်တဲ့ အရာဝတ္ထုတွေ အကုန်လုံး ချစ်စရာ သာယာစရာသဘောပဲတဲ့။ တကယ့်ကို မျက်စိကောင်းပြီးတော့ နေတဲ့ပုဂ္ဂိုလ်တွေ, မျက်စိက တစ်ခါတည်းအချိုးကျပြီး လှပတင့်တယ်နေတဲ့ ပုဂ္ဂိုလ်တွေ ဒါတွေက သဘာဝလွန္ဒဌာန်တွေကိုး၊ တကယ်ချစ်စရာကောင်းတာကိုး၊ တချို့ကတော့ ကိုယ့်မျက်စိက ကံမကောင်းအကြောင်းမလှတော့ သူများလောက် မကောင်းဘူးပေါ့လေ။ ကိုယ့်မျက်စိက တယ်ပြီးတော့ အချိုးမကျဘူး။ ဒါပေမယ့်လို့ ကိုယ့်ဟာနဲ့ကိုယ်ကတော့ သဘောကျရတော့မှာပဲ၊ ဒီဥစ္စာကတော့ မတတ်နိုင်ဘူး၊ ကိုယ့်ဟာနဲ့ကိုယ်ကျတော့ တော်တော်ရှိပါသေးရဲ့, တော်ပါသေးရဲ့ဆိုပြီး ဒီလို သဘောကျရတော့မှာပဲ။ အဲဒီတော့ မျက်စိမှန်နေလည်း မှန်နေတဲ့အလိုက်၊ ကိုယ့်ဟာကိုယ် သဘောကျရမှာပဲ၊ မကြည်ယင် မကြည်လင်တဲ့အလိုက် သဘောကျရမှာပဲ။

ထို့အတူ နားတို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကိုယ်တို့ တစ်ခါတည်း အကုန်လုံးပဲ ကိုယ့်ဟာနဲ့ကိုယ်ဆိုတော့ ကောင်းရင် ပကတိပင်ကိုရင်းကတည်းက ကောင်းနေလို့ရှိရင် အထူးပြောစရာမလိုဘူး။ ပင်ကိုရင်းက သိပ်မကောင်းတောင်မှ ကိုယ်ဟာနဲ့ကိုယ်တော့ သဘောကျရတော့မှာ၊ အဲဒါတွေဟာ ပိယရူပ် သာတရူပ်

http://www.dhammadownload.com

ချစ်စရာတွေတဲ့။ တဏ္ဍာဖြစ်ရင်ဒါတွေမှာဖြစ်လာတာတဲ့။ ကိုယ့်ကိုယ်ထဲ ဖြစ်မယ်ဆိုအဲဒါတွေမှာဖြစ်တယ်၊ သူများကိုယ်ထဲ ဖြစ်တော့မယ် ဆိုတော့ ရူပါရုံ သဒ္ဒါရုံ စသည်ပေါ့လေ။ "ရူပံ လောကေ ပိယရူပံ သာတရူပံ"စသည်ဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ သဘော အာရုံ (၆)ပါးဆိုတာ ကိုယ့်သန္တာန်က ဖြစ်စေ၊ သူများသန္တာန်ကဖြစ်စေ မျက်စိဖြင့် မြင်ရတဲ့အဆင်းဟာ တကယ် လှပနေတာလည်း ရှိတယ်။ ကိုယ့်အဆင်းကိုယ်က လှပနေလို့ တင့်တယ်နေလို့ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းဖြစ်နေလို့ ကောင်းနေတာလည်း ရှိတယ်။ သူတစ် ပါးအဆင်းကိုက တကယ်ကို လှပနေလို့ ဒီလိုဟာလည်း ရှိတယ်။

ပရိကပ္ပဏ္ဍဋ္ဌာရုံ

တချို့များ အင်မတန်အံ့ဩစရာကောင်းတယ်၊ ဘေးကပုဂ္ဂိုလ်တွေအနေနဲ့ ဆိုရင် ဘာမှကို နှစ်သက်စရာ သာယာစရာ မကောင်းဘူး၊ တစ်ဦးတစ်ယောက် သော ပုဂ္ဂိုလ်က သဘောကျနေလိုက်တာ တစ်ခါတည်း မြတ်နိုးနေတယ်၊ ဒီလိုဟာ တွေ ရှိသေးတာကိုး၊ သူက အံ့ဩစရာ အင်မတန်ကောင်းတယ်၊ ဘေးက ပုဂ္ဂိုလ် တွေက ဘယ်လိုပြောပြော မရဘူး။ သူ့ဟာနဲ့သူ သဘောကျနေတယ်၊ ဖျက်လို့ မရဘူး၊ အဲဒီလို သူ့မျက်စိနဲ့သူကတော့ကို ကြည့်လို့ ကောင်းနေတာကိုး၊ ချစ်ဖွယ် သာယာဖွယ်သဘောတွေကို "ပရိကပ္ပဏ္ဍဋ္ဌာရုံ"လို့ ခေါ်တယ်၊ ထို့အတူ အသံ အာရုံတွေ၊ အနံ့အာရုံတွေ၊ အရသာအာရုံတွေ၊ အတွေ့အထိအာရုံတွေ၊ သဘော အာရုံတွေ၊ ဝမ်းမြောက်ဝမ်းသာစရာသဘောအာရုံတွေမှာလည်း ကောင်းတယ် ထင်တာတွေဟာ အကုန်လုံး "ပိယရုပ် သာတရုပ်"လို့ ခေါ်တယ်တဲ့။ တဏ္ဍာဖြစ်ရင် ကိုယ့်သန္တာန်, သူ့သန္တာန်မှာ ဖြစ်လာတဲ့ အဆင်းတွေ သာယာနှစ်သက်ပြီး ဖြစ်တယ်။ ကိုယ့်သန္တာန်, သူများသန္တာန်မှာဖြစ်တဲ့ အသံတွေ သာယာ နှစ်သက်ပြီး ဖြစ်တယ်၊ အနံ့, အရသာ, အတွေ့တွေကို သာယာနှစ်သက်ပြီးတော့ ဖြစ်တယ်၊ သဘောအာရုံတွေ ဆိုတာ ကိုယ့်မှာ အသက်ရှည်နေတာတို့၊ အသိအလိမ္မာ ပညာနဲ့ ပြည့်စုံနေတာ ပါးပါးရားရားရှိနေတာ စသည်ဖြင့် သာယာစရာတွေ အများ ကြီး ရှိပါတယ်။ ကိုယ့်သန္တာန်, သူများသန္တာန်မှာ အဲဒီလိုဥစ္စာတွေကို သာယာနှစ် သက်သဘောကျပြီးတော့ နေတယ်။ ထို့အတူ စက္ခုဝိညာဏ်၊ သောတဝိညာဏ် စသည်ဖြင့် မြင်သိမှု၊ ကြားသိမှု၊ နံသိမှု၊ စားသိမှု၊ တွေ့ထိသိမှု၊ စိတ်ကူးကြံသိမှု၊

http://www.dhammadownload.com

သိမှု ဝိညာဏ် (၆)ပါး ရှိတယ်တဲ့။ အဲဒီဝိညာဏ်(၆)ပါးတွေလည်းပဲ ကောင်းတယ်လို့ ထင်တာတွေ အကုန်လုံးပဲ သူက သာယာတာပဲ။ ကိုယ့်သန္တာန်မှာ ဖြစ်တာတွေ, သူများသန္တာန်မှာ ဖြစ်တာတွေ အကုန်လုံး သာယာနေတယ်။

အဲဒီတော့ ဖွါရ (၆)ပါး၊ အာရုံတ (၆)ပါး၊ ဝိညာဏ်က (၆)ပါး၊ ဖဿဆိုတဲ့ အတွေ့ (၆)ပါး ရှိတယ်။ နောက် ခံစားမှုဝေဒနာ (၆)ပါး ရှိတယ်၊ မြင်ရာက နေပြီး ကောင်းတာ, မကောင်းတာ၊ အလယ်အလတ်ခံစားမှုတွေ ရှိတယ်၊ ကြားရာက, နံရာက ခံစားမှုဝေဒနာတွေ ရှိတယ်၊ ဝေဒနာ(၆)ပါး၊ ပြီးတော့ သညာ-မှတ်သားမှု၊ အဆင်းမှတ်မှု အသံမှတ်မှု စသည် မှတ်သားမှု (၆)ပါး ရှိတယ်၊ ပြီးတော့ စေတနာ (၆)ပါး၊ ပြီးတော့ တဏှာ (၆) ပါးတဲ့။ အဆင်းတပ်မက်မှု၊ အသံတပ်မက်မှု၊ အနံ့တပ်မက်မှု၊ အရသာတပ်မက်မှု တဏှာကိုလည်း ရှေ့တဏှာကို နောက်က တဏှာကနေပြီးတော့ သာယာသေးတာပဲ။ ကိုယ့်မှာ ရှေးက ဖြစ်ဖူးခဲ့တဲ့ သာယာမှုတွေကို ပြန်စဉ်းစားပြီး သဘောကျနေသေးတာ ရှိသေးတာကိုး၊ ငယ်ငယ်တုန်းက ဘယ်လိုဟာတွေကို သုံးဆောင်ခဲ့ရလို့, ခံစားခဲ့ရလို့ ဘယ်လို ပျော်ခဲ့ရလို့, ပါးခဲ့ရလို့ အဲဒီဥစ္စာတုန်းက ပျော်ခဲ့တာလေး ပြန်စဉ်းစားလိုက်ရင် အောင်မယ် . . . သူက ကောင်းသလိုလို ထင်တယ်၊ ငယ်ငယ်တုန်းက ပျော်ခဲ့, ပါးခဲ့, သွားခဲ့, လာခဲ့တာတွေ ကောင်းတယ်လို့ ထင်တယ်၊ တချို့ကောင်းတယ်ထင်လို့ ပြန်လည်း ပြောတတ်ပါတယ်၊ တို့ငယ်ငယ်တုန်းက ဘယ်လိုဘယ်လို နေလာတာပဲ၊ သိပ်ကောင်းတာပဲ စသည်ဖြင့် ဂုဏ်ယူပြီးတော့ ဒီလို ပြောနေတာ ရှိသေးတယ်။ သဘောကျနေတယ်၊ အဲဒီလိုဟာတွေ ရှိတယ်၊ အဲဒီတော့ တဏှာ (၆)ပါးတဲ့။ နောက် ဝိတက် (၆)ပါး-တဲ့၊ ဝိတက်-ကြံစည်ရတာတွေပေါ့လေ။ ကြံစည်ရတာကိုလည်း သဘောကျတယ်၊ အဆင်းအကြောင်းတွေ၊ အသံအကြောင်းတွေ၊ အနံ့အကြောင်းတွေ၊ အရသာအကြောင်းတွေ ကြံစည်နေရတာ သဘောကျတယ်။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေများတောင်မှ ကြံရတာ မကြံပါနဲ့ဆိုရင် သဘောမကျဘူး။ ကမ္မဋ္ဌာန်းကျောင်းရောက်ခါစများ တယ်သဘောမကျဘူး၊ မကြံဘဲနဲ့ နေရတာ ကိုယ်က တော်တော်ကို ဆုံးရှုံးနေတယ်လို့ ထင်တယ်၊ ကြံနေရတာကို သဘောကျနေတယ်၊ ဝိတက် (၆)ပါး၊ ဝိစာရ - သုံးသပ်ဆင်ခြင်မှုတဲ့၊ သုံးသပ်ဆင်ခြင်စဉ်းစားနေတာတွေလည်း သဘောကျနေတယ်၊ ကြံစည်စဉ်းစား သုံးသပ်နေရတာတွေများ ကောင်းနေတဲ့အခါကျတော့ ဘေးကပုဂ္ဂိုလ် လာပြီး စကားပြောတာ

http://www.dhammadownload.com

တောင်မှ တယ်မကြိုက်ဘူး၊ အဲဒီစကားပြော ဆူဆူပြောရင် သူ့စိတ်ကူး ပျက်သွားလို့ သိပ်ပြီးတော့ မကြိုက်ဘူး။

အဲဒါ (၆)မျိုး (၆)မျိုး (၁၀)ပါးရှိတယ်၊ ဒွါရ (၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဏ် (၆)ပါး၊ ဖဿ (၆)ပါး ဝေဒနာ (၆)ပါး၊ သညာ (၆)ပါး၊ စေတနာ (၆)ပါး၊ တဏှာ (၆)ပါး၊ ဝိတက် (၆)ပါး၊ ဝိစာရ (၆)ပါး၊ အားလုံး (၁၀)ခု ရှိတယ်၊ (၁၀)ခု ခြောက်လီ ဆိုတော့ (၆၀) ရှိနေတာပေါ့။ (၆၀) ရှိတာမှာ ဒီက ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ (၃) ခုနဲ့ မြှောက်လိုက်လို့ရှိရင် တစ်ခုတစ်ခုမှာ ကာမဂုဏ်အာရုံ အနေအားဖြင့် သာယာတာလည်း ဒီထဲမှာ ပါတယ်၊ ဘဝအနေအားဖြင့် သာယာ တာလည်း ပါတယ်၊ သဿတနဲ့ သာယာတာပါတယ်၊ ယခုဘဝ ဟိုဘဝ မိမိဘဝနဲ့ စပ်ပြီးတော့ သာယာတာလည်း ပါတယ်၊ ဥစ္ဆေဒအယူရှိတဲ့ပုဂ္ဂိုလ်ကလည်း ဝိဘဝ အနေအားဖြင့် သာယာတာလည်း ပါတယ်၊ ဟိုက (၃)ခုနဲ့ မြှောက်လိုက်ရင် (၆၀) သုံးလီဆိုလို့ရှိရင် (၁၈၀) တောင် ရနေပါပေါ့လား၊ တဏှာတွေ အတော်များလာပြီ၊ ပွားလာပြီ၊ ဒါအဖွဲ့တွဲနဲ့စပ်ပြီး (၁၈၀) ရမယ်ဆိုလို့ရှိရင် ဗဟိဒ္ဓနဲ့စပ်ပြီးတော့လည်း ဒီလို (၁၈၀) ရဦးမှာပဲ၊ အဖွဲ့တွဲ,က (၁၈၀)၊ ဗဟိဒ္ဓ,က (၁၈၀)ဆို (၃၆၀) တောင် ရနေပြီ၊ တဏှာတွေ များလာတာ၊ ဒါအတိတ်ကာလကလည်း ဒီလိုပဲ၊ (၃၆၀) ရှိနိုင်တာပဲ။

ပစ္စုပ္ပန် ခုလောလောဆယ်လည်း ဒီလို (၃၆၀) ရှိနိုင်တယ်၊ အနာဂတ်လည်း (၃၆၀) ရှိနိုင်တယ်၊ ပေါင်းလိုက်လို့ရှိရင် တဏှာတွေ အများကြီး ဖြစ်သွားတယ်၊ ဒါများများတွက်ချင်လို့ရှိရင် များများတွက်ရတာကိုး၊ ဒါက ဂဏန်းတွက်တာ၊ ဒါ တရားအားထုတ်တာတော့ မဟုတ်ဘူး၊ ဂဏန်းပဲ၊ သို့သော်လည်း ကျမ်းဂန်တွေက တွက်တယ်။

တဏှာတစ်ရာ့ရှစ်ပါး

သူက တဏှာ (၁၀၈)ပါး တွက်ထားတယ်၊ အဲဒီတဏှာ (၁၀၈)ပါးတွက်ပုံ လေးတော့ နားလည်ထားမှ ကောင်းမယ်၊ တဏှာ (၁၀၈)ပါးတွက်ပုံက အာရုံ (၆)ပါးတွင် တွက်ပါတယ်၊ အာရုံ (၆)ပါး၊ အာရုံ (၆)ပါးက အဆင်းကို သာယာတယ်၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော အာရုံ (၆)ပါးကို သာယာတာ၊ တဏှာ (၆)ပါး ရသွားပြီ၊ ဒီတဏှာ (၆)ပါးဟာ ခုနပြောတဲ့ ကာမတဏှာလည်း ရှိတယ်၊

http://www.dhammadownload.com

ဘဝတဏှာလည်း ရှိတယ်၊ ဝိဘဝတဏှာလည်း ရှိတယ်ဆိုတော့ (၆) သုံးလီ (၁၈) ရပြီ၊ အဲဒီ (၁၈)က မိမိကိုယ်တွင်းသန္တာန်က ဒီလို (၁၈)ခု ဖြစ်နိုင်တယ်၊ ကိုယ်တွင်း သန္တာန်က အာရုံ (၆)ပါးကို အကြောင်းပြုပြီးတော့ သူများသန္တာန်က အာရုံ (၆)ပါး အကြောင်းပြုပြီးလည်း (၁၈)ခုဖြစ်နိုင်တော့ နှစ်ခုပေါင်းလိုက်တော့ကို (၁၈) နှစ်လီ (၃၆) ရပြီ၊ အဲဒီ(၃၆)က အတိတ်ကာလကလည်း (၃၆)မျိုး ဖြစ်ခဲ့ပြီတဲ့၊ ရှေးရှေးသော ကာလတွေက ယခုပစ္စုပ္ပန်လည်း (၃၆)ဖြစ်တယ်တဲ့၊ နောင်အနာဂတ် ကာလတွေလည်း (၃၆)ဖြစ်ဦးမယ်တဲ့ (၁၀၈)ပါး၊ အဲဒါတဏှာ (၁၀၈)ပါးကို အကျယ်ခဲ့ကာ အဋ္ဌကထာက ဒီလောက်တွက်တယ်၊ ခုနက ဘုန်းကြီး တွက်တာ ကတော့ သတိပဋ္ဌာန်သုတ်ကနေပြီး တွက်လို့များသွားပြီ၊ (၁၀၀၀) ကျော်သွားပြီ၊ ခုန ဥစ္စာတော့ အများကြီးပဲ၊ တစ်ထောင်နဲ့ရှစ်ဆယ်လောက်ရှိမလား မသိပါဘူး၊ ခုနဥစ္စာက မနည်းဘူး၊ အများကြီး ဖြစ်သွားတယ်။

တဏှာဆိုတဲ့ တရားဟာ ဓနရောဂကာမမှာ သူပါတယ်

ဒီဟာကို အဋ္ဌကထာက တိုက်ရိုက်တွက်ပြထားတာ တဏှာ (၁၀၈)ပါး တဲ့၊ ခုနဥစ္စာကို အကျဉ်းပြန်ခွဲချလို့ရှိရင်တော့ ဘာရလဲဆိုတော့ အာရုံ (၆)ပါးနဲ့ စပ်ပြီးတော့ (၆)မျိုးပဲ ရှိတယ်၊ (၆)မျိုး တစ်ခါခွဲချလိုက်ရင် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ သုံးမျိုးပဲ ရှိတယ်၊ သုံးမျိုးပြန်ခွဲချလိုက်လို့ရှိရင်တော့ တဏှာဟာ တဏှာပါပဲ၊ တစ်မျိုးပဲ၊ အဲဒါဒီတဏှာတွေဟာ အတွင်းကရော, အပြင် ကရော သူနေရာတကာမှာ သူဖြစ်ပြီးတော့ နေပါတယ်တဲ့။ ဒီတဏှာတွေ ရှိပြီး တော့ နေလို့ ဘဝတွေ ထပ်ခါထပ်ခါ ဖြစ်ရတယ်တဲ့၊ ဒီလိုဖြစ်စရာတွေ အင်မတန် များနေတာကို ခုနက ပြောတဲ့အတိုင်း အင်မတန်များတယ်၊ ကိုယ့်မျက်စိကို အကြောင်းပြုပြီးတော့လည်း တဏှာလေးတစ်ခု အကြောင်းပြုပြီးတော့လည်း ဘဝတစ်ခု ဖြစ်နိုင်တာပဲ၊ နားအကြောင်းပြုပြီးတော့လည်း တဏှာဖြစ်တယ်၊ အဲဒါ အကြောင်းပြုပြီးတော့ ဘဝတွေလည်း ဖြစ်နိုင်တာပဲ။ ဒါရဲ (၆)ပါးကနေ (၆)မျိုး ဖြစ်နိုင်တယ်၊ ဒါလည်း ကာမအနေအားဖြင့် သာယာပြီးဖြစ်နိုင်တယ်၊ ဘဝအနေ အားဖြင့် သာယာပြီးဖြစ်နိုင်တယ်၊ ဝိဘဝအနေအားဖြင့် သာယာပြီး ဖြစ်နိုင်တယ် ဆိုတော့ အင်မတန်ဖြစ်နိုင်နေတာ၊ ဘဝတွေဖြစ်နိုင်နေတာ၊ တစ်ခါအာရုံ (၆)ပါးနဲ့ စပ်ပြီးတော့လည်း သာယာပြီးဖြစ်မယ်ဆိုရင် အဲဒီကလည်း (၆)မျိုး ပြီးတော့ ဝိညာဏ်

http://www.dhammadownload.com

(၆)ပါးနဲ့ မြင်သိမှု, ကြားသိမှုတွေနဲ့ စပ်ပြီးတော့လည်း ဖြစ်ဦးမှာကို၊ ဖဿ (၆)ပါး၊ ဝေဒနာ (၆)ပါး၊ သညာ (၆)ပါး၊ စေတနာ (၆)ပါး၊ တဏှာ (၆)ပါး၊ ဝိတက် (၆)ပါး၊ ဝိစာရ (၆)ပါး စသည်ဖြင့် တဏှာဖြစ်စရာတွေ အများကြီးကို ရှိတယ်။

တဏှာဖြစ်စရာတွေ, တဏှာတွယ်စရာတွေ ဘာနဲ့တူလဲဆိုတော့ ညောင်ပင်များ အမြစ်တွယ်တာကိုး၊ ညောင်ပင်ဆိုတာဟာ သူများအပင်ပေါ် တက်ပေါက်တယ်၊ အုတ်ကြို့ အုတ်ကြားမှာလည်း တက်ပေါက်တတ်တယ်၊ သူ့အမြစ်ကလေးတွေက ဟိုတွယ်ဒီတွယ်နဲ့ တကတည်း လျှောက်ပြီးတော့ တွယ်ထားလိုက်တာ၊ နည်းတာမဟုတ်ဘူး၊ ဟိုတွယ်ဒီတွယ်တွေ ပွားလာလိုက်တာတွေ အဲဒါလိုပဲ၊ ဒီတဏှာက နေရာတကာဖမ်းပြီး တွယ်ထားတာကိုး၊ အဲဒါကြောင့် ဒီဖမ်းတွယ်ထားတော့ သေခါနီးကျ တစ်ခုမမီ တစ်ခုမိတော့မှာပေါ့၊ သူ တစ်ခုခု စွဲသွားမှာ၊ စွဲပြီး သေ ဘဝတစ်ခုဖြစ်တယ်၊ စွဲပြီး သေ ဘဝတစ်ခုဖြစ်တယ်၊ ဒါကြောင့်မို့ သံသရာကြီးမှာ သတ္တဝါတွေဟာ သူ့အလိုလိုတော့ မငြိမ်းနိုင်ဘူးတဲ့၊ ဒီတဏှာငြိမ်းအောင်လို့ အားထုတ်မှ သူငြိမ်းမှာကိုး။

အတွင်းဓရော, အပြင်ဓရော ဓနရောတကာမှာ ရှုပ်ဓနတာက တဏှာပါပဲ

ဒါကြောင့် မြတ်စွာဘုရားလက်ထက်တော်အခါကာလ ငြဟ္မာတစ်ဦးက လာပြီးတော့ မေးတယ်။

အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ၊
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဇ္ဇာ ဝိဇဋယေ ဇဋံ။

ဂေါတမ-ဂေါတမအနွယ်ဖွား မြတ်စွာဘုရား၊ အန္တောဇဋာ-အတွင်း၌ဖြစ်သော အရှုပ်အထွေးလည်းကောင်း၊ ဗဟိဇဋာ-အပ၌ဖြစ်သော အရှုပ်အထွေးလည်းကောင်း၊ ဇဋာယ-အတွင်းအပ အရှုပ်အထွေးဖြင့်၊ အယံ ပဇာ-ဤသတ္တဝါအပေါင်းကို၊ ဇဋိတာ-ရှုပ်ထွေးအပ်ပါတော့သည် အရှင်ဘုရား။

အတွင်းဘက်ကလည်း အရှုပ်အထွေးတွေတဲ့၊ အတွင်းဘက်ကလည်း မရှင်းဘူးတဲ့၊ အတွင်းနဲ့စပ်ပြီး ကြည့်လိုက်ရင် မရှင်းသလိုပဲ အပြင်ဘက်နဲ့စပ်ပြီးလည်း မရှင်းဘူးတဲ့၊ အရှုပ်အထွေးတွေ ရှုပ်ထွေးနေတာပဲတဲ့၊ တဏှာတွေ အမြစ်တွယ်နေတာကိုး၊ အတွင်းဘက် ကိုယ့်သန္တာန်ကနေပြီးတော့ မျက်စိလည်း သာယာ၊ နားလည်း

http://www.dhammadownload.com

သာယာ၊ မသာယာတာမှ မရှိဘဲ၊ ကောင်းတဲ့တဏှာ အကုန်လုံး သာယာနေတာ၊ အဆင်းလည်း သာယာ၊ အသံလည်း သာယာ၊ အနံ့လည်း သာယာ၊ ကိုယ့်သန္တာန်က ရှိတာတွေ အကုန် သာယာနေတာ၊ မြင်တာလည်း သာယာ၊ ကြားတာလည်းသာယာ၊ အကုန်လုံးလျှောက်သာယာ နေတယ်၊မြင်လို့ကောင်းတာတွေ၊ ကြားလို့ကောင်းတာတွေအဲဒါတွေလည်းအကုန်လုံးလျှောက်သာယာနေတယ်၊ စိတ်ကူး စဉ်းစားကြံစည်ရတာတွေလည်း သာယာနေတယ်၊ တပ်မက်ရတာတွေကိုလည်းပဲ သာယာနေတယ်။ ရှေးက ပျော်ခဲ့တာတွေလည်း သာယာနေတယ်၊ အဲဒီတော့ အတွင်းမှာ လည်းပဲ ရှုပ်နေပါတယ်တဲ့။ ဒီတဏှာတည်းဟူသော အရှုပ်အထွေးဟာ အပြင်မှာလဲပဲ အပြင်က သူတစ်ပါးသန္တာန်ကရှိတဲ့ အာရုံတွေနဲ့စပ်ပြီးတော့လဲ ဒီတဏှာကရှုပ်ထွေးနေတာပဲတဲ့၊ ဒီမှာ အကုန်သာယာတာပဲ။

အန္တောဇဋာ-အတွင်း၌အရှုပ်အထွေးလည်းကောင်း၊ ဗဟိဇဋာ-အပ၌အရှုပ်အထွေးလည်းကောင်း၊ဇဋာယ-အတွင်းအပနှစ်ဌာနသော အရှုပ်အထွေးဖြင့်၊ အယံ ပဇာ-ဤသတ္တဝါအပေါင်းကို၊ ဇဋိတာ-ရှုပ်ထွေးအပ်ပါတော့သည် အရှင်ဘုရား။

ရှုပ်ထွေးနေပါပြီတဲ့၊ သေသေချာချာ စဉ်းစားလေ၊ ရှုပ်ထွေးလေလေ ဒီဥစ္စာတော့ -

တံ တသ္မာ-ထို့ကြောင့်၊ တံ-အရှင်ဘုရားကို၊ ပုစ္ဆာမိ-မေးမြန်းလျှောက်ထားပါ၏၊ ဣမံ ဇဋံ-ဤအရှုပ်အထွေးကို၊ ကော-အဘယ်ပုဂ္ဂိုလ်သည်၊ ဝိဇဋယေ-ဖြေရှင်းနိုင်ပါသနည်း အရှင်ဘုရား၊

ဘယ်သူရှင်းနိုင်ပါမတုံး၊ ဒီအရှုပ်အထွေး ဘယ်သူရှင်းနိုင်ပါမတုံးတဲ့။ ဒါမေးနေတယ်၊ မြတ်စွာဘုရားက ဖြေထားတယ်၊ အဲဒါကို ဒီဂါထာလေးယူပြီးတော့ ဝိသုဒ္ဓိမဂ်ဆရာက ဝိသုဒ္ဓိမဂ်ကျမ်းကြီးတစ်ကျမ်းရေးထားတာကိုး၊ သူက -

သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော သိတ္ထု၊ သော ဣမံ ဇဋံ ဇဋံ၊

ဘုရားက ဒီဂါထာလေးဖြေထားတယ်၊ နောက်လည်း ပဲ ဆက်ပြီးတော့ ဖြေရှင်းပြီးသားပုဂ္ဂိုလ်တွေအကြောင်းလည်း ဆက်ပြီးတော့ ဖြေရှင်းသွားပါတယ်၊ ဒါက ကျင့်တဲ့ပုဂ္ဂိုလ်ကို ရည်ပြီးတော့ ဂါထာလေးတစ်ဂါထာပဲ ဖြေထားတယ်။

http://www.dhammadownload.com

သပ္ပညော-ပဋိသန္ဓေပညာနှင့်ပြည့်စုံသော၊ နရော-ပုဂ္ဂိုလ်သည်၊ သီလေ-သီလ၌၊ ပတိဋ္ဌာယ-တည်၍တဲ့၊ ပညာရှိပုဂ္ဂိုလ်ဟာ သီလတည်ရမယ်တဲ့၊ ကိုယ်ကျင့်သီလနဲ့ပြည့်စုံရမယ်တဲ့၊ အာတာပီ-ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လနှင့်ပြည့်စုံသည်ဖြစ်၍၊ သမ္မပ္ပဓာန် လုံ့လနဲ့ ဖြစ်ပြီးသား အကုသိုလ်တွေ ပယ်နိုင်အောင် အားထုတ်မှု၊ မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်နိုင်အောင် အားထုတ်မှု၊ မဖြစ်သေးတဲ့ကုသိုလ်တွေဖြစ်အောင် အားထုတ်မှု၊ ဖြစ်ပြီးသား ကုသိုလ်တွေ ပွားများပြီးသွားအောင် ပွားများအားထုတ်မှု၊ သမ္မပ္ပဓာန်ကိစ္စ (၄)ခု ရှိတယ်၊ အဲဒီ (၄)ခုနဲ့ အားထုတ်နေလို့ရှိရင် ကိလေသာတွေ ပူလောင် ခြောက်သွေ့ ကင်းပြတ်စေတတ်တယ်တဲ့၊ မီးများဟာ ပူလောင်သောအားဖြင့် အစိုအစေးတွေကို ခြောက်သွေ့စေဘိသကဲ့သို့ နေဟာလည်း အစိုအအေးတွေ ခြောက်သွားစေဘိသကဲ့သို့ ထို့အတူပဲ ဒီသမ္မပ္ပဓာန်လုံ့လနဲ့ မပြတ်အားထုတ်နေလို့ရှိရင် ဒီပုဂ္ဂိုလ်၏ သန္တာန်မှာ ကိလေသာအစိုဓာတ်တွေဟာ မဖြစ်ပွားနိုင်ဘူး၊ မကျရောက်နိုင်ဘူး၊ အင်မတန်ပူပြီးတော့နေတဲ့ တစ်နေ့လုံး မီးဖုတ်ထားလို့ ပူပြီးတော့နေတဲ့ သံတုံးသံခဲရေထဲချလိုက် ဖြတ်ခနဲဆို ချောက်သွားတာကို၊ အဲဒါလိုပဲ ဒီပုဂ္ဂိုလ်၏ သန္တာန်မှာ ကိလေသာတွေ မကျရောက်နိုင်ဘူးတဲ့၊ အကယ်၍ ကျရောက်လာ ရင်လည်းပဲ ကိလေသာချက်ချင်းပျောက်ပြီး ငြိမ်းသွားတာပဲ၊ အဲဒါ သမ္မပ္ပဓာန် လုံ့လဝီရိယပဲ။

အာတာပီ-ကိလေသာတည်းဟူသော အစိုဓာတ်ကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန်လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍၊

ယခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ အဲဒီအတိုင်းအားထုတ်ရတာ၊ ဒီအတိုင်း အားမထုတ်ရင် ဖြစ်ကိုမဖြစ်နိုင်ဘူး၊ သမ္မပ္ပဓာန်လုံ့လနဲ့ တစ်ခါတည်း မပြတ်မှတ်နေရတာ၊ ဒွါရ (၆)ပါးက ပေါ်တိုင်းပေါ်တိုင်း စိတ်ဖြစ်တိုင်းဖြစ်တိုင်း အကုန်လုံးမှတ်နေရတာ၊ တဒေါက်ဒေါက်နဲ့ မှတ်နေရတာ၊ ရှုနေရတာ၊ ဒီလိုရှုပြီးတော့နေရင် ကိလေသာတွေ ဘယ်ဝင်ခွင့်ရမလဲ၊ ဒီအတိုင်းအလွတ်နေတဲ့ ပုဂ္ဂိုလ်တွေက ကိလေသာဝင်ဖို့ရာ အကွက်ချည်းပဲ၊ သူဟာ မြင်ရာကနေပြီးတော့ စဉ်းစားလို့ စဉ်းစားချင်တိုင်း စဉ်းစားရောပဲ။ တစ်ခါတည်း ဘာမှအပိတ်အပင် အဆီးအတား မရှိဘူး၊ တံခါးမရှိ ဓားမရှိ၊ လာချင်လာခဲ့ကွာ၊ ကိစ္စမရှိဘူး ဆိုတာကို ကျနေပြီ၊ ကြားရတာလည်း အပိတ်အပင် အဆီးအတား မရှိဘူး၊ နံရာက မရှိ၊ စားရက မရှိ၊

http://www.dhammadownload.com

မရှိရုံတွင်မကသေးဘူး၊ အားတောင် ပေးလိုက်သေးတယ်၊ တိုးတိုးပြီးတော့ ဟိုမှာ ကောင်းသထက် ကောင်းသွားအောင်လို့ အဲဒီလိုဖြစ်နေတာတိုး၊ တရား အားထုတ်တဲ့ပုဂ္ဂိုလ်က မြင်ရာကလည်း ကိလေသာမဖြစ်ရအောင် ကြားရာ, နံရာ, စားရာ ဘယ်ကမှ ကိလေသာမဖြစ်ရအောင် အကုန်လုံးလိုက်ပြီးတော့ ပိတ်နေတာကိုး၊ ဒီအထဲကနေပြီးတော့ မတော်တဆ စဉ်းစားမိလို့ အကုသိုလ်ကိလေသာဝင်ဖြစ်ရင် အဲဒီဟာလေးလည်း ရှုမှတ်ပြီး ပယ်ချလိုက်တော့ ပျောက်သွားတာပဲ၊ အလျဉ်းသင့်သွားတာကိုး၊ အဲဒါ သမ္မပ္ပဓာန်လုံ့လနဲ့ ပြည့်စုံတာတဲ့။

အာတာပီ-ကိလေသာတည်းဟူသော အစိုဓာတ်ကို ပူလောင်သွေ့ခြောက်ကင်း ပျောက်စေနိုင်သော သမ္မပ္ပဓာန်လုံ့လဝီရိယနှင့်ပြည့်စုံသည်ဖြစ်၍၊ နိပကော-ကျွမ်းကျင်လိမ္မာမှုရှိသည်ဖြစ်၍၊

တရားအားထုတ်တဲ့ပုဂ္ဂိုလ်က နည်းနည်းအကင်းလေး ဘာလေး ပါးရသေးတယ်၊ ဒီလိုလုပ်ရင် ကောင်းတယ်၊ ဟိုလိုလုပ်ရင် ကောင်းတယ်လို့ သိရသေးတယ်၊ ဘုမသိ ဘမသိ သိပ်ပြီးတော့ မဖြစ်ရဘူး။ ဒီလိုမှတ်ရင် ကောင်းတယ်၊ ဟိုလိုမှတ်ရင် ကောင်းတယ်၊ အဲဒါ "ပါဠိဟာရိယပညာ" ခေါ်တယ်၊ ကျွမ်းကျင်မှုလည်း နည်းနည်းရှိဦးမယ်တဲ့။ ကျွမ်းကျင်မှုက သိပ်တော့ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ ဆရာသမားနဲ့ အားထုတ်တဲ့ပုဂ္ဂိုလ်ကတော့ ညွှန်ကြားတဲ့အတိုင်း အားထုတ်နေရင် ကျွမ်းကျင်မှုလေးတွေ သူကတော့ ရှိပါတယ်၊ အဲဒါလေးလည်း လိုပါတယ်တဲ့။

စိတ္တဥ္ဇ-စိတ်ကိုလည်းကောင်း၊ (ဝါ) သမာဓိကိုလည်းကောင်း၊ ပညဥ္ဇ-ပညာကိုလည်းကောင်း၊ ဘာဝယန္တော-ပွားစေသည်ရှိသော်၊

စိတ်သမာဓိ-ဖြစ်ပွားစေရမယ်တဲ့၊ သမာဓိစိတ်ကလေးတည်ငြိမ်တဲ့၊ စိတ်ကလေးဖြစ်အောင်လို့ ပွားစေရမယ်၊ ပြီးတော့ မိမိတို့သန္တာန်မှာ ဒွါရ (၆)ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေဟာ တကယ်အစစ်အမှန် ပညာလေး ဖြစ်စေရမယ်တဲ့။ ဘာတွေ ဖြစ်နေသလဲ၊ မြင်တဲ့အခိုက်အတန့် ဘာတွေဖြစ်သလဲ၊ ကြားတဲ့အခိုက်အတန့် ဘာတွေဖြစ်သလဲ၊ ဘယ်လိုဖြစ်လဲ၊ ဘယ်လိုမျက်သလဲ၊ ဘာတွေရှိသလဲ၊ ဒီဥစ္စာတွေ သိတဲ့ပညာကို "ဝိပဿနာပညာ"ခေါ်တာပဲ။ မြင်တဲ့ အခိုက်အတန့်မှာ မျက်စိရှုပ် ရှိတယ်၊ မြင်ရတဲ့ အဆင်းရှုပ် ရှိတယ်၊ မြင်သိတဲ့နာမ်တရားရှိတယ်၊ ဒီ (၃)ခုပဲ ရှိတယ်၊ ဒီပြင် ဘာမှမရှိဘူး၊ မြင်ရင် မျက်စိရှုပ်ထင်

http://www.dhammadownload.com

ရှားတယ်။ မြင်ရတဲ့အဆင်းရုပ် ထင်ရှားတယ်၊ မြင်သိသွားတဲ့သဘောလေး ထင်ရှားရှိတယ်၊ ဒီဟာလေး (၃)ခု နုတ်ပစ်လိုက်လို့ရှိရင် ဒီအခိုက်အတန့်မှာ ဘာမှစွဲလမ်းစရာမရှိဘူး၊ မြင်တတ်တဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ ဒီတရားလေး (၃)ခုကလည်းပဲ စောစောက မရှိဘူး၊ အခိုက်အတန့်မှာ ဖြစ်လာတာ၊ အဲဒီမြင်တဲ့ အခိုက်အတန့်လေးမှာ ဖြစ်ပြီးတော့ မြင်ပြီးတော့ ရှိသေးလား၊မြင်ပြီးတော့လဲ မရှိပြန်ဘူး၊ ပျောက်သွားပြီ၊ မရှိတော့ဘူး၊ ဒီတော့ ဒီအခိုက်အတန့်မှာဖြစ်ပြီး ဒီအခိုက်အတန့်မှာဖြစ်လို့ မမြဲတဲ့တရားပဲ၊ ဖြစ်ပြီးတော့ ပျက်သွားလို့ ဆင်းရဲတရားပဲ၊ သူသဘော အတိုင်း သူဟာသူ ဖြစ်ပျက်လို့ အနတ္တတရားပဲ၊ သဘောတရားမျှပဲ၊ အဲဒီရုပ်နာမ်မျှ ရှိတာပဲ။ မြင်တယ်ဆိုတာ ရုပ်နာမ်မျှပဲ၊ ဖြစ်ပျက်တဲ့ မမြဲတဲ့တရားမျှပဲ၊ ဆင်းရဲတရားမျှပဲ၊ ဒီအမှန်လေးသိရမှာကို၊ အဲဒါလေး သိရအောင်လို့ ဒါလိုက်ပြီးတော့ မြင်တိုင်း မြင်တိုင်း ရွှတယ်၊ ထို့အတူ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း၊ စိတ်ကူးတိုင်း၊ စဉ်းစားကြံစည်တိုင်း၊ ဒွါရ (၆)ပါးက ပေါ်တိုင်း ပေါ်တိုင်း ရုပ်နာမ်တွေအကုန်လုံး လိုက်ပြီးတော့ မှတ်နေရတယ်၊ အဲဒါဟာ ဝိပဿနာပညာ၊ အဲဒီပညာကို ဖြစ်ပွားစေရမယ်တဲ့။

စိတ္တဥ္စ-စိတ်တည်ကြည်မှုသမာဓိကိုလည်းကောင်း၊ ပညဥ္စ-အသိဉာဏ်ပညာကိုလည်းကောင်း၊ ဘာဝယံ ဘာဝယန္တော-ပွားစေသည်ရှိသော်၊ သော-ထိုသို့သဘောရှိသော၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သော ပုဂ္ဂိုလ်သည်၊ ဣမံ ဇဋံ-ဤတဏှာတည်းဟူသော အရှုပ်အထွေးကို၊ ဣမံ ဇဋံ-သင်ပြဟ္မာမင်းလျှောက်သော ဤတဏှာတည်းဟူသော အရှုပ်အထွေးကို၊ ဝိဇဋယေ-ဖြေရှင်းနိုင်ပါ၏။

မြတ်စွာဘုရားက ဖြေကြားတယ်၊ ဒီတဏှာဟာ သင်ပြဟ္မာမေးတဲ့အတိုင်း အတွင်းလည်း ရှုပ်၊ အပြင်လည်း ရှုပ်နေတာတွေဟာ ဒီနည်းနဲ့ ဒီပုဂ္ဂိုလ်က ဖြေနိုင်ပါတယ်တဲ့။ ဒီနည်းနဲ့သာ အားထုတ်ပါတဲ့။

သမ္မညော-ပဋိသန္ဓေပညာလေးတော့ ရှိရမယ်တဲ့၊ ပညာလုံးလုံးမရှိတဲ့ ပုဂ္ဂိုလ်တော့လည်း အားထုတ်လို့ မဖြစ်ပေဘူး။ တိရစ္ဆာန်တွေဆို ပဋိသန္ဓေပညာ မရှိလို့ အားထုတ်လို့မဖြစ်ဘူး၊ လူပုဂ္ဂိုလ်ထဲမှာလည်းပဲ ပဋိသန္ဓေက ပညာပါမလာတဲ့ပုဂ္ဂိုလ် အဟိတ်ပုဂ္ဂိုလ် ဆိုတာ ရှိတယ်၊ အဲဒါပညာမရှိဘူး၊ ဒွိဟိတ်ကလည်း ပညာမရှိလို့မဖြစ်ဘူး၊ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရမယ်လို့ ဆိုလိုတယ်၊ တိဟိတ်ပုဂ္ဂိုလ် ဆိုတာကလည်း

http://www.dhammadownload.com

ထူးထူးခြားခြားမဟုတ်ပါဘူး၊ ပြောတဲ့, ဟောတဲ့ တရားလေးတွေ သဘောပေါက်နိုင်လို့ရှိရင် အဲဒါ တိဟိတ်ပုဂ္ဂိုလ်ပါပဲ။ ဒီပဋိသန္ဓေပညာရှိရမယ်တဲ့။

သမ္မပ္ပဓာန်လုံ့လရှိ့သောသူဟာ တဏ္ဍာမဝင်နိုင်တော့ဘူး

ပဋိသန္ဓေပညာရှိတဲ့ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ သီလသော်လည်းပဲ ပြည့်စုံရဦးမယ်။ သီလမရှိဘဲနဲ့ လုပ်လို့လည်း မဖြစ်ဘူး၊ သီလအခြေခံလေးလည်း ရှိဦးမှ၊ သီလအကျင့်ပြည့်စုံပါမှ သီလအကျင့်ပြည့်စုံပြီးတော့ ပါးပါးရားရား ဘယ်လိုနှလုံးသွင်းရင် ဘယ်လိုကျင့်ရင် ကောင်းမယ်ဆိုတဲ့ သိတတ်လိမ္မာတဲ့ ပါဋိဟာရိယပညာ ပါးပါးရားရား ကျွမ်းကျင်မှုလေးလည်း ရှိရမယ်၊ အဲဒါရှိပြီးတော့ ကိလေသာကို ခြောက်သွေ့စေနိုင်တဲ့ သမ္မပ္ပဓာန်လုံ့လလေးဟာ ဖြစ်ရမယ်တဲ့၊ ပေါ့ပေါ့ရော့ရော့ လွယ်လွယ်ကူကူလေးတော့ မဟုတ်ဘူးတဲ့၊ ဒါဖြစ်တိုင်း ဖြစ်တိုင်း ဒွါရ (၆)ပါးက ကျတိုင်းကျတိုင်း အာရုံ(၆)ပါးနဲ့စပ်ပြီးတော့ ကိလေသာမဖြစ်ရအောင်လို့ လိုက်ပြီးသကာလ မပြတ်အားထုတ်နေတယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေ ပယ်နိုင်အောင်, မဖြစ်ပေါ်နိုင်အောင်၊ မဖြစ်သေးတဲ့ အကုသိုလ်တွေလည်း အသစ်အသစ်ဖြစ်မလာရအောင် တစ်ခါတည်း တရစပ် ရှုနေရတယ်၊ မဖြစ်သေးတဲ့ ဝိပဿနာကုသိုလ်တွေလည်းပဲ အသစ်တွေဖြစ်လာအောင်လို့ ကြိုးစားရတယ်၊ ဖြစ်ပြီးသား ဝိပဿနာတွေဟာလည်းပဲ တစ်ဆင့်ထက်တစ်ဆင့် ရင့်ရင့်ပြီး ပြည့်စုံသွားအောင်ဟာ မပြတ်တရစပ် မှတ်နေရတယ်၊ တစ်မှတ်ပြီး တစ်မှတ်၊ တစ်မှတ်ပြီး တစ်မှတ် တစ်ခါတည်း အနေအနားမရှိ တောက်လျှောက်ရှုပြီး နေရမယ်၊ အဲဒါ သမ္မပ္ပဓာန်လုံ့လနဲ့ ပြည့်စုံနေတာတဲ့၊ အဲဒီလိုပြည့်စုံပြီးတော့ သမာဓိတည်ငြိမ်တဲ့ စိတ်ကလေးလည်း ဖြစ်ရမယ်တဲ့၊ ဒွါရ (၆)ပါးက ဖြစ်ခိုက်၊ ဖြစ်ခိုက် ရုပ်နာမ်လေးတွေ အနိစ္စ ဒုက္ခ အနတ္တသိရမယ်၊ အဲဒီလိုသိအောင် ပွားများနေခဲ့လို့ရှိရင်တဲ့ ဒီပုဂ္ဂိုလ်ဟာ တဏ္ဍာအရှုပ်ကို ဖြေရှင်းနိုင်ပါတယ်တဲ့၊ ရှင်းနိုင်ရောပေါ့။

သူ့ဟာ ဖြစ်တိုင်းဖြစ်တိုင်း ရှုနေကတည်းက ဘယ်ကတဏ္ဍာ ဝင်စရာရှိတော့မလဲ၊ တဏ္ဍာဝင်စရာအကွက်မှ မရှိတော့ဘဲနဲ့၊ အတွင်းရှုပ်ဖို့ရာလည်း ဝင်စရာမရှိဘူး၊ အပြင်ရှုပ်ဖို့ရာလည်း ဝင်စရာမရှိဘူး၊ မြင်တိုင်း ကြားတိုင်း လိုက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိနေတာကိုး၊ ဖြစ်ပျက်သွားတဲ့ ရုပ်နာမ်မျှပဲလို့ သိတယ်၊ ဖြစ်ပျက်သွားတဲ့သဘောမျှပဲ သိတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲ

http://www.dhammadownload.com

သိတယ် ဆိုရင် ဒီမြင်မှု၊ ကြားမှုတွေနဲ့စပ်ပြီး ဘယ်က သာယာစရာရတော့မလဲ လို့ကောင်းလိုက်တာလို့ စွဲလမ်းစရာ မရှိဘူး၊ ချစ်ခင်စရာကောင်းတယ်၊ နှစ်သက်စရာ ကောင်းတယ်၊ သာယာစရာ ကောင်းတယ်၊ ဒီလိုစွဲလမ်းစရာရှိမှ မရှိတော့ပဲ၊ အဲဒီတော့ ဒီတဏှာဟာ ဘယ်ဝင်နိုင်တော့မလဲ၊ အတွင်းဘက်ကလည်း မဝင် နိုင်ဘူး၊ အပြင်ဘက်ကလည်း မဝင်နိုင်ဘူး၊ ဒါကြောင့် ဒီတဏှာအရှုပ်ကို ဖြေရှင်း နိုင်ပါတယ်တဲ့၊ နောက်ဆုံးအနေနဲ့ ဒီအရိယမဂ်ဉာဏ်သို့ ရောက်သွားတော့ ကောင်းကောင်းကြီး ဖြေရှင်းနိုင်တာပေါ့၊ အရဟတ္တမဂ်ရောက်တဲ့ အခါကျတော့ အကုန်လုံးဖြေရှင်းနိုင်ပြီးတော့ သွားပါတယ်တဲ့၊ အဲဒီအနက်အဓိပ္ပါယ်တွေကို ဂဲတ်စွာဘုရားက ဟောထားတယ်၊ အဲဒါ ဝိသုဒ္ဓိမဂ်ကျမ်းကြီး အဋ္ဌကထာ ဆရာက ရေးထားတယ်၊ အဲဒါ ဒီသမုဒယသစ္စာပယ်နည်းပဲ၊ သမုဒယသစ္စာ ဘယ်လိုလုပ်ပြီးတော့ ပယ်ရမယ်ဆိုတာကို အဖြေပေးပြီးတော့ ထားတယ်၊ ဒီနေ့တော့ တော်တော်လည်း စုံသွားပါပြီ၊ နောက်တစ်ခါကျတော့ နိရောဓသစ္စာပေါ့၊ နိဗ္ဗာန်သွားရမယ်၊ နိရောဓ သစ္စာ နိဗ္ဗာန်အကြောင်း ဟောရမယ်၊ နိဗ္ဗာန်အကြောင်းကလည်းပဲ မှတ်စရာကောင်းပါတယ်၊ နက်နဲတယ်၊ နိဗ္ဗာန်အကြောင်းကလည်း အရေးကြီးတယ်၊ နောက်တစ်ခါ သီတင်းကျမှ ဟောရမယ်၊ က. . ဒီနေ့ တရားဆောင်ပုဒ်ကလေး သုံးပုဒ်ဆိုပြီး တရားသိမ်းကြဦးစို့။

၁။ ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု၊
၂။ ဘဝတဏှာ၊ ထည်မြဲသာ၊ ထင်လာနှစ်သက်မှု၊
၃။ ဝိဘဝမှာ၊ ပြတ်စဲသာ၊ ထင်လာနှစ်သက်မှု၊
၄။ ဆင်းရဲပွားရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာရှု၊

"သမုဒယသစ္စာ"ဆိုတာ တဏှာ (၃)ပါးပဲတဲ့၊ အဲဒီတဏှာ (၃)ပါးဟာ သမုဒယသစ္စာတရားပဲ၊ "သမုဒယသစ္စံ ပဟာတဗ္ဗံ"တဲ့၊ သမုဒယသစ္စံ-သမုဒယသစ္စာကို၊ ပဟာတဗ္ဗံ-ပယ်အပ်၏။ သမုဒယသစ္စာဟာ ပယ်ရမယ့်တရားဖြစ်တယ်။

"ဒုက္ခသစ္စံ ပရိညေယျံ" ဒုက္ခသစ္စံ-ဒုက္ခသစ္စာကို၊ ပရိညေယျံ-ပိုင်းခြားရှု သိအပ်၏၊ ဖြစ်ပျက်သမျှ သခါရတွေ့, ဒုက္ခသစ္စာတွေ့ ပိုင်းခြားသိရမယ်တဲ့၊ မြင်တိုင်း ကြားတိုင်း ဒွါရ (၆)ပါးက ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာတရားတွေတဲ့၊ အဲဒါတွေ့ ပိုင်းခြားပြီး သိအောင်ဟာ ရှုရတယ်၊ သေသေချာချာ

http://www.dhammadownload.com

ရွှမှ ပိုင်းခြားသိတာ၊ သူရဲ့သဘောမှန်တွေကို သိရတယ်၊ အဖြစ်အပျက်အားဖြင့် ပိုင်းခြားသိရတယ်၊ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် ပိုင်းခြားသိတယ်၊ အဲဒီလို သိသောအားဖြင့် အဲဒီသစ္စာတရားတွေအပေါ်မှာ နှစ်သက်တွယ်တာပြီး ဖြစ်တဲ့ သမုဒယသစ္စာဟာ ဖြစ်ခွင့်မရဘဲနဲ့ ငြိမ်းနေတာ၊ အဲဒါ ပယ်နေတာပဲ၊ တမင်တကာကို တွန်းထိုးပြီး သွားရော့လို့၊ ဒီလိုမောင်းနှင်ထုတ် မနေရပါဘူး၊ အမှန်သိရင် အမှားသိပျောက်ပြီးတော့ ခင်မင်တွယ်တာမှုတွေ မဖြစ်လာဘူး၊ ခုနက "သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း၊" သခ်ါရ အကောင်းထင်မှ သူက သမုဒယဖြစ်မှာကိုး၊ အခု ဖြစ်တိုင်းဖြစ်တိုင်းတွေ ရှုပြီး ဒုက္ခသစ္စာပိုင်းခြားသိနေတယ်၊ ဒုက္ခတွေမှန်း သိနေရင် ဒီတရားတွေနဲ့ စပ်ပြီးတော့ အကောင်းမှ ထင်မှ မထင်တော့ပဲ၊ အကောင်းမထင်တော့ သာယာနှစ်သက်မှု မဖြစ်ဘူးပေါ့၊ သာယာနှစ်သက်မှုမဖြစ်ဘဲနဲ့ ငြိမ်းနေတာဟာ ပယ်ခြင်းကိစ္စ ပြီးနေတာပဲ။ အဲဒီလို ပယ်ရမယ်တဲ့၊

သမုဒယသစ္စံ-သမုဒယသစ္စာတရားကို၊ ပဟာတဗ္ဗံ-ပယ်အပ်၏တဲ့၊ ပယ်ရမယ့်တရားတွေပဲလို့၊ အဲဒီပယ်ရမယ့်တရားတွေကို မိမိတို့သန္တာန် ကျရောက်လာသော ဒွါရအာရုံဝိညာဏ် အစရှိသော ပိယရုပ်သာတရုပ် တရားတွေအပေါ်၌ ကျရောက်ခွင့်မရအောင်လို့ ဖြစ်တိုင်းဖြစ်တိုင်း သဘောမှန်ဖြင့် ပိုင်းခြားပိုင်းခြားပြီး သိနိုင်ကြ၍လည်းကောင်း၊ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာအားဖြင့် ပိုင်းခြားသိနိုင်ကြ၍လည်းကောင်း၊ သမုဒယသစ္စာကို ဝိပဿနာဉာဏ်ဖြင့် အစဉ်အတိုင်း ပယ်ဖျောက်နိုင်ကြ၍ ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို အရိယမဂ်ဉာဏ်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

******

http://www.dhammadownload.com

နိရောဓသစ္စာတရားတော်

ဆဋ္ဌမပိုင်း

[၁၃၂၃-ခု၊ သီတင်းကျွတ်လကွယ်နေ့ ဟောကြားသည်။]

အရိယသစ္စာလေးပါးထဲက ဒီကနေ့ နိရောဓသစ္စာကို ဟောရမယ်။

"တတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ"

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခနိရောဓော အရိယသစ္စံ-ဆင်းရဲဒုက္ခတို့၏ ငြိမ်းရာဖြစ်သော အရိယာတို့သိအပ်သော အမှန်တရားသည်၊ ကတမဉ္စ-အဘယ်ပါနည်း။

ဆင်းရဲဒုက္ခငြိမ်းရာဖြစ်တဲ့ အရိယသစ္စာတရားတဲ့၊ အရိယာထဲက ဆင်းရဲငြိမ်းတဲ့တရားပဲလို့ အမှန်အတိုင်းသိထားတဲ့တရား၊ ဆင်းရဲအငြိမ်းမှန်တဲ့တရားပေါ့လေ၊ တကယ့်ကို ငြိမ်းတဲ့တရား၊

ယော တဿာယေဝ တဏ္ဍာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

တဿာယေဝ တဏ္ဍာယ-ထိုဆာလောင်တပ်မက်သော တဏ္ဍာ၏သာလျှင်၊ ထိုတဏ္ဍာပဲတဲ့၊ ရှေ့နားက ဟောခဲ့တဲ့တဏ္ဍာ၊ သမုဒယသစ္စာတုန်းက ဟောခဲ့တဲ့တဏ္ဍာ အာရုံ (၆)ပါးတွေ ဆာလောင်တပ်မက်ပြီးတော့ နေတဲ့တဏ္ဍာ၊ ကာမတဏ္ဍာ၊ ဘဝတဏ္ဍာ၊ ဝိဘဝတဏ္ဍာ ဆိုတဲ့ အဲဒီတဏ္ဍာပဲတဲ့။

တဿာ ယေဝတဏ္ဍာယ၊ ထိုဆာလောင်တပ်မက်သော တဏ္ဍာ၏ပင်လျှင်၊ ယော အသေသဝိရာဂနိရောဓော-အကြင်အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ငြိမ်းခြင်းသည်၊ အတ္ထိ-ရှိ၏၊

အဲဒီတဏ္ဍာလေး အကြွင်းမဲ့ ပျက်ပြယ်ချုပ်ငြိမ်းသွားတာတဲ့၊ တစ်နည်းအားဖြင့် အဲဒီတဏ္ဍာ အကြွင်းမဲ့ ပျက်ပြယ်ချုပ်ငြိမ်းရာဖြစ်တဲ့ တရားတဲ့၊ ဒီနိဗ္ဗာန်ကို တွေ့မြင်လို့ရှိရင် အဲဒီပုဂ္ဂိုလ်၏သန္ဆာန်မှာ ဒီတဏ္ဍာဟာ ပျက်ပြယ်ချုပ်ငြိမ်းပြီး

http://www.dhammadownload.com

သွားပါတယ်တဲ့။ တဏှာပျက်ပြယ်ချုပ်ငြိမ်းရာဖြစ်တဲ့တရား၊ တဏှာပျက်ပြယ်ချုပ်ငြိမ်းခြင်းတရား၊ အဲဒီတရားဟာ နိဗ္ဗာန်ပဲတဲ့။ ဒါဟာ နိဂြောဓသစ္စာပဲ။

ယော စာဂေါ-အကြောင်တဏှာကို စွန့်လွှတ်ရာဖြစ်သော တရားသည်၊ ယာ မုတ္တိ-အကြောင်တဏှာကို ဖြေလွှတ်ရာဖြစ်သောတရားသည်၊ ယော အနာလယော-အကြောင်ငြိကပ်တွယ်တာရာကင်းသောတရားသည်၊ အတ္ထိ-ရှိ၏၊ ဂ္ဂဒံ-ဤတဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းပျက်ပြယ်ရာ စသည်ဖြင့် ပြဆိုအပ်သော တရားသည်၊ ဒုက္ခ နိရောဓေအရိယသစ္စံ-ဆင်းရဲတို့၏ချုပ်ငြိမ်းရာ အစစ်အမှန်ဖြစ်သော အရိယာတို့သိအပ်သော တရားပါပေတည်း။

သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို ဖြင့်ဆွေးရင် အားကြိုးတဲ့ တဏှာငြိမ်းတယ်

အဲဒီတဏှာချုပ်ငြိမ်းရာဖြစ်တဲ့တရား၊ တဏှာအကြွင်းမဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့တရား၊ တဏှာကို စွန့်ပယ်ရာဖြစ်တဲ့တရား၊ တဏှာငြိတွယ်ပြီးတော့နေတဲ့ဥစ္စာတွေကို ဖြေပြီးတော့ လွှတ်ရာဖြစ်တဲ့တရား၊ တဏှာတည်းဟူသော တွယ်တာမှုတွေလုံးဝကင်းရာဖြစ်တဲ့တရားတဲ့။ ဒါနိဗ္ဗာန်တရားပဲတဲ့၊ နိဗ္ဗာန်တရားက တည့်တည့်ပြောမယ်ဆိုရင်တော့ ချုပ်ငြိမ်းတဲ့တရားပါပဲ။ ဒါပေမယ်လို့ တဏှာငြိမ်းလို့ရှိရင် အားလုံးသောဆင်းရဲတွေ အကုန်လုံးငြိမ်းတယ်၊ တဏှာနဲ့ ဒီမှာ ပြောနေတာ၊ တပ် မက်တဲ့တဏှာလေး ကင်းငြိမ်းပျက်ပြယ်ပြီးတော့ သွားတဲ့တရားပဲတဲ့။ အဲဒီနိဗ္ဗာန်တရား တွေ့လို့ရှိရင် တပ်မက်တဲ့တဏှာလေးဟာ ကင်းငြိမ်းပျက်ပြယ်ပြီးတော့ သွားတယ်တဲ့။ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့ပြီဆိုလို့ရှိရင် ဒီတဏှာငြိမ်းသွားတယ်၊ တဏှာက အဆင့်ဆင့်ဖြစ်တယ်၊ သောတာပတ္တိမဂ်နဲ့ ငြိမ်းတာလည်း ရှိတယ်၊ အရဟတ္တမဂ်နဲ့ ငြိမ်းတာလည်း ရှိတယ်၊ ပထမဆုံး သောတာပတ္တိမဂ်နဲ့ အဲဒီနိဗ္ဗာန်ကို တွေ့သွားလို့ရှိရင် ဘာတွေ ငြိမ်းသွားသလဲ ဆိုတော့ အပါယ်လားကြောင်းဖြစ်တဲ့ တဏှာငြိမ်းသွားတယ်တဲ့၊ အပါယ် (၄)ပါးကျလောက်အောင်ကြီးကျယ်ထူထဲတဲ့ တဏှာ, အားကောင်းတဲ့တဏှာတွေ ငြိမ်းသွားတယ်တဲ့။

ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာဆိုရင် ဒီတဏှာက အားကောင်းပြီးတော့နေတဲ့အတွက် အဖေကိုလည်းပဲ သူသတ်ချင်သတ်နိုင်တာပဲ၊ အမေလည်း သတ်နိုင်တာပဲ၊

http://www.dhammadownload.com

သူ့အကျိုးရှိမယ်ထင်လို့ရှိရင် သူပြုလုပ်နိုင်တာပဲတဲ့၊ မပြုလုပ်နိုင်တာရယ်လို့ မရှိဘူး၊ အဲဒါ တဏှာအားကြီးနေလို့ တပ်မက်ဆာလောင်မှု ဖြစ်နေတာ၊ မိမိအလိုရှိအပ်တဲ့ စည်းစိမ်ချမ်းသာတွေ မျှော်လင့်စရာလေးအပေါ်မှာ သူက ငဲ့ကွက်ပြီးတော့နေတာ၊ အားကြီးနေလို့ မျှော်ကိုးနေတာ၊ အခု လောကမှာ ဖြစ်ပေါ်နေတဲ့ အမှုခင်းကိစ္စတွေ ရှိတယ်၊ အဲဒီအမှုအခင်းကိစ္စတွေဟာ အဲဒီတဏှာနဲ့တပ်မက်ပြီး ပြုတဲ့ မှုခင်းကိစ္စတွေ များတာပဲ၊ ဒီပြင် တဏှာမဟုတ်ဘဲနဲ့ ဒေါသနဲ့လည်း နည်းနည်းပါးပါး ရှိတယ်၊ မောဟနဲ့လည်း ရှိတယ်၊ ဒါပေမယ်လို့ ဒေါသ မောဟနဲ့ ပြုစေကာမူ တဏှာကတော့ မကင်းဘူး၊ တဏှာတပ်မက်မှုကတော့ ရှိနေတာပဲ၊ အဲဒီတပ်မက်မှု ကလေး အကြောင်းပြုပြီးတော့ ကိုယ်အလိုရှိတဲ့ကိစ္စတွေကို မျှော်လင့်ချက် ကလေးတွေနဲ့ ပြုလုပ်ကြတာကိုး၊ သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူများဥစ္စာ ခိုးခြင်း၊ လိမ်ခြင်း၊ မတော်မတရားပြုခြင်းအမှုတွေကို ပြုလုပ်ကြတယ်၊ အဲဒီတဏှာ အားကြီးရင် ကြီးသလောက် တစ်ခါတည်း မတော်တာတွေကို လွန်လွန်ကဲကဲ ပြုတာပဲ၊ ဘာမှ သူ့အကြောက်မရှိဘူး။

သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို တွေ့သွားပြီ ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်က ဒီလိုကြီးကြီးကျယ်ကျယ်တွေတော့ မပြုဘူး၊ တပ်မက်မှုတော့ ရှိသေးတာပဲ။ ရှိပေမယ်လို့ အပါယ် (၄)ပါးကျလောက်အောင် ကြီးလေးတဲ့ အကုသိုလ်တွေ ပြုလို့တဲ့ ဆန္ဒမရှိတော့ဘူး၊ သူတစ်ပါးအသက်ကို သတ်ဖို့ရာ သတ်လိုတဲ့ စိတ်ဆန္ဒထိအောင် မရောက်ဘူး၊ ဒေါသတော့ ရှိတယ်၊ လောဘလည်း ရှိတယ်၊ ရှိပေမယ်လို့ သူများ အသက်ကို သတ်နိုင်လောက်အောင် ဒီလောက်တော့ အားမကောင်းတော့ဘူး၊ စိတ်ဓာတ်တွေ လောကအပြောနဲ့ ပြောမယ်ဆိုရင် ကျဆင်းသွားတယ်လို့ ဆိုရမှာပေါ့၊ စိတ်တွေ လျော့သွားတာ၊ လောဘ ဒေါသဗီဂရီတွေက လျော့သွားတယ်၊ သူများဥစ္စာ ခိုးရမယ်ဆိုရင် အဲဒီခိုးနိုင်လောက်အောင်တော့ မရှိဘူး၊ လိုချင်တဲ့ဟာကတော့ ရှိတာပဲ၊ တပ်မက်မှုတော့ ရှိတော့ ရှိသေးတာပဲ။ ဒါပေမယ်လို့ မတော်မတရား ခိုးပြီးတော့ ယူရလောက်အောင် လုပြီးတော့ ယူရလောက်အောင် အဲဒီအထိအောင် မဖြစ်တော့ဘူး၊ အဲဒီလို လောဘတဏှာတွေ ငြိမ်းသွားတယ်တဲ့။

သကဒါဂါမိမဂ်ကျတော့ ပိုပြီးတော့ ကြမ်းတမ်းတာတွေ၊ ကျန်တဲ့ကြမ်းတမ်းတာထဲကဟာ ထပ်ပြီးတော့ ငြိမ်းသွားပြန်တယ်။ အနာဂါမိမဂ်ကျတော့ဖြင့်ရင် ကာမရာဂတွေ ကုန်ရောပဲ၊ ကာမအာရုံတွေ သာယာတဲ့တဏှာ ဘာမှကိုမရှိဘူး။

http://www.dhammadownload.com

အရဟတ္တမဂ်ရောက်တဲ့အခါမှာ ဗီတဏှာတွေ အကုန်လုံး၊ ဘဝတဏှာတွေရော အားလုံး သာယာတပ်မက်မှုတွေ အတုန်လုံး ငြိမ်းပြီးတော့ သွားတယ်တဲ့။ အဲဒီလို တဏှာငြိမ်းရာဖြစ်တဲ့တရားဟာ နိဗ္ဗာန်ပဲတဲ့၊ ရှေးဦးစွာ ပါဠိကိုပဲ ဟောကြား ပါဦးမယ်။

တဏှာပယ်ရင် ဆယ်မှာပယ်ရပါ့မလဲတဲ့၊ ငြိမ်းရင်လည်း ဆယ်မှာငြိမ်းရမလဲတဲ့

သာ ဓေါ ဝနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ပဟီယမာနာ ပဟီယတိ၊ ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ဘိက္ခဝေ-ချစ်သားရဟန်းတို့။ သာ ဓေါ ပန ဧသာ တဏှာ-ထိုဆာလောင်တပ်မက်သော တဏှာသည်၊ ပဟီယမာနာ-ပယ်အပ်သည်ရှိသော်၊ ကတ္ထ-အဘယ်၌၊ ပဟီယတိ-ပယ်အပ်ပါသနည်း၊ နိရုဇ္ဈမာနာ-ချုပ်ငြိမ်းသည်ရှိသော်၊ ကတ္ထ-အဘယ်၌၊ နိရုဇ္ဈတိ-ချုပ်ငြိမ်းပါသနည်း။

တဏှာကို ပယ်ရင် ဘယ်မှာ ပယ်ရသလဲ၊ တဏှာဟာ ချုပ်ငြိမ်းရင် ဘယ်မှာ ချုပ်ငြိမ်းပါသလဲလို့ မေးတော့။

ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ - ဒီလို ဖြေတယ်။

လောကေ-လောကဘ၌၊ ယံ ပိယရူပံ သာတရူပံ-အကြင်ချစ်ဖွယ်သဘော သာယာဖွယ်သဘောသည်၊ အတ္ထိ-ရှိ၏၊ ဧတ္ထ-ဤချစ်ဖွယ်သာယာဖွယ်သဘော၌၊ ပဟီယမာနာ-ပယ်အပ်သည်ရှိသော်၊ ပဟီယတိ-ပယ်အပ်၏၊ နိရုဇ္ဈမာနာ-ချုပ်ငြိမ်းသည်ရှိသော်၊ ဧတ္ထ-ဤချစ်ဖွယ်သာယာဖွယ်သဘော၌၊ နိရုဇ္ဈတိ-ချုပ်ငြိမ်း၏။

တဏှာပယ်ရင်လည်း အဲဒီချစ်စရာသဘော သာယာစရာသဘောလေး ရှိတယ်၊ အဲဒီမှာပဲ ပယ်ရမှာပဲတဲ့၊ အဲဒီမှာပဲ ငြိမ်းရမှာပဲတဲ့၊ တဏှာက ချစ်လို့ ရှိရင်လည်း အဲဒီချစ်စရာသာယာစရာလေးတွေ အကြောင်းပြုပြီးတော့ ဖြစ်နေတာကိုး၊ ငြိမ်းရင်လည်း အဲဒီမှာ ငြိမ်းတယ်လို့ပဲ ဆိုရတယ်တဲ့၊ သို့သော် အလုပ်ကတော့ကို တာဝန်နဲ့ ငြိမ်းရပါတယ်၊ သူအလိုလို ငြိမ်းတာ မဟုတ်ဘူး၊ မဂ္ဂင် (၈)ပါးတရားနဲ့ ငြိမ်းသတ်ရတယ်၊ မဂ္ဂင် (၈)ပါးတရားနဲ့ အားထုတ်ပြီးတော့

http://www.dhammadownload.com

ငြိမ်းသတ်လိုက်တဲ့အခါမှာ ငြိမ်းတယ်၊ ဘယ်မှာ ငြိမ်းတုံးဆိုတော့ သူဖြစ်ရာ ငြိမ်းတာပဲတဲ့၊ သူဖြစ်တာတွေက ဘာတွေလဲ ဆိုတော့ တစ်နေ့က ပြောခဲ့တဲ့ အတိုင်းပဲ။

စက္ခု လောကေ ဝိယ ရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

စက္ခု-မျက်စိရုပ်၊ သောတ-နားရုပ် စသည်ဖြင့်ပေါ့လေ၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန - မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အတွင်း ဘက်က (၆)ပါး၊ ဒွါရ(၆)ပါးလို့ ခေါ်ရတာပေါ့။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ - အဆင်းအာရုံ၊ အသံ အာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အထိအာရုံ၊ သဘောအာရုံ အပြင် ဘက်က အာရုံ (၆)ပါး။

ပြီးတော့ ဝိညာဏ်က (၆)ပါး - မြင်သိတာ၊ ကြားသိတာ၊ နံသိတာ၊ စားပြီးတော့ သိတာ၊ တွေ့ထိပြီးတော့ သိတာ၊ စိတ်ကူးစဉ်းစားကြံစည်ပြီးတော့ သိတာ။

နောက် ဝိညာဏ်နဲ့တွဲပြီးတော့ ဖြစ်တဲ့ ဖဿလည်း (၆)ပါးရှိတယ်၊ ဝေဒနာကလည်း (၆)ပါးရှိတယ်၊ သညာကလည်း (၆)ပါးရှိတယ်၊ စေတနာကလည်း (၆)ပါးရှိတယ်၊ တဏှာကလည်း (၆)ပါးရှိတယ်၊ ဝိတက်ကလည်း (၆)ပါးရှိတယ်၊ ဝိစာရကလလည်း (၆)ပါးရှိတယ်၊ အားလုံး (၆)ခုတွေ၊ (၁၀)မျိုး ရှိတယ်၊ အားလုံး (၆၀) ကုန်သော တရားတွေကို ဝေဖန်ပြီးတော့ ဟောတယ်၊ အဲဒီမှာပဲ တဏှာက ဖြစ်ရင်လည်း အဲဒီမှာ ဖြစ်တယ်၊ ချုပ်ရင်လည်း အဲဒီမှာ ချုပ်တာပဲတဲ့၊ ပယ်ရင်လည်း အဲဒီမှာ ပယ်ရတယ်တဲ့၊ အဲဒီမှာပဲ ပျောက်ကွယ်သွားတယ်၊ အဲဒီမှာပဲ ငြိမ်းသွားတယ်လို့ ဆိုရတယ်။

ဥပမာအားဖြင့် ဘာလိုတုံးဆိုရင် တောထဲမှာ သောင်းကျန်းပြီးတော့နေတဲ့ သူခိုး ဓားပြတွေကို အစိုးရရဲအဖွဲ့တွေက ဖမ်းဆီးပြီးတော့ သူ့အပြစ်ရှိသည် အားလျော်စွာ စီရင်လိုက်လို့ မရှိတော့ဘူးဆိုရင် ဘယ်မှာ ပျောက်ငြိမ်းသွားသလဲ ဆိုတော့ သူဖမ်းတဲ့နေရာငြိမ်းတယ်လို့ ဆိုရတာပဲ။ သူက လမ်းမှာ ဆိုးသွမ်းနေရင် လမ်းမှာ သူခိုးဓားပြဆိုရင် မရှိဘူး၊ ငြိမ်းသွားပြီ၊ ဒီလိုပြောရတာကိုး၊ သတ်ပစ်လို့

http://www.dhammadownload.com

သေသွားရင်လည်း သေသွားပြီ၊ ဒီသူခိုးဓားပြတစ်ယောက် သေသွားပြီလို့ ဒီလို ပြောရတာကိုး၊ သူသေရာဌာနကတော့ အဲဒီလမ်းမှာ ဟုတ်ချင်မှလည်း ဟုတ်မယ်၊ ဒီပြင်နေရာ မြို့မှာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ၊ သူတို့စီရင်တဲ့ နေရာဌာနမှာပဲ ဖြစ်မှာပဲ။ ဒါပေမယ်လို့ သူမူလထက္ကြသောင်းကျန်းနေတဲ့နေရာမှာပဲ ငြိမ်းသွားတယ်လို့ ဆိုရတယ်၊ ပျောက်သွားတယ်လို့ ဆိုရတယ်၊ သေသွားတယ်လို့ ဆိုရတယ်။

အဲဒါလိုပါပဲ၊ ကိလေသာငြိမ်းတာကတော့ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကို အကြောင်းပြုပြီးတော့ ငြိမ်းတာပဲတဲ့။ ဒါပေမယ်လို့ ငြိမ်းရာဌာနကတော့ မျက်စိ၊ နား၊ နှာခေါင်း စသည်ဖြင့် တွေ့ထိရာဌာနမှာ ငြိမ်းသွားတယ်လို့ ဆိုရပါတယ်တဲ့၊ အဲဒီတဏှာငြိမ်းသွားတဲ့ဥစ္စာဟာ နိရောဓသစ္စာပဲတဲ့၊ တဏှာချုပ်ငြိမ်းသွားတာ နိရောဓသစ္စာ၊ အဲဒီတဏှာချုပ်ငြိမ်းသွားသဖြင့် ဒီပြင်ကိလေသာတွေလည်း အကုန်လုံး ချုပ်ငြိမ်းတာပဲ၊ ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေလည်း အကုန်လုံး ချုပ်ငြိမ်းတော့တာပဲ။ တဏှာငြိမ်းသွားရင် အကုန်လုံးငြိမ်းတယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ ပြောင်းပြန်ပြန်ပြီး ဟောထားတာလည်း ရှိတယ်။

"အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော"ကို အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရတွေ ချုပ်သွားတယ်တဲ့။ ရုပ်နာမ်တရားတွေကို အမှန် အတိုင်း မသိတာက အဝိဇ္ဇာကိုး၊ အဲဒီအမှန်အတိုင်း သိလာတာပဲ၊ အမှန်အတိုင်း သိတာနဲ့ အဝိဇ္ဇာချုပ်သွားတယ်လို့ ဆိုရတာပဲ၊ အလင်းလာရင် အမှောင်ပျောက်သွားသလို အမှန်အတိုင်းသိတာ ရောက်လာတော့ကို အမှားသိတွေ ပျောက်သွားတယ်၊ အဲဒီအမှားသိ အဝိဇ္ဇာတွေ ပျောက်သွားတော့ အမှားဆီကို မှီပြီး ဆက်လက် ပြုလုပ်မယ့် သင်္ခါရတွေ၊ ကောင်းစားချမ်းသာအောင်လို့ ပြုလုပ်မယ့် သင်္ခါရတွေလည်း မဖြစ်ရတော့ဘူး၊ ငြိမ်းသွားတယ်၊ အဲဒါလည်း နိဗ္ဗာန်ပဲ။ သင်္ခါရတွေ ငြိမ်းပြီးတော့ သွားတော့ ဘဝသစ်ဝိညာဏ်တွေ ငြိမ်းသွားတယ်၊ နာမ်ရုပ်ငြိမ်းတော့ သဠာယတနငြိမ်းတယ်၊ အာယတန (၆)ပါးမရှိတော့ ဖဿတွေလည်း အာရုံနဲ့ မတွေ့ရဘူး၊ ဖဿက အာရုံနဲ့ မတွေ့ရတော့ ဝေဒနာအစရှိသည်ဖြင့် အကြောင်းအကျိုးတွေ အဆက်ဆက် ငြိမ်းသွားတာဟာ နိဗ္ဗာန်တရားပဲတဲ့၊ အဲဒါလဲ နိရောဓသစ္စာပဲ၊ အတိုချုပ်ဆိုရင်တော့ နိရောဓဆိုတာ ငြိမ်းတာပါပဲ၊ ချုပ်တယ်၊ ငြိမ်းတယ်၊ အကြောင်းရှိနေလို့ရှိရင် အကျိုးတွေ ဆက်ခါဆက်ခါ ဖြစ်နေတယ်၊ အကျိုးရှိနေရင် မငြိမ်းဘူး။

http://www.dhammadownload.com

ဥပမာ - သစ်ဧေရှိနေတယ်၊ ဒီသစ်ဧေကို စိုတ်လိုက်တော့ အပင်ကလေး ပေါက်လာတယ်၊ အပင်လေးကနေ အပင်ကြီး ဖြစ်လာတယ်၊ အပင်လေးက အပင်ကြီးဖြစ်ပြီးတော့ အပွင့်တွေ အသီးတွေ ရှိတယ်၊ ဒီအသီးကနေပြီးတော့ အဧေလေးတွေ ဖြစ်လာပြန်တယ်၊ ဒီကနေပြီးတော့ တစ်ခါ အပင်ပေါက်ပြန်တယ်၊ အဲဒီအပင်ကလည်းပဲ တော်တော်ကြာတော့ အပွင့်အသီး သီးပြီးတော့ မျိုးစေ့တွေ ရလာတယ်၊ ဒီမျိုးစေ့ကနေပြီးတော့ တစ်ခါ အပင်ပေါက်၊ ဒီလိုသွားနေတာကိုး၊ အဲဒီ မျိုးစေ့နဲ့အပင်၊ မျိုးစေ့နဲ့အပင်တွေဟာ ဘေးရန်အန္တရာယ်မရှိရင် သူဆက်ပြီးတော့ ဒီလိုပွားနေတာပဲ၊ ဒီလိုပဲ တစ်ခါတည်း ဒီအမျိုးတွေဟာ မပြတ်ဘဲနဲ့ ဖြစ်နေထယ်၊ အခု သစ်ပင်တွေ၊ မြက်ပင်တွေ၊ နွယ်ပင်တွေ သူမျိုးစေ့နဲ့သူဟာပဲ၊ နှစ်စဉ်နှစ်စဉ် သူပေါက်ပြီးတော့ ဖြစ်နေတာကိုး၊ အဲဒါ သူ့အကြောင်းအကျိုးဆက်ပြီးတော့ ဖြစ်နေတာ၊ အကယ်၍ အပင်ပေါက်လာမယ့်မျိုးစေ့ကို မီးနဲ့ဖုတ်လိုက်လို့ရှိရင် မီးဖုတ်လိုက်တော့ကို ကျွမ်းသွားပြီး၊ ပြာကျသွားပြီး၊ မျိုးစေ့က အပင်မပေါက်နိုင်တော့ဘူး၊ ဒီအပင်မပေါက်နိုင်တော့ အဲဒီအပင်ကနေပြီး အပွင့်တွေ အသီးတွေ ရှိပါဦးမလား၊ ဘယ်ရှိတော့မလဲ၊ အပင်မှ မပေါက်နိုင်တော့ပဲ၊ အဲဒီ အပွင့်အသီးကနေပြီး မျိုးစေ့ရပါဦးမလားဆို၊ အပင်မှမရှိရတဲ့အထဲ ဘယ်က လာပြီးတော့ မျိုးစေ့ရယ်လို့ ရနိုင်မလဲ၊ ဒီမျိုးစေ့ကနေပြီး နောက်တစ်ခါ အပင် ပေါက်ပါဦးမလားလို့ ဘာမှ စဉ်းစားစရာ မရှိဘူး၊ ကုန်နေပြီ လမ်းဆုံးနေပြီ။

အဲဒါလိုပဲတဲ့၊ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်လိုက်တဲ့အခါကာလမှာ အဝိဇ္ဇာ တဏှာ အစရှိသော ကိလေသာတွေ အကုန်လုံး ငြိမ်းသွားတယ်တဲ့၊ အဲဒီလိုငြိမ်းသွားခြင်းကြောင့် အဝိဇ္ဇာ တဏှာ အစရှိသော ကိလေသာတွေကနေ ဆက်ဖြစ်မယ့်၊ သခါရ အစရှိသော အကျိုးတရားတွေ မဖြစ်ရတော့ဘူးတဲ့၊ ဘဝသစ် ရုပ်နာမ်တွေ မဖြစ်ရတော့ဘူးတဲ့၊ အဲဒီလို ဘဝသစ် ရုပ်နာမ်တွေ မဖြစ် ဘဲနဲ့ ငြိမ်းပြီးတော့သွားတဲ့ဥစ္စာဟာ နိဗ္ဗာန် ပဲတဲ့၊ ဒီငြိမ်းနည်းနဲ့ မငြိမ်းလို့ ရှိရင်တော့ ဘဝတွေ ထပ်ခါထပ်ခါ ဖြစ်နေတယ်၊ ကိလေသာမငြိမ်းလို့ရှိရင် တစ်ဘဝက သေပြီးရင်း တစ်ဘဝဖြစ်ပြန်ရင်း၊ တစ်ဘဝက သေပြီးရင်း တစ်ဘဝ ဖြစ်ပြန်ရင်း ဒီလိုသွားနေတာကိုး၊ အဲဒီလို သွားပြီးနေတော့ ဖြစ်ရာဘဝ ဒုက္ခသစ္စာမှာ ဟောခဲ့တဲ့အတိုင်း "ဇာတိပိ ဒုက္ခာ" ဘဝအသစ်ဖြစ်ရလို့ ဆင်းရဲတာပဲ၊

http://www.dhammadownload.com

အိုရလို့လည်း ဆင်းရဲတာပဲ၊ သေရလို့လည်း ဆင်းရဲတာပဲ၊ ငိုကြွေးရလို့လည်း ဆင်းရဲတယ်၊ ကိုယ်ဆင်းရဲ အမျိုးမျိုးတွေလည်း တွေ့ရတယ်၊ စိတ်ဆင်းရဲအမျိုးမျိုးတွေလည်း တွေ့ရတယ်၊ တစ်ဘဝလုံးဆိုင်ရာ အပါယ်ဆင်းရဲတွေ တွေ့ရတယ်၊ အပါယ် (၄)ပါးကျမယ်ဆို အပါယ်ဆင်းရဲတွေ အင်မတန်အကြီး အကျယ်တွေနဲ့ တွေ့ပြီး ဆင်းရဲရတယ်၊ အဲဒါ တစ်ဘဝပြီး တစ်ဘဝ ဒီဆင်းရဲတွေနဲ့ချည်း ဆက်ခါဆက်ခါ တွေ့ပြီးတော့ နေရတယ်တဲ့၊ ဆင်းရဲတွေ အကုန်လုံး ငြိမ်းသွားပြီ၊ ကိလေသာငြိမ်းတယ်ဆိုလို့ရှိရင် ဘဝသစ် ရုပ်နာမ်ခန္ဓာတွေ အကုန်လုံး ငြိမ်းသွားတယ်၊ ဆင်းရဲတွေ ဘာမှမရှိတော့ဘူး၊ မဖြစ်ရဘူး၊ ငရဲကျရောက်ပြီးဖြစ်တဲ့ ဆင်းရဲမျိုးတွေဆိုရင် မဖြစ်ရတော့ဘူး၊ တိရစ္ဆာန်ဖြစ်တဲ့ ဆင်းရဲမျိုးတွေ မဖြစ်ရတော့ဘူး၊ ပြိတ္တာဖြစ်တဲ့ ဆင်းရဲမျိုးတွေ မဖြစ်ရတော့ဘူး၊ လူဘုံမှာဖြစ်ပြီးတော့ ဆင်းရဲတွေလည်း ရှိတယ်၊ အဲဒါတွေလည်း မဖြစ်ရတော့ဘူး၊ နတ်ဘုံမှာ နတ်လည်း ဆင်းရဲရှိသေးတာပဲ၊ အဲဒါတွေလည်း မဖြစ်ရတော့ဘူး၊ ဗြဟ္မာလည်း ဗြဟ္မာအလိုက် သခ်ါရဒုက္ခ ဆင်းရဲတွေ ရှိနေသေးတာပဲ၊ အဲဒါတွေလည်း မဖြစ်ရတော့ဘူး၊ အဲဒီဆင်းရဲတွေ ချုပ်ငြိမ်းသွားတယ်တဲ့။

ဥပမာအားဖြင့် ဘာလိုတုံးဆိုရင် ရောဂါဝေဒနာ အကြီးအကျယ် ရောက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရောဂါဝေဒနာအကြီးအကျယ် ဖြစ်နေတယ်။ အဲဒီအကြီးအကျယ်ရောဂါဝေဒနာ ဆေးဝါးကောင်းမကောင်း မရရင်တော့ ဒီရောဂါဝေဒနာဟာ နေ့စဉ်နေ့စဉ် အစဉ်အတိုင်း ဖြစ်နေမှာ၊ နှိပ်စက်နေမှာ၊ ဆေးဝါးကို မှီဝဲလိုက်လို့ ဆေးကောင်းဝါးကောင်း မှီဝဲလိုက်တဲ့အတွက် ဒီရောဂါဝေဒနာပျောက်သွားပြီဆိုရင် မူလက ရောဂါဝေဒနာရှိစဉ်တုန်းက ဆင်းရဲတွေအကုန်လုံး ငြိမ်းသွားတာပေါ့၊ အဲဒါတွေ မရှိတော့ဘူး၊ အကုန်လုံး ပျောက်သွားတယ်၊ အနာရောဂါရှိစဉ်တုန်းက ခံစားရတဲ့ဒုက္ခတွေဟာ အကုန်ငြိမ်းတာပဲ၊ အဲဒါလဲပဲ နိဗ္ဗာန်တစ်မျိုးလို့ ဆိုရမှာပေါ့လေ။ ဒါပေမယ့်လို့ ဒါက အပြတ်မ်ိးငြိမ်းတာမဟုတ်ဘူး၊ ခုဟာကတော့ ရောဂါပျောက်နေတုန်းပဲ တော်တော်ကြာတဲ့အခါ ရောဂါလည်း ထပ်ဖြစ်နိုင်တယ်၊ ခုဘဝ မဖြစ်တောင်မှ နောက်ဘဝတွေ နောက်ဘဝတွေ ဆက်ပြီးတော့ ဖြစ်နိုင်သေးတယ်၊ သူဟာက အစဉ်ထာဝရငြိမ်းတာမဟုတ်ဘူး၊ အခု တဏှာကစပြီးတော့ ငြိမ်းသွားလို့ ရုပ်နာမ်ခန္ဓာတွေ အကုန်လုံး ငြိမ်းတယ်ဆိုတဲ့ နိဗ္ဗာန်ကတော့ တကယ် ငြိမ်းသွားတာ၊ နောက်ကိုတော့ ဒီအငြိမ်းက မပျက်စီးနိုင်တော့ဘူး။ ဆင်းရဲဒုက္ခတွေ

http://www.dhammadownload.com

ပြန်ပြီးတော့ မပေါ်လာနိုင်တော့ဘူး၊ အမြစ်ပြတ် တစ်ခါဟာည်း ငြိမ်းပြီးတော့ သွားတယ်၊ အဲဒါဟာ နိရောဓသစ္စာ ပဲတဲ့၊

ရုပ်နာမ်သစ္စာရတို့၏ ငြိမ်းစနစ်ကို တွေ့မြင်လျှင် နိဗ္ဗာန်ကို စတွေ့ရတာပဲ

"ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း၊" အဲဒီနိဗ္ဗာန်ကို ယောဂီပုဂ္ဂိုလ်ကတွေ့တော့ ဘယ့်နှယ့်လုပ်တွေ့လဲဆိုတော့ ရုပ်နာမ်သစ္စာရတွေ ငြိမ်းသွားတဲ့အနေအားဖြင့် တွေ့တယ်၊ အားလုံးသော ရုပ်နာမ်တွေပေါ့၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ အားလုံး ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ယောဂီပုဂ္ဂိုလ်မှာ တွေ့ရတယ်၊ ပကတိပုဂ္ဂိုလ်တွေမှာတော့ ဘာတွေတွေ့နေသလဲဆိုတော့ ရုပ်နာမ်တွေမဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါအလိုက် ထင်နေတယ်၊ မျက်စိက မြင်ရင်လည်းပဲ ပုဂ္ဂိုလ်သတ္တဝါပဲ မြင်တယ်၊ ယောကျ်ား၊ မိန်းမ ဒီလိုပဲ မြင်နေတာပဲ၊ နားက ကြားလို့ရှိရင်လည်း အဲဒီလိုပဲ ယောကျ်ား, မိန်းမအသံ၊ လူအသံ၊ ခွေးအသံ၊ ငှက်အသံ စသည်ဖြင့် အဲဒီလိုပဲ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်အနေနဲ့ ထင်နေတယ်၊ အနံ့နံလို့ရှိရင်လည်း ဘာနံ့ပဲ၊ ဘယ်က အနံ့ပဲ၊ ဘယ်ပန်းက အနံ့၊ ဘယ်ဝတ္ထုက အနံ့စသည်ဖြင့် အထည်ဝတ္ထုတွေနဲ့ပဲ ထင်တယ်၊ အရသာစားရင်လည်းပဲ အဲဒီအရသာတွေနဲ့ စပ်ပြီးတော့ ဘာအစာပဲ၊ ဘာဟင်းပဲ၊ ဘာထမင်းပဲ စသည်ဖြင့် အဲဒီလို အထည်ဝတ္ထုတွေနဲ့ ဘယ်သူက ချက်ပြုတ်ပြီးတော့ ပေးတယ် စသည်ဖြင့် ပုဂ္ဂိုလ်ရော ထင်နေတာ၊ အတွေ့အထိကျတော့ တွေ့ထိရာဌာန ဘာနဲ့ တွေ့ထိရတယ်၊ လူနဲ့ တွေ့ထိတယ်၊ လက်နဲ့ တွေ့ထိတယ်၊ ခြေနဲ့ တွေ့ထိတယ်၊ ကိုယ်နဲ့ တွေ့ထိတယ်၊ ဘာအထည်ဝတ္ထုနဲ့ တွေ့ထိတယ်၊ ကိုယ်နဲ့ တွေ့ထိလို့ အထည်ဝတ္ထုသန္ဓာန်အနေနဲ့ပဲ ဒီလို ထင်နေတယ်။

စိတ်ကူးစဉ်းစားကြံစည်ပြန်လို့ရှိရင်လည်း ပုဂ္ဂိုလ်သတ္တဝါအတွေအနေနဲ့ စိတ်ကူးတွေက ဖြစ်နေတယ်၊ ပကတိပုဂ္ဂိုလ်မှာတော့ အထည်ဖြပ်ပညတ်တွေနဲ့ပဲ ထင်နေပါတယ်၊ ယောဂီပုဂ္ဂိုလ်မှာတော့ မြင်တိုင်း ကြားတိုင်း ဒွါရ (၆)ပါးက ပေါ်တိုင်း ပေါ်တိုင်းတွေ ရှုပြီးတော့နေတော့ သမာဓိဉာဏ်အားရှိလာတဲ့အခါ ပညတ်တွေ အကုန်ပျောက်ပြီး ပရမတ်သဘောတွေချည်း ထင်နေတာကိုး၊ ဖြစ်ပျက်ကာမျှ သဘောပဲ၊ မြင်ပြန်ရင်လည်း မြင်ပြီးရင် ပေါ်ပြီး ပျောက်သွားတာပဲ၊

http://www.dhammadownload.com

ဖြစ်ပျက်တဲ့တရားပဲ၊ ကြားပြန်ရင်လည်း ကြားပြီး ပေါ်ပြီး ပျောက်သွားတာပဲ၊ ဖြစ်ပျက်တဲ့ တရားပဲ၊ နံပြန်ရင်လည်းပဲ ပေါ်ပြီး ပျောက်သွားတာပဲ၊ တွေ့ထိပြန်ရင်လည်း ပေါ်ပြီး ပျောက်သွားတာပဲ၊ ကွေးတယ်၊ ဆန့်တယ်၊ လှုပ်ရှားတယ် စသည်ဖြင့် အဲဒါတွေလည်းပဲ ကွေးပြီး၊ ဆန့်ပြီး၊ လှုပ်ရှားပြီး၊ သူနေရာနဲ့သူပဲ ဖြစ်ပြီး ပျောက်ပျက်လိုက်နေတာပဲ၊ ဝိုက်က ဖောင်းတာ၊ ပိန်တာ၊ မှတ်လို့ရှိရင်လည်း ဖောင်းတာ၊ ပိန်တာလေးက လှုပ်လိုက်၊ ရွေ့လိုက်၊ ပျောက်လိုက်၊ လှုပ်လိုက်၊ ရွေ့လိုက်၊ ပျောက်လိုက်၊ ဖြစ်ပြီး ပျောက်ပျက်နေတဲ့ တရားချည်းထဲပဲ၊ စိတ်ကူးတွေပေါ်လာတိုင်း ရှုလိုက်ပြန်တယ်၊ အဲဒီစိတ်ကူးတွေကသာမြန်သေး၊ ဖြစ်တယ်ဆိုပြီး ပျောက်သွားတယ်မြဲတယ်လို့မရှိဘူး၊ စိတ်ကူးလေးတွေ ကောင်းတဲ့စိတ်ကူးဖြစ်ဖြစ်၊ ဆိုးတဲ့စိတ်ကူးချက်ခြင်းဖြစ်ပေါ်ပြီး ချက်ချင်းပျောက်လိုက်နေတာပဲ။ ဝေဒနာလေးတွေ မှတ်ပြန်ရင်လည်းပဲ ကောင်းတဲ့ဝေဒနာဖြစ်ဖြစ်၊ ဆိုးတဲ့ဝေဒနာဖြစ်ဖြစ် ဒါလေးတွေလည်း ခံစားမှုလေးတွေ ကောင်းပြီး ပျောက်၊ ဆိုးပြီး ပျောက်သွားတယ်၊ ချက်ချင်းချက်ချင်း ပျောက်လိုက်နေတာပဲ၊ အပြတ်အပြတ်ကလေး ဖြစ်နေတာ။ ဘာမှ ကြာရှည်တည် နေတဲ့ အထည်ဝတ္ထု ရှာလို့ မရဘူး၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေချည်းပဲ တွေ့နေ ရတယ်။

မင်္ဂလာဆင့်ဆင့်တိုင်းမှာ တရားစတွေ့ကိုက်သည့်အားလျော်စွာ ငြိမ်းသွားတယ်

အဲဒါ ရှုတိုင်းရှုတိုင်း ဒီရုပ်နာမ်တွေချည်း တွေ့နေတာပဲ။ အဲဒီလိုပုဂ္ဂိုလ်မှာ သမာဓိဉာဏ်ရင့်လာရင် မှတ်တိုင်း မှတ်တိုင်းဟာ ဒီရုပ်နာမ်တွေချည်း ဆင့်ကာဆင့်ကာ ဖြစ်နေတယ်၊ ကုန်မှ ကုန်ပါတော့မလားလို့ အောက်မေ့နေရတယ်၊ မကုန်နိုင်ဘူးလို့ ထင်ရတယ်၊ အဲဒီလို တွေ့နေရတာထဲက ဝိပဿနာဉာဏ် ဖြစ်လာတဲ့အခါကျတော့ ဝိပဿနာဉာဏ်က ဖြစ်ပျက်တဲ့ သဘောတရားတွေ သိရင်းသိရင်းနဲ့ ရုပ်နာမ်သစ္စာရတွေ အကုန်လုံးယူပစ်သလို ငြိမ်းသွားတာကိုး၊ ဘာမှမရှိတဲ့သဘောကို တွေ့သွားတယ်၊ ရုပ်နာမ်အားလုံး ဆိတ်သုဉ်းသွားတဲ့သဘောပဲတဲ့၊ ဆိတ်သုဉ်းသွားတယ်၊ ကုန်သွားတယ်၊ ဘာမှကို ရှာလို့မရတော့ဘူး၊ အဲဒီရှာလို့မရတဲ့ဥစ္စာ၊ တဏှာ၏ချုပ်ငြိမ်းရာလည်း ဖြစ်တယ်တဲ့၊ ဒီလိုဟာ တွေ့လို့ရှိရင် ခုနပြောတဲ့ တဏှာတွေဟာ ထိုက်သည်အားလျော်စွာ ငြိမ်းသွားတယ်။ ပထမ

http://www.dhammadownload.com

အကြိမ် သောတာပတ္တိမဂ်နဲ့ ရောက်ရင် အပါယ်ကျလောက်တဲ့ တဏှာတွေ ငြိမ်းသွားတယ်၊ ဒုတိယအကြိမ် ရုပ်နာမ်ဆိတ်သုဉ်းရာ ရောက်လို့ရှိရင်ဖြင့် ကြမ်းတမ်းတဲ့ ကာမရာဂ ဗျာပါဒတွေ ထပ်ပြီးတော့ ငြိမ်းသွားတယ်၊ တတိယအကြိမ် အဲဒီငြိမ်းရာရောက်လို့ရှိရင်ဖြင့် ကာမရာဂ ဗျာပါဒတွေ အကုန်လုံး ငြိမ်းတယ်၊ ကာမအာရုံတွေကို သာယာတဲ့တဏှာ ဗျာပါဒ ဒေါသ ဆိုတဲ့ တရားတွေ၊ စိတ်ဆိုးတတ်တဲ့ တရားတွေ အကုန်လုံးငြိမ်းတယ်၊ စတုတ္ထအကြိမ် ဒီငြိမ်းရာရောက်လို့ ရှိရင်တော့ကို သာယာမှုတဏှာတွေ အကုန်လုံးပဲ ငြိမ်းသွားတယ်တဲ့၊ ဒါကြောင့်မို့ ဒီရုပ်နာမ်အားလုံး ပျက်သုဉ်းချုပ်ဆုံးပြီးတော့ သွားတာ တွေ့ရတဲ့တရားဟာ တဏှာငြိမ်းရာဖြစ်လို့တဲ့၊ သူ့ကို "နိဗ္ဗာန်"လို့လည်း ခေါ်တယ်၊ "နိရောဓ"လို့လည်း ခေါ်တယ်၊ တစ်ခါတည်း ရုပ်နာမ်သခဲါရငြိမ်းတဲ့တရားပဲတဲ့၊ ရုပ်နာမ်အားလုံး ပျက်သုဉ်းသွားတယ်။

ခုနက "စက္ခု လောကေ ပိယရူပံ သာတရူပံ" မျက်စိဟာ သာယာစရာတရားပဲ။ အဆင်းဟာလည်း သာယာစရာတရားပဲ၊ မြင်သိတဲ့ စိတ်ကလေးကလည်း သာယာစရာတရားပဲ၊ ချစ်စရာတရားပဲ၊ အဲဒီတရားတွေမှာ မရှုမမှတ်မိလို့ ရှိရင်တော့ မျက်စိကိုလည်း သာယာပြီး တဏှာဖြစ်မယ်၊ နားကိုလည်း သာယာပြီး တဏှာဖြစ်မယ်၊ မြင်ရတဲ့အဆင်းကိုလည်း သာယာပြီး တဏှာဖြစ်မယ်၊ ကြားရတဲ့ အသံကိုလည်း သာယာပြီး တဏှာဖြစ်မယ်၊ မြင်သိ, ကြားသိလို့လည်း သာယာပြီး တဏှာဖြစ်မယ်၊ အဲဒီတဏှာတွေဟာ နိဗ္ဗာန်ကို တွေ့သွားလို့ရှိရင် မဖြစ်ရတော့ဘူး၊ မြင်ရာကနေ ရှလိုက်တော့ မြင်ရာကနေပြီး ငြိမ်းသွားရင်လည်းပဲ အဲဒီဟာ မြင်မှုနဲ့စပ်ပြီး သာယာမှုတွေ မဖြစ်ဘူး၊ ထို့အတူ ကြားမှုတွေ ဘာတွေလဲ၊ အကုန်လုံး သာယာမှုတွေ မဖြစ်ဘူး၊ အကုန်လုံးပဲ ငြိမ်းသွားတယ်၊ သာယာမှုတွေ ဆာလောင် တပ်မက် သာယာမှုတွေ ငြိမ်းရာဖြစ်လို့ "နိဗ္ဗာန်"လို့ပဲခေါ်တယ်၊ "နိရောဓ"လို့လည်း ခေါ်တယ်တဲ့၊ ဒါ နိရောဓသစ္စာတရားပဲ၊ "ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံး နိဗ္ဗာန်တည်း၊" ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေ အားလုံး ဆိတ်သုဉ်းသွားတယ်တဲ့၊ ဘာမှမရှိတော့ဘူးတဲ့၊ ချုပ်ဆုံးပြီးတော့ သွားတယ်တဲ့၊ အဲဒါ နိဗ္ဗာန်ပဲတဲ့၊ ဒီနိဗ္ဗာန်မှာ သာယာစရာလည်း မရှိဘူး၊ အဲဒါ အာရုံပြုပြီးတော့ မသာယာဘူး၊ ဒီလိုငြိမ်းပျောက်သွားတဲ့ဥစ္စာကိုး၊ သာယာမှု တပ်မက်မှုတွေ မဖြစ်ဘူး၊ တပ်မက်မှု ဖြစ်လို့ကို မရဘူး၊ တပ်မက်မှု မဖြစ်နိုင်တဲ့တရားပဲ၊ ဒါကြောင့်

http://www.dhammadownload.com

မို့ တပ်မက်သာယာမှု ဖျက်ပြယ်ရာ ချုပ်ငြိမ်းရာဖြစ်တဲ့ တရားပါပဲတဲ့၊ ကိုင်း. . ဆိုကြဘုံးစို့ရဲ့ . . .

* **ရူပ်နာမ်အားလုံး၊ ဖြစ်ဖျက်ဆုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်ထည်း၊** (ဆို သုံးခေါက်)

နိဗ္ဗာန်ရဲ့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်

အဲဒီ နိဗ္ဗာန်တွေ့ရင်တော့ လက္ခဏာနဲ့ တွေ့ရမယ်၊ ရသနဲ့ တွေ့ရမယ်၊ ပစ္စုပဋ္ဌာန်နဲ့ တွေ့ရမယ်၊ သဘာဝမွေတွေဆိုတာ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်နဲ့ပဲ တွေ့ရတယ်၊ ရူပ်တရားပဲ တွေ့သည်ဖြစ်စေ၊ နာမ်တရားပဲ တွေ့သည်ဖြစ်စေ၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ရှိလို့ရှိရင်လည်း ပဒဋ္ဌာန်နဲ့ တွေ့ရမယ်တဲ့၊ အဲဒါ ဒီနိဗ္ဗာန်ကို တွေ့တဲ့အခါမှာတော့ နိဗ္ဗာန်မှာ ပဒဋ္ဌာန်မရှိဘူး၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ဒီ (၃)ခုပဲ ရှိတယ်။

"လက္ခဏာ"ဆိုတာက သူရဲ့အထည်ကိုယ်သဘောပဲ၊ ရူပ်တရား၊ နာမ်တရားတွေရဲ့ အထည်ကိုယ်သဘော အထည်ကိုယ်ပဲ၊ သူကတော့ အရင်းခံတဲ့ လက္ခဏာ၊

"ရသ"ဆိုတာကတော့ သူ့ကိစ္စရဲ့ စွမ်းရည်သတ္တိပဲ၊ (သို့မဟုတ်) သူရဲ့ဂုဏ်ပဲ၊ သူမှာ ပြည့်စုံပြီးတော့နေတဲ့ဂုဏ်ကို "ရသ"လို့ ခေါ်တယ်။

"ပစ္စုပဋ္ဌာန်"ဆိုတာကတော့ ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်ထဲမှာ ဘယ်လို အခြေအနေပဲလို့ မြင်ရတဲ့အခြင်းအရာကို "ပစ္စုပဋ္ဌာန်"လို့ ခေါ်တယ်၊ တစ်စုံတစ်ခု ဝတ္ထုပစ္စည်းကို မျက်စိနဲ့ ကြည့်လိုက်လို့ မြင်လို့ရှိရင် ဘာနဲ့တူလဲ၊ ဘယ်လိုပါပဲဆိုတာ မျက်စိနဲ့ မြင်ပြီး ကြည့်တယ်၊ နားက ကြားပြန်လို့ရှိရင်လည်း ဒီအသံက ဘာနဲ့တူတယ်၊ ဘယ်လိုပဲ ဆိုပြီးတော့ ပုံသဏ္ဌာန်လေးတွေနဲ့ ရင်သွားတယ်၊ အဲဒါကိုပဲ ဒီနိဗ္ဗာန်တွေ့ရင်လည်ပဲ အဲဒီနိဗ္ဗာန်ဟာ ဘယ်လိုဟာပဲဆိုတဲ့ အခြင်းအရာနှင့်တကွ ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်ထဲမှာ ထင်လာတယ်၊ အဲဒါ "ပစ္စုပဋ္ဌာန်"လို့ ခေါ်တယ်။

အဲဒီ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် သုံးပါးနဲ့ တွေ့ရမယ်တဲ့။ ဒါနဲ့ တွေ့လို့ရှိရင် ဖြင့် သူသဘာဝကျတာပဲ။

နိဗ္ဗာန်ဆိုတာ ငြိမ်းခြင်းဓါတ်

"သန္တိလက္ခဏံ နိဗ္ဗာနံ"

နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ သန္တိလက္ခဏံ-ငြိမ်းခြင်းလက္ခဏာရှိ၏။

http://www.dhammadownload.com

"နိဗ္ဗာန်"ဆိုတာ ငြိမ်းခြင်းပဲ။ သမဏ် သန္တိ-ငြိမ်းခြင်း၊ သမဏ်-ငြိမ်းခြင်း သည်၊ သန္တိ-သန္တိမည်၏၊ ငြိမ်းတဲ့သဘောပဲလို့ ဆိုထားတယ်၊ ဘာတွေငြိမ်းသလဲ၊ ဆင်းရဲတွေ ငြိမ်းတယ်တဲ့။ ကိလေသာဆင်းရဲတွေ ငြိမ်းတယ်၊ ရုပ်နာမ်ဆင်းရဲတွေ၊ သခ်ါရဆင်းရဲတွေ ငြိမ်းတယ်၊ တဏှာအစရှိသော ကိလေသာတွေ နိဗ္ဗာန်မှာမရှိဘူး ငြိမ်းတယ်၊ နိဗ္ဗာန်ရောက်လို့ရှိရင် ဒါတွေအကုန်လုံး ငြိမ်းပြီးတော့ သွားတယ်၊ နိဗ္ဗာန်တွေ့.မြင်တဲ့ပုဂ္ဂိုလ်သန္တာန်မှာ မရှိဘူး၊ ငြိမ်းတယ်၊ အဲဒီအငြိမ်းဓာတ်တွေ့.တဲ့အခါကာလမှာလည်း ဒီတဏှာတွေ မရှိဘူး၊ အကုန်လုံးငြိမ်းနေတာကို တွေ့.ရတယ်။

ရုပ်နာမ်ဆင်းရဲ သခ်ါရဆင်းရဲတွေလည်း ဒီမှာ မရှိဘူး၊ ရုပ်နာမ်တွေလည်း အကုန်လုံးမရှိဘူး၊ ငြိမ်းနေတယ်၊ သခ်ါရတွေလည်း အကုန်လုံး ဘာမှ အတိုအစမှ ရှာလို့မရဘူး၊ ပထမက ယောဂီပုဂ္ဂိုလ်မှာ ရှုတိုင်း မှတ်တိုင်းဟာ ရုပ်နာမ်သခ်ါရတွေ တွေ့.နေကြတယ်၊ တဏှာဖြစ်တဲ့အခါလည်း တဏှာတွေ့.တယ်၊ တဏှာမဖြစ်ရင်လည်း ရုပ်နာမ်သခ်ါရတွေ တဏှာဖြစ်ရာဌာနတွေကို တွေ့.နေတယ်၊ တဏှာ၏ဝဋ်ကျင်းတွေလို့ ဆိုရမှာပေါ့၊ တဏှာဖြစ်ရာဌာနတွေ, အာရုံတည်ရာဌာနတွေ အကုန်လုံး မှတ်တိုင်း မှတ်တိုင်း ဒါလေးတွေ့.နေတာပဲ။ ဒွါရ (၆)ပါး, အာရုံ (၆)ပါး, ဝိညာဏ် (၆)ပါး စသည်ဖြင့် တဏှာဖြစ်ပေါ်ရာတွေကို တွေ့.တယ်၊ အဲဒီနိဗ္ဗာန်တွေ့.တဲ့ အခါကာလကျတော့ ခုန ဆင်းရဲတွေ အကုန်လုံးကို ယူပစ်လိုက်သလို ပျောက်သွားတယ်၊ တစ်ခါ တည်းပြတ်စဲပြီး ငြိမ်းနေတယ်။

ရုပ်နာမ်တွေမဖျပ်တဲ့အခွိန် မရှိဘူး

ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံတဲ့အခါကျတော့ နိဗ္ဗာန်ဝင်သွားတယ်၊ ပရိနိဗ္ဗာန်ဝင်စံသွားတယ်လို့ ပြောကြတယ်၊ အဲဒါ ရုပ်နာမ်သခ်ါရအသစ်တွေ မဖြစ်ပေါ်လာတာပဲ။ စောစောပိုင်းတုန်းကလည်း ရုပ်နာမ်သခ်ါရချုပ်နေတာပါပဲ၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း၏သန္တာန်မှာ ဘယ်အခွိန်မဆို ရုပ်နာမ်တွေ ချုပ်နေတယ်၊ ရုပ်နာမ်မချုပ်တဲ့အခွိန် မရှိဘူး၊ တစ်ခါတည်း ရုပ်နာမ်အဟောင်းတွေက ချုပ်တယ်၊ အသစ်တွေက ထပ်ဖြစ်တာနဲ့ အသစ်တွေက ထပ်ပြီးတော့ ဖြစ်ဖြစ်နေတော့ ရုပ်ကိုယ်ကြီးဆိုရင်လည်း ဒီအတိုင်းပဲ၊ အခြေအနေ မပျက်ဘူး၊ အလေးခွိန် ခွိန်ကြည့်မယ်ဆိုရင် ဒီလောက်ပဲ၊ လေးနေတာပဲ၊ သူက မထူးဘူး၊ အဲစိတ်ကလည်းပဲ

http://www.dhammadownload.com

ဒီလိုပဲ၊ အရင်က စိတ်လိုဖြစ်နေတာပဲ၊ အသစ်အသစ်တွေ ဖြစ်နေတယ်၊ နောက်သေတယ်ဆိုတဲ့ နောက်ဆုံးအချိန်ကျတော့လည်း ဘဝဟောင်းက ရုပ်နာမ်တွေတော့ အကုန်ပျက်သွားတာပဲ၊ ဒါပေမယ့်လို့ သေခါနီး တစ်နေ့က ပြောခဲ့တဲ့ အစွဲအလမ်းလေးက စွဲလမ်းပြီး ဘဝသစ်တွေက ဖြစ်တာကိုး။ ရုပ်နာမ်တရားတွေ အစားထိုးပြီး ဖြစ်လိုက်ပြန်တော့ အရင်က အတိုင်းပြန်ဖြစ်တယ်။

သေတယ်ဆိုရင် ဘဝဟောင်းက ရုပ်နာမ်တွေအကုန်လုံးချုပ်တယ်

ဟိုနတ်များမှာ ပိုပြီးတော့ ထင်ရှားတယ်၊ နတ်စုတေပြီး နတ်ပြန်ဖြစ်တာမျိုး သတ္တပဥ္ဇသုတ်မှာလာတဲ့ သိကြားမင်းများ၊ မြတ်စွာဘုရား တရားနာနေရင်း စုတိစိတ်ကျ၍၊ သိကြားဟောင်းဘဝက ရုပ်နာမ်တွေ ချုပ်သွားတယ်၊ သူကံအားလျော်စွာ သူကလည်း သူဌာနသူ ပြန်ဖြစ်ချင်တာနဲ့ နတ်အသစ်ပြန်ပြီးတော့ဖြစ်တယ်၊ သိကြားပြန်ဖြစ်တယ်၊ ရုပ်ဟောင်းတွေချုပ်သွား၊ ရုပ်သစ်ပြန်လည်းပြန်ဖြစ်တယ်၊ ဘယ်သူမှ ဘေးကပုဂ္ဂိုလ်တွေ မသိလိုက်ဘူး၊ အသစ်ဖြစ်လာတာလည်း မသိလိုက်ဘူး၊ အရင်က သိကြားမင်းပဲ အောက်မေ့ရတယ်၊ ဘေးက ပုဂ္ဂိုလ်တွေ ဘာမှကို မသိလိုက်ဘူး၊ အဲဒါတော့ နတ်ပြည်မှာ သိပ်ပြီးထူးဆန်းတာပဲ၊ လူပြည်တွင်တော့ ဒီလိုမဖြစ်ဘူး၊ လူပြည်တွင်တော့ သေပြီးရင် ကလေးလေးပြန်ဖြစ်ရမှာ၊ တော်တော်ကြာ ပြန်ဖြစ်ယူရတယ်၊ ဒီဥစ္စာကတော့ ဒီလိုမထင်မရှား လုပ်လို့မရဘူး၊ သေတာလည်း အကောင်ကြီးလိုက် မပျောက်ဘူး တည်နေတာပဲ၊ နှစ်အကြာကြီး ပျောက်သွားတဲ့ လူကလည်း တစ်ခါ ပဋိသန္ဓေနေမယ်ဆိုရင် အမိဝမ်းထဲ နေပြီးတော့ ကိုးလ ဆယ်လ ကြာမှ ကလေးလေးပြန်ဖြစ်လာမှာ၊ သူဥစ္စာက တော်တော်ဝေးတယ်၊ ပြီးတော့ လူကြီးဖြစ်ဖို့ရာကိုလည်း အတော်ကိုဝေးပါသေးတယ်၊ လူပြည်မှာတော့ ရုပ်နာမ်ဟောင်းတွေ ပျောက်၊ အသစ်ဖြစ်တယ် ဆိုတာ သူဟာ ထင်ရှားပါတယ်၊ နတ်ပြည်များမှာတော့ နတ်သေပြီး နတ်ပြန်ဖြစ်လို့ရှိရင် သိပ်မထင်ရှားဘူး၊ အဲဒီတော့ သတ္တဝါတိုင်း သတ္တဝါတိုင်း သေတယ်ဆိုလို့ရှိရင် ဘဝဟောင်းက ရုပ်နာမ်တွေ အကုန်လုံးချုပ်သွားတာပဲ၊ ဘာမှ မကျန်တော့ဘူး။

ဒါပေမယ့်လို့ ဘဝသစ်ရုပ်နာမ်က ထပ်ပြီးဖြစ်တော့ အရင်ကအတိုင်းပဲ ရှိနေတယ်လို့ပဲ ဆိုရတယ်၊ ဒီနေရာမှာ ထပ်ဖြစ်ရင်တော့ ဒီနေရာတွင် ရှိနေတယ်လို့ ဆိုရတယ်၊ ဒီနေရာ မဖြစ်ဘဲနဲ့ ဒီပြင်နေရာမှာ သွားဖြစ်ရင်လည်းပဲ ဒီကလူက

http://www.dhammadownload.com

ဟိုရောက်သွားတယ်လို့ စိတ်က ထင်ရတယ်၊ အမှန်တော့ ဒီက လူက ဟိုရောက်တာ မဟုတ်ဘူး၊ သူ့ရုပ်နာမ်အစဉ် အကျိုးတရားတွေမှာ သွားဖြစ်တာပဲ၊ အဝိဇ္ဇာ သင်္ခါရ အစရှိ သော အကြောင်းတရားတွေကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန အစရှိတဲ့ အကျိုးတရားတွေ ဟိုမှာ အသစ်သွားပြီးတော့ ပေါ်တယ်၊ ရုပ်နာမ် သင်္ခါရတွေ အသစ် ထပ်ခါထပ်ခါဖြစ်နေတယ်၊ အခု နိဗ္ဗာန်ဆိုတာက ရဟန္တာ ပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံတဲ့အခါ စိတ်နဲ့တကွ ဘဝဟောင်းက ရုပ်နာမ်တွေ ပျောက် သွားပြီး ဘဝသစ် ရုပ်နာမ်က မပေါ်လာတော့ဘဲဟာကိုး၊ အဲဒါတွေ ငြိမ်းသွားတာ၊ အဲဒီငြိမ်းသလိုပဲ၊ အခု ယောဂီပုဂ္ဂိုလ် တွေ့ရတဲ့ နိဗ္ဗာန်ကလည်း ငြိမ်းနေတဲ့ သဘောချင်းကတော့ တူတာပဲ။ ဖြစ်ပျက်တဲ့တရားတွေ အကုန်လုံး ဘာမှ မရှိဘူး၊ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံပြီးတဲ့ ရုပ်နာမ်တွေဘာမှ မဖြစ်သလိုပဲ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ထဲမှာ ရုပ်နာမ်တွေ ဘာမှမဖြစ်တဲ့သဘောကို သွားပြီးဖြစ်တာ၊ ငြိမ်းလို့ ဆိတ်ပြီးတော့နေတဲ့သဘော ရှိတယ်၊ အဲဒါ "ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း" ဆိုတာ ဒါပဲတဲ့။

နိဗ္ဗာန်ရဲ့အငြိမ်းဓာတ်ကို တွေ့တယ်ဆိုတာ မျက်မှောက်တွေ့တာဖြစ်တယ်၊ ကြံတွေးယူရတာ မဟုတ်ဘူး။

"ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်" ဘုန်းကြီးက နိဗ္ဗာန်ရဲ့လက္ခဏာကို တိုတိုမှတ်ရအောင်လို့ ဒီမှာ ဟောထားတယ်၊ ဉာဏ်စဉ်ဟောတဲ့အခါ အမြဲတမ်း ဟောနေတာပါပဲ၊ ဉာဏ်စဉ်ဟောတဲ့အခါတော့ အကုန်လုံး ဟောတယ်၊ ဉာဏ်စဉ် မဟုတ်လို့ ဒီတရားထဲတော့ တစ်ပုဒ်တလေ နည်းနည်း ထည့်ဟောရတယ်၊ ထည့် ဟောမှလည်း ဖြစ်တယ်၊ "ရုပ်နာမ်ဖြစ်ပျက် ပြတ်လျက်ငြိမ်းသည်၊" ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစဉ်တွေဟာ တစ်ခါတည်းလုံးဝယူပစ်လိုက်သလိုပဲ၊ လုံးဝပြတ်စဲပြီး ငြိမ်း သွားတဲ့သဘောပဲတဲ့၊ အဲဒါ ယောဂီပုဂ္ဂိုလ်တွေ့ရတယ်၊ အဲဒါတွေ့တာဟာ နိဗ္ဗာန် အငြိမ်းဓာတ်ကို အရိယမဂ်ဉာဏ်နဲ့ ဒါမျက်မှောက်ပြုပြီး တွေ့သွားတာတဲ့၊ မျက် မှောက်တွေ့ဆိုတာ ကြံတွေးယူတာမျိုး မဟုတ်ဘူး၊ ကြံတွေးယူ စိတ်ကူးယူလို့ ပေါ်လာတဲ့ဟာမျိုး, သဘောကျတာမျိုးမဟုတ်ဘူး၊ သူဥစ္စာ တကယ့်ကိုငြိမ်းသွား သလိုပဲ တစ်ခါတည်းငြိမ်းသွားတာ တွေ့တာ၊ တစ်ခါတည်း ပျောက်သွားတာ တွေ့ရတယ်၊ တစ်ခါတည်း ယူပစ်လိုက်သလို အင်မတန်ထူးထူးဆန်းဆန်း တစ်ခါ

http://www.dhammadownload.com

တည်းကို ဖြုတ်ခနဲဆို ငြိမ်းသွားတာတွေ့တယ်၊ ဒါကြောင့် မျက်မှောက်တွေ့ခေါ်တာ။

ဥပမာရေထဲကို ဖြုန်းခနဲခုန်ချလို့ ရေထဲမှာ အေးပြီးတော့ တွေ့သွားတာမျိုးလို့ သူက ဒီမှာ ရုပ်နာမ်ငြိမ်းတာထဲကို ကိုယ်ကရော ငြိမ်းတဲ့သဘောထဲ ရောက်ပြီးတော့ သွားသလိုပဲ၊ တစ်ခါတည်း တွေ့သွားတယ်၊ အဲဒါမျက်မှောက်တွေ့သွားတာတဲ့။ "ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်"တဲ့၊ ဆိုရမယ် . . .

* **ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက် ငြိမ်းသည်။** (ဆို သုံးခေါက်)

"ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်" ဖြစ်ပျက်နေတဲ့ရုပ်နာမ် အစဉ်ပြတ်ပြီးတော့ ငြိမ်းသွားတယ်၊ ငြိမ်းတာကို တွေ့ရတယ်၊ အဲဒီငြိမ်းတဲ့ သဘောဟာ နိဗ္ဗာန်ပဲတဲ့။

"သန္ဋိလက္ခဏ် နိဗ္ဗာန်"

နိဗ္ဗာန်-နိဗ္ဗာန်သည်၊ သန္ဋိလက္ခဏ်-ငြိမ်းအေးခြင်းလက္ခဏာရှိ၏၊ ငြိမ်းတာပါပဲ၊ အေးတယ် ဆိုတာကတော့ ဂုဏ်မြောက်အောင်လို့ ဂုဏ်တင်ပြီး ပြောတာ၊ ရေများ အေးတာလို ဘာလိုမဟုတ်ပါဘူး။ အဲဒီငြိမ်းတာကိုပဲ အေးတယ်လို့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေရှိနေသမျှကာလပတ်လုံး သူက မအေးဘူး။ ဒုက္ခတွေ ရောက်နေတာပဲ၊ မြင်စရာရှိရင် မြင်ပြီးတော့ နေသမျှကာလပတ်လုံး မြင်ပြီး ဒုက္ခရောက်နေတာ၊ ကြားစရာရှိ ကြားနေတာ ဒုက္ခရောက်နေတာပဲ၊ နံစရာ, စရားစရာ, တွေ့ထိစရာ အကုန်လုံး ဒုက္ခတွေ ရောက်နေတယ်၊ အဲဒါတွေနဲ့စာရင် အိပ်ပျော်နေကဲ့အခါ နည်းနည်းတော့ အေးတယ်၊ အိပ်ပျော်နေတဲ့အခါ မျက်စိအေးနားအေးတယ်၊ ဒါပေမယ်လို့ သူက အမြဲတမ်း အိပ်တာမဟုတ်ဘူး၊ တော်တော်ကြာတော့ နိုးလာပြီး ဒုက္ခတွေ ရောက်ဦးမှာပဲ၊ အဲဒါကြောင့် သူက အမြဲတမ်းအေးတာမဟုတ်လို့ စိတ်ချရတာမဟုတ်ဘူး။

ရဟန္တာပုဂ္ဂိုလ်များ နိဗ္ဗာနသမာပတ်ဝင်စားနေတဲ့အခါ စိတ်အစဉ်တွေ ပြတ်ပြီးတော့ ငြိမ်းနေတာရှိတယ်၊ ရုပ်နာမ်တွေ အကုန်လုံးအစဉ်တွေ ပြတ်နေတယ်၊ ဘာမှ မသိဘူး၊ ဒါလဲ တစ်ခဏပဲ၊ တော်တော်ကြတော့ သူ့အချိန်စေ့တဲ့အခါ ပြန်ပြီး ရုပ်နာမ်တွေ ဖြစ်လာကြတာပဲ။ ပရိနိဗ္ဗာန်စံတဲ့အခါကျတော့ ဒီရုပ်နာမ်တွေ ဘာမှမရှိဘူး။

http://www.dhammadownload.com

ယောဂီပုဂ္ဂိုလ်များမှာ တရားအစဉ်အတိုင်း အားထုတ်တော့ ဝိပဿနာ ဉာဏ်ဆုံးတဲ့အခါမှာ အရိယာမဂ်ဉာဏ်ဖြစ်ပေါ်လာတော့ ရုပ်နာမ်သခ်ါရ ငြိမ်းတဲ့နေရာ သွားပြီး ဖြုတ်ခနဲ ဖြစ်ပျက်တဲ့အစဉ် ယူပစ်လိုက်သလို ပျောက်သွားတယ်တဲ့။

"ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်"တဲ့။ အစဉ်ပြတ်ပြီးတော့ ငြိမ်းသွားတာကို တွေ့တယ်တဲ့။ အဲဒီ ငြိမ်းတဲ့သဘောမှာ ဘယ်လိုသတ္တိ ရှိသလဲ၊ ဘယ်လိုဂုဏ်ရှိသလဲဆိုရင် -

နိဗ္ဗာန်စာတ်ကတော့ ရွှေ့လျောခြင်းမရှိဘူး

"ရွှေ့လျောသေခြင်း ကင်းရှင်းပေသည်"တဲ့၊ ဒီတရားဟာ ရွှေ့လျောခြင်း၊ သေခြင်း၊ ပျက်စီးခြင်း မရှိဘူးတဲ့၊ ဒီပြင်တရားတွေကတော့ လောကအနေအားဖြင့် ပြောလို့ရှိရင် -

လူတစ်ယောက်ဟာ မွေးဖွားလာတယ်၊ တော်တော်ကြာသေတယ်၊ ဒီလို ရှိတာကို၊ ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်၊ တချို့ ရက်ပိုင်းလောက်နေပြီး သေသွားတယ်၊ တချို့ လပိုင်းလောက် သေသွားတယ်၊ တချို့ နှစ်ပိုင်း တချို့ (၁၀) နှစ် အနှစ် (၂၀, ၃၀, ၄၀, ၅၀, ၆၀, ၇၀, ၈၀, ၁၀၀) စသည်ဖြင့်ပေါ့လေ၊ သူ့အချိန်ပိုင်းကျရင် တစ်ခါတည်း ပျောက်သွားတာပဲ၊ လူတစ်ယောက်မရှိပြန်ဘူး၊ အစနဲ့အဆုံးရှိတယ်။

ယောဂီပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်နဲ့ တွေ့ပြီးသွားတော့ ဒီရုပ်နာမ်တွေမှာ လည်း အစအဆုံးလေးတွေ အပိုင်းအပိုင်းလေးတွေ ရှိတယ်၊ အပြတ်အပြတ်ကလေး တွေ သူဖြစ်နေတယ်၊ စပေါ်လာလိုက် ဆုံးသွားလိုက်, စပေါ်လာလိုက် ဆုံးသွား လိုက် ဘယ်ဟာမဆိုပဲ ပေါ်ပြီး ပျောက်သွား အစအဆုံးတွေဟာ ရှိတယ်၊ အဲဒီ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တွေ့တဲ့အခါကျတော့ သူက အစအဆုံးမရှိဘူး၊ ငြိမ်းတာလေးရဲ့ အစလေးလည်း ရှာလို့မရဘူး၊ အဆုံးလည်း ရှာလို့ မရဘူး၊ နောက်ပြန်စဉ်းစားလို့ လည်း မပေါ်ဘူး၊ ငြိမ်းတော့ငြိမ်းတာပဲ ရှိတယ်၊ ရဟန္တာပုဂ္ဂိုလ်တွေ ပရိနိဗ္ဗာန် စံပြီးတဲ့နောက် ရုပ်နာမ်သခ်ါရတွေ ဘာမှမဖြစ်လာဘဲနဲ့ ငြိမ်းသွားတယ် ဆိုတာ ဟာလည်းပဲ ဘယ်ကစတယ်၊ ဘယ်မှာဆုံးတယ်လို့ မဟုတ်ဘူး၊ ပရိနိဗ္ဗာန်ပြုတဲ့ အခါကာလက စတာပဲလို့ ဆိုစရာရှိတာပေါ့၊ ဒါပေမယ်လို့ အဲဒီတုန်းက စငြိမ်း

http://www.dhammadownload.com

တယ်လို့ ဒီလိုလည်း မဟုတ်သေးဘူး။ သူငြိမ်းတဲ့သဘောကတော့ အစဉ်ထာဝရ သူဟာ ရှိနေတာပဲ၊ အငြိမ်းဝင်ဆိုတဲ့ သဘောကတော့ အဲဒီအခါ ကာလမှာ ရုပ်နာမ်အသစ် မဖြစ်ပေါ်လာလို့သာ ငြိမ်းတဲ့သဘောက သူအစဉ်ထာဝရ ရှိနေတယ်တဲ့။ အဲဒါကြောင့် နောင်လည်း သူက မပျက်တော့ဘူး၊ ဒါကြောင့် -

"ရွှေလျောခြင်း ကင်းရှင်းပေထည့်"တဲ့၊ ရွှေ့လျောခြင်း စုတိတဲ့၊ စုတိဆိုတာ ရွှေ့လျောတာပဲ၊ "အစ္စုတိရသံ" မရွှေ့လျောတာ၊ "အစ္စုတိ"ဆိုတာ မရွှေ့လျောဘူး၊ မရွှေ့လျောဘူး၊ မစုတေဘူး၊ မသေဘူး၊ ရွှေ့လျောတယ်, စုတေတယ် ဆိုတာ သေတာကို ပြောတာပဲ၊ သေတာဟာ ပျက်တာပဲ၊ ဖြစ်ပြီးသား တရားတစ်ခု ပျောက်သွားတာကို ပျက်တယ်လို့ ခေါ်တယ်၊ အဲဒါကို သေတယ်လို့လည်း ခေါ်တယ်၊ အခု အဲဒီရုပ်နာမ်သခါရငြိမ်းတဲ့ နိဗ္ဗာနဓာတ်ကတော့ အစကတည်းကိုက ဖြစ်တဲ့ သဘောမဟုတ်ပဲဟာကိုး၊ ဖြစ်တဲ့သဘောမဟုတ်တော့ ပျောက်တဲ့သဘောလည်း မဟုတ်ဘူး၊ ဖြစ်ပေါ်လာတဲ့သဘောဆိုရင် ဖြစ်ပေါ်ပြီးရင် ပျောက်ရမယ်၊ အနှေးနဲ့အမြန်သာ ကွာတယ်၊ ပျောက်တော့ ပျောက်ရမှာပဲ၊ အဲဒီနိဗ္ဗာန်ကတော့ ဖြစ်တဲ့ သဘောမဟုတ်ဘူး၊ ငြိမ်းတဲ့သဘောဆိုတော့ ငြိမ်းတာက ထပ်ပြီးငြိမ်းလို့ မဖြစ်တော့ဘူး၊ ဒါကြောင့်မို့ ဒီငြိမ်းတဲ့သဘောမှာတော့ ရွှေ့လျောခြင်း၊ သေခြင်း၊ ပျက်ခြင်း မရှိဘူးတဲ့။

ယောဂီပုဂ္ဂိုလ်တွေ့တဲ့အခါမှာလည်း ဒီငြိမ်းတဲ့သဘောမှာ အစနဲ့အဆုံးနဲ့ ရွှေ့လျောခြင်း၊ သေခြင်း၊ ပျက်ခြင်း မတွေ့ရဘူး။ "ရွှေ့လျောသေခြင်း၊ ကင်းရှင်းပေသည်" အဲဒါ "အစ္စုတိရသံ"တဲ့၊ နိဗ္ဗာန်ရဲ့ရသပဲ၊ ဆိုရမယ် . . .

* **ရွှေ့လျောသေခြင်း၊ ကင်းရှင်းပေသည်။** (ဆို သုံးခေါက်)

"အနိမိတ္တပစ္စုပ္ပဒ္ဓာနံ" နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ အနိမိတ္တပစ္စုပ္ပဒ္ဓာနံ-နိမိတ်ပုံသဏ္ဌာန် ကင်းသောအားဖြင့် ယောဂီဉာဏ်၌ ရှေ့ရှု-ထင်၏၊

နိဗ္ဗာန်မှာ ပုံသဏ္ဌာန်အထည်ဖြစ်လည်း မရှိဘူး

ယောဂီပုဂ္ဂိုလ်မှာ နိဗ္ဗာန်တွေ့တဲ့အခါ ဘယ်လိုထင်သလဲဆို၊ ပုံသဏ္ဌာန်အထည်ဖြစ် ရွှေ့လျောခြင်းမရှိတဲ့အနေအားဖြင့် ထင်ရှားပါတယ်တဲ့။ နောင်ပြန်စဉ်းစားလို့ရှိရင် နိဗ္ဗာန်တွေ့ပြီးသားပုဂ္ဂိုလ်က မိမိတွေ့ထားတဲ့ နိဗ္ဗာန်

http://www.dhammadownload.com

ပြန်စဉ်းစားရင် ပုံသဏ္ဌာန် အထည်ဖြပ် အရိပ်နိမိတ် ဘာမှ ရှာမတွေ့တဲ့ အနေအားဖြင့် ထင်ရှားတယ်တဲ့။

ဟုတ်တယ်၊ ငြိမ်းတဲ့သဘောက ဘယ်ရှိလိမ့်မှာတုံး၊ ငြိမ်းတဲ့သဘောမှာ ဘယ်နိမိတ်ပုံသဏ္ဌာန်ရှာလို့ ဘယ်ရမလဲ၊ လောကအနေအားဖြင့်ဆိုရင် ပုံသဏ္ဌာန် အထည်ဖြပ်တွေက ရှိနေတာပဲ။ ယောက်ျားပုံသဏ္ဌာန် မိန်းမပုံသဏ္ဌာန် လက်တို့ ခြေတို့ ခေါင်းတို့ တုံးတိုင်၊ သစ်ပင် တောတောင် စသည်ဖြင့် အထည်ဝတ္ထုကြီးတွေ ပုံသဏ္ဌာန်အထည်ဖြပ်ကြီးတွေအနေနဲ့ ထင်နေတာပဲ။

ယောဂီပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်ဖြစ်တော့ ဝိပဿနာဉာဏ်ထဲမှာလည်း ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်လေးတွေဟာ အပြတ်အပြတ်ကလေးတွေနဲ့ပဲ၊ သူ့ အထည်ကိုယ်လေး ရှိတယ်၊ သူ့သဘောရဲ့ အထည်ကိုယ်လေး လှုပ်ရင် လှုပ်တယ် ဆိုတဲ့ အထည်ကိုယ်လေး ရှိတယ်၊ အစနဲ့အဆုံးလေး၊ ပူရင်လည်း ပူတဲ့ အထည် ကိုယ်လေး၊ အေးရင်အေးတဲ့ အထည်ကိုယ်လေး ရှိတယ်၊ စိတ်ကူးလေးဆိုပြန်လည်း စိတ်ကူးကြဲရင် ကြဲတဲ့သဘောလေး၊ အာရုံဆီရောက်သွားရင် ရောက်သွားတဲ့ သဘောလေး အာရုံအကောင်းအဆိုးခံစားရင်း ခံစားတဲ့သဘောလေး၊ ကောင်းရင် ကောင်းတဲ့သဘောလေး၊ မကောင်းရင် မကောင်းတဲ့သဘောလေးဟာ အစနဲ့ အဆုံးနဲ့ အထည်ကိုယ်လေးနဲ့ပဲ အကောင်လေးလိုပဲ သခ်ါရနိမိတ်တွေ ခေါ်တယ်၊ ဒါက သခ်ါရနိမိတ်ကလေးတွေကတော့ ထင်ရှားနေတယ်၊ ရှုတိုင်းရှုတိုင်း အဲဒီ သခ်ါရနိမိတ်သဘောတရားလေးတွေ အထည်ကိုယ်လေးတွေကတော့ သူတွေ့နေ တာပဲ။

နိဗ္ဗာန်နဲ့တူတဲ့ ဥပမာမရှိဘူး

နိဗ္ဗာန်ရောက်တဲ့အခါကာလ နိဗ္ဗာန်တွေ့တော့ကို အဲဒီအထည်ကိုလေး ရှာ လို့မရဘူးတဲ့၊ ငြိမ်းသွားတဲ့သဘောဆိုတော့ ဘာမှအထည်ကိုယ်မရှိဘူး၊ အထည် ဝတ္ထုရှာလို့ မရဘူး။

မိလိန္ဒမင်းက ရှင်နာဂသိန်ကို မေးတယ်၊ "အရှင်ဘုရား နိဗ္ဗာန်ဆိုတာဟာ ဘယ်လိုပုံသဏ္ဌာန်ရှိပါတုံးတဲ့၊ အရှင်ဘုရားတို့ နိဗ္ဗာန်ကို ကောင်းတယ်လို့ ဆိုတယ်၊ နိဗ္ဗာန်ကို အမြတ်ဆုံးလို့ ဆိုတယ်၊ ဘယ်နှယ်နေတုံးတဲ့၊ ပုံသဏ္ဌာန် ဘယ်လိုနေတုံး ဘယ်လိုအရောင်အဆင်းတွေ ရှိပါတုံး၊ အရောင်အဆင်းက ဘယ်လိုနေပါသလဲ၊

http://www.dhammadownload.com

အဖြူလား၊ အမဲလား၊ အဝါလား၊ အပြာလား၊ အလင်းလား၊ ဘယ်လိုအဆင်းသဏ္ဌာန်ရှိပါသလဲ၊ ဘယ်လိုအဆင်းအရောင်ရှိပါသလဲ၊ ဘာနဲ့များ တူပါတုံး၊ ထပ်တူထပ်မျှတဲ့နေတဲ့ဥစ္စာ ဘာနဲ့များတူပါတုံး ဥပမာပေးလို့များ ရပါသလား" လို့ မေးတော့ ရှင်နာဂသိန်က ပြန်ကြားတယ်။

နိဗ္ဗာန်ဆိုတာဟာ-တဲ့၊ ပုံသဏ္ဌာန် အထည်ဖြပ် မရှိပါဘူး၊ တိုတိုလည်း မဟုတ်၊ ရှည်ရှည်လည်း မဟုတ်၊ လုံးလုံးလည်း မဟုတ်၊ ပြားပြားလည်း မဟုတ်၊ ဝိုင်းဝိုင်းလည်း မဟုတ်၊ ဘာမှပုံသဏ္ဌာန်အထည်ဖြပ်မရှိဘူး၊ အရောင်အဆင်း အားဖြင့်လည်း အဖြူ၊ အပြာ၊ အဝါ စသည်ဖြင့် ဘာအရောင် အဆင်းမှ မရှိဘူးတဲ့၊ အဆင်းအရောင်လည်း မရှိဘူး၊ ပုံသဏ္ဌာန်လည်း မရှိဘူးတဲ့၊ ထပ်တူထပ်မျှ နှိုင်းယှဉ်ပြစရာ ဥပမာကတော့ ဘာနဲ့ တူတုံးဆိုတော့ ဒါလည်းပဲ မရှိဘူးတဲ့၊ ဥပမာလည်း ပြစရာ မရှိဘူးတဲ့၊ ထပ်တူမရှိတာပေါ့လေ၊ တော်ရုံတန်ရုံ ဥပမာတော့ ရှိပါတယ်၊ နားလည်လောက်အောင် ပြောဖို့ ဥပမာလေးတွေကတော့ ကြဲဖန်ပြီး ပြောလို့ရှိရင် ဥပမာလေးတွေ ရှိတန်သလောက် ရှိပါတယ်၊ ဒါပေမယ်လို့ သူနဲ့ အလားတူတဲ့ ဥပမာ မရှိဘူးတဲ့၊ အဲဒီလို ပြောကြားပါတယ်၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာက ပုံသဏ္ဌာန်နဲ့လည်း မတွေ့ရဘူး။

ပုံသဏ္ဌာန်ရှိထယ်ဆိုတဲ့နိဗ္ဗာန်ဟာ ဗုဒ္ဓဘာသာရဲ့ နိဗ္ဗာန်မဟုတ်ဘူး

ပုံသဏ္ဌာန်ရှိတဲ့ နိဗ္ဗာန်က ဗုဒ္ဓဘာသာနိဗ္ဗာန်မဟုတ်ဘူး၊ တခြားက နိဗ္ဗာန်တွေတော့ ရှိတာပေါ့၊ ကောင်းကင်လို နိဗ္ဗာန်တွေ ရှိပါတယ်၊ သူတို့ကတော့ ပုံသဏ္ဌာန်တွေနဲ့ပဲ ဖြစ်တယ်။

မဟာယာနက နိဗ္ဗာန်တောင်မှပဲ သူနိဗ္ဗာန်နဲ့ သိပ်ကောင်းတယ်ဆိုတာကိုး၊ သူနိဗ္ဗာန်ဘုံက နတ်ပြည်တွေမှာတောင် မရှိနိုင်ဘူးတဲ့။ ဝင်းဝင်းတောက်ပြီးတော့ ကောင်းနေတယ်၊ ဥယျာဉ်တွေမျှားဆိုလည်း တယ်ကောင်းဆိုပဲ၊ သစ်ပင်တွေ၊ မြစ်တွေ၊ ချောင်းတွေမျှား ရွှေတွေ ဘာတွေ အရောင်အဆင်းတွေနဲ့ တယ်ကောင်းဆိုပဲ။ ဒီမှာရှိတဲ့ ငှက်တွေ ဘာတွေက ရှိသေးတာ၊ ငှက်တွေ သားတွေကလည်း လှလှပပ အင်မတန် ကောင်းဆိုပဲ၊ အင်မတန် ပျော်စရာကောင်းတယ်၊ သူကတော့ ပုံသဏ္ဌာန်နဲ့ပဲ၊ သူနိဗ္ဗာန်ကတော့ စိတ်ကူးနိဗ္ဗာန်ကိုး၊ နိဗ္ဗာန်အစစ်

http://www.dhammadownload.com

ဆိုလို့ရှိရင် ပုံသဏ္ဌာန်အထည်ဖြပ်တွေ ဘာမှမရှိဘူး၊ အရောင်အဆင်းမရှိဘူး၊ ဘယ်ရှိနိုင်လိမ့်မှာတုံး၊ ရုပ်နာမ်သဘါရတွေ ငြိမ်းသွားတာပဲ။

ဥပမာ မီးစာတွေရှိလို့ မီးတွေ တဟုန်းဟုန်းနဲ့ တောက်လောင်နေတယ်၊ အဲဒီမီးစာတွေ ကုန်ပြီးသွားလို့ နောက်ထပ်အသစ်လည်း မီးစာမထည့်၊ ရှိပြီး သားမီးစာတွေကလည်း ကုန်သွားလောင်သွားတယ်၊ ကုန်သွားရင် မီးတောက်ပါ ဦးမလား၊ မတောက်နိုင်ဘူး၊ မီးတောက်တွေ အကုန်ငြိမ်းသွားတယ်၊ အဲဒီ မီးတောက်တွေ ဘယ်သွားတုံး၊ ဒီမီးတောက်ငြိမ်းသွားတဲ့ဥစ္စာ ပုံသဏ္ဌာန် ဘယ့်နဲ့ နေတုံး၊ မီးတောက်ကတော့ ပုံသဏ္ဌာန်ရှိတယ်၊ ငြိမ်းတာက ပုံသဏ္ဌာန်မရှိဘူး၊ မီးတောက်ကတော့ တဟုန်းဟုန်းနဲ့ မီးတောက်ကြီးတောက်နေလို့ရှိရင် တတောင်လောက်ရှိတယ်၊ နှစ်တောင်လောက်ရှိတယ် စသည်ဖြင့် ဒီလိုပြောနိုင်မှာပေါ့၊ မီးတောက်ကြီး အကျယ်အဝန်းက ဘယ်လိုနေတယ်၊ အရောင်အဆင်းက ဘယ်လို နေတယ် ပြောလို့ ရပါတယ်၊ မီးတောက်ကတော့ မီးတောက်ကြီး ပျောက်ငြိမ်း သွားတဲ့သဘောက ငြိမ်းသွားတာပဲ ပုံမရှိဘူး၊ ဘယ့်နဲ့မှ ပြောလို့ မဖြစ်ဘူး၊ ဘယ့်လောက်ကြီးတယ်လည်း ပြောလို့ မဖြစ်ဘူး၊ ငယ်တယ်လည်း ပြောလို့မဖြစ်ဘူး၊ အထည်ဝတ္ထုလည်း မရှိဘူး၊ အရောင်အဆင်းလည်း မရှိဘူး၊ ဘာမှ ပြောငှို့ မဖြစ် ဘူး၊ အဲဒါလိုပဲ သတ္တဝါတွေ၏သန္တာန်မှာ အဝိဇ္ဇာ တဏှာ အစရှိသော အကြောင်း ကိလေသာတွေကြောင့် အကျိုးကံတွေဖြစ်၊ ကံကနေပြီးသကာလ ဘဝသစ် ရုပ်နာမ် တွေ ခန္ဓာတွေ ဖြစ်တယ်၊ ဖြစ်ရာဘဝမှာ ဇာတိ ဇရာ စသော ဒုက္ခတွေကြောင့် ဘဝအသစ်ဖြစ်ရတဲ့ဆင်းရဲ၊ အိုရတဲ့ ဆင်းရဲ၊ နာရတဲ့ဆင်းရဲ၊ သေရတဲ့ဆင်းရဲ စသည်ဖြင့် ဆင်းရဲအမျိုးမျိုးတွေ ရောက်ပြီးတော့နေတယ်၊ ကိလေသာက်တွေ မဖြစ်နိုင်လို့ ကိလေသာက်တွေမရှိတော့ ဘဝသစ်ရုပ်နာမ်တွေ မဖြစ်ဘဲနဲ့ ငြိမ်း သွားတာ၊ ဘယ်မှာ ပုံသဏ္ဌာန်ရှိလိမ့်မှာတုံး။

ယောဂီပုဂ္ဂိုလ်တွေ့တာလည်း အဲဒီအတိုင်းတွေ့တာပဲ။ ပုံသဏ္ဌာန်မရှိ၊ ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေ မရှိဘူး၊ ဖြစ်ပြီး ပျောက်သွား၊ ငြိမ်းသွား၊ ဖြစ်ပြီး ပျောက် သွားတဲ့ ဖြစ်ပျောက်တဲ့ဟာ မဟုတ်သေးဘူး၊ အဲဒီလိုဖြစ်ပျက်နေတဲ့ သဘောတွေကို လုံးလုံးမရှိဘဲနဲ့ ချုပ်ငြိမ်းနေတာ၊ ဖြစ်ပြီး ပျောက်သွားလို့ ငြိမ်းတာလေးတွေ ကတော့ ရှုတိုင်းရှုတိုင်း တွေ့နေတယ်၊ ဒါက နိဗ္ဗာန်မဟုတ်ဘူး၊ သူက ရုပ်နာမ် အသစ်တွေ မဖြစ်ပေါ်လာလို့ ဟိုမှာ ရှုစရာအာရုံတွေ၊ ကြည့်စရာအာရုံတွေ

http://www.dhammadownload.com

မရှိဘဲနဲ့ လုံးဝဆိတ်သုဉ်းငြိမ်းနေတဲ့သဘော နိဗ္ဗာန်ပဲ၊ အဲဒါမှာ ပုံသဏ္ဌာန် အထည်ဖြပ်မရှိဘူးတဲ့၊ ပုံသဏ္ဌာန်အထည်ဖြပ်မရှိသောအားဖြင့် ယောဂီပုဂ္ဂိုလ် တွေ့ရပါတယ်တဲ့။ ကိုင်း . . ဆိုရမယ်။

* **သဏ္ဌာန်နိမိတ် ကင်းဆိတ်ထင်သည်။** (ဆို သုံးခေါက်)

ပုံသဏ္ဌာန်အထည်ဖြပ် အရိပ်နိမိတ် ကင်းဆိတ်နေသောအားဖြင့် ထင်သည်-တဲ့၊ အသံမရှိတဲ့နေရာသွားပြီး နားထောင်နေရင် ဘာသံမှ မကြားရသလိုပဲ၊ ဆိတ်နေတယ်၊ ညဉ့်အခါကာလ မှောင်ထဲကြည့်လိုက်ရင် ဘာမှမမြင်ရသလိုပဲ၊ အမြင်ဆိတ်နေတယ်၊ မှောင်ထဲ ကြည့်လိုက်ရင် ဘာမှမမြင်ရဘူး၊ အဲဒါလိုပဲ ပုံသဏ္ဌာန် အထည်ဖြပ်တွေ ဘာမှမရှိဘူးတဲ့၊ တစ်ခါတည်း အရိယမဂ်ဉာဏ်နဲ့ နိဗ္ဗာန်မျက်မှောက်တွေ့တဲ့အခါမှာ ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေ တစ်ခါတည်း ယူပစ်လိုက်သလို ငြိမ်းသွားတာ၊ ဖြစ်ပျက်ပေါ်နေတဲ့ ရုပ်နာမ်တွေရော ရှုမှတ်သိပြီးတော့ နေတဲ့ နာမ်တရားတွေရော ပျောက်ပြီးတော့ ငြိမ်းသွားတယ်၊ အဲဒါတွေ ရုပ်နာမ်သဒ္ဓါရုတွေ လုံးဝဆိတ်သုဉ်းငြိမ်းသွားတာ၊ ပုံသဏ္ဌာန်အရိပ်နိမိတ် ဘာမှမရှိသော အနေအားဖြင့် ထင်ရှားပါတယ်တဲ့။

* **သဏ္ဌာန်နိမိတ်၊ ကင်းဆိတ်ထင်သည်။** (ဆို သုံးခေါက်)

နိဗ္ဗာန၊ ရောက်က သိမြင်သည်၊ နိဗ္ဗာန်တွေ့သွားလို့ရှိရင် ဒီအတိုင်းတွေ့ရမှာကိုး၊ "ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်"၊ နိဗ္ဗာန်ရောက်တော့ ဒီအတိုင်းတွေ့ရတာကိုး၊ ကဲ . . ဆိုကြရမယ်။

* **ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်။**
ရွှေ့လျောသေခြင်း၊ ထင်းရှင်းပေသည်။
သဏ္ဌာန်နိမိတ်၊ ကင်းဆိတ်ထင်သည်။
နိဗ္ဗာန၊ ရောက်တ သိမြင်သည်။ (ဆို သုံးခေါက်)
နိဗ္ဗာန်ရောက်လို့ရှိရင် ဒီအတိုင်း သိရမယ်တဲ့။

နိဗ္ဗာန်ထက်စကားငဲ့ ချမ်းသာမရှိဘူး

အဲဒါနိဗ္ဗာန်ရောက်ရင် အဲဒီအတိုင်းတွေ့ရ, သိရ, မြင်ရမယ်တဲ့၊ အဲဒီလိုတွေ့မြင်သိလို့ရှိရင် ဒါနိရောဓသစ္စာပဲ၊ ဒီနိရောဓသစ္စာဟာ ချမ်းသာထဲမှာ အကောင်းဆုံးပဲတဲ့။

http://www.dhammadownload.com

"နိဗ္ဗာနံ ပရမံ သုခံ" နိဗ္ဗာန်-နိဗ္ဗာန်သည်၊ ပရမံ-အမြတ်ဆုံးသော၊ သုခံ-ချမ်းသာတည်း၊

နိဗ္ဗာန်ထက်ကောင်းတဲ့ချမ်းသာမရှိဘူး၊ ဒီချမ်းသာဟာ အကောင်းဆုံးပဲ။ ကာမဘုံသား သတ္တဝါတွေကတော့ ကာမအာရုံတွေနဲ့ ခံစားနေရတာ အကောင်းဆုံးလို့ ထင်နေတာကိုး၊ ဒါက ခံစားပြီးတော့ နေရတဲ့ ချမ်းသာ ဝေဒယိတသုခလို့ ခေါ်တယ်၊ ခံစားတဲ့ချမ်းသာတဲ့၊ ခံစားတဲ့ချမ်းသာကတော့ ဖြစ်ပေါ်နေတဲ့အခါ ချမ်းသာတယ်လို့ ထင်ရတယ်၊ ပျောက်သွားတဲ့အခါမှာ မချမ်းသာဘူး၊ ဖြစ်ပေါ်နေတဲ့ အခိုက်အတန့်လေးပဲ သူကောင်းတယ်လို့ ထင်ရတယ်၊ အဲဒီဖြစ်ပေါ်နေတဲ့ အခိုက်အတန့်လေးရအောင်လို့ ရှာမှီးရတဲ့ဥစ္စာတွေ ဖြစ်ဖို့ရာ ဒုက္ခတွေ အများကြီး ရောက်နေတယ်။

ဖြစ်ပေါ်နေတဲ့ အခိုက်အတန့်လေးကလည်း မကြာဘူး၊ သူက ဖြစ်ပြီးရင် ပျောက်သွားတာ မကြာဘူး၊ အဲဒါလေး ပျောက်သွားတဲ့နောက်ဆုံးကျတော့လည်းပဲ ချမ်းသာမဖြစ်ပြန်ဘူး၊ အမြတမ်းပြုပြင်ပေးနေရတဲ့ချမ်းသာ၊ သခါရဒုက္ခပဲတဲ့၊ ဒီဥစ္စာ အမြတမ်းပြုပြင်ပေးရတယ်တဲ့၊ ချမ်းသာတွေ ရအောင်လို့ ချမ်းသာမှု တစ်ခုဖြစ်အောင် အင်မတန် အားထုတ်ရတယ်၊ သေသေချာချာ စဉ်းစားရင် သေသေချာချာ ဟုတ်တယ်၊ သူဟာ အစားအသောက်နဲ့စပ်ပြီး ကောင်းကောင်း အစာလေး စားရပါစေတော့ ဆိုပြီးတော့ အဲဒီစားစရာတွေ ရှာရတာ၊ ကိုယ်ကလည်း တော်တော်ရှာရတယ်၊ ကောင်းကောင်းလေးရအောင်လို့ စောစောပိုင်းက ရှာရတယ်၊ ရှာပြီးတော့ ချက်ရ ပြုတ်ရ လုပ်ရ ကိုင်ရတယ်၊ ဒါက တယ် မသက်သာလှဘူး၊ ချက်ပြုတ်လုပ်ကိုင်ပြီးသား စားရတာလေးတောင်မှ စားတဲ့အခါကာလ ပြုပြင်အားထုတ်မှု ရှိရသေးတယ်၊ မပြုပြင်အားမထုတ်ပဲနဲ့ မဖြစ်ဘူး၊ သူက ပြုပြင်အားထုတ်ရသေးတာပဲ၊ စားတဲ့အခါကာလ စားတော့ အရသာကောင်းလေး စားလို့ ကောင်းတာက ဘယ်လောက်ကြာတုံးဆို ဘယ်လောက်မှ မကြာဘူး၊ ပါးစပ်ထဲ ထမင်းဝါးဝါးပြီးတော့ လျှာပေါ်မှာ ချိုတစ်ချက် ချဉ်တစ်ချက်၊ ဒီလို အရသာတွေတော့ ပေါ်တော့ ပေါ်သွားတာပေါ့လေ၊ ဒါ စကားတ ပြောပြောနဲ့ ဖြစ်စေ၊ စကားမပြောလည်း စိတ်ကူးတွေတော့ ရှိနေတာပါပဲ၊ အချင်းချင်း စကားပြောပြီးတော့ စားသောက်နေတာ ရှိတယ်၊ တချို့မပြောဘဲနဲ့ စားသောက်နေတာ ရှိတယ်၊ ကိုယ်တစ်ယောက်တည်း စားနေတာ ရှိတယ်၊ စိတ်ကူးကတော့

http://www.dhammadownload.com

အမြဲတမ်းရှိနေတယ်၊ စကားတွေ ပြောနေတာပဲ၊ စိတ်ထဲကတော့ ဟိုကြံ၊ ဒီကြံ ဟိုပြော၊ ဒီပြော၊ ဒီလိုပဲ စိတ်ကူးထဲမှာတော့ လျှောက်ပြီးတော့ တွေ့နေတာ၊ အဲဒါတွေတွေ့ပြီးတော့နေတဲ့အတွက် လျှာပေါ်က အရသာတောင် တစ်ခါတစ်ခါ သိပ်ပြီး သိလိုက်တာ မဟုတ်ဘူး၊ တချို့ကောင်းမှန်းမသိ၊ မကောင်းမှန်းမသိ၊ ဘာမှ မသိလိုက်ဘူး၊ တစ်ခါတည်း စိတ်ကူးတွေများနေတာနဲ့ အလုပ်တွေ သိပ်များပြီးတော့ ကြောင့်ကြဗျာပါရစိုက်ပြီးတော့ သိပ်အားထုတ်နေရတဲ့ပုဂ္ဂိုလ် ဘာစားလို့ ဘာစားရမှန်းကို မသိဘူး၊ အရသာမပေါ်လိုက်ဘူး၊ ဘာမှမဟုတ်ဘူး၊ ပြီးတော့ လျှာပေါ်က နေပြီးတော့ လည်ချောင်းထဲ ရောက်သွားရင် ဘာမှအရသာ မရှိတော့ဘူး၊ အရသာစားလို့ ကောင်းတဲ့သဘောလေး ဘာမှ မရှိတော့ဘူး၊ အဲဒါ ဥပမာကိုး။

ထို့အတူပဲ မြင်လို့ ကောင်းပါတယ် ဆိုတာကလည်း မြင်တုန်းလေးပဲ၊ ဒါက အမြဲတမ်း မြင်နေရင်လည်း ကောင်းမှာမဟုတ်ဘူး၊ တစ်ခါတစ်ရံ မြင်ရလို့သာ ကောင်းတာ၊ အမြဲတမ်းသာ ကြည့်ရ မြင်နေရလို့ရှိရင် ဘယ်ကောင်းမလဲ၊ ပန်းပွင့်တစ်ပွင့် သိပ်လှပါတယ်၊ ပန်းပွင့်ကြည့်ကောင်းပါတယ်၊ ကြည့်ကောင်းတဲ့ ပန်းပွင့်ကလေးကို၊ ဒါဖြင့် ပန်းပွင့်ပဲကြည့်နေပေတော့ မျက်စိမမှိတ်နဲ့၊ တစ်ခါတည်းကြည့်နေ၊ ဘယ်လောက်ကြာအောင် ကြည့်နိုင်မလဲ၊ ဘယ်လောက်မှ မကြည့်နိုင်ဘူး၊ တော်တော်ကြာတော့ မျက်စိက ညောင်းလာတော့ ပင်ပန်းလာမယ်၊ တစ်ခါတည်း အကယ်၍သာ မျက်စိမလွှဲနဲ့၊ လွှဲလို့ရှိရင်ဖြင့် နောက်ကနေပြီး ရိုက်မယ် (သို့မဟုတ်) ဓားနဲ့ခုတ် မယ်လို့ဆိုရင် ကြောက်လို့သာ ကြည့်ချင်ကြည့်နေရမယ်။ ဒီလောက်လည်း ကြည့်နိုင်မယ်မဟုတ်ပါဘူး၊ ကြာလို့ရှိရင် မကြည့်နိုင်ဘူး။ အဲဒါ ပန်းပွင့်ကိုး၊ ပန်းပွင့်သာမဟုတ်ဘူး၊ အင်မတန်လှပတင့်တယ်ဆိုတဲ့ အဆိုတွေ အကတွေ ဘာတွေ ရှိတယ်၊ ကပြနေတာတွေ ဘာတွေရှိတယ်၊ အဲဒီလို အကောင်းဆုံး အမျိုးအစားနဲ့ ပြင်ဆင်၊ လှသထက်လှအောင်လို့ ပြင်ပြင်ပြီးတော့ အဲဒါကို တစ်ခါတည်း ထိုင်ပြီးတော့ ကြည့်နေမယ်၊ မကြည့်နိုင်ပါဘူး၊ ခဏသာ သူကောင်းတယ် ထင်တယ်၊ အမြဲတမ်း ကြည့်နေရမယ်ဆို ဒုက္ခပေါ့၊ ဒီဥစ္စာ အမြဲတမ်း ကြည့်နေရင် အင်မတန်ဒုက္ခရောက်မယ်၊ နေ့ရော ညရော မအိပ်နဲ့ တကြည့်တည်း ကြည့်နေ၊ တစ်နေ့ တစ်ရက်တောင် ကြည့်နိုင်မှာမဟုတ်ဘူး၊ မကြည့်နိုင်ဘူး။

http://www.dhammadownload.com

ဒီအတိုင်းပဲ သူဟာ နားက အသံကောင်းလေးတွေ ကြားဖို့ ကောင်းပါ တယ်ဆိုတာကလည်း ခဏသာ ကောင်းတယ်ထင်တာ၊ ဒီအသံကို အမြဲတမ်း ကြားနေရမယ်ဆိုရင် တကယ်နားမထောင်နိုင်ဘူး၊ သူဟာ ပြောင်းလဲပြောင်းလဲ ပြီးတော့ ခံစားနေရတာ၊ မြင်တာ တစ်မျိုးခံစားလိုက်၊ ကြားတာ တစ်မျိုးခံစားလိုက်၊ ဒီပြင်ဟာ တမျိုးခံစားလိုက်နဲ့ ပြောင်းနေတော့ ကောင်းသလိုလို ထင်ရတယ်၊ တစ်ခုတည်းသာ ခံစားကြည့်စမ်းပါ၊ ဘာမှ မကောင်းဘူး၊ တစ်ခုတည်း ခံစားကြည့်လို့ရှိရင် အသံတွေဟာဆိုရင် အခုအမြဲတမ်း နားထောင်နေလို့ ရနေတာပဲ။ ဓာတ်ပြားတစ်ခု တစ်ခါတည်း ဓာတ်စက်ထဲ ထည့်ပြီးတော့ ဖွင့်၊ ဆုံးရင်း ဖွင့်ရင်း ဆုံးရင်း ဖွင့်ရင်း ဒါတစ်နေ့လောက် ဖွင့်ကြည့်စမ်းပါ။ ဘယ်လောက်ကြာအောင် နားထောင်နိုင်မလဲလို့ ကြာတော့ နားငြီးလာမှာ သဉ္ဇာစွာ၊ ဘာမှ နားမထောင်နိုင်ဘူး၊ တော်တော်ကြာတော့ ဖျင်းလာတာပဲ၊ ထို့အတူပဲ အနံ့တွေလည်းပဲ မွှေးလှပါတယ်ဆိုပေမယ် ခဏပဲ ကောင်းတာပဲ၊ အဲဒါ အမြဲတမ်းဆိုရင်ဖြင့် မကောင်းဘူး၊ အရသာလည်း ဒီအတိုင်းပဲ၊ ဒီအရသာ ကောင်းလှပါတယ် ဆိုရင် ထပ်ခါထပ်ခါစား၊ ကြာတော့ မုန်းလာရော့၊ မုန်းလာတယ်လို့ ဖြစ်လာပြန်တယ်၊ ဝသွားရင်လည်း မစားချင်ပြန်ဘူး၊ အတွေ့အထိတွေလည်း ဒီအတိုင်းပဲ၊ ခံစားပြီးတော့ ချမ်းသာပါတယ် ဆိုတာက တကယ်စင်စစ် ချမ်းသာမဟုတ်ဘူးတဲ့၊ စိတ်ထဲက သာယာလို့ပဲတဲ့၊ စိတ်က အလိုရှိရင် ကောင်းတာပဲ၊ အလိုမရှိရင် မကောင်းဘူး၊ အလို ရှိတဲ့ ပုဂ္ဂိုလ်တွေမှာတော့ သူက သာယာမှုလေးက ရှိနေတာကိုး၊ သာယာတတ်တာလေးက ရှိနေတော့ ကောင်းနေတာပေါ့။

ဆေးလိပ်သောက်တတ်တဲ့ပုဂ္ဂိုလ်က ဆေးလိပ်သောက်တာဟာ သူကောင်းနေတယ်၊ သူက ကြိုက်တတ်တာ ဖြစ်နေတာကိုး၊ ဆေးလိပ်မသောက်တတ်တဲ့ ပုဂ္ဂိုလ် သောက်ကြည့်စမ်းပါဆိုရင် ဘယ်သောက်နိုင်လိမ့်မတုံး၊ ဆေးပြင်းလိပ်များသာပြီးတော့ မသောက်နိုင်သေး၊ သွားသောက်လိုက်လို့ရှိရင် မူးပြီး ဒုက္ခရောက်လို့ တကတည်းမှပဲ မလုပ်နိုင်ဘူး၊ ကွမ်းစားတဲ့ပုဂ္ဂိုလ်လည်း ဒီအတိုင်းပဲ၊ ကွမ်းကြိုက်လို့ သူစားနေတာ၊ ကြိုက်တဲ့ပုဂ္ဂိုလ်တော့ သူဟာသူ ကောင်းတယ် အောက်မေ့နေတာပဲ၊ ကြိုက်တတ်တဲ့သဘောလေး သူရှိနေတာကိုး၊ ကွမ်းမစားတတ်တဲ့ ပုဂ္ဂိုလ် သွားစားရင် ထုံးတွေ ဘာတွေပေါက် ဒုက္ခရောက်ကရောပဲ၊ အဲဒါလိုပဲ ကိုယ်က ကြိုက်တတ်တဲ့သဘောလေးရှိရင် ကောင်းတာပဲ၊ ကြိုက်တတ်တဲ့ သဘော

http://www.dhammadownload.com

လေးက မရှိရင် ဘာမှကောင်းလှတယ်မရှိဘူး၊ အဲဒီကြိုက်တတ်တဲ့သဘောလေးကို နုတ်လိုက်လို့ရှိရင် လောကထဲမှာ ကောင်းပါတယ်ဆိုတာတွေက ဘာမှ မကောင်းတော့ဘူးတဲ့၊ ကြိုက်တဲ့သဘောလေးက ဘာတုံး၊ တဏှာပဲ။ တဏှာငြိမ်းက နိဗ္ဗာန်ပဲတဲ့၊ တဏှာဆိုတဲ့ သာယာတပ်မက်မှုလေး ရှိနေသမျှကာလပတ်လုံး ဒုက္ခ ရောက်နေတာပဲ၊ အဲဒီတဏှာလေးငြိမ်းသွားလို့ရှိရင် အဲဒါနိဗ္ဗာန်ပဲ၊ ဒီတဏှာလေးကြောင့်မို့ ဒုက္ခရောက်နေတာ, ကြိုက်တတ်တာလေး ရှိနေလို့ ကြိုက်တတ်တာလေး, လိုချင်တာလေး, နှစ်သက်တာလေး, သာယာတာလေးတွေကို နုတ်ပစ်လိုက်လို့ရှိရင် လောကကြီးတစ်ခုလုံး ဘာမှနှစ်သက်စရာ သာယာစရာမရှိတော့ဘူး၊ ဘာမှ အကောင်းမရှိတော့ဘူး၊ ဘာမှချမ်းသာ မရှိတော့ဘူး၊ ဒါကြောင့်မို့ -

ပုထုဇဉ်အမြင်နဲ့ အရိယာအမြင် ကွာခြားခြင်း

ယံ ပရေ သုခတော အာဟု၊ တဒရိယာ အာဟု ဒုက္ခတော၊
ယံ ပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ၊

ယံ-အကြင်တရားကို၊ အပရေ-တစ်ပါးသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ သုခတော-ချမ်းသာဟု၊ အာဟု-ဆိုကြကုန်၏၊ တံ-ထိုပုထုဇဉ်ပုဂ္ဂိုလ်လူများစုတို့က ချမ်းသာဟု ဆိုရတဲ့ တရားကို၊ အရိယာ-အရိယာ သခင်အရှင်မြတ်တို့သည်၊ ဒုက္ခတော-ဆင်းရဲဟူ၍၊ အာဟု-ဆိုကြကုန်၏။

လောကသားပုထုဇဉ်တွေ အများက ချမ်းသာပါတယ်၊ ကောင်းပါတယ်လို့ ထင်တာတွေဟာ အရိယာတို့၏အမြင်နဲ့ ကြည့်လို့ရှိရင် ဆင်းရဲချည်းပဲတဲ့။ ဘာပြုလို့တုံးဆို ပုထုဇဉ်တွေကတော့ သူကြိုက်တတ်လို့ ကောင်းနေတာကို၊ အရိယာတွေက ကြိုက်မှ မကြိုက်တတ်တော့ပဲ၊ ကြိုက်တတ်တဲ့တဏှာမရှိဘူး၊ သာယာတဲ့တဏှာ မရှိဘူး၊ သာယာတဲ့တဏှာမရှိတော့ မကောင်းဘူးပေါ့၊ ခုနက ဆေးလိပ်ကြိုက်တတ်တဲ့ပုဂ္ဂိုလ်က ဆေးလိပ်သောက်ရတာ ကောင်းတယ်၊ မကြိုက်တတ်တဲ့ပုဂ္ဂိုလ်က နေကြည့်ရင် အလကားပဲ၊ အလကား အလုပ်ရှုပ် ဒုက္ခတွေ များနေတာပဲ၊ အလကားသာ ပင်ပန်းနေတယ်၊ ကွမ်းကြိုက်တတ်တဲ့ပုဂ္ဂိုလ်က ကွမ်းစားရကောင်းနေတာပဲ။ မကြိုက်တတ်တဲ့ပုဂ္ဂိုလ်ဆိုရင် နေရာမကျဘူး၊ အရက်သောက်တတ်တဲ့ပုဂ္ဂိုလ်က အရက်သောက်ရ ကောင်းနေတာပဲ။ မသောက်တတ်တဲ့ပုဂ္ဂိုလ်အနေနဲ့ ကြည့်ရင် ဘယ်ကောင်းမလဲ၊ ပွဲကြိုက်တတ်တဲ့ပုဂ္ဂိုလ်က ပွဲကြည့်၊ ပွဲကြည့်ရတာ

http://www.dhammadownload.com

သူကောင်းနေတာပဲ၊ မကြိုက်တတ်တဲ့ပုဂ္ဂိုလ်ကျရင် အိပ်ရေးတွေ ဘာတွေ ပျက်ဒုက္ခတွေ ရောက်၊ ထိုင်နေရတာ ညောင်းကညောင်းပါဘိသနဲ့ အလကား ဒုက္ခရောက်နေတာ၊ မကြိုက်တတ်တဲ့အနေနဲ့ ကြည့်နေရင် ဘာမှမကောင်းဘူး။

ထမင်းစားပြန်လည်း ဒီအတိုင်းပဲ၊ ထမင်းစားလို့ကောင်းပြန်လည်း ဆာနေလို့ ကောင်းနေတာ၊ ဆာတာမရှိဘဲနဲ့ ဝနေတဲ့ပုဂ္ဂိုလ် စားပါဦးဆိုရင် ဘယ်စားနိုင်မလဲ၊ ဝနေတဲ့ပုဂ္ဂိုလ်က ဒီဟာလေး ကောင်းလွန်းလို့ စားစမ်းပါဦးဆို မစားနိုင်တော့ဘူး၊ ဆာနေတဲ့ပုဂ္ဂိုလ်အဖို့ သူဆာတာလေးက ရှိနေတာကို၊ ဆာတာလေးက တဏှာသဘောလေးပဲ၊ ဆာလောင်မှုလေးရှိနေတော့ သူကောင်းနေတာပဲ၊ အဲဒီဆာလောင်မှုမရှိတဲ့အခါမှာ သူမကောင်းဘူး၊ အဲဒါလို အာရုံ (၆)ပါးတွေ ဆာလောင်တဲ့တဏှာရှိနေတဲ့ပုဂ္ဂိုလ်တွေက ကောင်းတယ်လို့ထင်တာ၊ အာရုံ (၆)ပါး ဆာလောင်မှုတဏှာကင်းနေတဲ့ အရိယာရဟန္တာတွေကျတော့ မကောင်းဘူး၊ ဆင်းရဲတွေပဲတဲ့၊ ဒုက္ခရောက်နေတာပဲတဲ့၊ ဒုက္ခတွေပဲတဲ့၊ အခု လူဖြစ်ပြီးတော့ ချမ်းသာနေပါတယ်၊ ယောက်ျား မိန်းမတွေဖြစ်ပြီး ချမ်းသာနေပါတယ်၊ ခံစားနေရပါတယ် ဆိုတာတွေကို မကောင်းတာတွေပဲတဲ့၊ ဒါတွေကို ကိုယ်က ကြိုက်တတ်လို့သာ ဒီအာရုံတွေကို ခံစားနေတာပဲ၊ ကြိုက်တတ်တဲ့ တဏှာလေး မရှိဘူး၊ မိမိသန္တာန်က နှစ်သက်တတ်တဲ့ သာယာတတ်တဲ့ သဘောလေး ကိုယ့်မှာ မရှိတော့ဘူးဆိုရင် သက်သက်ဒုက္ခရောက်နေတာတွေပဲတဲ့၊ ဆင်းရဲတွေပဲတဲ့၊ အရိယာတွေက ဆိုကြတယ်တဲ့၊ ဒါအမှန်တွေပဲ၊ သူက -

ယံ ပရေ သုခတော အာဟု၊ တဒရိယာ အာဟု ဒုက္ခတော။

အပရေ-အရိယာတို့မှ တစ်ပါးသောပုထုဇဉ် ပုဂ္ဂိုလ်တို့သည်၊ ယံ-အကြင် ကာမအာရုံတို့ကို ခံစားမှုအစရှိသောတရားကို၊ သုခတော-ချမ်းသာသည်ဟူ၍၊ အာဟု-ဆိုကြကုန်၏၊ တံ-ထိုကာမအာရုံခံစားမှု အစရှိသောတရားကို၊ အရိယာ-အရိယာသခင်အရှင်မြတ်တို့သည်၊ ဒုက္ခတော-ဆင်းရဲဟု၊ အာဟု ဆိုလေကုန်၏။

အရိယာတို့၏အမြင်နဲ့က ဆင်းရဲပဲတဲ့။

ယံ ပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ။

ယံ-အကြင်ရုပ်နာမ်ခန္ဓာတို့၏ ငြိမ်းခြင်းဟူသော နိဗ္ဗာန်တရားကို၊ ဒုက္ခတော-ဒုက္ခဟူ၍၊ အပရေ-အရိယာမှ တစ်ပါးသော ပုထုဇဉ်လူများစုတို့သည်၊ အာဟု-ဆိုကြကုန်၏။

http://www.dhammadownload.com

ပုထုဇဉ်လူများစုတွေက ငြိမ်းတဲ့သဘောကို ဆင်းရဲတယ်လို့ ထင်နေတယ်တဲ့၊ ကိလေသာငြိမ်းတာတွေ, ရုပ်နာမ်ခန္ဓာငြိမ်းတာတွေ ကောင်းတယ်ကို မထင်ဘူး၊ ကိလေသာတွေ ဖြစ်နေရတာက ကောင်းတယ်လို့ ထင်တယ်၊ ကိလေသာတွေ မဖြစ်ဘဲနဲ့ ငြိမ်းနေရင် မကောင်းဘူးလို့ ထင်နေတယ်။

ဥပမာဆိုပါတော့ ပွဲမကြိုက်တတ်တဲ့ပုဂ္ဂိုလ် ပွဲသွားမကြည့်ဘူး၊ ပွဲကြိုက်တတ်တဲ့ပုဂ္ဂိုလ်က ကြည့်လိုက်တော့ ဟော. . သူခမျာ ပွဲလေးမှာ မကြည့်ရှာဘူး၊ လူထဲမှာပဲ ဆုံးရှုံးတယ်၊ ပွဲလေးမှ မကြည့်ရဘူး ဆိုပြီးတော့ ဆုံးရှုံးတယ်လို့ အောက်မေ့နေတယ်။ ဒုက္ခရောက်နေတယ်လို့ ဆိုတာပေါ့လေ၊ ထင်လည်း ထင်တယ်၊ ပြောကို ပြောတယ်၊ သူက လောကရေးရာ မသိတတ် မလိမ္မာလို့ အကောင်းအမွန်တွေ သူမခံစားရဘူးပေါ့လေ။ ပွဲသွားပြီးသကာလ သူများတွေ ပျော်ကြရွှင်ကြ အကောင်းတွေကို ခံစားရတယ်၊ သူခမျာ လောကရေးရာ မကျွမ်းကျင်မလိမ္မာလို့ ပွဲမှသွားမကြည့်ရလို့၊ သူခမျာပွဲနဲ့စပ်တဲ့ ချမ်းသာတွေ မခံစားရဘူးလို့ စိတ်က ထင်ကြတာကိုး၊ ပြောလည်း ပြောကြတယ်၊ တချို့က သနားလို့ တမင်တကာ ကလေးတွေမျှားလိုက်ပြီးတော့ ပြလိုက်သေးတယ်၊ သူဥစ္စာမကြည့်ချင်ပါဘူးဆိုတာ တောင်မှ လိုက်ပြတာ ရှိသေးတယ်၊ ကောင်းတာကို သူက ကြိုက်တာကိုး၊ ကြိုက်တော့ သူက အဲဒီလို ကိလေသာငြိမ်းနေတဲ့ဥစ္စာကို မကောင်းဘူး ထင်နေတာ၊ အာရုံတွေ မခံစားလိုတဲ့ သဘောဖြစ်နေတာ၊ အာရုံတွေ မခံစားရဘဲနဲ့ ငြိမ်းနေတာ၊ သူဟာ မကောင်းဘူးလို့ ထင်နေတယ်၊ ပုထုဇဉ်အနေက ရုပ်နာမ်ခန္ဓာတွေ ဘဝအသစ်တွေ မဖြစ်ဘဲနဲ့ ငြိမ်းနေတယ်ဆိုတာလည်း ဆင်းရဲပဲ၊ အင်မတန်ကို ကြောက်စရာကောင်းတယ်ထင်တယ်၊ ရုပ်နာမ်ခန္ဓာတွေ ငြိမ်း၊ ဘဝအသစ်တွေ မဖြစ်ဘဲ၊ ရဟန္တာပရိနိဗ္ဗာန်စံပြီးတဲ့နောက် လူလောကနတ်လောကတွေမှာ ဘယ်မှမဖြစ်ရတော့ဘူး။ ဆင်းရဲဒုက္ခတွေ အကုန်လုံးငြိမ်းပြီးတော့ သွားတယ် ဆိုတော့ ဒါကြောက်စရာကြီး လိုလိုထင်တတ်တယ်၊ သူ့ဥစ္စာ တော်တော်ကို ကြောက်ကြတယ်၊ တချို့က ဒီဥစ္စာဘာမှ မကောင်းဘူးဆိုပြီးတော့ အပြစ်မြင်ကြ တယ်၊ အဲဒါ ပုထုဇဉ်တွေကိုး။

ယဲ-အကြင်ကိလေသာငြိမ်းခြင်း၊ ခန္ဓာငြိမ်းခြင်း အစရှိသောသဘောကို၊ အပရေ-အရိယာမှတစ်ပါးသော ပုထုဇဉ်လူများစုတို့သည်၊ ဒုက္ခတော-ဆင်းရဲဟူ၊ အာဟု-ဆိုကြကုန်၏၊ တံ-ထိုကိလေသာငြိမ်းခြင်း ရုပ်နာမ်ခန္ဓာငြိမ်းခြင်း သဘော

http://www.dhammadownload.com

ကို၊ အရိယာ-အရိယာသခင် အရှင်မြတ်တို့သည်၊ သုခတော-ချမ်းသာဟူ၍၊ ဝိဒူ-သိမြင်ကြလေကုန်၏။

အဲဒါ ချမ်းသာအနေနဲ့ မြင်တာ ချမ်းသာပါပဲတဲ့၊ ကိလေသာငြိမ်းရင် ခန္ဓာငြိမ်းတယ်၊ ပွဲမကြိုက်တတ်တဲ့ပုဂ္ဂိုလ်အနေနဲ့ ပွဲမကြည့်ဘဲနေရတာကို ချမ်းသာနေတာပဲ။ ပွဲကြည့်တဲ့ပုဂ္ဂိုလ်တွေ ပွဲသွားဖို့ရာ ပြင်ရတယ်၊ ဆင်ရတယ်၊ ဘေးကနေပြီးတော့ စရိတ်စကတွေလည်း ကုန်ရသေးတယ်၊ ဟိုကျသွားပြီးတော့ ထိုင်နေရတယ်၊ အအိပ်ပျက်တယ်၊ ညောင်းတယ်၊ မတော်အနီးအပါးကနေပြီးတော့ ကူးစက်တတ်တဲ့ရောဂါရှိရင် ရောဂါဝေဒနာတောင် ကူးချင်ကူးလာဦးမယ်။ ဒါအကြောင်းတွေ အများကြီးရှိပါတယ်၊ ဒုက္ခဖြစ်စရာတွေ နောက် အိပ်ရေးပျက်ပြီးတော့နေတဲ့ နောက်တစ်ရက်ကျရင်လည်း စိတ်ကြည်ကြည်လင်လင်မရှိဘူး၊ အလုပ်အကိုင်တွေ ဘာတွေ ကောင်းကောင်းမလုပ်နိုင်ဘူး။ ထိုင်းထိုင်းမှိုင်းမှိုင်းတွေဖြစ်ပြီးနေတော့ အပြစ်တွေ အများကြီးရှိပါတယ်၊ ဒါက လောကတွင်း အပြစ်တွေကိုး။ သံသရာပြစ်တွေကတော့ မမြင်ရလို့ ထားပါတော့၊ အဲဒါတွေ အကြောင်းပြုပြီးတော့ ပွဲမကြိုက်တတ်တဲ့ပုဂ္ဂိုလ်အနေနဲ့ဆိုလို့ရှိရင် ပွဲမကြည့်တာဟာ ချမ်းသာနေတာပဲ။ နေလို့ ထိုင်လို့ ကောင်း၊ အိပ်လို့လည်း ကောင်း၊ စိတ်ကြည်ကြည်လင်လင်ရှိ၊ ပေါ့ပေါ့ပါးပါးရှိ အကုန်လုံးကောင်းနေတာပဲ။ အင်မတန် ချမ်းသာနေတာပဲ။ အဲဒါလိုပဲ ကိလေသာခန္ဓာတွေ ငြိမ်းသွားတယ်ဆိုတာ ကိလေသာတွေ မရှိဘူးဆိုတာ ကောင်းတာပေါ့၊ ကိလေသာတွေကြောင့် ဒုက္ခရောက်နေတာပဲ။

သာယာမှုတဏှာတွေ ရှိပြီးတော့နေလို့ ဒီသာယာမှုတွေကြောင့် ဒုက္ခရောက်ပြီး သာယာမှုတဏှာကနေပြီး မင်းဘယ်သွားလိုက်ဦး၊ ဘာလုပ်လိုက်ဦး၊ ဘာပြောလိုက်ဦးမဆိုသော်လဲ ဆိုသလိုပဲ တဏှာက ခိုင်းနေတယ်၊ တဏှာက သိပ်ခိုင်းတယ်၊ တဏှာက လိုချင်အားကြီးလာပြီဆိုရင် သိပ်ခိုင်းတာ၊ မလုပ်ချင်မနေရဘူး၊ ကြာတော့ မတော်တာတွေပြောမိ ဆိုမိလို့ရှိရင် အရှက်လည်း ကွဲတတ်သေးတယ်၊ ပုံမတော်လို့ရှိရင် ရာဇဝတ်မှုတွေ ဘာတွေ သွားကျူးလွန်လို့ရှိရင် အဲဒီမှာ ရာဇဝတ်မှုပြစ်ဒဏ်တွေလည်း သင့်တတ်သေးတယ်၊ ဒီဥစ္စာတွေ လောကတွင်းပဲ ဒုက္ခရောက်ပါတယ်၊ နောင်သံသရာကတော့ ကျမှတွေ့ရမှာ၊ အဲဒါလည်း မုချတွေ့ရမှာပဲ ဒီလိုဒုက္ခတွေပဲ။ အဲဒါကြောင့် ဒီတဏှာရှိနေတဲ့အတွက် သာယာမှု

http://www.dhammadownload.com

ကလေးရှိနေရင် သာယာမှုနောက်လိုက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေရတာကိုး၊ ဒုက္ခရောက်နေတာပဲတဲ့။ အဲဒီတော့ ဒီသာယာမှု အစရှိသော ကိလေသာတွေ မကောင်းတဲ့တရားဆိုးတွေပဲ၊ ကိုယ်ထဲ အဲဒါတွေ နုတ်ပစ်လိုက်လို့ ရှိရင်တော့ အတော်ငြိမ်းသွားတာပဲ။ ရဟန္တာပုဂ္ဂိုလ်တွေမှာ အင်မတန်ငြိမ်းအေးတယ်၊ အနာဂါမ်လောက်ဆိုရင်ကို အတော်ငြိမ်းအေးနေပြီ။ အနာဂါမ်ဆိုလို့ရှိရင် ကာမရာဂမရှိဘူး၊ ဗျာပါဒမရှိဘူး၊ ကာမရာဂမရှိတဲ့အတွက် ကာမအာရုံတွေနဲ့စပ်ပြီးတော့ သာယာတောင့်တမှု မရှိဘူး၊ မရသေးတဲ့ ကာမအာရုံတွေရဖို့ရာ အလိုမရှိဘူး၊ ရပြီးသားကာမအာရုံတွေ ထိန်းသိမ်းထားဖို့ရာတွေမရှိဘူး၊ ဘာမှကို မရှိဘူး၊ ကာမအာရုံနဲ့စပ်ပြီးတော့ကို သူမှာသာယာနှစ်သက်မှု၊ တွယ်တာမှု၊ တောင့်တမှု၊ ကြောင့်ကြမှု၊ ဗျာပါဒရစိုက်မှုတွေ ဘာမှမရှိဘူး၊ အကုန်အေးချမ်းပြီးနေတာပဲ၊ ဗျာပါဒဒေါသမရှိတဲ့အတွက် စိတ်ဆိုးစရာအာရုံတွေနဲ့ ဘယ်လိုပဲတွေ့တွေ့ စိတ်လည်းမဆိုးဘူး၊ စိတ်ထဲမှာ အေးချမ်းပြီးကိုယ်ဆင်းရဲကတော့ အကြောင်းအားလျော်စွာရှိပါတယ်၊ ဒါကတော့ နေမကောင်းထိုင်မကောင်းတဲ့အခါ ဖြစ်တာပါပဲ၊ ဖြစ်ပေမယ်လို့ စိတ်ကမညစ်ဘူး၊ စိတ်မပူဘူး၊ စိတ်မပင်ပန်းဘူး၊ စိတ်ထဲကတော့ နေသာနေတာပဲ၊ ကိုယ်ထဲ မခံသာပေမယ်လို့ စိတ်ကတော့ ကျန်းကျန်းမာမာရှိနေတာပဲ။

အခု ယောဂီများ အမှတ်ကောင်းနေတဲ့အခါများ ကိုယ်ထဲမှာ ညောင်းညာကိုက်ခဲမှု၊ နာကျင်မှု၊ ရောဂါဝေဒနာတစ်ခုတစ်ခုဖြစ်မှု စသည် ရှိတဲ့အခါမှာ အမှတ်ကလေးနဲ့ မှတ်နေတော့ ဒုက္ခတွေ ရှိနေတာပါပဲ။ ရှိနေပေမယ့် ကိလေသာတွေက နောက်က မလိုက်တော့ဘူး၊ ဒုက္ခက တခြားဖြစ်နေတယ်၊ ကိုယ်ထဲက ဖြစ်နေတဲ့ မခံသာတဲ့ဒုက္ခတွေက တခြား၊ သိတဲ့စိတ်ကလေးက တခြား မရောဘူး၊ တစ်ခုနဲ့ တစ်ခုနဲ့ ဘာမှ မဆိုင်သလို ဖြစ်နေတယ်၊ တခြားစီ ဖြစ်နေတယ်၊ ကိုယ်ကြီးက တခြား၊ခံစားတဲ့ ဒုက္ခဝေဒနာက တခြား၊ သိနေတဲ့ စိတ်ကလေးက တခြား မရောဘူး၊ စိတ်ညစ်ခြင်း၊ စိတ်ပျက်ခြင်း၊ နှလုံးမသာခြင်း၊ စိတ်ပူပန်ခြင်း၊ စိတ်ဆင်းရဲခြင်းတွေကို နောက်က လိုက်မလာဘူး၊ စိတ်ကလေးကတော့ အေးနေတယ်၊ အဲဒါ အင်မတန်နေရာကျတယ်၊ ဒါက ယောဂီပုဂ္ဂိုလ် ဝိပဿနာရှုနေတုန်း ဒေါသကိလေသာငြိမ်းပြီးတော့နေတာလည်း နိဗ္ဗာန်တစ်မျိုးပဲ၊ သူက ငြိမ်းနေတဲ့သဘောပဲ၊ အဲဒါကြောင့် ငြိမ်းနေတဲ့ဥစ္စာဟာ မျက်မှောက်တွင် ကောင်းနေတာပဲ၊ မျက်မှောက်တွင်ကို အင်မတန်ကောင်းနေပါတယ်။

http://www.dhammadownload.com

ဥပမာ - နိုးနေတဲ့အခါဆိုလို့ရှိရင် မြင်စရာတွေရှိလို့ မြင်ရမယ်၊ ကြားစရာတွေ ရှိတော့ ကြားရမယ်၊ ကြားသိ စိတ်ကူးရမယ်၊ လုပ်ကိုင်ရမယ်၊ စိတ်ဟာ မအေးချမ်းဘူး၊ ဘာမှ ပင်ပင်ပန်းပန်း လုပ်စရာမရှိနဲ့ဦးတော့၊ စိတ်ကတော့ မအေးချမ်းဘူး၊ စိတ်ကူးစဉ်းစားကြံစည်နေရတာကို ပန်းနေတာပဲ၊ အိပ်ပျော်နေတဲ့အခါမှာ ဘာမှမစဉ်းစားရဘူး၊ နိုးနေတာနဲ့စာရင် အိပ်ပျော်နေတာက ချမ်းသာတယ်၊ သို့သော်လဲ အမြဲတမ်း ချမ်းသာတာ မဟုတ်လို့ ဒါက သိပ်ခီးကျူးရတဲ့ဟာတော့ မဟုတ်ဘူး၊ ဒါဥပမာလေးမို့ပြီးတော့ သိဖို့ရာ၊ နည်းမို့ပြီး သိဖို့ရာပဲ။ ရုပ် နာမ်ခန္ဓာတွေ ရှိနေတော့ ဒုက္ခရောက်နေတာပဲ။ ကိုယ်ထဲ နာတာ၊ ကျင်တာ၊ ကိုက်ခဲတာတွေတော့ မဟုတ်ဘူး၊ ရိုးရိုးတမ်းတမ်းဖြစ်နေတဲ့ မြင်မှု၊ ကြားမှု၊ သိမှုတွေ ရှိနေတာကို မအေးချမ်းဘဲနဲ့ ဖြစ်နေတယ်၊ အဲဒီ မြင်မှု၊ ကြားမှု၊ သိမှု၊ ရုပ်နာမ် ခန္ဓာတွေ လုံးဝဆိတ်သုဉ်းငြိမ်းပြီး ဘာမှမဖြစ်ပဲ နေတယ်ဆိုရင် ကောင်းနေတာပဲ၊ ဒါကြောင့် မို့ ရဟန္တာပုဂ္ဂိုလ်တွေ နိဗ္ဗာနသမာပတ်ဝင်စားတာ၊ နိဗ္ဗာနသမာပတ် ဝင်စားတဲ့အခါကာလကျတော့ ဘာမှအသိတွေ မြင်တာလည်း မရှိဘူး၊ မြင်စရာ ရှိပေမယ်လို့လည်း မမြင်ဘူး၊ ကြားတာလည်း မရှိဘူး၊ နံတာ၊ စားတာ၊ တွေ့ထိတာ၊ စိတ်ကူးစဉ်းစားကြံစည်တာ ဘာမှမရှိဘူး၊ အသိတွေ အကုန်လုံး ချုပ်ငြိမ်းနေတယ်၊ စိတ်နဲ့စိတ္တဇရုပ်တွေက ဘာမှမရှိဘဲနဲ့ ငြိမ်းပြီးတော့နေတာ၊ အဲဒါဟာ အခိုက်ဓာတန့်အားဖြင့် နိဗ္ဗာန်၏အရသာကို ခံစားကြည့်တာပဲတဲ့၊ ပရိနိဗ္ဗာန်စုတိကနောက်ကာလမှာတော့ ရုပ်နာမ်တွေ ဘာတွေ မဖြစ်ဘဲနဲ့ ငြိမ်းပြီးတော့ နေတယ်၊ ငြိမ်းနေတဲ့အတွက် ဘဝအသစ် မဖြစ်ရလို့လည်း သူမဆင်းရဲရဘူး၊ မအိုရဘူး၊ မနာရဘူး၊ မကျန်းမာ ရောဂါဝေဒနာတွေဆိုတာ မဖြစ်ရဘူး၊ သူတစ်ပါးက နှိပ်စက်မှု ညှဉ်းပန်းမှုတွေ မဖြစ်ရဘူး၊ ရှာမှီးမှုတွေ မဖြစ်ရဘူး၊ ပင်ပန်းဆင်းရဲမှုတွေ မဖြစ်ရဘူး၊ စိုးရိမ်ပူဆွေးမှုတွေ မဖြစ်ရဘူး၊ ဘာဆင်းရဲတွေမှ မဖြစ်ရဘူး၊ အခုလောကမှာ လူတိုင်းလူတိုင်း အလိုမရှိအပ်တဲ့ဆင်းရဲတွေ၊ သတ္တဝါတိုင်း သတ္တဝါတိုင်း အလိုမရှိအပ်တဲ့ ဆင်းရဲတွေမရှိတော့ အကုန်လုံးငြိမ်းနေတာကိုး၊ ဒါကြောင့်မို့ -

ယံ ပရေ ဒုက္ခတော အာဟု၊ ထဒရိယာ သုခတော ဝိဒူ။

အပရေ-အရိယာတို့မှတစ်ပါးသောပုထုဇဉ်လူများစုတို့သည်၊ ယံ-အကြင် ကိလေသာငြိမ်းခြင်း ခန္ဓာငြိမ်းခြင်းဟု ဆိုအပ်သော သဘောတရားကို၊ ဒုက္ခတော-ဒုက္ခဟူ၍၊ အာဟု-ဆိုကြကုန်၏။

http://www.dhammadownload.com

ဆင်းရဲထင်နေကြတယ်တဲ့၊ ဆင်းရဲအနေအားဖြင့် ထင်လည်း ထင်တတ်ကြတယ်၊ ပြောလည်း ပြောတတ်ကြတယ်၊

တံ-ထိုကိလေသာငြိမ်းခြင်း ခန္ဓာငြိမ်းခြင်းသဘောကို၊ အရိယာ-အရိယာသဓင် အရှင်မြတ်တို့သည်၊ သုခတော-ချမ်းသာအနေအားဖြင့်၊ ဝိဒူ-သိမြင်တော်မူကြလေကုန်၏။

အဲဒါ ကိလေသာတွေ၊ ဆင်းရဲတွေ၊ ခန္ဓာတွေ ငြိမ်းနေတာ၊ ချမ်းသာပဲလို့ မခံစားရဘဲနဲ့ ချမ်းသာနေတာ "အဝေဒယိတသုခ"ခေါ်တယ်၊ အခုခံစားပြီး မြင်လို့ ကောင်းတယ်၊ ကြားလို့ ကောင်းတယ်၊ နံလို့, စားလို့, တွေ့ထိလို့ ကောင်းတယ်၊ စိတ်ကူးစဉ်းစားကြံစည်လို့ ကောင်းတယ်၊ ပျော်တယ်၊ ကိုယ်ထဲ, စိတ်ထဲက ချမ်းသာတယ် ဆိုတာကို "ဝေဒယိတသုခ" ခေါ်တယ်၊ ဒါက ခံစားပြီးတော့ ချမ်းသာတယ်၊ သူက ခံစားတဲ့အခိုက်အတန့်လေး ချမ်းသာတာ၊ ချမ်းသာတယ်လို့ အောက်မေ့ရတယ်ပေါ့လေ၊ အမျာကြီး ရှာဖွေရတယ်၊ အမျာကြီးအားထုတ်ရတယ်၊ နောက်ပိုင်း သူမရှိတဲ့အခါကျတော့လည်းပဲ မနေတတ်,မထိုင်တတ် ဖြစ်တတ်ကယ်၊ သူက မြဲပြီးတော့ တည်နေတာ မဟုတ်ဘူး၊ အဲဒါကြောင့် သူက ဆင်းရဲနဲ့ ရောပြွမ်းနေတယ်တဲ့၊ သူက ဆင်းရဲနဲ့ စပ်နေတယ်၊ ရှေ့ပိုင်းက ရှာကြံစဉ်ကလည်း ဆင်းရဲတွေ ရှိတယ်၊ နောက်ပိုင်း သူပျောက်သွားတော့လည်း ဆင်းရဲတွေ ဖြစ်ပေါ်တယ်၊ ဒါဆင်းရဲတွေနဲ့ ရောစပ်နေတယ်၊ မအေးချမ်းဘူး၊ အဲဒီခံစားမှုအကြောင်းပြုပြီး အကုသိုလ် ကံတွေ ဘာတွေ ကျူးလွန်သွားလို့ရှိရင် အပါယ်လေးပါးတွေ ကျရောက်သွားရင် ပြောစရာ မရှိဘူး၊ အင်မတန်အပြစ်ကြီးတာပဲ၊ လောကတွင် ခုန ရာဇဝတ်မှုပြစ်ဒဏ်တွေ ဘာတွေ သွားကျူးလွန်လို့ရှိရင် လောတတွင် ဒုက္ခတွေ ရောက်တယ်၊ ဒါကြောင့် သူက မအေးချမ်းဘူး၊ မခံစားရတဲနဲ့ ကိလေသာခန္ဓာတွေ လုံးဝငြိမ်းပြီးတော့နေတဲ့ အချိန်အခါက အေးချမ်းတယ်တဲ့၊ အစဉ်ထာဝရလည်း ငြိမ်းသွားတယ်။

အဓိကြောင်းဖြစ်တဲ့ ကိလေသာငြိမ်းမှ အကျိုးအရှုးဟာ ငြိမ်းမယ်

နိဗ္ဗာန် ပရမံ သုခံ၊

နိဗ္ဗာန်-နိဗ္ဗာန်သည်၊ ပရမံ-အမွန်မြတ်ဆုံးသော၊ သုခံ-ချမ်းသာပေတည်း၊ နိဗ္ဗာန်ဟာ အကောင်းဆုံးပဲလို့ ဒီလို ဟောထားတာကို၊ ဒါကြောင့်မို့ အရိယာပုဂ္ဂိုလ်တွေက အဲဒီနိဗ္ဗာန်ကို ချမ်းသာအနေအားဖြင့် မြင်ကြပါတယ်တဲ့။ နိဗ္ဗာန်ကို

http://www.dhammadownload.com

ချမ်းသာ အနေအားဖြင့်လဲမြင်နိုင်မှ ဒါအရိယာအမြင်ကိုရောက်မယ်၊ နိဗ္ဗာန်ကို ချမ်းသာအနေအားဖြင့် မမြင်နိုင်သေးလို့ရှိရင် ဒါက ပုထုဇဉ်နယ်ဘက်က ရှိသေးတာပဲ။ လောကဘက်က ပိုပြီးတော့ ချမ်းသာတယ်၊ တောင်းတယ်လို့ ထင်နေသေးလို့ရှိရင်တော့ ပုထုဇဉ်နယ်ဘက်ကပဲ ရှိသေးတယ်၊ နိဗ္ဗာန်က ပိုပြီးတော့ ကောင်းတယ်၊ နိဗ္ဗာန်ဟာ အကောင်းဆုံးပဲ၊ အေးနေတာ အကောင်းဆုံးပဲလို့ ထင်နိုင်မြင်နိုင်လို့ရှိရင်တော့ ဒါ အရိယာနယ်ဘက်က ပုဂ္ဂိုလ်တွေ ဖြစ်နေတယ်၊ ခုနိရောဓသစ္စာဆိုတာကတော့ အကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာန်တရားကိုး၊ အဲဒီ နိဗ္ဗာန်တရားဟာ ရုပ်နာမ်ခန္ဓာတွေ ငြိမ်းတယ် ဆိုပေမယ့်လို့ အကြောင်းဖြစ်တဲ့ ကိလေသာက ငြိမ်းမှပဲ အကျိုးတရားဟာ ငြိမ်းပါတယ်တဲ့၊ ရုပ်နာမ်ခန္ဓာတွေဆိုတာက အကျိုးတရား၊ ကိလေသာက အကြောင်း၊ ကိလေသာငြိမ်းမှ ခန္ဓာတွေ ငြိမ်းတယ်တဲ့၊ ကိလေသာမငြိမ်းရင် ခန္ဓာမငြိမ်းဘူး။

ဥပမာအားဖြင့် သစ်ပင်ကြီးတစ်ပင်ကို အလိုမရှိရင် ဒီသစ်ပင်ကို အမြစ်ကနေပြီးတော့ အကုန်လုံး တူးဖြိုဖျက်ပြီးတော့ကို ပယ်ရလိမ့်မယ်၊ ဒီလိုမဟုတ်ဘဲနဲ့ အပေါ်ဘက်ရှိတဲ့ အကိုင်းအခက်တွေ ခုတ်နေရုံနဲ့ကတော့ ဒီအပင်ကြီးက မပျောက်နိုင်ဘူး၊ အပေါ်အကိုင်းတွေ ခုတ်လိုက် အတော်ကြာရင် အခက်တွေ ပေါက်ပြီးတော့ အပင်ကြီး ပြန်ဖြစ်လာဦးမှာပဲ၊ အပင်ရင်းကနေ လွှဲနဲ့ တိုက်ပြီး ဖြတ်လဲ့လိုက်လည်ပဲ အမြစ်တွေကရှိတော့ အမြစ်တွေကနေ ပေါက်လာဦးမှာပဲ။ ပြန်ပြီးတော့ အပင်ကြီး တစ်ခါပြန်ဖြစ်နိုင်တယ်၊ အမြစ်ပါကို တူးပစ်မှတဲ့၊ ဒါမှ အကုန်လုံးပျောက်ပြီးသကာလ သွားတယ်၊ အဲဒီဥပမာလိုပဲတဲ့။

သတ္တဝါတွေ၏သန္တာန်မှာ ဇာတိဒုက္ခ အစရှိသော ဒုက္ခသစ္စာပိုင်းက ပြောခဲ့တဲ့ ဆင်းရဲတွေဟာ ဘယ်ကလာလဲဆိုတော့ သမုဒယသစ္စာက လာတာ၊ တစ်နေ့က သမုဒယသစ္စာလည်း ပြောပြီးပြီ၊ ဒီသမုဒယ အရင်းအမြစ်ကို နုတ်လိုက်ပယ်လိုက်မှ ငြိမ်းသွားမှာတဲ့၊ ဒီလိုငြိမ်းသွားမှ နိရောဓဆိုတဲ့ နိဗ္ဗာန်က ဖြစ်တာကိုး၊ သမုဒယ ပယ်လိုက်မှ နိရောဓဖြစ်တယ်။

ယထာပိ မူလေ အနုပ္ပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ ရုက္ခော ပုနဒေဝ ရုဟတိ။
ဧဝံ တဏှာနုသယေ အနုဟတေ၊ နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

မူလေ-အရင်းအမြစ်သည်၊ အနုပ္ပဒ္ဒဝေ-ဘေးရန်အန္တရာယ်မရှိသည်ဖြစ်၍၊ ဒဠှေ-မြဲမြံခိုင်ခံ့တည်တံ့ နေသည်ရှိသော်။

http://www.dhammadownload.com

သစ်ပင်များမှာ အရင်းအမြစ်က ဘာမှဘေးရန်အန္တရာယ်မရှိဘူး၊ အနာအဆာမရှိဘူး၊ ခိုင်ခိုင်ခံ့ခံ့ရှိနေလို့ရှိရင်တဲ့။

ဆိန္နောပိ-အထက်ပိုင်းဘက်က အကိုင်းအခက်များကို ခုတ်ဖြတ်၍ ထားသော်လည်း၊ ရုက္ခော-သစ်ပင်သည်၊ ပုနဒေဝ-တစ်ဖန်သာလျှင်၊ ရုဟတိ ယထာ-အညွန့်အညှောင့်ပေါက်ကာ တစ်ဖန်စည်ကားရာသကဲ့သို့။

သစ်ပင်ဟာ အပေါ်ဘက် ကိုင်းတွေ အကုန်လုံးခုတ်၊ အပင်လုံးကြီးပါလဲ့ချ၊ ဘယ်လိုပဲ လုပ်လုပ်တဲ့၊ အရင်းအမြစ် ဘာမှ ဘေးရန်အန္တရာယ်မရှိဘူးတဲ့၊ မြေဆီသြဇာတွေ ကောင်းနေတယ်တဲ့၊ မြေတို့ ဥတုရာသီတွေကလည်း အခြေအနေကောင်းနေတယ်ဆိုရင် အမြစ်အရင်းကနေပြီး အညွန့် အညှောင့်တွေ ပေါက်မှာ၊ ဒါကတော့ လူတိုင်းလူတိုင်း သိတယ်၊ ဒါ ဥပမာပေးထားတယ်၊ ဒီအတိုင်းဖြစ်မှာ အဲဒါလိုပဲတဲ့။

ဧဝံ-ဤအတူ၊ တဏှာနုသယေ-တဏှာတည်းဟူသော အနုသယ-အရင်းအမြစ်ဖြစ်သော အနုသယကိလေသာကို၊ အနုဟတေ-မပယ်ရသေးသည်ရှိသော်၊

သစ်ပင်အမြစ်အရင်းနဲ့တူတဲ့ တဏှာ၊ အဆင်းအာရုံတွေ, သာယာမှု အနံ့အာရုံတွေ, အရသာအာရုံတွေ, အတွေ့အထိအာရုံတွေ, သဘောအာရုံတွေ သာယာမှုတဲ့၊ အာရုံ (၆)ပါးနဲ့စပ်ပြီးတော့ သာယာမှု၊ ဒွါရ (၆)ပါးနဲ့စပ်ပြီးတော့ သာယာမှု၊ ဝိညာဏ် (၆)ပါးနဲ့စပ်ပြီး သာယာမှု၊ ခုနပြောခဲ့တဲ့ သာယာမှု၊ "ပိယရူပ သာတရူပ"ခေါ်တဲ့ နှစ်သက်စရာ သာယာစရာတွေ သာယာမှု၊ ကိုယ့်သန္တာန်ကရှိနေတဲ့ ရုပ်နာမ်ခန္ဓာတွေ သာယာမှု၊ သူများသန္တာန်ကရှိတဲ့ ရုပ်နာမ်ခန္ဓာတွေ သာယာမှု တွေကို ကြိုက်နေတယ် လိုချင်နေတယ်၊ နှစ်သက်နေတယ်၊ သာယာနေတယ်၊ သဘောကျနေတယ်ဆိုတာ တဏှာတွေပေါ့၊ ဒီတဏှာဟာ အနုသယအရင်းအမြစ် ပဲတဲ့။

သစ်ပင်ရဲ့အမြစ်များလိုပဲ ဒီအနုသယကနေပြီးတော့ တော်တော်ကြာတော့ အကြမ်းစားကိလေသာတွေ ဖြစ်တယ်၊ ဒီကိလေသာကနေပြီး ကံတွေ ဖြစ်တယ်၊ ကံကနေပြီး ဘဝရုပ်နာမ်ခန္ဓာတွေ ဖြစ်နေတယ်၊ တဏှာတည်းဟူသော အနုသယအရင်းအမြစ် ကိလေသာကို မပယ်လို့ရှိရင်

ဧဝံ တဏှာနုသယေ အနုဟတိ၊ နိဗ္ဗတ္တတေ ဒုတွမိဒံ ပုနပ္ပုနံ။

http://www.dhammadownload.com

ဧဝံ-ဤအတူပင်လျှင်၊ တဏှာနုသယေ-တဏှာတည်းဟူသော အရင်းအမြစ်ဖြစ်သော ကိလေသာကို၊ အနုဟတေ-အရိယမဂ်ဉာဏ်ဖြင့် မပယ်ဖြတ်အပ်သေးသည်ရှိသော်၊ ဣဒံ ဒုက္ခံ-ဤရူပနာမ်ဆင်းရဲ ဘဝဆင်းရဲသည်၊ ပုနပ္ပုနံ-အဖန်ဖန်အခါခါ၊ နိပ္ပတ္တတိ-ဖြစ်ပေါ်လေတော့၏။

ဒီရူပ်နာမ်ခန္ဓာဟာ ထပ်ခါထပ်ခါဖြစ်ခဲ့တယ်

ဒီရူပ်နာမ်ဟာ အဖန်ဖန်အခါခါ ဖြစ်နေတာပဲတဲ့၊ တဏှာနုသယ မပယ်နိုင်လို့ရှိရင် ဒါနသီလ ကုသိုလ်ကောင်းမှုတွေ ပြုပြုပြီးတော့ လူဘဝ နတ်ဘဝတွေ ကောင်းနေတယ်ဆိုပေမယ်လို့ တစ်နေ့ကျရင် အပါယ်လေးပါးတွေလည်း ပြန်ပြီး ရောက်နိုင်တာပဲ။ ယခု မျက်မှောက်ဘဝမှာ သူတော်ကောင်းကြီး ဖြစ်နေပေမယ့် နောက်ဘဝမှာကျလို့ရှိရင်ဖြင့် တစ်ခါတည်း မိုက်မဲတဲ့ပုဂ္ဂိုလ်ကြီးလည်း ဖြစ်သွားနိုင်သေးတာပဲ။ တဏှာနုသယ မကင်းသေးရင် ဘဝအသစ်ဖြစ်ပြီးတော့ ဖြစ်ရာဖြစ်ရာ ဘဝမှာ ဇာတိ အစရှိသော ဒုက္ခတွေနဲ့ ထပ်ခါထပ်ခါ တွေ့နေရမယ်တဲ့။ အဲဒါကြောင့် တဏှာတည်းဟူသော အနုသယကို ပယ်ဖို့ရာ မြတ်စွာဘုရားက ဒီသစ္စာလေးပါး တရားဟောတယ်။

လူတွေက ချမ်းသာတွေ ထင်နေတဲ့ ခန္ဓာငါးပါး၊ မိမိတို့သန္တာန်မှာရှိနေတဲ့ ရူပ်နာမ်တရား၊ သူတစ်ပါးသန္တာန်မှာရှိတဲ့ ရူပ်နာမ်တရားတွေဟာ ဒုက္ခသစ္စာတရားတွေပဲလို့ မြတ်စွာဘုရားက ဟောတယ်၊

"ဒုတ္ခံ တေဘူမကံ ဝဋ္ဋံ"- အဘိဓမ္မတ္ထသင်္ဂဟကျမ်းက တိုတိုလေးရေးထားတယ်။

တေဘူမကံ၊ ဘုံသုံးပါး၌ဖြစ်သော၊ ဝဋ္ဋံ-ဝဋ်ဆင်းရဲတရားသည်၊ ဒုက္ခံ-ဒုက္ခပဲတဲ့။

ကာမနဲ့ဆိုင်တဲ့တရားတွေ၊ ရူပနဲ့ဆိုင်တဲ့တရားတွေ၊ အရူပနဲ့ ဆိုင်တဲ့တရားတွေ၊ လူသန္တာန်ရှိတဲ့ ရူပ်နာမ်တွေ အကုန်လုံး ကာမတရားတွေပါပဲ။ နတ်ဖြစ်နေတဲ့အခါ နတ်သန္တာန်ကဖြစ်တဲ့ တရားတွေ ကာမတရားတွေပဲ၊ ဗြဟ္မာဖြစ်နေတဲ့အခါကျတော့ ဗြဟ္မာ့သန္တာန်မှာ ရှိနေတဲ့ ရူပ်တရားတွေ ပါတယ်၊ ရူပ်တွေကတော့ ကာမတရားလို့ ခေါ်ရတယ်၊ အရူပသန္တာန်၌ ဖြစ်နေပြန်တော့လည်း

http://www.dhammadownload.com

အဲဒီအရှုပစ္စာန်တရားတွေ, ဘဝင်တရားတွေလည်းပဲ အရှုပတရားတွေပဲ၊ အဲဒါ တစ်ခါတစ်ရံ ကာမဘုံ ကာမတရားတွေနဲ့ ပြည့်စုံနေတယ်၊ တစ်ခါတစ်ရံ ရူပဘုံ ရောက်ပြီး ရူပတရားတွေနဲ့ ပြည့်စုံနေတယ်၊ တစ်ခါတစ်ရံ အရူပဘုံရောက်ပြီး အရူပတရားနဲ့ ပြည့်စုံနေတယ်၊ ဘယ်ရောက်နေနေ ကိုယ်ခန္ဓာ အတ္ထဘော ခေါ်တဲ့ ရုပ်နာမ်တွေ ရှိနေသမျှကာလပတ်လုံး ဒုက္ခတွေနဲ့ တန်းလန်းကြီးပဲ။ တစ်ခါတည်း ဝန်ထုပ်ဝန်ပိုးကြီးတွေ ထမ်းပြီးတော့ သွားနေရသလိုပဲ။ ကာမဘုံရောက်နေတဲ့အခါ ကာမရုပ်နာမ်ခန္ဓာတွေ ပြုစုစောင့်ရှောက်ပြီးတော့ နေရတယ်၊ ရူပဘုံရောက်ပြန်လည်း အကြီးအကျယ် ဒုက္ခသာ မရောက်တာပဲ၊ သခ်ါရဒုက္ခတွေကတော့ ရှိတာပဲ။ အရူပဘုံရောက်နေလည်း ဒီအတိုင်းပဲ၊ သခ်ါရဒုက္ခတွေက ရှိနေတာပဲ။ အဲဒီကိုယ့် အတ္ထဘော ခန္ဓာကြီးဟာ အမြဲတမ်း ဆောင်ပြီးတော့ သွားနေရတာတဲ့။ ဒီဒုက္ခ ဝန်ထုပ်ဝန်ပိုးကြီးတွေနဲ့ ကိုယ့်ကိုကောင်းအောင်, ချမ်းသာအောင်, ကောင်းစား အောင် ပြုစုမှု၊ အားထုတ်မှု၊ ကြဲစည်မှုတွေဟာ အမြဲတမ်း ရှိနေတာကိုး၊ ဒုက္ခတွေ ရောက်နေတယ်၊ အဲဒီဒုက္ခတွေဟာ နိဗ္ဗာန်မရောက်သေးမချင်း မငြိမ်းသေးဘူးတဲ့၊ ဘယ်က လာနေပြန်တုံးဆို သူက တဏှာက လာပြန်တယ်၊ "တဏှာသမုဒယော ဘဝေ" တဏှာ ဆိုတာ သမုဒယသစ္စာပဲ။ ဒုက္ခဆင်းရဲဖြစ်ကြောင်း တရားပဲတဲ့၊ ဆင်းရဲဟာ သူဆီက လာနေတာတဲ့၊ သူက မျိုးစေ့ပဲ ပွားနေတယ်။

ခုန သစ်ပင်အမြစ်ကနေပြီး အပင်ကြီးဖြစ်လာတယ်၊ သူဆီကနေပြီး လာနေတာ၊ **"နိရောဓော နာမ နိဗ္ဗာနံ"** နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ နိရောဓော နာမ-နိရောဓသစ္စာမည်တယ်-တဲ့၊ ကိလေသာငြိမ်းခြင်း၊ ခန္ဓာငြိမ်းခြင်း၊ ရုပ်နာမ်သခ်ါရ ငြိမ်းခြင်း၊ ဆင်းရဲခပ်သိမ်းငြိမ်းခြင်းဟာ နိရောဓသစ္စာပဲတဲ့။ ကနေ့ဟောရမှာ နိရောဓသစ္စာပဲ။ အဲဒီနိရောဓသစ္စာဟာ တဏှာသမုဒယငြိမ်းမှ ငြိမ်းတယ်တဲ့၊ တဏှာသမုဒယ၏အကျိုးဖြစ်တဲ့ ခန္ဓာတွေ သက်သက်တွင်ငြိမ်းတာ မဟုတ်သေးဘူးတဲ့။

မြတ်စွာဘုရားများကတော့ အကျိုးငြိမ်းစေချင်လို့ရှိရင် အကြောင်းကစပြီး ငြိမ်းရတာကို၊ ဆေးသမားကောင်း, ဆရာကောင်းတွေဟာ ရောဂါဝေဒနာအကျိုး ငြိမ်းစေချင်လို့ရှိရင် ရောဂါဝေဒနာ၏အကြောင်းက စပြီးတော့ "ဘာ့ကြောင့် ဒီရောဂါ ဖြစ်နေတာပဲ"ဆိုပြီး အကြောင်းကို ငြိမ်းစေနိုင်တဲ့ဆေးကို ပေးရတာကို၊ အကြောင်းကို ငြိမ်းစေနိုင်တဲ့ဆေးကို ပေးလိုက်တော့ ငြိမ်းသွားတယ်၊ မလိမ္မာ

http://www.dhammadownload.com

လို့ရှိရင် ဆေးသမားကလည်း အကြောင်းကို မသိဘဲနဲ့ အကျိုးလေးလောက်ပဲ ကုနေလို့ရှိရင် မပျောက်ဘူး၊ အကြောင်းက ရှိနေသေးရင် နောက်တစ်ခါလည်း ထပ်ပေါ်ဦးမှာပဲ။ ခုခဏ ပျောက်သွားလည်း တော်တော်ကြာ ပြန်ပေါ်ဦးမှာပဲ။

အကြောင်းတရားကို မဖြိမ်းဘဲနဲ့ အကျိုးတရားကို ငြိမ်းနေရင် စွန့်မှားနဲ့ တူပါတယ်

ကျန်းဝန်တွေမှာ သာသနာပ အယူဝါဒရှိတဲ့ပုဂ္ဂိုလ်တွေကို "အညတိတ္ထိယတွေ"လို့ ခေါ်တယ်၊ တစ်ပါးသော ဘာသာဂိုဏ်းဝင်ပုဂ္ဂိုလ်တွေ ဆင်းရဲငြိမ်းအောင် ဘာလုပ်သလဲဆိုလို့ရှိရင် ဒီအကျိုးတရားမှာ မဲပြီးတော့ အားထုတ်ကြတယ်၊ အကျိုးကနေပြီးတော့ အကြောင်းကို မလိုက်ဘူးပေါ့လေ၊ အကြောင်းတွေလည်း သူတို့ မရှာတတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ တိတိကျကျမသိဘူး၊ သိပြန်လည်း ဘယ်လို လုပ်ငြိမ်းရမယ် ဆိုတာ သူတို့မသိဘူး၊ မသိတော့ သူတို့က အကျိုးကနေပြီး လိုက်ကြတယ်၊ အကျိုးငြိမ်းအောင်လို့ အားထုတ်ကြတယ်တဲ့။ တချို့က ကိုယ်ခန္ဓာကြီးမှာ ကိလေသာတွေဖြစ်နေတာဟာ မကောင်းဘူးဆိုပြီး ကိလေသာတွေ ငြိမ်းအောင် ကိုယ်ခန္ဓာကြီးအပင်ပန်းခံပြီး အတ္တကိလမထာနုယောဂ အကျင့်တွေ ကျင့်ကြတာကိုး၊ အစာမစားဘဲနေတယ်၊ အင်မတန်အေးတဲ့အခါကာလမှာ ရေစိမ်တယ်၊ ပူတဲ့အခါကာလမှာ နေပူလှမ်းတယ်၊ မီးလှုံတယ် စသည်ဖြင့် ကိုယ်ပင်ပန်းအောင် ဒုက္ခတွေပေးပြီး ကိုယ်ဆင်းရဲဖြစ်နေတယ်၊ ရာဂကိလေသာတော့ အဖြစ်နည်း နေတာပေါ့လေ၊ ကိုယ်က ပင်ပန်းနေ၊ မောပန်းနေတော့ ဘယ်ရာဂ ဖြစ်နိုင်တော့ မတုံး၊ အဲဒီလို ကိလေသာငြိမ်းအောင်လို့ သူတို့လုပ်ကြတယ်တဲ့၊ အကျိုးတရားကို နှိပ်စက်ကြတယ်တဲ့၊ တစ်နည်းအားဖြင့် အကျိုးတရားတွေနဲ့ ကောင်းကင်ဘုံ ရောက်ပြီး ချမ်းသာလိမ့်မယ်ဆိုပြီးတော့ ဘုရားသခင်ကိုးကွယ်နေရုံနဲ့ ဘုရားသခင် ပညတ်တော်တွေကို လိုက်နာပြီး ကျင့်ရုံနဲ့၊ ဘယ်လိုဘယ်လိုနေရုံနဲ့ တစ်ခါတည်း ဘုရားသခင်က ကောင်းကင်ဘုံကယ်တင်ပြီး ကောင်းကင်ဘုံ ရောက်နေလိမ့်မယ် လို့ ဆိုတာ အကျိုးတရားတွေ သူတို့ရှာနေကြတာ၊ အကြောင်းတရားကို မလိုက်ဘူး၊ အကြောင်းတရား ဘယ်ကလာနေမှန်းမသိဘူး။

လူတွေ ဒုက္ခဖြစ်နေတာ ဘယ်ကလာနေမှန်းမသိဘူး၊ ဘဝသစ်ဖြစ်တာ ဘယ်ကလာနေမှန်းမသိဘူး၊ ဘဝတွေဖြစ်နေတာကိုလည်း သူတို့မသိဘူး၊ မသိတော့

http://www.dhammadownload.com

ဒီအကြောင်းကို သူတို့မလိုက်ဘူး၊ အကျိုးတရားကိုပဲ ကျင့်ကြတယ်၊ အခုလော လောဆယ်ရှိပြီးတော့ နေတဲ့ ရွှမ်နာမ်ခန္ဓာကို စဉ်းစားပြီး နောင်လည်းပဲ ဘဝ သံသရာ ကောင်းစားဖို့ရာ ဘုရားသခင်ကို အားကိုးပြီး လုပ်ကြတာကိုး၊ အကျိုး တရားကို ကျင့်ကြတယ်၊ ဘာနဲ့ တူနေသလဲဆိုရင် ကျမ်းဆရာ အဋ္ဌကထာဆရာ တွေက ဥပမာပေးထားတယ်၊ အပေးခံရတဲ့ပုဂ္ဂိုလ်က ကြိုက်တောင် တယ်ကြိုက်မှာ မဟုတ်ဘူး၊ ခွေးများနဲ့တူတယ်တဲ့။ ခွေးများဟာ အကြောင်းကို မလိုက်ဘူးတဲ့၊ ခဲနဲ့ ပစ်လိုက်ရင် ခဲကိုက်တာပဲတဲ့၊ ပေါက်တဲ့လူကို လိုက်ပြီး ကိုက်တာမဟုတ်ဘူး၊ ခဲနဲ့ပေါက်လိုက်လို့ရှိရင် အဲဒီခဲလိုက်ကိုက်တာပဲတဲ့၊ ငြိုးပြီး ဟောင်ပြီးတော့ ကိုက်တာပဲတဲ့၊ ပေါက်တဲ့လူကို မလိုက်ဘူးတဲ့၊ ပေါက်တဲ့လူမလိုက်တော့ ခဲက တစ်လုံးပြီးတစ်လုံး ပေါက်နေတော့ ခဲကိုက်လည်း နောက်တစ်ခါ ခဲတစ်လုံး ပေါက်လိုက် သွားဆီလာနေတာပေါ့၊ မငြိမ်းဘူးပေါ့၊ အကယ်၍ သူအစွမ်းသတ္တိ ရှိမယ်ဆိုလို့ရှိရင် ပေါက်တဲ့လူထံ ပြေးပြီး ကိုက်လိုက်မယ် ဆိုလို့ရှိရင် အဲဒီ လူမပေါက်ဝံ့ဘူးပေါ့၊ တစ်ခါတည်းပြေးမှာ၊ အဲဒီတော့ အကြောင်းကို မလိုက်ဘူးတဲ့၊ သာသနာပဂ္ဂိုလ်တွေက အဲဒီလိုပဲတဲ့၊ အကြောင်းမလိုက်ပဲနဲ့ အကျိုးမှာ ကျင့်တော့ ခွေးများခဲကိုက်တာနဲ့ တူတယ် ဆိုပြီးတော့ ဥပမာပေးထားတယ်၊ ဒါ ကျမ်းဆရာ တွေက ပေးထားတာ၊ ခုမှပေးတာမဟုတ်ဘူး၊ ကြာလှပြီ၊ အဋ္ဌကထာက ရှင်ဗုဒ္ဓ ယောသရေးတဲ့ဟာဆိုတာ ဘယ်လောက်ကြာ သွားပြီတုံးဆိုတော့ အနှစ်တစ် ထောင့်ငါးရာလောက် တစ်ထောင့်ခြောက်ရာလောက် ရှိသွားပါပြီ။ သူရေးသွား ခဲ့တာကိုး၊ သူ့ရှေ့ဘယ်တုန်းကနေ ပေးထားခဲ့မှန်းမသိပါဘူး။ ဒီဥပမာဟာ ကြာပါပြီ၊ ဘုရားလက်ထက်ကတည်းက ဥပမာပေးတာ တူပါတယ်၊ မြတ်စွာဘုရားကတော့ ခြင်္သေ့ မျှားလိုပဲတဲ့၊ အကြောင်းနောက်ကို လိုက်တယ်တဲ့။

လူတစ်ဦးတစ်ယောက်နေပြီး လေးနဲ့ဘာနဲ့ ပစ်ခဲ့မယ်၊ အန္တရာယ်ပြုခဲ့မယ် ဆိုရင် အဲဒီမြား၊ ဘေးရန်အန္တရာယ်တွေလာတဲ့ဟာတွေကို မလိုက်ဘူးတဲ့။ ဒါ ဘယ်ကလာသလဲ၊ ဘယ်သူက ဖြစ်သလဲလို့ ပစ်တဲ့လူကို လိုက်ရှာတယ်တဲ့၊ ပစ်တဲ့လူလိုက်ရှာပြီး ပစ်တဲ့လူတွေ့လို့ရှိရင် အဲဒီပစ်တဲ့လူကို တစ်ခါတည်း ပြေးပြီး ကိုက်တာကိုး။ အကြောင်းကို လိုက်တာ၊ အဲဒါလိုပဲ။

မြတ်စွာဘုရားများက ဆင်းရဲဒုက္ခငြိမ်းအောင်ဟာ ဆင်းရဲဒုက္ခ အစုအဝေး ဖြစ်တဲ့ အကျိုးတရားတွေအပေါ်မှာ ငြိမ်းအောင် မလုပ်ပါဘူးတဲ့၊ အဲဒီ အကျိုး

http://www.dhammadownload.com

တရားတွေ၏ အကြောင်းတရား ငြိမ်းအောင်လို့ လုပ်ရမယ်လို့ ဟောတယ်တဲ့၊ အခု ဒုက္ခတရားတွေငြိမ်းချင်လို့ရှိရင် ဒုက္ခတရားရဲ့ အကြောင်းဖြစ်တဲ့ တဏှာ သမုဒယတရား ငြိမ်းရမယ်တဲ့၊ သမုဒယ တရားငြိမ်း အောင်လို့ ဝိပဿနာတရား အားထုတ်တယ်ဆိုတာ သူငြိမ်းအောင်လို့ အားထုတ် တာပဲ၊ မြင်ရာကနေပြီး မရှုမမှတ်လို့ရှိရင် မြင်ရတဲ့အဆင်းအကြောင်း ပြုပြီးတော့ တဏှာလေးဖြစ်တယ်၊ ကြားရာကနေပြီးတော့လည်း တဏှာလေးဖြစ် နေတယ်၊ နံရာက, စားရာက, တွေ့ထိရာက တောင်းလို့ရှိရင် အကုန်လုံးဖြစ်နိုင် တယ်၊ တဏှာက အကောင်းကြိုက်တယ်၊ ကောင်းတာဆို အကုန်လုံး သူက ဖြစ်နိုင် တာချည်းပဲ၊ အဲဒါတွေမဖြစ်ရအောင်လို့ မြင်တိုင်း၊ ကြားတိုင်း၊ အကုန်လုံး လိုက်ပြီး တော့ ရှုနေရတယ်၊ မြင်တာမှတ်၊ ကြားတာမှတ်၊ နံတာ၊ တွေ့ထိတာ၊ ကွေးတာ၊ ဆန့်တာ၊ လှုပ်ရှားတာ၊ စိတ်ကူးစဉ်းစားကြံစည်တာ အကုန်လုံး လျှောက်ဖြစ်တိုင်း ဖြစ်တိုင်း မှတ်နေရတာ၊ မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ်သဘောတရားတွေပဲ ဖြစ်ပြီး ပျောက်သွားတာတွေပဲလို့ ထင်နေတယ်၊ ဘယ်တဏှာဝင်နိုင်တော့မလဲ၊ မှတ်တိုင်း မှတ်တိုင်း ဒီတဏှာက တဖက်အားဖြင့် ငြိမ်းနေတယ်၊ အဲဒီလိုငြိမ်းသွားတော့ အစဉ် အတိုင်း ဝိပဿနာ ဉာဏ်တွေ တက်ပြီးတော့ နောက်ဆုံးဘယ်ရောက်သွားလဲ ဆိုတော့ ခုနက ရုပ်နာမ်သခ်ါရ လုံးဝဆိတ်သုဉ်းငြိမ်းတဲ့ အနိမိတ္တနိဗ္ဗာန် မျက် မှောက်ပြုသွားတာကိုး၊ မျက်မှောက်ပြုသွားတဲ့အခါကာလကျတော့ ဒီတဏှာ တွေဟာ သူ့အဆင့်အတန်းလိုက် ငြိမ်းသွားတာကိုး၊ သောတာပတ္တိမဂ်ဆိုလို့ရှိရင် အပါယ်ကျလောက်တဲ့ တဏှာတွေ ငြိမ်းသွားတယ်၊ အနာဂါမိမဂ်ဆိုလို့ရှိရင် ကာမရာဂ တဏှာ တွေ ငြိမ်းသွားတယ်၊ အရဟတ္တမဂ်ဆိုရင် အလုံးစုံသော တဏှာတွေ အကုန်လုံး ငြိမ်းရမှာကိုး၊ ဒီလိုငြိမ်းအောင်လို့ မြတ်စွာဘုရားက ဟောကြားတော်မူတာ၊

ဒီလိုမငြိမ်းနိုင်သေးရင်တော့ ဘဝအသစ်အသစ်တွေ ဖြစ်ပါတယ်တဲ့၊ ဝတ္ထု ကြောင်းကလေးတစ်ခုနဲ့လည်း ဟောထားပါတယ်၊ ဒါလေးလည်း စိတ်ဝင်စား စရာကောင်းပါတယ်၊ အရင်ကလည်း ဘုန်းကြီးများတော့ ဟောတော့ ဟောဘူး ပါပြီ၊ ဒါပေမယ်လို့ ယခုပရိသတ်ထဲ မကြားဘူးတဲ့ ပုဂ္ဂိုလ်တွေ ပါကောင်း ပါ, ပါလိမ့်မယ်၊ ကြားဖူးပြီးတဲ့ ပုဂ္ဂိုလ်တွေလည်း တချို့ နည်းနည်းမေ့ကုန်ကြရော့မယ်၊ ဘာလို့တုံးဆိုတော့ ဟောတဲ့ပုဂ္ဂိုလ်တောင်မှ နောက်တစ်ခါဟောချင်ရင် ပြန်ပြီး

http://www.dhammadownload.com

လေ့လာရသေးတယ်၊ ပုံမတော် ဒီအတိုင်းစိတ်ပေါ်လာတာ ပြောလိုက်ရင် တချို့ မစုံဘူး၊ ပြည့်ပြည့်စုံစုံ မရဘူး။

ဝက်မလေးဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက ဒီအကြောင်းဝတ္ထုက စပြီးတော့ ဖြစ်ပေါ်လာပါတယ်၊ အခါတစ်ပါးမှာ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် သီတင်းသုံးစဉ်အခါကာလ ရှင်အာနန္ဒာနဲ့ ခရီးကြွသွားပြီးတော့ နေတယ်၊ ဝက်ကလေးတစ်ကောင်ကို တွေ့ပါတယ်တဲ့၊ ဝက်မလေးတစ်ကောင်တွေ့တော့ မြတ်စွာဘုရားက ဝက်မလေးအကြောင်းဖြစ်စဉ်တွေ နှလုံးသွင်း ဆင်ခြင်ပြီး ရှေးက အကြောင်းအရာတွေကို မြင်ရတော့ ကိလေသာမကင်းသေးလို့ရှိရင် ဘဝတွေ ထပ်ခါ ထပ်ခါဖြစ်ပြီးတော့ ပြောင်းလွဲသွားတတ်ပုံတွေ မြင်တယ်၊ မြင်ပြီးတော့ ရှင်လန်းတဲ့စိတ္တဇပ္ပါဒ်တွေ ဖြစ်လာတော့ ပြုံးတာကိုး၊ ပြုံးလိုက်တော့ ဒီမှာ မြတ်စွာဘုရား၏ သွားတော်တွေက တစ်ခါတည်း ရောင်ခြည်တော်တွေက ထွက်လာတယ်၊ ရှင်အာနန္ဒာက နောက်ကလိုက်လာရင်း ထွက်လာတဲ့ ရောင်ခြည်တော်တွေကို မြင်လိုက်တယ်၊ ဒီတော့ မြတ်စွာဘုရားပြုံးတော်မူတာပဲလို့ ဘာအကြောင်းရှိသလဲ မသိဘူး၊ အကြောင်းရှိလို့ပဲ ဆိုပြီး မြတ်စွာဘုရားကို လျှောက်တယ်၊ "အရှင်ဘုရား မြတ်စွာဘုရား ဘာအကြောင်းပြုပြီးတော့ ပြုံးတော်မူ ပါသလဲ" လို့ ဆိုတော့ မြတ်စွာဘုရားက "အာနန္ဒာ ကြည့်စမ်း-တဲ့၊ ဟိုမှာ ဝက်လေးမြင်လား-တဲ့၊ ဝက်မကလေးမြင်ရဲ့လား"လို့ မြင်ပါဘုရာ့။

ဝက်မကလေးဟာ-တဲ့ . . ကကုသန်မြတ်စွာဘုရားလက်ထက်တုန်းက သူဟာ သူလူဖြစ်ခဲ့တာပဲတဲ့၊ ကကုသန်မြတ်စွာဘုရားဆိုတာ ခု ဒီကမ္ဘာမှာပွင့်တော်မူတဲ့ဘုရားထဲမှာ ပထမဆုံး ဘုရားပေါ့လေ။ ဘုရားလေးဆူထဲမှာ ကကုသန်ဘုရား ရှေးဦးစွာ ပွင့်တယ်၊ ကကုသန်ဘုရားပွင့်ပြီးတော့ သာသနာကွယ်သွားရော၊ သာသနာကွယ်ပြီးတော့ သက်တမ်းတွေ ဆုတ်ယုတ်ပြီးတော့ (၁၀)နှစ်တမ်းရောက်အဲဒီကနေပြီး တစ်ခါပြန်ပြီးတော့ လူတွေ ကောင်းကောင်းမွန်မွန်ကျင့်လို့ အသက်တမ်းတွေ ရှည်ပြီးတော့လာတာ၊ အသင်္ချေယျတမ်းကနေပြီးတော့ အသက်တမ်းတွေ ဆုတ်ယုတ်လာတဲ့အခါကျတော့မှ (၃)သောင်းတန်းမှာပေါ့လေ။ အနှစ် (၃)သောင်းတမ်းမှာ ကောဏာဂုံဆိုတဲ့ မြတ်စွာဘုရား ပွင့်တယ်၊ ကကုသန်မြတ်စွာ

http://www.dhammadownload.com

ဘုရားက အနှစ် (၄)သောင်းတမ်း ပွင့်တယ်၊ အဲဒီမှာလည်းပဲ မြတ်စွာဘုရား ပွင့်ပြီးတော့ နှစ်ပေါင်းများစွာ သာသနာတော်ထွန်းကားပြီးတော့ နေတာ၊ ကြာတော့ နောက်သာသနာကွယ်သွားရော၊ သတ္တဝါတွေလည်း အသက်ဆုတ်ယုတ်ပြီးတော့ ဒီလို (၁၀)နှစ်တမ်းရောက် တစ်ခါပြန်တက်တက်လို့ အသချေ်ယျ မရေမတွက်နိုင်သော အသက်တမ်း၊ အဲဒီကနေပြီး ပြန်ဆုတ်လာတော့ အနှစ် (၂)သောင်းတမ်းရောက်လာရော၊ အဲဒီကျတော့ ကဿပမြတ်စွာဘုရား ပွင့်တော်မူတယ်။

ကဿပမြတ်စွာဘုရားပွင့်ပြီးတော့ ကဿပမြတ်စွာဘုရား သာသနာဟာလည်းပဲ အခုထက်ကြာတာပေါ့၊ အခုကာလတော့ အနှစ်ဘာမှ မများသေးပဲ အနှစ် (၃)ထောင်မှ မပြည့်သေးပဲ၊ ဟိုတုန်းက အသက်တမ်းကလည်း ရှည်တာကိုး၊ ဒီမှာ သာသနာတည်နေပြီးတော့ နောက်ပိုင်းကျတော့ လူတွေက သာသနာနဲ့ မထိုက်တန်တဲ့ လူတွေလက်ထဲဆိုတော့ သာသနာဆိုတာ ကွယ်တယ်၊ သာသနာက အမြဲတမ်းတည်နေတာ မဟုတ်ဘူး၊ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ, ရွေးကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်တွေ သာသနာကို ကြည်ညိုနိုင်လောက်တဲ့ သဒ္ဓါ ဆန္ဒ စသည့် အင်အားရှိတဲ့ ပုဂ္ဂိုလ်တွေရှိသမျှ ကာလပတ်လုံး ဒီသာသနာတည်နေတာ၊ အရပ်ဒေသမှာလည်းပဲ ဒီလိုပုဂ္ဂိုလ်တွေမရှိဘူးဆိုရင် ဒီသာသနာကွယ်ကွယ်သွားတယ်၊ ပျောက်ပျောက်သွားတယ်၊ ဘာနဲ့တူနေလဲဆိုရင် အဖိုးတန်နဲ့ ရတနာတွေနဲ့ တူတယ်၊ အဖိုးတန်တဲ့ ရတနာတွေဟာ လူတိုင်းလူတိုင်း ရှိတာမဟုတ်ဘူး၊ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်မှ ရှိတာ၊ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေမှ အဖိုးတန်တဲ့ ရွှေငွေစိန်ကျောက်ဆိုတာတွေ ဒီလိုဟာတွေ သုံးရစွဲရတာကို၊ ရွှေငွေစိန်ကျောက်တွေ, လက်ဝတ်လက်စားတွေ ဆင်ပြင်ထားတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်ပဲ၊ ဘုန်းကံမရှိတဲ့ပုဂ္ဂိုလ်တွေ ဘယ်ဆင်စရာရှိလိမ့်မှာတုံး၊ ဘာမှဆင်စရာမရှိဘူး၊ စားဖို့, သောက်ဖို့တောင် အင်မတန်ကြိုးစားနေရတယ်၊ ရတနာတွေဟာ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်များမှာ တည်သလိုပဲ သာသနာနဲ့စပ်တဲ့ တရားရတနာတွေလည်း အဖိုးတန်တဲ့တရားတွေပဲတဲ့။

ဒါကြောင့်မို့ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ၊ ရွေးရွေးသော ဘဝတွေက ပါရမီတွေ ဖြည့်ဆည်းဖူးတဲ့ ကုသိုလ်ကံရှိတဲ့ပုဂ္ဂိုလ်တွေ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်လောက်တဲ့ ပါရမီအခြေအနေရှိနေတဲ့ပုဂ္ဂိုလ်တွေလက်ထက်မှာ ဒီသာသနာတွေက တည်

http://www.dhammadownload.com

နေတာ၊ အဲဒီပုဂ္ဂိုလ်တွေ ဖြစ်ရာဌာနအရပ်ဒေသတွေမှာ သာသနာက ထွန်းကားပြီး တည်နေတာ၊ ဒီပုဂ္ဂိုလ်တွေ မရှိဘူးဆိုရင် သာသနာက ကွယ်သွားတာပဲ။ သာသနာကွယ်သွားတော့ သာသနာရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အပြင်ဘက် ပုဂ္ဂိုလ်တွေကတော့ သူတို့အစွမ်းကောင်းလို့, သူတို့သာသနာကောင်းလို့ ကြီးပွားလာတယ် အောက်မေ့မှာပေါ့၊ သူတို့က သာသနာရှိတယ်၊ သူတို့ကလည်း သာသနာပြုတယ်၊ ကောင်းတဲ့သာသနာတွေ ပျောက်သွားတယ်၊ သူတို့ဟာ မကောင်းတဲ့ သာသနာတွေကို ကောင်းတဲ့သာသနာ ခေါ်မှာပေါ့လေ။ သူတို့ဟာနဲ့သူတို့ကတော့ တစ်ခါတည်း ထွန်းကားအောင် လုပ်တော့ သာသနာကောင်းတွေက ကွယ်သွားခဲ့တယ်၊ ဘုန်းကံမရှိတဲ့ပုဂ္ဂိုလ်တွေလက်ထက်ကျတော့ သာသနာကွယ်တယ်။ အဲဒီလို သာသနာကွယ်သွားပြီးတဲ့နောက်လည်း ဒီလိုတဖြည်းဖြည်း ဆုတ်ယုတ် ဆုတ်ယုတ်လာတာ (၁၀)နှစ်တမ်းရောက်လာတယ်၊ (၁၀)နှစ်တမ်းကနေပြီး တစ်ခါပြန်တယ်၊ အနှစ်မရေမတွက်နိုင်တဲ့ အသင်္ချေယျတမ်း၊ အဲဒီကနေ တစ်ခါပြန်ဆုတ်လာတော့ အနှစ် (၁၀၀)တမ်းကျမှ ဂေါတမမြတ်စွာဘုရားက ပွင့်တာကိုး။

အခု သက်တမ်း (၁၀၀)တမ်းကနေပြီး နည်းနည်း ဆုတ်လာပြန်ပြီ၊ ဒီသာသနာကွယ်သွား တဖြည်းဖြည်းနဲ့ နောက်ဆုတ်သွားမယ်၊ အဲဒီက ဆုတ်သွားပြီတော့ တစ်ခါပြန်တက်လာတော့မှ တက်ရာကနေ တစ်ခါပြန်ဆုတ်လို့ အနှစ်တစ်သိန်းတမ်းရဲ့အောက် (၈)သောင်းတမ်းကျတော့မှ အရိမေတ္တေယျ မြတ်စွာဘုရားပွင့်မယ်၊ ဘုရားငါးဆူပွင့်မယ်၊ အဲဒီဘုရားငါးဆူမှာ ကကုသန်မြတ်စွာဘုရားလက်ထက်က လူဘဝကနေပြီး ခုနကပြောခဲ့တဲ့ ဝက်မလေးဖြစ်မယ့်ပုဂ္ဂိုလ်က ဟိုတုန်းက လူဘဝက၊ လူဘဝကနေပြီး သေတော့ အကြောင်းအားလျော်စွာ သူဘာကံရှိတယ် ဆိုတော့ စာက ဆိုမထားလို့ ဘုန်းကြီးက ခန့်မှန်းပြောလို့ မဖြစ်ဘူး၊ သူအကုသိုလ်ကံရှိလို့နေမှာပေါ့၊ သေတဲ့အခါကာလမှာ ကြက်မဖြစ်ရတယ်တဲ့။ ရဟန်းတစ်ပါး တရားကျင့်သုံး အားထုတ်ပြီးတော့ နေတဲ့ ကမ္ဘဏ်းကျောင်းအနီးမှာ ကြက်မဖြစ်တယ်တဲ့။ အဲဒီကျောင်းက တရားကျင့်သုံးအားထုတ်ပြီးတော့ နေတဲ့ ယောဂီရဟန်းက ကမ္ဘဏ်းတွေ ရွှတ်ဖတ်သရဖျာယ်တဲ့အခါလည်း ရှိပါလိမ့်မယ်၊ မရွှတ်ဖတ်ဘဲနဲ့ ဒီအတိုင်းအားထုတ်နေတာလည်း ရှိပါလိမ့်မယ်၊ သူက ရွှတ်ဖတ်တဲ့အခါ ရွှတ်ဖတ်ပါလိမ့်မယ်၊ တရားစာတွေ ရွှတ်ဖတ်တော့ ကြည်ညိုတဲ့စိတ်ကလေးဖြစ်တတ်တဲ့၊ ကြက်မက လူဘဝက လာတာကို၊ နည်းနည်းတော့ သိမှာ

http://www.dhammadownload.com

ပေါ့လေ၊ အဲဒီကြက်ဖြစ်တဲ့ဘဝကနေပြီးတော့ ဘယ်လောက်ကြာတယ်လို့တော့ မပြောတတ်ဘူး၊ တော်တော်တော့ကြာမှာပါပဲနဲ့ တူပါတယ်၊ ကြက်အကြီးကြီး ဆိုလို့ရှိရင်ဖြင့် သူခလေးတွေဘာတွေလည်း ရှိချင်ရှိမှာပေါ့၊ ကြက်တွေ ဥပြီး သကာလ ကလေးတွေဘာတွေနဲ့ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့၊ ဒါကတော့ မပါဘူး၊ ဒါကတော့ မပြောဘူး၊ ဟိုက ခေါင်းစဉ်အတိုချုပ်ပြောမယ်။

အဲဒီမှာ သိန်းဌက်က ကုတ်လို့တဲ့၊ သိန်းဌက်တို့ လင်းယုန်တို့ဆိုတာတွေက ကြက်တွေ ဘာတွေကို စားတယ်၊ အထူးအားဖြင့်တော့ လင်းယုန်တွေက ကုတ်တတ်တယ်၊ အဲဒီသိန်းဌက် လင်းယုန်က ကုတ်ပြီးတော့ သူ့ကို သတ်ဖြတ်ပြီး စားလို့ သေရတယ်တဲ့၊ အဲဒီက သေတော့ ခုနက ဟိုကမ္မဋ္ဌာန်းတရား ရွတ်ဖတ်သရဇ္ဈာယ် တာတွေကို ကြားနာစဉ်တုန်းက စေတနာလေးရှိတာကို ပြန်ပြီးသတိရပြီးတော့ ကုသိုလ်စေတနာလေးနဲ့ စိတ်ကြည်ကြည်လင်လင်နေလာတော့ လူဘဝတစ်ခါ ပြန်ရောက်တယ်။

ရာဇဂြိုဟ်ပြည်မှာ မင်းသမီးဖြစ်တယ်တဲ့၊ မင်းမျိုးထဲမှာ ဖြစ်တယ်တဲ့၊ မင်းမျိုးထဲမှာဖြစ်လို့ သာသနာကတော့ ရှိဦးမှာပါ၊ ဒီတုန်းက သာသနာရှိနေတဲ့ အခါကာလကြီးဖြစ်ပါတယ်၊ ဒါပေမယ့် သူကတော့ ပရိဝိုဇ်ကျောင်းမှာ ပရိဝိုဇ် ပြုတယ်လို့ ဆိုတယ်၊ ရသေ့မပေါ့၊ ရသေ့မ ပရိဝိုဇ်မပြုတော့ အိမ်သာမှာဝင်ရင်း ပိုးလောက်လန်းတွေမြင်ရတော့ အဲဒီပိုးလောက်တွေကို ရှုပြီး ပထမစျာန် ရသွား တယ်၊ ဥပစာရစျာန်ကနေပြီး ပထမစျာန် စသည်ကို ရတယ်၊ လူသေကောင်မှာ ရှိနေတဲ့ ပိုးလောက်တွေကို ရှုရင်တော့ ပုဋ္ဌဝက ကမ္မဋ္ဌာန်း ဖြစ်ပါတယ်၊ ဒါပေမယ် လို့ ပိုးလောက်မရှိရင်လဲ ဖြူဖြူအဆင်းတွေမြင်ရတယ်၊ အဲဒါဖြူဖြူအဆင်း ကသိုဏ်းဆိုရင်တော့ သြဒါတကသိုဏ်းလည်း ဖြစ်မှာပေါ့၊ စျာန်ရတာကတော့ဖြင့် သူရသွားတာပဲ။ အဲဒီကသွားပြီးတော့ အဲဒီဘဝက သေသွားတဲ့အခါကာလမှာ စျာန်ကုသိုလ်၏အစွမ်းအာနုဘော်ကြောင့် ပြဟ္မာ့ဘုံရောက်သွားတယ်တဲ့၊ ပြဟ္မာ ဖြစ်တယ်။

ကုသိုလ်ကောင်းမှုတွေဆိုတာ အားတော့ကောင်းတယ်၊ ကြက်ဖြစ်နေရာက တရားနာတယ်၊ တရားဆိုလည်း ကျကျနန နာတာ မဟုတ်ပါဘူး၊ အခုလို ကျကျနန တရားရှိရှိသေသေနာတာ ဘယ်ဟုတ်မလဲ၊ ဟိုကရွတ်ဖတ် သရဇ္ဈာယ်တဲ့ အသံလေး

http://www.dhammadownload.com

ကြားလို့ စိတ်ထဲက ကြည်ညိုပြီးသွားတဲ့ စေတနာလေးလောက်ဖြစ်သွားတာပဲ၊ အဲဒါလေးကလည်း သူက အကျိုးပေးတာပဲ၊ ဆင်းရဲတဲ့ဘဝကနေပြီးတော့ ချမ်းသာတဲ့ဘဝသို့ ပို့ဆောင်ပြီးတော့ ပေးနေတယ်၊ အဲဒီကနေပြီး တစ်ခါ ပရိုဗိုဇ်မ ပြုရာကနေပြီးတော့ ပုဋ္ဌဝက ပိုးလောက်တွေကို အာရုံပြုပြီးတော့ ဩဒါတကသိုဏ်း ဖြစ်စေ၊ (သို့မဟုတ်) ပုဋ္ဌဝကကမ္မဋ္ဌာန်း ဖြစ်စေပေါ့လေ၊ အဲဒီကနေပြီး ဈာန်တရား ရသွားတယ်၊ ဒီဈာန်အဟုန်ကြောင့် ပြဟ္မာဘုံရောက်သွားတယ်တဲ့၊ ပထမဈာန် ပြဟ္မာဘုံ၌ ပြဟ္မာဖြစ်သွားတယ်၊ ပြဟ္မာဆိုတော့ ယောက်ျား မိန်းမရယ်လို့တော့ မဟုတ်ဘူး၊ ပုံသဏ္ဌာန်ကတော့ ယောက်ျားအခြေအနေရှိတယ်ပေါ့လေ၊ အမြင်အားဖြင့် ကာမရာဂကို သုံးဆောင်ခံစားတဲ့ အခြေအနေမျိုးတော့ မဟုတ်ပါဘူး၊ ကာမရာဂ ကိလေသာ မရှိဘူး၊ ပြဟ္မာဆိုတာ ချမ်းသာတယ်၊ မျက်စိရှိတယ်၊ နား ရှိတယ်၊ နှာခေါင်းက ပုံသဏ္ဌာန်တော့ ရှိတယ်၊ ဒါပေမယ်လို့ အဲဒီအနံ့တွေ ဘာ တွေက ကောင်းလဲ မနံဘူး၊ မကောင်းလဲ မနံဘူး၊ အနံ့နံတဲ့ သဘောမရှိဘူး၊ လျှာကတော့ စကားပြောဖို့ရာ လျှာပါးစပ်တော့ ရှိပါတယ်၊ ဒါပေမယ်လို့ လျှာက အရသာခံစားတဲ့သဘော မရှိဘူး၊ စားလည်း မစားဘူး၊ စားချင်စိတ်လည်း မရှိဘူး၊ တချို့က မစားရဘူးဆိုတော့ဟာ တော်တော်ဆာလောင်နေမှာပဲ အောက်မေ့ချင် အောက်မေ့မယ်၊ အခုဟာက ဆာလည်း မဆာဘူး၊ စားချင်တဲ့စိတ်လည်း မရှိဘူး၊ ဒါတွေ စားဖို့ကလည်း မလိုဘူး၊ သူက သိပ်နေရာကျတာ၊ လျှာအရသာကို ခံစား တတ်တဲ့သဘောမရှိဘူး၊ ပုံသဏ္ဌာန်လျှာက ရှိတယ်။

ကိုယ်ကြီးအကောင်အထည်ကြီးတော့ ရှိတယ်၊ သို့သော် အတွေ့အထိကို ခံစားတဲ့ ကာယပသာဒရုပ် မရှိဘူး၊ ကောင်းတာတွေ့ ထိလို့ ကောင်းတယ်လို့ သာယာမှု မဖြစ်ဘူး၊ မကောင်းတာတွေ့ထိလို့ မကောင်းဘူးလို့ သာယာမှုမဖြစ်ဘူး။ ကောင်းတာ, မကောင်းတာတွေ သာယာမှု, မသာယာမှု မဖြစ်ဘူး၊ အတွေ့အထိ ဘာမှလည်း မရှိဘူး၊ ပြဟ္မာဆိုတာ ကာမရာဂဖျာပါဒတွေနဲ့ စပ်ပြီး သူက အေး ငြိမ်းမှုရနေပါတယ်။ အခိုက်အတန့်တော့ ငြိမ်းနေတာပဲ၊ အမြဲတမ်းမဟုတ်လို့သာ အဲဒီပြဟ္မာဘဝရောက်ခဲ့တယ်တဲ့၊ ပြဟ္မာဘဝကလည်းပဲ ပထမဈာန်ဘုံဆိုတာ အသက်တမ်းက အောက်ထစ်ဆိုလို့ရှိရင် ကမ္ဘာရဲ့ (၃)ပုံ (၁)ပုံ ရှိတယ်တဲ့၊ အသန္ဒေါ်ယျကပ်ရဲ့ (၃)ပုံ (၁)ပုံ အသက်ရှည်တယ်၊ အဲဒီတော့ သူက အောက်ထစ် ဆုံးဖြစ်မှာပေါ့၊ အလတ်စားဆိုရင် ဆန္ဒ ဝီရိယ အလတ်စားနဲ့ ပွားများလို့ရှိရင်

http://www.dhammadownload.com

အလတ်ဖြစ်တယ်၊ ကမ္ဘာရဲ့တစ်ဝက်လောက် အသက်ရှည်တယ်၊ အလွန်အကဲဆုံး, အကြီးဆုံးဆိုတော့ ဆန္ဒဝိရိယတွေ အထက်သန်ဆုံးဖြစ်တယ်၊ အင်မတန်ကို ထိပ်တန်းကနေပြီး အားထုတ်သွားတဲ့ပုဂ္ဂိုလ်တွေ အသခ်ျနဲ့ကမ္ဘာတစ်သိန်း ရှိတယ်၊ ခုဟာတော့ အောက်ထစ်ဆုံးဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်မို့ ပြဟ္မာဘဝကလည်း အသက်တမ်းကုန်တဲ့အခါကျတော့ စုတေရပြန်တာပဲ။

နှစ်နဲ့တွက်မယ်ဆိုရင်တော့ အနှစ်သိန်းပေါင်းသန်းပေါင်းလည်း အများကြီးနေမှာပေါ့၊ အကြာကြီးနေမှာပါပဲ၊ သိန်းပေါင်း သန်းပေါင်း အများကြီးနေမယ်၊ အဲဒီကနေ စုတေပြန်တော့ ဘယ်ရောက်လာလဲဆိုတော့ တစ်ခါ လူပြည်ပြန်ရောက်တယ်၊ ပြဟ္မာ့ဘဝက စုတေရင် ပြဟ္မာမဖြစ်မီဘဝတုန်းက ရခဲ့တဲ့ ဈာန်ရဲ့ဥပစာရဈာန်ဇော ကုသိုလ်တွေ ဆိုတာ ရှိတယ်၊ အဲဒီကုသိုလ်၏အစွမ်းအာနုဘော်ကြောင့် လူဖြစ်ရင်လည်း ဖြစ်တယ်၊ နတ်ဖြစ်ရင်လည်း ဖြစ်တယ်၊ တိရစ္ဆာန် အပါယ် (၄)ဘုံတော့ မသွားဘူး၊ သုဂတိဘုံတွေမှာ ဖြစ်တယ်၊ သူဌေးမျိုးမှာ လာပြီးတော့ ဖြစ်တယ်တဲ့၊ သူဌေးမျိုးက ဖြစ်ပြီးတော့ အဲဒီဘဝက စုတေတဲ့အခါကာလကျတော့ ကံမကောင်း အကြောင်းမသင့်တော့ ဘာအကြောင်းရယ်လို့တော့ မပြောတတ်ဘူး၊ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ ဝက်ကလေးလာပြီးတော့ ဖြစ်နေတယ် ဆိုတာကိုး၊ ဝက်မျိုးလာပြီးတော့ ဖြစ်တယ်၊ ဝက်ဆိုတာ သိပ်အသက်ရှည်တဲ့ အကောင်မှ မဟုတ်ပဲဘဲ၊ ဘုရားလက်ထက်မှာ ဝက်ကလေးဖြစ်တော့ ဘုရားလက်ထက်မှာပဲရှိမှာပဲ ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီထားတယ်၊ ဒီဆောင်ပုဒ်ကတော့ဆိုဦးမှ နေရာကျမယ်၊ ဒါမှ မှတ်မိမှာကိုး။ မနည်းဘူး သူဘဝတွေက တစ်ဆယ့်သုံးဘဝတောင်ရှိတယ်၊ ဘဝတွေ တစ်ခုတစ်ခုဝင်လာပုံတွေ၊ ကဲ . . ဆို ရမယ်။

* **လူဝင်စစ်က၊ ကြက်မဖြစ်ပြီ။**
မင်းသမီးတစ်ခါ၊ ပြဟ္မာသူဌေး ဝက်တလေးမှာ။ (ဆို - သုံးခေါက်)

လူဘဝကနေပြီးတော့ ကြက်ဖြစ်ခဲ့တယ်၊ ကြက်မဘဝက နေပြီးတော့ မင်းမျိုးထဲဖြစ်လို့ မင်းသမီးဖြစ်ခဲ့တယ်၊ မင်းသမီးဘဝကနေပြီးတော့ ပရိဗိုဇ်ရသေ့ရဟန်းပြုပြီးတော့ ဈာန်ရပြီးတော့သွားတာနဲ့ ပြဟ္မာဖြစ်သွားတယ်၊ တက်ချင်တဲ့ အခါလည်း တက်သွားတာပဲ၊ သံသရာမှာ နိမ့်ချိမြင့်ချိဆိုတာ ရှိနေတာပဲ။ ကဲ

http://www.dhammadownload.com

ကောင်းနေတဲ့အခါ တက်သွားတယ်၊ ကံမကောင်းတဲ့အခါ ကျတယ်၊ ငြဟ္မာဖြစ်တယ်၊ ငြဟ္မာဘဝကနေပြီးတော့ တစ်ခါစုတေလာပြန်ရော၊ ငြဟ္မာကလည်း အမြဲတမ်းတည်နေတာ မဟုတ်ပဲဟာကို၊ အသက်ရှည်သွားတာတော့ ကောင်းတော့ အကောင်းသားပေါ့၊ ဒါပေမယ့် သူက အမြဲတမ်းတော့ မတည်ဘူး၊ သူ့ဟာကတော့ အောက်တန်းငြဟ္မာ ရှိသေးတယ်၊ အထက်တန်းငြဟ္မာတွေလည်းပဲ ကြာတော့ စုတေတာပါပဲ၊ သူလည်းပဲ အမြဲတမ်း တည်နေတာ မဟုတ်ပါဘူး၊ ငြဟ္မာ့ဘဝက စုတေလာတော့ ဘာဖြစ်လာတုံးဆို၊ လူပြည်ရောက်လာ သူဌေးသမီးဘဝက စုတေပြန်တော့ ဘာဖြစ်သလဲဆို တစ်ခါ ဝက်ကလေးဖြစ်တယ်၊ ဒါကို အကြောင်းပြုပြီးတော့ ရှေးကပညာရှိတွေက သံဝေဂရဖို့ရာ စပ်ဆိုထားကြတယ်၊ "ငြဟ္မာဖြစ်လို့၊ တဝင်းဝင်း၊ ဝက်စားကျင်းမှာ၊ တမြုံ့မြုံ့"၊ သံသရာမှာ ကျင်လည်နေတဲ့ သတ္တဝါတွေဟာ စိတ်မချရဘူးဟုတ်လား၊ တို့ဖြစ်နေတာပဲ၊ အဆင့်အတန်း မြင့်တဲ့ ဘဝရနေတာပဲ၊ သူတော်ကောင်းကြီး ဖြစ်နေတာပဲ ဆိုပြီးတော့ စိတ်မချရဘူးတဲ့၊ ငြဟ္မာဖြစ်ပြီးတော့ နေတာတောင်မှ ဝက်ဖြစ်နိုင်သေးတယ် ဆိုတာ ဒီအဓိပ္ပါယ်ကို ဖော်ပြပြီးတော့ ရေးထားကြတာကို၊ "ငြဟ္မာဖြစ်လို့၊ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တမြုံ့မြုံ့"တဲ့။

ငြဟ္မာကလည်း ဝက်ဖြစ်နိုင်တယ်လို့ ဆိုမှာပေါ့၊ ဒါပေမယ်လို့ ငြဟ္မာက သေသေချင်းတော့ မဖြစ်ပါဘူး၊ ငြဟ္မာက စုတေလာလို့ရှိရင် လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း ဖြစ်ရမယ်၊ လူဘဝ နတ်ဘဝကမှတစ်ဆင့် အကုသိုလ်ကံ ရှိလို့ရှိရင်တော့ ဝက်လည်း ဖြစ်နိုင်တယ်၊ ကြက်လည်း ဖြစ်နိုင်တယ်၊ တိရစ္ဆာန်တွေ ဘာမဆို ဖြစ်နိုင်တယ်၊ ကျွဲ နွား ခွေး အကုန်လုံး ဖြစ်နိုင်တယ်၊ ငရဲလည်း ကျနိုင်သေးတာပဲ၊ ဘာမှစိတ်မချရဘူး၊ ကောင်းကောင်းမွန်မွန် ကျင့်သုံးသွားလို့ရှိရင်လည်းပဲ လူဘဝကနေပြီး တစ်ခါပြန်ပြီး ငြဟ္မာလည်း ဖြစ်နိုင်ပါတယ်၊ ကျင့်သုံးမှုအပေါ်မှာ တည်တယ်၊ ဘာနဲ့တူနေလဲဆိုတော့ လှေပေါက်လှေကွဲမျှား စီးတာနဲ့တူတယ်တဲ့၊ သံသရာထဲမှာ လှေပေါက်လှေကွဲက ရေက အမြဲဝင်နေတော့ ရေတွေ အမြဲခပ်ထုတ်ရတယ်။ ရေခပ်မထုတ်ဘဲနဲ့ အမှုမဲ့ အမှတ်မဲ့နေရင် တဖြည်းဖြည်း ရေပြည့်ပြီးတော့ မြုပ်သွားမှာကိုး၊ အဲဒါလိုပဲ သံသရာထဲ ကျင်လည်နေတဲ့ ပုဂ္ဂိုလ်တွေက လူချမ်းသာ နတ်ချမ်းသာ ငြဟ္မာချမ်းသာတွေ ဆိုတာ ရအောင် အမြဲတမ်း အားထုတ်နေရတယ်၊ ဒါန, သီလ, ဘာဝနာကုသိုလ်တွေ ကြောင့်ကြပျာပါရ

http://www.dhammadownload.com

စိုက်နေရတယ်၊ အကုသိုလ်ကံတွေ အမြဲတမ်း ကြဉ်ရှောင်နေရတယ်၊ ဒါမှမဟုတ်လို့ ရှိရင် အကုသိုလ်ကံတွေ ဘာတွေ ရေတွေ ဝင်လာသလိုပဲ၊ အကုသိုလ်ကံတွေက ဝင်လာလို့ရှိရင် အပါယ် (၄)ပါး ကျသွားပြန်တာပဲ၊ ဒါကြောင့်မို့ ဒီမှာ ငြဟ္မာ ဖြစ်ပြီးတော့ ဝက်လည်း ဖြစ်သွားပါတယ်တဲ့၊ အဲဒါကို မြတ်စွာဘုရားက မြင်လို့ ရှင်အာနန္ဒာက မိန့်တယ်တဲ့။

သံသရာဆိုတာ ကြောက်စရာပါပဲ

ကြည့်စမ်းတဲ့ . . . ဒီဝက်မလေးဟာ ရှေးက လူဖြစ်ခဲ့တယ်၊ လူဘဝက နေပြီးတော့ ယောဂီအားထုတ်တဲ့ရဟန်းကမ္မဋ္ဌာန်းကျောင်းအနီးမှာ ကြက်မ ဖြစ်ခဲ့တယ်၊ အဲဒီက ကမ္မဋ္ဌာန်းတရားတွေ ကြားနေပြီးတော့ ခုလို ဒေဿနာ၏ အစွမ်းကြောင့် သေတဲ့အခါကာလကျ မင်းမျိုးထဲမှာ ဖြစ်လို့ မင်းသမီးဖြစ်ခဲ့တယ်၊ အဲဒီက နေပြီးတော့ ပရိဗိုဇ်ရဟန်းပြုလို့ ဈာန်ရသွားတော့ ငြဟ္မာပြည်မှာ ဖြစ်တယ်တဲ့။ ငြဟ္မာပြည်ကနေပြီး စုတေလာပြန်တော့ တစ်ခါလူပြည်ရောက်တော့ သူဌေးမျိုးဖြစ်လို့ သူဌေးသမီးဖြစ်ပါတယ်တဲ့၊ အဲဒီသူဌေးသမီးဘဝကနေပြီး စုတေတဲ့ အခါကာလကျတော့ ဝက်မဖြစ်တယ်တဲ့။ သံသရာကြောက်စရာကောင်းပုံပေါ့လေ၊ ဘဝတွေ ပြောင်းလဲပြီးတော့ လာတော့ အဆင့်အတန်းမြင့်ရာကနေပြီးတော့ နိမ့်ရက္ခ၊ နိမ့်ရာကနေပြီး မြင့်ရာရောက်၊ အဲဒါ အားလုံးသောပုဂ္ဂိုလ်တွေလည်း ဒီနည်းအတိုင်းပဲ အကုန်လုံးဆိုင်တယ်၊ ဟာ . . . တို့နဲ့ မဆိုင်ပါဘူး ဟိုတုန်းကဟာ ဟိုတုန်းက တခြားပဲလို့ ဒီလိုမဟုတ်ဘူး၊ အကုန်လုံးဆိုင်တယ်၊ အရိယမဂ်ဖိုလ် တရားမရသေးလို့ရှိရင် အဲဒီလိုသွားနေမှာပဲ၊ အဖျင်းဆုံး သောတာပတ္တိမဂ်ကို ရပြီးတဲ့ ပုဂ္ဂိုလ်တော့ စိတ်ချရတာပေါ့၊ ဒါမှမဟုတ်ရင် ဘဝသံသရာတွေက သွားနေတယ်၊ ဘဝသံသရာတွေက အကုသိုလ်ဒုစရိုက်ရှိရင် ယုတ်ညံ့တဲ့ဘဝတွေလည်းပဲ ကျချင်လည်း ကျသွားနိုင်တာပဲ။ ဘယ်သူမှ တာဝန်မခံနိုင်ဘူး၊ အမေကလည်း တာဝန်မခံနိုင်ဘူး၊ အဖေကလည်း တာဝန်မခံနိုင်ဘူး၊ ဆရာသမားတွေက တာဝန်မခံနိုင်ဘူး၊ ဆွေမျိုးတွေကလည်း တာဝန်မခံနိုင်ဘူး၊ ဘယ်သူမှ တာဝန်မခံနိုင်ဘူး၊ ကိုယ်ပြုထားတဲ့ ကုသိုလ်လေးသာလျှင် ကိုယ်အားကိုးရာ အားထားရာ ရှိတယ်၊ ဒါန, သီလကုသိုလ်လေးတွေ တောင့်တောင့်တင်းတင်းရှိတဲ့ပုဂ္ဂိုလ်တွေတော့ ဘဝမျာစွာတွေ ကောင်းစားချမ်းသာပြီးတော့ သွားနေမှာပေါ့၊ ဒါန သီလ

http://www.dhammadownload.com

မတောင့်တင်းတဲ့ပုဂ္ဂိုလ်တွေဟာ အောက်ပိုင်းချည်းထဲပဲ ညံ့တဲ့ဘဝတွေ ကျကျသွားပါတယ်။

မသေချာတဲ့ အခြေအနေကနေ သေချာတဲ့အနေ ရောက်ကြရအောင် တရားအားထုတ်ကြပါ။

မြတ်စွာဘုရား၏သာသနာမှာ ခိုင်မြဲတည်တံ့တဲ့ အရိယမဂ်ဖိုလ် တရားရထားပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ စိတ်ချရတယ်၊ ဒါက အရေးကြီးပါတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရား၏ သာသနာနဲ့ တွေ့တဲ့အခါကာလမှာ ဒီလိုယုတ်ညံ့တဲ့ အပါယ်ဘဝတွေကို မကျရောက်ရအောင် အပါယ်လေးပါးက အစဉ်ထာဝရ လွတ်မြောက်ရအောင်လို့ ဝိပဿနာဘာဝနာတရားတွေ အားထုတ်ရတာကိုး၊ အားထုတ်တော့ (၁၅)ရက်၊ တစ်လ၊ တစ်လခွဲ၊ (၂)လ စသည်ဖြင့် အပင်ပန်းဆင်းရဲခံပြီး အားထုတ်လိုက်ရင် မသေချာတဲ့အခြေအနေကနေပြီးတော့ သေချာတဲ့အခြေ အနေရောက်သွားတယ်၊ အပါယ်လေးပါးမကျနိုင်တဲ့ အဆင့်အတန်း စိတ်ချရတဲ့ အဆင့်အတန်းရောက်သွားတယ်၊ ဒါကြောင့်မို့ ကြိုးစားပြီး အားထုတ်ကြရတယ်၊ တရားအားထုတ်ရတဲ့ပုဂ္ဂိုလ်တွေ အင်မတန်ဝမ်းသာစရာကောင်းတယ်၊ သူတို့မှာ တစ်သံသရာလုံးလျှောက်ပြီး အပါယ်လေးပါးနဲ့ အမွေမကွဲဘဲနဲ့ ဖြစ်ပြီးတော့ နေတဲ့သံသရာထဲမှာ အပါယ်လေးပါးကို ခဏခဏကျပြီးတော့နေတဲ့ သံသရာထဲမှာ ဒီလိုအဖြစ်မျိုးတွေ မဖြစ်ရအောင်လို့ တို့တရားတွေ အားထုတ်ရတယ်၊ ကျင့်ရတယ်ဆိုပြီးတော့ မပြည့်စုံသေးတဲ့ပုဂ္ဂိုလ်တွေလည်း သိပ်စိတ်အားတက်စရာကောင်းတယ်၊ ကျင့်ပြီးသားပုဂ္ဂိုလ်တွေ ပြည့်စုံပြီးသားပုဂ္ဂိုလ်တွေ ဆိုရင်တော့ ဒါအထူးပြောစရာမရှိဘူး၊ ဒါကြောင့်မို့ မြတ်စွာဘုရားက ပြုံးတာ၊ တစ်သံသရာလုံးတကတည်း လျှောက်ပြီးတော့ ဒီဘဝမျိုးတွေဖြစ်ပြီးတော့ လာခဲ့တာတွေဟာ ဒီကိလေသာမျိုးတွေ ခုငြိမ်းလို့ အာရုံပြုလိုက်တဲ့အခါကာလကျတော့ ရွှင်လန်းဝမ်းမြောက်တဲ့စိတ် ဖြစ်ပြီးတော့ ပြုံးမိတာကိုး၊ ဒါကြောင့် ပြုံးတယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရားက အမိန့်ရှိပါတယ်တဲ့၊ အမိန့်ရှိပြီးတော့ ခုနက တရားဂါထာတွေလဲ ဟောပါတယ်။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ ရုက္ခော ပုနဒေဝ ရုဟတိ။

http://www.dhammadownload.com

ဧဝံ တဏ္ဍာနုသယေ အနုဟတေ၊ နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ။

မူလေ-အမြစ်အရင်းသည်၊ အနုပဒ္ဒဝေ-ဘေးရန်အန္တရာယ်မရှိမူ၍၊ ဒဋ္ဌေ-မြဲမြံခိုင်ခံ့ တည်တံ့သေးသည်ရှိသော်၊ ရုက္ခော-သစ်ပင်သည်၊ ဆိန္နောပိ-အထက်ပိုင်းဘက်က အကိုင်းအခက်တွေကို ခုတ်ဖြတ်၍ထားအပ်ပါသော်လည်း၊ ပုနဒေဝ-တစ်ဖန်တစ်ခါသာလျှင်၊ ရုဟတိ ယထာ-အညွန့်အညှောင့်ပေါက်ခါ စည်ပင်မြဲစည်ပင်ရာသကဲ့သို့၊ ဧဝံ-ဤအတူပင်၊ တဏ္ဍာနုသယေ-အမြစ်အရင်းနှင့် အလားတူသော တဏ္ဍာနုသယကိလေသာကို၊ အနုဟတေ-အရိယမဂ်ဉာဏ်ဖြင့် မပယ်သတ်အပ်သေးသည်ရှိသော်။

ခုနက ဝက်မလေးဖြစ်တဲ့ပုဂ္ဂိုလ်ဟာ မင်းသမီးဘဝနေပြီး ပရိဗိုဇ်ပြုပရိဗိုဇ်ပြုရာကနေပြီး ဈာန်သမာပတ်တွေရသွားတယ်၊ ရူပါဝစရဈာန်တွေ မြင့်မြတ်ပါတယ်၊ ကောင်းပါတယ်၊ သို့ပေမယ် ဒီဈာန်က တဏ္ဍာနုသယကို မပယ်နိုင်ဘဲဟာကို၊ ပရိယုဌာန်လောက်ပဲ သူက ပယ်နိုင်တယ်၊ ပရိယုဌာန်ထကြွတဲ့ ကိလေသာတွေ မဖြစ်အောင်လို့ တားမြစ်တယ်၊ ဒါပေမယ်လို့ လုံးလုံးမဖြစ်တော့ဘူး၊ နောက်ဘယ်တော့မှ မဖြစ်တော့ဘူးလို့ အမြစ်ပြတ်အားဖြင့် ပြတ်ပြီးတော့ မပယ်နိုင်ဘူး၊ အမြစ်ပြတ်ပြီး ရောဂါမပျောက်တဲ့ဆေးလိုပေါ့၊ သက်သာရတဲ့ဆေးလိုပဲ သက်သာရုံပဲရတယ်။ သူ့အစွမ်းအာနုဘော်ရှိတုန်း ဗြဟ္မာပြည်ရောက်သွားတာပဲ၊ ဗြဟ္မာပြည်ရောက်တော့ ချမ်းသာပြီးတော့နေတာ၊ ဒီလောက်ပဲ ရှိတယ်။

တဏ္ဍာနုသယေ၊ အမြစ်အရင်းနှင့်တူသော တဏ္ဍာနုသယကို၊ အနုဟတေ-အရိယမဂ်ဖြင့် မပယ်သတ်အပ်သေးသည်ရှိသော်၊ ဣဒံ ဒုက္ခံ-ဤရုပ်နာမ်သခီါရ ဆင်းရဲအပေါင်းသည်၊ ပုနပ္ပုနံ-အဖန်ဖန်အထပ်ထပ်၊ နိဗ္ဗတ္တတေ-ဖြစ်လေတော့၏။

ထပ်ခါထပ်ခါ ဒီလိုဖြစ်နေတာပဲတဲ့၊ ဗြဟ္မာဖြစ်ပြီးတော့ နေရာကလည်း လူ့ရုပ် နာမ်ခန္ဓာတွေဖြစ်တယ်၊ လူ့ရုပ်ခန္ဓာကနေပြီးတော့ ဝက်ရုပ်နာမ်ခန္ဓာ ရောက်လာတယ်တဲ့။ ဆင်းရဲဒုက္ခတွေ ဖြစ်လာပုံတွေပါ၊ ဝက်ကနေပြီး ဘာဖြစ်ဦးမလဲ ဆိုရင် ရှေ့နည်းနည်း ဆက်ကြဦးစို့ရဲ့။

"လူစင်စစ်က ကြက်မဖြစ်ပြီး၊ မင်းသမီးတစ်ခါ၊ ဗြဟ္မာသူဌေး၊ ဝက်ကလေးမှ သုဝဏ္ဏနှင့်၊ ဝနဝါသီ၊ ရွှေပြည်ဗာရာ၊ သုပ္ပါဒက၊ ကာဝီရမှ၊ သီဟဋ္ဌနုရာ၊ ပေါက္ကံရွာဟု၊ ဖြစ်ရာဘဝ၊ ဆယ့်သုံးပြသည်၊ရှင်မသုမနာ ဖြစ်စဉ်တည်း"

http://www.dhammadownload.com

(သုဝဏ္ဏဘူမိတဲ့၊ ဒါကတော့ ဌာနရောက်လာပြီ ဝက်ကလေးဘဝက သေတဲ့အခါမှာ အဲဒီတုန်းက မသေသေးဘူးပေါ့၊ နောက်သေသွားလို့ရှိရင် သုဝဏ္ဏဘူမိ ဆိုတဲ့ အရပ်ရောက်မှာကို) "သုဝဏ္ဏနှင့် ဝနဝါသီ"(ဝနဝါသီဆိုတာလည်း နိုင်ငံတစ်ခုပဲ၊ ဟိုရှေးတုန်းက အိန္ဒိယထဲမှာ ရှိတယ်၊ တော်တော်ကြာမှ ပြောရမယ်) "သုဝဏ္ဏနှင့်ဝနဝါသီ ရွှေပြည်ဗာရာ" (ဗာရာဏသီဆိုတာကတော့ တယ်ပြီး ထင်ရှားတယ် ကာရံကလည်း ဒီလိုစပ်မှုရတယ်၊ ဒါကြောင့်မို့ ရွှေပြည်ထည့်လိုက်ရတယ်၊ အမွှမ်းတင်ပြီးတော့ စီလိုက်ရတာကိုး) "သုဝဏ္ဏနှင့်ဝနဝါသီ ရွှေပြည်ဗာရာ သုပ္ပါဒက ကာဝီရမှ" (ဒါတွေကတော့ ပါဠိတွေမို့လို့ နည်းနည်း အဆိုရခက်တယ်၊ အိန္ဒိယထဲက ရှေးက နာမည်တွေ၊ ခုတော့ အခေါ်ဝေါ်မရှိပါဘူး၊ "ကာဝီရမှ သီဟဠနုရာ" (သီဟိုဠ်ကျွန်းရောက်လာပြီ) "သီဟဠနုရာ ပေါက်ကွဲရွာဟု၊ ဖြစ်ရာဘဝ၊ ဆယ့်သုံးပြသည်၊ ရှင်မသုမနာဖြစ်စဉ်တည်း"

အဲဒီဝက်ဘဝက စုတေတဲ့အခါကျတော့တဲ့ ဝက်ဘဝက ဘယ်ပုံဘယ်နည်း စုတေရတယ်၊ ဘယ်ပုံဘယ်နည်းဆိုတာတော့ မပါဘူး၊ မပါပေမယ့်လို့ လူတွေမွေးထားတဲ့ဝက်ကတော့ တစ်နေ့ကျ ဒီလိုသတ်စားကြတာပါပဲ၊ ခုကာလမှာ ဝက်တွေမွေးထားတာတွေ ဒီလိုသတ်စားကြတာပဲ၊ ဟင်းသီးဟင်းရွက်လို သဘောထားပြီး လူတွေက သတ်သတ်စားကြတယ်၊ အဲဒီမှာ ဝက်ဘဝကလည်း ဒီလိုဝက်မွေးတဲ့ ပုဂ္ဂိုလ်တွေ, ဝက်သတ်သမားတွေက တစ်နေ့ကျရင် သတ်မှာပါပဲ၊ သတ်တဲ့အခါမှာ သားတွေ သမီးတွေလည်း ကျန်ရစ်ခဲ့မှာပါပဲ၊ သေတဲ့ပုဂ္ဂိုလ်ကလည်း လွမ်းရစ်ဆွေးရစ်နဲ့၊ ကျန်တဲ့ပုဂ္ဂိုလ်တွေကလည်း လွမ်းရစ်ဆွေးရစ်နဲ့၊ ဒီလိုသတ္တဝါတွေ သေတဲ့အခါကာလ တွေ့ကြုံရတဲ့ ဒုက္ခမျိုးတွေ ဒီလိုတွေ့ရမှာပဲ၊ အဲဒီက သေသွားတော့ ဘယ်ရောက်သွားလဲဆိုတော့ သုဝဏ္ဏဘူမိရောက်တယ်တဲ့၊ သုဝဏ္ဏဘူမိဆိုတာ ရှေးက ဓမ္မာသောကမင်းကြီးလက်ထက်တုန်းက သာသနာပြုတဲ့ ကိုးတိုင်းကိုးဌာနထဲ တစ်ခုအပါအဝင်ပေါ့လေ၊ "သုဝဏ္ဏဘူမိဆိုတာ မြန်မာပြည်က"တဲ့၊ မြန်မာပြည်ကရော အများကရောပါပဲ သုဝဏ္ဏဘူမိဆိုတာ သဏ်ုပဲ ဆိုပြီး တော့ ဒီလိုပဲ ယူထားကြပါတယ်၊ သဏ်ုပြည်ပဲ၊ သဏ်ုမြို့က သုဝဏ္ဏဘူမိပဲ၊ သုဓမ္မပူရ ဆိုတာ ရှေးက သဏ်ုမြို့ဟောင်း နေရာရှိတာကို၊ အဲဒါက ဟိုမြသပိတ်တောင်နားမှာ ရှိတယ်၊ ကေလာသတောင်နဲ့ မြသပိတ်တောင်ကြားမှာ ဆိုပါတော့လေ၊ ဒီနေရာဘုန်းကြီးက ရောက်ဖူးပါတယ်၊ မြို့ရိုးလေး ဘာလေး ရှိပါတယ်၊ အဲဒီနေရာ

http://www.dhammadownload.com

ကတော့ သုဝဏ္ဏဘူမိ သဏ်ဍုပြည်ဖြစ်တယ်၊ သို့သော်လည်းပဲ ဗဟုသုတလုံ့ဟ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီနေရာ မဟုတ်ပြန်ဘူးတဲ့။

"စုမတြာကျွန်းကြီး"လို့ ဆိုတာကို၊ စုမတြာကျွန်းကြီးက သုဝဏ္ဏဒီပ ဆိုပြီးတော့ စာတိုစာပိုင်း တွေ့တယ်၊ ရှေးတုန်းက စာတွေ ဘာတွေ တွေ့တယ်၊ အဲဒီ စာတွေအရသုဝဏ္ဏဘူမိပဲ ဆိုပြီး စုမတြာကျွန်းယူတယ်၊ စုမတြာကျွန်းကလည်း ရှေးက သာသနာတော့ ထွန်းကားဖူးတာ ဟုတ်ပါတယ်၊ အခုတော့ မရှိပါဘူး၊ ခုတော့ မူဆလင်နိုင်ငံဖြစ်နေပါတယ်၊ အင်ဒိုနီးရှားထဲမှာ အပါအဝင်ပဲ၊ အဲဒါက ကျွန်းကြီးပဲ၊ ရှေးက သုဝဏ္ဏဘူမိ ဆိုတာလဲပဲ ကျွန်းကြီးအနေအားဖြင့် ကျမ်းဂန်ထဲမှာတော့ လာပါတယ်၊ သူဥစ္စာလည်းပဲ ယုတ္တိတော့ နည်းနည်းရှိပါတယ်၊ အဲဒီ စုမတြာကျွန်းက သုဝဏ္ဏဘူမိကနေပြီး သာသနာတွေ ပြန့်လာတယ်လို့ ယူထားကြတာပဲ၊ မြန်မာ ပြည်တို့ ယိုးဒယား (ထိုင်း)တို့ ပြန့်သွားတယ်လို့ ဒီလိုယူဆကြတာပဲ၊ ဒါလည်း ဟုတ်ချင်ဟုတ်မှာပဲ၊ သို့သော်လည်း သာသနာအစဉ်အဆက် ထင်ရှားနေတာ ကတော့ မြန်မာပြည်က သဏ်ဍုဖြို့ဟာဖြင့် သုဝဏ္ဏဘူမိပဲလို့ ဒီလိုအများက ယူဆ ထားကြပါတယ်။

အဲဒီ သုဝဏ္ဏဘူမိမှာ လာပြီးတော့ အမျိုးသမီးဖြစ်တယ်၊ သုဝဏ္ဏဘူမိကနေပြီးတော့ တစ်ခါ စုတေသွားပြန်တော့ ဝနဝါသီရောက်တယ်တဲ့၊ ဒါလည်း အတူတူပါပဲ၊ သုဝဏ္ဏဘူမိတုန်းကလည်း ပစ္စည်းဥစ္စာနဲ့ ပြည့်စုံကြွယ်ဝတဲ့ အမျိုးသမီးပါပဲ၊ အဲဒီက နေပြီး သေသွားတော့ အဲဒီမှာ ဘယ်အရွယ်ကျမှ သေတယ် ဘာမပါတော့ဘူး၊ သားတွေ သမီးတွေ ဘာတွေ ရှိဦးမှာ၊ လွမ်းစရာ ဆွေးစရာတွေ ရှိဦးမှာ၊ ဟောဒီမှာ ဒုက္ခတွေ ရောက်ပြီးတော့ ဘယ်လောက်ဒုက္ခတွေ ရောက်လို့ ဘာတွေတွေ့သွားတယ်တော့ မပါဘူး၊ ဒါကတော့ ရှိရမှာပဲ၊ ဒါခေါင်းစဉ်လေး "ဝနဝါသီ"ဆိုတဲ့ တိုင်းပြည်ရောက်သွားတယ်တဲ့၊ "ဝနဝါသီ"ဆိုတာက အိန္ဒိယ အနောက်ပိုင်းပေါ့လေ၊ ဘုံဘောနယ်ရဲ့ အရှေ့တောင်ဘက်နားမှာ ရှိတယ်၊ ဝနဝါသီတိုင်း ဆိုတာ ရှိတယ်၊ အဲဒီက ရှေးတုန်းက "ဝနဝါသီ"လို့ ခေါ်တယ်၊ ဘုံဘောနယ်ရဲ့ အရှေ့တောင်နားစပ်မှာရှိတယ်၊ အဲဒါ ဝနဝါသီတိုင်းတဲ့၊ အဲဒီရောက်သွားတယ်တဲ့၊ အဲဒါလဲ လူဘဝနဲ့ပါပဲ၊ အဲဒီဘဝက စုတေပြန်တော့ တစ်ခါဘယ်ရောက်ပြန်လဲ၊ ဗာရာဏသီရောက်လာတယ်၊ "ဗာရာဏသီ" ဆိုတာကတော့ စာထဲ, ပေထဲတယ်ထင်ရှားတယ်၊ ဗာရာဏသီမှာ ရောက်တော့လည်းပဲ လူဘဝချည်းပါပဲ၊

http://www.dhammadownload.com

အဲဒီကနေစုတေတော့ ဘယ်ရောက်သွားပြန်တုံးဆို သုပ္ပါဒကသင်္ဘောဆိပ် ရောက်တယ်၊ "သုပ္ပါဒကသင်္ဘောဆိပ်"ဆိုတာက အိန္ဒိယအနောက်ဘက်စပ်မှာ ရှိတယ်၊ ဘုံဘေနယ်ရဲ့ အနောက်မြောက်နားက သင်္ဘောဆိပ်ပါပဲ၊ ရွှေတုန်းက သင်္ဘောဆိပ်ပေါ့လေ၊ အဲဒါ "သုပ္ပါဒကသင်္ဘောဆိပ်"လို့ ခုထက်ထိ ဒီနာမည်ကလေးနည်းနည်းရှိသေးတယ်။

သုပ္ပါဒကသင်္ဘောဆိပ်ကနေ စုတေတဲ့အခါကျ ဘယ်ရောက်သွားလဲဆိုတော့ ကာဝီရရောက်သွားတယ်၊ "ကာဝီရ"ဆိုတာလည်း သင်္ဘောဆိပ်တစ်ခုပဲ၊ အဲဒါကတော့ အိန္ဒိယတောင်ကျွန်းစွယ်မှာ သီဟိုဠ်နဲ့ကူးတဲ့သင်္ဘောဆိပ်ကို၊ အိန္ဒိယတောင်စွယ်မှာရှိတဲ့ အရှေ့ဘက်စပ်က ကာဝီရ၊ အခုတော့ အခေါ်အဝေါ်မရှိဘူး၊ အမည်ကတော့ တခြားအမည်တွေ ဖြစ်နေပြီ၊ အဲဒီမှာ ကာဝီရသင်္ဘောဆိပ်တဲ့ ရွှေတုန်းက ပင်လယ်ကူးလေ့ဆိပ်ပေါ့လေ၊ အဲဒီမှာ လှေသူကြီးအမျိုးမှာဖြစ်လို့ လှေသူကြီးသမီး လှေသူကြီးကတော်ဖြစ်မှာပေါ့လေ၊ အဲဒီဘဝက စုတေပြီးသွားတဲ့ အခါကျတော့ ဘယ်ရောက်သွားတုံးဆို သီဟဠုနုရာသီဟိုဠ်ကျွန်း အနုရာဓမြို့ ရောက်လာတယ်တဲ့။ အနုရာဓမြို့ကနေပြီးတော့ စုတေသွားတော့ ဘယ်ရောက်သွားသလဲ ဆိုတော့ အဲဒီအနုရာဓမြို့ရဲ့ တောင်ဘက်မှာ သီဟိုဠ်ကျွန်းမှာပဲ ပေါက်ကံရွာ ဆိုတာ ရှိတယ်တဲ့။ အဲဒီပေါက်ကံရွာမှာ ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝတဲ့ မိဘများထံမှာ ဝင်စားပြီးတော့ ဖြစ်လို့ အမျိုးသမီးတစ်ဦး ဖြစ်တယ်တဲ့။ အဲဒီပေါက်ကံရွာမှာ ဖြစ်တယ်တဲ့၊ အဲဒါတွေ အကုန်လုံး လူဘဝချည်းပါပဲ၊ ဘယ်ကစလဲဆိုတော့ သုဝဏ္ဏကစပြီးတော့ တိရစ္ဆာန်ဖြစ်တဲ့ဘဝ နှစ်ဘဝ ပါပါတယ်တဲ့၊ ငြဟ္မာဖြစ်တာက တစ်ဘဝကို၊ ငြဟ္မာ တစ်ဘဝ၊ တိရစ္ဆာန်က ကြက်နဲ့ဝက်နဲ့ နှစ်ဘဝဆိုတော့ အားလုံးပေါင်းသုံးဘဝ၊ ဒီပြင် ဘဝကတော့ လူဘဝချည်းပါပဲ၊ (၁၀)ဘဝက လူဘဝချည်းပါပဲ၊ ကြက်ဖြစ်တဲ့ဘဝလည်း ကြက်အလိုက် သူဒုက္ခတွေ့သွားမှာပဲ၊ ဝက်ဖြစ်တဲ့ဘဝတော့ ပြောစရာမရှိဘူး၊ ငြဟ္မာဖြစ်တဲ့ဘဝတော့ ဒုက္ခများများမတွေ့ရဘူး၊ လူဖြစ်တဲ့ဘဝတွေတော့ ဘဝတိုင်း ဘဝတိုင်းဟာ တချို့ဘဝဟာလည်း တော်ရုံတန်ရုံဘဝတွေကို၊ တချို့ဘဝလည်း ချမ်းချမ်းသာသာဘဝတွေ မင်းသမီးလည်း ပါတယ်၊ သူဌေးသမီးလည်း ပါတယ်၊ ကုန်သည်ကြီးသမီးတွေလည်း ပါတယ်၊ အမျိုးမျိုးပဲ။

http://www.dhammadownload.com

အဲဒီဖြစ်ရာဘဝမှာ သားသမီးဆွေမျိုးတွေ ဒါတွေရှိကြမှာပဲ၊ သေတဲ့အခါ ကာလ လွမ်းကြ, ဆွေးကြပေါ့လေ၊ ငိုကြ, ယိုကြရှိကြမှာပဲ။ သောက ပရိဒေဝ ဒုက္ခတွေ၊ ဘဝတိုင်း ဘဝတိုင်း တွေ့သွားတာတွေ ရွာမှီးရတဲ့ဒုက္ခတွေ ဘာတွေ အမျှားကြီး ရောက်သွားတာ။ တစ်ဘဝပြီးတစ်ဘဝ ကိုယ့်တစ်ယောက်တည်း သွားနေရတယ်၊ လူတိုင်းလူတိုင်းဟာ ဒီလိုပဲ၊ ကိုယ့်တစ်ယောက်တည်း သွားနေရတယ်၊ သတ္တဝါတွေ သူခရီးစဉ်နဲ့သူ သွားနေရတယ်၊ ပေါက်ဖွားရောက်တယ်တဲ့၊ ပေါက်ဖွားရောက်တော့ အဲဒီအခါတုန်းက ဒုဋ္ဌဂါမဏိမင်းများ မဖြစ်သေးမီ အခါကာလပေါ့လေ၊ ဇောရကျေးမင်းတို့ ဘာတို့ အဲဒီသီဟိုဠ်မှာ စိုးစံနေတဲ့အခါ သာသနာရှေ့ပိုင်း တော်တော်ကျပါတယ်၊ အဲဒီအခါတုန်းက ဒုဋ္ဌဂါမဏိမင်းသားရဲ့ လုပ်ဖော်ကြံဖက်ဖြစ်တဲ့ အမတ်ကြီး "လကုဏ္ဌကတိဿရ" ဆိုတဲ့ အမတ်ကြီး ရှိတယ်တဲ့။ သူရဲကောင်းကြီးတစ်ယောက်လာတာနဲ့ အဲဒီမှာ သူအဖေကလည်း သုမန ဆိုတော့ သူလည်း "သုမနာ"လို့ ခေါ်ပါတယ်၊ ဒီဘဝကတော့ အရှင်သုမနာနဲ့ ပါဠိလို သီဟိုဠ်နာမည်ကတော့ ဘာခေါ်မလဲ မပြောတတ်ဘူး၊ ပါဠိလို ဒီက နာမည် ပေးထားတယ်၊ အဲဒီသုမနာကို မြင်တော့ ရွှပ်ရည်ရုပကာယ မြင်ရတဲ့ အခါကာလကျတော့ သာယာတပ်စွဲမှု ရရှိတာနဲ့ လကုဏ္ဌကတိဿရ အမတ်ကြီးက ကောင်းမွန်စွာ သူထိမ်းမြားလက်ထပ်ပြီး သူသိမ်းပိုက်ပြီးတော့ သွားပါတယ်။

အမတ်ကြီးကတော်ဖြစ်သွားတယ်၊ အမတ်ကြီးကတော်ဖြစ်သွားပြီးတော့ သူ ဒုဋ္ဌဂါမဏိမင်းနေရာဖြစ်တဲ့ မဟာဂါမဆိုတာ သီဟိုဠ်ကျွန်းတောင်ပိုင်းမှာ ရှိပါတယ်၊ ခုထက်ထိ မဟာဂါမလို့တွင်နေပါတယ်၊ အဲဒီမှာ သွားနေရတာကိုး၊ ဒီလိုနေတဲ့အခါကာလကျတော့ တောင်ပေါ်တောရကျောင်းသီတင်းသုံးတဲ့ ကောဋိ ပဗ္ဗတဝိဟာရကျောင်းမှာ ဆိုတယ်၊ တောင်စွန်းကျောင်းပေါ့လေ၊ အဲဒီကျောင်းမှာ သီတင်းသုံးတဲ့ မထေရ်ကြီးတစ်ပါးက "မဟာအနုရုဒ္ဓါမထေရ်"လို့လည်းခေါ်တယ်၊ (မူကွဲတစ်ခုကတော့) "မဟာအတုလမထေရ်"လို့လည်းခေါ်တယ်၊ နာမည်ကတော့ နာမည်ပါပဲ။ အဲဒီမှာ အနုရုဒ္ဓါမထေရ်ကြီးက ပုဗ္ဗေနိဝါသအဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါမှာ ဒီအမျိုးသမီးရဲ့ဘဝတွေ မြင်ရတော့ အမျိုးသမီးလည်းပဲ သတိသံဝေဂ ရစေခြင်းအကျိုးငှာ သူနောက်ပါရဟန်းတွေနဲ့ အာလွှာပသလွှာပစကားတွေ ပြောတာပေါ့လေ၊ "ငါ့ရှင်တို့ ဟောဒီအမတ်ကြီးကတော်ဖြစ်တဲ့ "သုမနာ"ဆိုတဲ့ အမတ်ကြီးကတော် ကြည့်ကြစမ်းပါ၊ အင်မတန်ထူးဆန်းတယ်တဲ့၊ သူဟာ တို့ဘုရား

http://www.dhammadownload.com

လက်ထက်တုန်းက ဝက်မကလေးပဲတဲ့၊ ဒီဝက်မကလေးက ယခုကြည့်စမ်းပါတဲ့၊ အင်မတန်အဆင့်အတန်းမြင့်တဲ့ အမတ်ကြီးကတော်များ ဖြစ်နေလိုက်တာ၊ သိပ်ပြီး အံ့သြစရာကောင်းတာပဲဆိုပြီးတော့မှ ဒီသုမနာဆိုတဲ့ အမျိုးသမီးကလည်း သူဘဝတွေ သူပြန်ပြီးဆင်ခြင်လိုက်တဲ့အခါ သူလည်း ရှေးကံရှိလို့နေမှာပေါ့၊ အစဉ်အတိုင်းပေါ်လာတယ်၊ သူဖြစ်ခဲ့တဲ့ဘဝတွေ အကုန်လုံး ပေါ်လာတယ်။

ဝက်မကလေးရဲ့ ဆယ်ခုနှစ်ဘဝ

ပထမက လူဖြစ်ခဲ့တယ်၊ လူကနေ ကြက်ဖြစ်လာခဲ့တယ်၊ ကြက်ကနေ မင်းသမီးဖြစ်တယ်၊ အဲဒီက ပြဟ္မာဖြစ်တယ်၊ အဲဒီက သူဌေးဖြစ်တယ်၊ နောက် ဝက်မကလေးတောင် ဘုရားလက်ထက်က ဖြစ်တယ်၊ အဲဒါ သုဝဏ္ဏဘူမိတိုင်းမှာ လူဖြစ်ခဲ့တယ်၊ ဝနဝါသီတိုင်းမှာ လူဖြစ်ခဲ့တယ်၊ ဗာရာဏသီမှာ ဖြစ်ခဲ့တယ်၊ သုပ္ပါဒကသင်္ဘောဆိပ်မှာလည်း ဖြစ်တယ်၊ ကာဝီရမှာလည်း ဖြစ်ခဲ့တယ်၊ တစ်ခါ အနုရာဓမြို့မှာ ဖြစ်ခဲ့တယ်၊ နောက်ဆုံး သူဖခင်ရဲ့ ပေါက္ကံရွာမှာ ဖြစ်ခဲ့တယ်၊ အခု အမတ်ကြီးကတော်ဖြစ်နေရတယ်၊ ဘဝတွေ ဆင်ခြင်လိုက်တော့ သူစိတ်ထဲမှာ တော်တော်ပြီးငွေ့လာတယ်၊ သံသရာထဲ ဘဝတွေ ပြောင်းလဲလာတာ၊ သူများကိုယ်တော့ ကိစ္စမရှိဘူး၊ ကိုယ့်တိုယ်ကျတော့ စဉ်းစားစရာ အင်မတန်ကောင်းတယ်၊ ကိုယ့်အဖြစ် စဉ်းစားလိုက်လို့ရှိရင် ကိုယ့်အဖြစ်ကို သိရရင် သိပ်ကြောက်စရာကောင်းတယ်၊ သူများအဖြစ် သိတာ ကိစ္စမရှိဘူး၊ သူများတွေ ဒုက္ခရောက်နေဘာဖြစ်နေ ကိစ္စမရှိဘူး၊ သူက အနေသာကြီးပဲ၊ ကိုယ်ကိုယ်တိုင် ဒုက္ခရောက်မယ်ဆိုဘယ်ခံသာလိမ့်မှာတုံး၊ သူများတွေ ဒုက္ခရောက်နေလို့ ငိုကြွေးနေကြ ဆူပူနေကြလုပ်နေရင် ဘေးကတော့ ဘာမှကိစ္စမရှိဘူး၊ အနေသာချည်းပဲ၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် အတိဒုက္ခရောက်ရင်တော့ မနေနိုင်ဘူး၊ မျက်ရည်ကျရ, ငိုရတယ်၊ မငိုတောင်မှ ငိုချင် ငိုချင် ဖြစ်ရတယ်။ သူဥစ္စာ ဒီတော့ကို၊ သူဘဝဟောင်းတွေ ရှေးကဖြစ်လာခဲ့တာ၊ သုခဒုက္ခတွေ ခံစားပြီး လာခဲ့တာ၊ ဘဝတွေ ပြောင်းလဲပြီး လာခဲ့ရတာတွေ ပြန်စဉ်းစားလိုက်တဲ့အခါ သံဝေဂဖြစ်တယ်တဲ့။ သံဝေဂဖြစ်ပြီးတော့ လူဘဝမှာ မမျော်တာနဲ့ ရှင်ရဟန်းပြုတော့မယ်။

http://www.dhammadownload.com

နောက်ဆုံး သတိသံဝေဂရပြီး ကျွတ်တမ်းဝင်သွားပါတယ်

ဟိုတုန်းက သာသနာတော်ကလည်း သိပ်ကောင်းတာကို၊ ရှင်ရဟန်းပြုတော့မယ်ဆိုပြီး သူ့ခင်ပွန်းကို ခွင့်တောင်းတယ်၊ ခွင့်တောင်းပြီးတော့ ရဟန်းပြုတာကိုး၊ ရဟန်းပြုတော့လည်း အင်မတန် အခမ်းအနားနဲ့ အခုကာလ ရှင်ပြုသလိုပါပဲ။ တစ်ခါတည်း ဘိက္ခုနီမကျောင်းသွားပြီး သာမဏေပြု ရဟန်းမိန်းမပြုပြီးတော့ ရဟန်းမဖြစ်လာတယ်၊ ထေရီမတစ်ပါးပေါ့၊ ရဟန်းမ ဖြစ်လာပြီးတော့ အဲဒီမှာပဲ "တိဿမဟာဝိဟာရ"ဆိုတာမှာ တရားဟောတော့ တရားနာရင်းနဲ့ တစ်နေ့သောအခါမှာ မဟာသတိပဌာနသုတ်ကို ဟောတယ်၊ တိဿမဟာဝိဟာရ ဆိုတာလည်း ဘုန်းကြီးက ရောက်ခဲ့တာပဲ။ တိဿမဟာဝိဟာရ ဆိုတာမှာ စေတီကြီးလည်း ရှိတယ်၊ စေတီနားက ကျောင်းမှာ တစ်ညတည်းခိုတယ်၊ အဲဒီမှာ သတိပဌာနသုတ်တော် တရားနာရင်း သောတာပတ္တိမဂ်ဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန်ဖြစ်ခဲ့တယ်တဲ့။ နောက်တော့ အခြားကျောင်းတစ်ကျောင်းမှာ အာသီဝိသောပမသုတ္တန်တရားတော်ကို နာကြာရင်းနဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရောက်ပြီး ရဟန္တာမဖြစ်ခဲ့တယ်တဲ့။ ရဟန္တာမဖြစ်ပြီး နောက်ဆုံးတစ်နေ့ကျတော့ ပရိနိဗ္ဗာန်စံရမယ့်နေ့ရောက်တဲ့ အခါကျတော့ ရဟန်းမိန်းမတွေက မေးကြတယ်။

"ရှင်မ ဘယ်တရားတွေ များရသလဲ"လို့ မေးတော့ ဒါနဲ့ သူရတဲ့ တရားတွေ ပြောတဲ့အခါကာလမှာ သူရှေးဟောင်းနှောင်းဖြစ်တွေ အကုန်လုံး လျှောက်ပြောတာကိုး၊ ပထမက သူဟာ လူဖြစ်ခဲ့တယ်၊ နောက်ဘဝ ကြက်ဘဝရောက်ခဲ့ရတယ်၊ အဲဒီကနေ သေတော့ မင်းသမီးဖြစ်ခဲ့တယ်၊ အဲဒီက သေတော့ ဗြဟ္ဓာဖြစ်ခဲ့တယ်၊ ဗြဟ္ဓာဘဝကနေပြီးတော့ သူဌေးပြန်ဖြစ်တယ်၊ ဒီကနေ ဝက်ကလေးတောင်ဖြစ်ခဲ့တယ်၊ သုဝဏ္ဏဘူမိမှာလည်း ဖြစ်ခဲ့တယ်၊ ဝနဝါသီတိုင်းမှာလည်း ဖြစ်ခဲ့တယ်၊ ဗာရာဏသီမှာလည်း ဖြစ်ခဲ့တယ်၊ သုပ္ပါဒကမှာလည်း ဖြစ်ခဲ့တယ်၊ ကာဝီရမှာလည်း ဖြစ်ခဲ့တယ်၊ အနုရာဓမှာလည်း ဖြစ်ခဲ့တယ်၊ အခုနောက်ဆုံး ပေါက္ကံတစ်ရွာမှာ ဖြစ်လာတယ်လို့ ရှေးဖြစ်ခဲ့တဲ့ တစ်ဆယ့်သုံးဘဝတွေမှာ ကောင်းတဲ့ဘဝလည်း ရှိတယ်၊ ဆိုးဘဝလည်း ရှိတယ်၊ ဘဝတိုင်း ဘဝတိုင်း ပဋိသန္ဓေနေရတဲ့ဆင်းရဲ၊ အိုရတဲ့ဆင်းရဲ၊ နာရတဲ့ဆင်းရဲ၊ စိုးရိမ်ပူဆွေးရတဲ့ဆင်းရဲ၊ ရှာမှီးရတဲ့ဆင်းရဲ

http://www.dhammadownload.com

စသည်ဖြင့် ဒီဒုက္ခတွေ အများကြီး ရောက်လာတာတွေ ပြန်စဉ်းစားမိတဲ့အခါမှာ သံဝေဂဖြစ်လို့တဲ့၊ လူ့ဘောင်ကစွန့်ပြီး သူရဟန်း ပြုလာခဲ့တယ်တဲ့။ ရဟန်းပြုပြီး တရားကျင့်သုံးလို့ သူ့မှာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကိုလည်း ရခဲ့ပါတယ်တဲ့။ ပထမက မဟာသတိပဋ္ဌာနသုတ် တရားနာပြီးတော့ သောတာပန်ဖြစ်ခဲ့တယ်၊ အာသီဝိသောပမသုတ် တရားနာပြီးတော့ ရဟန္တာဖြစ်ခဲ့တယ်။ ကိလေသာကုန်ခန်း ရဟန္တာအဖြစ်ရောက်ခဲ့ပါတယ်တဲ့၊ သို့ဖြစ်သောကြောင့် သီတင်းသုံးဖော်ဖြစ်တဲ့ ရှင်မတို့ အရှင်ဘုရားတို့ အားလုံး (ရဟန်းတော်တွေလည်း ရှိတာကို) ဟာ အပွမာဒ တရားနဲ့ ပြည့်စုံပြီးတော့ တရားကျင့်သုံးကြပါလို့၊ "အပွမာဒေန သမ္မာဒေထ"လို့ အပွမာဒေန-မမေ့သောသတိတရားဖြင့်၊ သမ္မာဒေထ-ပြည့်စုံအောင် အားထုတ်ကြပါလို့ အဲဒီလို သတိပေးစကား ပြောကြားပြီးတော့ ပရိနိဗ္ဗာန်စံသွားပါတယ်တဲ့၊ ကဲ. . ဆိုကြဦးစို့ရဲ့ လင်္ကာကလေး၊

* **"လူစင်စစ်က ကြက်မဖြစ်ပြီး၊ မင်းသမီးတစ်ခါ၊ ဗြဟ္မာသူဌေး၊ ဝက်ကလေးမှ သုဝဏ္ဏနှင့်၊ ဝနဝါသီ၊ ရွှေပြည်ဗာရာ၊ သုပ္ပါဒက၊ ကာဝီရမှ၊ သီဟဋ္ဌနုရာ၊ ပေါက္ကံရွာဟု၊ ဖြစ်ရာဘဝ၊ တစ်ဆယ့်သုံးပြဆည်၊ ရှင်မသုမနာဖြစ်စဉ်တည်း"**

ကဲ ဘဝတွေ ဖြစ်လာရပြီဆိုရင်ကိုယ်ဆင်းရဲအမျိုးမျိုး စိတ်ဆင်းရဲအမျိုးမျိုးတွေနဲ့ တွေ့ရမယ်။ အဲဒီဆင်းရဲ တွေ အကုန်လုံးဟာ ဘာ့ကြောင့်ဖြစ်နေရတာလဲဆိုရင် တဏှာအနုသယ မကင်း သေးလို့ပဲ-တဲ့။ တဏှာလေးနဲ့ခင်မင်တွယ်တာပြီး၊ သာယာမှုလေး မကင်းသေးလို့ပဲတဲ့၊ ဒီခင်မင်တွယ်တာ သာယာမှု လေး ကင်းသွားလို့ရှိရင်တော့ သုမနာထေရီဟာ နောက်ဆုံးဘဝ ပရိနိဗ္ဗာန်စံတဲ့ အချိန်က နောက်မှာ ရုပ်နာမ်ခန္ဓာတွေ ဘာမှ မဖြစ်လာတော့ဘူး၊ ဇာတိဒုက္ခမရှိဘူး၊ ဇရာ ဒုက္ခ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဘာဆင်းရဲမှု မရှိတော့ဘူး။ အကုန်လုံး ဘယ်တော့မှလဲ မပေါ် တော့ဘူး၊ ဆင်းရဲခပ်သိမ်း အကုန်လုံးငြိမ်းပြီးတော့ သွားတယ်တဲ့၊ အဲဒီလို ဆင်းရဲခပ်သိမ်း အကုန်လုံး ငြိမ်းပြီးတော့သွားတဲ့ ဥစ္စာ နိရောဓသစ္စာပဲ။

နိဗ္ဗာန်ဆို့တာ

"ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း၊"ရုပ်နာမ်တွေ အားလုံးအဖြစ်အပျက်တွေ ချုပ်ဆုံးပြီးတော့ ငြိမ်းသွားတဲ့သဘောဟာ နိဗ္ဗာန်ပဲတဲ့၊

http://www.dhammadownload.com

အဲဒီနိဗ္ဗာန်ကို တွေ့အောင်လို့ အားထုတ်ရတာကိုး၊ တွေ့အောင် အားထုတ်ရမယ်၊ တွေ့သွားလို့ရှိရင် ပထမတစ်ကြိမ်တွေ့ရင် အဲဒီတဏှာငြိမ်းတန်သမျှ ငြိမ်းသွားပါတယ်၊ အဲဒီလောက်ဆိုရင်ကို အပါယ်လေးပါးက လွတ်မြောက်ပြီးတော့ သက်သာခွင့်ရသွားပါတယ်၊ သို့ဖြစ်သောကြောင့် ဒီတဏှာငြိမ်းရာ ရုပ်နာမ်သခ်ါရ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်တရားကို မျက်မှောက်တွေ့အောင် အားထုတ်ကြဖို့ပေါ့လေ၊ တွေ့အောင်လည်း အားထုတ်ရမယ်၊ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဆိုရင်တော့လည်း ကိုယ့်ဟာနဲ့ကိုယ် ဝမ်းသာစရာ အားရစရာပါပဲ။ မတွေ့သေးရင် တွေ့အောင် အားထုတ်၊ အားထုတ်လို့ရှိရင် သူတွေ့မှာပဲ၊ ယခုဘဝကနေပြီးတော့ အားထုတ်လို့ ဒီနိဗ္ဗာန်တရားတွေ့သွားလို့ရှိရင် ဆောက်တည်ရာလေးတော့ ရသွားပါပြီ၊ အင်မတန်အရေးကြီးပါတယ်။

အချိန်လည်း တော်တော်ကြာသွားပြီ၊ တရားသိမ်းကြဦးစို့။

ဤသစ္စာလေးပါးတရားကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မဿဝန ကုသိုလ်စေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် မိမိတို့သန္တာန်၌ရှိသော ရုပ်နာမ်ဆင်းရဲ တရားဟူသမျှတို့၏ငြိမ်းရာ ကိလေသာဟူသမျှတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်အောင် ဝိပဿနာဘာဝနာအလုပ်ကို မပြတ် အားထုတ်နိုင်ကြ၍၊ မိမိတို့သန္တာန်၌ရှိသော ရုပ်တရား နာမ်တရားတို့ကို ပိုင်းခြားသိမြင်ကြ၍၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို ပိုင်းခြားသိမြင်ကြ၍ ဝိပဿနာဉာဏ်အစဉ်ဖြင့် ကိလေသာခပ်သိမ်း ဆင်းရဲခပ်သိမ်း ရုပ်နာမ်ခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု - သာဓု - သာဓု ပါဘုရား။

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်

ပထမပိုင်း

[၀၃၂၃-ခု၊ ဗြာဆိုလတွယ်နေ့ ဟောကြားသည်။]

အင်း-စာပြန်ပွဲအတွင်းက တရားလေးသီတင်းလောက် မဟောခဲ့ရသေးဘူး၊ စာပြန်ပွဲပြီးတဲ့အခါကျမှ ဆက်ပြီးတော့ တရားဟောရမယ်၊ တရားပြတ်သွားတယ်၊ ဒီကနေ့ ဟောဖို့ရာတော့ သတိပဋ္ဌာနသုတ်က ဓမ္မာနုပဿနာပိုင်း၊ ဓမ္မာနုပဿနာငါးပိုင်းထဲမှာလည်း အရိယသစ္စာပိုင်း၊ အရိယသစ္စာလေးပါးမှာလည်း နောက်ဆုံးဖြစ်တဲ့ မဂ္ဂသစ္စာပိုင်းကို ဟောဖို့ရာ အလှည့်ကျတယ်၊ အဲဒီမဂ္ဂသစ္စာပိုင်းက စပြီးတော့ ဟောရမယ်၊ အရင်လည်း တော်တော်ဟောနေတာ နှစ်နှစ်လောက် ရှိပြီထင်တယ်၊ မပြီးဘူး၊ ဒီတစ်ခါတော့ ဆုံးကာနီးပါပြီ၊ ကဲ. . ဟောကြနာကြစို့။

တထာမဉ္ဉ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ အရိယဆစ္စံ၊

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ-ဆင်းရဲ၏ချုပ်ငြိမ်းရာသို့ရောက်ကြောင်းအကျင့်ဖြစ်သော၊ အရိယသစ္စံ-အရိယာတို့သိအပ်သော အမှန်တရားသည်၊ ကတမဉ္ဉ-အဘယ်ပါနည်း။

ဗုဒ္ဓသာသနာတော်မှာ သစ္စာတရားလေးပါးဆိုတာကတော့ အရေးအကြီးဆုံးတရားပဲ။ လောကကြီးတစ်ခုလုံးလည်းပဲ ဒီသစ္စာလေးပါးတရားပဲ ရှိတာပဲ။ ဆင်းရဲ ရှိတယ်၊ ဆင်းရဲကြောင်းတရား ရှိတယ်၊ ဆင်းရဲငြိမ်းတာ ရှိတယ်၊ ဆင်းရဲငြိမ်းကြောင်း အကျင့်ရှိတယ်၊ အဲဒီလေးခု အရေးကြီးဆုံးပဲ။

လောကသစ္စာလေးပါး

အရိယသစ္စာမဟုတ်သေးတဲ့ သာမန်အားဖြင့်လည်း လောကမှာ ဆင်းရဲဆိုတာ ရှိတယ်၊ ဆင်းရဲကြောင်းတွေကလည်း ရှိတာပဲ၊ ပြီးတော့ ချမ်းသာဆိုတာလည်းပဲ လောကအလိုက်ပေါ့လေ၊ ဒါက အရိယသစ္စာမဟုတ်သေးပါဘူး၊ လောကအလိုက် ချမ်းသာဆိုတာ ရှိတယ်၊ ချမ်းသာကြောင်းအလုပ်ဆိုတာလည်း ရှိတာပဲ၊

http://www.dhammadownload.com

အဲဒီလေးခုဟာ လောကမှာ ရှိတယ်၊ ဆင်းရဲဆိုတာဟာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကြောက်ကြတယ်၊ ဆင်းရဲဆိုတာ အလိုမရှိကြဘူး၊ လူတိုင်းလူတိုင်း ဆင်းရဲဆိုတာ ကြောက်တယ်၊ ဆင်းရဲအလိုမရှိဘူး၊ လူတွေသာ မဟုတ်ဘူး၊ ဒီပြင်ပုဂ္ဂိုလ်တွေလည်းပဲ ဒီဆင်းရဲအကုန်လုံး ကြောက်ကြတာကို၊ နတ်တွေလည်း ကြောက်တာပဲ၊ အဲဒီတော့ ဆင်းရဲအလိုမရှိဘူး၊ တိရစ္ဆာန်တွေဆို ပြောစရာမရှိဘူး၊ ဆင်းရဲလို့ အသိအမှတ်ပြုထားတဲ့ ဥစ္စာတွေက ကြောက်စရာကောင်းတာပဲတဲ့။ ဆင်းရဲဆိုတာနဲ့ ကြောက်စရာကောင်းတယ် ဆိုတာနဲ့ဟာ အတူတူပါပဲ၊ ဆင်းရဲဆိုရင် ကြောက်စရာကောင်းတယ်၊ ကြောက်စရာကောင်းရင်လည်း ဆင်းရဲပဲ။

လောကဆင်းရဲ

လောကမှာ လောကဆင်းရဲတွေကတော့ ကိုယ်ထဲမှာ မခံသာတဲ့ ဒုက္ခဝေဒနာ ဆင်းရဲတွေကို သိနေကြပါတယ်၊ ကိုယ်ထဲမှာ နာခြင်း၊ ကျင်ခြင်း၊ ကိုက်ခဲခြင်း၊ ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း ဆင်းရဲတွေ အများသိနေကြတယ်၊ ဘေးဒဏ်သင့်ပြီးတော့ နာကျင်ကိုက်ခဲမှုဖြစ်ခြင်းတွေလည်း သိနေကြတယ်၊ ပြီးတော့ လောကရေးနဲ့စပ်ပြီးတော့ စားစရာ၊ သောက်စရာ၊ သုံးစွဲစရာ စသည်မရှိတဲ့အတွက် မပြည့်မစုံဖြစ်ပြီးတော့နေလို့ စိတ်ရောကိုယ်ရော ဆင်းရဲပြီးတော့ နေရတယ်၊ အဲဒါတွေလည်း သိတယ်၊ အဲဒီဆင်းရဲတွေကို ကြောက်ကြတယ်။

လောကဆင်းရဲစကြဝဠာများ

ဒီဆင်းရဲတွေဟာ ဘာကြောင့်ဖြစ်သလဲဆိုရင်၊ ဆင်းရဲကြောင်းတွေလဲပဲ အထိုက်အလျောက်အားဖြင့် သိကြတာကို၊ အထိုက်အလျောက်အားဖြင့် ရောဂါဝေဒနာဖြစ်စေတတ်တဲ့ အကြောင်းတရားတွေ ရှောင်ကြရတယ်၊ ခလုတ်တို့ ဆူးတို့ ခလုတ်တိုက်ရင် နာတတ်တယ်။ ဆူးစူးလို့ရှိရင်လည်း နာတတ်တယ် ဆိုတာ သိတော့ ခလုတ်တွေ ဆူးတွေ ရှောင်ရတယ်၊ ကျင်းတွေ ချိုင့်တွေ ကျသွားလို့ရှိရင် ဒုက္ခရောက်တယ်ဆိုတာသိလို့ ကျင်းတွေ ချိုင့်တွေ ရှောင်ရတယ်၊ မီးဆိုတာ လောင်တတ်တယ်၊ ရေဆိုတာ နစ်ပြီးတော့ သေတတ်တယ်၊ အဲဒါတွေလည်းပဲ ရှောင်နိုင်သမျှ ရှောင်ရတယ်၊ ရန်သူတွေ ဘေးရန်အန္တရာယ်တွေလည်းပဲ ဒုက္ခပေးတတ်တယ် ဆိုတော့ အဲဒါတွေလည်းပဲ ရှောင်နိုင်သမျှ ရှောင်ရတယ်၊ လူကို ဘေးရန်

http://www.dhammadownload.com

အန္တရာယ်ပြုတတ်တဲ့ တိရစ္ဆာန်တွေ ရှိတယ်၊ မြွေတို့၊ ကင်းတို့၊ ခွေးတို့၊ ကျားတို့၊ ဆင် မြင်း ကျွဲ နွားတွေလည်း ပါတာပေါ့လေ၊ ဒါတွေက လူကို ဒုက္ခပေးတတ်တယ်၊ ဘေးရန်ဖြစ်စေတတ်တယ်၊ ဒါတွေကို ရှောင်ကြရတယ်၊ လူလူခြင်းလည်းပဲ လူဆိုး လူမိုက်တွေဟာ ဘေးရန်အန္တရာယ်ပြုတတ်တယ် ဆိုတော့တွေ့ ရှောင်ကြဉ်ရတယ်၊ ဒါလောကဘက်ကနေပြီး ဆင်းရဲစစ်ဆင်းရဲကြောင်းတွေ သိမြင်ပြီးတော့ ဒါတွေ ရှောင်တန်သမျှတွေ ရှောင်နေကြရတယ်။

လောကနိဗ္ဗာန်

ပြီးတော့ မလုပ်မကိုင် မရှာဖွေဘဲ နေလို့ရှိရင် စားစရာ သောက်စရာ သုံးစရာ စွဲစရာတွေ မရဘဲနေလို့ အဲဒါတွေ ဆင်းရဲလိမ့်မယ်ဆိုတာ သိလို့၊ သိတော့လည်းပဲ မလုပ်မကိုင်ဘဲနဲ့ နေမှုတွေကို ပယ်နိုင်သမျှ ပယ်ပြီးတော့ ကြိုးစားအားထုတ်ကြရတယ်၊ ဆင်းရဲကို ကြောက်လို့၊ ဆင်းရဲငြိမ်းအောင်လို့၊ ဆင်းရဲငြိမ်းတယ်ဆိုတာ ဘာလဲဆိုရင် နာကျင်ကိုက်ခဲမှု၊ ကိုယ်ထဲမှာ မခံသာမှုတွေ မဖြစ်ဘဲနဲ့နေရင် ဆင်းရဲငြိမ်းနေတယ် အောက်မေ့တာပဲ၊ အလိုရှိတဲ့ဥစ္စာတွေ အရာဝတ္ထုတွေ ရပြီးတော့ ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝ ချမ်းချမ်းသာသာ နေရလို့ရှိရင် ဆင်းရဲငြိမ်းတယ်လို့ ဒီလိုပဲ ယူဆကြတယ်၊ လောကနိဗ္ဗာန်ဆိုတာ အဲဒါတွေပဲ၊ လောကနိဗ္ဗာန်လောကတွင် ပြည့်စုံချင်တာတွေနဲ့ ပြည့်စုံပြီး ကြွယ်ဝ ချမ်းသာပြီးတော့ နေလို့ရှိရင် ဒါဟာ ချမ်းသာသွားတာပဲ၊ အကောင်းဆုံးပဲ ဆိုပြီးတော့ လောကနိဗ္ဗာန်တည်ထောင်ကြမယ်ဆိုပြီး ကြွေးကြော်နေတာကိုး။

လောကနိဗ္ဗာန်ရဲ့အကြောင်းမှား

အဲဒီချမ်းသာတွေ ရစရာအကြောင်းကလည်း ဘာကြောင့်ရသလဲဆိုရင် ဒီဟာတွေ ရအောင်လို့ နည်းမှန်လမ်းမှန်နဲ့ သူကြိုးစားအားထုတ်ဖို့ရာ လိုတယ်၊ အလုပ်အကိုင်တွေ ကြိုးကြိုးစားစားအားထုတ်ဖို့၊ လုပ်ကိုင်ဖို့၊ တတ်သိသင့်တဲ့ ပညာတွေလဲ တတ်ဖို့ သိဖို့ အဲဒီလို ဒါတွေကို ငယ်ငယ်ရွယ်ရွယ်ကလေးကတည်းက စပြီးတော့ လူလောကကြီးပွားချမ်းသာအောင်လို့ အားထုတ်ကြရတယ်၊ အဲဒါ လောကဘက်ကနေပြီးတော့ လောကသစ္စာတွေပေါ့လေ။

http://www.dhammadownload.com

လောကဆင်းရဲဆိုတာတွေလည်း ရှိသေးတယ်၊ လောကဆင်းရဲကြောင်းဆိုတာလည်း လောကအတိုင်းဟုတ်တာပဲ၊ ခုန ခလုတ်တိုက်ခြင်း, ဆူးစူးခြင်း, ရောဂါဝေဒနာဖြစ်ခြင်း, ဘေးအန္တရာယ်ပြုတတ်တဲ့ သတ္တဝါတွေကြောင့် ဘေးရန်တွေ ဖြစ်လာခြင်း ဆိုတာ သူဥစ္စာ ဟုတ်တော့ ဟုတ်နေတာပဲ။

တစ်ခါ လောကအလိုက် ချမ်းသာဆိုတာကလည်း ပစ္စည်းဥစ္စာ သုံးစွဲစရာတွေ အစစအရာရာ ပြည့်စုံကြွယ်ဝပြီးတော့နေရင် သူချမ်းသာတာလည်း ဟုတ်တန်သလောက်တော့ ဟုတ်နေတာပဲ၊ အဲဒါတွေ ရအောင်လို့ အားထုတ်ရတာကိုး၊ ဒါတွေ ရစေနိုင်တဲ့ လုပ်ငန်းများ ဆောင်ရွက်ရတာကိုး၊ သူဟာလည်းပဲ လောကအလိုက်တော့ ဟုတ်နေတာပါပဲ၊ အဲဒါ လောကသစ္စာတွေဖြစ်တယ်၊ အရိယသစ္စာတော့ မဟုတ်သေးဘူး၊ သာမန်ပုဂ္ဂိုလ်တွေ အများစုပုဂ္ဂိုလ်တွေရဲ့ သစ္စာတွေပေါ့၊ ဒါကတော့ ပုထုဇဉ်သစ္စာတွေ ခေါ်မယ်ဆိုရင် ခေါ်စရာကောင်းတဲ့ သူဥစ္စာတွေပဲ၊ ဒါကို ပုထုဇဉ်သစ္စာခေါ်မယ်ဆို ခေါ်စရာကောင်းရဲ့၊ ပုထုဇဉ်အနေနဲ့တော့ သူဟာတွေ မှန်နေတာပဲ၊ လူတိုင်းလူတိုင်းပြောရင် နားလည်တယ်၊ ဒါကတော့ အကျယ်ချဲ့ပြောချင်တိုင်းပြော နားလည်နေတာပဲ၊ လောကဒုက္ခသစ္စာ လောကဆင်းရဲတွေ၊ လောကဆင်းရဲကြောင်းတွေ၊ လောကဆင်းရဲငြိမ်းပြီးတော့ ချမ်းသာတာတွေ၊ ဆင်းရဲငြိမ်းအောင်လို့ ချမ်းသာအောင် ဘာလုပ်မယ်ဆိုတဲ့ အလုပ်လုပ်ငန်း ဆောင်တာတွေကို လူတိုင်းလူတိုင်း နားလည်ပါတယ်၊ ကလေးတွေက စပြီးတော့ နားလည်ကြတယ်။

ဒါပေမယ် အဲဒီလောကဆင်းရဲတွေ အကုန်လုံးငြိမ်းပြီးတော့ ချမ်းသာအောင် လုပ်ဖို့ဆိုတာတော့ တော်တော်မလွယ်ဘူး၊ အဲဒါတောင်မှ တော်တော်ခက်နေတယ်၊ တော်တော်ကို မလွယ်ဘူး၊ ဒါတောင်မှ အင်မတန်အားထုတ်ကြရတယ်၊ အင်မတန်အားထုတ်တော့ အကြောင်းညီညွတ်တဲ့ပုဂ္ဂိုလ်တွေ အတော်အသင့်လောက်ပဲ ချမ်းသာခွင့်ရတယ်၊ ဒါလည်း တော်ရုံပါပဲ၊ အမြဲတမ်း ချမ်းသာခွင့်တော့ မရပါဘူး၊ တော်ရုံပဲ ချမ်းသာခွင့်ရတယ်။

ဆင်းရဲစေအမှန်

အခု မြတ်စွာဘုရားဟောထားတဲ့ အရိယသစ္စာတွေကတော့ အရိယာတို့သိအပ်တဲ့ အမှန်တရားတွေပဲတဲ့။ ဒါတွေက ဒုက္ခဆင်းရဲအစစ်အမှန်တွေတဲ့၊ ဒါတွေ

http://www.dhammadownload.com

ကိုတော့ လောကဘက်ကနေပြီး ချမ်းသာတွေ ထင်နေပေမယ်လို့ ဒီအရိယသစ္စာကျတော့ ဆင်းရဲတွေ ဖြစ်လာတယ်၊ လောကဘက်ကနေပြီး ခုနက ပြောခဲ့တဲ့ အတိုင်း စီးပွားဥစ္စာရတနာတွေနဲ့ ပြည့်စုံလို့, အခွေအရံတွေပြည့်စုံလို့, သုံးဆောင်စရာတွေ ပြည့်စုံလို့ ချမ်းသာနေတယ် ဆိုတာဟာ လောကဘက်ကတော့ ချမ်းသာတွေပဲ၊ ဒါပေမယ့် အရိယသစ္စာနယ်ပယ်ဘက်ကနေ ကြည့်ရင် ဒါတွေကလည်း ဆင်းရဲတွေပဲ၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေ ဆင်းရဲတွေပဲ ဖြစ်နေတယ်၊ ဒါကြောင့် ဒါဟာ ချမ်းသာအစစ်အမှန်တွေ မဟုတ်ဘူး၊ အဲဒီလောကချမ်းသာရာချမ်းသာကြောင်းတွေ အားထုတ်တယ်ဆိုတာ စီးပွားဥစ္စာရတနာတွေ ပြည့်စုံအောင် အားထုတ်နေတယ် ဆိုတာတွေဟာ ချမ်းသာရာချမ်းသာကြောင်းတွေ လောကဘက်ကတော့ သူက မှန်နေတာပဲ။ အရိယသစ္စာနယ်ပယ်ကနေ ကြည့်တော့ ဒါတွေက အမှန်တွေ မဟုတ်ပြန်ဘူး၊ ဒုစရိုက်မကောင်းမှု ဖြစ်ကြောင်းတွေလည်း ဒီအထဲမှာ ပါနေတယ်၊ ကိုယ့်ဟာကိုယ် ချမ်းသာအောင်လို့သာ လုပ်နေတာကိုး၊ သူက အမှန်ချည်းပဲ၊ တရားသဖြင့်ချည်းမဟုတ်တော့ ဒုစရိုက်ဖြစ်ကြောင်းအကုသိုလ်ဖြစ်ကြောင်းတွေလည်း ဒီအထဲမှာ ပါနေတယ်၊ ဒါတွေက အမှန်တွေ မဟုတ်ဘူး၊ အမှန်ပဲ အားထုတ်ဦးတော့ သံသရာလွတ်မြောက်ကြောင်းမဟုတ်တော့ သူဟာက တစ်ခဏလောက် ချမ်းသာဖို့ပဲ၊ အမြဲတမ်း ချမ်းသာဖို့ မဟုတ်ဘူး၊ စင်စစ်ချမ်းသာဖို့ရာ မဟုတ်ပြန်ဘူး၊ ချမ်းသာကြောင်း အစစ်အမှန် မဟုတ်ဘူး။

အခုမြတ်စွာဘုရားဟောတဲ့ အရိယသစ္စာတရားလေးပါးကတော့ ဆင်းရဲဆိုရင် ဆင်းရဲအစစ်အမှန်ပဲတဲ့၊ ဖြစ်ပျက်နေတဲ့ သခါရတွေဟူသမျှအကုန်လုံး ဆင်းရဲပဲ၊ တော်တော်ကြာမှ တစ်ခါပြောရမယ်။ အဲဒီဖြစ်ပျက်တဲ့ သခါရဆင်းရဲတွေကိုပဲ အလိုရှိတောင့်တပြီး တွယ်တာပြီးနေတဲ့သဘောက သူက ဆင်းရဲကြောင်းတရား၊ သူရှိလို့ ထပ်ခါထပ်ခါပဲ ဒီဆင်းရဲတွေနဲ့ တွေ့နေရတယ်။ ဒါတွေဟာ အမှန်တွေပဲ၊ ဒီဆင်းရဲတွေကို သာယာနှစ်သက် တွယ်တာပြီးတော့ နေတဲ့ တဏှာငြိမ်းသွားမှ ဘဝအသစ်တွေ ရုပ်နာမ်ခန္ဓာတွေ မဖြစ်ဘဲနဲ့ တစ်ခါ တည်းငြိမ်းပြီးတော့ အစဉ်ထာဝရ ငြိမ်းသွားတယ်။ ဒါဟာ ဆင်းရဲအငြိမ်းအမှန်ပဲ၊ အဲဒီဆင်းရဲအငြိမ်းအမှန်သို့ ရောက်ကြောင်းဖြစ်တဲ့အကျင့်လမ်းဟာ အကျင့်လမ်းမှန်ပဲ၊ အဲဒီအကျင့်အလမ်းမှန်က ဘာလဲတဲ့၊ အရေးကြီးတာက အဲဒါသိဖို့ အရေးကြီးတယ်၊ ဆင်းရဲလည်း သိပါပြီ၊ ဆင်းရဲကြောင်းလည်း သိပါပြီ၊ ဆင်းရဲငြိမ်းတယ်ဆိုတာလည်း

http://www.dhammadownload.com

သိပါပြီ၊ ဒီလိုသိရုံနဲ့ မပြီးသေးဘူး၊ ဒီငြိမ်းတဲ့သဘောတရားကို ရအောင်, ငြိမ်းတဲ့ သဘောတရားလေး ရောက်အောင် ဘယ်လိုလုပ်ပြီး အားထုတ်ရမယ်ဆိုတဲ့ နည်းလမ်းကလေးကို သိဖို့ရာ လိုလာတယ်၊ အဲဒီနည်းကို အခု ပေးတော့မယ်။

အကျင့်လမ်း မဂ္ဂင်ရှစ်ပါး

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခနိရောဂါမိနီ ပဋိပဒါ-ဆင်းရဲ၏ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော၊ အရိယသစ္စာ-အရိယာတို့သိအပ်သော အမှန်တရားသည်၊ ကတမာ-အဘယ်ပါနည်း။

ဘယ်ဟာလဲ-တဲ့၊

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယ္ယထိဒံ - သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အရိယော၊ မြတ်သော၊ အဋ္ဌင်္ဂိကော-အင်္ဂါရှစ်ပါးရှိသော၊ အယမေဝ မဂ္ဂေါ-ဤအကျင့်လမ်းပင်တည်း။

မြတ်စွာဘုရားက ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်းဖြစ်တဲ့ အကျင့်လမ်းက ဘယ်ဟာလဲ ဆိုတော့ "အယမေဝ"တဲ့၊ ဒါပါပဲတဲ့၊ "အယမေဝ ဤသည်ပင်လျှင် တည်း"တဲ့။

အနီးအပါးမှာရှိတဲ့ အရာဝတ္ထုတစ်ခုကို လက်ညှိုးထိုးပြီးတော့ ပြသလို၊ ဆုပ်ကိုင်ပြီးတော့ ပြသလို၊ မြတ်စွာဘုရားက "အယမေဝ မဂ္ဂေါ-သည်လမ်းပဲ"တဲ့၊ 'ဒါပါပဲ"တဲ့၊ ဒီလို ဟောတာကိုး၊ မြတ်စွာဘုရားအနေနဲ့ဆိုရင်ဖြင့် ဒီအကျင့်လမ်းက မိမိကိုယ်တိုင်လည်း တွေ့ထားပြီးသား၊ လက်ဆုပ်လက်ကိုင် ရထားပြီးသား ဆိုတော့ စိတ်ထဲ ဉာဏ်ထဲ အင်မတန်ထင်ရှားနေတယ်၊ ဒါကြောင့် ဒါပဲဆိုပြီးတော့ ပြတယ်၊ အခြားမဟုတ်ပါဘူး၊ ဒီဟာပါပဲ။

မြတ်စွာဘုရား၏တပည့်သားဖြစ်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ဒီအကျင့်လမ်းက သိနားလည်ပြီးနေတော့ အဲဒီပုဂ္ဂိုလ်တွေ၏အမြင်နဲ့ ကြည့်မယ်ဆိုရင်လည်း "ဒါပဲ" ဆိုရင် ထင်ရှားနေပါပြီ၊ ဒီဥစ္စာပါပဲတဲ့။

http://www.dhammadownload.com

အခု တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ ပြောမယ်၊ မေးမယ် ဆိုရင် သူလည်း ထင်ရှားနေတာပဲ၊ ယောဂီပုဂ္ဂိုလ်တွေမှာ ကမ္မဋ္ဌာန်းတွေကနေပြီးတော့ နိဗ္ဗာန်ရောက်တဲ့အကျင့်ဟာ ဘာတုံးဆိုရင် "ဒါပါပဲ"၊ ဒီအမှတ်ပါပဲ ဆိုရင် သူဟာ ရှင်းနေတာပဲ၊ ဘေးကပုဂ္ဂိုလ်တော့ မသိဘူး၊ ပြောတဲ့ပုဂ္ဂိုလ်ကလည်း သူဟာသူ ရှင်းနေတာပဲ၊ အမှတ်ပဲဆိုရင် ဒီဟာပါလို့ပြောတာ ရှင်းနေတယ်၊ နားထောင်တဲ့ ပုဂ္ဂိုလ်ကလည်း သူကိုယ်တိုင် ဒွါရခြောက်ပါးက ဖြစ်ခိုက် ရုပ်နာမ်တွေ ရွှမ့်တ်ပြီး နေတာ ဒါပဲ၊ ဒီအကျင့်ပဲ ရှင်းနေတာပဲ။

သို့သော် အားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေအဖို့ကတော့ ဒါနားလည်မယ် မဟုတ်ဘူး၊ အဲဒါလိုပဲ မြတ်စွာဘုရားဟောတဲ့ ဒီ "အယမေဝ မဂ္ဂေါ-ဒီမဂ်ပဲ"တဲ့၊ "ဒီလမ်းပဲ ဒီအကျင့်ပဲ"လို့ ဟောတော့ မြတ်စွာဘုရားနှင့်တကွ တပည့်သားတော်တွေတော့ နားလည်နေပါပြီ၊ တခြားပုဂ္ဂိုလ်တွေ ဆိုရင် သူဟာ နားလည်ဖို့ရာ တယ်မရှိသေးဘူး။ ဒါကြောင့် -

ဒီအကျင့်လမ်းဟာ "အဂ်ိါရှစ်ပါးရှိတယ်"တဲ့၊ အဂ်ိါရှစ်ပါးရှိတဲ့၊ "မဂ္ဂေါ-လမ်း"ဆိုတော့ကိုး၊ လမ်းဆိုတာ အမျိုးမျိုးရှိတာကိုး၊ လှည်းလမ်း၊ ခြေလျင်သွားတဲ့ လမ်း၊ ရထားလမ်း၊ ကားလမ်း စသည်ဖြင့် ဒီလိုလမ်းတွေလည်း ရှိတာတဲ့။

ပြီးတော့ အလုပ်အကိုင်တွေနဲ့ ပတ်သက်ပြီးတော့ လုပ်ကိုင်တဲ့ နည်းလမ်းတွေလည်း "မဂ္ဂ"လို့ ခေါ်တာပဲ၊ သူတို့လည်း လမ်းတွေပဲ။

ပြီးတော့ မကောင်းမှုအကုသိုလ်တွေလည်း လမ်းတွေပဲ၊ အပါယ်လေးပါး ရောက်စေတတ်တဲ့လမ်း၊ ငရဲကျရောက်စေတတ်တဲလမ်း၊ တိရစ္ဆာန်ဖြစ်စေတတ်တဲ့ လမ်း၊ ပြိတ္တာဖြစ်စေတတ်တဲ့လမ်း၊ ဒါတွေလည်း လမ်းတွေပဲ။ နတ်ရွာရောက်စေတတ်တဲ့လမ်း၊ ဗြဟ္မာပြည်ရောက်စေတတ်တဲ့လမ်း၊ ဒါတွေလည်း လမ်းတွေပဲ ဖြစ်နေတယ်၊ အဲဒီလမ်းတွေ အမျိုးမျိုးရှိပြီးနေတော့ အဲဒီလမ်းမျိုးတွေ မဟုတ်ဘူးတဲ့၊ "အရိယော-မြင့်မြတ်ဖြူစင် စင်ကြယ်တဲ့လမ်းပဲ"တဲ့။ ဟိုလမ်းတွေ မျိုးမဟုတ်ဘူး၊ ကိလေသာအညစ်အကြေးတွေ စင်ကြယ်ပြီးတော့ မြင့်မြတ်နေတဲ့လမ်းပဲ၊ အင်မတန်ကောင်းတဲ့လမ်း၊ အကောင်းဆုံးလမ်းပေါ့၊ ဒီလမ်းကတော့ အဂ်ိါရှစ်ပါး ရှိတယ်၊ အဲဒီအဂ်ိါရှစ်ပါးက ဘာလဲ ဆိုရင် -

ဣဒံ-ဤအဂ်ိါရှစ်ပါးရှိသော အရိယမဂ်သည်၊ (ဝါ) ဤအဂ်ိါရှစ်ပါးသည်၊ သေယျထာ-အဘယ်နည်းဟူမူကား၊ သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊ သမ္မာ

http://www.dhammadownload.com

သက်ပွေါ-မှန်စွာကြဲခြင်း၊ သမ္မာဝါစာ-မှန်စွာပြောဆိုခြင်း၊ သမ္မာကမ္မန္တော-မှန်စွာပြုခြင်း၊ သမ္မာအာဇီဝေါ-မှန်စွာအသက်မွေးခြင်း၊ သမ္မာဝါယာမော-မှန်စွာ အားထုတ်ခြင်း၊ သမ္မာသတိ-မှန်စွာအမှတ်ရခြင်း၊ သမ္မာသမာဓိ-မှန်စွာ စူးစိုက်တည်ကြည်ခြင်း၊ အဲဒါတွေဟာ ရှစ်ပါးဖြစ်ပါတယ်။ အခုဒီမှာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ စောစောကတည်းက ဒီမဂ္ဂင်ရှစ်ပါးတရားတွေ ဆိုတာ သိပြီးသားပါပဲ။ ဒါပေမယ်လို့ သူ့အစဉ်ရောက်တဲ့အခါ ဒါဟောရမှာပဲ၊ ကျော်သွားလို့လည်း မဖြစ်ဘူး၊ အနေကြိုးဆုံးအပိုင်း ရောက်နေတယ်၊ မဂ္ဂင်ရှစ်ပါးတရားက အနေကြိုးဆုံးပဲဖြစ်တယ်။

သမ္မာဒိဋ္ဌိမဂ္ဂင်

သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း-တဲ့၊ "ဒိဋ္ဌိ"ဆိုတာက မိစ္ဆာ၊ သမ္မာ နှစ်မျိုးရှိတော့ မိစ္ဆာဒိဋ္ဌိဆိုတော့ မှားယွင်းစွာ မြင်ခြင်း၊ မှားပြီးတော့ အလွဲမြင်တယ်၊ မဟုတ်တာကို မြင်တယ်၊ မဟုတ်တာကို သိတယ်၊ အဲဒါ "မိစ္ဆာဒိဋ္ဌိ"ခေါ်တယ်၊ သမ္မာဒိဋ္ဌိဆိုတော့ မိစ္ဆာနဲ့သမ္မာဟာ ပြောင်းပြန်ဖြစ်နေတာကိုး၊ ဟိုက မဟုတ်တာကို မြင်ရင် ဒီက ဟုတ်တာကို မြင်ရမှာ၊ ဟိုက မမှန်တာကို မြင်၊ ဒီက မှန်တာကို မြင်တာကြောင့် ဒီက မှန်စွာမြင်ခြင်း၊ အမှန်အတိုင်းပဲ မြင်တယ်၊ အမှန်အတိုင်း သိတယ်၊ အမှန်မြင်တာ သိတာဟာ သမ္မာဒိဋ္ဌိပဲ။

ဒီ"သမ္မာဒိဋ္ဌိ"ဟူသောပုဒ်ကို အဋ္ဌကထာတွေမှာ သဒ္ဓါနက်ရသင့်သည့်အားလျော်စွာ ဖွင့်ထားပါတယ်၊ သမ္မာဆိုတာ "ကောင်းတယ်"ဆိုတဲ့ အနက်လည်း ရပါတယ်၊ "ချီးမွမ်းအပ်တယ်" ဆိုတဲ့ အနက်လည်း ရပါတယ်၊ အဲဒါကြောင့် "သမ္မာဒိဋ္ဌိ-ကောင်းသောအမြင်၊ ကောင်းသော အသိအမြင်" ဒီလိုလည်း ဘာသာပြန်ရတယ်၊ "သမ္မာဒိဋ္ဌိ-တင့်တယ်သောအသိအမြင်"ဒီလိုလည်း ဘာသာပြန်နိုင်တယ်၊ "သမ္မာဒိဋ္ဌိ-ချီးမွမ်းအပ်သော အသိအမြင်" ဒီလိုလည်း ဘာသာပြန်နိုင်ပါတယ်၊ ဒါပေမယ်လို့ မိစ္ဆာနဲ့ ထောက်ကြည့်ရင်တော့ သမ္မာနဲ့မိစ္ဆာ ဆိုတာက သူက ပြောင်းပြန်ဖြစ်နေတာကိုး၊ မိစ္ဆာက မှားနေရင် သမ္မာ,က အမှန်ကိုး၊ သမ္မာဒိဋ္ဌိ-ကောင်းတယ်ဆိုတာက အမျိုးမျိုးရှိတာကိုး၊ ကောင်းတယ်ဆိုတဲ့ စကားက ကိုယ်နှစ်သက်ရင်, သဘောကျရင် ကောင်းနေကြတာချည်းပဲ၊ ကောင်းတာတွေ အများကြီးရှိတာပေါ့၊ ဗဟုစ္စာကတော့ အမြင်မှန်ရမယ်၊ အသိက မှန်ရမယ်၊ ဒါကြောင့်မို့ ဒီမှာ "သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း"တဲ့၊ ဘုန်းကြီးများက ဘာသာပြန်ထားတယ်။

http://www.dhammadownload.com

သမ္မာဒိဋ္ဌိဝါးမျိုး

သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊ ဒီသမ္မာဒိဋ္ဌိက ဝါးမျိုးရှိတယ်။ မှန်စွာမြင်တာ ဝါးမျိုးရှိတယ်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ စသည် ဝါးမျိုး။

ကမ္မဿကတာ သမ္မာဒိဋ္ဌိ

ကမ္မဿကတာ သမ္မာဒိဋ္ဌိ - ကံ, ကံ၏အကျိုး ရှိတယ်လို့ ယုံကြည်သိမြင်တာ၊ ကောင်းသောအလုပ်ကို လုပ်ရင် ကုသိုလ်ဖြစ်တယ်၊ ကုသိုလ်က ကောင်းကျိုးပေးတယ်၊ ဒီလိုယုံကြည်တာ သမ္မာဒိဋ္ဌိ-မကောင်းသောအလုပ်ကို လုပ်ရင် အကုသိုလ်ဖြစ်တယ်၊ အကုသိုလ်က မကောင်းကျိုးပေးတယ်၊ ဒါလို ယုံကြည်တာက သမ္မာဒိဋ္ဌိ၊ ကံရှိတယ်၊ ကံ၏အကျိုးရှိတယ်၊ ဒီလိုယုံကြည် သိမြင်တာဟာ သမ္မာဒိဋ္ဌိပဲ၊ ဒီယုံကြည်သိမြင်တဲ့ သမ္မာဒိဋ္ဌိက "ကမ္မဿကတာသမ္မာဒိဋ္ဌိ"တဲ့။

ဒီသမ္မာဒိဋ္ဌိကတော့ သူက ကိုယ်တိုင်တွေ့မြင်တယ်လို့ မဟုတ်ပါဘူး၊ ဆရာသမားတွေ ညွှန်ကြားဟောပြတဲ့အတိုင်း ယုံကြည်ပြီး သဒ္ဓါရှေ့သွားပြီးတော့ သဒ္ဓါမူလိကာ ဆိုတာ သဒ္ဓါရှေ့သွားပြီးတော့သိတယ်၊ ယုံကြည်မှု ရှေ့သွားပြီးတော့ စဉ်းစားဆင်ခြင်ကြည့်၊ အကြောင်းအကျိုးတွေနဲ့ ဆင်ခြင်ကြည့်လို့ရှိရင် အဲဒါ အကြောင်းရှိတယ်၊ အကျိုးရှိနေတော့ ကောင်းကျိုး, မကောင်းကျိုးတွေဟာ သူ့အကြောင်းရှိရာမှာ၊ အခြားအကြောင်းမဟုတ်ဘူး၊ ကံပဲ ကောင်းတာလုပ်ရင် ကောင်းကျိုးဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးဖြစ်တယ်၊ လောလော ဆယ်မှာပဲ ကောင်းတာ လုပ်ရင် ကောင်းကျိုးလေးတွေ ဖြစ်လာတာ ထင်ရှားတယ်၊ မကောင်းတဲ့အလုပ်လုပ်ရင် မကောင်းကျိုးဖြစ်တယ်၊ လူတစ်ယောက်ကို သွားပြီးတော့ ဆဲလိုက်ရင် အဆဲခံရတဲ့လူရဲ့ အမုန်းခံရမှာပဲ။ မုန်းတော့မယ်ဆိုပြန်ရင်လည်း ဆဲလိမ့်မယ်၊ သူမကောင်းတာ သွားလုပ်တာကိုး၊ မကောင်းကျိုးသူရတယ်၊ လူတစ်ယောက်ကို မေတ္တာရှေ့သွားပြီးတော့ အကျိုးကို ဆောင်ရွက်ပြောဆိုခဲ့လို့ရှိရင်, ပြုလုပ်ခဲ့လို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ တစ်ခါတည်း ကျေးဇူးတင်မယ်၊ ကြည်ညိုမယ်၊ သူတတ်နိုင်သမျှ ပြန်ပြီးကျေးဇူးတုံ့ပြန်မယ်၊ သူတတ်နိုင်သလောက် ဆောင်ရွက်မယ်၊ အဲဒီအကျိုးကို လက်ငင်းရရမယ်၊ အဲဒါ ကောင်းတာလုပ်လို့ရှိရင် ကောင်းကျိုးဟာ လောကတွင်လည်းပဲ ထင်ရှားတယ်၊ မကောင်းတာလုပ်ရင်လည်း မကောင်းကျိုးဟာ ထင်ရှားတယ်၊ ထင်ရှားတော့ တစ်လောကလုံးမှာ ကောင်းကျိုး

http://www.dhammadownload.com

တွေ့, မကောင်းကျိုးတွေဟာ ကောင်းသောအမှု, မကောင်းသောအမှုနဲ့ ဆိုင်နေတာပဲ၊ ကောင်းသောအမှုပြုရင် ကောင်းကျိုးရတယ်၊ မကောင်းသောအမှုပြုရင် မကောင်းကျိုးရတယ်လို့ အဲဒီလို စဉ်းစားဆင်ခြင်ပြီးတော့လည်း သဘောကျနိုင်ပါတယ်၊ အဲဒီလို သဘောကျတဲ့ ဥစ္စာဟာ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ"တဲ့၊ သမ္မာဒိဋ္ဌိသက်သက်ကတော့ မှန်စွာမြင်တာပဲ။

အမှန်အတိုင်းမြင်တာ ဘာပြုလို့တုံး၊ ကောင်းတဲ့အမှု, မကောင်းတဲ့အမှုကဲ့ဆိုတာ တကယ်လည်း ဒီလိုရှိနေတာပဲ၊ လူတိုင်းလူတိုင်း ဒီကံအမှုတွေဖြစ်မြောက်နေတယ်၊ ဒီကံကနေပြီးတော့ ကောင်းကျိုး, မကောင်းကျိုးပေးနေတာလည်း တကယ်မှန်နေတာပဲ၊ မှန်နေတာတွေ မှန်နေတဲ့အတိုင်းပဲ သူယူဆတာကိုး၊ မိဘဆရာသမားတွေက ပြောလို့ ယူဆတာပဲဖြစ်ဖြစ်၊ စာအုပ်ကျမ်းဂန်တွေက တွေ့ပြီးတော့ ယုံကြည်ယူဆတာပဲဖြစ်ဖြစ် ကိုယ်ဟာကိုယ် စဉ်းစားယုံကြည်ယူဆတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူဟာ အမှုကတော့ မှန်နေတာပဲ၊ ကောင်းမှုပြုရင် ကောင်းမှုက် ဖြစ်တယ်၊ ကောင်းသောအမှုပြုလို့ရှိရင် ကုသိုလ်ကံဖြစ်တယ်၊ ကုသိုလ်ကံက ကောင်းကျိုးပေးသွားရင် မှန်နေတာပဲ၊ မကောင်းသောအမှုပြုလို့ရှိရင် အကုသိုလ်ကံဖြစ်တယ်၊ အကုသိုလ်ကံက မကောင်းကျိုးပေးတယ်၊ အဲဒါ မှန်နေတာပဲ၊ အဲဒါမှန်နေတဲ့အတိုင်း သိမြင်မှုဖြစ်သောကြောင့် ဒီလိုအသိအမြင်မျိုးကို သမ္မာဒိဋ္ဌိလို့ ဆိုရတယ်၊ မှန်စွာမြင်ခြင်းပဲ၊ ဒီကမ္မဿကတာသမ္မာဒိဋ္ဌိကလည်း အရေးကြီးပါတယ်။

ကမ္မဿကတာ သမ္မာဒိဋ္ဌိ - ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ ဒီသမ္မာဒိဋ္ဌိအယူ အမြင်ရှိတဲ့ပုဂ္ဂိုလ်တွေက ဒါန သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေပြုကြတယ်၊ ပါဏာတိပါတ အစရှိသော အကုသိုလ်ဒုစရိုက်တွေ ရှောင်ကြတယ်၊ အကုသိုလ်ဒုစရိုက်တွေ ကြဉ်ရှောင်တိုင်း ကြဉ်ရှောင်တိုင်းလည်း ကုသိုလ်တရားတွေ ပွားများနေတယ်၊ ဒါန သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုတိုင်းပြုတိုင်းလည်း ကုသိုလ်တရားတွေ ပွားများနေတယ်၊ ဒီကုသိုလ်တွေက နေပြီးတော့ လူဘဝကိုလည်း ပို့ပေးတယ်၊ လူချမ်းသာဘဝကို ပို့ပေးတယ်၊ နတ်ဘဝကို ပို့ပေးတယ်၊ နတ်ချမ်းသာဘဝကို ပို့ပေးတယ်၊ လူချမ်းသာ နတ်ချမ်းသာတွေကို ရသွားတယ်၊ ဒီကမ္မဿကတာသမ္မာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်တွေက သမထဘာဝနာအလုပ်တွေ အားထုတ်ရင် သမထစျာန်ရတယ်၊ ဒီစျာန်ကနေပြီးတော့ ဗြဟ္မာဘဝတွေ ဖြစ်စေနိုင်

http://www.dhammadownload.com

တယ်လို့ ယုံကြည်တယ်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိကို အကြောင်းပြုပြီးတော့ သမထဘာဝနာတွေ ပွားများပြီး ဈာန်ရသွားလို့ရှိရင် အဲဒီဈာန်ကနေပြီးတော့ အဲဒီဗြဟ္မာဘဝကို ရောက်သွားတယ်၊ ဗြဟ္မာလည်း ဖြစ်စေနိုင်တယ်၊ ဒါက လောကထဲမှာကိုး။

အဲဒီကမ္မဿကတသမ္မာဒိဋ္ဌိနဲ့ ကဲ, ကဲ့ဒီအကျိုးကို ယုံကြည်တဲ့အတွက်ကြောင့် ဝိပဿနာဘာဝနာ တရားအားထုတ်တယ်၊ ဒါကလည်း ကံယုံကြည်မှုအားထုတ်နိုင်တာ၊ ကံမယုံကြည်တဲ့ပုဂ္ဂိုလ် ဘယ်အားထုတ်လိမ့်မတုံး၊ ကံယုံကြည်မှုအားထုတ်လို့ဖြစ်တယ်၊ ကုသိုလ်ကံ, အကုသိုလ်ကံ ရှိတယ်၊ အဲဒီကုသိုလ်ကံ အကုသိုလ်ကံကနေပြီးတော့ ဘဝအသစ်တွေ အကျိုးပေးပြီးတော့နေတဲ့ ကောင်းကျိုး ဆိုးကျိုးတွေ ပေးနေတယ်၊ ဒါယုံကြည်ရမယ်၊ ပြီးတော့ ဒီကံတွေ ငြိမ်းစေနိုင်တဲ့ အရိယမဂ်တရားတွေဆိုတာ ရှိတယ်၊ အဲဒီအရိယမဂ်တရားတွေကို ရပြီးသွားလို့ ရှိရင် အကုသိုလ်တံဟူသမျှတွေ ပယ်တယ်၊ ကိလေသာတွေ အကုန်ပယ်တယ်၊ ဘဝသံသရာမှ လွတ်မြောက်ပြီးတော့ သွားတယ်၊ ဒါယုံကြည်ရမှာကိုး၊ အဲဒီလို ယုံကြည်တာလည်း ကမ္မဿကတာ သမ္မာဒိဋ္ဌိပဲ၊ အဲဒီကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်တွေက ဝိပဿနာတရားအားထုတ်တာပဲ။

တို့မှာ ရှေးရှေးသောဘဝတွေက ဘယ်လိုဘဝတွေ ဖြစ်လာမှန်းမသိဘူး၊ ခုဘဝတောင်မှ မသိတတ်တဲ့အရွယ်တုန်းက ဘယ်လိုအခြေအနေရှိတယ် ဆိုတာ ပြန်ပြီးတော့ စဉ်းစားရင် ရတယ်၊ အကုသိုလ်ကံတွေဆိုတာ အသီးအသီး ရှိကြတယ်၊ မသိမလိမ္မာတဲ့အခါတုန်းက အကုသိုလ်ကံဆိုတာ ရှိကြတာပဲ၊ အနည်းနဲ့ အများဆိုတာ ရှိကြတယ်၊ ရှေးရှေးသောဘဝတွေ ဆိုတာကတော့ ဘယ်က ဘာဖြစ်လာမှန်း မသိဘူး၊ အဲဒီအကုသိုလ်ကံတွေဆိုတာ ရှိတယ်၊ ယခုဘဝမှာ ပြုထားတဲ့ကုသိုလ်ကောင်းမှုတွေလည်း အများကြီးရှိကြပါတယ်၊ ဒီကုသိုလ်ကောင်းမှုတွေကြောင့် ဒီဘဝက သေတဲ့အခါမှာ ဒီကုသိုလ်ကောင်းမှုကံတွေက အကျိုးပေးဖို့ရာများပါတယ်၊ ကုသိုလ်ကောင်းမှု များများပြုတဲ့ပုဂ္ဂိုလ်တွေက တော်တော်လေးအားကိုးရပါတယ်၊ လူဘဝဖြစ်ဖို့, နတ်ဘဝအလိုရှိရင် နတ်ဘဝဖြစ်ဖို့ရာ နီးစပ်ပါတယ်၊ ဒါပေမယ်လို့ ကိုယ်ပြုထားတဲ့ အကုသိုလ်မကောင်းမှုတွေဟာလည်း ရှိသေးတာပဲ၊ အခုဘဝ မကောင်းမှုပြုတာလည်း ရှိတန်သမျှရှိတာပဲ၊ ရှေးရှေးသောဘဝတွေကလည်း ဒါတွေတော့ ရှိနေတာပဲ၊ အဲဒီမကောင်းမှု အကုသိုလ်ကံတွေ

http://www.dhammadownload.com

အကျိုးမပေးပဲ နေမှာမဟုတ်ဘူး၊ တစ်နေ့ကျ သူတို့က အကျိုးပေးမှာ၊ အကုသိုလ်ကံတွေက အကျိုးပေးလို့ရှိရင် ဘယ်အကျိုးပေးမလဲဆိုရင် အပါယ်လေးပါး အကျိုးပေးတာပဲ၊ သွေးမြုပ်နဲ့သူ သွားတာပဲ၊ သူက "မိစ္ဆာမင်"ခေါ်တယ်၊ သူကလည်း မင်တော့ မင်ပါပဲ၊ မကောင်းတဲ့မင်ဖြစ်နေလို့ "မိစ္ဆာမင်"တဲ့၊ သူက မိစ္ဆာဒိဋ္ဌိက စပြီးတော့ လာတာကိုး၊ မကောင်းတဲ့မင်လမ်း၊ ငရဲကျသွားနိုင်တယ်၊ တိရစ္ဆာန်ဖြစ်သွားနိုင်တယ်၊ ပြိတ္တာဖြစ်သွားနိုင်တယ်၊ အသူရကာယ်ဘဝ ရောက်သွားနိုင်တယ်။

လူဖြစ်ဖို့မလွယ်

အပါယ်လေးပါးရောက်သွားလို့ရှိရင် လူဘဝပြန်လာဖို့ရာ တယ်မလွယ်ဘူး၊ ဘာပြုလို့တုံးဆိုတော့ သေခါနီးမှာ ကုသိုလ်စိတ်ကလေးနဲ့ သေမှ သုဂတိဘဝတွေဆိုတာဖြစ်တာ၊ လူဘဝ လူဖြစ်တယ်ဆိုတာ လွယ်လွယ်မဟုတ်ဘူး၊ ခု လူဖြစ်နေရတာတွေ အင်မတန်ကံကောင်းလို့ဖြစ်နေရတာ၊ ဟိုရှေးဘဝက သေခါနီးမှာ ကုသိုလ်ဇောကလေးနဲ့ စောပြီးတော့ ကုသိုလ်ကံအာရုံကလေးတွေ, ကမ္မနိမိတ် အာရုံကလေးတွေ ထင်ပေါ်ပြီးတော့ ဒီအာရုံကလေးတွေကို စွဲပြီးတော့ သေလာလို့ ဒီဘဝမှာ လူလာဖြစ်နေရတာ။

ကုသိုလ်ဖြစ်ဖို့ ခဲယဉ်းခြင်း

ဒီတော့ ငရဲဘဝက သေတဲ့အခါ ငရဲသတ္တဝါဟာ ငရဲမီးတွေ တဟုန်းဟုန်းနဲ့ လောင်နေတယ်၊ နှစ်ပေါင်းများစွာ အကြာကြီးပါပဲ၊ ငရဲထိန်းတွေ ဘာတွေက အမျိုးမျိုးနှိပ်စက် ညှဉ်းပန်းပြီးတော့ နေတာ၊ အဲဒါတွေ ဒုက္ခခံပြီးတော့ နေတာ၊ ဒီအချိန်မှာ ကုသိုလ်စိတ်ဖြစ်ဖို့ အလွန်ခဲယဉ်းတာပဲ၊ အဲဒီကုသိုလ်စိတ် ဘယ်နှယ်လုပ်ဖြစ်မလဲ၊ အင်မတန်ဒုက္ခတွေရောက်ပြီးတော့နေတာတဲ့၊ ကုသိုလ်စိတ်ဖြစ်ဖို့ရာ ဟိုအခါ မပြောနဲ့တော့၊ အခု လူပြည်လောကမှာတောင်မှ အင်မတန် မချိမဆန့် ဒုက္ခတွေ ရောက်နေတဲ့အခါ ကုသိုလ်နှလုံးသွင်းဖို့ရာ အင်မတန် ခဲယဉ်းနေတာပဲ၊ ဒါက ဘုရားနဲ့တရားနဲ့ အခုကိုးကွယ်ဆည်းကပ်ပြီးတော့ နေတဲ့အချိန်အခါကာလကြီးတောင်မှ မလွယ်လှဘူး၊ ဒုက္ခတွေ အကြီးအကျယ်ရောက်ပြီး သူတစ်ပါးက နှိုင်လို့ မင်းထက်အနှိပ်စက်ခံနေရလို့ရှိရင် စိတ်ကောင်းနှလုံးကောင်းထားဖို့ရာ အတော်ခဲယဉ်းပါတယ်၊ အဲဒီငရဲဘုံက အင်မတန်အကြီးအကျယ် ဒုက္ခတွေ ရောက်ပြီးတော့နေတာထဲက ကုသိုလ်ဖြစ်ဖို့ရာ အတော်ကိုခဲယဉ်းပါတယ်။

http://www.dhammadownload.com

တိရစ္ဆာန်တွေလည်း ဒီလိုပဲ တစ်ကောင်နဲ့တစ်ကောင် သတ်ဖြတ်ပြီးတော့ စားနေတာ၊ အဲဒီမှာ သေတဲ့အခါ သူတို့ကောင်းကောင်းမွန်မွန် သေရတဲ့အခါ တော်တော်ရှားပါတယ်၊ သူများသတ်လို့ဖြတ်လို့ သေတာ များမယ်၊ သူများက စားလို့ ဝါးလို့ တချို့က ပါးစပ်ထဲ သေရတယ်၊ တစ်ကောင်နဲ့တစ်ကောင် သတ်ကြ စားကြ၊ ဝါးကြ မျိုကြ ဒီလိုလုပ်နေတာပဲ၊ အဲဒီအချိန် သေခါနီးမှာ စိတ်ကောင်း နှလုံးကောင်းကလေးနဲ့ သေဖို့ အခဲယဉ်းသားပဲ၊ သူတို့ ဒါနလည်း မရှိ၊ သီလလည်းပဲ ပြောပလောက်အောင် ရှိမယ်မဟုတ်ဘူး၊ ဒီပြင်ကုသိုလ်တွေလည်းပဲ နှလုံးသွင်းဖို့ရာ ခဲယဉ်းပါလိမ့်မယ်၊ သူက အဲဒီမှာ သေတဲ့အခါ ကုသိုလ်စိတ်နဲ့ သေဖို့ ခဲယဉ်းတာပဲ။

ပြိတ္တာတွေဆိုတာလည်း အင်မတန်ကို ဆင်းရဲတော်မှတ်ခေါင်းပါး ဒုက္ခတွေ ရောက်နေတာပဲ။ ပြိတ္တာအသူရကယ်တွေလည်း သေခါနီးမှာ စိတ်ကောင်းနှလုံး ကောင်းနဲ့ သေဖို့ အင်မတန်ခဲယဉ်းပါတယ်၊ အဲဒီအပါယ်လေးဘုံကနေပြီးတော့ တစ်ခါ လူဘဝ၊ နတ်ဘဝ၊ သုဂတိဘဝ ပြန်ရောက်လာဖို့ရာ မလွယ်ဘူး၊ သူဟာ အခက်ကြီးပဲ၊ တော်တော်ခဲယဉ်းတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားဟောထားတဲ့ အတိုင်း တော်တော်ကြောက်စရာကောင်းပါတယ်။

လိပ်ကန်းဥပမာ

လိပ်ကန်းကြီးဥပမာများနဲ့ ဟောထားတယ်၊ ပင်လယ်ထဲမှာ လိပ်ကန်းကြီး လွှတ်လိုက်တယ်၊ လိပ်ကန်းကြီးလည်း တစ်ခါတစ်ရံမှ နှစ်ပေါင်းတစ်ရာ နှစ်ရာ နေမှ သူက ရေထဲက ပေါ်လာတယ်၊ ပင်လယ်ထဲ သူသွားချင်ရာသွား၊ သူရောက် ချင်ရာရောက်၊ ထမ်းပိုးတုံးကလည်း ဒီပင်လယ်ထဲမှာ တွေ့တယ်၊ ထမ်းပိုးတုံး ဆိုတာ လှည်းထမ်းပိုးတုံးပေါ့၊ လှည်းထမ်းပိုးမှာ ထမ်းပိုးကြီးခေါ်တဲ့ တုတ်တပ် ထိုးတာ၊ နွားဖွဲ့ကြိုးတွေချည်တဲ့ တုတ်တန်ထိုးတာ ရှိတယ်၊ ထမ်းပိုးကြီးလို့ ခေါ်တယ်၊ အဲဒီထမ်းပိုးကြီးမှာ ထမ်းပိုးကြိုးထိုးတဲ့ အပေါက်ရှိတာကိုး၊ ထမ်းပိုးတုံးက အပေါက်ရှိတယ်၊ အဲဒီထမ်းပိုးတုံးကလည်း ပယ်လယ်ထဲ မျောချင်ရာမျောသွား၊ လိပ်ကန်းကလည်းပဲ ဒီပင်လယ်ထဲမှာ သူကျက်စားနေတာ နှစ်ပေါင်းတစ်ရာ လောက်နေမှ တစ်ခါလောက်ပေါ်တယ်၊ ပေါ်ချင်ရာပေါ် သွားချင်ရာသွားနေ တယ်၊ အဲဒီလို ပေါ်နေတဲ့ဥစ္စာနဲ့ တစ်ရံတစ်ခါ ထမ်းပိုးကြီးကလည်းပဲ လိပ်ကန်း ပေါ်တဲ့နေရာ တည့်တည့်မှာ ရောက်ပြီးတော့နေလို့ ထမ်းပိုးကြီးအပေါက်နဲ့

http://www.dhammadownload.com

တည့်တည့်ကလည်း ဖြစ်နေလို့ လိပ်ကန်းကလည်း ဇွပ်မိ စွပ်ရာ ပေါ်လိုက်တာ၊ ဖြုတ်ခနဲ ပေါ်လိုက်တဲ့အခါ ဒီထမ်းပိုးကြီးပေါက်ထဲ ခေါင်းဝင်ပြီးတော့ သွားဖို့ရာ လွယ်ပါ့မလားဆို မလွယ်ဘူး၊ ဒီလို ဥပမာပေးတယ်။

ရဟန်းတွေက လျှောက်တယ်၊ "ခဲယဉ်းပါဘုရား-တဲ့၊ ပေါ်ဖို့ရာလည်း မလွယ်ဘူး၊ ထမ်းပိုးကြီးပေါက်ထဲ ထိုးမိဖို့ရာလည်း မလွယ်ဘူး၊ ဟုတ်တယ်၊ ဒီပင်လယ်ကြီးကလည်း အကျယ်ကြီး၊ မျှောချင်ရာမျှောနေတဲ့ လိပ်ကလည်း တစ်ခါတစ်ခါမှ ပေါ်တာ၊ သူလည်း သွားချင်ရာသွားနေတာ၊ ဒီထမ်းပိုးကြီးပေါက်ကလေး ကျဉ်းကျဉ်းကလေးထဲ တည့်တည့်မတ်မတ်စွပ်မိဖို့ရာ ခဲယဉ်းပါသေးရဲ့၊ ဒီလိုင်း တွေက ပုတ်လိုက် ခတ်လိုက်တာနဲ့ လိပ်ကန်းကြီးလည်း ဟိုရောက်ဒီရောက် နေပေမယ့် လိပ်ကလည်း မသေဘူး၊ ထမ်းပိုးကြီးကလည်း မပျက်စီးသေးဘူး ဆိုရင်တော့ နှစ်ရှည်လများကြာတဲ့အခါ တစ်ခါတစ်ရံတော့ သူက ဆုံချင်လည်း ဆုံမယ်တဲ့၊ ဆုံစရာအကြောင်း ရှိပါသေးတယ်၊ ဟုတ်တာပေါ့၊ ကာလဆိုတာ အပိုင်းအခြားက မရှိပဲဟာကိုး၊ တစ်ခါတစ်ရံတော့ ဆုံချင်လည်း ဆုံမှာပေါ့၊ အဲဒါခက်သလိုပဲ၊ လူဖြစ်ဘို့က ဒါထက်တောင် ခက်သေးတယ် ဆိုပြီး ဟောထားပါတယ်။

သိပ်ခက်ခဲကြောင်း

ဒီတိုင်းဆိုရင်တော့ သူဟာ သိပ်ကြောက်စရာကောင်းတယ်၊ အပါယ်လေးဘုံ ကျသွားတဲ့ပုဂ္ဂိုလ် လူပြည်ပြန်လာဖို့ရာဟာ ခက်ပါတယ်၊ လူပြည်ကို ပြန်ရောက်ဖို့ရာဟာ အင်မတန်ခဲယဉ်းပါတယ်တဲ့၊ အဲဒီတော့ မိမိတို့ ယခုဘဝက ပြုထားတဲ့ ကုသိုလ်တွေ အားကိုးရပေမယ်လို့ အကုသိုလ်တွေကလည်း မကုန်မကင်းသေးတော့ ဒီဘဝတွင်လည်း အကုသိုလ်ရှိတန်မျှတော့ ရှိတယ်၊ ရှေးရှေးသော ဘဝတွေက ရှိတန်သမျှရှိတယ်၊ အပါယ်ပစ်ချလိုက်လို့ရှိရင် လူဘဝတစ်ခါပြန်လာဖို့ ခဲယဉ်းတယ်၊ အပါယ်ဆင်းရဲတွေနဲ့ တောက်လျှောက်တွေ့သွားရမလိုဖြစ်နေတော့ ယခုဘဝကနေပြီး ကုသိုလ်ကောင်းမှုအကျိုးပေးလို့ နောက်ဘဝတွေမှာ လူရယ်၊ နတ်ရယ်လို့ ဘဝကောင်းတွေပဲ ဖြစ်တယ်လို့ ထားပါဦးတော့၊ အဲဒီဖြစ်ရာဘဝလည်းပဲ ဘယ်လိုမိဘတွေ ဘယ်လိုဆရာ သမားတွေနဲ့ တွေ့နေမှန်းမသိဘူး၊ ဘယ်လို အယူဝါဒတွေ ယူနေမှန်းမသိဘူး၊ အဲဒီဖြစ်ရာဘဝမှာလည်းပဲ အကုသိုလ်မကောင်းမှုကံတွေ လုံးဝမပြုဘူးလို့ မဆိုနိုင်ဘူး၊ သူဥစ္စာ အဲဒီအကုသိုလ်ကံတွေ

http://www.dhammadownload.com

ပြုရင်း အဲဒီဘဝက သေတဲ့အခါကျတော့ အပါယ်လေးပါးကျနိုင်တယ်၊ ယခုဘဝက ကုသိုလ်က လိုက်ပြီးတော့ ကယ်နိုင်လှမယ်မဟုတ်ဘူး၊ အဲဒါကြောင့် ဒီအပါယ်လေးပါးကို ကျနိုင်တဲ့အစွမ်းသတ္တိ မကုန်သေးသမျှ ကာလပတ်လုံးဟာဖြင့် ကြောက်စရာကောင်းတယ်လို့ အပါယ်ဘေးကြီးမြင်ပြီးတော့ ဝိပဿနာဘာဝနာတရားဆိုတာ အားထုတ်ကြတာကိုး၊ ဒါဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အယူရှိတဲ့ အကျိုးကို ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေ အားထုတ်တာ။

ကံ, ကံ၏အကျိုး မယုံကြည်တဲ့ပုဂ္ဂိုလ်တွေကျတော့ နောက်ဘဝသံသရာတွေ ဘာမှရှိမှမရှိဘဲ၊ ကုသိုလ် အကုသိုလ်ကံတွေလည်း မရှိဘူးဆိုရင် ဘယ်မှာသူ တရားအားထုတ်မလဲ၊ ခုနပြောတဲ့ အပါယ်လေးဘုံကျနေတာတို့ အပါယ်လေးဘုံကနေပြီးတော့ လူဘဝကို ပြန်ရခဲတယ်ဆိုတာလည်း သူတို့အယုံအကြည်မရှိဘူး၊ အဲဒါတွေ အယုံအကြည်မရှိရှိရင် ဘာမှအားထုတ်စရာမလိုဘူး၊ သူက အဲဒီလိုဖြစ်နေတယ်။

အခု ဝိပဿနာ ဘာဝနာတရားအားထုတ်တယ်ဆိုတာ အခုပြောခဲ့တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ - ကံ, ကံ၏အကျိုးယုံကြည်လို့ အားထုတ်တာ၊ ဒါကြောင့် မို့ သူက သမ္မာဒိဋ္ဌိ အမှန်အတိုင်းမြင်ရရင် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်တရားတစ်ပါးပဲတဲ့၊ မဂ္ဂင်တရားဘစ်ပါးအဝင်ဖြစ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိပဲ အရေးကြီးပါတယ်။

ဈာနသမ္မာဒိဋ္ဌိ စသည်

နောက်တစ်ခုကတော့ "ဈာနသမ္မာဒိဋ္ဌိ၊" ဈာနသမ္မာဒိဋ္ဌိဆိုတာ ဈာန်စိတ်ထဲမှာ ပါတယ်၊ ဈာန်စိတ်ထဲမှာ ဉာဏ်တရား ပညာတရား ဆိုတာ ပါနေတယ်၊ သူကတော့ ဈာန်ရှိုးရှိုးဆိုရင် ထူးထူးထွေထွေသိတာ မရှိပါဘူး။ အဘိညာဏ်ကိစ္စတပ်တဲ့အခါမှ ထူးထူးထွေထွေ သိတယ်၊ ဒီဗွစက္ခုအဘိညာဏ်ဆိုရင် သူက အဆင်းမှန်သမျှမြင်နိုင်တယ်၊ ဒိဗ္ဗသောတဆိုရင်လည်းပဲ ထိုထိုအသံတွေ အကုန်လုံး လျှောက်ပြီးတော့ ကြားနိုင်တယ်၊ စေတောပရိယဆိုရင် သူများစိတ်တွေကို သိနိုင်တယ်၊ ပုဗ္ဗေနိဝါသဆိုရင် ရှေးဘဝဟောင်းတွေ ပြန်ပြီးတော့ စဉ်းစားလို့ ရနိုင်တယ်၊ ပြီးတော့ ဣဒ္ဓိဝိဓ,က တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်တယ်၊ အနာဂတံသတို့ ဘာတို့ ရှိတယ်၊ အနာဂတ်ကာလတွေလည်း မျှော်ကြည့်လို့ရှိရင် သိနိုင်တယ်၊ အဲဒါတွေကျတော့ အစွမ်းသတ္တိတွေ ရှိပါတယ်၊ အဲဒါက "ဈာနသမာဒိဋ္ဌိ"ခေါ်တယ်။

http://www.dhammadownload.com

ဝိပဿနာသမ္မာဒိဋ္ဌိ

နောက်တစ်ခုကတော့ "ဝိပဿနာသမ္မာဒိဋ္ဌိ"တဲ့၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဝိပဿနာရှုတဲ့အခါကာလ ရှိတယ်၊ တော်တော်ကြာမှ ပြောရမယ်၊ ဝိပဿနာရှုတဲ့အခါ ဝိပဿနာဉာဏ်အတိုင်းဖြစ်တာပဲ။

မဂ္ဂသမ္မာဒိဋ္ဌိ - ဒါအရိယမဂ်ဉာဏ်ပဲ၊ ဒါကလည်း တော်တော်ကြာမှ ဝိပဿနာနဲ့ ဆက်ပြောရဦးမယ်။

ဖလသမ္မာဒိဋ္ဌိ - ဖိုလ်ဉာဏ်ပဲ၊ ဒါကလည်းပဲ မဂ်ကနေပြီးဖြစ်သွားတဲ့ အကျိုးတရားပဲ။

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊
၂။ ဈာနသမ္မာဒိဋ္ဌိ၊
၃။ ဝိပဿနာသမ္မာဒိဋ္ဌိ၊
၄။ မဂ္ဂသမ္မာဒိဋ္ဌိ၊
၅။ ဖလသမ္မာဒိဋ္ဌိ ငါးခု၊ အကယ်၍ 'ဖလ'မထည့်ဘဲနဲ့ ပစ္စဝေက္ခဏာထည့်ရင် ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ သူလည်း ငါးခုပဲ၊ အကုန်လုံးပေါင်းရင်တော့ ခြောက်ခုရှိတယ်။

သမ္မာဒိဋ္ဌိမည်ပုံ

သမ္မာဒိဋ္ဌိဆိုတာ ငါးမျိုးရှိပါတယ်၊ အဲဒီနေရာမှာ ဘယ်လိုဟာကို သမ္မာဒိဋ္ဌိ ခေါ်ပါသလဲ ဆိုတာကို မြတ်စွာဘုရားက အကျယ်ချဲ့ပြီးတော့ ဟောထားတယ်။

ကတမာ စ ဆိကွဝေ ဆမ္မာဒိဋ္ဌိ၊

ဆိကွဝေ-ရဟန်းတို့၊ သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်းသည်လည်း၊ ကတမာ စ-အဘယ်ပါနည်း။

မှန်စွာမြင်တယ် ဆိုတာ ဘာလဲတဲ့၊ မှန်စွာမြင်တဲ့ သမ္မာဒိဋ္ဌိဆိုတာ ဘာလဲလို့ အမေးထုတ်တယ်။

"ယံ ခေါ် ဆိကွဝေ ဒုက္ခေ ညာဏံ, ဒုက္ခသမုဒယေ ညာဏံ, ဒုက္ခနိရောဓေ ညာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ညာဏံ၊ အယံ ဝုစ္စတိ ဆိကွဝေ သမ္မာဒိဋ္ဌိ" လို့ အဖြေပေးပါတယ်။

http://www.dhammadownload.com

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခေ-ဆင်းရဲ၌၊ ယံ ခေါ ဉာဏ်-အကြင်အသိဉာဏ် သည်လည်းကောင်း၊ ဒုက္ခသမုဒယေ-ဆင်းရဲကြောင်းတရား၌၊ ယံ ခေါ ဉာဏ်-အကြင်သိဉာဏ်သည်လည်းကောင်း၊ ဒုက္ခနိရောဓေ-ဆင်းရဲငြိမ်းရာ၌၊ ယံ ခေါ ဉာဏ်-အကြင်သိဉာဏ်သည်လည်းကောင်း၊ ဒုက္ခနိရောဓဂါမိနိယာ-ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော၊ ပဋိပဒါယ-အကျင့်၌၊ ယံ ခေါ ဉာဏ်-အကြင်အသိဉာဏ် သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤအသိဉာဏ်ကို၊ သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိဟူ၍၊ သမ္မာဒိဋ္ဌိ-မှန်ကန်စွာမြင်ခြင်း ဟူ၍၊ ဝုစ္စတိ-ခေါ်ဆို အပ်ပေ၏။

သမ္မာဒိဋ္ဌိ ဆိုတာ ဒါပဲတဲ့၊ မှန်စွာမြင်တယ် ဆိုတာ ဒုက္ခကို မြင်တာ သမ္မာဒိဋ္ဌိ၊ သမုဒယကို မြင်တာ သမ္မာဒိဋ္ဌိ၊ နိရောဓကို မြင်တာ သမ္မာဒိဋ္ဌိ၊ မဂ္ဂကို မြင်တာ သမ္မာဒိဋ္ဌိ၊ ဒီလိုတိုတိုပဲ လုပ်မှပဲ၊ ဟိုက ဒုက္ခနိရောဓဂါမိနိပဋိပဒါ ဆိုတာ အဆိုရခက်တယ်၊ ရှည်နေတယ်၊ တိုတိုလေးဆိုကြဦးစို့။

၁။ ဒုက္ခကို မြင်တာ သမ္မာဒိဋ္ဌိ၊
၂။ သမုဒယကို မြင်တာ သမ္မာဒိဋ္ဌိ၊
၃။ နိရောဓကို မြင်တာ သမ္မာဒိဋ္ဌိ၊
၄။ မဂ္ဂကို မြင်တာ သမ္မာဒိဋ္ဌိ၊

အတိုချုပ်ကတော့ ဒါပါပဲ၊ အဲဒီတော့ ခုနက ပြောခဲ့တဲ့ သမ္မာဒိဋ္ဌိငါးပါးထဲက ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတာဟာ ဒီသစ္စာလေးပါးထဲ ထည့်လိုက်လို့ရှိရင်တော့ တည့်တည့်မတ်မတ်တော့ မရပေဘူး၊ ဒုက္ခကို မြင်တယ်လို့လည်း မဆိုနိုင်ဘူး၊ သမုဒယကို မြင်တယ်လို့လည်း သူမဆိုနိုင်ဘူး၊ နိရောဓကို မြင်တယ်လို့လည်း သူမဆိုနိုင်ဘူး၊ မဂ္ဂကို မြင်တယ်လို့လည်း သူက တိတိကျကျဆိုလို့ မဖြစ်ဘူး၊ သူသိတာက ကံ, ကံ၏အကျိုးကို ယုံကြည်တာ၊ ဗါလောက်သိတာ၊ သို့သော်လည်းပဲ ဒီသစ္စာလေးပါးတရားသိတဲ့ ဥစ္စာတွေက ကမ္မဿကတာ သမ္မာဒိဋ္ဌိ အရင်းခံနဲ့ မကင်းပါဘူး၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိက အခြေခံဖြစ်နေတယ်။

http://www.dhammadownload.com

မဂ္ဂင်သုံးပါး

ဒါကြောင့် သူကတော့ အရိယမဂ္ဂသစ္စာ၏ မူလဖြစ်နေတယ်၊ မူလဘူတ ဖြစ်နေတယ်၊ မူလမဂ္ဂင် အခြေခံပဲတဲ့။

၁။ မူလပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်။

၂။ ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။

ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်။

မဂ္ဂင် ဆိုတာ သုံးမျိုးရှိတယ်တဲ့၊

(၁) မူလမဂ္ဂင်၊

(၂) ပုဗ္ဗဘာဂမဂ္ဂင်

(၃) အရိယမဂ္ဂင် - သုံးမျိုးရှိတယ်၊

မူလမဂ္ဂင် ဆိုတာ အခု ကမ္ဘာသကတာ သမ္မာဒိဋ္ဌိ - ကဲ့, ကဲ့၏ အကျိုးယုံကြည်သိမြင်တဲ့ သမ္မာဒိဋ္ဌိ အရင်းခံပြီးတော့ ပြုတဲ့ကုသိုလ်တိုင်း ကုသိုလ်တိုင်းမှာ ပါဝင်တဲ့ မဂ္ဂင်တရားတွေပေါ့လေ၊ မဂ္ဂင်ထိုက်တဲ့တရားတွေ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိသော တရားကိုယ်တွေဟာ မူလမဂ္ဂင်တွေ၊ သူက အရိယမဂ်ဖြစ်ဖို့ရာမှာ အခြေခံပဲ၊ အခြေအမြစ်ပဲ၊ သူမပါလို့ရှိရင် ဖြစ်ကိုမဖြစ်နိုင်ဘူး၊ ကဲ့ကဲ့၏အကျိုး မယုံကြည်လို့ရှိရင် ဘာမှမဖြစ်နိုင်ဘူး၊ အဲဒီတော့ ဒီဥစ္စာ မူလမဂ္ဂင်ပဲ။

ပုဗ္ဗဘာဂမဂ္ဂင် ဆိုတာ ရှေးအဖို့က အရိယမဂ်မဖြစ်ခင်က အရိယမဂ်ရဲ့ ရှေ့တော်ပြေးပေါ့လေ၊ သူကတော့ ဝိပဿနာမဂ္ဂင်တွေပါပဲ။

အရိယမဂ္ဂင် ဆိုတာကတော့ အရိယမဂ်စိတ်ထဲမှာပါဝင်တဲ့ မဂ္ဂင်ရှစ်ပါးတရားတွေ၊ အဲဒါ သုံးခုဖြစ်ပါတယ်။

၁။ မူလပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်၊

၂။ ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်၊

ကဲ . . ကဲ . . ဆိုရမယ်၊ တော်တော်ကြာမှ တစ်ခါဆိုရမယ်။

၁။ မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်၊

၂။ ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓါတ်။ (ဆို -၃ခေါက်)

http://www.dhammadownload.com

မူလမဂ္ဂင် - ကမ္မဿကတာ သမ္မာဒိဋ္ဌိ အရင်းခံတဲ့ မဂ္ဂင်တရားတွေ၊ အားလုံးသော ကုသိုလ်တရားတွေရဲ့ အရင်းခံပဲ၊ မူလမဂ္ဂင်ပဲ၊ အရိယမဂ္ဂင်ဖြစ်ဖို့ရာ အရင်းခံ အခြေအမြစ်ပဲ။

ပုဗ္ဗဘာဂမဂ္ဂင် - ဝိပဿနာမဂ် ဝိပဿနာမဂ္ဂင်တရားတွေ ဝိပဿနာရှုခိုက်မှာ ပါဝင်တဲ့တရားတွေ၊ ဒါ အရိယမဂ်ရဲ့ရှေ့တော်ပြေးပဲ၊ အရိယမဂ် ဖြစ်မယ်ဆိုရင် ဝိပဿနာမဂ်က စပြီးတော့ အားထုတ်ရတာ၊ ဝိပဿနာမဂ်တွေ ပြည့်စုံတဲ့အခါကျမှ အရိယမဂ်က သူ့အလိုလိုဖြစ်တယ်။

အရိယမဂ္ဂင် ဆိုတာကတော့ အရိယမဂ်စိတ်နဲ့ တွဲပြီးတော့ ဖြစ်တဲ့မဂ္ဂင်ရှစ်ပါးတရား၊ သူကတော့ မဂ္ဂင်ရှစ်ပါးအစစ်ပါပဲ။ အဲဒါ မဂ္ဂင်သုံးဆင့်ရှိတယ်၊ အဲဒီမဂ္ဂင်သုံးပါးကို အစဉ်အတိုင်းပွားများသွားလို့ရှိရင် နိဗ္ဗာန်ကို ရောက်ပါတယ်လို့ ဆိုလိုတယ်။

ပထမက မူလမဂ္ဂင်ခေါ်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အရင်းခံပြီးတော့ ဒါန သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို တတ်နိုင်သမျှ ပွားများအားထုတ်လို့ ဒါလည်း နိဗ္ဗာန်ရောက်ကြောင်းတွေပဲ၊ ဘုရားအလောင်းတွေ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတွေ ဖြည့်ကျင့်နေတယ်ဆိုတာ ဒီမူလမဂ္ဂင်တွေနဲ့ ဖြည့်ကျင့်နေတာပဲ။ မူလမဂ္ဂင်တွေနဲ့ ဒါနပါရမီဖြည့်လိုက်၊ သီလပါရမီဖြည့်လိုက်၊ ဒါတွေ လုပ်နေတာ ကဲ, ကဲ၏အကျိုးကို ယုံကြည်လို့ ကုသိုလ်ကောင်းမှုပြုရင် ကုသိုလ်ဖြစ်တယ်၊ ကောင်းကျိုးတွေ ရတယ်၊ ဒီကောင်းမှုတွေ ပြုသောအားဖြင့် ဘုရားအဖြစ်ရနိုင်တယ်၊ သဗ္ဗညုတဉာဏ်ကို ရနိုင်တယ် ဆိုတာ ယုံကြည်တယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိအယူ အရင်းခံပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုနေတာ၊ အားထုတ်နေတာ၊ အဲဒါ အားထုတ်လို့ နောက်ဆုံးတစ်နေ့ကျတော့ ပါရမီတွေ ပြည့်တဲ့အခါမှာ သူက ဘုရားဖြစ်ရတာ၊ အဲဒါ မူလမဂ္ဂင်က အရင်းခံတည်လာတာ။

မူလမဂ္ဂင်က တည်လာပြီးနောက် ဝိပဿနာရှုတဲ့အခါမှာ ဝိပဿနာမဂ္ဂင် ဖြစ်တယ်၊ ဘုရားအလောင်းမှာလည်း ဗောဓိပင်အောက် ရတနာပလ္လင်တော်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီး ပဋိစ္စသမုပ္ပါဒ်တွေ စဉ်းစားဆင်ခြင်ပြီး ခန္ဓာငါးပါးတွေ အဖြစ်အပျက်ရှုတဲ့အခါမှာ ပုဗ္ဗဘာဂမဂ္ဂင်တွေ ဖြစ်နေတယ်။ ဒီပြင် ပုဂ္ဂိုလ်တွေလည်း ဒီလိုပဲ၊ ဝိပဿနာရှုတဲ့အခါ အားထုတ်တဲ့အခါမှာ ရှုတိုင်းရှုတိုင်း

http://www.dhammadownload.com

ပုဗ္ဗဘာဂမဂ္ဂင်တွေ ဖြစ်နေတယ်၊ အဲဒီပုဗ္ဗဘာဂမဂ္ဂင်တွေ ပြည့်စုံတဲ့အခါကျတော့ အရိယမဂ်ဖိုလ်တွေ ရောက်သွားတယ်၊ အဲဒါကို -

"ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန်ဓာတ်" လို့ဆိုခဲ့တယ်၊

အစဉ်အတိုင်း ပွားသွားလို့ရှိရင် နိဗ္ဗာန်သို့ ရောက်နိုင်ပါတယ်တဲ့။ အခု ကမ္မဿကတာ သမ္မာဒိဋ္ဌလိုပဲ ဈာနသမ္မာဒိဋ္ဌ ဆိုတာလည်း ဒါက ဝိပဿနာရဲ့ အခြေခံပဲ၊ ဈာန်ရတဲ့ပုဂ္ဂိုလ်တွေ ဈာန်အခြေခံပြီး ဝိပဿနာရှုသွားလျှင် မြန်မြန် ဝိပဿနာဉာဏ်တွေ ဖြစ်နိုင်တာပေါ့။

ဝိပဿနာ သမ္မာဒိဋ္ဌိ ဆိုတာ ပုဗ္ဗဘာဂမဂ္ဂင်၊ မဂ္ဂသမ္မာဒိဋ္ဌိ ဆိုတာကတော့ အရိယမဂ္ဂင်ပဲ၊ ဖလသမ္မာဒိဋ္ဌိ ဆိုတာကတော့ အကျိုးတရားရောက်သွားပြီ၊ ဒီထဲမှာ "ဒုက္ခေ ဉာဏံ • ဒုက္ခေ-ဆင်းရဲ၌၊ ယံ ခေါ ဉာဏံ-အကြင်သိသောဉာဏ်သည်၊ အတ္ထိ-ရှိ၏" ဒီစကားအရ သိပုံနှစ်မျိုးရှိတယ်။

သိပုံ နှစ်မျိုး

ဒုက္ခကို သိတဲ့ဉာဏ်၊ သမုဒယကို သိတဲ့ဉာဏ်၊ နိရောဓကို သိတဲ့ဉာဏ်၊ မဂ္ဂကိုသိတဲ့ဉာဏ်၊ ဒါတွေက ဘယ်လိုလုပ်သိတာလဲဆိုရင် သိပုံက အကျဉ်းချုပ် အားဖြင့် နှစ်မျိုးပေါ့၊ ပုဗ္ဗဘာဂ-ရှေးအဖို့က သိပုံက တစ်မျိုး၊ အရိယမဂ် ခဏ သိပုံက တစ်မျိုးလို့ နှစ်မျိုးရှိပါတယ်။

အရိယမဂ်ခဏမှာတော့ ဒီမဂ္ဂင်ထိုက်တဲ့သမ္မာဒိဋ္ဌိတရားနှင့်တကွ ဒီပြင်တရားတွေ အကုန်လုံးပါပဲ။ သမ္မာဒိဋ္ဌိကတော့ သိတယ်၊ ဒီပြင်တရားတွေက အာရုံပြုတာ သာမညပဲ။ အဲဒီသမ္မာဒိဋ္ဌိမဂ္ဂင်ဟာ အရိယမဂ်ခဏမှာ နိဗ္ဗာန်ကို သူက မျက်မှောက်တွေ့မြင်ပြီးတော့ သိတာကို၊ ကျန်တဲ့ ဒုက္ခသမုဒယမဂ္ဂ ဆိုတဲ့ သစ္စာသုံးပါး ရှိတယ်၊ အဲဒီသစ္စာသုံးပါးကိုတော့ ကိစ္စပြီးသောအားဖြင့် သိတယ်တဲ့။

အပရဘာဂေ တီသု ကိစ္စတော ပဋိဝေဓော ဟောတိ နိရောဓေ အာရမ္မဏပဋိဝေဓော။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ၁၊ ၁၅၂)

အပရဘာဂေ-နောက်အဖို့၌၊ တီသု-သုံးပါးသောသစ္စာတို့၌၊ ကိစ္စတော-ကိစ္စပြီးသောအားဖြင့်၊ ပဋိဝေဓော-သိခြင်းသည်၊ ဟောတိ-ဖြစ်၏။ နိရောဓေ-နိဗ္ဗာန်၌၊ နိရောဓေ-ဆင်းရဲချုပ်ရာဖြစ်သောနိဗ္ဗာန်၌၊ အာရမ္မဏပဋိဝေဓော-အာရုံပြုသောအားဖြင့် ရှုမြင်ပြီးတော့ သိခြင်းသည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.com

အရိယမဂ်ဖြစ်တဲ့အခါမှာ ဆင်းရဲငြိမ်းတဲ့နိဗ္ဗာန်ကို သူက မျက်မှောက်တွေ့တာကိုး၊ ဆင်းရဲငြိမ်းတဲ့နိဗ္ဗာန်ထဲ ကိုယ်က ရောက်သွားသလို ဆင်းရဲငြိမ်းတဲ့နိဗ္ဗာန်ကို တစ်ခါတည်း ကိုယ်တိုင်တွေ့တယ်၊ အခုဟောတဲ့ ပြောတဲ့အခါကာလတွေ စဉ်းစားဆင်ခြင်တဲ့အခါကာလတွေမှာ သိရတဲ့နိဗ္ဗာန်နဲ့ ကိုယ်တွေ့နိဗ္ဗာန်ဟာ တခြားစီပဲ။ နိဗ္ဗာန်ဆိုတာ ဘာတုံး၊ နိဗ္ဗာန်ဆိုတာ ဆင်းရဲတွေငြိမ်းတာပဲဆိုတော့ ကိုယ်ထဲမှာလည်း ရှိတာ မဟုတ်ဘူး၊ ကိုယ်တွေ့နေတာလည်း မဟုတ်သေးဘူး၊ ဒီအခိုက်အတန့်မှာ နိဗ္ဗာန်က ကိုယ့်ဉာဏ်ထဲ ဝင်နေတာလည်း မဟုတ်ဘူး၊ ဒီလိုပဲ အမည်မျှနဲ့ သူဟာသိတယ်လို့ ပြောရတယ်၊ ဆင်းရဲတွေငြိမ်းရာဟာ နိဗ္ဗာန်ပဲလို့ တဏှာငြိမ်းတာဟာ နိဗ္ဗာန်ပဲ၊ ဘဝရှပ်နာမ် ခန္ဓာတွေ ငြိမ်းသွားတာဟာ နိဗ္ဗာန်ပဲ။ ဒီလိုပြောတော့ သိတယ်လို့လည်း အောက်မေ့ရတယ်၊ သိလည်း သိတာပါပဲ၊ ဒါပေမယ့် အဲဒါကတော့ မျက်မှောက်တွေ့ပြီးတော့ သိတာမဟုတ်ဘူး၊ သူက သုတမယဉာဏ်အားဖြင့် သဘောကျ ပြီးတော့ သိသွားရုံမျှပဲရှိတယ်၊ သေသေချာချာကိုယ်တိုင်တွေ့သိတာ မဟုတ် သေးဘူး။

အရိယမဂ်ဉာဏ်ဖြစ်တဲ့အခါကာလကျတော့ နိဗ္ဗာန်ထဲ ဝင်ရောက်သွားသလို နိဗ္ဗာန်ထဲ လက်လှတ်လိုက်ရင် သေချာတွေ့ပြီးတော့ သိတာကိုး၊ ဒါကြောင့် အာရမ္မဏပဋိဝေဓော-အာရုံပြုပြီးတော့ သိတာတဲ့။ အာရုံပြုတာလည်း သာမန်အာရုံပြုတာ မဟုတ်သေးဘူး၊ သစ္ဆိကိရိယာ-မျက်မှောက်ပြုသောအားဖြင့် အာရုံပြုတယ်၊ မျက်မှောက်တွေ့ပြီးတော့ မျက်စိအောက်မှာရှိတဲ့ အရာဝတ္ထုတစ်ခုကို မျက်စိနဲ့ သေသေချာချာမြင်ရသလို၊ လက်ဝါးပေါ်တင်ပြီးတော့ ကြည့်တဲ့ အရာဝတ္ထုတစ်ခုကို သေသေချာချာမြင်ရသလိုပဲ၊ ဒါတောင်မှ မြင်ရတာ ကွဲနေပါသေးတယ်၊ မြင်ရတဲ့ဝတ္ထုက တခြား၊ ကိုယ်က တခြား ကွဲနေပါသေးတယ်၊ နိဗ္ဗာန်ကို မျက်မှောက်တွေ့တဲ့အခါဆိုတာ နိဗ္ဗာန်ထဲ ဝင်ရောက်ပြီးတော့ သွားသလို သူဟာ ရုပ်နာမ်သခ်ါရငြိမ်းတဲ့သဘောထဲ ဝင်ရောက်ပြီး အငြိမ်းသဘောကို သေသေချာချာ ထင်ထင်ရှားရှား သိသွားတာ။

မဂ်ခဏမှာ သမ္မာဒိဋ္ဌိက သစ္စာလေးပါးသိတယ် ဆိုတာဟာ အဲဒီသစ္စာလေးပါးထဲက နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်တော့ဖြင့် အာရုံပြုပြီး မျက်မှောက်သိပါတယ်၊ ကျန်တဲ့သစ္စာတွေအတွက် ဒုက္ခသစ္စာကို ဘယ်နှယ်လုပ်သိတုံးဆိုတော့

http://www.dhammadownload.com

ဒီအခုံက်အတန့်တစ်ပြိုင်နက်တော့ ဒုက္ခတွေ မထင်နိုင်ဘူး။ သမုဒယဆင်းရဲတွေလည်း သူအာရုံပြုနေနိုင်တာ မဟုတ်ဘူး၊ စဉ်းစားဆင်ခြင်နေနိုင်တာ မဟုတ်ဘူး။ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါးတရားတွေလည်း စဉ်းစားလို့ ဖြစ်တာမဟုတ်ဘူး၊ ဒီအချိန်မှာ နိဗ္ဗာန်ပဲ အာရုံပြုပြီး မျက်မှောက်တွေ့သွားတာပဲ။

ဒါပေမယ်လို့ နိဗ္ဗာန်တွေ့တာနဲ့ အဲဒီသစ္စာလေးပါးကိုလည်း သိခြင်းကိစ္စပြီးသွားပါတယ်တဲ့။ "တီသု ကိစ္စတော ပဋိဝေဓော ဟောတိ" တီသု-သုံးပါးသော ကိစ္စတို့၌၊ ကိစ္စတော-ကိစ္စပြီးသောအားဖြင့်၊ ပဋိဝေဓော-သိခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ကိစ္စပြီးပြီးတော့ သိတယ်၊ ဘယ်လိုပြီးသလဲဆိုတော့ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရမယ်။ အဲဒါ ကိစ္စတစ်ခု၊ သမုဒယသစ္စာကျတော့ ပယ်ရမယ်တဲ့၊ သမုဒယသစ္စာ ပယ်တာဟာ သူနဲ့ဆိုင်တဲ့ကိစ္စပဲ။ မဂ္ဂကျတော့ ပွားစေရမယ်တဲ့၊ ဘာဝနာကိစ္စပွားစေတာဟာ သူ့ကိစ္စပဲ။

အခေါ်အဆို နိဗ္ဗာန်တွေ့ခြင်း

နိဗ္ဗာန်ကို မျက်မှောက်တွေ့လိုက်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ငြိမ်းတဲ့သဘော အကောင်းဆုံး အအေးဆုံး အငြိမ်းဆုံး တရားကို တွေ့တာ။

ဖြစ်ပျက်သမျှဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်း

ဒီမှာ တစ်ပါးသော တရားတွေဟာဖြစ်ရင် ဆင်းရဲတွေပဲဆိုတာ ပေါ်လာတာကို၊

* **ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာထည်း။** (ဆို သုံးခေါက်)

ဘုန်းကြီးက ဆောင်ပုဒ်ပေးတယ်၊ ရုပ်နာမ်သင်္ခါရငြိမ်းတဲ့သဘောက ဖြစ်ပျက်တဲ့သဘောမရှိဘူး၊ ဖြစ်ခြင်းမရှိဘူး၊ ပျက်ခြင်းမရှိဘူး၊ သင်္ခါရဒုက္ခတွေ တစ်ခါတည်း ငြိမ်းအေးပြီးတော့ နေတဲ့သဘော၊ အဲဒီငြိမ်းအေးတဲ့သဘော မတွေ့ခင်တုန်းက စောစောပိုင်းက ဝိပဿနာလှုနေတဲ့အခါ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်တွေ တွေ့နေရတယ်။ အဲဒီ ဖြစ်ပျက်နေတာတွေဟူသမျှဟာ အဲဒီထဲ အကောင်းတွေလည်း ရှိ၊ မကောင်းတာတွေလည်း ရှိပါတယ်၊ ဒါပေမယ်လို့ အငြိမ်း နိဗ္ဗာန်နဲ့ နှိုင်းစာကြည့်တဲ့အခါကျတော့ ဒါတွေက မအေးငြိမ်းတဲ့သဘောတွေပဲ၊ ဖြစ်လိုက် ပျက်လိုက်နေတာကိုး၊ မငြိမ်းဘူး။

http://www.dhammadownload.com

စနပူဆဲကလာတဲ့သူပမာ

ဥပမာအားဖြင့် နေပူထဲကလာတဲ့ပုဂ္ဂိုလ်တစ်ယောက် နွေခေါင်ခေါင်ကြီး နေပူထဲက လာတယ်၊ နေပူထဲ သွားနေရတော့ နေပူဆင်းရဲတာပေါ့။ သူက သိနေတယ်၊ သစ်ပင်အောက် ကျိုးတိုးကြဲတဲ့ သစ်ပင်အောက်ရောက်လာတယ်၊ နေပူထဲ နေရတာထက်တော့ သက်သာပြီး ကောင်းတာပဲ။ အဲဒီသစ်ပင်အောက်ကနေပြီးတော့ သူထက်အရိပ်အာဝါသကောင်းတဲ့ သစ်ပင်အောက်တစ်ခါရောက်တယ်။ အဲဒီကျရင် သူပိုပြီးတော့ကောင်းတာပေါ့။ နောက် အင်မတန်ကောင်းတဲ့ အင်မတန်အေးမြတဲ့ တိုက်ကြီးတွေဟာ ခုကာလမှာ အင်မတန်ကောင်းတဲ့ တိုက်ကြီးတွေရှိတယ်။ အဲဒီတိုက်ကြီးတွေမှာ အေးမြသာယာတဲ့ လေလေးမျှားလည်း တိုက်ပြီးတော့ နေရာထိုင်ခင်းကောင်းကောင်းနဲ့ ထိုင်ပြီးတော့ နေရလို့ရှိရင် အကောင်းဆုံးနေရာရောက်သွားတော့ ပြန်စဉ်းစားလိုက်လို့ရှိရင် ပထမက နေပူထဲသွားနေရတဲ့ဆင်းရဲကို စောစောကတည်းက သိနေလို့ ထင်ရှားလှပါပြီ။ နေပူထဲကနေပြီး သစ်ပင်ကျိုးတိုးကျဲတဲ့ သစ်ပင်အောက်ဝင်လိုက်တယ်ဆိုရင် သက်သာခွင့်ရတော့ ကောင်းတယ်လို့ အောက်မေ့ရတာကိုး၊ ဒါပေမယ့်လို့ အဲဒါသူ့ထက်ကောင်းတဲ့ သစ်ပင်ရိပ်အောက်ရောက်လာတဲ့အခါကျတော့ ဒါလည်းပဲ တယ်မကောင်းသေးဘူးဆိုတာ ထင်ရှားတယ်။ သစ်ပင်အောက်လည်း သူက ကောင်းလှပေါ့။ အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာနေရတော့ ကောင်းလှပါပြီ။ ဒါပေမယ့်လို့ အခုပြောတဲ့အတိုင်း အင်မတန်ကောင်းတဲ့တိုက်ကြီး အင်မတန်အေးမြနေတဲ့နေရာမှာ လေညှင်းကလေးနဲ့ နေရာထိုင်ခင်းကောင်းကောင်းနဲ့ထိုင်ပြီးတော့ နေရတဲ့အခါပိုပြီးတော့ ကောင်းတယ်။ အဲဒါကို တွေ့သောအားဖြင့် ဟိုဘွေ့က တွေ့ခဲ့တဲ့ ကောင်းတယ်ဆိုတာတွေရော မကောင်းတာတွေရော အကုန်လုံး မကောင်းတာချည်းပဲလို့ဆိုတာ ထင်ရှားနေတာပဲ။

ဒါ ဘာကြောင့် ဒီလိုထင်ရှားသလဲဆိုရင် အကောင်းဆုံးနေရာလေး သူရောက်သွားလို့၊ ကောင်းတဲ့နေရာ ရောက်သွားတော့ မကောင်းဆိုတာ သိတယ်။ ကိုယ်က အစကတည်းက မကောင်းတာကိုချည်း တွေ့နေရလို့ရှိရင် အကောင်းမတွေ့ရတော့ အဲဒီမကောင်းတာတွေထဲမှာ နည်းနည်းသက်သာခွင့်ရတဲ့ ဥစ္စာကလေးတွေ ကောင်းတယ်လို့ပဲ ထင်ရတာပဲ။ အဲဒါလိုပဲ။

http://www.dhammadownload.com

လောကထဲနေတဲ့ သတ္တဝါတွေဟာ အကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာန်က မတွေ့ရသေးဘူး၊ မတွေ့ရသေးတော့ တော်ရုံတန်ရုံကောင်းတဲ့ ကောင်းတာကလေးတွေလည်း ကောင်းတယ်လို့ အောက်မေ့ရတယ်၊ လူချမ်းသာတွေ, နတ်ချမ်းသာတွေ, စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံပြီး စားသောက်လို့ နေထိုင်လို့ ကောင်းတာလေးတွေ, နေသာထိုင်သာရှိနေတာကလေးတွေ, ဒီလိုအာရုံကောင်းကလေးတွေနဲ့ အကောင်းထင်ရတယ်၊ သူ့ထက်ကောင်းတာက မတွေ့ရသေးဘဲဟာကိုး၊ ဒါလေး ကောင်းနေတာပဲ၊ ဝိပဿနာရှုတဲ့အခါကာလလည်း ဒီလိုပဲ မကောင်းတာတွေလည်း တွေ့ရတယ်၊ ကောင်းတာတွေလည်း တွေ့ရတယ်၊ ငြိမ်ငြိမ်သက်သက်နဲ့ သိမ်သိမ်မွေ့မွေ့ ရှုမှတ်ပြီးတော့ ကောင်းနေတာကလေးတွေ ကောင်းတယ်လို့ပဲ အောက်မေ့ရတယ်၊ ကောင်းလည်း ကောင်းနေတာပါပဲ၊ ဒါပေမယ်လို့ နောက်ဆုံး ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့လိုက်ရတဲ့ အငြိမ်းဓာတ် တွေ့ရတဲ့အခါကျတော့ ဟိုဟာတွေ ကောင်းတယ် ဆိုတာ ဘာမှ မပြောပလောက်သေးဘူး၊ တကယ်ငြိမ်းနေတဲ့သဘောက တကယ်ကောင်းတယ်၊ တကယ်ကောင်းတဲ့အငြိမ်းတွေ့လိုက်တော့ ဟိုရှေ့က တွေ့တဲ့ဟာတွေက အကုန်လုံး မကောင်းတာတွေ ဆင်းရဲတွေပဲလို့ ထင်ရှားသွားတယ်၊ အဲဒီလို သိနိုင်ပါတယ်တဲ့။

အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်ကိုယ်တိုင်တွေ့လိုက်ရင် သူ့လောက်မကောင်းတာတွေမှန်သမျှ အကုန်လုံးဟာ ဘာမှမကောင်းတာတွေ ဆင်းရဲတွေပဲ ဆိုတာ သိနိုင်ပါတယ်၊ စားစရာ အစာအာဟာရတွေရှိတယ်၊ တော်ရုံတန်ရုံမကောင်းတဲ့ စားစရာတွေလည်း ရှိတယ်၊ မကောင်းတာတွေလည်း ရှိတယ်၊ ကောင်းကောင်းမွန်မွန် မစားနိုင်တဲ့ပုဂ္ဂိုလ်တွေမှာ မကောင်းတာတွေ စားရာထဲကနေပြီး တော်ရုံတန်ရုံ ကောင်းတာလေး စားလိုက်ရလို့ရှိရင် အရသာရှိတယ်လို့ ထင်ရတာပဲ။ သို့သော်လည်း အကောင်းဆုံးဖြစ်တဲ့အရသာကို သွားစားမိလို့ရှိရင်တော့ တို့ရှေ့က စားနေတဲ့ အရသာတွေ အလကားပဲ၊ ဘာမှမကောင်းဘူး၊ ဒီဟာကမှ ကောင်းတာပဲ ဆိုတာ သိရတယ်၊ သစ်သီးပဲဖြစ်ဖြစ်, မုန့်ပဲဖြစ်ဖြစ်, ထမင်းဟင်းပဲဖြစ်ဖြစ်ပေါ့လေ၊ အကောင်းဆုံး မစားဘူးသေးတဲ့သူ အကောင်းဆုံး သွားစားမိလို့ရှိရင် ရှေးက စားလာခဲ့တဲ့ဥစ္စာတွေဟာ တစ်ခါတည်း အညံ့တွေမှန်းသူက ထင်ရှားတယ်၊ အဲဒါလိုပဲ အကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို တွေ့လိုက်တာနဲ့ ရှေးကတွေ့ခဲ့တဲ့ဟာတွေဟာ တော်ရုံတန်ရုံ ကောင်းတာတွေလဲ ဒီထဲမှာ ပါတယ်၊ အဲဒါတွေ အကုန်လုံး

http://www.dhammadownload.com

မကောင်းတဲ့ ဥစ္စာတွေတဲ့၊ ဆင်းရဲတွေပဲ ဆိုတာ ထင်ရှားသွားပါတယ်တဲ့။ ဖြစ်ပျက်သမျှ သခါရဒုက္ခ သစ္စာတည်း။

ဒီလိုဖြစ်ပျက်နေတာတွေမှန်သမျှ အကုန်လုံး ဆင်းရဲတွေချည်းပဲတဲ့၊ ဖြစ်လိုက်၊ ပျက်လိုက်နဲ့ ဘာမှအားမကိုးရတဲ့ တရားတွေပဲ ဆိုတာ ဉာဏ်ထဲမှာ ထင်ရှားသွားပါတယ်တဲ့၊ ဒါကြောင့် အကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး သိရုံနဲ့ ဒုက္ခဆင်းရဲ တရားကိုလည်းပဲ ပိုင်းခြားပြီးတော့ သိသွားပါတယ်တဲ့။

သမုဒယကို ပယ်ခြင်းကိစ္စ ပြီးစီးခြင်း

သမုဒယကိုလည်းပဲ ပယ်ခြင်းကိစ္စပြီးသွားတယ်၊ ပထမက အကောင်းဆုံးကို မဝေဖန်နိုင်ခင်တုန်းကတော့ မကောင်းတဲ့ဆင်းရဲတွေလည်း အကောင်းထင်နေတာကိုး၊ အကောင်းထင်နေတော့ လိုချင်တာပေါ့၊ ဥပမာအားဖြင့် ဘာလိုတုံးဆိုရင် လူတစ်ဦးတစ်ယောက်ဟာ ကိုယ့်အကျိုးမဲ့ကို ကြံစည်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုပါတော့ ကိုယ်က မသိဘူး၊ မသိတော့ အဲဒီပုဂ္ဂိုလ်မိတ်ဆွေ ကောင်းထင်နေတယ်၊ ကိုယ့်အကျိုးတွေကို ဆောင်ရွက်နေတယ်လို့ ကိုယ့်ရဲ့အကူ အညီအများကြီး ပေးနေတယ်လို့ ထင်နေတယ်၊ ထင်နေရင် အဲဒီလူကို သူအားကိုးတယ်၊ ဒီလူ ကိုယ့်အနီးအနားမှာ အမြဲတမ်း ရှိနေရင်တော့ ဒီလူကို ခင်မင်တွယ်တာပြီးတော့ နေတယ်၊ ဘာကြောင့်တုံး အဲဒီပုဂ္ဂိုလ်ရဲ့အပြစ် သူမမြင်လို့ပဲ၊ အကြောင်းအားလျော်စွာ တစ်နေ့ကျတော့ အဲဒီပုဂ္ဂိုလ်က ကိုယ့်အကျိုးမဲ့တွေ ပြုနေတယ်ဆိုတာ သေသေချာချာ သိသွားတယ် ဆိုပါတော့ သိသွားတယ်ဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်အပေါ်မှာ ရှေးက ခင်မင်တာမျိုးတွေ ဘယ်ရှိတော့မလဲ၊ မခင်မင်တော့ဘူး၊ မတွယ်တာတော့ဘူး၊ ဒီပုဂ္ဂိုလ်နဲ့အတူကို မနေချင်တော့ဘူး၊ အဲဒါလိုပဲတဲ့၊ သခါရတွေ ဆင်းရဲတွေကို အကောင်းထင်နေရင်တော့ ဒါတွေ သာယာမှုဖြစ်နေတယ်၊ ဒါ သခါရဆင်းရဲတွေဆိုတာ မကောင်းဘူးဆိုတာ သိသွားတဲ့ တစ်နေ့မှာ ခင်မင်တွယ်တာမှုက သူ့အလိုလို ကင်းသွားတယ်။

နိရောဓ-နိဗ္ဗာန် ဆိုတဲ့ နိရောဓသစ္စာ အကောင်းဆုံး တွေ့လိုက်ရတော့ ဒီပြင်ဟာတွေ အကုန်လုံး ဖြစ်ပျက်နေတာတွေ မှန်သမျှ အကုန်လုံး မကောင်းဘူး၊ အားကိုးစရာတရားတွေ မဟုတ်ဘူး၊ မကောင်းတဲ့ တရားတွေပဲလို့ သိလိုက်သည်နှင့် တစ်ပြိုက်နက်ထဲ အဲဒါတွေအပေါ်မှာ ခင်မင်တွယ်တာတဲ့ သမုဒယဟာ အလိုလို

http://www.dhammadownload.com

ကင်းသွားတာပဲ၊ အတွယ်အတာလုံးလုံး တစ်ခါတည်း ပြတ်သွားတယ်၊ အဲဒါဟာ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စပြီးသွားတာတဲ့၊ တမင်တကာ ပယ်နေရတာမဟုတ်ဘူး၊ ဟိုမှာ အကောင်းသိတာနဲ့ မကောင်းတာတွေအပေါ်မှာ ခင်မင်တွယ်တာမှု သူအလိုလို ပျောက်သွားတယ်။

အစတုန်းကတော့ အဲဒီမကောင်းတာတွေကိုပဲ အကောင်းတွေလို့ ထင်နေတော့ ခင်မင်တွယ်တာမှု သာယာမှု ရှိနေတယ်၊ လိုချင်မှု တောင့်တမှု ရှိနေတယ်၊ အဲဒီအာရုံဝတ္ထုတွေနဲ့ မခွဲချင်ဘူး၊ ဒီအာရုံဝတ္ထုတွေနဲ့ များများကြီး တွေ့ရလေလေ ကောင်းလေလေ ထင်နေတာကိုး၊ ဒီလိုထင်နေတာ အများအားဖြင့် တွေ့ကြုံတတ်တဲ့ ဥစ္စာပဲ။

ဆေးလိပ်ဖြတ်သူပမာ

ဥပမာပြောပါ့မယ်၊ . . . ဆေးလိပ်သောက်တာတို့၊ ကွမ်းစားတာတို့ ဒီလိုဟာတွေ ရှိတယ်၊ ကိုယ်ကြိုက်တတ်တဲ့ အစာအာဟာရလေးတွေ ရှိတတ်တယ်၊ အဲဒါတွေ ရှေးက ကောင်းတယ်လို့ ထင်နေတော့ သူက စားသောက်နေတာကို၊ နောက်ဆုံး တစ်နေ့ကျတော့ ကိုယ့်ဟာကိုပဲဖြစ်ဖြစ်၊ သူများက ပြောလို့ဖြစ်ဖြစ် ဒါကို ဖြတ်လိုက်လို့ရှိရင် ဖြတ်ပြီးတဲ့အခါကျတော့ ပြန်စဉ်းစားကြည့်တယ်၊ မကောင်းမှန်းသူ သိတယ်၊ အဲဒါတွေအပေါ်မှာ ခင်မင်တွယ်တာမှု မရှိဘူး၊ အစတုန်းကဆိုရင် ဒီဆေးလိပ်တို့၊ ကွမ်းတို့စသည် ကိုယ်ကြိုက်တတ်တဲ့ အစာအာဟာရတွေကို ရှာရ၊ ဖွေရ ဒုက္ခတွေ ရောက်လာတွေ့ မသိခဲ့ဘူး၊ နောင်ကောင်းကောင်းကြီး ပြတ်နေတဲ့အခါ ပြန်စဉ်းစားလိုက်တဲ့အခါကျမှ အောင်မယ် ငါ့ဆင်းရဲတွေ အများကြီး ငြိမ်းသွားတာပဲ။ ဟိုဥစ္စာတွေလည်း ဒုက္ခတွေရောက်နေတာ၊ ခု ဒါလည်း မသိလို့ ငါ့ဒါတွေ အကောင်းမှတ်ပြီး သာယာနေတာပဲ၊ အခု ပြန်စဉ်းစားလိုက်တဲ့အခါကျမှ ဘာမှသာယာစရာမရှိဘူး၊ အလကား သက်သက်မဲ့ ကိုယ့်ဟာကို ဖန်တီးနေတာ ဘာမှလိုချင်ဖွယ် နှစ်သက်ဖွယ်မရှိဘူး ဆိုတာ သူဟာသူ ပေါ်လာတယ်၊ ဒါလိုပဲ ငြိမ်းတဲ့နိဗ္ဗာန်ချမ်းသာ အကောင်းဆုံးကို တွေ့ရတော့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သခ်ါရတွေ မကောင်းဘူးဆိုတာ သိတယ်၊ မကောင်းဘူးဆိုတာ သိသလောက် အဲဒီသခ်ါရတွေအပေါ်မှာ ခင်မင်တွယ်တာမှုဟာ သူအလိုလို ငြိမ်းသွားတယ်၊ အဲဒါဟာ သမုဒယသစ္စာပယ်ခြင်းကိစ္စ ပြီးသွားတာတဲ့။

http://www.dhammadownload.com

မဂ္ဂသစ္စာပွားစေခြင်းကိစ္စပြီးခြင်း

နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ အဲဒါသိသွားမှ မဂ္ဂသစ္စာ ပွားစေခြင်းကိစ္စတဲ့၊ မဂ္ဂသစ္စာပွားစေခြင်းကိစ္စတတော့ နိဗ္ဗာန်ကို သိနေတာကိုက မဂ္ဂသစ္စာပဲ။ အဲဒါ မိမိသန္ဆာန်မှာ တကယ်ဖြစ်လို့ တကယ်သိတာ၊ ဒါက ပွားစေခြင်းကိစ္စပြီးနေတာပဲ၊ သူမဖြစ်ရင် သိကိုမှ မသိနိုင်ပဲ၊ မဂ္ဂသစ္စာတရား ကိုယ့်သန္ဆာန်မဖြစ်ရင် နိဗ္ဗာန်ကို တွေ့ကို မတွေ့နိုင်ဘူး၊ နိဗ္ဗာန်တွေ့တယ်ဆိုကတည်းက အဲဒီမဂ္ဂသစ္စာ မိမိသန္ဆာန်ဖြစ်နေတာပဲ။

ဥပမာဆိုပါတော့ မျက်စိက မြင်တယ်ဆိုရင် မြင်မှုကလေး ကိုယ့်သန္ဆာန်ဖြစ်နေတာပဲ၊ နားက ကြားတယ်ဆိုရင် ကြားမှုကလေး ကိုယ့်သန္ဆာန်ဖြစ်နေတာပဲ၊ အဲဒါလိုပဲ "နိရောဓသစ္စာ-နိဗ္ဗာန်မြင်တယ်"ဆိုကတည်းက မြင်တဲ့တရားလေး၊ မဂ္ဂသစ္စာလေးက မိမိသန္ဆာန် ပွားစေခြင်းကိစ္စပြီးသွားပါတယ်၊ အဲဒီလို ကိစ္စပြီးသောအားဖြင့် အရိယမဂ်ခဏမှာ ကိစ္စသုံးပါးကို သိတယ်တဲ့၊

အဆင့်ငါးဆင့်ဖြင့် သိခြင်း

ရှေးအဖို့မှာ ဆိုလို့ ရှိရင်တော့

ဝေမဿ ပုဗ္ဗဘာဝေ ဒွီသု သစ္စေသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏ သမ္မသန ပဋိဝေဓော။

၁။ **ဥဂ္ဂဟ** - သင်ယူပြီးတော့လည်း သိရမယ်တဲ့၊ သင်ယူဆိုတာ သစ္စာလေးပါး တရားတွေကို ကျက်မှတ်တာပေါ့။

၂။ **ပရိပုစ္ဆာ** - အနက်အဓိပ္ပါယ် မေးမြန်းပြီးတော့ သိရမယ်တဲ့။

၃။ **သဝန** - ကြားနာပြီးတော့လည်း သိရမယ်တဲ့။

၄။ **ဓာရဏ** - ဆောင်ပြီးတော့လည်း သိရမယ်တဲ့။

၅။ **သမ္မသန** - သုံးသပ်မှုပြုပြီးတော့လည်း သိရမယ်တဲ့။

ငါးမျိုးငါးဆင့် ရှိပါတယ်တဲ့၊ ပထမ ရှေးဦးစွာ သစ္စာလေးပါးတရားကို သင်ကြားရမယ်။

၁။ ဒုက္ခသစ္စာ - ဆင်းရဲတရား၊

၂။ သမုဒယသစ္စာ - ဆင်းရဲကြောင်းတရား၊

http://www.dhammadownload.com

၃။ နိရောဓသစ္စာ - ဆင်းရဲငြိမ်းရာတရား၊
၄။ မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းဖို့ရောက်ကြောင်းတရား၊

အဲဒါတွေ ဥဂ္ဂဟ - သင်ယူပြီးတော့လည်း သူက သိနိုင်တယ်၊ ပရိပုစ္ဆာ - အနက်အဓိပ္ပါယ် မေးပြီးတော့လည်း သိနိုင်တယ်၊ ပြီးတော့ သဝန - ကြားနာပြီးတော့လည်း သိနိုင်တယ်၊ ဓာရဏာ - ဆောင်ပြီးတော့လည်း သိနိုင်တယ်၊ ဆောင်ထားတယ်ဆိုတာကတော့ နှုတ်တိုက်ရတာလေးတွေ မှတ်ထားရုံပါပဲ၊ အဲဒါကို ဆိုတာစိတ်ထဲမှာ ဆောင်မှတ်ထားတာ၊ သမ္မသန - သုံးသပ်တယ်၊ သုံးသပ်တာကတော့ဖြင့် သူကတော့ ဝဋ်သစ္စာတွေသာလျှင် သုံးသပ်လို့ ဖြစ်တယ်တဲ့။

သစ္စာနှစ်မျိုး

သစ္စာက လေးမျိုးထဲမှာ နှစ်မျိုးက **ဝဋ်သစ္စာ**တွေ ခေါ်တယ်၊ နှစ်မျိုးကတော့ **ဝိဝဋ္ဋသစ္စာ** ခေါ်တယ်၊ ဒုက္ခနဲ့သမုဒယသစ္စာကိုတော့ ဝဋ်သစ္စာ ခေါ်တာပဲ၊ ဒါကတော့ လည်နေတာ၊ သမုဒယရှိလို့ ဒုက္ခဖြစ်တယ်၊ ဒုက္ခမှိပြီးတော့ သမုဒယဖြစ်တယ်၊ သမုဒယရှိလို့ ဒုက္ခဖြစ်တယ်၊ ဒုက္ခမှိပြီးတော့ သမုဒယဖြစ်တယ်လို့ ဒီလိုလည်နေတာကို "ဝဋ်သစ္စာ"လို့ ခေါ်တယ်၊ လောကထဲမှာ ထပ်ခါထပ်ခါ ဖြစ်နေတယ်၊ သူက ဆင်းရဲသစ္စာတွေပါပဲ၊ သူက ဆင်းရဲထဲအတွင်းဝင်တဲ့သစ္စာတွေဖြစ်တယ်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ ဆိုတာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အပေါ်မှာရှိတယ်၊ အဲဒါ ဝဋ်သစ္စာတွေ ခေါ်တယ်။

နိရောဓသစ္စာနဲ့မဂ္ဂသစ္စာဆိုတာ "ဝိဝဋ္ဋသစ္စာ"ခေါ်တယ်၊ ဝဋ်ကင်းတဲ့သစ္စာပေါ့လေ၊ ဝဋ်ကင်းတဲ့သစ္စာက အလည်ကို သံသရာလည်ခြင်းကို ပျက်စေတတ်တဲ့သစ္စာ၊ သူကတော့ သံသရာမလည်ဘူး၊ ဝဋ်ကင်းတဲ့သစ္စာ၊ အဲဒါက သူက နှစ်ခု၊ အဲဒီဝဋ်ကင်းတဲ့ သစ္စာကတော့ သာမန်ပုဂ္ဂိုလ်တွေမှာ ကိုယ်ပိုင်ဉာဏ်နဲ့ မသိနိုင်ပါဘူး၊ သုတမယဉာဏ် စိန္တာမယဉာဏ်လောက်ပဲ သိတာပဲ၊ နိရောဓသစ္စာဆိုတာ ဘယ်လိုဟာပဲလို့ ဆိုတာ ကျမ်းဂန်တွေအရအားဖြင့်လည်းကောင်း၊ ဆရာသမားတွေ ပြောတာကို မှတ်သားသောအရအားဖြင့်လည်းကောင်း၊ ကြားနာသောအရအားဖြင့်လည်းကောင်း ဒီလောက်ပဲ သိရတာပဲ။

http://www.dhammadownload.com

နိဗ္ဗာန်ဆိုတာ အကောင်းဆုံး

ဣတရေသု ပန ဒွီသု သစ္စေသု "နိရောဓသစ္စံ ဣဋ္ဌံ တန္ဆံ မနာပံ၊ မဂ္ဂ သစ္စံ ဣဋ္ဌံ တန္ဆံ မနာပန္တိ ဧဝံ သဝနေနေဝ တမ္ပံ တရောတိ။

အဲဒီလို ဆရာသမားတွေ ပြောလို့ဟောလို့ ကြားရတာပဲတဲ့၊ ဒီလောက်ကြားရင်လည်း ပြီးပါတယ်တဲ့၊ သူကတော့ ဒီလောက်ပဲတတ်နိုင်တာပဲ၊ တရားအားမထုတ်ခင် အရိယမဂ်ဖိုလ်မရောက်သေးခင်က ဒီထက်လည်း ပိုပြီးတော့ မသိဘူး၊ ဒီလောက်သိတာပဲ။

ပန-ကား၊ ဣတရေသု-ဒုက္ခသမုဒယသစ္စာမှ တစ်ပါးကုန်သော၊ ဒွီသု သစ္စေသု-နှစ်ပါးကုန်သော နိရောဓသစ္စာ မဂ္ဂသစ္စာတို့တွင် နိရောဓသစ္စံ-နိရောဓသစ္စာသည်၊ ဣဋ္ဌံ-ကောင်း၏၊ တန္ဆံ-နှစ်သက်အပ်၏၊ ဣဋ္ဌံ-လိုလားအပ်၏၊ တန္ဆံ-နှစ်သက်အပ်၏၊ မနာပံ-စိတ်နှလုံးကို တိုးပွားစေတတ်၏။

ဣဋ္ဌံ တန္ဆံ မနာပံ - လိုလားအပ်တဲ့တရား၊ နှစ်သက်အပ်တဲ့တရား၊ စိတ်နှလုံးကို တိုးပွားစေတတ်တဲ့တရား၊ နိဗ္ဗာန်ဆိုတာဟာ လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့တရားပဲတဲ့။

မဂ္ဂသစ္စာဆိုတာလည်း ပဲ လိုလားအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်တဲ့ တရားပဲတဲ့၊ ဒီလို သုတမယဉာဏ်ဖြင့် သိထားရမယ်တဲ့၊ စောစောက အဲဒါလောက်တော့လည်းပဲ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက သိနေကြတာပဲ၊ ဒါလောက်မှ မသိရင်လည်း တရားအားထုတ်လို့မဖြစ်ဘူး၊ နိဗ္ဗာန်ဆိုတာ အကောင်းဆုံးပဲဆိုတာ ကလေးငယ် ငယ်ကတည်းက စသိတာပဲ။ "မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို ရပါလို၏၊ မျက်မှောက်ပြုရပါလို၏" ဆိုပြီး ဆုတောင်းနေကြတာကိုး၊ ဩကာသ ဘုရားရှိခိုးသင်ကတည်းက မိဘတွေ ဆရာသမားတွေက သင်ပေးတာကိုး၊ နိဗ္ဗာန် အကောင်းဆုံး ဆိုပြီးတော့ "မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ရပါလို၏" ဆိုပြီးတော့ ဆုတောင်းထားတယ်၊ အဲဒီဆုတောင်းထားတာနဲ့ ကလေးငယ်ငယ်ကတည်းက စပြီးတော့ သိတာ၊ နိဗ္ဗာန်ဆိုတာ ကောင်းတယ်၊ မဂ်ဖိုလ် တရားဆိုတာ ကောင်းတယ်လို့ ဒီလိုသိလာတယ်။

နောက် တော်တော်ကြီးလာတဲ့အခါ တော်တော်နားလည်လာလောက်တဲ့ အခါကျတော့ကို အဲဒါ ဆရာသမားတွေပြောသံ, ဟောသံကြားရတော့ "နိဗ္ဗာန်

http://www.dhammadownload.com

ဆိုတာဟာ အလုံးစုံသော ဆင်းရဲတွေ မရှိဘူး"ဒီလို သိရတာကိုး၊ အခု လောကမှာ ရုပ်ရှိတော့ ရုပ်ကိုမှီပြီးတော့ ဆင်းရဲအမျိုးမျိုးတွေ ဖြစ်ရတယ်၊ အဲဒါတွေ အကုန်လုံး မရှိဘူး၊ နာမ်ရှိလို့ စိတ်နာမ်တရားမှီပြီးတော့ ဆင်းရဲအမျိုးမျိုးတွေ ဖြစ်ရတယ်၊ အဲဒါတွေလည်း နိဗ္ဗာန်မှာ မရှိဘူး၊ ရုပ်နာမ်အကြောင်းပြုပြီး ဖြစ်ပေါ်နေတဲ့ ဆင်းရဲတွေဟူသမျှ အကုန်လုံးမရှိဘူး၊ မကောင်းတာတွေ ဟူသမျှ အကုန်လုံး မရှိဘူး ဆိုပြီးတော့ ဒါကောင်းတယ် ဆိုတာ ထင်ရှားလာတာပေါ့။

အခု ဘဝအသစ်ဖြစ်ရလို့ ဆင်းရဲတယ်၊ အဲဒါ မရှိဘူး၊ အိုရလို့ ဆင်းရဲတယ်၊ အဲဒါ မရှိဘူး၊ မကျန်းမမာ ရောဂါဝေဒနာတွေ အမျိုးမျိုးဖြစ်ရလို့ ဆင်းရဲတယ်၊ အဲဒါ မရှိဘူး၊ ရွာဖွေရလို့ ဆင်းရဲတယ်၊ အဲဒါတွေ မရှိဘူး၊ ကိုယ့်ကိုယ်အတွက် စိုးရိမ်ရတယ်၊ ပင်ပန်းရတယ်၊ သူများကိုယ်အတွက် စိုးရိမ်ရတယ်၊ ပင်ပန်းရတယ်၊ အဲဒါတွေ မရှိဘူး၊ တစ်နေ့ကျလို့ရှိရင် တစ်ဘဝ သေရတာကိုး၊ အဲဒါလဲပဲ မရှိဘူး၊ ပြီးတော့ လောကအလိုမရှိအပ်တဲ့ ဆင်းရဲတွေဟူသမျှ အကုန်လုံး ဘာမျှမရှိဘူး၊ အဲဒီတော့ နိဗ္ဗာန်ဆိုတာ ကောင်းတာပဲလို့ ဒီလိုသဘောကျတာကိုး။

နိဗ္ဗာန်ကို ဓကောင်းတယ်လို့ သိနိုင်ခြင်း

မိလိန္ဒမင်းက ရှင်နာဂသိန်ကို မေးတယ်၊ မိလိန္ဒမင်းက "အရှင်ဘုရားတဲ့၊ နိဗ္ဗာန်ကို မတွေ့သေးတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကောင်းတယ်ဆိုတာ သိနိုင်ပါ့မလား"လို့ မေးတယ်၊ အဲဒီတော့ ရှင်နာဂသိန်က "သိနိုင်ပါတယ် မင်းကြီး"လို ဖြေတယ်၊ ဘယ်လို သိမလဲ ဘုရားတဲ့၊ ငါ ဥပမာနဲ့ ပြောမယ်တဲ့၊ ခြေထောက်ကျိုးနေတယ်၊ ခြေထောက်ကျိုးနေတော့ ခြေထောက်ကျိုးနေတဲ့ဒုက္ခတော့ တွေ့တာပဲ၊ ခြေထောက်မကျိုးရင် ကောင်းတယ်ဆိုတာ သူမသိပေဘူးလား၊ သူခြေထောက်မကျိုးတာတော့ မဟုတ်ဘူး၊ ကျိုးနေတာပဲ၊ ဒါခြေထောက်မကျိုးရင် ကောင်းတယ်ဆိုတာ သူမသိပေဘူးလားတဲ့၊ သိပါတယ် ဘုရားတဲ့၊ ဒီလိုပါပဲတဲ့။

သူက အနာရောဂါဝေဒနာဖြစ်နေတဲ့ပုဂ္ဂိုလ်တစ်ယောက် အနာရောဂါဝေဒနာဖြစ်လို့ သူမှာ ဒုက္ခတွေ ရောက်နေတယ်၊ အနာရောဂါတွေ ပျောက်သွားလို့ ရှိရင် ကောင်းတယ်ဆိုတာ သူမသိပေဘူးလားတဲ့၊ သူတော့ မပျောက်သေးဘူးပေါ့လေ၊ ပျောက်ရင် ကောင်းတယ်ဆိုတာ မသိပေဘူးလားတဲ့၊ သိပါတယ် ဘုရားတဲ့၊ ဒါလိုပါပဲတဲ့၊ အဲဒီဥပမာတွေ မကောင်းတာတွေဟူသမျှ အကုန်လုံး ပေးတယ်၊

http://www.dhammadownload.com

မကောင်းတာတွေနဲ့ တွေ့နေတဲ့ဒုက္ခတွေဟာ အဲဒါတွေမရှိရင် ကောင်းတယ်ဆိုတာတော့ သိနိုင်ပါတယ်၊ သူတော့ မတွေ့ဘူးပေါ့လေ၊ အဲဒါ မှန်းဆပြီး သိနိုင်ပါတယ်တဲ့၊ အဲဒါလိုပဲတဲ့ အခုလောကထဲမှာ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိသော မကောင်းတာတွေ ဆင်းရဲတွေ ရှိနေတယ်တဲ့၊ ဒီဆင်းရဲတွေဟာ အကုန်လုံး နိဗ္ဗာန်မှာ မရှိဘူး၊ နိဗ္ဗာန်ကောင်းတယ်လို့ မသိနိုင်ပေဘူးလား၊ အဲဒီတော့ သိနိုင်ပါတယ် ဘုရားလို့ ဖြေရတာပေါ့လေ။

အဲဒါလိုပဲ တော်တော်ကြီးပြင်းလာတဲ့အခါ, ဗဟုသုတရှိလာတဲ့အခါကျတော့ ဒီတရားကြားနာရပြီး လောကမှာရှိတဲ့ ဆင်းရဲတွေ အကုန်လုံး မရှိတာဟာ နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်မှာ ဒီဆင်းရဲတွေ အကုန်လုံး မရှိဘူး၊ ကောင်းတယ်ဆိုတာ အဲဒီလို သဘောကျရတာကိုး။

သုပ္ပဝါသာအမျိုးသမီး အာရုံပြုပုံ

မြတ်စွာဘုရားလက်ထက်တော်အခါ ကာလတုန်းက "သုပ္ပဝါသာ"ဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိတယ်၊ အမျိုးသမီးဟာ လောကမွေတာဝန်အတိုင်း မီးဖွားရတဲ့ကိစ္စနဲ့ သွားပြီးတွေ့တော့ ဆင်းရဲတွေ အများကြီးရောက်ရတယ်၊ ဆင်းရဲတွေအများကြီးရောက်တော့ ရုတ်တရက် မဖွားနိုင်ဘဲ အကြာကြီး ဆင်းရဲခံနေရတာကိုး၊ ၇-နှစ်၊ ၇-လ၊ ၇-ရက် ဆိုတော့ အကြာကြီးပဲ။ ၇-နှစ်၊ ၇-လ၊ ၇-ရက် ကိုယ်ဝန်ဆောင်ပြီး မီးဖွားတဲ့အခါ ၇-ရက် ဒုက္ခရောက်နေတယ်၊ ဒီဒုက္ခတွေ ရောက်ပြီးနေတော့ သူဘယ်လို နှလုံးသွင်းသလဲ ဆိုရင် မြတ်စွာဘုရားဟာ

"သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဝဝါ, ယော ဣမသာ ဧဝရူပသာ ဒုက္ခသာ ပဟာနာယ ဓမ္မံ ဒေသေတိ။"

မြတ်စွာဘုရားဟာ သမ္မာသမ္ဗုဒ္ဓ အလုံးစုံသောတရားတွေ ကိုယ်ပိုင်ဉာဏ်နဲ့ အမှန်အတိုင်းသိတာ ဟုတ်ပါပေတယ်။ ဘာကြောင့်လဲဆိုရင် ဘုရားဟာ ဒီဆင်းရဲမျိုးတွေ အကုန်လုံးငြိမ်းတဲ့ နိဗ္ဗာန်ဟောတာပဲ၊ ဒီဆင်းရဲတွေဟာ မကောင်းဘူး၊ ဒီရုပ်တွေ ရှိနေလို့ ဒီဆင်းရဲတွေ တွေ့ရတယ်၊ ငါ အခုလက်ငင်း ဒုက္ခတွေ ရောက်နေတာလည်း ဒီရုပ်ရှိလို့ပဲ၊ ဒီနာမ်ရှိလို့ပဲ၊ ရုပ်နာမ်တာ မရှိရင် ဒီဆင်းရဲတွေ မရောက်နိုင်ဘူး၊ အဲဒီဆင်းရဲတွေငြိမ်းတဲ့ နိဗ္ဗာန်တရား မြတ်စွာဘုရား ဟောထားတယ်၊ အလုံးစုံသောတရားတွေ ကိုယ်တိုင်တွေ့ပြီးတော့ အမှန်အတိုင်း

http://www.dhammadownload.com

သိပြီးတော့ ဟောထားတာ ဟုတ်ပါပေတယ်၊ ဘုရားဂုဏ်တော်ကို သူက အာရုံပြုနေတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ နိဗ္ဗာန်တရားဆိုတာလည်း တကယ်ကောင်းပါပေတယ်၊ ဘာကြောင့်တုံးဆိုရင် အဲဒီနိဗ္ဗာန်တရားမှာ အခုဆင်းရဲမျိုးမရှိဘူးတဲ့၊ ဒီရုပ်နာမ်တွေမှိပြီးဖြစ်တဲ့ ဆင်းရဲမရှိဘူး၊ ဟုတ်တယ်၊ ဒုက္ခတွေ့တဲ့ အခါမှာ စဉ်းစားလိုက်တော့ ကိုယ်ထဲမှာရှိတဲ့ ရုပ်နာမ်တွေရှိနေလို့ အဲဒါကြောင့် ဒုက္ခတွေ ရောက်နေတာကို၊ ဓါသာမရှိရင် ဒီဒုက္ခဘယ်ရောက်မလဲ၊ ဒုက္ခမရှိနိုင်ဘူး၊ ဒုက္ခ၏တည်ရာဖြစ်တဲ့ ရုပ်နာမ်ကလည်း ရှိနေတော့ ဒီမှာဒုက္ခတွေ လာနေတာ၊ ဒုက္ခပင်တွေ ပေါက်နေတယ်၊ အနာပေါက်တယ်ဆိုရင် အနာပေါက်စရာနေရာရှိလို့ ပေါက်တာ၊ နေရာမရှိရင် ဘယ်ပေါက်မလဲ၊ အဲဒီတော့ နိဗ္ဗာန်ဟာ ဒီရုပ်နာမ် ဒုက္ခတွေ အကုန်လုံး ငြိမ်းတဲ့တရားပဲတဲ့၊ နိဗ္ဗာန်တရားဟာ ကောင်းပါပေတယ်။

"သုပ္ပဋိပန္နော ဝတ ဘဒ္ဒ ဘဂဝတော သာဝကသံဃော, ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။"

မြတ်စွာဘုရား၏တပည့်သား သံဃာတော်တွေဟာလည်း ကောင်းသောအကျင့်နဲ့ ပြည့်စုံပါတယ်၊ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ဒုက္ခတွေငြိမ်းအောင်လို့ သူတို့ကျင့်နေတာပါပဲတဲ့၊ တကယ့်မကောင်းတဲ့ ဆင်းရဲတွေငြိမ်းအောင် အကောင်းဆုံးအလုပ်တွေ သူတို့ လုပ်နေကြတာပဲတဲ့၊ ဒီတော့ ဒီလိုလုပ်ရတဲ့ပုဂ္ဂိုလ်တွေ ဝမ်းသာစရာ အင်မတန်ကောင်းတာပေါ့၊ အကြောင်းညီညွတ်လို့ လုပ်ရတာ၊ ဒီဆင်းရဲတွေငြိမ်းတဲ့အကျင့်က ကျင့်ရခဲကြီး၊ ကံကောင်းလွန်းလို့ ကျင့်ရတာ၊ ကံမကောင်းတဲ့ပုဂ္ဂိုလ်တွေ မကျင့်နိုင်ဘူး၊ ကျင့်ဖို့ရာ အခွင့်ရေးကို မရနိုင်ဘူး၊ တချို့ ဒီလိုကျင့်ဖို့ရာတရားကြားတောင် မကြားရဘူး၊ သိတောင် မသိရဘူး၊ ဗါကံမကောင်းလို့ပေါ့၊ တချို့ကြားတော့ ကြားရပါရဲ့၊ သို့သော်လဲပဲ မကျင့်နိုင်ဘူး၊ ကျင့်နိုင်ဖို့ရာ အခွင့်အရေးမရနိုင်ဘူး၊ တစ်နည်းနည်းနဲ့ သူက အနှောင့်အယှက်တွေ ဖြစ်နေတယ်၊ ကံကောင်းတဲ့ပုဂ္ဂိုလ်တွေမှ ကျင့်ရတယ်၊ ဒီတော့ ဒီဆင်းရဲတွေငြိမ်းအောင်လို့ ကျင့်နေတဲ့မြတ်စွာဘုရား တပည့်သားတွေဟာလည်း အင်မတန်ကို ကောင်းသောအကျင့်တွေ ကျင့်နေတာပဲလို့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကို အာရုံပြုတယ်၊ သူအာရုံပြုပုံတွေ အကောင်းသားပဲ၊ သူဟာ ရှင်းရှင်းလေးပဲ၊ ဘာမှမခက်ဘူး။

http://www.dhammadownload.com

မြတ်စွာဘုရားက ဒီရွှပ်နာမ်ဆင်းရဲတွေ ငြိမ်းအောင်လို့ ဟောတာဟာ အမှန်အတိုင်းသိလို့ ဟောနိုင်တာပဲ၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား မှန်ပါပေတယ်၊ ဘုရားဟောတဲ့နိဗ္ဗာန်မှာ ဒီလိုဆင်းရဲတွေ ရွှပ်နာမ်မှိုပြီးဖြစ်တဲ့ဆင်းရဲတွေ မရှိဘူး၊ ဒီဆင်းရဲတွေငြိမ်းတာဟာ ကောင်းတဲ့တရားပဲ၊ ဒီဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်တရား ရအောင်လို့ ကျင့်နေတဲ့ပုဂ္ဂိုလ်တွေဟာလည်း ကောင်းသော အကျင့်တွေ ကျင့်နေတာပဲတဲ့၊ အင်မတန်ကောင်းတဲ့ အကျင့်တွေ ကျင့်နေကြရတာပဲ၊ ဒါ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် အာရုံပြုပုံပြုနည်းပဲ၊ အဲဒီမှာ ဆင်းရဲငြိမ်းတဲ့နိဗ္ဗာန်ကို ကိုယ်တိုင်မတွေ့ပေမယ်လို့ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာ ကောင်းတယ်ဆိုတာ သိနိုင်တာပေါ့၊ မတွေ့သေးပေမယ်လို့ ကောင်းတယ်ဆိုတာ သိနိုင်တယ်၊ မှန်းဆကြည့်ရင် ဒီဆင်းရဲတွေ အကုန်လုံးငြိမ်းသွားတာကောင်းတာပဲ။

ဆင်းရဲငြိမ်းခြင်းအကျင့်

အဲဒီဆင်းရဲငြိမ်းတာက အလကားတော့ ငြိမ်းမှာမဟုတ်ဘူး၊ ဆင်းရဲငြိမ်းရာရောက်ဖို့ရာ အကျင့်ကလည်း ရှိဦးမှာကိုး၊ အဲဒီတော့ ဆင်းရဲငြိမ်းရာ တကယ်ရောက်တဲ့ အကျင့်ဟာလည်းပဲ ကောင်းတဲ့အကျင့်ပဲဆိုတာ ဒါသိရမှာကိုး၊ ဒီဆင်းရဲတွေ တစ်ခါတည်း အမြစ်ပြတ်၊ တစ်ခါတည်း ငြိမ်းမယ်၊ ကျင့်လိုက်၊ ကြဲလိုက် အားထုတ်လိုက်လို့ရှိရင် တစ်ခါတည်း ငြိမ်းသွားမယ်၊ ဒီအကျင့်ဟာ အကောင်းဆုံးပေါ့။

လူ့လောကမှာ ခုနကပြောတဲ့ လောကဆင်းရဲတွေ ငြိမ်းအောင်လို့ အလုပ်အကိုင်တွေ လုပ်ရတယ်၊ တစ်နေ့တစ်ရက်မျှ ချမ်းချမ်းသာသာနဲ့ စားသောက်နေထိုင်နိုင်အောင်လို့ တစ်ခါတည်း တစ်နေ့လုံး ကြိုးပမ်းပြီး အားထုတ်ပြီး လုပ်ရတယ်၊ ဒီနေ့ တစ်ရက်အတွက် လုပ်လိုက်တာ၊ နက်ဖြန်ခါ စားဖို့သောက်ဖို့ ရတယ်၊ နက်ဖြန်ခါကျတော့ တစ်ခါအားထုတ်လိုက်ပြန် သန်ဘက်ခါဖို့ဆိုတာ နေ့ဖို့ ညစာတွေ နေ့စဉ်နေ့စဉ် လုပ်ကြရတယ်၊ ကြိုးကြိုးစားစား လုပ်ရတယ်၊ အနားမနေရဘူး၊ အင်မတန်ကို အားထုတ်ရတယ်၊ သူမှာ အသက်ဘေးအန္တရာယ် စိတ်မချရတဲ့နေရာတွေတောင် သွားရတာပဲ၊ စွန့်စားပြီးသကာလ သွားရတယ်၊ အင်မတန်ကို ပင်ပင်ပန်းပန်းခံပြီး အားထုတ်ရတယ်၊ အဲဒီလို အားထုတ်ရမှ တစ်နေ့စားဖို့ရာ ရတယ်၊ အဲဒါ မလွဲမကင်းသာတော့ လုပ်ရသေးတာပဲ၊ ဝမ်းမြောက်ဝမ်းသာနဲ့ တစ်ခါတည်း

http://www.dhammadownload.com

တချို့ သီချင်းတောင် ဆိုပြီးတော့ အားထုတ်လုပ်သေးတာပဲ၊ ပြီးတော့ အခု တစ်သံသရာလုံး နှိပ်စက်ပြီးတော့နေတဲ့ ဒီဆင်းရဲတွေ အကုန်လုံးငြိမ်းသွားမယ်၊ ဒီလိုငြိမ်းစေတတ်တဲ့ အကျင့်ပဲဆိုတာ အင်မတန်ကောင်းတဲ့ အကျင့်ပေါ့။

မဂ္ဂသစ္စံ ဣဋ္ဌံ တန္တံ မနာပံ။

မဂ္ဂသစ္စံ-မဂ္ဂသစ္စာသည်၊ ဒါက နိဗ္ဗာန်ရောက်ကြောင်းအကျင့်ပဲ၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဟာ "ဣဋ္ဌံ"တဲ့၊ အလိုရှိအပ်တဲ့တရားပဲတဲ့၊ လူတိုင်းလူတိုင်း အလိုရှိအပ်တယ်၊ အလိုရှိသင့်တယ်၊ အလိုရှိရမယ့်တရားဖြစ်တယ်၊ ဝါသနာမပါဘူးဆိုပြီးတော့ မလိုချင်ရမယ့်တရားမဟုတ်ဘူး၊ တချို့က ရှိတယ်၊ ဝါသနာမပါဘူးတဲ့၊ အဲဒီပုဂ္ဂိုလ်က တရားအားထုတ်ဖို့ရာ မသိလို့ပေါ့၊ ဘယ်နှယ်ဝါသနာမပါရမလဲ၊ သူ့ဟာ ဆင်းရဲငြိမ်းဖို့ရာ လုပ်ငန်းပဲလုပ်နေတယ်၊ အကောင်းကြီးဟာ၊ ဘယ့်နှယ်ဝါသနာ မပါဘဲနဲ့ ဘယ်ဖြစ်မလဲ၊ လူ့လောကမှာ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး အလုပ်တွေ ဝါသနာမပါဘူးဆိုပြီး မလုပ်ဘဲနေရင် စီးပွားဥစ္စာ ဘယ်ရတော့မလဲ၊ စားစရာလည်း ရှိမှာမဟုတ်ဘူး၊ ဝါသနာမပါလို့ မဖြစ်ဘူး၊ မဂ္ဂသစ္စာက တကယ် အလိုရှိရမယ့်တရား။

"နှစ်သက်အပ်တဲ့ တရား"တဲ့၊ တကယ့်ကို နှစ်သက်အပ်တဲ့တရား၊ တကယ် နှစ်သက်ထိုက်တဲ့တရား၊ မနှစ်သက်သင့်ဘဲနဲ့ နှစ်သက်နေတာ မဟုတ်ဘူး၊ တကယ့်ကို နှစ်သက်ထိုက်တဲ့တရားပဲ၊ ဟုတ်တယ်၊ ဆင်းရဲငြိမ်းတဲ့တရားပဲ၊ ဘယ့်နှယ် မနှစ်သက်ရမတုံး၊ နှစ်သက်ရမယ့်တရားပါပဲ၊ မနာပံ-စိတ်နှလုံးကို ပွားစေအပ်တဲ့ မြတ်နိုးအပ်တဲ့ တရားပဲတဲ့၊ တကယ်ကို အမြတ်တနိုးထားအပ်တဲ့ တရားပဲ။

ဒီလို ရှေးအဖို့က နိရောဓသစ္စာ နိဗ္ဗာန်တရား၊ မဂ္ဂသစ္စာ အရိယာမဂ်တရား၊ အဲဒီတရားတွေဟာ ကောင်းတယ်လို့ဆိုတာ သိထားရမယ်၊ အဲဒါ သဝန-ကြားနာခြင်းဖြင့်၊ ဓာရဏ ဆောင်ထားခြင်းဖြင့်၊ လိုရင်းတော့ သဝန-ဆိုရင်လည်း ပြီးတာပါပဲ။ ဓာရဏ ဆိုတာ မှတ်မိနေတာ၊ ဒီလောက်တော့ အထူးဆောင်နေစရာလည်း မလိုပါဘူး၊ အဲဒီလောက် ကြားနာထားဖို့ရာ လိုပါတယ်တဲ့။

နိဗ္ဗာန် ဆိုတာ ကောင်းတယ်၊ အရိယမဂ်တရားဆိုတာ ကောင်းတယ် ဆိုတာ တော်တော်ကြီးပြင်းလာတဲ့အခါကျတော့ ဒါလေးတွေ ကြားရသိရတာကိုး၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီလိုသိလို့ အားထုတ်တာကိုး၊ မသိ ဘယ်

http://www.dhammadownload.com

အားထုတ်လိမ့်မတုံး၊ နိဗ္ဗာန်ကောင်းတယ်၊ နိဗ္ဗာန်ရောက်တဲ့အကျင့် ကောင်းတယ် ဆိုတာ ဒီလိုသိလို့ အားထုတ်ကြတယ်။

ဝဋ်သစ္စာကို ရှုမှတ်အားထုတ်ခြင်း

အဲဒီနိဗ္ဗာန်တရား, အရိယမဝ်တရားတွေ ရအောင်လို့ အားထုတ်တော့ ဘာအားထုတ်ရမလဲ ဆိုတော့ ဝဋ်သစ္စာနှစ်ပါး အားထုတ်တယ်တဲ့။

တေသု ဘိက္ခုနော ဝဋ္ဌေ ကမ္မဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဌေ နတ္ထိ အဘိနိဝေသော။ (သုတ်မဟာဝါအဌကထာ၊ ၃၉၁)

တေသု-ထိုသစ္စာလေးပါးတို့တွင်၊ ဘိက္ခုနော-ရဟန်းအား၊ ဝဋ္ဌေ-ဝဋ်သစ္စာနှစ်ပါး၌၊ ကမ္မဌာနာဘိနိဝေသော-ကမ္မဌာန်းနှလုံးသွင်း အားထုတ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဝိဝဋ္ဌေ-ဝဋ်ကင်းရာဖြစ်သော သစ္စာနှစ်ပါး၌၊ အဘိနိဝေသော-နှလုံးသွင်းအားထုတ်ခြင်းသည်၊ နတ္ထိ-မရှိ။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ဝဋ်သစ္စာနှစ်ပါးကိုပဲ ရှုပြီးအားထုတ်ရတယ်၊ ဝိဝဋ္ဌဖြစ်တဲ့ နိရောဓသစ္စာတရား၊ မဂ္ဂသစ္စာတရားတွေတော့ ရှုအားထုတ်ရတာ မဟုတ်ဘူးတဲ့၊ နိဗ္ဗာန်ကို အာရုံပြုပြီး အားထုတ်ရတာ မဟုတ်ဘူး၊ မဂ္ဂသစ္စာကို အာရုံပြုပြီး အားထုတ်ရတာမဟုတ်ဘူး၊ မဂ္ဂသစ္စာကို အာရုံပြုပြီး အားထုတ်ရတာ မဟုတ်ဘူး ဆိုတယ်၊ တချို့က အဲဒီလိုဟာတွေ မသိတော့ တစ်ခါတည်း တရား အားထုတ်တာ၊ နိဗ္ဗာန်အာရုံပြုပြီး အားထုတ်ရမယ်ဆိုပြီး တချို့ဟောပြောနေတာ ရှိတာပေါ့၊ ဒါက ဗဟုသုတမရှိလို့ ပြောနေတာပဲ၊ တကယ် ဒီလိုလုပ်ရတာ မဟုတ်ဘူး၊ ရောက်မှ မရောက်သေးပဲ၊ ရောက်မှ သိမှာပေါ့၊ စောစောကနေ အာရုံပြုထားလို့ မဖြစ်ဘူး၊ မဂ္ဂသစ္စာဆိုတာလည်း ကိုယ့်သန္ဆာန်မှာမရှိသေးဘဲနဲ့ အာရုံပြုလို့ ဘယ်ဖြစ်မလဲ၊ အဲဒီလို အားထုတ်လို့ ဖြစ်တာမဟုတ်ဘူး၊ စိတ်ညွှတ်ရုံမျှပဲ စိတ်ညွှတ်ရုံမျှ ကောင်းတယ် ဆိုတာ သိပြီးတော့ စိတ်ညွှတ်ရုံမျှပဲ လိုတယ်။

အိမ်အိုပမာ အလွန်ကြောက်စရာ

လိုတာကတော့ ဝဋ်သစ္စာနှစ်ပါး ဒုက္ခသစ္စာနဲ့သမုဒယသစ္စာ၊ ဒါကတော့ လူတိုင်းလူတိုင်း သိတယ်၊ ဘယ်သူမဆို ဒါကတော့ ရှိတာပဲ၊ ဒုက္ခဆိုတာ ရှိနေတာပဲ၊

http://www.dhammadownload.com

ဖြစ်ပျက်သမျှ ရုပ်နာမ်သဘါရတွေဟာ ဒုက္ခသစ္စာတရားတွေပဲ၊ ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘါရတွေ မျက်စိက မြင်လိုက်၊ နားက ကြားလိုက်၊ နှာခေါင်းက နံလိုက်၊ လျှာက အရသာစားလိုက်၊ ကိုယ်က တွေ့ထိလိုက်၊ စိတ်ကူးစဉ်းစားလိုက်၊ ကွေးလိုက်၊ ဆန့်လိုက်၊ လှုပ်ရှားလိုက်တော့ မပြတ်ဖြစ်နေတယ်၊ မပြတ်လည်း ပျက်နေတယ်၊ အဲဒီမပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေဟာ ဒုက္ခသစ္စာတွေပဲ၊ ဒါ ဒုက္ခတွေတဲ့၊ ဒါတွေကို ချမ်းသာလို့လည်း အောက်မေ့နေတာပေါ့၊ မြင်ရတာလည်း ကောင်းနေတာပဲ၊ ကြားရတာလည်း ကောင်း၊ နံရတာလည်း ကောင်း၊ စားရတာလည်း ကောင်း၊ တွေ့ထိရတာလည်း ကောင်း၊ စိတ်ကူးစဉ်းစားကြံစည်ရတာလည်း ကောင်း၊ သွားရ၊ လာရ၊ ထိုင်ရ၊ ထရတွေလည်း ကောင်း၊ သူဟာ အကုန်လုံး ကောင်းနေတယ်လို့ ထင်တယ်၊ ကျန်းကျန်းမာမာနဲ့ ပေါ့ပေါ့ပါးပါးနဲ့ နေရတဲ့ အခါကာလတွေမှာ ဒါတွေက ကောင်းနေတယ်၊ ဒါတွေ အကောင်းတွေပဲ၊ ပျော်စရာ ကောင်းနေတာပဲ၊ ဒီလို ထင်နေတယ်၊ အဲဒါက ရုပ်နာမ်သဘါရတွေ ခဏမစဲ ဖြစ်ပျက်နေတာတွေကို သူက မသိသေးဘဲဟာကိုး၊ အဖြစ်မမြင်သေးလို့၊ အမှန်ကတော့ ဒီဥစ္စာတွေရဲ့သဘောအမှန်တွေ သိလို့ရှိရင် ခဏမစဲ ဖြစ်ပျက်နေတာ၊ ဒါတွေဟာ ဘာမှ နှစ်သက်စရာ၊ သာယာစရာမရှိဘူး၊ အင်မတန် ကြောက်စရာ ကောင်းတာတွေပဲ ဖြစ်ကြတယ်။

ဘာနဲ့တူလဲဆိုလို့ရှိရင် ပြိုလုပြိုခါနီး အိမ်ကြီးထဲ ဝင်နေရတာနဲ့ တူတယ်၊ ပြိုလုပြိုခါနီးတိုက်ကြီးတွေ ရွရွလေး ရှိတော့တယ်၊ နည်းနည်းလေး လှုပ်လိုက်ရင် ပြိုတော့မလို၊ ဟိုမှာ အဲဒီတိုက်ကြီးတွေထဲ မဝင်ဝံ့ဘူး၊ ဘယ်ဝင်ဝံ့လိမ့်မှာတုံး၊ ဘေးနားကတောင်မှ ခပ်ကြောက်ကြောက်ကြည့်ရတယ်၊ ပုံမတော် ပြိုကျလာမှာ၊ မကြောက်လို့ အဲဒီထဲ ဝင်ပြီးတော့ နေတော့မယ်ဆိုလို့ရှိရင် ဒုက္ခပေါ့၊ သူက ကြောက်စရာအင်မတန် ကောင်းတယ်၊ သူက ဝင်နေတုန်း ဝင်ဝင်ချင်းပြိုချင်လည်း ပြိုမယ်၊ အဲဒါလိုပဲ မိမိတို့သန္တာန်မှာရှိနေတဲ့ ရုပ်နာမ်တရားတွေက ဘာမှခိုင်ခန့်တဲ့ တရားတွေ မဟုတ်ဘူးတဲ့၊ အကြောင်းညီညွတ်တဲ့အခါကာလတွေတော့ ဒီရုပ်နာမ် တရားတွေဟာ ကောင်းသလိုလို ထင်ရတာပေါ့လေ၊ အကြောင်းမညီညွတ်တဲ့အခါ ကာလကျတော့ ဒီရုပ်နာမ်တရားတွေ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်နေတာ၊ ပြုပြင်လို့လည်း သိပ်မရဘူး၊ တကယ်ပျက်လာပြီဆိုတော့ ဘာမှမတတ်နိုင်ဘူး၊ ပြင်လို့ မရဘူး၊ အင်မတန်ကြောက်စရာကောင်းတဲ့တရားတွေ။

http://www.dhammadownload.com

အစွမ်းနှင့်အလင်းပမာ ရုပ်နာမ်နှစ်ပြား

အဲဒါအကြောင်းမညီညွတ်မှာကလည်း ဘယ်အချိန်မညီညွတ်မယ်လို့ မပြောနိုင်ဘူး၊ မညီညွတ်ရင် ခဏချင်းလည်း မညီညွတ်နိုင်တာပဲ၊ ရုပ်နာမ်တွေဟာ အလွန်မတရား အပြောင်းအလဲ မြန်နေတာတွေ မသိလို့ပဲ၊ အထူးအားဖြင့် ထင်ရှားတဲ့ဥပမာ ပြောရမယ်ဆိုရင် ညအခါကာလ အမှောင်နဲ့အလင်း ရုပ်တွေ ပြောင်းပုံဟာ အင်မတန်ထင်ရှားတယ်၊ အလင်းကလေး လာလိုက်တာနဲ့ အမှောင်တွေ အကုန်ပျောက်သွားတယ်၊ အလင်းပျောက်တာနဲ့ အမှောင်တွေ ပြန်ရောက်လာတယ်၊ ချက်ချင်းပဲ သူဟာ အလင်းကလဲ ပြုန်းခနဲ တစ်ခါတည်း အလင်းတွေ ဖြန့်ပြီး အင်အားရှိသလောက် ပြန့်သွားတယ်၊ မီးချစ်ကလေး ချစ်လိုက်လို့ရှိရင် မီးခြစ်ဆံအလိုက်ပေါ့လေ၊ အလင်းဓာတ်ကလေးဟာ ဖရောင်းတိုင်ဆိုရင် ဖရောင်းတိုင်အလိုက်၊ ဓာတ်မီးဆိုရင်လဲ ဓာတ်မီးအလိုက် အလင်းတွေ တစ်ခါတည်း ပြုတ်ခနဲဆို ပြန့်လာတယ်၊ အကျယ်ကြီးပြန့်လာတယ်၊ သူငြိမ်းလိုက်တာနဲ့လည်း တစ်ခါတည်း အမှောင်ပြန့်ပြီး ချက်ချင်းပဲ အုပ်လာတယ်၊ အလင်းနဲ့ အမှောင် ရုပ်တွေ ပြောင်းလဲပုံတွေ အင်မတန်မြန်တယ်။

အဲဒါလိုပဲ ကိုယ်ထဲက ရုပ်တွေလည်း ဒီလိုအမြန်ကြီးပြောင်းလဲနေတာ၊ မသိလို့ သူဥစ္စာ ခဏမစဲ တစ်ကိုယ်လုံးမှာ အသစ်အဟောင်းတွေ အမြဲတမ်း ပြောင်းလဲနေတာ၊ အဲဒီလို ပြောင်းလဲနေတော့ အဟောင်းတွေ ပျောက်တဲ့အခါ အသစ်တွေက ကောင်းတဲ့ရုပ်တွေ မဖြစ်လာရင် အဲဒီမှာ ချက်ချင်းဒုက္ခရောက်နိုင်တာ၊ အဲဒါ ပျက်စီးသွားနိုင်တာပဲ၊ ဒါကြောင့်မို့ ဒီခန္ဓာကိုယ်ဝန်ကြီးဟာ အိမ်အို အိမ်ဆွေးကြီးများ ဝင်ပြီးတော့ နေရသလိုပဲတဲ့၊ ခန္ဓာကိုယ်ကောင်ကြီးကိုပဲ ငါကောင်၊ သူကောင်၊ သတ္တဝါကောင် လုပ်ပြီး နေရတာ၊ အင်မတန်ကြောက်စရာ ကောင်းပါတယ်တဲ့။

"ဒုက္ခံ ဘယဋ္ဌေန"၊ ဘယဋ္ဌေန-ကြောက်စရာကောင်းသော အနက်သဘောကြောင့်၊ ဒုက္ခံ-ဆင်းရဲပဲ၊ ကြောက်စရာကောင်းတဲ့တရားတွေ၊ အဲဒီဒုက္ခသစ္စာတရားတွေဟာ မိမိတို့သန္တာန်မှာ ရှိတယ်၊ အဲဒီတရားတွေကို သိအောင်လို့ အားထုတ်ရတာ၊ ဒီဒုက္ခတွေကို ဒုက္ခလို့ မထင်တော့ကို သမုဒယ သာယာမှု ရှိလာတယ်၊ ဒါကောင်းတယ်လို့ ထင်တယ်၊ အဲဒီသာယာမှု သမုဒယသစ္စာကိုလည်းပဲ ရှုရမယ်တဲ့၊

http://www.dhammadownload.com

သာယာမှုလေးတွေလည်း သူသဘောအမှန်အတိုင်း သိအောင်လို့ ရှုရတယ်၊ ဒါကြောင့်မို့ ဝဋ္ဋ-ဝဋ်သစ္စာနှစ်ပါး၌၊ ကမ္မဋ္ဌာနာဘိနိဝေသော၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းသည်၊ ဟောတိ-ဖြစ်၏။

ဒုက္ခသစ္စာသိမှုအစေး

ကမ္မဋ္ဌာန်းတရားအားထုတ်ရင် ဝဋ်သစ္စာနှစ်ပါး အားထုတ်ရတာပဲ၊ ဝဋ်သစ္စာနှစ်ပါးမှာလည်း အထူးအားဖြင့်တော့ ဒုက္ခသစ္စာတရားတွေ များများရှုနေရတာပဲ၊ သမုဒယသစ္စာတရားက ရံခါရံခါမှာ ဖြစ်ပေါ်တယ်၊ ဖြစ်ပေါ်တဲ့အခါ ရှုရတာ။

"ဒုက္ခံ ပရိညေယျံ" ဒုက္ခံ-ဒုက္ခသစ္စာတရားကို၊ ပရိညေယျံ-ပိုင်းခြား၍ သိရာ၏၊ "သမုဒယံ ပဟာတဗ္ဗံ" -သမုဒယံ-မုဒယသစ္စာတရားကို၊ ပဟာကဗ္ဗံ-ပယ်အပ်၏။ ဒုက္ခသစ္စာတရား ဆိုတာ ပိုင်းခြားသိရတယ်၊ သမုဒယသစ္စာက ပယ်ရတယ်၊ "နိရောဓော သစ္ဆိကာတဗ္ဗော" - နိရောဓကတော့ မျက်မှောက်ပြုရတယ်၊ "မဂ္ဂေါ ဘာဝေတဗ္ဗော" မဂ္ဂသစ္စာက ပွားများရတယ်။

ဒီတော့ ဒုက္ခသစ္စာတရား သိအောင်ဟာ ရှေးဦးစွာ ဒုက္ခသစ္စာတရားတွေ ရှုရတာကိုး၊ အဲဒီဒုက္ခသစ္စာတရားတွေလည်း ရှေးဦးစွာ သင်ကြားရဦးမယ်တဲ့။

ဥဂ္ဃဟ-သင်ယူခြင်း စသည်

ဥဂ္ဃဟ-သင်ရယူမယ်တဲ့၊ ဒုက္ခသစ္စာတရားတွေ သင်ယူရမယ်၊ ဒီတရားတွေဟာ ဒုက္ခသစ္စာပဲ၊ ဆင်းရဲတရားတွေပဲ ဆိုတာ သိရမယ်၊ အကျဉ်းချုပ်အားဖြင့် ရုပ်တရား၊ နာမ်တရားတွေပေါ့လေ၊ ရုပ်နာမ်တွေဟာ ဒုက္ခသစ္စာ၊ ဆင်းရဲတွေချည်းပဲဆိုတာ ဒီလောက်ကတော့ သိရတာကို၊ တရားအားထုတ်ရင် ဒါလည်း သိပါတယ်၊ စောစောက မသိတောင် ကမ္မဋ္ဌာန်းဝင်ခါနီးတွင် ဆရာသမားက ပြောတာနဲ့ ဒီရုပ်နာမ်တွေဟာ ဒုက္ခတွေချည်းပဲ၊ ဆင်းရဲချည်းပဲလို့ သိရမယ်။

ပုရိမာနိ တီ ဒွေ သစ္စာနိ "ပဠတ္ထုန္နာ ဒုတ္ခံ, တဏှာ သမုဒယော"တိ စတံ သဒ္ဒေပေန စ၊ တထမေ ပဠတ္ထုန္နာ၊ ရူပတ္ထုန္နောတိ အာဒိနာ နယေန ဝိတ္ထာရေန စ အာစရိယဿ ဆန္ဒိကေ ဥဂ္ဂဏှိတွာ ဝါစာယ ပုနပ္ပုနံ ပရိဝတ္တေန္တော ယောဂါဝစရော တမ္ဟံ တရောတိ။

http://www.dhammadownload.com

အကျဉ်းအားဖြင့်ဖြစ်စေ, အကျယ်အားဖြင့်ဖြစ်စေ သင်ယူရမယ်တဲ့၊ အကျဉ်းလည်းပဲ ပြီးတာပါပဲ၊ အကျယ်သင်ချင်လည်း သင်ပေါ့၊ အကျယ်သင်ရင်လည်း ပြီးတာပဲ၊ အကျဉ်းဆိုရင် ရုပ်နာမ်တရားတွေပဲ ဖြစ်တယ်၊ ရုပ်နှင့်နာမ်နှစ်ခုပဲ၊ အကျယ်ဆိုရင်တော့ အဲဒီရုပ်နာမ်တွေကို အကျယ်ခဲ့ပြီးတော့ ခန္ဓာငါးပါး၊ ခန္ဓာငါးပါးမှာလဲ နာမ်ခန္ဓာက လေးပါး၊ ရုပ်ခန္ဓာက တစ်ပါး၊ နာမ်ခန္ဓာတွေ ဆိုတာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်၊ ဝေဒနာဆိုတာ ဘယ်လိုဟာ၊ သညာ ဆိုတာ ဘယ်လိုဟာ၊ သင်္ခါရဆိုတာ ဘယ်တရား စသည်ဖြင့်ပေါ့လေ၊ အဲဒါတွေကတော့ကို ခန္ဓမဇ္ဈာနုပဿနာပိုင်းက အကျယ်ကြီး ဟောခဲ့ပါပြီ၊ အဲဒါတွေကို သင်ယူရမယ်တဲ့၊ အကျဉ်းအားဖြင့်ဖြစ်စေ၊ အကျယ်အားဖြင့်ဖြစ်စေ အကျဉ်းသင်ရင်လည်း ပြီးတာပါပဲ။

အဲဒါသင်ယူပြီးတော့ နောက်ဆုံး အလုပ်လုပ်တဲ့အခါကျတော့ သမ္မသန-သုံးသပ်ရမယ်တဲ့၊ ဥဂ္ဃဟ-သင်ယူတယ်၊ ပရိပုစ္ဆာ ဆိုတာ မေးမြန်းတယ်၊ အဓိပ္ပါယ်နားမလည်ရင် မေးရတာပေါ့လေ၊ နားလည်ရင်လည်း ပြီးရော၊ သဘောကျနေရင်လည်း ပြီးရော၊ အခု ကမ္မဋ္ဌာန်းဆရာတွေနဲ့ မေးမြန်းစစ်ဆေးပြီးတော့ နေတဲ့ဟာတွေ လျှောက်ချင်တာလျှောက်နိုင်တယ်၊ မေးချင်တာမေးနိုင်တယ်၊ ဒါ မေးမြန်းတာတွေပါပဲ၊ သဝန-နားထောင်တယ်တဲ့၊ ဓာရဏာ-ဆောင်မှတ်ထားတယ်တဲ့၊ ကိုယ်ကြားသမျှလေး ကိုယ်မှတ်နိုင်သမျှလေးတွေ မှတ်ထားတယ်၊ ဒါတွေကတော့ သူဟာ ပရိယတ်နယ်ပယ် ရှိပါသေးတယ်၊ ဒါတွေက သုတမယဉာဏ်ဘက်လောက်ရှိသေးတယ်၊ သုတမယ၊စိန္တာမယပဲ၊ ဘာဝနာမဟုတ်သေးဘူး ဥဂ္ဃဟ-သင်ယူတယ် ဆိုတာဟာ ဘာဝနာ မဟုတ်သေးဘူး၊ ပရိပုစ္ဆာ-အနက်အဓိပ္ပါယ် မေးမြန်းတယ် ဆိုတာ ဘာဝနာမဟုတ်သေးဘူး၊ သဝန-ကြားနာတယ်ဆိုတာဟာလည်း ဘာဝနာမဟုတ်သေးဘူး၊ ဘာဝနာအစစ်မရောက်သေးဘူး၊ သွင်းရင်တော့ ဘာဝနာထဲတော့ ထည့်ယူလို့ရတယ်၊ ဒါပေမယ်လို့ အစစ်မဟုတ်သေးဘူး၊ ဓာရဏာ-ဆောင်မှတ်ထားတယ်ဆိုတာဟာလည်း ဘာဝနာမဟုတ်သေးဘူး။

ဘာဝနာကတော့ သမ္မသန-သုံးသပ်တယ်ဆိုတာကတော့ ရှုတာပဲ၊ အဲဒါဟာ ဘာဝနာပဲ၊ ရှုတဲ့အခါကျတော့ ဘယ်လိုရှုရမလဲဆိုရင် သတိပဋ္ဌာနသုတ် စသည်တို့နှင့်အညီပေါ့လေ၊ ဒါရခြောက်ပါးဖြစ်တဲ့ ရုပ်နာမ်တွေ ရှုရမှာ၊ ရုပ်တရားတွေထင်ရှားရင် ရုပ်တရားရှု၊ နာမ်တရားထင်ရှားရင် နာမ်တရားရှု ဒါတွေ ရှုရမယ်။

http://www.dhammadownload.com

ဒုက္ခနှင့်သမုဒယ

မျက်စိက မြင်တိုင်းမြင်တိုင်း ရုပ်နာမ်တွေ ထင်ရှားဖြစ်နေတယ်၊ အဲဒီ ရုပ်နာမ်တရားတွေဟာ ဒုက္ခသစ္စာတွေပဲ၊ မျက်စိရုပ် ဒုက္ခသစ္စာတရားပဲ၊ မြင်ရတဲ့ အဆင်း ဒုက္ခသစ္စာတရား၊ မြင်သိတဲ့နာမ် ဒုက္ခသစ္စာတရားပဲ၊ ဒီအထဲမှာ အရေး ကြီးတာကတော့ မျက်စိရုပ်နဲ့ မြင်သိတာကတော့ ပိုအရေးကြီးတာပေါ့၊ မြင်ရတဲ့ အဆင်းကတော့ ကိုယ့်သန္တာန်ကလည်း ရှိတယ်၊ သူသန္တာန်မှာလည်း ရှိတယ်၊ သူများသန္တာန်ရှိရင်တော့ သူများဒုက္ခသစ္စာပဲ၊ ကိုယ်နဲ့သိပ်မဆိုင်ဘူး၊ တုံး, တိုင်, ကျောက်ခဲ, မြေကြီး, ခဲတွေမှာဆိုရင် ဘယ်သူနှင့်မှ မဆိုင်ဘူး၊ သူဟာသူ သဘာဝ တရားတွေချည်းပဲ။ မျက်စိနဲ့ မြင်သိတာကတော့ ကိုယ်သန္တာန်က ရှိနေတာကိုး၊ မျက်စိက ကိုယ့်သန္တာန်က မြင်သိတာကလည်း ဒုက္ခသစ္စာတရားပဲ။

ဒီဒုက္ခသစ္စာတွေက ဘယ်က လာသလဲဆိုရင် သမုဒယသစ္စာက လာတာ၊ ရှေးဘဝကကုသိုလ်ကံ ပြုစဉ်အခါကာလ မကင်းခဲ့သေးတဲ့တဏှာ ရှိတယ်၊ အခုဘဝ လူလာပြီးတော့ ဖြစ်ရတာဟာ ရှေးဘဝက ကုသိုလ်ရှိလို့ ဖြစ်ရတာ၊ ဒါနလား, သီလလား ဘယ်ဟာတုံးတော့ မပြောတတ်ဘူး၊ တစ်ခုခုကြောင့် ဖြစ်တယ်၊ အဲဒီရှေး ဘဝက ဒါန၊ သီလတွေ ပြုစဉ်အခါကာလတုန်းက တဏှာမကင်းခဲ့ဘူးတဲ့၊ တပ်မက်မှု၊ သာယာမှု တဏှာမကင်းခဲ့ဘူး၊ ခုလို မြင်နေရတာတွေ, ကြားနေရတာတွေ, နံနေရတာတွေ၊ စားနေရတာတွေ၊ တွေ့ထိနေရတာတွေ၊ သွားလာနေရတာတွေ၊ လုပ်ကိုင်နေရတာတွေ၊ လူအဖြစ်နဲ့ နေရတာတွေ၊ နတ်အဖြစ်နဲ့ နေရတာတွေ၊ ယောကျ်ားအဖြစ် မိန်းမအဖြစ်နဲ့နေရတာတွေ အာရုံခြောက်ပါး ခံစားပြီးတော့ နေရတာတွေ၊ အဲဒီဥစ္စာတွေကို သာယာမှု မကင်းခဲ့သေးဘူးတဲ့၊ အခု အလှူဒါနတွေ လုပ်တဲ့ ပုဂ္ဂိုလ်တွေ ကြည့်ပါမှပေါ့၊ မကင်းလား, ကင်းသလားလို့ မကင်းပါဘူး၊ ဟုတ်လား၊ အလှူဒါနလုပ်တဲ့ပုဂ္ဂိုလ်တွေလည်း မကင်းဘူး၊ သီလဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေလည်း မကင်းဘူး၊ ပုထုဇဉ်တွေဆိုတော့ မကင်းဘူး၊ သေက္ခပုဂ္ဂိုလ်တွေ ဆိုလည်း မကင်းပါဘူး၊ ကင်းတာက ရဟန္တာမှ ကင်းတာ၊ ရဟန္တာမဟုတ်သေးရင် သူဟာ ခင်မင်တွယ်တာမှု ကလေးတွေ ရှိနေတာပဲ။

တွယ်တာမှုကလေးတွေက ရှိနေတော့ ကိုယ့်ခန္ဓာကလေးတွေနဲ့ စပ်ပြီး ခင်မင်တွယ်တာမှုလေးတွေ ဖြစ်နေတယ်၊ တချို့ ခင်မင်တွယ်တာမှုများ နောင်

http://www.dhammadownload.com

သံသရာဘဝ မဟုတ်ဘူး၊ အခု လောလောဆယ်မှာကို ဝုဏ်ပကာသနတွေစပြီး ခင်မင်တွယ်တာမှုတွေ ဖြစ်နေတယ်၊ အဲဒီတွယ်တာမှုတွေ ရှိတာဟာ သမုဒယ သစ္စာပဲတဲ့။

အဲဒီ သမုဒယသစ္စာတွေ ရှိပြီးတော့နေလို့ သေခါနီးမှာ အာရုံစွဲလမ်း ပြီးတော့ သေသွားတာတွေ၊ ခုဘဝ လူဖြစ်လာတာ၊ လူဖြစ်လာတော့ အဲဒီလူခန္ဓာလို့ ခေါ်ရတဲ့ ရုပ်အစဉ်ထဲမှာ စက္ခုမျက်စိဆိုတဲ့ စက္ခုပသာဒရုပ်က အမိဝမ်းတွင်း ကတည်းက စပြီးတော့ အစဉ်မပြတ်ဖြစ်လာတယ်၊ အခုလည်းပဲ မြင်တိုင်းမြင်တိုင်း ဒီစက္ခုပသာဒအသစ်အသစ်တွေဟာ ဖြစ်နေတာ၊ မမြင်တဲ့အခါလည်း သူဟာ ဖြစ်နေတာပါပဲ၊ သို့သော် မြင်တဲ့အခါမှ သူဟာ ထင်ရှားတယ်။

အဲဒီ စက္ခုပသာဒ မျက်စိရုပ် ဆိုတာ ဘယ်သူကြောင့် ဖြစ်တုံးဆိုရင် တဏှာ မကင်းသေးလို့ ဖြစ်တယ်၊ သမုဒယကြောင့် ဖြစ်လာတာတဲ့၊ တဏှာသမုဒယ ရှိလို့ ဒီဘဝတစ်ခုလုံး တစ်ဘဝလုံးဖြစ်လာတယ်၊ မြင်မှုကလည်း ထို့အတူပဲ၊ ရှေးဘဝက အဲဒီသမုဒယကလေး အကြောင်းအရင်းခံပြီး ခုဘဝ မြင်မှုအသစ် ဖြစ်လာရတာ၊ ဒါသမုဒယကြောင့် ဖြစ်တာ။

သမုဒယသစ္စာအရင်းခံပြီးတော့ အခုမြင်တဲ့အခါကာလ မျက်စိရုပ် ဖြစ်တယ်၊ မြင်သိမှု ဖြစ်တယ်၊ အဲဒါ ဒုက္ခသစ္စာတရားတွေပဲ၊ မြင်သိမှု ဖြစ်လိုက်တော့ မြင်တာကို ရှုလိုက်တဲ့အခါ မှတ်သိမှု ဘာဝနာဖြစ်လာတယ်၊ အဲဒီ ဘာဝနာက ပုဗ္ဗဘာဂအနေနဲ့ ကြည့်လို့ရှိရင်တော့ သူက မဂ္ဂသစ္စာထဲ ထည့်ရပါတယ်။

မဂ္ဂသစ္စာကတော့ "ဒုက္ခေ ဉာဏံ" ဆိုတဲ့အတိုင်း ဒုက္ခတရားကို သူက သိတာကိုး၊ မြင်တဲ့ဒုက္ခသစ္စာတရားလေးကို သူက သိတယ်၊ မြင်တယ်လို့ မှတ်လိုက်တဲ့အခါ မျက်စိရုပ်နဲ့ မြင်ရတဲ့အဆင်းနဲ့ မြင်သိတဲ့ စိတ်ကလေးနဲ့ သူ အခိုက်အတန့်နဲ့သူ ဖြစ်ပေါ်လာတဲ့ သဘောတရားကလေးတွေ မျက်စိနဲ့အဆင်းက ရုပ်-အာရုံမသိတတ်တဲ့တရား၊ မြင်သိတာကနာမ်-အာရုံသိတတ်တဲ့တရား၊ ရုပ်နဲ့ နာမ် နှစ်ခုပဲရှိတယ်၊ အဲဒီရုပ်နာမ်နှစ်ပါးတွေက သူအခိုက်အတန့်နဲ့သူ ဖြစ်ပြီး ရင်း ပျောက်သွားရင်း အဲဒါမမြဲတဲ့သဘောကို ပိုင်းခြားပြီးတော့ သိတယ်။

"ဒုက္ခံ ပရိညေယျံ" ဒုက္ခံ-ဒုက္ခသစ္စာကို၊ ပရိညေယျံ-ပိုင်းခြား၍သိအပ်၏" ဆိုတဲ့အတိုင်း ရှုတိုင်း ရှုတိုင်း အဲဒီဒုက္ခသစ္စာတရား ပိုင်းခြားပြီး သိနေတာပဲ၊

http://www.dhammadownload.com

မြင်တယ်, မြင်တယ်လို့ မှတ်တိုင်း မှတ်တိုင်း ပိုင်းခြားပြီး ဒုက္ခသစ္စာကို သိနေတယ်၊ ထို့အတူ ကြားတယ်၊ မှတ်တိုင်း ဒုက္ခသစ္စာတရားတွေပဲ၊ ကိုယ်ထဲမှာ အတွေ့အထိကလေးတစ်ခု ဆိုပါတော့ ဟုတ်လား၊ အတွေ့အထိကလေးတစ်ခု မှတ်နေထိရာကနေပြီး ထိတယ်၊ ထိတယ်လို့ မှတ်၊ ထိရာဌာနက ကာယပသာဒရုပ်၊ အတွေ့အထိကလေး ပူတာဖြစ်ဖြစ်၊ အေးတာဖြစ်ဖြစ်၊ နွေးတာဖြစ်ဖြစ်၊ ချောညက်တာဖြစ်ဖြစ်၊ ကြမ်းတမ်းတာဖြစ်ဖြစ်၊ အဲဒီအတွေ့အထိလေး ဖောဋ္ဌဗ္ဗာရုံ တွေ့ထိပြီးတော့ သိသွားတဲ့သဘောလေး ရှိတယ်၊ အဲဒါ ကာယတွေ့ထိရာ ဌာနရယ်၊ တွေ့ထိရတဲ့ အာရုံရယ်၊ ထိသိတဲ့ သဘောလေးရယ်၊ အဲဒါ သိတယ်၊ ထိတယ်လို့ မှတ်ဝုံင်း မှတ်တိုင်း ဒီလိုထင်ရှားနေတယ်၊ ဒုက္ခသစ္စာတရားတွေပဲ၊ ရုပ်တရား နာမ်တရားတွေပဲ၊ ဖြစ်ပျက်နေတဲ့တရားတွေပဲ၊ ဒုက္ခသစ္စာတရားတွေ ရှုတိုင်း ရှုတိုင်း ပိုင်းခြားပြီးတော့ သိနေတာပဲ။

ဝေဒနာ ဆိုပါတော့ ဝေဒနာက ညောင်းတာဖြစ်ဖြစ်၊ ပူတာဖြစ်ဖြစ် ဘာဖြစ်ဖြစ် တစ်ခုခုကို ပူတာ၊ နာတာ၊ နာတာလေး ဆိုပါတော့ မှတ်လိုက်၊ တစ်နေရာက နာတဲ့သဘောလေးဖြစ်လာတော့ နာတယ်လို့ မှတ်လိုက်တော့ အဲဒီနာတာလေးဟာ ဝေဒနာပဲ၊ ဒီနာတဲ့ဝေဒနာဟာ ဘာတုံးဆိုတော့ ဒုက္ခသစ္စာတရားပဲ၊ ဒုက္ခသစ္စာတရား သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီး ပျောက်သွားတာပဲ၊ နာပြီးရင်း ပျောက်သွားရင်း၊ နာပြီးရင်း ပျောက်သွားရင်း ဒုက္ခသစ္စာတရား ပိုင်းခြား သိနေတာတဲ့။ ဒုက္ခကို မှတ်တိုင်းမှတ်တိုင်း ပိုင်းခြားပြီး သိတယ်၊ သမုဒယ နှစ်သက်သာယာမှုလေး ဖြစ်လာတဲ့အခါကျတော့ အဲဒီ နှစ်သက်တယ်၊ သာယာတယ်၊ လိုချင်တယ်လို့ မှတ်လိုက်ရင် ဒီသမုဒယလည်း ပိုင်းခြားပြီး သိသွားတာပဲ၊ တစ်နည်းအားဖြင့် ဒုက္ခကို မှတ်တိုင်း မှတ်တိုင်း ဒီမြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ တွေ့ထိတာ၊ ကွေးတာ၊ ဆန့်တာမှ စပြီးတော့ပေါ့လေ၊ မှတ်တိုင်း မှတ်တိုင်း အဲဒီအာရုံဝတ္ထုနဲ့ စပ်ပြီး ဒီသာယာမယ့် တဏှာဟာ ကင်းငြိမ်းတယ်။

အကျဉ်းချုပ်

ဘယ်လိုကင်းငြိမ်းတုံးဆိုရင်အစတုန်းကတော့ မြင်မှု, ကြားမှုတွေဟာ အမြဲတမ်း တည်နေလိမ့်မယ် ထင်လို့၊ ကောင်းတယ် ထင်လို့ သာယာ နှစ်သက် သဘောကျနေတယ်။ အခုတော့ မှတ်တိုင်း မှတ်တိုင်း ဖြစ်ပျက်နေတဲ့ သဘောကြီးကို

http://www.dhammadownload.com

တွေ့ရတယ်။ ဒါက တော်တော်လေးညှာ်ရောက်လာမှ သိရတယ်၊ မသိသေးဘူး၊ ဒါက တစ်ရက် နှစ်ရက် ဆိုရင် များသောအားဖြင့် မသိသေးဘူး၊ တချို့ လေးငါးရက်လည်း သိချင်မှ သိတယ်၊ သူက တော်တော်လေး ရက်ကလေး ကြာလာတော့ မှတ်တိုင်း မှတ်တိုင်းဟာ တစ်ခါတည်း ဘာမှယူစရာ ရစရာမရှိဘူး၊ ဖောင်းတာ ပိန်တာကလေးတွေ မှတ်လိုက်ရင် ဖောင်းတာလည်း တရိပ်ရိပ်နဲ့၊ ရိပ်ခနဲ ရိပ်ခနဲ နေတာ တွေ့ရတယ်၊ ပိန်တာကလေးတွေလည်း ရွှေ့တိုင်းရွှေ့တိုင်း ရိပ်ခနဲ ရိပ်ခနဲ ပျောက်လိုက်နေတာ တွေ့ရတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်ရင်လည်း ခြေထောက်ကြွတိုင်း လှမ်းတိုင်းဟာ ရွှေ့တိုင်း ရွှေ့တိုင်း ရွှေ့ရွှေ့ပျောက်နေတာ တွေ့ရတယ်၊ ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်းဟာလည်းပဲ သူအခိုက်အတန့်နဲ့ သူ ဖြစ်ပြီး ပျောက်သွားတာတွေ တွေ့ရတယ်၊ နာကျင်ကိုက်ခဲမှုလေးတွေဟာ သူအခိုက်အတန့်နဲ့သူ ဖြစ်ပျက်နေတာတွေ တွေ့ရတယ်၊ စိတ်ကူးကလေးတွေ ဖြစ်ပြန်ရင် အဲဒီစိတ်ကူးကလေးက ပျောက်သွားရင် စိတ်ကူးလိုက်ရင်း ပျောက်သွားရင်း အဲဒီလို တွေ့ရတယ်၊ အဲဒီလို တွေ့ရတဲ့အခါကျတော့ ဘာမှ အားကိုးစရာမရှိဘူး၊ သာယာစရာ မရှိဘူး၊ တစ်ကိုယ်လုံး တစ်ကောင်လုံးဟာ ရစရာ, ယူစရာ မရှိဘူး၊ ဘာမှ မကောင်းတဲ့တရားတွေပဲလို့ သူသဘောပေါက်လာတယ်။

အဲဒီအချိန်မှာ ရှူတိုင်း ရှူတိုင်း သိတိုင်း သိတိုင်းဟာ သမုဒယသစ္စာကို ပယ်နေတာပဲ၊ သမုဒယသစ္စာ ငြိမ်းနေတယ်၊ အဲဒါ သမုဒယသစ္စာကို ပယ်ရမယ်၊ "ပဟာဟဗ္ဗော-ပယ်ရမယ်"လို့ ပဟာနပဋိဝေဓအားဖြင့် ပိုင်းခြား သိနေတာပဲ၊ ရှူတိုင်း ရှူတိုင်း ပိုင်းခြားပြီးတော့ သိနေတယ်။

ဝိပဿနာသမ္မာဒိဋ္ဌိ

နိဂြောဓ, မဂ္ဂင်္ဂတို့က အစစ်အားဖြင့်တော့ အရိယမဂ်ဖြစ်တဲ့အခါကျမှ သေချာသိပါတယ်၊ ဝိပဿနာရှုတဲ့အခါတော့ ရှူတိုင်း ရှူတိုင်း ဘယ်လောက်သိတုံးဆိုတော့ သူက တဒင်္ဂ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ မှတ်တိုင်း မှတ်တိုင်း ကိလေသာငြိမ်းတန်သမျှတွေ ငြိမ်းသွားတယ်၊ တဒင်္ဂနိဗ္ဗာန်၊ မှတ်တိုင်း မှတ်တိုင်း ဝိပဿနာ အမှန်အသိ သမ္မာဒိဋ္ဌိလေးတွေ ဖြစ်တယ်၊ ခုပြောတဲ့ မြင်တာလေး မှတ်လိုက် မှတ်လိုက်၊ ကြားတာလေး မှတ်လိုက် မှတ်လိုက်၊ တွေ့ထိတာလေး မှတ်လိုက်၊ ကွေးတာလေး မှတ်လိုက်၊ သူအခိုက်အတန့်နဲ့သူ ဖြစ်ပြီးရင်း ပျောက်

http://www.dhammadownload.com

သွားရင်း ဖြစ်ပြီးရင်း ပျောက်သွားရင်း အဲဒါလေးတွေ့တော့ ပထမ စပြီး ဘာသိသလဲ၊ ရုပ်နဲ့နာမ်ပဲ ရှိတာပဲလို့ သိတာ၊ ဒီကိုယ်ထဲမှာ အာရုံမသိတတ်တဲ့ရုပ်က တစ်မျိုး၊ အာရုံသိတတ်တဲ့နာမ်က တစ်မျိုး၊ ဒါလေးနှစ်ခု ရှိတာပဲ၊ ကိုယ့်ရုပ်နဲ့ အသိစိတ်နဲ့ ဒါလေးနှစ်ခုရှိတယ်၊ ဒီပြင် ဘာမှမရှိဘူးလို့ ဒီလိုသိတယ်၊ အဲဒီလို သိတာလည်း သမ္မာဒိဋ္ဌိပဲ၊ အမှန်အတိုင်းသိတာ၊ ကိုယ်ထဲ ရှိတာလည်း ရုပ်နဲ့နာမ်ပဲ ရှိတယ်၊ ရုပ်နဲ့နာမ်ရှိတယ်လို့ အမှန်အတိုင်း သိတာကို "သမ္မာဒိဋ္ဌိ"လို့ ခေါ်တယ်။

ပြီးတော့ ဒီရုပ်နာမ်ကလေးတွေပဲ မှတ်တိုင်း မှတ်တိုင်း သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီး ပျောက်နေတာကလေးတွေကို တွေ့တယ်၊ ဖြစ်လိုက်ရင်း ပျောက်လိုက်ရင်း၊ ဖြစ်လိုက်ရင်း ပျောက်လိုက်ရင်း မမြဲတဲ့သဘောတွေကို တွေ့နေတယ်၊ မမြဲဘူးလို့ သူသိတယ်၊ ခဏမစဲ ဖြစ်ပျက်နေတာပဲ၊ မမြဲဘူးလို့ မှတ်တိုင်း မှတ်တိုင်း သူသိနေတယ်၊ အဲဒါ သမ္မာဒိဋ္ဌိပဲ၊ အမှန်အတိုင်းသိနေတယ်၊ မြဲနေတာ လည်း ဟုတ်နေတာပဲ၊ ဖြစ်ပျက်နေတာလည်း ဟုတ်နေတာပဲ၊ ဟုတ်တဲ့အတိုင်း မှန်တဲ့အတိုင်းသိလို့ သမ္မာဒိဋ္ဌိပဲ၊ မမြဲဘူးလို့သိတော့ ဆင်းရဲတွေပဲလို့ ထင်လာတယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ အနတ္တတရားတွေပဲလို့ ထင်ပြီး သိလာတယ်၊ အဲဒါလည်းပဲ သမ္မာဒိဋ္ဌိပဲ၊ ဝိပဿနာဉာဏ်ဖြင့် အမြင်မှန်သိနေတာဟာ ဝိပဿနာသမ္မာဒိဋ္ဌိပဲ ဖြစ်တယ်၊ ဒုက္ခသစ္စာကို ပိုင်းခြားပြီးတော့ သိနေတာ၊ ဒါကြောင့်ပေါ့။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဒုက္ခေ၊ ဒုက္ခသစ္စားတရား၌၊ (ဝါ) ဆင်းရဲတရား၌၊ ယံ ခေါ ဉာဏ်-အကြင်အသိဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ အဲဒါ သမ္မာဒိဋ္ဌိပဲ၊ သမုဒယေ-သမုဒယသစ္စာ၌၊ ဒုက္ခနိရောဓေ-ဒုက္ခကုန်ရာ နိရောဓသစ္စာ၌၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ-ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂ သစ္စာ၌၊ ယံ ခေါ ဉာဏ်-အကြင်အသိဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤအသိဉာဏ်ပညာကို။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာအမှန် မြင်ခြင်းဟူ၍၊ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

အဲဒါ မှန်စွာမြင်တဲ့ သမ္မာဒိဋ္ဌိပါပဲ-တဲ့၊ အဲဒီ သမ္မာဒိဋ္ဌိက စပြီး နောက် သမ္မာသင်္ကပ္ပ စသည်လည်း ဟောစရာ ရှိတာပေါ့၊ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးတရားတွေဟာ မဂ္ဂသစ္စာတရားပဲ၊ သမ္မာဒိဋ္ဌိမှာ ခုနပြောတဲ့အတိုင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိက မူလမဂ္ဂင်တရား၊ အဲဒီမူလမဂ္ဂင်တရားက အရင်းခံ

http://www.dhammadownload.com

တည်ပြီး ပွားများလိုက်တဲ့အခါ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ, ဘာဝနာ ကုသိုလ်တွေ, ဝိပဿနာဘာဝနာကုသိုလ်တွေ ဖြစ်လာတယ်။

မြင်တိုင်း၊ ကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရှုမှတ်ပြီး ဒုက္ခသစ္စာကို ပိုင်းခြားသိတယ်၊ သမုဒယသစ္စာကို ပိုင်းခြားသိတယ်၊ နိရောဓ သစ္စာကို တဒင်္ဂအားဖြင့် ပိုင်းခြားသိတယ်၊ မဂ္ဂသစ္စာထဲ လောကီမဂ္ဂသစ္စာတွေ ရှုတိုင်း ရှုတိုင်း မိမိသန္တာန် ပွားများပြီးတော့ သိတယ်၊ အဲဒီလို သိနေတာဟာ ပုဗ္ဗဘာဂမဂ်ပွားနေတယ်လို့ ခေါ်ပါတယ်။

အဲဒီလို ပွားနေရာတ အဖြစ်အပျက်တွေ သိရင်းသိရင်းနဲ့ နောက်ဆုံးတော့ နိဗ္ဗာန်ကို တွေ့ရမှာကိုး၊ သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်သွားတယ်၊ ဖြစ်တာ ပျက်တာလေး ရှုရင်း ရှုရင်းနဲ့ ဖြုတ်ခနဲဆို ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်ရောက် သွားတယ်၊ နိဗ္ဗာန်ကို မျက်မှောက်တွေ့သွားတယ်၊ အဲဒါက နိရောဓသစ္စာကို အရိယမဂ်ဉာဏ်နဲ့ တိုက်ရိုက်အာရုံပြုပြီးတော့ သိသွားပုံပဲ။

အဲဒီလို အစဉ်အတိုင်း မူလမဂ္ဂင်ကနေပြီး ပွားများတော့ ပုဗ္ဗဘာဂမဂ္ဂင်ဖြစ်၊ ပုဗ္ဗဘာဂမဂ္ဂင်ကနေ ပွားများတဲ့အခါ အရိယမဂ္ဂင်ဖြစ်ပြီး နိဗ္ဗာန်ကို ပြေးဝင်သွား ပါတယ်တဲ့၊ ဒါလေးဆိုစမ်းပါအုံး။

၁။ **မူလ ပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်ဖြတ်၊**

၂။ **ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓါတ်၊** (ဆို သုံးခေါက်)

ထမ္မာသက်ပွမဂ္ဂင် စသည်လည်းဖြစ်ခြင်း

အဲဒီအတိုင်း သမ္မာဒိဋ္ဌိမဂ္ဂင်ကစပြီး ပွားများလိုက်ရင် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားများတာနဲ့ သမ္မာသင်္ကပ္ပ ဆိုတာလည်း ပါလာပါတယ်၊ ဒါတွေက နောက်နေ့တွေ ကျမှ ပြောရမယ်၊ သမ္မာဒိဋ္ဌိဖြစ်ရင် သမ္မာဒိဋ္ဌိတစ်ခုတည်း ဖြစ်နေတာမဟုတ်ဘူး၊ သမ္မာသင်္ကပ္ပတွေနဲ့ တွဲလျက်ဖြစ်နေတာ၊ တစ်ခုတည်း ခွဲဖြစ်တယ်လို့လည်း မရှိဘူး၊ သူက အတွဲလိုက် အတွဲလိုက်ဖြစ်နေတာ၊ အဲဒါ သမ္မာဒိဋ္ဌိတစ်ခု နားလည်ပြီးတော့ ထားရင်ကိုပဲ လုံလောက်နေပါပြီ၊ သမ္မာဒိဋ္ဌိက ဒုက္ခသစ္စာကို သိတာ၊ ဒုက္ခသစ္စာ ဘယ်ပုံဘယ်နည်းသိရမလဲ၊ စောစောက သင်ယူပြီးတော့လည်း သိရမယ်၊ ဒုက္ခ သစ္စာ ဆိုတာ ဘယ်လို၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေပဲ၊ "ဖြစ်ပျက်သမျှ၊ သခ်ါရ၊ ဒုက္ခသစ္စာတည်း"လို့ ဒီလို အတိုချုပ်ကလေး သိရင်လည်း ပြီးတာပါပဲ။

http://www.dhammadownload.com

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါးတရားတွေ ရှေးအဖို့ကတော့ ကျက်မှတ်ပြီးတော့ သိရမယ်၊ မေးမြန်းပြီးတော့ သိရမယ်၊ ကြားနာပြီးတော့ သိရမယ်၊ ဆောင်မှတ်ပြီးတော့ သိရမယ်၊ ဒါက သုတမယနယ် ပယ်က သိတာ၊ ကိုယ်တိုင်သိတော့ မဟုတ်သေးဘူး။

နောက်အဖို့ တကယ် တရားအားထုတ်တဲ့ အခါကျတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတရားတွေ မိမိသန္တာန်ဖြစ်တဲ့တရားတွေ ရှုရတာကို သမ္မသန-သုံးသပ်ပြီးတော့ သိရမယ်၊ မျက်စိက မြင်တိုင်း သုံးသပ်ရှုပြီးတော့ သိရမယ်၊ နားက ကြားတိုင်း၊ နှာခေါင်းက နံတိုင်း၊ လျှာက အရသာစားသိတိုင်း၊ ကိုယ်က တွေ့ထိတိုင်း၊ စိတ်ကူး စဉ်းစား ကြံစည်မှုဖြစ်တိုင်း ဒွါရခြောက်ပါးကဖြစ်တဲ့ ဒုက္ခသစ္စာတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း ရှုရမယ်၊ သမုဒယသစ္စာတရား နှစ်သက် သာယာမှုဖြစ်ရင်လည်း သူ့ကို ဖြစ်တိုင်းဖြစ်တိုင်း ရှုရမယ်၊ အဲဒီလို ရှုသောအားဖြင့် သမုဒယသစ္စာကိုလည်း ပယ်တယ်။

ရှုတိုင်းရှုတိုင်း တစ်ခါတည်း တဒင်္ဂနိရောဓလည်းပဲ ဆိုက်ရောက်တယ်၊ လောကီမဂ္ဂသစ္စာဆိုတဲ့ ဝိပဿနာ မဂ္ဂသစ္စာကိုလည်းပဲ ပွားများနေတယ်၊ မှတ်တိုင်း မှတ်တိုင်း တစ်ခါမှတ်ရင် သမ္မာဒိဋ္ဌိတစ်ခါဖြစ်တာပဲ၊ သမ္မာဒိဋ္ဌိ တစ်ခါဖြစ်ရင် သမ္မာသင်္ကပ္ပ အစရှိတဲ့တရားတွေလည်း ပါလာတာပဲ၊ တစ်ခါမှတ်ရင်း မဂ္ဂင်ရှစ်ပါးဖြစ်လာရင်း၊ တစ်ခါမှတ်ရင်း မဂ္ဂင်ရှစ်ပါးဖြစ်လာရင်းပဲ၊ မှတ်တိုင်း မှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရားတွေ ပွားနေတယ်။

အဲဒီလို ပွားများသောအားဖြင့် မဂ္ဂသစ္စာတရားတွေလည်း သိနေတယ်တဲ့၊ အဲဒါ ရှေးအဖို့က သိတာ၊ အဲဒီလိုသိတော့ နောက်ဆုံးကျတော့ အရိယမဂ္ဂသစ္စာ ဖြစ်လာတယ်၊ အရိယမဂ္ဂသစ္စာဖြစ်တဲ့အခါ နိဗ္ဗာန်ကို တစ်ခါတည်းတွေ့သွားတယ်၊ နိဗ္ဗာန်ကို တွေ့သောအားဖြင့် ကျန်တဲ့သစ္စာသုံးပါးလည်း ကိစ္စပြီးသွားပါတယ်၊ အဲဒီလိုသိတာ ဘာတုံးဆိုရင် သမ္မာဒိဋ္ဌိမဂ္ဂင်ပဲ၊ ကနေ့တော့ အချိန်လည်း တော်တော်ကုန်သွားပြီ၊ တော်ကြဦးမှပဲ၊ နောက်သီတင်းကျမှပဲ ဆက်ပြီး ဟောရမယ်။

ဤသမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးတရားတွေကို မိမိတို့သန္တာန်၌ ပွားများအားထုတ်နိုင်ကြ၍ ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်
ဒုတိယပိုင်း

[၁၃၂၃-ခုနှစ်၊ တပို့တွဲလဆန်း ၈-ရက်နေ့၊ ဟောကြားသည်။]

မဂ္ဂင်နဲ့မဂ္ဂ

တစ်နေ့က သတိပဌာန်သုတ်က အရိယသစ္စာပိုင်းမှာ မဂ္ဂသစ္စာအပိုင်းကို ရောက်ပြီးတော့ သွားတယ်၊ မဂ္ဂသစ္စာမှာလည်း မဂ္ဂင် ၈-ပါး တရားထဲက သမ္မာဒိဋ္ဌိမဂ္ဂင်အကြောင်းကို တစ်နေ့က ပြောပြီးသွားပြီ၊ ဒီကနေ့ သမ္မာသင်္ကပ္ပမဂ္ဂင်က စပြီး ဟောရမယ်၊ "မဂ္ဂင်"ဆိုတာ မဂ္ဂရဲ့အစိတ်အပိုင်း၊ မဂ္ဂင် - မဂ္ဂ၊ လောကမှာ မဂ္ဂဆိုရင် လမ်းတွေပဲ၊ ကားတွေ ရထားတွေ သွားနေတဲ့လမ်း၊ လူသွားနေတဲ့လမ်း၊ ဒီလမ်း, ဒီလမ်းတွေဟာ ပါဠိလို "မဂ္ဂ"လို့ ခေါ်တာပေါ့၊ ဒီလမ်းတွေက သူနဲ့ ဆက်သွယ်ထားတဲ့ အရပ်တွေကို ရောက်နိုင်တဲ့လမ်းတွေပဲ၊ ဒီလမ်းတွေက လျှောက်သွားလို့ရှိရင် ဘုရားနဲ့ ဆက်သွယ်နေတဲ့လမ်း လျှောက်သွားရင် ဘုရားရောက်သွားတာပဲ၊ ဈေးနဲ့ ဆက်သွယ်နေတဲ့လမ်း လျှောက်သွားလို့ရှိရင် ဈေးရောက်တယ်၊ မြစ်ဆိပ်ဆက်သွယ်နေတဲ့ လမ်းသွားလို့ရှိရင် မြစ်ဆိပ်ရောက်သွားတယ်၊ ရွာနဲ့ ဆက်သွယ်ထားတဲ့လမ်း လျှောက်သွားရင် ရွာရောက်သွားတယ်၊ တောနဲ့ ဆက်သွယ်ထားတဲ့လမ်း လျှောက်သွားရင် တောရောက်သွားတယ်၊ သူ့ဆိုင်ရာ ဆိုင်ရာ အရပ်ဒေသတွေကို ရောက်သွားတယ်။

အဲဒါလိုပဲ "မဂ္ဂ"ဆိုတာဟာ ဆိုင်ရာဆိုင်ရာ အရပ်ဌာနတွေ ရောက်စေတတ်တဲ့တရားပဲတဲ့၊ "မဂ္ဂ"ဆိုတာ ရောက်စေတတ်တဲ့တရား ရောက်ခြင်းတရားပဲ၊ လမ်းဆိုတာလည်း ရောက်ခြင်းပဲ၊ လိုရာအရပ်သို့ ရောက်ကြောင်းတရားပဲ။

မဂ္ဂ နှစ်မျိုး

အဲဒီ "မဂ္ဂ"က သမ္မာမဂ္ဂလည်း ရှိတယ်၊ မိစ္ဆာမဂ္ဂလည်း ရှိတယ်၊ အဲဒီနှစ်ခုမှာ သမ္မာမဂ္ဂ - ကောင်းတဲ့လမ်း၊ မှန်တဲ့လမ်း၊ မိစ္ဆာမဂ္ဂ - မကောင်းတဲ့လမ်း၊ မှားတဲ့

http://www.dhammadownload.com

လမ်း၊ မိစ္ဆာမဂ္ဂ - မှားတဲ့လမ်း၊ မကောင်းတဲ့လမ်းက အကုသိုလ်တရားတွေပဲ၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ ဆိုတဲ့ အင်္ဂါရှစ်ပါးတရားတွေ၊ သူ့ရဲ့အစိတ်အပိုင်း ရှစ်ခုရှိတယ်၊ အဲဒါတွေက မှားတဲ့လမ်းတွေ, မကောင်းတဲ့လမ်းတွေ၊

လောကမှာလည်း မကောင်းတဲ့လမ်းသွားလို့ရှိရင် မကောင်းရာကို ရောက်သွားတယ်၊ မကောင်းတဲ့နေရာတွေနဲ့ တွေ့မှာပဲ၊ ဥပမာ ရွှံ့ဗွက်တို့ ကျင်းချို့ချိုင့်တို့ ဆက်သွယ်ထားတဲ့လမ်း လျှောက်သွားရင် တော်တော်ကြာတော့ အဲဒီကျင်းတွေ ချို့ချိုင့်တွေထဲ ရွံ့ဗွက်တွေထဲ ရောက်သွားတာပဲ၊ မကောင်းတဲ့နေရာကို ရောက်သွားတယ်၊ အဲဒါလိုပဲ မိစ္ဆာမဂ္ဂတရားတွေ ပွားများသွားလို့ရှိရင် မကောင်းတဲ့ ဌာနတွေ ရောက်သွားတယ်၊ ဘယ်လိုနေရာဌာနတွေ ရောက်သလဲဆိုလို့ရှိရင် အပါယ်လေးပါး ကို ရောက်တယ်တဲ့၊ ငရဲဖြစ်နိုင်တဲ့ငရဲလမ်း၊ တိရစ္ဆာန်ဖြစ်နိုင်တဲ့ တိရစ္ဆာန်လမ်း၊ ပြိတ္တာဖြစ်နိုင်တဲ့ပြိတ္တာလမ်း၊ အသူရကာယ်ဖြစ်နိုင်တဲ့ အသူရကာယ်လမ်းတွေ၊ လူဖြစ်ပြန်လည်း သူဆင်းရဲဖြစ်နိုင်တယ်တဲ့၊ နတ်ဖြစ်ပြန်လည်း နတ်အညံ့စား၊ နတ်ဆင်းရဲတွေ ဖြစ်နိုင်တယ်တဲ့၊ ဒီလမ်းတွေ ရှိတာကိုး၊ အဲဒါက မကောင်းတဲ့လမ်းတွေပဲ၊ အဲဒါ မိစ္ဆာမဂ္ဂ-မှားတဲ့လမ်း၊ မကောင်းတဲ့လမ်းတွေလည်း ရောက်ပြီးတော့ သွားတာပဲ၊

သမ္မာမဂ္ဂ - မှန်တဲ့လမ်း၊ ကောင်းတဲ့လမ်း ဆိုတာကတော့ ကုသိုလ်တရားတွေပါပဲ။ အခု ဒီအရိယမဂ္ဂသစ္စာတရားထဲမှာပါတဲ့ မဂ္ဂဆိုတဲ့ တရားတွေကတော့ ဒါကောင်းတဲ့လမ်းတွေ၊ ဒီမှာ ရည်ရွယ်ချက်နဲ့ ဟောဒါကတော့ နိဗ္ဗာန်ရောက်စေတတ်တဲ့လမ်းပဲ၊ ဒါပေမယ့် နိဗ္ဗာန်မရောက်သေးခင် လူဘဝ နတ်ဘဝ ကောင်းရာဘဝတွေဘက်ကို ရောက်စေတတ်တယ်၊ ကောင်းကျိုးချမ်းသာတွေကိုလည်း ရောက်စေတတ်တယ်၊ အဲဒါဟာ မဂ္ဂတရားတွေပဲတဲ့၊ အဲဒီမဂ္ဂတရားတွေ၏ အစိတ်အပိုင်းကို "မဂ္ဂင်"လို့ ခေါ်တယ်။

မဂ္ဂနဲ့မဂ္ဂင်ဆိုတာဟာလည်းပဲ အတူတူပါပဲ၊ အားလုံးပေါင်းလိုက်လို့ရှိရင် "မဂ္ဂ"ခေါ်တယ်၊ တစ်ခုချင်း၊ တစ်ခုချင်းဆိုရင် "မဂ္ဂင် -အစိတ်အပိုင်း"လို့ ခေါ်တယ်၊ လှည်းနဲ့လှည်း၏အစိတ်အပိုင်းများလို ဘီးတစ်ခုချင်းကြည့်၊ ဝင်ရိုးကြည့်၊ လှည်းသံကြည့် စသဖြင့် သူ့အစိတ်အပိုင်းလေးတွေ တစ်ခုတစ်ခုချင်း ထုတ်ကြည့်လို့ရှိရင် လှည်း၏အစိတ်အပိုင်းပဲ၊ လှည်းမဟုတ်သေးဘူး။ အဲဒါတွေကို သူနေရာ

http://www.dhammadownload.com

နှင့်သူ အဆင်သင့်အောင် တပ်ဆင်ထားလိုက်တဲ့အခါကာလကျတော့ လှည်းကြီး ဖြစ်သွားတာကိုး။ လှည်းအစိတ်အပိုင်းတွေ ပေါင်းလိုက်တဲ့အခါ လှည်းကြီး ဖြစ်သွားတယ်၊ အစိတ်အပိုင်းတွေ တစ်ခုစီထုတ်ကြည့်မယ်ဆိုလို့ရှိရင် ဒါလှည်း မဟုတ်ဘူး။ သူဟာ အစိတ်အပိုင်းပဲ၊ အဲဒါလိုပဲ မဂ္ဂင်ဆိုတာတွေဟာ သူပေါင်းစပ် လိုက်ရင် မဂ္ဂသစ္စာပဲ၊ မဂ်ကို အစိတ်စိတ်ခွဲလို့ရှိရင် မဂ္ဂင်ဖြစ်တာပဲ၊ အဲဒါတော့ မဂ္ဂင်နဲ့မဂ္ဂဆိုတာ အတူတူပါပဲ၊ နိဗ္ဗာန်ရောက်စေတတ်တဲ့ မဂ်တရား၊ နိဗ္ဗာန် ရောက်စေတတ်တဲ့ မဂ္ဂင်တရားတွေ အတူတူပါပဲ၊ အဲဒီမဂ္ဂင်တရားထဲက တစ်နေ့က ရှစ်ပါးရှိတာထဲမှာ သမ္မာဒိဋ္ဌိဆိုတာကို ပြောပြီးသွားပါပြီ။

သမ္မာသင်္ကပ္ပနှင့် မဂ္ဂင်ဆုံးပါး

ယနေ့ သမ္မာသင်္ကပ္ပက စပြီးတော့ ပြောရမယ်၊

ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပော၊ ယော ခေါ ဘိက္ခဝေ နေက္ခမ္မ သင်္ကပ္ပော အဗျာပါဒသင်္ကပ္ပော အဝိဟိံသာသင်္ကပ္ပော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာ သင်္ကပ္ပော။

ဘိက္ခဝေ-တို့၊ သမ္မာသင်္ကပ္ပော-သမ္မာသင်္ကပ္ပသည်၊ (ဝါ) သမ္မာသင်္ကပ္ပော-ကောင်းစွာကြံခြင်းတရားသည်၊ ကတမော စ-အဘယ်ပါနည်း၊ ဘိက္ခဝေ-တို့၊ ယော ခေါ နေက္ခမ္မသင်္ကပ္ပော-အကြင်ကာမမှ ထွက်မြောက်သော ကြံစည်ခြင်းသည်၊ ယော ခေါ အဗျာပါဒသင်္ကပ္ပော၊ အကြင်ဗျာပါဒ ဖျက်ဆီးခြင်းမှ ထွက်မြောက်သော အကြံအစည်သည်၊ ယော အဝိဟိံသာသင်္ကပ္ပော- အကြင်ညှဉ်းဆဲခြင်းမှ ထွက် မြောက်သော အကြံအစည်သည်၊ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-တို့၊ အယံ-ဤအကြံအစည် (၃)မျိုးကို၊ သမ္မာသင်္ကပ္ပော-သမ္မာသင်္ကပ္ပဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

အဲဒါ သမ္မာသင်္ကပ္ပက သုံးပါးရှိပါယ်၊ ကောင်းသော ကြံစည်ခြင်း၊ မှန်ကန် သော ကြံစည်ခြင်း (၃)ပါးရှိတယ်တဲ့။

နေက္ခမ္မသင်္ကပ္ပ

နေက္ခမ္မသင်္ကပ္ပ-မှာ "နေက္ခမ္မ"ဆိုတာ ထွက်မြောက်ခြင်း၊ ဘယ်မှထွက် မြောက်သလဲဆိုရင် ကာမတရားတွေမှ ထွက်မြောက်တယ်တဲ့၊ လိုချင်နှစ်သက်ပြီး တော့နေတဲ့တရားကို "ကာမဂုဏ်လေးသားတွေ"လို့ ခေါ်တယ်၊ ကာမဆိုတာ လိုချင်

http://www.dhammadownload.com

တတ်တဲ့တရားပဲဖြစ်တယ်၊ လိုချင်စရာတွေကိုလဲ "ကာမ"လို့ ခေါ်တယ်၊ လိုချင်စရာ တရားလေးတွေကို လိုချင်တတ်တာဟာ ကာမတရားလို့ ခေါ်တယ်၊ လိုချင်ဆိုတာ ဟာလည်းပဲ အကုန်လုံးနဲ့ဆိုင်တဲ့စကားပေါ့လေ၊ လိုချင်တာထဲမှာ နှစ်သက်တာ၊ သာယာတာ၊ တွယ်တာတာ၊ သဘောကျတာ ဒါတွေ အကုန်လုံး ကာမတွေပါပဲ၊ နှစ်သက်လို့ချင် ခင်မင်တွယ်တာတတ်တဲ့ သဘောတရားကို "ကာမ"လို့ ခေါ်တယ်၊ နှစ်သက်စရာ၊ လိုချင်စရာ၊ တွယ်တာစရာကောင်းတယ်လို့ ထင်ရတဲ့အာရုံဝတ္ထုမျိုး တွေကိုလည်း "ကာမ"လို့ ခေါ်ထာပဲ၊ ဒီကာမဂုဏ်တရားတွေကို လိုလားနှစ်သက် ပြီးတော့ နေတဲ့ဥစ္စာဟာ ကာမတရားပဲ။ အဲဒီကာမဂုဏ်တရားတွေ လိုလား နှစ်သက်ခြင်းမှ ပြောင်းပြန်ဆိုတော့ မလိုလားတဲ့သဘော, ကာမဂုဏ်တရားတွေကို မလိုချင်တဲ့သဘော၊ ကာမဂုဏ် အာရုံဝတ္ထုတွေကို မတွယ်တာတဲ့သဘော၊ မတပ် မက်တဲ့သဘော၊ တပ်မက်ခြင်း, တွယ်တာခြင်း၏ ဆန့်ကျင်ဘက်ဖြစ်တဲ့သဘော တွေဟာ နေကွမ္မပဲတဲ့၊ ကာမဂုဏ်ကာမတရားတွေမှ ထွက်မြောက်တဲ့ သဘော တရားပဲတဲ့။ အဲဒီထွက်မြောက်တဲ့ သဘောတရားကလည်း အများကြီးရှိပါတယ်၊

ဒီနေရာမှာတော့ကို ကြုံစည်မှုပဲတဲ့၊ အဲဒီတော့ ထွက်မြောက်တဲ့အနေ အားဖြင့်, ကာမအာရုံဝတ္ထုကို မလိုချင်တဲ့အနေအားဖြင့်, ကာမအာရုံဝတ္ထုတွေကို စွန့်ပစ်လိုတဲ့အနေအားဖြင့်, ကာမအာရုံဝတ္ထုတွေမှ ကင်းဝေးစေလိုတဲ့ အနေ အားဖြင့် စိတ်ကူးစဉ်းစားကြံစည်မှုတွေဟာ နေကွမ္မသက်ပွပဲတဲ့။

အဲဒီနေကွမ္မသက်ပွကလည်း တစ်နေ့က ပြောခဲ့တဲ့အတိုင်း "မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်" ဆိုတဲ့အတိုင်း သူကလည်းပဲ သုံးမျိုးရှိပါတယ်၊ ကျမ်းဂန် တွေမှာတော့ ပုဗ္ဗဘာဂနဲ့ အရိယမဂ် နှစ်ခုပဲ ခွဲထားတယ်၊ အခုတော့ ဘုန်းကြီးများ ရှင်းအောင်လို့ သုံးခုခွဲထားတယ်၊ မူလအခြေခံကလေးကလဲ သူက တစ်မျိုးပဲ၊ အရိယမဂ်နဲ့ သူက ဝေးသေးတယ်၊ ပုဗ္ဗဘာဂဆိုတာကတော့ အရိယမဂ်ရှေ့ပိုင်း လေးပဲ၊ အရိယမဂ်နဲ့ နီးလာတယ်၊ ဝိပဿနာနယ်ထဲက ဝိပဿနာနယ် မရောက် ခင်အတွင်းဟာတွေကတော့ သူက အခြေခံလောက်ပဲ ရှိသေးတယ်၊ အရိယမဂ်နဲ့ တော်တော်ဝေးပါသေးတယ်၊ ဒါကြောင့် သူ့ကို "မူလမဂ္ဂင်"လို့ ခေါ်တယ်၊ မူလ မဂ္ဂင်က တစ်နေ့က ပြောခဲ့တယ်၊ "သမ္မာဒိဋ္ဌိ"ဆိုရင် ကဲ, ကဲ၏အကျိုးကို ယုံကြည်ပြီး သိတဲ့ သမ္မာဒိဋ္ဌိ၊ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ"ဆိုတာ မူလမဂ္ဂင်မျိုးပဲ၊ အရိယမဂ္ဂင် မျိုးလိုတော့ အဆင့်အတန်း မမြင့်သေးဘူး၊ အရိယမဂ်နဲ့လည်း မနီးသေးဘူး။

http://www.dhammadownload.com

"ဒုက္ခ ဉာဏ်၊ ဒုက္ခသမုဒယေ ဉာဏ်"ဆိုတဲ့ဉာဏ်ထဲမှာ ထည့်ကြည့်ရင် "ဒုက္ခသမုဒယေ ဉာဏ်"ထဲမှာ ပါဝင်တော့ ပါဝင်သပေါ့လေ၊ ပါဝင်ပေမယ်လို့ ဒုက္ခဖြစ်ကြောင်းအနေအားဖြင့် သူက ထင်တာမဟုတ်ဘူး၊ ဒါကြောင့် ဒါက အခြေခံလောက်ပဲ ရှိပါသေးတယ်၊ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိကို အကြောင်းရင်းခံပြီးတော့ ဒါန သီလ အစရှိသော ကုသိုလ်ကောင်းမှုတွေ ပြုလုပ်နေတယ်၊ ပြုလုပ်တိုင်း ပြုလုပ်တိုင်း ကံ, ကံ၏အကျိုးကို ယုံကြည်မှုသိမှုတွေ ဒီထဲမှာ ပါဝင်နေတယ်၊ အဲဒါဟာ အခြေခံမူလမဂ္ဂင်တွေပဲတဲ့၊ ဒါကတော့ ပုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေဆိုရင် အကုန်လုံး ပွားများနေတာပါပဲ၊ နေ့ရော ညရော အဆင်သင့်တိုင်း အဆင်သင့်တိုင်း ဒါတွေ ပွားနေတယ်။

နောက် ဝိပဿနာရှုတဲ့အခါကျတော့ ရုပ်တရား နာမ်တရားတွေ အဖြစ်အပျက်တွေကို သိတယ်၊ ဒါက ပုဗ္ဗဘာဂမဂ္ဂင်ပဲ၊ အရိယမဂ်နဲ့ နီးလာပြီ၊ အနီစွ, ဒုက္ခ, အနတ္တတွေ သိတယ်၊ အဲဒီက သိရင်း, သိရင်းနဲ့ နောက်ဆုံးကျ အရိယမဂ်ဖြစ်လာရော၊ ဒီအရိယမဂ်ဖြစ်ပြီး နိဗ္ဗာန်သိတဲ့အခါကျတော့ အရိယမဂ္ဂင်ဖြစ်လာတာကို၊ အဲဒါကြောင့် -

* **"မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်၊**
ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်" လို့ဆိုခဲ့တယ်။

အခု ဒီမှာလည်း ဒီလိုပဲ သုံးမျိုးရှိတာပဲ၊ ကာမကိလေသာတွေမှ ထွက်မြောက်ဖို့ရာ ကြံစည်စိတ်ကူးမှု အခြေခံရှိတယ်၊ ကာမအာရုံတွေကို မလိုချင်ဘူး၊ ကာမအာရုံတွေကို မတွယ်တာဘူး၊ ကာမအာရုံတွေကို စွန့်ပစ်လိုတယ် ဆိုတဲ့သဘော၊ အဲဒါ ဘယ်ကနေပြီးဖြစ်လာသလဲဆိုရင် ကုသိုလ်ကောင်းမှု ပြုဖို့ရာကြံစည်ကတည်းက ဖြစ်လာတယ်။

ဥပမာဆိုပါတော့ တရားနာသွားမယ်လို့ကြံရင် နေကွမ္မသက်ပွ ပါတယ်၊ တရားနာမသွားဘဲနဲ့ ဒီအတွင်းမှာ ကာမအာရုံတွေကို ကြံစည်စိတ်ကူးနေလို့ရှိရင် သူနေနိုင်တာပဲ၊ ကိုယ်ဟာကိုယ် အိမ်မှာ ထိုင်ပြီးတော့ဖြစ်စေ၊ အိပ်ပြီးတော့ဖြစ်စေ၊ ကာမအာရုံတွေ မရသေးတာတွေ ရအောင်၊ ရပြီးသားတွေလည်း မပျောက်ပျက်ရအောင်၊ တိုးတက်အောင်၊ ဟိုလူနဲ့တွေ့ရအောင်၊ ဒီလူနဲ့တွေ့ရအောင်၊ ဟိုအလုပ်လုပ်ရအောင်၊ ဒီအလုပ်လုပ်ရအောင်၊ ကြီးပွားအောင်၊ ချမ်းသာအောင် သူစဉ်းစား

http://www.dhammadownload.com

နေမယ်ဆိုရင်လည်း အချိန်တွေ အများကြီးရတယ်၊ အဲဒီအချိန်တွေ အများကြီးကို စွန့်လွှတ်ပြီးတော့ ငါ ကနေ့ တရားနာသွားဦးမှပဲလို့ ကြံစည်တာ၊ ကာမကိလေသာတွေ စွန့်လွှတ်တာ၊ ထွက်မြောက်လာတာလည်း မလွယ်ဘူး၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မလာနိုင်ဘူး၊ အခု ဒီမှာကြည့်ပါဦးတော့၊ တရားနာနိုင်တဲ့ပုဂ္ဂိုလ် နည်းနည်းပဲ ရှိတယ်၊ မလာနိုင်ဘူး၊ လာနိုင်တဲ့ပုဂ္ဂိုလ်က နည်းတယ်၊ ကာမကိလေသာက ထွက်မြောက်ဖို့ရာ အကြံအစည်ကလေးကိုက မကြံစည်နိုင်ဘူး၊ ဒါက တရားနာရုံ ရှိသေးတာကို။

နောက် တရားနာကြားပြီးတော့ ကုသိုလ်ကောင်းမှုဆိုတာ ပြုမှုပဲ။ ဒါမှ ကုသိုလ်ကောင်းမှုအကျိုးတွေကို ရမယ်၊ ကုသိုလ်ကောင်းမှုနဲ့ မပြည့်စုံလို့ရှိရင် သံသရာမှာ ဆင်းရဲဒုက္ခရောက်သွားနိုင်မယ်တဲ့၊ နောက် အကြောင်းမညီညွတ်လို့ ရှိရင် အပါယ်လေးပါးလဲ ကျသွားနိုင်တယ်၊ အပါယ်လေးပါးမကျနဲ့ဦး၊ လူပြည် ရောက်နေဦးတော့ လူဆင်းရဲ မချမ်းသာတဲ့ဘဝ၊ လူဆင်းရဲဘဝ ရောက်ပြီးတော့ သွားနိုင်တယ်၊ ဒီတော့ ကုသိုလ်ကောင်းမှုတွေ ပြုမှုပဲလို့ ကြံစည်ပြန်တယ်၊ အဲဒီကြံစည်တာလည်း နေကွမ္မသက်ပွပဲ၊ ဒါလဲ ကာမဂုဏ်က ထွက်မြောက်တယ်၊ ဘယ်လိုထွက်မြောက်တုံး၊ အဲဒီကုသိုလ်ကောင်းမှုမပြုဘဲနဲ့ အဲဒီအချိန်လေးတွင်မှာ ကာမဂုဏ်တွေနောက် လိုက်နေမယ်ဆိုရင် လိုက်နိုင်တယ်၊ အဲဒါတွေကို စွန့်လွှတ်လိုတဲ့သဘောဖြစ်ပါတယ်၊ ကာမဂုဏ်တွေ နောက်ကိုမလိုက်သေးဘူး၊ ဒီအချိန်ပိုင်းတွေမှာဖြင့်ရင် ကုသိုလ်ဖြစ်အောင် ပွားဦးမယ်လို့ ဒီလိုနှလုံးသွင်းတာတွေလည်း နေကွမ္မသက်ပွပဲ။

နောက် ဘုရားရှိခိုးတာတွေ ရှိတယ်၊ စာပေကျမ်းဂန်တွေ ရွတ်ဖတ်သရဇ္ဈာယ်နေတာ ရှိတယ်၊ ဒီအချိန်ကာလတွေလည်း ကာမဂုဏ်အာရုံနဲ့ စဉ်းစားပြီးတော့ တကယ်သုံးဆောင် ခံစားနေတာတွေတော့ ရှိပါတယ်၊ တကယ်သုံးဆောင် မခံစားနဲ့ဦးတော့ စိတ်ကူးထဲမှာ စိတ်ကူးစဉ်းစားပြီး အာရုံပြုနေတာလည်း ခံစားနေတာပဲ။ စိတ်ကူးစဉ်းစားပြီး အဲဒါတွေ ဖြစ်နိုင်တာတွေပဲ၊ အဲဒီလို ကာမဂုဏ်အာရုံတွေကို မစဉ်းစားဘဲ, မသုံးဆောင်ဘဲ, မခံစားဘဲနဲ့ ဒီအချိန်ခါ ကာလအတွင်းမှာ ဘုရားရှိခိုးတယ်၊ ဘုရားဝတ်တက်တယ်၊ စာပေကျမ်းဂန်တွေ ရွတ်ဖတ်သရဇ္ဈာယ်နေတယ်၊ အဲဒီလိုအချိန်ခါမှာ ကြံစည်မှုတွေက နေကွမ္မသက်ပွတွေပဲ၊ ဒါတွေကတော့ ကြံစည်ရုံတင်တောင်မကဘူး၊ တကယ်အလုပ်လုပ်တာ

http://www.dhammadownload.com

လည်း ပါဝင်လာတယ်၊ နောက်ပြီးတော့ ဒါနကုသိုလ်တွေ ပြုပြုနိုင်တယ်၊ ဒါန ကုသိုလ်တွေ ပြုတယ်ဆိုတော့ ကာမဂုဏ်အာရုံဝတ္ထုတွေပဲ မိမိလှူဒါန်းရတယ် ဆိုတဲ့ဟာတွေဟာ ကိုယ်သုံးဖို့ ခွဲဖို့ရာကို သိမ်းဆည်းရှာဖွေထားရတာတွေဟာ အင်မတန် ပင်ပင်ပန်းပန်း ရှာဖွေထားရတာတွေ၊ အဲဒါတွေကို မသိမ်းပိုက်ဘဲနဲ့ စွန့်လွှတ်လှူဒါန်းတာ၊ အဲဒီကာမဂုဏ်အာရုံတွေ တွယ်တာနေတဲ့ ကိလေသာကို ဖယ်ခွာစွန့်လွှတ်တာပဲ၊ ဒါကြောင့် အဲဒီလို စွန့်ကြဲပေးကမ်းလှူဒါန်းနေတဲ့အခါ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ လှူဒါန်းနေတာဟာ နေကွမ္မသက်ပွ ပါနေတာပဲ၊ ကာမဂုဏ်အာရုံက ထွက်မြောက်တဲ့ ဒီအကြံအစည်တွေ ပါတယ်၊ မကြံစည်လို့ရှိရင် ဒီအကြံအစည်လေး မပါလို့ရှိရင် ဒီလှူမှုကို မဖြစ်နိုင်ဘူး၊ ကိုယ် ပိုင်တဲ့ ဝတ္ထုပစ္စည်း ကာမဂုဏ်အာရုံဝတ္ထုပစ္စည်းတွေ စွန့်လွှတ်မှုကို မဖြစ်ကို မဖြစ်နိုင်ဘူး။

သီလဆောက်တည်ပြန်တယ်၊ ထို့အတူပဲ၊ သီလမဆောက်တည်ဘဲနဲ့ ကာမ ဂုဏ်အာရုံတွေ နောက်ကို လိုက်စားနေမယ်ဆိုရင် ဖြစ်တော့ဖြစ်တာပေါ့၊ သူက အထူးအားဖြင့်ဆိုရင် ဟော. . ရှစ်ပါးသီလပိုပြီးတော့ ထင်ရှားတယ်၊ ငါးပါးသီလ လည်း ထင်ရှားသလောက်တော့ ထင်ရှားတာပါပဲ၊ ငါးပါးသီလလည်း ပါဏာ တိပါတာ၊ အဒိန္နာဒါန-တို့ဆိုတာကတော့ ကြမ်းတမ်းလို့ ထားပါဦးတော့ ကာမေသု မိစ္ဆာစာရတွေ ဒီလိုကာမဂုဏ်အာရုံတွေနောက် လိုက်စားတာတွေပဲ၊ မုသာဝါဒ ကလဲ ဒီလိုရှိတာပဲ၊ ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီးတော့ လိုချင်တဲ့စိတ်တွေရှိတာပဲ၊ သုရာမေရယ ဆိုတာလည်း ကာမဂုဏ်အာရုံတွေပဲ၊ အဲဒါတွေကို စွန့်လွှတ်ပြီးတော့ သီလအကျင့် ကျင့်ရတာကိုး၊ ရှစ်ပါးသီလဆောက်တည်တဲ့အခါကျတော့ အဗြဟ္မ စရိယသိက္ခာပုဒ်၊ ဝိကာလဘောဇနသိက္ခာပုဒ်၊ နစ္စဂီတဝါဒိတသိက္ခာပုဒ်၊ ဥစ္စာ သယနမဟာသယနသိက္ခာပုဒ်တွေဟာ ကာမဂုဏ်ခံစားမှုတွေ အကုန်လုံးစွန့်လွှတ် ပြီးတော့ သီလဆောက်တည်ရတယ်၊ အဲဒီမှာလည်း ကာမဂုဏ်တွေ စွန့်လွှတ်လိုတဲ့ စိတ်ကူးကြံစည်မှုတွေ ပါနေတာပဲ။ သီလဆောက်တည်တိုင်း ဆောက်တည်တိုင်း သူဟာ ပါနေတယ်၊ ဒါ နေကွမ္မသက်ပွတွေပဲ၊ ဒါကာမဂုဏ်မှ ထွက်မြောက်တယ်။

သေသေချာချာ စဉ်းစားကြည့်ရင် ကိုယ်ကျင့်နေတဲ့ဟာတွေ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ ဒါ အင်မတန်ဖြစ်ခဲတဲ့တရားတွေ၊ ဒီမဂ္ဂင်တရားတွေ ဖြစ်နေတယ်၊ မဂ္ဂင်တရားတွေ ပါမှန်းရယ်လို့ တချို့ကတော့ မသိဘူးပေါ့၊ ဒီမှာ

http://www.dhammadownload.com

ဒီလို ကျင့်ရမယ်ဆိုလို့, ကုသိုလ်ရမယ်ဆိုလို့ ကျင့်နေကြတာပဲ၊ ဒါတွေဟာ ခွဲခြမ်းပြီးတော့လည်း တယ်မသိဘူး၊ အဲဒါလေး စဉ်းစားကြည့်ရင် သူက မဂ္ဂင်တရားတွေထဲမှာ ပါနေတယ်၊ နေကွမ္မသက်ပွတွေ ဖြစ်နေတယ်၊ သီလဆောက်တည်တိုင်းဖြစ်နေတယ်၊ အဲဒါ သာမန်ကုသိုလ်ကောင်းမှုကို ပြုတိုင်းပြုတိုင်း ကာမဂုဏ်အာရုံတွေကို စွန့်လွှတ်လို့၊ (သို့မဟုတ်) ရမယ့်အာရုံတွေကို စွန့်လွှတ်လို့၊ (သို့မဟုတ်) စိတ်ကူးစဉ်းစားကြံစည်ပြီးတော့ ခံစားနေတဲ့အာရုံတွေကို စွန့်လွှတ်လို့ အဲဒီလို စွန့်လွှတ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ ဆိုတာ ပွားရတယ်၊ နှလုံးသွင်းရတယ်၊ ကြံစည်ရတယ်၊ အားထုတ်ရတယ်၊ ဒါကြောင့် အဲဒီလို ကုသိုလ်ကောင်းမှုကို ပွားတိုင်း ပွားတိုင်း ဘာကုသိုလ်ဖြစ်ဖြစ် ကုသိုလ်ကောင်းမှုကို လုပ်တိုင်းလုပ်တိုင်း နေကွမ္မသက်ပွတွေ ဒီထဲမှာ အလိုလိုပါဝင်နေတယ်၊ ဒါဟာ သမ္မာသက်ပွ မဂ္ဂင်ပဲတဲ့၊ ဒါ ဘာမဂ္ဂင်တုံး ဆိုရင် "မူလမဂ္ဂင်"လို့ ခေါ်တယ်။

ပုဗ္ဗဘာဂမဂ္ဂင် - အရိယမဂ်နားရောက်နေတယ်ဆိုတဲ့ မဂ္ဂင်ဟာ ဝိပဿနာဉာဏ်နဲ့ ယှဉ်တွဲပြီးတော့ ဖြစ်လာတဲ့ နေကွမ္မသက်ပွတဲ့၊ သူကတော့ကို ကာမဂုဏ်က ထွက်မယ်၊ စွန့်လွှတ်မယ်၊ ဒီလိုတော့ စွန့်လွှတ်မှာ မဟုတ်ပါဘူး၊ ဒီကာမဂုဏ်အာရုံတွေကို သုံးဆောင်ခံစားခြင်း သာယာနှစ်သက်ခြင်းရဲ့ ပြောင်းပြန်ဆန့်ကျင်တဲ့အနေအားဖြင့် သူက ဒီလိုဖြစ်တာ၊ ဒါကြောင့် သူ့ကို သမ္မောဟဝိနောဒနီအဋ္ဌကထာက ဖွင့်ထားတယ်၊ မှတ်သားစရာကောင်းတယ်။

ထတ္ထ ယောဂါဝစရော ကာမဂိတတ္ထဿ ပဒဿာတနတ္ထံ ကာမဝိတတ္ထံ ဝါ သမ္မသတိ၊ အည် ဝါ ပန ကိဉ္စိ သခိါရံ၊ အထဿ ဝိပဿနာကွဏော ဝိပဿနာသမ္မယုတ္တော သက်ပွေါ တဒဝံဝသေန ကာမဝိတတ္ထဿ ပဒဿာတံ ပဒဿေဒံ တရောန္တော ဥပ္ပဇ္ဇတိ၊ ဝိပဿနံ ဥဿုက္ကာပေတွာ မဂ္ဂံ ပါပေတိ။
(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၁၀)

တတ္ထ-ထို (၃)ပါးသောသက်ပွတို့တွင်၊ ယောဂါဝစရော-ယောဂီပုဂ္ဂိုလ်သည်၊ ကာမဝိတက္ကဿ-ကာမဝိတက်၏၊ ပဒဿာတနတ္ထံ-အမြိန်အရင်းကို ပယ်သတ်ခြင်းငှာ၊ ကာမဝိတက္ကံ ဝါ-ကာမဝိတက်ကိုလည်း၊ သမ္မသတိ-သုံးသပ်၏၊ အည် - တစ်ပါးသော၊ ကိဉ္စိ-တစ်စုံတစ်ခုသော၊ သခိါရံ ဝါ ပန-သခိါရတရားကိုလည်း၊ သမ္မသတိ-သုံးသပ်၏၊ အထ-ထိုသုံးသပ်ရာ၌၊ အဿ-ထိုယောဂီအား၊ ဝိပဿနာကွဏော-ဝိပဿနာခဏ၌၊ ဝိပဿနာသမ္မယုတ္တော-ဝိပဿနာတရားနှင့်ယှဉ်သော၊

http://www.dhammadownload.com

သက်ပွေါ-အကြံအစည်သည်၊ တဒင်္ဂဝသေန-တဒင်္ဂပဟာန်၏အစွမ်းအားဖြင့်၊ ကာမဝိတက္ကသ-ကာမဝိတက်ကို၊ ပဒယာတံ ပဒဋ္ဌေဒံ-အမြစ်အရင်းပယ်ဖြတ်ခြင်းကို၊ ကရောန္တော-ပြုလျက်၊ ဥပဓ္ဓတိ-ဖြစ်၏၊ ဝိပဿနံ-ဝိပဿနာကို၊ ဥသုက္ကာပေတွာ-တစ်ဆင့်တစ်ဆင့်အားထုတ်၍၊ မဂ္ဂံ-မဂ်တရားသို့၊ ပါပေတိ-ရောက်စေ၏။

ဝိပဿနာရှုတဲ့အခါကာလမှာ ဝိပဿနာရှုတိုင်းရှုတိုင်း နေကွမ္မသက်ပ ဖြစ်တယ်၊ ရှုရတဲ့ အာရုံလေးဆီကို စိတ်ဦးတန်းပြီးတော့သွားတဲ့ သဘောဟာ နေကွမ္မသက်ပပဲ၊ သူကတော့ တမင်တကာတွေးကြံနေရတာကတော့ မဟုတ်ဘူး၊ ဒါနပြုတဲ့အခါကာလမှာလည်း လှူတာပဲ၊ ဒီမှာ တွေးကြံစဉ်းစားနေရတာ မဟုတ်တော့ဘူး၊ သီလဆောက်တည်တဲ့အခါကာလမှာလည်းပဲ ဒီသီလအကျင့်တွေကို ကျင့်ရတာပဲ၊ တမင်တကာ တွေးကြံနေရတာမဟုတ်ဘူး၊ ဒါပေမယ့် အဲဒီမှာ သက်ပ တွေပါနေတယ်။

အခု ဒီမှာလည်း ဒီလိုပါပဲ၊ ဝိပဿနာရှုတိုင်းရှုတိုင်းဟာ ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့ သက်ပလေး ပါတယ်တဲ့၊ မှတ်တိုင်း မှတ်တိုင်း ရှုပ်တရား နာမ်တရားလေး တွေကို ပိုင်းခြားပြီးတော့သိတဲ့ သမ္မာဒိဋ္ဌိဝိပဿနာဉာဏ်လေးပေါ့။ သူနဲ့တွဲပြီးတော့ သမ္မာသက်ပ လေးပါတယ်၊ ဖောင်းတယ်လို့ မှတ်လိုက်ရင်း ဖောင်းတဲ့ခဏမှာ ဖောင်းတက်လာတဲ့ ရုပ်ကလေး ဖြစ်ပေါ်လာတာကို သိတယ်၊ ပိန်တယ်လို့ မှတ်တဲ့ အခါ ပိန်ကျသွားတဲ့ရုပ်ကလေး ဖြစ်ပေါ်လာတာကို သိတယ်၊ ဒီလိုမရှုဘဲ နေလို့ ရှိရင်တော့ ပကတိအတိုင်း ကိုယ်အကောင်အထည်ကြီးလိုက် ဒီလိုသိနေတာပဲ၊ ဒါကိုပဲ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်နေတာပဲ၊ အသက်ရှင်တဲ့အကောင်ပဲလို့ ထင်နေတာ၊ နှလုံးသွင်းတဲ့စိတ်ကလည်း နှလုံးသွင်းတိုင်း၊ စဉ်းစားတိုင်း၊ စဉ်းစားတိုင်း အသက်ရှင်နေတဲ့ အကောင်ပဲလို့ ဒီလိုထင်နေတယ်။

အခု ရှုလိုက်တဲ့အခါကျတော့ သမာဓိဉာဏ်တော်တော်အားကောင်းလာရင် ထင်ရှားလာတယ်၊ အားမကောင်းသေးဘူးဆိုရင်တော့ မထင်ရှားသေးဘူး၊ ရှုတိုင်း ရှုတိုင်းဟာ ဖောင်းတယ် ဆိုရင် ဖောင်းတဲ့ရုပ်ကလေးက တခြားပဲ၊ ဖောင်း တယ်လို့ သိလိုက်တဲ့ စိတ်နာမ်ကလေးက တခြားပဲ၊ ပိန်တယ်ဆိုရင် ပိန်တဲ့ရုပ်ကလေးက တခြားပဲ၊ ပိန်တယ်လို့ သိလိုက်တဲ့ စိတ်နာမ်ကလေးက တခြားပဲ၊ နောက် အားကောင်းလာတဲ့အခါကျတော့ မှတ်တိုင်း မှတ်တိုင်းဟာ သူ့အပိုင်းလေးနဲ့သူ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင် အဲဒါ ဖောင်း

http://www.dhammadownload.com

တာလေးလည်း ဖြစ်ပြီး ပျောက်သွား၊ မှတ်သိတာလေးလည်း ဖြစ်ပြီး ပျောက်သွား၊ ပိန်တာလေးလည်း ပေါ်ပြီး ပျောက်သွား၊ မှတ်သိတာလေးလည်း မှတ်ပြီး ပျောက်သွား၊ မမြဲတဲ့တရားပဲလို့ ရှုရင်း ရှုရင်း ဒီဟာ သိလာတယ်၊ အဲဒီလိုသိတာတွေဟာ ဝိပဿနာသမ္မာဒိဋ္ဌိတွေပဲ။

အဲဒီ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့တွဲပြီးတော့ နေကွမ္မသက်ပွပါတယ်တဲ့၊ ကာမဂုဏ်မှ ထွက်မြောက်တတ်တဲ့ ကောင်းသော အကြံအစည်လေးပါတယ်၊ ဒါ တမင်တကာ တွေးကြံနေတာတော့ မဟုတ်ဘူး၊ သိတဲ့စိတ်ကလေး အာရုံဆီကို ဦးတန်းပြီးတော့ တက်သွားတဲ့သဘောပဲ၊ "သက်ပွ"ဆိုတာ အာရုံမဏာဘိနိရောပနလက္ခဏာ ရှိတယ်တဲ့၊ အာရုံဆီသို့ သမ္မယုတ်တရားတွေကို တင်ပေးခြင်း၊ ရှုတိုင်း ရှုတိုင်းဟာ စိတ်တွင်မကဘဲနဲ့ စိတ်နဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တွေ အများကြီးပါတယ်၊ သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်နာမ်တရားတွေ အများကြီးပါတယ်၊ အဲဒီသမ္မယုတ်တရားတွေကို အာရုံပေါ်ဆီကို တွဲတင်ပေးတာပဲ။ လာကြကွ လုပ်ကွ ကြည့်ကွ ဒီဥစ္စာက ရုပ်တရားပဲ၊ ရုပ်က အာရုံမပြုတတ်ဘူး၊ ဖောင်းတက်လာတာ, ပိန်ကျသွားတာဟာ သူလည်း ဘာမှမသိတတ်ဘူး၊ ရှုတဲ့မှတ်တဲ့စိတ်ကလေးကတော့ မှတ်ရာအာရုံဆီကို ပြေးပြေးသွားတဲ့, တရားအာရုံဆီကို ညွှတ်တတ်တဲ့ တရားပဲ။

ပြီးတော့ ဒါလေးတွေကလည်း မြဲတည်နေတာ မဟုတ်ဘူး၊ သူက အခုပဲ ဖြစ်လာတယ်၊ အလျင်က မရှိသေးဘူး၊ အခုမှ ဖြစ်လာတယ်၊ အသစ်ပဲဖြစ်သေးတယ်၊ အခု ဖြစ်ပြီးတော့ အခုပဲ ပျောက်သွားပြန်ပြီ၊ မမြဲတဲ့တရားပဲ၊ ဖောင်းတာလည်း ဖြစ်ပြီး ပျောက်သွားတာပဲ၊ မမြဲဘူး၊ ပိန်တာလည်း ဖြစ်ပြီး ပျောက်သွားတာပဲ၊ မမြဲဘူး၊ မှတ်တာလည်း ဖြစ်ပြီး ပျောက်သွားတာပဲ၊ မမြဲဘူး၊ မြင်တာ၊ ကြားတာတွေရော အကုန်လုံး အတူတူပေါ့လေ၊ ကြွတာ လှမ်းတာ ချတာတွေ၊ စိတ်ကူးစဉ်းစားကြံစည်တာတွေ၊ နာကျင်တာ ကိုက်ခဲတာတွေ အကုန်လုံးပဲ မှတ်စရာအာရုံတွေ၊ မှတ်သိတဲ့စိတ်တွေ သူအခိုက်အတန့်နဲ့သူ ဖြစ်ပြီးတော့ ပျောက်သွားလို့ မမြဲတဲ့တရားတွေကြီးပဲလို့ ဆိုတာ သူကဖော်ပြီးတော့ ပြနေသလိုပဲ။

ဒီမှာ ရှေးဦးတန်းသွားတဲ့စိတ်ကလေးက မှတ်တိုင်းမှတ်တိုင်း ဖောင်းတဲ့ အာရုံဆီ ဦးတန်းတက်သွားလိုက်တယ်၊ ပိန်တဲ့အာရုံဆီ ဦးတန်းတက်သွားလိုက်

http://www.dhammadownload.com

တယ်၊ မြင်ရကြားရတဲ့ဆီ ဦးတန်းတက်သွားလိုက်တယ်၊ ကြွတာ လှမ်းတာ ချတာ တွေဆီ ဦးတန်းတက်သွားတယ်၊ ကွေးတာ ဆန့်တာတွေ စိတ်ကူးစဉ်းစား ကြံစည်တာတွေဆီ ဦးတန်းပြီးတော့ တက်သွားတယ်၊ အဲဒီလို တက်သွားတိုင်းသွားတိုင်း သူဟာ သမ္မာသက်ပွတွေပဲတဲ့၊ သမ္မယုတ်တရားတွေဆီ ဆွဲပြီးတော့ တင်တာ၊ မင်းတို့လည်း လာကြစုံးကွလို့ ခေါ်ပြီးတော့ ပြနေသလိုပဲ။

ဥပမာအားဖြင့် တိုက်ကြီးတစ်ခုထဲကနေပြီးတော့ လူတစ်စုထိုင်နေတယ်၊ တစ်ယောက်က ပြူတင်းပေါက်ကနေပြီးတော့ ကြည့်နေတယ်၊ လမ်းကလူတွေ သွားတာ လာတာ ကြည့်နေတယ်၊ ဗီပြင်လူတွေက ထိုင်နေတယ်၊ အပြောကောင်းနဲ့ ဟိုကပြူတင်းပေါက်ကနေပြီးတော့ ပြောနေတယ်၊ ဟေ့ ဟိုကဘယ်သူ ဘယ်သူတွေ လာနေတယ်ဟေ့၊ ဘာလုပ်နေတယ်၊ ဟိုမှာဟာ ဘသူ ဘသူ ဘယ်က ဘယ်သွားနေတယ်၊ ဘာတွေပြောနေတယ်လို့ ထိုင်နေတဲ့လူတွေကတော့ ဘယ်မြင်မလဲ သူကနေပြီး ပြောတာနဲ့ ထိုင်နေတဲ့ လူတွေက သူပြောတာကို စဉ်းစားရတယ်၊ သူပြောတာတွေ လိုက်ပြီး စဉ်းစားတော့ သူပြောတဲ့အာရုံဆီ စိတ်ရောက်တယ်။

အထူးအားဖြင့်ဆိုရင် အခုနေသိပ်ထင်ရှားပါတယ်၊ ဥပမာ ရေဒီယိုက နေပြီးတော့ အသံလာနေတယ်၊ ရေဒီယိုကနေပြီးတော့ တစ်ခါတစ်ခါ သူတို့ တိုက်ရိုက်ရှိတဲ့ အစည်းအဝေးကြီး ဘာကြီးတွေ တစ်ခုခုကနေပြီး လုပ်ငန်းဆောင်တာတွေ သူတို့ဘယ်သူဘယ်သူလာတယ်၊ ဘယ်သူက ဘယ်နေရာမှာ ထိုင်ပြန်ပါပြီ၊ ဘယ်သူ က ဘာပြောတယ်၊ ပြောမယ်လို့ ပြင်ဆင်နေပါတယ်၊ စသည်ဖြင့်ပေါ့လေ၊ သူပြောတယ်၊ သူပြောတဲ့အတိုင်း ဟိုကနားထောင်တဲ့သူတွေက စိတ်ထဲမှာ ထင်သွားရတယ်၊ ထိုင်နေပုံတွေ လာနေပုံတွေ ပြောနေပုံတွေ စိတ်ထဲ ထင်ရတယ်၊ ဒါဟာ လူတစ်ရာ နားထောင်ရင် လူတစ်ရာအကုန် သူပြောတဲ့အာရုံကို စိတ်က ရောက်ရတယ်၊ လူတစ်ထောင် နားထောင်ရင် လူတစ်ထောင်လုံးစိတ်က ရောက်ရတယ်၊ မြင်လည်း မြင်ရတာ မဟုတ်ဘူး။

အဲဒါလိုပဲ အခု ဝိတက်ဆိုတဲ့ သမ္မာသက်ပွဆိုတဲ့ တရားကနေပြီးတော့ သူက ဖောင်းရာဆီကို တက်သွားလိုက်၊ ပိန်ရာဆီကို တက်သွားလိုက်၊ ဖောင်းတာလေးဟာ အာရုံမသိတတ်တဲ့ ရုပ်တရားပဲ၊ ပိန်တာလေးဟာလည်း အာရုံကို မသိတတ်တဲ့ ရုပ်တရားပဲ၊ ရုပ်တရားအနေအားဖြင့် သူက တက်သွားတယ်၊ ဖောင်းတာ

http://www.dhammadownload.com

ပိန်တာလေးတွေဟာ သူ့အခိုက်အတန့်နဲ့သူဖြစ်ပြီး ပျောက်ပျက်သွားတဲ့ မမြဲတဲ့ တရားပဲ၊ အဲဒီလိုအနေအားဖြင့် သူက ရှေ့ကတက်သွားတော့ သူနောက်က သမ္မယုတ်တရားတွေ ရုပ်တရားတွေ စိတ်စေတသိက်တရားတွေကလည်း ဒီလိုပဲ လိုက်ပြီးသိရတယ်၊ ရုပ်တရားပဲ အာရုံမသိတတ်တဲ့တရားပဲ၊ အခုဖြစ် အခု ပျက်သွားတဲ့ တရားပဲ၊ မမြဲတဲ့ တရားပဲ၊ ဒီဟာက အာရုံဆီသွားတတ်တဲ့ နာမ် တရားပဲ၊ သူလည်းပဲ ခုဖြစ် ခုပျက်သွားလို့ မမြဲတဲ့တရားပဲလို့ ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ အကုန်လုံး လိုက်ပြီးတော့ သိရတယ်၊ အဲဒါဟာ ဝိတက် ခေါ်တဲ့ သမ္မာသင်္ကပ္ပတရားက အာရုံပေါ်တင်ပေးနေတာတဲ့၊ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်း ဦးတန်းပြီးတော့ တက်တက်သွားတဲ့သဘောဟာ သမ္မာသင်္ကပ္ပပဲတဲ့၊ မှတ်တိုင်း မှတ်တိုင်း ဝိပဿနာဉာဏ်နဲ့တွဲပြီးတော့ ဖြစ်တယ်၊ ဒါကြောင့် -

ဝိပဿနာကွဏော-ဝိပဿနာရှုဆဲခဏ၌၊ ဝိပဿနာသမ္မယုတ္တော-ဝိပဿနာဉာဏ်နှင့်ယှဉ်သော၊ နေက္ခမ္မသင်္ကပ္ပေါ်-နေက္ခမ္မသင်္ကပ္ပသည်၊ (ဝါ) ကာမဂုဏ်မှ ထွက်မြောက်သော အကြံအစည်သဘောသည်၊ တဒင်္ဂဝသေန-တဒင်္ဂ အားဖြင့်၊ ကာမဝိတက္ကသ-ကာမဝိတက်ကို၊ ပဒဃာတံ ပဒစ္ဆေဒံ-အမြစ်အရင်း ပြတ်သည်ကို၊ ကရောန္တော-ပြုလျက်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

ကာမဝိတက်အမြစ်ပြတ်သွားတယ်၊ သူက တစ်ခါတည်း ပြတ်ပြီးတော့ ဖြစ်လာတာတဲ့၊ တစ်ခါတည်း နောက်ဘယ်တော့မှ မဖြစ်ဘူး၊ ဒီလိုတော့ မဟုတ် ဘူးပေါ့လေ၊ သူက တဒင်္ဂဟာန်ပဲတဲ့၊ အာရုံမှာ ရုပ်ပဲ၊ နာမ်ပဲ၊ အနိစ္စ ဒုက္ခ အနတ္တပဲ လို့ သိသွားတယ်၊ မသိတဲ့အာရုံတွေနဲ့ မဆိုင်ဘူး၊ မသိတဲ့အာရုံတွေနဲ့ စပ်ပြီးတော့ အဲဒီ မိစ္ဆာသင်္ကပ္ပ မဖြစ်ပါဘူးတဲ့။

သမ္မာသင်္ကပ္ပ-မြင်တယ် ဆိုပါတော့၊ ဝိပဿနာမဂ္ဂမိရင် မြင်ရတဲ့ အာရုံ လေးကို စိတ်ထဲစွဲ ကျန်နေရစ်မှာကို သိတယ်၊ စွဲကျန်ပြီးနောက် ပြန်စဉ်းစားတိုင်း၊ စဉ်းစားတိုင်း လိုချင်စရာလေးအနေအားဖြင့် စိတ်ထဲ ပြန်ထင်တယ်၊ ပြန်စဉ်း စားတိုင်း၊ စဉ်းစားတိုင်း လိုချင်နှစ်သက် သာယာမှု ဖြစ်တယ်၊ ကြားတာတွေ၊ နံတာတွေ၊ စားတာတွေ၊ တွေ့ထိတာတွေ၊ စိတ်ထဲပေါ်လာတဲ့ အာရုံလေးတွေ ပြန်စဉ်းစားတိုင်း စဉ်းစားတိုင်း နှစ်သက်စရာ သာယာစရာအနေအားဖြင့် ထင် နေတယ်၊ အခု တွေ့ရတဲ့အာရုံတွေက မကောင်းပေမယ့်လို့ အလားတူဖြစ်တဲ့

http://www.dhammadownload.com

အကောင်းတွေ, မျှော်လင့်တောင့်တတာလေးတွေ နောက်ပြန်ပြီးတော့ ဖြစ်နေတယ်၊ အဲဒါ ကာမသက်ပွတွေ ဖြစ်နိုင်တယ်။

အခုတော့ ပေါ်တိုင်းပေါ်တိုင်းတွေကို ရှုတော့ ရှုတိုင်းရှုတိုင်း ဘာတွေထင်နေသလဲဆိုရင် ရုပ်တရား နာမ်တရားပဲ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ ခံစား တတ်တဲ့ပုဂ္ဂိုလ်မရှိဘူး၊ ခံစားနေတဲ့ အာရုံဝတ္ထုမရှိဘူး၊ ဖြစ်ပေါ်ပြီးရင် ပျောက်သွားတဲ့သဘောပဲ ရှိတယ်၊ မြဲတည်နေတာ မရှိဘူး၊ ချမ်းသာရယ်လို့ ခေါ်လောက်တဲ့ တရားမရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိဘူး၊ အဲဒီ အနိစ္စ ဒုက္ခ အနတ္တတွေကို ရှုတိုင်း ရှုတိုင်း သိနေပါပြီတဲ့၊ ဒါသိတဲ့ပုဂ္ဂိုလ်တွေ ပြောတာ၊ စအား ထုတ်ခါစပုဂ္ဂိုလ်ကတော့ ဒီလောက်ထိအောင် မသိသေးဘူး၊ အဲဒီလို ရှုတိုင်း ရှုတိုင်း ရှင်းခနဲ ရှင်းခနဲ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင်း မမြဲတဲ့ တရားချည်းပဲလို့ သိနေရင် အဲဒီလိုသိရတဲ့အာရုံလေးမှာ ကာမဂုဏ် အာရုံအနေအားဖြင့် လိုချင်စရာ နှစ်သက်စရာ သူထင်ပါဦးမလား၊ မထင်တော့ဘူး၊ သူက မြင်ရ ကြားရ တွေ့ရတုန်းကတည်းက ဖြစ်ပြီး ပျောက်သွား လို့ မမြဲတဲ့တရားပဲ၊ ဘာမှမကောင်းဘူး၊ အသုံးမကျဘူး၊ အဖိုးမတန်ဘူး၊ လိုချင်စရာ နှစ်သက်စရာ မဟုတ်ဘူး ဆိုတာ သိပြီးသားပဲ၊ နောင်ပြန်စဉ်းစားလည်းပဲ အဲဒီအတိုင်းဖြစ်တာပဲ၊ လိုချင်စရာ နှစ်သက်စရာ မပေါ်လာတော့ဘူး၊ လိုချင်စရာ နှစ်သက်စရာ မပေါ်သလိုပဲ၊ စိတ်ဆိုးစရာတွေ မုန်းစရာတွေလည်း မပေါ်တော့ဘူး၊ စူးစိုက်ပြီးတော့ မှတ်နေလို့ရှိရင် မှတ်မိတဲ့ အာရုံတိုင်း အာရုံတိုင်းမှာ ကာမသက်ပွတွေ ကင်းနေတယ်တဲ့။

ကာမသက်ပွသာ မဟုတ်ဘူး၊ အကုန်လုံး ကင်းတာပါပဲ၊ ကိလေသာက ကင်းပါတယ်၊ ဒါပေမယ်လို့ အခု နေကွမ္မသက်ပွကို ဟောတဲ့အခါမှာတော့ သူနဲ့ ဆန့်ကျင်ဘက်ကို ယူပြီးတော့ ပြောနေရတယ်၊ ကာမသက်ပွ ကင်းတယ်တဲ့၊ ကာမသက်ပွမဖြစ်နိုင်တော့ဘူးတဲ့၊ အဲဒါ "ပဒယာတံ ပဒစ္ဆေဒံ" အမြစ်အရင်းကနေပြီးတော့ ဖြတ်လိုက်တာတဲ့၊ သစ်ပင်မျှားအမြစ်ကနေပြီး တူးဖြိုပြီး နှုတ်ပစ်လိုက်လို့ရှိရင် ဒီအပင်မပေါက်တော့ဘူး၊ ဟိုအကိုင်းအဖျားလေးတွေတွင် ခုတ်လို့ရှိရင် တော်တော်ကြာ အညွန့် အညောက်တွေ ပေါက်လာဦးမယ်၊ အပင်အရင်းကနေပြီး ဖြုံချလိုက်လို့ရှိရင်တော့ ဒီအပင်မပေါက်နိုင်တော့ဘူး၊ အဲဒါလိုပဲ ဒွါရ

http://www.dhammadownload.com

(၆)ပါးက ပေါ်လာတဲ့ ရုပ်နာမ်တွေနဲ့ စပ်ပြီးတော့ ကာမဂုဏ်အာရုံတွေ သာယာပြီး တော့နေတဲ့ ကာမသက်ပွတွေ ဖြစ်နိုင်တယ်၊ ဒီလိုဖြစ်နေကြတာပဲ။

လို့ချင်မှုဖြစ်ရာများ

အခု လူတိုင်းလူတိုင်း ကာမအာရုံတွေ လိုချင်နှစ်သက်တယ်ဆိုတာ ဘယ်က လာတုံးလို့ လိုက်ပြီးတော့ စစ်ဆေးကြည့်ရမယ်၊ မြင်ရာကလည်း လာတယ်၊ အချို့ အာရုံဝတ္ထုကို မမြင်ဖူးသေးတာကို သွားမြင်လိုက်လို့ရှိရင် လိုချင်လာပြီ၊ မကြား ဖူးသေးတာ ကြားရလို့ရှိရင် သဘောကျလာပြီ၊ ကြားချင်လာပြီ၊ အဲဒီလိုဟာတွေ အများကြီးရှိပါတယ်၊ မြင်ရာကလည်း ဖြစ်တယ်၊ ကြားရာကနေ ဖြစ်တယ်၊ နံရာ၊ စားရာ၊ တွေ့ထိရာကနေ ဖြစ်တယ်၊ စိတ်ကူး စဉ်းစား ကြံစည်ပြီးရာကလည်း ဖြစ်တယ်၊

ဖြစ်တိုင်း ရှုမှတ်နည်း

အဲဒါတွေ အခု ဒွါရခြောက်ပါးကနေ ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်နေတဲ့ ယောဂီမှာ ရှုတိုင်းရှုတိုင်းလည်း ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်၊ ဖြစ်ပေါ်လာပြီးရင်း ပျောက်သွားရင်း ဒီလိုအနေသာပြီးနေခဲ့လို့ရှိရင် ဒါကတော့ တစ်နေ့လုံးတော့ မတည်သေးဘူးနော်၊ အမှတ်ကောင်းတဲ့အခါမှာသာ ဖြစ်မှာ၊ တချို့ တစ်နေ့လုံး မှတ်နေမှ လေးငါးချက်တောင်မှ ဖြစ်ချင်မှဖြစ်မှာ၊ စခါစ ပုဂ္ဂိုလ်တွေတော့ မဖြစ်သေးဘူး၊ နောက် နိုင်လာတဲ့အခါကျတော့ ဖြစ်ပါတယ်၊ နိုင်လာတဲ့ အခါကျတော့ အသေချာစူးစိုက် မှတ်နေလို့ရှိရင် တစ်နာရီမှတ်ရင် တစ်နာရီလုံးလုံး လိုပါပဲ၊ အမှတ်မကောင်းတာတွေ တယ်မရှိပါဘူး၊ တစ်စဉ်တန်းထဲ သွားနေတာပဲ၊ ကောင်းပါတယ်၊ အဲဒါလည်း အတော်ကောင်းလာမှဖြစ်လာမှာ၊ မှတ်ရာမှာ အဲဒီလို ဒွါရခြောက်ပါးက ဖြစ်တိုင်းဖြစ်တိုင်း အာရုံလေးတွေဟာ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပေါ်ပြီးရင်း ပျောက်သွားရင်း မမြဲတဲ့သဘော၊ ဆင်းရဲတဲ့ သဘော၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့သဘော၊ အနတ္တသဘောပဲလို့ ဆိုတာ ရှုရင်း မှတ်ရင်းနဲ့ တစ်ခါတည်း ပိုင်းခြားပြီးတော့ သိတယ်၊ အဲဒီလို သိအောင်လို့ ရှေ့ဆောင်နေတာဟာ နေကမ္မသက်ပွပဲတဲ့။

အဲဒီနေကမ္မသက်ပွ ဖြစ်လိုက်တဲ့အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိတဲ့ ဝိပဿနာဉာဏ်ကလည်း ဖြစ်ရတယ်တဲ့၊ သူက ရှေ့ဆောင်ပေးတာတဲ့၊ အဲဒီလို

http://www.dhammadownload.com

သိနေတဲ့အတွက် ဒီမြင်ရ၊ ကြားရ၊ တွေ့ရတဲ့ အာရုံနဲ့စပ်ပြီးတော့ ကာမဂုဏ်အာရုံတွေမှာ ကောင်းတဲ့အနေအားဖြင့်, သာယာတဲ့အနေအားဖြင့် သာယာမှု နှစ်သက်မှုတွေ မပေါ်နိုင်တော့ဘူးတဲ့၊ ပြန်စဉ်းစားပြီးတော့ ဟိုဟာတွေ ကောင်းလိုက်ပါဘိတော့၊ လိုချင်ပါဘိတော့၊ နှစ်သက်စရာကောင်းပါဘိတော့၊ လိုချင်ပါဘိတော့ တယ် ဆိုတဲ့ စိတ်မျိုးတွေ မဖြစ်နိုင်တော့ဘူး။ အဲဒီ အကြံအစည်မျိုးတွေ မဖြစ်နိုင်တော့ဘူးတဲ့၊ ဒါကို ဆိုတာ၊ ကာမဝိတက္ကသ-ကာမဝိတက်ကို၊ ပဒယာတံ ပဒစ္ဆေဒ-အမြစ်ရင်း ဖြတ်သည်ကို၊ ကရောန္တော-ပြုလျက်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပါတယ်တဲ့၊ နေကွမ္မသက်ပ-ဖြစ်နေတယ်၊ ဒါတွေကို မှတ်တိုင်းမှတ်တိုင်း ဖြစ်နေတာ၊ အဲဒါတွေ နေကွမ္မ သက်ပွမဂ္ဂင် ဝိပဿနာမဂ္ဂင်ပဲ။

အထဿ မဂ္ဂကွေ မဂ္ဂသမ္မယုတ္ထော သတိပ္ပေါ သမုစ္ဆေဒဝသေန တာမဝိတက္ကသ ပဒယာတံ ပဒစ္ဆေဒံ တရောန္တော ဥပ္ပဇ္ဇတိ။

အဲဒီလိုဖြစ်နေရာက ဝိပဿနာဉာဏ်ရင့်တဲ့အခါကျတော့ အရိယမဂ္ဂင် ဖြစ်လာတယ်၊ နိဗ္ဗာန်အာရုံပြုပြီး ဖြစ်လာတယ်၊ အဲဒီမှာလည်း နိဗ္ဗာန်အာရုံပြုရုံပဲ၊ ကြံစည်တွေးတောနေရတာ မဟုတ်ဘူး၊ နိဗ္ဗာန်ဆီ ဦးတန်းပြီး တက်သွားတဲ့ သဘောပဲ၊ ဒါဟာ သမ္မာသက်ပ၊ အဲဒီသမ္မာသက်ပဖြစ်တဲ့အခါကျတော့ အလုံးစုံသော ကာမဝိတက်တွေကို အမြစ်ရင်း တစ်ခါတည်း ဖြတ်သွားတယ်တဲ့၊ သမုစ္ဆေဒဝသေန-သမုစ္ဆေဒပဟာန်အားဖြင့်လည်း နောက်ငြိမ်းသွားအောင်လို့ ပယ်ဖြတ်ပြီးတော့ သွားပါတယ်တဲ့။

နောက် နေကွမ္မသက်ပပြီးတော့ အဗျာပါဒ အဝိဟိသသက်ပတွေလည်း ဒီအတိုင်းပါပဲ၊ နောက် မဂ္ဂင်တွေလည်း ဒီအတိုင်းပဲသွားမှာပဲ၊ ဒီက အခု ပြည့်ပြည့်စုံစုံ ပြောထားတယ်။

ပထမက ကာမအာရုံတွေကို ပယ်စွန့်တဲ့နေအားဖြင့် ဖြစ်ပြီးတော့ လာတဲ့ကြံစည်မှုတွေ ဟုတ်လား၊ တရားနာသွားခြင်း၊ ကောင်းမှုကုသိုလ် ပြုဖို့ရာ ကြံစည်ခြင်း၊ အဲဒါတွေက စပြီးတော့ နေကွမ္မသက်ပတွေ ဖြစ်နေတယ်၊ ဒါက မူလမဂ္ဂင်၊ ဒါန, သီလ, ကုသိုလ်ကောင်းမှုတွေ ပြုတိုင်း ပြုတိုင်း သူက ပါနေတယ်၊ သမထဘာဝနာတွေ ပွားများနေတိုင်း သူက ပါနေတယ်။

ဝိပဿနာ ဘာဝနာရှိတဲ့အခါကာလကျတော့ ဝိပဿနာဉာဏ်နဲ့ တွဲပြီးတော့ ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တတွေကို သိတယ်၊ ပြီးတော့ အဲဒီမှာ နေကွမ္မ

http://www.dhammadownload.com

သက်ပွ ဖြစ်တယ်၊ အဲဒါကတော့ ပုဗ္ဗဘာဂမဂ္ဂင်၊ နောက်ဆုံးကျတော့ ရုပ်နာမ် သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်အာရုံဆီ ပြေးဝင်သွားတဲ့အခါကာလ ဦးတန်းပြီး ကျရောက် သွားတယ်၊ အဲဒါ အရိယမဂ္ဂင်၊ ဒီမဂ္ဂင်သုံးပါး အစဉ်တိုင်းတက်သွားတယ်။

"မူလပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်" အစဉ်အတိုင်း ပွားများရတယ်၊ ကဲ ဆိုစမ်းပါဦး။

၁။ **မူလ ပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်။**

၂။ **ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။** (ဆို သုံးခေါက်)

ဒါက မဂ္ဂင်တရားတွေမှာ အကုန်လုံး ဒီအဓိပ္ပါယ်တွေ နားလည်ရမှာ၊ ဒါက အကျဉ်းချုပ်ကလေး၊ နေကွမ္မသက်ပွ-ကာမအာရုံမှ ထွက်မြောက်သော အကြံအစည်၊ ထွက်မြောက်လိုတဲ့အကြံအစည်၊ ကာမတရားတွေကို စွန့်လွှတ်တဲ့ အနေအားဖြင့် ဖြစ်တဲ့အကြံအစည်၊ အဲဒါ တရားနာဖို့ရာ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့ အချိန်ကစပြီးတော့ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ ပွားတိုင်းပွားတိုင်း အဲဒီဟာ နေကွမ္မသက်ပွမည်တဲ့ မူလမဂ္ဂင်တွေ ပွားတယ်။

ဝိပဿနာရှုတဲ့အခါကျတော့ ဝိပဿနာရှုတိုင်းရှုတိုင်း ရုပ်နာမ်သခ်ါရတွေ၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ သိတိုင်းသိတိုင်း အဲဒီသိမှုနဲ့ တွဲပြီးတော့ ဦးတန်း တက်သွားတဲ့ နေကွမ္မသက်ပွတွေ ဖြစ်နေတယ်၊ ဒါကလည်း ကာမသက်ပွတွေကို တဒင်္ဂပဟာန်အားဖြင့် ဖြစ်တိုင်းဖြစ်တိုင်း ပယ်နေတယ်။

နောက်ဆုံးကျ ရုပ်နာမ်သခ်ါရငြိမ်းရာနိဗ္ဗာန်ကို အသိဉာဏ်လေး ပြေးဝင် သွားတော့ သူက ရှေးဦးစွာ ဦးတန်းပြီးတော့ တက်သွားတယ်၊ နိဗ္ဗာန်အာရုံဆီကို ရုပ်နာမ်သခ်ါရငြိမ်းတဲ့ဆီကို ရှေးဦးစွာတန်းပြီး တက်သွားတယ်၊ သူကလည်း အရိယမဂ္ဂင်မှာပါဝင်တဲ့ နေကွမ္မသက်ပွပဲ။ သူက ကာမဝိတက်အမြစ်ဖြတ်တဲ့ အနေ အားဖြင့် အလုံးစုံပယ်ပြီးတော့ ဖြစ်သွားတယ်၊ အလုံးစုံပယ်သွားတယ်၊ ကာမ သက်ပွတွေ နောက်မဖြစ်နိုင်တော့ဘူး။ ဒါလည်း သူ့အဆင့်အတန်းနဲ့ပေါ့လေ၊ သောတာပတ္တိမဂ် ဆိုရင်တော့ အပါယ်လေးပါးကျလောက်တဲ့ ကာမသက်ပွ မဖြစ်တာပေါ့၊ ကာမဂုဏ် အာရုံတွေ လုံးလုံးတော့မဟုတ်ဘူး၊ ကာမရာဂမှ မကင်းသေးပဲ၊ သကဒါဂါမိမဂ်လည်း ထို့အတူပဲ၊ အနာဂါမိမဂ်ကျလို့ရှိရင် ကာမ အာရုံတွေနဲ့ စပ်ပြီးတော့ ကြိုးစည်မှုတွေ ဖြစ်ကို မဖြစ်နိုင်တော့ဘူး၊ အရဟတ္တမဂ်ကျတော့ ရူပရာဂ၊ အရူပ ရာဂဆိုင်ရာ

http://www.dhammadownload.com

အာရုံတွေနဲ့စပ်ပြီးတော့ ကြံစည်မှု မဖြစ်နိုင်တော့ဘူး၊ အကုန်လုံး သိပြီးတော့ သွားတယ်၊ သူအဆင့်အတန်းနဲ့ သူပေါ့လေ။

အဗျာပါဒ အဝိဇ္ဇာသင်္ခါရ

အဗျာပါဒသင်္ကပ္ပေါ် - ဗျာပါဒ၏ဆန့်ကျင်ဘက် ဗျာပါဒမှထွက်မြောက်ခြင်း၊ "ဗျာပါဒ"ဆိုတာ သေပါစေ၊ ပြတ်ပါစေလို့ ဆိုတဲ့ စေတနာမျိုးဟာ ဗျာပါဒခေါ်တယ်။ သက်ရှိဝတ္ထုအနေအားဖြင့်ဆိုရင် သေစေလိုတဲ့အနေမျိုးနဲ့ သူကြံစည်တယ်၊ အသက်မဲ့ဝတ္ထုအနေအားဖြင့်တော့ ပျက်စီးစေလိုတဲ့အနေအားဖြင့် သူကကြံစည်တယ်။

"အဝိဇ္ဇာသသင်္ကပ္ပ"ဆိုတာ မည်ဉီးဆဲလိုတဲ့အနေနဲ့ ကြံစည်တာ၊ "ဝိဇ္ဇာသသင်္ကပ္ပ"ဆိုတာ ညည်းဆဲလိုတဲ့အနေနဲ့ ကြံစည်တာ၊ ဒါကတော့ အသက်ရှိသတ္တဝါတွေနဲ့ပဲ ဆိုင်တယ်၊ အသက်မဲ့တော့ သူက ညည်းဆဲစရာအကြောင်းမရှိဘူး၊ အသက်ရှိသတ္တဝါတွေနဲ့ စပ်ပြီးတော့ ညည်းဆဲဖို့ရာ ကိုယ်အမှု, နှုတ်အမှုဖြင့် ညည်းဆဲဖို့ရာ ကြံစည်တဲ့အခါကာလမှာ ဝိဇ္ဇာသင်္ကပ္ပဖြစ်နေတယ်၊ အဝိဇ္ဇာသသင်္ကပ္ပ ဆိုတာကတော့ အဲဒီညည်းဆဲမှုရဲ့ ဆန့်ကျင်ဘက်ပေါ့လေ၊ သနားသောအနေအားဖြင့် သူက ဖြစ်တယ်၊ မည်ဉီးဆဲလိုတဲ့စိတ်နဲ့၊ အဲဒါကတော့ မေတ္တာ ကရုဏာတွေပါပဲ။

အဗျာပါဒ - မသေမပျက်စေလိုတဲ့ အနေအားဖြင့် သူတစ်ပါးကို သေစေပျက်စေလိုတဲ့ ကြံစည်မှုရဲ့ဆန့်ကျင်ဘက် ပြောင်းပြန်ပေါ့လေ၊ အဲဒီမှ ထွက်မြောက်ပြီးတော့ မသေစေ မပျက်စေလိုတဲ့ အနေအားဖြင့် ဖြစ်တယ်တဲ့၊ ဒါက မေတ္တာနဲ့တွဲဖြစ်တာ၊ သူတစ်ပါးတွေ ချမ်းသာပါစေ၊ ချမ်းသာပါစေလို့ ဒီလိုဖြစ်တယ်၊ သတ္တဝါတွေ ချမ်းသာစေလိုတဲ့အနေအားဖြင့် လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ၊ အားလုံးဖြစ်စေ ချမ်းသာစေလိုတဲ့အနေအားဖြင့် ဖြစ်တဲ့အကြံအစည်ဟာ "အဗျာပါဒသင်္ကပ္ပ"လို့ ခေါ်တယ်၊ သနားပြီးသကာလ ဆင်းရဲမှု လွတ်စေချင်တယ်၊ မဆင်းရဲစေလိုတဲ့အနေအားဖြင့် ဆင်းရဲနေတဲ့ပုဂ္ဂိုလ်တွေ ဆင်းရဲမှု လွတ်ပါစေလို့ သနားတဲ့အနေအားဖြင့် အဲဒီလို အကြံအစည်တွေ ဖြစ်လို့ရှိရင် အဝိဇ္ဇာသသင်္ကပ္ပတွေဖြစ်တယ်။

အဲဒီသင်္ကပ္ပတွေမှာလည်း ထို့အတူပဲ၊ သူလည်း သုံးဆင့်ရှိတာပဲ၊ သာမန်အနေအားဖြင့် သတ္တဝါတွေကို ချမ်းသာစေဖို့ရာ မေတ္တာပွားပြီးတော့နေတယ်၊

http://www.dhammadownload.com

သတ္တဝါတွေကို သနားပြီး ကရုဏာတွေ ပွားပြီး ကရုဏာဖြစ်ပြီးတော့နေတယ်၊ ဒါက မူလမဂ္ဂင်ပဲ၊ ဝိပဿနာရှုဆဲခဏမှာ ရုပ်နာမ်တွေ, အနိစ္စ, ဒုက္ခ, အနတ္တတွေ အမှန်အတိုင်းသိတော့ အဲဒီသိတဲ့ ဝိပဿနာစိတ်နဲ့တွဲပြီးတော့ ဖြစ်တဲ့သင်္ကပ္ပလေး၊ ခုနလိုပဲ ဦးတန်းပြီးတက်သွားတဲ့သဘောလေးတွေပါပဲ၊ အတူတူပဲဖြစ်တယ်။

ခုနကလည်း အဲဒီဝိပဿနာရှုတဲ့စိတ္တုပ္ပါဒ်၊ အခုလည်းက အတူတူပဲ၊ ခွဲပြောလို့ ခုန ကာမသင်္ကပ္ပနဲ့ စပ်ပြီးတော့ ပြောင်းပြန်ပြောခဲ့တယ်၊ အခုတော့ ဗျာပါဒတို့, ဝိဟိသ တို့နဲ့ ပြောင်းပြန်အနေအားဖြင့် ပြောရလိမ့်မယ်၊ တရားကိုယ်တော့ တစ်ခုတည်းပါပဲ၊ ခုန ဖောင်းတာ မှတ်တိုင်း ဒီအမှတ်ထဲ ပါသွားတာပဲ၊ တစ်ခုတည်းပဲ အခုဟာက တခြားမဟုတ်ဘူး၊ ခုန ဖောင်းတာ မှတ်ပြီးတော့ အဖြစ်အပျက် သိတယ်၊ ရုပ်နာမ်သိတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ သိတယ် ဆိုတာ နေကမ္မသင်္ကပ္ပ တုန်းက ပြောခဲ့တယ်၊ အခု အဗျာပါဒသင်္ကပ္ပ အဝိဟိသသင်္ကပ္ပကျတော့လဲ ဒီဟာပါပဲ၊ တခြားဟာ မဟုတ်ပါဘူး၊ သူက နာမည်တပ်ပြီးပေးတာပဲ၊ ဒီအမှတ်ထဲ မှာ ပါဝင်တဲ့ တရားပဲ၊ မှတ်တိုင်းမှတ်တိုင်းဟာ ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တတွေ သိနေတော့ ဒီအာရုံနဲ့ စပ်ပြီးတော့ သေပါစေ၊ ပျက်ပါစေလို့ ကြဲစည်မှုတွေ မဖြစ်နိုင်ဘူး၊ နှိပ်စက်ညှဉ်းဆဲလိုတဲ့ စိတ်မဖြစ်နိုင်ဘူး၊ ညှဉ်းဆဲစရာမှ ရှိမှမရှိပဲ၊ ဖြစ်ပျက်နေတဲ့ သဘောတရားရှိတာ၊ အဲဒါကြောင့် အဲဒီဝိပဿနာသမ္မာသင်္ကပ္ပက နေပြီးတော့ မိစ္ဆာသင်္ကပ္ပကို ပယ်တယ်တဲ့၊ ဗျာပါဒဝိတက်ပေါ့လေ၊ သေပါစေ ပျက်ပါစေဆိုတဲ့ အကြဲအစည်မျိုးတွေကို ပယ်သွားတယ်တဲ့၊ ညှဉ်းဆဲလိုတဲ့ အကြဲအစည်မျိုးတွေ ပယ်သွားတယ်။

မှတ်တိုင်း မှတ်တိုင်း အနိစ္စ, ဒုက္ခ, အနတ္တကို သိတိုင်းမှာ အဲဒီအာရုံနဲ့ စပ်ပြီးတော့ ဒီလိုမကောင်းတဲ့ ကြဲစည်မှုတွေ မဖြစ်နိုင်ဘူး၊ ငြိမ်းနေတယ်၊ အဲဒါဟာ တဒင်္ဂအားဖြင့် ပယ်သွားတာပါတဲ့၊ အဲဒီဝိပဿနာဉာဏ်ဝင်တဲ့အခါကျတော့ နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားတဲ့အခါဆိုရင် အရိယမဂ်ဉာဏ်ဖြစ်တယ်၊ အရိယမဂ် ဉာဏ်နဲ့တွဲပြီးတော့ သမ္မာသင်္ကပ္ပ ဖြစ်ပြန်တယ်တဲ့၊ အဗျာပါဒသင်္ကပ္ပ အဝိဟိသ သင်္ကပ္ပတွေ ဖြစ်နေတယ်၊ အဲဒီသင်္ကပ္ပတွေကတော့ဟို မိစ္ဆာသင်္ကပ္ပတွေကို တစ်ခါတည်း အမြစ်ပြတ် ပယ်တယ်တဲ့၊ နောက်ကို သေပါစေ ပျက်ပါစေလို့ ကြဲစည် တဲ့ ဗျာပါဒသင်္ကပ္ပမျိုး နောက်လုံးလုံး မဖြစ်နိုင်တော့ဘူးတဲ့၊ ညှဉ်းဆဲလိုတဲ့ ဝိဟိသသင်္ကပ္ပမျိုး နောက် လုံးလုံးမဖြစ်နိုင်တော့ဘူးတဲ့၊ ဒါ အကုန်လုံး ပယ်သွားတယ်တဲ့။

http://www.dhammadownload.com

အဲဒါလည်း သူအဆင့်အတန်းအလိုက်ပဲ၊ ခုနလိုပဲ သောတာပတ္တိမဂ်ဆိုရင် အပါယ်ကျလောက်အောင် ကြမ်းတမ်းတဲ့ ဗျာပါဒဝိတက်တို့၊ ဝိဟိသဝိတက်တိုကို ပယ်တာ၊ အနာဂါမိမဂ်ကျလို့ရှိရင်တော့ အဲဒီဒေါသနဲ့ ပတ်သက်တာကို အကုန်ပယ်သွားပါတယ်၊ အရဟတ္တမဂ်ကတော့ ပယ်စရာမရှိဘူး၊ ကုန်နေပြီ။ အဲဒီလို သူဆိုင်ရာဆိုင်ရာ မဂ္ဂင်တွေ အကုန်လုံး ပယ်ပြီးသွားတယ်။

အဲဒါကြောင့် ပထမအရင်းခံအနေအားဖြင့် ဖြစ်ပြီးတော့နေတဲ့ ကုသိုလ် အကြံအစည်တွေ၊ သတ္တဝါတွေ ချမ်းသာစေလိုတဲ့ အကြံအစည်တွေ၊ သတ္တဝါတွေ မည္သည်းဆဲလိုတဲ့ အကြံအစည်တွေဟာ မူလမဂ္ဂင်တွေပဲတဲ့၊ နေကွမွဝိတက် အဗျာပါဒဝိတက်၊ အဝိဟိသဝိတက်တွေဟာ **မူလမဂ္ဂင်**ပဲ ဖြစ်ကြတယ်။

ဒီမူလမဂ္ဂင်တွေ ဘယ်သွားမတုံးဆိုရင် ဒီမူလမဂ္ဂင်တွေ ပွားများနေလို့ ရှိရင် လူချမ်းသာ, နတ်ချမ်းသာတွေဆီကို သူရောက်သွားမယ်။ လူဘဝတွေ, နတ်ဘဝတွေ ဘဝကောင်းတွေဆီ ရောက်ပြီးတော့သွားမယ်၊ ချမ်းသာသွားမယ်၊ ဒီလမ်းက ကာမဝိတက်တွေကို စွန့်လွှတ်ပြီးတော့ ဈာန, သီလစသော ကုသိုလ် ကောင်းမှုတွေကို ပြုတိုင်းပြုလုပ်တိုင်း ဒီကုသိုလ်ကောင်းမှုတွေပွားပြီး လူဘဝ နတ်ဘဝ အကျိုးတွေကို ပေးတယ်။

အဗျာပါဒသက်ပွ အကြောင်းပြုပြီးတော့ မေတ္တာတရားတွေ ပွားတယ်၊ အဝိဟိသသက်ပွ အကြောင်းပြုပြီးတော့ ကရုဏာတရားတွေနဲ့ သနားတယ်၊ ကိုယ်ချင်းစာနာပြီးတော့ ချမ်းသာစေလိုတဲ့ သဘောရှိတယ်၊ ကိုယ်ချင်းစာနာပြီးတော့ သနားတယ်၊ ချမ်းသာစေလိုတော့ သနားစိတ်ဖြစ်တဲ့အတွက်ကြောင့် သူတစ်ပါးတွေကို နှိပ်စက်ခြင်း၊ ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း လုပ်လဲ မလုပ်ဘူး၊ လုပ်ဖို့ရာကိုလည်း မကြံစည်ဘူး၊ အဲဒါ ကုသိုလ်ကောင်းမှုတွေ ပွားနေတာ၊ ဒီကုသိုလ် ကောင်းမှုတွေ၏ အစွမ်းအားဖြင့် လူဘဝ၊ နတ်ဘဝ၊ လူချမ်းသာ၊ နတ်ချမ်းသာတွေ ဆီကို ရောက်ပြီးတော့ သွားနိုင်တယ်။

နောက် ဝိပဿနာအခိုက်အတန့်မှာဖြစ်တဲ့ အဲဒီသက်ပွသုံးပါး၏ အစွမ်းအားဖြင့်ဆိုရင်တော့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်ရပြီးတော့ သွားဖို့ပဲ၊ သူကရင့်သွားလို့ရှိရင်တော့ အရိယမဂ်ဉာဏ်ဖြစ်လာတယ်၊ အရိယမဂ်ဉာဏ်ဖြစ်တဲ့ အခါကျတော့ ခုန ပြောတဲ့အတိုင်း နိဗ္ဗာန်တရားကို မျက်မှောက်တွေ့သွားရင်

http://www.dhammadownload.com

သောတာပန်အဆင့်အတန်း ရောက်ပြီးတော့ အပါယ်လေးပါးကို ဘယ်တော့မှ မကျနိုင်ဘူး၊ အနာဂါမ်ဆိုလို့ရှိရင်တော့ ကာမဘုံပြန်ပြီးတော့ မလာတော့ဘူး၊ ရဟန္တာဖြစ်သွားလို့ရှိရင်တော့ ဆင်းရဲခပ်သိမ်း အကုန်လုံးငြိမ်းပြီးတော့ သွားတယ်၊ အဲဒီအဆင့်အတန်းတွေ ရောက်ပြီးတော့ သွားနိုင်ပါတယ်တဲ့၊ အဲဒါဟာ သမ္မာသင်္ကပ္ပမဂ္ဂင်ပဲတဲ့၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဒီသုံးခုတော့ ပြီးကောင်းပါရဲ့၊ ကျဉ်းကျဉ်းပြောရမှာပဲ။

သမ္မာဝါစာနှင့် မဂ္ဂင်သုံးပါး

ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ၊ ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာဝါစာ-မှန်ကန်စွာ ပြောဆိုခြင်း သမ္မာဝါစာသည်၊ ကတမာ စ- အဘယ်ပါနည်းဟူမူကား၊

မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဖရုသာယ ဝါစာယ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ၊

မုသာဝါဒါ-မဟုတ်မမှန်သောစကားကို လိမ်လည်ပြောဆိုခြင်းမှ၊ ဝေရမဏီ ကြဉ်ရှောင်ခြင်းလည်းကောင်း၊ ပိသုဏာယ ဝါစာယ-ကုန်းတိုက်စကားမှ၊ ဝေရမဏီ-ကြဉ်ရှောင်ခြင်းလည်းကောင်း၊ ဖရုသာယ ဝါစာယ-ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီ-ကြဉ်ရှောင်ခြင်းလည်းကောင်း၊ သမ္ဖပ္ပလာပါ-သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီ-ကြဉ်ရှောင်ခြင်းလည်းကောင်း၊ ဘိက္ခဝေ-တို့၊ အယံ-ဤလေးပါးသော ကြဉ်ရှောင်ခြင်းကို၊ သမ္မာဝါစာ-သမ္မာဝါစာဟူ၍၊ ဝုစ္စတိ-၏။

သမ္မာဝါစာစလေးပါး

သမ္မာဝါစာ ဆိုတာ လေးခုရှိတယ်၊ မုသာဝါဒမှ ကြဉ်ရှောင်ခြင်း၊ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်နေတယ်၊ ဒီမှာလည်း သူက ခုနလိုပဲ သုံးဆင့်ရှိတယ်၊ မူလမဂ္ဂင်ရှိတယ်၊ ပုဗ္ဗဘာဂမဂ္ဂင်ရှိတယ်၊ အရိယမဂ္ဂင်ရှိတယ်၊ မူလမဂ္ဂင်ကတော့ အခု တရားမဆောက်တည်ခင် ကတည်းက သီလဆောက်တည်ဖို့ရာ ကြံစည်တဲ့အခါမှာကို သူပါနေပြီ၊ သီလ ဆောက်တည်တဲ့ အခါကာလမှာ ပါတယ်၊ သီလဆောက်တည်ပြီးတော့ မိမိဆောက်တည်တဲ့ အတိုင်း ကြဉ်ရှောင်နေတဲ့အခါတွေမှာ ဖြစ်တယ်။

http://www.dhammadownload.com

မုသာဝါဒမှကြဉ်ရှောင်ခြင်း

သီလဆောက်တည်တဲ့အခါမှ "မုသာဝါဒါ ဝေရမဏီ -လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်ပါ၏"လို့ ဆောက်တည်လိုက်တာပဲ၊ "မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" အဲဒီလို ဆောက်တည်တဲ့အခါကာလ နှလုံးသွင်းပြီး ဆောက်တည်ရင်ပေါ့လေ၊ နှလုံးမသွင်းမိရင်တော့လည်းပဲ ဒါက ထက်ထက်သန်သန် ပါမယ်မဟုတ်ဘူး၊ နှလုံးသွင်းပြီးတော့ မုသာဝါဒလိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်တယ်၊ နှလုံးသွင်းပြီး ဆောက်တည်တဲ့အခါကာလ သီလကုသိုလ်တွေ ဖြစ်တယ်၊ ဝစီကံကုသိုလ်၊ နောက်လိမ်လည်ပြောစရာအကြောင်း ပေါ်လာတဲ့အခါကျတော့လဲ လိမ်လည်မပြောဘူး၊ လိမ်ပြောခြင်းမှ ကြဉ်ရှောင်တယ်၊ မှန်တန်တဲ့ စကားကို ပြောတယ်၊ အမှန်ကိုလည်း အမှန်အတိုင်းပဲ ပြောတယ်၊ အဲဒီလို အခါကာလတွေဖြစ်တဲ့ မုသာဝါဒါ ဝေရမဏီ သမ္မာဝါစာ,က မူလမဂ္ဂင်ပဲတဲ့၊ ဒါက သီလဆောက်တည်နေတဲ့ပုဂ္ဂိုလ်, သီလကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်တွေမှာ အမြဲပွားနေတယ်၊ ဆောက်တည်တိုင်း ဆောက်တည်တိုင်း ပွားတယ်၊ ဆောက်တည်ထားတဲ့အတိုင်း ဒီသိက္ခာပုဒ်တွေမှာ စောင့်ရှောက်နေတယ်လို့ နှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်းလည်း ပွားနေတယ်၊ လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်လိုတဲ့စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်း ပွားနေတယ်၊ တကယ်လိမ်လည်စရာအကြောင်းရှိလာတဲ့အခါကျတော့ မလိမ်ချင်ဘဲနဲ့ အမှန်အတိုင်း တည်နေတဲ့အခါကျတော့လည်း လိမ်လည်ခြင်းမှ ကြဉ်ရှောင်မှုကို ပြုလုပ်တယ်၊ သီလကုသိုလ်တွေ ပွားနေတယ်၊ အဲဒါက မူလမဂ္ဂင်ပဲ။

မူလမဂ္ဂင် - နောက်ဝိပဿနာရှုတဲ့အခါကာလကျတော့ ဝိပဿနာရှုတိုင်းရှုတိုင်း ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တတွေကို သိတယ်၊ ဝိရတီစေတသိက်ဆိုတာ သီလဆောက်တည်တဲ့အခါ, သီလကျင့်သုံးတဲ့အခါမှာ ပါတယ်၊ ဒီပြင်အခါမှာ မရှိဘူး၊ ဒီလိုပဲ အဌကထာဆရာတွေ, ဋီကာတွေလည်း ဖွင့်ကြပါတယ်၊ ဒါပေမယ်လို့ အခု ဒီမဂ္ဂင်ပိုင်းကျတော့ကို ဝိပဿနာထဲမှာလည်း ရနေတယ်၊ ဝိပဿနာထဲ အခုန နည်းအတိုင်းပဲ ရနေတယ်၊ ဝိပဿနာရှုတိုင်းရှုတိုင်းဟာ ဝိပဿနာခဏမှာ ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တတွေ အမှန်အတိုင်းသိပြီးတော့ သွားတော့ အဲဒီသိရတဲ့အာရုံတွေနဲ့စပ်ပြီးတော့ လိမ်လည်လိုတဲ့သဘောမရှိဘူး။

http://www.dhammadownload.com

အခုလိမ်နေကြတယ်ဆိုတာ ဘာတုံးဆိုရင် ဒီရူပနာမ်, အနိစ္စ, ဒုက္ခ, အနတ္တ တွေကို ကောင်းကောင်းမထင်မြင် မသိလို့ပဲ၊ သိနေရင် ဘာလိမ်နေစရာရှိလဲ၊ လိမ်စရာပုဂ္ဂိုလ်လည်း မရှိဘူး၊ ကိုယ်လည်း မရှိဘူး၊ သူလည်း မရှိဘူး၊ ကိုယ့်အကျိုး သူ့အကျိုးတွေ ဘာမှမရှိဘူး၊ သူက လိမ်စရာကို မရှိဘူး၊ အဲဒီတော့ ရူပတရား၊ နာမ်တရားတွေ သူ့အခိုက်အတန့်သူ ဖြစ်ပျက်နေတဲ့ အနိစ္စ, ဒုက္ခ, အနတ္တတရား တွေကို လိမ်စရာမရှိဘူး၊ ဒါကြောင့် အနိစ္စ, ဒုက္ခ, အနတ္တသိတဲ့ စိတ်တိုင်း စိတ်တိုင်းမှာ လိမ်လည်မှု၏ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ လိမ်စရာအတွက်ကို မပေါ်ဘူး၊ ဒါကြောင့် တဒင်္ဂပဟာန်အားဖြင့် ဝိပဿနာဖြစ်တိုင်းဖြစ်တိုင်း လိမ်လည်မှုကို ကြဉ်ရှောင်မှုကိစ္စ သူ့အလိုလိုပြီးနေတယ်တဲ့၊ ကြဉ်ရှောင်ပါ၏လို့ ဆိုနေရတာ မဟုတ်ဘူး၊ နှလုံးသွင်းရတာ မဟုတ်ဘူး၊ မဆိုဘဲ နှလုံးမသွင်းဘဲနဲ့ ဒီလိမ်ချင်စရာ အကြောင်းကို မပေါ်နိုင်လောက်အောင် သူက အသိအမှန်သိသွားတော့ လိမ်လည်မှုမှ ကြဉ်ရှောင်ခြင်းကိစ္စတွေ ပြီးသွားတယ်၊ ကိစ္စပြီးသောအားဖြင့် ကြဉ်ရှောင်ခြင်း ဖြစ်တယ်။

ဝိပဿနာဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါကျတော့ နိဗ္ဗာန်အာရုံပြုပြီး အရိယမဂ်ဉာဏ်ဖြစ်တော့ အဲဒီထဲမှာ အခိုက်အတန့် နိဗ္ဗာန်အာရုံပြုတာပဲ၊ ဒီအခိုက်အတန့်မှာလဲ မုသာဝါဒမှ ကြဉ်ရှောင်မယ်လို့ နှလုံးသွင်းလာတယ် မရှိပါဘူး၊ ဒါပေမယ်လို့ နိဗ္ဗာန်အာရုံပြုပြီးတော့ အရိယမဂ်ဉာဏ်ဖြစ်လိုက်တာနဲ့ နောင်ကို မုသာဝါဒပြောနိုင်တဲ့ အခြေအနေမျိုး မရှိတော့ဘူးတဲ့၊ မုသာဝါဒမှ မပြောဆိုနိုင်တော့ဘူးတဲ့၊ လိမ်လည်ပြောဆိုခြင်း ဝစီဒုစရိုက်မှ လုံးလုံးကင်းပြီးတော့ သွားတယ်၊ ဒါက သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်သွားတယ်၊ ဝိပဿနာကတော့ ရှုလိုက်ရင် ရှုတဲ့အာရုံလေးလောက်ပဲ တစ်ခါရှုမိတဲ့ ရူပနာမ်၊ အနိစ္စ ဒုက္ခ အနတ္တ သိသွားရင် ဒီပြင်အာရုံမပါဘူး၊ ဒီအနိစ္စ, ဒုက္ခ, အနတ္တထင် သွားတဲ့ အာရုံနဲ့စပ်ပြီး မုသာဝါဒမှကင်းတယ်၊ ဒါပေမယ်လို့ အဲဒီလိုမရှုမိတဲ့ အာရုံနဲ့ စပ်ပြီးတော့ ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒါကို တဒင်္ဂပဟာန်လို့ ခေါ်တယ်၊

ဖရုသဝါစာမှ ကြဉ်ရှောင်ခြင်း

ဖရုသာယ ဝါစာယ ဝေရမဏီ-ကြမ်းတမ်းသော စကားပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ ငါးပါးသီလဆောက်တည်တဲ့အခါကျတော့ ဖရုသဝါစာ မပါဘူး၊

http://www.dhammadownload.com

မပါပေမယ့်လည်း ဒါက ကျင့်သုံးရမယ့်ဥစ္စာပါပဲ၊ မုသာဝါဒကို ကြဉ်လိုက်လို့ရှိရင် မုသာဝါဒနဲ့တွဲတဲ့ ဒုစရိုက်အမျိုးခြင်းတူတဲ့ ဥစ္စာလည်း ကြဉ်ရမှာပဲ၊ သူက ကြိမ်းတမ်းတဲ့စကား၊ ဆဲရေးတဲ့စကား၊ သူများ နားမခံသာအောင် ကြိမ်ဆိုခြင်း စကားပြောတာဟာ ဖရုသဝါစာလို့ ခေါ်တယ်၊ အဲဒါတွေမှ ကြဉ်ရှောင်တယ်။

ပိသုဏဝါစာမှ ကြဉ်ရှောင်ခြင်း

ပိသုဏဝါစာ - ကုန်းတိုက်စကားကို ကြဉ်ရှောင်တယ်တဲ့၊ လူနှစ်ဦး နှစ်ယောက် တစ်ဦးကိုတစ်ဦး ချစ်ခင်ကြည်ညိုလေးစားပြီးတော့နေတယ်၊ ဒီချစ်ခင် ကြည်ညို လေးစားမှုတွေ ပျက်သွားအောင်၊ တစ်ယောက်နဲ့တစ်ယောက် အဆင် ပြေနေတာတွေ အဆင်မပြေအောင်၊ တစ်ယောက်နဲ့တစ်ယောက် အားကိုးနေ တာတွေ အားမကိုးရအောင်၊ တစ်ယောက်နဲ့တစ်ယောက် ယုံနေတာတွေ မယုံ အောင် အဲဒီလို ကုန်းတိုက်တဲ့စကားကို ပြောဆိုတာကိုး၊ ဒါကို တချို့က စကားလေး တစ်လုံးတည်းနဲ့လည်း သိတယ်၊ တကယ့်အရေးကြီးတဲ့ စကားလုံးလေးတစ်လုံး ပြောလိုက်တာနဲ့ပဲ တစ်ခါတည်း သူများကို မုန်းသွားတယ်၊ ပြတ်သွားတယ်၊ တစ် ယောက်ကို တစ်ယောက် တစ်ခါတည်း မကြည်ညိုဘူး၊ မလေးစားတော့ဘူး၊ မယုံ တော့ဘူး၊ အဲဒီလိုဖြစ်သွားနိုင်တယ်၊ အဲဒီလို ကုန်းတိုက်စကားကို ပြောတာဟာ "ပိသုဏဝါစာ ဒုစရိုက်"လို့ ခေါ်တယ်၊ အဲဒီ ဝစီဒုစရိုက်မှ ကြဉ်ရှောင်တဲ့ဥစ္စာဟာ သမ္မာဝါစာပဲ၊ ပြောဆိုနေတာတွေတော့ မဟုတ်ဘူး၊ ကြဉ်ရှောင်တာပဲ။

ဒါကတော့ အဲဒီလို ပြောစရာ ဆိုစရာအကြောင်းရှိရင် မပြောဆိုဘူးလို့ နှုတ်သွင်းတဲ့စိတ်၊ ဆောက်တည်ရင်လည်း ဆောက်တည်နေတဲ့အခါကာလမှာ ဖြစ်တဲ့စိတ်၊ တကယ်ပြောစရာပေါ်တဲ့အခါကျတော့ မပြောတော့ဘူးလို့ ကြဉ်ရှောင် လိုတဲ့စိတ်၊ အဲဒါ သမ္မာဝါစာပဲ၊ ဒါ မူလမဂ္ဂင်တွေပဲ။

သမ္ဖပ္ပလာပမှ ကြဉ်ရှောင်ခြင်း

သမ္ဖပ္ပလာပ-အပြိန်အဖျင်းတွေ၊ အနှစ်သာရမဲ့တဲ့ ဒဏ္ဍာရီဝတ္ထုမျိုးလို ပေါ့လေ၊ မဟုတ်က ဟုတ်ကဟာတွေကို တကယ်ဟုတ်တဲ့အနေအားဖြင့် ပြောဆို နေရင် အဲဒါနားထောင်တဲ့ပုဂ္ဂိုလ်တွေကလည်းပဲ ရယ်သွားလို့ရှိရင် သမ္ဖပ္ပလာပ ဖြစ်တယ်၊ ဥပမာအနေအားဖြင့် ပြောတာတွေကတော့ ရှိပါတယ်၊ ကျမ်းဂန်တွေ

http://www.dhammadownload.com

ပါဏာတိပါတာ-ပါဏာတိပါတာမှ၊ (ဝါ) သူ့အသက်ကို သတ်ဖြတ်ခြင်းမှ၊ ဝေရမဏိ-ကြဉ်ရှောင်ခြင်းလည်းကောင်း၊ အဒိန္နာဒါနာ-အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏိ-ကြဉ်ရှောင်ခြင်းလည်းကောင်း၊ ကာမေသုမိစ္ဆာစာရာ-ကာမဂုဏ်တို့၌ မှားယွင်းလွန်ကျူးခြင်းအကျင့်မှ၊ ဝေရမဏိ-ကြဉ်ရှောင်ခြင်းလည်းကောင်း၊ ဘိက္ခဝေ-တို့၊ အယံ-ဤသုံးပါးကို ကြဉ်ရှောင်ခြင်းကို၊ သမ္မာကမ္မာန္တော-ဟူ၍၊ ဝုစ္စတိ-၏။

ပါဏာတိပါတ စသည်မှ ကြဉ်ရှောင်ခြင်း

သမ္မာကမ္မန္တ-မှန်စွာပြုခြင်း၊ ကိုယ်ဖြင့် မှန်ကန်စွာပြုခြင်း၊ ကောင်းသောအမှုကို ပြုခြင်း၊ မှန်စွာပြုခြင်းဆိုတာ ဘာလဲဆိုရင်

(၁) သူတစ်ပါးအသက်သတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊
(၂) သူတစ်ပါး ဥစ္စာခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း၊
(၃) ကာမဂုဏ် မှားယွင်းကျူးလွန်ခြင်းမှ ကြဉ်ရှောင်ခြင်း၊

အကျဉ်းချုပ်အားဖြင့် သုံးခုပဲ၊ "သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်ပါ၏" လို့ ဆောက်တည်တဲ့ကာလမှာ ကြဉ်ရှောင်လိုတဲ့ သဘော ဖြစ်တယ်၊ အဲဒါဟာ သမ္မာကမ္မန္တပဲ၊ အဲဒီဆောက်တည်ထားတဲ့အတိုင်း တကယ် သတ်စရာအကြောင်း ပေါ်လာတဲ့အခါကျလည်း မသတ်ဘူး၊ သတ်စရာအကြောင်း ဆိုတာ ရှိတာပေါ့လေ၊ မစောင့်စည်းတဲ့ပုဂ္ဂိုလ်တွေ သတ်နေတာပဲ၊ ခြင်တို့, ကြမ်းပိုးတို့, ပုရွတ်ဆိတ်တို့ ဘာတွေ ညာတွေ သတ်နေတာပဲ၊ သီလသိက္ခာမရှိတဲ့ ပုဂ္ဂိုလ်တွေတော့ ဒါတွေကို သတ်ဖြတ်နေတာပဲ။ လွယ်တဲ့နည်းနဲ့ ဖြစ်နိုင်တဲ့နည်းနဲ့ သတ်ဖြတ်နေတာ ပိုးမွှားတိရစ္ဆာန်တွေ ဘာတွေ ညာတွေ လိုက်ပြီး သတ်ဖြတ်နေကြတာ၊ ဗုဒ္ဓဘာသာဝင် သီလရှိတဲ့ပုဂ္ဂိုလ်တွေက ဒါတွေကို မသတ်ဘူး၊ မလာစေချင်လို့ရှိရင် ချောက်လွှတ်တယ်၊ သူတို့ ရှောင်တိမ်းပြီးတော့ နေရင်လည်းနေတယ်၊ သတ်တော့ မသတ်ဘူး၊ အဲသလို အခါကာလတွေမှာ သမ္မာကမ္မန္တတွေ ဖြစ်လာတယ်။

"သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ပါ၏"လို့ ဆောက်တည်တဲ့အခါ ခိုးယူစရာအကြောင်းရှိတဲ့အခါကျ မခိုးယူဘူး၊ ဘယ်နည်းနဲ့မှ မခိုးယူဘူး၊ အဲဒီ အခါကာလလည်းပဲ သမ္မာကမ္မန္တဖြစ်တယ်။

http://www.dhammadownload.com

"ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"လို့ ဆောက်တည်ပြီး ကာမဂုဏ်တွေ ကျူးလွန်လိုတဲ့စိတ်ဖြစ်တဲ့အခါမှာလည်း မကျူးလွန်ဘဲနဲ့ ကြဉ်ရှောင်တာဟာ "ကာမေသု မိစ္ဆာစာရာ ဝေရမဏီ"ဆိုတဲ့ ဒေသနာအရနဲ့ သမ္မာကမ္မန္တဖြစ်တယ်၊ ဒါလည်းပဲ **မူလမဂ္ဂင်**ပဲ၊ သီလဆောက်တည်တဲ့အခါ သီလဆောက်တည်ထားတဲ့အတိုင်း စောင့်ရှောက်ထိန်းသိမ်းပြီးတော့ နေတဲ့အခါတွေမှာ မူလမဂ္ဂင်တွေ ဖြစ်နေတယ်။

ဝိပဿနာမဂ္ဂင်နဲ့ ဝိပဿနာရှုတဲ့အခါကာလကျတော့ ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တတွေ သိတယ်၊ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တဲ့ ရုပ်နာမ်သခါရ အနိစ္စ, ဒုက္ခ, အနတ္တတွေကို သိတယ်၊ အဲဒီသိတဲ့အခါမှာ ပါဏာတိပါတမှ ကြဉ်ရှောင်မှုလည်း အလိုလိုပြီးသွားတယ်၊ ဘာကြောင့်တုံးဆိုရင် သတ္တဝါကို သတ်တယ်ဆိုတာဟာ သတ္တဝါလို့အထင်ရှိလို့ သူသတ်တာကို၊ အသက်ရှင်နေတဲ့အကောင်ပဲ အခုလည်း ရှိနေတယ်၊ တော်တော်ကြာလည်း ရှိဦးမယ်၊ နောက်လည်း ရှိမယ်၊ ငါ့ကို တော်တော်ကြာလည်း နှိပ်စက်ဦးမယ်၊ ငါ့အကျိုးမဲ့တွေ သူအရင်ကလည်း ပြုခဲ့တယ်၊ နောက်လည်း ပြုဦးမယ်၊ ဒီလိုစိတ်တွေနဲ့ သူစွဲလမ်းပြီးတော့ သတ္တဝါကို သတ်တာကို။

မြင်လိုက်, ကြားလိုက် တွေ့လိုက်တဲ့အခါမယ် ရှုမှတ်လိုက်လို့ ရိပ်ခနဲပေါ်ရိပ်ခနဲပျောက်သွား၊ ဘာမှ ပုဂ္ဂိုလ်သတ္တဝါအနေ မထင်ဘူး၊ ဖြစ်ပြီးပျောက်သွားတာပဲ၊ အဲဒီလို ထင်နေတဲ့အခါကာလ သတ်လိုတဲ့စိတ် ဘယ်ဖြစ်မလဲ၊ တချို့အမှတ်ကောင်းတဲ့အခါမှာ တစ်ခါတည်း မျက်စိမှိတ်ပြီး မှတ်နေတော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်နေရင်း ယားလည်း ယားတာ မှတ်၊ နာလည်း နာတာ မှတ်တော့ တစ်ခါတစ်ခါ ပုရွတ်ဆိတ်တွေ ဘာတွေ တက်ကိုက်နေလည်း မသိဘူး၊ သူက ပကတိ သီလလည်းပဲ မဆောက်တည်ဘူး၊ ဘာမှမလုပ်ဘူးဆိုရင် ပရွတ်ဆိတ်တစ်ကောင်ကိုက် တစ်ကောင်သိတာပေါ့၊ နှစ်ကောင်ကိုက် နှစ်ကောင်သိပြီးတော့ မစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ဆိုရင် ပွတ်သတ်လိုက်တာပဲ၊ သေရော့ပဲသွားရော့၊ နင်ကိုက်တာ နင်သေရောဆိုပြီးတော့ သတ်လိုက်တာပဲ၊ တစ်ခါကကိုရင်လေးတွေက သူ့ကိုက်တော့ ခါချင်တွေကို သူက ပွတ်သတ်တယ်၊ ဟဲ့.. ကိုရင်လေး မသတ်ကောင်းဘူး၊ ဘာပြုလို့ သတ်တာတုံးဆို ဟာ.. သူကိုက် သူ

http://www.dhammadownload.com

သေပေါ့လို့ ဆိုတယ်၊ သူက လာပြီးတော့ ကိုက်တာပဲ၊ သူကိုက်ရင် သူသေပေါ့ ဆိုပြီးတော့ ကိုယ်ရင်လေးက ပြောတယ်။

အဲဒါလိုပဲ၊ ဒါက ကိုရင်မို့လို့ ကိုရင်မဟုတ်တဲ့ သီလမရှိတဲ့ပုဂ္ဂိုလ်တွေဆိုရင် ပိုပြီးတော့ ဆိုးမှာပေါ့၊ အစောင့်အရှောက် အထိန်းအသိမ်းမရှိဘူး၊ ဒီလိုသတ်ဖြတ်နေတာ၊ ကိုယ်နိုင်ရင်တော့ ချမ်းသာမပေးဘူး၊ ဒီလိုလုပ်နေကြတာပဲ၊ ယခု တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေမှာလည်း တစ်ခါတစ်ခါ ပရွက်ဆိတ်တွေ ဝင်ကိုက်ရင် ရွှန်ရွှန့်လာနေတယ်၊ တရားသဘောတွေကလည်း ရွှန်ရွှန်ရွှန်တွေ ရှိတာကိုး၊ ရွှန်တွေ အကုန်မှတ်၊ ပုရွက်ဆိတ်မှန်းလည်း မသိဘူး၊ ကြည့်လည်း မကြည့်ဘဲဟာကို၊ ရွှန်ရွှန်တွေ ယားရင် ယားတယ်၊ ယားတယ် မှတ်၊ ရွှရင် ရွှန်ရွှန်ရွှန်တွေမှတ်၊ အဲဒီလို မှတ်နေတဲ့အခါ သူဘာသိတုံး ရွှန်ရွှန်ရွှန်တွေ သိတယ်၊ ယားရင် ယားတာလေးပဲ သိတယ်၊ ရွှခနဲ ယားလိုက်ရင်း ပျောက်သွားရင်း၊ ယားလိုက်ရင်း ပျောက်သွားရင်း ဒါပဲ သူက သိတယ်၊ ပုရွက်ဆိတ်ရယ်လို့လည်း မရှိဘူး၊ ငှက်ကိုက်တယ်ရယ်လို့လည်း မရှိဘူး၊ ဘာမှမရှိဘူး၊ ဒီတော့ သတ်ချင်တဲ့စိတ်လည်း မဖြစ်လာဘူး၊ အလိုလို ငြိမ်းနေတာ။

အဲဒါလိုပဲ မြင်တိုင်း၊ ကြားတိုင်း ဒွါရခြေက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်တွေ ဒီလိုသာ ရှုမှတ်နေလို့ရှိရင် အကုန်လုံး ပေါ်တယ်၊ ဘယ်ကမှ သတ်စရာ စိတ်ကူးတွေ မပေါ်လာနိုင်ဘူး၊ သတ်ဖို့ရာတွေ မဖြစ်လာဘူး၊ အဲဒါကြောင့် ရှုတိုင်းရှုတိုင်း ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တ သိနေတဲ့ ဝိပဿနာ စိတ္တုပ္ပါဒ်ထဲမှာ မသတ်ချင်တဲ့စိတ်တွေလည်း သူ့အလိုလို ပါဝင်သွားတယ်၊ တဒင်္ဂပဟာန်အားဖြင့် ကိလေသာအာရုံနဲ့စပ်ပြီး သူတစ်ပါးလည်း သတ်ဖြတ်ခြင်းမဖြစ်နိုင်ဘူးတဲ့၊ တစ်ခါတည်း ကင်းနေတယ်။

အဒိန္နာဒါနာ ဝေရမဏိ - သူတစ်ပါးဥစ္စာခိုးယူဖို့ရာလည်း မဖြစ်နိုင်ဘူးတဲ့၊ ကာမေသုမိစ္ဆာစာရ-ကာမဂုဏ်ကျူးလွန်လိုတဲ့စိတ်လည်း မဖြစ်နိုင်ပါဘူး၊ အဲဒါ ရှုတိုင်းရှုတိုင်း တည်တည်သွားတယ်၊ ဒါက ဝိပဿနာမဂ္ဂင်ကိုး၊ ဝိပဿနာဉာဏ် ရင့်တဲ့အခါ နိဗ္ဗာန်အာရုံပြေးဝင်သွားတယ်၊ ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲ ရောက်သွားတယ်၊ အဲဒီရောက်သွားတဲ့အခါမှာ စိတ်ကလေးက တစ်ကြိမ်ဖြစ်တာပါပဲ၊ တစ်ကြိမ်ဖြစ်ပေမယ်လို့ ဒီဒုစရိုက်တွေ ကျူးလွန်လိုတဲ့စိတ် နောက်မဖြစ်

http://www.dhammadownload.com

တော့ဘူး၊ ကျူးလွန်နိုင်အောင် မဖြစ်ဘူး၊ သူများအသက်ကို သတ်နိုင်လောက်အောင်, သူများဥစ္စာကို ခိုးယူနိုင်လောက်အောင်, ကာမဂုဏ်တွေ ကျူးလွန်နိုင်လောက်အောင် မဖြစ်ဘူး၊ လောဘတော့ လုံးလုံးမကင်းသေးဘူးပေါ့၊ သောတာပတ္တိမဂ်ဖြင့် လောဘတော့ မကင်းသေးဘူး၊ ဒေါသလည်း မကင်းသေးဘူးပေါ့၊ ဒါကြောင့်မို့ လောဘနှစ်သက်စရာ သာယာစရာတွေတော့ ဖြစ်နိုင်သေးတာပဲ၊ စိတ်ဆိုး စရာရှိစိတ်ဆိုးမှုတော့ ဖြစ်နိုင်သေးတာပဲ၊ မခံချင်တဲ့စိတ် စိတ်ဆိုးတဲ့စိတ်ကတော့ ဖြစ်နိုင်သေးတာပဲ၊ ဒါပေမယ်လို့ သတ်နိုင်လောက်အောင်၊ ခိုးနိုင်လောက်အောင်၊ မတရားကျူးလွန်နိုင်လောက်အောင်အထိ လွန်လွန်ကျူးကျူးတော့ သူမဖြစ်တော့ဘူးတဲ့၊ အရှိန်အားလျော့သွားတယ်။

ဘာနဲ့တူနေတုံးဆိုတော့ အခုသာမန်ပကတိလူတွေမှာလည်းပဲ တချို့ပုဂ္ဂိုလ်တွေက တော်တော်သတ္တိကောင်းတယ်၊ မိုက်တယ်၊ သတ်ရဲတယ်၊ ဖြတ်ရဲတယ်၊ ခိုးရဲတိုက်ရဲတယ်၊ တချို့ပုဂ္ဂိုလ်တွေမှာ သတ်ရဲ, ဖြတ်ရဲ, ခိုးရဲ, တိုက်ရဲမရှိဘူး၊ ပကတိကိုက ဒီလိုဖြစ်နေတယ်၊ တချို့က "ပစ္စည်းမရှိလို့ရှိရင် ခိုးတယ်၊ ဝှက်တယ်" လို့ ပြောကြတယ်၊ ဒီလိုမဟုတ်ဘူး၊ ပစ္စည်းမရှိတိုင်းလည်း ခိုးတာမဟုတ်ဘူး၊ ခိုးတတ်တဲ့လူဟာ ခိုးတာပဲ၊ ဓားပြတိုက်တတ်တဲ့လူက တိုက်တာပဲ၊ တချို့ပုဂ္ဂိုလ်မရှိရင် ငတ်ပြီး သေတာ သေရမယ်၊ ဒါကြောင့်မို့ တချို့က ဆင်းရဲတဲ့အတိုင်း နေနေတာပဲ၊ ခိုးနိုင်တိုက်နိုင်လောက်အောင် သူမှာ စိတ်က မထက်သန်ဘူး၊ ဒါတွေကို လောကအနေအားဖြင့် ပြောရရင်တော့ သူညံ့တွေလို့ ခေါ်ရမှာပေါ့၊ ဒါပေမယ်လို့ တရားဘက်ကတော့ သူဟာ သူတော်ကောင်းပဲ၊ သူကမှ ချမ်းသာတာ၊ ဒီလိုပုဂ္ဂိုလ်တွေမှ ကြီးပွားချမ်းသာတာပဲ၊ ခု တရားအားထုတ်လိုက်တဲ့အခါကျတော့ အဲဒီလိုပဲ၊ အရိယမဂ်ဉာဏ်ဝင်သွားတဲ့အခါ နိဗ္ဗာန်အာရုံပြုပြီးတော့ အရိယမဂ်ဉာဏ်လေးစိတ်ထဲ တစ်ကြိမ်တည်း ဖြစ်လိုက်တာပဲ၊ အင်မတန် သတ္တိကောင်းတယ်၊ ဒါလေး တစ်ကြိမ်ဖြစ်အောင်လို့လည်း အားထုတ်လိုက်ရတာတော့ မနည်းဘူး။

မြတ်စွာဘုရားကတော့ ဝန်ခံထားတာပဲ၊ ကမ္မဋ္ဌာန်းကျောင်းလာရောက်ပြီး ခုနစ်နှစ် တရားအားထုတ်ရမယ်လို့ ဒါက အနာဂါမ်ရဟန္တာဖြစ်ဖို့ပါ၊ သောတာပန်တော့ မဟုတ်ပါဘူး၊ ဒါမှမဟုတ်ရင်လည်း (၆)နှစ်တို့၊ (၅)နှစ်တို့ လျှော့လာ၊ နောက်ဆုံး ဘယ်ထိအောင် လျှော့တုံး ဆိုတော့ (၇)ရက် အားထုတ်ရမယ်တဲ့၊

http://www.dhammadownload.com

(၇)ရက်အားထုတ်လို့ရှိရင် ဒါဖြစ်နိုင်တယ်တဲ့၊ အဲသလို မြတ်စွာဘုရားက ဝန်ခံထားတယ်။

အခု အားထုတ်တဲ့ပုဂ္ဂိုလ်တွေလည်း (၇)ရက်တော့ အနည်းဆုံး အားထုတ်ရတယ်၊ (၇)ရက်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်က တော်တော်ရှားတယ်၊ (၁၅)ရက်၊ ရက် (၂၀) တစ်လ၊ တစ်လကျော်ကျော် ဒီလိုအားထုတ်ရတာတွေက များနေတယ်၊ အချို့ အကြာကြီး အားထုတ်ရတာပဲ၊ အဲဒါ စိတ်ကလေးတစ်ကြိမ်ဖြစ်ဖို့ အားထုတ်ရတာ၊ နောက်ပြီး ရုပ်နာမ်သဘါဂြိမ်းတဲ့ အာရုံလေးကို ဖြုတ်ခနဲ ရောက်သွားဖို့ရာ စိတ်က မကြဲစည်ဘဲနဲ့ သူသဘာဝအတိုင်း တစ်ခါတည်း ဖြစ်တိုင်းဖြစ်တိုင်း၊ သိတိုင်း သိတိုင်းနဲ့ သူ့အလိုလို နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားအောင် ဒါလေး လုပ်နေရတယ်၊ ဒီစိတ်ကလေး ပြေးဝင်သွားလို့ရှိရင် တစ်ကြိမ်ဖြစ်လိုက်တာနဲ့ ဘယ်လောက် တန်ခိုးရှိတုံးဆိုတော့ သူတစ်ပါးအသက်ကို သတ်နိုင်လောက်တဲ့ စိတ်ကြမ်းတမ်းတဲ့ စိတ်တွေ မဖြစ်တော့ဘူးတဲ့၊ ဒေါသဖြစ်ရင်လည်း ဒေါသသာဖြစ်တယ်၊ သတ်နိုင်လောက်အောင် မဖြစ်တော့ဘူး၊ အဲဒီလိုချင်ရင်လည်း လိုချင်ရုံသာ ဖြစ်တယ်၊ ခိုးချင်လောက်အောင်, လုနိုင်လောက်အောင် မဖြစ်ဘူး၊ ကာမဂုဏ် ဖောက်ပြန်ကျူးလွန်နိုင်လောက်အောင် မဖြစ်တော့ဘူး၊ သာယာမှုတော့ ရှိဦးမှာပေါ့၊ သူက အဲဒါတွေ ကင်းသွားတယ်၊ သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သွားတာတဲ့၊ အဲဒါ မူလပုဗ္ဗ အရိယ သုံးခုလုံးပေါ့လေ။

မူလမဂ္ဂင်က သီလစောင့်ထိန်းတဲ့အခါ ဖြစ်တယ်၊ ပုဗ္ဗဘာဂမဂ္ဂင်ကတော့ ဝိပဿနာရှုတဲ့အခါမှာ ဖြစ်တယ်၊ အရိယမဂ္ဂင်ကတော့ နိဗ္ဗာန်အာရုံထဲ ပြေးဝင်တဲ့အခါမှာ အခိုက်အတန့်လေး တစ်ကြိမ်ထဲပါပဲ၊ သူတစ်ကြိမ်ထဲကို နာမည်တွေ အမျိုးမျိုးပေးနေတာ၊ သမ္မာသက်ပွကလည်းပဲ သူပဲ၊ သမ္မာဝါစာလည်း သူပဲ၊ သမ္မာကမ္မန္တ လည်း သူပဲ၊ စိတ်ကလေးတစ်ကြိမ်တည်းနဲ့ နာမည်တွေ အမျိုးမျိုးရနေတာ။

သမ္မာအာဇီဝနှင့် မဂ္ဂင်ဆုံးပါး

သမ္မာအာဇီဝပိုင်း ရောက်လာပြီ၊ သမ္မာအာဇီဝပိုင်း သွားကြစို့။

"ထတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ"

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာအာဇီဝေါ-မှန်ကန်စွာ အသက်မွေးမှုဟူသည်၊ ကတမော စ-အဘယ်ပါနည်းဟူမူကား။

http://www.dhammadownload.com

ဣဒံ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။

ဘိက္ခဝေ-တို့၊ ဣဒံ-ဤသာသနာတော်၌၊ အရိယသာဝကော-အရိယာသာဝကသည်၊ မိစ္ဆာအာဇီဝံ-မှားယွင်းသောအသက်မွေးမှု၊ မတရားသော အသက်မွေးမှုကို၊ ပဟာယ-ပယ်စွန့်၍၊ သမ္မာအာဇီဝေန-မှန်ကန်သော အသက်မွေးမှုဖြင့်၊ ဇီဝိတံ-အသက်မွေးခြင်းကို၊ ကပ္ပေတိ-ပြု၏။ ဘိက္ခဝေ-တို့၊ အယံ-ဤမှန်ကန်သော အသက်မွေးမှုကို၊ သမ္မာအာဇီဝေါ-ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

မစ္ဆာဇီဝ

"သမ္မာအာဇီဝ"ဆိုတာ ဘာလဲဆိုတော့ မိစ္ဆာအာဇီဝ-မှားသော အသက်မွေးမှုကို ပယ်ပြီးတော့ မှန်သော အသက်မွေးမှုကို ပြုတာပါပဲတဲ့၊ ဒါကတော့ ဒီလောက်နဲ့ မပေါ်ဘူး၊ မှားသော အသက်မွေးမှုဆိုတာ ပစ္စည်းရှာမှုပဲ၊ အသက်မွေးတယ်ဆိုတာ အသက်ရှည်အောင်လို့ မွေးမြူပြုစုရတာကိုး၊ မြန်မာက "အသက်မွေးတယ်"လို့ ခေါ်တာပဲ၊ ပါဠိလိုက "အာဇီဝ"တဲ့၊ "အာဇီဝ"ဆိုတာလည်း အသက်ရှင်ကြောင်းပဲ၊ အသက်ရှင်ကြောင်းအလုပ်၊ မြန်မာက အသက်မွေးမှုပစ္စည်းရှာတာ၊ အသက်ရှင်အောင်လို့ ကျွေးနေရတာ၊ ဒီခန္ဓာကြီးဟာ ကိုယ့်အင်အားစွမ်းနိုင်တဲ့ အချိန်က စပြီးတော့ ရှာဖွေစားသောက်လာရတာ၊ အစာကျွေးရတယ်၊ ကိုယ်နဲ့သင့်လျော်တဲ့ အသုံးအဆောင်တွေ ပေးရတယ်၊ တစ်နေ့ကို (၂)ကြိမ်၊ (၃)ကြိမ် အစာအာဟာရကျွေးရတယ်၊ ရေမိုးချိုးပေးရတယ်၊ အဝတ်အစားတွေလည်း သင့်တော်အောင်လို့ ဝတ်ပြုပေးရတယ်၊ နေရာထိုင်ခင်းတွေ ပေးရတယ်၊ အစစအရာရာ အဆင်ပြေအောင်လို့ သူ့ကို လုပ်ပေးနေရတယ်၊ သွားရေး၊ လာရေး၊ နေရေး၊ ထိုင်ရေးကော အားလုံးပဲ၊ သူအတွက် ဒီခန္ဓာကြီးဟာ အတော်လေး ကြောင့်ကြစိုက်ပြီးတော့ ပေးနေရတာ၊ အဲဒီရှာဖွေရတဲ့ဥစ္စာတွေ အသက်မွေးမှုတွေပဲ၊ အသက်ရှင်အောင် ဒီခန္ဓာကိုယ်ကြီး ရှင်မြဲရှင်အောင်လို့ လုပ်ပေးနေရတယ်၊ တည်မြဲတည်နေအောင်လို့ ကောင်းစား ချမ်းသာပြီးနေအောင်လို့ ပြုပြင်နေရတယ်၊ စောင့်ရှောက်နေရတယ်၊ အဲဒါ အသက်မွေးမှုတွေပဲ။

အတိုချုပ်ဆိုရင်တော့ ပစ္စည်းရှာမှုပဲ၊ ပစ္စည်းရှာမှု စားစရာရှာရတယ်၊ ဝတ်စရာ ရှာရတယ်၊ သုံးစရာ ရှာရတယ်၊ ပစ္စည်းရှာမှုတွေဟာ အသက်မွေးမှုတွေပဲ၊

http://www.dhammadownload.com

အဲဒီအသက်မွေးမှုကို ရှာတော့ ဘယ်လိုလုပ်ရှာသလဲဆိုရင် ကိုယ်နဲ့နှုတ်နဲ့ ရှာရတာပဲ၊ စိတ်ကူးသက်သက်နဲ့ ရှာလို့ မရပါဘူး။ စိတ်ကူးနေရုံနဲ့ ဘယ်ရမလဲ၊ စိတ်ကူးနေရုံနဲ့ စားစရာမရဘူး၊ ဝတ်စရာလည်း မရနိုင်ဘူး၊ စိတ်ကူးသက်သက်နဲ့တော့ မဖြစ်နိုင်ဘူး။ အဲဒီတော့ နှုတ်နဲ့ ပြောတန်တာ ပြောရတယ်၊ ကိုယ်နဲ့ ပြုလုပ်ပြီး ရအောင်လည်း ယူရတယ်၊ ဒီလိုလုပ်ရတာကိုး။

မိစ္ဆာဇီဝကြောင့်ခရောင်စေခြင်း

နှုတ်နဲ့ ပြောတဲ့အခါ မတရားသဖြင့် ပြောဆိုပြီး ရလာတာ ရှိတယ်၊ တရားသဖြင့် ပြောဆိုလို့ ရတာလည်း ရှိတယ်၊ တရားသဖြင့် ပြောဆိုရတာကတော့ သူတစ်ပါး၏အကျိုးမဲ့ မဖြစ်စေဘဲနဲ့ပေါ့လေ၊ သူလည်း ကောင်းတဲ့အနေ၊ ကိုယ်လည်း ကောင်းတဲ့အနေအားဖြင့် ပြောဆိုပြီးတော့ ရလာတာ ရှိတယ်၊ ဒါဟာ အပြစ်မရှိပါဘူး။ ဒါက တရားသဖြင့် အသက်မွေးတာ၊ မတရားသဖြင့် အသက်မွေးတယ်ဆိုတာကတော့ မတရားတဲ့နည်းနဲ့ နည်းမမှန်ဘဲ သူတစ်ပါးတွေ အကျိုးမဲ့ဖြစ်အောင်လို့ လုပ်တယ်၊ ပြီးတော့မှ ကိုယ့်အကျိုးရတာကိုး၊ ဟုတ်လား။

မုသာဝါဒ လိမ်ပြောတယ်၊ လိမ်ပြောတဲ့အတွက် ဟိုလူမှာ တစ်ဘက်သားမှာ အကျိုးမဲ့ဖြစ်ပြီး ကိုယ့်မှာတော့ ရတန်သလောက် ရလာမှာပေါ့၊ တစ်ကျပ်တန် ရမယ်၊ တစ်ဆယ်တန်ရမယ်၊ တစ်ရာတန်ရမယ် စသည်ဖြင့် လိမ်ပြောတာ၊ ဒီလို အဆင့်ဆင့်ရှိတာပေါ့၊ ဒီလိုစသည်ဖြင့် လိမ်ပြီးတော့ ပစ္စည်းရအောင်လို့ ပြောရတယ်၊ ဒီမုသာဝါဒတွေ အထူးအားဖြင့် အရောင်းအဝယ်တွေ ဘာတွေမှာ ရှိတတ်တယ်။

ပိသုဏဝါစာ - ကုန်းတိုက်တယ်တဲ့၊ ဒီလူနှစ်ဦးနှစ်ယောက် နေသမျှ ကာလပတ်လုံး ငါ့မှာ စီးပွားရေးလုပ်ငန်း မဖြောင့်ဘူး၊ ဒီလူနှစ်ဦးနှစ်ယောက် မတည့်မှပဲ၊ ဒီလူနဲ့တိုလူ ကွဲသွားမှပဲ၊ ငါနဲ့ပူးပေါင်းပြီးတော့ စီးပွားရေးလုပ်မှပဲ ဆိုပြီးတော့ ဒီလိုလုပ်ရသေးတာတွေလည်း ရှိတာကိုး၊ အဲဒီလိုဟာတွေ ပိသုဏဝါစာပဲ။

ဖရုသဝါစာတဲ့၊ ကြမ်းတမ်းသော စကားတွေ ပြောတယ်၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုပြီးတော့ လုပ်မှ ရခဲ့တာတွေ၊ ကြမ်းကြမ်းတမ်းတမ်း ပြောရတယ်၊ ဆိုရတယ်၊ ဆဲရတယ်၊ အော်ရတယ်၊ ငေါက်ရတယ်၊ အဲဒီလို ဥစ္စာတွေပဲ။

http://www.dhammadownload.com

သမ္မပ္ပလာပ-အပြိန်အဖျင်းဝတ္ထုတွေကတော့ အဲဒီပုံတိုဝတ္ထုတွေ ရေးပြီး စီးပွားရေးလုပ်ပြီးတော့ ရောင်းစားတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ **ပုံတိုဝတ္ထုတွေ မဟုတ် တဟုတ်တစတွေ ထရားတွေ နာထောင်းအောင် လုပ်ပြီးတော့ အဲဒီမှာ စီးပွားရအောင်လို့ အလှူခံပြီး ပစ္စည်းရအောင်လို့ ရှာဖွေနေတယ်၊ နောက်လိုက်နောက်ပါတွေ စုဆောင်း၊ အဲဒီလိုလုပ်ပြီးတော့ စီးပွားရေးတွေ လုပ်နေတာတွေလည်း ရှိထားပါပဲ။**

နောက်ပြီး ကာယက်ကတော့ သူများအသက်ကို သတ်ပြီးတော့ သူများဥစ္စာခိုးပြီးတော့ မတရားလုပ်တာတွေ ရှိပါတယ်၊ ကာမဂုဏ်အာရုံတွေလည်း မတရားကိုယ်တိုင်ကျူးလွန်၍ဖြစ်စေ၊ သူတစ်ပါးကို ကျူးလွန်ခိုင်း၍ဖြစ်စေ ရှာမှီးတာလည်း ရှိပါတယ်၊ ဒီဥစ္စာမတရားသဖြင့် ရှာမှီးနေတာတွေပဲ၊ အဲဒီမတရားသဖြင့် သူတစ်ပါး အကျိုးမဲ့တွေကို ဖြစ်စေပြီးတော့ ရှာမှီးတာတွေဟာ မိစ္ဆာအာဇီဝတွေပဲ၊ ခုနစ်ခု ရှိတယ်၊ ကာယက်က သုံးပါး၊ ဝစီက်က လေးပါး၊ အားလုံး (၇)ခု ရှိတယ်၊ အဲဒီ (၇)ခုကို ပယ်လိုက်လို့ရှိရင် သမ္မာအာဇီဝ ဖြစ်တာပဲ။

ကာယက်သက်သက် ဝစီက်သက်သက်လည်း ရှိတယ်၊ စီးပွားရေးနဲ့မဆိုင်ဘဲနဲ့ပေါ့လေ၊ စားရေး, သောက်ရေး, နေရေး, ထိုင်ရေးနဲ့ မဆိုင်ဘဲနဲ့ သက်သက်ဖြစ်တယ်၊ ပါဏာတိပါတ - သူတစ်ပါးအသက်ကို သတ်တယ်၊ သူတစ်ပါးဥစ္စာကို ခိုးတယ်၊ လိမ်ပြောတယ် စသည်ဖြင့် ဒီလိုဟာတွေ ရှိတာကိုး၊ အဲဒါတွေက အာဇီဝနဲ့ မဆိုင်ဘူး။

အသက်မွေးမှုနဲ့စပ်ပြီးတော့ စီးပွားဥစ္စာရအောင်လို့ သူတစ်ပါးကို သတ်ရတယ်၊ ခိုးရတယ်၊ လိမ်ရတယ်၊ ဒီလိုဟာတွေကတော့ "မိစ္ဆာအာဇီဝ"လို့ ခေါ်တယ်၊ ကာယက် ဝစီက်တွေပါပဲ၊ အဲဒီတော့ ကာယက် ဝစီက်တွေ မတရားသဖြင့် ပစ္စည်းဥစ္စာရအောင်လို့ ရှာမှီးတဲ့ ကာယက် ဝစီက်တွေကို "မိစ္ဆာဇီဝ"လို့ ခေါ်တယ်တဲ့။

မိစ္ဆာအာဇီဝ-မှားသောအသက်မွေးမှုတွေ၊ မတရားသဖြင့် အသက်မွေးမှုတွေ၊ မတရားသဖြင့် ပစ္စည်းရှာမှုတွေ၊ အဲဒါတွေကို ကြဉ်ရှောင်ပြီးတော့ တရားသဖြင့် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်တယ်၊ ရှာဖွေတယ်၊ တရားသဖြင့် ပစ္စည်းရှာတယ်၊ လူမှာလည်း လူအလိုက်ပေါ့လေ၊ ရဟန်းကျတော့ ကျယ်ဝန်းလာတယ်၊ လူကတော့ အရောင်းအဝယ်တွေ အလုပ်အကိုင်တွေနဲ့ စပ်တာကိုး၊ စီးပွားရေးနဲ့ စပ်တာကိုး။

http://www.dhammadownload.com

ရဟန်းကျတော့ သူက တစ်မျိုးပဲ၊ သူကတော့ မတရားသဖြင့် ရှာမှီးဖို့ရာ မတောင်းသင့်တာတွေကို တောင်းတယ်၊ စီးပွားရေးမလုပ်သင့်တာတွေ လုပ်တယ်၊ သူကလည်း တစ်မျိုးပဲ၊ သူများဥစ္စာတွေ ခိုးမှ တိုက်မှရယ်လို့တော့ မဟုတ်ဘူး၊ သူက သီလသိက္ခာပုဒ်တွေနဲ့စပ်ပြီး မစောင့်ရှောက်ဘဲနဲ့၊ သူများတွေ အထင်အမြင်ကြီးအောင်၊ မဟုတ်တာတွေကို ဟုတ်သယောင် လာဘ်လာဘကို မရသင့်ဘဲနဲ့ ရ အောင် အဲဒီလို မတရားတဲ့ရှာမှီးမှုတွေ ရှိပါတယ်၊ ရင်းနှီးအောင်လို့ တစ်ဦးနဲ့တစ်ဦး ဒကာ ဒကာမတွေနဲ့ ရင်းနှီးအောင်လို့ လုပ်ပြီးတော့ ဒီလိုပစ္စည်းရှာတာလည်း ရှိပါတယ်၊ သူတစ်ပါးအကျိုးတွေ ဆောင်ရွက်ပြီး ပစ္စည်းရှာနေတာလည်း ရှိပါတယ်၊ သူက အများကြီးပဲ၊ ရဟန်းမှာ ကုလဥသကအနေသနတွေဆိုတာ ရှိတယ်၊ မိစ္ဆာဇီဝ တွေ ခေါ်တယ်၊ သူကလည်း တစ်မျိုးပဲ၊ အဲဒီ မတရားတဲ့နည်းတွေနဲ့ ပစ္စည်းရှာမှီးမှု တွေဟာ "မိစ္ဆာအာဇီဝ"လို့ ခေါ်တယ်တဲ့။

အဲဒီ မိစ္ဆာအာဇီဝတွေ ပယ်ပြီးတော့ မတရားသဖြင့် နည်းနဲ့ မရှာဘဲနဲ့ တရားသဖြင့် နည်းနဲ့ ရှာတယ်၊ လူမှာလည်း လူအလိုက်, ရဟန်းမှာလည်း ရဟန်း အလိုက် ရသင့်ရထိုက်တဲ့ ပစ္စည်းတွေကို တရားသဖြင့် ရအောင်လို့ ရှာပြီးတော့ အသက်မွေးနေတာတဲ့၊ အဲဒါဟာ သမ္မာအာဇီဝပဲတဲ့၊ ဒါက အခြေခံမူလမဂ္ဂင်ပဲ။

ဝိပဿနာမဂ္ဂင်မှာတော့ ဝိပဿနာရှုတိုင်းရှုတိုင်းဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ ထင်မြင်နေလို့ရှိရင် အဲဒီမှာလည်း မိစ္ဆာအာဇီဝ မတရားသဖြင့် အသက်မွေး မှုတွေကို အလိုလိုပယ်ပြီးသားဖြစ်သွားတယ်၊ တဒင်္ဂပဟာန်အားဖြင့် ငြိမ်းနေတယ်၊ ဒါက ပုဗ္ဗဘာဂမဂ္ဂင်ပါပဲ။

ဝိပဿနာမဂ္ဂင်က ရင့်သန်ပြည့်စုံတဲ့အခါကျတော့ အဖြစ်အပျက်တွေ သိရင်း သိရင်းနဲ့ နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားတယ်၊ နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားတဲ့ စိတ်ကလေးဖြစ်တယ်၊ အခုနပြောတဲ့ စိတ်ကလေးပဲ၊ ဒီစိတ်ကလေး တစ်ကြိမ်ဖြစ် လိုက်တာနဲ့ မတရားသဖြင့် အသက်မွေးမှုတွေကို သူမလုပ်တော့ဘူး၊ မတရား သဖြင့် အသက်မွေးမှုတွေ ဘာမှမပြုတော့ဘူး၊ ဒါကြောင့် တချို့တရားအားထုတ်ပြီး တဲ့ အခါကာလကျလို့ရှိရင် ပြုနေကျ မတရားသဖြင့် အလုပ်တွေကို ပြုလိုတဲ့စိတ် မရှိတော့ဘူး၊ လုံးလုံးစွန့်သွားတယ်၊ ဘာမှမလုပ်တော့ဘူး၊ အကုသိုလ်အမှုတွေနဲ့ စီးပွားရှာမှုတွေလည်း ဘာမှမလုပ်တော့ဘူး၊ အဲဒီလို စင်ကြယ်ပြီးသွားတယ်တဲ့၊ ဒါက သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သွားတာ၊ အဲဒါဟာ သမ္မာအာဇီဝပဲတဲ့။

http://www.dhammadownload.com

မူလမဂ္ဂင်၊ ပုဗ္ဗဘာဂမဂ္ဂင်၊ အရိယမဂ္ဂင် သုံးခုရှိတယ်နော်၊ အဲဒီ သုံးခုလုံးဟာက အစဉ်အတိုင်း ပွားများရတာပဲ၊ ပထမ ရှေးဦးစွာတော့ မူလမဂ္ဂင်နဲ့ ပွားများနေရတယ်၊ ဝိပဿနာမရှိနိုင်သေးခင် မူလမဂ္ဂင်အနေနဲ့ ပွားများရတယ်၊ ကုသိုလ်ကောင်းမှုတရားတွေ ပွားများအားထုတ်နေရင် အဲဒီမူလမဂ္ဂင်တွေပါပဲ၊ ဈာန သီလ သမထဘာဝနာ သာမန်ကုသိုလ်တရားတွေ ပွားများတိုင်း ပွားများတိုင်း ကောင်းသော အလုပ်တွေ ပြုလုပ်တိုင်း ပြုလုပ်တိုင်း မူလမဂ္ဂင်တွေ ဖြစ်နေတယ်၊ ဝိပဿနာရှုတဲ့အခါကျတော့ **ပုဗ္ဗဘာဂမဂ္ဂင်ဖြစ်**တယ်၊ ဝိပဿနာဉာဏ်ရင့်သန်ပြည့်စုံတဲ့အခါကျတော့ နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားတဲ့အခါမှာ အရိယမဂ္ဂင်ဖြစ်တယ်၊ အဲဒီမဂ္ဂင်တရားတွေ အစဉ်အတိုင်းပွားများသွားလို့ရှိရင် နိဗ္ဗာန်ကို ရောက်သွားတယ်လို့ ဆိုတာ ဘုန်းကြီးက ဆောင်ပုဒ်ကလေး ပေးထားတယ်၊ တိုတိုလေးက အင်မတန်အသုံးကျတယ်။

* **မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်၊**
ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။

ကိုင်း. . ဈာလေးဆိုပြီးတော့ တရားသိမ်းကြဦးစို့ရဲ့ နောက်နားက တော်တော် ကျန်သေးတယ်။

* **"မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်၊**
ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။ (ဆို သုံးခေါက်)

မူလမဂ္ဂင်တွေ ရှေးကလည်း ပွားများခဲ့ကြပြီ၊ ယခုတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သာမန်ကုသိုလ်ကောင်းမှုတွေ ပြုတိုင်းပြုတိုင်း မူလမဂ္ဂင်တွေ ပွားတယ်၊ ဈာန သီလတွေ ပွားများတိုင်း ပြုတိုင်းပြုတိုင်းဟာ မူလမဂ္ဂင်တွေက ပွားလာကြတယ်၊ အခု ဝိပဿနာရှုတိုင်းရှုတိုင်း ပုဗ္ဗဘာဂမဂ္ဂင် ရောက်နေတယ်၊ အဆင့်အတန်း မြင့်လာတယ်၊ တစ်ဆင့်ထက်တစ်ဆင့် တက်လာတယ်၊ လှေကား တစ်ထစ်ချင်း တစ်ထစ်ချင်း တက်လာသလိုပဲ၊ မူလမဂ္ဂင်ကနေပြီးတော့ ခု ပုဗ္ဗဘာဂမဂ္ဂင် အရိယမဂ္ဂင် ရောက်တော့မလို့ အရိယမဂ်ဆီသွားမလို့ ပုဗ္ဗဘာဂမဂ္ဂင် ရောက်နေတယ်။

မှတ်တိုင်း မှတ်တိုင်း ပုဗ္ဗဘာဂမဂ္ဂင်တစ်ခုတစ်ခု ပွားနေတယ်၊ ဖောင်းတာ တစ်ခါမှတ်လိုက်၊ ပုဗ္ဗဘာဂမဂ္ဂင်တစ်ခုပဲ၊ သမ္မာဒိဋ္ဌိလည်း ပါတယ်၊ ဒီထဲမှာ သမ္မာ

http://www.dhammadownload.com

သက်ပွလည်း ပါတယ်၊ သမ္မာဝါစာလည်း ပါတယ်၊ သမ္မာကမ္မန္တလည်းပါတယ်၊ သမ္မာအာဇီဝလည်း ပါတယ်၊ နောက် သမ္မာဝါယာမစသည်တို့လည်း ပါပါသေးတယ်၊ သူက မဟောရသေးဘူး၊ အဲဒါတွေက ပြန်စဉ်းစားရင် အကုန်လုံးပါနေတာပဲ၊ သမ္မာဒိဋ္ဌိအရနဲ့ "ဒုက္ခေ ဉာဏ်- ဒုက္ခ သိတယ်" ဆိုတာ ဒုက္ခတရားပဲ၊ ဖောင်းတာလေး ဖြစ်ပျက်နေတာ ဒုက္ခတရားပဲ၊ သူသိနေတာ သူသိနေတာနဲ့ သမုဒယကိုလည်း ပယ်ခြင်းကိစ္စပြီးနေတာပဲ၊ ဒီဖြစ်ပျက်နေတဲ့ သဘောပေါ်မှာ သာယာပြီးတော့နေတဲ့ သမုဒယသစ္စာလည်း မဖြစ်ဘူး၊ ပယ်ခြင်းကိစ္စ ပြီးတယ်၊ ဒုက္ခနဲ့သမုဒယ သိနေတယ်၊ ဒုက္ခသမုဒယသိတော့ တဒင်္ဂအားဖြင့် ကိလေသာတွေ ငြိမ်းနေလို့ တဒင်္ဂနိဗ္ဗာန်လည်း ရောက်နေတယ်၊ ရှုတိုင်းရှုတိုင်းလည်း ဝိပဿနာ မဂ္ဂင်ဟာ ပွားနေတယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကလည်း ပွားများနေတယ်၊ မဂ္ဂသစ္စာတရားက ပွားများနေတယ်၊ မဂ္ဂသစ္စာတရားလည်း သိပြီးတော့နေတယ်။

အဲဒါကြောင့် မှတ်တိုင်းမှတ်တိုင်း **သမ္မာဒိဋ္ဌိ**ပွားများတယ်၊ ဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်း ရုပ်သဘော နာမ်သဘော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောလေးတွေ ထိုက်သည့်အားလျော်စွာ သူကသိနေတော့ သမ္မာသက်ပွတွေဖြစ်နေတယ်၊ အမှန်အတိုင်း သဘောတရားလေးတွေ ဦးတန်းဦးတန်း ပြီးတော့ တက်တက်သွားတော့ သမ္မာသက်ပွတွေဖြစ်နေတယ်၊ မိစ္ဆာသက်ပွတွေ ပယ်ပြီးသား ဖြစ်နေတယ်၊ ကာမအာရုံတွေကို သာယာနှစ်သက်ပြီးတော့ ကြံတဲ့ ကာမဝိတက်တွေ ငြိမ်းနေတယ်၊ ဒါကြောင့်မို့ တရားအားထုတ်နေတဲ့အခါကာလ ဒီဝိတက်တွေ တော်တော်အရှိန်သေနေတာ၊ တချို့တော်တော်လေး လေ့လာပွားများအားထုတ်လို့ရှိရင် ကာမဂုဏ်အာရုံတွေ စိတ်မကူးမိအောင် စိတ်ကိုငြိမ်လို့ တချို့ပုဂ္ဂိုလ်ဟာ ဒီလိုတောင် ထင်တယ်၊ ဒီကာမကိလေသာတွေများ ကင်းများနေသလားလို့တောင် တချို့က အောက်မေ့တယ်၊ အဲဒါဟာ အရိယမဂ်မရောက်သေးရင် ကင်းတော့ မကင်းသေးဘူး၊ ငြိမ်းတော့နေတယ်၊ ကာမသက်ပွတွေ ငြိမ်းတယ်၊ ဗျာပါဒတွေတဲ့ ပျက်စီးစေလိုတဲ့ အကြံအစည်မျိုးတွေ ငြိမ်းနေတယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်မှာ သူတစ်ပါးအကျိုးမဲ့ဖြစ်အောင်, သူတစ်ပါးသေအောင်, ပျက်အောင် ကြံစည်တဲ့သဘောမျိုး မရှိဘူး၊ သူတစ်ပါးညှဉ်းဆဲလိုတဲ့စိတ်ဟာ မဖြစ်ဘူး၊ ငြိမ်းနေတယ်၊ အင်မတန်ကောင်းတယ်။

http://www.dhammadownload.com

အဲဒီတော့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်တွေ လည်းပဲ ရှုတိုင်း မှတ်တိုင်း ဒီရှုမှတ်တဲ့အာရုံနဲ့စပ်ပြီးတော့ ပြည့်စုံနေတာပဲ၊ ကာယကံဒုစရိုက်တွေ ကျူးလွန်လိုတဲ့စိတ်မဖြစ်ဘူး၊ ဝစီကံဒုစရိုက်တွေ ကျူးလွန်လိုတဲ့စိတ်မဖြစ်ဘူး၊ တချို့ပုဂ္ဂိုလ်များ ပထမက ခတ်ကြမ်းကြမ်းက နေလာတော့ မတော်တာတွေ လုပ်လာတာက စုံလို့ကိုး၊ တရားအားထုတ်နေရင်း သူဘယ်လို ဖြစ်လာတုံးဆိုတော့ ဒီမကောင်းမှုတွေ နောက်ဘယ်တော့မှ မလုပ်တော့ဘူးဆိုတဲ့ စိတ် တစ်ခါတည်း ရောက်လာတယ်၊ အထူးအားဖြင့်တော့ ဥဒယဗ္ဗယညာဏ်ဆီ ရောက်တဲ့အခါကာလ ဒီစိတ်က ဖြစ်တတ်တယ်၊ တချို့ အစကနေပြီးတော့ ချွတ်ယွင်းလာတာလေးတွေ ရှိနေတယ်၊ အဲဒါ ပြန်စစ်ဆေးကြည့်တယ်၊ ငါ့ဥစ္စာ မမှန်တာတွေ နောက်မလုပ်တော့ဘူးဆိုပြီး စိတ်ရောက်တယ်၊ ကမ္မဋ္ဌာန်းဆရာတွေ ဘာကိုလည်း သူတို့တာဝန်ခံထားတယ်၊ ဒီနေရာရောက်လို့ရှိရင် စိတ်ကလေးက ဖြောင့် သွားတာ၊ ဖြောင့်မတ်တဲ့သဘောလေး ဖြစ်လာတယ်၊ အစတုန်းကတော့ မဖြောင့် သေးဘူး၊ တရားအားထုတ်နေလို့ ဖြောင့်လာလို့ရှိရင် အဲဒီဥစ္စာ တစ်ခါတည်း သူ့အပြစ်တွေ သူဖော်ပြောပြီး ဝန်ခံတတ်တယ်၊ သူကအင်မတန် ကောင်းတယ်။

အဲဒါကြောင့် ရှုတိုင်းရှုတိုင်း အဲဒီဝိပဿနာမဂ္ဂင်တွေ ဖြစ်တယ်၊ ပုဗ္ဗဘာဂ မဂ္ဂင်တွေပဲ ပွားများနေတာတဲ့၊ ပုဗ္ဗဘာဂမဂ္ဂင်တွေက ဆုံးသွားတာနဲ့ နောက်ဆုံး စိတ်ကလေး နိဗ္ဗာန်ထဲ ပြေးဝင်သွားတဲ့ စိတ်ကလေး ဖြစ်လိုက်လို့ရှိရင် အရိယ မဂ္ဂင် ရောက်မှာ၊ သူကတော့ တစ်ကြိမ်တည်းပဲ၊ အဲဒီတစ်ကြိမ်ရောက်ဖို့ရာ အခု အားထုတ်နေရတာ။

ဘုရားထီးတင်ချင်တော့ ရွှေဥဒိုးစွာ ထီးက စတင်ချင်လို့ ဖြစ်တာမဟုတ်ဘူး၊ အောက်ကနေပြီး အခြေခံအုတ်မြစ်ကစပြီးတော့ ငြမ်းတွေ ဘာတွေ ဆင်ရသေးတယ်၊ အဲဒါတွေ ဆင်ပြီးတော့မှ ထီးသစ်ထင်ရတယ်၊ ခဏခဏလေး သူက မကြာပါဘူး။

အဲဒါလိုပဲ အရိယမဂ်ဖြစ်ဖို့ရာတွေဟာ ပုဗ္ဗဘာဂမဂ္ဂင်နဲ့ မူလမဂ္ဂင်တွေက စပြီးတော့ အခြေတည်ပြီး ပွားများလာရတာ၊ မူလမဂ္ဂင်တွေကတော့ ပွားခဲ့လို့ တော်တော်ပြည့်စုံခဲ့ကြပါပြီ၊ အခု ပုဗ္ဗဘာဂမဂ္ဂင်တွေ ပွားနေရတယ်၊ တော်တော်ဟန် ကျသွားပြီ။

http://www.dhammadownload.com

တောင်တက်တဲ့ပုဂ္ဂိုလ်များ တောင်ခါးလည်လောက် ရောက်နေသလိုပေါ့လေ၊ မြန်ကြည့်လို့ရှိရင် ကိုယ့်အဆင့်လေးဟာ တော်တော်မြင့်နေပြီလို့ အောက်မေ့ရတယ်၊ စိတ်အားတက်စရာ ဝမ်းသာစရာ အင်မတန်ကောင်းတယ်၊ ဒီလိုအချိန် အခါကာလ အင်မတန်ရခဲတယ်၊ အဲဒါ ကြိုးစားပြီးတော့ တရားအားထုတ်ဖို့ရာ လိုပါတယ်၊ နောက် မဂ္ဂင်တွေကတော့ အဆင့်သင့်တဲ့ သီတင်းကျတော့မှ ဟော တော့မယ်။

ယနေ့တော့ တရားသိမ်းကြဦးစို့၊ အချိန်ကလည်း တော်တော်ကြာသွားပြီ။

ဤအရိယမဂ္ဂင်တရားကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မဿဝန ကုသိုလ် စေတနာ၏အစွမ်းအာနုဘော်တို့ကြောင့် ယခု တရားနာပရိသတ်အပေါင်းတို့သည် မိမိတို့သန္တာန်၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ အစရှိသော အရိယာမဂ္ဂင်တရားတို့ကို မူလမဂ္ဂင်အနေအားဖြင့်လည်းကောင်း၊ ပုဗ္ဗဘာဂမဂ္ဂင်အနေအားဖြင့်လည်းကောင်း ပွားများအားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ်ဖြင့် ရုပ်နာမ်သင်္ခါရငြိမ်းသော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

* * * * * *

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်
တတိယပိုင်း
[၁၃၂၃-ခုနှစ်၊ တပို့တွဲလတွယ်နေ့ ဟောကြားသည်။]

သမ္မာဝါယာမနှင့် မဂ္ဂင်သုံးပါး

ဒီနေ့ဟောရမယ့်တရားကတော့ အရင်ကဟောခဲ့တဲ့ ဓမ္မာနုပဿနာပိုင်းက မဂ္ဂသစ္စာ၊ မဂ္ဂသစ္စာမှာ မဂ္ဂင်ရှစ်ပါးရှိတဲ့အနက်က သမ္မာဒိဋ္ဌိပြီးသွားပြီ၊ သမ္မာသင်္ကပ္ပ ပြီးသွားပြီ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတွေလည်း ပြီးသွားပြီ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဒီသုံးခုကျန်နေတယ်၊ အဲဒီသုံးခုကို ဟောရမယ်။

သမ္မာဝါယာမမဂ္ဂင်ကို မြတ်စွာဘုရားက သမ္မပ္ပဓာန်လေးပါးနဲ့ အကျယ်ဝေဖန်ပြီး ဟောထားတယ်။

"ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော"

"ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာဝါယာမော-သမ္မာဝါယာမသည်၊ ကတမော စ-အဘယ်ပါနည်း" သမ္မာဝါယာမ-ကောင်းစွာအားထုတ်ခြင်း၊ မှန်စွာအားထုတ်ခြင်း ဆိုတဲ့ မဂ္ဂင်တရားဟာ ဘယ်တရားလဲ၊ ဘယ်လို သဘောတရားပါလဲလို့ မေးပါတယ်။

မဖြစ်သေးတဲ့ အကုသိုလ် မဖြစ်ရအောင် အားထုတ်ခြင်း

ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သည်၊ အနုပ္ပန္နာနံ-မဖြစ်ကုန်သေးသော၊ ပါပကာနံ-ယုတ်ညံ့ကုန်သော၊ အကုသလာနံ ဓမ္မာနံ-အကုသိုလ်

http://www.dhammadownload.com

တရားတို့၏၊ အနုပ္ပါဒါယ-မဖြစ်ပေါ်ခြင်းငှာ၊ ဆန္ဒ-လိုလားခြင်း၊ အားထုတ်ခြင်းကို ဇနေတိ-ဖြစ်စေ၏၊ ဝါယမတိ-အားထုတ်၏၊ ဝီရိယံ-လုံ့လကို၊ အာရဘတိ-အား ထုတ်၏၊ စိတ္တံ-စိတ်ကို၊ ပဂ္ဂဏှာတိ-ချီးမြှောက်၏၊ ပဓဟတိ-အားထုတ်၏။

မဖြစ်သေးတဲ့အကုသိုလ်တရားတွေ မဖြစ်ရအောင်လို့ အားထုတ်တယ်တဲ့၊ အဲဒါ သမ္မပ္ပဓာန်တစ်ခုပဲ၊ အတိုချုပ်ကတော့ ဒါပါပဲ၊ မိမိမှာ မဖြစ်သေးဘူး၊ သူတစ်ပါးတွေမှာတော့ ဖြစ်ကြတယ်၊ တချို့ကုသိုလ်တွေ ရှိတာကိုး၊ ဒီလောဘ၊ ဒေါသ၊ မောဟအနေနဲ့ ပြောမယ်ဆိုရင်တော့ မဖြစ်ဘူးတဲ့ အကုသိုလ်ရယ်လို့ ဘယ်ရှိမလဲ၊ သံသရာဘဝအဆက်ဆက်က ဖြစ်ခဲ့တဲ့ အကုသိုလ်တွေ ယူပြီး ပြော မယ် ဆိုရင် မဖြစ်ဘူးတဲ့ အကုသိုလ်တွေ မရှိဘူး။

သို့သော်လည်း ဒီဘဝမှာ အာရုံအနေအားဖြင့်လည်းကောင်း၊ အမှုကိစ္စ အနေအားဖြင့်လည်းကောင်း မဖြစ်သေးဘူးတဲ့ အကုသိုလ်တွေ ရှိတယ်၊ အာရုံ အနေအားဖြင့် လောဘဖြစ်တယ်ဆိုရင် လိုချင်စရာ အာရုံဝတ္ထုတွေ အမျိုးမျိုး ရှိတယ်၊ တချို့တချို့သော အာရုံဝတ္ထုတွေမှာ လိုချင် တပ်မက်မှုတွေ မဖြစ်ရသေး ဘူး၊ အဲဒီလို အကုသိုလ်တွေ ရှိပါတယ်၊ အမှုကိစ္စအနေအားဖြင့်တော့ကို ပါဏာ တိပါတတို့၊ အဒိန္နာဒါနတို့ ဒီလိုဟာတွေ ရှိတယ်၊ ပါဏာတိပါတ ဆိုတာကို တချို့က လုံးလုံးမဖြစ်ဘူး၊ တချို့က ပါဏာတိပါတကို မသိမလိမ္မာခင်က ဖြစ်ဖူးသော်လည်းပဲ အသေးအမွှားလေးလောက်ပဲ ဖြစ်ဘူးတယ်၊ ကြီးကြီးကျယ်ကျယ် မဖြစ်ဖူးဘူး၊ အဲဒီလို မဖြစ်ဘူးတဲ့ အကုသိုလ်တွေ ဆိုတာ ရှိကြပါတယ်။

အဲဒီလိုမဖြစ်ဖူးသေးတဲ့ အကုသိုလ်တရားတွေတဲ့၊ ကိုယ့်မှာ ဒီအကုသိုလ်မျိုး တော့ မဖြစ်ဖူးသေးဘူး၊ သူများတွေတော့ဖြင့် ဖြစ်ဖူးတဲ့ပုဂ္ဂိုလ်တွေ အများကြီး ရှိတတ်ပါတယ်၊ အဲဒီအကုသိုလ်မျိုးတွေ မဖြစ်ရအောင်လို့ အားထုတ်တယ်တဲ့၊ ဒီလိုအကုသိုလ်မျိုး ငါမဖြစ်စေဖူးလို့ မဖြစ်အောင်လို့ ဒီလိုရည်ရွယ်ပြီး အားထုတ်ပါ တယ်တဲ့၊ အကုသိုလ်မဖြစ်ရအောင်လို့ သမထဘာဝနာအားထုတ်တာလည်း ရှိနိုင် တယ်၊ ဝိပဿနာဘာဝနာ ပွားများအားထုတ်တာလည်း ရှိနိုင်ပါတယ်၊ ခုတော့ ဝိပဿနာဘာဝနာ အားထုတ်တာကို ယူရမယ်၊ ဒီအကုသိုလ်မျိုးတွေက မိမိမှာ မဖြစ်လာသေးဘူး၊ ဒီတိုင်းအလွတ်နေလို့ရှိရင်ဖြင့် ဒီအကုသိုလ်တွေဟာ ဖြစ်ချင် လည်း ဖြစ်လာနိုင်တယ်၊ အဲဒီတော့ မဖြစ်သေးတဲ့အကုသိုလ်တရားတွေ မဖြစ်ရ

http://www.dhammadownload.com

အောင်လို့ ငါအားထုတ်မယ်လို့ တရားအားထုတ်ရတာကိုး၊ ဒီဘဝကစပြီးတော့ နောက် ဘယ်တော့မှ မဖြစ်လာရအောင်, အဲဒီအကုသိုလ်တွေဟာ တစ်ခါတည်း ငြိမ်းသွားအောင် အပါယ်လားကြောင်းဖြစ်တဲ့ အဲဒီအကုသိုလ်တရားတွေ ကိုယ့်မှာ မဖြစ်ဖူးသေးဘူး၊ သူများဖြစ်ဖူးလို့ရှိရင် သူများမှာတော့ ဖြစ်ဘူးနေတာတွေပေါ့၊ အများဆိုတော့ သူများမှာတော့ ဖြစ်ဖူးတယ်၊ ကိုယ့်မှာတော့ မဖြစ်ဖူးသေးဘူး ဆိုလို့ရှိရင် အပါယ်လားကြောင်းဖြစ်တဲ့ ပါဏာတိပါတ အဒိန္နာဒါန ကာမေသု မိစ္ဆာစာရ အစရှိတဲ့ အကုသိုလ်တရားတွေ မဖြစ်ရအောင်လို့ တရားအားထုတ်ရတယ်၊ အားထုတ်တိုင်း အားထုတ်တိုင်း ဒီသမ္မပ္ပဓာန်ပါဝင်နေတာပဲ၊ အားထုတ်မှုလုံ့လဝီရိယလေးက ပါနေတာပဲ။

ဖောင်းတယ်လို့ မှတ်လိုက်ရင် အဲဒီမှာလည်း ပါတာပဲ၊ ပိန်တယ်လို့ မှတ်လိုက်လည်း ပါတာပဲ၊ ဒါ သမ္မပ္ပဓာန်ဝီရိယတွေ၊ ဒီဝီရိယနဲ့ အားမထုတ်ရင် အမှတ်ရမှုတရား မဖြစ်နိုင်ဘူး၊ အဲဒီဝီရိယက အားထုတ်ပေးနေလို့, ကြောင့်ကြစိုက်နေလို့ အမှတ်ရမှုလေးဟာ ဖြစ်နေတယ်၊ လမ်းလျှောက်သွားတဲ့အခါဆို ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်ရင် ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ မှတ်တိုင်း မှတ်တိုင်း ဒီအားထုတ်မှုလေး ပါတယ်၊ ဒီအားထုတ်မှုလေး လျော့သွားတဲ့အခါဆိုရင် ဒီအမှတ်ရမှုလေး မဖြစ်တော့ဘူး၊ စိတ်တွေ ကခြားလွင့်သွားတယ်၊ ကွေးတယ်၊ ဆန့်တယ်လို့ ဒီလို မှတ်တိုင်း မှတ်တိုင်းလည်း ဒီဟာပါနေတာပဲ၊ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်ဖို့လို့ ရည်ရွယ်ပြီးတော့ ရှုတိုင်း မှတ်တိုင်းဟာ အဲဒီ ပထမသမ္မပ္ပဓာန်ဝီရိယ ပါဝင်ပြီးတော့ နေတာပဲတဲ့၊ ဒါက သမ္မာဝါယာမမဂ္ဂင်ပဲ။

ဖြစ်ပြီးအကုသိုလ် ပယ်နိုင်စေဖို့ အားထုတ်ခြင်း

ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဓဟတိ။

ဥပ္ပန္နာနံ-ဖြစ်ကုန်ပြီးသော၊ ပါပကာနံ-ယုတ်မာကုန်သော၊ အကုသလာနံ ဓမ္မာနံ-အကုသိုလ်တရားတို့ကို၊ ပဟာနာယ-ပယ်ခြင်းငှာ၊ ဆန္ဒံ-လိုလားခြင်း အားထုတ်ခြင်းကို၊ ဇနေတိ-ဖြစ်စေ၏၊ ဝါယမတိ-အားထုတ်၏၊ ဝီရိယံ-လုံ့လကို၊ အာရဘတိ-အားထုတ်၏၊ စိတ္တံ-စိတ်ကို၊ ပဂ္ဂဏှာတိ-ချီးမြှောက်၏၊ ပဓဟတိ-အားထုတ်၏။

http://www.dhammadownload.com

ဒုတိယသမ္မပ္ပဓာန်က ဖြစ်ပြီးသော အကုသိုလ်တရားတွေကို ပယ်နိုင်အောင် အားထုတ်တယ်၊ မိမိမှာ ဖြစ်ဖူးတဲ့ အကုသိုလ်တရားတွေဆိုတာ ရှိတယ်၊ လောဘဆိုတာလည်း ဖြစ်ဖူးနေတာပဲ၊ ဒေါသဆိုတာလည်း ဖြစ်ဖူးနေတာပဲ၊ မောဟဆိုတာလည်း ဖြစ်ဘူးနေတာပဲ၊ မာနတို့၊ ဒိဋ္ဌိတို့လည်း ဖြစ်ချင်ဖြစ်နေမှာပဲ၊ အဲဒီအကုသိုလ်တရားတွေ ရှိတယ်။

အာရုံတွေအနေနဲ့ဆိုရင်တော့ ပါဏာတိပါတ အဒိန္နာဒါန စသည်တို့ဟာ အကြီးအကျယ်မဟုတ်သော်လည်း အသေးအမွှားဖြစ်ချင်လည်း ဖြစ်နေမယ်၊ အကုသိုလ်ဆိုတာ လုံးလုံးတော့ ကင်းခဲတယ်၊ ကမ္မပထမြောက်လောက်အောင် မဟုတ်သော်လည်းပဲ အသေးအမွှား အကုသိုလ်လေးတွေ ဆိုတာတော့ ရှိနေတာပဲ၊ ကာယကံ ဝစီကံ မမြောက်သေးပေမယ်လို့ စိတ်ထဲကတော့ ကြံနေတဲ့ ကြံစည်မှုတွေ ရှိနေတာပဲ၊ အကုသိုလ်တရားတွေ ဖြစ်ဖူးတယ်၊ အဲဒီဖြစ်ဖူးတဲ့ အကုသိုလ်တရားတွေ ရှိနေတာတွေ ပယ်နိုင်အောင်လို့ အားထုတ်ရတယ်၊ ဖြစ်ဖူးတဲ့ အကုသိုလ်တရားတွေ နောက်ထပ်မဖြစ်ရအောင်လို့ ဒါတွေ အားထုတ်ရတယ်။

ဝဏီသမဆေရ်ကို နည်းယူခြင်း

သာသနာအစဉ်အဆက်မှာ တချို့ရဟန်းတော်များ ကိလေသာတွေ ဖြစ်လာတော့ အဲဒီကိလေသာတွေငြိမ်းအောင်လို့ အားထုတ်တာကိုး၊ ဝဏီသမထေရ်ဆိုရင် ဆွမ်းခံသွားနေရင်း ကိလေသာဖြစ်လာတော့ အရှင်အာနန္ဒာကို လျှောက်ထားတယ်၊ "အရှင်အာနန္ဒာတဲ့ . . . ကာမရာဂတော့ ဖြစ်လာပြီတဲ့၊ ကာမရာဂမီးတွေ လောင်နေပါတယ်တဲ့၊ ကာမရာဂငြိမ်းကြောင်းဖြစ်တဲ့တရားကို ဟောပါဦးတဲ့၊ သွန်သင်ဆုံးမပါဦး" ဆိုပြီးတော့ လျှောက်ထားတယ်၊ လျှောက်ထားတော့ အရှင်အာနန္ဒာက "အသုဘ နှလုံးသွင်းရမယ်လို့၊ သင် သုဘသညာ သွားနှလုံးသွင်းမိလို့ ကာမရာဂဖြစ်တယ်၊ ဝိသဘာဝအာရုံတွေ ဖြစ်တယ်၊ ယောက်ျားဖြစ်တဲ့ ပုဂ္ဂိုလ်တွေက မိန်းမများကို တစ်မျိုးတစ်ဖုံ ထင်တယ်တဲ့၊ ကောင်းတဲ့အနေအားဖြင့် သွားပြီး နှလုံးသွင်းရင် ဒါက ဖြစ်တတ်တယ်၊ မိန်းမဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ယောက်ျားဖြစ်တဲ့ပုဂ္ဂိုလ်တွေပေါ်မှာ လှပတယ်၊ တင့်တယ်တယ်၊ ကောင်းတဲ့အနေအားဖြင့် သွားပြီးတော့ ကြည့်ရှုနှလုံးသွင်းလို့ရှိရင် ဒီကာမရာဂတွေဆိုတာ

http://www.dhammadownload.com

ဖြစ်တတ်တယ်၊ အသုဘအာရုံ နှလုံးသွင်းမှတဲ့၊ အသုဘ အာရုံနှလုံးသွင်းလိုက်တော့ နှစ်သက်သာယာစရာမရှိဘူး၊ ရာဂတွေ ငြိမ်းသွားတယ်၊ သေသေချာချာ နှလုံးသွင်းရင် သေသေချာချာ ငြိမ်းနေတယ်။

တစ်နေ့က မော်လမြိုင်ရောက်တဲ့နေ့ကပါပဲ၊ ကျိုက်မရောဘုရား သွားဖူးတယ်၊ ကျိုက်မရောဘုရားဆိုတာ မော်လမြိုင်မှာ နာမည်ကြီးတန်ခိုးကြီးပါပဲ၊ ဘုရားဖူးတွေ ရောက်ရောက်သွားကြတယ်၊ အဲဒါနဲ့ သူတို့လိုက်ပို့လို့ ဘုန်းကြီးက ရွှေးကလည်း ရောက်ဖူးပါတယ်၊ ဒါပေမယ်လို့ ဘယ်မှလဲ သွားစရာမရှိတာနဲ့ ကိုယ်နဲ့ပါတဲ့ ပုဂ္ဂိုလ်တွေလဲ ရောက်ရအောင်၊ နောက်လမ်းမှာလည်းပဲ ပုဇွာရုံကျောင်းဆိုတာ ဝင်ချင်တာနဲ့ ဘုန်းကြီးလိုက်သွားတယ်၊ ဘုရားဖူးပြီးတော့ အရွှဲပ်ကားတွေ ရှေးထားတယ်၊ ပထမဆုံးကြည့်လိုက်တော့ ပွဲကြည့်တဲ့ပုံ အရွှဲပ်ကားတွေ တယ်သဘောကျစရာကောင်းတယ်၊ တယ်နေရာကျတယ်၊ ပွဲကနေတဲ့ပုဂ္ဂိုလ်နဲ့ ပွဲကြည့်နေတဲ့ ပုဂ္ဂိုလ်နဲ့ အရွှဲပ်ကားကြီး ရှေးထားတယ်၊ တစ်ဘက်က အရွှဲပ်ကားကတော့ ပကတိအတိုင်းပေါ့လေ၊ ပွဲကနေတာလည်းပဲ မင်းသမီး၊ မင်းသားတွေ လှလှပပ တင့်တင့်တယ်တယ်ပြင်ဆင်လို့ ကနေကြတဲ့ပုံတွေ၊ ပွဲကြည့်တဲ့ပုဂ္ဂိုလ်တွေလည်း အောက်ကလှလှပပ ပြင်ဆင်လို့ အမျိုးသမီးတွေ အမျိုးသားတွေ ပကတိအတိုင်းပေါ့၊ လှလှပပ တင့်တင့်တယ်တယ်၊ ဆိုင်းတီးတဲ့ပုဂ္ဂိုလ်တွေကပါ ပကတိပုံတွေ ချယ်သရေထိုးထားပါတယ်။

တစ်ဖက်ကနေပြီးတော့ အသုဘသညာ ကမ္မဋ္ဌာန်းနဲ့ နှလုံးသွင်းကြည့်တော့ ဒီကပြနေတဲ့ပုဂ္ဂိုလ်တွေရော၊ ပွဲကြည့်တဲ့ပုဂ္ဂိုလ်တွေရော၊ တီးမှုတ်နေတဲ့ပုဂ္ဂိုလ်တွေရော၊ အမှန်စင်စစ်တော့ အရိုးစုတွေပဲဆိုပြီးတော့ အရိုးစုတွေ ရေးပြထားတယ်၊ အမယ် သူက တော်တော်ဟန်ကျတယ်၊ တော်တော် သဘာဝကျတယ်၊ အရိုးစုတွေပဲလို့ သူဟာသေသေချာချာ စဉ်းစားလိုက်ရင် လက်ကလေးကွေးနေတာ အဲဒါ အရိုးစုတွေပဲ၊ ခေါင်းကလေးကို ငဲ့နေတယ်၊ မော့နေတယ်၊ ယိမ်းယိုင်နေတယ်ဆိုရင် သူက အရိုးစုပဲ၊ တီးမှုတ်နေတဲ့ပုဂ္ဂိုလ်တွေကလည်း အရိုးတွေပဲ၊ ပွဲကြည့်နေတဲ့ အမျိုးသမီး၊ အမျိုးသားတွေအကုန်လုံး တစ်စုတစ်ဝေးကြီး နည်းတာ မဟုတ်ဘူး၊ ဒါတွေ အရိုးစုတွေ၊ အကုန်လုံးစုပြီးတော့ မော့ပြီးတော့ အရိုးတွေပဲ၊ ဗီပန်းချီကားတယ်ဟန်ကျတာပဲလို့ သေသေချာချာစဉ်းစားကြည့်ရင် သတ္တဝါတွေဟာ ဒီအတိုင်းချည်းပဲ၊ အရိုးစုတွေဖြစ်နေတယ်၊ အသုဘသညာ ဆိုတာ အဲဒါလိုပဲ။

http://www.dhammadownload.com

တကယ်ထင်အောင် ရှုလို့ရှိရင် သုဘသညာ လုံးလုံးပျောက်သွားတယ်၊ ကြောက်စရာတောင် ကောင်းသေးတယ်၊ ရွံစရာကောင်းသေးတယ်၊ ကာမရာဂတွေ အကုန်လုံးငြိမ်းသွားနိုင်တယ်၊ အဲဒါကြောင့် အရှင်အာနန္ဒာက ဝဂီသမထေရ်ကို "အသုဘာဃ စိတ္တံ ဘာဝေဟိ"လို့ အသုဘသညာဖြစ်အောင်, အသုဘအာရုံဖြစ်အောင် အသုဘ မတင့်တယ်ဖူးပေါ့၊ စက်ဆုပ်ဖွယ် ရွံရှာဖွယ်ဖြစ်အောင် သင်နှလုံးသွင်းပါတဲ့။

သုဘ တင့်တယ်တယ် နှလုံးသွင်းနေလို့ ကိလေသာတွေ ဖြစ်နေတာတဲ့၊ တင့်တယ်တာတွေ နှလုံးသွင်းနေရင် လူပုံသဏ္ဌာန်ဆို မျက်ခုံးနဲ့ မျက်လုံးနဲ့ မျက်နှာနဲ့ နှာခေါင်းအနေနဲ့ အဲဒါတွေ လျှောက်ပြီး အချိုးအစားကျတာတွေ ဒီလို နှလုံးသွင်းနေရင် နှစ်သက်စရာ သာယာစရာဖြစ်တယ်၊ အဲဒါတွေကို အကုန်လုံးပယ်ပြီးတော့ အရေက အရေတခြား၊ အသားက အသားတခြား၊ အရိုးက အရိုးတခြား၊ အကြောက အကြောတခြား၊ တစ်ခုစီ တစ်ခုစီခွဲပြီးတော့ ကြည့်လိုက်မယ်ဆိုရင် ဒီထဲမှာ နှစ်သက်စရာ သာယာစရာ ဘာမှမရှိဘူး၊ အဲဒီတော့ အသုဘ နှလုံးသွင်းပါ"လို့ အရှင်အာနန္ဒာက ညွှန်ကြားတဲ့အတိုင်း နှလုံးသွင်းလိုက်တော့ သူမှာဖြစ်ပေါ်နေတဲ့ ကာမရာဂတွေ ငြိမ်းသွားတယ်၊ အဲဒါဟာ ဖြစ်ပြီးသော ကိလေသာတွေကို ပယ်နိုင်အောင်လို့ သူက အားထုတ်တာကိုး။

တစ်ခါက စာချနေရင်း စာတက်နေတဲ့ ရဟန်းတော်တစ်ပါးက သူမှာ ကိလေသာဖြစ်ဖူးတာ အကြောင်းပြုပြီး သုတရားအားထုတ်သွားဖို့ရာ လျှောက်သွားတော့ တစ်နေရာရောက်သွားတယ်၊ မထေရ်ကြီးတစ်ပါးထံ ရောက်သွားတယ်၊ မထေရ်ကြီးတစ်ပါးထံ ရောက်သွားတော့ "အရှင်ဘုရားတဲ့ . . . တပည့်တော်ကို ချီးမြှောက်တော်မူပါတဲ့၊ ကယ်တော်မူပါတဲ့၊ တပည့်တော် ရောဂါစွဲလာလို့"တဲ့၊ ဒီတော့ ဟိုက ရိပ်မိတယ်၊ ကောင်းပြီတဲ့၊ ရောဂါဆေးကုနိုင်တဲ့ ဆရာသမားထံ ရောက်လာတာပဲ ဆိုပြီးတော့ ကာမရာဂငြိမ်းစေနိုင်တဲ့ ကမ္မဋ္ဌာန်းပေးတယ်၊ ကမ္မဋ္ဌာန်းပေးတော့ ကမ္မဋ္ဌာန်းတရားအားထုတ်လိုက်တဲ့အခါ ကာမရာဂတွေလည်း ငြိမ်းပြီးတော့ သွားတယ်တဲ့၊ အရိယမဂ်ဖိုလ်တွေလည်း ရပြီးတော့ သွားတယ်တဲ့၊ အဲဒါလည်းပဲ ဖြစ်ပြီးသော အကုသိုလ်တရားတွေ ပယ်နိုင်အောင် အားထုတ်တာပဲ၊ ကိလေသာဖြစ်ဖူးလို့ နောင် ဒီလိုကိလေသာတွေ ဘယ်တော့မှ မဖြစ်နိုင်အောင်လို့ အားထုတ်ရတာကိုး။

http://www.dhammadownload.com

တရားအားထုတ်တဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာ ဖြစ်ဖူးတဲ့ အကုသိုလ်တရားတွေရှိတယ်၊ အဲဒီဖြစ်ဖူးတဲ့ အကုသိုလ်တရားမျိုးတွေ နောင်မဖြစ်ရအောင်၊ ငြိမ်းသွားအောင်လို့ အားထုတ်ရတယ်၊ အပါယ်လေးပါးကျစေနိုင်တဲ့ ပါဏာတိပါတ အစရှိ သော အကုသိုလ် ဒုစရိုက်တွေ ဆိုတာဟာ အနည်းနဲ့အများတော့ ဖြစ်ဖူးတယ်၊ အခုဘဝ မဖြစ်ဖူးတောင် နွေးဘဝက ဖြစ်ဖူးတာပဲ၊ အဲဒီဖြစ်ဖူးတဲ့ အကုသိုလ်တရားတွေ မဖြစ်ရအောင်, တစ်ခါတည်းငြိမ်းအောင်လို့ကို တရားအားထုတ်ရတာပဲ။

ဝိပဿနာတရားအားထုတ်တယ်ဆိုတာ အောက်ထစ်ဆုံး အဲဒီသောတာပတ္တိမဂ်ရောက်အောင်လို့ကို အားထုတ်ရတယ်၊ သောတာပတ္တိမဂ်ဖိုလ်ရောက်လို့ ရှိရင် အပါယ်ကျစေနိုင်တဲ့ အကုသိုလ်တွေ လွတ်ငြိမ်းသွားတယ်၊ အဲဒါငြိမ်းအောင်လို့ အားထုတ်ရတယ်၊ အဲဒီအကုသိုလ်တွေငြိမ်းသွားလို့ရှိရင်လည်းပဲ အပါယ်လေးပါး ဘယ်တော့မှ မကျတော့ဘူး၊ ဒီဘဝက သေရင် လူဖြစ်ချင် ဖြစ်မယ်၊ နတ်ဖြစ်ချင် ဖြစ်မယ်၊ နောက်နောက်ဘဝတွေကလည်းပဲ ဒီလိုပဲ၊ လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း ဖြစ်မှာပဲ၊ ကောင်းရာဘဝကြီးပဲ ဖြစ်သွားမှာပဲ၊ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ကောင်းရာဘဝကြီးပဲ ဖြစ်ပြီး နိဗ္ဗာန်ရောက်ဖို့ပဲ ရှိတော့တယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါး မကျနိုင်တော့ဘူး၊ ဖြစ်ပြီးသား အကုသိုလ်ကံတွေလည်း မဖြစ်ရအောင်လို့ အားထုတ်တယ်တဲ့။

ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းဟာ ကြောင့်ကြစိုက်မှု အားထုတ်မှုလေး ပါတယ်၊ အဲဒီကြောင့်ကြစိုက်မှု အားထုတ်မှုလေးဟာက မိမိမှာ ဖြစ်ဖူးတဲ့ အကုသိုလ်မျိုးတွေ ပယ်ရအောင်လို့ ဒါတွေလုံးလုံးမဖြစ်ရအောင်လို့ ထပ်ပြီးတော့ မဖြစ်ရအောင်လို့ တစ်ခါတည်း ငြိမ်းသွားအောင် အားထုတ်နေတယ်၊ ဒါကြောင့် ဒုတိယသမ္မပ္ပဓာန်လည်း မှတ်တိုင်း မှတ်တိုင်း ပါဝင်နေတာ၊ သမ္မပ္ပဓာန်၄စ်ခု ရသွားပြီ။

မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေအောင် အားထုတ်ခြင်း

အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဓဟတိ၊

http://www.dhammadownload.com

အနုပ္ပန္နာနံ-မဖြစ်ကုန်သော၊ ကုသလာနံ ဓမ္မာနံ-ကုသိုလ်တရားတို့၏၊ ဥပ္ပါဒါယ-ဖြစ်ခြင်းငှာ၊ ဆန္ဒံ-လိုလားအားထုတ်ခြင်းကို၊ ဇနေတိ-ဖြစ်စေ၏၊ ဝါယမတိ-အားထုတ်၏၊ ဝီရိယံ-လုံ့လကို၊ အာရဘတိ-အားထုတ်၏၊ စိတ္တံ-စိတ်ကို၊ ပဂ္ဂဏှာတိ-ချီးမြှောက်၏၊ ပဓဟတိ-ကြိုးစားအားထုတ်၏၊

မဖြစ်သေးတဲ့ကုသိုလ်တရားတွေ ဖြစ်ရအောင်လို့ အားထုတ်တာလည်း သမ္မပ္ပဓာန်တစ်ခုပဲတဲ့၊ ဒါက တတိယတစ်ခုပဲ၊ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တရားတွေဖြစ်အောင်လို့ အားထုတ်တယ်၊ ဝိပဿနာတရားအားမထုတ်ခင်ကဆိုရင် ဝိပဿနာကုသိုလ်ဟာ မဖြစ်ဖူးသေးဘူး၊ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တရားတွေဖြစ်အောင် အားထုတ်ရတယ်၊ မဂ်ကုသိုလ်တွေဆိုတာ မဖြစ်ဖူးသေးဘူး၊ အဲဒီမဖြစ်ဖူးတဲ့ ကုသိုလ်တရားတွေဖြစ်အောင် အားထုတ်တယ်၊ ဝိပဿနာကုသိုလ်တွေဖြစ်ရအောင်, အရိယမဂ်ကုသိုလ်တွေ ဖြစ်ရအောင် တရားအားထုတ်ရတာကို၊ တရားအားထုတ်တယ်ဆိုကတည်းက ဒီရည်ရွယ်ချက်ကတော့ ပါနေတာပဲ။

ဒါကြောင့် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ရှုတိုင်း မှတ်တိုင်း ဒီမဖြစ်သေးတဲ့ ကုသိုလ်တရားတွေဖြစ်အောင် အားထုတ်မှုတွေ အချက်တိုင်း အချက်တိုင်း ပါနေတယ်၊ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ပိုင်းက ကုသိုလ်တွေ၊ အကြောင်းအကျိုးကို ပိုင်းခြားသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းက ကုသိုလ်တွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးသပ်ဆင်ခြင်တဲ့ သမ္မသနဉာဏ်ပိုင်းက ကုသိုလ်တွေ၊ ဥဒယဗ္ဗယဉာဏ်ပိုင်းက အဖြစ်အပျက်ကို မြင်တဲ့ကုသိုလ်တွေ၊ နောက် ဘင်္ဂဉာဏ်ပိုင်း၊ ဘယဉာဏ်ပိုင်း၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်ပိုင်းက ကုသိုလ်တွေ၊ နောက် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ နောက်ပြီးတော့ နောက်ဆုံးကျလို့ရှိရင် အရိယမဂ်ရောက်ရမှာကိုး၊ သောတာပတ္တိမဂ် သောတာပတ္တိမဂ်ကုသိုလ်တွေ၊ နောက်လည်း ဆက်ပြီးတော့ သကဒါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ကုသိုလ်တွေလည်း ရှိပါတယ်၊ ဒါပေမယ့်လို့ နောက်ဆုံးအနေနဲ့ ထားပါတော့ အဲဒီတိုင်အောင် မရောက်သေးတောင် အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိမဂ်ကုသိုလ်တိုင်အောင် ဝိပဿနာအဆင့်ဆင့်နဲ့ အရိယမဂ်ကုသိုလ်၊ အဲဒီကုသိုလ်တရားတွေ မဖြစ်သေးဘူးတဲ့၊ တရားအားမထုတ်ခင်က တစ်ခုမှ မဖြစ်ဖူးသေးဘူး၊ အဲဒီ မဖြစ်

http://www.dhammadownload.com

ဖူးသေးတာတွေ ဖြစ်အောင်လို့ အခု အားထုတ်ရတာ၊ အားထုတ်လိုက်ကတည်းက သူဖြစ်တော့တာပဲ။

ဖောင်းတယ်လို့ တစ်ခါမှတ်လိုက်ရင် ဝိပဿနာကုသိုလ်ဖြစ်သွားပြီ၊ အစက ဘာမှမဖြစ်သေးဘူး၊ ခုတစ်ခါ ဖြစ်သွားပြီ၊ ပိန်တယ်လို့ တစ်ခါမှတ်လိုက်ရင် တစ်ခါဖြစ်သွားပြီ၊ အစတုန်းက မဖြစ်ဖူးသေးတာ ခုတစ်ခါ နှစ်ခါ ဖြစ်သွားပြီ၊ ဖောင်းတယ်၊ ပိန်တယ်လို့ ဒီလိုမှတ်တိုင်းမှတ်တိုင်းမှာ မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေ ဖြစ်နေတာပဲ၊ အလျင်က မဖြစ်ဖူးသေးတဲ့အသစ်တွေ ဖြစ်နေတာပဲ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ရောက်ပြီးတော့ တစ်ခါ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းက ကုသိုလ်တွေ နောက်ထပ်တိုးပြီးတော့ ဖြစ်လာတယ်၊ အဲဒီကပြီးတော့ သမ္မသနဉာဏ်ပိုင်းက ကုသိုလ်တွေ ဖြစ်လာပြန်တယ်၊ တိုးလာတာပဲ၊ ဥဒယဗ္ဗယဉာဏ်ပိုင်းက ကုသိုလ်တွေ ဖြစ်လာတယ်၊ တိုးလာတာပဲ၊ အစဉ်အတိုင်းပေါ့လေ၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသခါဉာဏ်၊ သခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတိုးပြီးတော့ ဖြစ်လာတယ်၊ အဲဒါတွေဖြစ်အောင် အားထုတ်ရတယ်၊ နောက်ဆုံး အရိယမင် ကုသိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့သွားတယ်၊ အဲဒီ အရိယမင်ဖြစ်သည့်တိုင်အောင် အောက်ထစ်ဆုံးအားဖြင့် တရားအားထုတ်ရတယ်။

ဝိပဿနာအားထုတ်တယ်ဆိုတာ အင်မတန်ကောင်းတယ်၊ အဲဒါမဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင် အားထုတ်တာတဲ့၊ ဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်း အဲဒီအမှတ်ကလေးတစ်ခုဖြစ်အောင် ကြောင့်ကြစိုက်နေတာလေးဟာ အင်မတန်အဖိုးတန်တယ်၊ ဒီဝီရိယအစွမ်းနဲ့ နိဗ္ဗာန်ရောက်ရတာ၊ မဖြစ်သေးတဲ့ ဝိပဿနာကုသိုလ်အဆင့်ဆင့်တွေ ဒီဝီရိယအစွမ်းနဲ့ ဖြစ်ရတာ၊ အရိယာမင်ကုသိုလ်တွေ ဒီဝီရိယအစွမ်းနဲ့ဖြစ်ရတာ၊ အဲဒါဟာ သမ္မပွဓာန်ပဲတဲ့။

ဖြစ်ပြီးကုသိုလ်ကို တည်တံ့ပွားများအောင် အားထုတ်ခြင်း

ဥပ္ပန္နာနံ ကုသလာနံ မွောနံ ဌိတိယာ အသမ္မောသာယ သိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။

http://www.dhammadownload.com

ဥပ္ပန္နာနံ-ဖြစ်ကုန်ပြီးသော၊ ကုသလာနံ ဓမ္မာနံ-ကုသိုလ်တရားတို့၏၊ ဠီတိယာ-တည်တံ့ခြင်းငှာ၊ အသမ္မောသာယ-မပျောက်ပျက်ခြင်းငှာ၊ ဘိယ္ယော ဘာဝါယ-လွန်စွာဖြစ်ခြင်းငှာ၊ ဝေပုလ္လာယ-ပြန့်ပွားခြင်းငှာ၊ ဘာဝနာယ ပါရိပူရိယာ-ပွားများမှု၏ ပြည့်စုံခြင်းငှာ၊ ဆန္ဒံ-လိုလားခြင်း အားထုတ်ခြင်းကို၊ ဇနေတိ-ဖြစ်စေ၏၊ ဝါယမတိ-အားထုတ်၏၊ ဝီရိယံ-လုံ့လကို၊ အာရဘတိ-အားထုတ်၏၊ စိတ္တံ-စိတ်ကို၊ ပဂ္ဂဏှာတိ- ချီးမြှောက်၏၊ ပဓဟတိ-ကြိုးစားအားထုတ်၏။

ဖြစ်ပြီးသော ကုသိုလ်တရားတွေ ရှိတယ်၊ အဲဒီဖြစ်ပြီးသော ကုသိုလ်တရားတွေ တည်တံ့နေဖို့, မဆုတ်ယုတ်ဖို့, ပျောက်ပျက်ပြီးမသွားဖို့ ဒါကတော့ ဝိပဿနာပထမ ရွှေ့ခါစမှာ အဲဒီဝီရိယမျိုး မရသေးဘူး၊ ဒုတိယအကြိမ်ကစပြီးတော့ ရသွားတယ်၊ ပထမအကြိမ်က မှတ်ပြီးတဲ့နောက် ဒုတိယအကြိမ်က စပြီး ဖြစ်ပွားတဲ့ ဝိပဿနာမျိုးတွေ မဆုတ်ယုတ်ရအောင် အားထုတ်နေတာ၊ မလျော့ရအောင် နောက်နောက် မှတ်ချက်တွေမှာ မှတ်တိုင်းမှတ်တိုင်းဟာ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ရွေးရွေးက ဖြစ်ပွားတဲ့ အမှတ်အသိ ဝိပဿနာတုသိုလ်မျိုးတွေ ထပ်ခါထပ်ခါဖြစ်နေတယ်၊ ထပ်ခါထပ်ခါဖြစ်နေတဲ့ ဥစ္စာဟာ မဆုတ်ယုတ်ဘဲနဲ့ တည်တံ့နေတဲ့ဥစ္စာပဲ၊ ရှေ့မတိုးတောင်မှ ဒီတိုင်းတည်တံ့နေတယ်၊ တည်တံ့နေအောင် ပျောက်ပျက်ပြီးတော့ ဆုတ်ယုတ်မသွားအောင်လို့ အားထုတ်တယ်တဲ့။

ဒါတွင် မဟုတ်ဘူးတဲ့၊ ဘိယ္ယောဘာဝါယ-လွန်စွာဖြစ်ပွားဖို့တဲ့၊ အစကထက်တိုးတက်ပြီးဖြစ်အောင်လို့ အားထုတ်ရတယ်၊ တိုးအောင်လို့လည်း အားထုတ်နေရတယ်၊ တိုးလည်း တိုးနေတာပဲ၊ ရှုမှတ်ပါများလာတဲ့အခါကျတော့ နာမရူပပရိစ္ဆေဒ-နာမ်ရုပ်ပိုင်းခြားသိရာကနေပြီးတော့ ပစ္စယပရိဂ္ဂဟ-အကြောင်းနဲ့ အကျိုးလေးကို ကွေးတယ်ဆိုရင် ကွေးချင်တဲ့စိတ်လေးပါ သိလာပြီး ကွေးချင်တယ်၊ ကွေးတဲ့ ကွေးတဲ့အတိုင်း ကွေးရုပ်တလေးတွေ အဆင့်ဆင့်ဖြစ်နေတာ သိတယ်၊ အကြောင်းလေးတွေရှိတော့ အကျိုးလေးတွေ ဖြစ်လာတာ သိတယ်၊ အာရုံရှိလို့ အသိတလေးတွေ ဖြစ်လာတာ သိတယ်၊ နှလုံးသွင်းမှုရှိလို့ စိတ်ကလေးတွေ အသစ်အသစ်ဖြစ်လာတာ သိတယ်၊ သူအကြောင်းနဲ့သူ အကျိုးလေးတွေ ဆက်

http://www.dhammadownload.com

သွယ်ပြီးတော့ ဖြစ်လာတာကို ရှုရင်း မှတ်ရင်း ပိုင်းခြားပြီးတော့ သိတယ်၊ တိုးလာတာကိုး။

သူ့ထက်တိုးတက်ပြီး ဆက်လက်အားထုတ်နေလို့ရှိရင် ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ဆိုတာ သိလာတော့ မမြဲတဲ့တရားတွေချည်းပဲ ဆိုပြီးတော့ သိအောင် အားထုတ်ရတယ်၊ တိုးလာတယ်၊ တော်တော်ကြာလို့ရှိရင် မသုံးသပ်မဆင်ခြင်တော့ဘဲနဲ့ အဖြစ်အပျက်နဲ့ချည်းပဲ၊ မှတ်တိုင်း မှတ်တိုင်းဟာ စပေါ်လိုက်၊ ဆုံးလိုက်၊ စပေါ်လိုက် ဆုံးလိုက် အစနဲ့အဆုံးချည်းပဲ ပိုင်းခြားပြီးတော့ သိတယ်၊ ဥဒယဗ္ဗယညာဏ်ကုသိုလ်တွေ တိုးပြီးတော့ ဖြစ်လာတယ်၊ တော်တော်ကြာ ဘင်္ဂဉာဏ်ကျတော့ အပျက်ချည်းပဲ ထင်လာတယ်၊ ကုန်ကုန်ဆုံးဆုံး ပျောက်ပျောက်ချည်းပဲ၊ အထည်ဖြပ်တွေမရှိဘဲနဲ့ အကုန်ပျောက်လိုက်နေတာတွေ၊ တော်တော်ကြာ ဘယညာဏ်က ကြောက်စရာ ထင်လာတယ်၊ အာဒီနဝဉာဏ်က အပြစ်မြင်လာတယ်၊ နိဗ္ဗိဒါဉာဏ်က ငြီးငွေ့လာတယ်၊ မုစ္စိတုကမျတာဉာဏ်က လွတ်မြောက်လိုတဲ့ သဘောတွေ ဖြစ်လာတယ်၊ ပဋိသင်္ခါဉာဏ်က လွတ်မြောက်အောင် ကြိုးစားအားထုတ်တာတွေ ဖြစ်လာတယ်၊ သင်္ခါရုပေက္ခာဉာဏ်က ကြောင့်ကြမစိုက်ဘဲနဲ့ လျစ်လျူရှုပြီးတော့ ရှုနိုင်တဲ့ အင်မတန်ကောင်းတဲ့ ဝိပဿနာဉာဏ်တွေ ဖြစ်လာတယ်၊ အဲဒါတွေဟာ ဘိယျောဘာဝါယ-လွန်စွာဖြစ်တာပဲ။

ဒီလို လွန်စွာတိုးတိုးပြီး ဖြစ်လာအောင်လို့ တရားအားထုတ်နေရတာ၊ ဝေပုလ္လာယ-ပြန့်ပြောသွားအောင်-တဲ့၊ ဘာဝနာယ ပါရိပူရိယာ-ဘာဝနာပြည့်စုံသွားအောင် ဘာဝနာပွားများမှု ကုသိုလ်တရားတွေ ပွားများမှုဟာ ပြည့်စုံသွားအောင် ဘယ်ကျမှ ပြည့်စုံမလဲဆိုတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကျမှ ပြည့်စုံတယ်၊ အဲဒီရောက်အောင်လို့ အားထုတ်နေရတာပဲ၊ အောက်ထစ်ဆုံးအနေအားဖြင့်ဆိုရင် သောတာပတ္တိမဂ်ဖိုလ်ပေါ့လေ၊ အဲဒီရောက်မှ ပထမအဆင့် ပြည့်စုံတယ်၊ အဲဒီပထမအဆင့်ပြည့်စုံအောင်လို့ပဲ ရှေးဦးစွာ အားထုတ်ရတယ်၊ စာသင်ရတာလိုပဲ၊ အတန်း တစ်တန်းချင်း၊ တစ်တန်းချင်းပါပဲ၊ တစ်တန်း အောင်ပြီးမှ တစ်တန်းတက်ရသလို၊ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ပထမတစ်ဆင့် ပြည့်စုံသွားအောင်လို့ အားထုတ်နေတယ်၊ အစ ပထမက တရားမရသေးတဲ့ပုဂ္ဂိုလ်, တရားမပြည့်စုံသေးတဲ့ပုဂ္ဂိုလ်ကျတော့ ပထမအဆင့် သောတာပတ္တိမဂ်ဖိုလ်ဉာဏ်

http://www.dhammadownload.com

ရောက်ပြီးတော့ ပွားများမှုပြည့်စုံအောင် အားထုတ်ရတယ်၊ ရောက်သွားတဲ့အခါကျတော့ ပြည့်စုံသွားတာပဲ။

အဲဒီအဆင့်ရောက်ပြီးတဲ့ ပုဂ္ဂိုလ်များ ဆက်ပြီးတော့ ရှုမှတ်နေလို့ရှိရင် သကဒါဂါမိမဂ်ဖိုလ်အထိ ပြည့်စုံသွားမယ်၊ ပြီးတော့ အဲဒီတ ဆက်မှတ်ရင် အနာဂါမိမဂ်ဖိုလ်၊ အဲဒီက ဆက်မှတ်ရင် အရဟတ္တမဂ်ဖိုလ် နောက်ဆုံးအဆင့် အဲဒီမှာ ပြည့်စုံသွားမှာကိုး၊ အဲဒီလို ပြည့်စုံသွားသည့်တိုင်အောင် ကုသိုလ်တရားတွေ ဖြစ်ပွားသွားအောင် အားထုတ်နေတယ်တဲ့၊ အဲဒါက သမ္မပ္ပဓာန်တစ်ခုပဲ။

အခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အဲဒီအတိုင်းပါပဲ၊ စစခြင်း အားထုတ်ခါစကတော့ မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်အောင် အားထုတ်ရတယ်၊ နောင်ကျတော့ ဖြစ်ပြီးသား ကုသိုလ်တရားတွေ တည်တံ့နေအောင်, တိုးတက်သွားအောင်, ပြည့်စုံသွားအောင် အားထုတ်ရတယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေလည်း ရှိသေးတာပဲ၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ နောက်အဆက်အဆက် ဝိပဿနာမဂ် ကုသိုလ်တွေ ရှိတယ်၊ အဲဒါတွေလည်းပဲ မဖြစ်ဖြစ်အောင်လို့ အားထုတ်နေရတယ်၊ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်း ဖြစ်ပြီးသား ကုသိုလ်တရားတွေ တည်တံ့အောင်, တိုးတက်သွားအောင် အားထုတ်ပြီးတော့ နေရတယ်တဲ့၊ သမ္မပ္ပဓာန်လေးပါးပါတယ်၊ အခု တရားအားထုတ်နေတာ သာမညမဟုတ်ဘူး၊ အခုဟာ ဖောင်းတယ်၊ ပိန်တယ်၊ တစ်ချက်ထဲမှာ သမ္မပ္ပဓာန်လေးပါးလုံး ပါနေတယ်၊ သမ္မပ္ပဓာန်လေးပါး ဆိုကြဦးစို့။

* **မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အားထုတ်ခြင်း၊ သမ္မပ္ပဓာန် တစ်ပါး။**

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်ရန် အားထုတ်ခြင်း၊ သမ္မပ္ပဓာန်တစ်ပါး၊

မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အားထုတ်ခြင်း၊ သမ္မပ္ပဓာန် တစ်ပါး၊

ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့ တိုးပွား ပြည့်စုံသွားအောင် အားထုတ်ခြင်း၊ သမ္မပ္ပဓာန်တစ်ပါး။ (ဆို သုံးခေါက်)

အားလုံး အတိုချုပ်ကတော့ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်စေဖို့ အားထုတ်တယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်တယ်၊ ဒါနှစ်ခုဟာ အကုသိုလ်ဘက်က ဖြစ်တယ်။

http://www.dhammadownload.com

ပြီးတော့ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပွားလာအောင် အားထုတ်တယ်၊ ဖြစ်ပြီးသော ကုသိုလ်တွေကို တည်တဲ့ တိုးပွား ပြည့်စုံသွားအောင် အားထုတ်တယ်၊ ဒီနှစ်ခုဟာ ကုသိုလ်ဘက်က ဖြစ်တယ်။

လိုရင်းတော့ ပြည့်စုံအောင် အားထုတ်ရမှာပါပဲ၊ ဒါပေမယ့် ပြည့်စုံအောင်၊ အပြည့်အစုံ မရောက်သေးရင်လည်း တိုးပွားအောင်၊ မတိုးပွားတောင်မှပဲ တည်တဲ့နေအောင်၊ သူက သုံးခုရှိတယ်၊ ဌိတိတာ-တည်တဲ့ခြင်း၊ ဘိယျောဘာဝါယ ဝေပုလ္လာယ-လွန်စွာ ဖြစ်ခြင်းပြန့်ပြောခြင်း၊ ဘာဝနာယ ပါရိပူရိယာ၊ ဘာဝနာ ပြည့်စုံသွားအောင်-တဲ့၊ သူက အဆင့်သုံးဆင့်ရှိတယ်၊ ကုသိုလ်တရားတွေ ပွားများရတာဟာ အလုံးစုံ ပြည့်စုံသွားအောင် ပွားများအားထုတ်ရတယ်၊ အလုံးစုံမပြည့်စုံသေးခင်တော့ တိုးတက်သထက် တိုးတက်သွားအောင်၊ မတိုးတက်နိုင်သေးတဲ့အခါမှာလည်း မဆုတ်ယုတ်ဘဲ တည်တဲ့နေအောင်ဆိုရင် တော်သေးတာပဲ၊ ဆုတ်ယုတ်သွားရင် တော့ မကောင်းဘူးပေါ့၊ ဒါသုံးဆင့်ရှိတယ်။

အဲဒါကြောင့် မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ ကိုယ့်မဖြစ်သေးဘူး၊ သူများဖြစ်ဖူးတယ်၊ အဲဒီ အကုသိုလ်တရားတွေဟာ အပါယ်လေးပါးကို ပစ်ချတတ်တယ်၊ သံသရာကိုလည်း ရှည်လျားစေတတ်တယ်၊ ဒါကြောင့် ဒီအကုသိုလ်တရားတွေ မဖြစ်ရအောင် အားထုတ်မယ်ဆိုပြီး တရားအားထုတ်တယ်၊ အားထုတ်တိုင်း အားထုတ်တိုင်း ဒီသမ္ဗပ္ပဓာန်ဝီရိယက ပါနေတယ်။

ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပယ်နိုင်အောင် မိမိသန္တာန်မှာ ရှေးက ဖြစ်ဖူးတယ်၊ အဲဒါမျိုးတွေ နောက်ထပ်မဖြစ်ရအောင်လို့ အားထုတ်ရတယ်၊ တရားအားထုတ်နေရင်း လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်လာရင် ဒါတွေ ရှုမှတ်ပြီး ပယ်ရတာပဲ၊ မဖြစ်ဘူးတဲ့ အကုသိုလ်တရားတွေ အဲဒီလိုဟာတွေ မှတ်လိုက်ရင် ပျောက်သွားတာပဲ၊ ပေါ်လာရင်း မှတ်လိုက်ရင်း ပျောက်သွားရင်း မှတ်မှတ်ပြီး ပယ်ရတယ်၊ ပယ်နိုင်အောင် အားထုတ်ရတယ်။

မဖြစ်သေးသော ကုသိုလ်တရားတွေ ဖြစ်အောင် ဆိုတာက တရားအားထုတ်တယ်ဆိုကတည်းက ဒီမဖြစ်သေးသော ကုသိုလ်တရားတွေဖြစ်အောင် အားထုတ်နေရတာ၊ ဖြစ်ပြီးသော ကုသိုလ်တရားတွေ တည်တဲ့နေအောင်, တိုးတက်သွားအောင်, ပြည့်စုံသွားအောင် အားထုတ်တယ်ဆိုတာဟာ တရားအားထုတ်နေ

http://www.dhammadownload.com

တဲ့ပုဂ္ဂိုလ်တွေမှာ အားထုတ်တိုင်း အားထုတ်တိုင်း ဒီလိုတည်တဲ့နေအောင် အားထုတ်ရတာပဲ၊ တည်တဲ့ရုံတွင် မဟုတ်ဘူး၊ တိုးတက်အောင်လည်း အားထုတ်ရတယ်၊ တိုးတက်ရုံတွင်မဟုတ်ဘူး၊ ပြည့်စုံအောင်ကို အားထုတ်နေရတယ်၊ ဒီနေ့ပြည့်စုံလိမ့်မယ်၊ နက်ဖြန်ခါ ပြည့်စုံလိမ့်မယ်၊ သန်ဘက်ခါ ပြည့်စုံလိမ့်မယ်၊ မကြာခင် ပြည့်စုံမှာပဲဆိုတဲ့အနေနဲ့ ပြည့်စုံဖို့ရာကို ရည်မှန်းပြီး အားထုတ်ရတယ်၊ သမ္မပ္ပဓာန် ဝီရိယတွေတဲ့၊ အဲဒါ မှတ်တိုင်းမှတ်တိုင်း ဒီသမ္မပ္ပဓာန်ဝီရိယပါတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ဘယ်ဟာကိုပဲ ရှုသည်ဖြစ်စေ ရှုတိုင်းရှုတိုင်း ဒီသမ္မပ္ပဓာန်ဝီရိယလေးပါး ပါတယ်။ အားထုတ်မှုမပါဘဲနဲ့ ဒီသမ္မပ္ပဓာန်ဝီရိယက မဖြစ်နိုင်ဘူး၊ ဒါ သမ္မာဝါယာမမဂ္ဂင်ပဲတဲ့။

"အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော" ဘိက္ခဝေ-တို့၊ အယံ-ဤအားထုတ်မှုကို၊ သမ္မာဝါယာမော-သမ္မာဝါယာမ ဟူ၍၊ (ဝါ)မှန်စွာအားထုတ်ခြင်း ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

အမှန်အတိုင်းအားထုတ်တယ်ဆိုတာ ဒါပဲ၊ မဖြစ်သေးသော အကုသိုလ်တရားတွေမဖြစ်ဖို့ အားထုတ်ရင် အမှန်အားထုတ်တာပဲ၊ ကိုယ်ကျိုး ကိုယ်စီးပွားတကယ်ဖြစ်အောင် အားထုတ်နေတာပဲ၊ ဒါအားထုတ်တိုင်း အားထုတ်တိုင်း ဒီသမ္မာဝါယာမမဂ္ဂင် ဖြစ်နေပါတယ်။

မိစ္ဆာဝါယာမနှင့် သမ္မာဝါယာမ

မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ ဖြစ်အောင်လို့ အားထုတ်နေတာဟာ သမ္မာဝါယာမမဟုတ်ဘူး၊ မိစ္ဆာဝါယာမဖြစ်တယ်၊ ကိုယ့်မဖြစ်သေးဘူးတဲ့၊ သူများဖြစ်နေတဲ့ အကုသိုလ်မျိုးတွေ ကိုယ်ဖြစ်အောင် အားထုတ်နေတယ်၊ တယ်နေရာမကျဘူး၊ ဒါမိစ္ဆာဝါယာမပဲ၊ ဖြစ်ပြီးသော အကုသိုလ်တရားတွေ ပယ်နိုင်အောင် အားထုတ်တဲ့အခါမှာ သမ္မာဝါယာမ၊ ဖြစ်ပြီးသော အကုသိုလ်တရားတွေ မပယ်ဘဲနဲ့ လက်ခံပြီးတော့ ဆက်ခါဆက်ခါဖြစ်အောင်လို့ ပွားများအောင်, တိုးပွားအောင်, တိုးတက်အောင်လုပ် နေတယ်၊ အဲဒါ မိစ္ဆာဝါယာမပဲ၊ ဒါတွေလည်း ရှိတယ်၊ အခု တရားအားမထုတ်ဘဲနဲ့ အလွတ်နေတဲ့ပုဂ္ဂိုလ်တွေ အများအားဖြင့် ဒီအတိုင်းဖြစ်နေတာပဲ၊ သူများတွေမှာ လောဘ ဒေါသ မောဟတွေ ဖြစ်ကြတယ်၊ အဲဒါတွေအတုမြင် အတတ်သင် ဆိုတာလိုပဲ တို့လည်း ဒီလိုဖြစ်ရင်ကောင်းမှာပဲ ဆိုပြီးတော့ ကောင်းတယ် ထင်ပြီးတော့ပေါ့လေ။

http://www.dhammadownload.com

ဥပမာ - သူများက ပွဲကြည့်သွားတယ်၊ ကိုယ်ကတော့ မသွားရသေးဘူး၊ ငါလည်း သွားဦးမှပဲ ဆိုပြီးတော့ ပွဲသွားကြည့်လိုက်တယ်၊ သူများဖြစ်တဲ့ အကုသိုလ်မျိုးတွေ ကိုယ်မဖြစ်သေးဘူး၊ အဲဒါကိုလည်း ဖြစ်အောင် အားထုတ်တာပဲ၊ ဒီလိုဟာတွေ အများကြီးပါပဲ၊ ပြောမကောင်းတာတွေလည်း အများကြီးပါပဲ၊ သူများဖြစ်ဖူးတာတွေ သူများဟာတွေ အကောင်းမှတ်ထင်ပြီးတော့ သူများလိုနေရင် ကောင်းမှာပဲ ဆိုပြီးတော့ ဒီလို အောက်မေ့ပြီးတော့ လှုံ့ဆော်ပေးတယ်၊ အဲဒီလို ပြုလုပ်အားထုတ်တိုင်းဟာ မဖြစ်ဘူးတဲ့ အကုသိုလ်တရားတွေ ဖြစ်တယ်၊ အဲဒါဟာ မိစ္ဆာဝါယာမတွေပါပဲ။

အမှန်ကတော့ အဲဒီလိုမဖြစ်ဘူးတဲ့ အကုသိုလ်တွေ သူများဖြစ်နေတာတွေ ကိုယ့်မဖြစ်သေးဘူး၊ အဲဒါတွေဟာ နောင်မဖြစ်အောင်လို့ ဘယ်တော့မှ မဖြစ်နိုင်အောင် ကြိုးစားအားထုတ်ရတယ်၊ ကြိုးစားအားထုတ်ဆိုလည်း ဒီပြင်နည်းနဲ့တော့ မလွယ်ဘူး၊ ဝိပဿနာနဲ့အားထုတ်မှပဲ ငြိမ်းနိုင်တယ်၊ တချို့အကုသိုလ်တွေ ကိုယ့်ဖြစ်နေတယ်၊ ဖြစ်မှန်းတော့လည်း သိနေတာပဲ၊ သိပေမယ့် ဒီအကုသိုလ် ဖြစ်နေရတာ သဘောကျနေတယ်၊ လောဘဖြစ်နေရတာ သဘောကျတယ်၊ စိတ်ဆိုးနေတဲ့ ပုဂ္ဂိုလ်ကလည်း ဒေါသဖြစ်နေရတာ သဘောကျတယ်၊ မပယ်ချင်ဘူး၊ ထပ်ခါထပ်ခါတိုးပွားအောင်လို့ ဆက်ဆက်ပြီးတော့ စဉ်းစားနေတယ်၊ လောဘဖြစ်ကြောင်း ဒေါသဖြစ်ကြောင်း အာရုံတွေ ဆက်ပြီးစဉ်းစားနေတယ်၊ ဘေးက မြောက်ပေးလို့ရှိရင် အဲဒီမြောက်ပေးတာပဲ သဘောကျနေတယ်၊ အဲဒီလိုဟာတွေ ရှိတယ်၊ အဲဒါတွေ ဖြစ်ပြီးသား အကုသိုလ်တွေ ပွားအောင် လုပ်နေတာ၊ အဲဒါ မိစ္ဆာဝါယာမပဲ၊ အဲဒါတွေ မလုပ်ရဘူး။

မဖြစ်သေးသော ကုသိုလ်တရားတွေဖြစ်အောင် အားထုတ်ရတယ် ဆိုတော့ ဖြစ်ပြီး ဒါန သီလ ကုသိုလ်တွေလည်း ပါပါတယ်၊ ဒီမှာတော့ ဝိပဿနာပဓာန ပြုပြီးတော့ ဟောနေတယ်၊ အဲဒါတွေဖြစ်အောင် အားထုတ်ရတယ်၊ အဲဒါ သမ္မာဝါယာမပဲ။

ဒါတွေဖြစ်အောင် အားမထုတ်ဘူး၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ မဖြစ်အောင်လို့ပဲ၊ တိမ်းရှောင်ပြီးတော့ နေနေတယ်၊ ဒါနပြုစရာအကြောင်းရှိရင် မပြုဘူး၊ သီလဆောက်တည်စရာအကြောင်းရှိရင် မဆောက်တည်ဘူး၊ တရားနာစရာ

http://www.dhammadownload.com

အကြောင်းရှိရင် တရားမနာဘူး၊ ဘုရားရှိခိုးစရာအကြောင်းရှိရဲ့သားနဲ့ ဘုရားရှိမခိုးဘူး။ ရှောင်ပြီးတော့နေတယ်၊ ကုသိုလ်ဖြစ်စရာလုပ်ငန်းတွေနဲ့စပ်လို့ရှိရင် သူများက တိုက်တွန်းလိမ့်မယ်၊ မလုပ်ဘဲနဲ့ တိမ်းရှောင်နေတယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ မဖြစ်အောင်လို့ သူလုပ်နေတာ၊ မိစ္ဆာဝါယာမပဲ။

ဖြစ်ပြီးသားကုသိုလ်တွေ တည်တံ့အောင်လို့ အားထုတ်ရင် သမ္မာဝါယာမပဲတဲ့၊ ဖြစ်ပြီးသား ကုသိုလ်မျိုးတွေကို တည်တံ့နေအောင် အားမထုတ်ဘူး၊ မူလကဒါနကုသိုလ် သီလကုသိုလ်လေးတွေ ပြုလုပ်ပြီးတော့နေတာ၊ တော်တော်ကြာတော့ ဒါတွေ ဖျက်ပစ်လိုက်တယ်၊ ဒီကုသိုလ်တွေ နောက်မလုပ်တော့ဘူး၊ မူလက ဘုရားရှိခိုးတဲ့ ကုသိုလ်မျိုးတွေ ဖျက်ပစ်လိုက်တယ်၊ မူလက တရားပေစာ နာတယ်၊ တရားနှလုံးသွင်းတယ်၊ အဲဒါလေးတွေ ဖျောက်ပစ်လိုက်တယ်၊ အဲဒါ မိစ္ဆာဝါယာမခေါ်တယ်။

အမှန်အားဖြင့်တော့ မိမိမှာ ဖြစ်ဖူးတဲ့ ကုသိုလ်မျိုးတွေ တည်တံ့နေအောင်, ရှေ့မတိုးအောင်, တည်တံ့အောင် အားထုတ်ရတယ်၊ တည်တံ့ရုံတင်မကဘူး၊ တိုးပွားအောင်လည်း အားထုတ်ရတယ်၊ တိုးပွားရုံတင် မကဘူး၊ အရိယမဂ်ပြည့်စုံသွားအောင်လို့ အားထုတ်ရတယ်၊ အဲဒီလို အားထုတ်တာဟာ သမ္မာဝါယာမပဲတဲ့၊ အခု ဟောဒီမှာ ကမ္မဋ္ဌာန်းတရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ သမ္မာဝါယာမမဂ္ဂင်လေးပါးလုံးရတယ်၊ သမ္မပ္ပဓာန်လေးပါးလုံးရတယ်၊ ရှုတိုင်းရှုတိုင်းဟာ မဖြစ်သေးသော အကုသိုလ်တွေ ပယ်နိုင်ဖို့ အားထုတ်နေတာပဲ၊ မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်ရအောင် အားထုတ်နေတာပဲ၊ ဖြစ်ပြီးသား အကုသိုလ်တွေ ပယ်နိုင်အောင် အားထုတ်နေတာပဲ၊ မဖြစ်သေးတဲ့ ဝိပဿနာကုသိုလ်တွေ ဖြစ်အောင်လို့ အားထုတ်နေတာပဲ၊ ပြည့်စုံသထက် ပြည့်စုံအောင်, တိုးတက်သထက် တိုးတက်အောင် အားထုတ်နေတာပဲ၊ ပြီးတော့ ဖြစ်ပြီးသား ကုသိုလ်မျိုးတွေလည်း တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မြင့်သွားအောင်, အရိယမဂ်ရောက်အောင် မှန်းပြီးတော့ အားထုတ်နေတယ်၊ သမ္မပ္ပဓာန်လေးပါးလုံးပြည့်စုံနေတာတဲ့၊ အင်မတန်ကောင်းတယ်၊ အင်မတန် အားထုတ်ရခဲတယ်။

ဒီတရားမျိုးက ဝိပဿနာမှတစ်ပါး အလွတ်နေရာမှာတော့ ဒီလေးပါးလုံးမရဘူး၊ တစ်ခုခုငဲ့ပဲ ရတယ်၊ မဖြစ်သေးတဲ့ အကုသိုလ်ကို ပယ်နိုင်အောင် အားထုတ်တဲ့အခါတွေလည်း ရှိပါတယ်၊ အဲဒီလိုအခါတော့ မဖြစ်သေးတဲ့ အကုသိုလ်တွေ

http://www.dhammadownload.com

ပယ်ရုံပဲ၊ မဖြစ်အောင် အားထုတ်နေတာပဲ ရတယ်၊ ဖြစ်ပြီးသား အကုသိုလ်ပယ်တာ မပါဘူး၊ ဖြစ်ပြီးသား အကုသိုလ်တွေပယ်အောင် အားထုတ်တဲ့အခါလည်း ဖြစ်ပြီးသား အကုသိုလ်ပယ်နိုင်အောင် အားထုတ်မှုတစ်ခုသာ ပါတယ်၊ မဖြစ်သေးတဲ့ အကုသိုလ်တွေကို မဖြစ်အောင် အားထုတ်တာ မပါဘူး၊ ထို့အတူပဲ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင်အားထုတ်တဲ့အခါ အဲဒီမဖြစ်သေးတာအတွက် အားထုတ်မှုတစ်ခုပဲ သက်ဆိုင်တယ်၊ ဒါန သီလ စသည်ဖြင့် အားထုတ်နေတဲ့အခါ စသည်မျိုးပေါ့။

အခု ဒီဝိပဿနာမှာတော့ အကုန်လုံးလေးပါးလုံးရတယ်၊ မဖြစ်သေးတဲ့ အကုသိုလ်လည်း မဖြစ်အောင် အားထုတ်ခြင်း၊ ဖြစ်ပြီးသာ အကုသိုလ်တွေလည်း ပယ်နိုင်အောင် အားထုတ်ခြင်း၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင်လို့ အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတွေ တည်တံ့ပွားများသွားအောင်, ပြည့်စုံသွားအောင်လို့ အားထုတ်ခြင်းဆိုတဲ့ သမ္မပ္ပဓာန်လေးပါးလုံး အကုန်လုံး ရတယ်တဲ့၊ အခု တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် အင်မတန် အားတက်စရာ ကောင်းတယ်၊ ဝမ်းမြောက်ဝမ်းသာစရာ ကောင်းတယ်၊

သမ္မာသတိပဋ္ဌာန်၊ ကာယာနုပဿနာသတိပဋ္ဌာန်

"ကတမာ စ ဘိက္ခဝေ သမ္မာသတိ"

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာသတိ-မှန်စွာသတိရခြင်း၊ မှန်စွာအမှတ်ရခြင်း သည်၊ ကတမာ စ-အဘယ်ပါနည်း။

"ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္မာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။"

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ကာယေ-ရုပ်အပေါင်းကိုယ်၌၊ ကာယာနုပဿီ-ရုပ်အပေါင်းဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

ရုပ်အပေါင်းကို ရုပ်အပေါင်းမျှပဲလို့ ရှုပြီးတော့ နေရမယ်တဲ့၊ ဒါဟာ ကာယာနုပဿနာသတိပဋ္ဌာန်ပဲ၊ ရုပ်အပေါင်းကို မြဲတယ်လို့ မထင်မြင်မစွဲလမ်းစေရဘူး၊ ချမ်းသာတယ်လို့ မထင်မြင် မစွဲလမ်းစေရဘူး၊ လှပတယ်လို့

http://www.dhammadownload.com

လည်း မထင်မြင် မစွဲလမ်းစေရဘူး၊ ငါကောင် သတ္တဝါကောင်ပဲလို့ ဒီလိုမထင်မြင် မစွဲလမ်းစေရဘူး၊ ဘယ်လိုသာ ရှုရမလဲ ဆိုရင် ရုပ်အပေါင်းကြီးဟာ မမြဲတဲ့ ရုပ်အပေါင်းကြီး၊ ရုပ်အပေါင်းကြီးဟာ မမြဲဘူးလို့ ရှုရမယ်၊ ခုဖြစ်ပြီး ခုပျက်သွားတဲ့ မမြဲတဲ့သဘောရှိတယ်၊ မမြဲတဲ့ရုပ်အပေါင်းမျှပဲလို့ မမြဲတဲ့သဘောကို ထင်မြင်အောင်လို့ ရှုရတယ်၊ ဖြစ်မှု, ပျက်မှုဖြင့် နှိပ်စက်နေလို့ ဆင်းရဲနေတယ်၊ ဖြစ်ပျက်နေတဲ့ တရားတွေမို့ တတယ်ကြောက်စရာကောင်းတယ်၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေပဲတဲ့၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေမို့ ဆင်းရဲမျှပဲလို့ ဒီလို နှလုံးသွင်းရတယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးတဲ့၊ သူသဘောအတိုင်းသူ ဖြစ်ပျက်နေတဲ့ တရားတွေတဲ့၊ ဒီရုပ်တရားတွေ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားမျှပဲလို့ ရှုရမယ်တဲ့၊ ဒါဟာ ရုပ်အပေါင်း၌ ရုပ်အပေါင်းလို့ ရှုတယ်။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ကာယေ-မမြဲ ဆင်းရဲ အစိုးမရ အတ္တကောင်မဟုတ်သော ရုပ်အပေါင်း၌၊ ကာယာနုပဿီ-မမြဲ ဆင်းရဲ အစိုးမရ အတ္တကောင်မဟုတ်သော ရုပ်အပေါင်းဟု ရှုမြင်သည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

မမြဲ ဆင်းရဲ အစိုးမရတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တဲ့ ရုပ်အပေါင်းကိုယ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲလို့ အမှန်အတိုင်းသိအောင် ရှုရမယ်တဲ့၊ ဒီလိုရှုဖို့ရာက သိပ်ပြီးမလွယ်ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ပကတိပုဂ္ဂိုလ်တွေ အထင်အမြင်က ဒီဟာမြဲတယ်လို့ ထင်နေတယ်၊ ရုပ်ကြီးဟာ ငယ်ငယ်ကတည်းရှိလာတဲ့ ရုပ်ကိုယ်ကြီးဟာ ခုထက်ထိ တည်နေတယ်လို့ ထင်နေတယ်၊ ဒါကြီး ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲတဲ့တရားပဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ သိဖို့ ခက်တာပေါ့၊ စာသိဆိုရင်တော့ ရပါတယ်၊ စာနဲ့ ကျမ်းဂန်နဲ့ကတော့ မြတ်စွာဘုရားဟောထားတဲ့ ဒေသနာတွေ ထောက်ပြီးတော့ ရုပ်တရား နာမ်တရားတွေဟာ ဥပါဒ်ဌီဘင်လို့ ထင်တယ်၊ ဒါကြောင့် မမြဲဘူးလို့ ဒီလို မှတ်သားပြီး ကြည့်မယ်ဆိုလည်း ရပါတယ်၊ သို့သော် ပကတိကိုယ်ပိုင်ဉာဏ်နဲ့ ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူးလို့ သေသေချာချာ သိဖို့ မြင်ဖို့ဟာကတော့ မလွယ်ဘူး ခက်တယ်။

ပြီးတော့ ဒါဟာ ဒုက္ခပဲလို့ ထင်ဖို့ရာကလည်း မလွယ်ဘူး၊ သူဟာသူ ကောင်းတယ်, တင့်တယ်တယ်လို့ ထင်နေတယ်၊ အခု ကိုယ့်ကိုယ်နဲ့ကိုယ် ဆိုရင် ဘယ်လိုပဲ

http://www.dhammadownload.com

နေနေ ကိုယ့်ကိုယ်ကို တော်တော်တော့ကြည့်လို့ရှုလို့ ကောင်းသေးတာပဲ၊ ဒီလို ထင်နေတယ်၊ သူများကသာ ကြည့်လို့ရှုလို့ မကောင်းဘူးဟု ပြောချင်တာပြောမယ်၊ အနာရောဂါတွေ ဖြစ်နေလို့ ရွံစရာကောင်းတယ်လို့ ဒီလိုသူများက ပြောချင် ပြောမယ်၊ သို့သော်လဲ ကိုယ်ကိုကိုယ်တော့ ရွံစရာရယ်လို့ မဟုတ်ဘူး၊ တော်သေး ရဲ့လို့ အောက်မေ့တယ်၊ အဲဒါကြောင့် ဒုက္ခထင်ဖို့ရာလည်း ခဲယဉ်းတာပဲ။

အနတ္တ-ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးလို့ အကောင်အထည်နဲ့ အသက်ရှင်နေတဲ့ အကောင်မဟုတ်ဘူးလို့ ဒါထင်ဖို့က ပို၍ခဲယဉ်းပါတယ်၊ ဒီဥစ္စာကို အတ္တကောင်ကြီး တကယ်ထင်နေတာပဲ၊ အဲဒါက ပို၍ခဲယဉ်းတယ်၊ တစ်သက်လုံး တစ်ဘဝလုံး တစ် ကောင်တည်း တစ်ကိုယ်တည်း တစ်ယောက်တည်း တည်နေတာပဲလို့ ဒီလိုထင် လာခဲ့တာကိုး။

အဲဒီတော့ ဒါဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရုပ်အပေါင်းသဘောမျှပဲလို့ သိဖို့ရာ ရှုနိုင်ဖို့ရာ မြတ်စွာဘုရားက ရှုဖို့ရာ အကူအညီတွေ ပေးထားပါတယ်၊ "လူမစွမ်း နတ်မဆိုတာ" လူမစွမ်းလို့ရှိရင်ဖြင့် လူမှာ အကူအညီ ရှိရတယ်၊ သစ်ပင်ကို ခုတ်ချင် ဖြတ်ချင်လို့ရှိရင် လူသက်သက်နဲ့တော့ ဘယ်တတ်နိုင်မလဲ၊ လူသက်သက်နဲ့ တော့ သစ်ပင်ကို လက်နဲ့တော့ ဆွဲချိုးလို့ မကျိုးနိုင်ဘူး၊ သစ်ပင်လုံးကြီးက အတုပ်ကြီးဥစ္စာ၊ လက်ဝါးစောင်းနဲ့ ခုတ်လို့လည်း မပြတ်နိုင်ဘူး၊ ဒီတော့ ဘယ်လိုတုံး ဓားလိုလာတယ်၊ လွှလိုရင်လည်း လွှအကူအညီရှာရတယ်၊ ဓားနဲ့လွှနဲ့ တစ်ခါတည်းဖြတ်လိုက်တော့ သစ်ပင်ကြီး ဘယ်လောက်ကြီးကြီး ပြတ်သွားတာပဲ၊ အဲဒါလိုပဲ ဒီရုပ်အပေါင်းဟာ မြဲတဲ့အနေ, ချမ်းသာတဲ့အနေ, တင့်တယ်လှပတဲ့ အနေ, ပုဂ္ဂိုလ်သတ္တဝါကောင်အနေအားဖြင့် တစ်လောကလုံးက သတ္တဝါတွေဟာ ထင်မြင်စွဲလမ်းနေတယ်၊ အဲဒီထင်မြင်စွဲလမ်းနေတာတွေဟာ မမှန်ဘူး၊ အမှန် ကတော့ဖြင့် မမြဲနေတာပဲ၊ ဆင်းရဲတွေပဲ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရား တွေပဲ၊ အဲဒီအမှန်တွေ သိအောင် ဘယ်နဲ့လုပ်ရမလဲ ဆိုတော့ မြတ်စွာဘုရားက အကူအညီပေးထားတယ်။

မပြတ်အားထုတ်ခြင်း

အာတာပီ-ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိသည်ဖြစ်၍၊ သမ္မဇာနော-အမှန်အတိုင်းသိသည်ဖြစ်၍၊ သတိမာ-အမှတ်

http://www.dhammadownload.com

ရသော သတိရှိသည်ဖြစ်၍၊ ကာယေ-ရုပ်အပေါင်းကိုယ်၌၊ ကာယာနုပဿီ-မမြဆင်းရဲ အစိုးလဲမရ အနတ္တသဘောဖြစ်သော ရုပ်အပေါင်းမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

မမြဲ ဆင်းရဲ အစိုးမရ အနတ္တသဘောမျှဖြစ်တဲ့ ရုပ်အပေါင်းကို ရှုမြင်ပြီးတော့ နေတယ်တဲ့၊ ဘယ်လိုနေလဲဆိုတော့ အာတာပီ-ကိလေသာကို လွန်စွာပူပန်စေတတ်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍-တဲ့၊ မပြတ်မစဲ အားထုတ်ရင် အမှန်အတိုင်း သိတော့တာပဲ၊ မီးပွတ်တာလို မီးပွင့်အောင်လို့ မီးပွတ်တဲ့ဥစ္စာဟာ မပြတ်မစဲ လုပ်ရတယ်၊ နားကာ နားကာ မလုပ်ရဘူး၊ တုတ်တစ်ချောင်းနဲ့ တစ်ချောင်း ဒီတိုင်းပွတ်တာလည်း ရှိတယ်၊ ဗါမှမဟုတ် ဒေါင်လိုက်ကျင်းလေး လုပ်ပြီးတော့ ပွတ်တာလည်း ရှိတယ်၊ အဲဒီလိုလည်း ပွတ်ကြတယ်၊ ဒီတိုင်းပွတ်ရင်လည်း ရပါတယ်၊ ဒီတိုင်းပွတ်တာ ထားပါတော့ တုတ်တစ်ချောင်းနဲ့တစ်ချောင်း တိုက်နေရတယ်၊ အဲဒီလိုတိုက်လို့ ကြာတော့ ပူပါများတဲ့အခါ တိုက်ရာကနေပြီးတော့ မီးစွဲလာတယ်၊ တွင်းထဲမှာ သစ်သားတစ်ချောင်း အောက်ကတွင်းလေးခံ၊ အဲဒီတွင်းထဲမှာ သစ်သားချောင်းထိပ်နဲ့ လက်နဲ့ အဆက်မပြတ် ပွတ်ပြီးတော့ နေတယ်၊ အဲဒီလိုပွတ်လို့ ကြာလို့ရှိရင် အဲဒီထိပ်ကလေး နေရာကနေပြီး မီးပွင့်လာတယ်၊ မပြတ်လုပ်ရတယ်၊ နားမနေရဘူး၊ ဒလစပ်ပဲ၊ တစ်ချက်ပြီးတစ်ချက် တစ်ချက်ပြီး တစ်ချက် အမြဲမပြတ် တစ်ခါတည်း ပွတ်လိုက်ရတယ်။

အဲဒါလိုပဲ၊ ဝိပဿနာရှုမှတ်ရတာကလည်းပဲ မပြတ်အားထုတ်ရတယ်၊ ဖောင်းတယ်ဆိုရင် ဖောင်းတာပြီး နားမနေရဘူး၊ ပိန်တယ်လို့ မှတ်လိုက်ရင် ပိန်တာပြီးရင်လည်း နားမနေရဘူး၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ်လို့ ပေါ်ရာပေါ်ရာတွေကို တစ်ခါတည်း ဒလစပ် ဟိုကဆုံးရင်ဟို တစ်ခါတည်း ရှေးကဖြစ်ပေါ်သွားတဲ့အာရုံတွေ ပေါ်တိုင်း ပေါ်တိုင်း နောက်ကအစဉ်မပြတ်လိုက်ပြီးတော့ အချက်တိုင်း အချက်တိုင်း လိုက်ပြီးတော့ ရှုနေရတယ်. အဲဒီလိုရှုနိုင်အောင် ကြောင့်ကြစိုက်မှု ဝီရိယလေးပါရတယ်၊ ဒီဝီရိယမျှော်လှည့်သွားလို့ ရှိရင်တော့ အဲဒါက မရှုမိဘူး၊ အဲဒီဝီရိယမပြတ်ကို တစ်ခါတည်း နောက်ကတွန်းပေးနေသလို အားပေးမှု ဝီရိယလေးပါရမယ်တဲ့၊ ဒီဝီရိယလေးဟာ ခုန သမ္မပ္ပဓာန်ဝီရိယပါပဲ။

http://www.dhammadownload.com

မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်ရအောင်, ဖြစ်ပြီးသော အကုသိုလ်တွေ ပယ်နိုင်အောင်, မဖြစ်သေးသော အကုသိုလ်တွေ ဖြစ်ရအောင် ဖြစ်ပြီးသော အကုသိုလ်တွေ တည်တံ့တိုးပွားပြည့်စုံသွားအောင် အားထုတ်ဖို့ပဲ၊ အဲဒီ သမ္မပ္ပဓာန် ဝီရိယနဲ့ ပြည့်စုံရမယ်တဲ့၊ ဒီဝီရိယတွေ တရားအားထုတ်နေတဲ့ အခါကာလမှာ ထင်ရှားတယ်။

အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ကိုယ့်လုံ့လတွေ တစ်ခါတစ်ခါကျ ထက်သန်တယ်၊ ထက်ထက်သန်သန် အားထုတ်တယ်၊ တစ်ခါတစ်ခါကျ လျော့တော့တော့ပဲ၊ တော်တော်ကိုလျော့တယ်၊ တော်တော်လျော့သွားတော့ နားလိုက်ဦးမှပဲ ဆိုပြီးတော့ နားလိုက်ပြန်ရော၊ အိပ်တောင်မှ တချို့က အိပ်လိုက်သေးတယ်၊ လျော့ပြီးနေတော့ တရားက မတိုးဘူး၊ မတိုးတော့ ကမ္မဋ္ဌာန်းအစစ်ခံတဲ့အခါကျတော့ ပြောစရာမရှိဘူး၊ ပြောစရာမရှိတော့ ကမ္မဋ္ဌာန်းဆရာက ရိပ်မိသွားတယ်၊ တရားအားမထုတ်လို့ လျော့နေတယ်၊ အားထုတ်သူတွေ လျော့နေတာတွေ သိတော့ ကမ္မဋ္ဌာန်းဆရာက အားထုတ်ချင်အောင် တရားဟောရတယ်၊ အဲဒီအလျော့သိပ်များတဲ့ ပုဂ္ဂိုလ်ကျတော့ ခဏခဏဟောရတယ်၊ ကမ္မဋ္ဌာန်းဆရာ ဒုက္ခရောက်တယ်၊ အားပေးတရားဟောရတယ်၊ လုံ့လဝီရိယတွေ တိုးတက်လာအောင် ကြိုးစားပြီးတော့ ဟောရတယ်၊ မပြတ်မစဲ အမြဲအားထုတ်ရမယ်တဲ့။

သောဏသူဌေးသားပမာ

အာတာပီ-လုံ့လဝီရိယကောင်းတဲ့နေရာမှာတော့ သောဏသူဌေးသား မြတ်စွာဘုရားလက်ထက်တော်ကပေါ့၊ နာမည်အကောင်းသုံးပါပဲ၊ သူကတော့ ဝီရိယလွန်နေလို့ လျော့တောင်မှ ယူရသေးတယ်၊ သောဏသူဌေးသားဆိုတာ အင်မတန်ချမ်းသာကြွယ်ဝတဲ့သူဌေးသားပါပဲ၊ ဘယ်လောက် ချမ်းသာကြွယ်ဝလဲ ဆိုရင် မွေးကတည်းကနေပြီး မြေကြီးပေါ် မနင်းဖူးဘူးတဲ့၊ သူ့ဟာကတော့ မြေကြီးပေါ် မနင်းဘူး၊ မိဘတွေ အထိန်းတွေလက်ထဲမှာ ပွေ့လိုက်ပြီးတော့ အိမ်ပေါ်မှာပဲ သွားလာလို့ရှိရင် ကတ္တီပါတွေ, ကော်ဇောတွေ အင်မတန်နူးညံ့တဲ့ဟာတွေပေါ်မှာ အဲဒီအိပ်ယာတွေပေါ်မှာ နေလာတာကိုး၊ နေလာတော့ သူ့ခြေထောက်တွေက ခြေဖဝါးတွေများ အင်မတန်နုနေတယ်၊ မကြမ်းဘူး၊ ဖြေဖဝါးမှာ အမွေးတွေ ပေါက်နေတယ်၊ အတော်နုတာပဲ၊ အမွေးကလဲ ပေါက်တဲ့အမျိုးမို့ ပေါက်သလား

http://www.dhammadownload.com

တော့ မသိဘူး၊ အတော်ထူးဆန်းလှတယ်၊ အဲဒီလောက် နူးညံ့သိမ်မွေ့ပြီးတော့ နေတယ်။

အဲဒီလို နူးညံ့သိမ်မွေ့နေတဲ့ သောဏသူဌေးသားဟာ အခါတစ်ပါး မြတ်စွာဘုရားထံ အကြောင်းအားလျော်စွာ ရောက်လာတယ်၊ တိုတိုပြောရမယ်ဆိုရင် ရောက်လာတော့ မြတ်စွာဘုရားက တရားဟောတော့ အဲဒီတရားတွေ နှလုံးသွင်းပြီးတော့ ဒီတရားကတော့ မလွယ်ဘူးတဲ့၊ စိတ်တိုင်း စိတ်တိုင်း စင်ကြယ်အောင် အားထုတ်ရတဲ့တရားပဲတဲ့၊ ဒီတရားက စိတ်ကလေးတစ်ခုမှ မညစ်နွမ်းစေရဘူး၊ ဥပမာ - တစ်နေ့လုံး အားထုတ်နေတယ်ဆိုရင် တစ်နေ့လုံး စင်ကြယ်အောင် အားထုတ်နေရတယ်၊ နောက်တစ်နေ့လည်း ဒီလိုစင်ကြယ်အောင် အားထုတ်နေရတာပဲ၊ နောက်ဆုံးဘဝနဲ့ ပြောမယ်ဆိုရင် စုတိစိတ်တိုင်အောင် တရားအစဉ်နဲ့ ပြောမယ်ဆိုလို့ရှိရင် အရိယမဂ်အနီးအပါးတိုင်အောင် စိတ်တိုင်း စိတ်တိုင်း စင်ကြယ်အောင် အားထုတ်နေရတာပဲ၊ တစ်စိတ်ပြီး တစ်စိတ်၊ တစ်စိတ်ချင်း တစ်စိတ်ချင်း ဆက်ခါဆက်ခါဖြစ်နေတယ်၊ အဲဒီစိတ်ကလေးတွေ စိတ်တိုင်း စိတ်တိုင်း စင်ကြယ်နေအောင် လောဘ ဒေါသ အညစ်အနွမ်းတွေ ဒီထဲကျမလာအောင်လို့ အားထုတ်နေရတယ်။

အခု ဒီတရားအားထုတ်ရတာလည်း ဒီအတိုင်းပဲ၊ အခု ယောဂီတွေ သဘောပေါက်တာပေါ့၊ အခု ယောဂီတွေ မှတ်ဖို့ရာ ဘုန်းကြီးများ ဒီကပြောရင် တရားနာပြီးသားပုဂ္ဂိုလ်ဟာ ဒီလိုပဲ သဘောကျတာပဲ၊ စိတ်တိုင်း စိတ်တိုင်း လိုက်နေရတာပဲ၊ တစ်ခုမှ မနားရဘူး၊ စဉ်းစားပြန်ရင် စဉ်းစားတာကို မှတ်ရဦးမယ်၊ ကြံရင်လည်း ကြံတာ မှတ်ရဦးမယ်၊ ကိုယ်က ယားရင်လည်း ယားတာ မှတ်ရဦးမယ်၊ ပူပြန်ရင် ပူတာ မှတ်ရဦးမယ်၊ ကွေးချင် ဆန့်ချင်ပြန်ရင် ကွေးချင် ဆန့်ချင်တာ မှတ်ရဦးမယ်၊ ဘယ်ကျန်တော့တုံး အကုန်လုံး လိုက်ပြီးတော့ မှတ်နေရတယ်၊ လောဘ ဒေါသတွေ မကျရအောင်၊ အဲဒီစိတ်ကူး စဉ်းစားကြံစည်တာ ပူတာ၊ နာတာ၊ ယားတာ၊ ကွေးချင်တာ၊ ဆန့်ချင်တာ၊ ကွေးတာ၊ ဆန့်တာနဲ့ စပ်ပြီးတော့ ကိလေသာတွေ မဖြစ်ရအောင် နောက်က အစဉ်လိုက်နေရတယ်၊ နောက်က အစဉ်မပြတ် လိုက်နေရတယ်၊ အဲဒီလို အားထုတ်ရတယ်။

ဒါတွေကို သူသဘောပေါက်တယ်၊ ဒီလောက်ကိလေသာ စင်ကြယ်အောင် အားထုတ်ရတဲ့တရားကတော့ လူဘဝလူလောကမှာ နေပြီးတော့ အားထုတ်ဖို့

http://www.dhammadownload.com

ကတော့ မလွယ်ဘူး ဟုတ်တယ်၊ များသောအားဖြင့် မလွယ်ပါဘူး၊ လူလောက အနေနဲ့ အားထုတ်လို့ကတော့ အိမ်မှာတွင်နေပြီး အားထုတ်ဖို့ ဆိုတာကတော့ တော်တော်ကို မလွယ်ပါဘူး၊ လူဘဝ လူလောကအနေနဲ့ ကမ္မဋ္ဌာန်းကျောင်းလာပြီး တရားအားထုတ်ရတယ်၊ ဒီလိုအားထုတ်တဲ့အခါကျတော့လည်း ရဟန်းများလို ဘယ်လို ပလီဗောဓတွေ ဘာတွေဖြတ်ပြီးတော့ အားထုတ်ရတယ်၊ သို့သော်လည်း တော်ပါရဲ့ ဒီကျတော့လည်းပဲ သူက အဲဒီပလီဗောဓမရှိအောင် အားထုတ်လည်း ရတာပဲ၊ တချို့တော့လည်းပဲ စိတ်ပြတ်တဲ့ပုဂ္ဂိုလ်တွေကတော့ အိမ်တွင် တချို့က အားထုတ်တယ်၊ တယ်တော်တယ်၊ အားထုတ်လို့ရတာတွေ နည်းနည်းပါးပါးပဲ ရှိတယ်၊ ချီးမွမ်းစရာ သိပ်ကောင်းတယ်၊ သံယောဇဉ်တွေ ဖြတ်ပြီးသကာလ အလုပ်တစ်ခုထဲကို လုပ်နိုင်တာ၊ ချီးမွမ်းစရာကောင်းတယ်၊ ဒီလိုပုဂ္ဂိုလ်က ရှားတော့ ရှားတယ်၊

တချို့က ကမ္မဋ္ဌာန်းကျောင်းလာပြီး တရားလာပြီး ယူသွားတယ်၊ အိမ်တွင် အားထုတ်ပါမယ်ဆိုပြီး ယူသွားတယ်၊ နောက်မပြန်လာဘူး၊ နောက်တွေ့တဲ့အခါ မေးကြည့်တော့ ကောင်းကောင်းအားမထုတ်နိုင်ပါဘူးတဲ့၊ အားထုတ်နိုင်ခဲတယ်၊ အင်မတန်အားထုတ်နိုင်ခဲတယ်၊ တချို့တစ်ဦးတစ်လေပဲ ရှိတယ်၊ တချို့တစ်လေကတော့ အိမ်တွင် အားထုတ်ပြီးတော့ ရက်ပေါင်းတော်တော်များတော့ သူက ဉာဏ်စဉ်တရားတွေ နာနိုင်တဲ့အခြေအနေရောက်လာတယ်၊ အင်မတန် ဝမ်းသာစရာ ကောင်းတယ်၊ ဒီလိုဟာလည်း ရှိတော့ ရှိပါတယ်၊ လိုရင်းတော့ လုံလဝီရိယနဲ့ မှန်ဖို့ရာ အရေးကြီးတယ်၊ အဲဒီလုံလဝီရိယရှိဖို့ အရေးကြီးတယ်၊ အာတာပီ-ကိလေသာကို ပူပန်စေတတ်တဲ့လုံလဟာ အရေးကြီးတယ်။

အဲဒီတော့ ဒီတရားကို လူလောကမှာ ဆိုရင်တော့ဖြင့် စင်ကြယ်အောင် အားထုတ်ဖို့ရာ ခက်တယ်လို့ အဲဒီလိုနှလုံးသွင်းပြီးတော့ ရဟန်းပြုမှုပဲဆိုပြီး တစ်ခါတည်း မြတ်စွာဘုရားထံ ရဟန်းပြုပြီးတဲ့အခါကာလကျတော့ သူက ငါတော့ မိတ်ဆွေတွေက သိပ်ပေါတယ်၊ သူငွေးသားဆိုတော့ မျက်နှာကြီးတွေ အများကြီး နေမှာပေါ့၊ ဒါနဲ့ မိတ်ဆွေက ခဏခဏလာပြီး သူ့ဆီကို မေးကြ မြန်းကြနဲ့ ဆိုလို့ ရှိရင်တော့ သူတရားအားထုတ်ဖို့ အချိန်မရဘူး၊ အဲဒါကြောင့် သူက သုသာန်မှာ သွားနေတယ်၊ ဟိုခေတ်တုန်းက သုသာန် ဆိုတော့ကို ဘယ်သူမှမလာဘူး၊ ဟိုခေတ်တုန်းက သုသာန်ဆိုတာ တောထဲမှာ ဒီလိုမြို့နဲ့ တစ်ဆက်တည်းမြို့ထဲမှာ

http://www.dhammadownload.com

မဟုတ်ဘူး၊ တောထဲမှာ ထားကြတယ်၊ ဟိုတုန်းက သုသာန်ဆိုတာ ကြောက်ကြတယ်၊ သုသာန်ဆိုတာ ရှေးတုန်းက မြေကြီးမမြုပ်ဘဲနဲ့ အလောင်းကြီး ပစ်ထားတာနဲ့ တူပါတယ်၊ သုသာန်ဆိုတော့ကို မင်္ဂလာမရှိလို့ ဘယ်သူမှ မသွားကြဘူး၊ ဒါပေမယ့် သူက သွားပြီး တရားအားထုတ်နေတယ်။

ဘယ်လောက်အားထုတ်လဲဆိုရင် တစ်ခါတည်း ထိုင်ပြီး အားထုတ်နေလို့ ရှိရင် လုံ့လဝီရိယလျော့တယ် ဆိုပြီးတော့ စကြီလျှောက်ပြီး အားထုတ်တယ်၊ စကြီသွား အားထုတ်လိုက်တာ ပထမခြေထောက်က အင်မတန်နုနေတာကိုး၊ အင်မတန်နုနေတဲ့ ခြေထောက်ဟာ စကြီသွားပါများတော့ ပေါက်ကုန်တာပေါ့၊ ဒီလောက်မနုတဲ့ ခြေထောက်တောင်မှ မြေကြီးပေါ်မှာ ဖိနပ်မပါဘဲနဲ့ သွားပါများရင် ခြေထောက် ပေါက်တတ်တယ်၊ သူမှာ ခြေထောက်တွေ ပေါက်ကုန်တယ်၊ ခြေထောက်ပေါက်လည်း သူက မလျော့ဘူး၊ သွားတာပဲ၊ ခြေထောက်က သွေးတွေ ထွက်တယ်၊ အဲဒီသွေးတွေက မြက်တွေကို လူးပြီးတော့ နေတယ်၊ သွေးတွေရဲလို့ အဲဒါတွေ မြတ်စွာဘုရားက သိတော့ အဲဒီမှာသွားပြီးတော့ မေးမြန်းတယ်၊ ဒီမှာ စကြီသွားတာ ဘယ်သူလဲလို့ ဆိုတော့ ရှင်သောဏသွားပါတယ်လို့ လျှောက်တော့ ရှင်သောဏကို ခေါ်ပြီး မေးတယ်။

မေးတဲ့အခါ ဝီရိယလွန်နေတာတွေ သိတော့ စောင်းနဲ့ဥပမာပေးရတယ်၊ လူဖြစ်စဉ်အခါကာလက သင် စောင်းတီးဖူးတယ် မဟုတ်လား၊ တီးဖူးပါတယ်၊ တီးတတ်ပါတယ်လို့ လျှောက်တယ်၊ ကြိုးတွေ လျှော့နေတဲ့အခါ ဘယ့်နှယ်နေတုံးဆိုတော့ ကြိုးလျှော့နေတဲ့အခါ အသံမကောင်းပါဘူးတဲ့၊ ကြိုးသိပ်တင်းနေတဲ့အခါတော့လည်း ဘယ့်နှယ်နေတုံး၊ ဒါလည်း အသံမကောင်းပါဘူးတဲ့၊ ဘယ်လိုကောင်းသလဲဆိုတော့ သူညီမျှနေမှပဲ၊ မလျော့မတင်း လျော့လည်း မလျော့ဘူး၊ တင်းလည်း မတင်းဘူး၊ ညီညီမျှမျှလေးဖြစ်နေမှပဲ ကောင်းတယ်၊ ဒီတရား အားထုတ်တာလည်း အဲဒီလိုပါပဲတဲ့၊ လျော့နေရင်လည်း မကောင်းဘူး၊ တင်းလွန်းနေရင်လည်း မကောင်းဘူး၊ သိပ်မလျော့မတင်း တစ်ခါတည်း အားထုတ်နေရတယ်၊ စိတ်ဓာတ်တွေ ပြင်းထန်လွန်း အားကြီးနေရင်လည်း မကောင်းဘူး၊ မှန်မှန် အားထုတ်ရမယ်တဲ့၊ တရားသဘောအတိုင်း သူဟာသူဖြစ်ပျက်နေတဲ့တရားတွေပဲ၊ ငါကတော့ မပြတ်တမ်း မှတ်မှပဲလို့ လုံ့လဝီရိယများနေရင်လည်း နည်းနည်း လျော့ပစ်ရတာ၊ သို့သော် အများအားဖြင့်တော့ လျော့နေတာ များပါတယ်၊ သူမှာ

http://www.dhammadownload.com

တော့ နည်းနည်းလျော့ပေးရတယ်၊ အဲဒါဟာ သမ္မပ္ပဓာန်ဝီရိယပဲ၊ အဲဒီသမ္မပ္ပဓာန်ဝီရိယက ကိလေသာတွေကို ပူလောင်စေတတ်တယ်။

မီးရဲဆဲဆုံးပမာ

သံတုံး သံခဲကြီးများ မီးဖုတ်ထားတော့ နီရဲပြီးတော့ နေတယ်၊ ပန်းပဲဖိုထဲက မီးနဲ့ဖုတ်ထားတဲ့ သံတုံး သံခဲကြီးများ နီရဲနေတယ်၊ အဲဒီလိုရဲနေတဲ့ သံတုံးသံခဲကြီးပေါ်မှာ ယင်ကောင်များဟာ အနားမကပ်ဝံ့ဘူး၊ အကယ်၍ သံတုံးသံခဲက အေးနေလို့ ရှိရင်တော့ ဒီအေးနေတဲ့ သံတုံးပေါ်မှာ လာပြီးတော့ ဟိုနားဒီနား၊ နားနေမှာ၊ အခုလိုပဲ မီးရဲရဲနဲ့ပူနေတဲ့ သံတုံးသံခဲကြီးများကျတော့ နားဖို့ နေနေသာသာ အနားတောင်မလာရဲဘူး၊ အဲဒါလိုပဲ လုံ့လဝီရိယနဲ့ပြည့်စုံပြီးနေတဲ့ ပြင်းပြင်းထန်ထန် ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ ကိလေသာတွေ ဆိုတာ မကျရောက်နိုင်ဘူး မဝင်နိုင်ဘူး၊ ဖြစ်ခွင့်မရဘူး၊ ကိလေသာကို ပူပန်စေတတ်တဲ့သဘော ရှိတယ်၊ အကယ်၍ ကိလေသာတွေကသာ စဉ်းစားဆင်ခြင်တတ်တဲ့ သဘောရှိမယ်ဆိုလို့ ရှိရင် လာလို့တော့ကွာ ဒီပုဂ္ဂိုလ်သန္တာန် ဝင်လို့ရမယ် မဟုတ်ပါဘူး၊ သူက အမြဲမပြတ် အားထုတ်နေတာပဲ၊ တို့တော့ နေရာထိုင်ရာ ဒီပုဂ္ဂိုလ်ကြီးသန္တာန်ဝင်ပြီးတော့ နေရမှာ မဟုတ်ပါဘူးဆိုပြီးတော့ စိတ်ပူစရာပေါ့၊ အဲဒီအနေမျိုးကို ရည်ပြီးတော့ ပူပန်စေတတ်တယ်တဲ့ ကိလေသာကို ပူပန်စေတတ်တယ်။

ဘုန်းကြီးများ ဆိပ်ခွန်မှာ ကမ္မဋ္ဌာန်းပြခါစက ဒကာကြီးတစ်ယောက် ရှိတယ်၊ သူက အမြဲမပြတ် အားထုတ်နေတာကိုး၊ သူကတော့ လုံ့လဝီရိယ ကောင်းနေတယ်၊ တရားပြည့်စုံပြီးတဲ့နောက်လည်း အားထုတ်နေတာပဲ၊ သူကတော့ အမြဲမပြတ်ကျောင်းလာတဲ့အခါလည်း အားထုတ်တယ်၊ အိမ်မှာလည်း အားထုတ်တယ်၊ ညမှာလည်း အားထုတ်တယ်၊ နေ့မှာလည်း အားထုတ်တယ်၊ ဒီပြင်ဟာ ဘာမှမလုပ်ဘူး၊ အရွယ်ကလည်း တော်တော်ကြီးပါပြီ၊ အားထုတ်နေတာ ဘာမှကြောင့်ကြရမှန်း ပူပန်ရမှန်း ဘာမှမသိဘူး၊ ဟိုတုန်းက ဣပန်တွေ ရောက်ခါစဆိုတော့ အထက်ပိုင်းမှာ တရုတ်တွေ ဘာတွေကလည်း တော်တော်လေးမွေတယ်၊ တော်တော်ကို နှိပ်စက်တယ်၊ ဟိုလူခေါ် ဒီလူခေါ်နဲ့၊ ဣပန်တွေကလည်း ဟိုလူခေါ်၊ ဒီလူခေါ်နဲ့ တော်တော်အနှောင့်အယှက်ပေးတယ်၊ ဒီပြင်လူတွေကတော့ ပူကြပန်ကြတာပေါ့လေ၊ ဒုက္ခတွေရောက်လို့ ပူပင်ကြ ပြောဆိုကြ ငြီးတွားကြတာတွေ

http://www.dhammadownload.com

လုပ်ကြတယ်၊ ဒကာကြီးက တရားအားထုတ်နေတာကိုး၊ ဗီလောကအကြောင်း အရာ ပြောသံဆိုသံတွေကို ကြားလည်း ကြားမှာမဟုတ်ဘူး၊ ကြားလည်း ဂရုစိုက်ပုံရမယ် မဟုတ်ပါဘူး၊ သူ ဘာမှအညည်းအညူမရှိဘူး၊ ဒကာကြီးတော့ နေရာကျတာပဲ၊ ကိလေသာကို ပူပန်စေတတ်တဲ့ သမ္မပ္ပဓာန် လုံ့လတွေ သူမှာ ရှိနေတာကိုး၊ သူက အမြဲမပြတ်အားထုတ်နေတော့ သူမှာ ကိလေသာတွေက မရှိတော့ ညည်းစရာ ညူစရာ စိတ်ပျက်စရာတွေက ဝင်မလာဘူး၊ သိပ်ဟန်ကျ တယ်၊ အဲဒါလိုပဲ မပြတ်မစဲ အားထုတ်နေတဲ့ လုံ့လဝီရိယဟာ ကိလေသာကို ပူပန်စေတတ်တယ်တဲ့၊ ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေတတ် တယ်တဲ့၊ နေများကဲ့သို့ ကိလေသာခြောက်သွေ့ပြီး ပျောက်ပျက်သွားစေတတ် ပါတယ်တဲ့၊ အဲဒီ သမ္မပ္ပဓာန် လုံ့လဝီရိယနဲ့ ပြည့်စုံရမယ်တဲ့၊ ဒါ မြတ်စွာဘုရားက လက်နက်ပေးတာနော်၊ ခုနက ပုဂ္ဂိုလ်တွေကို သစ်ပင်ကို ဒီအတိုင်း လက်နဲ့ ဆွဲပြီးတော့ မချနိုင်ဘူး၊ လက်ဝါးစောင်းခုတ်လို့ မပြတ်နိုင်ဘူးဆိုတော့ မားတို့ လွှတို့ ပေါက်ဆိန်တို့ အကူအညီနဲ့ ဖြတ်ရသလိုပဲ၊ ဒီရုပ်ကိုယ်ကြီးက အမြဲတမ်း တည်ရှိနေတယ်၊ မြဲနေတယ်လို့ ထင်နေတယ်၊ ချမ်းသာတယ်၊ လှပတယ်၊ တင့်တယ် တယ်လို့ ထင်နေရတယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင်ကဲ့သို့ ထင်နေရတယ်၊ အဲဒါကို အနိစ္စ ဒုက္ခ အနတ္တထင်ဖို့ရာ ခဲယဉ်းနေတာပေါ့၊ အဲဒါကို မခဲယဉ်းရအောင် မြတ်စွာဘုရားက ဒီမှာ လက်နက်ကို ပေးတာ။

အာတာပီ-ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိသည်ဖြစ်၍၊ အာတာပီ-ကိလေသာကို လွန်စွာသွေ့ခြောက် ကင်းပျောက် စေနိုင်သော သမ္မပ္ပဓာန်လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍၊ မပြတ်မစဲ အားထုတ် ရမယ်လို့ ဆိုလိုပါတယ်၊ ရှုပ်ခန္ဓာကိုယ်ကြီးကို မပြတ်မစဲ ပြင်းပြင်းထန်ထန် အားထုတ်လို့ တစ်မှတ်ပြီး တစ်မှတ်၊ တစ်မှတ်ပြီး တစ်မှတ် ပြင်းပြင်းထန်ထန် မှတ်နိုင်အောင်လို့ နောက်ကနေပြီး လုံ့လဝီရိယနဲ့ အမြဲတမ်းအားပေးနေရမယ်တဲ့။

အားထုတ်စေနည်း မစေ့ဆော

သတိမာ-အမှတ်သတိရှိသည်ဖြစ်၍၊ လုံ့လဝီရိယနဲ့ ကြောင့်ကြစိုက်ပြီးတော့ အမှတ်ရရမယ်ပေါ့၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ အမှတ်ရှိ အမှတ်ကောင်းတယ်၊ မမေ့ဘူးဆိုတာ လုံ့လဝီရိယနောက်က သတိရှိလို့၊ အားထုတ်နေလို့ သူက မမေ့တာ၊

http://www.dhammadownload.com

အားမထုတ်တဲ့အခါမှာ မေ့သွားမှာပဲ၊ အားမထုတ်တဲ့အခါ အမှတ်မရတော့ဘူး၊ အမှတ်ရရင် ဘာဖြစ်တုံးဆိုရင် အမှတ်ရတဲ့အာရုံမှာ စူးစိုက်တည်ကြည်တဲ့ သမာဓိလည်း ဖြစ်သွားတာပဲ၊ အဲဒီသမာဓိတော့ ဒီမှာမြုပ်သွားတယ်။

သမာဓိရစေတဲ့ အသိဉာဏ်လေး

သတိမာ-သတိနှင့်ပြည့်စုံသည်ဖြစ်၍ အမှတ်ရသည်ဖြစ်၍၊ အမှတ်ရလာတဲ့အခါ သမာဓိပါသွားပြီး သမာဓိရလာတယ်၊ သမာဓိရတော့ သမာဓိရတဲ့အာရုံ၊ စူးစိုက်တည်ကြည်တဲ့အာရုံပေါ်မှာ ဒီအာရုံလေး ပိုင်းခြားသိတဲ့ ဉာဏ်လည်း ဖြစ်တော့တာပဲ။

သမ္မဇာနော-ကောင်းစွာသိသည်ဖြစ်၍၊ မှန်စွာသိသည်ဖြစ်၍ အမှန်အတိုင်းသိပါပြီတဲ့၊ အဲဒီအာရုံလေး စူးစိုက်တည်ကြည်တဲ့အာရုံတွေကို အမှန်အတိုင်း သိသိသွားတာကို၊ သမ္မဇာနော-အမှန်အတိုင်းသိသည်ဖြစ်၍၊ ကာယေ-ရုပ်ပေါင်းကိုယ်၌၊ ကာယာနုပဿီ-မမြဆင်းရဲ အစိုးမရ အတ္တမဟုတ်သော ရုပ်ပေါင်းမျှဟု ရှုမြင်သည်ဖြစ်၍၊ ဝိဟရတိ-နေ၏လို့ ဆိုတယ်။

အမှန်အတိုင်းရှုသိရင် ကိလေသာမဖြစ်

အဲဒီလိုနေရမယ်တဲ့၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ဒလစပ်မှတ်ပြီးတော့ နေတာပဲ၊ ဒီရုပ်ကိုယ်ကြီးတစ်ခုလုံး မမြဲတာတွေ အပိုင်းအပိုင်းလေးတွေ သူ့အခိုက်အတန့်နဲ့သူဖြစ်ပြီး ပျောက်သွားတော့ မမြဲတာတွေကို သိအောင် မှတ်နေရတယ်၊ ဖြစ်ပျက်ပြီးတော့ နေလို့ ဆင်းရဲပဲ၊ နှစ်သက် သာယာစရာမရှိဖူးတဲ့၊ ဘာမှ ကောင်းတဲ့သဘောတွေ မဟုတ်ဘူး၊ အဲဒါသိအောင်လို့၊ ပြီးတော့ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ ခဏမစဲသူ့အလိုလိုဖြစ်ပြီး သူ့ဟာသူပျက်သွားတဲ့ သဘောတရားမျှတွေဆိုတာ အမှန်အတိုင်းသိအောင်လို့ပဲ ရှုနေရတာကို၊ အဲဒီလိုရှုလို့ အမှန်အတိုင်း သိနေပါပြီတဲ့။

ကိုယ်အမူအရာတွေ ဖောင်းတာ ပိန်တာဖြစ်စေ၊ ထိုင်တာ ထိတာဖြစ်စေ၊ သွားတာ လာတာဖြစ်စေ၊ ကွေးတာ ဆန့်တာဖြစ်စေ၊ လှုပ်ရှားတာဖြစ်စေ၊ ကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်းဟာဖြင့်ရင် သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပျက်နေတဲ့ မမြဲ

http://www.dhammadownload.com

တဲ့တရားပဲ၊ မမြဲဆင်းရဲကြီးပဲ၊ သူသဘောအတိုင်း သူဖြစ်ပျက်နေတဲ့သဘော တရားပဲ၊ ဒါ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ ငါကောင် သူကောင်မဟုတ်ဘူး၊ အသက်ရှိတဲ့ကောင်မဟုတ်ဘူး၊ ကိုယ့်ကိုကိုယ် ငါကောင် သူကောင် အသက်ရှိတဲ့ကောင်မဟုတ်သလိုပဲ သူများကိုယ်လည်း ဒီလိုပဲဖြစ်ပျက်နေတဲ့ သဘောတရားတွေ၊ မမြဲတဲ့တရားတွေ၊ ငါကောင် သူကောင်မဟုတ်တဲ့ သဘောတရားတွေပဲလို့ ရှုတိုင်း ရှုတိုင်း ရှုင်းပြီးတော့ သိနေပြီဆိုပါတော့၊ အမှတ်ကောင်းတဲ့အခါ အဲဒီအတိုင်းသိနေတာပဲ၊ ဘာမှ စာသင်နေရတာလည်း မဟုတ်ဘူး၊ စာကျက်နေရတာလည်း မဟုတ်ဘူး၊ မှတ်နေတာနဲ့ပဲ၊ ဒါလေးဟာ ခဏာမစဲဖြစ်ပျက်နေတဲ့တရားတွေပဲလို့ ဖြစ်ပြီး ပျောက်သွားလို့ မမြဲတဲ့တရားတွေပဲ၊ ဖြစ်လိုက်ပျောက်လိုက်နဲ့ ဆင်းရဲတဲ့တရားတွေပဲ၊ ဘာမှ ကောင်းတဲ့တရားတွေမဟုတ်ဘူး၊ ဖြစ်လိုက်ပျောက်လိုက်နဲ့ သူဟာသူဖြစ်ပျက်နေတဲ့ သဘောတရားတွေပဲ၊ ကွေးအောင် ဆန့်အောင် ထိုင်အောင် ထအောင် လုပ်နေတဲ့ ငါကောင် သူကောင် သတ္တဝါကောင်ရယ်လို့ မရှိဘူး၊ အသက်ရှင်နေတဲ့အကောင်လည်း မရှိဘူး၊ အလိုလိုဖြစ်ပျက်နေတဲ့ သဘောတရားတွေမျှပဲ၊ အနတ္တတရားတွေပဲဆိုတာ ဒီလိုသိနေတာကိုး၊ အဲဒီလိုသိနေတော့ ဘာဖြစ်လဲဆိုတော့ -

လောကေ၊ လောကဋ္ဌ၊ အဘိဇ္ဈာဒေါမနဿံ-လိုလားနှစ်သက်မှု နှလုံးမသာမှုကို၊ ဝိနေယျ-ပယ်ဖျောက်၍၊ ဝိဟရတိ-နေ၏။

လောဘ ဒေါသ မဖြစ်ရတော့ဘူးတဲ့၊ ဒီအာရုံနဲ့စပ်ပြီးတော့ လောဘလည်း မဖြစ်ရဘူး၊ ဒေါသလည်း မဖြစ်ရဘူးတဲ့၊ ကိုယ်အမူအရာတွေနဲ့ ပတ်သက်ပြီးတော့ ကိုယ့်ကိုနဲ့ ပတ်သက်ပြီးတော့လည်း လောဘမဖြစ်ရဘူး၊ သူများကိုယ်နဲ့ပတ်သက်ပြီးတော့လည်း လောဘမဖြစ်ရဘူးတဲ့၊ ဘာလိုတုံးဆိုရင် မမြဲဘူးဆိုတာ သူသိနေတာကိုး၊ ခဏာမစဲဖြစ်ပျက်နေလို့ မမြဲဘူး၊ ဖြစ်ပျက်နေလို့ ကောင်းတဲ့တရားမဟုတ်ဘူး၊ မတင့်တယ်ဘူး၊ မလှပဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ သဘောတရားမျှပဲဆိုတာကို သိနေတော့ လောဘဖြစ်စရာ ဘယ်ရှိမလဲ၊ လောဘဖြစ်စရာ မရှိဘူး၊ ဒေါသလည်း ဖြစ်စရာမရှိဘူး၊ စိတ်ဆိုးစရာလည်း မရှိဘူး၊ သူဟာသူ ဖြစ်ပျက်နေတဲ့တရားတွေပဲ၊ အဲဒီလောဘ၊ ဒေါသ၊ မောဟတရားတွေ ငြိမ်းနေပါတယ်တဲ့။

မရှုရင်တော့ ဒါလေးတွေက ဖြစ်နိုင်တယ်၊ ဖောင်းတာ၊ ပိန်တာအကြောင်းပြုပြီးတော့လည်း ဖြစ်နိုင်တယ်၊ ကွေးတာ ဆန့်တာအကြောင်းပြုပြီးတော့လည်း

http://www.dhammadownload.com

ဖြစ်နိုင်တယ်၊ ထိုင်တာ၊ ထတာအကြောင်းပြုပြီးတော့လည်း ဖြစ်နိုင်တယ်၊ သွားတာ လာတာ အကြောင်းပြုပြီးတော့လည်း ဖြစ်နိုင်တယ်၊ ကိုယ်အမူအရာတွေ လှုပ်ရှားပြီးနေတာတွေကနေပြီးတော့ ငါပဲဆိုပြီး လောဘဖြစ်နိုင်တယ်၊ ဒေါသလည်း ဖြစ်နိုင်တာပဲ၊ ပြီးတော့ ကိုယ့်ကိုယ်နဲ့ပတ်သက်ပြီး လောဘ၊ ဒေါသဖြစ်နိုင်သလို၊ သူများတွေကိုယ်မှာလည်း အဲဒါ ပုဂ္ဂိုလ်သတ္တဝါထင်မှတ်ပြီး လောဘ၊ ဒေါသတွေ ဖြစ်နိုင်တယ်၊ အဲဒီလို လောဘ၊ ဒေါသတွေဟာ မဖြစ်တော့ဘူးတဲ့။

အဘိဇ္ဈာဆိုတာ လောဘပါပဲ၊ ရှေးရှုကြံစည်တတ်တယ်၊ လိုချင်စရာ နှစ်သက်စရာ အာရုံတွေကို လိုချင်နှစ်သက် တပ်မက်ပြီးတော့ ရှေးရှုကြံစည်တတ်တဲ့တရားက လောဘ။ ဒေါမနဿဆိုတာ စိတ်နှလုံးမသာယာမှု စိတ်နှလုံးမသာမှုဆိုတာ ဒေါသနဲ့ တွဲဖြစ်နေတာပဲ၊ စိတ်နှလုံးမသာမှုဖြစ်တယ်ဆိုရင် ဒေါသဖြစ်တော့တာပဲ၊ အဲဒါဟာဖြင့် ဒေါသကို ပြတယ်တဲ့၊ အဲဒီလောဘ ဒေါသတွေဟာ မရှုတဲ့အာရုံတိုင်းမှာ ဖြစ်နိုင်ပါတယ်တဲ့၊ ရှုတဲ့အာရုံမှာ မဖြစ်နိုင်ဘူးတဲ့၊ အဲဒီလို လောဘ ဒေါသတွေ ငြိမ်းအောင်လို့ ရှုပြီးတော့ နေရမယ်ဆိုတာကို ဒါပြတယ်၊ အဲဒီလိုနေတာကို သတိပဋ္ဌာန်တရားအရ ကာယာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်၊ သတိပဋ္ဌာန်လေးပါးထဲက သူတစ်ခုပေါ့လေ၊ အဲဒီတော့ ပါဠိနဲ့အနက်ကိုတော့ ကျက်ထားရင်သိပ်တော့ မမျှားပါဘူး၊ ဒါပေမယ်လို့ မြန်မာလိုရှင်းရှင်းလေးက ပိုနားလည်တယ်၊ ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပေးသွားမယ်။

* **"ထင်ရှားပေါ်လာသော ကိုယ်အမူအရာဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်"**တဲ့။ (ဆို သုံးခေါက်)

ကာယေ ကာယာနုပဿီ-ကို ကာယေ-ကိုယ်၌၊ ကာယေ-မမြဲဆင်းရဲ အစိုးလည်း မရ အနတ္တသဘောမျှဖြစ်သောကိုယ်၌၊ ကာယာနုပဿီ-မမြဲဆင်းရဲ အစိုးလဲမရ အနတ္တသဘောမျှဟူသော ကိုယ်ဟု ရှုသည်ဖြစ်၍၊ မမြဲတဲ့တရား မမြဲဘူးလို့ အမှန်အတိုင်းရှု၊ ဆင်းရဲတဲ့တရားကို ဆင်းရဲပဲ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားကို ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားလို့ အမှန်အတိုင်းရှုမြင်ပြီးတော့ နေရမယ်တဲ့၊ အဲဒီအဓိပ္ပါယ်ကို "ထင်ရှားပေါ်လာသော ကိုယ်အမူအရာဟူသမျှကို အမှန်အတိုင်းရှုမြင်ရမည်တဲ့" ဒါက တစ်ချက်၊ အမှန်အတိုင်းရှုမြင်ဖို့က လွယ်လွယ်တော့ မဖြစ်ဘူး၊ အကူအညီလိုလာတော့ -

http://www.dhammadownload.com

* **ရှမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်။** (ဆို သုံးခေါက်)

ကြောင့်ကြစိုက်အားထုတ်နေရတယ်၊ ရှနေမှဖြစ်တယ်၊ အမှတ်ရနိုင်အောင် အားထုတ်နိုင်အောင် အမြဲမပြတ်ကြောင့်ကြစိုက်နေမှ အာတာပီ-ကိလေသာကို ပူပန်စေတတ်သော လှုံ့လရှိသည်ဖြစ်၍၊ မပြတ်ကြောင့်ကြစိုက်ရင်တော့ မပြတ်မှတ်မိနေတော့တာပဲ။

* **မပြတ်မှတ်လျက် အမှန်အတိုင်းသိရမည်။** (ဆို သုံးခေါက်)

ကြောင့်ကြစိုက်ပြီး မပြတ်မှတ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် တစ်ခါတည်း ဒလစပ်မှတ်၊ နားမနေနဲ့၊ တုံးတိုက်တိုက် တိုင်တိုက်တိုက် တစ်ခါတည်း မပြတ်မှတ်သွား၊ မပြတ်မှတ်တော့ ဘာဖြစ်တုံးဆိုရင် သမာဓိဖြစ်တယ်၊ မှတ်မိတဲ့အာရုံပေါ်မှာ စူးစိုက်တည်ကြည်တဲ့သမာဓိဖြစ်တယ်၊ ဖောင်းတာမှတ်ရင်း ဖောင်းတာပေါ်မှာ စိတ်တည်တယ်၊ ဟိုဟိုဒီဒီလျှောက်မသွားဘူး၊ ပိန်တာမှတ်ရင် ပိန်တာပေါ်မှာ စိတ်တည်တယ်၊ လောဘ ဒေါသ စိတ်ကူးတွေ မဖြစ်ဘူး၊ သွားတာမှတ်တဲ့အခါမှာ သွားတာပေါ်မှာ စိတ်တည်တယ်၊ ကြွတာမှတ်တဲ့အခါ ကြွတာ၊ လှမ်းတာမှတ်တဲ့အခါ လှမ်းတာ၊ ချတာမှတ်တဲ့အခါ အဲဒီလို ကိုယ်အမူအရာပေါ်မှာ စိတ်ကလေးက တည်နေတယ်၊ ဒီပြင် ဘယ်မှမသွားဘူး၊ လောဘ, ဒေါသ, မောဟတွေ မဖြစ်ဘူး၊ သမာဓိဖြစ်တယ်၊ အဲဒီသမာဓိဖြစ်ရာ အာရုံလေးကို ပိုင်းပိုင်းခြားခြားသိတယ်၊ ထင်ရှားရင် ထင်ရှားတဲ့သဘော၊ တောင့်တင်းရင် တောင့်တင်းတဲ့သဘော အစတော့ ဒီလောက်ပဲ။

နောက်တော့ ဖြစ်ပြီးတော့ ပျောက်သွားတာ၊ တစ်ပိုင်းစီ၊ တစ်ပိုင်းစီပဲ ဖောင်းတာလေးလဲ ဖြစ်ပြီး ပျောက်သွားတာ၊ ပိန်တာလေးလည်း ဖြစ်ပြီး ပျောက်သွားတာ၊ ကွေးတာ, ဆန့်တာလေးတွေလည်း ရွှေ့ရွှေ့ပြီးတော့ တစ်ရွှေ့ချင်း တစ်ရွှေ့ချင်း ပျောက်ပျောက်သွားတာ၊ အပိုင်းအပိုင်းလေးတွေ ကွေးလိုက် ပျောက်လိုက်၊ ကွေးလိုက် ပျောက်လိုက်၊ အဲဒါလေးတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ သိတယ်၊ အဲဒါ အမှန်အတိုင်း သိတာပဲ၊ မပြတ်မှတ်လျက် အမှန်အတိုင်းသိရမည်တဲ့။

* **ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်။** (ဆိုသုံးခါ)

အဲဒီလို သိလို့ရှိရင်တော့ သိတိုင်းသိတိုင်း ကိလေသာငြိမ်းနေတယ်၊ အဲဒါ အဘိဇ္ဈာ ဒေါမနဿခေါ်တဲ့ ကိလေသာတွေ မဖြစ်ရဘူး၊ မသိရင်တော့ ကိလေသာ

http://www.dhammadownload.com

တွေ ဖြစ်မယ်၊ ကွေးတာ၊ ဆန့်တာကို အကြောင်းပြုပြီးတော့ လောဘ ဖြစ်မယ်၊ ဒေါသဖြစ်မယ်၊ သွားတာလာတာကို အကြောင်းပြုပြီး လောဘဖြစ်မယ်၊ ဒေါသ ဖြစ်မယ်၊ လှုပ်ရှားတာကို အကြောင်းပြုပြီးတော့ လောဘဖြစ်မယ်၊ ဒေါသဖြစ် မယ်၊ အဲဒါတွေ အခုတော့ မဖြစ်ရဘူး၊ ငြိမ်းနေတယ်၊ ဒီလိုသိလျှင် သိတိုင်း ဒီလို သိလျှင် သိတိုင်း ကိလေသာငြိမ်းလေတော့သည်၊ ကိုယ်အမူအရာတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလိုမှတ်သိနေတာကို ကိုယ်အမူအရာတိုင်းမှာ ကိလေသာ ငြိမ်းအောင်လို့ ကိလေသာငြိမ်းသည့်တိုင်အောင်ပေါ့လေ၊ ကိလေသာမဖြစ်နိုင် အောင် အဲဒီလို ဖောင်းတိုင်း၊ ပိန်တိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း၊ သွားတိုင်း၊ လာတိုင်း၊ ကိုယ်အမူအရာတွေ ပြုပြင်တိုင်း ရှုမှတ်ပြီးတော့ သိနေ တာဟာ ကာယာနုပဿနာသတိပဋ္ဌာန်ပဲတဲ့၊ အဲဒါ သတိပဋ္ဌာန်တစ်ပါး၊ ဒါ သမ္မာ သတိမဂ္ဂင်ပဲတဲ့၊ ကိုင်း. . ဆိုရမယ်။

* **ထင်ရှားပေါ်လာသော ကိုယ်အမူအရာဟူသမျှတို အမှန်အတိုင်းရှုမြင်ရ မည်။ ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်။**
မပြတ်မှတ်လျက်၊ အမှန်အတိုင်းသိရမည်။
ဒီလို သိလျှင်၊ သိတိုင်းသိတိုင်း ကိလေသာ ငြိမ်းလေတော့သည်။

(ဆို သုံးခေါက်)

သတိမာ-သတိရှိသည်ဖြစ်၍၊ အမှတ်ရသည်ဖြစ်၍၊ မပြတ်မှတ်ရတယ်၊ တစ်ကြိမ်တစ်ခါလေး မှတ်ရုံနဲ့ မဖြစ်ဘူး၊ ဒီပြင်လည်း ရုပ်တရားတွေ ကိုယ်အမူ အရာတွေ ပေါ်တိုင်းပေါ်တိုင်း နောက်က ဒလစပ်လိုက်ပြီးတော့ မှတ်နေရမယ်၊ မပြတ်မှတ်ရင် အမှန်အတိုင်းလည်း သိတော့တာပဲ၊ ရုပ်တရား ရုပ်တရားအတိုင်း၊ နာမ်တရား နာမ်တရားအတိုင်းပဲ ဖြစ်ပေါ်လာတာ၊ ပျက်သွားတာ၊ ဖြစ်ပျက်တဲ့ အတိုင်း မမြဲတာ၊ မမြဲတဲ့အတိုင်း ဆင်းရဲတာ၊ ဆင်းရဲတဲ့အတိုင်း ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သဘောတရား၊ သဘောတရားအတိုင်း ဒီတရားတွေဟာ အမှန်တွေပဲ၊ ကိုယ်က မရှုလို့ မသိတာပဲ။

အဝေးကနေကြည့်ရင် မှုန့်မှုန့်မွှားမွှားဖြစ်နေတဲ့အရာဝတ္ထုဟာ အနားနား သွားကြည့်တော့ ကွဲကွဲပြားပြားမြင်ရသလို၊ ဒါလိုပဲ မရှုဘဲနေတော့ ဒါကြီးက မြဲနေ သလိုလို၊ ငါကောင် သူကောင်ဟုတ်နေသလိုလို၊ လှပတင့်တယ်နေသလို၊ ဒီလို ထင်ရတယ်၊ သေသေချာချာရှုလိုက်တဲ့အခါကျတော့ သူ့ဟာ လှပတင့်တယ်တာ

http://www.dhammadownload.com

လည်း မဟုတ်ဘူး၊ မြွတာလည်း မဟုတ်ဘူး၊ ကောင်းတာလည်း မဟုတ်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါလည်း မဟုတ်ဘူး၊ သဘောတရားတွေပဲတဲ့၊ သူဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားတွေ၊ အဲဒါတွေ အမှန်အတိုင်း သိတယ်၊ ဒါကြောင့် "မပြတ်မှတ်လျက် အမှန်အတိုင်းသိရမည်"တဲ့၊ "အမှန်အတိုင်းသိဆိုတာ အနိစ္စ, ဒုက္ခ, အနတ္တတွေကို သိရမယ်ပြောတာ၊ ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်။

သိတိုင်းသိတိုင်း အနိစ္စ, ဒုက္ခ, အနတ္တကို သိတိုင်းသိတိုင်း အဲဒီသိရ တဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ လောဘ, ဒေါသ, မောဟ, ကိလေသာတွေ မဖြစ်နိုင်ဘူးတဲ့၊ ဖြစ်ခွင့်မရဘူး၊ ငြိမ်းသွားတယ်။

* **ကိုယ်အမူအရာတိုင်းမှာကိလေသာငြိမ်းအောင် ဒီလိုမှတ် သိနေတာကို ကာယာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်၊** (ဆို -သုံးခေါက်)

ကိုယ်အမူအရာတိုင်း ကိုယ်အမူအရာပြုတိုင်းပြုတိုင်း သွားတဲ့ အမူအရာ၊ ရပ်တဲ့ အမူအရာ၊ ထိုင်တဲ့ အမူအရာ၊ လဲလျောင်းအိပ်တဲ့ အမူအရာ၊ ကွေးတဲ့ ဆန့်တဲ့ အမူအရာ၊ လှုပ်ရှားတဲ့ အမူအရာ၊ ခေါင်းငုံ့တာ, မော့တာ အကုန်လုံးပေါ့လေ၊ ဖောင်းတာ၊ ပိန်တာတွေရော ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း ကိလေသာငြိမ်းအောင်လို့တဲ့၊ အဲဒီပြုပြင်တဲ့ ကိုယ်အမူအရာတွေနဲ့စပ်ပြီး လောဘလည်း မဖြစ်ရအောင်၊ ဒေါသလည်း မဖြစ်ရအောင်လို့ ခုပြောတဲ့အတိုင်း မှတ်သိနေတာတဲ့၊ မပြတ်ကြောင့်ကြစိုက်ပြီးတော့ ဒလစပ်မှတ်နေရတယ်၊ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့ အမှတ်ရနေရတယ်၊ အမှတ်ရပြီးတော့ အမှန်အတိုင်းသိတယ်၊ ရူပတရားသဘောတွေကို သိတယ်၊ အာရုံမသိတတ်တဲ့ ရူပတရားသဘောတွေပဲ စသည်ဖြင့် နောက်ပြီးတော့ မမြွတာတွေကို သိတယ်၊ ဖြစ်ပြီးပျောက်သွားလို့ မမြွတဲ့တရားတွေပဲလို့သိတယ်၊ ဖြစ်ပြီးပျောက်သွားလို့ မမြွတာတွေပဲ၊ ဖြစ်ပြီးပျောက်သွားလို့ မမြွတာတွေပဲ ဖြစ်ပြီးပျောက်သွားတာ သိတော့ ဆင်းရဲတွေပဲလို့သိလာတယ်၊ တင့်တယ်နေတဲ့သဘော တရားတွေမဟုတ်ဘူး၊ မကောင်းတဲ့ တရားတွေ အားမကိုးလောက်တဲ့တရားတွေပဲလို့ သိတယ်၊ ဒီကိုယ်ကြီး ဒီအထည်ကြီး မှီနေရတာ ကြောက်စရာကောင်းတယ်လို့ သိလာတယ်။

ပြိုလုပျက်လု အိမ်ကြီးတိုက်ကြီးထဲမျှား ဝင်နေရတာနဲ့ တူနေတယ်၊ ပြိုလုပျက်လု တိုက်ကြီးထဲ ဝင်နေတုန်း ပုံမတော်ရင်ပြိုကျမှာ ကြောက်ရသလိုပဲ၊ ဘယ်

http://www.dhammadownload.com

အချိန်မဆို သေနိုင်ပျက်နိုင်တဲ့ ရုပ်ကိုယ်ကြီးကို အထည်ကောင်လုပ်ပြီးတော့ ငါဆိုပြီးတော့ လုပ်နေတယ်၊ ကြောက်စရာကောင်းတယ်။

ပြီးတော့ ကိုယ့်အလိုအတိုင်း မဖြစ်ဘူး၊ သူသဘောအတိုင်း သူဖြစ်ပျက်နေတဲ့ သဘောတရားကြီးပဲလို့ အနိစ္စ, ဒုက္ခ, အနတ္တတွေ သိအောင် ရှုပြီးတော့ အဲဒီလိုသိနေတာ ကာယာနုပဿနာသတိပဋ္ဌာန်တဲ့၊ သတိဆိုပေမယ့် သတိတင်မကပါဘူး၊ ဝိရိယလည်း ပါတယ်၊ ကြောင့်ကြစိုက်ရတဲ့ ဝိရိယလည်း ပါတယ်၊ အမှန်အတိုင်းသိတယ် ဆိုတဲ့ဉာဏ်လည်း ပါတယ်၊ သမာဓိကလည်း သတိဖြစ်စေတယ် ဆိုတော့ အလိုလိုပါနေတယ်၊ အဲဒီတော့ ဝိရိယပါတယ်၊ သမာဓိပါတယ်၊ ဉာဏ်ပါတယ်၊ အဲဒီဝိရိယ သမာဓိဉာဏ်နဲ့တကွ တွဲဖြစ်တဲ့သတိကို ကာယာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်၊ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ဦးမှပါပဲ။

တာယေ တာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

အဲဒီပါဠိကတော့ ပါဠိနှားလည်တဲ့ပုဂ္ဂိုလ်ဆိုရင် အဓိပ္ပါယ်တော်တော်ရနေပါပြီ၊ ဒါပေမယ့် သူက သိပ်မလွယ်ဘူး၊ ဝါကျကြီးက ရှည်နေတော့ အတိုကောက် အဓိပ္ပာယ်လိုရင်းကို နှားလည်ဖို့ရာ သိပ်မလွယ်ဘူး၊ အခု ဆောင်ပုဒ်အတိုင်း ဆိုရင် နှားလည်နေတယ်၊ ကိုင်း . . . ဆိုရမယ်။

* **ထင်ရှားပေါ်လာသော ကိုယ်အပူအရာဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊**
ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊
မပြတ်မှတ်လျက် အမှန်အတိုင်းသိရမည်၊
ဒီလိုသိလျှင်သိတိုင်း သိတိုင်းကိလေသာငြိမ်းလေတော့သည်၊
ကိုယ်အပူအရာတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလိုမှတ်သိနေတာကို ကာယာနုပဿနာ သတိပဋ္ဌာန်ဟုခေါ်သည်၊ (ဆို သုံးခေါက်)

အဲဒီလို ဝေဒနာတို့, စိတ်တို့, ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့တော့ နောက်တစ်ရက်ကျတော့မှ ပြောကြပါစို့၊ နည်းနည်းချင်း နည်းနည်းချင်း ပြောတာကောင်း ပါတယ်၊ ဒီနေ့ သိမ်းကြဦးစို့။

http://www.dhammadownload.com

ဤသတိပဋ္ဌာနသုတ် တရားတော်ဒေသနာကို ရှိသေစွာ နာကြားရသော မွေ့ဩဝနကုသိုလ်ကံ စေတနာ၏အစွမ်းအာနုဘော်တို့ကြောင့် ဤသုတ်၌ ဟောကြားအပ်သော သတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများအားထုတ်နိုင်ကြ၍ အရိယမဂ်ဉာဏ်စဉ် ဖိုလ်ဉာဏ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

* * * * * *

http://www.dhammadownload.com

မဂ္ဂသစ္စာတရားခေတာ်

စတုတ္ထပိုင်း

[၁၃၂၃-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်နေ့ ဟောကြားသည်။]

တစ်နေ့က သတိပဋ္ဌာနသုတ်က ဓမ္မာနုပဿနာပိုင်း။ ဓမ္မာနုပဿနာပိုင်းမှာလည်း အရိယသစ္စာအပိုင်းထဲက မဂ္ဂသစ္စာ၊ အဲဒီမဂ္ဂသစ္စာမှာလည်းပဲ မဂ္ဂင်ရှစ်ပါးရှိတဲ့အနက်က သမ္မာဝါယာမနဲ့သမ္မာသတိ တစ်နေ့က ဟောခဲ့တယ်၊ သမ္မာသတိက မပြီးတတ်သေးဘူး။ သမ္မာသတိက သတိပဋ္ဌာန်လေးပါးကို ဝေဖန်ပြီးတော့ ပြတယ်၊ မဆုံးသေးဘူး။

ကာယာနုပဿနာ ဆတိပဋ္ဌာန်အစဆက်

"ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ"

ကာယာနုပဿနာ သတိပဋ္ဌာန်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာသတိမဂ္ဂင်ဟာ ကာယာနုပဿနာသတိပဋ္ဌာန်ပဲ။

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောယောဂီပုဂ္ဂိုလ်သည်၊ ကာယေ-ရူပ်အပေါင်းကိုယ်၌၊ ကာယာနုပဿီ-ရူပ်အပေါင်းကိုယ်ဟု ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

ရူပ်အပေါင်းကိုယ်ကို ရူပ်အပေါင်းကိုယ်မျှပဲလို့ ရှုမြင်ရမယ်၊ ရူပ်အပေါင်းကိုယ်ဟာ ဘယ်လိုသဘောရှိလဲဆိုတော့ အနိစ္စ၊ မမြဲတဲ့တရားပဲတဲ့၊ ရူပ်တရားဆိုတာ ကိုယ်ကောင်ကြီးတစ်ခုလုံးမှာ အတွင်းဝင်တဲ့ရူပ်တရားတွေ မမြဲတဲ့တရားတွေပဲတဲ့၊ မျက်စိတစ်မှိတ် လျှပ်တစ်ပျက်ခန့်တောင် မကြားဘူးတဲ့၊ ဖြစ်ပေါ်ပြီးရင် ချက်ချင်း ပျောက်သွားတဲ့တရားတွေပဲတဲ့၊ လျှပ်စီးမျှားလက်သလို၊ လျှပ်ပျက်လိုက်တဲ့အခါမှာ လျှပ်ရောင်လေးပေါ်လာပြီး ချက်ချင်းပဲ ပျောက်သွားတာပဲ၊ အကြာကြီးနေတာ မဟုတ်ဘူး၊ ခဏချင်းပေါ်လာပြီး ခဏချင်းပဲ သူပျောက်ပြီးတော့ သွားရတယ်၊

http://www.dhammadownload.com

အဲဒါလိုပဲ ကိုယ်တွင်းသန္တာန်က ရုပ်တွေဟာ ခဏမစဲပျက်နေတာပဲတဲ့၊ ခဏမစဲ တစ်ပျက်တည်း ပျက်နေတာပဲ၊ တစ်လှုပ်လှုပ်တရွရွနဲ့ ရုပ်တွေဟာ အသစ် အဟောင်းတွေ ပြောင်းလဲပြီးတော့ ပျက်နေတယ်။

ဒါပေမယ့်လို့ တိုးပွားတဲ့အရွယ်တွေမှာတော့ ရုပ်တွေက တိုးပွားနေတာပဲ၊ ကလေးအဖြစ်ကနေ တဖြည်းဖြည်းကြီးပြင်းလာကာ တစ်ရွေ့ရွေ့တိုးပွားလာတာပဲ၊ လျော့တယ် မရှိဘူး၊ ဒါပေမယ့်လို့ ကြီးလွန်းမက ကြီးလွန်းလာတော့ တဖြည်းဖြည်း ပြန်လျော့တယ်၊ အသစ်အဟောင်းကတော့ ပြောင်းလဲနေတယ်၊ အတိုးအပွား အဖြစ်တွေက များပြီးတော့ အဲဒါရုပ်တွေက များလာတာပဲ၊ ကြီးပွားလာတယ်၊ ပကတိပုဂ္ဂိုလ်တွေအမြင်နဲ့ဆိုရင်တော့ ဒီရုပ်ကိုယ်ကြီးက တစ်ကိုယ်တည်းပဲ၊ အောက်မေ့နေရတယ်၊ ငယ်ငယ်ကလေး မွေးကာစကလေးလေးနေပြီး တဖြည်း ဖြည်းကြီးလာတယ်၊ ကြီးထွားပြီးတော့ လာတယ်၊ ဒီကိုယ်ပဲ တည်နေတယ်လို့ ထင်နေရတယ်၊ သေသည်တိုင်အောင် ဒီကိုယ်ဟာ ကြီးထွားလာတော့ နောက်ဆုံး သေသည်သာ ဆိုရတယ် ကိုယ်ကြီးတော့ ရှိနေတာပဲ၊ သေပြီးတော့ နောက်လည်း ဒီကိုယ်ကြီးက ရှိနေသေးတာပဲ၊ တဖြည်းဖြည်းပုပ်ပွပြီးတော့ အသားအရည်တွေ ပျောက်ပျက်သွား၊ အကြောတွေ ပျက်သွားတယ်၊ အရိုးတွေ ကျန်တော့တယ်၊ အရိုး တွေလည်းပဲ တဖြည်းဖြည်းပြုတ်ပြီးတော့ နောက်တစ်ပိုင်းတစ်စစီဖြစ်သွားတယ်၊ နောက်တဖြည်းဖြည်းနဲ့ ဒီအရိုးတွေကလည်း အမှုန့်တွေဖြစ်ပြီးတော့ မြေကြီးသြဇာ ဖြစ်ပြီး ပျောက်သွားတယ်၊ နောက်ဆုံးကျမှ လုံးလုံးပျောက်သွားတယ်လို့ ထင်ရ တာကိုး။

အဲဒီလိုမဟုတ်ဘူး၊ ရုပ်ကိုဆိုတာဟာ ပဋိသန္ဓေနေကတည်းက ဒီရုပ်ကိုယ် ခဏမစဲ ဖြစ်ပျက်တာတွေပဲ၊ မျက်စိတစ်မှိတ် လျှပ်တစ်ပျက်ခန့် မကြာဘူး၊ ချက် ချင်းပေါ် ချက်ချင်းပျောက်နေတဲ့တရားတွေ, မမြဲတဲ့တရားတွေ, အဲဒီလို ခဏမစဲ ဖြစ်တဲ့ မမြဲတဲ့တရားတွေကို မမြဲတဲ့တရားတွေပဲလို့ အမှန်အတိုင်းသိအောင် ရှု ရမယ်။

ကာယေ-မမြဲသော ရုပ်အပေါင်းကိုယ်၌၊ ကာယာနုပဿီ-မမြဲသော ရုပ် အပေါင်းကိုယ်ဟု ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ အဓိပ္ပါယ်အထူးသဖြင့် ပြန်ရမှာဆိုရင် ဒီလိုပြန်ရမှာပဲ၊ မမြဲတဲ့တရား မမြဲဘူးလို့ သိအောင် ရှုရမယ်၊ မမြဲလို့ရှိရင် ချမ်းသာလား, ဆင်းရဲလားဆိုရင် ချမ်းသာရယ်လို့ မဆိုနိုင်ဘူး၊ ဆင်းရဲ

http://www.dhammadownload.com

တယ်တဲ့၊ အခု လူတွေက ကိုယ်ဘဝလေးနဲ့ ကိုယ်ကိုယ့်လေးနဲ့ ကိုယ်ချမ်းသာတယ်၊ လှပတယ်၊ ကောင်းတယ်၊ တင့်တယ်တယ်လို့ ဒီလိုထင်နေကြတာပဲ၊ ဒါက မြဲနေတယ်ထင်လို့ကိုး၊ တစ်သက်လုံး တစ်ဘဝလုံး ဒီတစ်ကိုယ်ထဲတည်ပြီးတော့ နေတယ်ဆိုတော့ ဒီကိုယ်မှာ ကောင်းတဲ့အစိတ်အပိုင်းတွေက ရှိတော့ ကျန်းကျန်းမာမာနဲ့ နေလို့ ထိုင်လို့ကောင်းတဲ့ အစိတ်အပိုင်းတွေရှိနေတော့ ကောင်းတယ်လို့ ထင်နေတာ၊ ဒီကိုယ်ကြီးရှိလို့ ချမ်းသာတွေ အများကြီးရနေတယ်လို့ ဒီကိုယ်ရှိလို့ လိုချင်တာတွေကိုရတယ်၊ ကြားချင်တာတွေ ကြားရတယ်၊ နားထောင်ချင်တာတွေ နားထောင်ရတယ်၊ စားချင်တာတွေ စားရတယ်၊ တွေ့ထိချင်တာတွေလည်း တွေ့ထိရတယ်၊ ဒီကိုယ်ရှိလို့ပဲ အင်မတန်အသုံးကျနေတယ်လို့ ဒီကိုယ်ကြီးအပေါ်မှာ အထင်ကြီးပြီးတော့ သာယာနေကြတယ်၊ ချမ်းသာတွေ ထင်နေတယ်၊ ကောင်းတယ်လို့ ထင်နေတယ်၊ အဲဒီတော့ ကောင်းသထက် ကောင်းအောင်လို့ အားလည်းထုတ်နေကြတယ်၊ ကောင်းဖို့ရာလည်း ရှာဖွေနေကြတယ်၊ တစ်နေ့ထက်တစ်နေ့ဟာ တိုးပြီးတော့ ကောင်းလိမ့်မယ်လို့လဲ ထင်နေတာပဲ၊ ဒီလူတွေဟာ နောက်တော့ မကောင်းတာချည်း တွေ့တော့မှာပဲလို့ တယ်မမျှော်ဘူး၊ ဒီလိုကောင်းတာတွေ မျှော်လင့်ရင်း မျှော်လင့်ရင်းနဲ့ မကောင်းတာတွေ့တော့ နောက် မမျှော်တော့ဘူးဆိုပြီးတော့ အဆုံးသတ်သွားတယ်။

အမှန်အားဖြင့်တော့ ဒီရုပ်ကိုယ်ကြီးက ခဏတောင် တည်နေတာမဟုတ်တော့ ဘာမှကောင်းတယ်လို့ ဆိုစရာမရှိဘူး၊ အားထုတ်နေစရာမရှိဘူး၊ အားကိုးနေချင်တဲ့စိတ်တွေ မရှိတော့ဘူး၊ ဒီက ကောင်းလိမ့်မယ်လို့ မျှော်လင့်နေတဲ့စိတ်တွေ မရှိတော့ဘူး၊ နောက်အသစ်တွေက ဖြစ်လာတယ်၊ အသစ်တွေကလည်းပဲ ဖြစ်ပြီးပျောက်သွားလို့ မရှိပြန်ဘူး၊ ဘာမှ အားကိုးစရာမရှိဘူး၊ ဒါကြောင့် ဆင်းရဲတွေပဲတဲ့၊ ဆင်းရဲဆိုတာ အခံခက်နေတာတော့မဟုတ်ဘူး၊ အခံခက်တာကတော့ မကျန်းမမာရောဂါဝေဒနာတွေ ဒုက္ခဝေဒနာတွေဖြစ်တဲ့အခါမှာ အခံခက်တယ်၊ သူချည်းသက်သက်ကတော့ အခံခက်တာမဟုတ်ဘူး၊ ဒီလိုဖြစ်ပျက်နေတဲ့ သဘောမို့ သူလည်း ဆင်းရဲပဲ။

အဲဒီဆင်းရဲဖြစ်လို့ရှိရင် အင်မတန်ကြောက်စရာကောင်းလို့-တဲ့၊ ဒုက္ခဘယဋ္ဌေန-ကြောက်စရာကောင်းတဲ့ အနက်သဘောကြောင့် ဆင်းရဲပဲတဲ့၊ ကြောက်စရာကောင်းတယ်၊ ဒီရုပ်ကိုယ်ကြီးအကြောင်း သေသေချာချာသိမယ်ဆိုလို့ရှိရင်

http://www.dhammadownload.com

ခဏမစဲဖြစ်ပျက်နေလို့ ကြောက်စရာကောင်းတယ်၊ ဒီရုပ်ကိုယ်ကြီးကို အခိုင်အမာတွေ့ လုပ်နေကြတယ်၊ ဒီကိုယ်ကြီးကိုပဲ ငါကောင်လို့ လုပ်နေတယ်၊ ဒီကိုယ်ကြီးက ခဏမစဲပျက်နေတော့ ပျက်တိုင်း ပျက်တိုင်း သူဟာ သေဖို့ရာ အချိန်တိုင်းချည်းပဲ၊ ဘယ်အချိန်မဆို သေနိုင်တယ်၊ ဘယ်အချိန်မဆို ဒုက္ခရောက်ပြီးတော့ သွားနိုင်တယ်၊ အကြောင်းညီညွတ်လို့သာ ရုပ်ကောင်းတွေ ဆက်ဖြစ်နေလို့ နေသာထိုင်သာ ရှိတာ၊ တချို့ပြောရင်းဆိုရင်းကနေ ငုံးငုံးလဲပြီး သေသွားတာတွေ ရှိတာပဲ၊ ရယ်ရင်း မောရင်းနှင့် သေသွားတာလည်း ရှိတာပဲ၊ သွားရင်းလာရင်းနဲ့ သေသွားတာလည်း ရှိတာပဲ၊ အများကြီးပဲ ရှိကြပါတယ်၊ အဲဒီရုပ်ကိုယ်ကြီးဟာ ဘာမှစိတ်မချရဘူး၊ တစ်နေ့က ပြောခဲ့တဲ့အတိုင်း ပြိုလုပြိုကာနီး တိုက်အိုကြီးထဲသို့ ဝင်နေရသလိုပဲ၊ ဒီပြိုကျကာနီး ဥစ္စာကြီး အခုပြိုတော့မလား၊ တော်တော်ကြာ ပြိုတော့မလားနဲ့ မလွဲသာလို့တက်နေလို့ရှိရင် အင်မတန်ကြောက်စရာကောင်းတာပေါ့။

အဲဒါလိုပဲ၊ မခိုင်မာတဲ့ ဒီရုပ်ကိုယ်ကြီးပဲ၊ ကိုယ့်ကိုယ်ကြီးလုပ်ပြီးတော့ အခိုင်အမာလုပ်ပြီးတော့ အားကိုးပြီးတော့ နေရလို့ အင်မတန်ကြောက်စရာကောင်းတယ်တဲ့၊ ဒါကြောင့် "ဒုက္ခံ ဘယဋ္ဌေန-ဘယဋ္ဌေန-ကြောက်မက်ဖွယ်ကောင်းသော အနက်သဘောကြောင့်၊ ဒုက္ခံ-ဆင်းရဲပဲ"တဲ့၊ ကြောက်စရာကောင်းတယ်တဲ့။

ဒီရုပ်ကိုယ်ကြီးရှိတဲ့အတွက် ရုပ်ကို အမှီပြုပြီးတော့ ဒုက္ခအမျိုးမျိုးတွေ ရောက်ရတာ အင်မတန်ကြောက်စရာကောင်းတာပဲ၊ ငရဲကျလို့ ငရဲမီးတွေ လောင်တယ်၊ ငရဲအိုးထဲမှာ သံပူရည်တွေ အပူရေတွေနဲ့ လောင်းပြီးတော့ ဒုက္ခတွေ ရောက်ရတယ် စသည်ဖြင့် ဒီလိုဟာတွေ ရှိတယ်၊ ငရဲထိန်းတွေက နှိပ်စက်လို့ ဒုက္ခရောက်ရတာတွေ ရှိပါတယ်၊ ဒါ ဘာ့ကြောင့်တုံးဆိုရင် ဒီရုပ်ကိုယ်ကြီးရှိလို့ ရုပ်မရှိရင် ဘာနှိပ်စက်နိုင်မတုံး၊ ဘာမှ မနှိပ်စက်နိုင်ဘူး၊ ဘာမှမီးမလောင်နိုင်ဘူး၊ ပြိတ္တာဖြစ်ပြီးတော့ ဆာလောင်မွတ်သိပ်မှု ဒုက္ခတွေ ရောက်ရတယ် ဆိုတာလည်း ဒီရုပ်ကိုယ်ကြီးရှိလို့ စိတ်ချည်းပဲဆိုရင် ဆာလောင်မွတ်သိပ်မှု ဒုက္ခတွေ ဘာမှမဖြစ်နိုင်ဘူး၊ အပူအအေးတွေ နှိပ်စက်ပြီး ဒုက္ခမရောက်နိုင်ဘူး၊ တိရစ္ဆာန်ဖြစ်ပြီးတော့ တစ်ကောင့်တစ်ကောင် နှိပ်စက်သတ်ဖြတ် စားသောက်ခံနေရတာ၊ သတ္တဝါတွေ သေသေချာချာလိုက်ကြည့်မယ်ဆိုရင် သတ္တဝါတွေဟာ နိုင်ရာနိုင်ရာ တစ်ကောင့်တစ်ကောင် စားနေကြတာ၊ နိုင်ရာက နေစားနေတာပဲ၊ တရားဥပဒေ မရှိဘူး၊ သူကတော့ နိုင်ရင် စားကြတာပဲ၊ အဲဒီလို အသတ်ဖြတ်ခံစားနေရတဲ့

http://www.dhammadownload.com

သတ္တဝါတွေဟာလည်း ဒီရုပ်ကိုယ်ကြီးရှိလို့ ဒီရုပ်ကိုယ်ကြီးမရှိရင် ဘယ်ဒီလို သတ်ဖြတ်အစားခံရမှာလဲ၊ ဒါကြောင့် ရုပ်ဟာ ကြောက်စရာကောင်းတယ်တဲ့။

လူဘဝမှာ ဒီရုပ်ကိုယ်ကြီးရှိလို့ ဒီရုပ်ကိုယ်ကြီးကို မှီပြီးတော့ စားစရာရှာမှီးရတယ်၊ စားစရာတွေ ရှာရလို့ ဒုက္ခရောက်တာပဲ၊ ဝတ်စရာတွေရှာရလို့လည်း ဒုက္ခရောက်ရတာပဲ၊ နေကောင်းထိုင်ကောင်းအောင်လို့ ပြုပြင်ရတာမို့ ဒုက္ခရောက်ရတာပဲ၊ ဒီရုပ်ကိုယ်ကြီးကြောင့် အမျှားကြီးဘေးအန္တရာယ်တွေ ရောက်နေတာပဲ၊ ဒီရုပ်ကိုယ်ကြီးစိတ်မချရလို့ ဒီရုပ်ကိုယ်ကြီးလုံခြုံအောင်လို့ အမျှားကြီး ပြုပြင်စောင့်ရှောက်ပြီးတော့ နေရတယ်၊ ဒါကြောင့် ဒီရုပ်ကိုယ်ကြီး ရထားတာကတော့ သက်သက်ပင်ပန်းမှု ဆင်းရဲဖို့ရာပါပဲတဲ့၊ "ဘယဌေန ကြောက်မတ်ဖွယ်ကောင်းသော အနက်သဘောကြောင့် ဒုက္ခံ-ဆင်းရဲပဲ"တဲ့၊ အဲဒီလိုကြောက်ရတာလည်း တခြားကြောင့် မဟုတ်ဘူး၊ မမြဲလို့ပဲ၊ မြဲနေရင် ဘယ်ကြောက်ရမလဲ၊ ရုပ်ကောင်းတွေ့နေရင် မြဲနေရင် ဘယ်တော့မှ မပျက်နိုင်တော့ရင် ဘာမှကြောက်စရာမရှိတော့ဘူး၊ အခုတော့ သူက ဖြစ်ပျက်ပြီးသွားတော့ နောက်ထပ် မကောင်းတဲ့ ရုပ်တွေ ဖြစ်လာတဲ့အခါ ဆင်းရဲတွေနဲ့ တွေ့ရတယ်၊ အဲဒါကြောင့် ခဏမစဲ ပျက်နေတဲ့ ရုပ်တွေဟာ ဆင်းရဲပဲလို့လည်း မြင်ရမယ်တဲ့။

အဲဒီတော့ ခဏမစဲ ပျက်ပြီးတော့နေလို့ ဆင်းရဲဖြစ်နေတဲ့ တရားတွေကို ငါကောင်ပဲ, အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်နေရင် ဖြစ်ပါ့မလား၊ ဒီလိုထင်လို့ ဘယ်ဖြစ်တော့မလဲ၊ ပကတိက ထင်နေတာက ငါ,ဆိုတာ တစ်သက်လုံး တစ်ဘဝလုံး တစ်ကိုယ်တည်း တစ်ကောင်တည်း တစ်ယောက်တည်း အမြဲတည်နေတယ်လို့ ထင်နေတယ်၊ ဒီလိုမှမဟုတ်ပဲ အခုဖြစ်ပြီး ပျောက်သွား၊ ဖြစ်ပြီး ပျောက်သွားနဲ့ ဘာမှမရှိတော့ဘူး၊ အဲဒီတော့ ငါကောင် သူကောင် သတ္တဝါကောင်မဟုတ်တဲ့ သဘောတရားမျှပဲတဲ့၊ အဲဒါ အနတ္တပဲ၊ အဲဒီလို မမြဲတဲ့ရုပ်ကိုယ် ဆင်းရဲတဲ့ရုပ်ကိုယ်၊ အတ္တကောင်မဟုတ် သတ္တဝါကောင်မဟုတ် အသက်ကောင်မဟုတ်တဲ့ သဘောတရားမျှဖြစ်တဲ့ရုပ်ကိုယ်ကို အမှန်အတိုင်းသိအောင် ရှုရမယ်တဲ့၊ ကာယေ-မမြဲ ဆင်းရဲအစိုးလဲမရ အနတ္တသဘောတရားမျှဖြစ်သော ရုပ်အပေါင်းကိုယ်၌၊ ကာယာနုပဿီ-မမြဲဆင်းရဲ အစိုးလဲမရ အနတ္တသဘောမျှဖြစ်သော ရုပ်အပေါင်း ကိုယ်ဟု ရှုမြင်သည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

http://www.dhammadownload.com

အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ အမှန်အတိုင်းမြင်အောင် ရှုရမယ်၊ ဒါကလည်း တရား သဘောနဲ့ ပြောလို့သာ သူက လွယ်တာကိုး၊ တကယ်ထင်ဖို့တော့ အခက်သားပဲ၊ ငယ်ငယ်ကတည်းက ဒီရုပ်ကိုယ်ကြီးဟာ အမြဲတမ်းတည်ပြီး တစ်ကောင်တည်း တစ်ယောက်တည်း ထင်နေတော့ မမြဲဘူး၊ သိဖို့လည်း ခက်တယ်၊ ဆင်းရဲထင်ဖို့လည်း ခက်တယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါဘူး၊ ပြောဖို့ရာ ရှုဖို့ရာက ခက်တယ်၊ အဲဒီလို သိအောင်လို့ ဘယ့်နယ်လုပ်ရမတုံးဆိုတော့ မြတ်စွာဘုရားက နည်းပေးတယ်။

ဘုရားစမးမေးနည်း

အာတာဝီ-ကိလေသာကို ပူပန်သွေ့ခြောက်ကင်းပျောက်စေတတ်သော၊ သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍၊ အဲဒီလို လုံ့လလေးနဲ့ အားထုတ်ရမယ်တဲ့၊ မပြတ်မစဲ အားထုတ်နေရမယ်တဲ့၊ မပြတ်မစဲ မရပ်မနား အားထုတ်ရမယ်၊ လုံ့လဝီရိယနဲ့ ပြည့်စုံအောင် အားထုတ်ရမယ်၊ ဘယ်လို အားထုတ်ရမလဲ ဆိုတော့

သတော-အမှတ်ရသည်ဖြစ်၍၊ သမ္မဇာနော-အမှန်အတိုင်းသိသည်ဖြစ်၍၊ အမှတ်ရရမယ်၊ အမှန်အတိုင်း မပြတ်မစဲ ရှုမှတ်ရမယ်၊ ပေါ်တိုင်းပေါ်တိုင်း ရုပ်တွေကို မှတ်ရမယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ရုပ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း မှတ်ပါတဲ့၊ ရုပ်တွေ အသစ်အသစ် ပြောင်းလဲနေတာ၊ ပြောင်းလဲတိုင်း ပြောင်းလဲတိုင်း အကုန်လုံး လိုက်ပြီးတော့ ရှုနေရင် ဒါသိမှာပဲ၊ မရှုလို့ မသိတာကိုး၊ အဲဒီလို တစ်ခုချင်း တစ်ခုချင်း ဖြစ်နေတာပဲ၊ မရှုတော့ မသိဘူး၊ ရှုတော့ အသစ်အဟောင်း ပြောင်းလဲနေတာကို သူသိမှာပေါ့၊ ဒါကြောင့် သမ္မပ္ပဓာန်လုံ့လဝီရိယနဲ့ အပြင်းအထန် အားထုတ်ပါတဲ့၊ အားထုတ်ပြီးတော့ အမှတ်ရအောင်လို့ ရှုပါတဲ့၊ ရှုရင်ဖြင့် အမှန်အတိုင်း သိပါလိမ့်မယ်တဲ့၊ အဲဒီလို အမှန်အတိုင်းသိတော့ "သမ္မဇာနော-အမှန်အတိုင်းသိသည်ဖြစ်၍၊ ကာယာနုပဿီ မမြဆင်းရဲ အစိုးလဲမရ အနတ္တ သဘောမျှ ဖြစ်သော ရုပ်အပေါင်းကိုယ်ဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေနိုင်ပါလိမ့်မည်-တဲ့။

ရှုတိုင်း ရှုတိုင်းဟာ ဖြစ်ပြီးရင် ပျောက်သွားလို့ မမြဘူး၊ မမြတော့ ဆင်းရဲတွေချည်းပဲ၊ အားမကိုးရတဲ့တရားတွေချည်းပဲ၊ ဖြစ်ပြီးပျောက်သွားလို့ မမြဆင်းရဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားမျှပဲလို့ သိလာတယ်၊ သူဟာသူ

http://www.dhammadownload.com

ဖြစ်ပြီး သူအကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ပျောက်သွားတာပဲ၊ ကွေးချင်တဲ့စိတ်ကလေးဖြစ်လာတော့ ကွေးရုပ်ကလေး ဖြစ်လာတယ်၊ ကွေးရုပ်ကလေးဟာ အစက မရှိဘူး၊ ကွေးချင်မှပဲ ကွေးရုပ်ကလေး ဖြစ်လာတယ်၊ ကွေးတယ်ဆိုတာ ပျောက်လိုက်လာတာပဲ၊ သွားပြန်လည်း သွားတယ် သွားတယ်လို့ မှတ်ရမယ်၊ သွားတိုင်းသွားတိုင်း ရွှေ့တိုင်းရွှေ့တိုင်း ပျောက်လိုက်နေတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေပဲ ဆိုတာ သိရောပေါ့၊ ဒီလိုသိတော့ သိတိုင်းသိတိုင်း ဒီတရားတွေနဲ့ စပ်ပြီးတော့ ကိလေသာ ငြိမ်းသွားပါတယ်တဲ့။

အဘိဇ္ဈာခေါ်တဲ့ နှစ်သက်သာယာမှု၊ လိုချင်မှု၊ နှစ်သက်မှု ဒီတိုင်းဆိုတော့ မြဲတယ်လို့ ထင်ပြီးတော့ လိုချင်နှစ်သက်စရာတွေ ဖြစ်မှတော့၊ သူများကိုယ်လည်း လိုချင်နှစ်သက်စရာ ဖြစ်နေတော့တာပဲ၊ ကိုယ်ကိုယ်ကို နှစ်သက်ရင် သူများကိုလည်း နှစ်သက်တာပဲ၊ ကိုယ့်ကိုယ်ကိုယ် ချမ်းသာတယ်ထင်လို့ရှိရင် သူများကိုယ်ကိုလည်း ချမ်းသာတယ်လို့ ထင်ပြီး နှစ်သက်တယ်၊ ကိုယ့်ကိုယ်ကိုယ် လှပတင့်တယ်တယ်လို့ ထင်ရင် ကောင်းတယ်ထင်ရင် သူများကိုလည်း လှပတင့်တယ်တယ်၊ ကောင်းတယ်လို့ ထင်တယ်၊ ကိုယ့်ကိုယ်ကိုယ် ငါပဲ အသက်ရှင်တဲ့အကောင်ပဲလို့ ထင်ရင် သူများတွေလည်းပဲ သတ္တဝါပဲ၊ အသက်ရှင်တဲ့ အကောင်တွေပဲ စသည် ဒီလိုထင်ကုန်တော့တာပဲ၊ အဲဒီလိုထင်တော့ နှစ်သက်စရာထင်ပြီး နှစ်သက်တဲ့၊ အဘိဇ္ဈာဖြစ်တယ်။

မမြဘူးတဲ့၊ ဖြစ်ပြီးပျောက်သွားလို့ မမြဲတဲ့တရားကြီးပဲ၊ ဆင်းရဲတဲ့တရားကြီးပဲ၊ ဒီလိုအကုန်လုံးလိုက်သိနေရင် ဘယ်နှစ်သက်စရာရှိမလဲ၊ အဘိဇ္ဈာ မဖြစ်နိုင်ဘူး၊ မုန်းစရာတွေ တွေ့လို့ရှိရင်လည်းပဲ ပကတိအတိုင်းဆိုရင် မုန်းစရာတွေ တွေ့ပြီးတော့ မုန်းတယ်လို့ ဒီလိုဖြစ်တတ်တယ်၊ ခုတော့ ဖြစ်ပြီး ပျောက်သွားတဲ့ သဘောလေးရှိတယ်၊ ကိုယ်ရဲ့ကိုယ်လည်း ဖြစ်ပြီး ပျောက်သွားတယ်၊ သူများကိုယ်လည်း ဖြစ်ပြီးပျောက်သွားတယ်၊ တစ်လောကလုံးလည်း ဖြစ်ပြီးပျောက်သွားတဲ့တရားတွေ၊ ဘာမှမုန်းစရာမရှိဘူး၊ သူဟာသူ သဘာဝအတိုင်းဖြစ်ပျက်နေတဲ့ တရားတွေပဲ၊ စိတ်ဆိုးစရာ မရှိဘူး၊ ဒါကြောင့် ဒေသနာတော်က -

လောကေ-ခန္ဓာငါးပါး တည်းဟူသော လောကၠ၌၊ အဘိဇ္ဈာဒေါမနဿ-လိုချင်နှစ်သက်မှု တည်းဟူသော အဘိဇ္ဈာနှင့် နှလုံးမသာယာမှု ပြဋ္ဌာန်းသော ဒေါသကို၊ ဝိနေယျ-ပယ်ဖျက်၍၊ ဝိဟရတိ-နေ၏-တဲ့။

http://www.dhammadownload.com

ရှုတိုင်း ရှုတိုင်း လောဘ, ဒေါသ အစရှိသော ကိလေသာတွေ ကင်းသွားပါလိမ့်မယ်တဲ့၊ အဲဒီလို ကင်းသွားအောင် ကိုယ်အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း ရှုနေတာ ကာယာနုပဿနာသတိပဋ္ဌာန်ပဲ၊ ဒီသတိလေးတစ်ခုဟာ ဖောင်းတယ်လို့ မှတ်လိုက်ရင် ကာယာနုပဿနာတစ်ခု၊ ပိန်တယ်လို့ မှတ်လိုက်ရင် ကာယာနုပဿနာသတိပဋ္ဌာန်တစ်ခု၊ ထိုင်တယ်၊ ထိတယ်၊ ဒါလဲ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ကွေးတယ်၊ ဆန့်တယ် ဒါလည်း ကာယာနုပဿနာသတိပဋ္ဌာန်၊ လှုပ်ရှားတယ်၊ ခေါင်းငဲ့တယ်၊ မော့တယ်၊ ကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်း အကုန်လုံး လိုက်ပြီးတော့ ရှုနေရင် ရှုတိုင်းရှုတိုင်း အသိလေးဟာ မဂ္ဂင်ရှစ်ပါးထဲက သမ္မာသတိမဂ္ဂင်ပဲ။

ဒီသမ္မာသတိမဂ္ဂင်လေးဖြစ်ရင် အမှန်အတိုင်းသိတဲ့ သမ္မာဒိဋ္ဌိဟာ ပါနေတယ်၊ သမ္မာသင်္ကပ္ပလည်း ဒီထဲ ပါတာပဲ၊ ဝါယာမ အားထုတ်မှုလည်း ပါတာပဲ၊ အားထုတ်မှုမပါရင် မဖြစ်ဘူး၊ သမာဓိ စူးစိုက်တည်ကြည်မှုလည်း ပါတယ်၊ အဲဒီ မဂ္ဂင်ငါးပါးပြီးတော့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝလည်း သီလ ဆောက်တည်ပြီးကတည်းက ပြည့်စုံနေပြီ၊ ရှုတိုင်း ရှုတိုင်းလည်း ဒီစင်ကြယ်တဲ့ သီလတွေ စင်ကြယ်လျက်ပဲနေတယ်၊ ဘာမှ ပျက်စီးတာမဟုတ်ဘူး၊ သမ္မာကမ္မန္တ သမ္မာအာဇီဝတွေ ဒီထဲပါနေတယ်၊ မဂ္ဂင်ရှစ်ပါးတရားပါနေတယ်၊ အဲဒါ သမ္မာသတိမဂ္ဂင်ပဲတဲ့၊ ကဲ .. ကဲ .. ဆောင်ပုဒ်လေးဆိုကြဦးစို့ရဲ့၊ အဲဒါလေးဆိုပြီးတော့ တစ်နေ့က ပြောပြီးသားတွေ ထပ်ပြောတာပါပဲ၊ ဆက်မိအောင်လို့

*** ထင်ရှားပေါ်လာသော ကိုယ်အမူအရာတူသမျှကို အမှန်အတိုင်းရှုရမည်၊**
ရှုမြင်နိုင်အောင် မပြတ်တြောင့်တြစိုက်ရမည်၊
မပြတ်မှတ်လျက်၊ အမှန်အတိုင်းသိရမည်၊
ဒီလိုသိလျှင်၊ သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်၊
ကိုယ်အမူအရာတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလိုမှတ်သိနေထာကို ကာယာနုပဿနာသတိပဋ္ဌာန်တူ ခေါ်သည်၊(ဆို ၃-ခေါက်၊)

ထင်ရှားပေါ်လာသော ကိုယ်အမူအရာဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမယ်တဲ့၊ ဒါ ကာယာနုပဿနာပါပဲ။

http://www.dhammadownload.com

ကာယေ-ရုပ်အပေါင်းကိုယ်၌၊ ကာယာနုပဿီ-ရုပ်အပေါင်းကိုယ်မျှဟု သိသည်ဖြစ်၍၊ အနိစ္စ, ဒုက္ခ, အနတ္တကို သိအောင်အမှန်အတိုင်း ရှုရမယ်တဲ့။

*** ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊** (ဆို သုံးခေါက်)

အာတာပီ-ကိလေသာကိုလွန်စွာသွေ့ခြောက်ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍၊ (ဝါ) အပြင်းအထန်အားထုတ်သည်ဖြစ်၍၊ ကိလေသာကို ပူလောင်စေတတ်တဲ့ ကိလေသာတွေ မဖြစ်နိုင်လာအောင်ကို တစ်ခါတည်း အားထုတ်ရမယ်၊ မပြတ်အားထုတ်နေရတယ်၊ ရပ်ရပ်နားနားနေရင် အဲဒီနားတဲ့အချိန်မှာ ကိလေသာက ဝင်လာမယ်၊ ကိလေသာမဝင်လာအောင်လို့ အချက်တိုင်း အချက်တိုင်း တစ်ခါတည်း အားထုတ်နေရမယ်။

အားထုတ်ဆိုရင် ဘယ်လိုအားထုတ်ရမလဲ၊ အမှတ်ရပြီး အားထုတ်ရမှာပဲ၊ သတော-အမှတ်ရသည်ဖြစ်၍၊ အမှတ်ရရမယ်တဲ့၊ ဖြစ်တိုင်းဖြစ်တိုင်း ကိုယ်အမူအရာတိုင်းကို လိုက်ပြီး အမှတ်ရရမယ်၊ ဖောင်းတိုင်း, ပိန်တိုင်း, ထိုင်တိုင်း, ထိတိုင်း, ကွေးတိုင်း, ဆန့်တိုင်း, လှုပ်ရှားတိုင်း, ကိုယ်အမူအရာကို ပြုပြင်တိုင်း ပြုပြင်တိုင်း မပြတ်မှတ်ရမယ်၊ တစ်ခါတည်း ကိုယ်မူအရာတွေ သေးသေးကြီးကြီး အကုန်လုံး လိုက်ပြီးတော့ သိရမယ်တဲ့၊ ပုတီးစေ့လေးတွေ တစ်စေ့ချင်းတစ်စေ့ချင်း ချနေသလို ကိုယ်အမူအရာတွေ ပေါ်တိုင်း ပေါ်တိုင်း အကုန်လုံးလိုက်ပြီးတော့ မှတ်နေရတယ်၊ အဲဒီလို အမှတ်ရနေရင် အမှန်အတိုင်း သိပါလိမ့်မယ်တဲ့။

အသစ်အသစ်ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်၊ အခုအားထုတ်ခါစ ခဏချင်းတော့ သိချင်မှ သိမှာပေါ့လေ၊ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေဆိုရင် ဒီလိုခဏလေးနဲ့ သိတဲ့ပုဂ္ဂိုလ်လည်း ရှိပါတယ်၊ ဒါပေမယ်လို့ ခုနေခါတော့ ဒီလိုခဏလေး သိတဲ့ပုဂ္ဂိုလ်က ရှားတယ်၊ အဲဒီတော့ တစ်ရက်အတွင်း သိချင်မှလည်း သိတယ်၊ တစ်ရက်အတွင်း မသိရင်လည်း နှစ်ရက်နဲ့ သိ၊ နှစ်ရက်နဲ့မသိရင်လည်း သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်လောက်ဆိုရင်တော့ သိတတ်ပါတယ်၊ ကိုယ်အမူအရာတွေ အသစ်အသစ်ကြီး ပြောင်းလဲနေတာ၊ ဆယ်လေးငါးရက်လောက်ဆိုရင်တော့ တော်တော်သေချာတယ်၊ ကိုယ်အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း လိုက်မှတ်ရင် ဖြစ်ပြီးရင်း ပျောက်သွားရင်း အဲဒီလို တစ်ပိုင်းစီတစ်ပိုင်းစီ ပျောက်နေတာကို သိတော့ သိတိုင်း သိတိုင်းဟာ ကိလေသာဖြစ်စရာအတွက်

http://www.dhammadownload.com

မရှိဘူး၊ နှစ်သက်စရာ သာယာစရာမရှိဘူး၊ မြဲတယ်လို့ ထင်စရာမရှိဘူး၊ ချမ်းသာတယ်လို့ ထင်စရာမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ထင်စရာမရှိဘူး၊ အဲဒီမြဲတယ်၊ ချမ်းသာတယ်၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ထင်မှတ်နေတဲ့ကိလေသာတွေ မဖြစ်ရတော့ဘဲနဲ့ ငြိမ်းသွားပါတယ်တဲ့၊ လောဘ, ဒေါသ အစရှိတဲ့ ကိလေသာတွေ ငြိမ်းသွားတယ်။

လောကဌ်၊ အဘိဇ္ဈာဒေါမနဿ-အဘိဇ္ဈာ ဒေါမနဿ အစရှိသော ကိလေသာအပေါင်းကို၊ ဝိနေယျ-ပယ်ဖျောက်၍-တဲ့၊ အဲဒီလို သိနေတာကိုပဲ ကာယာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တာပဲ၊ ဒါကြောင့်မို့ ရှုတဲ့ရှုမဲ့နေရာတိုင်းမှာ ကိလေသာငြိမ်းအောင်လို့ ဒီလိုမှတ်သိနေတာကို ကာယာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်တဲ့၊ တစ်နေ့က ပြောပြီးပါပြီ။

ဝေဒနာနုပဿနာ ဆတိပဋ္ဌာန်

ဒီကနေ့ ဝေဒနာနုပဿနာကို ပြောရမယ် -

"ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊"

ဝေဒနာသု-ခံစားမှုဝေဒနာတို့၌၊ ဝေဒနာနုပဿီ-ခံစားမှုဝေဒနာဟု ခွဲမြင်သည်ဖြစ်၍၊ ဝိဟရတိ-နေ၏တဲ့။

ခံစားမှုသဘောဟာ ဝေဒနာပဲတဲ့၊ သဘောတရားလေးပဲလို့ ရှုရမယ်၊ ခံစားမှု ဝေဒနာက ဘယ်လိုသဘောရှိတုံး၊ သူလည်း မမြဲတာပဲ၊ ဒုက္ခပဲတဲ့၊ အနတ္တပဲတဲ့၊ ဝေဒနာလေးတွေ တစ်ခုချင်းဖြစ်နေတာပဲ၊ ခံစားတာတွေထဲမှာ ကောင်းတာလည်း ရှိတယ်၊ ဆိုးတာလည်း ရှိတယ်၊ ဒီအတိုင်းနေရင်တော့ အဆိုးကို တယ်မသိလှဘူး၊ အကောင်းလေးတွေလောက်ပဲ ကောင်းအောင်လို့ပဲ တမင်တကာပြုပြင်ပြီး ပေးနေတော့ သာယာစရာလေးတွေကို ရပြီးတော့ နေတယ်၊ ဒါပေမယ်လို့ ကောင်းသည်ထက် ကောင်းအောင်လို့လည်း ကြိုးစားအားထုတ်နေရတယ်၊ တော်ရုံတန်ရုံ ကောင်းတာနဲ့လည်း အားမရသေးဘူး။

ဥပမာ - အိပ်နေတယ် ဆိုရင်ဖြင့် သူမှာ ကောင်းနေတာပဲ၊ ဒါပေမယ်လို့ အဲဒီအိပ်ရာမှာ ကောင်းသထက် ကောင်းအောင်လို့ အိပ်ယာခင်းတို့ ဘာတို့

http://www.dhammadownload.com

လုပ်ရတယ်၊ ခေါင်းအုံးတို့ ဘာတို့ လုပ်ရတယ်၊ ခေါင်းအုံးနဲ့ ဘာနဲ့ အိပ်ရတာတောင် တစ်ခါတစ်ခါ ကောင်းတယ်မထင်လို့ လက်ကလေး ဘာလေးနဲ့တောင် ခုပြီးတော့ အိပ်ရသေးတယ်၊ ကောင်းသည်ထက် ကောင်းအောင်လို့ ပြုပြင်ပေးနေရတာပဲ၊ သို့သော်လည်းပဲ ဒီဝေဒနာတွေဟာ ကောင်းတဲ့သဘောတရားတွေရယ်လို့ အကြွင်းမဲ့ ကောင်းတယ်လို့တော့ မဆိုနိုင်ဘူး။

သုခဝေဒနာ

ဝေဒနာသုံးမျိုးရှိပါတယ်၊ -

(၁) သုခဝေဒနာ၊

(၂) ဒုက္ခဝေဒနာ၊

(၃) ဥပေက္ခာဝေဒနာ - သုံးမျိုးရှိတယ်။

သုခဝေဒနာ ဆိုတာက အကောင်းခံစားမှုတွေပါပဲ၊ ကိုယ်ထဲမှာ တွေ့ထိပြီးတော့ ကောင်းတာ၊ ပူအိုက်နေတဲ့အခါ အအေးလေးနဲ့ တွေ့လိုက်ရရင် ကောင်းတယ်၊ အအေးများနေတဲ့အခါမှာ အနွေးလေးနဲ့ တွေ့လိုက်ရလို့ရှိရင် ကောင်းနေတယ်၊ ညောင်းနေတဲ့အခါကာလ အညောင်းအညာပြေအောင်လို့ လုပ်လိုက်ရလို့ရှိရင် ကောင်းသွားတယ်၊ နာနေတဲ့အခါကာလ ဒီအနာလေး ပျောက်သွားအောင် လုပ်လိုက်ရရင် ကောင်းနေတယ်၊ အဲဒီလို ကိုယ်နဲ့တွေ့ထိပြီး ကောင်းတာတွေ ရှိတယ်၊ ပြီးတော့ စိတ်ထဲကလည်းပဲ ဝမ်းသာစရာအာရုံတွေနဲ့ တွေ့ပြီး ဝမ်းသာပြီး ကောင်းနေတာတွေ ရှိတယ်၊ မြင်ရတဲ့အခါတွေ၊ ကြားရတဲ့အခါတွေ၊ တွေ့ရတဲ့အခါတွေ၊ သိရတဲ့အခါတွေ၊ စိတ်ကူးစဉ်းစား ကြံစည်ပြီးတော့လည်း စိတ်ကူးကောင်းနေတဲ့အခါတွေမှာ ဝမ်းသာနေတယ်၊ အလုပ်ကိစ္စတွေ အောင်မြင်ထမြောက်တဲ့အခါတွေမှာ ကောင်းနေတယ်၊ အဲဒါတွေဟာ သုခဝေဒနာတွေလို့ ခေါ်တယ်၊ သို့သော် ဒီသုခဝေဒနာတွေကလည်း ဖြစ်တုန်းတော့ ကောင်းတာပဲ။

ဒါပေမယ့် သူတို့မဖြစ်ရင် မကောင်းဘူးတဲ့၊ သူတို့ကလည်း ဖြစ်နေတုန်းလေး ကောင်းတာ၊ သူတို့က မြဲတာလည်း မဟုတ်ပဲဟာကိုး၊ သူတို့မရှိတဲ့အခါကျရင် ဒုက္ခရောက်တယ်၊ ချမ်းသာတွေ ခံစားနေကျ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီချမ်းသာလေး ပျောက်သွားလို့ရှိရင် မခံနိုင်ဘူး၊ ချစ်လှစွာသော သားကလေးတွေ သမီးလေးတွေ ဒီလိုဟာလေးတွေ ရှိနေတဲ့ပုဂ္ဂိုလ်တွေ အဲဒါလေးတွေ ပျောက်သွားလို့

http://www.dhammadownload.com

ရှိရင် စိတ်ဒုက္ခအများကြီးရောက်ရတယ်၊ သူဟာ ရှိနေတုန်းကတော့ အကောင်းသားပဲ၊ မရှိတဲ့အခါတော့ အများကြီးဒုက္ခရောက်တယ်၊ အစကတည်းက မရှိတဲ့ပုဂ္ဂိုလ်မှာ ဒုက္ခမရောက်ဘူး၊ အစကတည်းက မရှိဘူးဆိုရင် ဘာမှဒုက္ခမရောက်ဘူး၊ သားသမီးနဲ့စပ်ပြီးတော့ ဒုက္ခမဖြစ်ဘူး၊ အင်မတန် ချစ်ခင်လေးမြတ်တဲ့ သားလေးတွေ သမီးလေးတွေ ရှိလာပြီဆိုရင် အကြောင်းမညီညွတ်လို့ ပျောက်သွားလို့ရှိရင် သေတာ ထားပါဦးတော့ ပျောက်သွားလို့ ရှာမတွေ့လို့ရှိရင်ပဲ ဒုက္ခရောက်လှပြီ၊ တကယ်သေပျက်သွားလို့ရှိရင်တော့ ပြောစရာမရှိဘူး၊ ဒုက္ခတွေရောက်နေတာပဲ၊ ပစ္စည်းဥစ္စာတွေလည်း ဒီလိုပဲ၊ ပစ္စည်းဥစ္စာအသုံးအဆောင်တွေ အဖိုးတန်ပစ္စည်းတွေ ဆိုတာ ရလာရင်တော့ ကောင်းတာပဲ၊ ဒါတွေ ပျောက်သွားတဲ့အခါ အင်မတန် ဒုက္ခရောက်တယ်၊ သူများက ယူသွားလို့ဖြစ်စေ၊ တစ်နည်းနည်းနဲ့ ပျက်သွားလို့ဖြစ်စေ ဒုက္ခရောက်တယ်၊ အစကတည်းက မရှိလို့ရှိရင်တော့ ဒါဒုက္ခမရောက်ရဘူး၊ အဲဒီတော့ ချမ်းသာဆိုတာဟာ အမြဲတမ်း တည်နေတာ မဟုတ်တော့ သူမရှိတဲ့အခါ ဒုက္ခတွေရောက်တာပဲတဲ့၊ သူမရှိတဲ့အခါ မနေတတ် မထိုင်တတ် ဖြစ်တတ်ပါတယ်။

လောကမှာ တချို့ပုဂ္ဂိုလ်တွေ မူလကတည်းက ကိုယ့်လက်နဲ့ ကိုယ့်ကိုယ်နဲ့ အားကိုးပြီးတော့ ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်တယ်၊ သူဟာ နေသာထိုင်သာ ရှိနေတာ၊ ဘာမှကိစ္စမရှိဘူး၊ အစက ဘာမှမလုပ်မကိုင်ဘဲနဲ့ သူများလုပ်တာ ကိုင်တာလေးတွေ အသာထိုင်ပြီး စားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် တစ်နေ့ကျ အကြောင်းမညီညွတ်လို့ ကိုယ်တိုင်အလုပ်လုပ်ရလို့ရှိရင် သိပ်ဒုက္ခရောက်တယ်၊ သူက အဆင်းရဲခံနေကျမဟုတ်ဘဲဟာကိုး၊ အဲဒါလိုပဲ ချမ်းသာဆိုတာတွေက သူတို့ရှိနေရင်တော့ အကောင်းသားပဲ၊ သူတို့မရှိရှင်တော့ ဒုက္ခတွေ အများကြီးရောက်တတ်ပါတယ်တဲ့၊ ပြီးတော့ ချမ်းသာလေးတစ်ခု ရဖို့ရာအတွက် ရှာဖွေရကြောင့်ကြစိုက်ရတာတွေအတွက် အများကြီးပင်ပန်းပါတယ်တဲ့၊ ဒါကြောင့်မို့ ချမ်းသာတယ် ကောင်းတယ်လို့ မဆိုနိုင်ဘူးတဲ့။

လူချမ်းသာတွေ ကောင်းတယ်ဆိုတာလည်း မြဲတာမဟုတ်၊ နတ်ချမ်းသာတွေ ကောင်းတယ်ဆိုတာလည်း မြဲတာမဟုတ်၊ ဗြဟ္မာချမ်းသာတွေ အသက်တမ်းရှည်ပြီးတော့နေတာတွေ ဒါတွေတောင်မှ မြဲတာမဟုတ်ဘူး၊ စင်စစ်အားမကိုးရဘူး၊ ဒါကြောင့် ဒီချမ်းသာတွေကလည်း မမြဲတဲ့အတွက်မကောင်းပါဘူးတဲ့၊ အားမကိုး

http://www.dhammadownload.com

ရပါဘူးတဲ့၊ ကောင်းတယ်လို့ ကိုယ်က အောက်မေ့နေတုန်း ရှိသေးတယ်၊ ဟိုက မရှိဘူး၊ ဖြစ်ပြီး ချမ်းသာလေး ပျောက်သွားပြီ၊ ဖြစ်ပြီး ချမ်းသာလေး ပျောက်သွားပြီ၊ အဲဒါအသစ်အဟောင်းတွေ ပြောင်းလဲနေတာ၊ အမြဲတမ်း တည်နေတာ မဟုတ်ဘူး၊ အမြဲတမ်း တည်နေတာ မဟုတ်တော့ အားမကိုးရဘူး၊ ခုန အိမ်အိုကြီး ပေါ်မှာ တက်နေရတာလိုပဲ ဒီဝေဒနာတွေကလည်း မမြဲဘူး။

ဒါကြောင့်မို့ ဒီချမ်းသာတွေကလည်း မကောင်းဘူး၊ ဒုက္ခတွေတဲ့၊ ဒုက္ခဆိုတာ မကောင်းတာကတော့ လူတိုင်းလူတိုင်း သိတယ်၊ ဒုက္ခတော့ ကလေးလည်း သိတာပဲ၊ လူကြီးလည်း သိတာပဲ၊ စာတတ်တဲ့ပုဂ္ဂိုလ်လည်း သိတာပဲ၊ စာမတတ်တဲ့ပုဂ္ဂိုလ်လည်း သိတာပဲ၊ လူမှာသာ မဟုတ်ဘူး၊ တိရစ္ဆာန်တွေကလည်း သိတာပဲ၊ ဒုက္ခတော့ မကောင်းဘူးဆိုတာ၊ ဒါပေမယ်လို့ သာမန်ပုဂ္ဂိုလ်တွေ သိတာကတော့ ငါဆင်းရဲတယ်လို့ ငါအနေနဲ့ သိတာကိုး၊ နာရင် ငါနာတယ်၊ ညောင်းရင် ငါညောင်းတယ်၊ ပင်ပန်းလည်း ငါပင်ပန်းတယ်၊ မောရင်လည်း ငါမောတယ်၊ ဒီလိုငါချည်းပဲ ထင်နေတာကိုး။

ယောဂီကတော့ အဲဒီလိုသိတာမဟုတ်ဘူး၊ ယောဂီကတော့ ညောင်းရင်လည်း ညောင်းတာလေးမှတ်၊ နာရင်လည်း နာတာလေးမှတ်တော့ ညောင်းတဲ့သဘောလေးက ငါလည်း မဟုတ်ဘူး၊ ညောင်းပြီးရင်း ပျောက်သွားရင်း ညောင်းပြီးရင်း ပျောက်သွားရင်း၊ နာတာလေးကလည်း နာပြီးရင်း ပျောက်သွားရင်း နာပြီးရင်း ပျောက်သွားရင်း၊ ယားတာလေးကလည်း ယားပြီးရင်း ပျောက်သွားရင်း ယားပြီးရင်း ပျောက်သွားရင်း၊ အခံခက်တာလေးကလည်း အခံခက်ပြီးရင်း ပျောက်သွားရင်း အခံခက်ပြီးရင်း ပျောက်သွားရင်း မမြဲတဲ့သဘောတရားလေးနဲ့ ဖြစ်ခိုက်ဖြစ်ခိုက်တွေမှာ သူက မမြဲတဲ့ဆင်းရဲတွေပဲ၊ မခံသာတဲ့သဘောတွေ။

ပကတိပုဂ္ဂိုလ်တွေတော့ ပုံတော်သလိုနေနေတာကိုး၊ ခြေတွေ လက်တွေ ခဏခဏပြင်နေတယ်၊ သူက ဒီလိုထိုင်ရာက၊ ဟိုလိုထိုင်လိုက်၊ ဒီလိုထိုင်ရာက ဟိုလိုထိုင်လိုက်၊ ခြေလက် ဒီလိုထားရာက ဟိုလိုပြင်လိုက်၊ ကွေးရာက ဆန့်လိုက်၊ ဆန့်ရာက ကွေးလိုက်၊ ဖိထားရာကနေပြီးတော့ ကြွလိုက်၊ ကြွထားရာကနေပြီး ဖိလိုက်၊ ထောင်ရာကနေပြီး လှဲချလိုက်၊ လှဲချရာကနေပြီး ထောင်ထားလိုက် စသည်ဖြင့် အဲဒီလိုကိုယ်အမူအရာတွေ အမျိုးမျိုးပြင်နေတော့ နေသာထိုင်သာ ဖြစ်နေတာပေါ့၊ ပကတိပုဂ္ဂိုလ်တွေတော့ ကိုယ်ထဲဒုက္ခရှိမှန်း မသိရဘူး၊ ကိုယ်ကြီး

http://www.dhammadownload.com

ဟာ နေသာထိုင်သာနဲ့ ချမ်းသာတွေပဲလို့ အောက်မေ့နေတယ်၊ ချမ်းသာအစု အဝေးကြီးလို့ ထင်နေတယ်။

တရားအားထုတ်တဲ့အခါကာလကျ ဒီလိုမဟုတ်ဘူး၊ ကိုယ်ကြီး သူသဘာဝ အတိုင်းထားပြီး သူစောင့်ကြည့်နေရတယ်၊ မပြင်ဘူး၊ ရုတ်တရက်တော့ ထိုင်နေရင် တော်တော်ကြာရင် ပူလာပြီ၊ တော်တော်ကြာရင် ညောင်းလာပြီ၊ တော်တော်ကြာ ရင် အောင့်လာပြီ ဒီလို သိရတယ်။

ဝန်ထုပ်ပန်းဖြောင်းသလို့

ပကတိပုဂ္ဂိုလ်တွေကတော့ အဲဒီထိအောင် မရောက်ဘူး၊ ဒီမှာ စိတ်ကူး ရင်း ဘာရင်းနဲ့ ပြင်ကုန်တာနဲ့ အဲဒီဒုက္ခတွေ ကိုယ်ထဲ ရှိမှန်းမသိရဘူး၊ အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်က မပြင်ဘဲနဲ့ စောင့်ပြီးတော့ ကြည့်နေတာ၊ ဘာတွေ ဖြစ်ဦးမလဲဆိုတာ စောင့်ကြည့်နေတော့ သူမပြုပြင်လို့ရှိရင် ဒုက္ခတွေ အမြဲ ရှိနေတာပဲ၊ အမြဲတမ်း ပြင်နေမှ သူသက်သာရာရတာကိုး၊ ဒီတော့မှ နေသာ ထိုင်သာလေး ရှိတယ်၊ နေသာထိုင်သာလေး ရှိပြန်ရင်လည်း သူဥစ္စာ ပခုံးပြောင်း သလိုပဲ၊ အဲဒါအထုပ်လေး ညာဘက်က ထမ်းလာပြီးတော့ လေးတာနဲ့ တစ်ခါ ဘယ်ဘက် ပြောင်းထမ်းလိုက်တော့ ညာဘက်က နေသာထိုင်သာ ရှိသွားတယ်၊ ဘယ်ဘက်ကလည်း တော်တော်ကြာတော့ လေးလာပြန်တာပဲ၊ မခံနိုင်ပြန်ဘူး၊ တော်တော်ကြာရင် ညာဘက်ပြောင်းရ၊ တော်တော်ကြာပြန် အဲဒီဘယ်ဘက်က သက်သာသွားပြန်တယ်၊ ညာဘက်က လေးလာပြန် ပြောင်းရပြန်ရော၊ အဲဒီလိုပဲ ပခုံးပြောင်းသလိုပဲ သူဟာ ဟိုလိုနေရာကနေပြီးတော့ ဆင်းရဲလို့ရှိရင် ချမ်းသာ အောင်လို့ ဆိုပြီး ပြင်လိုက်ရရင် တော်တော်ကြာတော့ ဆင်းရဲလို့ရှိရင် ချမ်းသာ အောင်လို့ ဆိုပြီး ပြင်လိုက်ရရင် တော်တော်ကြာတော့ မဟုတ်လှဘူး သူက တစ်ခါပြင်ရတယ်၊ အဲဒီလိုပဲ တစ်ခါမနေသာပြန်တော့ တော်တော်ကြာ ပြင် လိုက်ပြန် နေသာသလို ရှိသွားပြန်တယ်၊ တော်တော်ကြာပြန်တော့ တစ်ခါပြင် လိုက် အဲဒီပြင်ပြီးတာကလည်းပဲ နေရာမကျပြန်ဘူး၊ အဲဒီလိုပဲ သူက ခဏမစဲ ပြုပြင် ပြောင်းလွဲပြီးတော့နေမှ တော်ရုံတန်ရုံ သက်သာရာရနေတဲ့ ခန္ဓာကြီးတဲ့၊ ခဏမစဲ နှိပ်စက်နေတဲ့ ခန္ဓာပဲတဲ့၊ ဒုက္ခဝေဒနာတွေ မပြတ်မစဲ နှိပ်စက်နေတဲ့ ခန္ဓာ။

http://www.dhammadownload.com

အဲဒါကို စောင့်ပြီးကြည့်တော့ ညောင်းရင် ညောင်းတယ် ညောင်းတယ်၊ နာရင်လည်း နာတယ် နာတယ်၊ ပူရင်လည်း ပူတယ် ပူတယ်၊ ယားရင်လည်း ယားတယ် ယားတယ်၊ အောင့်ရင်လည်း အောင့်တယ် အောင့်တယ်လို့ စသည်ဖြင့် ရှုတော့ ဒုက္ခတွေအစုအဝေးကြီး ဖြစ်လာတယ်၊ တစ်ခါတစ်ခါ အကြီးအကျယ် ဒုက္ခတွေကို ထင်လာတတ်တယ်၊ မီးပုံကြီးများ၊ မီးတွေလောင်နေသလို ဒုက္ခတွေလောင်ပုံက ယောဂီရဲ့ဉာဏ်မှာ တစ်ခါတည်း အင်မတန်ကို မခံသာတဲ့သဘောတွေအနေနဲ့ ဖြစ်နေတယ်၊ သို့ပေမယ့် တရားလက်မဲ့ ပကတိပုဂ္ဂိုလ်မှာတော့ ဒုက္ခတွေက ကြီးလှတယ်လို့တော့ ထင်မလာဘူး၊ ဝိပဿနာသမာဓိနဲ့ ဉာဏ်နဲ့ထင်သွားမှ ဒုက္ခတွေဟာ အကြီးကြီးပဲလို့ မြင်ရတယ်၊ ပကတိမျက်စိနဲ့ ကြည့်တဲ့အခါ သေးသေး လေးတွေဟာ မှန်ဘီးလူးနဲ့ကြည့်တဲ့အခါ ကြီးကြီးထင်လာသလိုမျိုးပေါ့။

အဲဒီလိုထင်သွားတော့ ပကတိပုဂ္ဂိုလ်တွေအနေနဲ့ သိပ်မထူးပါဘူး၊ ပကတိပုဂ္ဂိုလ်တွေတော့ ဒီလိုရှိနေတာပဲ၊ ဒုက္ခတွေဖြစ်နေတယ်၊ ပကတိပုဂ္ဂိုလ်တွေကတော့ ရှိတယ်လို့ မထင်ဘူး၊ ဘာနဲ့တူတုံးဆိုတော့ လူပရိသတ်တွေ ထောင်ပေါင်းများစွာ စုဝေးတဲ့အခါ စကားပြောကြတာ ဆူလို့၊ တစ်ယောက်တစ်ပေါက်နဲ့ ပြောကြတာ ဆူနေတာပဲ၊ အဲဒီထဲမှာ အသံတွေဟာ တော်ရုံတန်ရုံပြောတဲ့အသံကတော့ သိပ်ပြီးတော့ မကြားရဘူး၊ ဘာမှ မထင်ရှားဘူး၊ သူဥစ္စာ တစ်ယောက်နဲ့တစ်ယောက်ကြားအောင် အင်မတန်အော်ပြီးတော့ ပြောရတယ်၊ ဒါမှ သဲ့သဲ့ကြားရတယ်၊ နည်းနည်းကြားရတယ်၊ ဘာပြုလို့တုံးဆို မငြိမ်မသက်ဖြစ်နေလို့၊ အသံတွေက ဖုံးလွှမ်းနေတာပဲ၊ အဟယ်၍ တိတ်ဆိတ်နေတဲ့နေရာမှာ ဆိုရင်ဖြင့် အသံလေးနည်းနည်းလေး ပြောလိုက်တာနဲ့ပဲ ကြားတယ်၊ အသက်ရှူတဲ့အသံလေးတောင်မှ ကြားရတယ်၊ ဘာကိုမဆို သူက ကြားနေတယ်။

အဲဒါလိုပဲ တရားအားမထုတ်ခင်ကတော့ စိတ်တွေက အဲဒီအသံတွေ ညံနေသလို ဖြစ်နေတယ်၊ ဟိုရောက်လိုက်၊ ဒီရောက်လိုက်နဲ့ အာရုံတွေ နည်းနည်းများနေတယ်၊ ဒါကြောင့် ဒီအာရုံတွေ များနေတော့ တော်ရုံတန်ရုံ ဒုက္ခဝေဒနာတွေ မပေါ်ဘူး၊ တရားအားထုတ်တဲ့အခါကျတော့ ဟိုအာရုံဒီအာရုံတွေဆီ သွားတဲ့စိတ်က မရှိဘူး၊ တိတ်ဆိတ်ပြီးတော့ နေတယ်၊ ညဉ့်အခါကာလ အသံလေးပေါ်လာရင် အသံထင်ရှားနေသလို နာတာလေး နည်းနည်းဖြစ်လာရင် အကြီးကြီးဖြစ်ပြီးတော့ ထင်ရှားလာတယ်၊ အင်မတန်ကို အကြီးကြီးဖြစ်ပြီး ထင်ရှားတယ်၊

http://www.dhammadownload.com

ဒါပေမယ့် ရှုမှတ်လိုက်လို့ရှိရင် ပျောက်လည်း ပျောက်တတ်တယ်၊ ဒီဝေဒနာက သူသိအောင်လို့ပဲ၊ ကိုယ်ထဲမှာ မခံသာတဲ့သဘောတွေ ဖြစ်ပေါ်နေတာ၊ စောင့်ပြီးတော့ သိအောင် ရှုနေရတယ်၊ အဲဒီရောဂါဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်းမှာ သူက ထင်ရှားတယ်။

ဥပေက္ခာဝေဒနာကတော့ သူက သိခဲတယ်၊ သုခနဲ့ဒုက္ခအပြောင်းအလဲ ကြားထဲ ကြားထဲမှာ သူဟာက ဆင်းရဲတယ်လို့လည်း မဟုတ်၊ ချမ်းသာတယ်ရယ်လို့လည်း မဟုတ်ဘူးတဲ့၊ ဒီလိုနေတော့ နေသာနေတာပဲ၊ ဒါပေမယ့် ကောင်းတယ်လို့ အားရလောက်အောင်လည်း မဟုတ်ဘူး၊ ဆင်းရဲတယ်လို့လည်း မဆိုရဘူး၊ ဥပေက္ခာဝေဒနာမို့ သူက အသိခက်တယ်၊ အဲဒါ မထင်ရှားလည်း သာမန်သိတော့ သိပါတယ်၊ သုခ, ဒုက္ခအနေအားဖြင့် မထင်ရှားပေမယ့် သာမန်စိတ်တွေ ရှုရတယ်၊ အဲဒီသာမန်စိတ်တွေက ဥပေက္ခာနဲ့တွဲဖြစ်နေတယ်၊ အဲဒါတွေ ရှုတော့ ခုန အတိုင်းပါပဲ။

ဝေဒနာတွေ အမှန်အတိုင်းရှုမှတ်ခန

အာတာပီ-ကိလေသာကို ပူလောင်စေတတ်တဲ့ သမ္မပ္ပဓာန်လုံ့လနဲ့ပြည့်စုံရတယ်၊ မပြတ်မစဲ ရှုရမယ်တဲ့၊ ဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့ ရှုရမယ်၊ ချမ်းသာဝမ်းသာမှုတွေ ဖြစ်ရင် ရှု၊ ကိုယ်ထဲက ချမ်းသာမှုဖြစ်ရင်လည်း ရှု၊ ဒုက္ခဆင်းရဲမှုတွေ ဖြစ်ရင်လည်း ရှုရတယ်၊ ပြီးတော့ ဆင်းရဲတာလည်း မဟုတ် ချမ်းသာတာလည်းမဟုတ် နေသာထိုင်သာတော့ရှိနေတဲ့ဝေဒနာတွေ စိတ်တွေ ဖြစ်ရင်လည်း ရှုရမယ်၊ ဒါတွေ တောက်လျှောက်လိုက်ပြီးတော့ မပြတ်မစဲ ရှုရမယ်၊ မှတ်ရတဲ့အနေအားဖြင့် မပြတ်မစဲအမှတ်ရပြီးနေတော့ အဲဒီတရားတွေ အမှန်အတိုင်းသိလာတယ်၊ ဒုက္ခတွေကလည်း တစ်ခုချင်းပဲ၊ သုခတွေကလည်း တစ်ခုချင်းပဲ၊ ညောင်းတာတွေကို ညောင်းတယ်လို့ မှတ်ရင် အညောင်းပြေရင်း ပျောက်သွားရင်း အညောင်းပြေရင်း ပျောက်သွားရင်း အညောင်းလေးတွေ တစ်ခုစီ တစ်ခုစီ၊ နာရင်လည်း နာတာလေးတွေ တစ်ခုစီ တစ်ခုစီ၊ ဒီအတိုင်းထင်ရှားတာလေးတွေ တစ်ခုစီ တစ်ခုစီ၊ အပြင်ကနေပြီးတော့ အသစ်တွေကျလာသလို ထင်ရတယ်။

ကိုယ်ထဲက ချမ်းသာမှုတွေ ဝမ်းသာမှုတွေ ဒီလိုဟာတွေ ဖြစ်လာရင်လည်း သူကိုလည်း မှတ်ရမယ်၊ သို့သော်လည်းပဲ သူကို မှတ်ရတာ နည်းတယ်၊ ဒုက္ခကို

http://www.dhammadownload.com

မှတ်ရတာက များတယ်၊ မှတ်တော့ မှတ်ရမှာပဲ၊ သာမန်စိတ်တွေအနေအားဖြင့် အဲဒါတွေ ဖြစ်တာကများတယ်၊ အဲဒီ မှတ်တိုင်းမှတ်တိုင်းဟာ ဝေဒနာကတော့ ပါနေတာပါပဲ၊ အဲဒီဝေဒနာလေးတွေ တစ်ခါပေါ်လာ မှတ်လိုက် ပျောက်သွားလိုက်၊ တစ်ခါပေါ်လာ မှတ်လိုက် ပျောက်သွားလိုက်နဲ့ ပျောက်နေတဲ့ တရားတွေ မမြဲတဲ့တရားတွေပဲ၊ မမြဲလို့ ဆင်းရဲတွေပဲ၊ ဒါတွေ ခုနက အိမ်အိုကြီး တိုက်အိုကြီးထဲ ဝင်နေရသလို ဒုက္ခထင်နိုင်တာပဲ၊ ကောင်းတယ်လို့ သူအောက်မေ့ နေတုန်းရှိသေးတယ်၊ သူကမရှိတော့ဘူး၊ အားမကိုးရတဲ့တရား၊ ကြောက်စရာ ကောင်းတဲ့တရားတွေပဲ၊ အဲဒါတွေဟာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သဘောတရား တွေပဲဆိုတာ ထင်ရှားပါတယ်။

ဒုက္ခဝေဒနာတွေ ထင်တိုင်း ထင်တိုင်း အမှတ်သတိဖြတ်လိုက်ရင် ဟာ.. ငါညောင်း ရမလား ညောင်းတယ် ဆိုပြီးတော့ အရင်ကရှိတဲ့ငါက ညောင်း လာတယ် ဆိုပြီး စိတ်ဆိုးရင် ဆိုးနေတတ်တယ်၊ ငါက ညောင်းရမလား ဆိုပြီး နာရင်လည်း ငါ နာရမလား ဆိုပြီး စိတ်ဆိုးရင် ဆိုးတတ်တယ်၊ ငါက အမြဲတမ်း နာနေတယ်၊ အကြာကြီး နာနေတယ်လို့ ထင်နေတယ်၊ သူ့အတိုင်း လိုက်ပြီးတော့ ရှုနေလို့ရှိရင် ညောင်းတာ, ပေါ်လာတာတွေဟာ သူ့အခိုက်အတန့်နဲ့သူဖြစ်ပြီး ပျောက်တဲ့သဘောတရားလေးတွေပဲ၊ ဘာမှငြိမ်းစရာမရှိဘူး၊ ဖြစ်ပြီး ပျောက်နေတာချည်းပဲ၊ နောက်တစ်ခါ ညောင်းပြန်၊ နာပြန်ရင် မှတ်လိုက်ပြန်တယ်၊ ရှုပြီး ပျောက်သွားတယ်၊ တစ်ပိုင်းပြီးသွားပြန်ပြီ၊ အဲဒီလို အသစ်အသစ်ကလေးတွေ ဖြစ်ပျက်နေတာတွေကို တွေ့ရတော့ ရှုတိုင်း ရှုတိုင်း အမှန်အတိုင်းသိတယ်၊ အမှန်အတိုင်း သိတိုင်း သိတိုင်းဟာ နှစ်သက်စရာ သာယာစရာ ချမ်းသာဟု ဆိုပြီးတော့ သာယာစရာ မရှိဘူး၊ ဒုက္ခတွေကိုလည်း ချမ်းသာရယ်လို့ မျှော်လင့် စရာမရှိဘူး၊ ဘာမှ မမျှော်လင့် မတောင့်တဘူး၊ ဒုက္ခတွေ ဆင်းရဲတွေ တွေ့လို့လည်း စိတ်မဆင်းရဲဘူး၊ အင်မတန် ထင်ရှားပါတယ်၊ ဒီတိုင်းဆိုရင် အင်မတန် စိတ်ဆိုးတတ်တဲ့ဥစ္စာတွေအပေါ်မှာ စိတ်မဆိုး ရတော့ဘူး၊ အင်မတန်ကောင်း တဲ့တရားတွေပဲ၊ ဒါကြောင့်-

*** ထင်ရှားပေါ်လာသော ခံစားမှုဝေဒနာဟူသမျှကို အမှန်အတိုင်း ရှုရမည်၊**

ခံစားမှု ဝေဒနာဟူသမျှ ဝေဒနာဆိုပြီးတော့လည်းပဲ ပထမကတော့ သိတော့ သိနေတာပါပဲ၊ ဒါပေမယ့်လို့ ဒုက္ခဝေဒနာတွေ အများအားဖြင့် သိနေတယ်၊ သုခ တို့ဥပေက္ခာတို့ကို တယ်မသိဘူး၊ ခံစားမှုဝေဒနာဆိုတာက ဘာလဲ၊ "ခံစားမှု"ဆိုတာက

http://www.dhammadownload.com

မြန်မာစကား၊ "ဝေဒနာ"ဆိုတာက ပါဠိ၊

"ထင်ရှားပေါ်လာသော ခံစားမှုဝေဒနာ ဟူသမျှကို အမှန်အတိုင်းရှုရမည်တဲ့" အမှန်အတိုင်း ရှုနေရမယ်၊ "ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်" ဒါကြောင့်မို့လို့ ခုနအတိုင်း ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊ "မပြတ်မှတ်လျက် အမှန်အတိုင်းသိရမည်" "ဒီလိုသိရင် သိတိုင်း သိတိုင်း ကိလေသာ ငြိမ်းလေတော့သည်။"

"ခံစားမှုဝေဒနာတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလိုမှတ်သိနေတာကို ဝေဒနာနုပဿနာသတိပဋ္ဌာန်ဟုခေါ်သည်"တဲ့၊ ကိုင်း. . ဆိုရမယ်။

* **ထင်ရှားပေါ်လာသော ခံစားမှုဝေဒနာဟူသမျှတို့ အမှန်အတိုင်းရှုမြင်ရမည်။**
ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊
မပြတ်မှတ်လျက်၊ အမှန်အတိုင်းသိရမည်၊
ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်၊
ခံစားမှုဝေဒနာတိုင်းမှာ ကိလေသာငြိမ်းရအောင် ဒီလိုမှတ်သိနေတာကို ဝေဒနာနုပဿနာသတိပဋ္ဌာန်ဟုခေါ်သည်။ (ဆို သုံးခေါက်)

ခံစားမှု ဝေဒနာတိုင်းမှာတဲ့ အကောင်းဖြစ်ဖြစ်, အဆိုးဖြစ်ဖြစ်ပေါ့လေ၊ သုခ, ဒုက္ခ, ဥပေက္ခာသုံးမျိုးရှိတယ်၊ အကျဉ်းချုပ်တော့ အကောင်းနဲ့အဆိုး (၂) ခုပါပဲ၊ ဆင်းရဲနဲ့ ချမ်းသာ (၂)မျိုးပဲ၊ ဒါကလည်း ချမ်းသာသဘောရှိရင် နေသာထိုင်သာရှိနေတာပဲ၊ သာယာစရာရယ်လို့သာ ထင်နေရတယ်၊ သက်တော့ မသက်သာဘူး၊ ဆင်းရဲနဲ့ချမ်းသာနှစ်မျိုးပဲ၊ ကိုယ်ထဲခံစားရတာက ဆင်းရဲချမ်းသာ နှစ်မျိုးပဲ၊ ခံစားမှုတွေ ဖြစ်တိုင်းဖြစ်တိုင်း ဆင်းရဲတွေ ဖြစ်တိုင်း ဖြစ်တိုင်း၊ ချမ်းသာတွေ ဖြစ်တိုင်း ဖြစ်တိုင်း၊ အဆိုးတွေ အကောင်းတွေ ဖြစ်တိုင်း ဖြစ်တိုင်း၊ အဆိုးတွေကို အလိုမရှိ ကြလို့ အကောင်းတွေကို အလိုရှိကြတယ်၊ ဒီလိုပဲ စီမံဖန်တီးနေရတယ်၊ ရှာနေရတယ်၊ အကောင်းတွေ တွေ့တဲ့အခါကျတော့ သာယာတယ်၊ ကိုယ်ထဲက တွေ့ထိလို့ ကောင်းတာတွေလည်း သာယာတယ်၊ ကိုယ်ထဲမှာ ကောင်းတဲ့အာရုံတွေနဲ့ တွေ့ပြီးတော့ ပျော်ရွှင် ချမ်းသာနေရင် အဲဒါတွေလည်း သာယာတာပဲ၊ မကောင်းတာနဲ့ တွေ့တဲ့အခါကျတော့ စိတ်ဆင်းရဲတယ်၊ မကောင်းတာနဲ့တွေ့တဲ့ အခါကျတော့ ကောင်းတာတွေ တောင့်တတယ်၊ အဲဒါ ကိလေသာတွေဖြစ်နေ

http://www.dhammadownload.com

တာပဲ။

ကောင်းတာတွေနဲ့ တွေ့လို့လည်းပဲ လောဘမဖြစ်ရအောင်၊ မကောင်းတာတွေနဲ့ တွေ့လို့လည်းပဲ ဒေါသမဖြစ်ရအောင်၊ ကောင်းတာနဲ့တွေ့တဲ့အခါလည်း တို့ထက်ကောင်းတာတွေနဲ့စပ်ပြီး လောဘမဖြစ်ရအောင်၊ မကောင်းတာတွေ့တဲ့ အခါလည်းပဲ ကောင်းတာတွေနဲ့ယှဉ်ပြီး ဒေါသတွေမဖြစ်ရအောင်, ကိလေသာ ငြိမ်းသွားအောင်လို့ ထင်ရှားပေါ်လာတဲ့ ခံစားမှုဝေဒနာတွေဟူသမျှကို အမှန် အတိုင်း သိအောင် ရှုရမယ်တဲ့၊ အမှန်အတိုင်း ရှုနိုင်အောင်လို့ မပြတ်ကြောင့်ကြ စိုက်နေရတာ၊ မပြတ်ကြောင့်ကြစိုက်ပြီး ပေါ်တိုင်း ပေါ်တိုင်းလည်း မပြတ်ရှုနေ ရမယ်၊ မပြတ်မှတ်ရမယ်။

အဲဒါကြောင့် ဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း စူးစိုက်ပြီးတော့ရှုလျှင် အထူးအားဖြင့် တော့ ဒုက္ခဝေဒနာတွေ အထူးပေါ်တတ်တယ်၊ ညောင်းတာ, ပူတာ, နာတာ, ကျင်တာ, ကိုက်ခဲတာ, ယားတာ, ယံတာ, မောပန်းတာတွေ ရှုရမယ်၊ အဲဒီလိုရှုတော့ ရှုတိုင်းရှုတိုင်း ဒီမခံသာတဲ့ သဘောတွေ သိတယ်၊ အင်မတန် ထင်ရှား တာပဲ၊ အဆိုးတွေကို ခံစားနေတဲ့ သဘောတွေပဲ၊ ကိုယ်ထဲမှာ အခံခက်ပြီး တော့ နှိပ်စက်နေတဲ့ သဘောတွေတဲ့၊ အခံခက်နေတဲ့သဘောတွေ၊ သည်းမခံသာ အောင် အခံခက်နှိပ်စက်နေတဲ့သဘောတွေကလည်း မြဲပြီးနေတာ မဟုတ်ဘူး၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း ဖြစ်ပြီးရင်း ပျောက်သွားရင်း ဒါလေးတွေကို သိရမှာကိုး၊ စခါစ ပုဂ္ဂိုလ်တော့ မသိဘူး၊ သမာဓိဉာဏ်အားကောင်း လာတဲ့အခါ ကျတော့ မှတ်တိုင်း မှတ်တိုင်း တစ်ပိုင်းစီ တစ်ပိုင်းစီ မြဲနေတာမဟုတ်ဘူး၊ အဲဒီမမြဲ တာတွေ သိလာ တယ်၊ မမြဲတာတွေ သိတော့ အစက ဆင်းရဲထင်ရင် ပြောစရာ မရှိဘူး၊ အစက ချမ်းသာနေတယ်လို့ ထင်တာတောင်မှ မမြဲလာတော့ ဆင်းရဲတွေ ထင်လာတယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေပဲ၊ သူဟာသူ ဖြစ်ပျက်နေတဲ့ သဘော တရားတွေပဲ ဆိုတာ သိရတယ်။

သိရတော့ ဒီခံစားမှုဝေဒနာနဲ့စပ်ပြီးတော့ ကောင်းတယ်လို့လည်း သာယာ နှစ်သက်မှုမရှိဘူး၊ စိတ်ဆိုးလို့လည်း စိတ်ဆိုးလို့ ဖြစ်ပေါ်တဲ့ ဆင်းရဲမရှိဘူး၊ အဲဒီလိုဟာတွေ ငြိမ်းတယ်တဲ့၊ "ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာ ငြိမ်း လေတော့သည်"တဲ့၊ အဲဒီလို ကိလေသာငြိမ်းအောင်လို့ ရှုရတာပဲ၊ ဘယ်မှာ ရှုရတုံး

http://www.dhammadownload.com

ဆိုရင် ခံစားမှု ဝေဒနာတိုင်းမှာ ရှုရတယ်၊ ခံစားမှု ဝေဒနာတိုင်းမှာ ကိလေသာ ငြိမ်းအောင် ဒီလိုမှတ်သိနေတာကို "ဝေဒနာနုပဿနာသတိပဋ္ဌာန်"ဟု ခေါ်တယ် တဲ့၊ အခု ပကတိပုဂ္ဂိုလ်တွေ ဝေဒနာတွေ့တယ် ဆိုတာ အသက်သာချည်းဟာပဲ။

ကျားစားခံရဆဲ ဒေဒနာရှုမှတ်ခဲ့ရပုံနိုင်း

ရှေးက စာပေကျမ်းဂန်ထဲ မှတ်တမ်းတင်ထားတာ ရှိတယ်၊ ကျားအစားခံ ရလို့ ဒုက္ခဝေဒနာတွေ မှတ်ပြီးတော့ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်ရှိတယ်၊ တယ်သတ္တိ ကောင်းတဲ့ပုဂ္ဂိုလ်ပဲ၊ တစ်နေရာမှာ ရဟန်းတော်သုံးကျိပ်တို့ဟာ တောကျောင်းမှာ နေကြတယ်၊ တောကျောင်းနေပြီးတော့ ရှေးတုန်းက တရားအားထုတ်ကြတာပါပဲ၊ တောကျောင်းတွေဆိုတော့ တရားအားထုတ်ကြတယ်၊ နေ့လည်း ကိုယ့်နေရာ လေးနဲ့ကို နေပြီး တရားအားထုတ်ကြတယ်၊ ညလည်း ကိုယ့်နေရာလေးနဲ့ကို တရား အားထုတ်ကြတယ်၊ တောကျောင်းဆိုတာလည်း ခမ်းခမ်းနားနားကျောင်းကြီးတွေ ဟုတ်မယ်မဟုတ်ပါဘူး၊ တောကျောင်းဆိုတော့ မိုးလုံ လေလုံ တော်ရုံဆောက်ပြီး နေကြတာနဲ့ တူပါတယ်၊ နေ့လည်းပဲ သစ်ပင်အောက် တော်တဲ့နေရာမှာပဲနေပြီး တရားအားထုတ်ကြတယ်၊ ညလည်းပဲ သစ်ပင်အောက် တော်တဲ့နေရာနေပြီး တရားအားထုတ်ကြတယ်၊ ကျားရှိတဲ့အရပ်ဆိုရင် ကျားက လာတာပေါ့၊ ကျားရှိတဲ့ အရပ်ဖြစ်နေတော့ ကျားကလာ၊ လာတော့ မနက်စောစော ကိုယ့်နေရာလေးနဲ့ကို စိုက်ပြီး အားထုတ်နေတယ်၊ တရားစိုက်အားထုတ်နေရင်လည်း ကျားလာမှန်းသိမှာ မဟုတ်ဘူး၊ ငိုက်နေရင်လည်း သိမှာမဟုတ်ဘူး၊ ဒီလိုအနေမှာ ကျားက လာ လာပြီးတော့ ဆွဲသွားတယ်၊ အဆွဲခံရတဲ့ရဟန်းကလည်းပဲ အော်လိုက်လို့ရှိရင် ဒီပြင်ပုဂ္ဂိုလ်တွေ တရားအားထုတ်ပျက်မှာစိုးလို့ မအော်ဘူးတဲ့၊ သူက ကျားဆွဲရာ အသာလိုက်သွားတယ်၊ မအော်တော့ဘူး၊ ဒီတော့ တဖြည်းဖြည်းနဲ့ ရဟန်းတွေ လျော့သွားတယ်။

တစ်နေ့သ၌ ဥပုသ်ပြုတဲ့အခါကာလကျတော့ မထေရ်ကြီးက ရဟန်း ရေတွက်လိုက်တဲ့အခါ ဥပုသ်ပြုတဲ့ရဟန်းအရေအတွက်က ပြောရသေးတာကိုး၊ ကျောင်းတိုက်မှာ သံဃာတွေ ရဟန်းတွေအရေအတွက် ဘယ်လောက်ရှိတယ်၊ ဥပုသ်ပြုရအောင်လို့ ဘယ်လောက်ကျန်တယ်၊ ဘယ်လောက်လာတယ်၊ ဘာဖြစ်လို့ မလာသလဲဆိုတာကိုလည်း မေးရမြန်းရသေးတာကိုး၊ အဲဒီတော့ ရဟန်းတွေ လျော့

http://www.dhammadownload.com

သွားတော့မှ၊ တချို့ကိုယ်တော်တွေ ပုံတော်မူကုန်ပြီလို့ ပြောတယ်၊ ဟာ. . ဒီလို ဆိုရင် ဘယ်ဖြစ်မလဲ၊ ကျားဆွဲရင် အော်ပါမှပေါ့၊ ဒီတော့ ဝိုင်းဝန်းပြီး ချောက်လှန့် ကျားရန်ကလွတ်အောင် ချောက်လှန့်ဦးမှပေါ့၊ ဒီတော့ နောက်ကျားလာဆွဲရင် အော်ရမယ်ဆိုတော့ နောက်တစ်ခါ ရဟန်းတစ်ပါးဆီကို မနက်စောစောလာပြီး ကျားဆွဲတယ်၊ ရဟန်းက ကျားပါဘုရား၊ ကျားလာဆွဲပါပြီလို့ အဲဒီလို အော်တော့ ဘေးက ရဟန်းတွေက တစ်ခါတည်း အကုန်လုံး ဝိုင်းစုလာကြတာပေါ့၊ တောင်ဝှေးတို့ ဘာတို့ ကိုင်ပြီး ခုခေတ်လို လက်နက်တွေ ဘာတွေတော့ ရှိမှာ မဟုတ်ပါဘူး၊ အော်ငင်ပြီးတော့ အသံပေးရုံလောက်ရှိမှာပေါ့။

ဒါနဲ့ ဒီကျားက လူစားနေကျကျားဆိုတော့ ဘယ်ကြောက်လိမ့်မှာတုံး၊ တစ်ခါတည်း ကျားခြီဆွဲသွားတယ်၊ ရဟန်းတော်တွေ မလိုက်နိုင်တဲ့နေရာ တောင်ကြားထဲ အဲဒီလိုခြီသွားတယ်တဲ့၊ အဲဒီလို ယူသွားတော့ ရဟန်းတွေ မလိုက်နိုင်ဘူး၊ သီတင်းသုံးဖော်ရဟန်းတွေက နောက်ဆုံးစကား မှာရတော့တာပဲ၊ မတတ်နိုင်ဘူး၊ "ငါ့ရှင် ငါတို့တော့ စွမ်းနိုင်သမျှ အစွမ်းရှိသမျှ လိုက်ပြီး သင့်အတွက် ကူညီကြတာပဲ၊ ချောက်လှန့်ကြတာပဲ၊ ဒါပေမယ်လို့ ဒီက ရှေ့တော့ တို့လည်း မလိုက်နိုင်တော့ဘူး၊ ဒီလိုအချိန်အခါကာလကတော့ ပုဂ္ဂိုလ်ရဲ့စွမ်းရည်သတ္တိကို ပြရမယ့် အချိန်ကာလပဲ၊ ပုဂ္ဂိုလ်ရဲ့စွမ်းရည်သတ္တိ ဘယ်လောက်ရှိတယ် ဆိုတာ ပြရမယ့် အချိန်အခါကာလပဲ၊ အဲဒီတော့ အပွဟာဒ မမေ့လျော့တဲ့ သတိတရားထားပြီး ကြိုးစားပေတော့၊ အားထုတ်ပါလေတော့၊ အားထုတ်ပါလေတော့"ဆိုပြီး အားပေးစကား ပြောကြားကြတယ်။

အဲဒီလို စကားလေးတွေကလည်း အဖိုးတန်တယ်၊ တကယ့်အချက်ထဲကျတော့ ပြောလိုက်တော့ နေမကောင်းထိုင်မကောင်းဖြစ်တဲ့အခါဆိုရင် သတိပေးစကား သိပ်ပြီးတော့ အရေးကြီးတယ်၊ ဒီပြင်ကတော့ အားကိုးစရာမှ မရှိတော့ပဲ၊ ဒါပဲအားကိုးရတာ၊ ပုဂ္ဂိုလ်ရဲ့စွမ်းရည်သတ္တိက ဒီနေရာပြရမယ့်အခါပဲ။

ပုဂ္ဂိုလ်ရဲ့စွမ်းရည်သတ္တိ

ပုဂ္ဂိုလ်ရဲ့စွမ်းရည်သတ္တိ ဆိုတာ ဘာတုံးဆိုတော့ ဒုက္ခဝေဒနာတွေတွေ့တဲ့ အခါမှာ ဒေါသဆိုတာ ဖြစ်တော့မှာပဲ၊ စိတ်မချမ်းမသာမှုတွေ ဖြစ်တော့မှာပဲ၊

http://www.dhammadownload.com

ငိုချင်တဲ့စိတ်တွေလည်း ဖြစ်တော့မှာပဲ၊ ဝမ်းနည်းတဲ့စိတ်တွေလည်း ဖြစ်တော့မှာပဲ၊ အားကိုးရာမဲ့ပြီး အားငယ်တဲ့စိတ်တွေလည်း ဖြစ်တော့မှာပဲ၊ အဲဒီစိတ်တွေမဖြစ်ဘဲနဲ့ ကိုယ့်တရားလေးကို နှလုံးသွင်းနိုင်ရမယ်၊ အဲဒါ အရေးကြီးတာပဲ၊ တရားအားထုတ်ထားတယ်ဆိုတာ ဒါတွေပဲ၊ စိတ်ဆင်းရဲစရာတွေဖြစ်တဲ့အခါလည်း မဆင်းရဲဘူး၊ ဝမ်းသာစရာတွေ ဖြစ်တဲ့အခါလည်း မတက်ကြွဘူး၊ အရေးကြီးတယ်၊ သူက ဝမ်းသာစရာတွေ့တဲ့အခါမှာ သိပ်တက်ကြွနေရင်လည်း တယ်နေရာမကျဘူး၊ ဝမ်းနည်းစရာတွေ တွေ့တဲ့အခါကျတော့ စိတ်မချမ်းမသာတွေ သိပ်ပြီးတော့ အပူအပင် ဖြစ်လာတယ်၊ အဲဒီအခါကျတော့ သိပ်ဆိုးတာ၊ အဲဒီပုဂ္ဂိုလ်ဟာ မစား နိုင်မသောက်နိုင် တစ်ခါတည်း ဒုက္ခတွေ ရောက်ပြီးတော့ အင်မတန်ဒုက္ခရောက်တယ်၊ အဲဒါတွေ သည်းခံနိုင်ဖို့က အရေးကြီးတယ်၊ အဲဒါကြောင့် ပုဂ္ဂိုလ်ရဲ့ စွမ်းရည်ပြရမယ့်အချိန်ပဲလို့ သတိပေးပြီးတော့ မမေ့လျော့ပဲ အားထုတ်ပါလေဟော့ ဆိုပြီးတော့ သတိပေးပြီး ကိုယ့်တရားကို ပြန်အားထုတ်နေကြတယ်။

ဘဝသံသရာမှာ ကျင်လည်တဲ့အခါကာလ နိုင်တဲ့သတ္တဝါတွေက ဖမ်းပြီးတော့ စားလို့ သူတစ်ပါးရဲ့ခံတွင်းမှာ သေရတဲ့ဘဝတွေ များပြီတဲ့၊ ဘဝဖြစ်လာလို့ ရှိရင်တော့ တစ်ဘဝ တစ်ခါတော့ သေကြရမှာပဲ၊ သူ့အလိုလိုလည်း သေရမှာပဲ၊ အသက်တိုင်းနေပြီး သေရတာလည်း ရှိတယ်၊ အသက်အတိုင်းမနေရဘဲနဲ့ ရောဂါဝေဒနာဖြစ်ပြီးတော့ သေရတာလည်း ရှိတယ်၊ ရေနစ်ပြီးသေတာလည်း ရှိတယ်၊ မီးလောင်ပြီး သေရတာလည်း ရှိတယ်၊ လိမ့်ကျပြီး သေရတာလည်း ရှိတယ်၊ ခုနေအခါကာလ ဆိုရင် မော်တော်ကားတွေ ဘာတွေ တိုက်ပြီး သေရတာလည်း ရှိတာပဲ၊ သေစရာအကြောင်းတွေ အင်မတန်များပါတယ်၊ ဒါကတော့ ရိုးရိုးတန်းတန်း သေတယ် ဆိုရမှာပေါ့၊ နောက်တစ်ခါ နိုင်တဲ့ပုဂ္ဂိုလ်တွေက နှိပ်စက်သတ်ဖြတ်လို့ သေရတာ ရှိတယ်၊ စားချင်တဲ့ပုဂ္ဂိုလ်က ဖမ်းပြီးစားလို့ သေရတာ ရှိတယ်၊ စားတဲ့ပုဂ္ဂိုလ်တွေကလည်း ယဉ်ယဉ်လေးရယ်၊ သူ့ဥစ္စာ စားနေကျအစာရယ်လို့ သူရိုးရိုးစားတာ၊ သူဘာမှ သနားရမယ် ဘာရယ်ညာရယ် မသိဘူး၊ အဲဒီလို စားကြတာပဲ၊ အစားခံရတဲ့ သတ္တဝါမှာတော့ မချိမဆန့် တစ်ခါတည်း ဒီမှာ သေရရှာတာကိုး၊ သူ့ခမျာ အင်မတန်ကို မချိမဆန့်ဖြစ်ပြီးတော့ သေရတယ်၊ အဲဒီလိုဘဝတွေ များပြီတဲ့။

အခုမှာတော့ မြတ်စွာဘုရား၏ အဆုံးအမတွေနဲ့ နှလုံးသွင်းပြီးတော့ သေ

http://www.dhammadownload.com

ရမှာပဲ၊ ဘာမှကြောက်စရာမရှိဘူး၊ ဒီလို နှလုံးသွင်းတာပဲ၊ ဘာမှ ကြောက်စရာ မရှိဘူး၊ ကိုယ့်လက်ကိုင်လေးနဲ့ပဲ ဆိုပြီးတော့ တစ်ခါတည်း ဒီလိုနှလုံးသွင်းတယ်၊ မိမိသီလစင်ကြယ်တာတွေလည်း နှလုံးသွင်း၊ နှလုံးသွင်းပြီးတော့ စိတ်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ပီတိတွေ ဘာတွေလည်း ရှိမှာပေါ့၊ ဒုက္ခဝေဒနာတွေလည်း မရှိလို့ဖြစ်မှာ မဟုတ်ဘူး၊ ဒုက္ခဝေဒနာတွေလည်း ရှုရမှာပဲ၊ ဒုက္ခဝေဒနာတွေ ထင်ရှားနေတဲ့ဥစ္စာပဲ၊ မရှုလို့ ဘယ်ဖြစ်မှာတုံး၊ သူနာတယ် ငါနာတယ်၊ ငါ့ကို ကျားစားတယ်၊ ကျားကိုက်တယ်ဆိုပြီးတော့ ကိလေသာတွေ ဖြစ်ကုန်မှာပေါ့၊ သူတ ဒါတွေလည်း ရှုရမှာပဲ၊ အဲဒါတွေ ရှုပါမှားတော့ကို သေသေချာချာစိုက်ပြီးတော့ ရှုရင်းရှုရင်းနဲ့ ပီတိသောမနဿတွေလည်း ဖြစ်လာနိုင်တယ်၊ တရားဆိုတာလည်း ခဏခဏ အထူးအားဖြင့်တော့ အသံတွေ ဘာတွေဆိုတာ ရှိတယ်၊ အသံတွေ ဘာတွေ ဆူညံနေရင် တချို့မရှုနိုင် မမှတ်နိုင်ဘူး၊ ညည်းကြတယ်၊ အပြစ်တင်ကြတယ်၊ ဒီလောက်ဆူညံနေလို့ ဘယ်အားထုတ်နိုင်မလဲ ဆိုပြီးတော့ ညည်းကြတယ်၊ နောက်နိုင်လာတဲ့ အခါကျတော့ ဒီအသံတွေက သူ့ဟာသူ တခြားပဲ၊ ဒီအသံတွေက သူ့ဟာသူ ရှိနေတာပဲ၊ ကိုယ်နဲ့ဘာမှ မဆိုင်ဘူး။

ဝေဒနာ ထင်ခြင်း၊ သိတာ ထင်ခြင်း

အဲဒါလိုပဲ ဒီဝေဒနာတွေကပေမယ်လို့ နိုင်လာတဲ့အခါကျတော့ ဒီဝေဒနာတွေက နာတော့ နာတာပဲ၊ နာပေမယ့် သူ့ဟာသူ တခြားဖြစ်နေတာ၊ သူ့ဟာသူ ဖြစ်နေတာပဲ၊ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး၊ အဲဒါလိုပဲ ဝေဒနာတွေကပေမယ်လို့ ဖြစ်လာတဲ့အခါကျတော့ ဝေဒနာတွေနာတော့ နာတာပဲ၊ နာပေမယ်လို့ သူ့ဟာသူ တခြားဖြစ်နေတယ်၊ နာတာက တစ်ခု၊ သိတာက တစ်ခု၊ နာတာက တစ်ခု၊ သိတာ တစ်ခု၊ တခြားစီဖြစ်နေတယ်၊ ဘာမှ မခံသာအောင် မဟုတ်ဘူး၊ နာတော့ နာတာပဲ၊ မခံသာလောက်အောင် မနေသာလောက်အောင် မဟုတ်ဘူး၊ အဲဒီလို နိုင်ပြီးတော့ သွားတယ်၊ ဒါကြောင့် အဲဒီကျားစားခံရတဲ့ရဟန်းက ကျားစားနေရင်းနဲ့ပဲ ခြေမျက်စိရောက်တဲ့အခါကျတော့ ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီးတော့ သောတာပန်ဖြစ်သွားတယ်၊ တယ်တော်တဲ့ပုဂ္ဂိုလ်ပဲ၊ ဒုးဆစ်လောက်ရောက်တော့ သကဒါဂါမ်၊ တစ်ခါ ချက်လောက်ရောက်တဲ့အခါကျတော့ အနာဂါမ်၊ နှလုံးသားစားခါနီးကျတော့ ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံသွားတာကိုး၊ အင်မတန်

http://www.dhammadownload.com

တော်တဲ့ပုဂ္ဂိုလ်ပဲ၊ ဝေဒနာကို သူက အနိုင်ရသွားပါပြီး

အခု ဒီမှာ ထိုင်နေရင်းနဲ့ ဘာမှမရှိဘဲနဲ့ ကိုယ့်ကိုယ်ထဲက ဖြစ်ပြီးတော့ ညောင်းတာတွေ၊ ပူတာတွေ၊ နာတာတွေ၊ ကျင်တာတွေ၊ ကိုက်ခဲတာတွေလည်းပဲ တော်တော်များများတတ်ပါတယ်၊ သူကလည်းပဲ ဒီသူ့အတွေ့နဲ့ ဆိုလို့ရှိရင်တော့ ကျားစားသလောက် နာတယ်လို့ အောက်မေ့ရမှာပဲ၊ သူလည်းပဲ အနာခံခက်တာပဲ၊ ဒါပေမယ့် ဟိုဟာနဲ့စာလို့ရှိရင်တော့ တော်ပါသေးတယ်၊ ဟိုဟာက တကယ့်ကို နာတယ်၊ တကယ့်ကို သေလောက်အောင်ဖြစ်ရတဲ့ဥစ္စာပဲ၊ အခုဟာကတော့ သေလောက်အောင်တော့ မဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ် သမာဓိအာရုံနဲ့မို့သာ အကြီးကြီးဖြစ်တယ်လို့ ထင်နေရတယ်၊ အဲဒီတော့ အဲဒါနဲ့စာလို့ရှိရင်တော့ အင်မတန် သက်သာပါတယ်၊ ဝေဒနာတွေဖြစ်လို့ရှိရင် ဒီဝေဒနာမှာ စူးစိုက်ပြီးတော့ နိုင်အောင်လို့မှတ်၊ မနိုင်တော့မှ ပြင်ရတာပေါ့။

အဲဒီလို ဝေဒနာဖြစ်တိုင်းဖြစ်တိုင်း ရှုနေတာဟာ ကိလေသာငြိမ်းအောင်လို့ ရှုရတာ၊ ဒီဝေဒနာနဲ့စပ်ပြီး ကောင်းရင်လည်း သာယာမယ်၊ မကောင်းရင်လည်း စိတ်ဆိုးမယ်၊ စိတ်ပျက်မယ်၊ ဒေါသတွေဖြစ်မယ်၊ ကိလေသာတွေငြိမ်းအောင်လို့ ဒါတွေ ရှုရတယ်၊ စိတ်နှလုံးမသာမယာတွေ ပူပန်မှုတွေ ဖြစ်မယ်၊ ဝမ်းနည်းမှုတွေ ဖြစ်မယ်၊ အဲဒါတွေငြိမ်းအောင်လို့ ရှုရတာကို၊ အမှန်အတိုင်းရှုလို့ အမှန်အတိုင်း သိသွားလို့ရှိရင် ရှုတိုင်း ရှုတိုင်းကိလေသာငြိမ်းတယ်တဲ့၊ အဲဒီလို ကိလေသာငြိမ်းအောင် ရှုနေတာပဲ -

"ဝေဒနာဆု ဝေဒနာနုပဿီ ဝိဟရတိ - ဝေဒနာတို့၌ ဝေဒနာဟု ရှုသည် ဖြစ်၍ နေ၏"ဆိုတာ ဒီဒေသနာတော်အရ ဝေဒနာနုပဿနာသတိပဋ္ဌာန်ပဲတဲ့၊ ကိုင်း . . ဆိုစမ်းပါဦး။

*** ထင်ရှားပေါ်လာသောခံစားမှုဝေဒနာဟူသမျှကို အမှန်အတိုင်း သိမြင်ရမည်။**
ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်။
မပြတ်မှတ်လျက်၊ အမှန်အတိုင်းသိရမည်။
ဒီလိုသိလျှင် သိတိုင်း သိတိုင်း ကိလေသာငြိမ်းလေတော့သည်။
ခံစားမှုဝေဒနာတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလိုမှတ်ရှုနေတာကို

http://www.dhammadownload.com

ဝေဒနာနုပဿနာဆတိပဋ္ဌာန်တုဒေါ်သည်း (ဆို သုံးခေါက်)

စိတ္တာနုပဿနာဆတိပဋ္ဌာန်

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ ဆမ္ပဇာနော ဆတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

စိတ္တေ-စိတ်၌၊ စိတ္တာနုပဿီ-စိတ်ဟုရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

စိတ်သဘောပြောင်းစေအောင် ရှုခြင်း

စိတ်ကလေးကို စိတ်ပဲလို့ ရှုရမယ်၊ စိတ်ဟာ ဘယ်လိုသဘောရှိသလဲ ဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောရှိပါတယ်တဲ့၊ စိတ်ဆိုတာလည်း မမြဲတဲ့တရားပဲ၊ စိတ်ဆိုတာလည်း ဆင်းရဲတဲ့တရားပါပဲ၊ စိတ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားပဲ၊ ပကတိပုဂ္ဂိုလ်တွေအနေအားဖြင့် စိတ်က မြဲနေတယ်၊ ယေ်ယေ် တည်းကရှိတဲ့စိတ် ခုလည်း ရှိနေတာပဲ၊ ယေ်ယေ်ကတည်းရှိတဲ့စိတ် အရင်က ရှိတာလည်း ငါပဲ၊ အခုရှိနေတာလည်း ငါ၊ အရင်က စဉ်းစားတာလည်း ငါပဲ၊ အခုစဉ်းစားတာလည်း ငါပဲ၊ ငါ့တစ်ယောက်တည်းပဲလို့ ဒီလိုထင်နေတာပဲ။

အချို့သာသနာအပြင်ဘက်က ပုဂ္ဂိုလ်တွေကတော့ သဘာဝမမှန်ကို စဉ်းစားကြံစည်တယ်၊ စိတ်က ဓာတ်သဘာဝလေးတစ်ခုဆိုတာကိုး၊ အစဉ်ထာဝရ ရှိနေတဲ့၊ သဘောလေးတစ်ခုပဲ၊ မပျောက်မပျက်ဘူး၊ ဒီလိုတည်နေတယ်လို့ ထင်နေရတယ်၊ ဒါက သူတို့စိတ်ကူးနဲ့သူတို့ ကြံကြံပြီးတော့ ဆိုထားတာကိုး၊ အမှန်ကတော့ စိတ်ကလေးက တစ်ခုချင်း ဖြစ်နေတာပဲ၊ အဲဒါ မမြဲတဲ့တရားလေးတွေပဲတဲ့၊ မမြဲတဲ့ တရားတွေ မမြဲဘူး၊ မမြဲဘူးဆိုတာ အမှန်အတိုင်း သိရမယ်တဲ့၊ ဒါလည်း သိဖို့ ခက်တာပဲ။ သိဖို့ခက်လို့ မြတ်စွာဘုရားက အာတာပီ-ကိလေသာကို ပူပန်သွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန်လုံ့လဝီရိယရှိသည်ဖြစ်၍၊ ကိလေသာတွေ မဖြစ်နိုင်အောင်တဲ့၊ မြဲတယ်လို့ ထင်ပြီး ကိလေသာမဖြစ်နိုင်အောင်၊ ချမ်းသာတယ်ထင်ပြီး ကိလေသာမဖြစ်နိုင်အောင် ပုဂ္ဂိုလ် သတ္တဝါ ငါပဲလို့ ထင်မှတ်ပြီးတော့နေတဲ့ ဒီလိုကိလေသာတွေ မဖြစ်နိုင်အောင် ပူပန်စေတတ်တဲ့၊ ကင်းပျောက်စေတဲ့၊ ခြောက်သွေ့စေနိုင်တဲ့ လုံ့လဝီရိယတဲ့၊ မပြတ်ရှုနေရမယ်၊ မပြတ် အားထုတ်နေတဲ့ မပြတ်ရှုနေတဲ့ လုံ့လဝီရိယ၊ အဲဒီ လုံ့လဝီရိယနဲ့ ပြည့်စုံရမယ်တဲ့၊

http://www.dhammadownload.com

မဆုတ်မနစ် တစ်ခါတည်း ဒီလို အားထုတ်ရမှာကိုး။

သတော-အမှတ်ရသည်ဖြစ်၍၊ သမ္မဇာနော-သိသည်ဖြစ်၍၊ အဲ. . အမှတ်ရပြီး မပြတ်အမှတ်ရနေပြီးတော့ အမှန်အတိုင်းသိရမယ်တဲ့၊ စိတ်ကလေးကို ဖြစ်ပေါ် ဖြစ်ပေါ်တဲ့အတိုင်း သိရမယ်၊ အခု ပကတိလူတွေက သိမှမသိဘဲ၊ ကိုယ့်စိတ်ကို ဘာဖြစ်နေမှန်းမသိဘူး၊ ကိုယ့်စိတ်ကို ကိုယ့်ကိုယ်တို့ နှလုံးသွင်းမှာ မဟုတ်ဘူး၊ သွားရင်း လာရင်း စိတ်ကူးချင်တာတွေ စိတ်ကူးသွားနေတယ်၊ သွားရင်း လာရင်း တစ်ခါတည်း ရောင်းဖို့ ဝယ်ဖို့ လုပ်ဖို့ ကိုင်ဖို့ သွားဖို့ လာဖို့ ပြောဖို့ ဆိုဖို့ မနေ့က အကြောင်းအရာတွေနဲ့ ပြန်စဉ်းစားတယ်၊ ဒီကနေ့ အကြောင်းအရာတွေတွေ့ရဆုံရမယ့် အကြောင်းအရာတွေ စဉ်းစားတယ်၊ နက်ဖြန်သဘက်တွေ လုပ်ရမယ့်ဟာတွေ စဉ်းစားတယ်၊ အဲဒါတွေလျှောက်ပြီး စဉ်းစားသွားနေတာပါ၊ ကိုယ် စဉ်းစားတဲ့စိတ်တွေ စဉ်းစားရင်း စဉ်းစားရင်း အဲဒါကို သတိမှမရပဲ၊ အခု အဲဒါသတိရအောင် မပြတ်ကြောင့်ကြစိုက်နေရမယ်၊ ဒီစိတ်ကလေး ဘာဖြစ်တယ်-ဆိုတာ။

သရာဝံ ဝါ စိတ္တံ 'သရာဝံ စိတ္တ'န္တိ ပဇာနာတိ၊ ဝီတရာဝံ ဝါ စိတ္တံ 'ဝီတရာဝံ စိတ္တ"န္တိ ပဇာနာတိ။

သရာဂံ ဝါ စိတ္တံ-တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ကိုလည်း၊ သရာဂံ စိတ္တန္တိ-တပ်မက်မှုနှင့်တကွဖြစ်သောစိတ် ဟူ၍၊ ပဇာနာတိ-သိ၏။

တပ်မက်သာယာတဲ့စိတ်ဖြစ်ရင် တပ်မက်တယ်၊ သာယာတယ်၊ နှစ်သက်တယ်၊ သဘောကျတယ်၊ ဒီစိတ်ကလေးကို အဲဒီလိုလည်း သိရမယ်။

သဒေါသံ ဝါ စိတ္တံ-ဒေါသနှင့်တကွဖြစ်သော စိတ်ကိုလည်း၊ သဒေါသံ စိတ္တန္တိ-ဒေါသနှင့်တကွဖြစ်သော စိတ်ဟူ၍၊ ပဇာနာတိ-သိ၏၊

စိတ်ဆိုးတယ်၊ စိတ်ပျက်တယ်၊ မုန်းတယ်၊ ရွံတယ်၊ စက်ဆုပ်တယ်၊ နှလုံးမသာဘူး၊ အဲဒီစိတ်တလေးတွေ သိရမယ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ဒါလေးတွေ ရှုရမယ်။

သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ -တွေဝေတဲ့စိတ်တဲ့၊ အမှန်အတိုင်းမသိဘဲနဲ့ မြဲတယ်ထင်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမအနေနဲ့ ထင်တဲ့မောဟစိတ်တွေ ဝင်လာတယ်၊ အဲဒီမှာ ထင်ရင် ထင်တယ်၊ ကြံရင် ကြံတယ်၊ ပုဂ္ဂိုလ် သတ္တဝါလို့ ထင်ရင် ထင်တယ်၊ စဉ်းစားရင် စဉ်းစားတယ်၊ ဒါ သူ့ကို မှတ်

http://www.dhammadownload.com

လိုက်ရမှာပေါ့၊

သံဒိတ္ထံ ဝါ စိတ္ထံ သံဒိတ္ထံ စိတ္ထန္တိ ပဇာနာထိ။

သံဒိတ္ထံ ဝါ-ကျဲ့သော စိတ်ကိုလည်း၊ သံဒိတ္ထံ စိတ္ထန္တိ-ကျဲ့သော ပျင်းရိသော စိတ်ဟူ၍၊ ပဇာနာတိ-သိ၏။

သံဒိတ္ထစိတ် ဆိုတာကတော့ တွန့်ဆုတ်လာလို့ ကျဲ့ကျဉ်းပြီးတော့ ပျင်းရိတဲ့စိတ်ပါပဲ၊ ပျင်းရိထိုင်းမှိုင်းတယ်၊ တရားအားမထုတ်ချင်ဘူး၊ ကုသိုလ်ကောင်းမှုမလုပ်ချင်ဘူး၊ အားမထုတ်ချင်ဘူး၊ ပျင်းလာတဲ့စိတ်ကို ရှုရမှာပဲ၊ သူကလည်း အလုပ်ပဲ၊ ပျင်းတာပေမယ့်လို့ သူကလည်း အလုပ်နဲ့ပဲ၊ အလွတ်မထားရဘူး။

ဝိက္ခိတ္ထံ ဝါ စိတ္ထံ 'ဝိက္ခိတ္ထံ စိတ္ထ'န္တိ ပဇာနာတိ။

ဝိက္ခိတ္ထံ ဝါ-ပျံ့လွင့်သောစိတ်ကိုလည်း၊ ဝိက္ခိတ္ထံ စိတ္ထန္တိ-ပျံ့လွင့်သောစိတ်ဟူ၍၊ ပဇာနာတိ-သိ၏။

ပျံ့လွင့်တဲ့စိတ်က တောင်ရောက်မြောက်ရောက်နဲ့၊ စိတ်ဆိုတာ တော်တော်မတည်ငြိမ်တဲ့စိတ်၊ မျောက်ခုံနေသလိုပဲတဲ့၊ တစ်ခါတည်း ဘာမှမတည်ငြိမ်ဘူး၊ ဒီက အာရုံတွေဟိုရောက်၊ ဟိုကအာရုံတွေ ဒီရောက်နဲ့ တစ်ခါတည်း ဘာမှမတည်ငြိမ်ဘူး၊ အဲဒီစိတ်ကလေးကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးတော့ ရှုနေရမယ်၊ အဲဒီလို စိတ်ဖြစ်တိုင်းဖြစ်တိုင်း ရှုနေတာကို "စိတ္တာနုပဿနာ"လို့ ခေါ်တယ်၊ တစ်ကြိမ်ရှုရုံနဲ့ မပြီးဘူး၊ တစ်ခါစဉ်းစားလည်း ရှုရတာ၊ နောက်တစ်ခါစဉ်းစားလည်း ရှုရတာ၊ မပျောက်မခြင်းရှုရတာ၊ ဒီစဉ်းစားမှု ပျောက်သွားတော့ ဟိုစဉ်းစားမှုပေါ်လာ၊ ဟိုစဉ်းစားမှုလည်း ရှုရမှာပဲ၊ ဘာပဲဖြစ်ဖြစ် စိတ်ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးရှုနေရမှာ၊ ဖြစ်တိုင်းဖြစ်တိုင်းကို အကုန်လုံးလိုက်ရှုနေရမှာ၊ စိတ်ကလေးတွေက တစ်စိတ်ချင်းဖြစ်နေတယ်၊ စိတ်ကလေးတွေအလိုက် သိတော့ ကောင်းပါတယ်၊ အင် မတန်ကောင်းတယ်၊ စိတ်ကလေးတွေလိုက်ရှုရင် တစ်စိတ်ချင်းတစ်စိတ်ချင်း လိုက်ပြီး သိနေတာ၊ ဒီသဘောက အင်မတန်ထင်ရှားတယ်၊ ဒါမသိလို့ရှိရင် ပုဂ္ဂိုလ် သတ္တဝါလို့ ထင်နေတာ၊ ပုဂ္ဂိုလ်သတ္တဝါထင်တာဟာ ဒီစိတ်ကို အထင်မှားတာပဲ၊ ဒီစိတ်ကလေးက သိနေတာပဲ၊ ငါကြားတာပဲ၊ ငါက သိနေတာ၊ ငါက စဉ်းစားနေ တာ၊ ဒီလို ထင်နေတာကိုး၊ ငါပဲ ထင်နေတာ အကောင်မှတ်နေတာကိုး။

http://www.dhammadownload.com

စိတ်ကို စောင့်စည်းနိုင်ရင် ကိစ္စလေးမှ လွတ်နိုင်ခြင်း

ဒူရဝ်မံ တေစရံ၊ အဆရိရံ ဝုဟာသယံ၊
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ၊

ဒူရင်္ဂမံ-ဝေးသောအာရုံများကိုလည်း သွားတတ်သည်တဲ့၊ စိတ်ဆိုတာဟာ ဝေးတဲ့အာရုံလည်း သွားတယ်၊ စိတ်က သူက စိတ်ကူးရာရောက်နေတာပဲ၊ စိတ်ကူးတိုင်း စိတ်ကူးတိုင်း ရောက်တယ်၊ ဒီက ကမ္ဘဏ်းကျောင်းကနေပြီးတော့ အိမ်စိတ်ကူးလိုက်ရင် ရောက်တာပဲ၊ ဘုရားစိတ်ကူးလိုက်ရင် ဘုရားရောက်တယ်၊ ဟိုမြို့စိတ်ကူး ဟိုမြို့ရောက်၊ ဟိုနိုင်ငံစိတ်ကူးလည်း ရောက်တာပဲ၊ ကြားဖူးနားဝရှိတာတွေ အကုန်လုံးစိတ်ကူး အကုန်လုံးရောက်တာပဲ၊ သူကတော့ ကိုယ်ရောက်ဖူးသွားဖူးတဲ့ နေရာဆိုရင်တော့ ပုံသဏ္ဌာန်နှင့်တကွ ထင်တယ်၊ မရောက်ဘူးတဲ့ နေရာဌာနတွေတော့ ဝိုးတိုးဝါးတာပေါ့လေ၊ ကြားဖူးတဲ့အတိုင်း မှန်းပြီးတော့ သွားတယ်၊ တယ်တော့ မဟုတ်လှဘူး၊ မရောက်ဘူးတဲ့ နေရာသွားတာတော့ တယ်မမှန်ဘူး၊ မရောက်ဘူးတဲ့မြို့တွေ ရွာတွေ အကြောင်းကြားတယ်၊ ကြားစဉ်အခါကာလက စိတ်ကူးသွားတယ်၊ မြို့က ဘယ်လိုနေမယ်၊ မြစ်က ဘယ်လိုနေမယ်၊ လမ်းက ဘယ်လိုနေမယ်၊ အိမ်တွေက ဘယ်လိုနေလိမ့်မယ် စသည်ဖြင့် စဉ်းစားတယ်၊ ဟိုသွားတဲ့အခါကျတော့ ဒီလိုမဟုတ်ဘူး၊ အင်မတန်လွဲပါတယ်၊ မြစ်နဒမ်းမှာရှိတယ်လို့ သိရလို့ မြစ်ရဲ့လက်ဝဲဘက်မှာ ရှိလိမ့်မယ်၊ လက်ျာဘက်မှာ ရှိလိမ့်မှာ စသည်ဖြင့် မှန်းထားတယ်၊ ဟိုကျတော့ ပြောင်းတိပြောင်းပြန် လက်ဝဲလက်ျာတွေ ဖြစ်နေလို့ တကယ်တည်းမှပဲ၊ မြစ်တွေ ဘာတွေက နေပုံထိုင်ပုံလည်း တောင်မြောက်သွားနေလိမ့်မယ် ထင်ပေမယ်လို့ အရှေ့အနောက်ဖြစ်ချင်လည်း ဖြစ်နေတာကို၊ ဒါဘာမှမမှန်ပါဘူး၊ အဲဒီတော့ စိတ်ကူးနဲ့ဟာကတော့ မှန်တော့ မှန်လှတယ် မဟုတ်ပါဘူး၊ သို့သော် အာရုံကတော့ သွားတော့သွားတာပဲ၊ ရောက်ဖူး တွေ့ဖူး ကြုံဖူးတဲ့ဟာတွေကျတော့ သေသေချာချာ ပီပီသသ စိတ်ထဲ လာထင်တယ်၊ တွေ့ဖူးတဲ့ ပုဂ္ဂိုလ်အကြောင်း စဉ်းစားလည်း အဲဒီလူနဲ့ တွေ့နေပြီ ဟိုမှာသွားစကားပြောနေပြီ၊ ရှေ့က ဒီလူနဲ့ ရန်ဖြစ်ဖူးလို့ရှိရင် အဲဒီလူနဲ့စကားရင်လည်း များမယ်၊ ရန်ရင်လည်း ဖြစ်မယ်၊ ငြင်းရင်လည်း ငြင်းမယ်၊ သွားနေတာပဲ စိတ်က -

ဒူရင်္ဂမံ-ဝေးသောအရပ်သို့လည်း သွားတတ်သည်တဲ့၊ စိတ်ဆိုတာ ရုပ်က

http://www.dhammadownload.com

တော့ မသွားနိုင်ဘူး၊ ရုပ်ကတော့ သွားချင်လို့ရှိရင်ဖြင့် ဘာမှမရှိရင် ဒီအတိုင်း ခြေလှမ်းနဲ့ တစ်လှမ်းချင်းသွားမှ တော်တော်ကြာမှရောက်မှာ၊ ဘာမှမရောက်ဘူး၊ တစ်နေ့လုံးသွားမှ ဘာမှရောက်တာမဟုတ်ဘူး၊ ဒီရုပ်က သိပ်မသွားနိုင်ဘူး၊ ယာဉ်ရထားတွေနဲ့ သွားလို့ရှိရင်လည်း ယာဉ်ရထားရှိမှပဲ သွားလို့ဖြစ်မယ်၊ ကိုယ် ရုပ်ဆိုတာကတော့ ဒီလိုသွားမှဖြစ်မယ်၊ စိတ်ဆိုတာကတော့ ယာဉ်ရထားတွေ ဘာတွေ ဘာမှမရှိဘူး၊ ခရီးစရိတ်တွေ ဘာတွေ ဘာမှမလိုဘူး၊ စိတ်ကူးလိုက်ရင် ရောက်သွားတာပဲ၊ သူများလည်း မသိဘူး၊ အဲဒါ ကိုယ့်စိတ်ကူးနဲ့ကိုယ် သွားပြန်ပြီ တစ်ခေါက်၊ ဒီတော့ အင်မတန်မြန်တယ်၊ သူက အဲဒါကြောင့် -

ဥူရုဂ်မံ-ဝေးသောအာရုံအရပ်သို့လည်း သွားတတ်သော၊ ဧကစရံ-တစ်ခုချင်းသာဖြစ်လေ့ရှိသော၊ စိတ်ဆိုတာ တစ်ခုချင်းဖြစ်နေတာ၊ ပကတိပုဂ္ဂိုလ်တွေ အနေကတော့ စိတ်က တစ်စိတ်တည်း တစ်ကိုယ်တည်း တစ်ယောက်တည်း အမြဲတည်နေတယ်လို့ အောက်မေ့ရတယ်၊ အသစ်ဖြစ်တယ်လို့ မထင်ပါဘူး၊ ပြီးတော့ ဒီစိတ်တစ်ခုတည်းက နှစ်ခုသုံးခုလည်း သိတယ်လို့ ထင်ချင်ထင်နေတာပဲ၊ ဒီလိုလည်း မဟုတ်ဘူးတဲ့၊ စိတ်ဆိုတာ အမြဲတည်နေတာလည်း မဟုတ်ဘူး၊ တစ်ပြိုက်နက်လည်း နှစ်ခု သုံးခု မဖြစ်ဘူး၊ တစ်ခုချင်း တစ်ခုချင်းလေး ဖြစ်နေတာတဲ့၊ စိတ်ဆိုတာဟာ အဆင်းအာရုံပြုနေတဲ့အခါ အသံအာရုံ အာရုံမပြုနိုင်ဘူး၊ အသံအာရုံကို အာရုံပြုနေတဲ့အခါ အဆင်းအာရုံမပြုနိုင်ဘူး၊ ကောင်းတာ စိတ်ကူးနေတဲ့အခါ မကောင်းတာ စိတ်မကူးနိုင်ဘူး၊ ဝမ်းသာစရာ စိတ်ကူးနေတဲ့အခါ စိတ်ပျက်စရာ စိတ်ကူးမဖြစ်နိုင်ဘူး၊ စိတ်က တစ်ခုချင်း တစ်ခုချင်း ဖြစ်နေတာ။

ဧကစရံ-တစ်ခုချင်းသာဖြစ်လေ့ရှိသော၊ အသရီရံ-ကိုယ်အကောင်အထည်လည်းမရှိသောတဲ့၊ စိတ်ဆိုတာဟာ အထည်ဗြပ်ရှာလို့မရဘူး၊ ရုပ်ကတော့ အထည်ဝတ္ထု ကြီးနဲ့ပဲ၊ ရုပ်က အထည်ဝတ္ထုကြီးနဲ့ရှိတော့ ဒီရုပ်က ဖမ်းထားရတယ်၊ မင်း ဘယ်မှ မသွားနဲ့၊ အခန်းထဲ သော့ခတ်ထားလိုက်ရင် မသွားနိုင်ဘူး၊ ကြိုးနဲ့ ဘာနဲ့ ချီထား ရင်လည်း မလှုပ်နိုင်ပြန်ဘူး၊ လူတွေကို ဖမ်းဆီးပြီး ချုပ်နှောင်ထားတယ်ဆိုတာဟာ ဒီရုပ်ကြီးရှိလို့ပဲ၊ ရုပ်သာမရှိရင် ဘယ့်နယ်မှမတတ်နိုင်ဘူး၊ စိတ်ချည်းပဲဆိုရင်တော့ ချုပ်ထားလို့လည်း မဖြစ်ဘူး၊ သူက အထည်ဗြပ်မရှိဘူး၊ စိတ်ကို အခန်းထဲ ပိတ် ထားလို့လည်း မဖြစ်ဘူး၊ ကြိုးနဲ့ဘာနဲ့ ချည်းလို့လည်း မဖြစ်ဘူး၊ ဖမ်းထားလို့လည်း မဖြစ်ဘူး၊ စိတ်ဆိုတာကတော့ တရားဥပဒေလွတ်

http://www.dhammadownload.com

နေတယ်၊ ဘာမှမလုပ်နိုင်ဘူး၊ ရုပ်ကိုယ်ကြီးရှိတဲ့အတွက် ရုပ်ကိုယ်ကြီးက အထည်ဖြပ်ရှိတော့ သူ့ကို ဖမ်းဆီးချုပ် နှောင်ထားလို့ ရတယ်၊ စိတ်က ဒီလိုဖမ်းချည်ထားလို့လည်း မရ၊ ခက်တယ်၊ စိတ်ဆိုတာ ဖမ်းရ အင်မတန်ခက်တယ်၊ ဖမ်းရခက်တဲ့စိတ်ကလေးကို မိအောင်ဖမ်းရတယ်။

အသရီရံ-ကိုယ်အကောင်အထည်လည်းမရှိသော၊ ဝုဟာသယံ-ကိုယ်တည်းဟူသော လှိုက်ခေါင်း၌ ကိန်းအောင်းနေသော ဒီကိုယ်ထဲမှာ အမြဲတမ်း မျက်စိကနား၊ နှာခေါင်းက၊ လျှာက သူဖြစ်ရာဌာနတွေ ရှိတယ်၊ အဲဒီက တစ်မျိုးစီထွက်ပြီးတော့ ဖြစ်နေတယ်၊ ကိုယ်တည်းဟူသော လှိုက်ခေါင်း၌ ကိန်း၍နေသော စိတ္တံ-စိတ်ကို၊ စိတ္တံ-အာရုံကို သိတတ်ကြဲတတ်သောစိတ်ကို၊ ယေ-အကြင်ယောဂီပုဂ္ဂိုလ်တို့သည်၊ သံယမေဿန္တိ-စောင့်စည်းနိုင်ကုန်လတ့ံ။

ယောဂီပုဂ္ဂိုလ်မှ စောင့်စည်းနိုင်မှာ၊ ဒီပြင်ပုဂ္ဂိုလ်တွေ မစောင့်စည်းနိုင်ပါဘူး၊ သတိပဋ္ဌာန်နည်းနဲ့ ဖြစ်တိုင်းဖြစ်တိုင်း စိတ်ကလေးကို လိုက်ရှုနိုင်မှ သိလို့ရတယ်၊ ဒါမရှုရင် မသိနိုင်ပါဘူး၊ စိတ်ကလေးဖြစ်နေတဲ့အခါ ဒီစိတ်ကလေးလိုက်ပြီးတော့ ရှုနေနိုင်မှ ဒီစိတ်ကလေးဟာ အသွားအလာလိုက်ကြည့်နေမှ၊ ဒီလိုမှသူမိတာ၊ ဒီလို ဖြစ်ပြန်ပြီ၊ ဟိုလိုဖြစ်ပြန်ပြီ၊ ဘယ်လိုစိတ်ဆိုးပြန်ပြီ၊ အခု တစ်ခါတစ်ခါ ဟိုအာရုံရောက်သွားပြန်ပြီ၊ ဒီအာရုံရောက်သွားပြန်ပြီ၊ ဒီဖြစ်တိုင်း ဖြစ်တိုင်းလိုက်ပြီးရှုတော့ စိတ်ကလေးက တစ်ခုစီတစ်ခုစီ ဖြစ်နေတဲ့စိတ်ကလေးပဲ၊ ဘာမှကြာရှည်တည်တဲ့နေတဲ့ စိတ်ကလေးမဟုတ်ဘူး၊ အဲဒီလို သိရမှာကိုး။

စိတ္တံ-အာရုံကိုသိတတ်၊ ကြဲတတ်သော စိတ်ကို၊ ယေ-အကြင်ယောဂီပုဂ္ဂိုလ်တို့သည်၊ သံယမေဿန္တိ-စောင့်စည်းနိုင်ကုန်လတ္တံ့၊ တေ-ထိုစောင့်စည်းနိုင်ကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ မာရဗန္ဓနာ-သေမင်း၏အနှောင်အဖွဲ့မှ၊ မောက္ခန္တိ-လွတ်နိုင်ကြကုန်လတ္တံ့။

သေမင်း၏ အနှောင်အဖွဲ့မှ ကိလေသာအနှောင်အဖွဲ့တွေမှ လွတ်သွားမယ်တဲ့၊ အာရုံတွေရတဲ့အခါ ကောင်းတယ်ထင်လို့ရှိရင် နှစ်သက်သာယာတဲ့ လောဘတွေ ဖြစ်တယ်၊ ကိလေသာတွေ အနှောင်အဖွဲ့တွေ၊ မကောင်းဘူးထင်လို့ရှိရင် စိတ်ဆိုးစိတ်ညစ် ဒေါသတွေဖြစ်တယ်၊ ကိလေသာအနှောင်အဖွဲ့တွေ၊ မာန ဖြစ်စရာရှိရင် မာနဖြစ်တယ်၊ ဒိဋ္ဌိဖြစ်စရာရှိရင် ပုဂ္ဂိုလ်ပဲလို့ သတ္တဝါထင်မှတ်ပြီး

http://www.dhammadownload.com

ဒိဋ္ဌဖြစ်တယ်၊ ကိလေသာတွေ ဖြစ်ကြတယ်၊ ကိလေသာအနှောင်အဖွဲ့တွေက နှောင်ဖွဲ့ထားလို့ ဘဝသံသရာ ထပ်ခါထပ်ခါဖြစ်ရတယ်၊ ဖြစ်ရာဘဝမှာ အိုရ, နာရ, သေရတယ်တဲ့၊ သေမင်းဆီ ဆိုက်ရတာကိုး၊ လောဘဖြစ်ရင် သေမင်း၏ နှောင်ကြိုး၊ ဒေါသဖြစ်ရင် သေမင်း၏နှောင်ကြိုး၊ မောဟဖြစ်ရင်၊ မာနဖြစ်ရင်၊ ဒိဋ္ဌဖြစ်ရင် ကိလေသာဖြစ်တိုင်းဖြစ်တိုင်း သေမင်း၏နှောင်ကြိုးတွေတဲ့၊ သေမင်း၏ နှောင်ကြိုးအဖွဲ့တွေကနေ ဒီစိတ်ကလေးကို အမှန်အတိုင်းသိတဲ့ပုဂ္ဂိုလ်တွေ လွတ်သွား မှာတဲ့၊ ဒီစိတ်ကလေးကို ထိန်းသိမ်းနိုင်တဲ့ပုဂ္ဂိုလ်တွေ လွတ်သွားမှာတဲ့။

ဒုရဂ်မံ-ဝေးသောအရပ်သို့လည်း သွားတတ်သော၊ ဧကစရံ-တစ်ခုချင်း သာဖြစ်လေ့ရှိသော၊ အသရီရံ-ကိုယ်အကောင်အထည်ဖြပ်လည်း မရှိသော၊ ဂုဟာသယံ-ကိုယ်နှလုံးရုပ်တည်းဟူသောလှိုဏ်၌ ကိန်းအောင်း၍နေသော၊ စိတ္တံ-အာရုံကိုသိတတ် ကြဲတတ်သောစိတ်ကို၊ ယေ-အကြင်ယောဂီပုဂ္ဂိုလ်တို့သည်၊ သံယမေဿန္တိ-စောင့်စည်းနိုင်ကုန်လတံ့၊ တေ-ထိုစိတ်ကို ရှုမှတ်၍စောင့်စည်းနိုင်ကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ မာရဗန္ဓနာ-သေမင်း၏အနှောင်အဖွဲ့ဖြစ်သော ကိလေသာအနှောင်အဖွဲ့မှ၊ မောက္ခန္တိ-လွတ်မြောက်ကုန်လတံ့။

မြတ်စွာဘုရားက ဟောတယ်၊ အဲဒီစိတ်ကလေးကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုရမှာ၊ ဖြစ်တိုင်းဖြစ်တိုင်းရှုတော့ စိတ်ကလေးရှိပြီး ပျောက်သွားတော့ မမြဘူး ဆိုတာ သိရတယ်၊ ဆင်းရဲတဲ့သဘောတွေ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့သဘောတွေ၊ ဖြစ်ပြီးပျောက် ဖြစ်ပြီးပျောက် မမြတာ၊ ဘာမှ မြဲပြီးနေတဲ့တရားမဟုတ်ဘူး၊ အနှစ်သာရရှိတဲ့ တရားမဟုတ်ဘူး ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ဒီလိုသိရတယ်၊ အဲဒီလိုသိတော့ ဒီစိတ်ကလေးနဲ့စပ်ပြီး လောဘ, ဒေါသ, မောဟ, ကိလေသာတွေ ဘယ်ဖြစ်တော့မလဲ၊ ချုပ်ငြိမ်းသွားတယ်၊ ငြိမ်းအောင်လို့ ရှုနေတာကိုး၊ စိတ္တာနုပဿနာသတိပဋ္ဌာန်တဲ့၊ အင်မတန် ကောင်းပါတယ်၊ ကိုင်း . . ကိုင်း. . ဆိုရမယ်။

* **ထင်ရှားဝေါ်လာသောစိတ်ဟူသမျှတို့ အမှန်အတိုင်း ရှုမြင်ရမည်၊**
ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊
မပြတ်မှတ်လျက်၊ အမှန်အတိုင်းသိရမည်၊
ဒီလိုသိလျှင် သိတိုင်းသိတိုင်းတီလေသာငြိမ်းလေတော့သည်၊

http://www.dhammadownload.com

စိတ်တိုင်း စိတ်တိုင်းမှာ ကိလေသာပြိမ်းအောင် ဒီလိုမှတ်သိနေတာကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ဟုခေါ်သည်။ (ဆို၃-ခေါက်)

ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဓမ္မာနုပဿနာအကျဉ်းချုပ် ပြောရဦးမယ်၊

ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဇာဒေါမနဿံ။

ဓမ္မေသု-သဘောတရားတို့၌၊ ဓမ္မာနုပဿီ-သဘောတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

သဘောတရားကို အမှန်အတိုင်းမြင်အောင် ရှုခြင်း

ဓမ္မ-သဘောတရားဆိုတာ လောကအထင်အမြင်နဲ့တော့ ပြောင်းပြန်ပဲ။ လောကအထင်အမြင်တွေကတော့ ပုဂ္ဂိုလ်သတ္တဝါထင်နေတာကိုး၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးတဲ့၊ ဓမ္မသဘောတရားချည်းပဲတဲ့၊ သူ့သဘောအတိုင်း သူဆောင်ပြီးတော့ ဖြစ်ပျက်နေတဲ့ တရားတွေတဲ့၊ အဲဒါတွေကို ငါပဲ၊ သူပဲ၊ သတ္တဝါပဲ ထင်နေကြတယ်၊ ရုပ်တရား နာမ်တရားတွေ သူ့သဘောနဲ့သူ့ဟာသူ ဖြစ်ပျက်နေတဲ့တရားတွေ၊ အခုလေတွေ တိုက်နေတယ်၊ သူ့ဟာသူဖြစ်နေတာပဲ၊ မိုးတွေရွာတယ်၊ သူ့ဟာသူ ဖြစ်နေတာပဲ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ အအေးဓာတ်၊ အပူဓာတ်တွေ အေးတဲ့ အခါအေး၊ ပူတဲ့အခါပူ၊ သူ့ဟာသူဖြစ်နေတာတွေ သူ့သဘောအတိုင်းပဲ၊ အဲဒါလိုပဲ၊ ကိုယ်ထဲက ရုပ်နာမ်တွေလည်း ဒီသဘောပဲတဲ့၊ သူ့ဟာသူ ဖြစ်နေတဲ့သဘောတရားတွေပဲတဲ့၊ အဲဒီသဘောတရားတွေကို သဘောတရားတွေမျှပဲလို့ အမှန်အတိုင်းသိရမယ်၊ အဲဒီလို အမှန်အတိုင်းသိအောင်ဟာကလဲ "အာတာပီ၊ ကိလေသာကို ပူပန်သွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍၊ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္ပဇာနော-အမှန်အတိုင်းသိသည်ဖြစ်၍၊ လောကေ-ခန္ဓာငါးပါး တည်းဟူသောလောက၌၊ အဘိဇ္ဇာဒေါမနဿံ-အဘိဇ္ဇာနှင့် ဒေါမနဿကို (ဝါ) အဘိဇ္ဇာဒေါမနဿ-အစရှိသော ကိလေသာအပေါင်းကို၊ ဝိနေယျ-ပယ်ဖျောက်၍၊ ဝိဟရတိ-နေ၏။"

အဲဒီမှာလဲ သမ္မပ္ပဓာန်လုံ့လဝီရိယနဲ့ ကြောင့်ကြစိုက်ပြီး မပြတ်မစဲ မှတ်နေ

http://www.dhammadownload.com

ရမယ်၊ သဘောတရားတွေ ဖြစ်တိုင်းဖြစ်တိုင်း သိရမယ်၊ မြင်တဲ့ သဘောတရားတွေ တိုင်း၊ ကြားတဲ့ သဘောတရားတွေတိုင်း၊ နံတဲ့သဘောတရားတွေတိုင်း၊ စားတဲ့ သဘောတရားတွေတိုင်း၊ ထိတဲ့သဘောတရားတွေတိုင်း၊ နှစ်သက်သာယာတဲ့ သဘောတရားတွေတိုင်း၊ ရွံမုန်းစက်ဆုတ်တဲ့ သဘောတရားတရားတွေတိုင်း ကိုသိရမယ်။ ကာမစ္ဆန္ဒလိုချင်နှစ်သက်တဲ့ သဘောတရားတဲ့၊ ဗျာပါဒ-ရွံမုန်း စက်ဆုတ်တဲ့ သဘောတရားတဲ့၊ ထိနမိဒ္ဓ-ထိုင်းမှိုင်းပျင်းရိတယ်ဆိုတဲ့ သဘော တရားတဲ့၊ ဥဒ္ဓစ္စ ကုက္ကုစ္စ-စိတ်ပျံ့လွင့်တယ်၊ စိတ်ပူပန်တယ် ဆိုတဲ့ သဘောတရား တဲ့၊ ဝိစိကိစ္ဆာ-ဆိုတာကလည်း ယုံမှားသံသယဖြစ်တယ်ဆိုတဲ့ သဘောတရားတဲ့၊ ခန္ဓာငါးပါး တွေလည်း သဘောတရား ခေါ်တာပါပဲ၊ ရုပ်လည်း သဘောတရားပဲ၊ နာမ်လည်း သဘောတရားပဲ၊ ဝေဒနာလည်း သဘောတရား၊ သညာလည်း သဘောတရား၊ အားလုံးတွေဟာ သဘောတရားတွေပါ။ ဟိုမှာ ခုနက သီးသန့်အား ဖြင့် ကိုယ်အမူ အရာအနေအားဖြင့် ရှုတဲ့အခါ ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်၊ ဝေဒနာ-ခံစားရတဲ့သဘောတရားတွေ အနေအားဖြင့် ရှုတဲ့အခါ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်၊ သာမန်သဘော တရားအနေအားဖြင့် ရှုတဲ့အခါကျတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်၊ အဲဒီသဘောတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်းရှုပါတဲ့၊ ဖြစ်တိုင်းဖြစ်တိုင်း ရှုလို့ရှိရင် အဲဒီသဘောတရားတွေမှာ ကိလေသာငြိမ်းနေတယ်၊ အဲဒီလိုကိလေသာငြိမ်းအောင် ရှုနေတာက ဓမ္မာနုပဿနာသတိပဋ္ဌာန်ပဲတဲ့။

ဒါဆိုပြီးရင် တရားသိမ်းဦးမှပဲ၊ တရားတော်တော်ကြာသွားပြီ၊

* **ထင်ရှားပေါ်လာသောသဘောတရားဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊**
မပြတ်မှတ်လျက် အမှန်အတိုင်းသိရမည်၊
ဒီလိုသိလျှင် သိတိုင်း သိတိုင်း ကိလေသာငြိမ်းလေတော့သည်၊
သဘောတရားတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလိုမှတ်သိနေတာကို ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟုခေါ်သည်၊ (ဆို သုံးခေါက်)
အယ် ဝုစ္စတိ သိတွဝေ သမ္မာသတိ၊

ဘိက္ခဝေ-ရဟန်းတို့၊ အယ်-ဤသို့အမှတ်ရသော သဘောတရားကို၊ သမ္မာ သတိ-သမ္မာသတိဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

http://www.dhammadownload.com

သမ္မာသတိ

မဂ္ဂင်ရှစ်ပါးထဲက သမ္မာသတိ ဆိုတာလည်း သတိပဋ္ဌာန်လေးပါးပဲတဲ့၊ ကိုယ်အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေတဲ့သတိ၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် အမှတ်ရနေတာ ကာယာနုပဿနာသတိပဋ္ဌာန်ပဲ။

ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေတယ်၊ ညောင်းတာ၊ ပူတာ၊ နာကျင်တာ၊ ကိုက်ခဲတာ၊ ကိုယ်ထဲက အတွေ့အထိအခံခက်နေတာ၊ ကိုယ်ထဲမှာ တွေ့ထိပြီးတော့ အခံကောင်းနေတာ၊ စိတ်ထဲက စိတ်နှလုံးမသာမယာဖြစ်နေတာ၊ ဝမ်းမြောက်ဝမ်းသာဖြစ်နေတာတွေကို ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေတာတွေဟာ ဝေဒနာနုပဿနာသတိပဋ္ဌာန်ပဲ၊ စိတ်ကူးစဉ်းစား ကြံစည်မှုတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေတာ၊ ကွေးချင်တာ၊ ဆန့်ချင်တာက စပြီးတော့ စိတ်တွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေတယ်။

စိတ္တာနုပဿနာသတိပဋ္ဌာန်

နှစ်သက်တာတို့၊ မနှစ်သက်တာတို့ စသည်ဖြင့် သဘောတရားတွေ ရှိတယ်၊ အဲဒီသဘောတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရပြီးတော့ နေတာကို "ဓမ္မာနုပဿနာသတိပဋ္ဌာန်"လို့ ခေါ်တယ်။

လိုရင်းတော့ ခုမှတ်နေရတာကို သတိပဋ္ဌာန်လေးပါးထဲက တစ်ခုခုတော့ ဖြစ်နေတယ်၊ ခုဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် ရုပ်တွေကို မဲပြီးတော့ ဂရုစိုက်ပြီးတော့ မှတ်နေတာက ကာယာနုပဿနာသတိပဋ္ဌာန်တွေဖြစ်တယ်၊ တော်တော်ကြာတော့ ဒုက္ခဝေဒနာတွေဖြစ်လာတော့ ဝေဒနာတွေ မှတ်ရတယ်၊ ဝေဒနာနုပဿနာ၊ တော်တော်ကြာတော့ ရှုတဲ့စိတ်တလေးမှတ်ရတာ၊ စိတ္တာနုပဿနာသတိပဋ္ဌာန် တော်တော်ကြာတော့ နှစ်သက်မှု သာယာမှု စသည် ပေါ်လာပြန်တယ်၊ အဲဒီသဘောတရားတွေက ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ သတိပဋ္ဌာန်လေးပါးတွေ ထိုက်သည့်အားလျော်စွာဖြစ်နေတာ၊ မပြတ်ရှုနေရတာ၊ အဲဒီ သတိပဋ္ဌာန်တရားလေးပါးဟာ သမ္မာသတိမဂ္ဂင်ပဲတဲ့၊ မဂ္ဂင်ရှစ်ပါးထဲက မဂ္ဂင်တရားတစ်ခုဖြစ်တယ်။

http://www.dhammadownload.com

မဂ္ဂင်္ဂမဂ္ဂင်

"မဂ္ဂ"ဆိုတာ လမ်း၊ "မဂ္ဂင်"ကို မဂ္ဂင် ဆိုပြီး ပြန်ထားတာ၊ မဂ္ဂင်-လမ်း၏ အစိတ်အပိုင်း၊ လမ်းဆိုတာဟာ အခုသွားတဲ့လမ်းတွေဟာ အစိတ်အပိုင်း ရှိတာပဲ၊ လမ်းတွေက အုတ်နဲ့ခင်းထားလို့ရှိရင် အုတ်ကလေးတွေ အပိုင်းအပိုင်း ရှိနေတယ်၊ အုတ်မဟုတ်ရင်လည်း သဲတွေအပိုင်းအပိုင်း အစိတ်အပိုင်းလေးတွေ ရှိတာကိုး၊ လမ်းအရှည်ကြီးဆိုလို့ရှိရင် ဒီက ဘာလမ်း၊ ဟိုက ဘာလမ်း ဆိုပြီး ဒီလမ်းတွေ နာမည်တောင် ပေးထားသေးတယ်။

အစိတ်အပိုင်းတွေဟာ အဲဒါလိုပဲ၊ မဂ္ဂရဲ့အစိတ်အပိုင်း၊ လမ်းရဲ့အစိတ်အပိုင်း၊ လမ်းက ဘာ လမ်းတုံး၊ ဒီလမ်းက နိဗ္ဗာန်ရောက်တဲ့လမ်း၊ နိဗ္ဗာန်သွားတဲ့လမ်း၊ လမ်းဆိုတာ အမျိုးမျိုးရှိတယ်၊ အခု လောကမှာ သဲလမ်းတွေ အမျိုးမျိုးရှိတယ်၊ တရားကလည်း လမ်းတွေအမျိုးမျိုးရှိတယ်၊ လွဲသွားတဲ့လမ်းလည်းရှိတယ်၊ သူရဲ့မဂ္ဂကတော့ မိစ္ဆာမဂ္ဂ၊ သူကလည်းပဲ အဂီါတွေနဲ့ပဲ၊ သူလည်း မဂ္ဂင်တွေနဲ့ပဲ။

မိစ္ဆာမဂ္ဂင်

မိစ္ဆာမဂ္ဂင်, မိစ္ဆာဒိဋ္ဌိ စလာတယ်၊ သူက **မိစ္ဆာဒိဋ္ဌိ**တဲ့၊ ပုဂ္ဂိုလ်သတ္တဝါ စသည်ဖြင့် သူက ယူထားတယ်၊ ကံ, ကံ၏အကျိုးမရှိဘူး၊ မိစ္ဆာဒိဋ္ဌိက စလာတယ်။ **မိစ္ဆာသင်္ကပ္ပ**-တဲ့၊ မဟုတ်တာတွေ လျှောက်ကြံတွေးပြီးတော့ ဒီလိုယုံကြည်ထားတယ်။ **မိစ္ဆာဝါစာ**-တဲ့၊ မဟုတ်တာတွေကို ပြောတယ်။ **မိစ္ဆာကမ္မန္တ**-တဲ့၊ မဟုတ်တာတွေကို လုပ်တယ်။ **မိစ္ဆာအာဇီဝ**-တဲ့၊ မတရားသဖြင့် အသက်မွေးမှုတွေစီးပွားရှာတယ်။ **မိစ္ဆာဝါယာမ**-တဲ့၊ မကောင်းတာတွေကို အားထုတ်နေတယ်။ **မိစ္ဆာသတိ**-တဲ့၊ မစဉ်းစားရမှာတွေကို အမှတ်ရပြီးတော့ ရှေ့ကြောင်း နောက်ကြောင်း, အကုသိုလ်ဖြစ်စရာအကြောင်းတွေ မတော်တာတွေကို လျှောက်ပြီး အမှတ်ရနေတယ်။ **မိစ္ဆာသမာဓိ**-တဲ့၊ မဟုတ်တဲ့အလုပ်တွေမှ စိတ်တတည်နေတယ်၊ စိတ်စွဲနေတယ်။ ပေါ်ပြီးတော့ ဒီထဲမှာ သူက အလုပ်တစ်ခုလုပ်မယ်ဆိုရင် သမာဓိ ဆိုတာ ရှိရတယ်၊ လိမ်တဲ့အလုပ်လုပ်မယ်ဆိုရင် လိမ်ဖို့ဟာတွေ သူစဉ်းစားနေတာ၊ စဉ်းစားတဲ့ စိတ်ကလေး မပျောက်ဘူး၊ မပျောက်မှ ဒီအလုပ်တစ်ခုပြီးသွားမှာ၊ ခိုးဖို့ရာ ကြံတဲ့ ပုဂ္ဂိုလ်ကလည်း ခိုးဖို့ရာ

http://www.dhammadownload.com

ကြံနေရတာပဲ၊ အဲဒီစိတ်ကလေးမပျောက်မှ ခိုးရတယ်၊ အဲဒီသမာဓိလေးမပျောက်မှ မိစ္ဆာသမာဓိဖြစ်တယ်၊ သူလည်း မဂ္ဂင် (၈)ပါးနဲ့ အကုသိုလ်အထမြောက်သွားရင် ငရဲကျနိုင်တယ်၊ ငရဲသွားတဲ့လမ်းပေါ့၊ တိရစ္ဆာန်လည်း ဖြစ်နိုင်တယ်၊ ပြိတ္တာလည်း ဖြစ်နိုင်တယ်၊ လူဘဝရောက်ဖို့ရာ ကုသိုလ်နဲ့စပ်ပြီးတော့ ဖြစ်လာလို့ရှိရင် လူဖြစ်ဖို့ရာလမ်း၊ နတ်ဖြစ်ဖို့ရာလမ်း၊ ဗြဟ္မာဖြစ်ဖို့ရာလမ်း၊ အမျိုးမျိုးရှိပါတယ်။

နိဗ္ဗာန်သွားဖို့လမ်း

အခုဟာကတော့ နိဗ္ဗာန်သွားဖို့လမ်းတဲ့၊ "နိဗ္ဗာနဿ သစ္ဆိကိရိယာယ-နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ၊ ဧကာယနော မဂ္ဂေါ-တစ်ကြောင်းတည်းသော လမ်းပဲ"တဲ့၊ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲတွေ အကုန်လုံးကင်းတယ်၊ လောကမှာ အခုရှိနေတဲ့ဆင်းရဲတွေ မဖြစ်ချင်ပါဘူးဆိုတဲ့ ဆင်းရဲတွေငြိမ်းတဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့တရားထဲက မဂ္ဂ၊ အဲဒီမဂ်ရဲ့ အစိတ်အပိုင်းဟာ မဂ္ဂင်တရားတွေ ဖြစ်တယ်။

အဲဒီမဂ္ဂင်ထဲမှာ သမ္မာသတိ-အခု ကိုယ်အမူအရာတွေ အမှတ်ရ နေတာဟာ အစိတ်အပိုင်းတစ်ခုပဲ၊ ဝေဒနာ အမှတ်ရတာ အစိတ်အပိုင်းတစ်ခုပဲ၊ စိတ်ကို အမှတ်ရတာက အစိတ်အပိုင်းတစ်ခုပဲ၊ သဘောတရားအမှတ်ရတာက အစိတ်အပိုင်းတစ်ခု၊ မှတ်တိုင်းမှတ်တိုင်းဟာ တစ်ခါရှုရင် တစ်ခါ ဒီမဂ္ဂင် အစိတ်အပိုင်းလေးတစ်ခု ဖြစ်နေတာပဲ၊ ဒီအပိုင်းလေးတစ်ခုဖြစ်ရင် သမ္မာဒိဋ္ဌိ အစရှိသော အစိတ်အပိုင်းတွေကလည်း တွဲပါလျက်ပဲ။

အဲဒီအစိတ်အပိုင်းတွေ သိတဲ့အခါကျတော့ နိဗ္ဗာန်ရောက်ရမှာ၊ ဥပမာ-အခု လမ်းမှာ အုတ်တွေ ခင်းထားတယ်၊ တစ်တန်းတစ်တန်းမှာဆိုရင် အုတ်ရှစ်ပြားရှိရင် ရှစ်ပြားရှစ်ပြားထည့်ထားတယ်၊ ဒါမဂ္ဂင်ရှစ်ပါးလို့ခေါ်တယ်၊ တစ်ခါမှတ်ရင် မဂ္ဂင်ရှစ်ပါး အုတ်ရှစ်ပြားလိုပဲ၊ နောက်တစ်ခါမှတ်ရင် အုတ်ရှစ်ပြား၊ နောက်ခရီးလမ်းဆုံးမယ့်အခါကျတော့ ဟိုမှာ နိဗ္ဗာန်၊ လိုရာအိမ်တို့ ဘာတို့ ရောက်သွားသလိုပဲ၊ နိဗ္ဗာန် အဲဒီတစ်ခါတည်း ရောက်ရမှာ၊ နိဗ္ဗာန်ရောက်စေတတ်တဲ့ မဂ္ဂင်၏ အစိတ်အပိုင်းဖြစ်တဲ့ မဂ္ဂင်တရားတစ်ပါးပဲတဲ့၊ နောက် မဂ္ဂင်တရားတစ်ပါး ကျန်တော့တယ်၊ သမာဓိမဂ္ဂင်ပဲ ကျန်တော့တယ်၊ နောက်သီတင်းကျမှ ဟောရမှာပဲ၊ ကနေ့ တရား သိမ်းကြဦးစို့။

http://www.dhammadownload.com

ဤသတိပဋ္ဌာန်တရားတော်ကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာ၏အစွမ်းအာနုဘော်တို့ကြောင့် ယခုတရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနု ပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဟု ခေါ်ဆိုအပ်သော ဤသတိပဋ္ဌာန်တရား လေးပါးတို့ကို မပြတ်မစဲ ပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲ ခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

* * * * * *

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်

ပဥ္စမပိုင်း

[၁၃၂၃-ခုနှစ်၊ တပေါင်းလပြည့်နေ့ ဟောကြားသည်။]

သမ္မာသမာဓိမဂ္ဂင်

ပုဂ္ဂိုလ်နှစ်မျိုး

ဒီကနေ့ တစ်ပေါင်းလပြည့်နေ့ဖြစ်လို့ ရုံးတွေ၊ ဈေးတွေက ပိတ်တာနဲ့ ဥပုသ်စောင့် တရားနာတဲ့ပုဂ္ဂိုလ်တွေ တော်တော်များတယ်၊ ခါတိုင်းခါတိုင်းတော့ တရားနာနိုင်တဲ့ပုဂ္ဂိုလ်က သိပ်မရှိဘူး၊ နည်းနည်းပဲ ရှိတယ်၊ အားလပ်တဲ့ အခွင့်အချိန်ရရင် မိမိတို့၏ ကိုယ်ကျိုး ကိုယ့်စီးပွားဖြစ်တဲ့ သူတော်ကောင်းတရားတွေ ရှာမှီးနိုင်တဲ့ပုဂ္ဂိုလ်တွေဟာ အင်မတန် ဝမ်းသာစရာကောင်းပါတယ်၊ လောက သံသရာဘေးတွေကို ရှုမြင်နိုင်တဲ့ပုဂ္ဂိုလ်တွေပဲ-တဲ့၊ မြတ်စွာဘုရားများ သတ္တဝါတွေကို တရားဟောဖို့ရာ "ဗုဒ္ဓစက္ခု"ခေါ်တဲ့ ဘုရားဉာဏ်တော်နဲ့ ဘုရားဉာဏ်မျက်စိတော်နဲ့ ကြည့်လိုက်တဲ့အခါ သတ္တဝါတွေကတော့ နှစ်မျိုးနှစ်စားတွေကို တွေ့ရတယ်။

(၁) ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေက တစ်မျိုး၊

(၂) မကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေက တစ်မျိုး၊

ဘဗ္ဗပုဂ္ဂိုလ်တွေ အဘဗ္ဗပုဂ္ဂိုလ်တွေလို့ နှစ်မျိုးရှိပါတယ်၊ အဘဗ္ဗပုဂ္ဂိုလ်တွေ ဆိုတာကတော့ မဂ်တရား ဖိုလ်တရားတွေ မရထိုက်တဲ့ပုဂ္ဂိုလ်တွေ၊ မကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်၊ ဘဗ္ဗပုဂ္ဂိုလ်တွေဆိုတာကတော့ မဂ်တရား ဖိုလ်တရား ရထိုက်တဲ့ပုဂ္ဂိုလ်၊ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်ကြတယ်၊ အဲဒီလို နှစ်မျိုးနှစ်စား ရှိပါတယ်တဲ့၊ "**သွာကာရေ ဒွါကာရေ**" ကောင်းသော အခြင်းအရာရှိနေတဲ့ပုဂ္ဂိုလ်တွေ၊ မကောင်းသော အခြင်းအရာရှိနေတဲ့ပုဂ္ဂိုလ်တွေလို့ နှစ်မျိုးနှစ်စား တွေ့ရတယ်၊ မကောင်းသော အခြင်းအရာရှိတယ် ဆိုတာ မကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေပဲ၊ သူတို့ရဲ့ စိတ်ဓာတ်မှာကိုက တရားနဲ့ဝေးနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတယ်၊ ကောင်းသော

http://www.dhammadownload.com

အခြင်းအရာရှိနေတဲ့ပုဂ္ဂိုလ်တွေက တရားနဲ့နီးစပ်ပြီးတော့ နေတဲ့ပုဂ္ဂိုလ်တွေ, ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်။

ဣန္ဒြေနုတဲ့ပုဂ္ဂိုလ်

တိတ္ဌိန္ဒြိယေ မုဒိန္ဒြိယေ - ဣန္ဒြေရင့်တဲ့ပုဂ္ဂိုလ်တွေ၊ ဣန္ဒြေနုတဲ့ပုဂ္ဂိုလ်တွေလို့ နှစ်မျိုးနှစ်စား တွေ့ရတယ်၊ သဒ္ဓါ, ဝီရိယ, သတိ,သမာဓိ, ပညာ ဆိုတဲ့ ဣန္ဒြေတရားတွေ နူးညံ့နေတယ်တဲ့၊ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့သဒ္ဓါတရား၊ ဘုရားတရား သံဃာဂုဏ်ကို ယုံကြည်တဲ့သဒ္ဓါတရား၊ စိတ်ကြည်ကြည်လင်လင်ရှိတဲ့သဒ္ဓါတရား၊ အဲဒီသဒ္ဓါဓာတ်ခံတွေ အားနည်းပြီးတော့ နေတယ်၊ အချို့ပုဂ္ဂိုလ်တွေက ဝီရိယအား နည်းတယ်၊ သတိက အားနည်းတယ်၊ သမာဓိက အားနည်းတယ်၊ ပညာက အားနည်းတယ်၊ အဲဒီ ဣန္ဒြေငါးပါးတရားတွေ အားနည်းပြီးတော့ နေတဲ့ပုဂ္ဂိုလ်တွေ ဣန္ဒြေတွေနုတဲ့ပုဂ္ဂိုလ်တွေပဲတဲ့၊ အဲဒီ ဣန္ဒြေနုတဲ့ပုဂ္ဂိုလ်တွေက မကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ ဣန္ဒြေက နုနေတယ်၊ ဣန္ဒြေနုနေတော့ ဣန္ဒြေရင့်ကျက်မှ ဒီတရား တွေက သိနိုင်တာကို၊ ဣန္ဒြေနုနေတဲ့ပုဂ္ဂိုလ်တွေက တရားနဲ့သူက မတည့်ဘူး၊ တရားကို လက်မခံနိုင်ဘူး၊ တရားစိတ်မဝင်စားနိုင်ဘူး၊ တရားမနာနိုင်ဘူး၊ တရား ကျင့်လိုတဲ့ စိတ်ဆန္ဒမရှိဘူး၊ မကျင့်နိုင်ဘူး၊ အားမထုတ်နိုင်ဘူး၊ ဘာပြုလို့တုံးဆို သဒ္ဓါကကို မယုံဘဲနဲ့နေရင်ဖြင့် ဒီကုသိုလ်ကောင်းမှုအလုပ်တွေ သူက မလုပ်နိုင်တော့ဘူး၊ ဝီရိယကလည်း ညံ့နေတယ်၊ ပျင်းလာတယ်၊ သတိတရားကလည်းပဲ အားမထုတ်ချင်ဘူး၊ သတိကလည်းပဲ အမြဲတမ်းသတိရှိအောင် အားထုတ်နေရမယ် ဆိုလို့ အဲဒါ မလုပ်နိုင်ဘူး၊ သမာဓိစိတ်ကလည်း တစ်ခုတည်းသော အာရုံကို မပြုနိုင်ဘူး၊ ပညာကလည်းပဲ ရုပ်တရား နာမ်တရားတွေပဲဆိုတာ အကြမ်းဖျင်း အားဖြင့်ကိုပဲ စိတ်ထဲ သိပ်မဝင်စားနိုင်ဘူး၊ မသိနိုင်ဘဲ ဖြစ်နေတယ်၊ ဒီလို ဣန္ဒြေနုနေတယ်တဲ့၊ အဲဒီပုဂ္ဂိုလ်တွေဟာ မဂ်ဖိုလ်မရထိုက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတယ်။

ဣန္ဒြေရင့်တဲ့ပုဂ္ဂိုလ်

အချို့ပုဂ္ဂိုလ်တွေက ဣန္ဒြေရင့်တယ်၊ ဣန္ဒြေရင့်တာလည်း တခြားကြောင့်မဟုတ်ဘူး၊ ရှေးရှေးသောဘဝ ရှေးရှေးသောကာလတွေက ရင့်အောင် အားထုတ်လာလို့ ရင့်လာတာ၊ သူ့အလိုလိုရင့်လာတာမဟုတ်ဘူး၊ ရှေးရှေးသော ဘဝတွေက

http://www.dhammadownload.com

ရွေးရွေးသောအခါကာလတွေက ရွေးရွေးသော ဘုရားလက်ထက်တွေက သူတော်ကောင်းတရားတွေ ပွားများလာတယ်၊ သဒ္ဓါတရားပွားများလာခဲ့တယ်၊ ကံ, ကံ၏ အကျိုးရှိတယ်ဆိုတဲ့ အကြောင်းအရာတရားတွေ နာကြား လေ့လာ စဉ်းစား ဆင်ခြင်လာတယ်၊ သဒ္ဓါတရားနဲ့စပ်ပြီးတော့ ဒါန သီလ စသော ကုသိုလ်ကောင်းမှုတွေ ပြုလုပ်အားထုတ်လာတယ်၊ ဘုရား တရား သံဃာဂုဏ်တွေ ယုံကြည်တဲ့ သဒ္ဓါတရား နှလုံးသွင်း ဆင်ခြင်လေ့လာပြီးတော့ လာတယ်၊ ဒါကြောင့် သဒ္ဓါတရားတွေ အားကောင်းလာတာပေါ့။

သဒ္ဓါတရားအားကောင်းရခြင်းအကြောင်းရင်း

ဒီသဒ္ဓါတရားကလည်း သူဟာသူနေလို့ရှိရင် အားမကောင်းဘူး၊ သဒ္ဓါတရားက နည်းပေမယ့် တရားနာကြားလို့ရှိရင် တစ်လုံးမှတ်မိမှတ်မိ၊ နှစ်လုံးမှတ်မိမှတ်မိ၊ တစ်လုံးသဘောကျ၊ နှစ်လုံးသဘောကျနဲ့ သဘောကျသွားတဲ့ဟာလေးတွေ အင်မတန်အဖိုးတန်တယ်၊ အင်မတန်ဖြစ်ခဲတယ်၊ အဲဒါလေးတွေက အင်မတန်နေရာကျတယ်။

သဒ္ဓါတရားလေးတွေဖြစ်ပြီးတော့လာတော့ တရားဟောရင်းဟောရင်း တစ်ခါတည်း အကုန်လုံးတော့ ဘယ်နှယ်မှတ်မိမလဲ၊ တရားဟောတဲ့ပုဂ္ဂိုလ်လည်း ဉာဏ်ပေါ်သလောက် ဟောသွားတော့ တရားတွေ အများကြီးပေါ့၊ ဒီတရားတွေ အများကြီး အကုန်လုံး ဘယ်နှယ်မှတ်နိုင်မလဲ၊ အကုန်လုံး မှတ်နိုင်လို့ ရှိရင်ဖြင့်၊ တစ်ခါနာလိုက်လို့ရှိရင် တရားတွေအကုန်လုံး ရသွားမယ်။ ဒီလိုကတော့ မမှတ်နိုင်ဘူး၊ မှတ်မိသလောက် မှတ်မိတာပဲ၊ စာသင်တာတောင်မှ တစ်ကျမ်းတစ်ဖွဲ့ စာသင်လို့ရှိရင် နည်းနည်းနည်းနည်း စာသင်နေရတာပဲ၊ တစ်နေ့ တချို့စာကြောင်း နည်းနည်းနဲ့ပဲ စာကြောင်းလေးငါးဆယ်ကြောင်း၊ သို့မဟုတ် စာမျက်နှာလောက် ဒီလိုသင်နေရတယ်၊ နည်းနည်းချင်းလေး သင်နေရတယ်၊ စာတွေ အကုန်လုံးမှတ်မိသလားဆိုတော့ ဒါတွေ ဘယ်အကုန်လုံးမှတ်မိနိုင်မလဲ၊ မှတ်မိတာတွေလည်း မှတ်မိပေါ့၊ မမှတ်မိတာတွေလဲ မမှတ်မိဘူး၊ သို့သော် မှတ်မိတာတွေ များလာတဲ့အခါမှာ ဒါက သိတယ်၊ သိတယ်လို့ ခေါ်ရတာပဲ၊ အဲဒါလိုပဲ တရားနာတဲ့အခါမှာ ဟောတဲ့ တရားတွေက အမျိုးမျိုးအထွေထွေ လျှောက်ပြီးတော့ ဟောသွားတော့ ဒီထဲမှာ မှတ်စရာ သားစရာတွေပါတယ်၊ သဘောကျစရာတွေပါတယ်၊ ကိုယ်ဉာဏ်မှီ

http://www.dhammadownload.com

သလောက်ကလေးကို သဘောကျသွားတယ်၊ သဘောကျသွားတော့ ယုံကြည်တဲ့ သဒ္ဓါ တရားလေး ဖြစ်သွားတယ်၊ အဲဒီသဒ္ဓါတရားလေးက ဒါရင့်ကျက်လာတာပဲ။

ဒါလေးက တစ်ခါရှိရင် ရှေးက မဖြစ်ဘူးသေးရင် အသစ်ဖြစ်လာတာပဲ၊ ဖြစ်ပြီးသားဆိုရင် နှစ်ခါဖြစ်တဲ့အခါ ပိုပြီးတော့ ခိုင်မြဲလာတာပေါ့၊ သဒ္ဓါတရားဆိုတာ ထပ်ခါထပ်ခါဖြစ်စေရတယ်၊ ထပ်ခါထပ်ခါ နှလုံးသွင်းမိလို့ရှိရင် ယုံကြည်မှု သဒ္ဓါတရားတွေ ခိုင်သထက်ခိုင်လာတယ်၊ ကောင်းသထက် ကောင်းလာတယ်၊ သဒ္ဓါတရား အားကောင်းလာတယ်၊ သဒ္ဓါတရားအားကောင်းလာတော့ ကုသိုလ်ကောင်းမှုတွေ ပြုချင်လာတဲ့စိတ်တွေပေါ်လာတယ်၊ တချို့ကလေးတွေတောင်မှ သဒ္ဓါတရားဖြစ်ပေါ်တဲ့အခါ ကုသိုလ်ကောင်းမှုတွေ ပြုချင်တဲ့စိတ်တွေ ပေါ်လာတယ်၊ လူကြီးဆို ပြောစရာမရှိဘူး၊ တရားအားထုတ်တာနဲ့စပ်ပြီးတော့ ကြားနာလို့ရှိရင် တရားအားထုတ်ချင်တဲ့စိတ် ပေါ်လာတယ်၊ မကြားရရင် အားထုတ်ချင်တဲ့စိတ် ဘယ်ပေါ်မလဲ၊ တရားအားထုတ်ဖူးတဲ့ပုဂ္ဂိုလ်တွေက ပြောလို့ဖြစ်စေ၊ တရားဟောတဲ့ ပုဂ္ဂိုလ်က တိုက်တွန်းလို့ဖြစ်စေ၊ ဟောလို့ဖြစ်စေ၊ နာကြည်တဲ့အခါမှာ အော်. . ဒီလိုအားထုတ်ရမှာပဲ၊ အားထုတ်သင့်တာပဲလို့ သဒ္ဓါတရားလေး ဖြစ်လာတယ်၊ အဲဒီသဒ္ဓါအကြောင်းပြုပြီးတော့ တစ်နေ့ကျရင် တရားအားထုတ်ဖြစ်တာပဲ။

ဒါကြောင့် ရှေးရှေးသောဘဝ ရှေးရှေးသောကာလတွေက ဒီသဒ္ဓါ တရားတွေ၊ ဝီရိယတွေ၊ သတိတွေ၊ သမာဓိတွေ၊ ပညာတွေ တရားနာသောအားဖြင့်ဖြစ်စေ၊ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ ပြုသောအားဖြင့်ဖြစ်စေ၊ ဘာဝနာပွားများသောအားဖြင့်ဖြစ်စေ လေ့လာခဲ့တယ်တဲ့၊ အဲဒီလို လေ့လာတဲ့ပုဂ္ဂိုလ်တွေဟာ အခုအခါ ဂေါတမ မြတ်စွာဘုရားလက်ထက်မှာ ဂ္ဂန္ဓြေရင့်ကျက်နေတာကိုး၊ အဲဒါတွေ ရင့်ကျက်လာတယ်၊ ပွင့်လုပွင့်ခါနီး ကြာပန်းများကဲ့သို့ ပွင့်တော့မလို့ နေထွက်တဲ့အချိန်မှာ ပွင့်တော့မယ်လို့ ရင့်ကျက်ပြီးတော့နေတဲ့ ကြာပန်းများလို မြတ်စွာဘုရားတရား ဟောရင်ဖြင့် တရားတွေ သိတော့မလို့၊ သိလုသိခါနီးဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ အဲဒီပုဂ္ဂိုလ်တွေ မြတ်စွာဘုရားက တရားဟောလိုက်ရင် ဟောနေတုန်းပဲ၊ သူက တရားတွေ သိသွားတာပဲ၊ တရားထူးတွေကို ရသွားတယ်၊ ဂါထာလေးတစ်ပုဒ် ဟောရင်း ဟောရင်း ရသွားတာလည်း ရှိတာပဲ၊ ဂါထာတစ်ပုဒ် မဟုတ်ရင်လည်းပဲ တရားတစ်ပုဒ်ဟောနေတုန်း ရသွားတာရှိတာပဲ၊ အဲဒီလိုပုဂ္ဂိုလ်

http://www.dhammadownload.com

တွေလည်း အမြောက်အများကြီးရှိတယ်၊ ဒါမှမဟုတ်ရင်လည်းပဲ တရားနာပြီးတော့ ကျင့်လို့ရှိရင် တချို့လည်း တစ်ရက်လောက်အတွင်း၊ နှစ်ရက်လောက်အတွင်း၊ သုံးရက်လောက်အတွင်း၊ လေးရက်လောက်အတွင်းဆို တရားရသွားတာတွေ ရှိတယ်၊ အချို့လည်း (၆)ရက်၊ (၇)ရက်၊ တစ်လ စသည်ဖြင့် ရက်ပိုင်းအတွင်းမှာ တရားရသွားတယ်၊ လပိုင်းအတွင်းမှာ တရားရသွားတယ်၊ တရားထူးတွေ ရသွားတယ်၊ ဒီလိုရတဲ့ပုဂ္ဂိုလ်တွေဟာ ဣန္ဒြေရင့်ကျက်တဲ့ပုဂ္ဂိုလ်တွေပဲဆိုတာ မြတ်စွာဘုရားက သိတယ်။

အပ္ပေကစ္စေ ပရလောကဝဇ္ဇဘယဒဿာဝိနေ ဝိဟရန္တေ၊ အပ္ပေကစ္စေ န ပရလောကဝဇ္ဇဘယဒဿာဝိနေ ဝိဟရန္တေ။

တမလွန်လောကဘယမကြည့်တဲ့သူ

တချို့သောပုဂ္ဂိုလ်တွေက တမလွန်လောကဌ အကုသိုလ်ဒုစရိုက် အပြစ်တွေကို မမြင်ကြဘူး၊ အချို့ပုဂ္ဂိုလ်တွေ တမလွန်လောကဌ အကုသိုလ်အပြစ်တွေကို မြင်ကြတယ်တဲ့၊ တမလွန်လောက၏အပြစ်ကို မမြင်နိုင်တဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လို ပုဂ္ဂိုလ်တွေတုံးဆိုတော့ နောက်ရေးနောက်ရာတွေကို မစဉ်းစားတဲ့ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြတယ်၊ နောင်ဘဝရှိတယ်ဆိုတာကို တချို့က မယုံကြည်ဘူး၊ မယူဆဘူး၊ ယုံကြည်ယူဆထားသော်လည်းပဲ နောင်ခါလာမှာ နောင်ခါစျေး၊ ပုံတော်သလို ဖြစ်မှာပဲ ဆိုပြီးတော့ အဲဒီနောင်ရေးကို ဘာမှမတွေးဘူး၊ ယခုဘဝအတွက် ယခုလောလောဆယ်အတွက် ကြီးပွားဖို့၊ ချမ်းသာဖို့၊ ကောင်းစားဖို့၊ ဒါလောက်ပဲ သူကြောင့်ကြစိုက်နေတယ်၊ မျက်မှောက်ချမ်းသာမှုကလေးပဲ ကြောင့်ကြစိုက်နေတယ်၊ ကိုယ်ကျိုးအတွက်ဖြစ်စေ၊ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်တွေအကျိုးအတွက်ဖြစ်စေ၊ အများအတွက်ဖြစ်စေ၊ မျက်မှောက်ချမ်းသာမှုလေးလောက်ပဲ ဂရုစိုက်နေတယ်၊ နောင်သံသရာဘဝ ကောင်းစားရေး၊ ချမ်းသာရေးဆိုတာကို မစဉ်းစားဘူး၊ အပါယ်လေးပါးမှ လွတ်မြောက်ရေး မစဉ်းစားဘူး၊ သံသရာဘဝထဲမှာ ဆင်းရဲဒုက္ခတွေ ရောက်ပြီးတော့ နေရမယ်ဆိုတာ မစဉ်းစားဘူး၊ အဖန်ဖန်ဖြစ်ရမယ်၊ အိုရမယ်၊ နာရမယ်၊ သေရမယ် ဆိုတာတွေကို မစဉ်းစားဘူး၊ သံသရာ၏ အပြစ်တွေကို မမြင်နိုင်ဘူးတဲ့၊ အကုသိုလ်ဒုစရိုက်တွေ မကောင်းမှုပြုလို့ရှိရင် မကောင်းကျိုးပေးလိမ့်မယ်၊ သူတစ်ပါးအသက်သတ်လို့ရှိရင်ဖြင့်ရင် အပါယ်လေးပါး ငရဲကျ

http://www.dhammadownload.com

နိုင်တယ်၊ တိရစ္ဆာန်ဖြစ်နိုင်တယ်၊ ပြိတ္တာဖြစ်နိုင်တယ်၊ အဲဒီဖြစ်ရာဘဝမှာ နှစ်ပေါင်းများစွာ ကာလရှည်ကြာစွာ ဒုက္ခတွေ အများကြီးရောက်သွားမယ် ဆိုတာတွေကို မမျှော်တွေးနိုင်ဘူး၊ မျက်မှောက်ကြီးပွားချမ်းသာရေးလေး, မျက်မှောက်လောက ကောင်းစားရေးလေးလောက်ပဲ ကြည့်ပြီးတော့ ဒီလိုနေသွားတဲ့ပုဂ္ဂိုလ်တွေက အင်မတန်များတယ်၊ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ အပြင်ဘက်လောကမှာ အများကြီးပေါ့၊ ဗုဒ္ဓဘာသာဝင်လို့ အမည်ခံနေတဲ့ ဒီပုဂ္ဂိုလ်တွေထဲမှာကို ဒီလိုဟာတွေက အတော်များနေတာပဲ၊ ပေါ့ပေါ့ဆဆ ပေါက်လွတ်ပဲစား ဒီလိုနေကြတာပဲ၊ ဒီလိုဟာတွေ အများကြီးရှိပါတယ်။

တမလွန်လောကမသွင်းခဲ့သူ

အချို့သောပုဂ္ဂိုလ်တွေကတော့ "ပရလောကဝဇ္ဇဘယဒဿာဝိနော"တဲ့၊ တမလွန်လောကဟာ ကြောက်စရာပဲလို့ ဒီလိုပဲမြင်ကြတယ်၊ ကုသိုလ်ဒုစရိုက်တွေဆိုတာ ကြောက်စရာပဲလို့ ဒီလိုပဲ မြင်ကြတယ်၊ အကုသိုလ် ဒုစရိုက်တွေ ဆိုတာ ကြောက်စရာပဲလို့ ဒီလိုမြင်ကြတယ်တဲ့၊ အကုသိုလ်ဒုစရိုက်တွေ ကြောက်စရာကောင်းမှန်းသိတော့ အကုသိုလ်ဒုစရိုက်တွေ ကြဉ်ရှောင်ကြတာပေါ့၊ တမလွန်လောကတွေ သံသရာဘဝတွေ အပါယ်လေးပါးဖြစ်ပြီးတော့လည်း ဒုက္ခတွေရောက်နိုင်တယ်၊ လူဘဝ နတ်ဘဝတွေမှာလည်းပဲ ဖြစ်ရာဖြစ်ရာဘဝမှာ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ ဒီဆင်းရဲဒုက္ခတွေ ရောက်နိုင်တယ်၊ အဲဒီဆင်းရဲဒုက္ခတွေ အပြစ်တွေကို မြင်ပြီးတော့ နေကြတယ်တဲ့၊ ဒီပုဂ္ဂိုလ်တွေက ဒါကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေပဲဖြစ်ကြတယ်။

ခုလို တရားနာကြတယ်၊ သူတော်ကောင်းတရားတွေ ပွားများကြတယ်၊ အားထုတ်ကြတယ်ဆိုတာ တမလွန်လောကရဲ့အပြစ်ကို မြင်ကြလို့၊ တမလွန်လောကဟာ ကြောက်စရာကောင်းတယ်လို့ သံသရာလောကကြီး မမျှော်မှန်းနိုင်တဲ့ မမြင်ရတဲ့ သံသရာလောကကြီး ဒုက္ခတွေ ရောက်မသွားရအောင်လို့ ယခုဘဝအခွင့်သာတဲ့အခါကာလလေးမှာ မိမိတို့ကိုယ် မိမိတို့ကယ်တင်နိုင်တဲ့ အချိန်အခါကာလပေါ့၊ အဲဒီအချိန်အခါကာလလေးမှာ ကိုယ့်ကိုယ်ကို စိတ်ချရအောင်လို့ သူတော်ကောင်းတရားတွေ ပွားများထားရတယ်၊ ဒီလိုအချိန်အခါကနေပြီးတော့ သူတော်ကောင်းတရားတွေပွားများလို့ သူတော်ကောင်းတရားတွေ ပြည့်စုံထားလို့

http://www.dhammadownload.com

ရှိရင် အဲဒီပရလောကဆိုတဲ့ တမလွန်လောက ဒုက္ခတွေ ရောက်မသွားဘူး၊ အပါယ်လေးပါးကို မကျရောက်နိုင်ဘူး၊ ငရဲမကျနိုင်ဘူး၊ တိရစ္ဆာန်မဖြစ်နိုင်ဘူး၊ ပြိတ္တာမဖြစ်နိုင်ဘူး၊ လူဘဝ နတ်ဘဝဖြစ်လည်း ဆင်းရဲတဲ့ဘဝတွေ မဖြစ်နိုင်ဘူး၊ အဲဒီလို ကာကွယ်နိုင်အောင်လို့ သူတော်ကောင်းတရားတွေဆိုတာ ကြားရတယ်၊ နာရတယ်၊ ပွားများရတယ်၊ အားထုတ်ရတယ်၊ မကောင်းမှုအကုသိုလ် ဒုစရိုက်တရားတွေလည်း အပြစ်တွေပဲ၊ အဲဒါတွေ ကြောက်စရာကောင်းတယ်တဲ့၊ ဒီဥစ္စာတွေ ကျူးလွန်ပြီးလို့ရှိရင် ဒါတွေက နေပြီးတော့ အပါယ်လေးပါးတွန်းချပြီးတော့ ဒုက္ခတွေ ရောက်ရတယ်။

အကျိုးက အနည်းငယ်

မကောင်းသော အကုသိုလ်ဒုစရိုက်ကျူးလွန်ခြင်းကြောင့် လတ်တလော အကျိုးလေးက အနည်းငယ် ရပါတယ်၊ လတ်တလောအကျိုးလေးက ဘာမှမပြောပလောက်ပါဘူး၊ တချို့လည်း တစ်ခဏလောက်ပဲ ချမ်းသာခွင့်ရပါတယ်၊ တချို့လည်း တစ်နေ့တစ်ရက်လောက် ချမ်းသာခွင့်ရတယ်၊ အဲဒီလောက်ကလေး ချမ်းသာခွင့်ကလေးအတွက်နဲ့ မကောင်းမှုဒုစရိုက်တွေ သွားကျူးလွန်ရော၊ ကျူးလွန်ပြီးတော့ နောင်အခါကာလ အကျိုးပေးတဲ့အခါကျတော့ နှစ်ပေါင်းများစွာ မရေမတွက်နိုင်ဘဲ ထောင်ပေါင်းများစွာ သောင်းပေါင်းများစွာ သိန်းပေါင်းများစွာ တကတည်း မရေမတွက်နိုင်အောင် အကြာကြီး ဒုက္ခရောက်ရတာပဲ၊ နည်းတာမဟုတ်ဘူး။

မကောင်းမှုအကုသိုလ် ဒုစရိုက်အကြောင်းပြုပြီးတော့ မျက်မှောက်မှာ ကောင်းစားချမ်းသာမှုလေးရတဲ့အခါတုန်းကတော့ ကိုယ့်တစ်ယောက်တည်း မဟုတ်ဘူး၊ အများနဲ့ အပေါင်းအသင်းတွေနဲ့၊ နောင်အခါ ဒီအကုသိုလ်က အကျိုးပေးတဲ့အခါကျတော့ ကိုယ်တစ်ယောက်တည်းပဲ ကိုယ်ကျူးလွန်ထားလို့ရှိရင် ကိုယ့်အပြစ်ပဲ၊ သူများတွေက လာပြီးတော့ ဝေမျှပြီး ခံတာမဟုတ်ဘူး၊ အဲဒါတွေဖြစ်ပြီးတော့ ဒုက္ခတွေ ရောက်ပြီးသွားနိုင်တယ်၊ အဲဒီအပြစ်တွေကို မြင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေပဲ။

အဲဒီအပြစ်တွေကို မြင်ပြီးတော့ အချို့ ဥပုသ်သီတင်းတွေ ဆောက်တည်တယ်၊ သူတော်ကောင်းတရားတွေ ပွားများကြတယ်၊ သူတော်ကောင်းတရားတွေ

http://www.dhammadownload.com

ပွားများတဲ့ပုဂ္ဂိုလ်တွေ မြင်ရတွေ့ရတာဟာ အင်မတန်ဝမ်းသာစရာ ကောင်းပါတယ်၊ အဲဒီလို သူတော်ကောင်းတရားတွေ ပွားနိုင်တဲ့အတွက်လည်း မိမိတို့ကိုယ်ကို မိမိတို့ အာရုံပြုပြီးတော့ ဝမ်းမြောက်ဝမ်းသာစရာ အင်မတန်ကောင်းတယ်။

ဒီနေ့ဟောဖို့ရာ တရားအစဉ်ကတော့ မဂ္ဂင်ရှစ်ပါးထဲက နောက်ဆုံးမဂ္ဂင် ရောက်နေပါပြီ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ-သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ ရှစ်ပါးထဲက သမ္မာသမာဓိရောက် နေပြီ၊ သမ္မာသမာဓိက နောက်ဆုံးမဂ္ဂင်တရားပဲ၊ မြတ်စွာဘုရားဝေဖန်ထားတဲ့ သတိပဋ္ဌာန်သုတ် အစဉ်အတိုင်း ဟောရမယ်၊ ဒါလည်း မှတ်သားစရာကောင်းပါ တယ်၊ ဒီသမ္မာသမာဓိတရားတွေက အရေးကြီးတယ်။

ပဌမဈာန်

"ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ"

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာသမာဓိ-မှန်ကန်စွာ စူးစိုက်တည်ကြည်သော သမ္မာသမာဓိသည်၊ ကတမော စ-အဘယ်ပါနည်း။

မဂ္ဂင်ရှစ်ပါးတရားထဲက သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်တရားဟာ ဘာလဲ။

ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပထမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည်။

ဘိက္ခုဆုံးဖြတ်

"ဘိက္ခု"ဆိုတာ အကျဉ်းချုပ်အားဖြင့် သုံးမျိုးလောက်ရှိပါတယ်၊ **"ဘိက္ခတိ ယာစတီတိ ဘိက္ခု"**တဲ့၊ တောင်းတတ်အလှူ ခံတတ်လို့လဲ ဘိက္ခုလို့ ခေါ်တယ်တဲ့၊ ဒါကတော့ အားလုံးဘိက္ခုတွေနဲ့ ဆိုင်တယ်။ ဒီရဟန်းကတော့ **"ဘယံ ဣက္ခတီတိ ဘိက္ခု"**တဲ့၊ ဘယ်-ဘေးကို၊ ဣက္ခတိ-ရှုတတ်၏၊ ဣက္ခတိ-ထို့ကြောင့်၊ ဘိက္ခု-ဘိက္ခုမည်၏-တဲ့၊ ဘေးကို ရှုတတ်လို့တဲ့၊ သံသရာဘေးတွေကို ရှုမြင်တတ်တဲ့၊ သံသရာမှာ ဘဝအသစ်ဖြစ်ရင် ဖြစ်ရာဘဝမှာ အိုရမယ်၊ နာရမယ်၊ သေရမယ်၊

http://www.dhammadownload.com

အဲဒီဘေးတွေကို မြင်တတ်လို့ ဘိက္ခုပဲတဲ့၊ သံသရာဘေးတွေကို မြင်ပြီး သံသရာဘေးတွေက လွတ်မြောက်အောင် ရှာကြံအားထုတ်နေတဲ့ပုဂ္ဂိုလ် "ဘိက္ခု"လို့ ခေါ်တယ်၊ သင်္ကန်းဝတ်ထားသည်ဖြစ်စေ၊ မဝတ်ထားသည်ဖြစ်စေ သံသရာဘေးက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတွေ ရှာကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကို "ဘိက္ခု"လို့ ခေါ်တယ်။

ဒီဘိက္ခုက "**တီလေသေ ဆိန္နတီတိ ဆိတ္တု**"တဲ့၊ ကိလေသေ-ကိလေသာတို့ကို၊ ဘိန္နတိ-ဖျက်ဆီးတတ်၏၊ ဣတိ-ထို့ကြောင့်၊ ဘိက္ခု-ဘိက္ခုမည်၏၊ ကိလေသာ ဖျက် ဆီးတတ်တဲ့ပုဂ္ဂိုလ်၊ ဒါကတော့ မင်္ဂလောက် ဖိုလ်ရောက်ပုဂ္ဂိုလ်ပဲ၊ ကိလေသာကို ပယ်နိုင်တဲ့ပုဂ္ဂိုလ်၊ အထက်တန်းရောက်သွားပြီ။ ဒီသုံးပါးထဲမှာ အခုဟာကတော့ "ဘယ် ဣက္ခတိတိ ဘိက္ခု" အရ ယူရမယ်။

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည်၊ "သံသရာဘေးကို ရှုမြင်တဲ့ပုဂ္ဂိုလ်"၊ ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ-ဝိတက်နှင့် တကွဖြစ်သော၊ သဝိတက္ကံ-ကြံစည်မှုနှင့် တကွဖြစ်သော၊ သဝိစာရံ-စဉ်းစားဆင်ခြင်မှုနှင့်တကွဖြစ်သော၊ ဝိဝေကဇံ-နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ-နှစ်သိမ့်အားရမှု ပီတိချမ်းသာ ရွှင်လန်းမှုသုခရှိသော၊ ပထမံ ဈာနံ-ရှေးဦးစွာသော ဈာန်ကို၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏။

ပထမဈာန်နှစ်မျိုး

အဲဒါဟာလည်း သမာဓိတစ်ပါးပဲတဲ့၊ ဈာန်လေးပါးနဲ့ ဝေဖန်ပြီးတော့ ဟောထားတယ်၊ ဒီသာသနာတော်မှာ ပထမဈာန်ကို ရအောင် အားထုတ်ပြီးတော့ ပထမဈာန်ရောက်ပြီးတော့ နေတယ်-တဲ့၊ ပထမဈာန်က နှစ်မျိုးရှိတယ်၊ လောကီပထမဈာန်လည်း ရှိတယ်၊ လောကုတ္တရာ ပထမဈာန်လည်း ရှိတယ်၊ လောကီပထမဈာန် ဆိုတာကတော့ ရူပါဝစရဈာန်၊ လောကီပထမဈာန် ရလို့ရှိရင်လည်း ဒီဈာန်ရတဲ့ပုဂ္ဂိုလ်ဟာ ဒီဈာန်မဖျက်ဘဲနဲ့ စုတေသွားရင် ဗြဟ္မာပြည်ရောက်တယ်၊ ပထမဈာန်ဗြဟ္မာဘုံကို ရောက်တယ်။

http://www.dhammadownload.com

ပထမစျာန်ဖြဟ္မာသုံးမျိုး

ပထမစျာန်ဖြဟ္မာဘုံက ဖြဟ္မာသုံးမျိုးရှိတယ်၊ အောက်တန်းစား ဖြဟ္မာရှိတယ်၊ အလတ်တန်းစား ဖြဟ္မာရှိတယ်၊ အထက်တန်းစား ဖြဟ္မာရှိတယ်၊ သုံးမျိုးရှိတယ်၊ အောက်တန်းစားဖြဟ္မာကို **"ဖြဟ္မပါရိဇဇ္ဇာ"** ဆိုပြီးတော့ နာမည်ပေးထားတယ်၊ ဖြဟ္မာပရိသတ်ပဲတဲ့၊ အလယ်တန်းစားဖြဟ္မာကတော့ **"ဖြဟ္မပုရောဟိတ"** ဆိုပြီးတော့ ဖြဟ္မာ့ပုရောဟိတ်ပဲတဲ့၊ ဒါက ရှေ့နေသဘောပေါ့၊ အထက်တန်းစား ဖြဟ္မာကတော့ **"မဟာဖြဟ္မာ"**ဆိုပြီးတော့ ပေးထားတယ်၊ ဖြဟ္မာ (၃)မျိုးရှိတယ်၊ အခု တစ်ရွာထဲမှာ လူသုံးမျိုးရှိနေသလိုပဲ၊ အောက်တန်းကျတဲ့ ဆင်းရဲသား လုပ်စားကိုင်စားပုဂ္ဂိုလ်တွေ ရှိတယ်၊ အလတ်တန်းစားရှိတဲ့ ပစ္စည်းဥစ္စာ အတော်အတန် ပြည့်စုံနေတာ ရှိတယ်၊ အထက်တန်းစားက အထက်တန်းက စည်းစိမ်နဲ့ ဂုဏ်သိန်နဲ့ နာမည်ကြီးပြီးတော့နေတဲ့ အဲဒီလို အထက်တန်းကျတဲ့ အထူးအားဖြင့် အစိုးရပိုင်း ဘာပိုင်း ဒီလိုဟာတွေက တစ်မျိုးရှိတယ်၊ မြို့မှာလည်း ဒီလိုမျိုးမျိုးရှိတာပဲ။

အဲဒါလိုပဲ ဟိုမှာ ဖြဟ္မာက သုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးက ဘာဖြစ်လို့ ဒီလို ကွဲလဲဆိုလို့ရှိရင် မိမိတို့ပွားများလာတဲ့စျာန်တရားကို စွဲလာလို့၊ ပထမအားထုတ် စဉ်ကတည်းက ဆန္ဒ ဝီရိယ စိတ် ပညာ ဒီတရားတွေက ခပ်လျော့လျော့နေတယ်၊ သူဥစ္စာ စျာန်ရရုံလောက်ပဲ၊ လျော့လျော့ရဲရဲနဲ့ မထက်သန်ဘူးပေါ့လေ၊ အောက်တန်းကျတဲ့ဟာတွေနဲ့ အားထုတ်တယ်၊ အဲဒီစျာန်က အကျိုးပေးတဲ့အခါ ညံ့ညံ့ပဲ အကျိုးပေးတယ်။ အလတ်တန်းစားဖြစ်တဲ့ ဆန္ဒ ဝီရိယ စိတ် ဝီမံသ ဆိုတဲ့ တရားတွေနဲ့ အားထုတ်လာလို့ ရှိရင်တော့ အလတ်တန်းစား ဖြဟ္မာဖြစ်တယ်၊ အထက်တန်းစား ထက်ထက်သန်သန် ဆန္ဒ ဝီရိယ စိတ် ပညာနဲ့ ပြင်းပြင်းထန်ထန် အားထုတ်လာတဲ့ပုဂ္ဂိုလ်ကျတော့ အထက်တန်းစား အမြတ်ဆုံး မဟာဖြဟ္မာ ဖြစ်တယ်တဲ့၊ ဒါကြောင့် ဖြဟ္မာက သုံးမျိုးဖြစ်တယ်၊ ဒါကတော့ ရူပါဝစရစျာန်ကနေပြီး ဖြစ်တာပါ။

စလောကုတ္တရောစျာန်

လောကုတ္တရာစျာန်ကတော့ သောတာပတ္တိမဂ်မှာလည်းပဲ ပထမစျာန် ရှိတယ်၊ သကဒါဂါမိမဂ်မှာလည်း ရှိတယ်၊ အနာဂါမိမဂ်မှာလည်း ရှိတယ်၊ အရဟတ္တမဂ်မှာလည်း ရှိတယ်၊ စျာန်မရဘဲနဲ့ တရားအားထုတ်ပြီးတော့ အရိယမဂ်

http://www.dhammadownload.com

ရောက်သွားရင် ပထမစျာန်ရောက်တာပဲ၊ ဒါ ပထမစျာန်ပဲ၊ စျာန်ရပြီး အားထုတ်လို့ ရှိရင်တော့ အဲဒီပထမစျာန်အခြေခံပြုပြီး အားထုတ်တာ ရှိတယ်၊ ဒုတိယစျာန် အခြေခံပြီး အားထုတ်တာ ရှိတယ်၊ တတိယစျာန်အခြေခံပြုပြီး အားထုတ်တာ ရှိတယ်၊ စတုတ္ထစျာန်အခြေခံပြုပြီးတော့ အားထုတ်တာ ရှိတယ်၊ အဲဒီအခြေခံစျာန် အားလျော်စွာ တိုမှာလည်းပဲ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဒီလိုဖြစ်သွားတာတိုး။

အဲဒါ အခြေခံစျာန်ရယ်လို့ ဘာမှအထူးတော့မရှိဘူး၊ ဝိပဿနာ ဒီအတိုင်း သက်သက်သွားလို့ သောတာပတ္တိမဂ်ရောက်သွားတယ်ဆိုရင် အဲဒီသောတာပတ္တိ မဂ်က ပထမစျာန်၊ သောတာပတ္တိဖိုလ်ကလည်း ပထမစျာန်ပဲ၊ အဲဒီတော့ မဂ်စျာန် ဖိုလ်စျာန် လောကုတ္တရာစျာန်တွေ၊ အဲဒီ ပထမစျာန်တွေကို ရောက်ပြီးတော့ သွားတယ်၊ အဲဒီပထမစျာန်တွေရည်ပြီးတော့ ဟောထားတယ်၊ "ပထမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ" လောကီစျာန် လောကုတ္တရာစျာန် ပထမစျာန်၊ အဲဒီလောကီ စျာန် လောကုတ္တရာစျာန်တို့၏ ရှေ့အဖို့က ကာမာဝစရ ဥပစာရသမာဓိစျာန်တွေ လည်း ရှိတယ်၊ အဲဒီဟာတွေလဲ ဒီထဲမှာ ပါသွားတယ်၊ ပထမစျာန်ထဲ ပါသွားတယ်။

သမာဓိ ဆုံးမျိုး

သမာဓိသုံးမျိုးကို ခွဲတဲ့အခါမှာ ပထမစျာန်ထဲ ထည့်ယူရတယ်၊ သဝိတက္က သဝိစာရ သမာဓိ၊ အဝိတက္က ဝိစာရမတ္တ သမာဓိ၊ အဝိတက္က အဝိစာရ သမာဓိလို့ (၃)မျိုးကို ဝိသုဒ္ဓိမဂ်က ခွဲပြထားတယ်၊ ဝိတက်ဝိစာရနှစ်ပါးလုံးရှိတဲ့ သမာဓိတဲ့၊ ပထမစျာန်သမာဓိပဲ၊ သူတွင်လားဆိုတော့ မဟုတ်ဘူး၊ "သဒ္ဓိ ဥပစာရေန"တဲ့၊ ဥပစာရသမာဓိနှင့်တကွ ယူရမယ်တဲ့၊ ဥပစာရသမာဓိလဲ အတူတူပဲ၊ ပထမစျာန် သမာဓိနဲ့ မထူးဘူးတဲ့၊ ဝိတက် ဝိစာရနှစ်ပါးလုံးရှိတဲ့ သဝိတက္က သဝိစာရသမာဓိ၊ ဥပစာရသမာဓိက ဘယ်ဥပစာရတုံးဆိုတော့ အားလုံးသောစျာန်တွေရဲ့ ရှေ့အဖို့က ဖြစ်တဲ့ဥပစာရစျာန်ပဲတဲ့၊ အကုန်လုံး ယူရမယ်၊ အဲဒီ ဥပစာရကတော့ စျာန်တွေနား၊ အနီးအကပ်ဖြစ်တဲ့ ဥပစာရလည်း ရှိတယ်၊ ဝိပဿနာအခြေခံအဖြစ်နဲ့ အားထုတ်တဲ့ ဥပစာရတွေလည်း ရှိတယ်၊ ဝိပဿနာစိတ္တုပ္ပါဒ်အထဲ ပါဝင်တဲ့ ဥပစာရတွေပဲ၊ ဥပစာရသမာဓိတွေပဲ၊ အကုန်လုံး ရပါတယ်။

http://www.dhammadownload.com

"ပထမံ ဈာနံ ဥပသမ္ပဒွ ဝိဟရတိ" ဆိုတဲ့ ပါဠိတော်အရ ပထမ ဈာန်ကစပြီး ဟောသွားတာတွေ သမာဓိမဂ္ဂင်တရားပဲ၊ ဝိပဿနာမဂ္ဂင်က ဘယ်ထဲထည့်ရမလဲလို့ ဒီလိုစဉ်းစားစရာ ရှိတာကိုး၊ အဲဒီတော့ ဒီပထမဈာန်ထဲ ထည့်ရမှာပဲ၊ ပထမဈာန်နဲ့ အတူတူပါပဲ၊ သဝိတက္ကသဝိစာရသမာဓိထဲ သူက ပါသွားတယ်၊ ပထမဈာန်သမာဓိ ပထမ ဈာန်ရဲ့ ရှေးအဖို့က ဥပစာရသမာဓိ၊ ပထမဈာန်ဖြစ်ဖြစ် ဈာန်တွေ အကုန်လုံးပေါ့ လေ၊ ဈာန်တွေအားလုံးရဲ့ ရှေးအဖို့က ဥပစာရသမာဓိ၊ ဒါက သဝိတက္က သဝိစာရ သမာဓိ ခေါ်တယ်၊ ဝိပဿနာရဲ့ဥပစာရသမာဓိ ဝိပဿနာသမာဓိ၊ ဒါတွေ ကလည်း ဥပစာရသမာဓိထဲ ဝင်နေတယ်၊ ဒီဥစ္စာတွေကို သဝိတက္က သဝိစာရ သမာဓိထဲမှာ ထည့်ရမယ်၊ ပထမဈာန်သမာဓိနဲ့ အတူတူပဲ။

ဒီတော့ သမ္မာသမာဓိမဂ္ဂင်ဆိုတဲ့ အဓိပ္ပါယ်ကို နည်းနည်းနားလည်အောင်လို့ ခုပြောနေတယ်၊ သမ္မာသမာဓိမဂ္ဂင်ဈာန်တွေက အမှန်အားဖြင့် လောကီတရားတွေပဲ၊ မဂ္ဂင် (၈)ပါးနဲ့ သူက တခြားစီ၊ အရိယမဂ္ဂင် (၈)ပါးတရားက မဂ္ဂင်စိတ္တုပ္ပါဒ်ထဲမှာ ပါဝင်တယ်၊ ပြီးတော့ မဂ်ရဲ့ရှေ့အဖို့ကနေပြီး ဝိပဿနာ စိတ္တုပ္ပါဒ်ထဲမှာ ပါဝင်တယ်၊ အခုဟာ ဈာန်ဆိုတော့ အဲဒီမဂ္ဂင်တွေနဲ့ တခြားစီလို ဖြစ်နေတယ်၊ သူက တခြားစီ မဟုတ်ဘူး ဒီဈာန်ကလည်းပဲ လောကုတ္တရာဈာန် ဆိုရင်ဖြင့်၊ အရိယမဂ်ဈာန်တွေပဲ၊ ဒီတော့ လောကီမဂ်ဈာန်ဆိုလို့ရှိရင်တော့ အခြေခံထဲကယူပေါ့၊ ဒါကတော့ ဝိပဿနာဈာန်နဲ့အခြေခံ ဥပစာရဈာန်ဆိုလို့ရှိရင်တော့ ဝိပဿနာစိတ္တုပ္ပါဒ်ထဲ ပါတဲ့ဈာန်ပေါ့၊ ဒါ ပထမဈာန်နဲ့ တူတယ်၊ သဝိတက္က သဝိစာရသမာဓိဈာန်ပဲလို့ ဒီလိုယူရမယ်၊ အဲဒီမှာ ဒီဈာန်က ဘယ်လိုသဘောရှိသလဲ ဆိုလို့ရှိရင် -

ကာမမှ ကင်းဆိတ်လျှင် ဈာန်ရခြင်း

ဝိဝိစ္စေဝ ကာမေဟိ၊ ကာမေဟိ-ဝတ္ထုကာမကိလေသာမတို့မှ၊ ဝိဝိစ္စေဝ-ကင်း၍သာလျှင်၊ ဒီဈာန်ဖြစ်လို့ရှိရင် ဘယ့်နဲ့လုပ်ဖြစ်တုံးဆိုတော့ ဝတ္ထုကာမကိလေသာကာမတွေကင်းမှ ဖြစ်တယ်တဲ့၊ ဝတ္ထုကာမတွေကိုအာရုံပြုနေတာက ကိလေသာ၊ ကာမဝတ္ထုကာမအာရုံပြုနေတယ်ဆိုရင် ကိလေသာကာမလည်း ပါနေတာပဲ၊ ကိလေသာကာမဖြစ်နေတယ်ဆိုရင်လည်း ဝတ္ထုကာမ သူမှာ ရှိနေတာပဲ၊ တကယ်မြင်တွေ့ ပြီးတော့ သုံးဆောင်နေတာတွေပဲ ဖြစ်ဖြစ်၊ မမြင်မတွေ့

http://www.dhammadownload.com

ဘဲနဲ့ စိတ်ကူးထဲက နေပြီး စိတ်ကူးပြီး သုံးဆောင်နေတာတွေလည်း ရှိသေးတာကို၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ်ပေါ့လေ၊ မြင်လို့ဖြစ်စေ၊ ကြားလို့ဖြစ်စေ၊ တွေ့လို့ဖြစ်စေ၊ တကယ့်ကို ခံစားနေလို့ဖြစ်စေ၊ (သို့မဟုတ်) စိတ်ကူးနဲ့ စဉ်းစားပြီးတော့ဖြစ်စေ၊ ကာမအာရုံတွေဆီကို စိတ်ရောက်ပြီးတော့ ခံစားနေလို့ရှိရင် အဲဒါ ကိလေသာကာမတွေ ဖြစ်နေတယ်။

ကိလေသာကာမဖြစ်ရင် ဝတ္ထုကာမတွေ သူ့ရှိနေတာပဲ၊ ကိုယ့်အနီးအပါးမှာလည်း ရှိရင်ရှိမယ်၊ အနီးအပါးမရှိလည်းပဲ စိတ်ကူးနဲ့ အဝေးကြီးလည်း စိတ်ကူးလို့ ရတာပဲ၊ တစ်နေ့တုန်းက ပြောခဲ့တဲ့အတိုင်း "ဒုရင်္မံ-ဝေးသောအာရုံလည်း သွားတယ်"ဆိုတာကို ကိလေသာကာမရှိနေမှတော့ ဝတ္ထုကာမတွေ ကိုယ်ရှိချင်ရှိ၊ မရှိချင်နေ၊ စိတ်ကူးထဲမှာ ပေါ်နေတာပဲ၊ ရောက်နေတာပဲ၊ စိတ်ကူးတိုင်း စိတ်ကူးတိုင်း ကာမဂုဏ်အာရုံတွေ စိတ်ကူးတိုင်း ရနေတယ်၊ ဒါတွေနဲ့ စဉ်းစားပြီး စိတ်ကူးကောင်းပြီးတော့ စဉ်းစားမျော်နေတာ ရှိသေးတာကို၊ အဲဒါတွေ ကင်းရမယ်တဲ့၊ ဒါအရေးကြီးတယ်။

"ကာမေဟိ-ဝတ္ထုကာမ-ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းဆိတ်၍ သာလျှင်" အဲဒါတွေ ကင်းရမယ်တဲ့၊ ဒါတွေ မကင်းသေးလို့ရှိရင် ဈာန်မရောက်ဘူး၊ ရူပါဝစရဈာန်မပြောနဲ့ ဥပစာရဈာန်တောင် မရောက်သေးဘူး၊ ဒါတွေ ကင်းရမှာ ဥပစာရဈာန်ရောက်တဲ့အခါ ဒါတွေ ကင်းနေရတယ်၊ ဒါတွေပေါ်လာတဲ့အခါကျ လို့ရှိရင် အဲဒီကာမအာရုံတွေ ကြဲစည်စိတ်တွေ ပေါ်လာလို့ရှိရင် အဲဒီစိတ်တွေပေါ်လာတဲ့ အချိန်အခါကာလမှာ ဥပစာရဈာန်တောင် မရှိဘူး၊ ပျက်တယ်၊ အဲဒါတွေ ကင်းဆိတ်ပြီးတော့ နေတဲ့အခါကာလမှာ ဥပစာရဈာန်တွေ ဖြစ်နေတယ်။

ကာမကင်းစေအောင် တရားအားထုတ်ခြင်း

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ ရှုတိုင်း ရှုတိုင်း ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် မှတ်ပြီးတော့ နေတယ်၊ တစ်ခါတစ်ရံ ကြားထဲမှာ ထွက်ပြီးတော့ ကာမအာရုံတွေ ကြုံတာ ရှိဦးမှာကိုး၊ ကိုယ်သွားနေကျ၊ လုပ်နေကျ၊ ကိုင်နေကျ၊ စဉ်းစားနေကျ၊ ပြောဆိုနေကျ စိတ်ကူးတွေ ဘာတွေလျှောက်ဝင်လာတာရှိဦးမှာကိုး၊ သာယာနှစ်သက်ပြီး သဘောကျနေတာတွေ၊ တောင့်တနေတာတွေ၊ မျှော်လင့်နေ

http://www.dhammadownload.com

တာတွေ ဒီကြားထဲပေါ်ဦးမယ်၊ ရှေ့ရေးနောက်ရေးတွေ တွေးပြီးသကာလ ကြီးပွားချမ်းသာရေး ကောင်းစားရေးတွေ ပေါ်ဦးမယ်၊ အဲဒါတွေက ကိလေသာကာမတွေဖြစ်လာတာ၊ အဲဒါ ကိလေသာကာမ ဝတ္ထုကာမတွေပဲ၊ မကင်းမဆိတ်ပဲဖြစ်နေတာ၊ ကမ္ဘဋ္ဌာန်းကျောင်းထဲ ဝင်နေပေမယ်လို့ ဟိုမှာ စိတ်က မကင်းဘဲ နေတယ်၊ ကိလေသာကာမတွေ မကင်းဘူး၊ အာရုံကလည်းပဲ ကိလေသာကာမအာရုံတွေကိုယ့်နားသာ မရှိတာကိုး၊ အဝေးမှာ စိတ်ကူးထဲတော့ သူက ရှိနေတယ်၊ အဲဒါ မကင်းဘူး၊ စိတ်ကူးအာရုံတွေကလည်းရှိ၊ ကိလေသာကာမ ဝတ္ထုကာမတွေက လည်း ရှိ၊ သူမှာ မကင်းဘဲဖြစ်နေတယ်၊ ဒါတွေ ကင်းအောင် အားထုတ်ရမှာ။

အဲဒီဟာတွေ ပေါ်လာတဲ့အခါ ကင်းအောင် ဘယ့်နယ်လုပ်ရမလဲ ဆိုတော့ ဒီမှာ ရှုမှတ်လိုက်ရုံပါပဲ၊ သူက လွယ်လွယ်ပဲ၊ စိတ်ကူးဖြစ်ရင် မှတ်လိုက်ရုံပဲ၊ လိုချင်တာလေး ပေါ်လာရင်လဲ လိုချင်တာ မှတ်လိုက်၊ နှစ်သက်တာပေါ်လာရင် နှစ်သက်တယ်၊ မျှော်လင့်တာ တောင့်တတာ ပေါ်တာလေးတွေ ရှုမှတ်ပြီးတော့ ပယ်လိုက်ရုံပဲ၊ ပယ်ပါမျှားတဲ့အခါကျတော့ အဲဒီလို စိတ်တွေဆီ မသွားဘူး၊ ရှုရာရှုရာအာရုံလေးတွေဆီပဲ စိတ်ကလေးက တည်နေတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ဒါလေးပဲ ကစ်ခါတည်း သူ့အာရုံနဲ့သူ အဲဒီလို ရှုပြီးတော့ သွားနေတယ်။

ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းရှင်သာလျှင်၊ ဝတ္ထုအာရုံဖြစ်တဲ့ ကာမဂုဏ်အာရုံတွေ-တဲ့၊ အဆင်းအာရုံတွေ၊ အသံအာရုံတွေ၊ အနံ့အာရုံတွေ၊ အရသာအာရုံတွေ၊ အတွေ့အထိအာရုံတွေ၊ အဆင်းနဲ့ပတ်သက်တဲ့ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါအာရုံတွေ၊ အသံနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ် သတ္တဝါအာရုံတွေ၊ အနံ့နဲ့, အရသာနဲ့, အတွေ့အထိနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ် သတ္တဝါအာရုံတွေဟာ ကာမဂုဏ်အာရုံတွေပါပဲ၊ အဆင်းလေး သက်သက်တင်မဟုတ်ဘူး၊ အထည်ဝတ္ထုကြီးပါ တစ်ခါတည်း လူပုဂ္ဂိုလ်တစ်ကိုယ်လုံးပါ အထည်ဝတ္ထုကြီး တစ်ခုလုံးဆိုတာ ကာမဂုဏ်ဝတ္ထုတွေလို့ ခေါ်တယ်၊ လိုချင်နှစ်သက်စရာ ဝတ္ထုတွေဟူသမျှ အကုန်လုံး ကာမဂုဏ်အာရုံတွေ ခေါ်တယ်၊ အဲဒီကာမဂုဏ်ဝတ္ထုတွေမှ လည်း ကင်းပြီးတော့ နေရမယ်တဲ့၊ ဒီကာမဂုဏ်ဝတ္ထုတွေကို အာရုံပြုပြီးတော့ နေတဲ့ ကိလေသာအာရုံတွေ ကင်းရမယ်တဲ့၊ အဲဒီလို ကင်းအောင်လို့လည်း ဒါရှုနေရတာကိုး။

http://www.dhammadownload.com

ဝိပဿနာအားဖြင့် ရှုနေရတယ်၊ စွာန်ရှုတဲ့ပုဂ္ဂိုလ်တွေလည်း ကသိုဏ်းအစ ရှိသော အာရုံထဲမှာ စိတ်ကလေးတည်နေအောင် အားထုတ်ရတယ်၊ ဒီလိုအားထုတ်နေရင် သူလည်း သွားမှာပဲ၊ သူကလည်း ဒီကာမအာရုံတွေဆီ သွားမှာပဲ၊ အဲဒါ ကိလေသာကာမ ဝတ္ထုကာမတွေမကင်းဘဲ ဖြစ်နေတာ၊ ထွက်သက် ဝင်သက် ရှုနေတဲ့ပုဂ္ဂိုလ်ကလည်း သမထကမ္မဋ္ဌာန်း ထွက်သက်ဝင်သက်ရှုနေရတယ်၊ ထွက်တိုင်း ဝင်တိုင်း ရှုနေရတယ်၊ ဒီအတွင်း အဲဒီလို ရှုနေရင် သူသွားမှာပဲ၊ ကာမအာရုံတွေဆီ သွားလို့ရှိရင် အဲဒါ ကိလေသာကာမ ဝတ္ထုကာမတွေမှ မကင်းဆိတ်ဘဲ ဖြစ်နေတယ်၊ အဲဒါတွေ ကင်းဆိတ်နေနိုင်အောင်ကို အားထုတ်ရမယ်၊ ဒါတွေ လုံးလုံးကိုမဖြစ်အောင် ငြိမ်ဆိတ်ပြီးတော့ သွားအောင် အားထုတ်ရမယ်၊ ညအခါ ကာလ လူခြေတိတ် အသံတွေတိတ်၊ အကုန်လုံး လူတွေ အိပ်ပြီးတော့ နေတဲ့ အခါမှာ အသံမကြားဘဲ ဆိတ်နေသလိုပဲ၊ စိတ်သန္တာန်မှာ ဝတ္ထုအာရုံတွေ ကာမဂုဏ်အာရုံတွေ စိတ်ထဲမှာ ပေါ်မလာရဘူး၊ ကာမဂုဏ်အာရုံတွေဆီ ရောက်သွားတဲ့ စိတ်ကူးတွေလည်း မရှိရဘူး။

စိတ်တွေ တစ်ခါတည်း ကင်းဆိတ်ပြီး ဘာတွေရှိနေတုံးဆိုတော့ မှတ်တဲ့ စိတ်ကလေးတစ်ခုထဲပဲ၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် မှတ်တဲ့စိတ်၊ ထွက်သက်ဝင်သက် မှတ်တဲ့ပုဂ္ဂိုလ်ဆိုရင် ထွက်သက်၊ ဝင်သက်ကလေး တင်ပဲဖြစ်တယ်၊ ပထဝီကသိုဏ်းမှတ်နေရင်လည်း အဲဒီပထဝီကသိုဏ်းတင်ပဲ ဖြစ်တယ်၊ ဒီပြင် ကမ္မဋ္ဌာန်းတွေလည်း ရှိပါတယ်၊ အဲဒီလို ရှုရာ ရှုရာအာရုံကလေးမှာပဲ၊ စိတ်ကလေးသက်ဝင်ပြီးတော့ ကာမဂုဏ်အာရုံစိတ်တွေ အကုန်လုံး ကင်းဆိတ်ပြီးတော့ နေရမယ်တဲ့၊ ဒါက အဂ်ါတစ်ခုကိုး။

ကာမေဟိ-ဝတ္ထုအာရုံ ကာမဂုဏ်တို့မှ၊ ကာမေဟိ-ဝတ္ထုကာမကိလေသာ ကာမတို့မှ၊ ဝိဝိစ္စေဝ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်။

ဗျာပါဒ ဆေးကင်းစေကာင်း ရှုမှတ်ပုံနည်း

အကုသိုလ်တရားတွေ ကင်းရမယ်တဲ့၊ ဘာတွေလဲဆိုရင် ကျန်တဲ့နီဝရဏ တရားတွေတဲ့၊ သူက ကိလေသာကာမကပါသွားတော့ ကာမစ္ဆန္ဒပါသွားတယ်၊ ကာမစ္ဆန္ဒပါသွားတော့ ဘာတွေကျန်တုန်းဆိုရင် ဗျာပါဒကျန်တယ်၊ ထိနမိဒ္ဓကျန်တယ်၊

http://www.dhammadownload.com

ဥဒ္ဓစ္စကုက္ကုစ္စကျန်တယ်၊ ဝိစိကိစ္ဆာကျန်တယ်၊ လေးခုသော နိဝရဏာ အကုသိုလ်တရားတွေ ကင်းရမယ်တဲ့။

ဗျာပါဒစိတ်ဆိုး စိတ်ပျက်မှုတွေ ကင်းရမယ်တဲ့၊ ကသိဏ်း အစရှိသော သမထကမ္မဋ္ဌာန်းအာရုံပြုနေတဲ့ပုဂ္ဂိုလ်လည်း တစ်ခါတစ်ခါ စိတ်ဆိုးတဲ့စိတ်တွေ ဝင်လာတာပဲ၊ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်တွေ ဖောင်းတယ်၊ ပိန်တယ်မှတ်နေရင်းလည်း ဒီစိတ်ဆိုးတာ စိတ်ပျက်တာတွေ ဝင်လာတာပဲ၊ ဝင်လာရင် ဒါလေး ရှုမှတ်ပြီးတော့ ပယ်ရမယ်၊ ဒီလိုကင်းအောင် အားထုတ်ရမယ်၊ ထိနမိဒ္ဓ-ထိုင်းမှိုင်းပျင်းရိတာတဲ့၊ ဒီလိုရှုမှတ်နေရင်း ပျင်းရိလာတာလည်း ရှိတာပဲ၊ အဲဒါတွေကို ရှုမှတ်ပြီးတော့ ပယ်ရမယ်၊ ဥဒ္ဓစ္စကုက္ကုစ္စ-စိတ်ပျံ့လွင့်တာ-တဲ့၊ ဟိုရောက်ဒီရောက် ရောက်သွားတဲ့ ပူပန်လိုက်တဲ့ စိတ်ကလေးတွေ ရှုမှတ်ပြီးတော့ ပယ်ရမယ်၊ ဝိစိကိစ္ဆာ-တဲ့၊ ယုံမှားမှု ဟုတ်မှဟုတ်ပဲ့ါမလား၊ ဖြစ်မှဖြစ်ပဲ့ါမလား၊ မှန်မှ မှန်ပဲ့ါမလား စသည်ဖြင့် တွေးတောပြီးတော့ ယုံမှားမှုတွေလည်း ရှုမှတ်ပြီးတော့ ပယ်ရမှာပဲ၊ ရှုမှတ်ပြီးတော့ ပယ်တော့ ဒါတွေအကုန်လုံးငြိမ်းသွားတာပဲ။

ဈာန်အားထုတ်တဲ့ပုဂ္ဂိုလ်ဆိုရင်တော့ သမထအာရုံမှာ စိတ်ကလေးတည်ပြီးတော့ ဒီပြင်ဘယ်မှမသွားဘဲနဲ့ ရှုတဲ့စိတ်ကလေးတစ်ခုထဲ တည်ရမှာကိုး၊ ဝိပဿနာကတော့ ဝိပဿနာအာရုံမှာ စိတ်ကလေးတစ်ခုပဲ တည်ရမယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ဒွါရ (၆)ပါးက ပေါ်ရာပေါ်ရာ ရုပ်နာမ်တွေမှာ ရှုရှုရှုလေး တည်ရမှာကိုး။

အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧေ-ကင်းဆိတ်၍ သာလျှင်၊ သဝိတက္ကံ-ဝိတက်နှင့်တကွဖြစ်သော၊ သဝိတက္ကံ-ကြံစည်မှုလည်းရှိသော၊ သဝိစာရံ-ဝိစာရနှင့်တကွဖြစ်သော၊ သဝိစာရံ-စဉ်းစားဆင်ခြင်မှုလည်းရှိသော လို့ ဆိုတယ်၊

ဝိတက် ဝိစာရ

ဝိတက်၊ ဝိစာရဆိုတဲ့ ကြံစည် စဉ်းစားမှုတော့ ရှိတယ်တဲ့၊ ဒီဈာန်က သိပ်မတည်ငြိမ်သေးဘူး၊ စခါစတော့ အာရုံထဲ စိတ်တည်အောင်ဟာ အားထုတ်နေရတော့ အစတော့ ဒီအာရုံပေါ်အောင်လို့လည်း ကြံစည်ရတယ်၊ ဒီအာရုံကို စဉ်းစားမှုလေးကလည်း ရှိရတယ်၊ အဲဒါလေး ကြံစည်မှု စဉ်းစားမှုလေး ထင်ရှားနေ

http://www.dhammadownload.com

တယ်တဲ့၊ ဒီမှာ - ဝိဝေကဇံ-နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ-ပီတိသုခရှိသော၊

ပီတိဆုံး

နိဝရဏတွေကင်းလို့ ပီတိသုခတွေ ဖြစ်တယ်တဲ့၊ ပီတိဆိုတာဟာ အကုသိုလ် ပီတိလည်း ရှိတာပဲ၊ ကိုယ်လိုချင်တဲ့ဥစ္စာတွေရတော့ လောဘနဲ့ပီတိတွေ ဖြစ်တာ ရှိတာပေါ့၊ ကိုယ်ခင်မင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်လေးတွေ တွေ့ရရင် သားလေး သမီးလေး ချစ်ခင်ရင်းနှီးတဲ့ပုဂ္ဂိုလ်၊ အဲဒါလေး ပြုံးပြုံးရီရီနဲ့ တွေ့လိုက်ရလို့ရှိရင် စိတ်ထဲမှာ တစ်ခါတည်း ပီတိဖြစ်သွားတာကို၊ အလုပ်အကိုင်တွေ ထမြောက်အောင်မြင်လို့ ရှိရင် စိတ်ထဲမှာ ပီတိဖြစ်သွားတယ်၊ သဘောကျသွားတယ်၊ လူငယ်လည်း လူငယ် အလိုက်၊ လူကြီးလည်း လူကြီးအလိုက်၊ ကိုယ်လိုချင်တာလေးတွေ ရလို့ရှိရင် စိတ် ထဲမှာ နှစ်သိမ့်အားရ သဘောကျပြီးတော့ နေတာ ပီတိခေါ်တယ်၊ ဒါက လောဘနဲ့ ဖြစ်တဲ့ ပီတိတွေ၊ ဒါကတော့ မဆန်းကြယ်ပါဘူး။

နိဝရဏပီတိ

အခုတရားအားထုတ်ရင်း ပီတိတွေ ဖြစ်လာတယ်၊ သမထဈာန်တွေ အားထုတ်တဲ့ ပုဂ္ဂိုလ်ကလည်း သူအာရုံလေးနဲ့သူ တည်ပြီးတော့နေတော့ သူအာရုံနဲ့သူ နှစ်သိမ့်ပြီးအားရပြီးတော့ ပီတိတွေ ဖြိုးဖြိုးဖျင်းဖျင်းနဲ့ဖြစ်နေတယ်၊ အဲဒီတော့ ဝိပဿနာအားထုတ်တဲ့ပုဂ္ဂိုလ်တွေကလည်း ပီတိတွေဖြစ်တယ်၊ ပီတိတွေ၊ ဒီမှာလည်း ပီတိတွေဟာ ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်နေရင်းနဲ့ တစ်ခါတည်း ဖြိုးဖြိုးဖျင်းဖျင်းနဲ့ တစ်ကိုယ်လုံး နှစ်သိမ့်အားရမှု ပီတိတွေ ပြန့်ပြီးတော့ နေကောင်းထိုင်ကောင်းတွေ ဖြစ်လာတယ်။

ပီတိငါးမျိုး

ပီတိငါးမျိုးရှိတယ်၊ တစ်နေ့ကလည်း တစ်ခါပြောပြီးပြီ။

(၁) ခုဒ္ဒကာပီတိ၊
(၂) ခဏိကာ ပီတိ၊
(၃) ဩက္ကန္တိကာ ပီတိ၊
(၄) ဥဗ္ဗေဂါ ပီတိ၊
(၅) ဖရဏာ ပီတိ၊

http://www.dhammadownload.com

ခုဒွိကာ ပီတိ-ဆိုတာ တစ်ခါလောက် နှစ်သိမ့်အားရမှုတွေ ဖြိုးဖြိုးဖျင်းဖျင်း ဖြစ်ပြီး ပျောက်သွားတယ်။

ခဏိကာပီတိ-တဲ့၊ နှစ်ကြိမ်သုံးကြိမ်ဆက်ပြီးတော့ ဖြစ်ပြီးပျောက်သွားတယ်၊ ခဏခဏ ဆင့်ကာဆင့်ကာဖြစ်တယ်။

ဩက္ကန္တိကာ ပီတိ-တဲ့၊ ကိုယ်ထဲမှာ လှိုက်လဲ့သက်ဝင်ပြီးတော့ ဖြစ်လာတယ်၊ လှိုက်လှိုက်လဲ့လဲ့ တစ်ခါတည်း ပယ်လယ်ရေလှိုင်းများလိုပဲတဲ့၊ သူက ပင်လယ်ရေလှိုင်းကြီးတွေများ လိမ့်လိမ့် လိမ့်လိမ့်နဲ့ လာတာ၊ ဒါတော့ ပင်လယ်ရေလှိုင်းကြည့်ဘူးမှလည်း သိမယ်၊ ကြောက်စရာ အင်မတန်ကောင်းတယ်၊ ကိုယ့်အပေါ် တစ်ခါတည်း တက်လာတော့မလိုပဲ၊ အလုံးကြီးလိမ့်လာသလိုပဲ၊ ကမ်းနားလဲ ရောက်ရော သဉ္ဇစွာ ဘာမှလည်း မဟုတ်ဘူး၊ ပြားပြီးတော့ ပျောက်သွားတယ်၊ အဲဒါလိုပဲ၊ ဒီပီတိကလည်းပဲ ဖြိုးဖြိုးဖျင်းဖျင်း စိမ့်စိမ့်စိမ့်စိမ့် ငြိမ့်ငြိမ့်- ငြိမ့်ငြိမ့်နဲ့ တစ်ကိုယ်လုံးဖြစ်လာလိုက်တာ၊ ခြေထောက်ကနေပြီးတော့ တက်လိုက်တာ၊ ဘာ ဖြစ်တော့ မလိုလိုနဲ့ ဆိုးတော့ မဆိုးပါဘူး၊ သူဟာ အတိုင်းမသိ ဖြစ်လာတယ်၊ နေထိုင်ကောင်းတဲ့ဥစ္စာပါပဲ၊ ကိုယ်တစ်ကိုယ်လုံးလည်း ပြည့်သွားရော သူက ပျောက်သွားတယ်၊ တစ်ခါတစ်ရံ အထက်ခေါင်းကနေပြီး ဆင်းလာတယ်၊ ဖျင်းဖျင်းဖျင်းဖျင်းနဲ့ ကိုယ်တစ်ကိုယ်လုံးပြည့်ပြီး ပျောက်သွားတယ်၊ အဲဒီလို အတိုင်းမသိ အကြီးအကျယ် ပီတိတွေ ဖြစ်လာတယ်တဲ့၊ ဝမ်းမြောက်မှုတွေပါပဲ၊ ဝမ်းမြောက်မှုတွေကို "ဩက္ကန္တိကာပီတိ"လို့ ခေါ်တယ်။

ဥဗ္ဗေဂါ ပီတိ ဆိုတာ ရှိတယ်၊ ဥဗ္ဗေဂါ ပီတိ ဆိုတာကတော့ ကိုယ်ကို ကြွတက်စေတတ်တယ်၊ မြင့်သွားစေတတ်တယ်၊ လွင့်စင်သွားစေတတ်တယ်၊ လှုပ်ရမ်းနေစေတတ်တယ်၊ သွက်သွက်ခါသွားစေတတ်တယ်၊ လှုပ်ရှားစေတတ်တဲ့ သဘောရှိတယ်။

ဖရဏာ ပီတိ ဆိုတာ တစ်ကိုယ်လုံး ပြန့်နှံ့ပြီးတော့ ပြည့်ပြီးတော့ တစ်ခါတည်း လှုပ်ကို မလှုပ်ချင်လောက်အောင် ငြိမ်ပြီးတော့, သိမ်မွေ့ပြီးတော့ အင်မတန် ကောင်းနေတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက ဒါတွေ တွေ့တာပဲ၊ ဒီဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေ သူနေရာကျတော့ သူတွေ့ပါတယ်၊ ဥဒယဗ္ဗယဉာဏ် အပိုင်းဆီမှာ အကြီးအကျယ်တွေ့တာပဲ၊ ဒီပီတိတွေ အင်မတန် သဘောကျစရာ

http://www.dhammadownload.com

ကောင်းတယ်၊ အင်မတန်ဝမ်းသာစရာကောင်းတယ်၊ ဘယ်တုံးကမှ မတွေ့ဘူး သေးတဲ့ ချမ်းသာအကောင်းဆုံးတွေပဲတဲ့၊ အင်မတန်ထူးတဲ့ တရားအရသာတွေ တွေ့တာပဲ။

အဲဒီ ပီတိလည်း ပါတယ်တဲ့၊ အခု ဒီစာနှစ်ထဲမှာ သုခဆိုတဲ့ စိတ်ရွှင်လန်း ချမ်းသာမှုလည်း ပါတယ်တဲ့၊ ဒီအချိန်မှာ စိတ်လည်း ရွှင်လန်းချမ်းသာပြီးတော့ နေတယ်တဲ့၊ ဝမ်းမြောက်ပြီး စိတ်ကလည်း ရွှင်လန်းဝမ်းမြောက်ပြီးတော့ နေ တယ်တဲ့၊ ဝမ်းမြောက်မှုနဲ့ ချမ်းသာမှုတွဲပြီးတော့ ဖြစ်နေတယ်၊ တွဲဖြစ်နေတော့ ဘယ်ဟာ ဝမ်းမြောက်တာ၊ ဘယ်ဟာ ချမ်းသာတာလို့ ခွဲလို့မရဘူး၊ သဘောအားဖြင့် တော့ သူတွဲဖြစ်နေတာပဲ။

လောကဥပမာအားဖြင့် ပြောရလို့ရှိရင် နှစ်သက်စရာ သာယာစရာ အာရုံ လေးကို ပထမ ရခါစမှာ ဝမ်းမြောက်တာ ထင်ရှားတယ်၊ ပီတိတွေ ထင်ရှားတယ်၊ နောက်ပြီးတော့ ဖါလေးသုံးဆောင်ရတဲ့အခါကျတော့ကို သုခက ထင်ရှားတယ်၊ ဥပမာ - စားစရာကောင်းကောင်းလေး ရလာတယ် ဆိုပါတော့ ရချင်နေတဲ့ စားစရာကောင်းကောင်းလေး မုန့်ဖြစ်ဖြစ်၊ ထမင်းဟင်းပဲဖြစ်ဖြစ်၊ သစ်သီးပဲ ဖြစ်ဖြစ်ပေါ့၊ ထူးထူးဆန်းဆန်းလေး ရလာတယ်ဆိုရင် ရရခြင်း ဝမ်းမြောက်တယ်၊ မခံစားရသေးဘူး၊ အဲဒီမှာ အရသာမခံစားရသေးဘူး၊ သို့သော်လည်းပဲ အဲဒီဝမ်း မြောက်တုန်းကတည်းက စိတ်ချမ်းသာမှုပါတော့ ပါနေတာပဲ၊ ပါသော်လည်း စိတ် ချမ်းသာမှုက ဒီလောက်မထင်ရှားဘူး၊ ဝမ်းမြောက်မှုက ထင်ရှားတယ်၊ နောက် စားလိုက်တဲ့အခါကျတော့မှ ဒီမှာ ချမ်းသာမှုတွေ ပေါ်လာတယ်၊ ဒီတော့ ဝမ်း မြောက်မှုက သိပ်မပေါ်တော့ဘူး၊ ဝမ်းမြောက်မှုက မထင်ရှားဘူး၊ ချမ်းသာမှုက ဒီမှာပေါ်တယ်၊ အဲဒီအခါတွေမှာ ဝမ်းမြောက်မှုနဲ့ ချမ်းသာမှုတွဲတယ်။

ပြီးတော့ နွေအခါကာလမှာ ခရီးသွားရတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ ပူပူအိုက် အိုက်နဲ့ ခရီးသွားရတယ်၊ ခရီးသွားတော့ ဘယ်လောက်ကျလို့ရှိရင်တော့ သစ်ပင် ရိပ်တွေ ဘာတွေ ကောင်းတယ်၊ ရေတွေ ဘာတွေလည်း အင်မတန်ကောင်းတယ်၊ ဒီလိုပြောဆိုတဲ့စကား ကြားရလို့ရှိရင် အဲဒီလိုကြားရတာနဲ့ ဒီမှာ ဝမ်းမြောက် သွားတယ်၊ ပီတိတွေ ထင်ရှားလာတယ်၊ သို့သော် သုခလည်း ပါတော့ပါတယ်၊ သို့ပေမယ်လို့ သုခကတော့ မထင်ရှားဘူး၊ ဒီမှာ ကိုယ်ပင်ပန်းတုန်း ဆင်းရဲတုန်း

http://www.dhammadownload.com

ရှိသေးတယ်၊ နောက် အဲဒီလမ်းစခန်းရောက်တဲ့အခါကျတော့ကို အေးမြတဲ့ သစ်ပင်ရိပ်မှာ ထိုင်လို့ဖြစ်စေ၊ လဲ့ပြီးတော့ အိပ်လို့ဖြစ်စေ၊ တစ်ခါတည်း ရေလေး ဘာလေး လည်း သောက်လို့ ချိုးလို့ ဖြစ်စေ၊ အဲဒီအခါ ချမ်းချမ်းသာသာနေရတယ်၊ အဲဒီမှာ သုခတွေက ထင်ရှားတယ်၊ ပီတိ ဝမ်းမြောက်တာက ဒီလောက်မထင်ရှားဘူး၊ အဲဒါလိုပဲ ပီတိနဲ့သုခက ဖြစ်ခါစ, ရခါစမှာ တိုယ်နှစ်သက်စရာ အာရုံတွေ ရခါစတွေမှာ ပီတိဝမ်းမြောက်မှုက ထင်ရှားတတ်တယ်၊ နောက်ပြီးတော့ တကယ် သုံးဆောင်ရတဲ့အခါကျတော့ သုခ ချမ်းသာက ထင်ရှားတယ်၊ ယခု ဈာန်စိတ်မှာတော့ ပီတိနဲ့သုခက တွဲပြီးတော့ ဖြစ်တယ်၊ ဝိပဿနာစိတ်မှာလည်း ပီတိနဲ့ သုခက တွဲဖြစ်နေတာ၊ ဥဒယဗ္ဗယညာဏ်ရောက်တဲ့အခါကျတော့ ခုနပြောတဲ့ ပီတိတွေ တစ်ကိုယ်လုံး ဖြိုးဖြိုးဖျင်းဖျင်းဖြစ်တယ်၊ စိတ်တွေကလည်း ရွှင်လန်းဝမ်းသာနေလိုက်တာ၊ အင်မတန်ကို ချမ်းသာနေတယ်၊ အင်မတန်ကောင်းနေတယ်၊ အဲဒါ ပီတိနဲ့သုခတွေတဲ့၊ တွဲပြီးတော့ ဒီဈာန်မှာ ဖြစ်နေတယ်။

သဝိတက္ကံ-ကြံစည်မှု ဝိတက်လည်း ရှိသော၊ သဝိစာရံ-စဉ်းစားဆင်ခြင်မှု ဝိစာရလည်း ရှိသော၊ ဝိဝေကဇံ-နိဝရဏကင်းဆိတ်ခြင်းကြောင့် ဖြစ်သော၊ ပီတိသုခံ-ပီတိ သုခလည်း ရှိသော။

အဲဒီ ပီတိသုခဟာ ဘာ့ကြောင့်ဖြစ်တာတုံးဆိုရင် နိဝရဏကင်းလို့ ဖြစ်တာတဲ့၊ အစတုန်းကတော့ တရားအားထုတ်ခါစပုဂ္ဂိုလ်တွေ ဟိုရောက်လိုက် ဒီရောက်လိုက်နဲ့ နိဝရဏတွေ ဖြစ်နေတာကိုး၊ ဟိုကာမအာရုံတွေ ကြံလိုက်၊ ဗျာပါဒ စိတ်ပျက်လိုက်၊ ထိနမိဒ္ဓကနေပြီးတော့ ပျင်းပျင်းရိရိနဲ့ဖြစ်လိုက်၊ ဥဒ္ဓစ္စကုက္ကုစ္စ,က စိတ်ပျံ့လွင့်လိုက်၊ ပူပင်လိုက်၊ ဝိစိကိစ္ဆာ,က ယုံမှားစဉ်းစားလိုက်၊ စဉ်းစားဆင်ခြင်တွေးတောပြီး ယုံမှားတွေဖြစ်လိုက်နဲ့ တရားက ကောင်းမှ မကောင်းပဲ၊ အဲဒါတွေ ဝင်နေသမျှ ကာလပတ်လုံး ဘယ်ပီတိဖြစ်လိမ့်မှာတုံး၊ တရားအရသာပီတိ မပေါ်သေးဘူး၊ နည်းနည်း ကိုယ်ထဲ စိတ်ထဲ ချမ်းသာမှုတွေ မပေါ်သေးဘူး။

အဲဒီဥစ္စာတွေလည်း ကင်းရော၊ တစ်ခါတည်း အမှတ်တွေ ကောင်းလာပြီဆိုတော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မှတ်စရာအာရုံလေးနဲ့ မှတ်သိမှုလေးနဲ့၊ မှတ်စရာအာရုံလေးနဲ့ မှတ်သိမှုလေးနဲ့ သူဟာသူ အံကျပြီးတော့ တစ်ခါတည်း တစ်မှတ်ပြီး တစ်မှတ် တစ်မှတ်ပြီး တစ်မှတ် စဉ်ပြီးတော့ သွားနေတဲ့

http://www.dhammadownload.com

အခါ သူ့အလိုလိုရောက်လာတာ၊ ကိုယ်က ခေါ်ယူရတာမဟုတ်ပါဘူး၊ သူ့ဟာသူ ဖြစ်လာတာ၊ အရောင်အလင်းတွေ ဘာတွေလည်း ပေါ်တတ်တယ်၊ ဒါတွေ ပေါ်ရင်းလည်း တစ်ခါတည်း ကိုယ်ထဲမှာ ဖြိုးဖြိုးဖျင်းဖျင်းနဲ့ ပီတိတွေဖြစ်တယ်၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာတွေ ဖြစ်တယ်၊ ဘယ်လိုချမ်းသာမှန်းမသိဘူး၊ ဘယ်လိုကောင်းမှန်းမသိဘူး၊ တစ်ခါတည်း အကြီးအကျယ်ကောင်းလိုက်တာ၊ ချမ်းသာနေတတ်တယ်၊ အဲဒါ ဝိပဿနာအရှိန်ပေါ့လေ၊ ဝိပဿနာတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဝိပဿနာမှာ အဲဒီလိုဟာတွေ တွေ့ရမယ်၊ ဈာန်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ဈာန်မှာ အဲဒီလိုဖြစ်ရမယ်၊ ဒီလိုဟာတွေ ဖြစ်ရမယ်၊ အဲဒီလို ဖြစ်ပြီးတော့ အဲဒီ ဈာန်ရှုမှုက ပထမံ-ရှေးဦးစွာသော၊ 'ဒုတိယ တတိယ"ဆိုတာကတော့ ဖြစ်ရိုးဖြစ်စဉ်တွေကို၊ (၁)နံပါတ် (၂)နံပါတ်တွေ လိုက်ထိုးထားပါတယ်၊ ပထမ ဒုတိယ တတိယ ဒါကတော့ နံပါတ်စဉ်ထိုးထားတာ။ ပထမံ-ရှေးဦးစွာသော၊ ဈာနံ-ရှုမှုဈာန်သို့၊ ဥပသမ္ပဇ္ဇ-ကပ်၍။

ဈာန်နှစ်မျိုး

ဈာန်ဆိုတာ ရှုတာပဲတဲ့၊ ဈာန်ဆိုတာ အာရုံကိုကပ်၍ရှုတာဟာ ဈာန်ပဲတဲ့၊ လက္ခဏာကိုကပ်၍ရှုတာဟာ ဈာန်ပဲတဲ့၊ ဈာန် (၂)မျိုးရှိတယ်။

(၁) အာရမ္မဏူပနိဇ္ဇာန်၊

(၂) လက္ခဏူပနိဇ္ဇာန်။

အာရမ္မဏူပနိဇ္ဇာန် ဆိုတာက ကသိုဏ်းအစရှိသော သမထအာရုံတွေကို ကပ်ပြီးတော့ ရှုတာ၊ စူးစူးစိုက်စိုက် ရှုနေတယ်၊ အာရုံနဲ့ဒီစိတ်ဟာ ကပ်ပြီးတော့ ရှုတာဟာ အာရမ္မဏူပနိဇ္ဇာန်ပဲ။ အာရမ္မဏ + ဥပနိဇ္ဇာန် = ဥပ-ကပ်၍၊ နိဇ္ဇာန်-စူးစိုက်ပြီးတော့ တစ်ခါတည်း အာရုံနဲ့စိတ်နဲ့ ကပ်ပြီးတော့ ရှုနေတယ်၊ တခြားကို မရောက်ဘူး၊ ဒီစိတ်က စိတ်နဲ့အာရုံနဲ့က ပူးကပ်ထားသလိုပဲ၊ တွဲပြီးတော့ နေတယ်၊ အဲဒါ အာရမ္မဏူပနိဇ္ဇာန်လို့ ခေါ်တယ်။

လက္ခဏူပနိဇ္ဇာန် ဆိုတာက လက္ခဏာကို ကပ်ပြီးတော့ ရှုတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတွေ၊ ရုပ်နာမ်သဘောတရားရဲ့ လက္ခဏာတွေ ကပ်ပြီးတော့ ရှုနေတယ်၊ ဒါ ဝိပဿနာဈာန်တွေပဲ၊ အဲဒီတော့ "စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟု

31C

http://www.dhammadownload.com

ခေါ်ဝေါ်သည်"လို့ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ အရင်ကလည်း ခဏခဏ သူဆိုင်ရာကျရင်တော့ ဟောနေတာပါပဲ၊ ဈာန်ဆိုတာ စူးစူးစိုက်စိုက် အာရုံကို ကပ်ပြီးတော့ ရှုနေတဲ့ဥစ္စာဟာ ဈာန်ပဲတဲ့၊ အကုသိုလ်လည်း သူ့အလိုက်သူ ဈာန်တော့ ရှိပါတယ်၊ သို့သော်လည်းပဲ ဟိုဟာတွေက ခိုးမွှမ်းစရာမဟုတ်လို့ ဒါတော့ ဟောဖို့ရာ မလိုဘူး၊ အခု သမထဝိပဿနာဈာန်တွေက အရေးကြီးတယ်၊ ဒီဈာန်တွေပဲ "စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်"တဲ့၊ ကိုင်း . . ဆိုရမယ်။

* စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်။ (ဆို သုံးခေါက်)

သမထဈာန်

စူးစူးစိုက်စိုက်ကပ်ပြီးတော့ အာရုံကို ကပ်ပြီးတော့ ရှုတာ ဈာန်ပဲတဲ့၊ ဥပ-ကပ်ပြီး၊ နိဗ္ဗာန-စူးစူးစိုက်စိုက်ရှုနေတာပဲ၊ ဒါ ဈာန်ခေါ်တယ်၊ အဲဒီဈာန်ဟာ အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်လို့ (၂)မျိုးရှိတယ်၊ အာရုံကို ကပ်ပြီးတော့ ရှုနေတာက အာရမ္မဏူပနိဇ္ဈာန်၊ အဲဒီအာရမ္မဏူပနိဇ္ဈာန်ကတော့ကို သူ့အာရုံနဲ့သူ စိတ်ကလေးငြိမ်နေရုံပါပဲ၊ ဒီပြင် ဘာမှမရှိဘူး၊ ဒါကြောင့် "တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်၊ ဒါကို အာရမ္မဏူပနိဇ္ဈာန်လို့ ခေါ်သည်၊ အာရမ္မဏူပနိဇ္ဈာန်ကို ဘုန်းကြီးက သမထဈာန်လို့ ပြောခဲ့တယ်၊ ဒါက သမထလမ်းက တက်လာတဲ့ဈာန်၊ တည်ငြိမ်ရုံမျှ ရှုနေက စိတ်တည်ငြိမ်ရုံမျှပဲတဲ့၊ ဒီပြင် ဘာမှ ကိလေသာ အထူးငြိမ်းတာတွေ ဘာတွေ မပါဘူး၊ သူကတော့ တည်ငြိမ်ရုံမျှ ရှုနေတယ်၊ အဲဒီတည်ငြိမ်ရုံမျှ ရှုနေတဲ့ဥစ္စာက သမထဈာန်ပဲတဲ့၊ ကိုင်း . . ဒါဆိုရမယ်။

* **တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်။** (ဆို သုံးခေါက်)

ဈာန်ရစေတဲ့ ကမ္မဋ္ဌာန်းများ

သမထကမ္မဋ္ဌာန်းက ပထဝီကသိုဏ်းဝန်း တမင်တကာလုပ်ပြီးတော့ ဖြစ်စေ၊ ပကတိမြေပြင်မှာ ဖြစ်စေပေါ့လေ၊ သို့သော် တမင်တကာလုပ်ပြီး အားထုတ်ရတာ များပါတယ်၊ မြေပုံသဏ္ဌာန်နဲ့တကွ ဆိတ်ငြိမ်တဲ့နေရာ၊ သင့်တော်တဲ့နေရာ မြေပုံသဏ္ဌာန်လေးလုပ် မရွှေ့မပြောင်းနိုင်တဲ့ဥစ္စာဆိုလို့ရှိရင် အဲဒီမှာ မြေကောင်း

http://www.dhammadownload.com

မြေသန့်လေးတွေ ထည့်ပြီးတော့ သန့်သန့်ရှင်းရှင်း မြေတလင်းပုံသဏ္ဌာန်လေးလုပ်၊ အဝန်းအဝိုင်းလေးလုပ်ပြီး အဲဒါကို ကြည့်နေရတာပဲ၊ ဒီကမ္မဋ္ဌာန်းက ထူးထူးဆန်းဆန်း မဟုတ်ဘူး၊ စိတ်ငြိမ်အောင် လုပ်တာပဲ၊ ဒီထဲမှာ စိတ်ငြိမ်အောင်လို့ တခြားမှာ စိတ်ရောက်မသွားအောင် "ပထဝီ ပထဝီ ပထဝီမြေ၊ မြေပေါ့"လေ၊ ပထဝီ ဆိုတာက ပါဠိလို၊ မြန်မာလို မြေဆိုရင်လဲ အတူတူပါပဲ၊ မြေကြီး မြေကြီး ဆိုလည်း အတူတူပါပဲ၊ "မြေကြီး မြေကြီး" ဒီလိုနှလုံးသွင်းနေလည်း ပြီးတာပါပဲ၊ အဲဒါ ပထဝီကသိုဏ်းပဲ။

အာပေါကသိုဏ်းဆိုရင်ဖြင့်ရင် ရေကို ကြည့်ပြီး နှလုံးသွင်းရတယ်၊ တေဇောကသိုဏ်းဆိုရင် မီးကို ကြည့်ပြီး နှလုံးသွင်းရတယ်၊ ဝါယောကသိုဏ်းကတော့ လေတိုက်တာကို ကြည့်ပြီး နှလုံးသွင်းတာ၊ သူကတော့ ခက်တယ်၊ တယ်မလွယ်ဘူး၊ မှန်းပြီးတော့ နှလုံးသွင်းရတယ်၊ အဆင်းကသိုဏ်းတွေ ရှိတယ်၊ နီလ-အညို-တဲ့၊ အညိုရောင် အဝတ်အထည်ဖြစ်ဖြစ်၊ စက္ကူဖြစ်ဖြစ်၊ နံရံဆေးသုတ်ပြီးတော့ဖြစ်ဖြစ်၊ အဲဒါကြည့်ပြီးတော့ အညိုရောင်ကို စွဲပြီးတော့ စိတ်က နှလုံးသွင်းရတယ်၊ ပီတ-အဝါရောင်၊ လောဟိတ-အနီရောင်၊ ဩဒါတ-အဖြူရောင်၊ အဲဒါအရောင် ကသိုဏ်းက လေးပါးရှိတယ်၊ အကုန်လုံး အတူတူကြီးပါပဲ၊ ဘယ်ဟာကိုရွေရွေ စွာန် ရတာချည်းပါပဲ။

နောက်ပြီးတော့ အများကသိုဏ်းတွေ ဘာတွေမလုပ်ရဘဲနဲ့ ထွက်သက် ဝင်သက်လည်း စွာန်ရတယ်၊ သူက ထွက်သက် ဝင်သက်ရွေတာ၊ ထွက်တိုင်း ဝင်တိုင်း၊ ဝင်တိုင်း ထွက်တိုင်း၊ ဝင်တယ်၊ ထွက်တယ်၊ နှာသီးဝကနေပြီး တစ်ခါတည်း တိုက်ခိုက်ပြီးတော့ ဝင်လာလိုက် ထွက်သွားလိုက်၊ ဝင်လာလိုက် ထွက်သွားလိုက်လေ အထွက်အဝင်လေးကို သူက နှလုံးသွင်းနေတယ်၊ အဲဒါကလည်း ကြာလို့ရှိရင် ဒီလေထွက်ဝင်တာလေးက ပုံသဏ္ဌာန် အထည်ဖြပ်နဲ့တကွ ထင်လာတယ်၊ ပဋိဘာဂနိမိတ်ကလေး ထင်လာတယ်၊ အဲဒီမှာ စိတ်ကလေးစိုက်ပြီးတော့ တည်နေတယ်၊ အဲဒါတည်ငြိမ်ရုံ ရွေနေတာပဲ၊ ဒါကတော့ တည်ငြိမ်ရုံပဲတဲ့၊ ဘာမှ ထူးထူးထွေထွေ သိတာ မဟုတ်ပါဘူး၊ စိတ်ကလေးငြိမ်နေရုံပဲ။

ကိုင်စရာ တွယ်စရာလေး ပေးထားတာပေါ့လေ၊ ကလေးများ ဆော့လွန်းအားကြီးတော့ ကစားစရာလေး ပေးထားသလိုပဲ၊ ကလေးက ဒီတိုင်းဆိုရင် ဟိုပြေး

http://www.dhammadownload.com

လိုက်၊ ဒီပြေးလိုက်၊ တောင်လုပ် မြောက်လုပ် လုပ်နေတော့ သူ့ကို ကစားစရာလေး ပေးထားလို့ရှိရင် သူဟာသူ ကစားနေရင်ပြီးရော သူက ငြိမ်နေတယ်၊ လူကြီးတွေလည်း ဒီလိုပါပဲ၊ လူကြီးတွေလည်းပဲ ဘာမှ အလုပ်မရှိလို့ရှိရင် ဟိုသွား ဒီသွား သွားမနေရအောင်ဟာ တစ်ခါတည်း ကစားစရာပေးထားလို့ရှိရင် သူတို့လည်းပဲ အဲဒီကစားစရာတစ်ခုခုနဲ့ ကစားနေရင်ဖြင့် မကဘူး၊ ကစားဝိုင်းနဲ့ မသွားဘူး၊ နေ့မှန်း ညမှန်းတောင် မသိဘူး၊ မနက်လင်းမှန်းလည်း မသိ၊ ဘာမှန်းမသိ၊ အိပ်ချိန်မှန်း မသိ၊ စားချိန်မှန်း မသိအောင် သူက နေတာပဲ၊ သူဟာလေးနဲ့သူ ငြိမ်နေတယ်။

အဲဒါလိုပဲ ခုစိတ်က တောင်တောင်မြောက်မြောက်တွေကို ပြေးသွားနေတဲ့ စိတ်တွေ ဘယ်မှမပြေးရ မသွားရအောင်လို့ ကာမအာရုံတွေ ပြေးသွားတဲ့ကာမ ဝိတက်တွေ မဖြစ်ရအောင်၊ ဗျာပါဒ စိတ်ပျက် စိတ်ဆိုးတွေ မဖြစ်ရအောင်၊ ထိနမိဒ္ဓ ပျင်းရိတဲ့စိတ်တွေ မဖြစ်ရအောင်၊ ဥဒ္ဓစ္စ ကုက္ကုစ္စ ပူပန်ပျံ့လွင့်တဲ့စိတ်တွေ ပူပန်တဲ့ စိတ်တွေ မဖြစ်ရအောင်၊ ဝိစိကိစ္ဆာ ယုံမှားတွေးတောမှုတွေ မဖြစ်ရအောင် ဒီနီဝရဏကိလေသာတွေ တရားဆိုးတွေ ကင်းငြိမ်းပြီး စိတ်ကလေး တည်ငြိမ်နေအောင်လို့ သူက နှလုံးသွင်းရတာကိုး၊ အဲဒါ ထွက်သက် ဝင်သက် ထွက်တယ် ဝင်တယ်၊ ဝင်တယ် ထွက်တယ်လို့ ဒီလို နှလုံးသွင်းနေရင်လည်း ပြီးတာပဲ၊ အဲဒီလို တည်ငြိမ်ရုံမျှ နှလုံးသွင်းနေရင် သူက ခုနပြောတဲ့အတိုင်း အာရုံတွေ ထူးထူးခြားခြား ထင်လာပြီး အာရုံနိမိတ်တွေ ထင်လာတယ်၊ သူဟာသူ ကြောင့်ကြဗျာပါရ မစိုက်ရဘဲနဲ့ တစ်ခါတည်း အာရုံနိမိတ်တွေထင်ပြီး စိတ်ကလေးဟာ ရှုရာလေးကို ဝင်ပြီးတော့ တည်နေတဲ့အခါ ပီတိသုခတွေနဲ့ တွဲပြီးတော့ ဖြစ်လာတယ်တဲ့။

အာရုံထင်အောင်လို့ ကြဲစည်ရမှု၊ အာရုံကို သုံးသပ်ဆင်ခြင်မှုလေး ဝိတက်၊ ဝိစာရဆိုတာ ရှိသေးတာပဲတဲ့၊ နှလုံးမသွင်းဘဲနဲ့ ကြောင့်ကြမစိုက်ဘဲနဲ့ ဒီလိုတော့ မဟုတ်ဘူးတဲ့၊ ကြဲစည်မှုနဲ့ စဉ်းစားမှုလေးတော့ ရှိတယ်တဲ့၊ ပထမဈာန်မှာ စိတ်ကလေးတော့ ငြိမ်နေပြီး တခြားတစ်ပါး ဘာမှအာရုံမပြုတော့ဘူး၊ မြင်စရာ အာရုံတွေ၊ ကြားစရာအာရုံတွေကို ဘာမှအာရုံမပြုတော့ဘူး၊ တစ်ခုတည်းသော အာရုံလေးမှာ တည်နေတာ၊ အဲဒါ တည်ငြိမ်ရုံမျှ ရှုနေလို့ရှိရင် ဒါ သမထဈာန်ပဲတဲ့၊ အင်္ဂါငါးပါး ထင်ရှားပြီးတော့ ဖြစ်လာလို့ရှိရင် ဒါ ပထမဈာန်ပဲ၊ ပထမဈာန်က ငါးပါးရှိတယ်၊ တော်တော်ကြာမှ ပြောရမယ်၊ အင်္ဂါငါးပါးရှိတယ်၊ အဲဒီလို တည်ငြိမ်ရုံလေးရှုနေတာက သမထဈာန်ခေါ်တယ်။

http://www.dhammadownload.com

ဝိပဿနာဈာန်နှင့်လက္ခဏာနှစ်ပါး

"လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိဿ်ဈာန်ခေါ်သည်" ဝိပဿနာဈာန်ကတော့ လက္ခဏာသုံးပါးကို ရှုတာတဲ့၊ လက္ခဏူပနိဇ္ဈာန်တဲ့၊ လက္ခဏ-လက္ခဏာကို၊ ဥပနိဇ္ဈာနက-ကပ်၍ရှုတာ၊ လက္ခဏာဆိုတာ ဘာတုံးဆိုရင် သဘာဝလက္ခဏာလည်း ရှိတယ်၊ သာမညလက္ခဏာလည်း ရှိတယ်၊ သဘာဝလက္ခဏာ ဆိုတာကတော့ ရုပ်နာမ်သဘောတရားတွေပဲ၊ ပထဝီဓာတ်ဆိုရင် ခက်မာကြမ်းတမ်းတဲ့သဘော၊ တေဇောဓာတ်ဆိုရင် ပူအေးတဲ့သဘော၊ ဝါယောဓာတ်ဆိုရင် လှုပ်ရှားတဲ့သဘော, တောင့်တင်းတဲ့သဘော၊ အဲဒါလေးတွေ ရှုနေရတယ်၊ ဖောင်းတယ်၊ ပိန်တယ် ဆိုတာ တောင့်တင်းလှုပ်ရှားတဲ့သဘောတွေ၊ ကွေးတယ်၊ ဆန့်တယ်၊ တောင့်တင်းလှုပ်ရှားတဲ့သဘောပဲ၊ ဝါယောဓာတ်ပဲ၊ ပြီးတော့ စိတ်ဆိုလို့ရှိရင် အာရုံကိုသိတဲ့သဘော၊ ဖဿဆိုရင် အာရုံကိုတွေ့ထိတဲ့သဘော၊ ဝေဒနာဆိုရင် ခံစားတဲ့သဘော၊ ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာတွေဆိုရင် ခံစားတဲ့သဘောတွေပဲ၊ မကောင်းတာတွေ ခံစားတဲ့သဘောပဲ၊ ဒါတွေကို ရှုရတယ်၊ အဲဒါက သဘာဝလက္ခဏာ ခေါ်တယ်။

ပြီးတော့ ဒီတရားလေးတွေ ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်းနဲ့ ဖြစ်ပြီးတော့ ပျောက်သွားလို့ မမြဲတဲ့တရားဟာ အနိစ္စလက္ခဏာ၊ ဖြစ်ပေါ်ပြီးပျောက်သွားတာ သိလို့ အနိစ္စလက္ခဏာ၊ ဖြစ်ချည်ပျက်ချည်နဲ့ ဖြစ်မှုပျက်မှုက နှိပ်စက်နေတဲ့သဘောက သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲ၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ဒီအထဲ ဘာမှမရှိဘူး၊ ဒီလိုထင်လာတာက အနတ္တလက္ခဏာ ခေါ်တယ်၊ လက္ခဏာရေးသုံးပါး ထင်တယ်ဆိုတာ အဲဒါပဲ။

ပထမက ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေကို ဖြစ်တိုင်းဖြစ်တိုင်း သိရုံလေးလိုက်နေရတာ၊ ဟိုမှာ ဖောင်းတယ်ဆိုရင် ဖောင်းတဲ့သဘောလေး သိရုံရှိတယ်၊ ဘာမှအနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ်အပျက်တွေ မထင်သေးဘူး၊ ဖောင်းပြီးတော့ တက်လာတာ၊ ဗိုက်ထဲကနေပြီး တောင့်တင်းပြီးတော့ လှုပ်ရှားပြီးတော့ ဖြစ်နေတဲ့သဘောလေး၊ တောင့်တင်းရင် တောင့်တင်းတဲ့အတိုင်း၊ လှုပ်ရှားရင် လှုပ်ရှားတဲ့အတိုင်း သဘာဝလက္ခဏာလေးပဲ သိတယ်၊ ပိန်ကျတယ်ဆိုရင်လည်း ပိန်တယ်၊ ပိန်စက ပိန်ဆုံးတိုင်အောင် တစ်ခါတည်း လှုပ်ရှားတဲ့သဘောလေး သိတယ်၊ ဖောင်းတယ်၊

http://www.dhammadownload.com

ပိန်တယ်၊ ထိုင်တယ် ဆိုရင်လည်း တောင့်ပြီးတော့ တည်နေတဲ့သဘောလေး၊ ကွေးတယ်၊ ဆန့်တယ်ဆိုရင် လှုပ်ရှားတောင့်တင်းတဲ့သဘောလေး၊ သွားတဲ့ အခါလည်းပဲ ကြွတယ်၊ လှမ်းတယ်၊ ချတယ် ဆိုရင် ဒါတောင့်တင်းတဲ့သဘောနဲ့ လှုပ်ရှားတဲ့သဘောလေးကိုပဲ သိရတယ်၊ ကိုယ်ထဲက ပူလို့ရှိရင်လည်း ပူတဲ့သဘော၊ အေးလို့ရှိရင်လည်း အေးတဲ့သဘော၊ ဒါတွေ တေဇောဓါတ်ကလေးပဲ၊ ပူတာ အေးတာတွေကို သိရတယ်၊ ခက်မာကြမ်းတမ်းတဲ့ သဘောတွေတွေ့တဲ့ အခါကျ တော့ ထိတယ်ဆိုရင် ကြမ်းတမ်းတဲ့သဘောတွေ၊ နူးညံ့တဲ့သဘောတွေ၊ ပထဝီဓာတ် တွေ ပါသွားတယ်၊ ထိုင်ရှုမှတ်တဲ့အခါမှာ အာပေါဓာတ်တွေ ပါသွားတယ်၊ ဓာတ် (၄)ပါးပဲ အကုန်လုံး ဒီမှာ ကိုယ်ထဲ အတွေ့အထိတွေ လိုက်ပြီးတော့ ရှုနေတာ ဓာတ်လေးပါး ရှုနေတာပဲ။

ဒီထဲကနေပြီးတော့ ညောင်းတာတွေ၊ ပူတာတွေ နာကျင်ကိုက်ခဲတာတွေ၊ အခံခက်တာတွေရှိပြန်တော့ အခံခက်တဲ့သဘော၊ မကောင်းတဲ့ အခြင်းအရာဖြင့် ခံစားတဲ့သဘော၊ ဝေဒနာရဲ့သဘောတွေပဲ၊ ပကတိလက္ခဏာပဲ၊ ဒီထဲကနေပြီး စိတ်ကူးတွေ ဟိုရောက်ဒီရောက် ရောက်သွားတယ်၊ ဖြစ်တဲ့စိတ်တွေ အာရုံဆီကို ရောက်ရောက်သွားတဲ့စိတ်ကလေးတွေ၊ ကြဲတိုင်း သိတိုင်း အဲဒါတွေ မှတ်တော့ ကြဲသိတဲ့စိတ်ကလေးတွေ သိရတယ်၊ နှစ်သက်တဲ့သဘောဖြစ်ရင် နှစ်သက်တဲ့ သဘော၊ တပ်မက်တဲ့သဘောရှိရင် တပ်မက်တဲ့သဘောတွေ ထင်ရှားတယ်၊ စိတ် ပျက်လို့ ဒေါသဖြစ်ရင် ဒေါသဖြစ်တဲ့သဘော၊ အဲဒီသဘောလက္ခဏာလေးတွေ သိရတယ်၊ အဲဒီလို ဖြစ်တဲ့သဘောလက္ခဏာလေးတွေ လိုက်ပြီးတော့ သိနေတာ လက္ခဏာပနိဗ္ဗာန်ပဲ၊ သဘာဝလက္ခဏာလေး ရှုနေတာပါပဲ။

ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတွေတဲ့၊ အဲဒီလို ရှုရာက တော်တော်ကြာတော့ သမာဓိဉာဏ်ရင့်လာတဲ့အခါ ရှုတိုင်းရှုတိုင်းဟာ တစ်ခါတည်း သူ့အခိုက်အတန့်နဲ့သူဖြစ်ပြီး ပျောက်သွားတာလေးတွေ သိရတယ်၊ ဘယ်ဟာမှ တည်နေတာ မရှိဘူး၊ ပထမစပြီးတော့ ဘယ်က ရှုရတုံးဆိုရင် စိတ်ကူးလေးက စတွေ့ရတယ်၊ စိတ်ကူးလေးမှတ်လိုက်ရင် မရှိဘူး၊ စိတ်ကူးတွေက မမြဲဘူးဆိုတာ သိလာတယ်၊ တော်တော်ကြာလို့ရှိရင်ကို ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာ တွေကလည်း မှတ်ရင်းမှတ်ရင်း ပျောက်ပျောက်သွားတာ တွေ့သိရတယ်၊ မမြဲဘူး ဆိုတာ သိရတယ်၊ တော်တော်ကြာရင် ကွေးတာ၊ ဆန့်တာ၊ လှုပ်ရှားတာလေးတွေ

http://www.dhammadownload.com

ကလည်း တစ်နေရာက တစ်နေရာမရောက်ဘူး၊ ရွှေ့လိုက် ပျောက်လိုက်၊ ရွှေ့လိုက် ပျောက်လိုက်နဲ့ တစ်ပိုင်းစီ တစ်ပိုင်းစီလေး အဲဒါတွေ့ရတယ်၊ အဲဒီတော့ ဒါတွေ မမြဲဘူး၊ ရှမ့တ်တဲ့စိတ်ကလေးတွေလည်း ရှမ့တ်ပြီး ပျောက်ရင်း၊ ရှမ့တ်ပြီး ပျောက်ရင်း မမြဲဘူးဆိုတာ သိလာတယ်၊ အဲဒီတော့ အနိစ္စလက္ခဏာ မြင်လာတာကိုး၊ အနိစ္စမြင်တော့ ဒုက္ခလည်းပဲ ဖြစ်လိုက်ပျက်လိုက်နဲ့ ဒုက္ခတွေ မှန်းသိလာတယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရား၊ အနတ္တတွေမှန်း သိလာတယ်၊ အဲဒီလို သိလာတာက လက္ခဏူပနိဇ္ဈာန်ခေါ်တယ်၊ "လက္ခဏာသုံးရပ်၊ ရှသိမှတ်၊ ဝိပဿီဈာန်ခေါ်သည်"တဲ့၊ "လက္ခဏာသုံးရပ်၊ အနိစ္စ၊ ဒုက္ခ, အနတ္တလက္ခဏာ"၊ လက္ခဏာသုံးရပ် ရှသိမှတ်၊ လက္ခဏာသုံးရပ် ရှပြီးသကာလ သိနေလို့ရှိရင် အဲဒါကတော့ ဝိပဿနာဈာန်ပဲတဲ့၊ လက္ခဏူပနိဇ္ဈာန် - လက္ခဏာကို ကပ်ပြီးတော့ ရှတဲ့ဈာန်ပဲတဲ့၊ ကိုင်း . . ဆိုရမယ်။

* **လက္ခဏာသုံးရပ်၊ ရှသိမှတ်၊ ဝိပဿီဈာန်ခေါ်သည်း** (ဆို သုံးခေါက်)

လက္ခဏာသုံးပါး၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာသုံးရပ် သိအောင်လို့ ရှနေတာ၊ ဒါလည်း ဈာန်ပဲတဲ့၊ ဝိပဿနာဈာန်တဲ့၊ သူက သမထဈာန်မဟုတ်ဘူး၊ ကျမ်းဂန်ထဲမှာတော့ လက္ခဏူပနိဇ္ဈာန်လို့ ဒီလိုခေါ်တယ်၊ လက္ခဏူပနိဇ္ဈာန်၊ အခု ဝိပဿနာရှရင်းရှရင်း အဲဒီဟာတွေ တွေ့နေတာကတော့ လက္ခဏူပနိဇ္ဈာန်တွေပဲ၊ ဒါတွေ ဝိပဿနာဈာန်တွေပေါ့လေ။

သူလည်းပဲ ဈာန်အင်္ဂါ (၅)ပါးရှိတယ်၊ ပထမဈာန်လို ဈာန်အင်္ဂါ (၅)ပါးရှိတာပဲ၊ ဝိတက်-ကြံစည်မှုရှိတယ်၊ ဝိစာရ-စဉ်းစားဆင်ခြင်မှုရှိတယ်၊ သမ္မသနဉာဏ်ထိအောင် သူက အထူးထင်ရှားတယ်၊ သမ္မသနဉာဏ်ထိအောင် ဝိတက်ဝိစာရတွေ ထင်ရှားတယ်၊ နောက်ပိုင်းကျရင် ဝိတက်, ဝိစာရက ဒီလောက် မလုပ်ရဘူး၊ သို့သော်လည်းပဲ ရှိတော့ရှိသေးတာပါပဲ၊ အထူးထင်ရှားတာကတော့ အဲဒီ ရှေ့ပိုင်းမှာ သိပ်ပြီးတော့ ထင်ရှားတယ်၊ အာရုံလေးတွေ ဖောင်းတဲ့အာရုံလေး ကြံရတယ်၊ ဖောင်းတဲ့အာရုံလေးကို စဉ်းစားတယ်၊ နောက်က လိုက်လာတယ်၊ ပိန်တဲ့အာရုံလေး ထင်အောင်လို့ ကြံရတယ်၊ စဉ်းစားရတယ်၊ ကွေးတာ၊ ဆန့်တာ၊ ထိုင်တာ၊ ထတာ အကုန်လုံးပဲ၊ သူဟာ မှတ်တိုင်းမှတ်တိုင်း အာရုံလေးပေါ်လာအောင်လို့ တစ်ခါတည်း ကြံထုတ်ပြီးတော့ ယူရတဲ့သဘောလေးရှိတယ်၊ ရလာတဲ့

http://www.dhammadownload.com

အာရုံလေးလည်း ဘယ်လိုဟာလေးပဲလို့ စဉ်းစားတဲ့သဘောလေး ဆုတ်နယ်ပြီးတော့ ကြည့်သလိုပဲ၊ စဉ်းစားတဲ့သဘောလေး နောက်က လိုက်လာတယ်။

ခေါင်းလောင်းသံပမာ

ဝိတက်နဲ့ ဝိစာရဝိတက်များက ဘာနဲ့တူသလဲဆိုလို့ရှိရင် ကျမ်းဂန်တွေက ဥပမာပြတယ်၊ ခေါင်းလောင်းတို့ ကြေးစည်တို့ ထိုးလိုက်တဲ့အခါကာလ ပထမတစ်ခါတည်း ပြင်းပြင်းထန်ထန် မြည်လာတဲ့အသံနဲ့ ဝိတက်နဲ့တူတယ်၊ နောက်တော့ ညည်းသံလေးလိုက်ပြီးတော့ တဖြည်းဖြည်းအသံလေး နောက်က အမျှင်မပြတ်အသံတွေ လိုက်ပြီးတော့ မြည်နေတာ ရှိတယ်၊ ဆက်ခါဆက်ခါ မြည်နေတဲ့အသံ၊ အဲဒီအသံတွေက သိမ်မွေ့တယ်၊ သူက ဝိစာရလိုပဲတဲ့၊ အာရုံလေးရလာအောင်လို့ ရွေးဦးစွာ စိတ်က စိုက်၊ ဦးတန်းပြီး ကြံစည်လိုက်တာလေး ရွေးဦးစွာ သူက အာရုံဆီ ပြင်းပြင်းထန်ထန် ရောက်တယ်၊ အဲဒီရောက်ပြီးသား အာရုံလေးကို ဆက်ပြီးတော့ စဉ်းစားဆင်ခြင်တဲ့သဘောလေး၊ နောက်က လိုက်လာတယ်၊ ဝိတက် ဝိစာရက ဒီလိုပါနေတယ်၊ ပထမ ရှုခါစ မှတ်ခါစမှာ ဝိတက် ဝိစာရတွေ အားကြီးပါတယ်၊ တစ်ခါတစ်ခါ ဝိစာရတွေ သိပ်များတယ်၊ စူးစမ်းဆင်ခြင်မှုတွေ သိပ်များနေတယ်။

ငှက်မမာ

တစ်နည်းအားဖြင့် ဘာနဲ့တူသလဲဆိုတော့ ငှက်များနဲ့ ဥပမာပေးထားတယ်၊ ငှက်ဟာ ကောင်းကင်ပျံတက်တော့မယ်လို့ လုပ်တဲ့အခါကျတော့ အတောင်တွေ ဘာတွေနဲ့ တစ်ခါတည်း ခပ်ပြီး ကောင်းကင်ကို ပျံတက်ရတယ်၊ ကောင်းကင် ရောက်တဲ့အခါကျတော့ ငှက်က အတောင်ဖြန့်ပြီးတော့ အသာလေးလိုရာကို ထိုးပြီးတော့ သွားတယ်၊ (သို့မဟုတ်) ဝဲရင်လည်း ဝဲနေတယ်၊ ပထမ တက်ခါစတုန်းက အတော်လေး ရမ်းခပ်ပြီး မငြိမ်သက်ဖြစ်သလိုပါပဲတဲ့၊ ဝိတက်က စခါစမှာဆိုရင် ဝိတက်က ကြံစည်ရတယ်၊ အာရုံပေါ် အောင် ဝိစာရက ကောင်းကင်ရောက်ပြီးသား ငှက်များ အတောင်လေးဖြန့်ပြီးတော့ အလိုရှိရာကို ဝဲပြီး သွားသလိုပဲ၊ ဒါလိုပဲ သိမ်မွေ့တယ်၊ ဝိစာရက အာရုံသုံးသပ်ဆင်ခြင်မှုက နောက်ကနေ လိုက်ပြီးတော့ နေတယ်။

http://www.dhammadownload.com

ပျားပိတုန်းပမာ

တစ်နည်းအားဖြင့် ပျားပိတုန်းကောင်များနဲ့လည်း တူတယ်တဲ့၊ ပျားကောင်ပိတုန်းကောင်တွေဟာ ပန်းဝတ်ရည်ကို ယူဖို့ရာ စုပ်ဖို့ရာ လာကြတာကိုး၊ ဒီတော့ ပန်းရှာရာကို သူတို့လိုက်တယ်၊ ပန်းအနံ့ရတာနဲ့ တစ်ခါတည်း ထိုးပြီးတော့ ဆင်းတယ်၊ ထိုးဆင်းချပြီး ပန်းနားရောက်တဲ့အခါကျတော့ သူပန်းဝတ်ရည်ရှိတာ မရှိတာ ဘယ်နား နည်းနည်းရှိတယ်၊ များများရှိတယ်ဆိုဟာ လိုက်ပြီးတော့ စုံစမ်းတယ်၊ ဒီဒီဒီဒီနဲ့ ဝဲပြီးစုံစမ်းတယ်၊ ကောင်းကင်ကနေပြီး ထိုးချတုန်းကသာ အင်မတန် ကြမ်းတမ်းတာပေါ့၊ အဲဒါနဲ့ ဝိတက်နဲ့တူတယ်တဲ့၊ ပထမ ဝိတက်ဖြစ်ပုံက အာရုံဆီကို ထိုးဆင်းတယ်၊ နောက်ကို ပန်းပွင့်ဆီရောက်တဲ့အခါကာလကျတော့ အဲဒီပန်းပွင့်ဘေးမှာ တစ်ခါတည်း လှည့်ပြီးတော့ ဝဲနေသလိုပဲတဲ့၊ ဝိစာရက အာရုံရလာတဲ့အခါ ရတဲ့အာရုံလေး သုံးသပ်ဆင်ခြင်နေတာ၊ ဘယ်လိုဟာလေးလို့ အာရုံအရသာလေးရှာနေတာ၊ အဲဒီလို သဘောရှိတယ်တဲ့။

အဲဒါလိုပဲ ရှုမှတ်တဲ့အခါမှာလည်း တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ အားထုတ်ခါစမှာ အာရုံပေါ်အောင်လို့ကို အာရုံဆီကို စိတ်က ဦးတန်းပြီးသကာလ အင်မတန် ကြောင့်ကြလုပ်ရတယ်၊ ပထမအာရုံမပေါ်နိုင်ဘူး၊ စိတ်က တခြားရောက်နေရတာနဲ့၊ အာရုံကို ကောင်းကောင်းမပေါ်နိုင်ဘူး၊ ပေါ်အောင်လို့လုပ်ရင်း တော်တော်ကြာ ပျောက်သွားတယ်၊ တစ်ခါတစ်ခါ ပြန်ပေါ်အောင် လုပ်ရရင်း ဒီလိုလုပ်ရတာကိုး၊ ပေါ်လာတဲ့အာရုံကျတော့ နောက်ကနေပြီး သုံးသပ်ဆင်ခြင်ပြီး ဘယ်လိုဟာပဲ ဘာပဲဆိုပြီးတော့ နောက်ကလိုက် သုံးသပ်ဆင်ခြင်နေတယ်၊ အဲဒါ ဝိတက်ဝိစာရတွေ ထင်ရှားနေတာ၊ ဘယ်ထိအောင် သူကများတုံးဆိုရင် သမ္မသနဉာဏ်ထိအောင် ဝိတက် ဝိစာရက အားကြီးပါတယ်

သဝိတက္ကံ သဝိစာရံ - ကြံစည်မှု ဝိတက်၊ သုံးသပ်မှု ဝိစာရ၊ အဲဒီထိအောင် တစ်ခါတည်း ဝိပဿနာအစဉ်အားဖြင့် အထူးထင်ရှားတယ်၊ နောက် ပီတိသုခတွေလည်းပဲ တွဲရက်တွဲရက်ဖြစ်လာတယ်၊ ပီတိတွေသုခတွေလည်း ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေ ကိုယ်တိုင်တွေ့ရတယ်၊ အထူးအားဖြင့်တော့ ဥဒယဗ္ဗယဉာဏ်ဆီမှာ အကြီးအကျယ် ထင်ရှားတယ်။

http://www.dhammadownload.com

ကေဂ္ဂဟော

ပြီးတော့ ကေဂ္ဂတာ သမာဓိ၊ ဒါကတော့ စူးစိုက်တာ၊ သမထဆိုလို့ ရှိရင် သမထအာရုံလေးတစ်ခုတည်းပဲ၊ အာရုံများများမဟုတ်ဘူး၊ ကေဂ္ဂတာ၊ သမထ သမာဓိကို ပဓာနပြုပြီးတော့ သူက ကေဂ္ဂတာဖြစ်တယ်၊ ကေ + အဂ္ဂ၊ ကေ-တစ်ခုတည်း၊ အဂ္ဂ,က အဖို့အစု၊ တစ်ခုသောအဖို့အစု, တစ်ခုတည်းသော အာရုံရှိတယ်၊ ကေဂ္ဂတာ - တစ်ခုတည်းသောအာရုံရှိခြင်း၊ အာရုံတစ်ခုတည်း ယူနေတာပဲတဲ့၊ အာရုံ နှစ်ခု သုံးခု လေးခု ငါးခု မဟုတ်ဘူးတဲ့၊ အာရုံတစ်ခုတည်းပဲ။

ဥပမာ - ပထဝီကသိုဏ်းဆိုရင် ပထဝီကသိုဏ်းတစ်ခုတည်းပဲ၊ အာပေါကသိုဏ်းဆိုရင် အာပေါကသိုဏ်းတစ်ခုတည်းပဲ၊ ထွက်သက်ဝင်သက်ဆိုရင် ထွက်သက်ဝင်သက်ပဲ၊ ထွက်တိုင်း ဝင်တိုင်း၊ ဝင်လိုက်၊ ထွက်လိုက် သူမှာ တစ်ဆက်တည်းလည်း ဖြစ်နေတယ်၊ ဝင်တာနဲ့ ထွက်တာလည်း သူက မကွဲဘူး၊ ဝင်လည်း ဒီဟာပဲ၊ ထွက်လည်း ဒီဟာပဲ၊ ဝင်ရာက ထွက်၊ ထွက်ရာက ဝင် ကြိုးတစ်ခုတည်း အတွင်းဆွဲလိုက်၊ အပြင်ဆွဲလိုက်ဖြစ်နေသလို၊ ဒီလို သူဟာ တစ်ခုတည်းအနေအားဖြင့် ထင်နေတယ်၊ အဲဒါ သမထသမာဓိမှာဆိုရင် ဒီလိုပဲ၊ တစ်ခုတည်းသောအာရုံပဲ အာရုံမပြောင်းဘူး။

ဝိပဿနာမှာတော့ အာရုံတွေက ပြောင်းတာ၊ ဒါပေမယ့်လို့ တစ်ကြိမ်နှစ်ကြိမ်မှာတော့ တစ်အာရုံတည်းပဲ၊ တစ်ခါတည်း စိတ်စေတသိက်တရားတွေ လုံးစုပြီးတော့ တစ်ခါတည်း တည်သွားတာကို၊ အဲဒါကို တစ်ခုတည်းသောအာရုံလို့ပဲ ဆိုရတယ်၊ တစ်လုံးတည်း တစ်ခါတည်း သမာဓိအားမကောင်းတဲ့အခါကျတော့ ဒီအာရုံရှုနေရင်း ဟိုအာရုံသွားတော့မလိုလိုပဲ၊ စိတ်တွေက တစ်ခါတည်း ပြန့်ချင်နေတယ်၊ အဲဒီလိုဖြစ်နေတဲ့အခါကာလ ဒါကတော့ကို မတည်ငြိမ်ဘဲနဲ့ ဖြစ်နေတယ်၊ တစ်ခုတည်းသောအာရုံဆီ မတည်ဘဲနဲ့ဖြစ်နေတယ်၊ သမာဓိအားကောင်းလာတဲ့ အခါကာလကျတော့ တစ်ခုတည်းသောအာရုံပဲ၊ ဖောင်းတာမှတ်ရင် ဖောင်းတာလေးပေါ်မှာ တစ်ခါတည်း စိတ်က စိုက်ပြီးတော့ တည်နေတယ်၊ ကျသွားတယ်၊ ညအခါ လက်နှိပ်ဓာတ်မီးမျှားထိုးသလိုပဲ၊ လက်နှိပ်ဓာတ်မီးဟာ အရောင်လေးကျယ်ကျယ်ဖြစ်အောင် လုပ်ထားရင် အရောင်လေး ပြန့်ကျယ်နေတယ်၊ အရောင်အလင်းစုအောင် လုပ်ထားရင် စုပြီးတော့ နေတယ်၊ ကျယ်ပြီးပြန့်နေတဲ့အခါမှာ

http://www.dhammadownload.com

နယ်တော့ ကျယ်တာပဲ၊ သို့သော်လည်း သိပ်ပြီးတော့ မထင်ရှားဘူး၊ စုပြီးတော့ တိုးလိုက်တဲ့အခါကျတော့ တည်တည်တုံ့တုံ့ ထိုးမိတဲ့နေရာလေးဟာ ကွက်ကွက်ကွင်းကွင်း သေသေချာချာ ပေါ်လာတယ်။

အဲဒါလိုပဲ ဒီမှာ သမာဓိအားမကောင်းတဲ့အခါမှာ အာရုံတွေ ခပ်ပြားပြား ဖြစ်နေတယ်၊ ဘယ်ဟာမှ သိပ်မသေချာဘူး၊ သမာဓိအားကောင်းလာပြီဆိုရင် မှတ်ရာအာရုံလေးမှာ တစ်ခါတည်း စိတ်တွေက စုပြီး တစ်ခါတည်း ဝင်လာတယ်၊ ဖောင်းတယ်ဆို ဖောင်းတဲ့အာရုံလေးမှာ တစ်ခါတည်း စိတ်တွေက စုပြီး တစ်ခါတည်း ဝင်လာတယ်၊ ဖောင်းတယ်ဆို ဖောင်းတဲ့အာရုံလေးနဲ့ စိတ်ကလေးနဲ့ ပြေးပြီးတော့ ကပ်တယ်၊ ပိန်တယ်ဆို ပိန်တာလေးနဲ့ စိတ်နဲ့ ပြေးကပ်တယ်၊ မှတ်ရာမှတ်ရာ အာရုံမှာ စိတ်ကလေးတစ်ခါတည်း ကပ်ရက်ကပ်ရက်ကျပြီးတော့ နေတယ်၊ အဲဒါ ဧကဂ္ဂတာ ခေါ်တယ်၊ သမာဓိပဲတဲ့၊ အဲဒီအင်္ဂါ (၅)ပါးရှိရမယ်တဲ့။

ဈာန်အင်္ဂါခါးပြာ

ဝိပဿနာဈာန်မှာ အဲဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ဥစ္စာကို ပထမဈာန်လို့ခေါ်တယ်၊ ဒါကို ဈာန်အင်္ဂါအတိုင်း ပြောလို့ရှိရင် လွယ်လွယ်ပါပဲ၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ လွယ်လွယ်ပဲ၊ ဒါပေမယ့်လို့ အဲဒီလို ပါဠိတွေနဲ့မှတ်နေလို့ မဖြစ်ဘူး၊ ဆောင်ပုဒ်ကလေးနဲ့ မြန်မာလိုမှတ်ထားမှ နေရာကျမယ်၊ ကြံစည်တာရယ်၊ စဉ်းစားတာရယ်၊ နှစ်သိမ့်တာရယ်၊ ကောင်းစားချမ်းသာတာရယ်၊ ရွှင်စရာမှာ စူးစိုက်တာရယ်၊ ဒီဈာန်အင်္ဂါငါးပါးကိုး၊ ကဲ . . ကဲ . . ဆိုရမယ်။

* **ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစားချမ်းသာသည်း** (ဆို သုံးခေါက်)

ကြံစည်မှု - ဝိတက္က၊ ပါဠိလိုက "ဝိတက္က"၊ စဉ်းစား ဆိုတာက ဝိစာရ၊ ဝိတက်, ဝိစာရ - "ကြံစည် စဉ်းစား နှစ်သိမ့်ပွား" ပွားကတော့ ကာရန် ကိုက်အောင်လို့ ထည့်လိုက်ရတာပဲ၊ နှစ်သိမ့်မှုတွေ ပီတိ သုအာရုံနဲ့သူ ကျေနပ်ပြီးနေတာ၊ ခုနပြောတဲ့ ပီတိငါးမျိုး ဖြိုးဖြိုးဖျင်းဖျင်းနဲ့ ကြက်သီးမွေးညှင်းတွေ ထပြုပြီးတော့ နည်းနည်းလေးဖြစ်ပြီး ပျောက်တာရှိတယ်၊ ဆက်ခါဆက်ခါဖြစ်ပြီး ပျောက်တာရှိတယ်၊ တစ်ကိုယ်လုံးပြည့်ပြီး ပျောက်တာရှိတယ်၊ တစ်ကိုယ်လုံးပြည့်ပြီး မပျောက်

http://www.dhammadownload.com

ဘဲနဲ့ အကြာကြီး တည်နေတာလည်း ရှိတယ်၊ ဒါက ဖရဏာပိတိလို့ ခေါ်တယ်၊ ဥဒယဗ္ဗယဉာဏ်တွေမှာ သိပ်ကောင်းတာ၊ အင်မတန်ကောင်းတာ၊ အင်မတန် ဝမ်းသာစရာ ကောင်းတယ်၊ ဝမ်းသာစရာတွေ ဖြစ်တတ်တယ်၊ တချို့ပုဂ္ဂိုလ်အများကြီးကို တွေ့တယ်၊ တချို့ပုဂ္ဂိုလ်လည်း နည်းနည်းပဲ၊ များများ မတွေ့ဘူး။

"ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစား ချမ်းသာသည်"တဲ့၊ ကောင်းစား ချမ်းသာဆိုတာ ကောင်းစားတာ ချမ်းသာတာနဲ့ အတူတူပါပဲ၊ ဒါ သုခ၊ ဒီခါမှာ စိတ်ချမ်းသာပြီး စိတ်ချမ်းသာရုံမကဘူး၊ ကိုယ်ရော ဘာရော ချမ်းသာနေတာ၊ တစ်ခါတည်း နေလို့ ထိုင်လို့ ကောင်းမှန်းမသိ ကောင်းနေတယ်၊ စိတ်တွေလည်း ရွှင်လန်းကြည်လင်ပြီး ကောင်းနေတယ်၊ အဲဒါ သုခ "ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစား ချမ်းသာသည်"တဲ့။

ရှုရာတွင် စူးစိုက်ဝင်တဲ့၊ ရှုတိုင်း ရှုတိုင်း တစ်ခါတည်း ရှုရာအာရုံမှာ သမထအာရုံဆိုရင်တော့ သူ့တစ်အာရုံထဲပါပဲ၊ အာနာပါနဆိုရင်လည်း အာနာပါန အာရုံထဲမှာပဲ စူးစိုက်ပြီးတော့ ဝင်နေတယ်၊ ပထဝီကသိုဏ်းဆိုရင် ပထဝီကသိုဏ်းထဲမှာ အာပေါကသိုဏ်းရှုတဲ့ပုဂ္ဂိုလ်ဟာ အာပေါကသိုဏ်း၊ သူကသိုဏ်းတင်ပဲ၊ အသုဘကမ္မဋ္ဌာန်းတွေလည်း ရှိတယ်၊ စုံလို့ပါပဲ၊ ကမ္မဋ္ဌာန်းလေးဆယ် ရှိပါတယ်၊ သမထကမ္မဋ္ဌာန်းတွေကတော့ လေးဆယ်ရှိတယ်၊ ဝိပဿနာကတော့ ရှုတဲ့အာရုံပေါ့လေ၊ ခန္ဓာငါးပါးတရားတွေပဲ၊ ဒွါရခြောက်ပါးက ပေါ်တိုင်း ပေါ်တိုင်း တရားတွေ ရှုရာရာတွင် စူးစိုက်ဝင်တဲ့ အခု ဖောင်းတာ၊ ပိန်တာမှာ ဖောင်းတာရှိရင် ဖောင်းတာပေါ်မှာ၊ ပိန်တာရှိရင် ပိန်တာပေါ်မှာ၊ ထိုင်တာရှိရင် ထိုင်တာပေါ်မှာ၊ ကွေးတာရှိရင် ကွေးတာပေါ်မှာ၊ ဆန့်တာရှိရင် ဆန့်တာပေါ်မှာ၊ သွားတာရှိရင် သွားတာအပေါ်မှာ မြင်တာတွေ၊ ကြားတာတွေလည်း ရှိတာပဲ၊ တော်တော်ကြာလို့ ရှိရင် စိတ်ကူးစဉ်းစားကြံစည်တာလည်း ရှိတယ်၊ တော်တော်ကြာရင် ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာ ဝေဒနာတွေ ရှိတယ်၊ ရှုရာရှုရာအာရုံလေးမှာ စိတ် ကလေးက တစ်ခါတည်း စိုက်ပြီးတော့ ကျတယ်၊ ဝင်သွားတာပဲ၊ သမာဓိ အားကောင်းလာရင် ကိုယ့်ဟာကိုယ် သိရတယ်၊ တော်တော်ထင်ရှားတယ်၊ စိတ်နဲ့အာရုံနဲ့ တစ်ခါတည်း တစ်ခါတည်းယှဉ်ပြီးတော့ ချလိုက်သလို၊ ဟိုဒင်းလိုပဲ ခွေးသွား စိတ်ချင်းပူးထားတဲ့ နာရီစက်ဘီးလေးတွေများလည်း ရှိတယ်၊ ဒီပြင်နေရာမှာလည်း

http://www.dhammadownload.com

ရှိပါတယ်၊ ဟိုက တစ်ချက်လည်လိုက်တာနဲ့ ဒီကအချက်နဲ့ ကိုက်နေတယ်၊ သူဟာနဲ့ သူ ဟိုဘီးနဲ့ဒီဘီးနဲ့ဟာ သူ့အချိုင့်လေးနဲ့သူ ကိုက်ပြီးတော့ ကျနေတာပဲ၊ ဒီလို သွားနေတယ်။

အဲဒါလိုပဲ သူက၊ ဟိုက အာရုံပေါ်တာနဲ့ ဒီကသိတာနဲ့၊ ဟိုက အာရုံပေါ်တာနဲ့ ဒီကသိတာနဲ့၊ ဖောင်းတာနဲ့ သိတာနဲ့၊ ပိန်တာနဲ့ သိတာနဲ့၊ မှတ်စရာအာရုံလေးနဲ့ မှတ်တဲ့စိတ်ကလေးက တစ်ခါတည်း သူတို့ (၂)ခုကို လူတစ်ယောက်ကနေပြီး ဘေးကနေ တည်ပေးနေသလိုပဲ၊ တစ်ခါတည်း ဟန်ကျလိုက်တာ၊ အဲဒီလို သွားနေတာပဲ၊ သိရာအာရုံမှာ စူးစိုက်ပြီးတော့ စိုက်ခနဲ စိုက်ခနဲ ကျနေတယ်၊ အဲဒါ သမာဓိခေါ်တယ်၊ ဒီသမာဓိကို ဟောနေတာ ခုဟာ သမ္မာသမာဓိမဂ္ဂင်ပဲ၊ ဒီဥစ္စာကို ဟောနေတာ။

* **ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင်ပ-ဈာန်မည်။** (ဆို သုံးခေါက်)

"ပ"ဆိုတော့ ပထမဈာန်ပဲ၊ မြန်မာစကားက ဆိုလို့မကောင်းတော့ လက်ာနဲ့ "ပ"က ပထမဈာန်၊ အတိုချုပ်ပေါ့၊ တစ်လုံးတည်းနဲ့ နာမည်ပေးလိုက်တာပဲ။

* **ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင် ပ-ဈာန်မည်။** (ဆို သုံးခေါက်)

ရှုရာအာရုံမှာ စူးစိုက်ပြီးတော့ ဝင်တာတွေ ပထမဈာန်ခေါ်တယ်တဲ့၊ ရှုရာရာမှာ စူးစိုက်ပြီးတော့တည်နေတာ သမာဓိပဲတဲ့၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ ဒီဈာန်အင်္ဂါငါးပါးအပေါင်းကို ဈာန်လို့ခေါ်တယ်၊ ဒီငါးပါးစုပြီးတော့ အလုပ်လုပ်နေတာ၊ သူက တစ်ခုတည်း လုပ်လို့ဖြစ်တာ မဟုတ်ဘူး၊ ဒီပြင် ယှဉ်ဖော်ယှဉ်ဘက်တွေ အများကြီးရှိသေးတယ်၊ စာရင်းမဝင်လို့ ဖဿတို့ သညာတို့ မနသိကာရတို့ အများကြီးရှိသေးတယ်၊ သို့သော်လည်းပဲ ဈာန်တရားအနေနဲ့တော့ သူတို့ ငါးခုပဲ စာရင်းဝင်တယ်၊ ဒီပြင်ဟာတွေက စာရင်းမဝင်ဘူး၊ ဘာနဲ့တူတုံးဆို လောကမှာ အလုပ်တစ်ခုလုပ်ရင် လူကြီးလောက်သာ နာမည်ပေါ်ပြီးတော့ လူငယ်တွေက စာရင်းပျောက်နေသလိုပဲ၊ ဒီမှာ ဒီရှုတဲ့ စိတ္တုပ္ပါဒ်ထဲမှာ ပါဝင်တာက တရားပေါင်း (၂၀)ကျော် (၃၀)ရှိတယ်၊ အဲဒီ (၂၀)ကျော် (၃၀)ထဲက စာရင်းပေါက်တာက ဒီ (၅)ခုပဲ ရှိတယ်၊ ဒီငါးခုပဲ ပေါက်ထားတယ်၊ နာမည်လေး အဲဒီငါးခု၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဤဈာန်အင်္ဂါငါးပါးကို ပထမဈာန်ဟု ခေါ်သည်တဲ့၊ ဒီလိုပဲ ဆိုထားဦးမှ၊ ဒါမှလည်း သိတယ်၊ ဒါကတော့ လက်ာမဟုတ်ဘူး၊ ကိုင်း . . . ဆိုရမယ်။

http://www.dhammadownload.com

"ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ" ငါးခုပဲ ရှိတယ်၊ မများဘူး၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဒီလိုဆိုတော့ သုံးပုဒ်လောက်ပဲ ရှိတော့တယ်။

* **ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဤအင်္ဂါငါးပါးအပေါင်းကို ပထမ ဈာန်ဟု ခေါ်ဆည်။** (ဆို သုံးခေါက်)

ဒီဈာန်အင်္ဂါငါးပါးကို ဒီက ဆောင်ပုဒ်ကလေး လုပ်ထားသေးတယ်၊ "ကြံ စည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစားချမ်းသာသည်။ ရှုရာရာတွင် စူးစိုက်ဝင် ငါးအင်ပဈာန်မည်"

မရှုဘူးတဲ့ ပုဂ္ဂိုလ်တွေက သာမန်ပဲ၊ ဟိုမှာ ရှုတဲ့ပုဂ္ဂိုလ်တွေ ဒီအတိုင်းရှု၊ လက်တွေ့ ဟိုမှာအာရုံကလေးနဲ့စိတ်ကလေးနဲ့ ကပ်ကပ်ပြီးကျကျသွားတာ တစ်ခါတည်း သူ့အာရုံနဲ့သူ ချပ်ခနဲချပ်ခနဲကျသွားတာ၊ အဲဒါက သမာဓိကလေး၊ အဲဒီ (၅)ပါးအပေါင်းကို ပထမဈာန်လို့ ခေါ်တယ်တဲ့၊ "ရှုရာရာတွင် စူးစိုက်ဝင်၊ ငါးအင်" တဲ့၊ အင်္ဂါ (၅)ပါးကို ငါးအင်၊ အင်က အင်္ဂါပဲ၊ အင်္ဂါ (၅)ပါးလို့ ခေါ်တယ်၊ "ပ-ဈာန်မည်"တဲ့၊ ပထမဈာန်လို့ ခေါ်တယ်၊ ဒီလောက်ဆိုလည်း နားလည်ပါပြီ၊ "ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါငါးပါးအပေါင်းကို ပထမ ဈာန်ဟု ခေါ်သည်" ဒါက ရိုးရိုးကိုး။

* **ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစားချမ်းသာသည်၊ ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင် ပ-ဈာန်မည်၊**

အဲဒီ ပထမဈာန်ကိုရောက်ပြီးတော့ နေတယ်တဲ့၊ ဒါ သမထက ဈာန်လည်း ဖြစ်နိုင်တယ်၊ လောကုတ္တရာဈာန်လည်း ဖြစ်နိုင်တယ်၊ မြတ်စွာဘုရားဟောထား တာ၊ လောကုတ္တရာဈာန် ရည်ရွယ်ပြီးတော့ ဟောလိမ့်မယ်၊ သောတာပတ္တိမဂ် ရောက်တဲ့ပုဂ္ဂိုလ် သောတာပတ္တိမဂ် ပထမဈာန်က နိဗ္ဗာန်အာရုံမှာ ဝင်ရမှာကိုး၊ ဟိုကျတော့ ပထမဈာန်လို့ နိဗ္ဗာန်အာရုံကို သောတာပတ္တိမဂ်ဝင်လို့ရှိရင်လည်း ဒီက ရှုနေရင်းပေါ့လေ၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် မှတ်ရင်းမှတ်ရင်းနဲ့ ဖြစ်ပျက်တဲ့တရားတွေကို မှတ်ရင်း မှတ်ရင်း သိရင်းသိရင်းကနေပြီးတော့ ဖြစ်ပျက်တဲ့သဘါရတွေ လုံးဝဖြိမ်းတဲ့နေရာ အပဝတ္ထ ခေါ်တဲ့တရား ရောက်သွားတာ၊ သဘါရဖြိမ်းတဲ့သဘောထဲ နိဗ္ဗာန်ထဲ တစ်ခါတည်း ဖြုတ်ခနဲ ဝင်သွားတယ်။

http://www.dhammadownload.com

အဲဒီ ဝင်တဲ့နေရာမှာ ဝိတက်ပါတယ်၊ ပထမဈာန်နဲ့ဆိုရင် ဝိတက်ပါတယ်၊ ဝိစာရကသိပ်မထင်ရှားဘူး၊ သိမ်မွေ့တဲ့သဘော၊ ဟိုဟာတွေကတော့ ကြမ်းကြမ်း တမ်းတမ်းတွေ မဟုတ်ဘူး၊ ပထမ ဝိပဿနာရှုခါစတုန်းက ဝိတက်ဝိစာရတွေက သိပ်ကင်းရှင်းတယ်၊ ဟိုကျတော့ အပွနာအနေအားဖြင့် အာရုံထဲ ပြေးဝင်သွားတဲ့ အခါကျတော့ ဝိတက် ဝိစာရတွေက ဒီလောက်မထင်ရှားဘူး၊ ဝိတက် ကြုံစည်မှုလည်း ပါတယ်၊ ဝိစာရ သုံးသပ်ဆင်ခြင်တာလေးလည်း ပါတယ်၊ ပီတိလည်း ပါတယ်၊ သုခလည်း ပါတယ်၊ ဒီမှာ ငြိမ်းတဲ့သဘောထဲမှာ စူးစိုက်ပြီး ဝင်နေတဲ့ သဘောလေးကလည်း ပါတယ်၊ ဈာန်အင်္ဂါငါးပါးနဲ့ ပြည့်စုံပြီးတော့ သောတာ ပတ္တိမင် ပထမဈာန်နဲ့ ဟိုမှာ နိဗ္ဗာန်ကို မျက်မျောက်ပြုသွားတာကိုး။

သကဒါဂါမိမင်ကျလဲ ဒီလိုပဲ၊ အနာဂါမိမင်လဲ ဒီလိုပဲ၊ အရဟတ္တမင်လည်း ဒီလိုပဲ၊ လောကီဈာန်နဲ့ ပြောမယ်ဆိုရင် သမထဈာန်တွေနဲ့ ခုန ထွက်သက် ဝင်သက်ဆိုရင် ထွက်သက်ဝင်သက်အာရုံမှာ ထွက်တိုင်း ဝင်တိုင်း အာရုံလေး ဝင်လိုက် ထွက်လိုက်၊ ဝင်လိုက် ထွက်လိုက်တယ်၊ အဲဒီမှာ ပဋိဘာဂနိမိတ်ဆိုတာ ဟိုမှာ ထင်ထင်ရှားရှားအာရုံတွေ၊ ဒီအရောင်းအဆင်းနဲ့တကွ ပီပီသသ ကြည် ကြည်လင်လင် သန့်သန့်ရှင်းရှင်း ဖြစ်ပြီးတော့ ထင်လာတယ်၊ အဲဒီအာရုံလေးမှာ ဝင်လိုက်ထွက်လိုက် တစ်ခါတည်း ကြိုးတစ်ခုတည်း ဆွဲနေသလို အတွင်းဝင်လိုက်၊ အပြင်ထွက်လိုက် အတွင်းဝင်လိုက် အပြင်ထွက်လိုက် ဒါလေးပေါ်မှာ စိတ်ကလေး တည်နေရာက စူးစိုက်ပြီးတော့ နေလို့ရှိရင် အဲဒီမှာ ဈာန်ဖြစ်တာကိုး၊ ဝိတက်လည်း ပါတယ်၊ ဝိစာရလည်း ပါတယ်၊ သူ့အာရုံနဲ့သူ နှစ်သက်နေတဲ့ ပီတိလည်း ပါတယ်၊ စိတ်ချမ်းသာမှုလည်း ပါတယ်၊ ဧကဂ္ဂတာငြိမ်းနေတာလည်း ပါတယ်၊ ဒီအချိန်မှာ ဖြင့်ရင် ဘယ်မှအာရုံမပြုဘူး၊ အဲဒီအာရုံထဲမှာ စိတ်ကလေးတည်နေတယ်၊ အဲဒါ အာနာပါနနဲ့ ဈာန်ရောက်ပုံ။

ပြီးတော့ ကသိုဏ်းနဲ့ဈာန်ရောက်တာလည်း ကသိုဏ်းအာရုံ ဒီအတိုင်းပဲ၊ အတူတူပါပဲ၊ အခုတော့ ဝိပဿနာဈာန်တွေက ဝိပဿနာ ရှုတိုင်းရှုတိုင်း အာရုံ လေးမှာ ပြေးဝင်ပြီးတော့ တည်နေတယ်၊ ပြေးဝင်ပြီးတော့ တည်ရာမှာ ဝိတက် လည်း ပါတယ်၊ စခါစ ထင်ရှားတယ်၊ သမ္မသနဉာဏ်မှာ အထူးထင်ရှားတယ်၊ ဥဒယဗ္ဗယဉာဏ်ပိုင်းလည်း အတော်အတန်တော့ ထင်ရှားတယ်။ သို့သော် သမ္မသန ဉာဏ်က ပိုပြီးတော့ ထင်ရှားတယ်၊ ဝိတက် ဝိစာရ ပီတိကတော့ ဥဒယဗ္ဗဉာဏ်

http://www.dhammadownload.com

ကျမှ ပိုထင်ရှားတယ်၊ သုခကလည်းပဲ အဲဒီမှာ ထင်ရှားတယ်၊ သို့သော် ဥဒယဗ္ဗယ ဉာဏ်အရင့်ပိုင်းကျမှ သုခက ပို၍ ထင်ရှားလာတယ်၊ စူးစိုက်တည်ကြည်တာ ကတော့ကို အကုန်လုံး ထင်ရှားပါတယ်၊ မှတ်တိုင်းမှတ်တိုင်း အမှတ်ကောင်း သည်က စပြီးတစ်ခါတည်း မှတ်ရာမှတ်ရာ အာရုံမှာ စူးစိုက်တည်ကြည်တာလေး ထင်ရှားတယ်၊ အဲဒါဟာ ပထမဈာန်ခေါ်တယ်တဲ့၊ အဲဒါကို လောကုတ္တရာမဂ်ဈာန် တွေရော၊ ရူပါဝစရဈာန်တွေရော၊ ဥပစာရဈာန်တွေရော၊ ဝိပဿနာဈာန်ရော၊ အဲဒီဟာတွေ အကုန်လုံး ယူပြီး ပထမဈာန်ကို ဒီမှာ ဟောတာကိုး။

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သည်၊ ဘိက္ခု-သံသရာဘေး ကို ရှုမြင်သောပုဂ္ဂိုလ်သည်၊ ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရား တို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ-ကြံစည်မှုဝိတက်လည်းရှိသော၊ သဝိစာရံ-စဉ်းစားဆင်ခြင်မှု ဝိစာရလည်းရှိသော၊ ဝိဝေကဇံ-နိဝရဏကင်းဆိတ် ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ-နှစ်သိမ့်အားရမှု၊ စိတ်ချမ်းသာမှုလည်းရှိသော၊ ပထမံ-ရှေးဦးစွာသော၊ ဈာနံ-အာရုံကို စူးစိုက်၍ရှုသော ဈာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏။

"အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ"ပါပဲတဲ့၊ ဆုံးတော့ မဆုံးသေးဘူး၊ ဒါ ပထမဈာန်ပြီးသေးတယ်၊ ဒုတိယဈာန် တတိယဈာန်တွေ နောက်သွားရဦးမယ်၊ ကနေ့တော့ကို ဒီလောက်နဲ့ပဲ တရားဆုံးကြစို့၊ အချိန်က တော်တော်ကြာသွားပြီ၊ ဆောင်ပုဒ်ကလေးတွေ တစ်ပုဒ်စီ ဆိုပြီး တရားသိမ်းကြဦးစို့ -

* **စူးစိုက်သမှု၊ တပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်။**
သမထဈာန်၊ ဝိပသ်ဈာန်၊ နှစ်တန်ကွဲပြားသည်။
တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်။
လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပသ်ဈာန်ခေါ်သည်။
ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစားချမ်းသာသည်။
ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင် ပ-ဈာန်မည်။
ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ (၅)ပါးအပေါင်းကို
ပထမဈာန်ဟုခေါ်သည်။ (ဆို သုံးခေါက်)

http://www.dhammadownload.com

ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ကျန်သေးတယ်၊ လက္ခယ်နေ့ ကျမှ ဟောရမယ်၊ ယနေ့ တရားသိမ်းဦးမှပဲ၊ ဤမဂ္ဂင်ရှစ်ပါးတရားကို ရှိသေစွာ နာခံ မှတ်သားရသော ဓမ္မသဝနကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် မိမိတို့သန္တာန်၌ ဤသမ္မာသမာဓိနှင့်တကွ မဂ္ဂင်ရှစ်ပါးတရားတို့ကို အဖန်ဖန်ပွား များအားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

* * * * * *

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်

ဆဋ္ဌမပိုင်း

[၁၃၂၃-ခုနှစ်၊ တန်ခူးလဆုတ် ၈-ရက်နေ့ ဟောကြားသည်။]

သမ္မာသမာဓိမဂ္ဂင်အဆက်

သတိပဋ္ဌာနသုတ်ဆိုတာက သူကတော့ နက်နဲတဲ့တရားတွေပါပဲ၊ တစ်သုတ်လုံး နက်နဲတဲ့တရားတွေ ဟောထားတယ်၊ သုတ္တန်တရား ဒေသနာတော်တွေ ထဲမှာ လုပ်ငန်းစဉ်နှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ညွှန်ကြားထားရာမှာ ဒီသတိပဋ္ဌာနသုတ်ဟာ အပြည့်စုံဆုံးသုတ်လို့ ဆိုနိုင်လောက်တဲ့သုတ်ပါပဲ၊ တစ်ချို့ တစ်ချို့သုတ်တွေမှာတော့ သစ္စာ(၄)ပါးဆို သစ္စာလေးပါးပဲ၊ အဲဒီလောက်သာ ဟောသွားတယ်၊ အဲ. . သစ္စာလေးပါးကို သိအောင်ဘယ်လိုအားထုတ်ရမယ်ဆိုတာ အားထုတ်ပုံမပါဘူး၊ ဒီသုတ်မှာတော့ သစ္စာလေးပါးတရားတွေလဲပါတယ်၊ ဒိပြင်တရားတွေလဲ ပါတယ်၊ အားထုတ်ပုံတွေ လုပ်ငန်းစဉ်တွေ အကုန်လုံးပြပြီးတော့ ဟောထားတယ်။

ဒါကြောင့် ဒီသတိပဋ္ဌာနသုတ်ဟောလာတာ ကြာတော့ကြာပါပြီ၊ တစ်နှစ်လောက်ရှိနေပါပြီ၊ အခု အပြီးသတ်ကုန်ခါနီးတော့ ရောက်နေပါပြီ၊ တစ်သီတင်းလောက်ဆိုရင် ကုန်ပါပြီ၊ နည်းနည်းပဲ ကျန်ပါတော့တယ်၊ စာရွက်နဲ့အနေအားဖြင့် ဆိုရင်တော့ စာတစ်မျက်နှာလောက်တောင် မရှိတော့ပါဘူး၊ သူက ကုန်တော့မှာပါ၊ ပါဋ္ဌိစာမျက်နှာတော့ တစ်မျက်နှာတောင် မရှိတော့ပါဘူး။

ဒါပေမယ့် နည်းနည်းချင်း နည်းနည်းချင်း ပြောနေတာနဲ့ ကုန်ခဲနေတယ်၊ သတိပဋ္ဌာန်လေးပိုင်းထဲက ဓမ္မာနုပဿနာသတိပဋ္ဌာန်ပိုင်း၊ ဓမ္မာနုပဿနာမှာ လည်းတစ်ခါ ငါးပိုင်း ရှိပြန်တယ်၊ ဓမ္မာနုပဿနာမှာ နီဝရဏတရားတွေ ရှုပြီးတော့ ဝိပဿနာဖြစ်ပုံက တစ်ပိုင်း၊ ခန္ဓာငါးပါးရှုပြီးတော့ ဝိပဿနာဖြစ်ပုံက တစ်ပိုင်း၊ အာယတနနဲ့ သံယောဇဉ်တွေ ရှုပြီးတော့ ဝိပဿနာဖြစ်ပုံက တစ်ပိုင်း၊ ဗောဇ္ဈင်

http://www.dhammadownload.com

ရှုပြီးတော့ ဝိပဿနာဖြစ်ပုံက တစ်ပိုင်း၊ သစ္စာလေးပါးတရား ရှုပြီးတော့ ဝိပဿနာဖြစ်ပုံက တစ်ပိုင်း ဟူ၍ ငါးပိုင်း ရှိတယ်။

သစ္စာလေးပါးတရားရှုတဲ့အပိုင်း နောက်ဆုံးပိုင်းရောက်နေပါပြီ၊ သစ္စာလေးပါးထဲမှာလည်း ဒုက္ခသစ္စာဆိုရင် ဒုက္ခသစ္စာက အကျယ်ကြီးပဲ၊ အဲဒါလည်းပြီးပြီ၊ သမုဒယသစ္စာလည်း ပြီးပြီ၊ နိရောဓသစ္စာလည်း ပြီးပြီ၊ မဂ္ဂသစ္စာပိုင်းရောက်နေတယ်၊ မဂ္ဂသစ္စာမှာလည်း မဂ္ဂင်ရှစ်ပါးတရားရှိတယ်၊ အဲဒီမဂ္ဂင်ရှစ်ပါး အစိတ်စိတ်လျှောက်ဝေဖန်ပြီးတော့ ဟောထားတော့ အခုနောက်ဆုံး သမ္မာသမာဓိမဂ္ဂင်ရောက်နေပြီ၊ သမ္မာသမာဓိမဂ္ဂင်တောင်မှ တစ်ရက်လောက် ဟောပြီးပြီ၊ သမာဓိဖြစ်ပုံကို ဒီကနေ့ ပြန်ဟောဦးမှဖြစ်မယ်။ သမ္မာသမာဓိမဂ္ဂင် -

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊

ဘိက္ခဝေ-တို့၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-ဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ဆိုက်ရောက်သော အကျင့်ဖြစ်သော၊ အရိယသစ္စံ-အရိယာတို့သိအပ်သော အမှန်တရားသည်၊ ကတမဉ္စ-အဘယ်ပါနည်း။

ဒုက္ခသစ္စာ

လောကမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတရားတွေပဲ ထင်ရှားရှိနေတယ်၊ ဒုက္ခ-ဆင်းရဲတရားတွေတဲ့၊ သမုဒယ-ဆင်းရဲကြောင်းတရားတွေတဲ့၊ သတ္တဝါတိုင်း သတ္တဝါတိုင်းရဲ့သန္တာန်မှာ ဒီသစ္စာနှစ်ခုရှိကြတယ်၊ ဆင်းရဲကြောင်းတရားရှိလို့ ဆင်းရဲတရားတွေ ရှိနေတယ်၊ ဆင်းရဲတရားတွေ ဆိုတာ ဘာလဲဆိုရင် အကျဉ်းချုပ်ပြောမယ်ဆိုရင်တော့ ရုပ်နာမ်တရားတွေပါပဲ၊ ခဏမစဲ ဖြစ်ပျက်ပြီးတော့နေတဲ့ ရုပ်နာမ်တရားတွေပါ၊ အခု ဝိပဿနာရှုတဲ့အခါမှာ ရှုတိုင်း ဖြစ်ပျက်နေတာတွေ့တွေ့ရတယ်၊ အဲဒါ ဒုက္ခသစ္စာတွေပဲ၊ "ဖြစ်ပျက်သမျှ သခါရ ဒုက္ခသစ္စာတည်း" တဲ့။

သမာဓိဉာဏ်ရင့်ရင် ဖြစ်ပျက်တွေ့ရစေခြင်း

ဉာဏ်စဉ်ဟောတဲ့အခါ ဘုန်းကြီးက သစ္စာလေးပါး လွယ်လွယ်ကူကူ ယောဂီပုဂ္ဂိုလ်တွေအနေနဲ့ မှတ်ရအောင်လို့ ဒီဆောင်ပုဒ်ကို ပေးထားတယ်၊ ယောဂီမဟုတ်တဲ့ အလွတ်ပုဂ္ဂိုလ်တွေတော့ မလွယ်ပေဘူး၊ ဒီဥစ္စာ ဖြစ်ပျက်သမျှသခါရ၊

http://www.dhammadownload.com

ဖြစ်ပျက်တယ် ဆိုတာက စာထဲမှာ ရှိနေတာကိုး၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဖြစ်ပျက်တာက မတွေ့ဘူး၊ သခ်ါရဆိုတာကလည်း ပြောသံကြားနေတာ၊ သခ်ါရဆိုတာ ဘာမှန်း မသိဘူး၊ ဖြစ်ပျက်သမျှသခ်ါရဆိုတာ ကိုယ်သန္တာန်မှာ အမြဲမပြတ် ဖြစ်ပျက်နေတဲ့ တရားတွေပဲ၊ အခုတရားအားထုတ်တဲ့အခါ ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်တွေမှာ သမာဓိဉာဏ် တော်တော်ရင့်တဲ့အခါကျတော့ ဒီအဖြစ်အပျက်တွေ တွေ့ရတယ်။

စခါစတော့ဖြင့် မတွေ့သေးဘူး၊ စခါစတော့ ရှုရမယ်ဆိုလို့ ရှုနေရတာပဲ၊ ဖောင်းတာ မှတ်လိုက်၊ ပိန်တာ မှတ်လိုက်၊ ဘာသိတုံး၊ ဖောင်းတာ မှတ်ရင် ဖောင်းတာ သိတာ၊ ပိန်တာ မှတ်ရင် ပိန်တာ သိတာပဲ၊ တချို့က ဟိုလိုတောင် စဉ်းစားတတ်သေးတယ်၊ မှတ်ရမယ်ဆိုလို့သာ မှတ်နေရတာ၊ ဘာမှ မထူးပါဘူး၊ စတုန်းကလည်း ဒီလိုသိနေတာပဲ၊ ခုလည်း ဒီလိုသိနေတာပဲ၊ ဘာမှ မထူးဘူး၊ ဒီလိုတောင် ထင်တတ်တယ်၊ စခါစပုဂ္ဂိုလ်တွေမှာ သမာဓိဉာဏ်မရင့်သေးရင်တော့ ဒီအတိုင်းပဲ၊ မရှုခင်က သိနေသလိုပဲ သိနေမှာပဲ၊ ဒီကိုယ်ကြီးတစ်ခုလုံးနဲ့ ဗိုက်နဲ့ ဒီလို သိနေမှာပဲ၊ ကိုယ်အကောင်အထည်ကြီးလိုက်ပဲ ရှိနေဦးမှာ။

သမာဓိဉာဏ်ရင့်လာတဲ့အခါကျတော့ ပကတိအသိတွေ၊ ပညတ်အသိတွေ ပျောက်ပြီးတော့ ပရမတ်အသိတွေတွင် သိလာရမှာ၊ ဖောင်းတဲ့ တောင့်တင်းလှုပ်ရှားတဲ့သဘောလေး၊ ပိန်ကျသွားတဲ့ တောင့်တင်းလှုပ်ရှားတဲ့သဘောလေး၊ ဖောင်းတက်လာလို့၊ ပိန်ကျသွားလို့ အဲဒါလေးတွေ သိရမယ်၊ ဒါလေးတွေ သိရုံတင်မကဘူး၊ ရှုတဲ့စိတ်ကလေးတွေကိုပါ တော်တော်ကြာတော့ သိလာတယ်၊ ရှုလိုက်တဲ့စိတ်နဲ့ ဟိုက ဖောင်းတက်လာတဲ့ရုပ်နဲ့၊ ရှုလိုက်တဲ့စိတ်နဲ့၊ ပိန်ကျသွားတဲ့ ရုပ်နဲ့ ရုပ်နဲ့နှာမ်လေးနှစ်ခု တစ်စုံတစ်ခုဖြစ်နေတယ်၊ အဲဒါလေးတွေပါ တော်တော်ကြာတော့ သိလာတယ်၊ ဒါလေးတွေ သိရုံတင်လည်း မကသေးဘူး၊ ဒီဖြစ်ပေါ်လာတဲ့ တရားလေးတွေလည်း အခုပဲဖြစ်ပြီး အခုပဲပျောက်သွားလို့ မမြဲတဲ့တရားပဲ၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း ဘယ်မှ တည်နေတာ မရှိဘူး၊ ကောင်းကင်မှာ လျှပ်စစ်လက်သလိုပဲလို့ ကျမ်းဂန်တွေက ဥပမာပြထားတယ်၊ အဲဒီဥပမာအတိုင်း လျှပ်စစ်လက်တာနဲ့ တော်တော်ကိုတူတယ်၊ လျှပ်စစ်လက်လက်ပြီး ပျောက်သွားသလိုပဲ၊ ဘယ်တရားမဆို ပေါ်လာတဲ့အခါ မှတ်၊ မှတ်ရင် ပျောက်သွားရော၊ မမှတ်ရင် မသိဘူး။

http://www.dhammadownload.com

ရှေးဦးစွာ ဘယ်က စတွေ့တုံးဆိုတော့ စိတ်ကူးခါစတွေ့တယ်၊ စိတ်ကူးလေးတွေ စိတ်ကူးတုန်း စိတ်ကူးတုန်း မှတ်မှ ဒီက ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်နေတုန်း အိမ်ရောက်သွားတယ်၊ အဲဒီအနေမှတ်မှ မမှတ်ရင် တော်တော်ကြာ ဒီစိတ်ကူးက မရှိတော့ဘူး၊ တော်တော်ကြာမှ မှတ်မယ်လုပ်တော့ နောက်ကျနေပြီ မရှိဘူး၊ ဟိုလူတစ်ယောက်နဲ့သွားပြီး တွေ့နေတယ်၊ တွေ့တုန်း အဲဒီစိတ်ထဲ ဘွားခနဲ တွေ့နေတုန်း မှတ်မှ၊ မမှတ်ရင် တော်တော်ကြာမှ မှတ်မယ်လုပ်တော့ ဒီတွေ့တဲ့စိတ်က မရှိပြန်ဘူး၊ ပျောက်သွားတယ်၊ အဲဒါလိုပဲ စိတ်ကူးလေးတွေက ရှေးဦးစွာ စပြီး ပေါ်လာတယ်၊ ပေါ်လာပြီးရင် ချက်ချင်းပဲ ပျောက်သွားတာပဲ၊ မြဲတည်နေတာ ရယ်လို့ မရှိဘူး၊ စိတ်ကူးလေးတွေရော နောက်ကျလို့ရှရင် ဝေဒနာတွေရော ရုပ်အမှုအရာတွေရော ဘယ်ဟာမှ တည်တံ့နေတာမရှိဘူး၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း အမြဲတည်နေတာ မရှိတော့ဘူး။

ပြုပြင်ပေးစရာငြင်း

ဒါကြောင့် "ဖြစ်ပျက်သမျှ၊ သခါရ၊ ဒုက္ခသစ္စာတည်း"တဲ့၊ ဖြစ်ပျက်နေတဲ့ တရားတွေဟာ သခါရတွေပဲတဲ့၊ အမြဲမပြတ်ပြုပြင်ပေးနေရတယ်၊ ရုပ်တရားတွေ ပြုပြင်ရတယ်၊ ဘယ်လိုပြုပြင်ရသလဲ၊ ရုပ်တရားတွေ နေ့စဉ်မပြတ် ပြုပြင်နေရတာပဲ၊ အစာအာဟာရနဲ့လည်း ကျွေးပြီးတော့ ပြုပြင်နေရတယ်၊ သူ့ရေမိုးခိုးသုတ်သင်ပြီးတော့လည်း ပြုပြင်နေရတယ်၊ ဣရိယာပုထ်နဲ့လည်း ပြုပြင်နေရတယ်၊ ထိုင်နေတာ ကြာလို့ရှိရင်ဖြင့် ထ,လမ်းလျှောက်၊ လမ်းလျှောက်နေတာက ပင်ပန်းလို့ရှိရင် ထိုင်, ထိုင်နေရာမှာလည်း ကွေးနေတာကြာလို့ရှိရင် ဆန့်,ဆန့်တာကြာလို့ရှိရင် ကွေး၊ ခေါင်းငုံ့ရာက မော့ရတယ်၊ မော့ရာက ငုံ့ရတယ်၊ ဟိုလိုလှည့်ရ လှည့်ရ ဒီလိုလှည့်ရ လှည့်ရ ဟိုလိုပြင်ရ ဒီလိုပြင်ရနဲ့ အမျှားကြီးရှိတယ်။

အဲဒီလို အမြဲတမ်း ပြင်ပေးနေရတယ်၊ မပြင်ဘဲနဲ့နေမှ မနေနိုင်ပဲ၊ ပကတိပုဂ္ဂိုလ်တွေ သိပ်မသိဘူး၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေမှ သိတာ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ တစ်နာရီလောက် ထိုင်ပါဆို တစ်နာရီလောက် ထိုင်နိုင်ခဲတယ်၊ စ,ခါစ အားထုတ်ခါစ ဘယ်ထိုင်နိုင်လိမ့်မှာတုံး၊ တော်တော်လေး ထိုင်မိရင် (၁၅)မိနစ်၊ မိနစ် (၂၀)လောက်ဆိုရင် တစ်ခါတည်း သူက ပင်ပန်းလာတယ်၊ (၁၅)မိနစ်၊ မိနစ် (၂၀)လောက်ဆိုရင် နေရ ထိုင်ရ ကြပ်တည်းလာတယ်၊ ကျင်လာ

http://www.dhammadownload.com

ရတာနဲ့၊ နာလာရတာနဲ့၊ ညောင်းလာရတာနဲ့၊ အောင့်ရတာနဲ့ တစ်ခါတည်း သူ အနေအထိုင်တွေ ခက်လာတယ်၊ အဲဒါ ပကတိပုဂ္ဂိုလ်တွေအနေကတော့ အဲဒါတွေ ပြင်လိုက်ရော၊ ပြင်လိုက်ရင် ပျောက်သွားရော၊ ဒါ ပြုပြင်ဘာပဲ၊ ပြုပြင်လိုက်တော့ သူက နေသာထိုင်သာ ရှိသွားတယ်။

အဲဒီလို အမြဲမပြတ်ပြုပြင်ပေးနေတော့ နေသာထိုင်သာရှိနေတယ်၊ မပြုပြင် လို့ရှိရင်ဖြင့် နေသာထိုင်သာမရှိဘူး၊ ဘယ်ဟာမှ သူဟာ အစဉ်ထာဝရကောင်းနေ တာမရှိဘူး၊ အင်မတန်သာသာယာယာ ကောင်းနေပါတယ်ဆိုတဲ့ အသံတွေတောင် မှ ဒီအသံကြီးပဲ နားထောင်နေရရင် ပျင်းလာတာပဲ၊ ငြီးငွေ့လာတာပဲ၊ လဲလဲပြီး ပြောင်းလဲပြီး လုပ်ရတယ်၊ ဒါကြောင့် တူရိယာတို့ ဆိုင်းတို့ သီချင်းတို့ပေမယ့် ပြောင်းရတယ်၊ တစ်မျိုးထဲ ဒီတစ်သံချည်းထဲ သွားနေလို့ရှိရင် ကြာတော့ ပျင်းပြီး တော့ သွားတတ်တယ်၊ ဒါကြောင့် တော်တော်ကြာ တစ်မျိုး၊ တော်တော်ကြာ တစ်မျိုး ပြင်ပြင်ပြီးတော့ လုပ်ရတယ်၊ အဲဒါတွေဟာ ဘယ်ဟာမှ သူတစ်ခုတည်း တည်နေတာ၊ ကောင်းနေတာ မရှိဘူး၊ ဒါကြောင့် အဲဒီအာရုံတွေနဲ့လည်း အမျိုးမျိုး ပြုပြင်ပြီးတော့ ပေးနေရတဲ့စိတ်ဇတွေက နေသာထိုင်သာရှိအောင် အမျိုးမျိုးပြုပြင် ပေးနေရတယ်၊ အဲဒီလို ပြုပြင်ပေးနေရတဲ့ တရားတွေ ပြုပြင်တိုင်း ပြုပြင်တိုင်း အသစ်အသစ်တွေ ဖြစ်ပေါ်နေတယ်၊ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း တရားတွေ လည်း ပျောက်နေတယ်၊ အဲဒါ ဖြစ်ပျက်သမျှတရားတွေပဲတဲ့၊ သခါရတရားတွေပဲ။

ရှုမှတ်နေတဲ့အခါတော့ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ၊ ကွေးတာ၊ ဆန့်တာ၊ မြင်တာ၊ ကြားတာမှ စပြီး ဘယ်ဟာမှ တည်နေတာ မရှိဘူး၊ ဖြစ်ပေါ် ပြီးရင်း ပျောက်သွားလိုက် ဖြစ်ပေါ်ပြီးရင်း ပျောက်သွားလိုက် ဒါတွေကြီးပဲ တွေ့ရတယ်၊ မှတ်ရင်း ပျောက်ရင်း မှတ်ရင်း ပျောက်ရင်း ဒါတွေ တွေ့နေရတယ်၊ အဲဒါဒုက္ခသစ္စာတရားတွေပဲ။

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်နှင့် မရှုတဲ့ပုဂ္ဂိုလ်

ဝိပဿနာမရှုတဲ့ပုဂ္ဂိုလ်တွေလဲ ဒီဒုက္ခသစ္စာတွေ ဒလစပ်ဖြစ်ပျက်နေတာပဲ၊ အိပ်နေရင်းလည်း ဖြစ်ပျက်နေတာပဲ၊ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်လည်း ဖြစ်ပျက် နေတာပဲ၊ ဘာထူးတုံးဆိုတော့ မရှုတဲ့ပုဂ္ဂိုလ်တွေမှာ အဲဒီဖြစ်ပျက်တဲ့ တရားတွေ မသိဘူး၊ ရှုနေတဲ့ပုဂ္ဂိုလ်တွေမှာ ဒုက္ခသစ္စာတရားတွေ ရှုတိုင်းရှုတိုင်း သိနေတယ်၊

http://www.dhammadownload.com

အဲဒါ ထူးနေတာပဲ၊ တချို့တစ်သက်ပန်လုံး တစ်ခါမှ မရှုဖူးဘူး၊ သေသည်တိုင် အောင် တစ်ခါမှ မရှုဖူးဘူး၊ တစ်ခါမှ မသိလိုက်ရဘူး၊ ဒါတွေ ဒုက္ခသစ္စာတရား၊ တစ်ခါမှ မသိလိုက်ရဘဲနဲ့ ဘဝလေးဆုံးသွားရော၊ အေး . . တစ်ရက်လောက် ဝိပဿနာရှုတယ် ဆိုရင် တစ်ရက်လောက် သိသွားတာပေါ့၊ (၇)ရက်လောက် ဝိပဿနာရှုတယ်ဆိုရင် (၇)ရက်လောက် သိသွားပေါ့၊ နည်းတာ မဟုတ်ဘူး၊ အများကြီးပဲ၊ တစ်လလောက် ရှုရင်တော့ အင်မတန်ကို များပါပြီ၊ ပြည့်လည်း ပြည့်စုံတတ်ပါတယ်၊ ဒုက္ခသစ္စာတရားတွေ ဖြစ်ပျက်သမျှ သခိါရဒုက္ခသစ္စာတည်းတဲ့၊ အဲဒီဒုက္ခသစ္စာတရားတွေ အမြဲမပြတ်ဖြစ်နေတယ်၊ ကိုင်း . . ဒါလေးကို ဆိုလိုက် စမ်းပါဦး။

* **ဖြစ်ပျက်သမျှ၊ သခိါရ၊ ဒုက္ခသစ္စာတည်း။** (ဆို သုံးခေါက်)

ဖြစ်ပျက်သမျှတွေဟာ အကုန်လုံးသခိါရဖြစ်တယ်၊ ဒါတွေက ဒုက္ခသစ္စာတွေ ချည်းပဲတဲ့၊ မြင်တိုင်းမြင်တိုင်း ဖြစ်ပျက်နေတယ် ဒုက္ခသစ္စာပဲ၊ ကြားတိုင်းကြားတိုင်း ဖြစ်ပျက်နေတယ် ဒုက္ခသစ္စာပဲ၊ အနံ့နံတိုင်း၊ အရသာစားတိုင်း၊ အတွေ့အထိ တွေ့ထိတိုင်း အဖြစ်အပျက်တွေ ဒုက္ခသစ္စာတွေချည်းပဲ၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း ဒုက္ခသစ္စာတွေချည်းပဲ၊ ဖြစ်ပျက်နေတဲ့တရားတွေပဲ၊ စိတ်ကူးစဉ်းစား ကြံစည်တိုင်း ဖြစ်ပျက်နေတဲ့ တရားတွေပဲ၊ တည်နေတာ မရှိဘူး၊ ညောင်းညာ ပင်ပန်း စတဲ့ နာကျင်ကိုက်ခဲတာတွေ ဒုက္ခဝေဒနာတွေ ရှိတယ်၊ ဖြစ်ပျက်နေတာ တွေပဲ၊ ဝမ်းမြောက်ဝမ်းသာတွေလည်းပဲ ဖြစ်ပျက်နေတဲ့တရားတွေပဲ၊ ဒုက္ခသစ္စာ တရားတွေပဲ၊ အားလုံး ဒုက္ခသစ္စာတွေချည်းပဲတဲ့၊ ဘယ်လိုအကောင်းတွေ ခံစား နေရတယ်ဆိုတာလည်းပဲ အမှန်ကတော့ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာပဲ၊ ဖြစ်ပျက် နေတာ မသိရင်တော့ သာယာစရာဖြစ်နေတာပေါ့၊ အကောင်းတွေ ခံစားနေ ရတယ်၊ ကြီးပွားချမ်းသာ နေရတယ်ဆိုပြီးတော့ သာယာစရာဖြစ်နေတယ်။

အဲဒီ ကြီးပွားချမ်းသာပါတယ်ဆိုရအောင်ကို သူက ဖြစ်ပြီးရင်းပျောက်သွား ရင်း ဒီလိုနေနေတာကိုး၊ ဝမ်းသာတယ်ဆိုတာလည်း ဝမ်းသာပြီးရင်း ပျောက်သွား ရင်း ဝမ်းသာပြီးရင်း ပျောက်သွားရင်း၊ စိတ်ထဲ ချမ်းသာတယ်ဆိုတာလည်း ချမ်းသာပြီးရင်း ပျောက်သွားရင်း၊ ချမ်းသာပြီးရင်း ပျောက်သွားရင်း ဒါလေး တွေ မပျောက်မပျက်ဘဲနဲ့ အမြဲတမ်းတည်နေမယ်ဆိုရင် အင်မတန်ကောင်းမှာပေါ့၊

http://www.dhammadownload.com

ဒီလိုလဲ တည်နေတာမဟုတ်ပဲဟာကိုး၊ ဖြစ်ပေါ်လာအောင်လို့ အင်မတန်အားထုတ်ရတယ်၊ အမြင်ကောင်းလေး မြင်ရအောင်လို့ အင်မတန်အားထုတ်ရတယ်၊ အကြားကောင်းလေး ကြားရအောင်လို့ အင်မတန်အားထုတ်ရတယ်၊ အရသာကောင်းလေး စားပြီးတော့ ချမ်းသာမှုရှိအောင် အင်မတန်အားထုတ်ရတယ်၊ အတွေ့အထိကောင်းနဲ့ ကောင်းကောင်းတွေ့ထိပြီးတော့ ချမ်းသာအောင်လို့ အင်မတန် အားထုတ်ရတယ်၊ အားထုတ်လို့ ရလာပါပြီတဲ့၊ ချမ်းသာလေးဖြစ်လာတယ်၊ ဘယ်လောက်ကြာတုံး၊ ဘယ်လောက်မှ မကြာဘူး၊ ခဏလေးပဲ၊ စားတဲ့အစာအာဟာရများ ပိုထင်ရှားတယ်၊ လျှာပေါ်ခဏလေးပဲ ကောင်းတယ်ထင်ရပြီ၊ ခဏနဲ့ပြီးသွားတယ်၊ မရှိပြန်ဘူး၊ နောက်တစ်ခါ ပြန်ပြီးစဉ်းစားပေမယ်လို့ အဲဒါ မူလက အကောင်းတွေ မရှိတော့ဘူး၊ သုခတွေချမ်းသာတွေ မရှိတော့ဘူး၊ မြင်တာတွေ ကြားတာတွေကလည်း ဒီအတိုင်းပဲ၊ အတွေ့အထိတွေကလည်း ဒီအတိုင်းပဲ အကုန်လုံး လူပြည်လောကကြီးတစ်ခုလုံးမှာ ချမ်းသာတွေ ဆိုတာ အကုန်လုံး တစ်ခါတည်း ဟိုသင်းလိုပဲ၊ ရေစီးများ စီးသွားနေသလို၊ လေများ အပြင်းအထန် တိုက်ပြီးတော့ သွားနေသလို၊ စက်များလည်နေသလိုပဲ တစ်ခါတည်း ဖြစ်ပြီး ချက်ချင်း ပျောက်သွားတဲ့ တရားတွေပဲ။

ဝိပဿနာရှုတော့ အဲဒီရှုတဲ့ပုဂ္ဂိုလ် ရှုတိုင်းရှုတိုင်းဖြစ်ပျက်တာတွေကို တွေ့ရတယ်၊ မိမိသန္တာန်ဖြစ်ပျက်နေသလို တစ်လောကလုံးမှာလည်းပဲ ဒီလိုတစ်ညီတည်း ဖြစ်ပျက်နေတဲ့တရားတွေချည်းပဲ၊ ဖြစ်ပျက်သမျှတွေဟာ ဒုက္ခသစ္စာပဲတဲ့၊ လောကအနေအားဖြင့်တော့ ဒါတွေ ချမ်းသာတွေပါပါတယ်၊ လောကအနေအားဖြင့်တော့ အမြင်ကောင်းတွေ မြင်နေတာတွေ ချမ်းသာလို့ ဆိုရတာပဲ၊ အသံကောင်းတွေ ကြားနေတာ၊ အနံ့ကောင်းတွေ နံနေတာ၊ အရသာကောင်းတွေ စားနေတာ၊ အတွေ့အထိ ကောင်းတွေနဲ့ တွေ့ထိနေတာ၊ ဝမ်းမြောက်ဝမ်းသာဖြစ်နေတာတွေဟာ လောကမှာတော့ ချမ်းသာတွေပဲ။

ဒါပေမယ်လို့ ဝိပဿနာဉာဏ်နဲ့ အမြင်မှန်ဆိုလို့ရှိရင်တော့ ချမ်းသာမရှိဘူး၊ ဖြစ်ပြီး ပျောက်သွားလို့ ဒါတွေဟာ ဘာမှမကောင်းဘူး၊ ဖြစ်ပျက်နေတာတွေချည်းပဲ၊ ဒါကြောင့် "ဖြစ်ပျက်သမျှ၊ သခိါရ၊ ဒုက္ခသစ္စာတည်း"ဆိုပြီး အဲဒီ ဒုက္ခတရားတွေ သတ္တဝါတိုင်း သတ္တဝါတိုင်းသန္တာန်မှာ တရစပ်မပြတ်ဖြစ်ပြီးတော့ နေတယ်တဲ့။

http://www.dhammadownload.com

သမုဒယသစ္စာ

အဲဒီဒုက္ခသစ္စာတွေဟာ ဘယ်ကလာတုံးဆိုတော့ သမုဒယသစ္စာရှိလို့တဲ့၊ သမုဒယသစ္စာ၊ အဲဒီလို ဖြစ်ပျက်နေတာကို သဘောကျနေပြန်တာကိုး၊ ဝိပဿနာ ဉာဏ်နဲ့ မမြင်တဲ့ပုဂ္ဂိုလ်တွေက ဒါတွေကို အကောင်းထင်နေတယ်၊ "သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း"တဲ့၊ ဖြစ်ပျက်နေတဲ့ သခ်ါရတွေကိုပဲ ဖြစ်မှန်း ပျက်မှန်း မသိဘူး၊ ငါပဲ၊ သူပဲ၊ ယောကျ်ားး၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါပဲ ကောင်းစား ချမ်းသာနေတာပဲ၊ စည်းစိမ်တွေ ခံစားနေတာပဲ ဆိုပြီးတော့ ပျော်နေတာ၊ အဲဒါ တွေကို သဘောကျနေတယ်။

ကိုယ့်အခြေအနေလိုက်ပြီးတော့ အခြေအနေတော်ရုံတန်ရုံ ပုဂ္ဂိုလ်ကလည်း တော်ရုံတန်ရုံနဲ့ ကိုယ့်ဟာနဲ့ကိုယ် ကျေနပ်နေတာပဲ၊ တောအရပ် တောင်အရပ် နေတဲ့ ပုဂ္ဂိုလ်တွေ တောအရပ် တောင်အရပ်မှာ သူဟာသူ ပျော်နေတာပဲ၊ သူ အလုပ်အကိုင်လေးနဲ့ သူဟာလေးနဲ့သူ စားလို့ သောက်လို့ ချမ်းသာလို့၊ မြို့နေတဲ့ ပုဂ္ဂိုလ်ကလည်း မြို့အလိုက်၊ ရာထူးဌာနန္တရရှိတဲ့ပုဂ္ဂိုလ်ကလည်း ရှိတဲ့အလိုက်၊ မရှိတဲ့ပုဂ္ဂိုလ်ကလည်း မရှိတဲ့အလိုက် သူဟာသူ ပျော်နေတယ်၊ လူတွေ ပျော်သလို နတ်တွေက ဆိုတော့ အထူးပျော်နေတာပေါ့၊ သာပြီးတော့ ပျော်နေတယ်၊ အဲဒါ တွေဟာ ဖြစ်ပျက်နေတဲ့တရားတွေအပေါ်မှာပဲ ပျော်နေတာပဲ။

ဝိပဿနာရှုတဲ့အခါကာလ ဒီတရားတွေပဲ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်၊ ဒုက္ခသစ္စာတရားတွေ ဖြစ်ပြီးပျောက်သွားလို့ ဘာမှ မကောင်းတဲ့ တရားတွေ၊ အဲဒီတရားတွေကိုပဲ အခု ဝိပဿနာမရှုတဲ့ပုဂ္ဂိုလ်တွေမှာတော့ ဒါတွေ ဟာ သာယာစရာကြီးဖြစ်ပြီး ပျော်နေကြတာကိုး၊ သိပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ တွေ ဖြစ်ပြီး ပျော်နေတယ်၊ ကောင်းတယ်ဆိုပြီး နှစ်သက်ပြီးတော့ သူများပြည့်စုံ သလို ကိုယ့်ပြည့်စုံအောင်လို့ လိုက်ပြီးရှာဖွေပြီးတော့ နေကြတယ်၊ ရလာတော့ လည်း အဲဒီဥစ္စာလေးနဲ့ သဘောကျပြီးတော့ သာယာပြီးတော့ နေကြတယ်၊ အဲဒါ သခ်ါရတွင် အကောင်းထင်တာတဲ့၊ သခ်ါရတွေကို အကောင်းတွေ ထင်နေတယ်၊ မြင်ရတာလည်း ကောင်း၊ ကြားရတာလည်း ကောင်း၊ နံရ, စားရတာလည်း ကောင်း၊ တွေ့ထိရတာကလည်း ကောင်း၊ စိတ်ကူးစဉ်းစား ကြံစည်ရတာလည်း ကောင်း၊ ကောင်းတဲ့အာရုံတွေနဲ့ တွေ့နေရတဲ့ အခါကာလတွေမှာ အမှန်ကတော့

http://www.dhammadownload.com

သခ်ါရတွေပဲ၊ အကြောင်းအားလျော်စွာ အသစ်အသစ်ဖြစ်ပျက်နေတဲ့တရားတွေ၊ အဲဒါ ဒုက္ခသစ္စာတွေပဲ။

ဒါပေမယ့်လို့ ဒုက္ခသစ္စာ ဆင်းရဲလို့ မထင်ဘူး၊ အဲဒါတွေပဲ ကောင်းနေတယ်၊ ဒါမျိုးတွေပဲ ရချင်နေတယ်၊ ပြည့်စုံချင်နေတယ်၊ အဲဒါတွေရှိပြီးတော့ နေပါတယ်တဲ့၊ ယခု မျက်မှောက်မှာ ကောင်းစားချမ်းသာရတာ အလိုရှိတယ်၊ ကိုယ့်မကောင်းစား ရပေမယ့်လို့ သူများကောင်းစားတာတွေ မြင်ပြန်တော့ အဲဒါတွေမျိုးကို သူက သဘောကျတယ်၊ ဒီလိုဖြစ်ပြီးတော့ နေတယ်၊ ဒီလိုဖြစ်ချင်တာကို စာထဲပေထဲက ပြောဟောချက်အရနဲ့ နတ်ပြည်နတ်ချမ်းသာတွေဆိုတာ ကြားရတာ ဒီလိုဟာမျိုး ဖြစ်ချင်တယ်၊ ဒါတွေအလိုရှိနေတယ်၊ အဲဒါတွေဟာ "သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း" သမုဒယသစ္စာပဲတဲ့၊ ကိုင်း . . . ဆိုစမ်းပါဦး။

* **သခ်ါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း။** (ဆို သုံးခေါက်)

ဖြစ်ပျက်နေတဲ့ ရူပ်နာမ်သခ်ါရတရားတွေ, ဒုက္ခသစ္စာတရားတွေကိုပဲ ဖြစ်ပျက်နေမှန်းမသိ၊ ဒုက္ခသစ္စာဆင်းရဲပဲလို့ အမှန်အတိုင်းမသိတဲ့ပုဂ္ဂိုလ်က နည်းနည်းပါးပါးသိတယ် ဆိုစေကာမူ ကောင်းကောင်းကြီး မသိသေးဘူး၊ အဲဒါတွေမှာ သာယာနှစ်သက် သဘောကျနေတယ်၊ ခင်မင်တွယ်တာ သာယာနှစ်သက် သဘောကျမှုတွေ ဖြစ်တယ်တဲ့၊ မြင်ရာကိုလည်းသဘာကျတယ်၊ ကြားရာ၊ နံရာ၊ စားရာ၊ တွေ့ထိရာကိုလည်း သဘောကျနေတယ်၊ ယခု မိမိနေထိုင်ရတဲ့ အခြေအနေမျိုးလည်း သဘောကျနေတယ်၊ ယခု ကောင်းစားနေတာ သဘောကျနေတယ်၊ ရှေးက ကောင်းစားခဲ့ပြီးဖူး အခြေအနေတွေကို ပြန်စဉ်းစားပြီး အဲဒါတွေကို သဘောကျနေတယ်၊ နောင်လည်းပဲ ဒီထက်ပိုပြီးတော့ ကောင်းစားလာလိမ့်ဦးမယ်၊ ချမ်းသာလာလိမ့်ဦးမယ်လို့ အဲဒီလို သူက သဘောကျနေတယ်၊ ဒီဘဝက သေပြီးတော့လည်း နောက်ဘဝတွေမှာ အဲဒီလိုပဲ အလားတူဖြစ်စေ ဒီထက်တိုးတက်ပြီးတော့ ဖြစ်စေ၊ ကောင်းစားချင်တဲ့ စိတ်တွေ ပေါ်နေတယ်၊ အဲဒါတွေဟာ သမုဒယသစ္စာတွေပဲတဲ့။

ဒါတွေရှိလို့ ခင်မင်တွယ်တာမှု သာယာမှု နှစ်သက်မှု တောင့်တမှုတွေ ရှိပြီး နေတော့ ဘဝအသစ်တွေ ထပ်ခါထပ်ခါဖြစ်ရတယ်၊ သေပြီးပြန်လို့ရှိရင် ဒီဘဝက ရူပ်နာမ်သခ်ါရ ရူပ်နာမ်ခန္ဓာတွေ နောက်ဆုံးဖြစ်ပျက်နေတဲ့အထဲက

http://www.dhammadownload.com

နေပြီး နောက်ဆုံးဖြစ်ပျက်ပြီးဆုံးသွားတဲ့အခါ သေတယ်လို့ ခေါ်တာပဲ၊ သေတာကလည်း တခြားမဟုတ်ပါဘူး၊ အခု ရှုမှတ်နေတဲ့ စိတ်ကလေးတွေ ပျောက်နေတာမျိုးပဲ၊ ဒီစိတ်ကလေးတွေ ဖြစ်လိုက်ပျောက်လိုက်၊ ဒီစိတ်ကလေးတွေ ဖြစ်လိုက်ပျောက်လိုက်နဲ့ ဒီလိုပျောက်ပြီးနေတယ်၊ အခု မသေသေးခင်တော့ အဲဒီစိတ်ကလေးက ပျောက်သွားလို့ရှိရင် နောက်စိတ်က အသစ်ဖြစ်လာတယ်၊ ဒီစိတ်ပျောက်သွားရင် နောက်စိတ်က အသစ်ဖြစ်လာတယ်၊ မကုန်နိုင်ဘူး၊ သူက ပြန်ပြန်ပြီးတော့ အသစ်အသစ်ဖြစ်နေတော့ မသေသေးဘူးလို့ ဆိုရတာကိုး၊ နောက်ဆုံးသေတယ်ဆိုတဲ့အခါကျတော့ ဒီစိတ်ကလေးပျောက်သွားတယ်၊ နောက်စိတ်မလာတော့ဘူး၊ အဲဒါသေတာပဲ၊ သေတော့ ခုနတွယ်တာမှုရှိနေတဲ့ပုဂ္ဂိုလ်က သေခါနီးမှာ စွဲလမ်းတဲ့အာရုံက ရှိသေးတယ်၊ သူဟာ ဒီကဆွဲထားသလို၊ စွဲထားတော့ အဲဒီစွဲတဲ့အာရုံကနေပြီး ဘဝအသစ်မှာ စိတ်ကလေးဖြစ်တယ်၊ ဒီမှာ မဖြစ်မေ့မယ့်လို့ သင့်လျော်တဲ့ဌာနမှာ သွားပြီးတော့ ဖြစ်တယ်၊ သင့်လျော်တဲ့ဌာနမှာ စိတ်ကလေးက သွားပြီးတော့ စွဲလမ်းရာမှာဖြစ်တယ်၊ ရုပ်ကလည်း အသစ်ဖြစ်တယ်၊ အဲဒီဖြစ်ရာဘဝမှာလည်းပဲ စိတ်ကလေး တစ်ခုပြီး တစ်ခု ဒီလိုပဲ အသစ်အဟောင်းတွေ ပြောင်းလဲပြီးတော့ သွားတယ်၊ သွားပြန်ရော၊ အဲဒီနည်းနဲ့ သေခါနီး စွဲလမ်းပြီးတော့ နောက်ဆုံးစိတ်ကလေးဆုံးသွားတာနဲ့ ဘဝအသစ်မှာ သွားပြီးတော့ ဖြစ်တယ်၊ ဘဝအသစ်မှာ သွားဖြစ်နဲ့ ဘဝသံသရာမှာ ဒီလိုလည်နေတာပဲ၊ အဲဒါတွေဟာ ဒုက္ခသစ္စာတွေ ဖြစ်လာတာတဲ့၊ ခုန ခင်မင်တွယ်တာမှုလေးရှိလို့ပဲ၊ ခင်မင်တွယ်တာမှုမရှိတဲ့ ရဟန္တာပုဂ္ဂိုလ်တွေမှာတော့ ဖြစ်ပျက်နေတာတွေ ဘာမှသာယာနှစ်သက်မှုမရှိဘူး၊ နောက်ဆုံးဖြစ်ပျက်နေတဲ့ စိတ်ကလေးတွေ ဆုံးသွားရင် နောက်ဆုံးစိတ်ကလေးလည်း ဆုံးရော၊ ဘဝအသစ် တွယ်တာမှု မရှိတော့ဘူး၊ ရုပ်နာမ်သခ်ါရတွေ ဆင်းရဲတရားတွေ မဖြစ်လာတော့ဘူး၊ ငြိမ်းသွားတယ်၊ အဲဒီလို ခင်မင်တွယ်တာမှု မကင်းသေးတဲ့ပုဂ္ဂိုလ်တွေကတော့ ခင်မင်တွယ်တာမှုလေးကြောင့် သူက ဘဝတစ်ခုက စိတ်ကလေးဆုံးသွားလိုက် နောက်တစ်ဘဝမှာ တစ်ခါဖြစ်လိုက်၊ အဲဒီဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရ ဆင်းရဲဒုက္ခတွေမျိုးမျိုးတွေ ရတာပေါ့၊ အဲဒီက ဆုံးသွားပြန်လို့ရှိရင်လည်း နောက်တစ်ခါ တစ်ဘဝဖြစ်လိုက် တစ်ဘဝဖြစ်လိုက်နဲ့ ဒီလိုသွားနေတယ်၊ ဘဝပေါင်းကို မရေမတွက်နိုင်အောင်ကို များပြီးတော့ သွားနေတယ်၊ အဲဒါ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာတွေ ဖြစ်နေ

http://www.dhammadownload.com

တာတဲ့၊ ဒုက္ခသစ္စာရှိလို့လည်း ဒုက္ခသစ္စာအကြောင်းပြုပြီး သမုဒယသစ္စာဖြစ်တာပဲ၊ သမုဒယသစ္စာရှိလို့လည်းပဲ သမုဒယသစ္စာအကြောင်းပြုပြီး ဒုက္ခသစ္စာတွေဖြစ်နေတယ်၊ ဒုက္ခသစ္စာနဲ့သမုဒယသစ္စာတွေဆိုတာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာ အစဉ်ထာဝရရှိနေတဲ့ တရားတွေ၊ အမြဲမပြတ်ဖြစ်နေတယ်တဲ့။

နိဂြောဓသစ္စာ

ဒါတွေကို ဝိပဿနာနဲ့ ရှုရတယ်၊ ဒါတွေကို ရှုတော့ နောက်ဆုံးဖြစ်ပျက်တဲ့ ရူပနာမ်တွေ လုံးဝချုပ်ငြိမ်းသွားတာက နိဗ္ဗာန်တရားပဲတဲ့၊ ခင်မင်တွယ်တာသာယာမှုတွေ ငြိမ်းတဲ့အခါမှာ ဘဝအသစ် ရူပနာမ်တွေ ငြိမ်းတယ်၊ ဘဝအသစ်ရူပနာမ်တွေ မဖြစ်တော့ဘူး၊ ဘဝအသစ်ရူပနာမ်တွေ မဖြစ်တော့ မအိုရဘူး၊ မနာရဘူး၊ မသေရဘူး၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေ မဖြစ်ရဘူး၊ အခု လောကမှာရှိတဲ့ ဆင်းရဲတွေ ဘာမှမတွေ့ရတော့ဘူး၊ အကုန်လုံးငြိမ်းပြီးတော့ သွားတယ်၊ ဒီငြိမ်းတာကလည်းပဲ နောက်မပျက်တော့ဘူး၊ တစ်ခါတည်းငြိမ်းပြီးတော့ အေးသွားတယ်၊ အဲဒါက နိဂြောဓသစ္စာပဲတဲ့၊ ဒီနိဂြောဓသစ္စာကတော့ ရူပနာမ်သခါရတွေ အကုန်လုံးချုပ်ငြိမ်းတယ်၊ ရူပနာမ်အားလုံး ဖြစ်ပျက်ကုန်တယ်၊ "ရူပနာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း"လို့ ဆိုတဲ့အတိုင်း ရူပနာမ်တွေ အကုန်လုံး အဖြစ်အပျက်တွေ အကုန်လုံး ချုပ်ငြိမ်းသွားတဲ့သဘောပဲတဲ့၊ ဒါတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ အစဉ်အတိုင်းအားထုတ်တော့ ဝိပဿနာဉာဏ်ဆုံးတဲ့အခါကျတော့ ဒါကိုယ်တိုင်တွေ့ရတယ်၊ ရူပနာမ်အားလုံး ဖြစ်ပျက်သည်း ဖြစ်ပျက်နေတဲ့ ရူပနာမ်တွေ အားလုံး ချုပ်ဆုံးပြီးတော့ သွားတာကို တွေ့ရတယ်၊ အခု စ, အားထုတ်ခါစပုဂ္ဂိုလ်တွေ ဝိပဿနာဉာဏ် အတော်အတန်ရောက်သေးတဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒီရူပနာမ်သခါရအကုန်လုံး ငြိမ်းတဲ့နေရာတော့ မရောက်သေးဘူး၊ မတွေ့သေးဘူး၊ နောက်တစ်နေ့ကျရင် ဒါတွေ့ရမှာ၊ ဒါက အရေးကြီးတယ်၊ အဲဒါကို ပထမဆုံးတစ်ကြိမ် တွေ့လို့ရှိရင် သောတာပတ္တိမဂ်ဖိုလ်ဆိုက်ပြီး သောတာပန်ဖြစ်သွားရင် အပါယ်လေးပါးက အစဉ်ထာဝရ လွတ်မြောက်သွားတယ်၊ သူက အဲဒီရောက်အောင် အားထုတ်ရမှာ "ရူပနာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း"တဲ့၊ ဒါ နိဂြောဓသစ္စာ နိဗ္ဗာန်တရားပဲတဲ့၊ ဖြစ်ပျက်နေတဲ့ ရူပနာမ်တွေက ဒုက္ခသစ္စာတွေပဲ၊ ဒုက္ခသစ္စာတွေ အကုန်လုံး ချုပ်ငြိမ်းသွားတယ်ဆိုလို့ရှိရင်

http://www.dhammadownload.com

ဒါ နိဂြောဓသစ္စာပဲ၊ ကဲ. . . ကဲ. . ဒါလေး ဆိုစမ်းပါဦး၊ ဒါလေးဆိုပြီးရင် မဂ္ဂသစ္စာ နောက်နားက ပါတယ်။

* **ရူပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း။** (ဆို သုံးခေါက်)

မဂ္ဂသစ္စာ

"ရူပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း"တဲ့၊ ရူပ်နာမ် သခ်ါရတွေ အကုန်လုံး ချုပ်သုဉ်းပြီးတော့ နေတဲ့သဘောကို တွေ့အောင် အားထုတ်ယူရမယ်၊ အဲဒီလို ဆိုက်ရောက်တဲ့ဥစ္စာဟာ "ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"ပဲတဲ့၊ ဒုက္ခနိရောဓ ဒုက္ခ၏ချုပ်ငြိမ်းရာ၊ ဒုက္ခဆိုတာ ဖြစ်ပျက်နေတဲ့ရူပ်နာမ်တွေ၊ ဖြစ်ပျက်နေတဲ့ရူပ်နာမ်တွေ အကုန်လုံး ချုပ်ငြိမ်းတဲ့သဘောပဲဖြစ်တယ်၊ ဖြစ်ပျက်သမျှ သခ်ါရ ဒုက္ခသစ္စာတည်းဆိုတဲ့ ဒုက္ခပဲ ချုပ်ငြိမ်းတယ်၊ ကင်းဆိတ်တယ်၊ ကင်းငြိမ်းတယ်၊ ရူပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း၊ ဒုက္ခမည်တဲ့ ဖြစ်ပျက်နေတဲ့ရူပ်နာမ်တွေ အားလုံး ကင်းဆိတ်ချုပ်ငြိမ်းပြီးတော့သွားတဲ့သဘောဟာ နိဗ္ဗာန်ပဲတဲ့၊ အဲဒီကို ရောက်သွားတာ ချုပ်ငြိမ်းမှုတွင် ဉာဏ်သက်ဝင်ပြီးတော့ ရောက်သွားတယ်တဲ့။

အသိဉာဏ်သက်ဝင်ဖို့ အသိဉာဏ်တင်မကပါဘူး၊ သူနဲ့တွဲဖက်တွေ မဂ္ဂင်ရှစ်ပါးတရားတွေ အကုန်လုံးပါပဲ၊ သမ္မာဒိဋ္ဌိ-အသိဉာဏ်၊ သမ္မာသင်္ကပ္ပဆိုတဲ့ ကြံစည်မှုလည်း ပါတယ်၊ သမ္မာဝါစာလည်း ပါတယ်၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမာသမာဓိတို့လည်း ပါတယ်၊ မဂ္ဂင်ရှစ်ပါးတွေ အကုန်လုံး ပါတာပဲ၊ အဲဒီချုပ်ငြိမ်းတဲ့နိဗ္ဗာန်ထဲကို ပြေးဝင်ပြီးတော့ သွားတယ်တဲ့၊ ဖြုတ်ခနဲ ကျသွားရမှာကိုး၊ အဲဒီလိုရောက်သွားတဲ့ဥစ္စာဟာ မဂ္ဂသစ္စာတရားပဲတဲ့၊ ချုပ်ငြိမ်းမှုတွင် ဉာဏ်သက်ဝင် အများပြောလို့ပြုလို့ လွယ်အောင် ဉာဏ်တစ်ခုထဲပဲ၊ ခေါင်းတပ်ပြီးတော့ ပြောထားရတယ်၊ "ချုပ်ငြိမ်းမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ပေတည်း"တဲ့၊ ချုပ်ငြိမ်းတဲ့သဘောကို တစ်ခါတည်း ကိုယ်တိုင်တွေ့ရောက်ပြီးတော့ သိသွားတယ်၊ သိမြင်ဆိုပေမယ့်လို့ တစ်စုံတစ်ခုကို ဘေးနားချထားတာမျိုးတော့ မဟုတ်ပါဘူး၊ ချုပ်ငြိမ်းတဲ့သဘောလေးကို သက်ဝင်ပြီး ကိုယ်တိုင်ချုပ်ငြိမ်းတဲ့ သဘောထဲ ရောက်ပြီးတော့ တွေ့သွားတယ်၊ အဲဒီလို တွေ့သွားတာဟာ မဂ္ဂသစ္စာတရားပဲတဲ့၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်ပျက်နေတဲ့

http://www.dhammadownload.com

ရုပ်နာမ်တွေအားလုံး ချုပ်ငြိမ်းရာ ရောက်တယ်တဲ့၊ ဆိုက်ရောက်ပြီးတော့ သွားတယ်၊ ဆိုက်ရောက်ပြီးတော့ သွားတဲ့ ပဋိပဒါအကျင့်တဲ့၊ အစဉ်မပျက် ကျင့်လာရတာ၊ မြင်တိုင်း ကြားတိုင်း ဒွါရ (၆)ပါးက ပေါ်တိုင်း ပေါ်တိုင်း ရှုပြီးတော့နေတာ နောက်ဆုံးကျတော့ အဲဒီဆိုက်သွားတာပေါ့၊ တစ်ခါလောက် ရှုရုံနဲ့တော့ ဘယ်ရောက်ဦးမလဲ၊ အင်အားပြည့်တဲ့အခါကျမှ ရောက်တယ်၊ အဲဒါ အရိယမဂ္ဂသစ္စာတရားပဲတဲ့၊ ကိုင်း. . ဒါလေးလဲ ဆိုပါဦး။

* **ချုပ်ငြိမ်းမှုတွင်၊ ညဏ်သက်ဝင်၊ သိမြင်မစဉ်ပေထည်း။** (ဆို သုံးခေါက်)

အဲဒီချုပ်ငြိမ်းမှုတွင် ညဏ်သက်ဝင် သိမြင်တဲ့သဘောဟာ မဂ္ဂသစ္စာတရား၊ အဲဒါဟာ ဘာလဲဆိုတဲ့ မေးခွန်းကို မေးတယ်။

ဘိက္ခဝေ-တို့၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ-ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်ပျက်သည့် ရုပ်နာမ်သခါရအားလုံးတို့၏ ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်သို့ ဆိုက်ရောက်သော အကျင့်ဖြစ်သော၊ အရိယသစ္စ-အရိယာတို့သိမြင်အပ်သော အမှန်တရားသည်၊ ကတမဥ္စ-အဘယ်နည်း။ အရိယာတို့သိအပ်တဲ့ အမှန်တရား အရိယာတွေဖြစ်သွားတဲ့အခါ ဒီတရားသိရတယ်၊ အရိယာမဖြစ်သေးခင်လည်း ဝိပဿနာယောဂီတွေသိတန်သလောက်တော့ သိနေတာပါပဲ၊ ရှေ့ပိုင်းကတော့ သိပါတယ်၊ ရှေ့ပိုင်းနဲ့နောက်ပိုင်းက အရင်းပိုင်းနဲ့အဖြာပိုင်းလောက်ပဲ ကွာပါတယ်၊ အခု ရှုမှတ်နေရတာက ရှေ့ပိုင်းခေါ်တယ်၊ အရင်းပိုင်း ခေါ်တယ်။ ဟိုက နိဗ္ဗာန်ပြေးဝင်သွားတာကတော့ အဖျားပိုင်း နောက်ဆုံးပိုင်း၊ အင်အားတွေ ပြည့်ပြီဆိုမှ တစ်ခါတည်း ရှုရင်းမှတ်ရင်းက နိဗ္ဗာန်ကို ဖြုတ်ခနဲ ဝင်ရောက်သွားရမှာ။

အဲဒီမရောက်ခင် ဒီက အကြိုးအကျယ်လုပ်နေရတယ်၊ ဘယ်အရာဝတ္ထုမျိုးမဆို အောက်ခြေက စပြီး လုပ်ရတယ်၊ တိုက်ကြီးတစ်ခု တည်တယ်ဆို အောက်ကအခြေက စပြီးတော့ ဒီလိုအကြိုးအကျယ်လုပ်ရတယ်၊ အထက်ဆုံး အပြီးသတ်တာကတော့ အထက်ဖွတ်ခမ်းက နည်းနည်းပဲ အပြီးသတ်တဲ့အခါ နည်းနည်းပဲ ရှိတယ်၊ အုတ်အင်္ဂတေ အနည်းငယ်ပဲ ရှိတယ်၊ အပြီးသတ်ပဲ၊ ဘုရားစေတီကြီးတည်လို့ရှိရင်လည်း ဒီလိုပဲ၊ အောက်ပိုင်းက အများကြီးလုပ်ရတာပဲ၊ ဟိုအပေါ်ပိုင်းကျတော့ ချွန်ချွန်လေး နည်းနည်းပဲ လုပ်ရတယ်၊ သို့သော်လည်း အောက်ပိုင်းကဟာတွေ မလုပ်လို့ရှိရင် အထက်အပိုင်းကဟာ မဖြစ်ဘူး၊ အထက်ပိုင်းကဟာ မဖြစ်သေးလို့ ရှိရင် မပြီးသေးဘူး။ ဝိပဿနာကလည်း ဒီလိုပါပဲ။

http://www.dhammadownload.com

အရိယမဂ္ဂသစ္စာဆိုတာ အောက်ပိုင်းက မျှားမျှားကြီး အားထုတ်နေရတာ၊ အောက်ပိုင်းက တစ်ခါတည်း တစ်လလောက် အားထုတ်ရတဲ့ပုဂ္ဂိုလ်ဟာ တစ်လလုံးလုံးဟာ အောက်ပိုင်းချည်းပဲ များနေတယ်၊ အထက်ပိုင်းလေးကတော့ ခဏလေးပဲ မကြာဘူး၊ တစ်လခွဲလောက် အားထုတ်ရတဲ့ပုဂ္ဂိုလ်လည်း တစ်လခွဲလုံးလုံး၊ နှစ်လအားထုတ်ရတဲ့ပုဂ္ဂိုလ်ဟာ နှစ်လလုံးလုံး အောက်ပိုင်းကချည်း ဝိပဿနာအခြေခံတွေ အားထုတ်နေရတယ်၊ ရှေ့ပိုင်း မဂ္ဂသစ္စာတွေ အားထုတ်နေရတယ်၊ အဲဒါတွေကို အားထုတ်နေဆဲမှာ အားထုတ်တဲ့ပုဂ္ဂိုလ်က ဒီမဂ္ဂသစ္စာတရားတွေသိနေတာပါပဲ၊ ဒါကို လောကီမဂ္ဂသစ္စာ ခေါ်တယ်၊ လောကီမဂ္ဂသစ္စာတဲ့၊ သူက ဒုက္ခသစ္စာတရားတွေပဲ၊ အမြဲတမ်းရှုပြီးတော့ စိတ်ကလေးနဲ့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မြင်တယ်၊ ကြားတယ် စသည်ဖြင့် ဖြစ်ပျက်တဲ့ရုပ်နာမ်တွေကို သိပြီးတော့ အားထုတ်နေရတယ်၊ ဒီရုပ်နာမ်တွေကို သိပြီးတော့ ဖြစ်တယ်၊ အဲဒီဖြစ်ပျက်တဲ့ရုပ်နာမ်တွေ သိရင်းသိရင်းနဲ့ နောက်ဆုံးကျတော့ကို ရုပ်နာမ်သဒ္ဓါရဖြိမ်းတဲ့နိဗ္ဗာန်ထဲ ပြေးဝင်ပြီးတော့ သွားတာ၊ အဲဒါက နောက်ပိုင်းပဲ၊ ရှေ့ပိုင်းနဲ့ နောက်ပိုင်းပဲ ကွာပါတယ်၊ သူကတော့ ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေ အာရုံမပြုတော့ဘူး၊ မဖြစ်မပျက်တဲ့ဖြစ်ပျက်မှုတွေ ဖြိမ်းတဲ့သဒ္ဓါရတွေ လုံးဝဖြိမ်းတဲ့ဆိတ်သုဉ်းတဲ့သဘောထဲကို ပြေးဝင်သွားတယ်၊ ဒါကြောင့် "ချုပ်ငြိမ်းမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မင်္ဂလာပေတည်း" တဲ့၊ အဲဒီမင်္ဂလာဟာ ဘာတုံးလို့ ဒီလို မေးတော့ကို -

အယမေဝ အရိယော အဋ္ဌင်္ဂိတော မဂ္ဂေါ၊ သေယျထီဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ဘိက္ခဝေ-တို့၊ အရိယော-မြတ်သော၊ အဋ္ဌင်္ဂိကော-အင်္ဂါ (၈)ပါးရှိသော၊ အယမေဝ မဂ္ဂေါ-ဤမင်္ဂလာပင်လျှင်တည်း။

မြတ်စွာဘုရားက မဂ္ဂသစ္စာဆိုတာ ဘာလဲဆိုတော့ ဒီမင်္ဂလာပဲတဲ့၊ အနိုးအပါးရှိတဲ့ စားပွဲခုံကို စားပွဲခုံဘယ်ဟာလဲဆိုရင် ဒါပါပဲလို့ လက်ညှိုးထိုးပြသလို ကိုင်ပြသလို၊ စာအုပ်အနိုးအပါးမှာ ရှိနေတယ်၊ စာအုပ်ဆိုတာ ဘယ်ဟာလဲ၊ ဒါပါပဲလို့ လက်ညှိုးထိုးပြ ကိုင်ပြသလို၊ ဥပမာ အခုဘုန်းကြီးများ ယပ်ကိုင်ထားတယ်၊ ယပ်ဟာ ဘယ်ဟာလဲဆိုရင် ဒါပါပဲလို့ လက်ထဲရှိနေတာ ကိုင်ပြသလို၊ မြတ်စွာဘုရားက "အယမေဝ မဂ္ဂေါ-ဒီမင်္ဂလာပဲ"လို့ တခြားဟာ မဟုတ်ပါဘူး၊ "ဒါပါပဲ"လို့ ဆင်းရဲဒုက္ခ

http://www.dhammadownload.com

ချုပ်ငြိမ်းရာသို့ နိဗ္ဗာန်သို့ ပြေးဝင်ဆိုက်ရောက်ပြီးတော့သွားတဲ့ အရိယာတို့ သိအပ်တဲ့ အမှန်တရား မဂ္ဂသစ္စာတရား ဆိုတာ ဘာလဲ ဆိုလို့ရှိရင် ဒါပါပဲ၊ ဒီမဂ်ပဲတဲ့၊ တခြားမဂ်မဟုတ်ဘူးတဲ့၊ အဲဒီတော့ မဂ္ဂသစ္စာက ထင်ရှားနေတာကို၊ ဒီတရားနာတဲ့ပုဂ္ဂိုလ်တွေလည်း အများအားဖြင့်တော့ ထင်ရှားနေတာပါပဲ၊ မှန်စွာမြင်တယ်တဲ့၊ ရုပ်တရားတွေ ရုပ်တရားအတိုင်း အခုယောဂီပုဂ္ဂိုလ်တွေ အနေအားဖြင့်လည်း ထင်ရှားပါတယ်၊ ဒါပဲလို့ ပြောနိုင်ပါတယ်၊ နိဗ္ဗာန်ပြေးဝင်သွားတဲ့ မဂ္ဂသစ္စာ ဆိုတာ ဘာတုံးဆို အခု သိနေတဲ့သတိပဲ၊ "ဒါပါပဲ"လို့ ပြောနိုင်တယ်၊ ဒါပဲဆိုရင် နားလည်တယ်၊ ဒီသိနေတာလေးပါပဲ၊ ဒီသိနေတာလေးက ရင့်သန်ပြည့်စုံသွားတဲ့အခါ တစ်နေ့ကျအချိန်ကျရင် ပြေးဝင်သွားတယ်၊ မရောက်သေးတဲ့ ပုဂ္ဂိုလ်တွေကလည်း ဒီအတိုင်းရောက်ရမှာပဲလို့ဆိုတာ စောစောကတည်းက ဒါတွေ ယုံကြည်ပြီးတော့ သဘောကျပြီးတော့ ထားရတယ်၊ ရောက်ပြီးသားပုဂ္ဂိုလ်တွေတော့ အထူးပြောစရာမရှိဘူး၊ ဒီလိုမှတ်ရင်းမှတ်ရင်းနဲ့ ဒီလိုရောက်ပြီးတော့ တွေ့နေတာကို၊ အင်မတန် ရှင်းနေတယ်။

မဂ္ဂင် ရှစ်ပါး

အဲဒါကြောင့် ဒီမဂ္ဂသစ္စာပါပဲလို့ မြတ်စွာဘုရားက -

အရိယော-မြတ်သော၊ အဋ္ဌင်္ဂိတော-အင်္ဂါရှစ်ပါးရှိသော၊ အယမေဝ မဂ္ဂေါ-ဤမဂ်ပင်လျှင်တည်း၊ ဒီမဂ်ပါပဲတဲ့၊ တခြားရှာနေဖို့မရှိဘူး၊ သေယျထိဒံ ဣဒံ အယံ မဂ္ဂေါ-ဤအင်္ဂါရှစ်ပါးရှိသောမဂ္ဂင်သည်၊ သေယျထာ ကတမော-အဘယ်နည်းဟူမူကား၊ သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပေါ-မှန်စွာကြံခြင်း၊ သမ္မာဝါစာ-မှန်စွာပြောခြင်း၊ သမ္မာကမ္မန္တော-မှန်စွာပြုခြင်း၊ သမ္မာအာဇီဝေါ-မှန်စွာအသက်မွေးခြင်း၊ သမ္မာဝါယာမော-မှန်စွာအားထုတ်ခြင်း၊ သမ္မာသတိ-မှန်စွာအမှတ်ရခြင်း၊ သမ္မာသမာဓိ-မှန်စွာစူးစိုက်တည်ကြည်ခြင်း၊ အဲဒါ မဂ္ဂင်ရှစ်ပါးတရားတွေ ဟောပြီးသားတွေပါပဲ၊ တချို့ကလည်း ကြားဖူးမှာ မဟုတ်လို့ ဗဟုသုတဖြစ်အောင်လို့ ဘုန်းကြီးက ထပ်ပြီးတော့ ပြောနေတာ၊ သစ္စာလေးပါးတွေ ဟောပြီးပြီ၊ ကဲ. . ကဲ. . ဒါလေးက တချို့လည်း ရနေကြမှာပါပဲ၊ ရဖူးတဲ့ပုဂ္ဂိုလ်တွေလည်း ရှိလိမ့်မယ်၊ တရားနာတဲ့အခါ ဒီမဂ္ဂင်ရှစ်ပါးဆိုဖူးသွားလို့ရှိရင် ကောင်းတာပေါ့လေ၊ ဆိုကြရအောင် . . .

http://www.dhammadownload.com

* **သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပ-မှန်စွာကြံခြင်း၊ သမ္မာဝါစာ-မှန်စွာပြောခြင်း၊ သမ္မာကမ္မန္တ-မှန်စွာပြုခြင်း၊ သမ္မာအာဇီဝ-မှန်စွာအသက်မွေးခြင်း၊ သမ္မာဝါယာမ-မှန်စွာအားထုတ်ခြင်း၊ သမ္မာသတိ-မှန်စွာ အမှတ်ရခြင်း၊ သမ္မာသမာဓိ-မှန်စွာစူးစိုက်တည်ကြည်ခြင်း၊ အဲဒါမဂ္ဂင်ရှစ်ပါး တရားတွေပဲ။** (ဆို သုံးခေါက်)

သမ္မာဒိဋ္ဌိ-မှန်စွာမြင်တယ်တဲ့၊ ရုပ်တရားတွေ ရုပ်တရားအတိုင်း၊ နာမ်တရားတွေ နာမ်တရားအတိုင်း အမှန်အတိုင်းမြင်တယ်၊ ဖြစ်တဲ့တရား ပျက်တဲ့တရားတွေ ဖြစ်တဲ့ပျက်တဲ့အတိုင်း၊ မမြဲတာတွေ မမြဲတဲ့အတိုင်း၊ ဆင်းရဲတာတွေ ဆင်းရဲတဲ့အတိုင်း၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့သဘောတရားတွေ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့သဘောတရားအတိုင်း အမှန်အတိုင်း မြင်ရတယ်၊ ဖြစ်ပျက်တဲ့ရုပ်နာမ်တွေ လုံးဝချုပ်ငြိမ်းသွားတဲ့နိဗ္ဗာန် ချုပ်ငြိမ်းတဲ့သဘောအတိုင်း အမှန်အတိုင်း မြင်ရတယ်၊ အမှန်အတိုင်းမြင်တာ သမ္မာဒိဋ္ဌိပဲတဲ့။

ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် မှတ်တော့ အမှန်အတိုင်းမြင်နေတာတွေ၊ ဖောင်းတက်လာတာတွေ တောင့်တင်းလှုပ်ရှားပြီးတော့ ဖောင်းတက်လာတဲ့သဘော တကယ်ရှိနေတာပဲ၊ မရှိဘဲနဲ့ အလကား စဉ်းစားပြီး ဖောင်းပေးနေတာ မဟုတ်ဘူး၊ မဟုတ်တာကို အဟုတ်လုပ်ပြီးတော့ ယူတာ မဟုတ်ဘူး၊ ဖောင်းတက်ပြီး တောင့်တင်းတက်ကြွလာတဲ့ သဘောတရားလေးက ဟုတ်နေတာပဲ၊ ဒါလေး ယောက်ျားလည်း မဟုတ်ဘူး၊ မိန်းမလည်း မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်ဘူး၊ တောင့်တင်းတဲ့သဘော လှုပ်ရှားတဲ့ သဘောလေးပဲ၊ ပိန်တာလည်း ဒီအတိုင်းပဲ၊ ထိုင်တာ၊ ထိတာ၊ ကွေးတာ၊ ဆန့်တာ၊ ကြွတာ၊ လှမ်းတာ၊ ချတာ သဘောတရားလေးတွေပဲ၊ စိတ်ကူးစဉ်းစားကြံစည်မှုလေး ဖြစ်တာ၊ ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာ ဒုက္ခဝေဒနာတွေ၊ ဝမ်းမြောက်ဝမ်းသာတာ သုခဝေဒနာတွေ သဘောတရားလေးတွေချည်းပဲလို့ အမှန်အတိုင်းသိနေတာတာပဲ၊ ဖြစ်ခိုက်ဖြစ်ခိုက်ကလေးကို သူဖြစ်တဲ့အတိုင်းသာ လိုက်ရှုနေရင် အမှန်အတိုင်းသိနေတာပဲ။

မရှုဘဲနေရင်တော့ အလွဲရောက်တယ်၊ မရှုဘဲနေလို့ရှိရင် ဖောင်းနေတာ ငါပဲ၊ ပိန်နေတာလည်း ငါပဲ၊ ထိုင်တာလည်း ငါပဲ၊ ထတာည်း ငါပဲ၊ သွားနေတာလည်း

http://www.dhammadownload.com

ငါပဲ၊ လာနေတာလည်း ငါပဲ၊ စိတ်ကူးစဉ်းစားကြံစည်တာလည်း ငါပဲ၊ ဝမ်းမြောက်ဝမ်းသာနေတာလည်း ငါပဲ၊ ကိုယ်ဆင်းရဲ ပင်ပန်းနေတာလည်း ငါပဲ၊ ညောင်းတာပူတာ နာကျင်ကိုက်ခဲတာလည်း ငါပဲ၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ားပဲ၊ မိန်းမပဲ စသည်ဖြင့် အမြဲတမ်းရောက်နေတယ်၊ ပါးစပ်က မပြောပေမယ့် စိတ်ထဲက အဲဒီအတိုင်းပဲ သိနေတာပဲ၊ လူပ်တိုင်း လူပ်တိုင်း လှမ်းတိုင်း သွားတိုင်း လာတိုင်း အဲဒီလို အစွဲအလမ်းတွေ တစ်ခါတည်း နောက်က တစ်ပုံကြီးလိုက်နေတာ၊ ပြန်လည် စဉ်းစားတိုင်း စဉ်းစားတိုင်း အဲဒါတွေ ဖြစ်နေတယ်၊ အလွဲသိတွေ ရောက်နေတာ၊ အမှားဆီတွေ ရောက်နေတာ၊ အခု ရှုတိုင်းရှုတိုင်း ဘာရောက်နေတုံးဆိုတော့ သမ္မာဒိဋ္ဌိ-မှန်စွာသိနေတာတဲ့၊ ဖောင်းတက်လာတဲ့သဘော၊ တောင့်တင်းတဲ့သဘောလေး တောင့်တင်းတဲ့အတိုင်း ပိန်ကျသွားတာ၊ လူပ်ရှားတဲ့သဘော လူပ်ရှားတဲ့အတိုင်း အမှန်အတိုင်း သိတယ်၊ ရူပ်တရား ရူပ်တရားအတိုင်း အာရုံမသိတတ်တဲ့ ရူပ်တရားလေးတွေ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ၊ ဆန့်တာ၊ ကွေးတာ၊ လှမ်းတာ၊ ချတာ၊ သူဟာ ဘာမှ မသိတတ်တဲ့အနေပဲ၊ အသေလိုပဲ ဘာမှမသိဘူး၊ ရှုတာသိတာ စိတ်ကူးစဉ်းစားကြံစည်တာ နာမ်တရားလေးတွေ၊ အာရုံမသိတတ်တဲ့ တရားနဲ့ အာရုံသိတတ်တဲ့တရားနဲ့ ဒီနှစ်ခုပဲ ရှိနေတာ၊ ရူပ်နဲ့ နာမ် နှစ်ခုတည်း ရှိနေတာပဲ။

ရှုတိုင်း မှတ်တိုင်း ဒီဟာသိနေတာကိုး၊ တမင်တကာ စဉ်းစားမနေရပါဘူး၊ မှတ်ရင်းမှတ်ရင်းနဲ့ အမှတ်ကောင်းလာတဲ့အခါ ဒါရှင်းပြီးတော့ သိနေတယ်၊ မသိတတ်တဲ့ ရူပ်တရားနဲ့ သိတတ်တဲ့ နာမ်တရားနဲ့ သူတို့နှစ်ခု တွဲဖြစ်နေတာ၊ ပြီးတော့ ရူပ်နာမ်တွေကလည်း ခဏမစဲ ဖြစ်ပျက်နေတာတွေ မှတ်ရင်း မှတ်ရင်းနဲ့ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ဖြစ်ပြီးတော့ ပျောက်သွားလိုက်၊ ဖြစ်ပြီးတော့ ပျောက်သွားလိုက် မမြဲတာတွေတဲ့၊ အဲဒါတွေ အမှန်အတိုင်းသိတော့ သမ္မာဒိဋ္ဌိပေါ့၊ အဲဒီအမှန်အတိုင်း သိရအောင်လို့ အမှန်အတိုင်းကြံစည်မှုဟာလည်း မှတ်တိုင်း မှတ်တိုင်း ဒါလေးပါတယ်၊ အာရုံဆီကို ဦးတန်းဦးတန်းပြီးတော့ တက်သွားတာ၊ သမ္မာသင်္ကပ္ပတဲ့၊ သမ္မာဝါယာမဆိုတာလည်းပဲ အားထုတ်မှုလေးက မှတ်တိုင်း မှတ်တိုင်း အားမထုတ်ဘဲနဲ့ ဘယ်မှတ်ဖြစ်လိမ့်မှာတုံး၊ အားထုတ်မပေးရင် ဝီရိယလျော့သွားရင် အမှတ်မကောင်းဘူး၊ စိတ်တွေက ထွက်ကုန်ပြီ၊ လွင့်ကုန်ပြီ၊ အင်း. . ဝီရိယအားကောင်းကောင်းနဲ့

http://www.dhammadownload.com

တစ်ခါတည်း နောက်ကနေပြီး မပေးနေသလို၊ အတင်းထွန်းပေးနေသလိုလိုက်ပြီး တစ်ခါတည်း ဖောင်းတိုင်း၊ ပိန်တိုင်း၊ ထိုင်တိုင်း၊ ထတိုင်း၊ မြင်တိုင်း၊ ကြားတိုင်းဟာ အဆင့်သင့်ပဲ၊ ဟိုမှာ ပေါ်လာလိုက် မှတ်လိုက် ပျောက်သွားလိုက် ဒီလိုသွားနေတယ်၊ ဒီအမှတ်သတိလေးတွေ ဖြစ်နေတယ်၊ ဒါ သမ္မာသတိပဲ၊ အထူးပြောနေစရာ မလိုဘူး၊ မှတ်တိုင်းမှတ်တိုင်း သတိရနေတာပဲ၊ သမ္မာသမာဓိ စူးစိုက်တည်ကြည်ခြင်းတဲ့၊ ခုဟောမယ့်နေရာ ရောက်နေပြီ။

သမ္မာသမာဓိ မှတ်ရာမှတ်ရာအာရုံလေးမှာ စူးစိုက်ပြီးနေတာ၊ တခြားတစ်ပါးတွေ လျှောက်ပြီးတော့ သွားနေတာ မဟုတ်ဘူး။

သမာဓိနှစ်မျိုး

"သမာဓိ"ဆိုတာ ကောင်းတဲ့သမာဓိလည်း ရှိတယ်၊ မကောင်းတဲ့ သမာဓိလည်း ရှိတယ်၊ သမ္မာသမာဓိနဲ့မိစ္ဆာသမာဓိတွေ ဖြစ်တယ်၊ လောဘစိတ်ကလည်း သမာဓိပါတာပဲ၊ ဒေါသကလည်း သမာဓိရှိတာပဲ၊ မောဟကလည်း သမာဓိရှိတာပဲ၊ သူတို့လည်း သမာဓိတွေနဲ့ပဲ၊ သမာဓိ-စိတ်တည်ငြိမ်မှုမရှိလို့ရှိရင် တစ်ခုခု ဘာမှ လုပ်လို့မရဘူး၊ ဥပမာဆိုပါတော့ ဘယ်သူဥစ္စာကိုသွားပြီးတော့ ခိုးမယ်၊ လိမ်မယ် လို့ ကိုယ်က စိတ်ကူးတယ်၊ အဲဒီ ခိုးမယ်၊ လိမ်မယ်ဆိုတဲ့ စိတ်ကူးဟာ မတည်ကြည်လို့ရှိရင် တခြားစိတ်ရောက်သွားရင် ဘယ်ခိုးဖြစ်တော့မလဲ၊ ဘယ်လိမ်ဖြစ်တော့မလဲ၊ အခု ခိုးမယ်ဆိုတဲ့စိတ်က တစ်သမတ်တည်း ခိုးချင်တဲ့စိတ်တွေ မြင်ပြီး ထပ်ခါထပ်ခါဖြစ် ထပ်ခါထပ်ခါဖြစ်တယ်၊ ခိုးမိသည်အချိန်တိုင်အောင်ပဲ တစ်ခါတည်း စိတ်တွေ မပြတ်ဖြစ်သွားတော့ ခိုးမှုတစ်ခု ပြီးမြောက်သွားတယ်။ လိမ်မယ်လို့ ကြံတဲ့ပုဂ္ဂိုလ်ကလည်း လိမ်မယ်လို့ စဉ်းစားတဲ့စိတ်ကလေးဟာ ပျောက်သွားလို့ ရှိရင်တော့ကို တခြားတစ်ပါးစိတ်ရောက်သွားရင် လိမ်ဖြစ်မှာ မဟုတ်ဘူး။ အဲဒီတော့ လိမ်ဖို့ရာ စိတ်ကလေးလည်း စူးစိုက်တည်ကြည်နေတာနဲ့ လိမ်မှုတစ်ခု ပြီးမြောက်သွားတယ်။ အဲဒါမကောင်းမှု အကုသိုလ်တွေမှာလည်းပဲ သမာဓိ ရှိတယ်၊ ဒါကို "မိစ္ဆာသမာဓိ"လို့ ခေါ်တယ်။ မိစ္ဆာသမာဓိနဲ့ သူက အလုပ်လုပ်ရတယ်။

အခုမှတ်ပြီးတော့နေတဲ့ဥစ္စာဟာ သမ္မာသမာဓိပဲတဲ့။ အမှန်အတိုင်း တည်ကြည်တာတဲ့။ ဒါက အမှန်အတိုင်း တည်ကြည်နေတာ၊ အမှန်အတိုင်း စူးစိုက်တည်ကြည်နေတာ။ ရုပ်တရား ရုပ်တရားအတိုင်း၊ နာမ်တရား နာမ်တရားအတိုင်း

http://www.dhammadownload.com

စူးစိုက်တည်ကြည်တာ၊ ရုပ်သဘော နာမ်သဘောလေး အမှန်အတိုင်း စူးစိုက်တည်ကြည်တာ၊ ဖြစ်ပျက်တဲ့တရားလေးတွေ အမှန်အတိုင်း စူးစိုက်တည်ကြည်တာ သမ္မာသမာဓိပဲ။

အဲဒီ မဂ္ဂင်ငါးပါးသော တရားတွေဖြစ်တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ ဒီတရားသုံးပါးက စောစောက သီလဆောက်တည်ထားက တည်းက ပြည့်စုံနေပါပြီတဲ့။ မိစ္ဆာဝါစာမှ ကြဉ်ရှောင်မှု မကောင်းတဲ့ စကားတွေ မပြောဘူး။ မိစ္ဆာကမ္မန္တ-မကောင်းတဲ့အလုပ်တွေကို မလုပ်ဘူး၊ သမ္မာကမ္မန္တ ဖြစ်တယ်တဲ့။ မတရားတဲ့ အသက်မွေးမှုတွေကို မလုပ်ဘူး၊ သမ္မာအာဇီဝဖြစ်တယ်။ ရှုတိုင်း မှတ်တိုင်းလည်းပဲ ဒီဟာက ပြည့်စုံနေတာ။ ရှုမှတ်တဲ့အခါ ဒါတွေက မပျက်တော့ဘူး။ အဲဒီတော့ ရှုတိုင်း မှတ်တိုင်း သမ္မာဝါစာလည်း ပါဝင်နေပြီ။ သမ္မာကမ္မန္တ, သမ္မာအာဇီဝလည်း ပါဝင်နေတယ်။ မှတ်တိုင်း မှတ်တိုင်း မဂ္ဂင်ရှစ်ပါး တရားတွေဟာ ဖြစ်နေတယ်။

အဲဒါ "အယမေဝ အရိယော အဌဂီကော မဂ္ဂေါ"ဆိုတာ ဒါပဲ။ အဌဂီကော-အင်္ဂါရှစ်ပါးရှိသော၊ အရိယော-မြတ်သော၊ အယမေဝ မဂ္ဂေါ-ဤမင်္ဂပင်လျှင်တည်း။ ဒါ မဂ္ဂသစ္စာတဲ့။ မှတ်တိုင်း မှတ်တိုင်း မဂ္ဂသစ္စာတွေပွားနေတာ အင်မတန်အဖိုးတန်တယ်၊ ဒါမျိုးဖြစ်ခဲတယ်၊ ဖြစ်ခဲဆို နည်းလမ်း မသိရင် ဖြစ်ကိုမဖြစ်ဘူး။ ဒီဥစ္စာခက်တာကတော့ နည်းလမ်းသိမှဖြစ်တာ။ နည်းလမ်းမသိရင် မဖြစ်ဘူး။

ဘုရားဇလောင်း မသေတဲ့တရားရှာစြင်း

ဘုရားအလောင်းတော် အသက် ၂၉-နှစ်မှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းနိမိတ်ကြီးလေးပါးမြင်ပြီး သံဝေဂရပြီးတော့ တောထွက်သွားတယ်။ မအို၊ မနာ၊ မသေတဲ့ တရားကို ရှာမယ်လို့ ဆိုပြီး တောထွက်သွားတယ်။ ဒီတုန်းက ဘုရားအလောင်းမှာ တရားလုပ်စရာ လုပ်ငန်းမပါသေးဘူး။ ဘယ်လိုအားထုတ်ရမယ်ဆိုတာ စောစောက သိထားတာ မဟုတ်ဘူး။ ဘယ်သူကမှလည်း သူဟောထားတာ မဟုတ်ဘူး။ သူလည်း စိတ်ကူးမရောက်သေးဘူး။ ဒီလိုအားထုတ်ရမယ်ဆိုတာ ရုပ်နာမ်တရားတွေ ဖြစ်တိုင်း ဖြစ်တိုင်းတွေ ရှုရမယ်ဆိုတာ အဲဒါ မသိဘူး။ သူက မသိသေးတော့ သူ ဘာမှမလုပ်နိုင်ဘူး။ ဟိုသွားပြီးတော့ အားထုတ်၊ ဒီသွားပြီး

http://www.dhammadownload.com

အားထုတ်၊ ဘယ်လိုနေမလဲတော့ မပြောတတ်ဘူး။ ဘာမှ တိတိကျကျ မသိသေးပါဘူး။

အာဠာရ ရဇသေ့ဆံ စောက်ခြင်း

နောက် အာဠာရဥဒကရသေ့ကြီးများဆီမှာ သွားပြီးတောင်မှ နည်းယူလိုက်သေးတယ်။ အာဠာရရသေ့ကြီးဆိုတာ ဈာန်သမာပတ် ၇-ပါး ရတယ်တဲ့။ ရူပဈာန်က လေးပါးရှိတယ်။ အဲဒီဈာန်တွေလည်း ဟောရဦးမယ်။ အချိန်လည်း တော်တော်ကုန်သွားပြီ။ အဲဒီရူပဈာန်လေးပါးလည်း ရတယ်တဲ့။ အရူပဈာန် လေးပါးရှိတာထဲက ၃-ပါးရတယ်၊ ပေါင်းလိုက်တော့ ၇-ပါး၊ ဈာန်တရားတွေ သူရနေတယ်၊ သမာပတ် ၇-ပါးရနေတယ်။ သူတပည့်ပရိသတ်တွေ သုံးရာလောက်ရှိတယ်ဆိုတာပဲ။ သူက လက်တွေ့ကမ္မဋ္ဌာန်းတွေပြနေတယ်။ ဟိုတုန်းက ဘုရားမပွင့်မီကတော့ အင်မတန်ကို ထင်ရှားကျော်စောပြီးတော့နေတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဘုရားတစ်ဆူလို ဖြစ်နေတာပါပဲ။ အိန္ဒိယကျမ်းဂန်တွေ ဘယ်ရသေ့ရေးသွားတယ်ဆိုတာ ဒီလို ရသေ့ကြီးတွေပဲ။ ဒီလိုဟာတွေ ရေးထားခဲ့တာ အများကြီးပဲ။ တစ်ခါတည်း ဘုရားလိုပဲ အာရုံပြုပြီး အရိုအသေပြုပြီးတော့ နောင်လာနောက်သားတွေက သိပ်ပြီးတော့ တစ်ခါတည်း အယုံအကြည်ရှိကြတယ်။ "ဘဂဝါ"ဆိုပြီးတော့ ဘဂဝါခေါ်တာပဲ။ သူတို့တော့ အဲဒါကို သိပ်ပြီးတော့ အရိုအသေပြုကြတယ်၊ အဲဒီအာဠာရရသေ့ကြီး တခြားကျမ်းဂန်တွေ ရေးသွားတဲ့ရသေ့တွေက ဒီလောက်တောင် ဟုတ်ချင်မှ ဟုတ်မယ်။ ဒီအာဠာရရသေ့ကြီးက သမာပတ် ၇-ပါးရတယ်။ သူက အထက်တန်းကျပါတယ်။ အဲဒီရသေ့ကြီး တပည့်တွေ ၃၀၀-လောက်ရှိတယ်တဲ့။ သူဆီမှာ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေက ၃၀၀လောက်ရှိတယ်။

အဲဒီမှာသွားပြီးတော့ ဘုရားလောင်းက သတင်းကျော်ကြားတာနဲ့ တရားနည်းလမ်း သွားပြီးတော့ ခံတယ်။ "အရှင်အာဠာရတဲ့၊ ငါ သင့်ထံမှာ တရားအားထုတ် ချင်တယ်တဲ့။ ငါ သင့်နည်းနိဿယအတိုင်း အားထုတ်ချင်တယ်"လို့ ပြောတော့ အာဠာရရသေ့က ပြောတယ် "အသင်ဂေါတမတဲ့၊ ကျွပ်တို့တရား အင်မတန်ကောင်းတယ်တဲ့။ ကျွပ်တို့တရားက လက်တွေ့တရားပဲတဲ့။ တကယ်အားထုတ်ကြည့်လို့ရှိရင် ရှင်ဂေါတမတို့လို ပညာရှိပုဂ္ဂိုလ် အားထုတ်လိုက်မယ်ဆိုရင် မကြာ

http://www.dhammadownload.com

ပါဘူးတဲ့။ ကိုယ်တိုင်တွေ့ရမှာပဲတဲ့။ ကိုယ်တိုင်တွေ့နိုင်တဲ့တရားပဲ"လို့ ဒီလို ပြောတာကို။ ဒီတော့ ဘုရားလောင်းကလည်း သဘောကျတယ်။ ကိုယ်တိုင်တွေ့နိုင်တဲ့တရား ဆိုတော့ဟာ ဒီလို ဒီလိုပါပဲ ဆိုပြီးတော့ ပြောတာလေးနဲ့ ယုံကြည်မှတ်သားထားရုံနဲ့ဆိုရင်တော့ ဒါသဘောကျမှာမဟုတ်ဘူး။ သူက ကိုယ်တိုင်တွေ့ရတယ် ဆိုတော့ သဘောကျတယ်။ အရေးကြီးတာက ကိုယ်တိုင်တွေ့ဖို့အရေးကြီးတယ်။ ကိုယ်တိုင်မတွေ့ဘဲနဲ့ သူတွေ့ပါတယ်ဆိုတာနဲ့ ဟုတ်လား၊ မဟုတ်လားလဲ မသိဘူး၊ သူတစ်ယောက်တည်း တွေ့နေလို့ ဘယ်ဖြစ်မလဲ၊ ကိုယ်တိုင်လည်း တွေ့ပါဦးမှပေါ့၊ သူတွေ့တဲ့အတိုင်း သူပြောတဲ့အတိုင်း ယုံနေရမယ်ဆိုရင်တော့ ဘယ်နေရာကျမလဲ၊ အဲဒီတော့ ဘုရားလောင်းကလည်း ယုံကြည်သဘောကျပြီးတော့ အားထုတ်တော့ မကြာခင်ပဲ သမာပတ်(၇)ပါးကို ရပါတယ်၊ ရပြီးတဲ့အခါ ဆင်ခြင်လိုက်တော့ သူလိုချင်တဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့ တရားမဟုတ်သေးဘူး၊ ယခုပြောတဲ့ သစ္စာလေးပါးတရား သိတာ မဟုတ်သေးဘူး၊ အဲဒီတော့ စောစောပိုင်းက သမာပတ် (၇)ပါး အားထုတ်တုန်းက အခုပြောတဲ့ မဂ္ဂသစ္စာတရား မပွားဘူး၊ အဲဒါတွေက မဖြစ်ဘူး၊ ဒီတုန်းက ဟိုရသေ့ကြီးလည်း မသိဘူး၊ ရသေ့ကြီးထံ နည်းခံပြီး အားထုတ်တဲ့ ဘုရားလောင်းတော်လည်း အဲဒီတုန်းက မဖြစ်သေးဘူး၊ ဟိုရသေ့ကြီးရဲ့ တပည့်တွေလည်း အများကြီးရှိနေတာပဲ၊ အဲဒါတွေကလည်း မသိဘူး။

ဥဒကရာမပုတ္တရသေ့ထံ ဓရောက်ခြင်း

နောက် ဥဒကရသေ့ကြီးထံ သွားပြန်တယ်၊ ဥဒကရာမပုတ္တဆိုတဲ့ ရသေ့ကြီးက သမာပတ် (၈)ပါးလုံးရတယ်၊ အဲဒီမှာလည်းပဲ ဒီတိုင်းပါပဲ၊ အားထုတ်တော့ သမာပတ် (၈)ပါးလုံးရတယ်၊ အဲဒီမှာလည်း သမာပတ် (၈)ပါးရလို့ စဉ်းစားကြည့်တဲ့အခါကျတော့ ဒါလည်း အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့တရား မဟုတ်သေးဘူးဆိုတာ သူသိတယ်၊ အဲဒီမှာလည်းပဲ မဂ္ဂသစ္စာတရားမပါဘူး၊ ရှေ့ အားထုတ်ရတာပဲ၊ သမထတွေပဲ၊ သမာဓိပဲ၊ မဂ္ဂသစ္စာတရားမပါဘူး၊ ရသေ့ကြီးတွေလည်း မပါဘူး၊ သူတပည့်တွေလည်း မပါဘူး၊ ဘုရားလောင်းတော်လည်း အဲဒီက သွားတုန်းက ဒီမဂ္ဂင်ရှစ်ပါးတရားမပါဘူး။

http://www.dhammadownload.com

ဒုက္ကရစရိယာကျင့်ခြင်း

နောက် ဘုရားလောင်းက သူဟာသူသွားပြီး ဥရုဝေလတောမှာ (၆)နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တယ်၊ ဒုက္ကရစရိယာကို တချို့က ဒုက္ခစရိယာဆိုပြီး ခေါ်နေကြတယ်၊ ဒုက္ခစရိယာမဟုတ်ဘူး၊ ဒုက္ကရစရိယာ - ဒုက္ကရ-ပြုနိုင်ခဲတယ်တဲ့၊ ဒီအကျင့်မျိုးကျတော့ ဘာလို့ပြုနိုင်ခဲလဲဆို သူဟာ အစာရေစာတွေ ဖြတ်ပြီးတော့ ကျင့်တာကိုး၊ မစားမသောက်ဘဲနဲ့ လုံးလုံးမစားမသောက်ပဲနေလို့ရှိရင် ဟိုမလျော်လို့ အနည်းဆုံး တစ်နေ့ကို လက်ကလေးနဲ့ တစ်ကော်ဆိုတယ်၊ လက်တစ်ခွန်. ခေါ်တယ်၊ အဲဒါပဲပြုတ်ရေလေး ဒါလေးလောက် သောက်ပြီးတော့ နေတာကို၊ ဒီလောက်ထိအောင် အစာအာဟာရတွေဖြတ်ပြီး တစ်နေ့တစ်ရက်လည်း မဟုတ်ပါဘူး၊ သူဟာ (၆)နှစ်အတွင်းမှာ (၆)နှစ်နီးပါးလောက်ပဲ ကျင့်နေတာပဲ၊ ဒီလောက်နေမှာပါပဲ၊ မသေရမယ့်ပုဂ္ဂိုလ်မို့ပဲ ဒီပြင်ပုဂ္ဂိုလ်တွေဆို သေတောင်သေသွားနိုင်တယ်၊ သူက သေရမှာ မဟုတ်ဘူး၊ ပစ္စိမဘဝိကဘုရားဖြစ်ရမယ့်ပုဂ္ဂိုလ်မို့ သေတော့ မသေဘူး၊ အဲဒီအတွင်းမှာ (၆)နှစ်လုံးလုံး ဒုက္ခတွေ ရောက်ပြီးတော့ ကျင့်နေရတာ၊ အဲဒါ မဂ္ဂသစ္စာတရားမပါဘူး၊ ဒီထဲမှာ မပါဘူး။

စန္ဒာရုံမှ မဂ္ဂသစ္စာဖြစ်ခြင်း

နောက်မှ ဒီတရားတွေ ဒီလိုကျင့်နေရတာ၊ ငါပင်ပန်းခဲ့ရှိတာပဲ၊ ကြာလည်းကြာပြီ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့တရားလည်း ဘာမှမတွေ့ဘူး၊ ကင်းဖို့ရာအရိပ်နိမိတ်လည်း မတွေ့ဘူး၊ ဒီထဲမှာ ဆိုပြီးတော့ နောက် အာနာပါနစ္စာန်ရှေးက ရဖူးတော့ အဲဒီစ္စာန်လေးဖြင့် ကောင်းမှာပဲဆိုပြီးတော့ အာနာပါနစ္စာန်အားထုတ်ချင်တော့ နောင်ပြန်ပြီး အစာစားတယ်၊ အစာစားပြီးတဲ့နောက်မှ အဲဒီတုန်းကလည်း မဂ္ဂသစ္စာ မပါသေးပါဘူး၊ အာနာပါနစ္စာန် ရပြီးတုန်းကလိုပဲ နောက်မှ ဗောဓိပင်အောက် ရတနာပလ္လင်နဲ့ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီး ပဋိစ္စသမုပ္ပါဒ်တရားတွေ အကြောင်းအကျိုးတရားအနေနဲ့ ဆင်ခြင်တာကိုး၊ ပဋိစ္စသမုပ္ပါဒ်တရားတွေ အကြောင်းအကျိုးတရားဆင်ခြင်ပြီးတော့ ခန္ဓာ (၅)ပါးတို့၏အဖြစ်အပျက်ကိုရှုတယ်တဲ့၊ ဒီမှာ ဘုရားလောင်းက သဘောပေါက်လာတယ်။

ဘုရားအလောင်းဒီတော့မှ ခန္ဓာ (၅)ပါးတွေ ရှုတယ်တဲ့၊ မိမိသန္တာန်မှာ မျက်စိက မြင်တိုင်း၊ နားက ကြားတိုင်း၊ နှာခေါင်းက နံတိုင်း၊ လျှာက အရသာ

http://www.dhammadownload.com

စားသိတိုင်း၊ စိတ်ကူးစဉ်းစားကြံစည်တိုင်း ဒွါရ (၆)ပါးက ပေါ်တိုင်းပေါ်တိုင်း၊ ရုပ်နာမ်တွေကို ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် အစနဲ့အဆုံးနဲ့ အပိုင်းအခြားလေးတွေနဲ့ သိအောင်လို့ ရှုတော့ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို ရှုသည် ဖြစ်၍ နေတော်မူ၏။

ပဋ္ဌန် ဥပါဒါနကွန္ဓာနံ ဥဒယဗ္ဗယာနုပဿီ ဝိဟရတိ။

ပဋ္ဌန်-ငါးပါးကုန်သော၊ ဥပါဒါနကွန္ဓာနံ-ဥပါဒါနကွန္ဓာတို့၏၊ ဥဒယဗ္ဗယာနုပဿီ-ဖြစ်ပျက်တွေကို ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေတော်မူ၏။ ငါပဲမြတယ်၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ စွဲလမ်းနေတဲ့ ခန္ဓာငါးပါးတရားတွေကို "ဥပါဒါနကွန္ဓာ" လို့ ခေါ်တယ်၊ မျက်စိက မြင်ရာကနေပြီးတော့ စွဲလမ်းတာပဲ၊ မြင်ရာကနေ ငါမြင်တယ်၊ ဘယ်သူမြင်တယ်၊ ယောကျ်ားမြင်တယ်၊ မိန်းမမြင်တယ်၊ မြနေတာပဲ စသည်ဖြင့် စွဲလမ်းတယ်၊ မြင်ရာကလည်း စွဲလမ်းတာပဲ၊ ဥပါဒါနကွန္ဓာပဲ၊ တဏှာနဲ့ သာယာပြီးတော့ စွဲလမ်းတယ်၊ မြင်ရတာတွေ ကောင်းတယ်ထင်ပြီး တဏှာနဲ့ သာယာလိုက်သေးတယ်၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် ဒိဋ္ဌနဲ့လည်း စွဲလမ်းလိုက်သေးတယ်၊ အဲဒါကြောင့် အဲဒီလို တဏှာ ဒိဋ္ဌနဲ့ စွဲလမ်းနိုင်လို့ မြင်တဲ့အခါ ထင်ရှားတဲ့တရားတွေ "ဥပါဒါနကွန္ဓာ"လို့ ခေါ်တယ်၊ ဒါကြောင့် မြင်တိုင်း မြင်တိုင်း ဥပါဒါနကွန္ဓာတွေ ရှုနေရတာ။

ထို့အတူ ကြားတိုင်း၊ နံတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း ဒီဥပါဒါနကွန္ဓာတရားငါးပါးချည်းထဲပဲ၊ အဲဒီဥပါဒါနကွန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ရှုပြီးတော့ နေတော်မူတယ်-တဲ့၊ အဲဒီတော့ ဝိပဿနာဉာဏ်ဖြစ်တာကိုး၊ အဲဒီတော့မှ မဂ္ဂသစ္စာဖြစ်လာတာ၊ အဲဒီလို ရှုရင်း ရှုရင်း နောက်ဆုံး ဝိပဿနာဉာဏ်အစဉ်အတိုင်းတက်ပြီး သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ပြေးဝင်ပြီးတော့ သိသွားတယ်၊ အရိယမဂ္ဂသစ္စာတွေ ဖြစ်တယ်။

တစ်ခါဆက်ပြီးတော့ ရှုတော့ ဝိပဿနာဉာဏ်အစဉ်အတိုင်း တက်တော့ သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ပြီးတော့ ပြေးဝင်ပြီးတော့ သွားပြန်တယ်၊ ဒါလည်း မဂ္ဂသစ္စာပဲ၊ တစ်ခါဆက်ပြီးတော့ ဝိပဿနာရှုတော့ အနာဂါမိမဂ်ဖိုလ်နဲ့ နိဗ္ဗာန်ကို ပြေးဝင်သိမြင်ပြီးသွားတယ်၊ ဒါလည်း မဂ္ဂသစ္စာပဲ၊ နောက်ဆုံး တစ်ကြိမ်ကျ အရဟတ္တမဂ်ဖိုလ်နဲ့နိဗ္ဗာန်ကို သိမြင်ပြီးသွားတဲ့အခါ အဲဒါ

http://www.dhammadownload.com

ဘုရားဖြစ်တယ်လို့ ဆိုတာဒါပဲ၊ ဘုရားအဖြစ်သို့ ရောက်ဟယ်၊ အလုံးစုံသော တရားတွေကို သိသွားတယ်တဲ့၊ ဒီအချိန်မှာ ဘုရားဖြစ်တယ်ဆိုတာ ဒါပဲ၊ အစက မသိသေးတဲ့ တရားတွေ သိသွားတာပဲ။

အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေလည်း အတော်အတန်တော့ သိတာပေါ့၊ ဒါပေမယ်လို့ အကုန်လုံးတရားတွေ သိတာမဟုတ်တော့၊ ဒါကတော့ ဘုရားမဖြစ်သေးဘူး၊ ရှင်သာရိပုတ္တရာလည်းပဲ သိတော့ သိတာပဲ၊ ဒါပေမယ်လို့ အလုံးစုံသိတာ မဟုတ်လို့ ဘုရားတော့ မဖြစ်ဘူး၊ ဘုရားကတော့ အလုံးစုံသိတယ်၊ ရုပ်နာမ်သဒ္ဓါရုဠိမ်းတဲ့ နိဗ္ဗာန်ကို အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ အရဟတ္တမဂ်ဖိုလ်ဉာဏ်နဲ့ သိမြင်တဲ့အခါမှာ ရဟန္တာလည်းဖြစ်၊ အလုံးစုံသောတရားတွေလည်း သိတော့တာပဲ၊ ရှေးဦးစွာ တရားကို သိပြီးတော့ သွားတယ်၊ ဗုဒ္ဓ-သစ္စာလေးပါး တရားတွေကို အကုန်လုံး သိသွားတယ်တဲ့၊ သိသင့်သိထိုက်တဲ့တရားတွေကို အကုန်လုံး သိပြီးတော့ သွားတယ်၊ မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်နဲ့ မဖောက်မပြန် အမှန်အတိုင်း သိတယ်တဲ့၊ ကိုယ်တိုင်သိတာပဲ၊ မဖောက်မပြန် မှန်မှန်ကန်ကန် သိတယ်၊ ကိုယ်တိုင်သိတယ် ဆိုတာဟာ ကိုယ့်ဟာကိုယ်သိတော့ တချို့ကလည်း အမှားတွေ ဖြစ်ချင်ဖြစ်မယ်၊ မြတ်စွာဘုရားသိတာကတော့ အမှန်သိတယ်တဲ့၊ အမှန်သိတာကလည်း သူများ ဆီကနေပြီး နည်းနိဿယခံပြီးတော့ သိတာလည်း ဖြစ်နိုင်တယ်၊ အခု မြတ်စွာ ဘုရားသိတာကတော့ ကိုယ်တိုင်သိပဲ၊ အမှန်ကိုယ်တိုင်သိတဲ့တရားတွေ ဘာတွေ သိလဲဆို အခုဟောတဲ့သစ္စာလေးပါးတရားတွေ အမှန်အတိုင်း သိတယ်၊ အလုံးစုံသော တရားတွေလည်း အကုန်လုံးသိပြီးတော့ သွားတယ်၊ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ပြီးတော့ သွားတယ်၊ အဲဒါ မဂ္ဂသစ္စာကနေပြီး နိဗ္ဗာန်ကို ပြေးဝင်ပြီးတော့ သွားတာပဲ။

အခု ယောဂီပုဂ္ဂိုလ်တွေလည်း အဲဒီလိုပဲ၊ သွားနေတာပဲ၊ ဒါရောက်တဲ့ပုဂ္ဂိုလ်လည်း ရောက်နေတာပဲ၊ မရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေလည်း ရောက်မှာပေါ့၊ မြတ်စွာဘုရားလည်း အာရုံပြုရအောင် ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)ကျော်ကာလ, ကပေါ့လေ၊ အိန္ဒိယနိုင်ငံ မဇ္ဈိမလို့ခေါ်တဲ့ အလယ်ပိုင်း ဗုဒ္ဓဂယာဌာန ဗောဓိပင်အောက် ဥရုဝေလတောကြီး၊ အခုတော့ လူတွေဘာတွေ နေကုန်ပါပြီ၊ တောထဲအင်မတန် ဆိတ်ငြိမ်တဲ့နေရာဌာနပါပဲ၊ ဗောဓိပင်အောက် ရတနာပလ္လင်ပေါ်မှာ

http://www.dhammadownload.com

ထက်ဝယ်ဖွဲ့ခွေပြီး ခုနပြောတဲ့ မဂ္ဂသစ္စာတရားတွေ ပွားတယ်၊ ခန္ဓာငါးပါး တရားတွေ မြင်တိုင်း၊ ကြားတိုင်း၊ ဒွါရ(၆)ပါးက ပေါ်တိုင်း ပေါ်တိုင်း အခုရှုသလိုပဲ၊ အခု ယောဂီပုဂ္ဂိုလ်တွေ ရှုတာလို ကိုယ့်သန္တာန်မှာ ဖြစ်ပျက်နေတဲ့တရားတွေ ရှုရင်းရှုရင်းနဲ့ ဘုရားအဖြစ်ရောက်သွားတယ်၊ ကဲ ဆိုကြရအောင် -

* **သမ္မာသမ္ဗုဒ္ဓါ-ဆစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် ကိုယ်ပိုင်ညာဏ်ဖြင့် မှန်စွာသိတော်မူသော မြတ်စွာဘုရား။**(ဆို သုံးခေါက်)

မြတ်စွာဘုရားဟောထားလို့ ရှုသိစြင်း

မြတ်စွာဘုရားက နှေးဦးစွာ သစ္စာလေးပါးတရားတွေကို သိတယ်၊ မဂ္ဂသစ္စာ တရားတွေ နှေးဦးစွာ ပွားများသွားတယ်၊ မိမိပွားများထားတဲ့တရားတွေကို ဟောလို့ အရှင်ကောဏ္ဍည အစရှိသော တစ်သာသနာလုံးရှိတဲ့ တပည့်သာဝက ပုဂ္ဂိုလ်တွေ ဟာ ဒီမဂ္ဂသစ္စာတရားတွေ ပွားရတာ၊ အဲဒါ မြတ်စွာဘုရားဟောထားခဲ့လို့ မဟော လို့ရှိရင် ဒါတွေ ဘယ်သူမှ ပွားတတ်တာ မဟုတ်ဘူး၊ ဘယ်သူမှ ရှုတတ်တာ မဟုတ်ဘူး၊ ခန္ဓာငါးပါးတရားတွေ ရှုရမှန်းကို မသိဘူး၊ သူများတွေ မပြောနဲ့၊ အခု တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ အားမထုတ်ခင်က မသိဘူး၊ ဒီလိုရှုရမယ် ဆိုတာ မသိဘူး၊ ဒီလို ဒီလို ရမယ်၊ ဒီလိုရှုလို့ရှိရင် မဂ္ဂသစ္စာတရားဖြစ်တယ် ဆိုတာ မသိဘူး။

တချို့ အားထုတ်ခါစတောင် တယ်မသိဘူး၊ သူများတွေလည်း ဒီလိုနေမှာ ပါပဲ၊ ဘုန်းကြီးများလည်း ဒီလိုပဲ၊ ပထမ အားထုတ်ခါစတုန်းက တယ်မသိသေးဘူး၊ ဆရာတွေက ခိုင်းလို့သာ ရှုနေရတယ်၊ ဘာမှ မထူးပါဘူး၊ ဒီလိုရှုနေရတာပဲလို့ အောက်မေ့နေတယ်၊ နောက်ကျတော့ တစ်မျိုးတစ်မည်ပြင်ပြီးတော့ ရှုရဦးမလိုလို ဘာလိုလို အောက်မေ့တယ်၊ ဘယ်ဟုတ်မလဲ၊ သူက ဒွါရ (၆)ပါးက ဖြစ်ခိုက် ရုပ် နာမ်တွေ အကုန်လုံးရှုနေတာ၊ ဒါအသိညာဏ်က အသေးစိတ်သွားလို့ရှိရင် အကုန် သိနေတာပဲ၊ ဒီထက် သိစရာတွေ မရှိဘူး၊ အဲဒီတော့ မဂ္ဂသစ္စာတရားတွေဆိုတာ ဒုက္ခနိရောဓ-ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို၊ ဂါမိနီ-ဆိုက်ရောက်တဲ့ ပဋိပဒါ အကျင့်ပဲတဲ့၊ ဆင်းရဲချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဒီအတိုင်းရှုသွားလို့ရှိရင် တဖြည်းဖြည်း နဲ့ အဖြစ်အပျက်ကလေးတွေ သိရင်းသိရင်းနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ သိရင်း

http://www.dhammadownload.com

သိရင်းနဲ့ ရုပ်နာမ်သဘာဝကြီးတဲ့ နိဗ္ဗာန်တစ်ခါတည်းအလိုလို ဖြုတ်ခနဲ ပြေးဝင်သွားမှာ၊ သူဟာသူ ရောက်သွားမှာ၊ ခရီးသွားနေတဲ့ပုဂ္ဂိုလ်ဟာ သွားရင်းသွားရင်းနဲ့ နောက်ဆုံးခြေလှမ်းကျတော့ ကိုယ်လိုရာရောက်သလိုပဲ၊ အဲဒါလို နောက်ဆုံးအမှတ်ကြလို့ရှိရင် မှတ်ရင်းမှတ်ရင်းနဲ့ နိဗ္ဗာန်တရားကို ရောက်သွားမှာ၊ အဲဒါ မဂ္ဂသစ္စာပါပဲ။

ပထမစျာန်

မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာသမာဓိရောက်ပြီနော်။

ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ၊

ဘိက္ခဝေ-တို့၊ သမ္မာသမာဓိ-သမ္မာသမာဓိမဂ္ဂင်သည်၊ ကတမော စ-အဘယ်ပါနည်း။

ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောယောဂီပုဂ္ဂိုလ်သည်၊ ကာမေဟိ-ကာမဂုဏ်တို့မှ၊ ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ-ကြံစည်မှု ဝိတက်နှင့်တကွဖြစ်သော၊ သဝိစာရံ-စဉ်းစားမှု ဝိစာရနှင့်တကွဖြစ်သော၊ ဝိဝေကဇံ-နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ-နှစ်သိမ့်အားရမှု, ကိုယ်စိတ်ချမ်းသာမှုရှိသော၊ ပဌမံ ဈာနံ-ပဌမစျာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏။

စျာန်နှင့်မဂ်

မြတ်စွာဘုရား၏သာသနာတော်က ရဟန်းယောဂီပုဂ္ဂိုလ်ဟာ ပထမစျာန်ရောက်ပြီးတော့ နေတယ်တဲ့၊ "စျာန်"ဆိုတာ ရှုတာပါပဲ၊ (၄)ပါးရှိတယ်၊ (၄)ဆင့်ရှိလို့ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ဆိုပြီးတော့ နာမည်ပေးထားတယ်၊ ဖါပဲ၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အဆင့်အတန်း (၄)ဆင့် ရှိတယ်၊ စျာန်လေး

http://www.dhammadownload.com

ဆင့်ကို ရှုတဲ့အဆင့်လည်း လေးဆင့်၊ တစ်ဆင့်ထက်တစ်ဆင့် သူက ပိုပြီးတော့ နက်နဲသိမ်မွေ့ပြီးတော့ သွားတဲ့တရားတွေ၊ ဈာန်ဆိုတာ ဘာတုံးဆိုတော့ "စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်"တဲ့၊ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ "ဈာန်"ဆိုတာ ရှုတာပဲ၊ နိဝရဏတရားတွေကို လောင် ကျွမ်းဖျက်ဆီးတတ်တယ်တဲ့၊ ဆန့်ကျင်ဘက်တရားတွေကို လောင်ကျွမ်းတတ်လို့လည်း "ဈာန်"လို့ ခေါ်တယ်၊ အမှန်ကတော့ ရှုတာပါပဲ၊ အာရုံကို ကပ်၍ရှုတယ်၊ လက္ခဏာကို ကပ်၍ရှုတယ်၊ ကပ်၍ရှုတတ်သောကြောင့် "ဈာန်"လို့ ခေါ်တယ်တဲ့၊ ဆိုစမ်းပါဦးတော့ တစ်နေ့ကလည်း ဆိုပြီးသားတွေပါပဲ။

* **စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်။** (ဆို သုံးခေါက်)

"ဈာန်"ဆိုတာ ဈာန-ပိုဒ်က လာတယ်၊ "ဈာန"ဆိုတာ ရှုတာပဲ၊ ကပ်ပြီးတော့ ရှုတာတဲ့၊ အာရုံကပ်ပြီးတော့ ရှုတာ၊ စူးစိုက်သမှု ကပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်၊ မဂ္ဂ-မဂ်ဆိုတာကလည်း မဂ္ဂဆိုတာ လမ်းပဲ၊ လမ်းဆိုတာ ရောက်ကြောင်းပဲ၊ လမ်းဆိုတာ အလိုရှိရာဌာနတွေ ရောက်ကြောင်းပဲ၊ ဘုရားသွားတဲ့လမ်း ဘုရားရောက်ကြောင်းပဲ၊ ဈေးသွားတဲ့လမ်း ဈေးရောက်ကြောင်းပဲ၊ ရုံးသွားတဲ့လမ်း ရုံးရောက်ကြောင်းပဲ၊ သဘော်ဆိပ်သွားတဲ့လမ်းလည်း သဘော်ဆိပ်ရောက်ကြောင်းပဲ၊ အဲဒါလို အခု မဂ္ဂဆိုတာလည်း ရောက်ကြောင်းတရား၊ အဲဒါလမ်းပဲ၊ အဲဒီမဂ်တွေ အမျိုးမျိုး ရှိတယ်။

မိစ္ဆာမဂ် သမ္မာမဂ် အမျိုးမျိုးရှိတယ်၊ ငရဲသွားတဲ့လမ်း ငရဲရောက်တဲ့မဂ်လည်း ရှိတာပဲ၊ တိရစ္ဆာန်ဖြစ်တဲ့မဂ်လည် ရှိတာပဲ၊ ပြိတ္တာဖြစ်တာလည်း ရှိတာပဲ၊ လူဖြစ်တဲ့မဂ်၊ နတ်ဖြစ်တဲ့မဂ် ရှိတာပဲ၊ ဒါတွေအမျိုးမျိုးရှိတယ်၊ နိဗ္ဗာန်ရောက်တဲ့မဂ်၊ ဒါ မဂ္ဂသစ္စာတရားက နိဗ္ဗာန်ရောက်တဲ့မဂ်၊ နိရောဓ-ချုပ်ငြိမ်းရာကို ဆိုက်ရောက်ပြီးတော့ သွားတဲ့မဂ်၊ အဲဒါမှ အရိယမဂ္ဂ။

ဈာန်နှစ်မျိုး

"ဈာန်"ဆိုတာတလည်း ဈာန်အမျိုးမျိုးရှိတယ်၊ သူလည်း မကောင်းတဲ့ဈာန်တွေလည်း ရှိတယ်၊ အခု အာရုံကပ်ပြီးတော့ရှုတဲ့ဈာန်ဆိုတာ သမထဈာန်နဲ့ ဝိပဿနာဈာန် နှစ်မျိုးရှိတယ်၊ "သမထဈာန်၊ ဝိပသ်ဈာန်၊ နှစ်တန်ကွဲပြားသည်"တဲ့၊

http://www.dhammadownload.com

သမာဓိသက်သက်ဖြစ်တဲ့ဈာန်က သမထဈာန်ပဲဖြစ်တယ်၊ ဝိပဿနာရှုတဲ့ဈာန်က ဝိပဿနာဈာန် ခေါ်တယ်၊ ဈာန်နှစ်မျိုးရှိတယ်။ ကိုင်း. . ဆိုကြရအောင် . . .

* **သမထဈာန်၊ ဝိပဿ်ဈာန်၊ နှစ်တန်ကွဲပြားသည်။** (ဆို သုံးခေါက်)

သမထဈာန်

"သမထ"ဆိုတာ နီဝရဏ ကိလေသာတရားတွေ ငြိမ်းစေတတ်တယ်တဲ့၊ "ကိလေသေ သမေတီတိ သမထော"၊ ကိလေသေ-နီဝရဏကိလေသာတရားတို့ကို၊ သမေတိ-ငြိမ်းစေတတ်၏၊ ဣတိ-ထို့ကြောင့်၊ သမထော-သမထမည်၏၊ "သမထ" ဆိုတာ နီဝရဏ ကိလေသာတွေကို ကင်းငြိမ်းစေတတ်တယ်၊ "နီဝရဏ"ဆိုတာဟာ တားမြစ်တတ်တဲ့တရားတွေ၊ ဘာဝနာအလုပ်ကို ဖျက်ဆီးတတ်တဲ့ တရားတွေ၊ ဝိပဿနာရှုနေလည်း သူက ဖျက်ဆီးတာပဲ၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်မှတ်၊ လိုချင်တဲ့အာရုံစိတ်ကူးမိသွားတယ်၊ ကာမစ္ဆန္ဒနီဝရဏ ဝင်လာတယ်၊ ရှုတာတွေ ရပ်လိုက်ဦးကွာ၊ ငါဖြစ်လိုက်ဦးမယ်ဆိုပြီး တစ်ခါတစ်ခါ မေ့ပြီးတော့ တော်တော်ကြာနေတယ်၊ မမှတ်မိပဲ တော်တော်ပျက်သွားတယ်၊ တချို့ တော်တော်ကြာမှ သတိရတယ်၊ တချို့ ဟိုလူတစ်ယောက်နဲ့ စကားပြောနေလို့ တော်တော်ကြာမှတာ ငါဟိုရောက်နေပါကောဆိုတာ သတိရတယ်၊ အဲဒါ ကာမစ္ဆန္ဒ နီဝရဏ တရားတွေပဲ၊ ဘာဝနာကို သူက ပျက်အောင် ပြုတတ်တယ်။

သူများများဝင်နေလို့ရှိရင် ဒီပုဂ္ဂိုလ် တရားမတက်ဘူး၊ နီဝရဏတွေ များများရှိတဲ့ ပုဂ္ဂိုလ်တရားမတက်ဘူး၊ တရားအားမထုတ်ခင်ကလည်း တားမြစ်တယ်၊ နီဝရဏတွေ တရားအားထုတ်တော့မယ် ကြံကတည်းက သူဟာ တရားအားထုတ်လိုက်လို့ရှိရင် ငါ့ဒီအလုပ်ကလေးတွေ ပျက်သွားမယ်၊ ဒီလူနဲ့ တွေ့ဖို့ရာ မတွေ့ရဘဲ နေမယ်၊ ဒီနေရာသွားဖို့ရာ မသွားရဘဲနေမယ်၊ ဒီလိုစကားတွေ မပြောရဘဲနေမယ် စသည်ဖြင့် အဲဒါကိုယ်အလိုရှိတာလေးတွေ, ကိုယ်နှစ်သက်သဘောကျတာလေးတွေ ပျက်မှာစိုးလို့၊ တရားအားမထုတ်ဖြစ်ဘူး၊ ဒီလိုပုဂ္ဂိုလ်တွေ ရှိတယ်၊ အခု တရားနာတွေ ဘာတွေလည်း မလာနိုင်ဘူး၊ ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်ဘူး၊ ကာမစ္ဆန္ဒနီဝရဏက တားထားလို့၊ မသွားနဲ့ မင်း. . အလုပ်ပျက်လိမ့်မယ်၊ တရားသွားနာလို့ရှိရင် မင်း အလုပ်ပျက်မယ်၊ တရားသွားအားထုတ်လို့ရှိရင် မင်း. .

http://www.dhammadownload.com

အလုပ်တွေ ပျက်သွားတယ်၊ နေရေး, ထိုင်ရေး,စားရေး, သောက်ရေးတွေ ချွတ်ယွင်းသွားမယ်၊ ရုမယ့်ဥစ္စာတွေ မရဘဲနဲ့ ဖြစ်သွားမယ်၊ စိတ်ထဲကပေါ့လေ မပြောသော်လဲ သူက ပြောနေသလိုပဲ၊ သူများတွေ မကြားလိုက်ပေမယ့် ကိုယ့်ဟာကိုယ်တော့ သိနေတယ်၊ စိတ်ကနေသွားလို့ မတော်သေးပါဘူးဆိုပြီးတော့ နေလိုက်ပြန်ရော နောက်ရက်ကျမှ သွားတော့မယ်၊ နောက်လကျမှပဲ နောက်တစ်နှစ် လောက်မှပဲလေ အေးတဲ့အခါ ချောင်တဲ့အခါ ချောင်ကောင်းပါရဲ့ဆို ရက်တွေ ဘာတွေ ရွှေ့ရွှေ့လာတယ်၊ အဲဒါ နိဝရဏကတားနေတာ၊ တရားအားထုတ် နေရင်းလည်း အဲဒီလိုပဲ၊ လိုချင်နှစ်သက်တဲ့အာရုံတွေ စိတ်ရောက်နေတာ ပျက်နေတာပဲ။

ကာမစ္ဆန္ဒတွင် မဟုတ်ဘူး၊ ဗျာပါဒ စိတ်ပျက်စိတ်ဆိုးတာလည်း ရှိတယ်၊ စိတ်ပျက်နေ ဒေါသဖြစ်နေတာနဲ့လည်း ဒီကတရားတွေ ပျက်တာပဲ၊ ထိနမိဒ္ဓတဲ့၊ ထိုင်းမှိုင်းပျင်းရိတာတဲ့၊ အဲဒါကလည်း အရေးကြီးတယ်၊ အဲဒါကလည်း တရားအားထုတ်မယ်ဆိုရင် ပျင်းတယ်၊ တရားအားမထုတ်ချင်ဘူး၊ တရားနာရမှာလည်း ပျင်းတာပဲ၊ ကုသိုလ်ကောင်းမှုလုပ်ရမှာလည်း ပျင်းတာပဲ၊ ကိုယ့်ဟာကိုယ် ချမ်းချမ်းသာသာ ကိုယ်သွားချင်သွား၊ ကိုယ်စားချင်စား၊ ကိုယ်လုပ်ချင်တာတွေ လုပ်၊ ချောင်ချောင်ချိချိနေရတာ ကောင်းတယ်လို့ စိတ်က ထင်နေတယ်၊ တရားအားထုတ်ရရင် ပျင်းတယ်၊ အဲဒါကြောင့် အားမထုတ်ခင်ကတည်းကလည်းပဲ တရားထဲစိတ်မဝင်စားတတ်ဘူး၊ ဒါနဲ့ပဲ တရားအားမထုတ်ဖြစ်ဘူး၊ ဘေးကပုဂ္ဂိုလ်တွေက ဝိုင်းပြီး တိုက်တွန်းလို့ အားနာပါးနာနဲ့သာ အားထုတ်ရတယ်၊ စိတ်က ခပ်ပျင်းပျင်းပဲ၊ ဒီလိုရှိတယ်၊ အားထုတ်နေရင်းလည်းပဲ ဒီလိုပျင်းနေတာတွေ ရှိတာပဲ၊ အားထုတ်နေရင်းလည်း စိတ်က လျော့နေတာ၊ ပျင်းနေတာ ရှိတယ်၊ ထိနမိဒ္ဓ ထိုင်းမှိုင်းပျင်းရိနေတာတွေလည်း တားတာပဲ၊ ဘာဝနာမဖြစ်နဲ့ဦး၊ နိဗ္ဗာန်သွားမယ် ဆိုတာ မသွားနဲ့ဦး ဟေ့လို့ ဆိုပြီး တားသလို ဖြစ်နေတယ်။

ပြီးတော့ ဥဒ္ဓစ္စကုက္ကုစ္စတဲ့၊ စိတ်ပျံ့လွင့်တာတဲ့၊ စိတ်ပူပန်တာတဲ့၊ စိတ်ပျံ့လွင့်တာ ဆိုတာကတော့ အများအားဖြင့် ရှိကြပါတယ်၊ ကုက္ကုစ္စဆိုတာကတော့ ပုဂ္ဂိုလ်တိုင်း မရှိပါဘူး၊ ကျူးလွန်ထားတာ မှားယွင်းတာလေးတွေ ရှိရင်တော့ စိတ်မချမ်းမသာဖြစ်ပြီး စိတ်ပူပန်တတ်တယ်၊ တချို့ပုဂ္ဂိုလ် နည်းနည်းပါပဲ၊ အထူးအားဖြင့်တော့ ရဟန်းများ ဖြစ်တတ်တယ်၊ ရဟန်းများတော့ အာပတ်ကြီးငယ်တွေ

http://www.dhammadownload.com

ကျူးလွန်လို့ရှိရင်ဖြင့် အဲဒီလိုဟာတွေ ဖြစ်တတ်တယ်၊ ကိုယ့်တရားနဲ့စပ်ပြီး စိတ်ပူပန်တတ်တယ်၊ စဉ်းစားလိုက်တဲ့အခါ စိတ်ပူပန်တတ်တယ်။

ဝိစိကိစ္ဆာ-ယုံမှားမှုတဲ့၊ ဒီယုံမှားမှုကလည်း ရှိတယ်၊ ဒီဥစ္စာကလည်း ယုံမှားနေတာနဲ့ ဟုတ်မှဟုတ်ပါမလားဆိုပြီး တရားကောင်းကောင်း အားမထုတ်ဘူး၊ စောစောကလည်းပဲ ယုံမှားနေတာနဲ့ တရားအားမထုတ်တဲ့ပုဂ္ဂိုလ် တော်တော်များရှိတယ်၊ ဒါတွေကတော့ တရားတွေ ကြားရ, နာရပေမယ်လို့ ဟုတ်မလား မဟုတ်မလား၊ သွားရကောင်းမလား၊ မသွားရကောင်းမလား၊ တော်တော်ကြာလို့ရှိရင် နောက်ပြန်ဆုတ်ဖို့ရာ ခက်တယ်၊ တရားအားထုတ်ပြီးလို့ရှိရင် သူများလိုဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ခက်တယ်၊ တော်တော်ကြာမဟုတ်ရင် တရားလမ်းလွဲနေရင် ခက်တယ် စသည်ဖြင့် ဒီလိုယုံမှားတွေ ဖြစ်နေတယ်၊ အဲဒီယုံမှားတွေက တားမြစ်တာနဲ့ တရားတွေ မဖြစ်ဘူး၊ အားထုတ်နေဆဲမှာလည်း ဟုတ်မှဟုတ်ပါ့မလား ဆိုရင် စိတ်ဇဝေဇဝါဖြစ်နေရင် တရားမတက်တော့ဘူး။

အဲဒါကြောင့် အဲဒီနိဝရဏတရားတွေကို သမာဓိက ငြိမ်းစေတတ်တယ်တဲ့၊ ပထဝီကသိုဏ်း စသော အာရုံတွေကို ရှုမှတ်တာကို "ပထဝီ ပထဝီ ပထဝီ" စသည်ဖြင့် ရှုမှတ်တော့ ထွက်သက် ဝင်သက် ရှုလည်း အတူတူပါပဲ၊ သမထကမ္မဋ္ဌာန်းအနေအားဖြင့် ရှုရင် ရှုတော့ ကြားထဲမှာ နိဝရဏတွေ ဖြစ်တာပေါ့၊ တော်တော်ကြာရင် လိုချင်နှစ်သက်တဲ့စိတ်တွေ ဖြစ်လိုက်၊ တော်တော်ကြာရင် ဗျာပါဒ ဒေါသတွေ ဖြစ်လိုက်၊ တော်တော်ကြာ ပျင်းလိုက်၊ တော်တော်ကြာလို့ရှိရင် ယုံမှားလိုက်၊ တော်တော်ကြာ စိတ်ပျံ့လွင့်လိုက်ဖြစ်တာပဲ။

အဲဒီနိဝရဏတွေ အတင်းမဲပြီး ရှုရတယ်၊ ရှုပါများတော့ သမာဓိစိတ်က တည်လာတယ်၊ ရှုရာ ရှုရာ အာရုံကလေးမှာပဲ၊ ပထဝီကသိုဏ်းပေါ်မှာချည်းပဲ "ပထဝီ၊ ပထဝီ၊ ပထဝီ" ပထဝီကသိုဏ်းဝန်းထဲ စိတ်ကလေးဝင်ပြီး တခြားစိတ်မသွားအောင် အဲဒါ သမာဓိကနေပြီး နိဝရဏတွေကို ငြိမ်းစေတတ်တာပဲ သမာဓိအားကောင်းရင် ငြိမ်းတယ်၊ အခု ဝိပဿနာရှုတဲ့အခါလည်း သမာဓိအားကောင်းရင် ငြိမ်းတယ်၊ သမာဓိအားမကောင်းသေးတဲ့အခါ စပြီးအားထုတ်ခါစ ဘယ်ငြိမ်းလိမ့်မှာတုံး၊ သမာဓိမဖြစ်သေးတော့ ဖောင်းတယ်၊ ပိန်တယ်၊ လေးငါးဆယ်ခါလောက် မှတ်ရသေး၊ တော်တော်ကြာ စိတ်က ဟိုရောက်သွား ဒီရောက်သွား

http://www.dhammadownload.com

ဟိုလူနဲ့ ဒီလူနဲ့တွေ့ စိတ်ကူးတွေ ဖြစ်ကုန်ပြီ၊ ဟိုဟာစဉ်းစား ဒီဟာစဉ်းစား ပျံ့လွင့်ကုန်ပြီ၊ အဲဒါပျက်နေတာပဲ၊ အဲဒီသွားသွားတဲ့စိတ်ကလေးတွေကို တစ်ခါမှတ်လိုက်၊ ဒီတစ်ခါလည်း ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်ပါများတော့ ရှုမှတ်တဲ့အာရုံပေါ်မှာ စိတ်ကလေးက တည်လာတယ်။

"စူးစိုက်သမှု၊ ကပ်၍ရှု၊ ချာန်ဟုခေါ်ဝေါ်သည်" ဥပစာရချာန်ခေါ်တယ်၊ ဒါဟာ ရူပါဝစရချာန်တွေ မဟုတ်ဘူး၊ ဥပစာရချာန်တွေ ဖြစ်တယ်၊ အဲဒါစိတ်ကလေးက တစ်ခါတည်း အာရုံနဲ့စိတ်နဲ့ ကပ်ပြီးတော့ ရှုနေတယ်၊ မသွားဘူး၊ ဖောင်းတဲ့အခိုက် ဖောင်းတာပေါ်မှာပဲ တည်လို့၊ ပိန်တဲ့အခိုက် ပိန်တာပေါ်မှာ တည်လို့ တော်တော်ကြာ ထိုင်တာမှတ် ထိုင်တာဆီမှာ တည်တယ်၊ တစ်ခါတည်း နေရာလေး ပြောင်းပြောင်းပြီး တည်နေသလိုပဲ ဟိုဟာလေးတလှည့် ဒီဟာလေးတလှည့်၊ ဟိုဟာလေးတလှည့် ဒီဟာလေးတ လှည့် လျှောက်ပြီးတော့ စိတ်ကလေးက ဘယ်မှကြားထဲမှာ အလွတ်ထွက်မသွားဘူး၊ ရှုမှတ်ရာ အာရုံလေးမှာ ကပ်ခနဲ ကပ်ခနဲ တည်နေတယ်။

ဒီအခါ နီဝရဏတရား ဘယ်ဖြစ်တော့မတုံး၊ နီဝရဏတရားတွေငြိမ်းတာ "ကိလေသေ သမေတိတိ သမထော"၊ ကိလေသေ-နီဝရဏကိလေသာတို့ကို၊ သမေတိ-ငြိမ်းစေတတ်၏။ ဣတိ-ထို့ကြောင့်၊ သမထော-သမထမည်၏၊ နီဝရဏကိလေသာတွေ ငြိမ်းဆိုတာက အဲဒီသမထချာန်က တစ်မျိုးတဲ့၊ အာရုံကို ကပ်ပြီးတော့ ရှုတဲ့ သမထချာန်လည်း ရှိတယ်၊ ဝိပဿနာချာန်လည်း ရှိတယ်၊ သမထချာန်ကတော့ အာရုံကပ်ရှုရုံပါပဲ၊ "သမထချာန် ဝိပသ်ချာန် နှစ်တန်ကွဲပြားသည်"တဲ့၊ ကသိုဏ်းအစရှိသောအာရုံတွေ ကပ်ပြီးရှုနေတာက သမထချာန်၊ "ဖောင်းတယ်၊ ပိန်တယ်"စသည်ဖြင့် ဒွါရ (၆)ပါးက ဖြစ်ခိုက် ရုပ်နာမ်တွေကို ရှုနေတာက သူလဲ အာရုံကပ်ပြီးရှုတာပဲ၊ သူက ဝိပဿနာချာန်ပဲ၊ တည်ငြိမ်ရုံမျှ ရှုနေကို "သမထချာန်"လို့ ခေါ်သည်၊ စိတ်တည်ငြိမ်ရုံကလေး ရှုနေလို့ရှိရင် သမထချာန်ဖြစ်ရုံပဲ၊ သူက ဒီထက်တိုးတက်ပြီး ဘာမှ အသိဉာဏ်တွေ ပွင့်လင်းလာတာ မရှိဘူး၊ သူကတော့ စိတ်ကလေးငြိမ်ရုံပဲ၊ အဲဒါ "သမထချာန်"လို့ ခေါ်တယ်၊ ကသိုဏ်းအာရုံဆိုရင် ကသိုဏ်းအာရုံခေါ်တယ်၊ ကသိုဏ်းအာရုံဆိုရင် ကသိုဏ်းအာရုံပေါ် စိတ်ကလေးတည်ရုံပဲ၊ ထွက်သက် ဝင်သက်ကို ရှုတဲ့ပုဂ္ဂိုလ်က ထွက်သက်

http://www.dhammadownload.com

ဝင်သက် အာရုံပေါ်မှာ စိတ်ကလေးတည်ရုံပဲ ရှိတာပဲ၊ ဒီထက်ပိုပြီးတော့ အသိဉာဏ်တွေ ဘာတွေ ပိုပြီးတော့ ထွက်မလာဘူး၊ အဲဒီလို ဆိုလို့ရှိရင် ဒါကို "သမထဈာန်"လို့ ခေါ်တယ်တဲ့၊ နိဝရဏကိလေသာငြိမ်းရုံပဲ၊ တောင်တောင် မြောက်မြောက်တွေ သွားနေတဲ့ စိတ်ကူးတဲ့ နိဝရဏတွေ ငြိမ်းတယ်၊ ဆိုရမယ်။

* **တည်ငြိမ်ရုံမျှ၊ ရှုနေတာ၊ သမထဈာန်ခေါ်သည်၊** (ဆို သုံးခေါက်)

အာရမ္မဏူပနိဇ္ဈာန်-တဲ့၊ အာရုံကို ကပ်ပြီးတော့ ရှုတာတဲ့၊ သမထဈာန် သမထဘာဝနာ၏အာရုံဖြစ်တဲ့ အာရုံနိမိတ်ကလေးတွေကို စိတ်ကလေးက ကပ်ပြီး ဖြစ်တယ်၊ အာရမ္မဏူပနိဇ္ဈာန၊ = အာရမ္မဏ + ဥပနိဇ္ဈာန၊ ဥပနိဇ္ဈာန-ကပ်ပြီးတော့ ရှုတယ်တဲ့၊ အာရုံလေးနဲ့ စိတ်ကလေးနဲ့ တွဲထားသလို တစ်ခါတည်း အာရုံထဲ စိတ်ကလေးဝင်နေသလို ဒီအာရုံပေါ်မှာတည်ပြီးတော့ ငြိမ်ပြီးတော့နေတယ်၊ သူက ပဗန္ဓသမာဓိပဲ၊ အာရုံ က တစ်အာရုံထဲပဲ၊ တစ်အာရုံထဲဆိုတော့ အာရုံမပြောင်းဘူး၊ ဒီအာရုံလေးတစ်ခုထဲပဲ စိတ်ကလေးငြိမ်ပြီး ဆွဲကပ်ပြီးတော့ တည်နေတယ်၊ အဲဒီ အတွင်းမှာ ခုနပြောတဲ့ တောင်တောင်မြောက်မြောက်ပြေးသွားတဲ့ နိဝရဏ တရား ကိလေသာတွေ မဖြစ်ဘူးပေါ့၊ ကိလေသာတွေ ငြိမ်းနေတာ၊ သမာဓိဖြင့် ပရိယုဋ္ဌာန် ကိလေသာတွေ ပယ်တယ်ဆိုတာ အဲဒါပဲ၊ သမာဓိအားကောင်းတဲ့အခါ ဒီလို မတော်မသင့်တဲ့ စိတ်ကူးတွေ မဖြစ်ဘူး၊ တောင်တောင်မြောက်မြောက် ပြေးသွားတဲ့စိတ်ကူးတွေ မဖြစ်တော့ဘူး၊ ငြိမ်းနေတယ်၊ အဲဒါကြောင့် သမာဓိဖြင့် ပရိယုဋ္ဌာန် ကိလေသာတွေ ငြိမ်းတယ်၊ နိဝရဏ ကိလေသာတွေ ငြိမ်းတယ်၊ အဲဒါကြောင့် "တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်"၊ အခု သမထဈာန်အနေနဲ့ပဲ ဟောထားပါတယ်။

ဝိပဿနာဈာန်

ဒါပေမယ့် ဝိပဿနာဈာန်ထဲ ထည့်သွင်းပြီးတော့ ယူမှဖြစ်မယ်၊ မဂ္ဂင်ရှစ်ပါးဆိုတော့ ဝိပဿနာနဲ့ယူမှပဲ နေရာကျမယ်၊ အဲဒါကြောင့် "တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်၊ "လက္ခဏာသုံးရပ်၊ ရှသိလတ်၊ ဝိပဿီဈာန်ခေါ်သည်" လက္ခဏာသုံးပါးရှုရင် ဝိပဿနာဈာန် လက္ခဏူပနိဇ္ဈာန်လို့ ခေါ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ လက္ခဏာရေးသုံးပါးလို့ ဒီလိုပဲ ပြောလေ့ရှိကြတယ်၊ လက္ခဏာရေးသုံးပါးကို ဥပနိဇ္ဈာန်ကပ်ပြီးတော့ ရှုတယ်တဲ့၊ လက္ခဏာ ဥပနိဇ္ဈာန

http://www.dhammadownload.com

တွဲလိုက်တော့ လက္ခဏူပနိဿိုန်၊ လက္ခဏဥပနိဿိုန၊ လက္ခဏ,က 'အ'ချေပြီးတော့ 'ဏ'ကို 'ဥ'ကပ်လိုက်တော့ လက္ခဏူပနိဿိုန ဖြစ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးကို ကပ်ပြီးတော့ ရှုတဲ့သဘောပဲ၊ လက္ခဏာရေးသုံးပါးကို ကပ်ကပ်ပြီးတော့ ရှုသွားတာကို။ လက္ခဏူပနိဿိုန်ခေါ် တယ်၊ အဲဒါ ဝိပဿနာပဲ။

ဒါကတော့ ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်, မြင်တယ်, ကြားတယ် စသည်ဖြင့် မှတ်ရင်းမှတ်ရင်းနဲ့ တော်တော်ကြာ အဖြစ်အပျက်ကလေးတွေတွေ့လာရော အစတော့ မထင်သေးဘူး၊ စပေါ်လာပြီး ဆုံးသွား၊ စပေါ်လာပြီး ဆုံးသွားလို့ မမြဘူးလို့ ဆိုတာ သိတယ်၊ လက္ခဏာကို ကပ်ရှုတာ၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲတွေပဲလို့ သဘောကျတာ၊ ဒုက္ခလက္ခဏာကို ကပ်ရှုတာ၊ သူသဘော အတိုင်း သူဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားတွေပဲ၊ အသက်ကောင် သတ္တဝါကောင် မဟုတ်ဘူး၊ အရင်ကတော့ မသိလို့ပဲ၊ အမှန်တော့ ဒီတစ်ကိုယ်လုံးထဲမှာ အသက်ရှင်တဲ့အကောင် ဘာမှမရှိဘူး၊ အသက်ရှင်တဲ့အကောင်ရယ်လို့ မရှိဘူး၊ ရှုတတ်တဲ့အကောင်ရယ်လို့ မရှိဘူး၊ စဉ်းစားတတ်တဲ့အကောင်မရှိဘူး၊ ဖြစ်ပျက်နေတဲ့ သဘောတရားတွေချည်းပဲလို့ ရှုရင်းရှုရင်း သဘောကျတာ၊ အနတ္တာနုပဿနာဉာဏ် ခေါ်တယ်၊ အဲဒါ အနတ္တလက္ခဏာကို ကပ်ပြီးတော့ ရှုတယ်၊ အဲဒီလက္ခဏာသုံးရပ်ကို ကပ်ပြီးတော့ ရှုတာတဲ့၊ လက္ခဏူပနိဿိုန် ဝိပဿနာစျာန်ပဲ၊ ကဲ . . ဆိုရမယ်။

* **လက္ခဏာသုံးရပ် ရှုသိလတ် ဝိပဿီစျာန်ခေါ်ဆည်း** (ဆို သုံးခေါက်)

လက္ခဏာသုံးပါး အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာလို့ လက္ခဏာရေးသုံးပါးတွေကို ရှုပြီးတော့ သိနေတာဟာ ဝိပဿနာစျာန်လို့ ခေါ်တယ်တဲ့၊ ဒီဝိပဿနာစျာန်ကတော့ ကောင်းကင်တွေဘာတွေ ပျံနိုင်တာတော့ မဟုတ်ဘူး၊ ခုန သမထစျာန်လည်း ရခါစတော့ မပျံနိုင်ပါဘူး၊ ပထမစျာန်ရရဲ့ မပျံနိုင်ဘူး၊ ဒုတိယစျာန် မပျံနိုင်ဘူး၊ တတိယစျာန်၊ စတုတ္ထစျာန် ရတာမျှနဲ့ မပျံနိုင်တော့ဘူး၊ အင်မတန် လေ့လာလို့ အဘိညာဉ်အစွမ်းသတ္တိရှိလာမှ သူက ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုး ဖန်ဆင်းတယ်၊ အဲဒီကျမှ ကောင်းကင်တွေ ဘာတွေ ပျံဖို့ရတယ်။

ဒီဝိပဿနာစျာန်ကတော့ကို အစလည်း မပျံနိုင်ဘူး၊ နောက်လည်း မပျံနိုင်ဘူး၊ ဒါကတော့ ရုပ်နာမ်သိရုံရှိတာပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ သိရုံပဲ၊ သူကတော့

http://www.dhammadownload.com

အရဟတ္တမဂ်ဉာဏ်ကို ရောက်မယ်၊ ဒါကြောင့် လက္ခဏာသုံးရပ် ရှိသိလတ်တဲ့၊ လက္ခဏာသုံးရပ် သိအောင်လို့ ရှုနေတယ်တဲ့၊ ရှုပြီးတော့ သိလည်း သိနေတယ်တဲ့၊ အဲဒါ ရှုတိုင်းရှုတိုင်း ဝိပဿနာစျာန်တွေ ဖြစ်နေတယ်၊ ပထမ အစတော့လည်း အနိစ္စ, ဒုက္ခ, အနတ္တ မသိသေးပါဘူး၊ ဒါပေမယ်လို့ အနိစ္စ, ဒုက္ခ, အနတ္တသိခြင်း၏ အကြောင်းဖြစ်တဲ့ အခြေခံရုပ်နာမ်တရားတွေ ရှုသိနေတာလည်း ဝိပဿနာစျာန်ပါပဲ၊ စ,ရှုကတည်းက ဒါဝိပဿနာစျာန်တွေ၊ သစ္စာလေးပါးနဲ့ ပြောလို့ရှိရင် မဂ္ဂသစ္စာတရားတွေ ရှုတိုင်း ရှုတိုင်း ဒါပွားများပြီးတော့ နေတယ်၊ အင်မတန် အဖိုးတန်တယ်၊ အင်မတန်အဖိုးတန်တဲ့ တရားတွေ ပွားနေတယ်၊ အင်မတန် ပါရမီကုသိုလ်တွေရှိလို့ ဘုရားသာသနာတော်နဲ့တွေ့ပြီးတော့ အခုလို အားထုတ်ပြီးတော့ နေကြရတယ်။

ခုနက ပြောခဲ့တဲ့အတိုင်း ဟိုရသေ့ကြီးတွေ ပညာရှိကြီးတွေ စျာန်သမာပတ် ရနေတဲ့ ရသေ့ကြီးတွေလည်း ဒီတရားအားထုတ်ရမှန်း မသိဘူး၊ တစ်ခါမှ မဖြစ်ကြဘူး၊ သူဟာ မဖြစ်ရှာကြဘူး၊ ဘုရား တရားဟောမယ်လုပ်တော့ အကုန် သေကုန်လို့ အရှုပဘုံ ရုပ်မရှိတဲ့ စိတ်ချည်းသက်သက်ဘုံ ရောက်နေလို့ ဘုရားက "မဟာဇာနိယော" ဆိုပြီးတော့ ငြီးတောင် ငြီးရတယ်၊ အများကြီး ဆုံးရှုံးသွားပြီဆိုပြီး မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရာ တရားတွေ မရလိုက်ကြဘူး၊ လက်မတင်ကလေး လွဲသွားတယ် ဆိုပြီးတော့ ညည်းညူရတယ်၊ အားလုံးသော လူနတ်ဗြဟ္မာ သတ္တဝါတွေဟာ ဘုရားတရားမဟောရင် မြတ်စွာဘုရားတရားကို မကြားရ, မသိရရင် ဒွါရ (၆)ပါးက ဖြစ်ခိုက် ရုပ်နာမ်တွေ, ခုလက္ခဏာပနိဗ္ဗာန်တွေ, မဂ္ဂသစ္စာတရားတွေ ပွားရမှန်း မသိကြဘူး၊ ဘုရားတရားကြားရ နာရတယ် ဆိုပေမယ်လို့လည်း တကယ် လုပ်ငန်းနဲ့ ကျကျနန ဒီလိုကြားရ သိရမှ ဒီလိုမဟုတ်လို့ရှိရင် ဗုဒ္ဓဘာသာတွေလည်း အများကြီးပဲ၊ တရားအားထုတ်ရမှန်း ဘယ်လိုအားထုတ်ရမှန်းမသိဘူး၊ အားထုတ်ချင်သော်လည်းပဲ နည်းနိဿယ ကောင်းကောင်းမရတာနဲ့ တချို့ အားမထုတ်ရဘူး၊ အဲဒီလိုဖြစ်နေတာတွေ အများကြီးရှိတယ်။

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သော ယောဂီပုဂ္ဂိုလ်သည်၊ ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်။

http://www.dhammadownload.com

ကာမမှ ကင်းခြင်း

ဈာန်ဖြစ်တယ်ဆိုတဲ့အခါ ဝတ္ထုအာရုံကာမဂုဏ်တွေလည်း ကင်းနေရမယ်တဲ့၊ ဝတ္ထုအာရုံကာမဂုဏ်တွေ ကင်းပြီးသားဖြစ်ရမယ်တဲ့၊ အဲဒီအာရုံတွေဆီ စိတ် မရောက်တာပါပဲ၊ အနီးအပါးတော့ ရှိချင်လည်း ရှိနေမှာပေါ့၊ ရှိပေမယ်လို့ ကိုယ်နဲ့ဘာမှ မဆိုင်ဘူး၊ အဲဒီကာမဂုဏ်အာရုံတွေဆီ ရောက်ပြီးတော့နေတဲ့ ကိလေသာကာမတရားတွေတဲ့၊ ကာမဂုဏ်အာရုံ ဝတ္ထုအာရုံတွေအပေါ် နှစ်သက် သာယာသဘောကျပြီး သာယာသိမ်းပိုက်လက်ခံပြီးတော့နေတဲ့ ကိလေသာကာမတွေကာမစ္ဆန္ဒ နိဝရဏတရားတွေပါပဲ၊ အဲဒါတွေ ကင်းနေရမယ်တဲ့၊ ဒါတွေကင်းမှပဲ မကင်းရင် ဘယ်ဈာန်ရလိမ့်မှာတုံး။

အခု တရားအားထုတ်ခါစ ပုဂ္ဂိုလ်တွေ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်ရင် ကိုယ်လိုချင်တာလေးတွေဆီ စိတ်က ရောက်သွားတယ်၊ ကာမတွေ မကင်းတာ၊ ဝတ္ထုကာမတွေနဲ့ ဝတ္ထုကာမတွေဆီ စိတ်က ရောက်သွားတယ်၊ ဝတ္ထုကာမတွေနဲ့ တွဲရက်ကြီးဖြစ်နေတယ်၊ ကိလေသာကာမတွေနဲ့ အတွဲလိုက်ကြီး သူမှာ ခဏခဏပေါ်တယ်တဲ့၊ ဒီကာမအာရုံတွေ တော်တော်ဒုက္ခရောက်တဲ့ဥစ္စာတွေပေါ့၊ ဝတ္ထုကာမ ကိလေသာကာမတွေကို အာရုံပြုနေတယ်၊ ကိုယ့်တကယ်ရှိလို့ တကယ်သုံးဖို့ စွဲဖို့ရာတွေ အဲဒီလိုဟာတွေဆီ စိတ်ရောက်နေတယ်၊ ဒါလည်း ကာမအာရုံဆီ ရောက်တာပဲ၊ တကယ်မရှိတာတွေလည်း ကိုယ်က စိတ်ကူးချင်ကူးနေတာ မရှိရှိ ရှိရှိ မဖြစ်နိုင်တာတွေ၊ မဟုတ်နိုင်တာတွေ မတန်မရာတွေ စိတ်ကူးချင်တိုင်း စိတ်ကူးတယ်၊ ဒီဥစ္စာ ကိလေသာကာမတွေ ဖြစ်နေတာ။

ဝတ္ထုကာမကိလေသာကာမတွေ ရှေးက တွေ့ဖူးကြုံဖူးတာတွေ ပြန်စဉ်းစားပြီး ဒီလိုဟာတွေလည်း ရှိတာပဲ၊ တွေ့ဖူးကြုံဖူးတာ မဟုတ်ဘဲနဲ့ အခုမှ အသစ်လုပ်ပြီး ကြံစည်စဉ်းစားပြီး မဟုတ်ပေမယ်လို့ မဖြစ်ပေမယ်လို့ ကိုယ်စိတ်ထဲမှာ ဖြစ်နေတယ်။ သူဟာ ဒီလိုဟာတွေလည်း ဖြစ်တာပဲ၊ ကိုယ်လိုချင်တဲ့ နှစ်သက်တဲ့ အာရုံတွေကို အထူးအားဖြင့်တော့ကို ယောက်ျား မိန်းမအာရုံတွေပဲ၊ ယောက်ျားပုဂ္ဂိုလ်တွေကလည်း မိန်းမအာရုံတွေဆီ စိတ်က ရောက်တယ်၊ မိန်းမပုဂ္ဂိုလ်တွေကလည်း ယောက်ျားအာရုံဆီ စိတ်က ရောက်တယ်၊ သူက ရူပါရုံ အဆင်းအာရုံတွေ စိတ်ကူးတယ်၊ အသံအာရုံတွေ အတွေ့အာရုံတွေ လျှောက်စိတ်ကူး

http://www.dhammadownload.com

ပြီးတော့ ကိလေသာကာမ ဝတ္ထုကာမတွေ ဖြစ်နေတာ၊ အဝတ်အစားတွေနဲ့ စပ်ပြီးတော့ အဲဒီလိုဟာတွေလည်း စိတ်ကူးတယ်၊ ဝတ္ထုအာရုံတွေနဲ့စပ်ပြီး စိတ်ကူး စီးပွားရေးတွေနဲ့စပ်ပြီး စိတ်ကူးတယ်၊ ဝတ္ထုကာမတွေနဲ့ ကိလေသာကာမတွေ တွဲပြီးတော့ ဖြစ်နေတာ၊ အဲဒါတွေ ကင်းရမှာတဲ့၊ ဈာန်ရောက်တဲ့အခါကျတော့ ဒါတွေ ကင်းတယ်၊ ဒါတွေ ကင်းတော့ ဈာန်စိတ်ဆိုတာ သိလာတယ်တဲ့၊ စိတ္တ ဝိသုဒ္ဓိ စိတ်စင်ကြယ်တဲ့ဝိပဿနာဟာလည်း ဒီနီဝရဏတွေကင်းမှ ဖြစ်တာ၊ ဒီနီဝရဏတွေ မကင်းသေးရင် မှတ်လို့ကို မကောင်းသေးဘူး၊ မှတ်လို့ ကောင်းရင် ဒါတွေ မဖြစ်ဘူး၊ ဖြစ်လည်း တစ်ခါတစ်ရံမှဖြစ်တယ်၊ ဖြစ်ပြန်လည်း အဲဒီစိတ် ကူးတွေ မှတ်လို့နိုင်နေပြီ၊ သူ့ဟာ အရှင်းကြီးဖြစ်တယ်၊ ဒါကြောင့် -

ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းဆိတ်၍သာ လျှင်၊ အရေးကြီးပါတယ်၊ အထူးပဲ အရေးကြီးတယ်၊ အချို့က အာလယလေးကို မပြတ်ကြဘူး၊ အာလယလေးကလည်း ကိလေသာကာမ ဝတ္ထုကာမတွေ သုံး ဆောင်ဖို့ရာ ဖြစ်တယ်၊ ဒါတွေပါ စိတ်က စွဲလမ်းပြီးတော့ နေတယ်၊ အဖျင်းဆုံး အားထုတ်နေတဲ့ အတွင်းလေးတော့ ပြတ်ရင် ကောင်းတာပေါ့၊ ဒီလိုဟာလေး ပလိဗောဓ ပြတ်သလိုပဲ၊ ဒီအတွင်းတော့ အာရုံတွေနဲ့ ငါနဲ့ မဆက်ဆံတော့ဘူး၊ ဒါတွေနဲ့ အသိအမှတ်မပြုတော့ဘူး၊ သူ့ကို အသိအမှတ်မပြုဘူး တစိမ်းတရံ စာ အနေအားဖြင့် ထားတော့မယ်လို့ စိတ်က ဒီလို ထားရမှာကိုး။

မဟာသုဒဿနစကြာမင်းကြီး နှစ်ပေါင်း ရှစ်သောင်းလေးထောင် ခလေး ဘဝနဲ့ နေလာတယ်၊ အနှစ်ပေါင်းရှစ်သောင်းလေးထောင် လူငယ်လူလတ်ဘဝနဲ့ နှစ်ပေါင်းရှစ်သောင်းလေးထောင် အိမ်ရှေ့မင်းအဖြစ်နဲ့ နှစ်ပေါင်းရှစ်သောင်း လေးထောင် စကြာမင်းအဖြစ်နဲ့ တစ်ခါတည်း ဒီလိုနေပြီးတော့ ကြီးလာတဲ့အခါကျ တော့ တောထွက်လာတယ်၊ အဲဒီလို တောထွက်တော့ တခြားမဟုတ်ပါဘူး၊ သူနန်း တော်တင်ပဲ ကမ္မဋ္ဌာန်းဆောင် ဆောက်ပြီးတော့ အဲဒီမှာ ကမ္မဋ္ဌာန်းဆောင်ကို ဆောက်တယ်၊ အဲဒီမှာ တရားဝင်နေတယ်၊ တရားဝင်တော့ အဲဒီကမ္မဋ္ဌာန်းကျောင်း ဝင်ကတည်းက သူက တံခါးပေါက်ကနေပြီးတော့ -

တိဋ္ဌ ကာမဝိတက္ကာ၊ တိဋ္ဌ ဗျာပါဒဝိတက္ကာ၊ တိဋ္ဌ ဝိဟိ သာဝိတက္ကာ၊ တ္ထောဝတာ ကာမဝိတက္ကာ၊ တ္ထောဝတာ ဗျာပါဒဝိတက္ကာ၊ တ္ထောဝတာ ဝိဟိသာဝိတက္ကာ။

http://www.dhammadownload.com

ကာမဝိတက္ကာ-ကာမဝိတက်၊ တွံ-သင်သည်၊ ဧတ္ထ-ဤအရပ်၌၊ တိဋ္ဌ-ရပ်တည်ရစ်ပေတော့။

အမောင်ကာမဝိတက်တဲ့၊ မင်းကာမတွေ ကြံလာတာ များလှပြီတဲ့၊ မင်းတစ်သက်လုံး ငယ်ငယ်ကစပြီးတော့ ကာမတွေ ကြံစည်သုံးဆောင်ခံစား လာတာ များလှပြီတဲ့၊ မင်း ဒီမှာ နေရစ်ပေတော့၊ ငါ့အခန်းထဲ မလိုက်ခဲ့နဲ့တော့ ဘုရားလောင်းကိုး၊ သူက ကာမဝိတက်တွေကို နှင်ထားခဲ့တာ၊ အဲဒီမှာ နေရစ်ခဲ့ပေတော့တဲ့။

ကာမဝိတက္ကာ-ကာမအာရုံတွေကို ကြံစည်တတ်သော ကာမဝိတက်၊ ဧတ္တာဝတာ-ဤမျှသည်၊ တေ-သင်၏၊ ဝိသယော-အရာတည်း။

ဒီတွင်ပဲတဲ့၊ မင်း နယ်က ဒီမှာဆုံးပြီတဲ့၊ ဟိုဘက် မတက်ခဲ့နဲ့တဲ့၊ ငါ့တရားနယ် ရောက်သွားပြီတဲ့၊ ဒီလို လုပ်ရမှာကိုး၊ ကာမဝိတက် မင်း ဒီတွင်နေရစ်ပေတော့ ဟိုဘက်မလိုက်ခဲ့နဲ့၊ ဟိုဘက် မင်းနယ်မဟုတ်ဘူး၊ မင်းနယ်ဆုံးပြီတဲ့၊ ဒီလိုပြောတာကိုး၊ ခက်တော့ အခက်ကြီးပဲ၊ မလိုက်ပါနဲ့ဆို လိုက်လာဦးမှာပဲ၊ တော်တော်ကြာလို့ ရှိရင် စိတ်က အာလယပြတ်ဖို့လေးပါပဲ၊ အာလယပြတ်ဖို့ အရေးကြီးတယ်တဲ့။

ထို့အတူ ဗျာပါဒဝိတက် ဝိဟိသဝိတက်၊ ဗျာပါဒနဲ့ ဝိဟိသကတော့ အစဉ်ကျလို့သာ ပြောရတာ သူက တစ်ခါတစ်ရံမှဖြစ်ပါတယ်၊ အများအားဖြင့် ကာမဝိတက်တွေက ဖြစ်တယ်၊ အဲဒီလို တရားအားထုတ်တော့မယ်ဆိုရင်ဖြင့် တရားအားထုတ်တဲ့ရက်အတွင်းလေး ကာမဝိတက်တွေ မကြံတော့ဘူး၊ သူ့အလိုမလိုက်တော့ဘူး၊ကြာပြီ ရှေးကလည်း နှစ်ပေါင်းများစွာ ဒီကာမအာရုံတွေ ကြံစည်စဉ်းစားပြီး လာခဲ့တာ များပြီ၊ ဘာမှလဲ အနှစ်အသားလည်း ရတာမဟုတ်ဘူး၊ အဲဒါကို နှင်ထားခဲ့ရမှာ၊ လက်မခံရဘူး၊ ဒီအတွင်းတော့ဖြင့် (၇)ရက် အားထုတ်မယ်ဆိုရင် (၇)ရက်အတွင်း ဒီကိစ္စတွေ ငါမစဉ်းစားတော့ဘူး၊ တစ်လခွဲ (၂)လအတွင်း ငါမစဉ်းစားတော့ဘူး၊ မကြံတော့ဘူး၊ ဖြစ်ချင်ရာ ဖြစ်ပေစေတော့၊ ဒီကာမအာရုံတွေ ငါမစဉ်းစားတော့ဘူး၊ ဒါတွေ သူ့အလိုမလိုက်တော့ဘူးဆိုပြီး နှင်ထားတယ်။

ရဟန်းတော်ကွေလည်း အတူတူပဲ၊ ရဟန်းတော်တွေလည်း ကာမအာရုံတွေ မရှိဘူး ဆိုပေမယ့်လည်း အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်ပြီး ကာမဂုဏ်အာရုံတွေ စွန့်ပစ်ပြီး ရဟန်းပြုထားတယ် ဆိုပေမယ့်လည်း ဒီကာမဂုဏ်အာရုံ

http://www.dhammadownload.com

တွေက ရှိတာပဲ၊ အသုံးအဆောင်တွေ ဘာတွေ လာဘ်လာဘတွေ ရှိတယ်၊ ဒါတွေ တင် ဘယ်ဟုတ်လိမ့်မတုံး၊ စိတ်က အာလယမပြတ်လို့ရှိရင် ကာမအာရုံတွေ သုံးဆောင်ခံစားဖို့ရာ ကြံစည်တာတွေလည်း ရှိသေးတာပဲ၊ သူက တယ်ကင်းခဲတယ်၊ ကာမဝိတက်တွေကို ဒီပြင်တစ်ခါ ကင်းချင်ကင်း မကင်းချင်နေ၊ တရားဝင်တဲ့ အခါတော့ ကင်းထားမှဖြစ်မယ်၊ တရားဝင်တဲ့ အခုဒီအတွင်းတော့ ဒါတွေ ငါ မစဉ်းစားတော့ဘူး၊ မကြံတော့ဘူး၊ ဒါတွေ သူနယ်ပယ်မဟုတ်ဘူး၊ ကြံခဲ့တာလည်း များလှပြီ၊ ရွေးကလည်း များလှပြီ၊ နောက်လည်းပဲ အချိန်ရှိရင်ဖြင့် အများကြီး အားထုတ်ရဦးမယ်၊ တရားအားထုတ်တဲ့အတွင်းတော့ဖြင့် ငါ ဒီဟာတွေ လက် မခံတော့ဘူး ဆိုပြီး ဒီလိုနှင်ရမှာကို။ နည်းနည်းတော့ သက်သာရာရကောင်းပါရဲ့၊ ဖြစ်တော့ဖြစ်ဦးမှာပဲ၊ ဖြစ်ပေမယ်လို့ ကိုယ်က အလိုမရှိရင်တော့ အဖြစ်နည်း ပါတယ်၊ ကိုယ်က ကိုယ်အလိုရှိပြီး လက်ခံနေရင်တော့ အဲဒါခက်တယ်၊ ဒါကတော့ အကြပ်သားပဲ။

နိုင်ငံခြားက ပုဂ္ဂိုလ်တွေက အဖြစ်များတာပါပဲ၊ နိုင်ငံခြားကလာတဲ့ ပုဂ္ဂိုလ်တွေ ဝါသနာက စာရေးတယ်၊ စာဖတ်တယ်၊ ဝါသနာရှိနေတာကိုး၊ စာပေး စာယူလုပ်တယ်၊ ဒါ ဝါသနာရှိတယ်၊ ဝါသနာရှိတော့ မလုပ်ပါနဲ့ ပြောလည်း သူတို့ကိုယ်က သဘောကျနေတာကို၊ သူတို့က သဘောကျနေတော့ ဒီဥစ္စာ ဒီစိတ်ကူးတွေ ခဏခဏဝင်နေတာပေါ့၊ ဒါတွေ ခဏခဏလုပ်နေရင် အလုပ် ပျက်နေတာပေါ့၊ ကာမအာရုံတွေ ဝတ္ထုကာမတွေ ကိလေသာကာမတွေ ကိုယ်ကိုယ်က နှစ်သက်လက်ခံသဘောကျနေလို့ရှိရင် ပယ်ဖို့ခက်တယ်၊ အမှတ် ပျောက်အောင်လို့ မှတ်ပါဆိုပေမယ့်လည်း ဘယ်ပျောက်လိမ့်မှာတုံး၊ ကိုယ်က သဘောကျလို့ လက်ခံ ထားတာရှိရင် မပျောက်တော့ဘူး၊ အဲဒါ အရေးကြီးပါတယ်၊ ပြီးတော့ ဒီကိလေသာ ကာမဝတ္ထုတွေ ကင်းရမှာတဲ့၊ ကင်းမှလည်းပဲ ဈာန်ဆိုတာ ရနိုင်တယ်၊ ကင်းမှလည်း ပဲ ဒီစိတ္တဝိသုဒ္ဓိ စိတ်စင်ကြယ်တယ်ဆိုတဲ့ ဝိပဿနာ၏ အခြေခံ အဆင့်အတန်း ပြည့်စုံနိုင်တာ၊ နာမရူပပရိစ္ဆေဒဉာဏ် နာမ်ရုပ်ပိုင်းခြားသိတယ် ဆိုတဲ့ ဝိပဿနာ ဉာဏ်တွေ အစကနေပြီး နိဝရဏကင်းမှ ဖြစ်တာ၊ အရေးကြီးပါတယ်။

ဘိက္ခဝေ-တို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုသောယောဂီပုဂ္ဂိုလ်သည်၊ ကာမေဟိ-ဝတ္ထုကာမ ကိလေသာ

http://www.dhammadownload.com

ကာမတို့မှ၊ ဝတ္ထုကာမဆိုတာ ကာမဂုဏ်ဝတ္ထုတွေပေါ့လေ၊ ကာမဂုဏ်ဝတ္ထုတွေ အဆင်းအရုံ၊ အနံ့အာရုံ၊ အရသာအာရုံ အတွေ့အထိအာရုံ ဒီတော့ သုံးဆောင်ကောင်းတဲ့ဟာတွေဆိုရင် အကုန်ပဲ၊ အဝတ်အစားတွေရော ဘာတွေရော အကုန်ပဲ၊ ယောကျ်ားမိန်းမအာရုံတွေ အကုန်လုံး ပါနေတာပဲ၊ ဝတ္ထုကာမဝတ္ထုအာရုံတွေ ဝတ္ထုကာမဂုဏ်တွေ၊ ကိလေသာကာမ နှစ်သက်သာယာသဘောကျပြီး လိုချင်နှစ်သက်ပြီး တွယ်တာနေတဲ့ ဥစ္စာတွေဟာ ကိလေသာကာမခေါ်တယ်။

ကာမေဟိ-ဝတ္ထုကာမကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းဆိတ်၍ သာလျှင်။ အစတော့ သွားသေးတာပဲ၊ နောက် ရှုပါမျှားတော့ မသွားဘူး၊ တင်းသွားတယ်၊ တရားအားထုတ်လို့ သေသေချာချာ စိတ်ပါလက်ပါနဲ့ တရားအားထုတ်လို့ ရှိရင် တစ်ရက်လောက်နဲ့ ကင်းတာပါပဲ၊ နှစ်ရက်လောက် သုံးလေးရက်လောက် မကင်းတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတာပါပဲ၊ တစ်ခါတစ်ရံ လာပြန်တော့လည်း ရှုမှတ်ပြီးတော့ ပယ်နိုင်တယ်၊ အဲဒီလို ပယ်နိုင်ပြီးတော့သွားမှ ရှေ့ကို နာမ်ရုပ်ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်တွေ ဖြစ်ရမှာ။

အကုသိုလ်တရားမှ ကင်းခြင်း

အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်၊ အဲဒီကာမအာရုံတွေ ကာမကိလေသာတွေ ကင်းရုံနဲ့ မပြီးသေးဘူး၊ ကျန်တဲ့ အကုသိုလ်တရားတွေလည်း ကင်းဦးမှ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာ ကျန်တဲ့ နီဝရဏတွေ လေးခုကျန်သေးတာကိုး၊ ကျန်တဲ့ နီဝရဏတရားတွေလည်း ကင်းဦးမှ၊ ကာမအာရုံကောင်းကောင်းကင်းလို့ရှိရင်တော့ ဒီပြင်ဟာတွေလည်း ကင်းတော့ ကင်းတတ်ပါတယ်၊ အနေကြီးတာက ဒီကာမအာရုံတွေ မကင်းတာ များတတ်တယ်၊ ဒီကာမတွေ ကင်းသွားရင် ဒီပြင်ဟာတွေလည်း ကင်းတတ်ပါတယ်၊ ဒါပေမယ်လို့ ဝိစိကိစ္ဆာဆိုတာကတော့ အဲဒါ သူက မကင်းပဲ နေတတ်တယ်၊ စိတ်နှလုံးဖုံးဖုံးချပြီး တစ်ခါတည်း ဘာမဆို ဒီအတိုင်း ငါ အားထုတ်တော့မယ် ဆိုပြီး အားထုတ်ရတယ်၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာတွေ အကုန်ဖြစ်မှာပဲ ဆိုပြီး စိတ်နှလုံး ဖုံးဖုံးချ တစ်ခါတည်း အားထုတ်မှဖြစ်မှာ၊ ကိုယ့်ဉာဏ်လေးနဲ့ကိုယ် တွန့်ပြီးတော့ ဟုတ်မှဟုတ်ရဲ့လား၊ ဘယ်လိုလုပ်ရင် ပိုကောင်းမလဲ ဘာညာစသည်ဖြင့် လျှောက်ပြီးတော့ တွေးနေလို့ ရှိရင် အဲဒါက မသွားဘူး။

http://www.dhammadownload.com

အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍ သာလျှင်၊ အကုသိုလ်တရားတွေ မကင်းဘူး၊ ယုံမှားတဲ့ ဝိစိကိစ္ဆာတွေ ဝင်နေတာ၊ ဘယ်ကင်းမလဲ၊ အဲဒါတွေ ကင်းပြီးတော့သွားမှ ဒီဥစ္စာ ခုနပြောတဲ့ သမထစျာန် (သို့မဟုတ်) ဝိပဿနာစျာန်တွေ ကောင်းကောင်းဖြစ်မှာ။

အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍ သာလျှင်၊ သဝိတက္ကံ-ကြံစည်မှုလည်းရှိသော၊ သဝိစာရံ-စဉ်းစားဆင်ခြင်မှုလည်းရှိသော၊ ဝိဝေကဇံ-နိဝရဏ၏ ကိလေသာကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ-နှစ်သိမ့်အားရမှုပီတိ ကိုယ်စိတ်ချမ်းသာမှုသုခလည်းရှိသော -

ဒါလေးဖြစ်တဲ့အခါ နိဝရဏတွေကင်းပြီးတော့ နိဝရဏကင်းခြင်းကြောင့် ချမ်းသာတွေ၊ အစတုန်းက နိဝရဏတွေနဲ့ တစ်ခါတည်း ဟိုရောက်လိုက် ဒီရောက်လိုက်နဲ့ စိတ်ပင်ပန်းနေတယ်၊ အဲဒါလေး ကင်းသွားတဲ့အခါကျရင် ချမ်းသာလာတယ်တဲ့၊ ပီတိဝမ်းမြောက်ဝမ်းသာတွေ ဖြစ်လာတယ်၊ မှတ်လို့ကောင်းလာတယ်၊ ဝိပဿနာမှာလည်း မှတ်လို့ ကောင်းတာပဲ၊ သမထမှာလည်း ရွှင်လို့ကောင်းတယ်၊ ဝိပဿနာမှာလည်း ဒီနိဝရဏတွေ မကင်းခင်က မကင်းမချင်း မဲမှတ်လိုက်ရတာ မပြောနဲ့တော့၊ တော်တော်ပင်ပန်းတယ်၊ တော်တော်ကြာရင် ဒုက္ခဝေဒနာတွေလည်း ပေါ်တတ်တယ်၊ ဟိုကပေါ်ဒီကပေါ်နဲ့ မှတ်လို့မနိုင်နိုင်ဘူး၊ ဒီကြားထဲကနေပြီး စိတ်ဆိုးတာ ပါသေးတယ်၊ ဒီဥစ္စာ မဖြစ်ရမလား ဆိုပြီးတော့ ကြားထဲကဝမ်းနည်းတာ ပါသေးတယ်၊ ငါမရှိဘူးဆိုပြီးတော့ အဲဒီလိုဥစ္စာတွေ အမျှားကြီးရှိတယ်၊ အနှောင့်အယှက်တွေ အကုန်လုံးကင်းသွားတဲ့အခါ မှတ်လို့ကလည်း ကောင်းနေတယ်၊ ကောင်းလို့လည်း ကင်းနေတယ်၊ အမှတ်ကလေးက ကောင်းပြီး ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ သွားနေတယ်၊ သက်သက်သာသာနဲ့ သွားနေတော့ အဲဒီနိဝရဏတွေ ကင်းတာကိုး။

နိဝရဏတွေကင်းတော့ ဘာဖြစ်လာတုံးဆို ပီတိသုခတွေ ဖြစ်လာတယ်တဲ့၊ ကိုယ်ထဲမှာ ကြက်သီးမွေးညှင်းတွေ ဖြိုးဖြိုးဖျင်းဖျင်းထလို့ ကိုယ်ထဲမှာပေါ့လို့ နေလို့ ထိုင်လို့ ကောင်းလို့ ဘယ်လိုကောင်းမှန်းမသိဘူး၊ ကောင်းပြီးတော့ နေတယ်၊ ပီတိတွေ အမျိုးမျိုးပေါ့လေ၊ **ခုဒ္ဓိကာ ပီတိ** ခဏလောက်ဖြစ်တာ ရှိတယ်၊ **ခဏိကာ ပီတိ** ခဏခဏ ဆင့်ကာဆင့်ကာဖြစ်တာ ရှိတယ်၊ **ဥဗ္ဗေဂါ ပီတိ** လွှမ်းပြီးတော့

http://www.dhammadownload.com

ဖြစ်လာတာ ရှိတယ်၊ **ဩက္ကန္တိကာ ပီတိ** သက်ဝင်ပြီးတော့ ဖြစ်လာတာ ရှိတယ်၊ **ဖရဏာပီတိ** တစ်ကိုယ်လုံးပြန့်နှံ့ပြီတော့ တစ်ကိုယ်လုံးစိမ့်ပြီး ဘယ်လိုကောင်းမှန်း မသိဘူး၊ ကောင်းနေတယ်၊ ဝမ်းမြောက်ဝမ်းသာ တစ်ခါတည်း ဖြစ်ပြီးတော့ အဲဒီအချိန်မှာ စိတ်ထဲကလည်း ချမ်းသာလို့ ချမ်းချမ်းသာသာ နေလို့ ထိုင်လို့ ကောင်းလို့ ချမ်းသာပြီးတော့ ဖြစ်တယ်၊ မှတ်တိုင်းမှတ်တိုင်းလည်းပဲ ချမ်းသာလို့ ကောင်းပြီးတော့ နေတယ်၊ ပီတိသုခတွေနဲ့ ဖြစ်လာတယ်တဲ့၊ အဲဒါ -

ပထမဈာန်-ပထမဈာန်သို့၊ ဥပသမ္ပဒ္ဓ-ရောက်၍၊ ဝိဟရတိ-နေ၏-တဲ့။

ဝိပဿနာမှာတော့ ဥပစာရဈာန်ပေါ့၊ ဝိပဿနာတော့ ဥပစာရဈာန်ပေါ့၊ သမထမှာဆိုလို့ရှိရင်တော့ ပထမဈာန်၊ ပထဝီကသိုဏ်း အစရှိသော ကိုယ့်ရှုတဲ့ အာရုံထဲမှာ စိတ်ကလေး ဝင်သွားသလို အာရုံနဲ့ စိတ်နဲ့ဟာ ကပ်နေတာ တစ်ခုတည်း တစ်ပေါင်းတည်းဖြစ်ပြီး ငြိမ်သက်ပြီးတော့ တည်နေတာကိုး၊ ဒါဟာ ပထမဈာန်ပဲ ဈာန်ဆိုတာ စူးစိုက်ပြီးတော့ တည်ငြိမ်နေတဲ့စိတ်ပါပဲ၊ အထုပ် အထည် အလုံး အခဲကြီး မဟုတ်ပါဘူး၊ တည်ငြိမ်နေတာ ဒါပါပဲ။

ဝိပဿနာဈာန်ကတော့ကို မှတ်တိုင်းမှတ်တိုင်း နိဝရဏတွေ ကင်းပြီးတော့ အမှတ်ကလေးကောင်းပြီး ပီတိသုခတွေနဲ့၊ ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမှုတွေနဲ့ မှတ်လို့ ကောင်းပြီးတော့ မှတ်ရာမှတ်ရာ အာရုံစိတ်ကလေး ကပ်ကပ်ပြီး အာရုံထဲ စိတ်ကလေး ပစ်ချလိုက်သလို စိတ်ထဲမှာ အာရုံလေးက ရောက်လာသလို၊ စိတ်နဲ့အာရုံနဲ့ဟာ တစ်ခါတည်းချိန်းချိန်းထားသလို ကိုက်ကိုက်ပြီးတော့ ကျနေတယ်၊ အာရုံနဲ့ စိတ်နဲ့ ကပ်ပြီးတော့ တည်နေတယ်၊ "စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟု ခေါ်ဝေါ်သည်" ဝိပဿနာဈာန်တွေ ဖြစ်နေတာပဲ။

ဒါက အနိစ္စ, ဒုက္ခ, အနတ္တ မရောက်သေးဘူး၊ ရွပ်နာမ်ရှုတာ ရှိသေးတယ်၊ အဲဒီလိုဖြစ်တာကိုး၊ အဲဒီလိုဖြစ်ပြီး နောက်ကျလို့ရှိရင် အဖြစ်အပျက်ကလေးတွေ သိလာတော့ အနိစ္စ, ဒုက္ခ, အနတ္တတွေ သိလာတယ်၊ "လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿီဈာန်ခေါ်သည်၊" အဲဒီဈာန်တွေ ရောက်ပြီး အဲဒီဈာန်မှာ အဂီ (၅)ပါး ရှိတယ်တဲ့၊ ပယ်ရတာက အဂီငါးပါး၊ပယ်ရတာက နိဝရဏ (၅)ပါးပါပဲ၊ ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ ဆိုတဲ့ နိဝရဏငါးပါး ကင်းရတယ်။

အဲဒီ (၅)ပါးကလည်း အကျဉ်းချုံးလိုက်လို့ရှိရင်တော့ မှတ်ရာမှတ်ရာ အာရုံလေး တည်နေလို့ရှိရင် ကင်းနေတာပါပဲ၊ ဟိုပြေး ဒီပြေးပြေးနေတဲ့ စိတ်တွေ

http://www.dhammadownload.com

မရှိ တော့ဘူး၊ ဒါဟာ နိဝရဏ (၅)ပါးကင်းနေတာ၊ ဒါ စိတ္တဝိသုဒ္ဓိ စိတ်စင်ကြယ်နေပြီတဲ့၊ အခု ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တွေမှာလည်း အဲဒီရောက်လာရင် စိတ်က စင်ကြယ်နေတယ်၊ အလျင်တုန်းက စိတ်တွေ မဖြစ်တော့ဘူး၊ အစတုန်းကတော့ ရှုလိုက်မှတ်လိုက်၊ တော်တော်ကြာရင် ဟိုရောက်သွားလိုက်၊ အဲဒါ မှတ်လိုက်ရပြန်၊ ပြီးတော့ ရှုရပြန်တယ်၊ အုတ်ကြားမြက်ပေါက်ဆိုတာလိုပဲ ရောက်နေတယ်၊ ရှုတာက တစ်လှည့်၊ တောင်တောင်မြောက်မြောက် ရောက်တဲ့စိတ်တွေက တစ်လှည့် ဒီလို ဖြစ်နေတယ်၊ တစ်ခါတစ်ခါ တောင်တောင်မြောက်မြောက် ရောက်နေတဲ့ စိတ် တွေက များတောင် များနေသေးတယ်၊ အဲဒါ မစင်ကြယ်ဘူး။

ပထမစျာန်အင်္ဂါငါးပါး

အခုတော့ ရှုမှတ်တဲ့စိတ်ချည်း အစဉ်အတန်းသွားတယ်၊ စိတ္တဝိသုဒ္ဓိ ဖြစ်ပြီတဲ့၊ နာမ်ရုပ်ပိုင်းခြားသိတော့မှာကိုး၊ နာမ်ရုပ်ပိုင်းခြားသိရင် အနိစ္စ, ဒုက္ခ, အနတ္တ တွေ ရောက်ပြီးတော့ သိသွားမှာပဲ၊ အဲဒါ ဥပစာရစျာန်၊ ဝိပဿနာမှာ ဥပစာရစျာန်၊ သမထမှာတော့ ပထမစျာန်၊ အဲဒီစျာန်ဟာ အင်္ဂါငါးပါးရှိတယ်တဲ့၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ အင်္ဂါငါးပါး၊ အဲဒီအင်္ဂါငါးပါးလေးလဲ ဆိုထားဦးမှာပဲ။

* **ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ငါးအင်္ဂါ၊ မှတ်ပါပထမစျာန်။**
(ဆို သုံးခေါက်)

အဲဒီ ပထမစျာန်တစ်ခုရရင် နောက်စျာန်တွေကတော့ လွယ်တယ်၊ အတူတူပဲ၊ လျှော့သာ လျှော့သွားတယ်၊ မတိုးဘူး၊ သူက အင်္ဂါ (၅)ပါးက တစ်ဖြည်းဖြည်း လျှော့သွားတယ်။

"ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ငါးအင်္ဂါ၊ မှတ်ပါ ပထမစျာန်"၊ ဝိတက်ဆိုတာ ကြဲစည်တာပဲ၊ ဝိစာရက စဉ်းစားတာပဲ၊ ကြဲစည်စဉ်းစား၊ ပီတိက နှစ်သိမ့်အားရတာ၊ သုခဆိုတာ ချမ်းသာတာ၊ ကောင်းတာ၊ အဲဒါ မြန်မာဘာသာပြန်ရတာကိုး၊ ဝိတက် ဝိစာရ ဆိုတော့ သိပ်မသိသေးဘူး၊ "ကြဲစည် စဉ်းစား နှစ်သိမ့်ပွား ကောင်းစားချမ်းသာသည်" ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ လေးခုပေါ့၊ "ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ငါးအင်္ဂါမှတ်ပါ ပထမစျာန်"၊ အဲဒီအင်္ဂါ (၅)ပါးအပေါင်း ထက်ထက်သန်သန် ဖြစ်နေတာကိုပဲ အာရုံစူးစိုက်ပြီး ကပ်ပြီး

http://www.dhammadownload.com

ထက်ထက်သန်သန်ဖြစ်နေတယ်၊ သန်သန်စွမ်းစွမ်းဖြစ်နေတယ်၊ အဲဒါကို ဈာန်ခေါ်တာပဲ၊ ကဲ. . ဒါလေးဆိုရအောင်

* **ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ထောင်းစားချမ်းသာသည်၊** (ဆို သုံးခေါက်)

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ အင်္ဂါ (၄)ပါး၊ ကြံစည်တယ်ဆိုတာက ဝိတက်ပဲ၊ စဉ်းစားဆိုတာက ဝိစာရ၊ နှစ်သိမ့်ပွားတယ်ဆိုတာက နှစ်သိမ့်အားရတဲ့ ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ပွားနေတယ်၊ ကောင်းစားချမ်းသာတယ်၊ စိတ်ထဲမှာ ကောင်းစားပြီးတော့ စိတ်ချမ်းသာနေတယ်၊ စိတ်ထဲမှာ စဉ်းစားပြီးတော့ တစ်ခါတည်း သုခတွေဖြစ်တယ်၊ "ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစားချမ်းသာသည်" ဈာန်အင်္ဂါ (၄)ပါးရှုရာတွင် စူးစိုက်ဝင်တဲ့သမာဓိက စူးစိုက်တည်ကြည်တာပဲ၊ စူးစိုက်ပြီးတော့ ရှုရမှာ။

သမထဈာန်မှာတော့ အာရုံတစ်ခုထဲပါပဲ၊ ဝိပဿနာမှာကတော့ အာရုံတွေပြောင်းတယ်၊ ရှုတိုင်းရှုတိုင်း အာရုံတွေက ဖောင်းတာ မှတ်ရင် ဖောင်းတာပေါ်မှာ၊ ပိန်တာမှတ်ရင် ပိန်တာပေါ်မှာ၊ ထိုင်တာမှတ်ရင် ထိုင်တာပေါ်မှာ၊ မှတ်ရာမှတ်ရာပေါ်မှာ စိတ်တလေးတတည်ပြီးတော့ ပစ်ချလိုက်သလို စိတ်တလေးက တစ်ခါတည်း ဝင်ကပ်ကပ်ပြီးတော့ သွားတာ၊ အာရုံနဲ့စိတ်နဲ့ ကပ်ခနဲ ကပ်ခနဲ ကျသွားတာ၊ ရှုရာရာတွင် စူးစိုက်ဝင်ဆိုတာ သမာဓိပဲတဲ့၊ အဲဒီငါးပါးအပေါင်းကို ပထမဈာန်လို့ ခေါ်တယ်၊ "ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင်ပဈာန်မည်"တဲ့၊ 'ပ'က ပထမ၊ ပထမဈာန်ဆိုတော့ အကွရာတွေမျှားနေလို့ 'ပ'ဈာန်လို့အတိုပဲ ရေး ရတယ်၊ အဲဒီအင်္ဂါ (၅)ပါးဟာ ပထမဈာန်လို့ခေါ်တယ်တဲ့၊ ကိုင်း. . ဆိုရမယ်။

* **ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစားချမ်းသာသည်၊**
ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင်ပဈာန်မည်၊ (ဆို သုံးခေါက်)

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဆိုတာ အင်္ဂါ (၅)ပါး၊ ကေဂ္ဂတာဆိုတာ သမာဓိပဲ၊ ကေဂ္ဂ - 'ကေ'က တစ်ခု၊ 'အဂ္ဂ'က အဖို့၊ တစ်ခုတည်းသောအဖို့ရှိတာတဲ့၊ တစ်အာရုံတည်းပဲ ရှိတယ်တဲ့၊ တစ်စွယ်ထဲပေါ့၊ တစ်အာရုံတည်း၊ အာရုံရှုနေတဲ့အခါ ဒီအာရုံတစ်ခုတည်းပဲ ဒီပြင်အာရုံ စိတ်မလှည့်ဘူး၊ ဒီအာရုံတစ်ခုတည်းပဲ၊ စိတ်ကလေးက စူးစိုက်ပြီးတော့ ငြိမ်ပြီးတော့ကျနေတာ၊ တစ်

http://www.dhammadownload.com

အာရုံတည်း တစ်စွန်းတစ်စတည်း ထွက်နေတာ၊ အဲဒါ စူးစိုက်ပြီးတော့ ရှုနေတာပါပဲ၊ ရှုရာတွင် စူးစိုက်ဝင်တဲ့၊ အဲဒီအင်္ဂါငါးပါးအပေါင်းကို ပထမဈာန်လို့ ခေါ်တာ။

ဘယ်အခါမှာ ထင်ရှားတုံးဆိုရင် စပြီးရှုလို့ အမှတ်ကောင်းလာတဲ့အခါ အမှတ်ကောင်းပြီးလာတော့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ် အဲဒီအပိုင်းတွေမှာ ဝိတက်အာရုံကို ကြံစည်တဲ့သဘောလေးလည်း ပါတယ်၊ အာရုံတွေကို ရအောင် ကြံစည်မှုပါတယ်၊ ရတဲ့အာရုံတွေ စဉ်းစားမှုတွေက နောက်က လိုက်နေတယ်၊ စဉ်းစားမှုကလေးလည်းပါတယ်၊ ပြီးတော့ အမှတ်ကောင်းနေတဲ့အခါမှာ ပီတိ-နှစ်သိမ့်အားရမှု, သုခ-ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုလည်း ဖြစ်တယ်၊ စိတ်ရွှင်ပြီးတော့ အမှတ်ကောင်းနေတဲ့အခါ နောက်မှတ်ရာမှတ်ရာ အာရုံလေးမှာ စိတ်ကလေး စူးစိုက်ပြီးတော့ ကပ်ပြီးတော့ ဝင်ဝင်သွားတဲ့ သမာဓိလည်း ဖြစ်တယ်၊ ဒါဟာ ဈာန်အင်္ဂါ (၅)ပါးဖြစ်တယ်။

နောက် ဒုတိယဈာန်မှီးကတော့ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါ ဝိတက် ဝိစာရနဲ့ မကြုံစည် မစဉ်းစားရဘဲနဲ့ ဒုတိယဈာန်မှီးတွေ နောက်တော့ နည်း နည်းရင့်လာတယ်၊ အထက်ပိုင်းကျတော့ အခုဒီအောက်ပိုင်းမှာ သမ္မသနဉာဏ် လောက်ထိအောင် ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်မှာ ဒီအင်္ဂါ (၅)ပါးလုံး ထင်ရှားပြီးတော့ ဖြစ်နေတယ်၊ ဥပစာရဈာန်ငါးပါးပေါ့၊ အဲဒါ အခုသိတင်းမှာတော့ ပထမဈာန်နဲ့ တော်ဦးမှပဲ၊ နောက်သိတင်းကျလို့ရှိရင် ဒုတိယဈာန်တို့, တတိယဈာန်တို့ ဆက်ပြီး တော့ ဟောရဦးမယ်၊ ကုန်တော့ ကုန်ခါနီးပါပြီ၊ ဗဟုသုတလည်း ဖြစ်အောင်လို့ ဒီမှာ တရားတွေ ဖြည်းဖြည်းခြင်းစုံအောင်လို့ ပြောနေရတယ်၊ တရားသိမ်း ကြဦး စို့ရဲ့။

ဤသတိပဋ္ဌာန်တရားဒေသနာတော်ကို ရှိသေစွာ မှတ်သားနာခံရသော ဓမ္မဿဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မိမိတို့သန္တာန်၌ ဤသတိပဋ္ဌာန်တရားတို့ကို ပွားများအားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု - သာဓု - သာဓု ပါဘုရား။

******

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်

သတ္တမပိုင်း

[၁၃၂၃-ခုနှစ်၊ တန်ခူးလတွယ်နေ့ ဟောကြားသည်။]

ပထမချာန်အဂါဝါးဖြာ

တစ်နေ့က ဟောခဲ့တဲ့ မဂ္ဂင်ရှစ်ပါးထဲက သမာဓိမဂ္ဂင်၊ သမာဓိမဂ္ဂင်မှာ ချာန်လေးပါးနဲ့ မြတ်စွာဘုရားက ဝေဖန်ပြီးတော့ ဟောထားတယ်၊ တစ်နေ့က ပထမချာန်တော့ ပြီးသွားပြီ။

ဣမ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ချာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊

ဒါက ပထမချာန်ဖြစ်ပုံကို ဟောတာ၊ ပထမချာန် ဟောတိုင်းဟောတိုင်း ဒီလို ဟောတာပဲ၊ ဒါက ကိန်းသေနေတာ။

ဘိက္ခဝေ-တို့၊ ဣမ-ဤသာသနာတော်၌၊ ဘိက္ခု-သည်၊ ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်း၍သာလျှင်။

တစ်နေ့က ပြောခဲ့ပြီးတဲ့အတိုင်း ဝတ္ထုကာမတွေ, ဝတ္ထုကာမတွေက စိတ်ထဲ ရောက်ရောက်သွားတာ၊ လိုရင်းတော့ စိတ်ကနေ အာရုံပြုယူတာပါပဲ၊ အဲဒီ ဝတ္ထုကာမတွေ ရောက်ရောက်ပြီးတော့ လာတတ်တယ်၊ ဝတ္ထုကာမအာရုံတွေ ကာမဂုဏ် အာရုံတွေကို ရောက်ပြီးတော့နေတဲ့ ကိလေသာကာမတွေ ကင်းရမယ်တဲ့၊ ထိုမှ တစ်ပါးသော ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ထုစ္စ ဝိစိကိစ္ဆာဆိုတဲ့ နီဝရဏလေးပါးလည်း ကင်းစေရမယ်တဲ့၊ ဒီနီဝရဏတွေကင်းမှ သမာဓိချာန်တွေ ဆိုတာ ဖြစ်တာတိုး၊ နီဝရဏမကင်းဘဲနဲ့လည်းပဲ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာတွေ ဆိုတာ ရှိတာပဲ၊ ရှိပေမယ်လို့ အဲဒါတွေကတော့ သမထချာန်အနေနဲ့ အသုံးမပြုဘူး၊ ချာန်ဟူသော အမည်တော့ရတယ်၊ ဒါပေမယ့်လို့ သမထချာန်အနေနဲ့ ဒီမှာအသုံးမပြုဘူး၊ ဒါကြောင့်မို့ -

http://www.dhammadownload.com

ကာမေဟိ-ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းရှင်းသာလျှင်၊ အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဧဝ-ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ-ကြံစည်မှုလည်းရှိသော၊ သဝိစာရံ-စဉ်းစားဆင်ခြင်မှုလည်းရှိသော။

သမာဓိရနေတယ် ဆိုပေမယ့်လို့ သူဥစ္စာ ဖြည်းဖြည်းသက်သက်သာသာတော့ မဟုတ်ဘူး၊ ကြံစည်မှု စဉ်းစားမှုလေးတွေ အစီအရီဖြစ်နေတယ်။

ဝိဝေကဇံ-နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ-နှစ်သိမ့်အားရမှု ဝမ်းမြောက်ဝမ်းသာမှု ပီတိ, စိတ်ချမ်းသာမှု သုခရှိသော။

ဝိဝေကကြောင့်ဖြစ်တယ်ဆိုတာ နိဝရဏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်တာတဲ့၊ စောစောပိုင်းကတော့ကာ နိဝရဏတွေနဲ့ လုံးထွေးနေရတာကိုး၊ နိဝရဏတွေ စိတ်တွေ ဟိုရောက်လိုက် ဒီရောက်လိုက်၊ တောင်ရောက်လိုက်၊ မြောက်ရောက်လိုက်၊ အဲဒါတွေ ရှုရမှတ်ရ မနိုင်နိုင်ဘူး၊ ရှုပါများတော့ သက်သာလာပြီး အဲဒီမှာ ဝမ်းသာအားရ ဖြစ်လာတယ်၊ နိဝရဏကင်းသည်နှင့် တစ်ပြိုင်နက်ထဲ မှတ်လို့ကောင်းတယ်၊ မှတ်လို့ကောင်းတာနဲ့ ဝမ်းသာအားရလေးက ဖြစ်လာတယ်၊ ဝမ်းသာပြီးတော့ စိတ်ချမ်းသာမှုတွေလည်း ဖြစ်လာတယ်တဲ့၊ ပီတိသုခတွေ ဖြစ်လာတယ်။

ဝိဝေကဇံ-နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ-နှစ်သိမ့်အားရမှု ဝမ်းမြောက်မှု ပီတိ, စိတ်ချမ်းသာမှု သုခရှိသော၊ ပဌမံ ဈာနံ-ပထမဈာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏တဲ့။ တစ်နေ့က ဟောပြီးပြီ၊ ဈာန်အင်္ဂါ ငါးပါးရှိတယ်၊ အင်္ဂါငါးပါး ထင်ရှားတယ်တဲ့၊ ဒီဈာန်က "ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ငါးအင်္ဂါ၊ မှတ်ပါ ပထမဈာန်"တဲ့၊ ဒါလောက်တော့ အရကျက်ထားမှဖြစ်မယ်၊ ဒါကတော့ မခက်ပါဘူး၊ ဒါ ငါးပုဒ်ရလို့ရှိရင် နောက်ဟာတွေက လွယ်လွယ်ပဲ၊ တစ်နေ့ကလည်း ဆိုပြီးသား၊ ကနေ့လည်း ဆိုရဦးမှဖြစ်မှာ၊ ဘာပြုလို့တုံးဆို နောက်ဘက်ဆိုရင် ရှုပ်သွားလိမ့်မယ်၊ ဒီကဆိုထားမှ ဒီက ငါးခုရှိတယ်၊ နောက်ဟာတွေ လျော့လျော့သွားတယ်၊ ကဲ. . ဆိုစမ်းပါး။

* **ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ ငါးအင်္ဂါ၊ မှတ်ပါ ပထမဈာန်။** (ဆိုသုံးခေါက်)

ဝိတက်ဆိုတာ ကြံစည်တာပဲ၊ ဒါတွေက ခဏခဏပြောသံကြားနေရတော့ ဝိတက်ဆိုတာ မြန်မာစကားလို ဖြစ်နေပါပြီ၊ 'ဝိတက်တွေ များနေတယ်'လို့ ဒီလို

http://www.dhammadownload.com

ပြောနေကြတာပဲ၊ 'ဝိတက် ဝိစာရတွေများ နေတယ်'လို့ ဒီလိုပြောကြတယ်၊ ဝိတက်ဆိုတာ ကြံစည်တာ၊ ဝိစာရဆိုတာ စဉ်းစားတာ၊ ဝိတိဆိုတာလည်းပဲ အရပ်သုံးလို ဖြစ်နေပါပြီ၊ 'ဝိတိဖြစ်နေတယ်'လို့ ဒီလိုပြောနေတာပဲ၊ ဝိတိဖြစ်တယ်ဆိုတာ ဝမ်းမြောက်ပြီးတော့ နှစ်သိမ့်အားရ သဘောကျပြီးနေတာ၊ ဒါကလည်းပဲ အရပ်သုံးဖြစ်နေပါပြီ၊ သုခ-ချမ်းသာဆိုတာလည်း သိနေပါပြီ၊ မြန်မာစကားကို ဖြစ်နေတယ်၊ ဒါတွေ ချမ်းသာသုခနဲ့ ပြည့်စုံတယ်လို့ ဒီလိုပြောကြတာပဲ၊ အဲဒါ စိတ်ချမ်းသာတာနဲ့ ကိုယ်ချမ်းသာတာ နှစ်မျိုးရှိတယ်၊ အခု ဒီမှာတော့ကို စိတ်ချမ်းသာကို ဆိုလိုတယ်၊ စိတ်ထဲမှာ ရွှင်ရွှင်လန်းလန်း ချမ်းသာပြီးတော့နေတဲ့ သဘောဟာသုခပဲ၊ ကေဝ္ဌတာကလည်း အရပ်ထဲသုံးတယ်၊ 'ကေဝ္ဌတာ မကျဘူး၊ ကေဝ္ဌတာကျတယ်'စသည်ဖြင့် ဒီလိုပြောနေကြတယ်၊ ကေဝ္ဌတာဆိုတာ စိတ်တည်ကြည်တာပဲ၊ စူးစိုက်တည်ကြည်တာပဲ၊ ရှုရာအာရုံမှာ စိတ်ကလေး စူးစိုက်တည်ကြည်ပြီးတော့နေတယ်၊ အဲဒီငါးခု၊ ကသိုဏ်းနဲ့သမထစျာန် ပွားများနေတဲ့ ပုဂ္ဂိုလ်တွေ ကသိုဏ်းအာရုံတွေကို ရှုရတယ်လို့၊ ကသိုဏ်းအာရုံတွေ ကိုရှုရင် "ပထဝီ၊ ပထဝီ၊ ပထဝီ" ပထဝီကသိုဏ်း ပကတိ မြေပြင်ကို ကြည့်ပြီးတော့ ဖြစ်စေ၊ တမင်တကာ ရှုစရာ - ကသိုဏ်းဝန်း သေသေ ချာချာလုပ်ပြီးတော့ဖြစ်စေ၊ အဲဒါလေးကို အဖန်တလဲလဲ ကြည့်နေရတယ်၊ စိတ်ထဲ စွဲနေတယ်၊ ကြည့်ပါများတော့စိတ်ထဲစွဲနေတာပေါ့၊စိတ်ထဲစွဲနေတော့စိတ်နဲ့အာရုံပြုနေ၊ အာရုံပြုနေရာက ကို ဒီပထဝီကသိုဏ်းဟာ အထူးသဖြင့် ကြည်လင် သန့်ရှင်းပြီးတော့ စိတ်နဲ့အာရုံနဲ့ တစ်ပူးတည်း တစ်ပေါင်းတည်းလို ဖြစ်ပြီးတော့ သက်ဝင်သွားရ တယ်၊ အဲဒီလို သက်ဝင်တဲ့အခါ ဝိတက် - အာရုံကိုကြံစည်မှုလေး လည်း ရှိတာပဲ၊ ဝိစာရ-စဉ်းစားမှု ဆင်ခြင်မှုလည်း ရှိတယ်တဲ့၊ ဝိတိ-အာရုံထဲ နှစ်သိမ့်အားရ သဘောကျနေတဲ့သဘောလည်း ရှိတယ်၊ သုခ-စိတ်လည်း အဲဒီ အချိန်မှာ ချမ်းသာနေတယ်၊ ကေဝ္ဌတာ-အဲဒီအာရုံထဲမှာ စိတ်ကလေး တည်နေ တယ်၊ ဘယ်မှ မသွားဘူး၊ စပ်နေတယ်၊ ငြိမ်ပြီးတော့ နေတယ်၊ (၅)မိနစ်၊ (၁၀) မိနစ်၊ (၁၅)မိနစ် တည်နိုင်တယ်၊ နာရီဝက် တစ်နာရီလည်း တည်နိုင်တာပဲ၊ သမာဓိအင်အား ကောင်းလို့ရှိရင် တစ်နာရီ နှစ်နာရီပေမယ့်လည်း နေလို့ရတာကိုး၊ ဒီအချိန်မှာဆိုရင် ဒီပြင်အာရုံတွေ ဘယ်မှမရောက်ဘူး၊ မြင်စရာ ကြားစရာတွေ အနီးအပါးရှိနေပေမယ့်လို့ မမြင်ဘူး၊ မကြားဘူး စဉ်းစားဆင်ခြင်မှုတွေ မဖြစ်ဘူး၊ ကိုယ်ထဲမှာ

http://www.dhammadownload.com

နာကျင် ကိုက်ခဲမှု စသည်ဖြင့် အဲဒီလိုဟာတွေလည်း မဖြစ်ဘူး၊ ဒီအာရုံ လေးတစ်ခု တည်းပဲ ကသိုဏ်းအာရုံလေးထဲ စိတ်ကလေးဝင်ပြီးတော့ တည်နေတယ်၊ ဈာန် အင်္ဂါငါးပါးနဲ့ပြည့်စုံပြီးတော့ ပထမဈာန် ဖြစ်နေတယ်။

ဒီပြင် ကသိုဏ်းတွေလည်း ဒီအတိုင်းပဲ၊ ဒီပြင် သမထကသိုဏ်းတွေလည်း အများကြီးရှိပါသေးတယ်၊ အများနားလည်နေတဲ့ အာနာပါန ထွက်သက် ဝင်သက် ဆိုရင် ထွက်သက်ဝင်သက်အာရုံထဲမှာ စိတ်ကလေးဝင်ပြီးတော့ တည်နေတယ်၊ အစတော့ ထွက်တိုင်း ဝင်တိုင်း မှတ်ရတာ မလွယ်ဘူးပေါ့၊ နောက်စိတ်တွေက ပြေးနေတာတွေလည်း ရှိတယ်၊ အဲဒါတွေလည်း လိုက်ပြီးတော့ ရှုရမှတ်ရတယ်၊ ထွက်တိုင် ဝင်တိုင်းဟာ ထွက်ဝင်နေတဲ့အာရုံက ကြည်ကြည်လင်လင် သန့်သန့် ရှင်းရှင်းဖြစ်ပြီးတော့ ထင်လာတယ်၊ ဒီအာရုံထဲမှာ စိတ်ကလေးဝပ်ပြီးတော့ တည်သွားတော့ အဲဒီမှာလည်း အင်္ဂါငါးပါးပဲ၊ "ဝိတက် ဝိစာရ ပီတိ သုခဧကဂ္ဂတာ ငါးအင်္ဂါ၊ မှတ်ပါ ပထမဈာန်"တဲ့၊ ပထမဈာန်မှာ အင်္ဂါငါးပါးလုံး ထင်ရှားတယ်တဲ့။

ဒုတိယဈာန်

ဟော . . ဒုတိယဈာန် သွားရမယ်။

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိ ဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ဒုတိယဈာန်ဟောရင်လည်း ဒီအတိုင်းပဲ၊ သုတ်မှာ ဟောသည်ဖြစ်စေ၊ အဘိ ဓမ္မာမှာ ဟောသည်ဖြစ်စေ သုတ်တိုင်းသုတ်တိုင်းလည်းပဲ ဒီအတိုင်းဟောရတာပဲ၊ အဘိဓမ္မာမှာလည်း ဒီလိုပဲ ဟောတယ်၊ ဒုတိယဈာန်ဝင်စားပုံ၊ ဒုတိယဈာန် ရောက်ပုံ လွယ်တော့ မလွယ်ဘူး၊ ဒီဥစ္စာတွေ ကျဉ်းကျဉ်းပြောမယ်ဆိုရင်တော့ တိုတိုကလေးပဲ၊ ဒါပေမယ်လို့ သူဒေသနာအစဉ်အတိုင်းပြောတော့ တော်တော်လေး ကျယ်တယ်၊ ဗဟုသုတအဖြစ် နားထောင်ကြပေါ့လေ၊ ဗဟုသုတအဖြစ်ပေါ့၊ သူ နေရာရောက်လာတော့ သူဒေသနာတရားဟောမှဖြစ်မှာ၊ ကျော်သွားလို့ မဖြစ်ဘူး။

ဝိတက္ကဝိစာရာနံ-ဝိတက် ဝိစာရတို့၏၊ (ဝါ) ကြဲစည်မှုစဉ်းစားမှုတို့၏၊ ဝူပသမာ-ငြိမ်းခြင်းကြောင့်၊ ဝိတက်ဝိစာရ ငြိမ်းသွားတဲ့အခါမှာ အဇ္ဈတ္တံ-မိမိ သန္တာန်၌ဖြစ်သော၊ စေတသော-စိတ်ကို၊ သမ္ပသာဒနံ-ကြည်လင်စေတတ်သော။

http://www.dhammadownload.com

မိမိသန္တာန်မှာ စိတ်ကြည်လင်မှုထင်ရှားလာတယ်၊ ပထမစျာန်တုန်းက လည်း ဒီစိတ်ကြည်လင်မှု သဒ္ဓါတရားဆိုတာ ရှိတာပါပဲ၊ သဒ္ဓါဆိုတာက ကုသိုလ် စိတ်တိုင်း စိတ်တိုင်းမှာ သဒ္ဓါတရားဆိုတာ ယှဉ်နေတာတဲ့၊ သဒ္ဓါတရားတွေ ပါဝင်ပြီးတော့နေတယ်၊ သဒ္ဓါ သတိ ဟီရိ ဩတ္တပ္ပ စသည်ဖြင့် ဒီကောင်းသော စေတသိက် တရားတွေ ကုသိုလ်စိတ်တိုင်းစိတ်တိုင်းမှာ သူယှဉ်နေတာပဲ၊ ကာမာ ဝစရကုသိုလ်စိတ်တိုင်းမှာလည်း ယှဉ်တာပဲ၊ စျာန်စိတ်တိုင်းမှာလည်း ယှဉ်တာပဲ၊ ပထမစျာန်မှာလည်း ရှိတာပဲ၊ ဒါပေမယ်လို့ ဒီစျာန်မှာ သူက ထူးခြားလာလို့ အခုချီးမွမ်းထားတယ်၊ သမ္မာသဒနံ-ကြည်လင်စေတတ်တယ်တဲ့၊ ဒီစျာန်ရောက်တဲ့ အခါမှာ စိတ်အထူးကြည်လင်တယ်၊ အခု ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ အစကတည်းက ဒီသဒ္ဓါတရားပါနေတာပဲ၊ ဒါပေမယ်လို့ စိတ်ကြည်တဲ့အခါ ရှိတယ်၊ မကြည်တဲ့အခါ ရှိတယ်၊ စိတ်နောက်ကျိနေတာတော့ မဟုတ်ဘူး၊ နောက်ကျိနေတာ မဟုတ်ပေမယ့်လို့ အထူးကြည်လင်တယ်လို့ ပြောစရာမရှိဘူး၊ မှတ်ကောင်းတော့ ကောင်းနေတာပဲ၊ စိတ်က အထူးကြည်လင်တာ မပါဘူး၊ တစ်ခါတစ်ရံကျတော့ စိတ်က ကြည်တယ်၊ စိတ်က သိပ်ပြီးတော့ ကြည်တယ်၊ တစ်ခါတည်း အင်မတန် ကြည်လင်ပြီးတော့နေတဲ့ မှန်ကြိုးများ ကြည်နေတာလို စိတ်က တစ်ခါတည်း ကြည်လို့ အင်မတန်ကြည်ပြီးတော့နေတယ်၊ ကြည်ပြီးတော့နေတယ်၊ ကြည်လင် သန့်ရှင်းတဲ့ ကောင်းကင်ထဲမှာ စိတ်ကလေး တစ်ခါတည်းတည်နေသလို စိတ်က လည်း ကြည်ပြီး ဘယ်လိုကြည်မှန်းမသိဘူး၊ စိတ်က ကြည်ပြီးတော့ နေတတ်တယ်၊ အဲဒါ ဒီတရားမျိုးပဲ၊ စျာန်ကလည်း ဒီတရားမျိုး ပါဝင်နေတယ်။

အဗ္ဗတ္ထံ-မိမိသန္တာန်၌ဖြစ်သော၊ စေတသော-စိတ်ကို၊ သမ္မသာဒနံ-ကြည်လင်စေတတ်သော၊ စေတသော-စိတ်၏၊ ဧကောဒိဘာဝံ-တစ်ခုတည်း အဖြစ်ကို ပွားစေတတ်သော။

စိတ်တစ်ခုတည်း ဝိတက် ဝိစာရတွေ ကင်းပြီးတော့ စိတ်တစ်ခုတည်း အစတုန်းကတော့ ဝိတက်-ကြံစည်ရတယ်၊ ကြံစည်မှ ဒီအာရုံလေးစိတ်ကလေးနဲ့ ကပ်စဉ်းစားမှ ဒီအာရုံလေးစိတ်ကလေးနဲ့ကပ်၊ အခုတော့ မကြံစည် မစဉ်းစားဘဲနဲ့ စိတ်နဲ့အာရုံနဲ့ကပ်၊ အဲဒါ ဝိပဿနာမှာလည်း ဒါတွေရှိတာပဲ၊ ဝိပဿနာမှာလည်း ပထမတုန်းကဆိုရင် အာရုံပေါ် အောင် ဒါကြံရတယ်၊ မှတ်စရာအာရုံတွေ စိတ်က အမြဲတမ်း နောက်ကနေပြီးတော့ စိုက်ပေးနေရတယ်၊ လိုက်ပေးနေရတယ်၊ အဲဒီလို

http://www.dhammadownload.com

လိုက်နေတာတောင်မှ တစ်ခါတစ်ခါလွတ်လွတ်သွားသေးတယ်၊ မမိနိုင်ဘူး၊ အမှတ်ကောင်းလာတဲ့အခါကျတော့ အဲဒီလို ကြောင့်ကြမစိုက်ရဘဲနဲ့ ဝိတက်နဲ့ မကြံစည်ရဘူး၊ ဝိစာရနဲ့ စဉ်းစားမနေရဘူး၊ ဆင်ခြင်မနေရဘူး၊ ရှုစရာ အာရုံလေးတွေက စိတ်ထဲ သွတာသူ လာလာပေါ်ပေးနေသလို ဖြစ်နေတယ်၊ စိတ်ကလေးကလည်း သွတာသူ ကျကျသွားသလို ထင်နေရတယ်။

ဒီလိုအခါကာလ တစ်ခုချင်းဖြစ်တဲ့ စိတ်ကလေး ကိလေသာတွေပေါ် မရောက်ဘဲနဲ့ တစ်ခုချင်းဖြစ်တဲ့စိတ်ကလေး၊ အထူးသဖြင့် အားကောင်းလာတာပေါ့လေ၊ ဧကောဒိဘာဝံ-တစ်ခုတည်းသောစိတ်၏အဖြစ်ကို စိတ်၏တစ်ခုတည်း၏ အဖြစ်ကို၊ တစ်ခုတည်းဖြစ်နေခြင်းကို ပွားစေတတ်တယ်တဲ့၊ ဒီဈာန်ဟာ ဝိပဿနာမှာတော့ကို ပထမဈာန်နဲ့ တူတာက သမ္မသနဉာဏ်ပိုင်းဆီမှာ ရှိပါတယ်၊ ပထမသမ္မသနဉာဏ်ပိုင်း မှတ်လို့ကောင်းတဲ့အခါကာလဆီမှာ ဝိတက်အာရုံကို ကြံစည်ရတာလည်း ပါတယ်၊ ဝိစာရ အာရုံစဉ်းစားရ သုံးသပ်မှု ဆင်ခြင်မှုတွေလည်း ပါတယ်၊ ပီတိလည်း ဖြစ်တယ်၊ အာရုံမှတ်လို့ ကောင်းလာကော့ နီဝရဏတွေ ကင်းသွားတယ်၊ နီဝရဏတွေ ကင်းဆိတ်ခြင်းကြောင့် နီဝရဏမကင်းခင်ကလည်း ရှုတိုင်းရှုတိုင်း ပီတိတွေ မဖြစ်နိုင်သေးဘူး၊ မှတ်လို့ကလည်း မကောင်းသေးဘူး၊ နီဝရဏကင်းသွားတဲ့အခါကျတော့ အမှတ်ကောင်းတဲ့အခါကျရင် ပီတိတွေ ဖြစ်လာရော၊ ဝမ်းမြောက်ဝမ်းသာမှုလေးတွေ ဖြစ်လာရော၊ နည်းနည်းနည်းနည်းနဲ့က စဖြစ်တယ်၊ စိတ်ချမ်းသာမှုတွေလည်း ဖြစ်လာတယ်၊ တော်တော်နေသာထိုင်သာ ဖြစ်နေတယ်၊ အဲဒါသမ္မသနဉာဏ်ပိုင်းဆီမှာ ဖြစ်တတ်တယ်၊ သမ္မသနဉာဏ်ပိုင်းက သုံးသပ်ဆင်ခြင်မှုတွေ လွန်လာတဲ့အခါ ဥဒယဗ္ဗယဉာဏ်ပိုင်းရောက်တော့ ဒီမှာ အာရုံမစဉ်းစားရဘူး၊ မှတ်စရာအာရုံတွေ ရှာဖွေမနေရဘူး၊ သူဟာသူ ပေါ်နေတယ်၊ စဉ်းစားဆင်ခြင် မနေရဘူး၊ ရှုရုံလေး ရှုလိုက်နေတယ်၊ အဖြစ်အပျက်ကလေးတွေ အစနဲ့အဆုံးနဲ့ ပိုင်းခြားပြီးတော့လည်း သိနေတယ်၊ ဒီလို လွယ်လွယ်ကူကူလဲ သိနေတယ်၊ ဒီမှာ တစ်ခါတစ်ခါ အရောင်အလင်းစသည်တွေလည်း ပေါ်နေတယ်၊ ပီတိဝမ်းမြောက်ဝမ်းသာမှုတွေ အားကြီးဖြစ်လာတယ်၊ အဲဒါက နောက်နားမှာဟောခဲ့ပြီ၊ "သမာဓိဇ၊ ပီတိသုခံ" တဲ့၊ သမာဓိကြောင့်ဖြစ်တဲ့ပီတိသုခပဲတဲ့။

အဓိတက္ကံ-ဝိတက်လည်း မရှိသော၊ အဝိစာရံ-ဝိစာရလည်း မရှိသော၊ ဝိတက်ဝိစာရကင်းသော ဝိတက် ဝိစာရမပါဘဲနဲ့ ဖြစ်တဲ့တရားပဲတဲ့၊ သမာဓိကြောင့်

http://www.dhammadownload.com

ဖြစ်သော ပီတိသုခ-ပီတိသုခရှိတယ်တဲ့၊ သမာဓိကြောင့်ဖြစ်တဲ့ ပီတိသုခတွေတဲ့ ပီတိသုခတွေဆိုတာ ပထမဈာန်မှာ ဖြစ်တုန်းကတော့ ဝိဝေကနိဝရဏကင်းသွားလို့ သူက ရွှင်လို့မှတ်လို့ ကောင်းတာနဲ့ ပီတိတွေ, သုခတွေ ဖြစ်လာတယ်၊ အခု ဒုတိယ ဈာန်ရောက်တဲ့ အခါကျတော့ သမာဓိကြောင့်ဖြစ်လာတာတဲ့၊ သမာဓိအားကောင်း လို့တဲ့၊ သမာဓိကြောင့်ဖြစ်လာတာတဲ့ ပီတိသုခတွေပဲ၊ ဝိပဿနာမှာလည်း ဒီအတိုင်းပဲ၊ သမ္မသနဉာဏ်ပိုင်းတုန်းက နီဝရဏကင်းသွားတာနဲ့ နီဝရဏတွေ ကင်းဆိတ်တာ အကြောင်းပြုပြီးတော့ အဲဒီရှေ့နားပိုင်းကနေပြီး သမ္မသနဉာဏ် သာမဟုတ်ဘူး၊ သူရှေ့နားကလည်း ရှိတော့ ရှိပါတယ်၊ သို့သော်လည်းပဲ သမ္မသနဉာဏ်မှာ ပိုပြီးတော့ထင်ရှားတယ်၊ နာမရူပပရိစ္ဆေဒဉာဏ်မှာလည်း ပီတိတို့, သုခတို့ အတော်အသင့်ဖြစ်တာပဲ၊ ဒါပေမယ့်လို့ သိပ်မထင်ရှားသေးဘူး၊ သမ္မသနဉာဏ်ပိုင်းမှာ သူက ထင်ရှားတယ်၊ ဥဒယဗ္ဗယဉာဏ်ပိုင်းကျတော့ ပိုပြီးတော့ ထင်ရှားလာတယ်၊ အဲဒါ နီဝရဏကင်းလို့ မဟုတ်ဘူးတဲ့၊ သမာဓိတွေ အားကောင်းလားလို့တဲ့။

အဝိတက္ကံ-ဝိတက်လည်း မရှိသော၊ အဝိစာရံ-ဝိစာရလည်း မရှိသော၊ အဝိတက္ကံ အဝိစာရံ - ကြံစည်မှု စဉ်းစားမှု မရှိသော၊

မကြံစည်ရ မစဉ်းစားရဘဲနဲ့ အသိအမှတ်ကလေးတွေ ဖြစ်နေတယ်၊ သမာဓိဇံ-သမာဓိကြောင့်ဖြစ်သော၊ ပီတိသုခံ-ပီတိသုခရှိသော။

သမာဓိကြောင့် စိတ်တည်ကြည်မှုကြောင့် စိတ်တည်ကြည်မှုအားကောင်း ပြီးတော့ ဒီမှာ ပီတိသုခတွေ ဝမ်းမြောက်ဝမ်းသာမှုတွေ အကြီးအကျယ်ဖြစ်တာကိုး၊ ပီတိသုခတွေ ဖြစ်လာတယ်တဲ့၊ ဒါက ဖြစ်ဖူးမှလည်း သိမှာ၊ မဖြစ်ဖူးသေးရင်တော့ မသိသေးဘူး၊ ဖြစ်ဖူးအောင်လို့ အားထုတ်ရမှာ၊ မဖြစ်သေးတဲ့ပုဂ္ဂိုလ်တွေ ဒီလိုဖြစ် အောင် အားထုတ်ရမယ်။

သမာဓိဇံ-သမာဓိကြောင့်ဖြစ်သော၊ ပီတိသုခံ-ဝမ်းမြောက်ခြင်းမှု ပီတိ, ချမ်းသာမှု သုခရှိသော၊ ဒုတိယံဈာနံ-ဒုတိယဈာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏။

ဒုတိယဈာန်အင်္ဂါဆုံးပါး

ဒုတိယဈာန်ရောက်ပြီး သကာလ နေတယ်တဲ့ အခုနက ကသိုဏ်း အစရှိသော အာရုံနဲ့ ပထမဈာန် ရပြီးသောပုဂ္ဂိုလ်က မိမိရတဲ့ဈာန်ကို ပြန်ဆင်ခြင်တဲ့အခါ ဝိတက်နဲ့ဝိစာရကို သူက အပြစ်မြင်လာတယ်တဲ့၊ ဝိတက်က

http://www.dhammadownload.com

ကြံစည်နေရတယ်၊ ဝိစာရက စဉ်းစားနေရတယ်၊ ကြံစည်စဉ်းစားမှုလည်း သူ့ဈာန်က ဖြစ်တယ်၊ မကြံစည် မစဉ်းစားရင် မဖြစ်ဘူး၊ ဝိတက် ဝိစာရတွေ မကြံရ မစဉ်းစားရဘဲနဲ့ အာရုံလေးနဲ့ စိတ်ကလေးနဲ့ ကပ်ပြီး တည်နေရင် ကောင်းမှာပဲလို့ ဒီကြံစည်စဉ်းစားမှုတွေဟာ စိတ်ပင်ပန်းနေတာပဲလို့ ဒီလိုထင်ပြီးတော့ မကြံရ မစဉ်းစားရဘဲနဲ့ စိတ်နဲ့အာရုံနဲ့ကပ်ပြီးတော့ ထပ်ခါထပ်ခါ လေ့လာတယ်၊ နောက်ရင့်လာတဲ့အခါကျတော့ မကြံစည် မစဉ်းစားရဘဲနဲ့ ဝိတက် ဝိစာရ မပါဘဲနဲ့ ပီတိ သုခ ဧကဂ္ဂတာ သုံးခုထဲနဲ့ ဖြစ်သွားတာကိုး။

အခု ဝိပဿနာကလည်း ဒီတိုင်းပဲ၊ ပထမက တရားရှုမှတ်ကောင်းလို့ ကြောင့်ကြစိုက်ရတယ်၊ ရှုမှတ်လို့ ကောင်းလာပြန်တော့လည်း ဟိုမှာ ကြာကြာ စဉ်းစားဆင်ခြင်ရတာတွေ ရှိတယ်၊ သူက အားသိပ်မကောင်းသေးဘူး၊ ကောင်းသထက်ကောင်းအောင်လို့ စိုက်ပြီးတော့ စဉ်းစားလိုက်တဲ့အခါကျတော့ မကြံစည်ရ မစဉ်းစားရဘဲနဲ့ မှတ်စရာအာရုံလေးတွေပေါ်လို့ မှတ်သိမှုလေးတွေ ဖြစ်လာတာကိုး၊ ဥဒယဗ္ဗယဉာဏ်ရောက်တယ်၊ အဲဒီမှာ သူက ဈာန်တွေနဲ့ တော်တော်တူပါတယ်၊ ဈာန်လို့ ပြောလို့ မဖြစ်လို့သာပဲ၊ သူက ဈာန်နဲ့ တော်တော်တူပါတယ်၊ ဖြစ်ပုံခြင်း တူပါတယ်။

အဲဒါကြောင့် ဒုတိယဈာန်မှာတော့ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၃) ပါးပဲ ရှိတယ်၊ ဝိတက် ဝိစာရ မပါဘူး၊ အဝိတက္ကံ အဝိစာရံ-ဝိတက် ဝိစာရမပါပဲနဲ့ ပီတိ သုခ ဧကဂ္ဂတာ အင်္ဂါသုံးပါးပဲ ထင်ရှားတယ်တဲ့၊ ရှုတိုင်း ရှုတိုင်းဟာ ပီတိ ဖြစ်တယ်၊ စိတ်ချမ်းသာမှု သုခဖြစ်တယ်၊ ဧကဂ္ဂတာ ဖြစ်တယ်၊ စိတ်တည်ကြည်မှု ရှုမှတ်တဲ့ အာရုံထဲမှာ စိတ်ကလေးတည်ကြည်မှု ဧကဂ္ဂတာဖြစ်တယ်၊ ဒီသုံးပါးကိုး။ ခုနက အင်္ဂါငါးပါးနဲ့ ပထမဈာန်ကို ရထားတော့ ဒုတိယဈာန်ကျတော့ လွယ်ပါတယ်၊ လျော့ရုံပဲ ရှိတာပဲ၊ တိုးရတာ မဟုတ်ဘူး၊ ခုနဟာက "ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ (၅)အင်္ဂါမှတ်ပါ ပထမဈာန်"ဆိုတော့ ခုတော့ ဝိတက် ဝိစာရ မထည့်နဲ့၊ ပီတိ သုခ,က စတာ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ (၃)အင်္ဂါပဲ ရှိတယ်၊ (၅)အင်္ဂါမဟုတ်ဘူး၊ (၃)အင်္ဂါမှတ်ပါ ဒုတိယဈာန်တဲ့၊ ဒါလေး လွယ်လွယ်ပဲ၊ ဆိုရအောင်၊ ဈာန်တွေနဲ့ပတ်သက်ပြီး ဗဟုသုတလဲ ဖြစ်သွားအောင် -

* **ပီတိ သုခ ဧကဂ္ဂတာ၊ သုံးအင်္ဂါ၊ မှတ်ပါ ဒုတိယဈာန်။** (ဆို သုံးခေါက်)

http://www.dhammadownload.com

တတိယဈာန်

နောက် တတိယဈာန်သွားမယ်၊ ဒါတွေကတော့ကို ဗဟုသုတဖြစ်ရုံပဲ၊ ဒါတွေက အခုဝိပဿနာအားထုတ်တော့ ဆင်တူယိုးမှားလေးတွေ သိရုံလောက်သိတာ၊ ဒါတွေကတော့ ဈာန်ရယ်လို့လည်း သေသေချာချာပြောလို့ မဖြစ်ဘူး၊ ဒါပေမယ်လို့ သူ့ဒေသနာအစဉ်ရောက်လို့ ဒီဟာကို မဟောမဖြစ်လို့ ဟောနေရတယ်။

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော၊ သုခဥ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ပီတိယာစ-ပီတိ၏လည်း၊ ဝိရာဂါ-ကင်းခြင်းကြောင့်၊ ဥပေက္ခကော စ-အညီအမျှလျစ်လျူရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ သတော စ-အမှတ်ရသည်ဖြစ်၍လည်းကောင်း၊ သမ္ပဇာနော စ-အမှန်သိသည်ဖြစ်၍လည်းကောင်း၊ ဝိဟရတိ-နေ၏။ သုခဥ္စ-ချမ်းသာသုခကိုလည်း၊ ကာယေန-ကိုယ်ဖြင့် ပဋိသံဝေဒေတိ-ခံစား၏။

ယံ-အကြင်တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို၊ ဥပေက္ခကော-လျစ်လျူရှုနိုင်ပါပေသည်ဟူ၍၊ သတိမာ-သတိရှိသူဟူ၍၊ သုခဝိဟာရီ-ချမ်းသာနှင့်နေလေ့ရှိပါပေသည်ဟူ၍၊ အရိယာ-အရိယာသခင် အရှင်မြတ်တို့သည်၊ အာစိက္ခန္တိ-ချီးကျူးပြောကြားကြလေကုန်၏။ တံ-ထိုသို့သဘောရှိသော၊ တတိယံ ဈာနံ-သုံးခုမြောက်သောဈာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏။

ဒီဈာန်ကတော့ ထူးခြားလို့ သူ့ကို အထူးသဖြင့် ချီးကျူးထားတယ်၊ ပီတိ ကင်းသွားတယ်တဲ့၊ ဒုတိယဈာန်ရပြီးသားပုဂ္ဂိုလ်က မိမိဈာန်ပြန်ဆင်ခြင်တော့ ပီတိဝမ်းမြောက်တယ်၊ ဈာန်ဝင်စားတိုင်း ဈာန်ဝင်စားတိုင်း ဝမ်းမြောက်ပြီး စိတ်တွေကြွတက်နေတာတွေ့ရတာလို ဒီဥစ္စာဟာ မရောက်သေးခင်တော့လည်းကောင်းတာပဲ၊ ရောက်စတော့ အင်မတန်ကောင်းတယ်၊ ပီတိ အင်မတန်ကောင်းတဲ့ ပီတိ၊ ဒါပေမယ်လို့ ရောက်ပါများလို့ ပြန်စဉ်းစားတော့ ကြာနေတာကိုး၊ သူက ကလေးလိုဖြစ်နေတယ်၊ စိက်မရင့်ကျက်တဲ့အနေမျိုးဖြစ်နေတယ်၊ ကလေးတွေ ဝမ်းသာစရာရှိရင် သိပ်ဝမ်းသာတာ၊ လူကြီးက သိပ်ဝမ်းမသာဘူး၊ တော်ရုံပဲ၊ အဲဒါလိုပဲ အခု ဒီဟာ ပီတိဝမ်းသာနေတယ်၊ ဝမ်းမြောက်နေတယ်ဆိုတာ ဝမ်း

http://www.dhammadownload.com

မြောက်တဲ့သဘောတွေ တက်ကြွပြီးတော့ ဖြစ်နေတာ၊ ဣန္ဒြေမရဘူး၊ မငြိမ်သက်ဘူး၊ မသိမ်မွေ့ဘူး။

တတိယချာန် အင်္ဂါနှစ်ပါး

အဲဒါတွေ့တော့ အဲဒီနှစ်သိမ့်ဝမ်းမြောက်မှု အားရမှု ပီတိမပါဘဲနဲ့ စိတ်ချမ်းသာမှုနဲ့ စိတ်တည်ငြိမ်မှုကလေးတွေသာ ဖြစ်နေရင် ကောင်းမှာပဲလို့ ထပ်ပြီးတော့ လေ့လာတာကိုး၊ လေ့လာတော့ လေ့လာပါများတဲ့အခါ အဲဒီပီတိကင်းသွားတာကိုး၊ ဒါကြောင့် ပီတိယာ စ ဝိရာဂါပီတိကင်းသွားသောကြောင့်တဲ့၊ ပီတိကင်းသွားတော့ အစက သုံးခုရှိတာ၊ ပီတိကင်းသွားတော့ နှစ်ခုကျန်တော့တယ်၊ သုခနဲ့ဧကဂ္ဂတာ နှစ်ခုကျန်တဲ့အခါမှာ သုခချမ်းသာမှုကလည်း လွန်လွန်ကဲကဲဖြစ်လာတယ်တဲ့၊ ဟိုတစ်ခုလျော့လာတာနဲ့ ဒီကသုခက အားကောင်းလာတယ်၊ အစကတော့ ပီတိနဲ့သုခတွဲပြီးတော့ ဖြစ်နေတော့ ခပ်လျော့လျော့ဖြစ်နေတယ်၊ သုခက သိပ်ပြီးတော့ မထင် ရှားဘူး၊ ပီတိတွေက လွှမ်းမိုးနေတယ်၊ ပီတိကင်းသွားတဲ့အခါကျတော့ (တချို့ ပြောတယ်၊ ဘယ်လိုကောင်းမှန်းလဲမသိဘူးတဲ့) ဒါကလည်း ဥဒယဗ္ဗယ ဉာဏ် နောက်ပိုင်းမှာဖြစ်တာပဲ၊ ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်းတော့ ပီတိနဲ့သုခ တွဲဖြစ်နေတယ်၊ သုခက သိပ်မထင်ရှားဘူး၊ ပီတိတွေ အားကောင်းနေတယ်၊ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းကျတော့ ပီတိမပါဘူး၊ ဝမ်းမမြောက်တော့ဘူး၊ ဝမ်းမမြောက်ပေမယ်လို့ အဲဒီကိုယ်ထဲ စိတ်ထဲမှာ ချမ်းသာတွေကတော့ လွန်လွန်ကဲကဲတွေ ဖြစ်နေတယ်၊ သိပ်ချမ်းသာတယ်၊ အဲဒါတွေနဲ့ သွားပြီးတော့ တွေ့တယ်တဲ့၊ အဲဒါ တချို့ပုဂ္ဂိုလ်တွေမှာ လွန်လွန်ကဲကဲသွားပြီးတော့ ဖြစ်တယ်၊ ဝိပဿနာမှာတော့ ဥပက္ကိလေသတွေပါပဲ။

ပီတိယာ စ-ပီတိ၏လည်း၊ ဝိရာဂါ-ကင်းခြင်းကြောင့်၊ ဥပေက္ခကော စ-အညီအမျှ လျစ်လျူရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-၏၊ အညီအမျှ လျစ်လျူရှုတယ်၊ ဒါပေမယ်လို့ ဒီပုဂ္ဂိုလ်က အညီအမျှလဲရှုနိုင်တယ်၊ သုခတွေ ဒီလောက်ချမ်းသာ နေပေမယ်လို့ အဲဒီချမ်းသာဖက်ကို လိုက်ပြီး သာယာနှစ်သက်မှုတွေဘက်ကို လိုက်မသွားဘူး၊ အဲဒါ အရေးကြီးတယ်၊ လိုက်သွားလို့ရှိရင် ဒီဈာန်ပျက်မှာ၊ ဝိပဿနာမှာလည်းပဲ ဒီသုခတွေ အားကြီးဖြစ်နေတဲ့အခါ အဲဒီသုခနောက် လိုက်ပြီး သာယာမှုတွေ လွန်ကဲသွားလို့ရှိရင် သူ့ဝိပဿနာဉာဏ်တွေ ပျက်တယ်၊

http://www.dhammadownload.com

သို့သော် ဒီနေရာရောက်တဲ့ပုဂ္ဂိုလ်က သည်းတော့ခံနိုင်တယ်၊ သူကလည်း ဈာန်လိုပဲ၊ သုခတွေ ဘယ်လိုပဲဖြစ်နေနေ သုခနောက်မလိုက်ဘူး၊ သူက နိုင်အောင် မှတ်နိုင်တယ်၊ သုခစိတ်ချမ်းသာမှုတွေလည်း ဖြစ်နေတာပဲ၊ ဖြစ်နေပေမယ်လို့လည်းပဲ ဒီထဲကနေပြီး ရွှေလည်းရွှေနိုင်တာပဲ၊ ကောင်းတာတွေကို သာယာပြီး တပ်မက်ပြီး သဘောကျပြီးတော့ အစွဲလမ်းကြီးတော့ စွဲလမ်းပြီးတော့မနေဘူး၊ ပထမဥဒယဗ္ဗယညာဏ်ရောက်ကာစတော့ တော်တော်စွဲလမ်းတတ်တယ်၊ တော်တော် သဘောကျတတ်တယ်၊ နောက်တော့ ဒီလောက်မဟုတ်ဘူး၊ ကောင်းမှန်းတော့ သိတော့ သိပါတယ်၊ ကောင်းမှန်းသိပေမယ့်လို့ သိပ်မစွဲလမ်းဘူး၊ အညီအမျှ ရှုနိုင်တယ်၊ ဥပေက္ခကော စ-အညီအမျှရှုသည် ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏။

ဘာပြုလို့ အညီအမျှရှုနိုင်တုံးဆိုရင် သတော သမ္မဇာနော-သတိတရား ရှိနေလို့ပါပဲတဲ့၊ သတိတရားဆိုတော့ ဈာန်မှာ ဈာန်အလိုက်သတိပေါ့လေ၊ သမ္မဇာနော-အသိညာဏ်ဆိုလည်း ဈာန်မှာ ဈာန်အလိုက် ဆင်ခြင်မှုပေါ့လေ၊ ဒီဥစ္စာက သာယာရမယ့်တရားမဟုတ်ဘူး၊ ဒါတရားသဘောပဲ၊ ဈာန်သဘောပဲ၊ ဒါလေးကို မလစ်လပ်အောင်လို့ အမြဲမပြတ် ရှုနေဖို့ရာ လိုတယ်ဆိုတဲ့ အဲဒီလို အသိတရားနဲ့ အသိညာဏ်လေးပေါ့၊ ဈာန်ကတော့ ဝိပဿနာမှာ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရမယ့် သတိကလေး၊ ဒါက အရေးကြီးတယ်၊ သုခတွေဖြစ်တိုင်း ဖြစ်တိုင်းလိုက်ပြီးတော့ အမှတ်ရနေတယ်၊ အမှတ်ရပြီးတော့ အမှန်အတိုင်းလည်း သိနေရမယ်၊ ဒီသုခလေးတွေဟာ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် အဖြစ်အပျက်ကလေးတွေမှာ အမှန်အတိုင်းလည်း သိနေရမယ်၊ အဲဒီလို သိနေလို့ရှိရင် ဥပေက္ခကော-အညီအမျှ လျစ်လျူရှုနေနိုင်ပါတယ်တဲ့။

ဥခမက္ခာဆယ်ပါး

အဲဒီနေရာမှာ ဥပေက္ခာ (၁၀)ပါးဆိုပြီးတော့ အဋ္ဌကထာက ဖွင့်ပြထားတယ်၊ ဥပေက္ခာ (၁၀)ပါး တယ်မှတ်သားစရာကောင်းတယ်၊ ဗဟုသုတအနေနဲ့ပေါ့လေ၊ ဥပေက္ခာဆိုတာ (၁၀)မျိုးရှိတယ်၊ လျစ်လျူရှုတယ်ဆိုတာ (၁၀)ပါးရှိတယ်၊ ကောင်းတဲ့ဥပေက္ခာတွေပေါ့၊ မကောင်းတဲ့ဥပေက္ခာ ထည့်မယ်ဆိုရင် အညာဏုပေက္ခာ ဆိုတာ ရှိသေးတယ်၊ အဲဒါတော့ ထည့်မထားဘူး၊ အဲဒါမပါဘဲနဲ့ (၁၀)မျိုးရှိတယ်၊ အဲဒီ (၁၀)မျိုး မှတ်ကောင်းအောင်လို့ တူတာတွေ ပေါင်းပြီးတော့

http://www.dhammadownload.com

ဒီမှာဆောင်ပုဒ်ကလေး ပေးရမှာပဲ၊ "ဗောလျှင်ဥပေက္ခာ၊ ဈာနုပေက္ခာ၊ ဗြဟ္မာဝိဟာရုပေက္ခာ-တတြမဇ္ဈတ္တုပေက္ခာ" စေတသိက်တွေ တူညီတာတွေ ပေါင်းပြီးတော့ လျစ်လျူရှုတဲ့သဘောတွေ တတြ မဇ္ဈတ္တ ဥပေက္ခာတွေပဲ။ "ဝိပဿနု၊ သခ်ါရ၊ ရှုမှုဉာဏ်ဖြစ်သည်။"

ဥပေက္ခကော စ-အညီအမျှ ရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ သတော စ-အမှတ်ရသည်ဖြစ်၍လည်း၊ သမ္မဇာနော စ-မှန်စွာသိသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏တဲ့။

သတိရားနဲ့ အမှတ်ရပြီးတော့ သမ္မဇာနော-အသိဉာဏ်နဲ့ဆင်ခြင်မှုလည်း ပြည့်စုံပြီးတော့နေလို့ ဥပေက္ခာတော-အညီအမျှလျစ်လျူရှုပြီးတော့ နေနိုင်တယ်တဲ့၊ အဲဒီ အညီအမျှ လျစ်လျူရှုနေရတဲ့အထဲမှာ သခ်ါရုပေက္ခာနဲ့ ဝိပဿနုပေက္ခာဆို တာရှိတယ်၊ (၂)မျိုးပါတယ်၊ ဒီထဲမှာ ဝိပဿနုပေက္ခာဆိုတာကတော့ ဝိပဿနာ ဉာဏ်ပါပဲ၊ သခ်ါရုပေက္ခဆိုတာကလည်း ဝိပဿနာဉာဏ်ထဲက အထူးပဲ၊ "ဝိပဿနု၊ သခ်ါရ၊ ရှုမှုဉာဏ်ဖြစ်သည်"တဲ့။ ဝိပဿနုပေက္ခာနဲ့ သခ်ါရုပေက္ခာ သူတို့နှစ်ခုကတော့ ရှုတဲ့ဉာဏ်ပဲ၊ ဝိပဿနာဉာဏ်ပါပဲ။

ဝိပဿနုပေက္ခာ

ဝိပဿနုပေက္ခာက ဘယ်လိုအခါဖြစ်တုံးဆိုရင် ပထမ အနိစ္စ ဒုက္ခ အနတ္တ တရားတွေ ထင်ကာစမှာ ဆင်ခြင်တယ်လို့ သုံးသပ်တယ်၊ ရှုတိုင်းရှုတိုင်း ဖြစ်ပေါ် လာတဲ့တရားတွေ ဖြစ်ပြီးရင်း ပျောက်သွားရင်း ဖြစ်ပြီးရင်း ပျောက်သွားရင်း အဲဒါတွေကို တွေ့ရတယ်၊ မမြဲတဲ့တရားတွေပဲလို့ သုံးသပ်ဆင်ခြင်တယ်၊ မမြဲတဲ့ တရားတွေ ဖြစ်ပြီး ပျောက်သွားလို့ ဆင်းရဲတွေပဲလို့ သုံးသပ်ဆင်ခြင်တယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေပဲ၊ အစိုးမရတဲ့ တရားတွေပဲ၊ သူ အလိုလိုဖြစ်ပျက်နေတဲ့ သဘောတရားတွေပဲလို့ သုံးသပ်ဆင်ခြင်တယ်၊ အဲဒီလို သုံးသပ်ဆင်ခြင်ပြီးတော့နေရာက အားရတဲ့အခါကာလကျတော့ မသုံးသပ် မဆင်ခြင်တော့ဘူး၊ မမြဲတဲ့တရားတွေပဲဆိုတာ စိတ်နှလုံး ဒုံးဒုံးချတစ်ခါတည်း စိတ်ထဲမှာပိုင်နိုင်ပြီးတော့ သွားတယ်၊ ဆင်းရဲတွေပဲဆိုတာ ပိုင်နိုင်သွားတယ်၊ အနတ္တတရားတွေပဲဆိုတာ ပိုင်နိုင်သွားတယ်၊ အဲဒီလို ပိုင်နိုင်သွားတဲ့အခါ ကာလ

http://www.dhammadownload.com

ကျတော့ သုံးသပ်ဆင်ခြင်မှုမရှိတဲ့နဲ့ ရွှံ့လေး ရွှံသွားတယ်၊ အညိုအမျှရွှံ့လေး ရွှံသွားတယ်၊ အဲဒါ ဝိပဿနုပေကွာ ခေါ်တယ်တဲ့။

ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုရင် အိမ်ထဲမှာ ညနေချမ်းမှောင်ရီသမ်းချိန် အိမ်ထဲ မြွေဝင်လာလို့ရှိရင် အိမ်ရှင်ဖြစ်တဲ့သူက မြွေပဲဆိုပြီးတော့ လိုက်ပြီးကြည့် တယ်၊ ခပ်မှောင်မှောင်နေရာ ချောင်ကျတဲ့နေရာမှာ သူမြွေက ခွေနေတယ်၊ မြွေဆိုးလား မြွေကောင်းလား ဆိုတာ သူသိတော့ မြွေမှာ မြွေဆိုးရဲလက္ခဏာအရေး အကြောင်းသုံးခု ကို တွေ့ရတယ်တဲ့၊ အရေးအကြောင်းသုံးခုကို တွေ့ရတော့ အဲဒီ အရေးအကြောင်းသုံးခု ကို မြင်သောအားဖြင့် ဒီမြွေဟာ မြွေဆိုးပဲလို့ ဆုံးဖြတ်နိုင် တယ်၊ မြွေဆိုးလား မြွေကောင်း လားဆိုတာ မသိခင်ကတော့ကို ထပ်ခါထပ်ခါ သူ စဉ်းစားနေတယ်၊ သုံးသပ်နေတယ်၊ ဆင်ခြင်နေတယ်၊ မဆုံးဖြတ်နိုင်သေးဘူး၊ သူက ဆုံးဖြတ်နိုင်တဲ့အခါကျတော့ မစဉ်းစား မဆင်ခြင်တော့ဘူး၊ မြွေဆိုးပဲဆိုပြီး စိတ် နှလုံး ဒုံးဒုံးချပြီးရော၊ မြွေဆိုးလား၊ မြွေကောင်း လားဆိုပြီး မစဉ်းစားတော့ဘူး၊ လျစ်လျူရှုသွားတော့တယ်။

အဲဒါလိုပဲတဲ့၊ ရုပ်တရား နာမ်တရားတွေ အစက လက္ခဏာရေးသုံးပါး ပိုပိုပိုင်နိုင်နိုင် မသိသေးခင်တော့ အနိစ္စလား၊ ဒုက္ခလား၊ အနတ္တလား၊ မမြဲတဲ့တရား ပဲ၊ ဆင်းရဲပဲ၊ အနတ္တပဲ၊ နောက်ကနေပြီးတော့ သုံးသပ် သုံးသပ်လိုက်နေတယ်၊ ဖြစ်ပျက်မှုတွေကို သိပါများလာတဲ့အခါကျတော့ ဒီတရားတွေကို မသုံးသပ် မဆင် ခြင်တော့ဘူး၊ အနိစ္စ မမြဲတဲ့တရားပဲဆိုဘာ သူက သေသေချာချာ ယတိပြတ် ဆုံးဖြတ်ပစ်လိုက်တယ်၊ ဒုက္ခ-ဆင်းရဲပဲ၊ အနတ္တ-အတ္တမဟုတ်တဲ့ သဘောတရား တွေပဲ ဆိုတာ ဆုံးဖြတ်သွားတယ်၊ ဆုံးဖြတ်တဲ့အခါကာလကျတော့ လျစ်လျူ ရှုသွားတယ်တဲ့၊ စဉ်းစားဆင်ခြင်မှုမှ လျစ်လျူရှုသွားတယ်၊ မြဲလေသလား၊ မမြဲလေ သလား၊ နိစ္စလား၊ အနိစ္စလား၊ ဒုက္ခလား၊ သုခလား၊ အနတ္တလား၊ အတ္တလားဆိုတဲ့ သုံးသပ်ဆင်ခြင်မှုတွေ မရှိတော့ဘူးတဲ့၊ လျစ်လျူရှုပြီးတော့ သွားတယ်၊ အဲဒါ သမ္မသနဉာဏ်က အလွန် ဥဒယဗ္ဗယဉာဏ်အရောက်မှာ ဖြစ်တတ်ပါတယ်။

နောက် အထက်ဉာဏ်တွေလည်းပဲ ဘင်္ဂဉာဏ် ဘယဉာဏ်စသည် ဒီမှာ ထိုက်သည့်အားလျော်စွာ ဖြစ်သေးတာပဲ၊ များများကြီးမဟုတ်တောင် နည်းနည်း တော့ ဖြစ်သေးတယ်၊ ရောက်တိုင်းရောက်တိုင်း ထူးခြားတာကို သုံးသပ်ဆင်ခြင် မှုလေးတော့ နည်းနည်းရှိတယ်၊ သုံးသပ်ဆင်ခြင်ပြီး အားရလို့ သဘောကျတဲ့ အခါမှာ မသုံးသပ်ဘဲနဲ့ သွားပြန်ရော၊ ဒါ ဝိပဿနုပေကွာ ခေါ်တယ်။

http://www.dhammadownload.com

သစ်ရှုပေက္ခာ

"သခ်ါရုပေက္ခာ" ဆိုတာကတော့ သခ်ါရတွေ လျစ်လျူရှုတာ၊ ဒါကတော့ သခ်ါရုပေက္ခာဉာဏ်ပါပဲ၊ သခ်ါရုပေက္ခာဉာဏ်ရောက်တဲ့အခါကျတော့ ဒီသခ်ါရနဲ့ စပ်ပြီး ဖြစ်ပျက်တဲ့ သခ်ါရတွေ အစတုန်းကတော့ ဒီသခ်ါရတွေ ကောင်းတယ် ထင်ပြီးတော့ သာယာနှစ်သက် သဘောကျပြီးတော့နေတာ၊ အဖျင်းဆုံး ရှုပြီးတော့ နေရတဲ့ ဝိပဿနာဉာဏ်တွေပေမယ်လို့ သဘောကျနေတယ်၊ အဲဒီသခ်ါရုပေက္ခာ ဉာဏ် ရောက်တဲ့အခါကျတော့ အာရုံသခ်ါရတွေရော၊ ဖြစ်မှုသခ်ါရတွေရော လျစ်လျူရှုသွားတယ်၊ ဘယ်ဟာမှ တွယ်တာမှုမထားဘူး၊ တွယ်တာမှု စိတ်တွေ မရှိတော့ ဘူး၊ လျစ်လျူရှုပြီးတော့သွားတယ်၊ အဲဒါ သခ်ါရုပေက္ခာဉာဏ်ပဲ၊ အဲဒါ (၂)ခုကတော့ ဉာဏ်ပဲ၊ ဒါကတော့ ဝိပဿနာဉာဏ်ပါပဲ။ "ဝိပဿနု၊ သခ်ါရု၊ ရှုမှုဉာဏ်ဖြစ်သည်" ကိုင်း . . ဒါလေးဆိုရမယ်။

* **ဝိပဿနု၊ သခ်ါရု၊ ရှုမှုဉာဏ်ဖြစ်သည်။** (ဆို သုံးခေါက်)

ဝိပဿနုပေက္ခာနဲ့ သခ်ါရုပေက္ခာကတော့ သူတို့ (၂)ခုက ရှုမှုဉာဏ်ပဲတဲ့၊ ဒါကတော့ ဝိပဿနာယောဂီပုဂ္ဂိုလ်တွေနဲ့ ဆိုင်ပါတယ်။

ဝီရိယုပေက္ခာ

နောက် "ဝီရိယုပေက္ခာ"တဲ့၊ "ဝေဒနုပေက္ခာ"တဲ့၊ သူတို့ (၂)ခုရှိပါတယ်၊ အဲဒါ (၂)ခုကတော့ တရားကိုယ် တစ်ခုစီပါပဲ၊ "ဝီရိယုပေက္ခာ"ဆိုတာ ဝီရိယ-မယုတ်မလွန် ဖြစ်နေတဲ့အခါကာလ 'ဥပေက္ခာနိမိတ္တံ မနသိကရောတိ'လို့ ဟောပါ တယ်၊ ရံခါမှာ လုံ့လဝီရိယက လျော့နေတယ်၊ လျော့နေတဲ့အခါမှာ အားပေးရတယ်၊ တရားအားထုတ်တဲ့အခါမှာ တစ်ခါတစ်ခါလည်း လုံ့လဝီရိယက လျော့နေတယ်၊ လုံ့လဝီရိယ လျော့နေတဲ့အခါ လုံ့လဝီရိယတိုးတက်လာအောင်လို့ နှလုံးသွင်း ဆင်ခြင်ရတယ်၊ လုံ့လဝီရိယနှလုံးသွင်းဆင်ခြင်မှ လုံ့လဝီရိယတွေ တိုးတက်ပြီး လာတော့မှ တရားက မှတ်လို့ ကောင်းသွားတယ်၊ ကိုယ်ဟာကိုယ်မဆင်ခြင် တတ်တဲ့ ပုဂ္ဂိုလ်တွေတော့ ဒီကမ္မဋ္ဌာန်းဆရာတွေ သီတင်းသုံးဖော်တွေကနေပြီးတော့ တိုက်တွန်းအားပေးကြတယ်၊ အားပေးတော့မှ ဒီမှာအားတက်လာတယ်၊ အဲဒီ တော့မှ ဝီရိယညီမျှ ပြီးတော့သွားတယ်၊ တစ်ခါတစ်ခါ ဝီရိယလွန်နေတဲ့အခါ

http://www.dhammadownload.com

ရှိတယ်၊ ဝိရိယလွန်နေတဲ့အခါတော့ လျော့ပေးရတယ်၊ လျော့ပေးရတဲ့ပုဂ္ဂိုလ်ကတော့ စာထဲပေထဲမှာတော့ သူက (၂)ပါးလောက် ထင်ထင်ရှားရှားရှိပါတယ်။

အရှင်သောဏမထေရ်

'ရှင်သောဏမထေရ်" ဆိုတာ ဝိရိယလွန်နေလို့ လျော့ရတယ်၊ အရှင်အာနန္ဒာလည်း ဝိရိယလွန်နေလို့ လျော့ရတယ်၊ အရှင်သောဏမထေရ်က ရှေးက သူဌေးသား အင်မတန်ချမ်းသာတဲ့ပုဂ္ဂိုလ်၊ အင်မတန် ချမ်းချမ်းသာသာနဲ့နေထိုင်ကြီးထွားပြီး လာရတော့ မြေကြီးလည်း မနင်းရဘူး၊ ကြမ်းကြမ်းတမ်းတမ်းတွေလည်း မနင်းရဘူး၊ များသောအားဖြင့် ငယ်ငယ်ရွယ်ရွယ်က အထိန်းတွေလက်ပေါ်မှာ သူကြီးလာရတာကိုး၊ အိမ်ပေါ်တင်နေရတော့လည်း နူးနူးညံ့ညံ့အခင်းတွေ ဘာတွေပေါ်မှာ နေနေရတော့ ခြေထောက်က သိပ်ပြီးနူးညံ့နေတော့ ခြေဖဝါးမှာ အမွေးတွေ ပေါက်နေတယ်၊ သိပ်ပြီးနူးညံ့နေတော့ ခြေဖဝါးမှာ အမွေးတွေ ပေါက်နေတယ်၊ အဲဒီလိုပုဂ္ဂိုလ်ဟာ တစ်နေ့ကျတော့ မြတ်စွာဘုရားတရား နာပြီးတော့ သဒ္ဓါတရားတွေ ဖြစ်လာတယ်၊ သံသရာဘေးတွေကို မြင်လာတယ်၊ ရှေးရှေးသောဘဝတွေက ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေက သံသရာဘေးတွေကို မြင်တယ်၊ ရှေးရှေးသောဘဝတွေက ပါရမီမရှိတဲ့ပုဂ္ဂိုလ်တွေက ပြောလို့ ဟောလို့ သံသရာဘေးတွေကို မမြင်နိုင်ဘူး၊ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေကတော့ အခုပြောတဲ့ သောဏသူဌေးသားဆိုတာ အင်မတန်ချမ်းသာနေတဲ့ပုဂ္ဂိုလ်ပဲ၊ သံသရာဘေးတွေကို သူမြင်လာတယ်၊ ပစ္စုပ္ပန်အခြေအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် သူအင်မတန်ချမ်းသာနေတယ်၊ ဘယ်တော့မှ ဒုက္ခတစ်ခု မတွေ့ခဲ့ရဘူး၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေ မတွေ့ခဲ့ဘူး၊ အင်မတန်ကို ချမ်းသာနေတယ်၊ သူမှာ ရွှေရေးနောက်ရေး တွေးကြည့်ရင်လည်း ဆင်းရဲစရာအကြောင်းမရှိဘူး။

ဒါပေမယ်လို့ သံသရာဘေးတွေကို မြင်လာတယ်၊ ဘယ်လိုမြင်လာလဲဆိုတော့ အိုခြင်းတရားမကင်းတဲ့ဘဝမျိုး ရထားတာပဲတဲ့၊ တခြားသောပုဂ္ဂိုလ်တွေလည်း ဒီလိုတစ်နေ့ကျတော့ အိုသွားကြရတယ်၊ တစ်နေ့ကျရင် အိုရဦးမယ်၊ ဒါမြင်လာတယ်၊ သူမအိုသေးဘူး၊ သူက ပျိုပျိုရွယ်ရွယ်ပဲ ရှိပါသေးတယ်၊ အရွယ်ကောင်းတုန်းပဲ၊ တစ်နေ့ကျလို့ရှိရင်ဖြင့် သူက မကျန်းမမာ နာဖျားခြင်းတွေ တွေ့ရမယ်၊ တစ်နေ့ကျလို့ရှိရင် သေရမယ်တဲ့၊ ဒီအတိုင်း နေရမှာမဟုတ်ဘူး၊ သေရင်

http://www.dhammadownload.com

လည်း ကံအားလျော်စွာ ဘဝအသစ်က ဖြစ်ရဦးမယ်တဲ့၊ အဆင်မသင့်လို့ရှိရင် အကုသိုလ်က အကျိုးပေးရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံလည်း ကျရောက်ပြီးတော့ သွားနိုင်တယ်၊ ဒီတော့ သံသရာဟာ အင်မတန်ကြောက်စရာကောင်းတာပဲတဲ့၊ ဒီလိုပဲ အဆင်မသင့်ရင် အပါယ်လေးဘုံကျလိုက်၊ တစ်ခါတစ်ရံ အကြောင်းညီညွတ်လို့ လွတ်ပြီးတော့ လာလိုက်၊ လူဘဝ နတ်ဘဝလေး ခဏတစ်ဖြုတ်ဖြစ်လိုက်၊ တော်ကြာ အပါယ်လေးဘုံကျလိုက်နဲ့ဆိုတော့ သံသရာကို နှောင်အိမ်ကြီးလို ထောင်ကြီးလို သူက စိတ်ကထင်လာတယ်၊ ကြောက်စရာကောင်းတယ်တဲ့။

ဒီသံသရာက လွတ်မြောက်အောင် အားထုတ်ဖို့ရာ မြတ်စွာဘုရားက တရားဟောတယ်တဲ့၊ ဒီတရားအတိုင်း အားထုတ်လို့ရှိရင်တော့ သံသရာဝဲက လွတ်မြောက်မှာပဲလို့ ယုံကြည်ပြီးတော့ သူက သာသနာဘောင် ဝင်ပြီးတော့ ရဟန်းပြုတာကိုး။ ရဟန်းပြုတယ်ဆို တစ်ခါတည်း ကျွတ်ကျွတ်လွတ်လွတ်ပဲ ရဟန်းပြုတာပါ၊ လောကတွေ စည်းစိမ်တွေ ဘာမှ မငဲ့ဘူး၊ ပြန်ပြီး လှည့်တာ မဟုတ်ဘူး၊ သူက ခဏတစ်ဖြုတ်မဟုတ်ဘူး၊ အကြောင်းညီညွတ်ရင်လို့ ဒီလို မဟုတ်ဘူး၊ ပျော်မွေ့ချင်ရင်လို့ ဒီလိုမဟုတ်ဘူး၊ တစ်ခါတည်း မပြန်တော့ဘူး၊ တစ်ခါတည်းကို စွန့်ပြီးတော့ သူရဟန်းပြုတယ်၊ ရဟန်းပြုပြီးတော့ တစ်ခါတည်း တရားအားထုတ်တာပဲ၊ တရားအားထုတ်တော့ သူက မိတ်ဆွေသင်္ဃာတွေ ပေါများတဲ့ ပုဂ္ဂိုလ်ဆိုတော့ သူဆီ မိတ်ဆွေသင်္ဃာတွေက ခဏခဏလာနေတော့ အနှောင့်အယှက်ဖြစ်နေတယ်။

ဒါကြောင့် လူမလာမယ့်နေရာ ဆိုပြီးတော့ သုသာန်သချိုင်းမှာ သွားပြီးတော့ အားထုတ်တယ်၊ ရှေးက သုသာန်သချိုင်းဆိုတာ တောထဲ ကျနေတယ်၊ မသွားနိုင်ဘူး၊ အခုကာလ သုသာန်တွေလို မြို့ထဲတင် ဆိုရင်တော့ သွားဦးမယ်၊ ရှေးက သုသာန်သချိုင်းတွေကတော့ မြို့နဲ့ဝေးပြီး တောထဲမှာ ဖြစ်နေတော့ တောထဲမှာ ဆိုတော့ လူကုံထံတွေ အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေက မသွားနိုင်ဘူး၊ ကြောက်လဲ ကြောက်ကြတယ်၊ အဲဒါကြောင့် ဒီသုသာန်မှာ သွားပြီးတော့ အားထုတ်နေတယ်။

အားထုတ်တာမှ တစ်ခါတည်း စကြီတွေများလျှောက်ပြီး အားထုတ်လိုက်တာ၊ အင်မတန်နူးညံ့တဲ့ ခြေထောက်တွေဟာ မြေကြီးပေါ် ဘာမှအခင်းရှိတာ

http://www.dhammadownload.com

မဟုတ်ဘူး၊ စကြီသမံသလင်းတို့ ဘာတို့ကလည်း ရှိတာမဟုတ်ဘူး၊ ဒီတိုင်းလျှောက်တော့ ခြေထောက်ပေါက်ပြီးတော့ သွေးတွေ ထွက်တယ်၊ သွေးတွေထွက်လည်း သူလျှောက်နေတာပဲ၊ သူဟာ အင်မတန် နာမှာပေါ့၊ အင်မတန် နာရှာမယ်၊ ဒါပေမယ့် လျှောက်နေတာပဲ၊ သူက မလျှော့ဘူး၊ အဲဒီလို ပြင်းပြင်းထန်ထန် အားထုတ်ပြီး နေတာကို မြတ်စွာဘုရားက သိတော့ လမ်းလျှောက်ကြွလာတဲ့အနေနဲ့ အဲဒီနေရာ ရောက်လာတယ်၊ ရောက်လာပြီးတော့ ဒီနေရာ ဘယ်သူ လမ်းလျှောက်နေတာလဲလို့ မေးတယ်၊ ရှင်သောဏ စကြီလျှောက်ပြီး အားထုတ်ပါတယ်လို့လျှောက်ကြမယ်။

မဇ္ဈေမတင်း စောင်းညှင်းပမာ

ဒါနဲ့ ရှင်သောဏကို ခေါ်ပြီးတော့ တရားဟောတယ်၊ တရားဟောတဲ့ အခါမှာ ဥပမာနဲ့ပေးတယ်၊ "သောဏတဲ့ . . . သင်ရှေးတုန်းက လူဖြစ်စဉ်အခါ ကာလတုန်းက သင် စောင်းများ မတီးတတ်ဘူးလား"တဲ့၊ တီးတတ်ပါတယ်တဲ့၊ စောင်းတီးတော့ ကြိုးလျော့ပြီးတော့နေလို့ရှိရင် ဘယ့်နဲ့နေသလဲတဲ့၊ လျော့ပြီးတော့ နေရင် အသံမကောင်းဘူး ဘုရားတဲ့၊ တင်းလွန်းနေလို့ရှိရင်ရော ဘယ်နှယ့်နေတုံးတဲ့၊ ဒါလည်း အသံမကောင်းဘူးတဲ့၊ ဘယ်လိုနေမှ ကောင်းသလဲမေးတော့ မလျော့မတင်း ညီညီမျှမျှလေး ချိန်ပြီးထားမှ အသံဟာ ကောင်းတယ်တဲ့၊ သိပ် မလျော့ဘဲနဲ့ သိပ်လည်း မတင်းဘဲနဲ့ အလယ်အလတ် အသံမှန်အောင်လို့ တစ်ခါတည်း တင်းလိုက်လျော့လိုက်လုပ်ရတာကိုး။ အဲဒီ အနေတော်ထားလိုက်မှ အသံကောင်းကောင်းမြည်ပါတယ်တဲ့ ပြောတော့ -

မြတ်စွာဘုရားက ငါဘုရားသာသနာတော်မှာလည်း လုံ့လဝီရိယလျော့ပြီး အားထုတ်လို့ရှိရင်လည်း မဖြစ်နိုင်ဘူး၊ လုံ့လဝီရိယ အလွန်တင်းလွန်းအားကြီးနေလို့ ရှိရင်လည်း မဖြစ်နိုင်ဘူး၊ မလျော့မတင်း အလယ်အလတ်ညီမျှနေမှ တော်တယ်လို့ ဆိုတာကို ပြောတော့မှ သဘောပေါက်ပြီး မလျော့မတင်း ခုနတင်းလွန်းအားကြီး နေတာတွေကို လျှော့လိုက်တော့ လျှော့တာက လွယ်တယ်၊ မခက်ဘူး၊ လျော့နေတာက တင်းဖို့ခက်တယ်၊ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ လျော့ပျက်ပျက်ကြီးဖြစ်နေရင် တိုးပါဦး တိုးပါဦးဆို မတိုးနိုင်ဘူး၊ မောနေတယ်၊ တိုးသင့်လျက်သားနဲ့ မတိုးတာနော်၊ ကမ္မဋ္ဌာန်းဆရာတွေကတော့ အတိုးချည်းပဲ ခိုင်းနေတယ်၊ တကယ်တည်းမှပဲ ဆိုပြီးတော့ စိတ်က ညစ်တတ်တယ်၊ လျော့နေတဲ့

http://www.dhammadownload.com

ဥစ္စာက အတိုးရခက်တယ်၊ တင်းလွန်းအားကြီးနေတာ လျော့ဖို့ရာ လွယ်ပါတယ်၊ တင်းလွန်းအားကြီးနေတာကတော့ နည်းနည်းလေးလျော့လိုက်ပါဦး ခဏတစ်ဖြုတ် နားလိုက်ဦး၊ ဘာပြုလိုက်ဦး စသည်ဖြင့် အဲဒါတွေက တယ်သိပ်မခက်ပါဘူး၊ ဒီမှာ တင်းတာကို လျော့လိုက်တော့ ညီမျှကြသွားတာကိုး၊ အလယ်အလတ်ကျသွားတယ်၊ ဥပေက္ခာနယ်ထဲ ရောက်သွားတယ်၊ ဒါကို ဝီရိယုပေက္ခာ ခေါ်တယ်၊ မယုတ်မလွန် ညီမျှတဲ့ ဝီရိယပဲတဲ့၊ အဲဒီမှာ တစ်ခါတည်း အစဉ်အတိုင်း ဝိပဿနာဉာဏ်တွေ တက်ပြီးတော့ ရဟန္တာဖြစ်သွားတာ။

အရှင်အာနန္ဒာမထေရ်

အရှင်အာနန္ဒာမထေရ်လည်းပဲ ဒီလိုပဲ တရားအားထုတ်တယ်၊ မြတ်စွာဘုရားလက်ထက်ကတော့ ဘုရား၀တ်ကြီး၀တ်ငယ် ပြုနေရတာနဲ့ သူမှာ တရားမတက်ဘူး၊ အဲဒါက တော်တော်စဉ်းစားစရာကောင်းတယ်၊ သောတာပန်လည်းဖြစ်နေသေးတယ်၊ မြတ်စွာဘုရားနဲ့လည်း အတူတကွ တစ်ခါတည်း အမြဲမပြတ်လိုက်ပြီးတော့ တရားတွေလည်း နာ၊ ဘုရားနဲ့ အတူတကွ နေနေရတယ်၊ တရားလည်း အားမထုတ်ဘဲနဲ့ အလကားနေတာမဟုတ်ဘူး၊ အားလည်းထုတ်သေးတာပဲ၊ ဒါပေမယ်လို့ သူ အထက်မဂ်ဉာဏ်ဖိုလ်ဉာဏ် ရလောက်အောင် သမာဓိတွေ ဝိပဿနာတွေ တိုးတက်ပြီးတော့ မသွားဘူး၊ ဒီလိုဒီလိုပဲနေတယ်၊ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် သင်္ဂီယနာတင်ခါနီးကျတော့မှ တစ်ခါတည်း တရားကြိုးစား အားထုတ်နေတယ်။

ဒါပေမယ်လို့ နောက်ဆုံးညကျတော့မှ အထူးကြိုးစားပြီးတော့ အားထုတ်တယ်၊ စကြိုလျောက်ပြီးတော့ ကာယဂတာသတိ ကမ္မဋ္ဌာန်း အားထုတ်တယ်၊ ကာယဂတာသတိက "ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ" ဆိုတဲ့ ကာယဂတာသတိပေါ့၊ သွားနေတာကို သွားနေတော့ သွားတဲ့ဥစ္စာ မှတ်ရတာကို၊ အဲဒီလိုရှုနေတဲ့အခါ သန်းခေါင်ကျော်လို့ လင်းခါနီးတောင် ရောက်နေပြီတဲ့၊ ဒါပေမယ်လို့ တရားကလည်း မတိုးတက်ဘဲ ဖြစ်နေတယ်၊ ဘာဖြစ်နေပါလိမ့်မတုံးလို့ စဉ်းစားတော့ ငါ ဝီရိယတွေ များနေတာပဲ၊ တစ်ညလုံး စကြိုလျောက်နေတယ်၊ စကြိုလျောက်တော့ ဝီရိယများတယ်၊ ဣရိယာပုထ်လေးပါးထဲ စကြိုလျောက်အားထုတ်တဲ့ ဣရိယာပုထ်က ဝီရိယအများဆုံးပဲ။

http://www.dhammadownload.com

သူက စကြီလျှောက်တာ၊ ပြီးလို့ရှိရင် နောက် ထိုင်တာ ရပ်တာမှာ ရပ်တာက တော့ အခါခပ်သိမ်း နေရတာမဟုတ်ဘူး၊ ရပ်တာလည်း ဝိရိယရှိတယ်၊ ထိုင်တာ ကလည်း ဝိရိယရှိတယ်၊ များသောအားဖြင့် ထိုင်အားထုတ်ရတယ်၊ လဲအိပ်နေတဲ့ အခါကာလကျတော့ ဝိရိယကနည်းသွားတယ်၊ ဒီအခါတော့ ကိုယ်ဝိရိယ မရှိ တော့ဘူး၊ စိတ် ဝိရိယဘဲ ရှိတော့တယ်၊ ဒါကြောင့် ကြိုးစားပြီးတော့ မှတ်ရတယ်၊ ဒါလည်းပဲ အားကောင်းနေတဲ့အခါတော့ ကိစ္စမရှိပါဘူး၊ ပထမ စ,စ,ချင်း အား မကောင်းသေးခင်တော့ လဲပြီးတော့ အိပ်မှတ်နေလို့ရှိရင် မကောင်းလှဘူး၊ ကိုယ် လုံလတွေ လျော့နေတယ်၊ စိတ်လုံလ တစ်ခုထဲနဲ့ဆိုရင် သိပ်ပြီးတော့ ဟန်မကျဘူး၊ အဲဒီတော့ စကြီလျှောက်နေတဲ့အခါကာလမှာ ကိုယ်လုံလတွေက အားကြီးနေ တာကိုး၊ စိုက်မှုတွေများ ကိုယ်လုံလတွေ ကြောင့်ကြမျာပါရရှိနေသလိုပဲ၊ စိတ်လုံလ ကလည်း ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှတ်ရတာ၊ ဒါတွေကလည်း အများသားပဲ၊ တစ်ခါတည်း လှည့်တာတွေ ဘာတွေ အကုန်လုံး လျှောက်ပြီးတော့ မှတ်နေတယ်၊ ဒါတွေကလည်းပဲ ချောချောမောမော မသွားသေးခင် တာဝန်လေးတယ်၊ အဲဒါ ကြောင့် ဝိရိယတွေများနေတာပဲ၊ ငါ ဝိရိယနည်းနည်းလျှော့ဦးမှပဲ ဆိုပြီး အခန်းထဲ ဝင်ပြီးတော့ ခဏတစ်ဖြုတ် လဲပြီးတော့ တရားအားထုတ်မလို့ ထိုင်လိုက်တာကိုး၊ လျှော့လိုက်တော့ ညီမျှသွားတယ်၊ တင်းနေရာကနေပြီး လျှော့လိုက်တော့ကို သူက ညီမျှသွားတယ်။

ထိုင်ရာကနေပြီး လဲအိပ်ချလိုက်တယ်၊ သွားလဲအိပ်လို့ရှိရင်တော့ ဘာမှ မဖြစ်ပါဘူး၊ ခုဟာက တရားနဲ့တစ်ခါတည်းမကင်းဘဲနဲ့ လမ်းလျှောက်နေရာ မှာလည်း သတိနဲ့၊ လမ်းလျှောက်ရာကနေပြီး အခန်းထဲဝင်တာလည်း သတိနဲ့၊ အခန်းထဲ ဝင်ထိုင်တော့လည်းပဲ သတိနဲ့ပဲ၊ အကုန်လုံး တစ်ခါတည်း တောက် လျှောက် သတိနဲ့ သွားတဲ့ ဣရိယာပုထ်က နှလုံးသွင်းလာတဲ့သတိဟာ တစ်ခါတည်း တောက်လျှောက်ပါပြီးတော့ လာတယ်၊ ဒါကြောင့် ထိုင်ရာကနေပြီးတော့ လဲအိပ်ချ လိုက်တော့ အဲဒီမှာ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်သွားတာ၊ ဖြစ်ချင် တော့လည်း ခဏပဲ၊ စောစောပိုင်းက ဘုရားသက်တော်ထင်ရှားရှိစဉ်တုန်းက အချိန်ကာလတွေ အများကြီး တရားအားထုတ်လာတယ်၊ ဘုရားပရိနိဗ္ဗာန်စံပြီး တော့လည်းပဲ သုံးလလောက် အားထုတ်လာတာ၊ ဒါတွေလည်း ဘာမှမဖြစ်ခဲ့ဘူး၊ အဲဒီညမှာ ညဦးပိုင်းကရော၊ ညအလယ်ပိုင်းရော တစ်ညလုံး အားထုတ်လာတာ

http://www.dhammadownload.com

ဘာမှမဖြစ်ခဲ့ဘူး၊ ဘာမှမဖြစ်ခဲ့ဘူးဆိုပေမယ်လို့ ရွေးကအားထုတ်လာတာတွေက အထောက်အပံ့တွေပဲ၊ ဒါကြောင့် တရားအားထုတ်လို့ ဘာမှမဖြစ်ဘူးဆိုပေမယ်လို့ စိတ်တော့ မပျက်ရဘူး၊ အကြောင်းညီညွတ်ရင် တစ်ချိန်မှာ ဖြုတ်ခနဲဖြစ်တာ၊ ဖြစ်ချင်တော့လည်း လွယ်လွယ်ပဲ၊ အဲဒီမှာ ထိုင်ရာကနေပြီး အလဲ့လိုက် ဝိပဿနာ ညာဏ်အစဉ်အတိုင်း တက်သွားပြီး သကဒါဂါမိမဂ်ဖိုလ်ရောက်၊ သကဒါဂါမိမဂ်ဖိုလ်က အစဉ်အတိုင်းတက်ပြီး အနာဂါမိမဂ်ဖိုလ်ရောက်၊ အနာဂါမိမဂ်ဖိုလ်က အစဉ်အတိုင်းတက်ပြီး အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားတာကို မကြာဘူး၊ အဲဒါဟာ ဝိရိယပေကွာပဲတဲ့၊ ဝိရိယက မယုတ်မလွန်ညီမျှသွားတာ။

အခုကာလလည်း တရားအားထုတ်ရင် တချို့ပုဂ္ဂိုလ်များ နည်းနည်းလျှော့ပေးရတာရှိပါတယ်၊ ဒါပေမယ်လို့ စာထဲ ပေထဲကလောက် ထုတ်ပြောတော့ မကောင်းလို့ အခု ဒီမှာ အချို့ယောဂီဝင်တွေက သိပ်ပြီးတော့ အားထုတ်တယ်၊ ဝိရိယတွေ လွန်လွန်နေလို့ နည်းနည်းလျှော့ပေးရတယ်၊ လျှော့ပေးတဲ့အခါ ကောင်းသွားတယ်၊ တချို့ပုဂ္ဂိုလ်တွေ လျော့နေတယ်၊ လျော့တာကတော့ များတတ်တယ်၊ အဲဒါ တချို့လည်း အတိုးခိုင်းတော့ ကြာတော့တာကိုး၊ ညီမျှလာတဲ့အခါမှာ သူကောင်း လာတယ်၊ မလျော့မတင်းဖြစ်မှ ဝိရိယပေကွာတဲ့၊ အဲဒီဝိရိယပေကွာဆိုတာ ဝိရိယ စေတသိက်ပဲ။

ဝေဒနာပေကွာ

"ဝေဒနာပေကွာ"ဆိုတာဟာ ဝေဒနာစေတသိက်ပဲ၊ ဝေဒနာစေတသိက်ကတော့ကို ဥပေက္ခာသဟဂုတ်စိတ်တိုင်း စိတ်တိုင်းမှာ ပါတယ်။

"ယသ္မိံ သမယေ ထာမာဝေရတုသမံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာ သဟဂတံ ဉာဏသမ္ပယုတ္တံ"

စသည်ဖြင့် ဒီလိုဟောတဲ့ နေရာတွေမှာ "ဥပေက္ခာသဟဂတံ-ဥပေက္ခာသဟဂုတ်"ဆိုတာ ဥပေက္ခာနဲ့ယှဉ်တဲ့စိတ် ဥပေက္ခာသဟဂုတ်စိတ်၊ အဲဒါကတော့ ဝေဒနာပဲ၊ သူကတော့ သုခဝေဒနာရှိတယ်၊ ဒုက္ခဝေဒနာရှိတယ်၊ ဥပေက္ခာဝေဒနာလို့ သုံးမျိုးရှိတာကိုး။

သုခဝေဒနာ ဆိုတာက ကိုယ်ထဲ စိတ်ထဲမှာ ချမ်းသာနေတဲ့သဘော၊ ကိုယ်ထဲ စိတ်ထဲမှာ ကောင်းတဲ့သဘော၊ ကိုယ်ထဲမှာ ခံသာပြီး ကောင်းနေတာ ရှိတယ်၊

http://www.dhammadownload.com

စိတ်ထဲမှာ ရွှင်လန်းပြီးတော့ ချမ်းသာပြီးတော့ ကောင်းနေတာရှိတယ်၊ စိတ်ချမ်းသာပြီးတော့ ကောင်းနေတာ ရှိတယ်၊ အဲဒါက သုခဝေဒနာ ထင်ရှားတယ်။

ဒုက္ခဝေဒနာ ဆိုတာကလည်း ကိုယ်ထဲ စိတ်ထဲမှာ မခံသာတဲ့သဘောပဲ၊ ကိုယ်ထဲမှာ ညောင်းညာ ကိုက်ခဲ နာကျင် စသည်ဖြင့်ပေါ့လေ၊ ကိုယ်ထဲ အခံခက်တဲ့ ဟာတွေ မှန်သမျှ အကုန်ဝေဒနာ၊ စိတ်ထဲမှာ အခံခက်နေတဲ့ သဘောတွေလည်းပဲ အခံခက်နေတာကတော့ စိတ်ညစ်တာတို့ စိတ်ပူတာတို့ နှလုံးမသာတာတို့ စိတ်ပျက်တာတို့၊ ဝမ်းနည်းတာတို့၊ စိုးရိမ်ပူပန်တာတို့၊ ဒါတွေက ဒုက္ခတွေပဲ၊ ဒေါမနဿလို့လည်း ခေါ်တယ်၊ အဲဒါ စိတ်ဆင်းရဲတွေ၊ အဲဒီကိုယ်စိတ်ဆင်းရဲ ကိုယ် စိတ် ချမ်းသာ ဆိုတဲ့ ဒုက္ခနဲ့သုခတွေကတော့ ထင်ရှားပါတယ်။

ဥပေက္ခာ ဆိုတာကတော့ အလယ်အလတ်ပဲ၊ ချမ်းသာတယ်လို့လည်း မဟုတ်ဘူး၊ ဆင်းရဲတယ်လို့လည်း မဟုတ်ဘူး၊ စိတ်ထဲမှာ ချမ်းသာတယ်လို့လည်း ပြောလောက်အောင်လည်း မဟုတ်ဘူး၊ ဆင်းရဲလို့လည်း ပြောလောက်အောင် မဟုတ်ဘူး၊ သို့သော်လည်း ချမ်းသာဘက်တော့ နီးနေပါတယ်၊ ဆင်းရဲတဲ့ဘက်နဲ့တော့ဝေးနေတယ်၊ ကုသိုလ်၏ အကျိုးတွေ ကုသိုလ်စိတ်တွေမှာဆိုရင် ချမ်းသာတဲ့ဘက် နီးနေတယ်၊ အကုသိုလ်၏အကျိုးတွေ အကုသိုလ်စိတ်တွေက တော့ သူကဆင်းရဲတဲ့ဘက်နဲ့ နည်းနည်းနီးစပ်တယ်၊ သူကတော့ အကုသိုလ် အကျိုးတွေကြောင့် မကောင်းတာမြင်ရ၊ မကောင်းတာတွေကြားရ၊ မကောင်းတာ နံရ၊ ဒီလိုအခါကာလတွေမှာ ရှိတယ်၊ သူကတော့ ဒုက္ခနဲ့နည်းနည်းနီး ပါတယ်၊ အဲဒီ ဥပေက္ခာ ကသိမ်မွေ့တယ်တဲ့၊ သိလဲသိခဲပါတယ်။

ဝိပဿနာယောဂီတွေ ရှုမှတ်နေတာ၊ သုခချမ်းသာတွေ ဖြစ်လာရင် ထင်ရှားတယ်၊ ဒုက္ခတွေ ဖြစ်လာရင် ထင်ရှားတယ်၊ ဒုက္ခတော့ အထင်ရှားဆုံးပဲ၊ တရားအားထုတ်လို့ မကြာခင်ပဲ ဒုက္ခဝေဒနာတွေ ဆိုတာ အများကြီး ရှုရမှတ်ရတယ်၊ ဒုက္ခတွေ အများကြီး တွေ့ရပေမယ့် မှတ်နေရတာပဲ၊ သုခတော့ တစ်ခါတစ်ရံ ဖြစ်တယ်၊ တစ်ခါတစ်ရံဖြစ်တော့ တယ်လည်း မမှတ်ကြဘူး၊ သဘောကျနေကြတယ်၊ ဒုက္ခကတော့ သူမကောင်းတာမို့ အင်မတန် ထင်ရှားတယ်၊ ဥပေက္ခာ ဆိုတာကတော့ အလယ်အလတ်ဖြစ်နေလို့ ရှာလို့မတွေ့ဘူး၊ သိမ်မွေ့နေတဲ့တရားတွေ၊ ဒါပေမယ်လို့ တချို့ယောဂီပုဂ္ဂိုလ်တွေက ဒါတွေ သိလာတယ်၊ သုခကနေပြီးတော့ ဒုက္ခ

http://www.dhammadownload.com

မဖြစ်သေးခင် ကြားထဲမှာ ပြောင်းလိုက်တာ အလယ်အလတ်ကလေး သူက ဒုက္ခက နေပြီး သုခပြောင်း၊ သုခကနေပြီး ဒုက္ခပြောင်း၊ အလယ်ကြားလေးမှာ ဥပေက္ခာ လေးရှိတယ်၊ အဲဒါလေး တချို့က တွေ့နေတယ်၊ အလယ်အလတ်ဖြစ်တဲ့ သဘော လေး တွေ့နေတယ်၊ ဒါကတော့ ဝေဒနာဥပေက္ခာပဲ၊ အဲဒီဥပေက္ခာနှစ်ပါးကိုတာ "ဝီရိယ,ဝေဒနာ၊ ဥပေက္ခာ၊ ၂-ဖြာ ကွဲပြားသည်"၊ ဝီရိယရဲ့ဝေဒနာဆိုတဲ့ ဥပေက္ခာဝေဒနာ နှစ်ခုကတော့ကို သူတို့က သီးခြားပဲ၊ ဝီရိယဥပေက္ခာဆိုတာ တစ်ခု၊ ဝီရိယ ဥပေက္ခာ ဆိုတာ ဝီရိယစေတသိက်ပဲ၊ ဝေဒနာဥပေက္ခာဆိုတာ ဝေဒနာစေတသိက်ပဲ၊ သူတို့ နှစ်ခုက ကွဲတယ်၊ ကိုင်း. . ကိုင်း. . ဆိုရမယ်။

* **ဝီရိယ ဝေဒနာ၊ ဥပေက္ခာ၊ နှစ်ဖြာကွဲပြားသည်။** (ဆို သုံးခေါက်)

ဆဋ္ဌင်္ဂုပေက္ခာ စသည် ခြောက်ပါး

အဲဒီလေးခုကတော့ ပြီးသွားပြီ၊ ဟိုခြောက်ခုကတော့ "ဆဋ္ဌင်ဗြဟ္မ၊ ဗောဇ္ဈင်၊ တတြဈာန်ပါရိ"၊ ကိုင်း. . ကိုင်း. . ဆိုလိုက်ဦးမှပဲ။

* **ဆဋ္ဌင်ဗြဟ္မ၊ ဗောဇ္ဈင်၊ တတြဈာန်ပါရိ။** (ဆို သုံးခေါက်)

ဆဋ္ဌင် ဆိုတာ ဆဋ္ဌင်၊ ဆဋ္ဌင်ဥပေက္ခာတဲ့၊ အင်္ဂါခြောက်ခုရှိတဲ့ ဥပေက္ခာ၊ ဒါက အမြဲတမ်းဟောနေတာပဲ၊ ဆဋ္ဌင်ဥပေက္ခာ ပေါင်းလိုက်ရင် ဆဋ္ဌင်္ဂုပေက္ခာပေါ့၊ ဆဋ္ဌင်ဗြဟ္မ- **ဗြဟ္မ**,က, ဗြဟ္မဝိဟာရုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာဆိုတာကတော့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဖြစ်တဲ့ ဗြဟ္မဝိဟာရတရားလေးပါးထဲက ဥပေက္ခာ၊ **ဗောဇ္ဈင်**ဆိုတာကတော့ကို ဗောဇ္ဈင် (၇)ပါးထဲက ဥပေက္ခာသမ္မောဇ္ဈင်၊ **တတြ**,က တတြမဇ္ဈတ္တတာစေတသိက်၊ စေတသိက်ထဲမှာ ဥပေက္ခာစေတသိက်ပဲ၊ တတြမဇ္ဈတ္တတာစေတသိက်ဆိုတာ စေတသိက် (၅၂)ခုထဲမှာ တစ်ခုပဲ၊ တတြမဇ္ဈတ္တတာ ဆိုတာ နာမည်ပဲ၊ တခြားသော သမ္မယုတ်တရားတွေ သူနဲ့ယှဉ်တွဲဖြစ်တဲ့ တရား တွေကို ညှိပေးတယ်၊ မယုတ်မလွန် ညီစေတယ်၊ ဒီတတြမဇ္ဈတ္တတာ စေတသိက် အားကောင်းလို့ရှိရင် စိတ်စေတသိက်တရားတွေ ညီမျှပြီးတော့ သွားနေတယ်၊ မလွန်ဘူး၊ သူအားမကောင်းတဲ့အခါကျတော့ တစ်ခုတစ်ခုက လွန်နေတယ်၊ အဲဒါ နေရာမကျဘူး၊ အချိုးမကျဘူး။

http://www.dhammadownload.com

ပြီးတော့ 'ဈာန်'တဲ့၊ ဈာနုပေက္ခာ၊ ဈာနဥပေက္ခာ၊ ဈာန်က ဈာနုပေက္ခာ၊ ဈာန်ဥပေက္ခာလို့လည်း ခေါ်ချင်ခေါ်နိုင်တယ်၊ အဲဒီဈာန်ဥပေက္ခာကတော့ အခု "ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော" ပါဠိအရပဲ၊ ဒီဥပေက္ခာပါပဲ၊ လျစ်လျူရှုပြီးတော့ နေတယ်ဆိုတာ ဈာနဥပေက္ခာပဲ၊ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ၊ **ပါရီ** ဆိုတာ ပါရိသုဒ္ဓိဥပေက္ခာ၊ စတုတ္ထဈာန်ကျတော့ ပါလာမယ်၊ သူလည်းပဲ ဈာန်ထဲကပဲဖြစ်တယ်၊ ဒါပေမယ်လို့ သူတော့ ပါရိသုဒ္ဓိဥပေက္ခာဆိုပြီး သီးသန့်ထုတ်ထားတယ်။

အဲဒါခြောက်ခုကတော့ တရားကိုယ်တစ်ခုတည်းပါပဲ၊ တတြမဇ္ဈတ္တတာ စေတသိက်တစ်ခုတည်းပဲ၊ "တတြမဇ္ဈတ္တတာ၊ တစ်ခုသာ၊ ခြောက်ဖြာကွဲလေသည်" ဒီဥစ္စာက တတြမဇ္ဈတ္တတာတစ်ခုတည်းနဲ့ ခြောက်မျိုးခွဲပြီးတော့ ဟောထားတယ်၊ သူနေရာနဲ့သူ "ဆဋ္ဌင်ဗြဟ္မ၊ ဗောဇ္ဈင်၊ တတြဈာန်ပါရိ"တဲ့၊ "တတြမဇ္ဈတ္တတာ၊ တစ်ခုသာ၊ ခြောက်ဖြာခွဲလေသည်" တတြမဇ္ဈတ္တတာ စေတသိက်တစ်ခုတည်းနဲ့ ခြောက်မျိုးခွဲပြီးတော့ ဟောထားတယ်။

ဆဋ္ဌင်္ဂုပေက္ခာ

အဲဒီ ဆဋ္ဌင်္ဂုပေက္ခာ ဆိုတာက ဝိပဿနာနဲ့ ဆိုပါတယ်၊ ခဏခဏလည်း ဟောနေတာပါ၊ မကြာမကြာဟောနေရတာ၊ ဘယ်လိုလဲ ဆိုတော့ -

လ္ဟာဝုသော ဘိက္ခဝေ ဘိက္ခု စတ္ဆုနော ရူပံ ဒိသွာ နေဝ သုမနော ဟောတိ န ဒုမ္မနော၊ ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

စက္ခုဒွါရကနေပြီးတော့ ဥပေက္ခာဖြစ်နေပုံ၊ လျစ်လျူရှုနေပုံ၊

ဘိက္ခဝေတို့၊ လ္ဟာ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ စက္ခုနော-မျက်စိဖြင့်၊ ရူပံ-အဆင်းကို၊ ဒိသွာ-မြင်၍၊ သုမနော-ဝမ်းမြောက်ဝမ်းသာသည်၊ နေဝ ဟောတိ-မဖြစ်၊ ဒုမ္မနော-နှလုံးမသာသည်၊ န ဟောတိ-မဖြစ်၊ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္ပဇာနော-သိသည်ဖြစ်၍၊ ဥပေက္ခကော-အညီအမျှ လျစ်လျူရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

http://www.dhammadownload.com

စက္ခုဒ္ဓါရကနေပြီး ဥပေက္ခာဖြစ်ပုံ

စက္ခုဒ္ဓါရကနေပြီးတော့ ဥပေက္ခာဖြစ်နေပုံက လျစ်လျူရှုနေပုံက အဆင်းမြင်ပြီး လို့ရှိရင် ဘယ်လိုကောင်းတဲ့အဆင်း မြင်ရပေမယ်လို့ ဝမ်းမြောက်ဝမ်းသာမှုမဖြစ်ဘူး၊ ဘယ်လိုမကောင်းတဲ့အဆင်း မြင်ရပေမယ်လို့ စိတ်ပျက်မှု၊ စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှုမဖြစ်ဘူး၊ ဘာတွေဖြစ်နေသလဲဆို 'ဥပေက္ခကော-အညီအမျှ လျစ်လျူ ရှုပြီးတော့နေနိုင်တယ်'တဲ့၊ ဘာဖြစ်လို့ အညီအမျှလျစ်လျူရှုနိုင်သလဲဆိုရင် 'သတော သမ္ပဇာနော၊' သတော-အမှတ်ရလို့တဲ့၊ သမ္ပဇာနော-အမှန်အတိုင်းသိမြင်လို့တဲ့၊ မြင်တိုင်း၊ မြင်တိုင်း မြင်တာလေးကို အမှတ်ရနေရမယ်၊ မြင်တာလေးကို အမှတ်ရနေရင် မြင်တာလေးဟာ အခုပဲဖြစ်ပြီး အခုပဲ ပျောက်သွား၊ အခုပဲဖြစ်ပြီး အခုပဲ ပျောက်သွားလို့ ဒီလို သိနေတာကိုး။

အထူးအားဖြင့်တော့ ကာလဒ္ဓါရက အများဆုံး မှတ်ရပါတယ်၊ ဒေသနာအစဉ်ကို ဒီဟာက ပြောနေတာ၊ ကိုယ်က အတွေ့အထိလေးတွေ ဖောင်းတာ ပိန်တာလေးတွေက စပြီးတော့ တွေ့တိုင်း တွေ့တိုင်းလေးတွေ မှတ်နေရင် ဒီတိုင်းဆိုလို့ရှိရင်တော့ ဒီဖောင်းတာ ပိန်တာရော၊ ထိုင်တာ ထိတာရော၊ တွေ့ထိတာတွေရော ဘာတွေရော ကောင်းတဲ့အခါ တော်တော်သဘောကျမှာ၊ ဝမ်းမြောက်မှာ၊ မကောင်းတဲ့အခါကျလို့ရှိရင် နာကျင်ကိုက်ခဲမှု စသည်နဲ့ တွေ့တဲ့အခါကို အလို အတိုင်းမပြည့်တဲ့အခါဆိုရင် စိတ်ဆင်းရဲမှာပဲ၊ စိတ်မချမ်းမသာတွေ ဖြစ်လာမယ်၊ အခု အဲဒီလိုမဖြစ်ဘူးတဲ့၊ အညီအမျှရှုပြီးတော့ နေနိုင်တယ်တဲ့၊ ဘာလို့နေနိုင်တုံးဆိုတော့ အမှတ်ရနေလို့တဲ့၊ ဖောင်းတာလေးလည်း မှတ်ရ၊ ပိန်တာလေးလည်း မှတ်ရ၊ ထိုင်တာလည်း မှတ်ရ၊ ထိတာလည်း မှတ်ရ၊ မြင်တာလည်း မှတ်ရ၊ ကြားတာလည်း မှတ်ရ၊ အကုန်လုံး ဖြစ်တိုင်း ဖြစ်တိုင်းတွေ အမှတ်ရနေတယ်၊ အမှတ်ရတိုင်း အမှတ်ရတိုင်းဟာလည်း ဖြစ်ပြီး ပျောက်သွားလို့ မမြဲတာလေးတွေ တွေ့နေရတယ်၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း ဒါလေးတွေ သိနေတယ်၊ ဒါလေးတွေ သိနေတော့ ဘယ်မှာ ကောင်းတယ်လို့ ချီးကျူးစရာရှိမလဲ၊ ဘာမှ ချီးကျူးစရာမရှိဘူး၊ မကောင်းဘူးလို့လဲ ဘာမှစိတ်ပျက်စရာမရှိဘူး၊ သူ့ဟာသူ ဖြစ်ပျက်နေတဲ့သဘောတရားတွေပဲ၊ သူ့ဟာသူ သဘောတရားအတိုင်း သူ့ဟာသူ ဖြစ်ပျက် နေတာပဲဆိုတာ နောက်ကသိရုံသိရုံလေး လိုက်နေတယ်၊ အညီအမျှသိရုံလေး

http://www.dhammadownload.com

လိုက်နေတယ်၊ အဲဒါ လျစ်လျူရှုနေနိုင်တာပဲ၊ ဒါကြောင့် ဘုန်းကြီးက ဆောင်ပုဒ်တွေနဲ့ ခဏခဏ ဟောရတာ။

* **အဆင်းမြင်ရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။** (ဆို သုံးခေါက်)

အဆင်းမြင်တဲ့အခါကာလ ရှုပြီးတော့ မှန်စွာသိပါစေတဲ့၊ ရှုမှတ်တယ်ဆိုတာဘာတုံး၊ စက္ခုနှာ-မျက်စိဖြင့်၊ ရူပ်-အဆင်းကို၊ ဒိသွာ-မြင်၍၊ သတော-အမှတ်ရသည်ဖြစ်၍၊ သမွဇာနော-သိသည်ဖြစ်၍တဲ့၊ ဒီအရပဲ မျက်စိဖြင့် အဆင်းကို မြင်တဲ့အခါ အမှတ်ရပါစေတဲ့၊ အမှတ်ရပြီးတော့ အမှန်အတိုင်းလည်း သိပါစေတဲ့၊ ဖြစ်ပျက်နေတဲ့ ရူပ်နာမ်တွေ အမှန်အတိုင်း သိသွားတယ်၊ "အဆင်းမြင်ရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ" မှန်စွာသိနေတော့ ဘာလုပ်မတုံး၊ "ဝမ်းသာမဖက်၊ စိတ်မပျက် ရှုလျက်လျစ်လျူနေ" ဝမ်းသာမဖက်ရဘူးတဲ့၊ ဝမ်းသာမှုတွေ နောက်က မလိုက်စေနဲ့တဲ့၊ အမှန်အတိုင်း သိနေရင် ဝမ်းသာမှု မလိုက်ပါဘူး၊ မသိလို့ ဝမ်းသာတာတွေ၊ စိတ်ပျက်မှုလည်း နောက်က မလိုက်ဘူး၊ မသိလို့ စိတ်ပျက်နေတာတွေ။

ဒီတော့ ဖြစ်တိုင်း ဖြစ်တိုင်းလေး သိရုံသိရုံလေးသာ လိုက်နေပါတဲ့၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း အဲဒါလေးကို သိပြီးတော့ လိုက်နေရမယ်၊ "ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ"တဲ့၊ အဲဒါ ရဟန္တာပုဂ္ဂိုလ်ရဲ့ဂုဏ်ပဲတဲ့၊ ရဟန္တာပုဂ္ဂိုလ်ရဲ့ ဂုဏ်ပေမယ့်လို့ ယောဂီပုဂ္ဂိုလ်တွေလည်း ဒီလိုတရားအားထုတ်နေရင် ဖြစ်နိုင်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်လည်း စောစောကအားထုတ်လာလို့ ဒီလိုနေနိုင်တာပဲ၊ ဒီသတိတွေ ဉာဏ်တွေက ပြည့်စုံသွားတာပါ၊ ရဟန္တာမဖြစ်ခင်က အားထုတ်လာရပါတယ်၊ အနာဂါမ်က အားထုတ်ရတာ၊ အနာဂါမ်လည်း သူထိုက်သည့်အားလျော်စွာ ပြည့်စုံနေတယ်၊ သကဒါဂါမ်ကလည်း အားထုတ်လာရတာပဲ၊ သကဒါဂါမ်မှာလည်း ထိုက်သည့်အားလျော်စွာ ပြည့်စုံနေတယ်၊ သောတာပန်က အားထုတ်လာတာ၊ သောတာပန်အဖြစ်က အားထုတ်တော့မှ သကဒါဂါမ်ဖြစ်လာတယ်၊ သောတာပန်မှာလည်း အထိုက်အလျောက် ပြည့်စုံနေတာရှိပါတယ်၊ သူလည်း လျစ်လျူရှုနိုင်သမျှရှုနိုင်ပါတယ်၊ ဒါလည်း ဘယ်က ရလာတုံးဆိုတော့ ပုထုဇဉ်အဖြစ်က အားထုတ်လို့ ရလာတာပဲ။

ဝိပဿနာယောဂီအဖြစ်က စပြီး ကမ္မဋ္ဌာန်းဝင်ပြီး အားထုတ်လာရတာ၊ လုံးလုံး တရားနဲ့ဝေးနေတဲ့ပုဂ္ဂိုလ်တွေက သည်းမခံနိုင်ဘူး၊ ကောင်းတဲ့အာရုံတွေ့လို့

http://www.dhammadownload.com

ရှိရင်လည်း သိပ်ဝမ်းသာတာပဲ၊ သူက မကောင်းတဲ့အာရုံ တွေ့လို့ရှိရင်လည်း သိပ်စိတ်ပျက်တာပဲ၊ ဝမ်းနည်းစရာ, စိတ်ပျက်စရာတွေနဲ့ကျရင် ထောက်ရာ တည်ရာမရဘူး၊ သိပ်ပြီးတော့ စိတ်ပျက်သွားတာ၊ ဝမ်းသာစရာရှိလည်း သိပ်ဝမ်း သာတာပဲ၊ ဆောက်တည်မနေဘူး၊ တရားသဘောသက်ဝင်ပြီးတော့ နေတဲ့ပုဂ္ဂိုလ် တော့ သည်းခံနိုင်ပါတယ်၊ သူတရားသဘောသက်ဝင်ရင် သက်ဝင်သလောက် တရားအရည် ဝ,သလောက်ပေါ့လေ၊ သည်းခံမှုတွေ ပြည့်စုံတယ်၊ ဝမ်းသာစရာတွေ အားရစရာတွေနဲ့ ဘယ်လိုတွေ့နေနေ သူက နည်းနည်းတော့ ဣန္ဒြေဆည်နိုင် တာပေါ့၊ သိပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာကြီး မဖြစ်ဘူး၊ ဝမ်းသာစရာကို လုံးလုံးတော့ ဝမ်းမမြောက်ဘဲ ဘယ်နေမလဲ၊ ဝမ်းတော့ ဝမ်းမြောက်ဦးမှာပေါ့၊ ဒါပေမယ်လို့ သူက ဣန္ဒြေပျက်လောက်အောင် မဖြစ်ဘူး၊ စိတ်ပျက်စရာနဲ့ တွေ့ပြန် လည်းပဲ ဘယ်လိုပဲ စိတ်ပျက်မှု စိတ်မချမ်းသာမှုတွေ့တွေ့ ထိုက်သည့်အားလျော် စွာတော့ ဖြစ်ဦးမှာပဲ၊ ဒါပေမယ်လို့ ဣန္ဒြေပျက်လောက်အောင်တော့ မဖြစ်ဘူး၊ သည်းခံတယ်၊ ဒါတရားရည်တွေ ဝ,လာလို့ရှိရင် တရားများများကြီး ဝ,လေလေ များများခံနိုင်လေလေပဲ။

အဲဒီ ဝိပဿနာရှုလို့ ဝိပဿနာဉာဏ်က ကောင်းကောင်းရင့်နေတဲ့အခါကျ တော့ ကောင်းကောင်းကြီးကို နိုင်နေပါတယ်၊ ဒါကတော့ သေသေချာချာနိုင်နေ တယ်၊ သူကတော့ အဲဒီအခြေအနေကို အခုပြောနေတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာတော့ အတုန်လုံးနိုင်နေတာ၊ မြင်တိုင်း၊ ကြားတိုင်း ဒွါရ(၆)ပါးက ပေါ်တိုင်း ပေါ်တိုင်းဟာ ဥပေက္ခာချည်းပဲ၊ လျှစ်လျူရှုပြီးတော့ နေနိုင်တယ်၊ ယောဂီပုဂ္ဂိုလ်မှာတော့ ဝိပဿနာဉာဏ်အားကောင်းတဲ့အခါမှာ ရပါတယ်၊ ဥဒယဗ္ဗယဉာဏ် အရင့်စား လောက်ကစပြီးတော့ ရလာပါတယ်၊ ဘင်ဉာဏ်လောက်ဆိုရင် ပိုပြီးတော့ ရလာ ပါတယ်၊ သခ်ါရပေကွာမှာဆိုရင် အကောင်းဆုံးပဲ၊ ဒီဆဋ္ဌဂုံပေကွာ ဆိုစမ်းပါဦး။

* **အဆင်းမြင်ရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။** (ဆို သုံးခေါက်)

စက္ခုနှာ-မျက်စိဖြင့်၊ ရှုပ်-အဆင်းကို၊ ဒိသွာ-မြင်၍၊ သတော-အမှတ်ရ သည်၊ သမ္မဇာနော-သိသည်ဖြစ်၍၊ ဝိဟရတိ-နေ၏-တဲ့။ နေရမယ်တဲ့၊ ဆိုရဦးမယ်။

* **ဝမ်းသာမဇတ်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူရှုနေ။** (ဆို သုံးခေါက်)

http://www.dhammadownload.com

နေဝ သုမနော ဟောတိ - ဝမ်းမသာရဘူးတဲ့၊ နု ဒုမ္မနော - စိတ်မပျက်၊ နှလုံးမသာမရှိရဘူးတဲ့၊ ဥပေက္ခကော ဝိဟရတိ - အညီအမျှလျစ်လျူရှုပြီးတော့ နေရမယ်၊ အဲဒါဟာ ဥပေက္ခာလေးပါပဲ ဖြစ်တယ်၊ ဗီဥပေက္ခာ,က တကြိမဖျတ္ထတာ စေတသိက်ပဲတဲ့၊ တကြိမဖျတ္ထတာ စေတသိက်က မယုတ်မလွန် ညီမျှနေတဲ့အခါမှာ ဒါဖြစ်တာပဲ၊ ညီမျှနေတဲ့အခါမှာ ဝမ်းသာဘက်လည်းမလိုက်ဘူး၊ ဝမ်းနည်းမှုဘက်လည်း မလိုက်ဘူး၊ အာရုံကောင်းတဲ့ဘက်လည်း မလိုက်ဘူး၊ အာရုံဆိုးတဲ့ဘက်လည်း မလိုက်ဘူး၊ ချိန်ခွင်ညှာလေးလို ညီမျှပြီးတော့ ဘယ်ဘက်မှ မလိုက်ဘဲနဲ့ လျစ်လျူရှုပြီးတော့ နေနိုင်တာ၊ အလယ်အလတ်သဘောနဲ့ ရှုပြီးတော့ နေနိုင်တာကောင်းတယ်။

ဝိပဿနာရှုမှတ်ကောင်းနေတဲ့အခါ အဲဒီအတိုင်းသွားနေတာပဲ၊ အမှတ်ကောင်းတိုင်း ကောင်းတိုင်း ဗီဥပေက္ခာက မှတ်ကောင်းတိုင်း မှတ်ကောင်းတိုင်း လာနေတယ်၊ ဗီဥပေက္ခာရောက်နေရင် အခုနကပြောတဲ့ ဝိပဿနုပေက္ခာတွေလည်း ပါနေတယ်၊ ဝိပဿနုပေက္ခာကတော့ ဉာဏ်ပေါ့လေ၊ ဒီက တကြိမဖျတ္ထတာ စေတသိက်က ညီမျှပြီးတော့နေရင် ဝိပဿနုပေက္ခာ,ကလည်း ကောင်းနေတယ်၊ ခုနက ဝိရိယုပေက္ခာဆိုတဲ့ ဝိရိယကလည်း ညီမျှနေတယ်၊ အကုန်လုံး ဥပေက္ခာတွေဆုံပြီးတော့ ကောင်းနေတယ်၊ ဝိရိယုပေက္ခာတွေလည်း ရှိတယ်၊ သခါရုပေက္ခာဉာဏ်ရောက်တဲ့အခါကျတော့ကို သခါရုပေက္ခာဉာဏ်နဲ့ သူက မြည့်စုံနေတယ်၊ တစ်ခါတစ်ရံကျတော့ ဝေဒနာဥပေက္ခာနဲ့ တစ်ခါတစ်ရံ လာတယ်၊ တစ်ခါတစ်ခါတော့ သောမနဿနဲ့နေတဲ့အခါကျတော့ ဝေဒနာဥပေက္ခာမပါဘူး၊ ဝိပဿနာဉာဏ် ကောင်းနေတဲ့အခါကျတော့ ဥပေက္ခာတွေ သုံးလေးခုလောက် စုပြီးတော့ ဖြစ်နေတာ၊ အင်မတန်တို ကောင်းနေတယ်၊ မြင်တိုင်းမြင်တိုင်း ဗီအတိုင်း သွားနေရမယ်တဲ့၊ ဗါရဟန္တာပုဂ္ဂိုလ်တော့ ဗီအတိုင်း သွားနေတယ်၊ အဲဒီလို ရဟန္တာပုဂ္ဂိုလ်ဖြစ်သလို၊ ယောဂီပုဂ္ဂိုလ်ကလည်း ဗီအခြေအနေရောက်ရမှာ၊ ဗီအခြေအနေရောက်မှလည်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်သွားတာ၊ ဒါကြောင့် "ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ၊" နောက်က ဘုန်းကြီးက တစ်ပုဒ်ပိုထည့်ထားတယ်၊ ဆိုလိုက်စမ်းပါ -

* **ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ၊** (ဆို သုံးခေါက်)

http://www.dhammadownload.com

ရဟန္တာပမာ ရှုမှတ်ပါ

"ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ၊" အင်မတန်အဖိုးတန်တယ်၊ တရားအားထုတ်နေတာ ဒီနေရာလေးတွေ ရောက်တော့ ရဟန္တာနဲ့တစ်စိတ်တစ်ဒေသ တူနေတာ၊ ကိုယ့်ဟာကို သိပ်ပြီးတော့ ကြည်ညိုစရာကောင်းတယ်၊ ဘေးက ပုဂ္ဂိုလ်တွေလည်း သိမယ်ဆိုရင် ကြည်ညိုစရာသိပ်ကောင်းတယ်၊ ရဟန္တာစိတ်နေစိတ်ထားမျိုး ဖြစ်နေတယ်၊ အဌင်္ဂဥပုသ်စောင့်သုံးတဲ့နေရာမှာ အရိယာဥပုသ် စောင့်သုံးတဲ့အခါမှာ ဥပုသ်စောင့်နေတဲ့ပုဂ္ဂိုလ်တွေ နှလုံးသွင်းဆင်ခြင်နေတဲ့အခါ ဒီဟာနဲ့ အလားတူလေးပါပဲ၊

ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်းအမှုဆိုတာဟာ ဘုရားရဟန္တာပုဂ္ဂိုလ်တွေ အမြဲတမ်းကျင့်သုံးနေကြတာပဲတဲ့၊ သူတို့ တစ်သတ်ပန်လုံး ကျင့်သုံးနေကြတာပဲ၊ အဲဒီတော့ ဥပုသ်သီတင်းသီလဆောက်တည်တဲ့ပုဂ္ဂိုလ် ငါလည်းပဲ ဒီကနေ့ (၁)ရက်တော့ဖြင့် ဒီသိက္ခာပုဒ်လောက်တည်တယ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်တစ်စိတ်တစ်ဒေသ မိမိသန္တာန်ပြည့်စုံပြီးတော့နေရတာပဲလို့ ဒီလိုနှလုံးသွင်းပြီး ဆောက်တည်ရတာပဲ၊ ဒါ ပါဏာတိပါတ ဆောက်တည်ပုံဖြစ်တယ်။

ထို့အတူ အဒိန္ဒာဒါန-သူတစ်ပါးဥစ္စာခိုးယူခြင်းမှ၊ ဝေရမဏိ-ရှောင်ကြင်မှု၊ ရဟန္တာပုဂ္ဂိုလ်တွေ ဒါကိုလည်း အစဉ်မပြတ် ကျင့်သုံးပြီးတော့ နေကြတယ်၊ ငါ့တစ်နေ့ တစ်ရက်ဖြင့် ဒီသိက္ခာပုဒ်လုံခြုံအောင် ဆောက်တည်ပြီးတော့ ရဟန္တာပုဂ္ဂိုလ်တွေနဲ့ တစိတ်တစ်ပိုင်းဂုဏ်အဂီါဖြင့် တူမျှပြီးတော့ ဘုရားရဟန္တာ ပုဂ္ဂိုလ်တွေ အကျင့်နဲ့ ပူဇော်ရတာပဲ၊ ဒီလို နှလုံးသွင်းပြီးတော့ ဆောက်တည်ရတယ်၊ ကောင်းတယ် သူက၊ ဥပုသ်သီတင်းသီလ ဆောက်တည်တာပေမယ်လို့လည်း အဲဒီစိတ်ဓာတ်ကလေးမျိုးနဲ့ နှလုံးသွင်းနေလို့ရှိရင် စိတ်ဓာတ်တော်တော်လေးလည်း မြင့်လာတယ်၊ တော်တော်လည်း ကောင်းလာတယ်။

အမှတ်တမဲ့ ဒီအတိုင်းသူများဆိုတာနဲ့ ရောဆိုပြီး၊ ဆရာသမားက ချပေးတာနဲ့ ပြုန်းပြုန်းဒိုင်းဒိုင်းနဲ့ လျှောက်ပြီးတော့ ဆိုသွားတာ၊ ဒါတွေကတော့ ခပ်ပေါ့ပေါ့ ဖြစ်နေတာပေါ့လေ၊ သေသေချာချာ လေးလေးနက်နက် "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" စောစောကတည်းက စဉ်းစားထားမှ ဖြစ်မယ်၊ ပြုန်းခနဲတော့လည်း ဒီလောက်တော့ မစဉ်းစားနိုင်သေးဘူး၊ စောစောကတည်းက

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်တွေ အရိယာပုဂ္ဂိုလ်တွေ အမြဲတမ်းကျင့်သုံးနေတဲ့ သိက္ခာပုဒ်တွေ ငါ ဒီကနေ့ တစ်ရက်ကျင့်သုံးရမယ်၊ ကျင့်သုံးပြီးတော့ ရဟန္တာပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တွေရဲ့ ဝုဏ်အင်္ဂါတစ်စိတ်တစ်ဒေသနဲ့ မိမိသန္တာန်ပြည့်စုံပြီးတော့ ပူဇော်ခြင်းအမှုပြုရမှာပဲလို့ ဒီလိုပဲ နှလုံးသွင်းပြီးတော့ ဆောက်တည်ရတယ်၊ အဲဒါ ပါဏာတိပါတာ၊ အဒိန္နာဒါန၊ အပြဟ္မစရိယ - မကောင်းတဲ့အကျင့်တွေကို ရှောင်ကြဉ်ပြီး မွန်မြတ်သောအကျင့်ကို ကျင့်မှုတွေကို အရိယာတို့ တစ်သက်လုံး ကျင့်နေကြတယ်၊ တစ်နေ့ တစ်ရက် ငါကျင့်မယ်၊ မုသာဝါဒ သုရာမေရယတွေကိုလည်းပဲ ရဟန္တာပုဂ္ဂိုလ်တွေ တစ်သက်လုံးကျင့်လို့ မိမိတစ်နေ့တစ်ရက်ကျင့်မယ်လို့၊ ဝိကာလဘောဇန၊ နစ္စဂီတတို့၊ မာလာဂန္ဓဝိလေပန၊ ဥစ္စာသယန မဟာသယနတွေကိုလည်း ရဟန္တာပုဂ္ဂိုလ်တွေ တစ်သက်လုံးကျင့်နေတယ်၊ အဲဒီအကျင့်တွေကို မိမိသန္တာန်မှာ တစ်နေ့တစ်ရက် ပြည့်စုံလေသောအားဖြင့် ဥပုသ်သီတင်း သီလစောင့်မယ်လို့ ဒီလို နှလုံးသွင်းပြီးတော့ နေရတယ်၊ အင်မတန်ကို စိတ်လေးလေးနက်နက်ဖြစ်ပြီးတော့ ဥပုသ်စောင့်ရမယ်၊ သေးသေးကွေးကွေး မဟုတ်ဘူး၊ ဘုရားရဟန္တာပုဂ္ဂိုလ်တွေကိုယ့်အနေနဲ့တစ်စိတ်တစ်ပိုင်း ကိုယ့်သန္တာန်၌ တည်လာတာပဲလို့ ဒီလို နှလုံးသွင်းလိုက်တဲ့အခါ စိတ်ထဲမှာ အားရစရာ သိပ်ကောင်းတာပဲ၊ အဲဒီလိုပဲ၊ ဥပုသ်စောင့်တဲ့အခါမှာ ဒါသတိပြုရမယ်၊ ဒါလေးဟာ အင်မတန်ကောင်းတယ်။

အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းပဲ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက ပိုမြင်တာပေါ့၊ ဟိုဥစ္စာက ကာယက် ဝစီက် စောင့်ရှောက်ရုံလေးပဲ။ သိက္ခာပုဒ်တစ်ခုပဲ ရှိတယ်၊ သိပ်မများဘူး၊ မြင်တိုင်း၊ ကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်း ပေါ်တိုင်း ဝမ်းသာစရာလည်း ဝမ်းမသာရအောင်၊ စိတ်ပျက်စရာလည်း စိတ်မပျက်ရအောင် အမှတ်ရပြီး အမှန်အတိုင်း သိပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖြစ်အပျက်တွေ အမှန်အတိုင်း သိသိပြီးတော့ လိုက်နေတော့ လျစ်လျူရှုပြီး နေနိုင်တဲ့ ဥပေက္ခာတွေ ဖြစ်ပြီးတော့ နေရမယ်၊ ဆဋ္ဌုံပေက္ခာဖြစ်နေတယ်၊ အဲဒါ အင်မတန်ကောင်းတယ်၊ ထို့အတူပဲ၊ မြင်ရာကြားရာတွေမှာလည်း ဒီအတိုင်းပဲ။

ဆောဏ္ဍါရ ဆေးကြီးစုံဦး ဥပေက္ခာဖြစ်ခဲ့

သောတေန-နားဖြင့်၊ သဒ္ဒံ-အသံကို၊ သုတွာ-ကြား၍၊ နေဝ သုမနော ဟောတိ-ဝမ်းမြောက်ဝမ်းသာမဖြစ်ဘူးတဲ့၊ န ဒုမ္မနော ဟောတိ-နှလုံးမသာမယာ

http://www.dhammadownload.com

မဖြစ်ဘူးတဲ့၊ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္မဇာနော-သိသည်ဖြစ်၍၊ ဥပေက္ခကော-အညီအမျှရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

ဒါက နားကနေပြီး ဥပေက္ခာတစ်ခု၊ နှာခေါင်းက အနံ့နံပြီးတော့ ဥပေက္ခာတစ်ခု ဒီအတိုင်းပဲ၊ လျှာက စားသိပြီးတော့ ဥပေက္ခာပြုတာလည်း ဒီအတိုင်းပဲ၊ ကိုယ်က တွေ့ထိပြီးတော့ ကာယေန-ကိုယ်ဖြင့်၊ ဖဿ-အတွေ့အထိကို၊ ဖုသိတွာ-တွေ့ထိ၍၊ နေဝ သုမနောဟောတိ-ဝမ်းမြောက်ဝမ်းသာလည်း မဖြစ်၊ န ဒုမ္မနောဟောတိ-နှလုံးမသာမယာလည်းမဖြစ်၊ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္မဇာနော- သိသည်ဖြစ်၍၊ ဥပေက္ခကော-အညီအမျှလျစ်လျူရှုလျက်၊ ဝိဟရတိ-နေ၏။

ကိုယ်က အတွေ့အထိတွေက သိပ်ပြီးကျယ်ပြန့်တယ်တဲ့၊ ယောဂီပုဂ္ဂိုလ်တွေမှာ ကိုယ်က အတွေ့အထိတွေ အများဆုံး မှတ်ရတာပဲ၊ စစ်ကိုင်းက ဆရာကြီး ဦးကျော်ငြိမ်းကဖြင့် ဘုန်းကြီးတောင်ပဲ သူက နည်းနည်းအကြံဉာဏ်ပေးတယ်၊ "အရှင်ဘုရားတဲ့၊ တရားဟောလို့ရှိရင် ဒီစက္ခုဒ္ဒါရက ဒေသနာအစဉ်အားဖြင့် ဟောလာရတော့ ကောင်းတော့ကောင်းပါရဲ့တဲ့၊ ဒါပေမယ့်လို့ ယောဂီပုဂ္ဂိုလ်တွေလက်တွေ့ကတော့ စက္ခုဒ္ဒါရက သိပ်မတွေ့ဘူးတဲ့၊ ကာယဒ္ဒါရချည်း မှတ်နေရတော့ ကာယဒ္ဒါရက စပြီးတော့ ဟောပါ"လို့ သူက ပြောတယ်၊ ဟုတ်တော့လည်း ဟုတ်တယ်၊ ကာယဒ္ဒါရက စပြီး ဟောရင် ကောင်းတောင်းတောင်းပဲ။

ဒါကြောင့် စက္ခုဒ္ဒါရက စ၍ဟောပြီး ကာယဒ္ဒါရတော့ အထူးဟောရမှာပဲ၊ ကာယဒ္ဒါရတ အထူးတွေ့တယ်၊ စက္ခုဒ္ဒါရက အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တယ်ဆိုတာ ဒီလောက်မထင်ရှားဘူး၊ သောတဒ္ဒါရမှာ အတော်အတွေ့များပါတယ်၊ သောတဒ္ဒါရနားက အတွေ့များတယ်၊ နှာခေါင်းက အနံ့ဆိုတာက တွေ့ခဲကြီးတာပဲ၊ မှတ်ခဲကြီး သူဥစ္စာ၊ လျှာက အရသာစားသိတယ်ဆိုတာတော့ဖြင့် တချို့ပုဂ္ဂိုလ်တွေ အမှတ်ကောင်းတဲ့အခါ လျှာက တွေ့တယ်၊ တော်တော်ကို တွေ့ပါတယ်၊ လျှာက စားရင်းစားရင်းနဲ့ ဘာမှနှစ်သက်သာယာမှုမရှိဘဲနဲ့ အဖြစ်အပျက်သဘောလေးတွေကို သိပြီးတော့ ဒုက္ခတွေများ ထင်နေလိုက်တာ၊ အင်မတန်ကောင်းတယ်၊ သို့သော်လည်းပဲ တွေ့ခဲတယ် သူက။

http://www.dhammadownload.com

ကိုယ်ကတော့ အမြဲတမ်းတွေ့နေတာပဲ၊ ကိုယ်က စကတည်းက ဖောင်းတယ်၊ ပိန်တယ်၊ ဒါက ကာယဒွါရက အတွေ့အထိ စပြီးတော့ မှတ်ရတယ်၊ သူက အများဆုံးပဲ၊ ကိုယ်ထဲမှာ နာကျင်ကိုက်ခဲတွေဆိုတာ ခဏခဏမှတ်ရဟယ်၊ သူက အတွေ့အထိပဲ၊ သွားနေပြန်လည်း ကိုယ်က အတွေ့အထိပဲ၊ ကွေးတယ်၊ ဆန့်တယ် ဆိုတာလည်း ကိုယ်က အတွေ့အထိပဲ၊ လေတိုက်လို့ဖြစ်စေ နေပူလို့ ဖြစ်စေ အတွေ့အထိတွေ အများကြီးရှိတယ်၊ အဝတ်အစားနဲ့ တွေ့ထိတာတွေလည်း ရှိတယ်၊ ကိုယ်က အတွေ့အထိတွေက အများကြီး မှတ်ရပါတယ်၊ တစ်နေ့လုံးလိုလို သူ့ပဲရှုနေရတာ များပါတယ်၊ ကိုယ်က အတွေ့အထိနဲ့, စိတ်ကူးနဲ့ ဒါပဲ ရှုရတာ များတာပဲ၊ အဲဒါက အရေးကြီးပါတယ်၊ ကဲ. . ဆိုကြဦးစို့၊ မျက်စိက မြင်တာကတော့ ပြီးသွားပြီ၊ နားတော့လည်ပါပြီ၊ ဒီက ခေါင်းစဉ်ဆောင်ပုဒ်ကလေးတွေ လိုက်ဆိုရမယ်။

* **အသံကြားရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။**
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဝီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ။ (ဆို သုံးခေါက်)

အဲဒါက နားကနေပြီးဖြစ်တာ၊ နှာခေါင်းက တစ်ခါလာပြန်တယ်၊

* **အနံ့နံရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။**
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဝီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ။ (ဆို သုံးခေါက်)

အဲဒါ နှာခေါင်းကနေပြီး ဥပေက္ခာဖြစ်ပုံ၊ နောက်လျှာကနေပြီး ဥပေက္ခာဖြစ်ပုံဖြစ်တယ်။

* **အရသာစားရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။**
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဝီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ။ (ဆို သုံးခေါက်)

အဲဒါ စားရာကနေမှတ်တော့ တချို့စားတာက ဗြုန်းဗြုန်းဗျင်းဗျင်းစားရင်ပြီးတာပါပဲလို့၊ ဒီလိုအောက်မေ့နေတယ်၊ ဒီလိုမဟုတ်သေးဘူး၊ ဒွါရခြောက်ပါးက အလုပ်မလုပ်ရတဲ့နေရာမရှိဘူး၊ ဝိပဿနာဆိုတာ အကုန်လုံး အလုပ်လုပ်ရတာ၊

http://www.dhammadownload.com

ဆေးစက်ကျရာ အရွဲပ်ဖြစ် ဆိုတာလိုပဲ၊ ဘယ်နေရာကကျကျ အလုပ်ပေးရမယ်ဟာတွေ၊ ဝိပဿနာအာရုံချည်းပဲ၊ ရွှေရမယ့်တရားကြီးပဲ၊ လုပ်ငန်းစဉ်ချည်းပဲ၊ လုပ်ငန်းထဲ အကုန်လုံး ဝင်နေတာပဲ၊ ကိုယ်က မသွင်းတတ်လို့သာ မဝင်တာ၊ အဲဒါ လွတ်ချင်တိုင်း လွတ်နေတယ်၊ အကုန်လုံး ဝင်ရမှာ၊ မဝင်လို့ ဘယ်ဖြစ်မလဲ၊ ဒီခန္ဓာငါးပါး တရားတွေဆိုတာ သူတို့ပဲ၊ ဖွါရခြောက်ပါးက ဖြစ်နေတာ၊ ဒါကြောင့် အရသာစားတဲ့အခါလည်းပဲ အလစ်အလပ်မပေးနဲ့၊ မတတ်နိုင်လို့, မမှတ်နိုင်လို့ လွန်သွားတာတော့ ဘယ်တတ်နိုင်မလဲ၊ သို့သော်လည်း မှတ်နိုင်သမျှတော့ဖြင့် လေးငါးဆယ်ချက်မှာ တစ်ချက်ပဲ မိမိပေါ့လေ၊ ဒါ ရွှေတော့ ရွှေရမယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ် လျော့မပေးရဘူး၊ အတွေ့အထိ ရောက်လာပြီ။

* **အတွေ့ထိရာ၊ ရွှမှတ်ခါ၊ မှန်စွာဆိပါစေး**
ဝမ်းသာမဇက်၊ စိတ်မပျက်၊ ရွှလျှက်လျစ်လျူနေး
ရဟန္တာဇာသွင်၊ ယောဝီရှင်၊ ရွှလျှင်ဖြစ်နိုင်ပေး (ဆို သုံးခေါက်)

ကိုယ်က အတွေ့အထိတွေ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကြွတယ်၊ ချတယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်ခဲတယ် စသည်ဖြင့် ကိုယ့်ကိုယ်က အတွေ့အထိတွေ အကုန်လုံး ဘာမှတ်မှတ်၊ အဲဒီကိုယ်အတွေ့အထိလည်း မကောင်းတာတွေ ရှိတယ်၊ ကောင်းတာတွေ တွေ့ထိတဲ့အခါကျလို့ရှိရင် ဝမ်းသာတတ်တယ်၊ တမင်တကာ ဝမ်းသာလို့ပဲ၊ အကောင်းတွေနဲ့ တွေ့ထိရအောင်လို့ တမင်တကာ ရှာပြီးတော့ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေလည်း ရှိနေတာပဲ၊ မကောင်းတာတွေနဲ့ တွေ့ထိတဲ့အခါကျတော့ ကိုယ်ဆင်းရဲတွေ တွေ့ရှိတဲ့အခါကျတော့ စိတ်ပျက်လာတတ်တယ်၊ နှလုံးမသာဖြစ်တတ်တယ်၊ အဲဒါတွေ မဖြစ်ရဘူးတဲ့၊ အခုဟာ ဘယ်လိုကောင်းတဲ့အတွေ့အထိတွေနဲ့ တွေ့ထိ တွေ့ထိ ဝမ်းသာမှု မဖြစ်စေရဘူး၊ ဘယ်လို မကောင်းတာတွေနဲ့ တွေ့ထိသည်ဖြစ်ဖြစ် နှလုံးမသာမှု စိတ်ပျက်မှုတွေ မဖြစ်စေရဘူး၊ စိတ်မပျက်ရဘူးလို့ တားထားရတာ မဟုတ်ပါဘူး၊ မကားရပါဘူး၊ တားလို့လည်း မရဘူး၊ ဒါကတော့ မဖြစ်နဲ့ မဖြစ်နဲ့ဆိုလို့ ဘယ်ရလိမ့်မတုံး၊ သူဟာသူ ဖြစ်နေတာ၊ မရဘူး၊ ကိုယ်ထဲမှာ မကောင်းတာဖြစ်တာနဲ့ စိတ်ပျက်တဲ့ပုဂ္ဂိုလ်က ပြုန်းခနဲ ပျက်တော့တာပဲ၊ ဝမ်းသာစရာတွေ့တာနဲ့ ပြုန်းခနဲ ဝမ်းသာတော့တာပဲ၊ ဘာမှ တားလို့ မရဘူး၊ တားလို့ ဖြစ်တာမဟုတ်ဘူး။

http://www.dhammadownload.com

သို့သော်လည်း အခုပြောတဲ့ ဝိပဿနာအလုပ်နဲ့တားမှ သတော-အမှတ်ရပြီးတော့၊ သမ္မဇာနော-သတိရပြီးတော့-တဲ့၊ ဖြစ်တိုင်းဖြစ်တိုင်း ကိုယ်က တွေ့ထိတိုင်း တွေ့ထိတိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း၊ ထိုင်တိုင်း၊ ထိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း၊ နာတိုင်း ကျင်တိုင်း၊ ကောင်းတဲ့အတွေ့အထိနဲ့ တွေ့တိုင်း၊ တွေ့တိုင်း အလစ်လပ်မပေးဘဲနဲ့ တောက်လျောက်တစ်ခါတည်း တစ်ကောက်ကောက် လိုက်ပြီးတော့ တစ်ခုတွေ့လိုက် မှတ်လိုက်၊ တစ်ခုတွေ့လိုက် မှတ်လိုက်၊ တစ်ခုတွေ့လိုက် မှတ်လိုက် အကုန်လုံးလျှောက်ပြီးတော့ တကောက်ကောက် လိုက်ပြီးတော့ ရှုမှတ်နေရမယ်၊ အဲဒီလို မှတ်နေတော့ ဝမ်းသာတဲ့စိတ်လည်း ဝင်စရာမရှိဘူး၊ နှလုံးမသာတဲ့စိတ်လည်း ဝင်စရာမရှိဘူး။

ဘာဖြစ်နေတုံးဆိုတော့ အဖြစ်အပျက်လေးသိပြီး အညီအမျှရှုနေရတယ်တဲ့၊ သိရုံသိရုံလေး လိုက်နေတယ်တဲ့၊ တကြမ္မတ္ထတာ,က ညီမျှညီမျှဖြစ်နေတော့ ဝိပဿနုပေက္ခာက သိရုံသိရုံလေး လိုက်နေတယ်၊ သို့မဟုတ် သခ်ါရုပေက္ခာ,က လျစ်လျူရှုပြီးတော့ နေတယ်၊ သခ်ါရုပေက္ခာကမှ ပိုပြီးတော့ ထင်ရှားပါတယ်၊ အဲဒီကျရင် အမျှားကြီး ထင်ရှားတယ်၊ ဘယ်လိုကောင်းတဲ့အာရုံနဲ့ တွေ့ပေမယ့် သူက ဝမ်းမသာဘူး၊ ဘယ်လိုမကောင်းပေမယ့်လို့ စိတ်မပျက်ဘူး၊ တယ်နေရာကျတယ်၊ ရှေ့နားက ဉာဏ်လေးတွေကတော့ တယ်သည်းမခံနိုင်ကြဘူး၊ တော်တော်ကြာလို့ရှိရင် ဝမ်းသာစရာရှိလည်း ဝမ်းသာသွားတတ်တယ်၊ ဝမ်းသာတဲ့ဘက်လည်း သွားတတ်တယ်၊ စိတ်ပျက်စရာရှိလည်း စိတ်ပျက်တဲ့ဘက်လည်း သွားတတ်တယ်၊ သခ်ါရုပေက္ခာရောက်တဲ့အခါကျတော့ အဲဒီလို မသွားတော့ဘူး၊ သူက တော်တော်ခိုင်တယ်၊ ရှုမှတ်နေတုန်း မပြောနဲ့၊ ရှုမှတ်ရာက ရပ်ထားတဲ့အခါတောင်မှ စိတ်ကလေးက တော်တော်ခိုင်နေတယ်၊ ရှုမှတ်လို့ နားနေတဲ့အခါ စကားတို့ ဘာတို့ ပြောနေ စကားစမြည်ပြောနေတဲ့အခါ ဝမ်းသာစရာ ရောက်သွားလို့လည်း သူမျှားလို့ ဝမ်းမသာဘူး၊ စိတ်ပျက်စရာရောက်သွားလို့လည်း သူမျှားလို့ စိတ်မပျက်လှဘူး၊ ဣန္ဒြေရတယ်၊ သည်းခံနိုင်တယ်၊ သခ်ါရုပေက္ခာကမှ သူက ပိုထင်ရှားတယ်၊ အညီ အမျှလျစ်လျူရှုပြီးတော့ နေနိုင်တယ်တဲ့၊ အဲဒါ ငါးခု ရသွားပြီ။

http://www.dhammadownload.com

ဆီရာကာနဲ့ဦး ဥပေက္ခာဖြစ်ပုံ

မနသာ-စိတ်ဖြင့်၊ ဓမ္မံ-သဘောတရားကို၊ အညာယ-သိ၍၊ နေဝ သုမနော ဟောတိ-ဝမ်းမြောက်ဝမ်းသာမဖြစ်၊ န ဒုမ္မနော ဟောတိ-နှလုံးမသာခြင်းမဖြစ်၊ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္ပဇာနော-သိသည်ဖြစ်၍၊ ဥပေက္ခကော-အညီအမျှရှုလျက်၊ ဝိဟရတိ-နေ၏။

အမှတ်ရပြီးတော့ စိတ်ကူးစဉ်းစားကြံစည်မှုတွေ ပေါ်တိုင်းပေါ်တိုင်းပေါ်လေ၊ စိတ်ကူးစဉ်းစားတွေကလည်း တယ်ပြီးတော့ မဖြစ်ပါဘူး၊ ဝိပဿနာဉာဏ်ရင့်တဲ့အခါကျ တယ်မဖြစ်ဘူး၊ မရင့်ခင် အစတော့ တယ်သွားတယ်၊ စိတ်ကလေးဟိုရောက် ဒီရောက် တယ်ရောက်တယ်၊ ဝိပဿနာဉာဏ်ရင့်လာတော့ တယ်မရောက်ပါဘူး၊ ဒါပေမယ့်လို့ မကင်းရာ မကင်းကြောင်းတော့ ရှိသေးတာပေါ့၊ အဲဒီရှိတဲ့ဟာတွေလည်း စိတ်ကူးလေး ဖြစ်ဖြစ်ချင်း မှတ်နိုင်တော့တာပဲ၊ စိတ်ကလေး ကွက်လိုက်တာနဲ့ ပြုတ်ခနဲ မှတ်နိုင်တာပဲ၊ ဝမ်းသာစရာအာရုံတွေဆီရောက်သွားပေမယ့်လို့ ဝမ်းမသာလိုက်ရဘူး၊ စိတ်ပျက်စရာ အာရုံတွေဆီရောက်သွားပေမယ့်လို့ စိတ်မပျက်လိုက်ရဘူး၊ မှတ်ပြီး ပျောက်သွား၊ လျစ်လျူရှုပြီးတော့ သွား။ ဟိုရှေ့ပေါ်ရာပေါ်ရာတွေ လိုက်ပြီးတော့ ရှုသွားတာပဲ၊ ငြိမ်လို့ အင်မတန်ကောင်းတယ်။

အဲဒီလိုရောက်နေတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်ဟာကိုယ်လည်း အင်မတန် ဝမ်းသာစရာကောင်းတယ်၊ ဒီဉာဏ်တွေ ရောက်နေတာ အင်မတန်ကို အဖိုးတန်နေတာ၊ ရဟန္တာအသွင် ယောဂီရှင်ဆိုတာလည်း ရဟန္တာရဲ့စိတ်သန္တာန်မျိုးတွေ ဖြစ်နေတာ၊ အင်မတန် ကောင်းတဲ့တရားတွေ၊ တကယ့်ကောင်းတဲ့တရားတွေ၊ ဘေးကပုဂ္ဂိုလ်တွေကလည်း ဒီအဆင့်အတန်းတွေ ရောက်ပြီးနေတာနဲ့၊ ဆဋ္ဌဂုံ ပေကွာနဲ့ ပြည့်စုံနေတဲ့အခါ သိပ်ကြည်ညိုစရာကောင်းတယ်၊ ပူဇော်ထိုက်တယ် ဆိုတာ ဒီလိုကိုယ်တွင်းသန္တာန်က ဂုဏ်တွေ သေသေချာချာ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေ ပူဇော်ထိုက်တာပဲ၊ အင်မတန်အရေးကြီးတယ်၊ အဲဒါလေးတွေ မှတ်သားစရာလည်း ကောင်းပါတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ အားတက်စရာလည်းကောင်း၊ ဝမ်းသာစရာလည်း ကောင်းနေတယ်၊ ကိုင်း . . ဆိုကြဦးစို့ရဲ့။

http://www.dhammadownload.com

* **သဘောသိရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။**
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ။
ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ။ (ဆို သုံးခေါက်)

အဲဒါက ဆဋ္ဌဂုံပေက္ခာ ခေါ်တယ်၊ ဆ-က ခြောက်ခုကိုး၊ အဂီါက-အဂီါပဲ၊ အဂီါခြောက်ပါးရှိတဲ့ ဥပေက္ခာတဲ့၊ မြင်ရာကလည်း မြင်တိုင်းမြင်တိုင်း ဥပေက္ခာ-လျစ်လျူရှုနေတယ်၊ ဝမ်းသာမှု စိတ်ပျက်မှု နောက်မလိုက်ဘဲနဲ့ အလယ်ကောင်တွင်ကျနေတယ်၊ ဟိုဘက်မလိုက်၊ ဒီဘက်မလိုက်၊ ကြားရာကလည်း ဒီအတိုင်းပဲ၊ အလယ်ခေါင်ချိန်ကျနေတယ်၊ ဝမ်းသာမှု စိတ်ပျက်မှု နောက်မလိုက်ဘူး၊ နံရာက ထို့အတူပဲ၊ အရသာ စားသိရာက ဒီအတိုင်းပဲ၊ အညီအမျှဖြစ်နေတယ်၊ ကိုယ်က အတွေ့အထိတွေ တွေ့ထိရာက အများဆုံးမှတ်ရတယ်၊ စိတ်ကူးစဉ်းစား ကြံစည်မှု ဖြစ်ရာက ဒီမှာလည်း အညီအမျှပဲ၊ ဝမ်းသာစရာ စိတ်ကူးစဉ်းစားတွေ ဖြစ်ပေမယ်လို့ ဝမ်းသာမှုမဖြစ်ဘူး၊ စိတ်ပျက်စရာဆီ ရောက်သွားလို့လည်း စိတ်ပျက်မှုမဖြစ်ရဘူး၊ ရှုမှတ်ပြီးတော့ သွားတယ်၊ ဆက်လည်း စဉ်းစားမနေဘဲဟာကိုး၊ ဝမ်းသာစရာဆီ ရောက်ပြန်လည်း ရောက်တယ်၊ မှတ်ရင်မသွားတော့ဘူး၊ ဆက်မစဉ်းစားဘူး၊ စိတ်ပျက်စရာဆီ ရောက်သွားရင် စိတ်ပျက်စရာဆီ ရောက်တာနဲ့ ရှုမှတ်သွားတော့တာပေါ့၊ စိတ်ပျက်စရာထဲ တစိမ့်စိမ့်တွေးနေရင် စိတ်ပျက်လာတာပေါ့၊ ရှုမှတ်တော့ အဲဒါတွေဆီ မရောက်ဘူး။

အဲဒါ အမှတ်ရပြီးတော့ အမှန်အတိုင်း သိနေလို့တဲ့၊ အညီအမျှပဲ၊ လျစ်လျူရှုသွားတယ်တဲ့၊ ဆဋ္ဌဂုံပေက္ခာ,က ရဟန္တာပုဂ္ဂိုလ်များ အမြဲတမ်း ပြည့်စုံနေတယ်တဲ့၊ မြင်တိုင်း၊ ကြားတိုင်း ဒွါရ (၆)ပါးက တရားအားထုတ်ရတယ် မဟုတ်ဘူး၊ အားမထုတ်ပဲလည်း အညီအမျှဖြစ်နေတာ ဒီဥစ္စာက၊ ဝမ်းသာတဲ့ဘက်၊ စိတ်ပျက်တဲ့ဘက်တွေလည်း မသွားဘူး၊ အညီအမျှပဲ သူသွားနေတယ်၊ တယ်ကောင်းတယ်၊ အဲဒီရဟန္တာဂုဏ်များဟာ ယောဂီပုဂ္ဂိုလ်မှာ ပြည့်စုံနေတာပဲ၊ ယောဂီပုဂ္ဂိုလ်လည်း တကယ်အားထုတ်လို့ တကယ်ရောက်တဲ့ပုဂ္ဂိုလ်မှ မရောက်တဲ့ပုဂ္ဂိုလ်တွေကတော့ မပြည့်စုံသေးဘူး၊ အားထုတ်ခါစတော့ မပြည့်စုံသေးဘူး၊ သို့သော်လည်းပဲ တော်တော်ကြာရင်တော့ ရောက်မှာပေါ့၊ အင်မတန်ကောင်းပါတယ်၊ အဲဒါ ဆဋ္ဌဂုံပေက္ခာပါပဲ။

http://www.dhammadownload.com

ပြဟ္မဝိဟာရုပေက္ခာ,ကလည်း ရှိတယ်၊ သူကလည်း တော်တော်လေး ကျယ်ကျယ်ပြောရမှာ ဆိုတော့ ကနေ့ပြောလို့ မဖြစ်သေးဘူး၊ ဆဋ္ဌင်ပြဟ္မဗောဇ္ဈင်-တဲ့၊ ဗောဇ္ဈင်ဥပေက္ခာ-တဲ့၊ သူကိုတော့ နည်းနည်း ပြောရဦးမယ်၊ အရင်တစ်ခါလည်း ဟောထားခဲ့ပြီးပါပြီ၊ 'ဆဋ္ဌင်ပြဟ္မ၊ ဗောဇ္ဈင်၊ တတြမဇ္ဈတ္တတာ"တဲ့၊ သူကတော့ စေတသိက်တရား တစ်ခုပါပဲ၊ 'ဈာနုပေက္ခာ'တဲ့၊ အခုဈာန်ထဲပါတဲ့ ပါရိသုဒ္ဓိဥပေက္ခာပဲ၊ 'တတြဈာန်ပါရိ 'တဲ့၊ ကဲ. . ကဲ. . ဆောင်ပုဒ်ကလေးတွေ ဆိုပြီးတော့ ကနေ့တော့ တရားသိမ်းဦးမှပဲ၊ လေးနာရီလည်း ထိုးနေပြီ။

- **ဆဋ္ဌင်ပြဟ္မ၊ ဗောဇ္ဈင်၊ တတြ, ဈာန်ပါရိ။**
  တတြမဇ္ဈတ္တတာ၊ တစ်ပါးသာ၊ ခြောက်ဖြာတွဲလေ၏။ (ဆို သုံးခေါက်)

  အဲဒီ ခြောက်ခုကတော့ကို -

  ၁။ ဆဋ္ဌင်ုပေက္ခာ၊
  ၂။ ပြဟ္မဝိဟာရုပေက္ခာ၊
  ၃။ ဗောဇ္ဈင်ုပေက္ခာ၊
  ၄။ တတြမဇ္ဈတ္တုပေက္ခာ၊
  ၅။ ဈာနုပေက္ခာ၊
  ၆။ ပါရိသုဒ္ဓိဥပေက္ခာ၊

ဒီခြောက်ခုဟာ တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာ စေတသိက်တစ်ခုတည်းပါပဲ၊ တရားကိုယ်တစ်ခုတည်းကနေပြီးတော့ သူ့ဈာန်အားလျော်စွာ မြတ်စွာဘုရားက ခြောက်မျိုးခွဲပြီးတော့ ဟောထားတယ်၊ အဲဒီ ဥပေက္ခာခြောက်မျိုးကို ခုနက ပြောခဲ့တဲ့ သခါရုပေက္ခာနဲ့ ဝိပဿနုပေက္ခာ, က နှစ်မျိုး (၈)မျိုး၊ နောက်ဝိရိယဥပေက္ခာနဲ့ ဝေဒနာဥပေက္ခာက နှစ်မျိုး၊ အားလုံးပေါင်း ဥပေက္ခာ (၁၀)မျိုး ရှိတယ်၊ ဒါက အသုံးကျတဲ့ ဥပေက္ခာ (၁၀)မျိုး၊ အသုံးမကျတဲ့ ဥပေက္ခာ ရှိသေးတယ်၊ အညာဏုပေက္ခာ ဆိုတာ ရှိသေးတယ်၊ အဲဒါကတော့ကို မကောင်းတဲ့ ဥပေက္ခာမို့၊ အဲဒါတော့ ဒီထဲ ထည့်မထားဘူး၊ နောက်သီတင်းကျတော့မှ ဆက်ပြီးတော့ ဟောရအောင်၊ ကနေ့ သီတင်းတော့ သိမ်းဦးမှပဲ။

ဤသတိပဋ္ဌာန်တရားတော်ကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မဿဝန ကုသိုလ်ကံ စေတနာ၏အစွမ်းအာနုဘော်တို့ကြောင့် ဤသုတ်ဒေသနာတော်၌

http://www.dhammadownload.com

လာသော သတိပဋ္ဌာန်တရားတို့ကို မိမိတို့သန္တာန်၌ အကြိမ်ကြိမ် အဖန်ဖန်ပွားများ အားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်တို့ ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက် ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု - သာဓု - သာဓု ပါဘုရား။

******

http://www.dhammadownload.com

မဂ္ဂသစ္စာတရားဇောက်

အဌမပိုင်း

[၁၃၂၄-ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်နေ့ ဟောကြားသည်။]

သမ္မာသမာဓိမဂ္ဂင်အဆက်

မဂ္ဂင်ရှစ်ပါးထဲက သမ္မာသမာဓိမဂ္ဂင်၊ ဈာန်လေးပါးနဲ့ မြတ်စွာဘုရားက ဝေဖန်ထားတယ်၊ အဲဒါဟောတာ (၂)ရက် (၃)ရက် ရှိသွားပြီ၊ ဒီကနေ့တော့ ကုန်ကောင်းပါလိမ့်မယ် ထင်ပါရဲ့၊ တစ်နေ့က တတိယဈာန်ဖြစ်ပုံရောက်သွားပြီ။

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္မဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ'တိ တတိယံ ဈာနံ ဥပသမ္မဇ္ဇ ဝိဟရတိ။

ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သည်၊ ပီတိယာ စ-ပီတိကိုလည်း၊ ဝိရာဂါ-လွန်မြောက်ခြင်းကြောင့်၊ဥပေက္ခကော စ-အညီအမျှလျစ်လျူရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ သတော စ-အမှတ်ရသည်ဖြစ်၍လည်းကောင်း၊ သမ္မဇာနော စ-မှန်စွာသိသည်ဖြစ်၍လည်းကောင်း၊ ဝိဟရတိ-နေ၏၊ ယံ-အကြင်တတိယဈာန် နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ ဥပေက္ခကော-အညီအမျှလျစ်လျူရှုနိုင်ပါပေသည်ဟူ၍ သတိမှာ-သတိရှိပါပေသည်ဟူ၍ သုခဝိဟာရီ-ချမ်းသာနှင့်နေလေ့ရှိပါပေသည်ဟူ၍ အရိယာ-အရိယာပုဂ္ဂိုလ်တို့သည်၊ အာစိက္ခန္တိ- ချီးကျူးပြော ကြားကြလေကုန်၏၊ တံတတိယံ ဈာနံ-ထိုသို့သဘောရှိသော တတိယဈာန်သို့၊ ဥပ သမ္မဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏။

ပထမဈာန်က ဈာန်အင်္ဂါငါးပါးရှိတယ်၊ ဒုတိယဈာန်က ဈာန်အင်္ဂါသုံးပါးရှိတယ်၊ ပထမဈာန်ရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဒီငါးခုတွင် ဝိတက် - အာရုံကို ကြံစည်ရတာ၊ ဝိစာရ - အာရုံကို စဉ်းစားဆင်ခြင်ရတာ၊ ပီတိ - သူ့အာရုံနဲ့သူ ကျေနပ်အားရပြီးတော့ ဝမ်းမြောက်တဲ့သဘောတွေ၊

http://www.dhammadownload.com

သုခ -အဲဒီစျာန်အာရုံလေးနဲ့ ချမ်းသာပြီးတော့ နေတယ်၊ ဧကဂ္ဂတာ - အဲဒီစျာန်အာရုံလေးမှာ စိတ်ကလေး ငြိမ်ဝပ်ပြီးတော့ တည်နေတယ်၊ အာရုံထဲမှာ စိတ်ဝင်နေသလို စိတ်ထဲမှာ အာရုံက. ရောက်ပြီးတော့ နေသလို၊ အာရုံနဲ့ စိတ်နဲ့ဟာတပူးတည်း တစ်ပေါင်း တည်းလို ဖြစ်ပြီးတော့ ငြိမ်ဝပ်ရုပ်တည်ပြီးတော့နေတယ်၊ လေမတိုက်တဲ့နေရာမှာ ထွန်းထားတဲ့ မီးကလေးမျှားငြိမ်နေသလိုပဲ၊ အဂိါင်းပါးနဲ့ ပြည့်စုံတဲ့စျာန်တရားကိုပဲ "ပထမစျာန်"လို့ ခေါ်တာပါပဲ။

"ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ ငါးအင်္ဂါ၊ မှတ်ပါ ပထမစျာန်" လို့ တစ်နေ့က ဘုန်းကြီးက ဆောင်ပုဒ်တွေ ပေးထားတယ်၊ ဒီငါးအင်္ဂါ ရထားလို့ရှိရင် စျာန်တွေ အကုန်လုံးလည်ပါပြီ၊ ဒုတိယစျာန်ကျတော့ ဝိတက် ဝိစာရ အင်္ဂါနှစ်ခု နှုတ်ပြီး "ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ သုံးအင်္ဂါ၊ မှတ်ပါ ဒုတိယစျာန်"၊ တတိယစျာန်ကျတော့ "သုခ ဧကဂ္ဂတာ၊ နှစ်အင်္ဂါ၊ မှတ်ပါ တတိယစျာန်"၊ စတုတ္ထစျာန်ကျတော့လည်း အင်္ဂါနှစ်ခုပဲ၊ "ဥပေက္ခာ ဧကဂ္ဂတာ၊ နှစ်အင်္ဂါ၊ မှတ်ပါ စတုတ္ထစျာန်၊" ဒီတော့ ပထမစျာန်အင်္ဂါငါးပါးလောက် မှတ်မိထားလို့ရှိရင် ဒီစျာန်တွေကတော့ ဒေသနာနည်းအရအားဖြင့်တော့ မှတ်လို့ နားလည်နေပါပြီ၊ အခု တတိယစျာန်မှာတော့

ပီတိယာ စ ဝိရာဂါ - ပီတိလည်း ကင်းသွားတယ်တဲ့၊ ပထမက ဝိတက် ဝိစာရ ပီတိ - ဒီအင်္ဂါတွေ ပထမစျာန်မှာ အစပိုင်းတော့ သုံးအင်္ဂါပါတယ်၊ ဝိတက်နဲ့ ဝိစာရ-ကတော့ ဒုတိယစျာန်ကတည်းက ကင်းသွားတယ်၊ ပထမစျာန်မှာဆိုရင် ဝိတက် ဝိစာရလည်း ပါတယ်၊ ဒုတိယစျာန်ကျတော့ကို စျာန်အာရုံကို မကြဲစည်ရဘဲ မစဉ်းစား မဆင်ခြင်ရဘဲနဲ့ အဲဒီစျာန်အာရုံလေး ရောက်ပြီးတော့ ငြိမ်ဝပ် ရပ်တည်ပြီးနေတယ်၊ အခု တတိယစျာန်ကျတော့ကို ဝိတက် ဝိစာရတွင် မကဘူး၊ ပီတိယာ စ-ပီတိ၏လည်း၊ ဝိရာဂါ-ကင်းခြင်းကြောင့် (တစ်နည်း) ပီတိယာ စ-ပီတိကိုလည်း၊ ဝိရာဂါ-စက်ဆုပ်ခြင်း လွန်မြောက်ခြင်းကြောင့်၊ ပီတိကိုလည်းပဲ လွန်သွားပြီတဲ့၊ အစတုန်းကတော့ နှစ်သိမ့်အားရမှု ပီတိလေးနဲ့ သူ့အာရုံလေးနဲ့သူ ပျော်ပြီးတော့ နေတာပေါ့လေ။

ပီတိလွန်မြောက်ပုံ

အခု ဒီပီတိလည်း အပြစ်မြင်ပြီး ဒီပီတိမရှိရင်ကောင်းမှာပဲ ဆိုပြီးတော့ ပီတိကင်း အောင်လို့ ထပ်ပြီးတော့ နှလုံးသွင်းတော့ အဲဒီပီတိမပါဘူး၊ ဒါကြောင့်

http://www.dhammadownload.com

ပိတိကို လွန်မြောက်သွားပြီတဲ့၊ ပိတိမပါတော့ဘူး၊ ဘာတွေရှိတော့တုံးဆိုတော့ သုခနဲ့ ဧကဂ္ဂတာ စိတ်ချမ်းသာမှုနဲ့စိတ်တည်ကြည်မှု ဒါလေးနှစ်ခုပဲ၊ စိတ်ထဲမှာ ကြည်ရွှင်ပြီးတော့ ချမ်းသာနေတယ်၊ စိတ်ကလေးလည်း တည်ငြိမ်ပြီးတော့နေတယ်၊ တစ်နေ့ကလည်း ပြောခဲ့ပြီ၊ ဝိပဿနာမှာ ဆိုလို့ရှိရင် ဘယ်နေရာနဲ့ တူသလဲဆိုရင် ဝိပဿနာမှာ ဉဒယဗ္ဗယညာဏ်အရင့်ပိုင်း ရောက်လာတာနဲ့ တူတယ်။

သမ္မသနညာဏ်ပိုင်းဆီက ဝိတက် ဝိစာရနဲ့ အာရုံလေးတွေ ရအောင်လို့ ကြံရတယ်၊ မှတ်စရာအာရုံလေးတွေ ရှုရတယ်၊ အဲဒီအာရုံလေးတွေ စဉ်းစားတယ်၊ ဝိတက် ဝိစာရတွေနဲ့ သမ္မသနညာဏ်ပိုင်းက အမှတ်ကောင်းတဲ့အခါတွေမှာ ပိတိလည်း ရှိတာပဲ၊ သုခ စိတ်ချမ်းသာမှုလည်း ရှိတာပဲ၊ သိပ်ကောင်းနေတဲ့အခါ စိတ်လည်း တည်ငြိမ်မှုက မှတ်ရာမှတ်ရာအာရုံမှာ တည်ရှိတာပဲ၊ အင်္ဂါငါးပါးလုံး ထင်ရှားတယ်၊ သမ္မသနညာဏ်ဆီမှာ အဲဒီက တက်လာတဲ့အခါ ဉဒယဗ္ဗယညာဏ် အနုပိုင်းရောက်တော့ကို အာရုံမကြုံစည်ရဘဲနဲ့၊ အာရုံမစဉ်းစားရဘဲနဲ့ ရှုမှတ်မှုလေးတွေ အစဉ်အတိုင်းသွားနေတော့ အဲဒါ ဒုတိယဈာန်အင်္ဂါနဲ့ ခပ်တူတူပဲ ဖြစ်လာတယ်၊ ဒုတိယဈာန်လို့တော့ မဆိုရဘူး၊ တူတာသာ ပြောရတာ၊ ယောဂီပုဂ္ဂိုလ်တွေ ကိုယ်တိုင်တွေ့နိုင်တာ၊ ဥပမာပြနေရတာ၊ အဲဒီကျတော့ ပိတိရှိတယ်၊ ဝမ်းမြောက်ဝမ်းသာမှုတွေ, အရောင်အလင်း အစရှိတာတွေ တွေ့ပြီးတော့ အတိုင်းမသိ အကြိုးအကျယ်ဖြစ်နေတယ်၊ စိတ်ချမ်းသာမှုလည်း ရှိတယ်၊ စိတ်တည်ကြည်ငြိမ်သက်မှုလည်း ရှိတယ်လို့ အင်္ဂါ (၃)ပါးရှိတယ်၊

အခု တတိယဈာန်က အင်္ဂါနှစ်ပါးမှာ ပိတိမပါဘူး၊ ဉဒယဗ္ဗယညာဏ် အရင့်ပိုင်းရောက်တော့ အရောင်အလင်းတွေ, ပိတိ ပဿဒ္ဓိတွေ မရှိတော့ဘူး၊ စိတ်ချမ်းသာမှုလေးတော့ ရှိတယ်၊ စိတ်ကလေးတော့ ချမ်းသာပြီး ကြည်ပြီးတော့ ရှုမှတ်လို့ကောင်းပြီးနေတယ်၊ စိတ်ချမ်းသာမှုနဲ့ စိတ်တည်ကြည်ငြိမ်သက်မှုနဲ့ သူတို့နှစ်ခု ထင်ရှားနေတယ်၊ အဲဒါ အခုဟောနေတဲ့ တတိယဈာန်က အင်္ဂါနဲ့တူနေတဲ့ သဘော ရှိနေတာပဲ။

ပိတိယာ စ-၏လည်း၊ ဝိရာဂါ-ကင်းခြင်းကြောင့်၊ ပိတိယာ စ-ကိုလည်း၊ ဝိရာဂါ-စက်ဆုပ်လွန်မြောက်ခြင်းကြောင့်၊ ဥပေက္ခကော-အညီအမျှရှုသည် ဖြစ်၍၊ ဝိဟရတိ-နေနိုင်၏။

http://www.dhammadownload.com

အညီအမျှရှုပြီးတော့ နေတယ်၊ ဘာပြုလို့ အညီအမျှရှုသလဲ ဆိုတော့ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္မဇာနော-သိသည်ဖြစ်၍၊ အမှတ်ရပြီးတော့ ဆင်ခြင်မှု၊ ဒီမှာတော့ သာမန်ဆင်ခြင်မှုပါပဲ၊ ဝိပဿနာမှာ တစ်နေ့က ဟောခဲ့တဲ့ ဆဋ္ဌဝုံပေက္ခာကတော့ အဲဒါက ရှုမှတ်ပြီးသိတဲ့ အသိတွေပဲ၊ အခုဟာက စျာန်နဲ့စပ်ပြီးတော့ သာမန်ဆင်ခြင်မှုပါပဲ၊ အဲဒါကြောင့် အညီအမျှလျစ်လျူရှုပြီးတော့ နေနိုင်တယ်တဲ့။

ဥပေက္ခာဘေယျဓါး

အဲဒီ အညီအမျှလျစ်လျူရှုတာက ဥပေက္ခာ (၁၀)ပါး ရှိတယ်၊ တစ်နေ့က ဥပေက္ခာတွေ တော်တော်ပြီးသွားပါပြီ၊ ဝိပဿနုပေက္ခာ သခါရုပေက္ခာတွေ ပြီးသွားပြီ၊ "ဝိပဿနု၊ သခါရု၊ ရှုမှုဉာဏ်ဖြစ်သည်"တဲ့၊ ဝိပဿနုပေက္ခာဆိုတာ နိစ္စ-မြဲလေ သလား မမြဲလေသလား၊ ဒုက္ခ ဆင်းရဲဟုတ်လေသလား၊ မဟုတ်လေသလား၊ ချမ်းသာလေလား ဆင်းရဲလေလား၊ အနတ္တ အတ္တမဟုတ်လေသလား၊ ဟုတ်လေသလား စသည်ဖြင့် အစက မဝေခွဲနိုင်ခင်တုန်းက စဉ်းစားဆင်ခြင်မှုတွေ ရှိတယ်၊ ရှုတိုင်းရှုတိုင်း အာရုံလေးတွေပေါ်ပြီး ပျောက်သွားတာလေးတွေ တွေ့ပါများလာတော့ ဟာ. . မမြဲတဲ့တရားတွေပဲလို့ သဘောကျပြီးတော့ သုံးသပ်ဆင်ခြင်တယ်၊ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေပဲလို့ သုံးသပ်ဆင်ခြင်တယ်၊ သူသဘောအတိုင်း သူဖြစ်ပျက်နေတဲ့ အစိုးမရတဲ့ အနတ္တသဘောတရားတွေပဲလို့ သုံးသပ်ဆင်ခြင်တယ်၊ အဲဒီလိုသုံးသပ်ဆင်ခြင်ပြီးတော့နေရာက သေသေချာချာ နှစ်နှစ်ခြိုက်ခြိုက် စိတ်ထဲ သဘောကျပြီး မသုံးသပ်ဘဲနဲ့ မဆင်ခြင်တော့ဘဲနဲ့ ရှုရုံလေးရှုသွားတာကို၊ အဲဒါဟာ ဝိပဿနုပေက္ခာပဲတဲ့။

ဆင်ခြင်မှုမှာ လျစ်လျူရှုပြီးတော့ ဆင်ခြင်မှုကို မပြုတော့ဘဲနဲ့ ရှုမှတ်သိရုံလေး ရှုမှတ်သိပြီး သွားတယ်တဲ့၊ အဲဒါ သမ္မသနဉာဏ်က အားရတဲ့အခါ ဥဇယဗွယဉာဏ်ရောက်တဲ့အခါ ထင်ရှားတယ်၊ သမ္မသနဉာဏ်က သုံးသပ်ဆင်ခြင်နေတာကိုး၊ မှတ်လိုက်ရင်း ဆင်ခြင်လိုက်ရင်း၊ မှတ်လိုက်ရင်း ဆင်ခြင်လိုက်ရင်း နောက်က လိုက်နေတယ်၊ အဲဒီက အားရတဲ့အခါတော့ မဆင်ခြင်တော့ဘဲ ရှုရုံလေး ရှုသွားနေတော့ ဝိပဿနုပေက္ခာဖြစ်နေတယ်။

သခါရုပေက္ခာကတော့ကို သခါရုပေက္ခာဉာဏ် ရောက်တဲ့အခါကျတော့ အာရုံသိအောင်လို့လည်း အထူးကြောင့်ကြမစိုက်ရဘူး၊ ရှုမှတ်မှုရှိအောင်လို့လည်း

http://www.dhammadownload.com

ကြောင့်ကြမစိုက်ရဘူး၊ အာရုံတွေပဲ သူဟာသူ ထင်ထင်ရှားရှားပေါ်လို့ ရှုမှတ်မှု လေးလည်း သူအလိုလိုဖြစ်လို့ သိရုံသိရုံလေးလိုက်ပြီး ငြိမ်သက်ပြီးတော့ သွားနေတယ်၊ အဲဒါ သခ်ါရုပေကွာပဲ၊ အဲဒါကတော့ ဝိပဿနာဉာဏ်ချည်းပဲတဲ့၊ ဒါနှစ်ခု ကတော့ "ဝိပဿန၊ သခ်ါရ၊ ရှုမှုဉာဏ်ဖြစ်သည်" ဝိပဿနုပေကွာနဲ့ သခ်ါရုပေကွာ ကတော့ တရားကိုယ် ကောက်လိုက်လို့ရှိရင် ဝိပဿနာဉာဏ်ပါပဲတဲ့။

နောက်ပြီးတော့ ဝိရိယဉပေကွာနဲ့ ဝေဒနာဉပေကွာနှစ်မျိုး၊ ဝိရိယ ဉပေကွာက ဝိရိယ မယုတ်မလွန် ညီမျှနေတာကို ဉပေကွာခေါ်တယ်၊ ဝိရိယလွန် နေတဲ့အခါ ဉပေကွာမဟုတ်ဘူး၊ ဝိရိယလျော့နေတဲ့အခါ ရှိတယ်၊ ဉပေကွာ မဟုတ် ဘူး၊ ဝိရိယ မယုတ်မလွန် ညီမျှနေတာ၊ ဝိရိယုပေကွာကတော့ ဝိရိယပါပဲ၊ 'ဝေဒနာ ဉပေကွာ'တဲ့၊ ဝေဒနာဉပေကွာကတော့ စိတ်တိုင်း စိတ်တိုင်းမှာ ဝေဒနာပါတယ်၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဉပေကွာဝေဒနာ-တဲ့၊ အကျဉ်းချုပ်အားဖြင့် ဝေဒနာ သုံးမျိုးရှိတယ်၊ အကျယ်အားဖြင့် ဆိုရင်တော့ ဝေဒနာ (၅)မျိုးရှိတယ်၊ သုခ ဒုက္ခ သောမနဿ ဒေါမနဿလို့ (၅)မျိုး ရှိတယ်၊ စိတ် ဖြစ်တိုင်း စိတ်ဖြစ်တိုင်းဟာ ဝေဒနာတစ်ခုတစ်ခုစီပါနေတာပဲ၊ ဘယ်စိတ်ဖြစ်ဖြစ် ဒီဥစ္စာကတော့ ဘယ် လောက်သေးတဲ့စိတ်ဖြစ်ဖြစ်၊ စိတ်တိုင်းစိတ်တိုင်းမှာ ဒီဝေဒနာပါတယ်၊ ခံစားမှု ဝေဒနာလေးပါတယ်၊ ကောင်းတဲ့အာရုံနဲ့ တွေ့ရတဲ့အခါ ကောင်းတဲ့အနေနဲ့ သူက ခံစားတယ်၊ မကောင်းတဲ့အာရုံတွေ့ ရတဲ့အခါ မကောင်းတဲ့အနေနဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေဆိုတာ မကောင်းတာတွေပေါ့၊ ဒုက္ခဝေဒနာတွေပဲ၊ ကိုယ်ထဲက ချမ်းသာနေတယ်၊ စိတ်ထဲက ချမ်းသာနေတယ်၊ ဝမ်းသာနေတယ်၊ ရွှင်နေတယ် ဆိုတာတွေဟာ ဒါသုခဝေဒနာတွေပဲ၊ မကောင်းမဆိုး အလယ်အလတ်ဖြစ်တဲ့ အာရုံနဲ့တွေ့နေတဲ့အခါ အလယ်အလတ် အာရုံခံစားတဲ့အခါကျတော့ သူက ကောင်းတယ်လည်း မဆိုလောက်ဘူး၊ မကောင်းဘူးလို့လည်း မပြောလောက်ဘူး၊ အကောင်းအဆိုး အလယ်ကြားမှာ ညီမျှနေတယ်၊ ဒါ ဉပေကွာဝေဒနာခေါ်တယ်၊ အဲဒီဝေဒနာသုံးမျိုးထဲမှာ ဉပေကွာဝေဒနာဆိုတာ ဝေဒနုပေကွာပဲ၊ ဉပေကွာ သဟဂုတ်စိတ်တိုင်း စိတ်တိုင်းမှာ ဒီဝေဒနာတွေ ပါနေတယ်၊ ဉပေကွာသဟဂုတ် စိတ် (၅၅)ခု ရှိတယ်၊ အဲဒါ ဝေဒနာလည်း (၅၅)မျိုး ရှိတယ်။

ဒါကြောင့် ဝိရိယုပေကွာနဲ့ ဝေဒနုပေကွာကတော့ တရားကိုယ်တစ်ခုစီပဲ တဲ့၊ 'ဝိရိယုပေကွာ'ဆိုတာ ဝိရိယစေတသိက်၊ 'ဝေဒနုပေကွာ' ဆိုတာ ဉပေကွာ

http://www.dhammadownload.com

ဝေဒနာစေတသိက် တခြားစီပါပဲ၊ ဒါကြောင့် "ဝိရိုဝေဒနာ၊ အရမ္မာ၊ နှစ်ဖြာကွဲပြားသည်"တဲ့၊ ဝိရိယဥပေက္ခာ, ဝေဒနာဥပေက္ခာ သူတို့ (၂)ခုအရက တရားကိုယ်အသီးသီး ကွဲနေတယ်တဲ့၊ ဥပေက္ခာလေးမျိုး ပြီးသွားပြီ။

ကျန်တာက ခြောက်မျိုး၊ အဲဒီခြောက်မျိုးထဲမှာ ပထမတစ်မျိုးတော့ ပြီးသွားပြီ၊ "ဆဋ္ဌင်ပြဟ္မ၊ ဗောဇ္ဈင်, တတြဗျာန်ပါရီ"တဲ့၊ ဆဋ္ဌဂုံပေက္ခာကို တစ်နေ့က ပြောပြီးသွားပြီ၊ က၊ . . ဒီဆောင်ပုဒ်ကလေး ဆိုဦးမှပဲ။

* **ဝိပဿနု၊ ဆဒ္ဓါရု၊ ရွှမ္ဘုညာဏ်ဖြစ်သည်း**
ဝိရိုဝေဒနာ၊ အရမ္မာ၊ နှစ်ဖြာကွဲပြားသည်း (ဆို သုံးခေါက်)

ဝိရိယုပေက္ခာ - ဝိရိယဥပေက္ခာ ဝိရိယစေတသိက်တဲ့၊ ဝေဒနုပေက္ခာ-ဝေဒနာစေတသိက်တဲ့၊ အရကွဲပြားနေတယ်၊ 'ဝိပဿနု၊ သဒ္ဓါရု၊ ရွှမ္ဘုညာဏ်ဖြစ်သည်' သူကတော့ ဉာဏ်ချည်းထဲပဲ၊ ဝိပဿနုပေက္ခာတစ်ခုက ပြောခဲ့တဲ့အတိုင်း ဥဒယဗ္ဗယဉာဏ်ထဲကစပြီးတော့ ဖြစ်လာတယ်၊ အထက်ပိုင်း သဒ္ဓါရုပေက္ခာဉာဏ်ရောက်အောင်လည်းပဲ သူအကုန်လုံး ပါသွားတာပါပဲ၊ သဒ္ဓါရုပေက္ခာကတော့ သဒ္ဓါရုပေက္ခာ ဉာဏ်မှဖြစ်တယ်၊ အဲဒီလေးခု ပြီးသွားပါပြီ၊ နောက် ဥပေက္ခာခြောက်ခုရှိတယ်၊ "ဆဋ္ဌင်ပြဟ္မ၊ ဗောဇ္ဈင်၊ တတြဗျာန်ပါရီ" သူက နောက်ကျန်ကာရုန်ချင်း တိုက်အောင်လို့ လုပ်ထားရတယ်၊ တဲ့တဲ့ လိုရင်းကတော့ "ဆဋ္ဌင်ပြဟ္မ၊ ဗောဇ္ဈင်၊ တတြ ဗျာန်ပါရီ"တဲ့၊ ဆဋ္ဌဂုံပေက္ခာက တစ်မျိုး၊ ပြဟ္မဝိဟာရုပေက္ခာက တစ်မျိုး၊ ဗောဇ္ဈင်္ဂပေက္ခာက် တစ်မျိုး၊ တတြမဇ္ဈတ္တုပေက္ခာက တစ်မျိုး၊ ဗျာနုပေက္ခာက တစ်မျိုး၊ ပါရိသုဒ္ဓိဥပေက္ခာက တစ်မျိုး၊ ခြောက်မျိုးရှိတာကိုး၊ ကိုင်း . . ကိုင်း. . ဆိုစမ်းပါဦးတော့။

* **ဆဋ္ဌင်ပြဟ္မ၊ ဗောဇ္ဈင်၊ တတြဗျာန်ပါရီ"** (ဆို သုံးခေါက်)

အဲဒါ (၆)ခု အရကတော့ ဘာတုံးဆိုတော့ တတြမဇ္ဈတ္တတာ စေတသိက်ပဲတဲ့၊ "တတြမဇ္ဈတ္တတာ၊ တစ်ပါးသာ၊ (၆)ဖြာကွဲလေသည်တဲ့" 'တတြ'ဖြုတ်ထားပြီးတော့ မဇ္ဈတ္တတာ ဆိုရင်လည်း လွယ်မှာပါပဲ၊ မဇ္ဈတ္တတာ ဆိုရင်လည်း အဓိပ္ပါယ်အတူတူပါပဲ၊ မဇ္ဈတ္တဆိုတော့လည်း အဓိပ္ပါယ်ရနေတာပဲ၊ မဇ္ဈတ္တ - မဇ္ဈ+အတ္တ၊ အဇ္ဈ-အလယ်အလတ်၊ အတ္တ,က သဘောကိုး၊ မဇ္ဈတ္တ-အလယ်အလတ် သဘောရှိသည်၊ 'မဇ္ဈတ္တတာ' ဆိုတော့ အလယ်အလတ်သဘောရှိသည်၏အဖြစ်၊ အလွန်

http://www.dhammadownload.com

ဘက်လည်း မလိုက်ဘူး၊ အယုတ်ဘက်လည်း မလိုက်ဘူး၊ အလယ်အလတ်သဘော ရှိပြီးနေတယ်၊ အလယ်အလတ်သဘောရှိခြင်း အလယ်ဗဟိုကျနေခြင်းလို့ ဒီလို အဓိပ္ပါယ်ရတာကိုး၊ သဒ္ဓါရော, အနက်ကော ကောင်းနေတယ်၊ 'မဗျတ္တာ'ဆိုတော့ မဗျ-အလယ်က တည်တာကိုး၊ အလယ်၌တည်တယ်၊ အလယ်၌တည်သည်၏ အဖြစ်၊ အယုတ်အလွန် နှစ်ခုတို့၏ အလယ်၌တည်တာဟာ မဗျတ္တတာပါပဲ၊ အဲဒါက သက္ကဋကျမ်းတွေမှာ 'မဗျတ္တ မဗျတ္တတာ'လို့ ရှိတယ်၊ ပါဠိကျမ်းဂန်တွေကျတော့ မဗျ,မဗျတ္တတာတွေ ဖြစ်နေတယ်၊ အဲဒီတော့ မဗျတ္တတာကပဲ လိုရင်းကျတယ် ဆိုပြီးတော့ တချို့က ဆုံးဖြတ်တယ်၊ ဟုတ်ချင်လည်း ဟုတ်မှာပါပဲ။

သို့သော် မဗျတ္တကလည်း အနက်အဓိပ္ပါယ်တော့ ကောင်းနေတာပါပဲ၊ အခု တော့ မဗျတ္တကပဲ၊ အင်မတန်တွင်ကျယ်နေပါတယ်၊ နောက်ပိုင်းကျမ်းတွေက မဗျတ္တကို သေသေချာချာ ဝိဂြိုဟ်လုပ်ပြီးတော့ ဖွင့်ထားတယ်၊ အဲဒါ မဗျတ္တတာ ဆိုရင်လည်းပဲ အနက်အဓိပ္ပါယ်ကောင်းတာပဲ၊ သဒ္ဓါအရတော့ ကောင်းနေတာပါပဲ၊ သို့သော် အရင်းခံကျတာကတော့ သက္ကတကျမ်းရင်းတွေရှိတဲ့ဥစ္စာက ပိုအရင်းခံ ကျတယ်၊ အလယ်အလတ်ညီမျှနေတာတဲ့၊ "မဗျတ္တတာ၊ တစ်ပါးသာ၊ (၆)ဖြာကွဲလေ သည်တဲ့၊" ဆဋ္ဌဝုံပေကွာ၊ ပြဟ္မဝိဟာရုပေကွာ၊ ဗောဇ္ဈင်္ဂပေကွာ၊ ဈာနုပေကွာ၊ တတြမဗျတ္တုပေကွာ၊ ပါရိသုဒ္ဓိဥပေကွာ၊ အဲဒီဥပေက္ခာခြောက်မျိုးဟာ တရားကိုယ် အရဖားဖြင့် တတြမဗျတ္တတာ စေတသိက်တစ်ခုတည်းပါပဲ၊ ဒါ့ကြောင့် 'မဗျတ္တတာ၊ တစ်ပါးသာ၊ (၆)ဖြာကွဲလေသည်"တဲ့၊ ကိုင်း. . ဆိုစမ်းပါဦး။

* **မဗျတ္တတာ၊ တစ်ပါးသာ၊ ခြောက်ဖြာကွဲလေသည်၊** (ဆို သုံးခေါက်)

ဆဋ္ဌဝုံပေကွာကို တစ်နေ့က ပြောပြီးသွားပြီ၊ "ဆဋ္ဌဝုံပေကွာက အဆင်းမြင်ရာ၊ ရှုမှတ်ကာ၊ မှန်စွာသိပါစေ" "ဝမ်းသာမဖက်၊ စိတ်မယှက်၊ ရှုလျက်လျစ်လျူနေ" "ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ" တစ်နေ့တုန်းက ခြောက်ဖွါရ ခြောက် အာရုံနဲ့စပ်ပြီးတော့ ဥပေက္ခာ (၆)မျိုးဖြစ်နေပုံ၊ ဆဋ္ဌဝံ,က ဆ+အင် အင်္ဂါ (၆)ခုရှိတဲ့ ဥပေက္ခာ၊ ကောင်းပါတယ်၊ ဝိပဿနာယောဂီတွေနဲ့ အင်မတန် ကိုက်နေတယ်၊ ဒီသဓါရုပေက္ခာရောက်နေတဲ့ပုဂ္ဂိုလ်ဆိုရင် ကိုယ်ဖြစ်ဖူးတာတွေနဲ့ အချိုးကျနေတာပဲ၊ အင်မတန်ကို ဟန်ကျနေတယ်၊ အဲဒီဒေသနာနဲ့ အချိုးကျနေ တယ်။

http://www.dhammadownload.com

ဘယ်လိုကောင်းတာတွေ မြင်ရပေမယ်လို့လည်းပဲ ဝမ်းမြောက်ဝမ်းသာ မဖြစ်ဘူး၊ မကောင်းတာတွေနဲ့ ဘယ်လိုတွေ့ရပေမယ့် စိတ်မချမ်းမသာမဖြစ်ဘူး၊ အညီအမျှ ရှုရုံရှုရုံ သီရုံသီရုံလေး သွားနေတာတဲ့၊ ကြားရာတွေ၊ နံရာတွေ၊ စားရာတွေ၊ တွေ့ထိရာတွေ ဖွါရရခြောက်ပါးက အကုန်လုံးပါပဲ၊ ဘယ်လိုကောင်းတာတွေနဲ့ တွေ့လို့လည်းပဲ ဘာမှမဖြစ်တော့ဘူး၊ မကောင်းတာတွေနဲ့လည်း ဘာမှမဖြစ်ဘူး၊ သီရုံသီရုံလေးနေတာပဲ၊ သိလိုက် ပျောက်လိုက်၊ သိလိုက် ပျောက်လိုက် တစ်ခါတည်း အစဉ်တန်းပြီးတော့ သွားနေတာ၊ နာရီဝက်လောက်လည်း နေတာပဲ၊ တစ်နာရီလည်း ကြာတာပဲ၊ သူ့အရှိန်နဲ့သူ သွားပြီးတော့နေတာ သခါရပေကွာပဲ၊ ဒါ "ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှလျှင်ဖြစ်နိုင်ပေ"တဲ့၊ ရဟန္တာပုဂ္ဂိုလ်များ၏ စိတ်နေစိတ်ထားမျိုး ရှိတဲ့အခိုက်အတန့်လေးမှာ ဖြစ်နေတာပေါ့လေ၊ ရပ်တဲ့အခါကျတော့ မဖြစ်သေးဘူး။

အဲဒါ တရားကိုယ်က ဘာတုံးဆိုတော့ ဒီမှာ ညဏ်တွေလည်း ပါတာပေါ့၊ ညဏ်ပါပေမယ်လို့ တရားကိုယ် အရကောက်လိုက်တော့ တကြမ္မတ္တတာပဲတဲ့၊ သူက အညီအမျှသွားနေတာတဲ့ ။

ဗြဟ္မဝိဟာရ

အခု အလှည့်ကျနေတာက ဗြဟ္မဝိဟာရ၊ 'ဗြဟ္မဝိဟာရ'ဆိုတာ ဗြဟ္မ,က မြတ်သော၊ ဝိဟာရ,က နေခြင်း၊ မြတ်သောနေခြင်း၊ တစ်နည်းအားဖြင့် ဗြဟ္မာတို့၏ နေခြင်း၊ မြတ်သောနေခြင်း၊ ဗြဟ္မာတို့၏နေခြင်း၊ ဘာတွေတုံးဆိုလို့ရှိရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မဝိဟာရတရားဆိုတာ (၄)ပါး ရှိတယ်။

မေတ္တာ - သတ္တဝါတွေကို ချမ်းသာစေလိုတဲ့ သဘောတရားကို မေတ္တာလို့ ခေါ်တယ်၊ သတ္တဝါတွေကို ချမ်းသာစေချင်တာ၊ လောကခေါ်ဝေါ် သုံးစွဲနေတဲ့ မေတ္တာတွေလည်း ရှိတယ်၊ အဲဒီမေတ္တာတွေကတော့ မေတ္တာအစစ်အမှန်တွေ မဟုတ်ဘဲ ဖြစ်နေတယ်၊ တစ်ဦးနဲ့တစ်ဦး ချစ်တာခင်တာတွေ ရှိတာကိုး၊ အဲဒါတွေလည်းပဲ မေတ္တာဆိုပြီးတော့ ပြောနေကြတယ်၊ သူလည်းပဲ မေတ္တာလို့တော့ ဆိုရမှာပဲ၊ မေတ္တာဆိုတာက အနက်ပြန်လိုက်တော့ကို ချစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ရနေတယ်၊ သူသစ္စါ အနက်နဲ့တော့ ကိုက်နေတယ်။

http://www.dhammadownload.com

ဒါပေမယ်လို့ ဒီမေတ္တာက အဲဒီလို ရာဂနဲ့ တပ်မက်ပြီးတော့ ချစ်တာမဟုတ်ပါဘူး၊ သူကတော့ ချမ်းသာစေလိုတဲ့သဘောပဲ၊ တစ်ပါးသော သတ္တဝါတွေ ချမ်းသာစေချင်တဲ့သဘောဟာ မေတ္တာပဲ၊ "ဟိတာကာရလက္ခဏာ"တဲ့၊ တစ်ပါးသော ပုဂ္ဂိုလ်၏ အစီးအပွားချမ်းသာကို ရွှင်ပြုံးလက္ခဏာ ရှိပါတယ်တဲ့၊ 'ဟိတ'ဆိုတာ တစ်ပါးသောပုဂ္ဂိုလ် ချမ်းသာပါစေလို့ နှလုံးသွင်းတဲ့စိတ်ကလေးဟာ, ချမ်းသာစေချင်တဲ့ စိတ်ကလေးဟာ တစ်ပါးသောသတ္တဝါ၏သန္တာန်မှာ ချမ်းသာလေးထည့်ပေးသလို ပုဂ္ဂိုလ်တစ်ဦးမြင်လိုက် ချမ်းသာပါစေလို့ အဲဒီလိုစိတ်က နှလုံးသွင်းလိုက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိုယ်က ချမ်းသာလေး ထည့်ပေးလိုက်တယ်၊ ကိုယ်အားဖြင့် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိပါစေ၊ စိတ်အားဖြင့်လည်းပဲ ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာနဲ့ စိတ်မဆင်းရဲဘဲနဲ့ ချမ်းချမ်းသာသာ ရှိပါစေလို့ ချမ်းသာပါစေဆိုတဲ့ စိတ်ကလေးဟာ ကောင်းတယ်၊ ပုဂ္ဂိုလ်တွေ့တိုင်း တွေ့တိုင်းဟာ ပြုန်းခနဲ တွေ့လို့ရှိရင် အဲဒါလေးက "ချမ်းသာပါစေ၊ ချမ်းသာပါစေ"လို့ ပါးစပ်က မဆိုတောင် စိတ်ထဲကပေါ့လေ၊ စိတ်က လိုရင်းပါပဲ၊ စိတ်ထဲက အဲဒါလေး ထည့်လိုက်ရင် အင်မတန်ကောင်းတယ်၊ တွေ့တိုင်း တွေ့တိုင်း ပုဂ္ဂိုလ်တွေ ချမ်းသာပါစေ၊ သတ္တဝါတွေအကုန်လုံး ချမ်းသာချင်နေကြတယ်၊ အဲဒီလို ချမ်းသာစေလိုတဲ့ စိတ်ဓာတ်နဲ့ မေတ္တာပွားများပြီးတော့ နေတာက မေတ္တာဗြဟ္မဝိဟာရတရားလို့ ခေါ်တယ်၊ ဈာန်ရနိုင်တယ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ (၄)မျိုးရှိတယ်၊ အဲဒီ (၄)မျိုးလုံးပဲ ဈာန်ရတဲ့တရားတွေဖြစ်ပါတယ်။

ဥပေက္ခာ

အခုဟာ ဥပေက္ခာကို ပြောရမယ်၊ ဥပေက္ခာပြောတော့ ဥပေက္ခာ,က စပြီးတော့ တရားအားထုတ်လို့ ဖြစ်တာ မဟုတ်ဘူး၊ ဥပေက္ခာ,က ဘုရားတည်ပြီးထီးတင်တာလို ဖြစ်နေတယ်၊ ဘုရားအခြေခံအုတ်မြစ်က စပြီးတည်လာတော့ နောက်ဆုံးမှ ထီးက တင်ရတယ်၊ ဥပေက္ခာ,ကစပြီး ပွားလို့မဖြစ်ဘူး၊ ဗါကြောင့် မေတ္တာတို့၊ ကရုဏာဟို့၊ မုဒိတာတို့ ဒီသုံးခု တစ်ခုခုကနေပြီး ပွားရတယ်၊ အဲဒီကနေ ပွားလို့ ဈာန်ရလာပြီဆိုတော့မှ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်နဲ့ မပြီးသေးဘူး၊ တတိယဈာန်ရပြီးတဲ့နောက် စတုတ္ထဈာန်တက်တော့မှ ဒီမှာ ဥပေက္ခာပါလာတာကို၊ ဒီကျမှ ဥပေက္ခာနဲ့ ပွားလို့ရတယ်။

http://www.dhammadownload.com

မေတ္တာ

အဲဒါကြောင့် မေတ္တာကနေပြီးတော့ တရားနှလုံးသွင်းအားထုတ်ပုံကလေး နည်းနည်းပြောရဦးမယ်၊ မေတ္တာပြောပြီးတဲ့နောက် ကရုဏာတို့၊ မုဒိတာတို့ကတော့ ကျယ်ကျယ်ဝန်းဝန်းပြောဖို့ မလိုပါဘူး၊ မေတ္တာက အရေးကြီးတယ်၊ မေတ္တာက ကမ္ဘာ့ရိုးရာလိုလည်း ဖြစ်နေတယ်၊ မေတ္တာတရားဆိုရင် အားလုံးသော သတ္တဝါ တွေက လက်ခံနိုင်တာပဲ များတယ်၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားဘာသာတွေက လည်း မေတ္တာတရားဟောလို့ရှိရင်တော့ မငြင်းဘူး၊ သူတို့ကလည်း မေတ္တာတော့ လက်ခံတယ်၊ မေတ္တာတော့ အပြစ်မဆိုကြဘူး။

လက်မခံမယ့်ပုဂ္ဂိုလ်ကတော့ တစ်မျိုးတော့ ရှိတယ်၊ လက်မခံမှာကတော့ ရုပ်ဝါဒီသမားပဲ၊ သူက လက်ခံမှာမဟုတ်ဘူး၊ သတ္တဝါတစ်ဦးက သတ္တဝါတစ်ဦး အပေါ် ဘာနှလုံးသွင်းနေစရာရှိသေးလဲ၊ ဒါအပိုပဲ၊ သူက ဒီလိုလုပ်မှာ၊ သူတော့ဖြင့် လက်ခံမှာမဟုတ်ဘူး၊ ဒီပြင် အားလုံးသော ဘာသာဝင်တွေ လက်ခံကြတယ်။

ရှေးဦးစွာ မေတ္တာမပွားအပ်တဲ့ပုဂ္ဂိုလ်

'မေတ္တာ'ဆိုတာ တခြားသော သတ္တဝါတွေ ချမ်းသာပါစေလို့ဆိုတဲ့ စိတ်ဓာတ်ကလေး၊ အဲဒီမေတ္တာကမ္မဋ္ဌာန်းဟာ ဘယ်က စပြီးတော့ ပွားရမလဲ ဆိုရင် ပုဂ္ဂိုလ်လေးမျိုး ရှိတယ်။

(၁) အင်မတန် ချစ်အပ်တဲ့ပုဂ္ဂိုလ်၊
(၂) ရိုးရိုးတော်ရုံတန်ရုံ ချစ်အပ်တဲ့ပုဂ္ဂိုလ်၊
(၃) အလယ်အလတ်ပုဂ္ဂိုလ်၊
(၄) မုန်းနေတဲ့ ရန်သူဖြစ်တဲ့ ပုဂ္ဂိုလ်၊

အဲဒီလေးမျိုးသောပုဂ္ဂိုလ်တွေကိုလည်း ပွားများလို့ မဖြစ်ဘူးတဲ့၊ ဒီကစပြီး တော့ ပွားများလို့ရှိရင် အင်မတန်ချစ်ပြီးတော့နေတဲ့ပုဂ္ဂိုလ်ကို သွားပွားလို့ရှိရင် မေတ္တာက ပကတိအချစ်မျိုးလည်း ချစ်ရတာ မဟုတ်ဘဲဟာကိုး၊ အလယ်အလတ် ဖြစ်တဲ့ပုဂ္ဂိုလ်ကို ပွားများလို့ရှိရင်လည်းပဲ အစကတည်းက အလယ်အလတ်ဆိုတာ ကိုယ်နဲ့ ဘာမှ အရေးမကြီးတဲ့ပုဂ္ဂိုလ်ကိုး၊ ဒီတော့ ပေါ့တော့တော့ဖြစ်နေတယ်၊ စိတ်မဝင်စားဘူး၊ ရန်သူကိုသွားပွားရင်လည်း ဒေါသဖြစ်တတ်တယ်။

http://www.dhammadownload.com

ရှေးဦးစွာ မေတ္တာပွားအပ်တဲ့ပုဂ္ဂိုလ်

ဒါကြောင့် ဘယ်လိုပုဂ္ဂိုလ်ကိုပွားရမလဲဆိုလို့ရှိရင် ရိုသေလေးစားလောက်တဲ့ ပုဂ္ဂိုလ်က စပြီးတော့ ပွားရမယ်တဲ့၊ ရိုသေလေးစားအပ်တဲ့ပုဂ္ဂိုလ် ဆရာသမားတို့ မိဘတို့တွေက လေးစားအပ်တဲ့ပုဂ္ဂိုလ်ဖြစ်ကြတယ်၊ ဒီပြင်လည်း လေးစားအပ်တဲ့ ပုဂ္ဂိုလ် ရှိမှာပေါ့၊ ဆွေမျိုးတွေထဲမှာလည်းပဲ ဦးကြီး၊ ဦးလေး၊ အစ်ကိုကြီး၊ အစ်မကြီး စသည် ဒီလိုဟာတွေ ရှိမှာပေါ့၊ အဲဒီပုဂ္ဂိုလ်ကစပြီး ပွားများရမယ်တဲ့၊ ဒါက ကမ္မဋ္ဌာန်းအဖြစ်နဲ့ အမြဲတမ်းပွားတဲ့ဟာမျိုး။

သာမန်အားဖြင့်ဆိုရင်တော့ မြင်တိုင်း၊ တွေ့တိုင်း ပုဂ္ဂိုလ်တွေ အကုန်လုံး ပွားလို့ရပါတယ်၊ မြင်တိုင်း တွေ့တိုင်း ပုဂ္ဂိုလ်တွေ မြင်ရာကနေပြီးတော့ လူ တစ်ယောက်မြင်ရင် ချမ်းသာပါစေ၊ ချမ်းသာပါစေလို့ နှလုံးသွင်းနိုင်တာပဲ၊ အသံ ကြားလို့ရှိရင်လည်း ချမ်းသာပါစေလို့ နှလုံးသွင်းနိုင်တာပဲ၊ ဒီထဲ သာမည အားဖြင့်လည်း အားလုံးသော သတ္တဝါတွေ ချမ်းသာပါစေလို့ ဒီလို နှလုံးသွင်းလည်း ဖြစ်တာပဲ၊ ဈာန်ရအောင်လို့ တကယ်တမ်းပွားတော့မယ်ဆိုလို့ရှိရင် တစ်ဦးတစ် ယောက်တည်း စူးစိုက်ပြီးတော့ ပွားရမှာကိုး၊ အလေးပြုအပ်တဲ့ ဆရာသမား၊ မိတ်ဆွေ အဲဒီလို ပုဂ္ဂိုလ်က စပြီးပွားများရမယ်တဲ့၊ လောကအနေအားဖြင့် ရာဂနဲ့ ချစ်ခင်တပ်မက်ပြီးတော့နေတဲ့ပုဂ္ဂိုလ်ကိုတော့ မပွားရဘူးတဲ့၊ အဲဒါကတော့ ကိလေ သာ တွေ ပွားလာတတ်တယ်၊ မေတ္တာကနေပြီးတော့ မေတ္တာမဖြစ်ဘဲနဲ့ ရာဂတွေ ဖြစ်တတ်တယ်တဲ့၊ အဲဒီလိုဟာတော့ မပွားရဘူး။

ရိုးရိုးခင်မင်အပ်တဲ့ပုဂ္ဂိုလ်၊ ရိုးရိုးအလေးပြုအပ်တဲ့ပုဂ္ဂိုလ်၊ ကြည်ညိုအပ်တဲ့ ပုဂ္ဂိုလ် ဒီလိုပုဂ္ဂိုလ်စပြီးတော့ ပွားရမှာကိုး။ အဲဒါ ထိုင်နေရင်းဖြစ်စေ၊ အိပ်နေရင်း ဖြစ်စေ၊ သွားနေရင်းဖြစ်စေ အဲဒီပုဂ္ဂိုလ်ကို အာရုံပြုပြီးတော့ ပွားနေရုံပါပဲ။

ကိုယ့်ကိုယ်အရင်းပွား

ဒါပေမယ့် ရှေးဦးစွာ စပြီးတော့ ပွားရမှာကိုး၊ 'ကိုယ့်ကိုယ်က စပြီးတော့ ပွားပါလို့ အဋ္ဌကထာဆရာက ပြောခဲ့တယ်၊ ကိုယ့်ကိုယ်ကိုအရင် ဥပမာလေး ရသွားအောင်လို့တဲ့၊ ဒါကတော့ လိုရင်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ်လို့ အဋ္ဌ ကထာဆရာကပဲ ပြောထားတယ်၊ ဒါကို ပွားချင်လဲ ပွားပေါ့လေ၊ 'အဟံ အဝေရော

http://www.dhammadownload.com

ဟောမိ"လို့ ပါဠိလို မေတ္တာပွားတဲ့၊ ပုဒ်ဒေသနာအစဉ်မှာ လာတာက 'အဝေရာ'တဲ့၊ 'အဗျာပဇ္ဈာ'တဲ့၊ 'အနီဃာ'တဲ့၊ 'သုခီ အတ္တာနံ ပရိဟရန္တု'တဲ့၊ လေးပုဒ်ရှိတယ်၊ အဝေရာ ဟောန္တု - ရန်ကင်းပါစေ၊ အဗျာပဇ္ဈာ ဟောန္တု - စိတ်ဆင်းရဲကင်းပါစေ၊ အနီဃာ ဟောန္တု - ကိုယ်ဆင်းရဲကင်းပါစေ၊ သုခီ အတ္တာနံ ပရိဟရန္တု - ချမ်းချမ်းသာသာနဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေလို့ ဒီလေးပုဒ်ပါပဲ၊ အဲဒါ တစ်ပုဒ်တည်းနဲ့ ပွားရင်လည်း ပြီးပါတယ်။

ချမ်းသာပါစေ ဆိုပြီး ပွားမှာစိုးခြင်း

ဒါကတော့ တစ်ပုဒ်တည်းနဲ့ 'ရန်ကင်းပါစေ၊ ရန်ကင်းပါစေ'လို့ ဒါတစ်ခုတည်းလည်း ရတာပါပဲ၊ 'စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ'လို့ ဒါတွေလည်းပဲ ရပါတယ်၊ 'ချမ်းချမ်းသာသာနဲ့ ကိုယ့်ခန္ဓာ ရွက်ဆောင်နိုင်ပါစေ' ဆိုတာလည်း 'ချမ်းသာပါစေ'ဆိုတာနဲ့ အတူတူပါပဲ၊ 'ချမ်းသာပါစေ'လို့ ပုဒ်တစ်ခုတည်း နှလုံးသွင်းလို့ အလွယ်ဆုံးပါပဲ၊ ရန်ကင်းရုံမျှနဲ့လည်း မချမ်းသာသေးဘူး၊ စိတ်ဆင်းရဲ ကင်းရုံမျှနဲ့လည်း ကိုယ်ဆင်းရဲကျန်သေးတယ်၊ မချမ်းသာသေးဘူး၊ ကိုယ်ဆင်းရဲ ကင်းရုံနဲ့လည်း စိတ်ဆင်းရဲ ကျန်သေးတယ်၊ မချမ်းသာသေးဘူး၊ ချမ်းသာပါစေ ဆိုတာတော့ဖြင့် အကုန်လုံး အပ္ပံနံဆုံးပဲ၊ အဲဒီတော့ ဒီတစ်ပုဒ် တည်းနဲ့ ပွားလို့ရှိရင် လဲ ရပါတယ်၊ 'ချမ်းသာပါစေ၊ ချမ်းသာပါစေ'ဆိုပြီး ပုဂ္ဂိုလ်တစ်ယောက်ယောက်ဆို စိတ်ထဲက အာရုံပြုပြီးတော့ 'ချမ်းသာပါစေ၊ ချမ်းသာပါ စေ၊ ချမ်းသာပါစေ' ဒီလို လည်း ရပါတယ်၊ ဒါပေမယ့် ဒေသနာနည်းအတိုင်း ပွားချင်လို့ရှိရင်တော့ကို 'ရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ချမ်းချမ်းသာသာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ'လို့ ခုန ပြောတဲ့အတိုင်းပါပဲ။

အဲဒါ ကိုယ့်ကိုယ်ကစပြီးတော့ 'ငါသည် ရန်ကင်းရလို၏၊ ငါ့မှာ ရန်ကင်းပါစေ'လို့ ဒီလိုနှလုံးသွင်းရမယ်၊ ဒါကတော့ နှလုံးသွင်းလို့တော့ အလွယ်ဆုံးပေါ့လေ၊ ကိုယ့်ကိုယ်ကိုဆိုတော့ ရန်က ကင်းချင်နေတာကိုး၊ အလွယ်ဆုံးပဲ၊ သူဥစ္စာ ဘာမှ မခက်ဘူး၊ သူကျတော့ စိတ်ဆင်းရဲကင်းပါစေ၊ လွယ်လွယ်ပဲ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ လွယ်လွယ်ပဲ၊ ချမ်းချမ်းသာသာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ၊ ကိုယ့်ကိုယ်အတွက်တော့ အင်မတန်လွယ်နေပါတယ်၊ အကုန်လုံးအလိုရှိပြီးသားပဲ၊ ဒါ ဥပမာရအောင်လို့တဲ့။

http://www.dhammadownload.com

လောကမှာ အချစ်ဆုံးပုဂ္ဂိုလ်ဟာ ဘယ်သူတုံးဆိုရင် ကိုယ့်ကိုယ်ဟာ အချစ်ဆုံးပဲတဲ့၊ ကိုယ့်ကိုယ်ထက် ပိုချစ်တာ မရှိဘူး၊ စိတ်ကူးပြီးတော့ လိုက်ရှာပါတဲ့၊ လိုက်ရှာလိုက်လို့ရှိရင် မိမိကိုယ်ထက်ချစ်တဲ့ဥစ္စာ ဘယ်မှမရှိဘူးတဲ့၊ ကိုယ့်ကိုယ်ဟာဖြင့် အချစ်ဆုံးပဲတဲ့၊ တချို့က ကိုယ့်သားလေး ကိုယ့်ထက် ပိုချစ်တယ်၊ ကိုယ့်သမီး ကိုယ့်ထက် ပိုချစ်တယ် စသည်ဖြင့် ဒီလိုလောကဝေါဟာရ ပြောတာရှိတာကိုး၊ တကယ်ကျတော့ 'ကိုယ့်ကိုယ်ကိုယ်အချစ်ဆုံးပဲ"၊

ကောသလမင်းနှင့် မလ္လိကာမိဖုရား

သေသေချာချာ စစ်ဆေးကြည့်လို့ရှိရင် မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက ပဿေနဒီကောသလမင်းကြီးဆိုတာ ကြားဖူးကြမှာပေါ့၊ သူ့မိဖုရားအငယ်က 'မလ္လိကာ'တဲ့၊ ဒီပြင် မိဖုရားတွေလည်း ရှိပါတယ်၊ ဒီပြင် မိဖုရားတွေကတော့ မင်းမျိုးမင်းနွယ်က ဆင်းသက်လာတဲ့ မင်းသမီးတွေကိုး၊ 'မလ္လိကာ' ဆိုတာကတော့ကို ပန်းသည်ရဲ့သမီးကိုး၊ ကောသလမင်းက မောမောပန်းပန်းနဲ့ ပြန်လာတဲ့အခါ ပန်းဥယျာဉ်မှာ ဒီကလေးမလေးက ဝတ်ကြီးဝတ်ငယ်တွေ ပြုစုတာနဲ့ အဲဒီကနေပြီး သူ့စိတ်ထဲ သာယာတပ်မက်တဲ့စိတ်ရှိတာနဲ့ ကျေးဇူးလည်း တင်တာနဲ့ သူ့ကို မိဖုရားအဖြစ်နဲ့ တင်မြှောက်ထားတာ၊ မလ္လိကာဆိုပြီး သူက ဆွေဂုဏ်မျိုးဂုဏ်လည်း မရှိရှာဘူးပေါ့လေ၊ ဒီပြင်ပဂ္ဂိုလ်တွေကတော့ သူအမေအဖေတွေကကိုး၊ မင်းမျိုးတွေဆိုတော့ သူတို့က မျက်နှာကြီးတွေဖြစ်နေတာကိုး၊ မလ္လိကာဆိုတာက ပန်းသည်သမီးဆိုတော့ ဆွေမျိုးဂုဏ် ဘာမှမရှိဘူးပေါ့၊ လောကဘက်က ဂုဏ်မရှိဘူး၊ ဂုဏ်မရှိတော့ နန်းတွင်းမှာဆိုလို့ရှိရင် သိပ်ပြီးတော့ ထည်ထည်ဝါဝါ မရှိဘူးပေါ့၊ နေထိုင်ရတာ မျက်နှာငယ်နေတယ်လို့ ဆိုရမှာပေါ့လေ။

ပဿေနဒီကောသလမင်းကြီးကတော့ သူ့ကို ကျေးဇူးလည်းပဲ တင်တယ်၊ စစ်ကနေပြီး ပင်ပင်ပန်းပန်းနဲ့ ပြန်လာတဲ့အခါ ဝတ်ကြီးဝတ်ငယ်တွေ စောင့်ရှောက်လို့ ကျေးဇူးတင်တာနဲ့ ကျေးဇူးသိပြီးတော့ 'ကတညုတ ကတဝေဒီ'နဲ့ ထိန်းသိမ်းစောင့်ရှောက်ပြီး ထားတယ်၊ ချီးမြှောက်ပြီးတော့ ထားတယ်၊ နောက်ပြီးတော့ ဒီမလ္လိကာကလည်း ဘဝအကျိုးပေးက ညံ့နေလို့သာ အမျိုးအညံ့ထဲ ဖြစ်နေတာ၊ သူက ပါရမီကုသိုလ်ကတော့ ရှိတယ်၊ သိပ်တတ်တယ်၊ လိမ်မာတယ်၊ ပြောတတ်၊ ဆိုတတ်တယ်၊ အကြံဉာဏ်ကောင်းတွေကို ပေးတတ်တယ်၊ အဲဒီတော့ ဒါတွေ

http://www.dhammadownload.com

အကြောင်းပြုပြီးတော့လည်း မင်းကြီးက ချစ်မြတ်နိုးနေတယ်၊ တရားနဲ့ဘာနဲ့ စပ်လို့ ရှိရင် အရေးအကြောင်းရှိရင် သူက ညွှန်ကြားတယ်၊ 'ဒီလိုဖြစ်သင့်တယ်၊ ဒီလို မဖြစ်သင့်ဘူး' စသည်ဖြင့် ညွှန်ကြားတယ်၊ သူညွှန်ကြားတာက တော်တော်ဟန်ကျ နေတယ်၊ အဲဒါကြောင့် သူ့ကို အထူးလေးစားပြီးနေတယ်။

ကိုယ့်ကိုယ်ကိုယ်အချစ်ဆုံး

လေးစားနေပေမယ့် ဆွေဂုဏ်မျိုးဂုဏ်တွေက မရှိတော့ သူခမျာ မျက်နှာငယ်နေတယ်၊ နန်းထဲမှာ မျက်နှာငယ်နေတော့ ပဿေနဒီကောသလမင်းကြီးက တစ်နေ့တော့ ခိုးမြောက်ပြီး အားပေးစကားပြောချင်လို့ ညချမ်းအခါကာလ နှစ်ယောက်ချင်း စကားပြောတာကိုး၊ ဘယ့်နှယ်ပြောလဲဆိုတော့ ပဿေနဒီကောသလမင်းကြီးက စပြီးတော့ မေးတယ်၊ "သင်မိဖုရားတဲ့ လောကမှာ ဘယ်သူ့အချစ်ဆုံးတုံး"လို့ မေးတယ်၊ မလ္လိကာ,က "ကိုယ့်ကိုယ်ဟာတော့ အချစ်ဆုံးပဲ"လို့ စဉ်းစားလိုက်တော့ ကိုယ့်ကိုယ်ထက်ချစ်တာတော့ မရှိဘူးတဲ့၊ ဒီတော့ "အရှင်မင်းကြီး အချစ်ဆုံးပုဂ္ဂိုလ်ကတော့ ကိုယ့်ကိုယ်ဟာဖြင့် အချစ်ဆုံးပါပဲ" ဆိုပြီးတော့ ပြောလိုက်တယ်။

ပဿေနဒီ ကောသလမင်းကြီး ရည်ရွယ်ချက်ကတော့ သူဟာ ဘယ်သူ့အချစ်ဆုံးတုံးဆိုရင် "အရှင်မင်းကြီးအချစ်ဆုံးပါ"လို့ ပြောစေချင်တာကိုး၊ ဒီလို ပြောစေချင်တယ်၊ အပြန်အလှန် မိဖုရားက ပြန်မေးလို့ရှိရင် "အသင်မင်းကြီး ဘယ်သူ့အချစ်ဆုံးတုံး"ဆိုရင် "မင့်အချစ်ဆုံးပါပဲ"လို့ ပြောချင်လို့ ဒီလိုလုပ်တာကိုး၊ စကားဆင်တာက အားပေးချင်လို့ပါပဲ။ ဒါပေမယ်လို့ မလ္လိကာ,က စဉ်း စားတယ်၊ သူပြောစေချင်တာကတော့ ပြောစေချင်တာပဲ၊ ဒါပေမယ့်လို့ ငါ့အမှန်က နေပြီး လွဲပြောလို့တော့ မဖြစ်ဘူး၊ လောကမှာ ကိုယ့်ကိုယ်ထက်ပိုပြီး ချစ်တာတော့ မရှိဘူး၊ ဒါ့ကြောင့် "ကိုယ့်ကိုယ်ကိုယ်အချစ်ဆုံးပဲ"လို့ ဆိုပြီး ပြန်ပြောတယ်၊ ပြောပြီး တော့ တစ်ခါ မလ္လိကာ,က ပြန်မေးတယ်၊ "အရှင်မင်းကြီးတော့ လောကမှာ ဘယ်သူ့အချစ်ဆုံးတုံး" မေးတော့ သူလည်းပဲ မလ္လိကာပြောတဲ့လမ်းက လွဲသွားလို့ မဖြစ်ဘူး၊ သူဟာ မှန်နေတာကိုး၊ မူလရည်ရွယ်ထားတာ ပြောလို့ မဖြစ်ဘူး၊ ငါလည်းပဲ စဉ်းစားကြည့်တော့ "ကိုယ့်ကိုယ်ဟာ အချစ်ဆုံးပဲ"လို့ ဒီလို သဘောကျတယ်။

http://www.dhammadownload.com

ချမ်းသာချင်ရင် အကုသိုလ်မပြုနဲ့

နောက်တစ်နေ့သော အခါကျတော့ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ မြတ်စွာဘုရားကို လျှောက်ထားတယ်၊ "အရှင်ဘုရားတဲ့၊ တပည့်တော် မလွှိကာကို ဒီလို ပြောလို့ တပည့်တော်က ဒီလိုပြန်ပြောရတယ် ဆိုပြီးတော့ လျှောက်တော့ မြတ်စွာဘုရားက ပြန်ပြီးတော့ ဟောထားတယ်။

သဗ္ဗာ ဒိသာ အနုပရိဝမ္မ စေတသာ၊
နေဝဇ္ဇဂါ ပိယတရမတ္တနာ ကွစိ။
ဧဝံ ပိယော အတ္တု အတ္တာ ပရေသံ၊
တသ္မာ နဟိသေ ပရမတ္တကာမော။ (သဂါထာဝဂ္ဂသံယုတ်၊ ပါဠိ၊ ၇၅)

အလုံးစုံသော အရပ်တွေကို လှည့်ပြီးတော့ စိတ်နဲ့ ရှာပါတဲ့၊ သဗ္ဗာ ဒိသာ-အလုံးစုံသောအရပ်တွေကို၊ အနုပရိဝမ္မ-အစဉ်အတိုင်းလှည့်လည်၍၊ စေတသာ-စိတ်ဖြင့် ရှာကြည့်ပါ-တဲ့။

အတ္တနာ-မိမိထက်၊ ပိယတရံ-ချစ်အပ်သောပုဂ္ဂိုလ်သည်၊ ကွစိ-တစ်စုံတစ်ခု၌၊ နေဝဇ္ဇဂါ-မရနိုင် မတွေ့နိုင်ပါဘူး-တဲ့။

ကိုယ့်ကိုယ်ဟာဖြင့် အချစ်ဆုံးပဲ တွေ့ပါလိမ့်မယ်တဲ့၊ ဒါကြောင့် ကိုယ့်ကိုယ်ဟာ အချစ်ဆုံးဆိုတော့ ယခုလောလောဆယ်မှာ ကိုယ့်ကိုယ်၌ ဆင်းရဲဒုက္ခတွေ ရောက်လာမှာ စိုးရိမ်တယ်၊ ချမ်းသာနဲ့ ပြည့်စုံနေချင်တယ်၊ ဒါလိုပဲ နောင်တစ်သံသရာလုံးလည်း လျှောက်ပြီးတော့ မိမိကိုယ်လို့ ခေါ်အပ်တဲ့ ရုပ်နာမ်အစစ်ကတော့ ကိုယ်ရယ်လို့တော့ မရှိပါဘူး၊ ရုပ်နာမ်အစဉ်အဆက်ပါပဲ၊ လောက ဝေါဟာရတော့ ဒီလို ပြောရတယ်၊ မိမိကို တစ်သံသရာလုံး လျှောက်ပြီးတော့ ဆင်းရဲဒုက္ခ မတွေ့ရအောင်, ချမ်းသာအောင်လို့ သူတစ်ပါးတွေ ညှဉ်းဆဲခြင်း အစရှိသော မကောင်းတဲ့ အကုသိုလ်တွေ မပြုရဘူး၊ ရှောင်ကြဉ်ရမယ် ဆိုပြီးတော့ မြတ်စွာဘုရားက တရားတစ်ပုဒ်ဟောတယ်။

ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတော့ အချစ်ဆုံးဖြစ်တဲ့ကိုယ်မှာ ဘေးဒုက္ခတစ်စုံတစ်ရာ မကျရောက်စေချင်ဘူးပေါ့၊ ဥပမာ - ခလုတ်မတိုက်ချင်ဘူး၊ ဆူးမစူးချင်ဘူး၊ မီးတို့ ဘာတို့ မပူမလောင်စေချင်ဘူး၊ အလွန်တရာ ဘေးဒဏ်မထိစေချင်ဘူး၊ ရောဂါဝေဒနာ မကျရောက်စေချင်ဘူး၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်ရတယ်၊ ခလုတ်

http://www.dhammadownload.com

မတိုက်အောင်, ဆူးမစူးအောင်, ချော်ပြုမကျသွားအောင်, တစ်စုံတစ်ရာ ဘေးရန် အန္တရာယ်က မတွေ့ရအောင် အမြဲတမ်းပဲ ကိုယ့်ကိုယ်ကို စောင့်ရှောက်နေရတယ်၊ နေရာတကာပဲ ကြီးတဲ့ပုဂ္ဂိုလ်တွေ ပိုစောင့်ရှောက်ရတာပေါ့၊ ငယ်တဲ့ပုဂ္ဂိုလ်တွေတော့ အမှုမဲ့ အမှတ်မဲ့သွားနေရင် ကိစ္စမရှိဘူး၊ ကြီးတဲ့ပုဂ္ဂိုလ်တွေကျတော့ အလှပ် အလှည့်လဲ တယ်မခံဘူး၊ ပုံမတော်လို့ရှိရင် ထိုင်ရာက ထလိုက်တာနဲ့ အဆင် မသင့်လို့ရှိရင် တစ်နေရာက နာသွားဘာသွား ဒီလိုရှိရင် ရှိတာပဲ၊ ပုံမတော် ချော်လဲကျ၊ ဒုက္ခဖြစ်နိုင်တယ်၊ ကြီးတဲ့ပုဂ္ဂိုလ်က ကိုယ့်ကိုယ်ကို ပိုပြီးတော့ စောင့် ရှောက်ရတယ်၊ အဲဒါ အချစ်ဆုံးဖြစ်လို့ ကိုယ့်ကိုယ်လေးကို ဆင်းရဲမရောက်အောင် ဒီလိုစောင့်ရှောက်ဖို့ဟာ လိုပါတယ်။

ယခုကိုယ်ချမ်းသာစေး

ယခု မိမိရထားတဲ့ အတ္တဘောအကြောင်းပြုပြီးတော့ မကောင်းမှုအကုသိုလ် တွေ ပြုနေတယ်၊ နောင်တစ်သံသရာလုံးလျှောက်ပြီး ဒီအတ္တဆောမှာ ကျမှာကို၊ ဒီကိုယ်ပေါ်မှာ လာကျမှာ၊ အပေါ်ကဖိထားတဲ့ မကောင်းမှုတွေက နောင်အကျိုး ပေးရင် ဒီကိုယ်ပေါ်မှာ လာကျလာမှာ၊ ဥပမာအားဖြင့် ဘာလိုတုံးဆိုလို့ရှိရင် ကနေ့ မတော်တာ မသင့်တာ စားလိုက်ရင်၊ မနက်ခင်းက မတော်တာ စားလိုက်ရင် နေ့လည်ခင်းပေမယ့် ရောဂါဖြစ်နိုင်တယ်၊ နက်ဖြန်သဘက်လည်း ရောဂါဖြစ်နိုင် တယ်၊ အဲဒါ စားတုန်းကတော့ကို မြိန်မြိန်ရှက်ရှက်နဲ့ အရသာကောင်းချင်လို့ စားလိုက်တာပဲ၊ ကြိုက်တယ်ဆိုပြီး စားလိုက်တာပဲ၊ မတည့်တာသွားစားလို့ တော် တော်ကြာတော့ အဲဒီဟာက အစာအိမ်ကနေပြီးတော့ တစ်ကိုယ်လုံး ပြန့်နှံ့သွားတဲ့ အခါမှာ အဆိပ်လိုဖြစ်ပြီးတော့ ရောဂါဝေဒနာတစ်ခု ဖြစ်လာတယ်၊ အထူးအား ဖြင့်တော့ ဒီရောဂါဖြစ်နေတဲ့ပုဂ္ဂိုလ်တွေမှသာ သိသာတာပေါ့၊ ဖျားနာပြီးတော့ ရောဂါရှိနေတဲ့ပုဂ္ဂိုလ်တွေ မတည့်တာ စားလိုက်ရင် အဖျားက တက်လာတယ်၊ အဲဒါရောဂါ ကိုယ့်ဟာကိုယ် ထည့်ယူတာနဲ့တူတယ်၊ ကိုယ့်ကိုယ်ထဲ ကိုယ်ရောဂါ ထည့်တာပဲ၊ သူများက လုပ်ရတာ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်တာ၊ အဲဒါနဲ့ တူတယ်၊ အဲဒါလိုပဲတဲ့။

ယခု မျက်မှောက်ဘဝ မျက်မှောက်ခန္ဓာအတ္တဘော အကြောင်းပြုပြီးတော့ ယခုလောကချမ်းသာရေးပေါ့လေ၊ ယခု ကိုယ်ချမ်းသာလေး အကျိုးရှိအောင် ဆိုပြီး

http://www.dhammadownload.com

တော့ လုပ်လိုက်တယ်၊ မပြောသင့်တာ ပြော၊ မလုပ်သင့်တာ လုပ်၊ အကုသိုလ်ဖြစ်လာတယ်၊ အဲဒီအကုသိုလ်က အကျိုးပေးတဲ့အခါ ဘယ်လာမလဲဆိုတော့ မိမိခန္ဓာကိုယ်ပြန်လာမှာပဲ၊ ဒီရုပ်ကိုယ်ကြီး မျက်မှောက်ဘဝတင် အကျိုးပေးရင် ဒီရုပ်ကိုယ်မှာ ပြန်လာမှာပဲ။

မျက်မှောက်အကျိုးမပေးလို့ရှိရင် နောင်သံသရာဘဝတွေ အကျိုးပေးလို့ရှိရင် ဒီရုပ်ကိုယ်တော့ မရှိဘူး၊ နာမ်အစဉ်ကတော့ အတူတူပဲ၊ ဟိုမှာဆက်သွားတယ်၊ နာမ်ကတော့ တစ်စဉ်တည်းပဲ၊ ရုပ်ကသာ ကွဲတာ၊ နာမ်ကတော့ တစ်စဉ်တည်း ဖြစ်နေတယ်၊ ရုပ်ကတော့ ဒီဘဝ လူကိုယ်၊ နောက်ဘဝ နတ်ဖြစ်ရင်နတ်၊ တိရစ္ဆာန်ဖြစ်လည်း တိရစ္ဆာန်၊ ဒီလိုကွဲသွားမှာ၊ အဲဒီရုပ်ကိုယ်ကတော့ ကွဲတယ်၊ စိတ်အစဉ်ကတော့ အတူတူပဲ၊ စိတ်အစဉ်ကတော့ မနေ့က စိတ်နဲ့ ကနေ့စိတ်ဟာ အတူတူပဲလို့ အောက်မေ့ရသလိုပဲ၊ မနှစ်က စိတ်နဲ့ ဒီနှစ်စိတ်ဟာ အတူတူပဲလို့ အောက်မေ့ရသလိုပဲ၊ ဒီဘဝက စိတ်နဲ့ ဟိုဘဝစိတ်ဟာ အတူတူပဲလို့ အောက်မေ့ရတာပဲ၊ မမှတ်မိလို့သာ မှတ်မိရင် အတူတူပဲ အောက်မေ့ရတာပဲ၊ ရှေးဘဝဟ ဟိုတုန်းက နေခဲ့ထိုင်ခဲ့တာတွေ ပြန်စဉ်းစားလိုက်ရင် တစ်ခါအကုန်လုံးပြန်ပြီးတော့ ပေါ်လာတယ်၊ တစ်စိတ်တည်းပဲ၊ တစ်စိတ်တည်းလို့ဖြစ်နေတယ်၊ စိတ်အစဉ်ကတော့ တစ်သံတစ်ရာလုံးမှာ တစ်စဉ်တည်း ဖြစ်နေတယ်၊ ရုပ်အစဉ်သာ ပြောင်းသွားတာ။

အဲဒါကြောင့် မိမိကိုယ်ကိုယ်အချစ်ဆုံးလို့ သိလို့ရှိရင်တဲ့၊ မိမိကိုယ်လို့ ခေါ်ဆိုရတဲ့ ရုပ်အစဉ် နာမ်အစဉ်ကို မိမိကိုယ်ပေါ်မှာ မကောင်းကျိုးအကုသိုလ်တွေကို ပြန်ကျ ရောက်စေတတ်တဲ့ မကောင်းမှုတွေကို ကြဉ်ရှောင်ပါတဲ့၊ မပြုလုပ်ပါနဲ့လို့ မြတ်စွာ ဘုရားက ဒီဒေသနာတော်ကို ဟောတယ်၊ အဲဒီဒေသနာတော်အရ မလွဲကာတို့ ပဿေနဒီကောသလတို့ ပြောဆိုတဲ့ ထုံးတမ်းသက်သေ သာဓကအရလည်းပဲ ထင် ရှားပါတယ်၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတာ ကိုယ့်ဟာကို စဉ်းစားလို့ရှိရင်လည်း ကိုယ့်ကိုယ်ကို အချစ်ဆုံးပါပဲလို့ ထင်ရှားနေတယ်၊ ကိုယ့်ကိုယ်ကိုတော့ အချစ်ဆုံး ပဲတဲ့။

အဲဒါကြောင့် ကိုယ့်ကိုယ်ကလေးက စပြီးတော့ မေတ္တာပွားပါတဲ့၊ မေတ္တာပွားလိုက်တော့ ကိုယ့်ကိုယ်ဟာ ချမ်းသာချင်သလိုပဲ၊ သူများတွေလည်း ကိုယ်စီကိုယ်ငှ ချမ်းသာစေချင်တာကိုး။

http://www.dhammadownload.com

ဧဝံ ဗိယော ပုထု အတ္ထာ ပရေဆံ၊

ပရေသံ-သူတစ်ပါးတို့၏၊ ပုထု-အသီးအသီးသော၊ အတ္ထာ-ကိုယ်ကို၊ ဧဝံ-ဤအတူပင်၊ ဗိယော-ချစ်အပ်ပါတယ်တဲ့။

ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ကိုယ့်ကိုယ်လေးနဲ့ ကိုယ်ချစ်နေတာပဲတဲ့၊ သွားရင်း လာရင်း ဒီက တစ်ခါတစ်ခါ စဉ်းစားကြည့်တယ်၊ သတ္တဝါလေးတွေ ဝက်တို့၊ ဘဲတို့ သတ္တဝါလေးတွေ အမူအရာလေးတွေက ရှိတယ်၊ ဘေးရန်အန္တရာယ် ရှိတယ်ဆိုလို့ရှိရင် သူခမျာများ ပြေးရှာကြတယ်၊ သူခန္ဓာကိုယ်ကလေး ဆင်းရဲရောက်မှာစိုးလို့ ရှောင်ရှားတိမ်းရှောင်ကာ ပြေးပြီးတော့ ဘေးရန်အန္တရာယ်ကြောက်လို့ လန့်လို့ ပြေးတာ၊ ပြေးပြီး လွတ်လောက်တဲ့ နေရာကျတော့ သေသေချာချာ လှည့် များကြည့်လိုက်သေးတယ်၊ အောင်မယ် . . . သူက သူ့ကိုယ်လေး သူစောင့်ရှောက်နေတာ၊ ချမ်းသာရေးလုပ်နေကြတာပါ။

ဒါပေမယ်လို့ တစ်နေ့ကျတော့ ဒီအကောင်လေးတွေဟာ လူတွေ ဘာတွေက သတ်ဖြတ်ပြီးတော့ စားလို့ သေရှာကြတာပါပဲ၊ အဲဒါကိုယ့်ကိုယ်လေးကိုတော့ အားလုံးဟာ ချစ်နေကြပါတယ်တဲ့၊ ချမ်းသာခြင်းအလိုရှိနေကြတယ်၊ ဒါကြောင့် မိမိကိုယ်က စပြီးတော့ မေတ္တာလေးပို့ပါတဲ့။

ဒါက မိမိကိုယ်က ပို့တာတော့ လွယ်ပါတယ်၊ နည်းနည်းပို့လိုက်ရင် သိသာနေပါပြီ၊ "ငါသည် ရန်ကင်းပါစေ၊ ငါ့မှာ ရန်ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ချမ်းသာပါစေ၊ ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ"လို့ အမြဲတမ်း မေတ္တာပွားများရတယ်။

ခန္ဓာဝန်ကြီးကြောင်းများ

စဉ်းစားကြည့်ရင် အင်မတန်လေးတဲ့ဥစ္စာကြီး၊ အာရုံ (၆)ပါးတွေ အကုန်လုံး ကောင်းတာတွေလည်း အမြဲတမ်း ရှာပြီးတော့ ပြုလုပ်နေရတယ်၊ မျက်စိကလည်း ကြည့်ကောင်း၊ နားကလည်း ကြားကောင်းအောင် လုပ်နေရတာ၊ နှာခေါင်းကလည်း အနံ့နံကောင်းအောင်၊ အနံ့မကောင်းတာတွေက ရှောင်နေရတယ်၊ လျှာကလည်း ကောင်းတာတွေ စားရအောင်လို့ အားထုတ်ပြီးတော့ ရှာပေးနေရတယ်၊ ကိုယ်ကလည်း အတွေ့အထိတွေ ကောင်းကောင်းတွေ့ထိရအောင်လို့ တစ်ခါတည်း

http://www.dhammadownload.com

အခုလို နွေအခါဆိုရင် ပူလို့ရှိရင် အေးတဲ့နေရာရှာပြီးတော့ နေနေရတယ်၊ တော်တော်ကြာ ရေကလေး ချိုးလိုက်ရရင်း၊ ယပ်ကလေးခပ်လိုက်ရရင်း လုပ်နေရတယ်၊ ချွေးတွေ ဘာတွေ ထွက်လာရင် သုတ်ပစ်လိုက်ရရင်း၊ အင်မတန်ပြုစုရတယ်၊ မျက်နှာသစ်ရရင်း၊ ဘာလုပ်ရရင်း၊ ညာလုပ်ရရင်း စုံလို့ပါပဲ၊ ခန္ဓာကိုယ်ပြုစုနေရတယ်၊ အင်မတန်တာဝန်လေးတဲ့ဥစ္စာကြီး, တာဝန်ကြီးတစ်ခုကို နေ့စဉ်နေ့စဉ် ဒီလိုလုပ်ပေးရတယ်၊ အရွပ်ကြီးတစ်ခု လာပေးမယ်ဆိုလို့ရှိရင် လက်ခံနိုင်မှာ မဟုတ်ဘူး၊ အရွပ်ကြီးတစ်ခု လာပြီးတော့ ပေး၊ ဒီအရွပ်ကြီးက နေ့စဉ်နေ့စဉ် လည်းပဲ အညစ်အကြေးတွေ ထွက်နေမယ်၊ မျက်စိက မျက်ချေးတွေ ထွက်နေမယ်၊ လူလို ပေါ့လေ၊ နားကလဲ နဖာဂျီး (ချေး)တို့၊ နှာခေါင်းကလည်း နှပ်တို့၊ ပါးစပ်ကလည်း တံတွေးတို့၊ ကျင်ကြီးကျင်ငယ်တို့၊ ကိုယ်ကလည်း ချွေးတို့ ဘာတို့ လူလိုပဲ ထွက်နေမယ်၊ အဲဒါ နေ့စဉ်နေ့စဉ် သုတ်သင်ပြီးတော့ ပေးနေရမယ် ဆိုရင်ပြီးတော့ အစာကလည်း ကျွေးရဦးမယ်ဆိုလို့ရှိရင် တစ်စုံတစ်ရာဖြစ်မသွားအောင်လို့ သူကောင်း ကောင်းလည်း အိပ်တန်အိပ်ပေးရဦးမယ်ဆိုရင် ထတန်လည်း ထပေးရမယ်၊ လှုပ်တန်လည်း လှုပ်ပေးရမယ်ဆိုရင် ဒီရွပ်တစ်ခု လက်ခံပါဆိုရင် ဘယ်သူမှ လက်ခံမှာမဟုတ်ဘူး၊ အင်မတန်ဝန်လေးတဲ့ဟာကြီး၊ ကိုယ့်ကိုယ်နဲ့ကိုယ် ရနေတော့ ဘယ့်နှယ့်မှ မတတ်နိုင်ဘူး၊ ဒါက ပြုစုနေရတာပဲ၊ အဲဒီတာဝန်လေးတဲ့ ခန္ဓာကိုယ်ကြီး ဝန်ထုပ်ကြီးတစ်ခုကို ထမ်းဆောင်နေရတယ်တဲ့။

အဲဒီခန္ဓာကိုယ်ဝန်ကြီးဟာ သုခီ အတ္တာနံ ပရိဟရာမိ - သုခီ-ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနှင့်၊ အတ္တာနံ-မိမိကိုယ်ကို၊ ပရိဟရာမိ-ဆောင်နိုင်ပါစေလို့၏-တဲ့၊ ဒီလိုကိုယ့်ကိုယ် မေတ္တာပို့ နှလုံးသွင်းရမယ်တဲ့၊ ဒီတော့ ကိုယ့်လိုပဲ သတ္တဝါတွေအားလုံး ဒီလိုပဲ ချမ်းသာချင်နေတာကိုး၊ ဒီလို သရုပ်ပေါ်လာတယ်။

ဓမ္မာနုပဿနာ

ဒီတော့မှ အလေးပြုအပ်တဲ့ ဆရာသမားအစရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးပေါ့လေ၊ လေးစားလောက်တဲ့ပုဂ္ဂိုလ် ကြည်ညိုလောက်တဲ့ပုဂ္ဂိုလ် တစ်ဦးဦးကို စိတ်ထဲမှာ အာရုံပြုပြီးတော့ မေတ္တာပို့ရမယ်တဲ့၊ 'ချမ်းသာပါစေ၊ ချမ်းသာပါစေ၊ ချမ်းသာပါစေ' လို့ ဒီလိုဖြစ်ဖြစ်ပေါ့လေ၊ ဒါမှမဟုတ်ရင်လည်း စာထဲက ပါတဲ့အတိုင်း "အဝေရော

http://www.dhammadownload.com

ဟောတု၊ အဗျာပဇ္ဈော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု" အဝေရော ဟောတု- ရန်ကင်းပါစေ၊ အဗျာပဇ္ဈော ဟောတု - စိတ်ဆင်းရဲကင်းပါစေ၊ အနီဃော ဟောတု - ကိုယ်ဆင်းရဲ တင်းပါစေ၊ သုခီ အတ္တာနံ ပရိဟရတု- ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ၊ အဲဒီလေးပုဒ်ပေါ့၊ ကိုင်း . . ဒီမေတ္တာပို့ပုံလေး ဆိုစမ်းပါဦး၊ ဗဟုသုတဖြစ်အောင် -

* **ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲ ထင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေး**

ပထမတ ပုဂ္ဂိုလ်တစ်ဦးဦးကို စိတ်ထဲက ရည်ရွယ်ထားရမှာကိုး၊ မည်သူမည်ဝါ ပုဂ္ဂိုလ်က ပါမှာကိုး၊ အဲဒီပုဂ္ဂိုလ်ကို အာရုံပြုပြီးတော့ "ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ" စာနဲ့အညီ သူက မေတ္တာပွားတာ၊ စာနဲ့ ပေနဲ့ အတိအကျမလိုက်ချင်လို့ရှိရင် 'ချမ်းသာပါစေ၊ ချမ်းသာပါစေ' ဆိုရင်ပြီးတာပါပဲ၊ အတူတူပါပဲ၊ မေတ္တာပို့တွေက အမျိုးမျိုးရှိတယ်၊ မေတ္တာသုတ်မှာ မေတ္တာပို့ပုံတွေလည်း တစ်မျိုးဟောတာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီချမ်းသာစေလိုတဲ့ စိတ်ကလေး နှလုံးသွင်းရင် ဒါက လိုရင်းပါပဲ၊ အဆိုတွေ အရွှတ်တွေကတော့ လိုရင်းမဟုတ်ပါဘူး၊ ဒါပေမယ့် အခုလို ပြောတဲ့ဟောတဲ့အခါတော့ အဆိုအရွှတ် မပါဘဲနဲ့ ဟောလို့ ပြောလို့တော့ မဖြစ်ဘူး။ စိတ်ကလေးတွင် လုပ်နေလို့ မဖြစ်ဘူး၊ အဆိုအရွှတ်ကလေးပါဦးမှ ဖြစ်မယ်၊ တကယ်ပွားတဲ့အခါကျတော့ ဆိုရွှတ်နေစရာ မလိုပါဘူး၊ စိတ်ထဲက အာရုံပြုနေရုံပါပဲ၊ 'ချမ်းသာပါစေ၊ ချမ်းသာပါစေ'လို့ စိတ်ကလေးက စိတ်ထဲ ဖြစ်နေရမယ်၊ ကိုင်း . . ဆိုစမ်းပါဦး။

* **ဘေးရန်တင်းပါစေ၊ စိတ်ဆင်းရဲ တင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေး**

အဲဒါ မေတ္တာပို့လေးပုဒ်ပဲ၊ ဒီလေးပုဒ်ဟာ ဘစဉ်အတိုင်း နှလုံးသွင်းရင် တစ်ခုတစ်ခုက ဗျာနီတစ်ခုရနိုင်တယ်တဲ့၊ ဘေးရန်ကင်းပါစေဆိုတဲ့ စိတ်နှလုံးသွင်းတာလေးနဲ့ပဲ ဗျာနီရပြီးတော့ ဗျာနီစိတ်ကလေးဖြစ်နေတယ်၊ 'စိတ်ဆင်းရဲကင်းပါစေ' ဆိုတာလေးလည်း ဗျာနီရနိုင်တယ်၊ 'ကိုယ်ဆင်းရဲ ကင်းပါစေ' ဒါကလည်း ဗျာနီရနိုင်တယ်၊ 'ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်

http://www.dhammadownload.com

ပါစေ' ဒီလိုဟာကတော့ ရှည်လွန်းအားကြီးတယ်၊ လိုရင်းကတော့ 'ချမ်းသာပါစေ' ပါပဲ၊ အတိုချုပ်က ဒါလေးပါပဲ၊ 'ချမ်းသာပါစေ'ဆိုတာနဲ့လည်း စျာန်ရောက်နိုင်တယ်တဲ့၊ ဒီဟာတွေကို "စျာန်လေးခု အပ္ပနာလေးခု"လို့ ခေါ်တယ်၊ ၅၂၈-သွယ်မေတ္တာ ဆိုတာ ဒါတွေပဲ၊ ဒီဥစ္စာတွေကို ဂဏန်းတွေနဲ့ လျှော်က်ပွားထားလို့ ၅၂၈-ခု ဖြစ်နေတာ။

၅၂၈-သွယ် မေတ္တာ
အနေကဓိသမေတ္တာ

၅၂၈-သွယ်က "သတ္တေ သတ္တာ၊ သတ္တေ ပါဏာ၊ သတ္တေ ဘူတာ၊ သတ္တေ ပုဂ္ဂလာ၊ သတ္တေ အတ္တဘာဝပရိယာပန္နာ"လို့ ငါးပုဒ်ရှိတယ်၊ အားလုံးသတ္တဝါတွေ ရည်ရွယ်ပြီးတော့ ဝေါဟာရငါးပုဒ်၊ သတ္တေ သတ္တာ - အလုံးစုံသော သတ္တဝါတွေ၊ သတ္တေ ပါဏာ - အလုံးစုံသော သတ္တဝါတွေပဲ၊ သို့သော်လဲ "သတ္တာ"ဆိုတာက ခန္ဓာငါးပါးတွေ အာရုံတွေကို ကပ်ညိတွယ်တာတတ်လို့ သူ့ကို "သတ္တဝါ"လို့ ခေါ်တယ်၊ ရဟန္တာတွေလည်းပဲ စောစောစီးစီးကတော့ ကပ်ငြိတွယ်တာတတ်တာပဲ၊ ရဟန္တာဖြစ်တော့ မကပ်ငြိပါဘူး၊ ဒါပေမယ်လို့ သတ္တဝါတော့ ခေါ်ရတော့တာပဲ၊ ဘူတပုဒ္ဂဂတိကနည်းနဲ့ ရှေးက တွင်ခဲ့ပြီးသားဖြစ်တယ်၊ သတ္တေ ပါဏာ - ပါဏာ ဆိုတာက အသက်ရှူတဲ့သတ္တဝါတွေ၊ ဒါပေမယ်လို့ အသက်မရှူတဲ့ သတ္တဝါတွေလည်း အကုန်လုံးခေါ်တာပါပဲ၊ အသက်ရှိတဲ့သတ္တဝါတွေ အသက်ရှင်တဲ့ သတ္တဝါတွေ အကုန်လုံး သတ္တေ ပါဏာ-မှာ ပါဝင်ပါတယ်၊ သတ္တေဘူတာ - ကိုယ်ထင်ရှားရှိတဲ့ သတ္တဝါတွေ၊ ကိုယ်အထင်အရှားမရှိတဲ့ သတ္တဝါတွေလည်း ယူရတာပါပဲ။

ပုဂ္ဂလအဓိပ္ပါယ်

"သတ္တေ ပုဂ္ဂလာ"တဲ့၊ ပုဂ္ဂလ ဆိုတာကတော့ ပါဠိကျမ်းဂန်တွေ ဆိုထားတဲ့ အတိုင်းဆိုရင် တော်တော် မကောင်းပါဘူး၊ ပုဂ္ဂလဆိုတာ ပု, က ငရဲခေါ်တယ်၊ 'ဂလ' ဆိုတာ ကျတာ၊ 'ငရဲကျတတ်တဲ့ အကောင်တွေ'လို့ ဒီလိုအဓိပ္ပါယ်ရှိတယ်၊ ဒါပေမယ့်လို့ အခုလောက ဝေါဟာရပြောနေတာက ပုဂ္ဂိုလ်ဆိုတာ အတော် ခန့်ခန့်ညားညား အဓိပ္ပါယ်ရောက်တယ်၊ ဒီပုဂ္ဂိုလ်ကဆို အတော်ခန့်ညားတယ်၊ ဟိုအကောင် ဒီအကောင်ဆိုရင် တယ်နေရာမကျဘူး၊ သူက ဟိုလူ ဒီလူဆိုရင်

http://www.dhammadownload.com

သိပ်နေရာမကျဘူး၊ မရှိသေရာရောက်တယ်၊ ဟိုပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်ဆိုရင်ဖြင့် ဒါ ရှိသေလေးစားပြီး ပြောဆိုရာရောက်တယ်၊ သဒ္ဓါနက်နဲ့ လိုက်မယ်ဆိုရင်တော့ အတော်မကောင်းဘူး၊ ကျမ်းဂန်တွေ လုပ်ထားတဲ့အတိုင်းဆိုရင် ပု, က ငရဲပဲ၊ ဂလ,က ကျရောက်တတ်တယ်တဲ့၊ 'ငရဲကျတတ်တဲ့ကောင်'လို့ ဒီလိုဆိုတာကိုး၊ နေရာ မကျဘူး သူဥစ္စာ၊ ဒါပေမယ်လို့ ရဟန္တာတွေလည်း ဒီထဲပါတာပါပဲ၊ သာမည ဝေါဟာရ (အားလုံးနဲ့ဆိုင်တဲ့ အသုံးအနှုံး)ဖြစ်သွားတော့ အကုန်လုံးကို ပုဂ္ဂိုလ်လို့ ခေါ်တာပါပဲ။

လောကီကျမ်းတွေကတော့ ပု-နဲ့ ဂလ-ကို ခွဲထားတယ်၊ သူဟာ တော်တော်ကောင်းသားပဲ၊ ပု,က 'ပူရဏ-အနက်'ပြည့်စေတယ်-တဲ့၊ ဂလ,ကတော့ လျော်ကျတယ်တဲ့၊ ပြည့်စေတယ်၊ လျော်ကျတတ်တဲ့ ဥစ္စာတွေတဲ့၊ မွေးဖွားပြီးတော့ လာလို့ရှိရင် လူတစ်ယောက်တိုးလာတယ်၊ သေသွားတယ်ဆိုရင် လူတစ်ယောက် လျော့သွားတယ်၊ အဲဒါကို ဆိုတာ၊ သတ္တဝါတွေဆိုတာ မွေးဖွားလာတဲ့အခါ အဲဒီက နေပြီး လူတစ်ယောက်ဖြစ်တယ်၊ လူတစ်ယောက် သတ္တဝါတစ်ယောက် တိုးတိုးလာတာတို့ ဒါက ပူရဏပြည့်ပြည့်လာတတ်တယ်တဲ့၊ ဟော. . တစ်နေ့တစ်ချိန်ကျ သေသွားတော့ လျော့သွားပြန်တယ်၊ ဂလနဲ့ လျော်ကျသွားတယ်တဲ့၊ ဒါကြောင့် ပြည့်လည်း ပြည့်တယ်၊ လျော့လည်း လျော့တတ်လို့ ပုဂ္ဂလလို့ ခေါ်တယ်၊ သူဟာ တော်တော် တော်သေးတယ်၊ ပါဠိကျမ်းဂန်တွေက နေရာမကျဘူး၊ ငရဲကျတတ်လို့ ဆိုတော့ တယ်နေရာမကျဘူး၊ ခုဥစ္စာ လောကီကျမ်းတွေက အဲဒီလို ဆိုထားတယ်၊ 'ပုဂ္ဂလ'ဆိုတာ ပြည့်စေတတ် လျော့စေတတ်သဖြင့် "ပုဂ္ဂလ"လို့ ခေါ်တယ်၊ ဒါက အများဆိုင်ရာဖြစ်တဲ့ကျမ်းတွေမှာ ဆိုထားတယ်။

ပုဂ္ဂလ ဆိုတာ ရှစ်မဲ

ဂျိန်းကျမ်းတွေက ရှိသေးတယ်၊ ဂျိန်းဆိုတာက ဘုရားလက်ထက်တုန်းက နာဂပုတ္တဆရာကြီးပေါ့၊ ဘုရားမပွင့်မီက သူတို့ 'သမ္မာသမ္ဗုဒ္ဓဘုရား'လို့ ဝန်ခံ နေကြတဲ့ပုဂ္ဂိုလ်ထဲမှာ တစ်ဦးအပါအဝင်ပဲ၊ အဲဒီ နိဂဏ္ဌနာဂပုတ္တဆရာကြီး၊ သူ့ကို သူတို့က 'အနန္တဇိန-အကုန်လုံးကို အောင်နိုင်ပြီ"လို့ နာမည်ခံထားလို့ ဇိနဂိုဏ်းလို့ခေါ်ကြတာကိုး၊ ဇိန, ကနေပြီး အိန္ဒိယအသံနဲ့ခေါ်တော့ 'ဂျိန်း'ဖြစ် လာတာ၊ အဲဒါကနေ ဂျိန်းဖြစ်သွားတာ၊ အိန္ဒိယပုဂ္ဂိုလ်တွေဟာ ဒီဂျိန်းဘာသာကို အင်မတန်ကိုးကွယ်ကြတယ်၊ ဂျိန်းဘာသာ ဆိုတာရှိလည်း ရှိတာပဲ၊ အဝတ်မဝတ်ဘူး၊ ကိုယ်တုံးလုံးကျင့်ကြတဲ့ ဥစ္စာတွေ၊

http://www.dhammadownload.com

အဲဒီဂိုန်းကျမ်းတွေကတော့ ပုဂ္ဂလဆိုတာ ဒီလိုအကောင်အထည် မဟုတ်ဘူး၊ သူတို့က ရုပ်ကို "ပုဂ္ဂလ" ခေါ်တာကိုး၊ တော်တော်ထူးဆန်းတယ်၊ သူတို့ကတော့ တစ်မျိုးပဲ၊ ရုပ်ကို ပုဂ္ဂလလို့ ခေါ်တာ၊ ပြည့်စေတတ်လို့တဲ့၊ ရုပ်ကလေးတွေဟာ အနုမြူလေးတွေ သေးသေးလေးတွေကနေပြီး တဖြည်းဖြည်းကြီးပြင်းပူးပေါင်းပြီး စပ်လာတဲ့အခါမှာ အတုံးအခဲကြီးဖြစ်လာတယ်တဲ့၊ ဆန်မှုန့်ကလေးတွေ တစ်လုံးစီ တစ်လုံးစီကနေပြီးတော့ ဒါလေးရေနဲ့ ရောစပ်လိုက်တဲ့အခါ ဆန်အတုံးအကြီးကြီး ဖြစ်လာသလိုပေါ့လေ၊ ပြည့်စေတတ်တယ်တဲ့၊ တစ်ခါ အကြောင်းအားလျော်စွာ ဖြစ်တဲ့အခါ ဒါလေးတွေက ကွဲသွားတယ်၊ ဒါလေးတွေ တစ်ခုစီ တစ်ခုစီဖြစ်ပြီး ကွဲသွားတဲ့အခါကျတော့ 'ဂလ'ဆိုတာ လျော့ကျသွားတယ်တဲ့၊ ပြည့်စေတတ်တယ် လျော့ကျသွားစေတတ်တယ်၊ ဒါကြောင့် ရုပ်ဆိုတာ အထည်ဝတ္ထုရုပ် ရကောင်းတဲ့ ဥစ္စာတွေ၊ အထည်ဝတ္ထုရကောင်းတဲ့ ဥစ္စာတွေက တစ်ခုတစ်ခုနဲ့ ပေါင်းစပ်လိုက်တဲ့ ကာလကျတော့ အထည်ဝတ္ထုကြီး ဖြစ်လာတယ်၊ ပေါင်းစပ်ပြီးတော့ ကွဲလိုက်တဲ့ အခါကျတော့ သေသွားတယ်၊ ကြီးတတ် သေးတတ်တယ် ဆိုတာ ဆိုလိုတာပေါ့လေ၊ အဲဒါကြောင့် ရုပ်ကို ပုဂ္ဂလလို့ ခေါ်တယ်၊ တော်တော်ဆန်းကြယ်တာပဲ၊ အိန္ဒိယ ကျမ်းဂန်တွေ အကုန်လုံးက ပုဂ္ဂလ - ပုဂ္ဂိုလ်ဆိုတာ သတ္တဝါပါပဲ၊ ဂိုမ်းက ရုပ်ခေါ်ထားတယ်၊ တော်တော်ထူးဆန်းတယ်၊ အခု ဒီမှာတော့ သတ္တဝါပါပဲ။

လောကီကျမ်းဂန်တွေအလိုအားဖြင့် ဘဝပဋိသန္ဓေ ဘဝအသစ်ဖြစ်သော အားဖြင့် တိုးပြီးတော့လာလို့ 'ပြည့်စေတတ်'လို့ ပုဂ္ဂိုလ်ခေါ်တယ်လို့ အဓိပ္ပာယ်ယူ ရတာကိုး၊ ဥပမာ-ဒီအိမ်မှာ လူနှစ်ယောက်ရှိတယ်၊ ကလေးတစ်ယောက်မွေးလာ ရင် သုံးယောက်ဖြစ် လာတာပဲ၊ တိုးလာတာပဲ၊ ပွားလာတာပဲ၊ ပြည့်စေတတ်တာပဲ။အဲဒီရွာမှာ လူအစက (၁၀၀)ယောက် ရှိတယ်၊ သားသမီးတွေက မွေးလိုက်တဲ့အခါ မှာ တစ်အိမ်မှာ တစ် ယောက်တစ်ယောက်မွေးလာရင် (၅၀)လောက်ဖြစ် လာတယ်ဆိုရင် တိုးလာတာပဲ၊ ပွားလာတာပဲ၊ ဒါကြောင့်မို့ သူက ပူရဏ-ပြည့်စေ တတ်တယ်တဲ့၊ ဒီထဲကနေပြီး တစ်ယောက်တစ်ယောက် လျော့လျော့သေသွားပြန် တော့ ဂလန-လျော့ကျသွား တာပဲတဲ့၊ ပြည့်စေတတ် လျော့စေတတ်လို့ သတ္တဝါတွေ ကို 'ပုဂ္ဂိုလ်'လို့ ခေါ်သည်တဲ့၊ သူဟာ ကောင်းပါတယ်၊ အဲဒါ အားလုံးသော သတ္တဝါတွေ ပုဂ္ဂိုလ်ပါပဲ။

အတ္ထဘာဝပရိယာပန္နာ - အတ္ထဘောဌ် အတွင်းဝင်တဲ့ပုဂ္ဂိုလ်တွေတဲ့၊ အတ္ထ ဘောဌ် အကျုံးဝင်တယ်ဆိုတော့ကို အတ္ထဘာဝ - 'အတ္ထ'ဆိုတာ အတ္ထကောင်၊

http://www.dhammadownload.com

'ဘာဝ'ဆိုတာက ဖြစ်ကြောင်းကိုး၊ အတ္တကောင်ရယ်လို့ ဖြစ်ကြောင်းဖြစ်တဲ့ တရားတွေပဲ၊ အတ္တကောင်လို့ ထင်ရတဲ့တရားတွေလို့ ဆိုလိုတယ်၊ ဘာတွေရတုံး ဆိုတော့ ခန္ဓာငါးပါးပဲ၊ ခန္ဓာငါးပါးရှိနေလို့ရှိရင် အတ္တကောင်လို့ သတ္တဝါလို့ ထင်တော့တာပဲ၊ သူများက မထင်ပေမယ့် ကိုယ့်ဟာကိုယ် ထင်နေတယ်၊ အတ္တကောင်ပဲ၊ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်နေတယ်၊ ခန္ဓာငါးပါး ဘာမှမရှိဘူး ဆိုရင်တော့ ဒါ ဘယ်ထင်နိုင်မလဲ၊ အတ္တကောင်လို့ ထင်မှတ်စရာ ဘာမှမရှိဘူး၊ ခန္ဓာငါးပါး တစ်ခုမှ မရှိဘူး၊ အဲဒါ ရုပ်အကောင်မရှိဘူး ဆိုရင် အထည်ဝတ္ထု မရှိဘူး၊ နာမ်တွေ သိတတ်တာ ဘာမှ မရှိဘူး၊ ဝေဒနာကလည်း မခံစားတတ်ဘူး၊ သညာကလည်း မမှတ်သားတတ်ဘူး၊ သင်္ခါရ-အားထုတ်တယ်တဲ့၊ စေတနာအစရှိတဲ့ တရားတွေလည်း မရှိဘူး၊ ဝိညာဏ် အာရုံပြုတတ်တာတွေလည်း မရှိဘူး၊ ဘာမှ မရှိတော့ဘူး၊ ပညတ်သက်သက်ပဲ ဖြစ်တော့တယ်၊ အဲဒီတော့ အတ္တဘာဝ မဆို နိုင်ဘူး၊ 'အတ္တဘာဝ'ဆိုတာ ခန္ဓာငါးပါးတရားတွေတဲ့၊ ခန္ဓာငါးပါးရှိနေလို့ရှိရင် ရုပ်ရှိခြင်းကြောင့် ရုပ်အကြောင်းပြုပြီးတော့ 'အကောင်ပဲ၊ သတ္တဝါပဲ'လို့ ဒီလို ထင်ရတယ်၊ ဝေဒနာခံစားတယ်လို့လည်းပဲ အကောင်းအဆိုး ခံစားတတ်ကတည်းက 'သတ္တဝါပဲ၊ အကောင်ပဲ'လို့ ဒီလိုထင်ရတာကိုး၊ သညာက မှတ်သားတတ်ပြန်တော့ မှတ်သားတတ်ကတည်းကို့က မှတ်မိနေတာကိုး၊ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ပေါ့၊ ငယ်ငယ်တည်းကဟာလေးတွေ မှတ်မိနေတော့ ငါပဲ၊ ဟိုတုန်းက မှတ်မိတာလည်း ငါပဲ၊ အခုမှတ်မိတာလည်း ငါပဲ၊ အရင်က သိထားတာတွေ အခု မှတ်မိနေတော့ ငါတစ်ယောက်တည်းပဲလို့ ဒီလိုထင်နေတာကိုး၊ သူဟာ အတ္တလို့ ထင်နေတာ၊ သင်္ခါရ-အားထုတ်ပြုပြင်တာတွေ ရှိတယ်၊ အဲဒါတွေလည်းပဲ ငါက လုပ်တယ်လို့ပဲ ထင်နေတယ်၊ သွားရင်လည်း ငါသွားတယ်၊ စားရင်လည်း ငါစားတယ်၊ ပြောရင်လည်း ငါပြောတယ်၊ မြင်ရင်လည်း ငါမြင်တယ်၊ ဘာမဆို ငါကောင် အသက်ရှိတဲ့ သတ္တဝါကောင်က လုပ်နေတယ်လို့ ထင်နေတယ်။ ပြီးတော့ သင်္ခါရ အားထုတ်မှုဆိုတာလည်း ငါပဲလို့ ထင်နေတယ်လို့ ဒီလိုစွဲလမ်းနေတယ်၊ ဝိညာဏ် သိနေတာတွေလည်း စွဲလမ်းတာပဲ၊ မြင်ရာလည်း ငါပဲ၊ ကြားပြန်ရင်လည်း ငါပဲ၊ သိပြန်ရင်လည်း ငါ၊ စဉ်းစားပြန်ရင်လည်း ငါ၊ အကုန်လုံးသိတာတွေ ငါချည်းပဲလို့ ထင်နေတယ်၊ အသက်ကောင် သတ္တဝါကောင်လို့ ထင်နေတယ်၊ အဲဒါကြောင့် ဒီခန္ဓာငါးပါးတရားတွေကို အတ္တဘာဝ အတ္တကောင်ရယ်လို့ ထင်မှတ်ရတဲ့ ဥစ္စာ

http://www.dhammadownload.com

တွေပဲတဲ့၊ "အတ္ထာတိ ဗုဒ္ဓိ ဘဝတိ ဧတေနာတိ အတ္ထဘာဝေါ၊" ဧတေန ဤခန္ဓာငါးပါးအပေါင်းဖြင့်၊ အတ္ထာတိ-အတ္ထအသက်ကောင် သတ္တဝါကောင်ဟူ၍၊ ဗုဒ္ဓိ-အသိဉာဏ်သည်၊ ဘဝတိ-ဖြစ်၏၊ ဣတိ-ဤသို့ အတ္ထကောင်၊ အသက်ကောင်၊ သတ္တဝါကောင်ဟု အသိဉာဏ်ဖြစ်ကြောင်း ထင်မှတ်ကြောင်းဖြစ်သောကြောင့် အတ္ထဘာဝေါ-အတ္ထဘာဝမည်၏၊ အတ္ထဘာဝ - အတ္ထဘောဆိုပြီး ပြန်ထားတယ်၊ အတ္ထကောင်ရယ်လို့ ပကတိသာမန်ပုဂ္ဂိုလ်တွေ ထင်မှတ်ရတဲ့အရာဝတ္ထုတွေပါပဲတဲ့။

ဒါ ဘုရားရဟန္တာပုဂ္ဂိုလ်တွေ, ဝိပဿနာယောဂီပုဂ္ဂိုလ်တွေမပါဘူး၊ အဲဒီ ဘုရားရဟန္တာပုဂ္ဂိုလ်တွေက ဒီရူပ်နာမ်နဲ့စပ်ပြီး သိနေတယ်၊ ဝိပဿနာယောဂီပုဂ္ဂိုလ်တွေကလည်း ဒါရှုတိုင်းရှုတိုင်း ရူပ်နာမ်တွေပဲ ဆိုတာ သိတယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး ဆိုတာ သိတယ်။

အဲဒီ ရူပ်နာမ်တွေ သဘောတရားတွေ နားမလည်သေးတဲ့ပုဂ္ဂိုလ်တွေတော့ ဒီလိုပဲ အတ္ထကောင်ထင်နေတာပဲ၊ ရူပ်အကြောင်းပြုပြီးတော့လည်း အတ္ထကောင် အသက်ကောင် ဒါတွေပဲ၊ နာမ်တွေ၊ ဝေဒနာတွေ၊ သညာတွေ၊ သင်္ခါရတွေ၊ ဝိညာဏ်တွေကို အကြောင်းပြုပြီးတော့လည်း ငါပဲလို့ ဒီလိုထင်နေတာပဲ၊ ဒီတရားတွေဟာ အတ္ထဘာဝ အတ္ထကောင်လို့ ထင်မှတ်ရတဲ့တရားတွေတဲ့၊ အတ္ထဘော ဆိုပြီးတော့ ပြန်ထားတယ်၊ မြန်မာက 'အတ္ထဘော' ဆိုပြီး ပြန်ထားတယ်၊ အတ္ထဘာဝ အတ္ထဘော-တဲ့၊ သူအနက်က အတော်နက် နဲတဲ့ အင်မတန်နက်နဲတဲ့ဥစ္စာ၊ အတ္ထဘော ဆိုတာကို နားလည်နေကြတာက အကောင်ကြီးပဲ၊ အထည်ဝတ္ထုကြီးပဲ ဒီလို နားလည်နေကြတယ်၊ အထည်ဝတ္ထုကြီးလည်း ပါတယ်၊ အထည်ဝတ္ထုမဟုတ်တဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တွေလည်း ပါတယ်၊ နာမ်တရားတွေလည်း အကုန်လုံးပဲ ပါတယ်၊ အဲဒီခန္ဓာငါးပါး အတ္ထဘောနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ လိုရင်းတော့ ခန္ဓာငါးပါးရှိတဲ့ပုဂ္ဂိုလ်တွေ ဆိုလိုတာပေါ့၊ ဒါလည်း အကုန်လုံးပဲ၊ ခန္ဓာငါးပါးမရှိဘဲ မနေတော့ဘူး၊ အခု လူဘုံတို့လိုဟာတွေတော့ ခန္ဓာငါးပါးလုံး အကုန်ရှိနေတာပဲ၊ အသည်းသတ်ပြတ်ဆိုရင် ရူပ်ခန္ဓာရှိတယ်၊ အချုပ်ပြတ်ဆိုရင် နာမ်ခန္ဓာလေးပါးရှိတယ်၊ ခန္ဓာမရှိတဲ့သတ္တဝါရယ်လို့ မရှိဘူး၊ ခန္ဓာမရှိရင် သတ္တဝါမဟုတ်တော့ဘူး။

ဒါပေမယ့်လို့ အိန္ဒိယက ဝါဒအမျိုးမျိုးတွေကတော့ ခန္ဓာမရှိဘဲနဲ့ အတ္တကလေးဆိုပြီး ကြံထားတာတွေ ရှိတယ်၊ သူတို့ဟာ အလကား လိုက်လျှောက်ကြံ

http://www.dhammadownload.com

ထားတာ၊ ခန္ဓာငါးပါးမရှိရင် ဘာမှရှိလို့မဖြစ်ဘူး၊ ခန္ဓာမရှိရင် ဘာမှမဖြစ်တော့ဘူး၊ ငါကောင် သတ္တဝါကောင် အသက်ကောင်ပဲလို့ ထင်ရတဲ့ ရုပ်နာမ်အပေါင်းတွေကို အတ္တဘာဝ အတ္တဘော ခေါ်တယ်၊ အဲဒီအတ္တဘောနဲ့ ပြည့်စုံတဲ့သတ္တဝါတွေ "သဗ္ဗေ အတ္တဘာဝပရိယာပန္နာ" အတ္တဘောဌ် အကျုံးဝင်တဲ့ပုဂ္ဂိုလ်တွေ၊ ခန္ဓာငါးပါးရှိတဲ့သတ္တဝါတွေလို့ ဆိုလိုတယ်၊ ခန္ဓာငါးပါးရှိတဲ့သတ္တဝါတွေကို မေတ္တာပို့ရတာကိုး။

သဗ္ဗေ သတ္တာ-အလုံးစုံသောသတ္တဝါတွေ၊ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေ၊ သဗ္ဗေ ပါဏာ-အလုံးစုံသော အသက်ရှူတတ်တဲ့ သတ္တဝါတွေ၊ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေ၊ သဗ္ဗေ ဘူတာ-ကိုယ်ထင်ရှားရှိတဲ့သတ္တဝါတွေ၊ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေ၊ သဗ္ဗေ ပုဂ္ဂလာ-အလုံးစုံသောပုဂ္ဂိုလ်တွေ၊ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ-အလုံးစုံအတ္တဘော ခန္ဓာကိုယ်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ၊ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေ၊ ဟောဒီ ငါးပုဒ်က အနောဓိသမေတ္တာ-တဲ့၊ ဒါက ဘယ်သူဘယ်ဝါရယ်လို့ သီးသန့်မခွဲခြားဘူးပေါ့လေ၊ အနောဓိသ-အပိုင်းအခြားမရှိဘူး၊ အကန့်အသတ်မရှိဘူး၊ "သဗ္ဗေ သတ္တာ"ဆိုရင် သတ္တဝါဟူသမျှ အကုန်လုံးပဲ၊ အကန့်အသတ်မရှိဘူး၊ "သဗ္ဗေ ပါဏာ" ဆိုရင်လည်း အကုန်ပါပဲ၊ "သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ" အသက်ရှူတတ်တဲ့ သတ္တဝါတွေ၊ ကိုယ်ထင်ရှားရှိတဲ့ သတ္တဝါတွေ အကုန်ပဲ၊ "သဗ္ဗေ ပုဂ္ဂလာ" ပုဂ္ဂိုလ်တွေအကုန်၊ "သဗ္ဗေ အတ္တဘာဝပရိယာပန္နာ" အတ္တဘောရှိတဲ့ သတ္တဝါတွေ အကုန် ခန္ဓာကိုယ်ရှိသမျှတွေအကုန် ဘာမှအကန့်အသတ်မရှိလို့ ဒါဟာ အနောဓိသမေတ္တာ-တဲ့၊ ဒီလို ဆိုတာပါ။

ဩဒိသေသမေတ္တာ

နောက် ဩဒိသတွေ လာတယ်၊ "သဗ္ဗာ ဣတ္ထိယော-အလုံးစုံသော မိန်းမတွေ၊ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေ" စသည်ဖြင့် သွားတယ်၊ ဒါကတော့ အကန့်အသတ်ပါတယ်၊ ယောက်ျားမပါဘူး၊ ဒီထဲမှာ "မိန်းမတွေ ရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ" ဒီလိုပို့လိုက်တယ်၊ ဒါက မိန်းမတွေအတွက်ပဲ ပါတယ်၊ ယောက်ျားမပါဘူး၊ ဒါက ဩဒိသ-အပိုင်းအခြားအကန့်အသတ်နဲ့ အာရုံပြုပြီးတော့ ပို့တာ။

http://www.dhammadownload.com

သင္မွေ ပုရိသာ-အလုံးစုံသော ယောကျ်ားတွေတဲ့၊ ယောကျ်ားပဲပါတယ်၊ မိန်းမမပါပြန်ဘူး၊ ဒါအကန့်အသတ်နဲ့ ယောကျ်ား, မိန်းမ ခွဲပြီးတော့ တခြားစီ တစ်ကန့်စီ တစ်ခါတည်း မေတ္တာပို့တယ်၊ သင္မွေ အရိယာ၊ သင္မွေ အနရိယာ-အရိယာပုဂ္ဂိုလ်နဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေ ခွဲပို့တာ၊ "သင္မွေ အရိယာ"ဆိုရင် အရိယာပုဂ္ဂိုလ်တွေ ပါတယ်၊ "သင္မွေ အနရိယာ" ဆိုရင် ပုထုဇဉ်ပုဂ္ဂိုလ်တွေ ပါတယ်၊ "သင္မွေ ဒေဝါ-အလုံးစုံသော နတ်တွေ"ဆိုတော့ နတ်တွေပဲပါတယ်၊ လူတွေ တိရစ္ဆာန်တွေ မပါပြန်ဘူး၊ "သင္မွေ မနုဿာ"တဲ့၊ ဒါကလည်းပဲ လူတွေပဲပါတယ်၊ နတ်တွေ, တိရစ္ဆာန်တွေ မပါပြန်ဘူး၊ "သင္မွေ ဝိနိပါတိကာ"တဲ့၊ ဒါက အပါယ်လေး ဘုံက သတ္တဝါတွေ အပါယ်ဘုံသားတွေပဲ ပါတယ်၊ လူတွေ နတ်တွေ မပါဘူး၊ ဒါတွေကို သုံးပိုင်းပိုင်းထားတယ်၊ "သင္မွေ ဒေဝါ၊ သင္မွေ မနုဿာ၊ သင္မွေ ဝိနိပါ တိကာ" ဒါက အားလုံး (၇)ပုဒ် ရှိပါတယ်၊ ဟိုက ငါးပုဒ်နဲ့ အားလုံး (၁၂)ပုဒ် ရှိတာကိုး၊ "သင္မွေ အတ္ထဘာဝပရိယာပန္နာ"အထိ အနောဓိသမေတ္တာ ငါးပုဒ် ရှိတယ်၊ သင္မွာ ဣတ္ထိယော၊ သင္မွေ ပုရိယာ" တစ်စုံ၊ "သင္မွေ အရိယာ၊ သင္မွေ အနရိယာ" တစ်စုံ၊ (၄)ခု ရသွားပြီ၊ "သင္မွေ ဒေဝါ၊ သင္မွေ မနုဿာ၊ သင္မွေ ဝိနိပါတိကာ" ဒီက သုံးခု၊ (၄)ခုနဲ့ (၃)ခုနဲ့ ပေါင်း (၇)ခု ရှိတယ်၊ အဲဒါ (၇)ခုဆိုတော့ ရှေ့က "သင္မွေ သတ္တာ" စတဲ့ ငါးခုနဲ့ ပေါင်းတော့ အားလုံး (၀၂)ပုဒ် ရှိတယ်။

အဲဒီ (၁၂)ပုဒ်ဟာ "အဝေရာ ဟောန္တု"နဲ့, စပ်လိုက်တော့ (၁၂)ပုဒ်ရတာပေါ့၊ "အဗျာပဇ္ဈာ ဟောန္တု"ကလည်း (၁၂)ပုဒ်၊ "အနီဃာ ဟောန္တု" (၁၂)ပုဒ်၊ "သုခီ အတ္တာနံ ပရိဟရန္တု" ကလည်း (၁၂)ပုဒ်၊ (၁၂)ပုဒ် (၄)လီ (၄၈)ခုရတယ်၊ မေတ္တာ (၄၈)ခုတဲ့၊ "အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ" သူက တစ်ခု ယူရမှာ၊ "အားလုံးသော သတ္တဝါတွေ စိတ်ဆင်းရဲကင်းကြပါစေ" သူက တစ်ခု ယူရမှာ၊ "အားလုံးသော သတ္တဝါတွေ ကိုယ်ဆင်းရဲကင်းကြပါစေ" သူက တစ်ခု ယူရမှာ၊ "အားလုံးသော သတ္တဝါတွေ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ" သူက တစ်ပုဒ်ရတယ်၊ သတ္တဝါ ဟူသော နာမည်နဲ့ (၄)ခု ရတယ်။

ထို့အတူ "အားလုံးသော အသက်ရှူသတ္တဝါတွေ" အသက်ရှူတာက ပါ၏၊ သူကလည်း (၄)ခုပဲ၊ "သင္မွေ ဘူတာ-ကိုယ်ထင်ရှားရှိတဲ့သတ္တဝါတွေ" သူကလည်း

http://www.dhammadownload.com

(၄)ခုပဲ၊ "သင်္ဃေ ပုဂ္ဂလာ-အားလုံးသောပုဂ္ဂိုလ်တွေ ရန်ကင်းကြပါစေ"ဆိုတာ လည်း (၄)ခုပဲ၊ သင်္ဃေ အတ္ထဘာဝဝရိယာပန္နာ-ခန္ဓာအတ္ထဘောနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ ကလည်း (၄)ခုပဲ၊ "သင်္ဃာ ဣတ္ထိယော-အလုံးစုံသော မိန်းမတွေ ရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်း သာသာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ" သူက (၄)ခု ရတယ်၊ "သင်္ဃေ ပုရိသာ"လည်း (၄)ခုပဲ၊ 'သင်္ဃေ ဒေဝါ"လည်း (၄)ခုပဲ၊ "သင်္ဃေ အရိယာ-အရိယာပုဂ္ဂိုလ်တွေ"လည်း (၄)ခုပဲ၊ "သင်္ဃေ အနရိယာ-ပုထုဇဉ်ပုဂ္ဂိုလ်တွေ"လည်း (၄)ခုပဲ၊ "သင်္ဃေ မနုဿာ-လူတွေလည်း (၄)ခုပဲ၊ "သင်္ဃေ ဝိနိပါတိကာ-အပါယ် (၄)ဘုံသားတွေ"လည်း (၄)ခု ဆိုတော့ အားလုံး (၁၂)ပုဒ် ရှိသွားတယ်၊ မူလပုဒ်ရင်းက (၁၂)ခုနဲ့ "အဝေရာ ဟောန္တု ဘေးရန်ကင်းကြပါစေ" စသည့် (၄)ပုဒ်နဲ့ မြောက်လိုက်တော့ (၄ × ၁၂) လီ (၄၈)ပုဒ်ရတယ်၊ မေတ္တာ (၄၈) ရသွားပြီ၊ ဒါက ရိုးရိုးမေတ္တာ (၄၈)ကိုး။

အဲဒါ အရပ်မျက်နှာနဲ့ ပို့လိုက်တော့ကို အရပ်မျက်နှာက (၁၀)ခု ရှိတာ။ အရပ်မျက်နှာ (၁၀)ခု ရှိတော့ (၄၈၀) ရမယ်၊ အရှေ့အရပ်ကလည်း ဒီလိုပဲ (၄၈) ရမှာကိုး၊ "ပုရတ္ထိမာယ ဒိသာယ သင်္ဃေ သတ္တာ" အရှေ့အရပ်က အလုံး စုံသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင် ကြပါစေ" ဒါ အရှေ့အရပ်က သတ္တဝါ။ အရှေ့အရပ်က ထွက်သက်ဝင်သက်ရှိတဲ့ ပါဏာတွေလည်း ဒီလိုပဲ (၄)ခု၊ (၄)ခု လျှောက်ပြီးတော့ မြောက်လိုက်တော့ အရှေ့ အရပ်ချည်းထဲကိုက (၄၈)ရတယ်၊ အနောက်အရပ်ကလည်း (၄၈) ရတယ်၊ မြောက် အရပ်ကလည်း (၄၈)ရတယ်၊ တောင်အရပ်ကလည်း (၄၈)ရတယ်၊ နောက်တစ်ခါ ပုရတ္ထိမာယ အနုဒိသာယ-အရှေ့တောင်အရပ်၊ ပစ္ဆိမာယ အနုဒိသာယ- အနောက် မြောက်အရပ်လည်း (၄၈)ပဲ ရတယ်၊ ဥတ္တရာယအနုဒိသာယ-အရှေ့မြောက်အရပ် လည်း (၄၈)ပဲရတယ်၊ ဒက္ခိဏာယ အနုဒိသာယ-အနောက်တောင်အရပ်လည်း (၄၈)ပဲရတယ်၊ ဟေဋ္ဌိမာယ ဒိသာယ-အောက်အရပ်လည်း (၄၈)ပဲရတယ်၊ ဥပရိ မာယ ဒိသာယ-အထက်အရပ်ဉီး (၄၈)ပဲရတယ်၊ အရပ် (၁၀) မျက်နှာရှိတယ်၊ အရပ် (၄)မျက်နှာနဲ့ ထောင့်လေးထောင့်နဲ့ဆိုရင် (၈)ခုကိုး၊ အောက်နဲ့ အထက်နဲ့ ဆိုတော့ (၁၀)ခု ရှိတာကိုး၊ အဲဒီအရပ် (၁၀)မျက်နှာက "သင်္ဃေ ပါဏာ" စသည်

http://www.dhammadownload.com

ဖြင့် လာလိုက်တော့ (၁၂)ခုရှိတယ်၊ (၁၂)ခု (၄)လီ ဆိုရင် (၄၈)ပဲ၊ တစ်ရပ် တစ်ရပ်မှာ (၄၈) ဆိုတော့ အရပ် (၁၀)မျက်နှာ ဆိုတော့ (၄၈၀) ရတာပေါ့၊ အဲဒီ (၄၈၀)နဲ့ ခုနက ရိုးရိုးအရပ်မျက်နှာတွေ မပါဘဲနဲ့ အနောဓိသ (၄၈)ခု ရှိတာကိုး၊ အဲဒီ (၄၈)နဲ့ (၄၈၀)နဲ့ပေါင်းတော့ (၅၂၈)ခု၊ အဲဒါ (၅၂၈)သွယ် မေတ္တာပို့တယ်ဆိုတာ ဒါပဲ။

အားလပ်တဲ့အခါ တစ်ခါလောက်တော့ ပို့စမ်းကြည့်စရာကောင်းတာပေါ့လေ၊ တရားအားထုတ်နေရင်းတော့ သွားမလုပ်နဲ့၊ တရားအားထုတ်နေတုန်း ဒါတွေ လုပ်လို့ရှိရင် အချိန်ကုန်နေလိမ့်မယ်၊ တရားအားမထုတ်ဘဲ အလွတ် နေတဲ့အခါတော့ (၅၂၈)သွယ် မေတ္တာပို့နေ၊ တစ်ခါတစ်ခါ စာတွေ ရေးကြတယ်၊ တကယ်ပို့သလား မပို့သလားတော့ မပြောတတ်ဘူး၊ ပို့ကြမှာပါပဲ။ ဘုရားဝတ် တက်တဲ့အခါတွေမှာ "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု အဗျာပဇ္ဈာ ဟောန္တု" ဒီလိုရွတ်ပြီးတော့ နေကြတာ၊ ဒါရွတ်ရုံသာပါပဲ၊ စိတ်ထဲကတော့ အာရုံရောက်ချင်မှ ရောက်မယ်၊ ဒါ သေသေချာချာရောက်ရမှာ၊ အခုဟာက သေသေချာချာရောက်ပြီးတော့ ပို့ရမှာ၊ အခုဟာက သေသေချာချာရောက်ပြီးတော့ ပို့ရမှာ။ "ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ" ဆိုရင် အရှေ့အရပ်က အလုံးစုံသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းစိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ" ဒီလိုလုပ်ရမှာကိုး၊ အဲဒီလို (၅၂၈)သွယ် မေတ္တာဆိုတာ အဲဒါတွေပဲ၊ တစ်ပုဒ် (၂)ပုဒ်လောက်တော့ ပို့စမ်းကြည့်ဦးမှပဲ၊ မေတ္တာပို့နည်းလေး နည်းလမ်းလေး ကျသွားအောင်လို့

"အားလုံးသော သတ္တဝါတွေ ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ"လို့ အနောဓိသ မေတ္တာ လေးပုဒ် ပြီးသွားပါပြီ။

နောက်တစ်ခါ "သဗ္ဗေ ပါဏာ"အရကို အသက်ရှူသတ္တဝါတွေ နည်းနည်းကွဲ အောင်လို့ ဝိသေသနတော့ ထည့်လိုက်ဦးမှ -

"အားလုံးသော အသက်ရှူသတ္တဝါတွေ ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ"လို့ သဗ္ဗေ ပါဏာ-ပြီးသွားပြီ။

http://www.dhammadownload.com

"အားလုံးသော ကိုယ်ထင်ရှားရှိသော သတ္တဝါတွေ ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ"လို့

"အားလုံးသော ပုဂ္ဂိုလ်တွေ ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ"လို့၊

"အတ္တဘောဌ် အကျူးဝင်သူတွေ ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်း ပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ"လို့

နောက် "သဗ္ဗာ လ္ကတ္ထိယော-အားလုံးသောမိန်းမတွေ"တဲ့ ဒီအတိုင်းသွား ရမှာကိုး၊ တော်ကြာ "အားလုံးသော ယောကျ်ားတွေ ဘေးရန်ကင်းကြပါစေ" ဒီလိုပဲ (၄)ပုဒ်၊ "အားလုံးသော အရိယာပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ" ဒီလိုပဲ သွားရမှာ၊ "အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ" ခုဟာ မိန်းမနဲ့ယောကျ်ားတစ်စုံ၊ အရိယာနဲ့ပုထုဇဉ်က တစ်စုံ၊ နောက်ပြီးတော့ နတ်လူအပါယ်သတ္တဝါတွေ သုံးခု ရှိတယ်၊ တစ်စုံမဟုတ်ဘူး၊ သူကတော့ သုံးခုပဲ၊ "အားလုံးသော နတ်တွေ ဘေးရန် ကင်းကြပါစေ"၊ "အားလုံးသော လူတွေ ဘေးရန်ကင်းကြပါစေ"၊ အားလုံးသော အပါယ်ဘုံသားတွေ ဘေးရန်ကင်းပါစေ" စသည်ဖြင့် (၄)ပုဒ်၊ (၄)ပုဒ် ယူရတယ်၊ အဲဒီတော့ (၄၈)ပါးရှိတယ်၊ ဒါ အနောဓိသမေတ္တာတဲ့၊ အနောဓိသ-အရပ်မျက်နှာ အားဖြင့် ပိုင်းခြားခြင်းမရှိဘူး၊ အားလုံးသောသတ္တဝါတွေဆိုတာ တစ်လောကလုံး ရှိတဲ့ သတ္တဝါတွေ အကုန်ပဲ၊ ဘယ်အရပ်ကလို့ မပါဘူး။

နောက် ဒီသာဩဓိသနဲ့ အရပ်မျက်နှာနဲ့ လာပြန်တာကိုး၊ "ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ - အရှေ့အရပ်က အားလုံးသော သတ္တဝါတွေ" ဒီလို လာတာကိုး၊ "အရှေ့အရပ်က အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ"လို့ အတူတူပါပဲ၊ အရှေ့အရပ်ကလေး နာမည် ထားလိုက်တာ တစ်ခုပါပဲ၊ အရှေ့ဘက်ကို စိတ်က အာရုံပြုရမှာကိုး။

တစ်ခါ အနောက်အရပ်က သတ္တဝါတွေ လာပြန်တာကိုး၊ တစ်ခါမြောက် အရပ်က၊ တစ်ခါ တောင်အရပ်က၊ တစ်ခါ အရှေ့တောင်အရပ်က၊ တစ်ခါ

http://www.dhammadownload.com

အနောက်မြောက်အရပ်က မေတ္တာပို့ရာမှာ ဒေသနာတော်က ကြွက်ခြေခတ် လာတယ်၊ အစဉ်အတိုင်း မဟုတ်ဘူး၊ လှည့်မသွားဘူး၊ အစဉ်အတိုင်း လှည့်သွားရင်း ရွှတ်လို့ ကောင်းသား, အလွယ်သား၊ အစဉ်အတိုင်းမဟုတ်ဘူး၊ အရှေ့ကပြီးရင် အနောက်သွားတယ်၊ အနောက်ကပြီးတော့ မြောက်၊ မြောက်က ပြီးတော့ တောင်လာတယ်၊ ထုတ်ချင်းခတ်သွားတယ်၊ ပြီးတော့ တစ်ခါ အရှေ့တောင်က လာတယ်၊ အရှေ့ တောင်ပြီးတော့ အနောက်မြောက်၊ အနောက်မြောက်ပြီးတော့၊ အနောက်တောင် လာတယ်၊ ထုတ်ချင်းခတ်သွားတယ်၊ ပြီးတော့ အောက်အရပ်၊ ပြီးတော့ အထက် အရပ်၊ အဲဒီက (၁၀) ပါးပဲ၊ အဲဒါ မေတ္တာ အရပ်တစ်ရပ်မှာ (၄၈)ရတော့ (၄၈၀)နဲ့ ပထမက အရပ်မျက်နှာမပါပဲတဲ့၊ အရပ်မျက်နှာ မပိုင်းခြားဘဲနဲ့ အဲဒါက (၄၈) ပေါင်းလိုက်ရင် (၅၂၈)ပါး ရတယ်၊ ပုတီးလုံးကလေးနဲ့ ချပြီးတော့ လုပ်မှ (၅၂၈) သွယ် မေတ္တာဆိုတာ အဲဒါပဲ။

စမ္ဘောဈာန်

ဒါကလည်းပဲ အမှန်ဟောထားတာကတော့ အခုလို ရွှတ်ဖို့ ဖတ်ဖို့ မဟုတ်ပါဘူး၊ သေသေချာချာ မေတ္တာဈာန်ဝင်စားတဲ့အခါမှာ ပွားများအားထုတ်ဖို့တဲ့၊ အခုနပြောတဲ့အတိုင်း တစ်ဦးတစ်ယောက်ကနေပြီး မေတ္တာပို့တယ်၊ မေတ္တာပို့တော့ အဲဒီပုဂ္ဂိုလ် ချမ်းသာစေချင်တဲ့စိတ်ဖြစ်ပြီး သွားရင်း, လာရင်းနဲ့ ပုဂ္ဂိုလ်ထဲ စိတ် ရောက်ပြီး၊ "ချမ်းသာပါစေ၊ ချမ်းသာပါစေ" စိတ်ဖြစ်ပြီးတော့ နေတဲ့အခါ ဈာန်ရတာကိုး၊ 'ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ ပဌမဈာနကုသလစိတ္တံ" ဆိုတဲ့ အတိုင်း ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါ (၅)ပါးနဲ့ ကိုယ်မေတ္တာပို့တဲ့ ပုဂ္ဂိုလ်ပေါ့လေ၊ ကိုယ့်ဆရာဖြစ်စေ၊ အမိဖြစ်စေ၊ အဘဖြစ်စေ၊ အဒေါ်ဖြစ်စေ၊ ဦးကြီးဖြစ်စေ အဲဒီလို ရှိသေလေးစားအပ်တဲ့ ပုဂ္ဂိုလ်တွေက စရမှာကိုး၊ အဲဒီပုဂ္ဂိုလ်ကို နှလုံးသွင်းလိုက်လို့ရှိရင် အဲဒီပုဂ္ဂိုလ်ချမ်းသာပါစေဆိုတဲ့ စိတ်ကလေးတစ်ခုတည်း ငြိမ်ဝပ်ရပ်တည်ပြီးတော့ သွားလို့ရှိရင် တစ်ခါတည်း မေတ္တာဈာန်ပဲဖြစ်တယ်။

အဲဒီမေတ္တာဈာန်ထဲမှာ အဲဒီပုဂ္ဂိုလ်ရဲ့ အာရုံကို ကြံစည်ရတဲ့ ဝိတက်ကလေး လည်း ပါတယ်၊ သုံးသပ်ရတဲ့ ဝိစာရလေးလည်း ပါတယ်၊ အဲဒီပုဂ္ဂိုလ်ကို အာရုံ ပြုရင်းနဲ့ ပီတိလည်းပဲ ဖြစ်နေတယ်၊ စိတ်ထဲမှာ ပီတိလေးဖြစ်ပြီး ပကတိစိတ်

http://www.dhammadownload.com

မျိုးမဟုတ်ဘူး၊ သူဟာ ကောင်းနေတယ်၊ စိတ်ချမ်းသာမှု စိတ်ရွှင်လန်းမှု သုခ လေးလည်း ပါတယ်၊ အဲဒီအာရုံထဲ စိတ်ကလေးငြိမ်ဝပ်ရပ်တည်နေတဲ့ သမာဓိ လေးလည်း ပါတယ်၊ အဲဒီ (၅)ခုပေါင်းတာ "ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ ငါးအင်္ဂါ၊ မှတ်ပါ ပထမစျာန်"ဆိုတဲ့အတိုင်း ပထမစျာန်ရသွားတယ်၊ ဒါကို မေတ္တာ ပထမစျာန် ခေါ်တယ်၊ ကောင်းတယ်၊ မေတ္တာစျာန်မရလဲ ကောင်းတော့ ကောင်း တာပါပဲ၊ ရတော့ ပိုကောင်းတာပေါ့။ မေတ္တာပထမစျာန် အင်မတန်ကောင်းတယ်၊ ဒီလို တစ်ဦးတစ်ယောက်မဟုတ်နဲ့ဦးတော့ တွေ့တိုင်းတွေ့တိုင်း မြင်သည်ဖြစ်စေ၊ ကြားသည်ဖြစ်စေ၊ "ချမ်းသာပါစေ၊ ချမ်းသာပါစေ" ဒီလိုနှလုံးသွင်းလိုက်ရင် စျာန် တော့ မရောက်တတ်သေးဘူး၊ မရောက်ပေမယ့် အဲဒါလေးကလည်း အင်မတန် အဖိုးတန်တယ်။

မေတ္တာအကျိုး (၁၁)မျိုး

မေတ္တာဟာ အကျိုးတစ်ဆယ့်တစ်ပါးရတယ်တဲ့၊ မေတ္တာအကျိုးက -

မေတ္ထာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာဆေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနိကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုဆမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ။

မေတ္တာစျာန်ရဲ့ အကျိုးတွေ (၁၁)ပါး ရတယ်တဲ့၊ "ကတမေ ဧကာဒသ"

၁။ သုခံ သုပတိ - ချမ်းသာစွာ အိပ်ရခြင်း။

၂။ သုခံ ပဋိဗုဇ္ဈတိ - ချမ်းသာစွာ နိုးရခြင်း။
"အိပ်နိုးချမ်းသာ၊" အိပ်ရင်လည်း ချမ်းချမ်းသာသာပဲ၊ ပင်ပင်ပန်းပန်း မဖြစ်ဘူးတဲ့၊ နိုးလာတဲ့အခါလည်း ကြည်ကြည်လင်လင် ရွှင်ရွှင်လန်း လန်းနဲ့ နိုးလာတာပဲ၊ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး မဟုတ်ဘူးတဲ့၊ ကြည် ကြည်လင်လင်ပဲ၊ အေးအေးချမ်းချမ်းပဲ၊ အခု တရားအားထုတ်တဲ့ အခါလည်း ဒီတိုင်းပါပဲ၊ ဒီပြင်တရားတွေ အားထုတ်ရင်လည်း ဒီအတိုင်းဖြစ်တတ်ပါတယ်၊ သို့သော် မေတ္တာမှာတော့ အထူးပြုပြီး တော့ မြတ်စွာဘုရားက ဟောထားတယ်၊ အဲ. . အိပ်နိုးချမ်းသာ -

၃။ န ပါပကံ သုပိနံ ပဿတိ - ယုတ်ညံ့သော မကောင်းသော အိပ် မက်ကို မမြင်မက်ပါဘူးတဲ့၊ အိပ်မက်ဆိုးဝါးမျှားလည်း မမြင်မက်

http://www.dhammadownload.com

ဘူးတဲ့၊ မေတ္တာပွားများနေတဲ့ပုဂ္ဂိုလ်၊ "အိပ်နိုးချမ်းသာ ကောင်းစွာ အိပ်မက် ချစ်လျက် လူနတ်တဲ့။"

၄။ မနုဿာနံ ပိယော ဟောတိ - လူတွေလည်း ချစ်တယ်တဲ့။

၅။ အမနုဿာနံ ပိယော ဟောတိ - နတ်တွေလည်း ချစ်တယ်တဲ့၊

၆။ ဒေဝတာ ရက္ခန္တိ - နတ်တွေက စောင့်ရှောက်တတ်တယ်တဲ့။

၇။ နာဿ အဂ္ဂိ ဝါ သတ္ထံ ဝါ ဝိသံ ဝါ ကမတိ - ထိုပုဂ္ဂိုလ်၏ကိုယ်၌ မီးဖြစ်စေ၊ -အဆိပ်ဖြစ်စေ၊ လက်နက်ဖြစ်စေ မကျရောက်နိုင်ဘူးတဲ့၊ ရှောင်လွဲတတ်တယ်တဲ့၊ မကျရောက်ဘဲနဲ့ လွတ်မြောက်တတ်ပါတယ်တဲ့။

၈။ တုဝဋ်ံ စိတ္တံ သမာဓိယတိ - စိတ်များလည်း ကြည်လင်စေတတ်တယ်တဲ့၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာပို့ရတာ ကြည်လင်တယ်၊ သူက ဒီပြင်ဟာလိုမဟုတ်ဘူးတဲ့၊ သူက လွယ်လည်း လွယ်တယ်၊ ချမ်းသာပါစေဆိုတာလေး နှလုံးသွင်းတာက ပထမစပြီးတော့ ခုနပြောတဲ့ ကြည်ညိုလေးစားအပ်တဲ့ပုဂ္ဂိုလ် နှလုံးသွင်းတော့ လွယ်တာပေါ့၊ ရန်သူသွား နှလုံးသွင်းတော့ နည်းနည်းမလွယ်ဖြစ်ချင်လည်း ဖြစ်မယ်၊ ဒါပေမယ့်လို့ နောက်နိုင်နင်းလာတဲ့အခါကျတော့ လွယ်သွားမှာပါပဲ၊ ဟော. . အခု ဝိပဿနာရှုမှတ်ပြီးတော့ နှလုံးသွင်းရင်လည်း လွယ်တတ်တယ်၊ ဝိပဿနာ မှတ်မှတ်ပြီးတဲ့အခါမှာ မေတ္တာပို့ရင် ဘယ်သူ့ မဆို မေတ္တာပို့ရင် လွယ်တတ်တယ်၊ ဘာမှ မေတ္တာပို့ရတာ မခက်ဘူး၊ လွယ်တတ်တယ်၊ အဲဒီတော့ စိတ်တည်ကြည်လွယ်တယ်တဲ့။

၉။ မုခဝဏ္ဏော ဝိပ္ပသီဒတိ - ရွှင်ကြည်မျက်နှာ၊ မျက်နှာများလည်းပဲ ရွှင်ရွှင်လန်းလန်း ရှိပါတယ်တဲ့၊ မေတ္တာပို့တဲ့ ပုဂ္ဂိုလ်မျက်နှာဟာ ညစ်ပုပ်ပြီးတော့ ညှိုးနွမ်းနေတယ်လို့ မရှိဘူးတဲ့၊ ရွှင်ရွှင်လန်းလန်းပဲတဲ့။

၁၀။ အသမ္မူဠှော ကာလံ ကရောတိ - နောက်ဆုံး တစ်နေ့ကျရင် သေကြရမှာကို၊ သေတဲ့အခါကာလကျရင်လည်း မတွေမဝေတတ်ပါဘူးတဲ့၊ တွေဝေပင်ပန်းပြီးတော့ ဒီလို မဖြစ်ဘူးတဲ့၊ အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေလဲ ဒီလိုပါပဲ၊ တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ် ကိုယ့်

http://www.dhammadownload.com

တရားလေးကို အားထုတ်နေရင် ဒါလည်းပဲ သေတဲ့အခါကျရင် အင်မတန်ကောင်းပါတယ်၊ အင်မတန် ကြည်ကြည်လင်လင်ပဲ ချမ်းချမ်းသာသာရှိတယ်၊ သတိတွေ ဘာတွေ မမျက်ဘဲနဲ့ ကောင်းကောင်းလေး စိတ်ကြည်ကြည်လင်လင်နဲ့ သွားတာကို သူက အင်မတန်ကောင်းတယ်တဲ့။

၁၁။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ပြဟ္မာလောကူပဂေါ ဟောတိ - အထူးတရားတွေ မရလို့ရှိရင်တဲ့၊ မေတ္တာဈာန်ထက် ပိုတဲ့ မဂ်ဖိုလ်တရားတွေ မရခဲ့လို့ရှိရင် အကယ်၍ မေတ္တာဈာန်က အရင်းခံပြီး မဂ်ဖိုလ် ရတာလည်း ရှိမှာပေါ့၊ အဲဒီမဂ်ဖိုလ်တရားထူးများ မရခဲ့လို့ရှိရင် သေသည်၏အခြားမဲ့မှာ ပြဟ္မာ့ပြည်ရောက်မယ်၊ ပြဟ္မာဖြစ်မယ်၊ အနည်းဆုံး ကမ္ဘာနဲ့ချီပြီး အသက်ရှည်တယ်၊ ကမ္ဘာ၏ (၃)ပုံ (၁)ပုံ၊ ကမ္ဘာ၏ထက်ဝက်၊ အသခ္ဒေယျ၊ တစ်ကမ္ဘာ နောက်နှစ်ကမ္ဘာ၊ လေးကမ္ဘာ စသည်ဖြင့် သူက အသက်ရှည်တတ်ပါတယ်၊ ကမ္ဘာ (၅၀၀) အထိ သူက အသက်ရှည်နိုင်တယ်၊ ဝေဟပ္ဖိုလ်ရောက်တဲ့အခါ ကမ္ဘာ (၅၀၀)အသက်ရှည်နိုင်တယ်၊ အင်မတန် ကောင်းပါတယ်၊ အဲဒါ မေတ္တာ၏ အကျိုး (၁၁)ပါးတဲ့၊ အဲဒီဆောင်ပုဒ်ကလေး ဆိုစမ်းပါဦး။

* **အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လှုက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ ဆေခါမထွေ၊ လားလေဗြဟ္မာ၊ ၁၀-ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။**

ဒါကတော့ စာနဲ့ ရေးထားမှဖြစ်မှာ၊ တစ်ပိုင်းတစ်ပိုင်းပဲ ရတယ်၊ ဒီလောက် ရှည်တာကြီးတော့လည်း ရမယ်မဟုတ်ဘူး၊ တော်တော်တော့ မှတ်မိပါပြီ၊ (၁၁)ပါး ဆိုတာ ဒါတွေပဲ၊ ဒီလောက်တော့ သိသွားပါပြီ။

အိပ်နိုးချမ်းသာ - သူက နှစ်ခုကို၊ အိပ်ချမ်းသာတယ်၊ နိုးချမ်းသာတယ်၊ အိပ်ပျော်လည်းပဲ ချမ်းချမ်းသာသာနဲ့ အိပ်ပျော်ရတယ်တဲ့၊ မေတ္တာပွားတဲ့ပုဂ္ဂိုလ် မေတ္တာသာ မဟုတ်ပါဘူး၊ အခြားကမ္မဋ္ဌာန်းတွေလည်း အတူတူပါပဲ၊ သို့သော်လည်း မေတ္တာမှာ အထူးဟောထားလို့ နိုးတဲ့အခါလည်း ကြည်ကြည်လင်လင် နိုးလာတယ်၊ ချမ်းချမ်းသာသာပဲ။

http://www.dhammadownload.com

"ကောင်းစွာအိပ်မက်"တဲ့၊ အိပ်မက်လည်း များသောအားဖြင့် အိပ်မက်ကောင်းမက်တယ်တဲ့၊ တစ်ခါတစ်ရံတော့လည်း ရှိချင်ရှိမယ်၊ သေသေချာချာပြောလို့တော့ မဖြစ်ဘူး၊ အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်လည်း မကောင်းတဲ့ အိပ်မက်တွေမက်လို့ တချို့က ပြောနေတယ်၊ ဒါကတော့ တစ်ခါတစ်ရံတော့ ရှိမှာပေါ့၊ များသောအားဖြင့်တော့ ကောင်းတာမက်မှာပါပဲ။

"ချစ်လျက်လူနတ်"တဲ့၊ လူချစ်တယ်၊ နတ်ချစ်တယ်၊ မေတ္တာပွားတဲ့ပုဂ္ဂိုလ် လူချစ်တာက တစ်ခု၊ မေတ္တာပွားနေတဲ့ပုဂ္ဂိုလ်ဟာ အများအားဖြင့် လူတွေက ချစ်တတ်တယ်၊ သို့သော် တစ်ဦးတစ်ယောက်မှ မုန်းတဲ့လူမရှိဘူးလို့ ပြောလို့တော့ ဘယ်ဖြစ်မလဲ၊ ရှိတာပဲ၊ ဒါကတော့ ပြောလို့မဖြစ်ဘူး၊ အများအားဖြင့် ယေဘုယျ ယူရတာကိုး၊ နတ်တွေကလည်း ချစ်တတ်တယ်တဲ့၊ "အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်" ဆိုတော့ ငါးခုရသွားပြီ၊ တွက်ပြဦးမှဖြစ်မှာ၊ တော်တော်ကြာ တွက်မပြတဲ့နဲ့ (၁၁)ခုလည်း တွက်မရပဲ ဖြစ်နေဦးမယ်။

အိပ်နိုးချမ်းသာက ၂-ခု၊ ကောင်းစွာအိပ်မက်က ၁-ခု၊ ချစ်လျက် လူနတ် ၂-ခု၊ အဲဒါ ငါးခုပြီးသွားပြီ။ "စောင့်လတ်နတ်များ"က တစ်ခု ၆ခုရှိသွားပြီ၊ "မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ" ဒါက တစ်ခု၊ မီးတို့ ဆိပ်တို့ ဓားတို့ ဆိုရင် ဓား သန်လျက်လက်နက်တွေ အကုန်ပေါ့လေ၊ ရှောင်ရှားတတ်တယ်တဲ့၊ အဲဒါတော့ ပုံစံလေးတစ်ခုနဲ့ သိရအောင် -

မုဆိုးတစ်ယောက်က နွားမကြီးကို လှံနဲ့ထိုးတယ်၊ နွားမကြီးက ကလေးလေး နို့တိုက်နေတယ်၊ ဒီအချိန်မှာ ကလေးလေးအပေါ် သူမေတ္တာစိတ်တွေ ဖြစ်နေတယ်၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာစိတ်ဖြစ်နေတယ်၊ ဘာဝနာတော့ မဟုတ်ဘူး၊ သူ သားလေးအပေါ်မှာ မေတ္တာစိတ်ဖြစ်နေတယ်၊ ဓားနဲ့ လှံနဲ့ ဆိုတော့ လှံကွေးသွားတယ်၊ မဝင်ဘူး၊ မစူးဘူးလို့ ဒီလိုဆိုတယ်။

ရွှေက "သီဟဗာဟု"ဆိုတာ ရှိတယ်၊ သူဖခင်က ခြင်္သေ့ကြီးကို၊ ခြင်္သေ့ကြီးက သူမိန်းမရော၊ သားသမီးကြီးတွေ ပျောက်သွားတော့ လိုက်ပြီးတော့ ရှာတယ်၊ တောရွာတွေ ဘာတွေလိုက်ပြီးတော့ မွေနှောက်နှိပ်စက်လို့ တစ်ခါတည်း ဒီမှာ အုပ်ချုပ်နေတဲ့ မင်းက ခြင်္သေ့ကြီးကို နှိမ်နှင်းတဲ့ပုဂ္ဂိုလ်ရှာတော့ ဘယ်သူမှ ရှာလို့မတွေ့ဘူး၊ "သီဟဗာဟု"ဆိုတဲ့ သူသားက ထွက်ပြီးတော့ တာဝန်ခံပြီး လေးနဲ့

http://www.dhammadownload.com

သွားပစ်တာ၊ ခြင်္သေ့ကြီးက သူ့သားမြင်တော့ ငါ့သားပဲဆိုပြီး မေတ္တာစိတ်တွေ ဖြစ်လိုက်တာ၊ သားစိတ်နဲ့ ချစ်နေတယ်၊ ဒီကနေပြီး လေးနဲ့ပစ်လိုက်တာ၊ မြွားက မစူးဘူး၊ မမှန်ဘူး၊ မေတ္တာစိတ်ဝင်နေလို့ နောက်အကြိမ်ကြိမ်ပစ်တော့ ခြင်္သေ့ကြီးက မေတ္တာဖျက်သွားတယ်၊ မေတ္တာလည်း ဖျက်ရော မြွားလည်းစူးရော၊ ဒါ အဆိပ်ဓား အဆိပ်မသင့်တာတွေ ဝတ္ထုထုတ်ပြထားပါတယ်၊ အဲဒီဘေးဒဏ် လက်နက်တွေလည်း မကျရောက်နိုင်ဘူးတဲ့၊ ဒါခုနစ်ခု ရှိပြီ။

"မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်"တဲ့၊ စိတ်များလည်းပဲ နှလုံးသွင်းလိုက်ရင် ချမ်းသာပါစေဆိုတဲ့ စိတ်ကလေးတည်လိုက်ရင် တည်ကြည်လွယ်တယ်တဲ့၊ မခက်ဘူးတဲ့၊ ဘာပြုလို့တုံးဆို အစကတည်းက မေတ္တာအာရုံယူလိုက်လို့ပဲ၊ ချမ်းသာပါစေလို့ နှလုံးသွင်းရတာလွယ်ပါတယ်။

"ရွှင်ကြည်မျက်နှာ"တဲ့၊ ပုဂ္ဂိုလ်မျက်နှာရွှင်ကြည်ပါတယ်တဲ့၊ ကြည်ကြည်ရွှင်ရွှင်ရှိပါတယ်တဲ့၊ (၉)ခု ရှိသွားပြီ။ "သေခါမတွေ"တဲ့၊ သေတဲ့အခါလည်း တွေဝေခြင်း မရှိပါဘူးတဲ့၊ မတွေဝေဘဲနဲ့ ချမ်းချမ်းသာသာ သေရတယ်၊ အခု ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ထားတဲ့ပုဂ္ဂိုလ်တွေ အထူးပြောစရာမလိုဘူး၊ သမထကမ္မဋ္ဌာန်းတောင်မှ တည်ကြည်ပြီး အဲဒီလိုဖြစ်နေသေးတာ၊ ဝိပဿနာကမ္မဋ္ဌာန်းဆိုတော့ သာပြီးတော့ မတွေမဝေ သေရတာပေါ့။

"လားလေဗြဟ္မာ"တဲ့၊ အဲဒါက အရဟတ္တမဂ် အရဟတ္တဖိုလ် မရခဲ့လို့ရှိရင် ပုထုဇဉ်အဖြစ်နဲ့ဖြစ်စေ၊ သောတာပန် သကဒါဂါမ် အနာဂါမ်အဖြစ်နဲ့ဖြစ်စေ၊ ဗြဟ္မာဖြစ်မှာပဲတဲ့၊ "လားလေဗြဟ္မာ၊ (၁၁)ဖြာသည်၊ မေတ္တာပွားမှုအကျိုးတည်း"တဲ့၊ အဲဒါ ဆောင်ပုဒ်က လွယ်ပါတယ်၊ ဒီက ဆောင်ပုဒ်ကလေးလုပ်ထားတယ်၊ သို့သော် ဒါလေးကပေမယ့် နည်းနည်းပါးပါး ရွတ်ဖတ်နေမှ တော်တော်ကြာရင် ကိုယ့်ဟာကိုယ်တောင် မေ့နေလို့ ပြန်စဉ်းစားရသေးတယ်၊ ကဲ . . ဆိုစမ်းပါဦး -

* **အိပ်နိုးချမ်းထာ၊ တောင်းစွာအိပ်မတ်၊ ချစ်ဖွယ်လူနတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ ဆေခါမတွေ၊ လားလေဗြဟ္မာ၊ ၁၁-ဖြာသည်၊ မေတ္တာပွားမှုအကျိုးတည်း။**

http://www.dhammadownload.com

ဒါဟာ မေတ္တာအကျိုး (၁၁)ပါးတွေပါ။ အားတဲ့အခါကျတော့ တစ်ခါတစ်ရံ ပွားကြည့်ပေါ့လေ၊ ကောင်းပါတယ်၊ အိမ်မှာ အလွတ်နေတဲ့ အခါတွေမှာ မေတ္တာပို့တာ ကောင်းပါတယ်၊ သွားရင်းလာရင်းလည်း မေတ္တာပွားနေလို့ ရတာပဲ၊ အဲဒီလို မေတ္တာပွားတော့ ခုနပြောတဲ့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ (၅)ပါးနဲ့ ပထမဈာန်ရောက်၊ နောက် ဒုတိယဈာန်လည်းပဲ ဝိတက်, ဝိစာရကို ကျော်လွန်သွားအောင် အားထုတ်တော့ သုခ, ဧကဂ္ဂတာ ပီတိ ဈာန်အင်္ဂါသုံးပါးနဲ့၊ ဒုတိယဈာန်လည်း ရောက်ပါတယ်၊ နောက်ပီတိကို လွန်မြောက်သွားအောင် အားထုတ်တဲ့အခါ သုခ, ဧကဂ္ဂတာ တတိယဈာန်ရောက်ပြီးတော့ လာနိုင်တယ်၊ တတိယဈာန်ရောက်တယ်၊ စတုတ္ထဈာန်တော့ မရောက်ဘူး၊ သူက ဥပေက္ခာနဲ့ ပွားလို့တော့ မဖြစ်ဘူး၊ တစ်စုံတစ်ယောက်သော သတ္တဝါခြမ်းသာပါစေ ဆိုတာ ဥပေက္ခာနဲ့ လျစ်လျူရှုလုပ်လို့ မဖြစ်ဘူး၊ ဥပေက္ခာက "ကမ္မဿကာ"ကိုး၊ ကမ္မဿကာ,က သူကံအားလျော်စွာ သူဟာသူ ကောင်းစရာရှိ ကောင်းမှာပဲ၊ မကောင်းစရာရှိ မကောင်းဘူး၊ ဒီလိုလုပ်ရမှာကိုး၊ ဥပေက္ခာ,က ဒီသဘောနဲ့မှရတာ၊ ဥပေက္ခာနဲ့လုပ်လို့တော့ မဖြစ်ဘူး၊ မေတ္တာပွားတဲ့အခါ ချမ်းသာစေလိုတဲ့စိတ်ဟာ သောမနဿနဲ့ စိတ်ထဲမှာ ရွှင်ရွှင်လန်းလန်း ကြည်ကြည်သာသာနဲ့ နှလုံးသွင်း ရတယ်၊ ဒီလိုမှ ဒီဈာန်က ဖြစ်နိုင်တာ၊ ပထမဈာန်ရနိုင်တယ်၊ ဒုတိယဈာန် ရနိုင် တယ်၊ တတိယဈာန် ရနိုင်တယ်၊ ဒါပဲ၊ ဒီထက်ပိုပြီးတော့ စတုတ္ထဈာန်မရနိုင်ဘူးတဲ့၊ ဒီလောက်ပဲ ရတယ်။ အဲဒီမေတ္တာက ပြီးရင် အခု ဥပေက္ခာ မြဟ္မဝိဟာရ၊ ဆဥင်မြဟ္မ၊ မြဟ္မဝိဟာရ ဥပေက္ခာ၊ အဲဒါရောက်အောင် အားထုတ်လို့ စတုတ္ထဈာန် ရတယ်၊

ကရုဏာမွှားမှုံ

နောက်ပြီးတော့ ကရုဏာ,ကလည်း ထို့အတူပါပဲ၊ သနားစရာကောင်းတဲ့ ပုဂ္ဂိုလ်က စပြီး နှလုံးသွင်းရင် ဒုက္ခရောက်နေလို့ "ဆင်းရဲက လွတ်ပါစေ"လို့ ဒီလိုဆင်းရဲတဲ့ သတ္တဝါအာရုံပြုတယ်၊ နောက်တော့ အကုန်လုံးသတ္တဝါတွေလည်း သူဆင်းရဲနဲ့ သူရှိနေတာပါပဲ၊ အကုန်လုံး သနားစရာတွေဖြစ်လာတယ်၊ ခန္ဓာဝန်တွေ ရှိနေသမျှ ကာလပတ်လုံး ဆင်းရဲရှိနေတာပဲ၊ ဒီတော့ အားလုံးသော သတ္တဝါတွေ သနားစရာ ဖြစ်လာတော့ ဆင်းရဲက လွတ်ပါစေလို့ အားလုံးသော သတ္တဝါတွေလဲ နှလုံးသွင်းလို့ ရပါတယ်၊ အစတော့ဖြင့်ရင် တကယ်ဆင်းရဲတဲ့ သတ္တဝါတွေက စပြီး နှလုံးသွင်းရတယ်။

http://www.dhammadownload.com

မုဒိတာမွန်းမုံ

နောက်ပြီးတော့ မုဒိတာ-တဲ့၊ မုဒိတာဆိုတော့ ဝမ်းမြောက်ဝမ်းသာတာ၊ ပြည့်စုံကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေ အကြောင်းပြုပြီးတော့ ပစ္စည်းပြည့်စုံတဲ့အတိုင်း ပြည့်စုံနေပါစေလို့ ဒီလိုနှလုံးသွင်းရမှာကို၊ ယခု ပြည့်စုံနေတာကို အားလုံး ဝမ်းသာဖြစ်ရတယ်၊ ဒါအရေးကြီးပါတယ်။

လောကမှာ နေထိုင်ကြတဲ့ပုဂ္ဂိုလ်တွေဟာ မေတ္တာတို့၊ ကရုဏာတို့၊ မုဒိတာတို့ ဒါတွေပွားများနေလို့ရှိရင် သိပ်ကောင်းတာပေါ့၊ သူက အတူနေပုဂ္ဂိုလ် အချင်းချင်း အတူလုပ်ဖက်ကိုင်ဖက် ပုဂ္ဂိုလ်အချင်းချင်း ကိုယ့်အထက်ကလူ ကိုယ့်အောက်ကလူ အမျိုးမျိုးရှိတာကိုး၊ အလုပ်အကိုင်တွေ ဘာတွေ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နေတာ ရှိတယ်၊ အရောင်းအဝယ် ဆက်သွယ်နေတာ ရှိတယ်၊ ရုံးကိစ္စတွေ ဘာတွေနဲ့စပ်ပြီး ဆက်သွယ်နေတာလည်း ရှိတယ်၊ ဒီပြင်ကိစ္စတွေလည်း ရှိတာပေါ့လေ၊ ဆရာနဲ့တပည့်နဲ့ ဆက်သွယ်နေတာတွေ အမျိုးမျိုးရှိပါတယ်၊ အဲဒီဆက်သွယ် နေကြတဲ့ပုဂ္ဂိုလ်တွေ အချင်းချင်းဟာ တစ်ဦးနဲ့တစ်ဦး အားလုံး ချမ်းသာပါစေဆိုတဲ့ မေတ္တာရှိနေရင် သိပ်ကောင်းတာပေါ့။

ဆင်းရဲစရာ အကြောင်းကလည်း ရှိကြတာချည်းပဲ၊ အဲဒီရှိတာတွေကို အကြောင်းပြုပြီးတော့ တစ်ဦးကို တစ်ဦး သနားကြင်နာတဲ့စိတ်နဲ့၊ ငဲ့ညှာတဲ့စိတ်နဲ့၊ သနားစရာအကြောင်းပြုလို့ရှိရင် သနားစရာတွေချည်းပဲ၊ လူတိုင်းလူတိုင်း ယောက်ျားတိုင်း ယောက်ျားတိုင်း၊ မိန်းမတိုင်း မိန်းမတိုင်း သူဟာနဲ့သူ သူဒုက္ခလေးနဲ့သူ ရှိနေတယ်၊ ဆင်းရဲက သေးတာ မဟုတ်ဘူး၊ ဒုက္ခလေးတွေ အသီးသီး ရှိနေကြတယ်၊ အဲဒီဒုက္ခတွေအကြောင်းပြုပြီး သနားပြီးတော့ ဆင်းရဲက လွတ်ပါစေ၊ ဆင်းရဲကင်းပါစေလို့ သနားနေတာ ကရုဏာတရားပဲ။

မုဒိတာ - သူဟာနဲ့သူ ပြည့်စုံတာလေးနဲ့ သူရှိတယ်၊ စီးပွားဥစ္စာ ပြည့်စုံတာ ရှိတယ်၊ ဂုဏ်ကျက်သရေပြည့်စုံတာ ရှိတယ်၊ အတတ်ပညာပြည့်စုံတာ ရှိတယ်၊ အခြေအရံပြည့်စုံတာ ရှိတယ်၊ အသိအလိမ္မာပြည့်စုံတာ ရှိတယ်၊ ပြီးတော့ကို ဂုဏ်သိရှိပြည့်စုံတာ ရှိတယ်၊ ရာထူးဌာနန္တရတွေ ပြည့်စုံတာ ရှိတယ်၊ အဲဒါတွေ အကြောင်းပြုပြီး သူပြည့်စုံတာလေးတွေဟာ ပြည့်စုံမြဲ ပြည့်စုံနေပါစေ၊ ဒါဟာ မုဒိတာပဲ။

http://www.dhammadownload.com

မေတ္တာ ကရုဏာ မုဒိတာ ပျက်ခြင်း

တချို့က ဒီလိုပြည့်စုံနေတာကို အမြင်ကပ်နေတာ၊ ကိုယ်ထက်သာ မနာလို အမြင်ကပ်ပြီးတော့နေတာ ရှိတယ်၊ အခု မကြာမီအတွင်းက အနှစ် (၂၀-၃၀) လောက်က စပြီးတော့ပေါ့လေ၊ နိုင်ငံရေးတွေဘာတွေ ပေါ်လာကတည်းက ဒီမေတ္တာ ကရုဏာ မုဒိတာတွေ အကုန်ပျက်နေတယ်၊ တချို့ နိုင်ငံရေးတရား ဟောတဲ့ ပုဂ္ဂိုလ်တွေကလည်း ဒါတွေပျက်အောင် တမင်တကာ လျှောက်ဟော နေတာပဲ၊ တစ်ဦးနဲ့တစ်ဦး မုန်းအောင် မေတ္တာပျက်အောင်ဟော၊ မနာလိုစိတ်တွေ ဖြစ်အောင်ဟော၊ တစ်ခါတည်း ဝန်တိုတဲ့စိတ်တွေ ဖြစ်အောင် ဟော၊ မေတ္တာ ကရုဏာ မုဒိတာတွေ ပျက်လိုက်တာမှ မပြောနဲ့တော့ သူ့ဥစ္စာ။

အမှန်ကတော့ မေတ္တာ ကရုဏာ မုဒိတာတွေ ပွားနေရင် ကောင်းမှာပဲ၊ ပွားတိုင်း ပွားတိုင်းတော့ ကိုယ်အကျိုးရှိနေတာပဲ၊ စိတ်ချမ်းသာမှု ရနေတယ်၊ ကရုဏာ မုဒိတာတွေမှာလည်း ဒီအကျိုးတွေရ နေတယ်၊ နှလုံးသွင်းတိုင်း၊ နှလုံး သွင်းတိုင်း ရနေတယ်၊ အဲဒီမေတ္တာကရုဏာတရားတွေ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ပွားများနေရင် အင်မတန်ကောင်းတာပဲ၊ ခုလောကမှာ တစ်ဦးနဲ့တစ်ဦး အဆင် မပြေတာတွေ ဖြစ်ကြတယ် ဆိုတာဟာ ဒီမေတ္တာ ကရုဏာ မုဒိတာတွေ ပျက်လို့ မေတ္တာသာ မပျက်ရင် ဘယ်တစ်ဦးနဲ့တစ်ဦးနဲ့ ရန်ဖြစ်စရာ ရှိလိမ့်မတုံး၊ တစ်ဦးနဲ့ တစ်ဦး နစ်နာအောင် ဘယ်သူမှ လုပ်မှာမဟုတ်ဘူး၊ ကရုဏာ တစ်ဦး တစ်ဦး ရှိနေတယ်ဆိုရင် ကရုဏာက သနားနေတာနဲ့ ဘယ်လုပ်မလဲ၊ အကျိုးမဲ့အောင် မလုပ်နိုင်ဘူး၊ မုဒိတာက ဝမ်းမြောက်ဝမ်းသာမှုနဲ့ သူစီးပွားချမ်းသာတာဖြစ်တယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်နေရင်လည်း သူအကျိုးမဲ့အောင် ဘာမှမလုပ်ဘူး၊ ဘာမှ မလုပ်တော့ တစ်ဘက်သားကလည်း သူ့ကြည်ညိုမှာပဲ၊ ဒါတွေ တစ်လောကလုံး မေတ္တာ ကရုဏာ မုဒိတာတရားတွေနဲ့ ပွားများနေကြမယ်ဆိုရင် သိပ်ကောင်း တာပေါ့။

တစ်လောကလုံး မပွားတောင်မှ ကိုယ်နဲ့စပ်ရာစပ်ရာပုဂ္ဂိုလ်တွေ ပွားနေ ရင်ကို နေရာကျမှာ၊ တစ်အိမ်ထောင်အတွင်း၊ တစ်ကျောင်းတိုက်အတွင်း၊ တစ်ရပ် ကွက်အတွင်း၊ တစ်နေရာ တစ်ဌာနအတွင်း၊ တစ်ခုတစ်ခုလေးတို့ အသင်းအဖွဲ့ လေး ကိုယ့်အုပ်စုလေး အဲဒါလေးတွေ မေတ္တာနဲ့တစ်ခါတည်း မေတ္တာစိတ်ထား၊

http://www.dhammadownload.com

အချင်းချင်းအပေါ်မှာ သနားစရာအကြောင်းလေးတွေ ရှိတော့ သနားငဲ့ညှာရတယ်၊ ကိုယ့်က အထက်တန်းကျနေတဲ့အခါကျတော့ သနားရမှာ၊ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေကိုး၊ အောက်တန်းကျနေတဲ့ပုဂ္ဂိုလ်တွေက မုဒိတာ ဝမ်းမြောက် ဝမ်းသာဖြစ်ရမယ်၊ သူပြည့်စုံမြဲ ပြည့်စုံပါစေ၊ တိုးတက်မြဲ တိုးတက်ပါစေ၊ အောက်ကနေပြီး အာရုံပြုတယ်၊ အင်မတန် ကောင်းတယ်၊ ဒါ ညီညွတ်ရေးတွေ သိပ်ကောင်းတယ်၊ အင်မတန်ချမ်းသာတယ်။

မေတ္တာပြီးတော့ ကရုဏာပွားပုံကတော့ ဒေသနာအစဉ်က "ဒုက္ခာ မုစ္စန္တု-ဆင်းရဲမှ လွတ်ပါစေ"တဲ့၊ သူတို့မှာ လက်ရှိ တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲတစ်ခုခုတော့ ရှိမှာပေါ့လေ၊ အဲဒါလေးမှ လွတ်ပါစေလို့ ဒီလို နှလုံးသွင်းရတာကို၊ အဲဒါက ကရုဏာ။

မုဒိတာကတော့ "ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု" ရမြဲတိုင်းဖြစ်တဲ့ချမ်းသာရပြီးသားပေါ့လေ၊ ရရှိနေတဲ့အတိုင်း ရှိသမျှပြည့်စုံသမျှ အဲဒီစည်းစိမ်ကနေပြီးတော့ "မာဝိဂစ္ဆန္တု" မဆုတ်ယုတ် မပျက်ပြားပါစေနဲ့၊ မဆုံးရှုံးပါစေနဲ့၊ ချမ်းသာမြဲ ချမ်းသာသွားပါစေ၊ ပြည့်စုံမြဲ ပြည့်စုံသွားပါစေ၊ ကြီးပွားမြဲ ကြီးပွားသွားပါစေလို့ အာရုံပြုပြီး ဝမ်းမြောက်ရတာ၊ ဒါကလည်း သူ့ဟာဟန်ကျတယ်၊ သူများပြည့်စုံချမ်းသာနေတာနဲ့ ကိုယ့်ဟာသိုလ်တွေ အလကားရနေတယ်၊ အင်မတန် နေရာကျတယ်၊ ဘာမှ မကုန်ဘူး၊ အဲဒါက မုဒိတာပွားပုံပဲဖြစ်တယ်။

အဲဒီ မေတ္တာ ကရုဏာ မုဒိတာ သုံးခုလုံး ခုနစ်ပြောခဲ့တဲ့အတိုင်း ဈာန်အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ ပထမဈာန်လည်း ရောက်နိုင်တယ်၊ ဈာန်အင်္ဂါ (၃)ပါးနဲ့ ပြည့်စုံတဲ့ ဒုတိယဈာန်လည်း ရောက်နိုင်တယ်၊ ပီတိကို ကျော်လွန်ပြီးတော့ ခုပြောတဲ့ သုခ စကပ္ပတာ ဈာန်အင်္ဂါ (၂)ပါး ပြည့်စုံတဲ့ တတိယဈာန်ကိုလည်း ရောက်နိုင်တယ်။

ဥပေက္ခာဈာန်ပွားပုံ

အဲဒီလိုရောက်ပြီးတဲ့အခါမှ မေတ္တာဈာန်က ဖြစ်စေ၊ ကရုဏာဈာန်က ဖြစ်စေ၊ မုဒိတာဈာန်က ဖြစ်စေ ပြည့်စုံတဲ့အခါ ဥပေက္ခာကို ပွားရတာကိုး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လေးခုရှိထယ်၊ နောက်ဆုံး ဥပေက္ခာဈာန်က ဒီမှာ ပွားရတယ်၊ အောက်က မေတ္တာနဲ့ဖြစ်စေ၊ ကရုဏာနဲ့ဖြစ်စေ၊ မုဒိတာနဲ့ဖြစ်စေ

http://www.dhammadownload.com

ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန် စျာန်သုံးပါးရပြီးတော့မှ ဥပေက္ခာစျာန် ပွားရတယ်၊ ဥပေက္ခာစျာန်ပွားတော့

"သဗ္ဗေ သတ္တာ ကမ္မဿကာ"တဲ့။

သဗ္ဗေ သတ္တာ-အလုံးစုံသော သတ္တဝါတို့သည်၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ကမ္မဿကာပဲ ဆိုပြီးတော့ မြန်မာတွေကတော့ ပြောကြပါတယ်၊ မတတ်နိုင်ပါဘူး၊ ကမ္မဿကာပဲ ပြောကြတာကိုး၊ အဓိပ္ပါယ်တော့ သိတော့ မသိဘူး၊ ဒီလိုတော့ ပြောတော့ ပြောနေကြတာပဲ၊ ကမ္မဿကာပဲ၊ 'ကမ္မဿကာ' ဆိုတာ အဓိပ္ပါယ်တော့ မသိဘူး၊ ပါဠိစကားက မြန်မာစကားဖြစ်နေတယ်၊ 'ကမ္မဿကာ'ဆိုတာ သူကံနဲ့သူ၊ သူအကြောင်းနဲ့သူပေါ့လေ၊ မှန်တော့ မှန်တယ်၊ ဒီဥစ္စာအဓိပ္ပါယ် နားမလည်ပေမယ့် မှန်တော့ မှန်နေတာပဲ၊ 'ကမ္မဿကာပဲ' မတတ်နိုင်ဘူးဆိုတာ ဟုတ်တော့ ဟုတ်တယ်၊ သူကံနဲ့သူပဲ၊ သူအကြောင်းနဲ့သူပဲ ဘာမှ မတတ်နိုင်ဘူး၊ ဒီလို နှလုံးသွင်းရတာကိုး။

အဲဒါကြောင့် မေတ္တာ ကရုဏာတွေက မသိမ်မွေ့ဘူးတဲ့၊ မုဒိတာကလည်း သူတစ်ပါးကြီးပွားချမ်းသာတာတွေ အကြောင်းပြုပြီး ဝမ်းသာနေတယ်၊ ဒါလည်း သိပ်ကွန်ဖြေမရဘူး၊ မသိမ်မွေ့ဘူး၊ ဥပေက္ခာပဲ သိမ်မွေ့တယ်တဲ့၊ နှလုံးသွင်းပြီးတော့ အဲဒီလိုဟာတွေ သူတို့အတွက် ကြောင့်ကြမစိုက်ဘူးဆိုပြီးတော့ ဥပေက္ခာ လုပ်ရတာကိုး၊ ကမ္မဿကာ-ကံအတိုင်းပဲတဲ့၊ ကြီးပွားစရာရှိရင် ကြီးပွားမှာပဲ၊ ပျက်စီးစရာရှိရင်လည်း ပျက်စီးမှာပဲ၊ ချမ်းသာစရာရှိ ချမ်းသာမှာပဲ၊ ဆင်းရဲစရာရှိရင်လည်း ဆင်းရဲမှာပဲ၊ ကြီးပွားစရာရှိနေတဲ့ပုဂ္ဂိုလ် ဘေးကနေ ကြီးပွားသွားပါစေလို့ လုပ်နေစရာ မလိုဘူး၊ ပျက်စီးစရာရှိတဲ့ပုဂ္ဂိုလ် မပျက်စီးပါစေနဲ့လို့ ဘေးက လုပ်လို့ မတတ်နိုင်ဘူး၊ အဲဒီတော့ "ကမ္မဿကာ-သူကံအတိုင်းပဲ"တဲ့၊ "ကမ္မဿကာ" ဆိုပြီးတော့ လျစ်လျူရှုရတာကိုး၊ အဲဒါ အခုခေတ်ကာလတော့ ဥပေက္ခာကို အပြစ်တင်ကြတယ်၊ သူများအတွက် ကြောင့်ကြမစိုက်ရမလား ဆိုပြီးတော့ ဒီလို အပြစ်တင်ကြတယ်။

ဟိုဥရောပဆီ လူတွေဟာ ဒီကလူတွေထက် သိပ်ဆန်းကြယ်တယ်၊ သူတို့ကတော့ တစ်ကမ္ဘာလုံး ကောင်းစားချမ်းသာရေး ကြံနေကြတာကိုး၊ မဖြစ်တဲ့ဟာတွေ သူလုပ်နေတာ၊ တစ်ကမ္ဘာလုံး မပြောနဲ့တော့ တစ်အိမ်လုံး ကောင်းစားဖို့

http://www.dhammadownload.com

တောင် အင်မတန်တာဝန်လေးနေတဲ့ဥစ္စာကြီး၊ တစ်ကမ္ဘာလုံး သတ္တဝါတွေ တစ်ညီ တစ်ညွတ်တည်း ချမ်းသာအောင်လို့ ဒီလိုကြံနေကြတယ်၊ ကြံနေကြတော့ မေတ္တာသူတို့က လက်ခံတယ်၊ ကရုဏာ သူတို့က လက်ခံတယ်၊ မုဒိတာ သူတို့လက်ခံတယ်၊ ဥပေက္ခာ သူတို့ လက်မခံဘူး၊ ဘာပြုလို့တုံးဆို သတ္တဝါကောင်းစားရေး သူက ဥပေက္ခာမလုပ်ဘူးတဲ့၊ အဲဒါ မကောင်းဘူးဆိုပြီးတော့ သူတို့က ယူဆတယ်။

လုပ်သင့်လုပ်ထိုက်တဲ့ဥစ္စာ မလုပ်လို့ရှိရင်လည်း သူတို့ပြောတဲ့အတိုင်း ပြုပြင်ရမှာပါပဲ၊ ကိုယ်က သတ္တဝါတစ်ဦးတစ်ယောက် ချမ်းသာအောင်လို့ ဆောင်ရွက်နိုင်ပါလျက်နဲ့ မဆောင်ရွက်ဘူး၊ သတ္တဝါတစ်ဦးတစ်ယောက် ဆင်းရဲလွတ်မြောက်အောင်လို့ ဆောင်ရွက်နိုင်ပါရက်နဲ့ သူမဆောင်ရွက်ဘူး၊ အဲဒီလိုဆိုလို့ရှိရင် တာဝန်ဝတ္တရား ချွတ်ယွင်းတယ်လို့ ခေါ်ရမှာပေါ့။

ဥပေက္ခာက ဒီလို မဟုတ်ပါဘူး၊ ဒီဈာန်တရားက ဒီလိုလျစ်လျူရှုမှုပဲ ဒီဈာန်သို့ ရောက်မှာကိုး၊ ငြိမ်သက်အေးချမ်းတဲ့စိတ်ကလေး နူးညံ့တဲ့စိတ်ကလေး ဖြစ်အောင်လို့ လုပ်ရမှာ၊ အစက သတ္တဝါတွေချမ်းသာအောင် နှလုံးသွင်းခဲ့လို့ မေတ္တာဈာန်တို့၊ ပထမဈာန်တို့၊ ဒုတိယဈာန်တို့၊ တတိယဈာန်တို့ အင်မတန်ကို နိုင်နင်းသွားတယ်၊ ဒီထက်ပိုပြီးတော့ ချမ်းသာစေလိုတဲ့ မေတ္တာမရှိဘူး၊ နံပါတ်ကုန်လာပြီ။

အခု သူတို့တစ်ကမ္ဘာလုံး ကောင်းစားစေချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေက အဲဒီစိတ်တွေ ဘယ်ရောက်လိမ့်ဦးမှာတုံး၊ ပထမဈာန်လည်း မရောက်သေးဘူး၊ ဒုတိယဈာန်လည်း မရောက်သေးဘူး၊ တတိယဈာန်လည်း မရောက်သေးဘူး၊ အဝေးကြီး ရှိသေးတယ်၊ ကရုဏာနဲ့ သနားခဲ့တာလည်း ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် ကုန်လာပြီ၊ မုဒိတာနဲ့ ကြီးပွားချမ်းသာတဲ့ပုဂ္ဂိုလ်တွေ အကြောင်းပြုပြီးတော့ ပွားများလာတာလည်း ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ အဆင့် အတန်းကုန်ပြီ၊ အခု လူတွေက သူများတွေ ကောင်းစားအောင်, ကြီးပွားအောင် ဆင်းရဲကလွတ်မြောက်အောင် ဒီလိုကြောင့်ကြစိုက်ပါတယ်ဆိုပေမယ့်လို့ သူတို့က ဘာမှမရှိသေးပဲဟာကို၊ ဘယ်. . ပထမဈာန်လောက်တောင် ရောက်မှာ မဟုတ်သေးဘူး၊ အခုဟာကတော့ ဈာန်တွေ ကုန်ခဲ့ပြီ။

စိတ်ဓာတ်မှာတော့ ချမ်းသာစေလိုတဲ့စိတ်၊ နံပါတ်ကုန်ပြီ၊ ဆင်းရဲကလွတ်စေလိုတဲ့စိတ်၊ သနားတဲ့စိတ် နံပါတ်ကုန်ပြီ၊ ပြီးတော့ ဝမ်းမြောက်ဝမ်းသာတဲ့

http://www.dhammadownload.com

စိတ်၊ သူများတွေ ကြီးပွားချမ်းသာတာတွေ အာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာတဲ့စိတ် ဒါလည်း နံပါတ်ကုန်ပြီ၊ ကုန်တော့ ဒီပြင်လုပ်စရာမရှိဘူး၊ အလုပ်လုပ်စရာမရှိတော့ ဒါပဲ လုပ်ရမှာပေါ့၊ အလုပ်မရှိတော့ ဒါလောက်ပဲ စိတ်ကူးတော့မှာပေါ့။

ဥပမာအားဖြင့် ဘာလိုတုံးဆိုရင် အခုလောကမှာ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ တချို့သူဌေးကြီးတွေ ရှိတယ်၊ လုပ်စရာတွေကုန်တော့ ဘာမှ လုပ်စရာ မရှိဘူး၊ စက်ရုံတွေ ဘာတွေ တည်ထောင်စရာတွေ အကုန်လုံးရှိနေတယ်၊ ဘာမှ အလုပ်လုပ်စရာမရှိတော့ ဘာလုပ်ရမလဲဆိုရင် ရွှေတွေ ငွေတွေ ဘာတွေ ပိုနေတော့ ဘဏ်တိုက်တွေ ဘာတွေ သွင်းထားရတာပေါ့၊ ဒီလိုမှ မလုပ်ဘဲ နေလို့ရှိရင် ပုံမတော်ကိုယ့် လက်ထဲက သူများတွေက လုယူသွားဦးမှာ၊ အဲဒါလိုပဲ လုပ်စရာလမ်းကုန်နေလို့ နောက်ဆုံး စိတ်ဓာတ်ကို မြွှင့်တင်ရေး မြင့်သထက် မြင့်အောင် ကောင်းသထက်ကောင်းအောင် စိတ်ဓာတ်ပြုပြင်ရေး ဒါလိုလုပ်တာပဲ။

ဒီဥစ္စာ ဘာမှ သူများအကျိုးတွေ မဆောင်ရွက်တာပဲ မဟုတ်ဘူး၊ ဘာမှ အပြစ်ဆိုစရာမရှိပါဘူး၊ အင်မတန်ကောင်းပါတယ်၊ အဲဒီတော့ မေတ္တာနဲ့ ကြောင့်ကြစိုက်နေတာ၊ ကရုဏာနဲ့ ကြောင့်ကြစိုက်နေတာ၊ မုဒိတာနဲ့ ကြောင့်ကြစိုက်နေတဲ့သဘောရှိတယ်တဲ့၊ သိပ်မနှူးညံ့ မသိမ်မွေ့ဘူး၊ လျစ်လျူရှုနေတာ အကောင်းဆုံးပဲတဲ့၊ ဒါကြောင့်မို့ သတ္တဝါတွေ သူ့ကံနဲ့သူ၊ သူ့အကြောင်းနဲ့သူ ဖြစ်နေတာတွေ၊ ကိုယ်က ဒီလိုဖြစ်ပါစေဆိုပေမယ်လို့ ဖြစ်မှာမဟုတ်ဘူး၊ သေသေချာချာစဉ်းစားကြည့်တော့ ကိုယ်လုပ်တိုင်းတော့ ဖြစ်မှာမဟုတ်ဘူး၊ မဖြစ်တဲ့ဥစ္စာတွေကို သူ့ကံအတိုင်းပဲလို့ လျစ်လျူရှု နှလုံးသွင်းတာဖြင့် အကောင်းဆုံးပဲတဲ့၊ ဥပေက္ခာဆိုတာ ဒါမျိုးပဲ။

သတ္တဝေ သတ္တာ ကမ္မဿကာ - အလုံးစုံသော သတ္တဝါတွေ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိတယ်၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊ ကမ္မယောနိ-ကံသာလျှင် အကြောင်းရှိ၏၊ ကမ္မဗန္ဓု-ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကမ္မဒါယာဒါ-ကံ၏ အမွေကို ခံရတုန်း၏၊ ကမ္မပဋိသရဏာ-ကံသာလျှင်အားကိုးစရာရှိတာပဲတဲ့၊ ကိုယ်ပြုတဲ့အမှုအတိုင်းပဲတဲ့၊ သူက ကြီးပွားချမ်းသာအောင် လုပ်လို့ရှိရင် ကြီးပွားချမ်းသာမှာပဲ၊ သူဟာ တတ်သိလိမ္မာအောင်လို့ ပညာသင်ရင်တတ်မှာပဲ၊ မသင်ရင် မတတ်ဘူး၊ သူဟာ ကြီးပွားချမ်းသာအောင် အလုပ်အကိုင်တွေ လုပ်ကိုင်လို့ရှိရင် လည်းပဲ စီးပွားဥစ္စာရတနာတွေဖြစ်မှာပဲ၊ အဖျင်းဆုံး ကုလိလုပ်စားတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

ဖြစ်ဦးတော့ ကူလီလုပ်စားတဲ့ပုဂ္ဂိုလ်ဟာ သူတစ်နေ့အလုပ်လုပ်ရင် သူတစ်နေ့တွက်ရမှာပဲ၊ အလုပ်မလုပ်ရင် ရမှာမဟုတ်ဘူး၊ လယ်သမားကလည်း လယ်ထွန်စိုက်ပျိုးမှ စပါးအသီးအနှံရတယ်၊ ယာသမားကလည်း ယာထွန်စိုက်ပျိုးမှရတယ်၊ ကုန်သည်ကလည်း ကုန်ရောင်းကုန်ဝယ်လုပ်မှ သူရမယ်၊ စာရေးစာချီစသည် ပုဂ္ဂိုလ်တွေကလည်း သူတာဝန်ဝတ္တရား ကျေပွန်အောင် သူလုပ်မှပဲရတယ်၊ ရာထူးဌာနန္တရ မြင့်တဲ့ပုဂ္ဂိုလ်တွေကလည်း ရာထူးဌာနန္တရအလိုက် သူတာဝန်ဝတ္တရားတွေ ကျေပွန်အောင်လုပ်မှ အကျိုးတွေရတယ်၊ မလုပ်လို့ရှိရင် မရဘူး၊ မသင့်မတင့်နဲ့ မတော်တာတွေ သွားပြီး ရာဇဝတ်မှုကျူးလွန်တဲ့ပုဂ္ဂိုလ်တွေဟာ ရာဇဝတ်မှုသူရောက်မှာပဲ မတတ်နိုင်ဘူး၊ ဒါကြောင့် ဒါတွေက သူကဲ့အတိုင်းပဲတဲ့။

ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာပဲတဲ့၊ ကောင်းမှု, မကောင်းမှု မိမိတို့ကိုယ်ပိုင်ပြုထားတာ၊ သူများက ပြုတာမဟုတ်ဘူး၊ ငယ်ငယ်ရွယ်ရွယ်ကနေပြီး ကောင်းသော အမှုတွေပြုလာရင် ကြီးတဲ့အခါကျရင် ကောင်းကျိုးတွေ ရတယ်၊ ငယ်ငယ်ရွယ်ရွယ်က မကောင်းတာတွေပြုလာလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ နာမည်ပျက်ပြီးတော့ကြီးတဲ့အခါ အကဲ့ရဲ့ခံရတယ်၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ကမ္မဒါယာဒါ-ကံ၏အမွေအနှစ်ကို ခံစားရပါတယ်-တဲ့၊ ကံ၏အမွေ ကံကပေးတဲ့အတိုင်း ကုသိုလ်ကံရှိတဲ့ပုဂ္ဂိုလ်တွေက ကုသိုလ်ကံ၏ အကျိုးတွေပေးတယ်၊ အကုသိုလ်ကံရှိတဲ့ပုဂ္ဂိုလ်တွေ အကုသိုလ်ကံအကျိုး ပေးတယ်၊ မကောင်းကျိုးတွေခံရတယ်တဲ့၊ ကံ၏အကျိုးတွေခံစားရတယ်၊ ဒါန သီလ အစရှိသော ကုသိုလ်ကောင်းမှုတွေ ပြုတဲ့ပုဂ္ဂိုလ်တွေက လူဘဝ၊ နတ်ဘဝတွေ ရောက်တယ်၊ လူချမ်းသာနတ်ချမ်းသာတွေနဲ့ တင့်တင့်တယ်တယ်ဖြစ်ကြတယ်၊ ကံ၏အကျိုးတွေ ခံစားရတယ်၊ အမေက ပေးနိုင်တာလည်း မဟုတ်ဘူး၊ အဖေက ပေးနိုင်တာလည်း မဟုတ်ဘူး၊ ဆွေမျိုးက မပေးနိုင်ဘူး၊ ဆရာသမားက မပေးနိုင်ဘူး၊ အခွေအရံအပေါင်းအသင်း အပေါင်းအဖော်တွေက မပေးနိုင်ဘူး၊ ကံကပဲ ပေးနိုင်တယ်။ ကောင်းစိတ်က ကောင်းကျိုးကို ပြုပေးခြင်းပါပဲ။

နံ ထံ မာထာ ပိထာ တယီရာ၊ အညေဝါပိ စ ဉာတကာ၊
ထမ္မာပကိတိထံ စိတ္တံ၊ သေယျသော နံ ထတော ထရေ၊
ဟူ၍ ဓမ္မပဒအဋ္ဌကထာမှာ ဟောထားတယ်၊

http://www.dhammadownload.com

တံ-ထိုကဲ့သို့သော စည်းစိမ်ကျက်သရေ အခြေအနေမျိုးကို၊ မာတာ ဝါ-အမိသည်လည်း၊ နှ ကယိရာ-မပြုလုပ်နိုင်၊ ပိတာ ဝါ-အဘသည်လည်း၊ နှ ကယိရာ-နိုင်၊ အညေ ဝါပိစ ဉာတကာ-မိဘမှတစ်ပါးသောဆွေမျိုးတို့သည်လည်း၊ နှ ကရေယျုံ-မပြုလုပ်နိုင်ကုန်၊ သမ္မာပဏိဟိတံ-ဒါန သီလ ဘာဝနာ၏ အစွမ်း အားဖြင့် ကောင်းစွာ ဆောက်တည်၍ထားအပ်သော၊ စိတ္တံ-စိတ်သည်၊ တတော- ထိုမိဘ ဆွေမျိုးတို့ရှိသည်ထက်၊ သေယျသော-ကောင်းမြတ်သည်ကို၊ ကရေ-ပြုလုပ်နိုင်၏။

ကောင်းစွာထားတဲ့စိတ်ကလေးဟာ သူလုပ်နိုင်တယ်တဲ့၊ ဘယ်လောက်လုပ်နိုင်သလဲ ဆိုတော့ အမေက ပြုလုပ်မပေးနိုင်တဲ့ စည်းစိမ်ဂုဏ်ကျက်သရေတွေလည်း သူဆောင်ရွက်ပေးနိုင်တာပဲ၊ အဖေက ပြုလုပ်မပေးနိုင်တဲ့ စည်းစိမ်ကျက်သရေတွေလည်း သူပြုလုပ်ပေးနိုင်တာပဲ၊ ဆွေမျိုးတွေက မပြုမလုပ်နိုင်တာလည်း သူဆောင်ရွက်ပေးနိုင်တာပဲတဲ့၊ မိဘတွေဆိုတာဟာ သားသမီးတွေကို ပြည့်စုံရင် အမွေပေးကြတယ်၊ ပစ္စည်းအမွေပေးကြတယ်၊ ပေးပေမယ့်လို့ အဲဒီသားသမီးကလည်း လိမ်လိမ်မာမာနဲ့ စောင့်ရှောက်သွားနိုင်မှ သူအကျိုးခံစားရတယ်၊

တစ်ချို့ မိဘလက်ထက်က ပစ္စည်းဥစ္စာတွေ ပြည့်စုံနေပေမယ့် သားသမီးလက်ထက်ကျ သူက မစောင့်ရှောက်တတ်တော့ ပျက်စီးသွားတယ်၊ ဒုက္ခတွေရောက်သွားတယ်၊ အဲဒါ ဘာပြုလို့တုံးဆို သမ္မာပဏိဟိတ-စိတ်ကောင်းကောင်းထားတဲ့စိတ်ကလေးလိုသွားလို့တဲ့၊ ကောင်းကောင်းထားတဲ့စိတ်ကလေးကတော့ မိဘတွေ မပြုလုပ်နိုင်တာထက် ပိုပြီးတော့ ပြုလုပ်နိုင်ပါသေးတယ်တဲ့၊ မိဘတွေကယခု လောကတွင် သူဌေးဖြစ်တဲ့ပုဂ္ဂိုလ်က သူဌေးဖြစ်အောင် တော်ရုံတန်ရုံ ပစ္စည်းရှိတဲ့ပုဂ္ဂိုလ်ကလည်း တော်ရုံတန်ရုံ ပစ္စည်းရှိအောင် ကုန်သည်တွေကလည်း မိမိသားသမီးတွေ ကုန်သည်အဖြစ်နဲ့ တင့်တင့်တယ်တယ်နေနိုင်အောင် ဒီလို အားပေးပြီး။ ထားခဲ့ကြတာကို၊ အမွေအနှစ်တွေ ပေးထားခဲ့ကြတယ်၊ အဲဒါလေးတွေ ရတယ်၊

အဲဒါလေးတွေကို ကောင်းကောင်းစောင့်ရှောက်ပြီးသွားလို့ရှိရင် မိဘတွေလိုပဲ ကြီးပွားသွားနိုင်ပါတယ်၊ ဆွေမျိုးတွေကလည်း တတ်နိုင်သမျှ အကူအညီတွေပေးကြပါတယ်၊ ဒါပေမယ့်လို့ သူကလည်းပဲ ကောင်းကောင်းစောင့်ရှောက်အုံးမှ ရတဲ့ပုဂ္ဂိုလ်က မစောင့်ရှောက်လို့ရှိရင် ပျက်စီးသွားနိုင်တယ်၊ ဘယ်လိုပဲ မပျက်စီး

http://www.dhammadownload.com

စေကာမူ သူဟာ ဗီတစ်ဘဝသာပါပဲတဲ့၊ နောက်ဘဝတွေမှာ ကြီးပွားချမ်းသာအောင် မတတ်နိုင်ပါဘူးတဲ့၊ ဗီဘဝတောင်မှလည်းပဲ စီးပွားရေးဘက်ကသာသူတို့အကူအညီပေးနိုင်တာကို၊ တရားရေးဘက်ကျရင် သူတို့က အကူအညီ မပေးနိုင်ဘူး၊ သီလပြည့်စုံအောင်ဆိုတာ ကိုယ့်ဟာကိုယ် ကျင့်ရတာ၊ ကိုယ့်ဟာကိုယ်ကျင့်မှသီလပြည့်စုံတာ၊ ဒါနကုသိုလ်တွေ ပြည့်စုံအောင် ကိုယ့်ဟာကိုယ် လုပ်မှဖြစ်တယ်၊ သမာဓိကုသိုလ်တရားတွေ ပွားများပြည့်စုံအောင် ကိုယ့်ဟာကိုယ် လုပ်မှဖြစ်တာ၊ ပညာဘာဝနာတွေ ဝိပဿနာဘာဝနာတွေ မဂ်တရား ဖိုလ်တရားတွေ ကိုယ့်ဟာကိုယ် အားထုတ်မှ ဖြစ်တာ၊ မိဘတွေ ဆရာသမားတွေ ဘယ်တတ်နိုင်လိမ့်မတုံး၊ ဆွေမျိုးတွေ ဘာမှ မတတ်နိုင်ဘူး။

မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက ဝိသာခါဆိုတာ ရှိတယ်၊ ကျောင်းအစ်မကြီး အင်မတန်ရှားပါတယ်၊ အဲဒါ သူအဖေ, အမေက သူ့ဌေးဆိုတော့ကို သူဌေးရဲ့အမွေအနှစ်ပစ္စည်းတွေ အများကြီးရတယ်၊ အများကြီးရလာတယ်၊ ဒါအမွေအနှစ်တွေလောက် တတ်နိုင်တာပဲ၊ ဗီထက်ပိုပြီး မတတ်နိုင်ဘူး၊ မြတ်စွာဘုရား၏တရားကို နာပြီး နှလုံးသွင်းတော့ သောတာပန်အဖြစ်ရောက်သွားတယ်၊ ဒါအမေက ပေးလို့ဖြစ်တာမဟုတ်ဘူး၊ အဖေက ပေးလို့ဖြစ်တာ မဟုတ်ဘူး၊ အဲဗီက သေပြီးတော့ နောက်ဘဝမှာ နတ်ဖြစ် နတ်စည်းစိမ်တွေ ရသွားတယ်၊ ပရနိမ္မိတဝသဝတီနတ်ပြည်မှာ သွားပြီးတော့ ဖြစ်နေတယ်၊ ဒါ အမေက ပေးလို့ဖြစ်တာ မဟုတ်ဘူး၊ အဖေက ပေးလို့ဖြစ်တာလည်း မဟုတ်ဘူး၊ ဆွေမျိုးတွေက ပေးလို့ဖြစ်တာလည်း မဟုတ်ဘူး၊ သူဟာသူ ကောင်းကောင်းဆားတဲ့ စိတ်ကလေးနဲ့ ဆောက်တည်ပြီးတော့ သွားလို့၊ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ ဘာဝနာကုသိုလ်ကောင်းမှုတွေ ဆောက်တည်ထားလို့၊ အဲဗီရောက်သွားတာ၊ အဲဗီလိုပဲ၊ အားလုံးသော ပုဂ္ဂိုလ်တွေဟာ ဗီလိုချည်းပဲ၊ ဘဝကူးကူးပြီးတော့ ကောင်းရာဘဝတွေရောက်၊ ဗီလိုချမ်းသာတွေနဲ့ ပြည့်စုံသွားတာတွေဟာ သမ္မာပဏိဟိတစိတ္တ-ကောင်းစွာဆောက်တည်ထားတဲ့ စိတ်ကလေးကနေပြီးတော့ ပြည့်စုံသွားတာပဲ၊ ဒါကြောင့် ကောင်းစွာထားတဲ့စိတ်ကလေးတဲ့၊ အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ကိုယ့်ဟာကိုယ် ဆောက်တည်ယူရတာ၊ ကိုယ့်ဟာကိုယ် အားထုတ်လို့ ဖြစ်တာ၊ မိဘတွေ ဆွေမျိုးတွေ မိတ်ဆွေတွေ ဘာတွေက တိုက်တွန်း၊ ဒါတွေ ဘာတွေတော့ ရှိမှာပေါ့၊ အားပေးတာ ရှိတယ်၊ ဗီလောက်ပဲ တတ်နိုင်တယ်၊ သူဟာ

http://www.dhammadownload.com

သူ အားမထုတ်ရင် ဘာမှ မတတ်နိုင်ဘူး၊ နာမ်ရုပ်ပိုင်းခြားသိအောင် မိဘက လုပ်မပေးနိုင်ဘူး၊ ကိုယ့်ဟာကိုယ် အားထုတ်မှဖြစ်တယ်၊ ရုပ်နာမ်အဖြစ်အပျက် သိတဲ့ ဥဒယဗ္ဗယဉာဏ်ရောက်အောင် ကိုယ့်ဟာကိုယ် အားထုတ်မှဖြစ်တာ၊ ဒါ ဘယ်သူမှ လုပ်မပေးနိုင်ဘူး၊ ဆရာသမားတွေကလည်း တိုက်တွန်းရုံ ဟောပြောရုံ လောက်ပဲ၊ ဘယ့်နှယ်မှတတ်နိုင်ဘူး၊ ပေးလို့ဖြစ်တာမဟုတ်ဘူး၊ နောက် ရုပ်နာမ် သခါရငြိမ်းတဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား တွေ့တယ်၊ တွေ့သွားတဲ့ပုဂ္ဂိုလ် ဒါတွေလည်း ကိုယ့်ဟာကိုယ် အားထုတ်လို့ တွေ့တာပဲ၊ ဘယ်သူကမှ ဒီလိုတွေ့စေလို့ အမိန့်ပေးလို့ရတာ မဟုတ်ဘူး၊ ပေးလည်း မပေးနိုင်ဘူး၊ ဆရာသမားတွေက ညွှန်ကြားရုံ တိုက်တွန်းရုံလောက်ပဲ တတ်နိုင်တယ်၊

အဲဒီလို တရားထူးတရားမြတ်တွေ ရသွားလို့ရှိရင် အပါယ်လေးပါးက အစဉ် ထာဝရ လွတ်မြောက်သွားတယ်၊ ဘေးရန်အန္တရာယ်တွေ တစ်ခါတည်း ငြိမ်းသွား တယ်၊ အပါယ်ဘေးတွေ တစ်ခါတည်း ငြိမ်းသွားတယ်၊ ဒါကလည်း ကိုယ်ဆောင်တဲ့ စိတ်ကလေးက အားထုတ်တဲ့စိတ်ကလေးက မှတ်တိုင်းမှတ်တိုင်း သိတဲ့စိတ်ကလေး တွေကနေပြီးတော့ ဆောင်သွားတာ၊ နောက်အပါယ်လေးပါးက လွတ်ငြိမ်းပြီးတော့ လူချမ်းသာ နတ်ချမ်းသာတွေချည်းပဲ၊ ဘဝတိုင်း ဘဝတိုင်းဖြစ်ပြီး နောက်ဆုံး နိဗ္ဗာန်ရောက်သွားမယ်၊ အဲဒါလည်း ကိုယ့်စိတ်ကလေးကနေပြီး အောင်သွားတာပဲ၊ မိဘတွေ ဆွေမျိုးတွေက မတတ်နိုင်ဘူး၊ ဆရာသမားတွေက အကူအညီလောက်ပဲ တတ်နိုင်တယ်၊ အဲဒါကြောင့် သူအကြောင်းရှိမှတဲ့၊ ကမ္မသကာ-ကံသာလျှင် ကိုယ် ပိုင်ဥစ္စာရှိကြကုန်၏။ 'ကံပဲ'တဲ့၊ ဒါက ကောင်းတဲ့ဘက်ကကိုး။

မကောင်းစိတ်က မကောင်းကံကို ပြုလုပ်ပေးခြင်း

မကောင်းတဲ့ အကုသိုလ်ဘက်ကလည်း ရှိတယ်၊ အကုသိုလ်ဘက်ကလည်း ဒီလိုပဲ၊ အကုသိုလ်ဘက်က မကောင်းတဲ့စိတ်ကတော့ ဒီရန်သူတစ်ယောက်က ရန်သူတစ်ယောက်ကို တွေ့တဲ့အခါကာလမှာ အခွင့်ကောင်းရလို့ရှိရင် တတ် နိုင်သမျှ နှိပ်စက်ကြ ဖျက်စီးကြတာကိုး၊ ရန်သူတစ်ယောက်က ရန်သူတစ်ယောက် ကို ကြံနေတယ်၊ ဆင်ကြံကြံနေတယ်၊ တစ်နေ့ကျတော့ဖြစ်ရင် ဒီကောင်တော့ သတ်ပစ်မယ်၊ ဘာပစ်မယ်၊ ညာပစ်မယ် စသည်ဖြင့် ကြံနေတယ်၊ အခွင့်မရ

http://www.dhammadownload.com

ရင်တော့ မလုပ်နိုင်သေးဘူး၊ အခွင့်ရတဲ့အခါကာလမှ တစ်ခါတည်း သတ်တန်ရင် သတ်၊ နှိပ်စက်တန်ရင် နှိပ်စက်၊ ရိုက်တန်ရင် ရိုက်၊ အဲဒီလို လုပ်တာ၊ ရန်သူတစ်ယောက်က ရန်သူတစ်ယောက်လုပ်တာ ရှိတယ်၊ အဲဒီရန်သူတစ်ယောက်က ရန်သူတစ်ယောက် လုပ်တာထက်၊ "မိစ္ဆာပဏိဟိတံ စိတ္တံ - မကောင်းမှုဖြင့် ထားတဲ့ စိတ်ကလေး ရှိတယ်"တဲ့၊ အဲဒီစိတ်ကလေးက ပိုပြီးတော့ လုပ်တာတဲ့၊ ဒါ့ကြောင့် ဘုရားက -

ဒိသော ဒိသံ ယံ တံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ၊
မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ၊

ဒိသော-ရန်သူတစ်ယောက်သည်၊ ဒိသံ-ရန်သူတစ်ယောက်ကို၊ ယံ-အကြင်မှုကို၊ ကယိရာ-ပြုလုပ်ရာ၏၊ ဝေရီ ဝါ ပန-ရန်သူတစ်ယောက်သည်မူလည်း၊ ဝေရိနံ-ရန်သူတစ်ယောက်ကို (ပါဠိကတော့ ဒိသော-ရန်သူ၊ ဝေရီ-ရန်သူ၊ ပါဠိတော့ ကွဲနေတယ်၊ မြန်မာကတော့ ရန်သူတစ်ခုပဲ ရှိပါတယ်၊ ရန်သူတစ်ယောက်က ရန်သူတစ်ယောက်၊ မုန်းတဲ့ပုဂ္ဂိုလ်က မုန်းတဲ့သူတစ်ယောက် ခွဲရမယ်၊ အဲဒီပုဂ္ဂိုလ်တစ်ယောက်က အခွင့်ရတဲ့အခါကာလမှာ သူတတ်နိုင်သမျှ အစွမ်းကုန် လုပ်တာပဲ၊ ချန် မထားဘူး၊ နည်းနည်းလျှော့ပြီးတော့ ဒီလိုမရှိပါဘူး၊ သူကတော့ မလျှော့ဘူး၊ ရိုက်ဖို့ရာအခွင့်ရှိရင် ရိုက်မှာပဲ၊ သတ်ဖို့ရာအခွင့်ရှိရင် သူသတ်မှာပဲ၊ တတ်နိုင်သမျှတော့ သူနှိပ်စက်မှာပဲတဲ့)၊ ယံ တံ အနယဗျသနံ-အကြင်အကျိုးမဲ့ပျက်စီးမှုကို၊ ကယိရာ-ပြုလုပ်ရာ၏၊ တတော-ထိုခိုးသူရန်သူပြုလုပ်သည်ထက်၊ မိစ္ဆာပဏိဟိတံ-မကောင်းသဖြင့် ထားအပ်သော၊ မှားယွင်းစွာ ထားအပ်သော၊ စိတ္တံ-စိတ်သည်၊ မကောင်းသဖြင့် ထားတယ် ဆိုတာကတော့ ပါဏာတိပါတ အဒိန္နာဒါန စသည်၏အစွမ်းအားဖြင့်ပေါ့လေ၊ အကုသိုလ်အမှု၏ အစွမ်းအားဖြင့် ထားအပ်တဲ့စိတ်ကလေး။

မိစ္ဆာပဏိတိတံ-ပါဏာတိပါတ အဒိန္နာဒါနစသည်၏အစွမ်းအားဖြင့် မှားယွင်းစွာထားအပ်သော၊ စိတ္တံ-စိတ်သည်၊ နံ-ထိုပုဂ္ဂိုလ်ကို၊ ပါပိယော-ယုတ်ညံ့အောင် မကောင်းဆိုးဝါးဖြစ်အောင်၊ ကရေ-ပြုလုပ်တတ်၏။

ရန်သူတစ်ဦးက ရန်သူတစ်ဦးကို ပြုလုပ်တာက ဒီဘဝတွင် လုပ်နိုင်တာပဲ၊ မကောင်းမှု အကုသိုလ်တစ်ခုက နေပြီးတော့ ပါဏာတိပါတအမှုကနေပြီး ဘဝပေါင်း တစ်ရာမကဘူး၊ တစ်ထောင်မကဘူး လိုက်ပြီးတော့ သတ်တယ်၊ ပါဏာ

http://www.dhammadownload.com

တိပါတအမှုပြုထားတဲ့ပုဂ္ဂိုလ်တွေ နောက်ဘဝတွေကျရင် သူများအသတ်တွေ ခံရတယ်၊ နိုင်တဲ့အခါ ယခုဘဝတော့ သူနိုင်လို့သတ်လိုက်တာပဲ၊ နိုင်တုန်း သတ်လိုက်တော့ နောက်ဘဝတွေကျရင် သူမှာ ရှုံးတဲ့ဘဝကြီးဖြစ်နေတယ်၊ သူများအသတ်ခံရတဲ့ ဘဝချည်းဖြစ်နေတယ်၊ ဝက်ဖြစ်ဖြစ်၊ ကြက်ဖြစ်ဖြစ်၊ နွားဖြစ်ဖြစ် အမျိုးမျိုး တိရစ္ဆာန်တွေဖြစ်ပြီးတော့ အသတ်ခံရ၊ ငရဲမှာဖြစ်ပြီးတော့ အသတ်ခံရ၊ ဘယ်သူမှ ကယ်မယ့်လူမရှိဘူး၊ ကယ်လည်း မကယ်နိုင်ဘူး၊ ဘေးက မြင်နေပေမယ့် သနားတဲ့ ပုဂ္ဂိုလ်က သနားရုံပဲ၊ မတတ်နိုင်ဘူး၊ အဲဒီလို ဘဝတိုင်းဘဝတိုင်း အသတ်ခံပြီးတော့ သွားရတယ်။

သူများဥစ္စာ ခိုးလုယက်တဲ့ပုဂ္ဂိုလ်တွေလဲ ဒီလိုပဲ၊ နောင်ဘဝတွေမှာ ကိုယ်ခံရတယ်၊ သူများဥစ္စာမကောင်းပြုတဲ့ပုဂ္ဂိုလ်တွေ နောက်ဘဝတွေ မကောင်းပြုတာတွေ ခံရတယ်၊ ရန်သူတစ်ယောက်က ရန်သူတစ်ယောက်ပြုလုပ်တယ်ဆိုတာ ဒီဘဝသာ လုပ်နိုင်တာပဲ၊ နောက်ဘဝတွေ လိုက်မလုပ်နိုင်ဘူး၊ အဲဒါကြောင့် တစ်ခါတစ်ရံ အကုသိုလ်ကတော့ မကောင်းသဖြင့် ထားအပ်တဲ့စိတ်ကလေးဟာ ပါဏာတိပါတ အဒိန္နာဒါန စသည်ဖြင့် ထားအပ်တဲ့ စိတ်ကလေးက ဘဝတစ်ရာမက တစ်ထောင်မက တစ်သောင်းမက လိုက်ပြီးတော့ နှိပ်စက်တာ၊ ဒါကြောင့်မို့ အဲဒါကံသာလျှင် ကိုယ်ပိုင်ဥစ္စာပဲတဲ့၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ကိုယ်ပြုထားတဲ့အမှုကလေး ကိုယ့်ဥစ္စာလေးပါပဲတဲ့။

ဒါလေးပဲ၊ ဒီပြင်ဥစ္စာတွေကတော့ ရှိစုမဲ့စုတွေ တစ်နေ့ကျသေလို့ရှိရင် စွန့်ပစ်သွားကြရမှာကိုး၊ ယူမသွားနိုင်ကြဘူး၊ ဘယ်သူမှ ဘယ်မှ ယူမသွားနိုင်ဘူး၊ ထိုသိမ်းထားတဲ့ဥစ္စာတွေ ထားပါဦးတော့ ခါးက အဝတ်တောင် ယူမသွားနိုင်ဘူး၊ ခါးက အဝတ်မပြောနဲ့၊ ကိုယ့်ကိုယ်ကြီးတောင် စွန့်သွားရတာပဲ၊ ခန္ဓာကိုယ်ကြီးကိုပါ စွန့်သွားရတယ်၊ အဲဒါကြောင့် ဘာမှ ယူမသွားနိုင်ဘူး၊ ယူသွားနိုင်တာကတော့ ကိုယ်ပြုထားတဲ့ ကုသိုလ်ကံ အကုသိုလ်ကံလေး၊ ဒါလေးတွေတတော့ သူ့အလိုလို ပါသွားတယ်၊ စိတ်သန္ဓာန်မှာ အဲဒါတွေက လိုက်ပြီးတော့ အကျိုးပေးတယ်၊ ဒါကြောင့်မို့ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။

ကမ္မဒါယာဒါ-ကံ၏အမွေကို ခံစံကြရကုန်၏၊ ကံပေးသမျှပဲ ကံက ကုသိုလ်ကံတွေ၊ အခုန သမ္မာပဏိတိတ စိတ်နဲ့ ကောင်းကောင်းလေးတွေ ပြုထားရင်

http://www.dhammadownload.com

ကောင်းတဲ့အမွေတွေရမှာ၊ မကောင်းတဲ့ အကုသိုလ်ကံတွေ ပွားများထားရင် မကောင်းတဲ့ အမွေတွေ ရကြမှာပေါ့၊ မတတ်နိုင်ဘူး၊ ကောင်းမွေ ဆိုးမွေတွေ ခံစားကြရတယ်၊ ကမ္မယောနီ-ကံသာလျှင် အကြောင်းရှိကုန်၏၊ ကမ္မဗန္ဓု-ကံသာလျှင် အဆွေအမျိုးရှိကြ၏၊ ဘဝတိုင်း ဘဝတိုင်းဟာ ကံကောင်းလို့ရှိရင် အဆွေအမျိုးကောင်းတွေ တွေ့ရမယ်၊ ကံမကောင်းလို့ရှိရင် အဆွေအမျိုး မကောင်းတာ တွေ့ရမယ်၊ ကမ္မပဋိသရဏာ-ကံသာလျှင် ကိုးကွယ်ရာရှိကြကုန်၏၊ ကံသာလျှင် အားကိုးရာပဲတဲ့၊ ကလျာဏံ ဝါ-ကောင်းသည်လည်းဖြစ်သော၊ ပါပကံ ဝါ-ဆိုးသည်လည်းဖြစ်သော၊ ယံ ကမ္မံ-အကြင်ကံကို၊ ကရိဿန္တိ-ပြုကြကုန်လတံ့၊ တဿ-ထိုကံ၏၊ ဒါယာဒါ-အမွေခံတို့သည်၊ ဘဝိဿန္တိ-ဖြစ်ကြကုန်လတံ့။

ကောင်းတဲ့အမှု, မကောင်းတဲ့အမှုတွေ သူပြုလိမ့်မယ်တဲ့၊ ကောင်းတဲ့အမှုပြုလို့ရှိရင်လည်း ကောင်းတဲ့အမွေတွေ သူတို့ခံရမှာပဲ၊ မကောင်းတဲ့အမှုပြုရင် မကောင်းတဲ့အမွေ သူတို့ခံရမှာပဲတဲ့၊ အဲဒါ နှလုံးသွင်းပြီးတော့ "သဗ္ဗေ သတ္တာ ကမ္မဿကာ" သဗ္ဗေ-အလုံးစုံကုန်သော၊ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။

စေတီထီးပမာ ဥပေက္ခာ

သူ့ကံတရားအတိုင်းပဲတဲ့၊ သူ့ကံအတိုင်းပဲ ဆိုပြီး ဒီလိုနှလုံးသွင်းရတာကိုး၊ ဒါကို ဥပေက္ခာခေါ်တယ်၊ အဲဒီဥပေက္ခာကလည်း အစဉ်အတိုင်း သမာဓိတရားတွေ တိုးတက်ပြီး နောက်ဆုံးကျတော့ ဈာန်ရောက်၊ ဈာန်ရောက်သွားတော့ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးရှိတဲ့ စတုတ္ထဈာန်ရသွားတယ်၊ သူက ပထမဈာန် မရှိဘူး၊ ဒုတိယဈာန် မရှိဘူး၊ တတိယဈာန် မရှိဘူး၊ မေတ္တာ ကရုဏာ မုဒိတာ တတိယဈာန်ကနေပြီး ဆက်ပြီးတော့ ပွားရတာကို၊ မေတ္တာ ကရုဏာ မုဒိတာရဲ့ နောက်ဆုံးမှာ ထီးတင်တဲ့သဘောပေါ့၊ စေတီတည်တဲ့အခါ အောက်က အုတ်တွေ ဘာတွေနဲ့ ပြီးအောင် လုပ်၊ နောက်ဆုံးကျမှ ထီးက တင်ရတာကိုး၊ အောက်က တည်တာကတော့ အုတ်တွေ အင်္ဂတေတွေနဲ့ပဲ၊ အထက်ကျတော့ ထီးက သံနဲ့ကြေးတို့နဲ့ လုပ်ထားတာ၊ သူက တစ်မျိုးတစ်စားပဲ၊ ဒါပေမယ့်လို့ ထီးက စတင်လို့တော့ မဖြစ်ဘူး၊ အောက်ကနေပြီး အစဉ်အတိုင်းလုပ်လာမှ အဲဒီမှ တင်လို့ရတယ်။

http://www.dhammadownload.com

အဲဒါလိုပဲ မေတ္တာ ကရုဏာ မုဒိတာနဲ့ ပထမချာန် ဒုတိယချာန် တတိယ ချာန်တွေ ရအောင်လို့ အားထုတ်ပြီးတဲ့အခါမှာ ဥပေက္ခာပွားတော့ "သဗ္ဗေ သတ္တာ ကမ္မဿကာ" ဥပေက္ခာပွားတဲ့အခါမှာ သမာဓိရင့်သန်ပြည့်စုံတဲ့အခါ ချာန်ဖြစ်လာ တယ်၊ သုခမပါတော့ဘူး၊ ဝိတက် ဝိစာရတွေက ဒုတိယချာန်ကတည်းက ကင်းတာ၊ ပီတိဟာ တတိယချာန်က ကင်းသွားတာ၊ သုခဆိုတာ တတိယချာန်မှာ ရှိတယ်၊ စိတ်ချမ်းသာမှုပဲ၊ ဟော. . ဥပေက္ခာရှိတော့တယ်၊ ဒီချာန်က အခု မရောက်သေး ဘူး၊ ဥပေက္ခာနဲ့ ဧကဂ္ဂတာပဲတဲ့၊ ဥပေက္ခာ လျစ်လျူရှုတဲ့သဘောနဲ့ ဧကဂ္ဂတာ ဒါလေး နှစ်ခုသွားနေတယ်၊ အဲဒီမှာ ဝေဒနာနဲ့ ဥပေက္ခာနဲ့တွဲပြီး တတြမဇ္ဈတ္တတာ အညီအမျှရှုတဲ့သဘောလေး ဒီထဲ ပါတယ်တဲ့။

အဲဒါလေးက ဘာတုံးဆိုတော့ ဗြဟ္မဝိဟာရ ဥပေက္ခာ ခေါ်တယ်တဲ့၊ 'ဆဋ္ဌင် ဗြဟ္မ၊ ဆဋ္ဌင်ဥပေက္ခာ' တစ်နေ့က ဟောပြီးပြီ၊ ဗြဟ္မဝိဟာရဥပေက္ခာ "သဗ္ဗေ သတ္တာ ကမ္မဿကာ"လို့ နှလုံးသွင်းတဲ့အခါမှာ သုခဒုက္ခမှလွတ်တဲ့ ဥပေက္ခာ ဝေဒနာလေးနဲ့ တွဲပြီးတော့ ဖြစ်တယ်၊ အညီအမျှရှုမှုတဲ့၊ သတ္တဝါတွေနဲ့စပ်ပြီးတော့ သတ္တဝါတွေ ကောင်းစားစေလိုတဲ့အတွက် ဆင်းရဲမှ လွတ်စေလိုတဲ့အတွက် အဲဒါနဲ့ စပ်ပြီးတော့ ကြောင့်ကြဗျာပါရမစိုက်ဘဲနဲ့ လျစ်လျူရှုနေတဲ့သဘောလေး၊ အညီ အမျှရှုတဲ့သဘောလေးကို တတြမဇ္ဈတ္တတာ စေတသိက် ခေါ်တယ်၊ အဲဒါလေးဟာ ဟိုဗောဇ္ဈင်ဥပေက္ခာကျမှ ပြောရမယ်၊ "သဗ္ဗေ သတ္တာ ကမ္မဿကာ"လို့ နှလုံး သွင်းပြီး လျစ်လျူရှုပြီးတော့ ဖြစ်တဲ့ဥပေက္ခာဝေဒနာနဲ့တွဲပြီးတော့နေတဲ့ အညီအမျှ ရှုတဲ့ တတြမဇ္ဈတ္တတာ စေတသိက်ကလေးက ဒီထဲ ပါတယ်၊ အဲဒါဟာ ဗြဟ္မဝိဟာရ ဥပေက္ခာခေါ်တယ်၊ ဥပေက္ခာ(၆)ခုက (၂)ခုပြီးသွားပြီ၊ ယနေ့ နာရီလည်း အတော်ရောက်သွားပြီ၊ ဆောင်ပုဒ်ကလေးဆိုပြီး တရားသိမ်းဦးမှပဲ၊ ကဲ. . ဆိုကြ။

* **ဝိပဿနု၊ သခါရု၊ ရှုမှုညက်ဖြစ်သည်။**
ဝိရိဝေဒနာ၊ အရမှာ၊ နှစ်ဖြာတွဲပြားသည်။
ဆဋ္ဌင်ဗြဟ္မ၊ ဗောဇ္ဈင်၊ တတြချာန်ပါရီ။
မဇ္ဈတ္တတာ၊ တစ်ပါးသာ၊ ခြောက်ဖြာတွဲလေ၏။ (ဆို သုံးခေါက်)

"ဆဋ္ဌင်ုပေက္ခာ"တဲ့၊ တတြမဇ္ဈတ္တတာ စေတသိက်တစ်ခုပဲ၊ အခုပြောတဲ့ ဗြဟ္မာဝိဟာရဥပေက္ခာက "သဗ္ဗေ သတ္တာ ကမ္မဿကာ"လို့ နှလုံးသွင်းရာမှာ အညီ

http://www.dhammadownload.com

အမျှဖြစ်တဲ့ တကြမဇ္ဈတ္တတာ စေတသိက်ကလေး ပါတယ်၊ သတ္တဝါတွေနဲ့ စပ်ပြီး ချမ်းသာ ဆင်းရဲ ကြောင့်ကြမစိုက်ဘဲနဲ့ လျစ်လျူရှုပြီးနေတဲ့ သဘောလေးဟာ တကြမဇ္ဈတ္တတာစေတသိက်ပဲ၊ သူက ဗြဟ္ဓာဝိဟာရဥပေက္ခာ ခေါ်တယ်၊ မေတ္တာ အကျိုး (၁၁)ပါးလေး ဆိုကြဦးစို့ရဲ့။

* **အိပ်နိုးချမ်းသာ၊ တောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်ထည်၊ ရှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္ဓာ၊ ၁၁-ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။** (ဆို သုံးခေါက်)

ကဲ. . တရားသိမ်းကြစို့ . .

မဂ္ဂင် (၈)ပါးတို့တွင် သမာဓိ သမ္ဗောဇ္ဈင်တရားနဲ့စပ်သော တရားဒေသနာတို့ကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မဿဝန ကုသိုလ်စေတနာကံတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ဤသက်ဆိုင်ရာ မဂ္ဂင်တရားတို့ကို မိမိတို့သန္တာန်၌ ပွားများအားထုတ်နိုင်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု - သာဓု - သာဓု ပါဘုရား။

******

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်

နဝမပိုင်း

[၁၃၂၄-ခုနှစ်၊ ကဆုန်လပြည့်နေ့ ဟောကြားသည်။]

သမ္မာသမာဓိမဂ္ဂင်အဆက်

ကဆုန်လပြည့် ဗုဒ္ဓနေ့အကြောင်း

ဒီကနေ့ ကဆုန်လပြည့် ဗုဒ္ဓနေ့ မြတ်စွာဘုရား အထိမ်းအမှတ်ပြုပြီးတော့ ထားတဲ့ နေ့ထူးနေ့မြတ်ကြီးဖြစ်တယ်၊ မြတ်စွာဘုရား ပထမမွေးဖွားတော်မူတဲ့နေ့၊ ဘုရားပွင့်တော်မူတဲ့နေ့၊ ဘုရားဖြစ်တဲ့နေ့၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူတဲ့နေ့၊ ဒီထဲမှာ အရေးကြီးဆုံးကတော့ ဘုရားပွင့်တော်မူတဲ့နေ့က အရေးကြီးဆုံးပါပဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော် အခု သာသနာသက္ကရာဇ်အရ (၂၅၀၆) ခုနှစ် ဆိုတော့ အဲဒီ (၂၅၀၆) ခုနှစ်ရဲ့အရင် ဘုရားပရိနိဗ္ဗာန်မစံမီက (၄၅)နှစ်၊ မြတ်စွာ ဘုရား တရားဟော ပြောပြီးတော့ လာခဲ့တာ အဲဒီ (၄၅)နှစ် ထည့်လိုက်လို့ရှိရင် (၂၅၅၁)နှစ်လောက် ရှိမှာပေါ့၊ နှစ်ပေါင်း (၂၅၅၁)နှစ်လောက်၊ အဲဒီအချိန်အခါ ကာလတုန်းက ဒီကဆုန်လပြည့်နေ့မှာပဲ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူ ရတယ်။

လောကဆည်းစိမ်စံစား

အဲဒီ ကဆုန်လပြည့်နေ့ရဲ့အလျင် (၆)နှစ်လောက်ကနေပြီးတော့ လူဘောင် ဘဝက ထွက်ခွာပြီး တရားရှာ တရားအားထုတ်တော်မူတယ်၊ (၆)နှစ်လောက်၊ အဲဒီ (၆)နှစ်ရဲ့အလျင် ဟိုဘက်က (၂၉)နှစ်လောက် ရှိတယ်၊ အဲဒီ (၂၉)နှစ်လောက် ကတော့ လူလောကမှာ (၂၉)နှစ်ထဲမှာ (၁၆)နှစ်၊ (၁၆)နှစ်ရဲ့အောက်ဘက်ကတော့ ကလေးအဖြစ်၊ (၁၆)နှစ်ရဲ့ ဒီဘက်မှာဆိုရင် လူလားမြောက်တဲ့အရွယ်ရောက်တဲ့ ပုဂ္ဂိုလ်အဖြစ်နဲ့ ကာမဂုဏ်စည်းစိမ်ချမ်းသာတွေ သုံးဆောင်ခံစားလို့ သာကီဝင်မင်း

http://www.dhammadownload.com

မျိုးထဲက သုဒ္ဓါဒနဘုရင်မင်းမြတ်ရဲ့ သားတော်ဖြစ်သည့်အားလျော်စွာ ထီးနန်းစည်းစိမ်တွေနဲ့ အင်မတန်ပဲ တင့်တင့်တယ်တယ်သုံးဆောင်ခံစားပြီးတော့ နေတဲ့အချိန်ကာလတွေပါပဲ၊ အားလုံး (၁၃)နှစ်လောက် ရှိပါတယ်၊ လောကီအာရုံကာမဂုဏ်တွေနဲ့ ပျော်မွေ့ပြီးတော့ နေခဲ့တာ (၁၃)နှစ်လောက်ရှိပါတယ်။

စောဇွေက်စော်မှုခြင်း

အဲဒီ (၁၃)နှစ်လောက်နေပြီးတော့ အသက် (၂၉)နှစ်ရောက်တဲ့အခါမှာ အားလုံးသော ဘုရားအလောင်းတော်တွေ တွေ့မြင်နေကြဖြစ်တဲ့ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဆိုတဲ့ နိမိတ်ကြီး (၄)ပါးကို မြင်ရတော့ သတိသံဝေဂရပြီး တောထွက်တာကိုး။ အိုခြင်းတရားတွေဟာ သတ္တဝါတွေ နှိပ်စက်နေတယ်၊ နာခြင်းတွေလည်း နှိပ်စက်နေတယ်၊ သေခြင်းတရားတွေ နှိပ်စက်နေတယ်၊ သတ္တဝါတွေဟာ ဘယ်သူမှ မအိုချင်ကြဘူး၊ မနာချင်ကြဘူး၊ မသေချင်ကြဘူး၊ တစ်နေ့ကျလို့ရှိရင် အိုရတာပဲ၊ မအိုချင်လို့ မနေရဘူး၊ တစ်နေ့ကျလို့ရှိရင်ဖြင့် မကျန်းမမာနာရတယ်၊ တစ်နေ့ကျတော့ နောက်ဆုံးသေရတယ်၊ ကောင်းကောင်း အေးအေးဆေးဆေး သေရတာလည်း ရှိတယ်၊ ဘေးဒုက္ခတွေနဲ့ တွေ့ပြီး သေရတာလည်း အမျိုးမျိုးပဲ ရှိတယ်၊ ကောင်းတဲ့သေခြင်းလည်း ရှိ၊ ဆိုးတဲ့သေခြင်းလည်း ရှိ၊ တစ်နေ့ကျရင် သေရတယ်၊ သေပြီးပြန်တော့လည်း အေးတာ မဟုတ်သေးဘူး။

ကုသိုလ်ကံစေနေးကြီး

တစ်ခါ သေပြီးပြန်လည်း ကံအားလျော်စွာ ဘဝအသစ်ဖြစ်ရပြန်တယ်၊ အပါယ်လေးပါးလည်း ကျရောက်ပြီးတော့ သွားနိုင်တယ်၊ အခု လူလောကမှာ ဘယ်လိုအထက်တန်းကျပြီးတော့နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်စေကာမူ သေသည်၏အခြားမဲ့မှာ အင်မတန်ယုတ်ညံ့တဲ့ဘဝထဲ ဆိုက်ရောက်သွားနိုင်တာပဲ၊ မိမိရဲ့ကုသိုလ်ကံ တည်းဟူသော မှီရာအားကိုးရာမရှိရင် သေသည့်၏အခြားမဲ့ ဖြုတ်ခနဲကို တစ်ခါတည်း အဆင့်အတန်းဟာ သိပ်ပြီးတော့ လျှော့ကျသွားနိုင်တယ်၊ ဘဝ၏တည်ရာ ထောက်ရာဖြစ်တဲ့ ကုသိုလ်ကောင်းမှုကံဟာ အရေးကြီးပါတယ်၊ ဘဝ၏ တည်ရာ ထောက်ရာ ဆိုတာကလည်း တခြားမဟုတ်ဘူး၊ ဒါန သီလ အစ ရှိသော ကုသိုလ်ကောင်းမှုတွေပါပဲ။

http://www.dhammadownload.com

ပုညာနိ ပရလောကသ္မိ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

ပုညာနိ-ကုသိုလ်ကောင်းမှုတို့သည်၊ ပရလောကသ္မိ-နောင်တမလွန်လောက၌၊ ပါဏိနံ-သတ္တဝါတို့၏၊ ပတိဋ္ဌာ-ထောက်တည်ရာ အားထားရာတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဒါန သီလအစရှိသော ကုသိုလ်ကောင်းမှုတွေဟာ သတ္တဝါတွေ ထောက်ရာတည်ရာပဲ၊ အားကိုးရာပဲ၊ ခရီးသွားတဲ့အခါကာလ လမ်းမှာ သုံးဖို့စွဲဖို့ရာ ခရီးရိက္ခာတွေ ပါလာလို့ရှိရင်ဖြင့် လမ်းတစ်လျှောက်လုံး မပင်ပန်း မနွမ်းနယ်ရဘဲနဲ့ ချမ်းချမ်းသာသာနဲ့ပဲ သွားရတယ်၊ ဘယ်အရပ်ပဲရောက်ရောက်၊ ရောက်ရာဌာနမှာ အားကိုးရာလေး ကိုယ့်မှာ ပါလာတယ်၊ လမ်းမှာ ဈေးဆိုင်တွေ့ ဝယ်စားနိုင်မယ်၊ မြင်းရထားတွေ့လို့ရှိရင် ငှားစီးနိုင်တယ်၊ အကူအညီလိုလို့ရှိရင် လူခေါ်ပြီး ခိုင်းနိုင်တယ်၊ ဘာမဆို သူ့ဟာ အလိုရှိရာရတယ်၊ ထောက်ရာတည်ရာဖြစ်မယ်။

အဲဒါလိုပဲ သံသရာခရီးသွားနေတဲ့ပုဂ္ဂိုလ်တွေ ခရီးသွားနေရတယ်၊ တစ်ဘဝပြီး တစ်ဘဝ တစ်စခန်းပြီး တစ်စခန်း သွားနေရတယ်၊ အဲဒီလို သွားနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှု တည်းဟူသော ထောက်ရာတည်ရာ ပါသွားတဲ့ ပုဂ္ဂိုလ်တွေမှာတော့ သက်တောင့်သက်သာပေါ့လေ၊ ရောက်ရာရာမှာ သူ့ကုသိုလ်လေးတွေက အကျိုးပေးတယ်၊ ချမ်းချမ်းသာသာ တင့်တင့်တယ်တယ်နဲ့ ပြည့်ပြည့် စုံစုံဖြစ်ပြီး သွားတယ်၊ ကုသိုလ်ကောင်းမှုမရှိတဲ့ပုဂ္ဂိုလ်ငတွမှာ မျက်နှာငယ်တယ်၊ ဒုက္ခတွေအမျိုးမျိုး ရောက်ပြီးတော့ သွားရတယ်။

အဲဒါကြောင့် သတ္တဝါတွေဟာ ဘေးဒုက္ခတွေ ရောက်နေတယ်တဲ့၊ မအိုချင်ဘဲနဲ့ အိုရလို့ ဒုက္ခရောက်တယ်၊ မနာချင်ဘဲနဲ့ နာရလို့လည်း ဒုက္ခရောက်တယ်၊ မသေချင်ဘဲနဲ့ သေရလို့လည်း ဒုက္ခရောက်တယ်၊ သေပြီးပြန်တော့လည်းပဲ အေးအေးငြိမ်းငြိမ်း မဟုတ်သေးဘူး၊ ဖြစ်ချင်ရာလျှောက်ပြီး ဖြစ်သွားလို့ အဲဒါလည်း ဒုက္ခရောက်တယ်၊ ဘဝအသစ်ဖြစ်ရတာလည်း ဒုက္ခရောက်တယ်၊ အဲဒီဒုက္ခတွေ ဘယ်ပုံဘယ်နည်း ငြိမ်သက်ရမလဲတဲ့၊ ဒုက္ခတွေ ငြိမ်းရာငြိမ်းကြောင်းကို ဘုရားအလောင်းတော်က ရှာတာကိုး၊ အခုကာလ လူ့လောက လူများချမ်းသာအောင်လို့ ရှာဖွေကြတယ်၊ လုပ်ကြတယ်ဆိုတာတွေ ရှိပါတယ်၊ အဲဒါက တော်ရုံတန်ရုံပါပဲ၊ အခု မြတ်စွာဘုရားအလောင်းတော် ရှာလာခဲ့တာကမှ အင်မတန် အကြီးအကျယ်ပဲဖြစ်တယ်၊ တစ်သံသရာလုံး တစ်လောကလုံး ဒုက္ခတွေ အမျိုးမျိုး ရောက်နေ

http://www.dhammadownload.com

တာကိုး၊ ငြိမ်းချမ်းပြီး သွားဖို့ ငြိမ်းအေးတဲ့နည်းလမ်း၊ အကောင်းဆုံးနည်းလမ်း တွေကို မြတ်စွာဘုရားအလောင်း ရှာလာခဲ့တယ်။

ဘုရားအဖြစ်လောင်း ဘရားအားထုတ်

သက်တော် (၂၉)နှစ်မြောက်မှာ တောထွက်တယ်၊ တောထွက်ပြီးတော့ တရားရှာနေတယ်၊ အမျိုးမျိုးအထွေထွေပဲ တရားရှာနေတယ်၊ အာဠာရ ဥဒက ရသေ့ကြီးများထံလည်း သွားပြီး နည်းခံပြီးတော့ တရားရှာတယ်၊ သမာပတ်တွေ လည်း ရတယ်၊ ရပြီးတော့ ဒီတရားတွေလည်းပဲ မိမိအလိုရှိအပ်တဲ့အရာ မဟုတ် သေးဘူး ဆိုပြီး စွန့်ပစ်ပြီးတော့ ဒုက္ကရစရိယာ အကျင့်တွေ ဆိုတာ ကျင့်တယ်၊ ဒုက္ကရစရိယာအကျင့်ဆိုတာ ပြုနိုင်ခဲတဲ့ အကျင့်တွေပဲ၊ ဟိုခေတ် ဟိုအခါတုန်းက ဒီလို၊ ကိုယ်ပင်ပန်းဆင်းရဲအောင်လို့ လုပ်ပြီး ကျင့်လို့ရှိရင် ဒီသံသရာက စင်ကြယ် တယ်၊ လွတ်မြောက်တယ် ဆိုတာကို အယူရှိကြတယ်၊ အခုလည်းပဲ ရှိကြပါတယ်၊ ဂျိန်းဘာသာဝင်ပုဂ္ဂိုလ်တွေ ဒီလိုပဲ အယူရှိကြပါတယ်။

အဲဒါကြောင့် အဲဒီအကျင့်တွေကို ဘုရားအလောင်းတော်က ကျင့်စမ်းကြည့် တယ်၊ အစာအာဟာရတွေဖြတ်ပြီးတော့ ကျင့်စမ်းကြည့်တယ်၊ ထွက်သက်ဝင်သက် တွေ ချုပ်ပြီးတော့ ကျင့်စမ်းကြည့်တယ်၊ အဲဒါတွေ ဘာမှ အမြတ်အစွန်းထွက် မလာဘူး၊ တရားအရသာ ဘာမျှမတွေ့ဘူး၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့ တရား ဘာမျှမတွေ့ဘူး၊ မတွေ့တော့ အဲဒါတွေ စွန့်ပြီးတော့ နောက် အာနာပါန ဈာန်များ ရအောင် အားထုတ်တယ်၊ အဲဒီကနေပြီးတော့ ဗောဓိပင်အောက် ဘုရားဖြစ်မယ့်နေ့ ရောက်တဲ့အခါတော့ ရတနာပလ္လင်ပေါ်မှာ နေတော်မူတယ်၊ အခု အရပ်ရပ် အနယ်နယ်မှာ ဗောဓိညောင်ပင်တွေ၊ ဗောဓိညောင်ပင်တွေ စိုက်ပျိုးထားလို့ ညောင်ရေသွန်းကြ၊ ပူဇော်ကြတာကိုး၊ အလောင်းတော်ဟာ ဗောဓိ ညောင်ပင်အောက် ရတနာခုနစ်ပါးဖြင့်ပြီးသော ပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ နေပါတယ်၊ ရတနာခုနစ်ပါးက ဘာက ဖြစ်သလဲဆိုတော့ မြက်ရှစ်ဆုပ်က နေပြီး တော့ ဖြစ်လာတယ်၊ မြက်ဆုပ်ကို ဖြန့်ကျဲလိုက်လို့ ပလ္လင်ဖြစ်တယ်၊ မြက်အခင်း ရိုးရိုးလည်း ဖြစ်မယ်ဆို ဖြစ်နိုင်ပါတယ်၊ သို့သော်လည်းပဲ ဘုန်းတော် ကံတော် ပါရမီတော်တွေနဲ့ မြက်တွေက နေပြီး ရတနာတွေ ဖြစ်သွားတယ်လို့ စာပေကျမ်းဂန် တွေက အဲဒီလို ဆိုထားပါတယ်။

http://www.dhammadownload.com

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ရ

အဲဒီ ရတနာပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးတော့ ညဉ့်ဦးယံမှာ ပုဗ္ဗေနိဝါသအဘိညာဏ်များကို ရတယ်၊ "ပုဗ္ဗေနိဝါသ"ဆိုတာ ရှေးဘဝက ဘဝဟောင်းတွေကို ပြန်ပြီးစဉ်းစားလိုက်ရင် ပေါ်လာတယ်၊ ရှေးက ဘာဖြစ်ခဲ့ တယ်၊ ရှေးက တုသိတာနတ်ပြည်မှာ နတ်သားကြီးဖြစ်ခဲ့တယ်၊ နှစ်ပေါင်းဘယ် လောက် ကြာခဲ့တယ်၊ အဲဒီအရင်က ဘာဖြစ်ခဲ့တယ်၊ ဝေဿန္တရာမင်းကြီး ဖြစ်ခဲ့ တယ်၊ ဘယ်လို နေခဲ့တယ်၊ ဘယ်လိုကျင့်ခဲ့တယ်၊ အားထုတ်တယ်၊ အဲဒီအရင်က ဘာဖြစ် ခဲ့တယ် အစရှိသည်တွေကို သတိရတာကို "ပုဗ္ဗေနိဝါသအဘိညာဉ်"လို့ ခေါ်တယ်။

ဒိဗ္ဗစက္ခုအဘိညာဉ်ရ

သန်းခေါင်ယံကျတဲ့အခါတော့ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရတယ်၊ "ဒိဗ္ဗစက္ခု" ဆိုတာ နတ်မျက်စိလို့ ဆိုရတာပေါ့၊ နတ်မျက်စိက လူမျက်စိထက်ကောင်းတာကိုး၊ အဲဒါ ဒီလောက်လည်း မကပါဘူး၊ ဒီအဘိညာဉ်ကတော့ တော်တော့်ကို တစ် လောကလုံး အကုန်လုံး ဖြန့်ပြီး ကြည့်လို့ရှိရင် အကုန်လုံး မြင်ရတာကို၊ အနီး အဝေး အကြီး အသေး ဘယ်အချိန်ကာလမဆိုဘဲ စိတ်ထဲက မှန်းကြည့်လိုက်လို့ ရှိရင် သူဥစ္စာမြင်နေရတယ်၊ ဒါကို "ဒိဗ္ဗစက္ခုအဘိညာဉ်"လို့ ခေါ်တယ်၊ အဲဒါ ကြည့်လိုက်တဲ့အခါကျတော့ သတ္တဝါတွေဟာ သေတဲ့သူသေ၊ သေပြီးတော့ အသစ် အသစ်ဖြစ်လာတယ်၊ အထက်လူပြည် နတ်ပြည်က သေပြီးတော့ အပါယ် (၄)ဘုံ ကျသွားတာလည်း ရှိတယ်၊ အပါယ်(၄)ဘုံကနေပြီး လူပြည် နတ်ပြည်တက်လာ တာလည်း ရှိတယ်၊ လူပြည်နတ်ပြည်တွင် ဆင့်ကာဆင့်ကာ ဖြစ်နေတာလည်း ရှိတယ်၊ အပါယ် (၄)ဘုံတွင် ဆင့်ကာဆင့်ကာဖြစ်နေတာလည်း ရှိတယ်၊ နွေအခါ ကာလများ သစ်ရွက်ကြွေတဲ့အခါ၊ လေကြမ်းလေးမွှေ့လိုက်တဲ့အခါမှာ သစ်ရွက် တွေဟာ ဖြိုးဖြိုးဖျောက်ဖျောက်နဲ့ ကြွေကျတာလို ကြွေပြီးတော့ လွင့်စင်ပြီးတော့ သွားတယ်၊ အဲဒါလိုပဲ သတ္တဝါတွေဟာ သေပြီးတော့ ဘဝအသစ်တွေဖြစ်ကြတာကို မြင်ရတယ်တဲ့၊ အဲဒီဒိဗ္ဗစက္ခုအဘိညာဉ်က သံဝေဂရစရာကောင်းတယ်နော်၊ သတ္တဝါ တွေ တဖြုတ်ဖြုတ်နဲ့သေတာတွေ မြင်ရတာကိုး။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်ခြင်း

အဲဒါပြီးတော့မှ ပစ္စိမယံ နံနက်လင်းအားကြီး ကဆုန်လပြည့် ဒီလိုညဉ့်မှာပါပဲ၊ မနက်မဟုတ်သေးဘူး၊ ဟိုအရင် အဖိတ်နေ့ကမဟုတ်ဘူး၊ ကဆုန်လပြည့်နေ့ ညဉ့်ဦးကမှ ဗောဓိပင်ကို ရောက်တာကို၊ သန်းခေါင်ယံ မနက်မိုးလင်းခါနီး ရောက်သွားရော၊ အဲဒီနေ့မှာ ဘုရားဖြစ်တာ၊ မနက်မိုးလင်းယံ မိုးလင်းခါနီး မိုးသောက်ယံ ရောက်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်တွေ မြင်တယ်တဲ့၊ အိုခြင်းတရား၊ သေခြင်းတရားတွေ ဘာကြောင့်ဖြစ်ရသလဲ၊ ဘာ့ကြောင့် အိုရသလဲ၊ ဘာ့ကြောင့် သေရသလဲ၊ ဘာကြောင့် ဘဝအသစ်ဖြစ်ရသလဲ ဆိုတာတွေ ဆင်ခြင်တာကိုး။ ဟုတ်တယ်၊ ဘဝအသစ်မဖြစ်ရင်တော့ မသေနိုင်ဘူး၊ ဘဝအသစ်ဖြစ်လို့ သေရတာ၊ ဘဝအသစ် ဘာ့ကြောင့်ဖြစ်ရသလဲလို့ စဉ်းစားပြန်တယ်၊ ဖြစ်ကြောင်းကံရှိနေလို့ ဖြစ်စရာအကြောင်း ရှိနေလို့ ဖြစ်တယ်၊ ဖြစ်စရာအကြောင်းက ဘာဖြစ်လို့ဖြစ်ရသလဲ၊ စွဲလမ်းလို့၊ ဒီလိုလုပ်ရင် ကောင်းမယ်၊ ဟိုလိုလုပ်ရင် ကောင်းမယ်လို့ ကောင်းစားချမ်းသာနိုးနိုးနဲ့ စွဲလမ်းတာလေး ရှိတယ်၊ စွဲလမ်းတော့ စွဲလမ်းတဲ့အတိုင်း အလုပ်တွေ လုပ်တာကိုး၊ လုပ်တော့ ဖြစ်ကြောင်းကံတွေ ဖြစ်တယ်၊ အဲဒါစွဲလမ်းလို့ ချမ်းသာကောင်းစားအောင်လို့ နည်းလမ်းရှာဖွေပြီးတော့ လုပ်တဲ့အခါမှာ ကုသိုလ်ကံ အကုသိုလ်ကံတွေ ဘဝဖြစ်ကြောင်းတွေဖြစ်လာတယ်၊ တရားသဖြင့် နည်းမှန်လမ်းမှန်အတိုင်း ဒါန သီလ အစရှိသော အကြောင်းတွေလည်း ရှိတာကိုး၊ မတရားသဖြင့် နည်းမှားပြီးတော့ ပါဏာတိပါတ၊ အဒိန္နာဒါန အစရှိသော အကုသိုလ် ဒုစရိုက်တွေ ဒီလိုလည်း ရှိတယ်၊ ကောင်းသော အကြောင်းဆိုးသော အကြောင်းတွေလည်း ရှိတယ်၊ ဒီ အကြောင်းတွေရှိလို့ ဘဝဖြစ်ရတာပဲ။

ဒီအကြောင်းက ဘာ့ကြောင့်ဖြစ်သလဲ၊ စွဲလမ်းလို့ ဖြစ်ရတယ်၊ စွဲလမ်းတာ ဘာကြောင့်ဖြစ်၊ သာယာနှစ်သက်တဲ့တဏှာရှိလို့၊ တဏှာက သူအာရုံ (၆)ပါးတွေကို သဘောကျနေတယ်၊ သဘောကျနေတော့ အဲဒီဥစ္စာတွေကို ဟိုဟာရချင်၊ ဒီဟာရချင်၊ ရချင်တော့ ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ စဉ်းစားတဲ့ဉာဏ်ကလေးက ထွက်လာတယ်၊ အားထုတ်လာတယ်၊ ဥပါဒါန်တွေ ဖြစ်လာတယ်။

အဲဒီလိုချင်နှစ်သက်တဲ့ တဏှာဟာ ဘာ့ကြောင့်ဖြစ်တုံးဆို အာရုံတွေ ခံစားရလို့၊ ကောင်းတာတွေ ခံစားရလည်း သဘောကျ၊ မကောင်းတာတွေ ခံစားရရင်

http://www.dhammadownload.com

လည်း မကောင်းတာတွေ ခံစားရလို့ ဖြစ်တယ်။ ခံစားရတာ ဘာ့ကြောင့်လဲ ဘာ့ကြောင့်ဖြစ်လဲ၊ အာရုံနဲ့စိတ်နဲ့တွေ့လို့တဲ့၊ တွေ့တော့ ခံစားရတယ်၊ ပွဲနဲ့မတွေ့တဲ့ ပုဂ္ဂိုလ်ဟာ ပွဲအရသာ ဘယ်ခံစားရလို့ ဖြစ်မလဲ၊ မခံစားနိုင်ဘူး၊ အပူနဲ့တွေ့မှ အပူအရသာ ခံစားရတယ်၊ အအေးနဲ့ တွေ့မှ အအေးအရသာ ခံစားရတယ်၊ စားစရာ သောက်စရာတွေ ခံစားတဲ့အခါ အချိုစားမိမှ အချိုအရသာ ခံစားရတယ်၊ အချဉ်စားမိမှ အချဉ်အရသာ ခံစားရတယ်၊ မတွေ့ဘဲနဲ့ ခံစားလို့မရဘူး၊ တွေ့မှ ခံစားရတယ်၊ အဲဒါ တွေ့လို့ပဲတဲ့။

တွေ့တဲ့ဖဿ ဘာ့ကြောင့်ဖြစ်ရသလဲဆိုရင် အာယတန-တွေ့ရာဌာနတွေ ရှိလို့တဲ့၊ မျက်စိ နား စသည် တွေ့ရာဌာနတွေ ရှိလို့၊ မျက်စိမရှိရင် မြင်ပြီး မတွေ့နိုင်ဘူး၊ နားမရှိရင် နားက မကြားနိုင်ဘူး၊ နှာခေါင်းမရှိရင် အနံ့နံပြီး မသိနိုင်ဘူး၊ လျှာမရှိရင် အရသာကို မတွေ့နိုင်ဘူး၊ ကိုယ်မရှိလို့ရှိရင် အတွေ့အထိတွေ မတွေ့နိုင်ဘူး၊ စိတ်မရှိလို့ရှိရင် စိတ်ကူးစဉ်းစားကြံစည်မှုတွေ မတွေ့နိုင်ဘူး၊ တွေ့ရာဌာနတွေ ရှိနေတယ်။

တွေ့ရာဌာနတွေ ဘာ့ကြောင့်ဖြစ်ရလဲ နာမ်ရုပ်ရှိလို့တဲ့၊ နာမ်နဲ့ရုပ် (၂)ခု စုနေလို့ တွေ့ရာဌာနတွေ ရှိရတယ်တဲ့။ နာမ်ရုပ် ဘာ့ကြောင့်ဖြစ်ရလဲ ဝိညာဏ်ဆိုတဲ့ စိတ်ကလေး ရှိနေလို့တဲ့။ ဝိညာဏ် ဘာ့ကြောင့်ဖြစ်သလဲ ဆိုရင်တော့ ဝိညာဏ် ဆိုတာ သခါရအားထုတ်တဲ့ ကံတွေရှိလို့၊ ရှေးဘဝ သခါရအားထုတ်တဲ့ကံတွေ ရှိလို့ ပဋိသန္ဓေကနေပြီး တစ်သက်လုံး ဝိညာဏ်ကလေးဖြစ်နေတာ၊ တစ်ခုပြီးတစ်ခုဖြစ် ဆင့်ကာဆင့်ကာ ဖြစ်နေတယ်။ ဒီသခါရ ဘာ့ကြောင့်ဖြစ်၊ အဝိဇ္ဇာကြောင့် ဖြစ်သည်တဲ့၊ အဲဒါဘုရားအလောင်း ပဋိစ္စသမုပ္ပါဒ် ပြောင်းပြန်ဆင်ခြင်ပုံ ပေါ်လေ၊ ဒီထဲမှာ အဝိဇ္ဇာ သခါရတော့ ဆင်ခြင်ပုံ တိုက်ရိုက်မပါဘူး၊ ဒီမှာ စုံအောင် လို့ ပြောလိုက်တယ်။

အဲဒီကနေပြီး တစ်ခါပြန်ပြီးတော့ အဝိဇ္ဇာကြောင့် သခါရဖြစ်၊ သခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ၊ မရဏ - အိုခြင်း သေခြင်းတွေ ဖြစ်သွားတာပဲ၊ သောက

http://www.dhammadownload.com

ပရိဒေဝ - စိုးရိမ်ပူဆွေး ငိုကြွေးခြင်း စသည်တွေလည်းပဲ ဇာတိရှိရင် ဖြစ်တော့တာပဲ၊ ဒါအကုန်လုံး "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော၊ ဟောတိ"၊ ဒါတွေဟာ ဆင်းရဲသက်သက်တွေပဲတဲ့၊ သတ္တဝါတွေက ချမ်းသာတွေ အောက်မေ့နေတယ်တဲ့၊ သတ္တဝါတွေက မြင်လို့လည်း ချမ်းသာ၊ ကြားလို့လည်း ချမ်းသာ၊ နံရ၊ စားရ၊ တွေ့ထိရ၊ အကုန်လုံး ချမ်းသာတွေ အောက်မေ့နေတယ်၊ စင်စစ်တွက်စစ်ကြည့်လိုက်တဲ့အခါ ဆင်းရဲချည်းပါပဲတဲ့၊ ဒါတွေဟာ အကြောင်းအားလျော်စွာ ဖြစ်ပြီးတော့ ပျက်နေတဲ့တရားတွေကို ဖြစ်ပြီးရင်း ပျက်သွားရင်း၊ ဖြစ်ပြီးရင်း ပျက်သွားရင်း အကုန်လုံးဆင်းရဲချည်းပဲ၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေ ဆို ထင်ရှားနေတာကိုး၊ ဘာမှချမ်းသာရှာလို့မရဘူး၊ သာယာစရာရှာလို့ မရဘူး၊ ဖြစ်ပြီးရင်း ပျောက်သွား၊ မရှိတော့ဘူး) ဘာမှ အဖိုးမတန်ဘူး၊ သိမ်းထားလို့လဲ မရဘူး။

ဧဝံ-ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ကေဝလဿ-ချမ်းသာနှင့်မရောမယှက်သက်သက်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ-ဤဆင်းရဲအစု၏၊ သမုဒယော-ဖြစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏တဲ့၊ ဆင်းရဲအစုဖြစ်နေတယ်၊ လူဖြစ်ပြီးတော့ လူစည်းစိမ်တွေခံစားနေတာလည်း ဆင်းရဲတွေပါပဲတဲ့၊ နတ်ဖြစ်ပြီး စည်းစိမ်တွေခံစားတာလည်း ဆင်းရဲတယ်၊ ဗြဟ္မာဖြစ်ပြီး စည်းစိမ်တွေခံစားလည်း ဆင်းရဲတယ်၊ အပါယ်လေးဘုံဆိုတော့ အထူးပြောစရာမလိုဘူး၊ အကုန်လုံးဖြစ်ပြီးတော့နေတဲ့ တရားတွေဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းမှာ အဆုံးသတ်ပြီး စိုးရိမ်ပူဆွေးငိုကြွေးရခြင်းတွေလည်း ဆင်းရဲတွေချည်းပဲ၊ ဘေးက အသိုင်းအဝိုင်းတွေပါသွားလေရဲ့ အကုန်လုံးဆင်းရဲချည်းပဲတဲ့၊ ဘုရားအလောင်းတော်က ဒီလိုမြင်တာကိုး။

စန္ဒာငါးပါးဖြစ်ပျက်ရှု

အဲဒီတော့ သည်ဟာတွေလည်း ဘယ်လိုလုပ်ပြီးတော့ ချုပ်မလဲ ဆိုလို့ရှိရင် ဇာတိ ဘဝအသစ်မရှိလို့ရှိရင် အိုခြင်း၊ သေခြင်း မဖြစ်ဘူး၊ ဘဝအသစ်မရှိရင် မဖြစ်ဘူး၊ မဖြစ်တာကို လိုက်လာတယ်၊ ဖြစ်ကြောင်းကံမရှိရင် ဘဝအသစ်မဖြစ်ဘူး စသည်ဖြင့် ပေါ့လေ၊ အဲဒီတော့ အဝိဇ္ဇာမရှိရင် သခါရမဖြစ်၊ သခါရမရှိရင် ဝိညာဏ်မဖြစ်၊ ဝိညာဏ် မရှိရင် နာမ်ရုပ်မဖြစ် စသည်ဖြင့် အကြောင်းမရှိရင် အကျိုးတရားလေးတွေ ဖြစ်မလာဘူး၊ မြတ်စွာဘုရားအလောင်းတော်က မြင်ပြီး

http://www.dhammadownload.com

တော့ အဲဒီရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက်တွေကို ရှုတယ်တဲ့၊ ခန္ဓာငါးပါး တရားတွေ အဖြစ်အပျက်ကို ရှုတယ်၊ ပဠုန္နံ ဥပါဒါနက္ခန္ဓာနံ-ငါးပါးသော ဥပါဒါန ကွန္ဓာတို့၏၊ ဥဒယဗ္ဗယာနုပဿီ-အဖြစ်အပျက်ကို ရှုသည်ဖြစ်၍၊ ဝိဟာသိ-နေခဲ့၏ -တဲ့။

ခန္ဓာ (၅)ပါးတရားတွေ အဖြစ်အပျက်ကို ရှုပြီးတော့နေတယ်၊ ခန္ဓာငါးပါး တရားတွေရဲ့ အဖြစ်အပျက်တွေ ဘယ်မှာတုံးဆို မြင်စဉ်အခါကာလ ခန္ဓာငါးပါး ကြားစဉ်မှာ ခန္ဓာငါးပါး၊ နံစဉ်၊ စားစဉ်၊ တွေ့ထိစဉ် အကုန်လုံးခန္ဓာငါးပါးချည်းပဲ၊ လက်ကလေးလှုပ်လိုက်ရင် အဲဒါခန္ဓာငါးပါးပဲ၊ လက်တလေးလှုပ်လိုက်ရင် လှုပ် ချင်တာက ဝိညာဉ်၊ ဝိညာဏက္ခန္ဓာလေး လှုပ်ချင်တဲ့စိတ်ကလေးက ဝိညာဏက္ခန္ဓာ။

ဒီစိတ်ကလေးနဲ့တွဲပြီးတော့ လှုပ်ချင်တဲ့အခါမှာ ကောင်းတာလည်း ရှိတယ်၊ ဆိုးတာလည်း ရှိတယ်၊ လှုပ်ချင်တာ ဝမ်းမြောက်ဝမ်းသာနဲ့ လှုပ်ချင်တာလည်း ရှိတယ်၊ စိတ်ဆိုးပြီး လှုပ်ချင်တာလည်း ရှိတယ်၊ တစ်တောင်နဲ့ဘာနဲ့ တွက်လိုက်တဲ့ အခါတွေဆိုရင် စိတ်ဆိုးပြီးတော့ပေါ့၊ ဥပမာလက်မှာ ခြင်လေးတိုက်လို့၊ ပုရွက် ဆိတ်ကလေးက တက်နေလို့၊ ယားနေလို့ ခါလိုက်တဲ့အခါတွေမှာ စိတ်ဆိုးပြီးတော့ သူဟာ စိတ်နှလုံး မသာယာမှု ဒေါမနဿနဲ့ ဖြစ်တယ်၊ နှစ်သက်သာယာစရာလေး အကြောင်းပြုပြီးတော့ ကိုင်မယ်၊ တွယ်မယ်၊ ထိမယ် ဒီလိုလုပ်တဲ့အခါမှာ လှုပ်လိုက် တာလေးက ဒီမှာ ဝမ်းမြောက်ဝမ်းသာရွှင်လန်းတဲ့ သုခလေး ပါလာတယ်၊ ကောင်း သော ခံစားမှုလေး ဝေဒနာပဲ၊ ဒါဟာ ဝေဒနာက္ခန္ဓာပါပဲ၊

အဲဒီ လှုပ်ဖို့ရာ စိတ်ထဲမှာ ရည်ရွယ်ချက်ကလေး အသိလေးရှိတယ်၊ အဲဒီ အသိလေးက လှုပ်လိုက်လို့ရှိရင်ဖြင့် ထိမယ်၊ လွှင့်စင်သွားမယ် စသည်ဖြင့် မှတ် သားမှု သညာလေး ရှိတယ်၊ ဒါဟာ သညာက္ခန္ဓာပါပဲ။

လှုပ်အောင်လို့ အားထုတ်မှုလေး ရှိတယ်၊ အားထုတ်မှုလေးက စေတနာတို့၊ ဖဿတို့ ဒီတရားတွေ သခါရက္ခန္ဓာပါပဲ။

အဲဒီထဲမှာ လှုပ်မယ်လို့ ကြံတဲ့စိတ်ကလေး ပါပါတယ်၊ သူက ဝိညာဏက္ခန္ဓာ၊ လှုပ်လိုက်တာလေး လှုပ်ရှားတာလေး သူက ရုပ်ခန္ဓာ ရူပက္ခန္ဓာပါပဲ။

လှုပ်လိုက်တာလေးကလည်း ခန္ဓာငါးပါးပဲ၊ အခု ကွေးတာ ခန္ဓာငါးပါး၊ ဆန့်တာ ခန္ဓာငါးပါး၊ ထိုင်တာ၊ ထတာ၊ ခန္ဓာငါးပါး၊ ဖောင်းတာပိန်တာလည်း

http://www.dhammadownload.com

ခန္ဓာငါးပါး အကုန်လုံး ခန္ဓာငါးပါးတရားတွေဖြစ်တယ်၊ အဲဒီခန္ဓာငါးပါးတရားတွေရဲ့ အဖြစ်အပျက်ကို ရှုတယ်။

ဘုရားဖြစ်တော်မူခြင်း

အဲဒီခန္ဓာ (၅)ပါးတွေရဲ့အဖြစ်အပျက်ကို ရှုရင်း ရှုရင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ် အစဉ်အတိုင်းရောက်ပြီးတော့ ဘုရားအဖြစ်ကို ရောက်သွားတယ်၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၊ အရဟတ္တမဂ်ဉာဏ်လည်း ရောက်ရော အလုံးစုံသော တရားတွေကို သိနိုင်တယ်တဲ့၊ မြတ်စွာဘုရား ပြည်စုံသွားတယ်တဲ့၊ စဉ်းစားရင် ဘယ်ဟာမဆို အကုန်လုံး သိတော့တာပဲ၊ အဲဒါကြောင့် အရဟတ္တမဂ်ဉာဏ်ရလို့ ရဟန္တာလည်း ဖြစ်တယ်၊ ရဟန္တာဖြစ်တာနဲ့ တစ်ပြိုင်နက် အလုံးစုံသော တရားတွေကို သိနိုင်တဲ့ သဗ္ဗညုတဘုရားအဖြစ်ကို ရောက်သွားတယ်တဲ့။

ဝိမုတ္တိသုခ စံစားခန့ခတော်မူခြင်း

ဘုရားအဖြစ်သို့ ရောက်ပြီးတော့ မြတ်စွာဘုရားဟာ အဲဒီဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခံ ပဋိသံဝေဒီ-ဝိမုတ္တိသုခံ-ကိလေသာမှလွတ်တဲ့ အရဟတ္တဖိုလ်ချမ်းသာကို၊ ပဋိသံဝေဒီ-ခံစားပြီး၊ ကိလေသာမှလွတ်တဲ့ အရဟတ္တဖိုလ်ချမ်းသာကို ခံစားပြီးတော့ နေတယ်၊ ဖလသမာပတ်ဝင်စားနေတယ်၊ ယခု တရားထူးရတဲ့ပုဂ္ဂိုလ်တွေလည်း မိမိတို့ ရပြီးသားတရားလေး နှလုံးသွင်းလိုက်လို့ရှိရင် အဲဒီကိလေသာတွေက လွတ်မြောက်ပြီးတော့ နေတဲ့ ဖိုလ်စိတ်အစဉ်နဲ့ တစ်ခါတည်း သခါရချုပ်တဲ့ နိဗ္ဗာန်-နိဗ္ဗာန်အာရုံ ရောက်ပြီးတော့နေတဲ့ ငြိမ်းတဲ့သဘောလည်း ရောက်ပြီးနေတယ်၊ သမာဓိအင်အားကောင်းလို့ပေါ့လေ၊ အဲဒီလို (၁)နာရီနေ (၂)နာရီနေ၊ (၃)နာရီနေ စသည်ဖြင့် မြတ်စွာဘုရားမှာတော့ အဲဒီတုန်းက ခုနစ်ရက်ပတ်လုံး ဆိုတယ်၊ အဲဒီကြားထဲမှာ နှလုံးသွင်းတာ ရှိရင်လည်း ရှိမယ်ပေါ့လေ၊ ဒါပေမယ်လို့ အဲဒီခုနစ်ရက်ပတ်လုံး တစ်ခါတည်း တစ်ထိုင်တည်း ထိုင်ပြီးတော့ နေတယ်။

http://www.dhammadownload.com

အဲဒီလိုနေပြီးတဲ့နောက် အဲဒီဗောဓိပင်အနီးအနားမှာပဲ ခြောက်ဌာန အားလုံး ပေါင်းလိုက်လို့ရှိရင် (၇) ဌာနပေါ့လေ၊ သတ္တဌာန စံနေတော်မူတယ်တဲ့၊ (၇)ရက် (၇)လီ အဲဒီတုန်းက ဘုရားဖြစ်တော်မူခဲ့တဲ့ နေရာဌာနမှာ နေတယ်၊ ဗောဓိပင်ကို အကြောင်းပြုပြီးတော့ ယနေ့ ဗောဓိညောင် ရေသွန်းလောင်းခြင်း တွေ အရပ်ရပ်အနယ်နယ်မှာ ပြုလုပ်ကြတယ်၊ အဲဒီ ဘုရားဖြစ်တော်မူတဲ့နေ့ အကြောင်းပြုပြီးတော့ ယနေ့အထူးသဖြင့် ကုသိုလ်ကောင်းမှုတွေ ပွားများကြ၊ အားထုတ်ကြ၊ ဒါနကုသိုလ်တွေ လှုကြ,တန်းကြ ကျွေးမွေးကြ၊ ဥပုသ်သီတင်းသီလ တွေလည်း အထူးသဖြင့် ဆောက်တည်ကြ ကျင့်သုံးကြတယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားကြတယ်၊ အဲဒါတွေဟာ မိမိတို့အတွက်အားကိုးရာတွေပဲ။

"ပုညာနိ ပရလောကသွိ၊ ပတိဌာ ဟောန္တိ ဝါဏိနံ။"

ဆိုတဲ့ ဒေသနာတော်အတိုင်း ဒီလိုပြုလုပ်တဲ့ပုဂ္ဂိုလ်တွေ မိမိတို့ရဲ့ဆောက်ရာ တည်ရာတွေပါပဲ၊ အားကိုးရာတွေပဲ၊ ဘဝသံသရာခရီးသွားတဲ့အခါကာလ မိမိတို့ ပြုထားတဲ့ ဒါနကုသိုလ်တွေ သီလကုသိုလ်တွေဟာ အားကိုးအားထားရာဖြစ်ပြီး တော့ လူချမ်းသာတွေ နတ်ချမ်းသာတွေ ကောင်းတဲ့ဘဝတွေ ရောက်ပြီးတော့ သွားကြတယ်၊ ဘာဝနာကုသိုလ်တွေ ပွားပြီးတော့ အားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ ဆိုရင် ဝိပဿနာဉဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ မဂ်ဖိုလ်ရောက်မယ် ဆိုရင်တော့ အထူးပြောစရာမလိုဘူး၊ နိဗ္ဗာန်ရောက်ဖို့ပဲ ဒါတော့ အကောင်းဆုံးပါပဲ၊ အဲဒါကြောင့် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဆိုပြီးတော့ အထူးတလည် အခွင့်အရေးလည်း ရလို့ ကုသိုလ်ကောင်းမှုတွေ ပြုကြတယ်၊

တတိယချာန်အကြောင်း

ယနေ့ တရားနာတွေလည်းပဲ တရားဟောတဲ့ဆီ တရားလာပြီးတော့ နာကြတယ်၊ ဘာတရားဟောရမလဲဆိုတော့ ဘုန်းကြီးက ဟောနေကျ တရား အစဉ်အတိုင်း ဟောရမယ်၊ ဟောနေကျတရားက ယနေ့ သတိပဌာနသုတ်က ဓမ္မာနုပဿနာ (၅) ပိုင်းရှိတဲ့အနက် နောက်ဆုံးအပိုင်း သစ္စာလေးပါးရှုတဲ့အပိုင်း၊ သစ္စာလေးပါးထဲမှာလည်း နောက်ဆုံးဖြစ်တဲ့ မဂ္ဂသစ္စာ၊ ဒီထဲမှာလည်း နောက်ဆုံး ဖြစ်တဲ့ သမ္မာသမာဓိမဂ္ဂင်၊ မဂ္ဂင် (၈)ပါးထဲက နောက်ဆုံး သမ္မာသမာဓိမဂ္ဂင် ဟောနေတာ၊ အဲဒါ ကနေ့တော့ဖြင့် အပြီးသတ်ဖို့ပဲ ရှိပါတော့တယ်၊ သမ္မာသမာဓိ

http://www.dhammadownload.com

မဂ္ဂင်မှာ ပထမချာန်အကြောင်း ဟောပြီးပြီ၊ ဒုတိယချာန်လည်း ပြောပြီးပြီ၊ တတိယချာန်အကြောင်း ပြောနေတယ်၊ အဲဒီ တတိယချာန်ထဲမှာ ဥပေက္ခာ ပါနေတယ်၊ ဒီဥပေက္ခာကလည်း မှတ်သားစရာပကာင်းတာနဲ့ ဥပေက္ခာအကြောင်း တွေ ဟောနေတာ ပြီးလုပါပြီ။

အရိယာစီးကျူးစံရတဲ့ပုဂ္ဂိုလ်

"ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော သုခဥ္စ ကာယေန ပဋိသံဝေဒေတိ ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"

ပီတိယာစ-ပီတိကိုလည်း၊ဝိရာဂါ-စက်ဆုပ်ခြင်း လွန်မြောက်ခြင်းကြောင့်၊ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္ပဇာနော-သိသည်ဖြစ်၍၊ ဥပေက္ခကော-အညီ အမျှရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ယံ-အကြင်တတိယချာန်သမာဓိနဲ့ပြည့် စုံသောပုဂ္ဂိုလ်ကို၊ ဥပေက္ခကော-အညီအမျှရှုနိုင်ပါပေသည်။ (သတိမာ-အမှတ် သတိရှိပါပေသည်။ သုခဝိဟာရီ-တတိယချာန်ချမ်းသာနှင့် နေလေ့ရှိပါပေသည်။ ဣတိ-ဤသို့၊အရိယာ-အရိယာသခင်မြတ်တို့သည်၊ အာစိက္ခန္တိ-ချီးကျူးပြောကြား ကြလေကုန်၏၊ တံ-တတိယံ-ဈာနံ ထိုသို့သဘော ရှိသောတတိယချာန်ကို၊ ဥပသမ္ပဇ္ဇ-ရောက်၍ ဝိဟရတိ-နေ၏။

အဲဒီ ပီတိလွန်မြောက်ပြီးတော့ ပထမက ဈာန်အဂိါ (၅)ခု ရှိတာကိုး၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ပထမချာန်မှာ (၅)ခု၊ ဒုတိယချာန်မှာ ဝိတက် ဝိစာရ (၂)ခုကို ကျော်လွန်ပြီးတော့ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အဂိါ (၃)ခု၊ နောက် တတိယချာန်ကတော့ ပီတိကို စက်ဆုတ်ရွံမုန်းပြီးတော့ ပီတိကို လွန်မြောက်သွားတယ်တဲ့၊ ပီတိကင်းအောင် အားထုတ်တဲ့အခါ ပီတိကင်းသွားတယ်၊ ပီတိကင်းတော့ သုခနဲ့ ဧကဂ္ဂတာ (၂)ခုရှိတော့တယ်၊ စိတ်ချမ်းသာမှုနဲ့ စိတ်တည် ကြည်မှု ငြိမ်သက်မှုလေး ဒီအခိုက်အတန့်မှာ ဒီနှစ်ခုပဲ ရှိတယ်။

ဒီချာန်က စိတ်ချမ်းသာတယ်၊ ရွှင်လန်းတယ်၊ စိတ်ရွှင်ပြီး စိတ်ချမ်းသာပြီး တော့နေတယ်၊ စိတ်တည်ကြည်ငြိမ်သက်ပြီးတော့လည်း နေတယ်၊ သို့သော်လည်း ဝမ်း မြောက်ဝမ်းသာမှု တက်ကြွမှုတော့ မရှိဘူး၊ ဟို ပထမချာန် ဒုတိယချာန်တွေ

http://www.dhammadownload.com

ကတော့ ဝမ်းမြောက်ဝမ်းသာတက်ကြွမှုတွေ ပါတယ်၊ အခု ယောဂီတွေ လက်တွေ့ စဉ်းစားကြည့်မယ်ဆိုရင်တော့ သမ္မသနဉာဏ်ဆီမှာ ရောက်စဉ်အခါတုန်းက သမ္မသနဉာဏ် အားကောင်းတဲ့အခါတွေမှာ ပီတိနဲ့ဝမ်းမြောက် ဝမ်းသာတွေ ဖြစ်တယ်၊ ဝိစာရတွေလည်း ပါတယ်၊ ဥဒယဗ္ဗယဉာဏ် ရောက်ခါစကျတော့လည်း အရောင်အလင်းတွေ ပီတိတွေလည်း ပါတယ်၊ နောက် ရှုမှတ်မှုလေးမှာ ဝိတက် ဝိစာရ မထင်ရှားဘူး၊ ဝိတက် ဝိစာရတွေ သိမ်မွေ့တယ်၊ မထင်ရှားဘူး၊ ပီတိ ဝမ်းမြောက် ဝမ်းသာမှုတွေ အားကြီးထင်ရှားတယ်၊ စိတ်ချမ်းသာမှုတွေလည်း ရှိတယ်။ အဲဒီက လွန်လာတဲ့အခါ အရောင်းအလင်းတွေ၊ ပီတိ ပဿဒ္ဓိတွေ ပျောက်သွားတဲ့အခါမှာ ငြိမ်ငြိမ်သက်သက်နဲ့ ရှုမှတ်လို့ ကောင်းပြီးတော့ ချမ်းသာမှုလေးနဲ့ တည်နေတယ်၊ စိတ်ချမ်းသာတယ်၊ မှတ်လို့လည်း ကောင်းတယ်၊ သမာဓိကလည်း ငြိမ်သက်ပြီးတော့ တည်နေတယ်၊ သုခနဲ့ ကေဝ္ဋတာ (၂)ခုဖြစ်နေတယ်။

ပီတိယာ စ-နှစ်သိမ်အားရမှု ဝမ်းမြောက်မှုပီတိကိုလည်း၊ ဝိရာဂါ-စက်ဆုတ်ခြင်း လွန်မြောက်ခြင်းကြောင့်၊ ပီတိစခန်း လွန်လာပြီတဲ့၊ ပီတိက လွန်လာတော့ သတော-အမှတ်ရသည်ဖြစ်၍၊ သမ္မာဇာနော-ဖြစ်၍၊ ဥပေက္ခကော စ-လျစ်လျူရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ အညီအမျှပဲတဲ့၊ မယုတ်မလွန် ညီမျှပြီးတော့ ရှုတယ်၊ အဲဒီလို သတိဉာဏ်နဲ့ ပြည့်စုံပြီးတော့ အညီအမျှရှုပြီး နေနိုင်တဲ့ပုဂ္ဂိုလ်ကို အရိယာပုဂ္ဂိုလ်တွေက ချီးကျူးကြတယ်တဲ့။

အဲဒီလို အဆင့်အတန်းနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်က ချီးကျူးတယ်၊ မသိတဲ့ပုဂ္ဂိုလ်က ဘယ်ချီးကျူးတတ်မလဲ၊ ဒီလို တရားနဲ့ပြည့်စုံနေတဲ့ပုဂ္ဂိုလ်က ချီးကျူးကြတာ၊ ကိုယ့်မှာလည်း ဒီလိုပြည့်စုံနေတယ်ဆိုတော့ သူများတွေလည်း ဩော် . . . ဒီလို တရားတွေ ရောက်ပြီးတော့ ဒီလိုပြည့်စုံနေကြပါပေတယ်လို့ ဆိုတာ ချီးကျူးတာပေါ့၊ အခု ဒီဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေလည်း ဒီလိုပဲ၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေဟာ မိမိတို့ အသိဉာဏ်လေးတွေရောက်လာတဲ့အခါကျတော့ မိမိတို့ရောက်တဲ့ ဉာဏ်မျိုးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ ချီးကျူးတယ်၊ ဒီတရားတွေ ဒီလိုအားထုတ်ပြီး ဒီလို ဖြစ်တာကို၊ တော်ပါပေတယ်၊ ဒီလိုအားထုတ်ပြီး သိနေကြတာ၊ တော်ပါပေတယ်၊ အကယ်၍ တစ်ပါးသောပုဂ္ဂိုလ်က လာ၍ပြောရင်တော့ အထူးပြောစရာမရှိဘူး၊ အဲဒီမှာ ဒီလိုပြောတဲ့ပုဂ္ဂိုလ်က အဆင့်အတန်း တူနေတယ်လို့ သိနိုင်တာပေါ့။

http://www.dhammadownload.com

အဲဒီလိုပဲ ပီတိတွေနဲ့ဝမ်းမြောက်ဝမ်းသာဖြစ်လို့ သုခနဲ့စိတ်ချမ်းသာမှုတွေ ဖြစ်လို့ ရှုမှတ်မှုတွေကောင်းလို့ ဥဒယဗ္ဗယဉာဏ်တွေ ရောက်ပြီးတော့နေတဲ့ပုဂ္ဂိုလ်များ၊ ကိုယ်ကလည်း ရောက်ပြီး၊ (သို့မဟုတ်) ရောက်ဆဲရောက်ပြီး အဲဒီလို ဖြစ်နေတယ်၊ သူတစ်ပါးကလည်း ဒီလိုပြောလို့ရှိရင် တော်ပါပေတယ်၊ သူဖြင့်ရင် ဒီတရားဒီလိုတွေ့နေတယ် တော်တာပဲ၊ တစ်ခါ ဥဒယဗ္ဗယဉာဏ် အနုပိုင်းကနေပြီး အရင့်ပိုင်းရောက်တဲ့ ပုဂ္ဂိုလ်ကျလည်း ဒီလိုပဲ ချီးကျူးဖို့ကောင်းတာပဲ၊ ကိုယ်လည်းပဲ ဒီလို ပီတိ ဝမ်းမြောက်ဝမ်းသာမှုတွေမရှိဘဲနဲ့ သုခလေးနဲ့ စိတ်ချမ်းသာပြီး အမှတ်ကလေးတွေ ဆင့်ကာဆင့်ကာနဲ့ သွားပြီးနေတယ်၊ ဒါကလေးတွေ သူတစ်ပါးတွေ ပြောတာကြားပြီ၊ တော်ပါပေတယ်၊ ဒီနေရာမှာ သိမ်သိမ်မွေ့မွေ့နေရာလေး အသိဉာဏ်ကလေးတွေ ဖြစ်နိုင်ပါပေတယ်ဆိုပြီး ချီးကျူးရတယ်၊ အဲဒါလိုပဲ အခု ဒီတတိယစျာန်ရတဲ့ပုဂ္ဂိုလ်တွေကလည်း အချင်းချင်းချီးကျူးကြတာကိုး၊ အရိယာ-အရိယာသခင်အရှင်မြတ်တို့သည် အာစိဏ္ဏ-ချီးကျူးပြောကြားကြကုန်၏၊ ဘယ်နဲ့ပြောလဲ ဆိုတော့ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ'တဲ့၊ သတိမာ-သတိရှိသည်ဖြစ်၍၊ ဥပေက္ခကော-အညီအမျှရှုသည်ဖြစ်၍၊ သုခဝိဟာရီ-ချမ်းသာစွာ နေလေ့ရှိပါပေ၏၊ ချမ်းချမ်းသာသာနဲ့ နေနိုင်ပါပေတယ်လို့ ဒီပုဂ္ဂိုလ်ဟာ တယ်တော်တယ်ဆိုပြီးတော့ ချီးကျူးကြတယ်၊ အဲဒီတတိယစျာန်ရောက်ပြီးနေတယ်။

အဲဒီမှာ ဥပေက္ခာလေးအကြောင်းကို ပြောနေတာကိုး၊ ဥပေက္ခာက "ဆဋ္ဌင်ဗြဟ္မ၊ ဗောဇ္ဈင်၊ တတြဗျာန်ပါရိ" ဆိုတဲ့ အဲဒီခြောက်ပုဒ်ကို ဥပေက္ခာဆယ်ပါးထဲမှာ ဝိပဿနုပေက္ခာ၊ သခ်ါရုပေက္ခာတွေက ပြောပြီးသွားပါပြီ၊ အကုန်လုံး ပြောပြီးသွားပါပြီ၊ နောက်ဝိရိယုပေက္ခာနှင့် ဝေဒနုပေက္ခာလည်း ပြောပြီးသွားပြီ၊ 'ဆဋ္ဌင်ဗြဟ္မ'ဆိုတဲ့ (၆)ခုထဲက ပြောလာတာ၊ ဆဋ္ဌင်ဥပေက္ခာ,ကလည်း ပြောပြီးသွားပါပြီ၊ ဗြဟ္မဝိဟာရဥပေက္ခာလည်း တစ်နေ့က ပြောပြီးသွားပြီ၊ မေတ္တာ အကြောင်းတွေနဲ့ စပ်ပြီးတော့လည်း ပြောပြီးသွားပြီ။

ဗောဇ္ဈင်္ဂဥပေက္ခာ

ဒီကနေ့ ဘာရောက်လာလဲဆိုတော့ 'ဆဋ္ဌင်ဗြဟ္မ၊ ဗောဇ္ဈင်' ဗောဇ္ဈင် ဥပေက္ခာ ဒီကနေ့ ပြောရမယ်၊ သို့သော်လည်း ဆောင်ပုဒ်ကလေးတွေ ရှေးဦးစွာ ဆိုဦးမှ ကဲ . . ဆို။

http://www.dhammadownload.com

* **ဝိပဿနု၊ သခါရု၊ ရှုမှုညဏ်ဖြစ်သည်။** (ဆို သုံးခေါက်)

ဒီမှာ ဆက်တိုက်တရားနာနေတဲ့ပုဂ္ဂိုလ်တွေတော့ အတော်ကြေနေပါပြီ၊ သို့သော်လည်း တစ်ခါတစ်ရံမှာ လာနာတဲ့ပုဂ္ဂိုလ်တွေကတော့ သိပ်သိမှာမဟုတ်သေးဘူး၊ "ဝိပဿနု"လည်း ဘာမှန်းသိမှာမဟုတ်သေးဘူး၊ "သခါရု"လည်း ဘာမှန်းသိမှာ မဟုတ်သေးဘူး၊ အဲဒါကို သိအောင် ပြောရမယ်၊ အင်မတန် ကောင်းတဲ့ ဥစ္စာတွေပါပဲ။

'ဝိပဿနုပေက္ခာ'တဲ့၊ ဝိပဿနုပေက္ခာ-ဝိပဿနာရှုရင်းရှုရင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ထင်လာတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ဆင်ခြင် ဆင်ခြင်ပြီးတော့ လိုက်လာတယ်၊ ဆင်ခြင်ရာကနေပြီးတော့ နှစ်နှစ်ခြိုက်ခြိုက် သဘောကျသွားတဲ့အခါ မဆင်ခြင်တော့ဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ သိရုံသိရုံလေးသိလိုက်တာ အဲဒါ ဝိပဿနုပေက္ခာပေါ့။

သခါရုပေက္ခာ ဆိုတာကတော့ သခါရတွေ ကြောင့်ကြမစိုက်ရဘဲ၊ ကောင်းတာလည်း ကြောင့်ကြမစိုက်၊ ဆိုးတာလည်း ကြောင့်ကြမစိုက်၊ ဘာဖြစ်ဖြစ် သိရုံသိရုံမျှလေး လိုက်ပြီးတော့ လျစ်လျူရှုပြီးတော့ သွားနေတယ်၊ သခါရုပေက္ခာပဲ၊ အဲဒါ အင်မတန်ကောင်းတဲ့ဟာတွေ၊ ဒါကလည်းပဲ ရောက်လည်းရောက်ဦးမှ၊ မရောက်ရင်လည်းပဲ သိဖို့တော့ တော်တော်ခက်တာပဲ၊ သူဟာ တော်တော်တော့ခက်တယ်၊ မလွယ်ဘူး၊ လောကုတ္တရာတရားတွေသိလို့ မသိတဲ့ပုဂ္ဂိုလ်တွေဟာ နှလုံးမသွင်းနိုင်ဘူး၊ မဆင်ခြင်နိုင်ဘူးလို့ ပြောတယ်၊ လောကုတ္တရာသာမဟုတ်ဘူး၊ လောကီတရားတွေလဲပဲ ကိုယ်မတွေ့ရင် ဘာမျှမသိဘူး၊ ခုပြောတဲ့ ဝိပဿနုပေက္ခာတွေ သခါရုပေက္ခာတွေ ဖြစ်ပုံ၊ ကိုယ်မတွေ့ဘူးရင် ဘယ်သိလိမ့်မတုံး၊ မတွေ့ဘူးရင် ဘာမျှမသိဘူး၊ ဒီဟာတွေ မပြောနဲ့တော့ စားဖွယ်သောက်ဖွယ်ကိုတောင် ကိုယ်မစားဖူးတဲ့ဟာဆိုရင် မသိဘူး၊ လူတစ်ယောက်ကနေပြီးတော့ ထူးထူးဆန်းဆန်းတွေ စားလာရလို့ တကယ်တည်း အဲဒီအရသာတွေပြော၊ မစားရတဲ့ပုဂ္ဂိုလ်က ဘယ်သိလိမ့်မှာတုံး၊ သူ့ဟာ ဘယ်လိုအရသာရှိတယ် မသိနိုင်ဘူး၊ နားမလည်နိုင်ဘူး၊ ကိုယ်တိုင်တွေ့မှ သိနိုင်တာတွေ။

အဲဒီတော့ ဒီဝိပဿနုပေက္ခာနှင့် သခါရုပေက္ခာက တရားကိုယ်အားဖြင့် ရှုမှု ဝိပဿနာညဏ်ပါပဲ၊ သူ၏တည်ရာဌာနလိုက်ပြီး (၂)ခု ကွဲနေပါတယ်တဲ့၊

http://www.dhammadownload.com

ဝိပဿနုပေကွာက ဘယ်မှာဖြစ်တတ်သလဲဆို သမ္မသနဉာဏ်ကနေပြီး ဥဒယဗ္ဗယ ဉာဏ်ပြောင်းတဲ့အခါမှာ ဖြစ်တယ်၊ သမ္မသနက သုံးသပ်ဆင်ခြင်လို့ အားရတဲ့အခါ မဆင်ခြင်ပဲနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေသိရုံမျှသာ နေတဲ့အခါမှာ ဝိပဿနုပေကွာ ဉာဏ်ဆိုတာ သီးသန့်ကိုရှိတာ၊ အဲဒါ ဒီ နှစ်ခုဟာ တရားကိုယ်အားဖြင့်တော့ ဝိပဿနာဉာဏ်ချည်းပဲတဲ့၊ "ဝိပဿနု၊ သဒ္ဒါရူ၊ ရူပဉာဏ်ဖြစ်သည်"ဆိုတဲ့ အတိုင်း မှတ်ရမယ် အင်မတန်နက်နဲတဲ့တရားတွေပါ။

ဒါပေမယ်လို့ ယောဂီပုဂ္ဂိုလ်တွေအနေနဲ့ကတော့ လွယ်ပါတယ်၊ သူက သိနေတယ်၊ ဘာဖြစ်လို့တုံးဆို ကိုယ်တိုင်အသိလေးတွေဖြစ်နေတာ သူက သိနေတယ်၊ မပြောတတ် မဟောတတ်ရင်သာ ရှိရမယ်၊ သူဥစ္စာ သဘောကျနေတယ်၊ ဒီလိုဟာ လေးတွေပဲဆိုတာ သိနေတယ်။

နောက် "ဝိရိဝေဒနာ၊ အရုမ္ဘာ၊ နှစ်ဖြာကွဲပြားသည်။" တဲ့၊ ဝိရိယုပေကွာနဲ့ ဝေဒနုပေကွာ (၂)ခု၊ ဒီ(၂)ခုကတော့ တရားကိုယ် ကွဲနေတာပဲ၊ သူတို့ဟာ ဝိရိယက ဝိရိယ တခြား၊ မယုတ်မလွန် ဝိရိယဖြစ်နေတယ်၊ ဝေဒနာကလည်း အညီအမျှဖြစ် နေတယ်၊ သုခလည်း မဟုတ်ဘူး၊ ဒုက္ခလည်း မဟုတ်ဘူး၊ ဥပေက္ခာကတော့ အကောင်းလည်းရှိ၊ အဆိုးလည်းရှိ၊ အကုသိုလ်လည်းပဲ ရှိတာပဲ၊ ဒီဥပေက္ခာကတော့ အဲဒီဝိရိယနဲ့ ဝေဒနာ ဥပေက္ခာ (၂)ပါးကတော့ဖြင့် တရားကိုယ်ကောက်လိုက်ရင် သူတို့ကတော့ တရားကိုယ်တွဲနေတယ်တဲ့၊ နှစ်ခုပဲတဲ့၊ ပေါင်းလို့မရဘူး၊ ဒါကြောင့် "ဝိရိ ဝေဒနာ၊ အရုမ္ဘာ၊ ၂-ဖြာကွဲပြားသည်" လို့ တစ်နေ့က ဆောင်ပုဒ်ပေးထား တယ်၊ အဲဒါလေး ဆိုစမ်းပါဦး။

* **ဝိရိဝေဒနာ၊ အရုမ္ဘာ၊ ၂-ဖြာတွဲပြားသည်။** (ဆို သုံးခေါက်)

အဲဒီက လေးခု ပြီးသွားတော့ ဥပေက္ခာ (၆)ခုပေါ့၊ "ဆဋ္ဌင်ပြဟ္မာ၊ ဗောဇ္ဈင်၊ တတြ ဗျာန်ပါရိ"တဲ့၊ အဲဒီခြောက်ခု က၊ . . ဆိုရမယ်။

* **ဆဋ္ဌင်ပြဟ္မာ၊ ဗောဇ္ဈင်၊ တတြဗျာန်ပါရိ။** (ဆို သုံးခေါက်)

'ဆဋ္ဌင်' ဆဋ္ဌဂုံပေကွာ၊ 'ပြဟ္မာ' ပြဟ္မဝိဟာရုပေကွာ၊ ဒါတွေ ဟောပြီးပါပြီ၊ 'ဗောဇ္ဈင်' ဗောဇ္ဈင်္ဂပေကွာ၊ 'တတြ' တတြမဇ္ဈတ္တုပေကွာ၊ 'ဗျာန်' ဗျာနုပေကွာ၊ 'ပါရိ' ပါရိသုဇ္ဈဉပေကွာ၊ အဲဒီခြောက်ခုကတော့ တရားကိုယ်တစ်ခုထဲပါပဲ၊ တရား

http://www.dhammadownload.com

ကိုယ်က မဂ္ဂင်္ဂတာ၊ "မဂ္ဂင်္ဂတာ၊ တစ်ပါးသာ၊ ၆-ဖြာကွဲလေသည်"တဲ့၊ တကြ မဂ္ဂင်္ဂတာ စေတသိက်လေးတစ်ခုထဲပဲ၊ အရာအားလျော်စွာ မြတ်စွာဘုရားက ခွဲပြီးဟောထားတယ်၊ ဆဋ္ဌဝုံပေက္ခာအနေနဲ့လည်း ဟောထားတယ်၊ ပြဟ္မဝိဟာ ရုပေက္ခာအနေနဲ့လည်း ဟောထားတယ်၊ ဗောဇ္ဈင်္ဂပေက္ခာအနေနဲ့လည်း ဟောထား တယ်၊ ခြောက်ဌာန အမည်ခြောက်မျိုးနဲ့ တပ်ပြီး ဟောထားတယ်၊ တရားကိုယ် ကောက်လိုက်ရင် တကြမဂ္ဂင်္ဂတာ စေတသိက်ပဲတဲ့၊ စေတသိက် (၅၂)ပါးထဲမှာ သူက တစ်ခုပဲ၊ ဒါပဲ ရတယ်၊ ဒါကြောင့်မို့ "မဂ္ဂင်္ဂတာ၊ တစ်ပါးသာ၊ ၆-ဖြာကွဲလေ သည်"တဲ့၊ ကဲ . . ဆိုပါဦး။

* **မဂ္ဂင်္ဂတာ၊ တစ်ပါးသော၊ ခြောက်ဖြာကွဲလေသည်။** (ဆို သုံးခေါက်)

တကြမဂ္ဂင်္ဂတာ စေတသိက်တစ်ခုတည်းပဲ၊ (၆)မျိုးကို ခွဲပြီးတော့ အရာ အားလျော်စွာ မြတ်စွာဘုရားဟောထားပါတယ်တဲ့၊ အဲဒီထဲက ဆဋ္ဌဝုံပေက္ခာ၊ ပြဟ္မ ဝိဟာရုပေက္ခာ ဒီနှစ်ခုကတော့ ဟောပြီးပါပြီ၊ နောက် (၄)ခုကလည်းပဲ သိပ်ပြီး အကျယ်ချဲ့စရာမရှိပါဘူး၊ ဗောဇ္ဈင်္ဂပေက္ခာလေးတစ်ခု ဟောလိုက်ရင် နောက်ဟာ တွေကလည်း အတူတူပါပဲ။

ဗောဇ္ဈင်္ဂပေက္ခာ

ဗောဇ္ဈင်္ဂပေက္ခာ ဆိုတာ ဗောဇ္ဈင် (၇)ပါးပါတဲ့၊ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်လို့ သမ္ဗောဇ္ဈင် (၇)မျိုးရှိတယ်၊ ဗောဇ္ဈင် ဆိုတာ ဘာလဲဆိုတော့ 'ဗောဓိ + အင်္ဂ' ကနေပြီး ဗောဇ္ဈင်္ဂဖြစ်လာတယ်၊ 'ဗောဓိ' ဆိုတာ သိတတ်တဲ့ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့် သိကြောင်းဖြစ်တဲ့တရားအပေါင်း၊ 'အင်္ဂ'ဆိုတာကတော့ အကြောင်းအစိတ်အပိုင်းပေါ့၊ ဗောဓိ-သိတတ်တဲ့ပုဂ္ဂိုလ်၊ အင်္ဂ-အကြောင်းအစိတ်အပိုင်း၊ နှစ်ပုဒ်တွဲလိုက်လို့ရှိရင်တော့ 'သိသောသူ၏အကြောင်း၊ သိသောသူ၏အစိတ်အပိုင်း၊ သိသောသူဖြစ်ခြင်း၏အကြောင်းပဲ'တဲ့၊ 'ပုဂ္ဂိုတိတိ ဗောဓိ' ပုဂ္ဂိုတိ-သိတတ်၏၊ ဣတိ-ထို့ကြောင့်၊ ဗောဓိ-ဗောဓိမည်၏၊ သိတတ်လို့ ဗောဓိခေါ်တယ်၊ ဘာသိတတ်သလဲဆိုတော့ သစ္စာ (၄)ပါးတရားတွေကို သိတယ်တဲ့၊ သစ္စာ (၄)ပါးသိတဲ့ပုဂ္ဂိုလ်ကို 'ဗောဓိ'လို့ ခေါ်တယ်။

http://www.dhammadownload.com

ဥဒယဗ္ဗယညာဏ်ရောက်မှ ဗောဓိ

ဘယ်လိုပုဂ္ဂိုလ်တုံးဆိုတော့၊ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် ဖြစ်တယ်၊ ဥဒယဗ္ဗယ ညာဏ်ရောက်သည်ကစပြီးတော့ အဲဒါ စာရင်းသွင်းတယ်၊ ဗောဇ္ဈင်က တော်တော် လေး အတန်းမြင့်မှ စာရင်းသွင်းတယ်၊ ဥဒယဗ္ဗယညာဏ်ရောက်မှ သူစာရင်း သွင်းတယ်၊ ဖြစ်လိုက်ပျက်လိုက် သဘောလေးတွေ သိနေပြီဆိုရင် ဒီကမှ သူက ဒုက္ခသစ္စာ ပေါ်လာတာ၊ ရှေ့နားက သိရုံမျှနဲ့ ဒုက္ခသစ္စာ သိပ်မပေါ်သေးဘူး၊ ဟိုဖြစ်လိုက် ပျက်လိုက်၊ ဘယ်ဟာမဆို မှတ်လိုက်၊ ဘယ်ဟာမဆို ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ ပျောက်သွားလိုက် အဲဒါလေးတွေချည်း သိနေရတယ်၊ ဖောင်းတယ် မှတ်လိုက်၊ ပျောက်သွား၊ ပိန်တယ် မှတ်လိုက် ပျောက်သွား၊ သူက မြင်တယ်မှတ် ပျောက်သွား၊ ကြားတယ်မှတ် ပျောက်သွား၊ စိတ်ကူးတယ် မှတ် ပျောက်သွား၊ နာတယ်ကျင်တယ် စသည်ဖြင့် မှတ်လည်း ပျောက်သွား၊ ဝမ်းမြောက်စရာ မှတ်လည်း ပျောက်သွား၊ ဘာမဆို အကုန်လုံး ပေါ်တိုင်းပေါ်တိုင်း မှတ်လိုက်ရင် ပျောက်သွားတာချည်းပဲ၊ အကုန်ပျောက်သွားတာချည်း တွေ့ရတယ်၊ ဖြစ်ပေါ်ပြီး ရင်း ပျောက်သွားရင်း ဒီလို တွေ့နေရတော့ ဖြစ်ပျက်နေတဲ့တရားတွေချည်းပဲ၊ ဒါတွေဟာ နှစ်သက်သာယာစရာ တစ်ခုမှမရှိဘူး၊ အဖိုးတန်တာတစ်ခုမှ မရှိဘူး။

မူလ ငယ်ငယ်တည်းကစပြီးတော့ တစ်ယောက်တည်း တစ်ကိုယ်တည်း တစ်ကောင်တည်း တည်နေတယ်ထင်တော့ သူဟာ အဖိုးတန်သလို အောက်မေ့ရ တာပေါ့၊ ငယ်ငယ်တည်းက မြင်တာတွေနဲ့ အခုမြင်တာတွေ၊ ငယ်ငယ်တည်းက ကြားတာနဲ့ အခုကြားတာ တစ်ယောက်တည်းပဲ အောက်မေ့ပြီးတော့ အဖိုးတန် တဲ့အနေအားဖြင့် သာယာစရာလိုဖြစ်နေတယ်၊ အခု ရှုတဲ့အခါကာလကျတော့ ရှုတိုင်းရှုတိုင်း ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း အသစ် အသစ်ချည်း၊ အဟောင်းမရှိဘူး၊ ဖြစ်ပြီး ပျောက်သွားတာတွေ တွေ့တော့ တကယ့် ဆင်းရဲတွေချည်းပဲ၊ နှစ်သက်သာယာစရာ အားကိုးစရာ ဘာမျှမရှိဘူးဆိုပြီးတော့ သဘောကျတယ်။

ဒါကြောင့် အဲဒီကစပြီးတော့ 'ဗုဇ္ဈတီတိ ဗောဓိ'တဲ့၊ ဗုဇ္ဈတိ-သိတတ်၏၊ ဣတိ-ထို့ကြောင့်၊ ဗောဓိ-ဗောဓိမည်၏၊ ဒီဥဒယဗ္ဗယညာဏ်နဲ့ ဘင်ဂညာဏ်ရောက်ရင် ဗောဓိ,က ပိုပြီးတော့ ရင့်လာတာပေါ့လေ၊ ဘယညာဏ်၊ အာဒီနဝညာဏ်၊ နိဗ္ဗိဒါညာဏ်

http://www.dhammadownload.com

တွေကျတော့ ဒီထက်ပိုရင့်လာတာပေါ့၊ သခါရပေကွာဉာဏ်ရောက်ရင် သူအရင့်ဆုံးပေါ့၊ ဗောဇ္ဇင်ထဲမှာတော့ သောတာပတ္တိမဂ်ရောက်သွားတော့ အဲဒါခိုင်မြဲသွားပြီ၊ ဒါကတော့ မပျက်ဘူး၊ မှတ်ပုံတင်ပြီးသားလို ဖြစ်သွားတယ်၊ သူကတော့ မပျက်တော့ဘူး၊ ဒီလိုဥဒယဗ္ဗယဉာဏ်က စပြီးတော့ သစ္စာ (၄)ပါးတရား သိတဲ့ပုဂ္ဂိုလ်ကို ဗောဓိလို့ ခေါ်တယ်။

လူရှုပ်အသွင် သဓမ္မာဇ္ဇင်

"ဗောဓိသ အဂေါ် ဗောဇ္ဇဂေါ်" ဗောဓိသ-သိသောသူ၏၊ အဂေါ်-အကြောင်းတည်း၊ ဗောဇ္ဇဂေါ်-သိသောသူ၏အကြောင်း၊ သိသောသူဖြစ်ဖို့ရာ အကြောင်း၊ သိသောသူ ဘာ့ကြောင့်ဖြစ်တယ်၊ ဒီဆရာတွေနဲ့ ပြည့်စုံလို့ဖြစ်တာတဲ့၊ ဒီအဂါ်အစိတ်အပိုင်းတွေနဲ့ ပြည့်စုံလို့ဖြစ်တာ၊ ဥပမာဆိုပါတော့ သစ်သားရုပ်တစ်ခုလုပ်တယ်၊ ခြေထောက်က တစ်ဆက်၊ လက်က တစ်ဆက်၊ ကိုယ် တစ်ဆက်၊ ခေါင်းက တစ်ဆက် လုပ်တယ်၊ ခြေထောက်တွေ လက်တွေ ကိုယ်တွေ တခြားစီ ခွဲထားရင် သစ်သားအရုပ် မဖြစ်ဘူး၊ ဒါတွေ အကုန်လုံးဆင်လိုက်မှ အရုပ်ဖြစ်တယ်၊ ခြေထောက်ကလည်း ခြေထောက် နေရာမှာ ကပ်လိုက်၊ ခေါင်းကလည်း ခေါင်းနေရာမှာ ကပ်လိုက်၊ လက်ကလည်း လက်နေရာမှာ ကပ်လိုက်ပြီးတော့ အရုပ်ကလေးဖြစ်တယ်၊ ဒီခြေထောက်တို့ လက်တို့ ကိုယ်တို့ ခေါင်းတို့ အစိတ်အပိုင်းလေးတာ ဘယ်နှစ်ခုလဲ (၆)ခုရှိတယ်၊ အဲဒီ (၆)ခုအစိတ်အပိုင်းကလေးတွေဟာ လူရုပ်တစ်ခုဖြစ်ခြင်းရဲ့အကြောင်းပဲ၊ လူရုပ်တစ်ခုဖြစ်ဖို့ဟာ ဒီအစိတ်အပိုင်းတွေ အားလုံးစုလိုက်တဲ့အခါမှ သူ့ဟာဖြစ်နေတယ်။

အဲဒါလိုပဲ သိတယ်ဆိုတာကလည်း ဒီဗောဇ္ဇင်ခုနစ်ပါးတရားတွေစုတဲ့အခါမှာ သိတာ၊ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်က ရှုတိုင်းရှုတိုင်း ဒီဗောဇ္ဇင် (၇)ပါးတရားတွေနဲ့ ရှုနေရတာ၊ မှတ်လိုက်လို့ရှိရင် အမှတ်ရတာက သတိ၊ သတိသမ္မောဇ္ဇင်တရား၊ မှတ်မိတဲ့အာရုံသိသွားတာက ဓမ္မဝိစယ-တဲ့၊ တရားတွေကို စစ်ဆေးပြီးသိတာ ဓမ္မဝိစယသမ္မောဇ္ဇင်၊ မှတ်မိအောင် ကြောင့်ကြစိုက် အားထုတ်နေတာ ကလေးက ဝီရိယသမ္မောဇ္ဇင်၊ ဒီထဲ အမှတ်ကောင်းတဲ့အခါ အားရနှစ်သက် ဝမ်းမြောက်ဝမ်းသာ ဖြစ်တာ ပီတိလေးရှိတယ်၊ ဝမ်းမြောက်တာ ပီတိသမ္မောဇ္ဇင်၊ စိတ်ထဲမှာ အေးငြိမ်းပြီး ကိုယ်ထဲမှာ အေးငြိမ်းပြီးသွားတာ ပဿဒ္ဓိသမ္မောဇ္ဇင်၊

http://www.dhammadownload.com

မှတ်မိတဲ့အာရုံကလေးပေါ်မှာ စိတ်ကလေးတည်တည်ပြီး တစ်ခါတည်း စပ်စပ်ပြီး တည်နေတာ တည်ငြိမ်နေတာ **သမာဓိသမ္ဗောဇ္ဈင်**၊ နောက် အညီအမျှဖြစ်နေတဲ့ သဘောက ဥပေက္ခာသမ္ဗောဇ္ဈင် အားဖြင့် ဗောဇ္ဈင် (၇)ပါးရှိတယ်။

အဲဒီ (၇)ပါးညီမျှနေတဲ့အခါမှာ ဒီဟာလေးစုမိတဲ့အခါကျမှ အခုနပြောတဲ့ ဖြစ်မှု ပျက်မှုလေး သိတာ၊ ဖောင်းတယ်ဆိုရင် ဖောင်းတာလေး အစနဲ့အဆုံးနဲ့၊ ပိန်တယ်ဆိုရင် ပိန်တာလေး အစနဲ့အဆုံး၊ ကွေးတယ်ဆိုရင် ကွေးတာလေး အစနဲ့ အဆုံး၊ မြင်တယ်ဆိုရင် မြင်တာလေး အစနဲ့အဆုံးနဲ့၊ နာတာ ကိုက်ခဲတာလေး၊ အပြတ်အပြတ် အပိုင်းအပိုင်းလေးတွေ အစနဲ့အဆုံးနဲ့၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း ဒီလိုသိတာကိုး၊ အဲဒါ ဒီဗောဇ္ဈင်(၇)ပါးတွေ အကြောင်းညီညွတ်မှ သိတာ။

ဒီခုနစ်ပါးထဲမှာ ပီတိတို့, ပဿဒ္ဓိတို့က တစ်ခါတစ်ခါမပါပါဘူး၊ သူတို့ ကတော့ မပါဘဲလည်း ဖြစ်နိုင်ပါတယ်၊ ကျန် (၅)ပါးကတော့ ပါတယ်၊ သတိ သမ္ဗောဇ္ဈင် ရှိရမယ်၊ သတိ အမှတ်မရဘဲနဲ့ မဖြစ်နိုင်ဘူး၊ ဓမ္မဝိစယ သိတဲ့ဉာဏ်၊ ဝီရိယ အားထုတ်မှု ပါရမယ်၊ သမာဓိ စူးစိုက်တည်ကြည်မှု ပါရမယ်၊ နောက် ဥပေက္ခာ ညီမျှတာလေး ပါရမယ်၊ ဒီ (၅)ခုကတော့ မပါလို့ကို မဖြစ်ဘူး၊ ပဿဒ္ဓိ ကလည်း သူရှိတော့ရှိတယ်၊ ရှိပေမယ့် ပဿဒ္ဓိက သိပ်မထင်ရှားဘူး၊ တစ်ခါတစ်ခါ မထင်ရှားဘူး၊ တစ်ခါတစ်ရံမှ ထင်ရှားတယ်၊ ပီတိကတော့ တစ်ခါတစ်ရံမှဖြစ်မယ်၊ တစ်ခါတစ်ခါ ဖြစ်ကို မဖြစ်ဘူး၊ ဝိပဿနာက ဥပေက္ခာသဟဂုတ်စိတ်တွေနဲ့လည်း ဖြစ်တာကို၊ အဲဒီလိုအခါကျရင် ပီတိတွေ မပါဘူး။

အဲဒီ (၇)ပါးသော တရားတွေဟာ စုပေါင်းညီညွတ်ပြီးဖြစ်တဲ့အခါကာလ ရှုမှုလေး တစ်ခုတစ်ခုဆိုတာ အောင်မြင်စွာ ဖြစ်ပြီးတော့ အဖြစ်အပျက်ကလေး တွေ သိသွားတယ်၊ ဒုက္ခသစ္စာတွေ သိတယ်၊ သမုဒယပယ်ခြင်းကိစ္စလည်း သိပြီး တော့ သွားတယ်၊ နိရောဓဆိုက်ရောက်ခြင်းကိစ္စလည်း ပြီးသွားတယ်၊ မဂ္ဂသစ္စာ ပွားခြင်းကိစ္စလည်း ပြီးသွားတယ်၊ သစ္စာ (၄)ပါးသိခြင်းကိစ္စ တစ်ပြိုင်နက် ပြီး သွားတယ်တဲ့၊ တစ်ခါမှတ် လိုက်ရင် သစ္စာ (၄)ပါးသိတယ်၊ အဲဒါကြောင့် သတိ အစရှိသော တရားခုနစ်ပါးဟာ သစ္စာလေးပါး သိတဲ့ပုဂ္ဂိုလ်ဖြစ်ဖို့ရာ အကြောင်း အဂါတွေပဲတဲ့၊ ဒီအစိတ်အပိုင်းလေးတွေ စုမိတဲ့အခါမှာ သူတို့ သစ္စာလေးပါးတရား သိသွားတယ်၊ တစ်မှတ်တစ်မှတ် တစ်ခါတည်း သိသိပြီးတော့ သွားတယ်၊ ဒါကြောင့်

http://www.dhammadownload.com

သိကြောင်းတရားအပေါင်း ဗောဇ္ဇင်

တစ်နည်းအားဖြင့် 'ဗောဓိ'ဆိုတာ သိကြောင်းဖြစ်တဲ့တရားအပေါင်းပဲတဲ့၊ သစ္စာလေးပါး သိတဲ့တရားအပေါင်း၊ တရားတစ်ခုတည်းနဲ့ သိတာ မဟုတ်ဘူး၊ တရားတွေ အပေါင်းအဖွဲ့ကြီးနဲ့ သိတာ၊ အကျဉ်းချုပ်အားဖြင့် ဗောဇ္ဇင် (၇)ပါး တရားပဲ၊ ဒီဗောဇ္ဇင် (၇)ပါး တရားပေါင်းစုမိတဲ့အခါမှ သူက သိတယ်၊ သတိတစ်ခုတည်းနဲ့လဲ မသိနိုင်ဘူး၊ မေ္ပဝိစယဆိုတာ ဉာဏ်တစ်ခုတည်းနဲ့လည်း မသိနိုင်ဘူး၊ ဝီရိယတစ်ခုတည်းနဲ့လည်း မသိနိုင်ဘူး၊ ပီတိတစ်ခုတည်းနဲ့လည်း မသိနိုင်ဘူး၊ ပဿဒ္ဓိတစ်ခုစီနဲ့လည်း မသိနိုင်၊ သမာဓိဥပေက္ခာနဲ့လည်း မသိနိုင်ဘူး၊ အားလုံး ဒီ (၇)ခု၊ အနည်းဆုံးအားဖြင့် (၅)ခုဆုံမိတဲ့အခါမှာ သိတယ်၊ အဲဒီတော့ ဒီ (၇)ခု၊ (၅)ခု တရားတွေဟာ သိတဲ့တရားအပေါင်းအဖွဲ့ကြီးရဲ့ အစိတ်အပိုင်းပဲတဲ့၊ ဥပမာ ကုလားထိုင်၊ စားပွဲစသည့် လေးလံတဲ့ဝတ္ထုကို မ,ကြတယ်၊ လူ (၇)ယောက် မ,တယ် ဆိုပါတော့ လူ (၇)ယောက်မ,မှ ဒီဥစ္စာ မ,လို့ ရတယ်၊ တစ်ယောက်တည်းမ,လို့ မကြွဘူး၊ (၂) ယောက်မ,လို့ မကြွဘူး၊ (၇)ယောက် မ,မှ ကြွတယ်၊ (၇)ယောက်မှ ပြိုင်တူညီတူညာတူ အသံပေးပြီးတော့ မ,လိုက်မှ တစ်ခါတည်းကြွတက်လာတယ်၊ အဲဒီလိုနေရာမှာ ဒီကုလားထိုင်စားပွဲ လေးလံတဲ့ဝတ္ထုကြွခြင်း၏အကြောင်းဟာ ဒီ (၇)ယောက်လုံးနဲ့ ဆိုင်နေတယ်၊ (၇)ခု အစိတ်အပိုင်း အကုန်လုံးပေါင်းလိုက်မှ ကြွမှုဖြစ်တယ်၊ တစ်ယောက်တည်းနဲ့ မကြွဘူး၊ ၄, ၅, ၆-ယောက်လည်း မကြွဘူး၊ (၇)ခုလုံးမှ ကြွတယ်။

အဲဒါလိုပဲ အခု သစ္စာ (၄)ပါးတရား သိမူဟာ ဒီ (၇)ပါးသောတရားတွေ အနည်းဆုံး (၅)ပါးပေါ့၊ အဲဒီတရားတွေစုမိမှ ဒါသိသွားတာကိုး၊ တစ်မှတ်တစ်မှတ်မှာ ဒီဗောဇ္ဇင်တရားတွေ စုပြီးတော့ဖြစ်တယ်၊ ဒါ့ကြောင့် ဒီအစိတ်အပိုင်းကလေးတွေဟာ ဗောဇ္ဇင်ပဲတဲ့၊ ဗောဓိ-သိတဲ့တရားအပေါင်းအဖွဲ့ထဲက အစိတ်အပိုင်းကလေးတွေတဲ့၊ သိကြောင်းတရားအပေါင်းရဲ့ အစိတ်အပိုင်းကလေးတွေကို ဗောဇ္ဇင်လို့ခေါ်တယ်။

ဥပေက္ခာသမ္မောဇ္ဇင်

အဲဒီဗောဇ္ဇင်ထဲမှာ ဥပေက္ခာသမ္မောဇ္ဇင်က အရေးကြီးပါတယ်၊ ဥပေက္ခာသမ္မောဇ္ဇင် ဆိုတာ ခုနကပြောတဲ့အတိုင်း စေတသိက်ကတော့ တတြမဇ္ဇတ္တတာ

http://www.dhammadownload.com

စေတသိက်ပဲ၊ 'သမဝါဟိတလက္ခဏာ ဥပေက္ခာ'၊ ဥပေက္ခာ-ဥပေက္ခာသမ္ဗောဇ္ဈင်သည်၊ သမဝါဟိတလက္ခဏာ-သမ္ပယုတ်ရားတွေကို အညီအမျှဆောင်ခြင်း လက္ခဏာ ဖြစ်စေခြင်းလက္ခဏာရှိ၏၊ သမ္ပယုတ်တရားတွေကို မယုတ်မလွန်ညီမျှစေတယ်တဲ့၊ မယုတ်မလွန်ညီမျှတယ်၊ အညီအမျှဖြစ်စေတယ်၊ တစ်ခုခုသော တရားက လွှမ်းမိုးနေလို့ရှိရင် တခြားတရားတွေက နေပြီးတော့ သူ့ကိစ္စ သူ မဆောင်ရွက်နိုင်ဘူး၊ တစ်ခုသော တရားက အားကြီးနေလို့ရှိရင်ဖြင့် အဲဒီတရားက လွှမ်းမိုးနေတာနဲ့ ဒီပြင်တရားက အလုပ်လုပ်လို့ မဖြစ်ဘူး၊ အဖွဲ့တစ်ခုထဲမှာ လူကြီးတစ်ယောက်ကနေပြီးတော့ အခွင့်အရေးတွေ သိပ်ယူပြီး အလုပ်လုပ်နေလို့ ရှိရင် ဒီပြင်လူတွေ လုပ်စရာမရှိသလိုပေါ့လေ၊ လူကြီးတစ်ယောက်ထဲက လွှမ်းမိုးပြီး နေရာတကာ သူချယ်လှယ်ပြီးနေလို့ ရှိရင် ဒီပြင်ဟာတွေ ဘာမျှ အရာမရောက်ဘူး၊ အဲဒါလိုပဲတဲ့။

သဒ္ဓါလွန်က တရားမတက် ပညာမဖြစ်

သမ္ပယုတ်တရားတွေ စိတ်စေတသိက်တရားတွေမှာလည်း အပေါင်းအဖော် ရှိမှဖြစ်တယ်၊ အဲဒီအပေါင်းအဖော်ထဲ တစ်ခုတစ်ခုက လွန်နေလို့ရှိရင် ဘာမျှလုပ်လို့ မဖြစ်ဘူး၊ ပြီးတော့ အားထုတ်တဲ့အခါ သဒ္ဓါတရား လွန်နေတာလည်း ရှိတယ်၊ သဒ္ဓါတရားတွေ တစ်ခါတစ်ခါယုံကြည်မှုတွေ လွန်နေလိုက်တာမှ မပြောနဲ့တော့။ ရှုမှုမှတ်မှု သတိတောင်မဖြစ်ဘူး၊ ဒီတော့ ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေ ဘယ်သိတော့မလဲ၊ သူတယုံကြည်မှုတွေ သဒ္ဓါတွေအားကြီးဖြစ်ပြီးတော့ လွန်နေတာနဲ့ ဟောတရားဟာ မတိုးတက်ဘူး၊ ဖြစ်နေတယ်၊ အဲဒါ ဘယ်လိုအခါဖြစ်တတ်တုံး ဆိုရင် ဥဒယဗ္ဗယဉာဏ်မှာ ဖြစ်တတ်တာပဲ၊ ဥဒယဗ္ဗယဉာဏ်မှာ သဒ္ဓါတွေ အားကောင်းလာတဲ့အခါ ဘုရားကြည်ညိုတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ကြည်ညိုတယ်၊ ဆရာသမားတွေ ကြည်ညိုတယ်၊ သာသနာကြီး တစ်ခုလုံးကြည်ညိုတယ်၊ တရားတွေ ဘယ်လိုအားထုတ်မယ်၊ သူများတွေ ဘယ်လိုသွားဟောလိုက်မယ်၊ ပြောလိုက်မယ်နဲ့ ဒါတွေလျှောက်ပြီးတော့ စဉ်းစားနေတာကိုး၊ သဒ္ဓါတရားတွေ အားကြီးနေတယ်။

ပစ္စည်းမရှိတဲ့လူကလည်း ပစ္စည်းမရှိတဲ့အလိုက်ပဲ၊ သာသနာရေးကိစ္စတွေ ဆောင်ရွက်ဖို့ရာ တနည်းနည်းနဲ့ ဘာလုပ်ရမလဲဆိုတာ လျှောက်ပြီးတော့ စဉ်းစား

http://www.dhammadownload.com

နေတယ်၊ သဒ္ဓါတရားတွေ ဖြစ်နေတယ်၊ ပစ္စည်းရှိတဲ့ပုဂ္ဂိုလ်က ပစ္စည်းရှိတဲ့အလိုက် ကမ္မဋ္ဌာန်းကျောင်းဆောက်ဖို့ ဘာဖို့နဲ့ လှူဖို့ တန်းဖို့တွေ လျှောက်ပြီးတော့ စဉ်းစားနေတယ်၊ အဲဒါ သဒ္ဓါတရားတွေ အားကြီးနေတာ၊ ဗဟုသုတအသင့် အတင့်ရှိတဲ့ ပုဂ္ဂိုလ်ကလည်း တရားဟောဖို့ရာ ကြဲနေတယ်၊ တရားဟောပြီး သာသနာပြုလိုက်မယ်၊ ဟောဦးမှ၊ ဘယ်နဲ့ဘါတွေလျှောက်ပြီးတော့ ကြဲနေတော့ သဒ္ဓါတရားတွေ လွန်ပြီးဖြစ်နေတယ်၊ အဲဒီသဒ္ဓါတွေ အားကြီးဖြစ်နေတဲ့အခါမှာ တရားက မတက်ဘူး၊ ဘာပြုလို့တုံးဆိုတော့ ဒီသဒ္ဓါတွေ လွန်နေလို့တဲ့၊ သဒ္ဓါလွန်နေတော့ အသိဉာဏ်က နည်းပြီး သဒ္ဓါနဲ့ပညာ မညီမမျှဖြစ်နေတယ်၊ သဒ္ဓါအားကြီးလို့ ရှိရင်ဖြင့် ပညာက အားနည်းသွားရော။

အခုလောကမှာ လူအများအားဖြင့်ဆိုရင် သဒ္ဓါယုံကြည်မှု အားကြီးတတ်တယ်၊ စဉ်းစားဆင်ခြင်မှု သိပ်မရှိဘူး၊ ယုံကြည်မှုအားကြီးတဲ့ပုဂ္ဂိုလ်က မစဉ်းစားဘူး၊ ယုံတော့တာပဲ၊ သူကတော့ဖြင့် ဟိုလူပြောလည်း ယုံ၊ ဒီလူပြောလည်းယုံ၊ ဘာတဲ့ဆိုရင် ယုံ၊ ဒီလိုထူးထူးဆန်းဆန်း ပေးလာရင် ယုံ၊ ဂိုဏ်းဆရာတွေ ဘာတွေ ညာတွေလည်းယုံ၊ တွေ့ရာတွေ လျှောက်ပြီးတော့ ယုံကြည်နေတာရှိတယ်၊ အဲဒီလိုဟာတွေ မစဉ်းစားဘူး၊ ဟုတ်လောက် မဟုတ်လောက် ယုတ္တိတွေ ဘာတွေ မနှိုင်းချိန်ဘူး၊ အဲဒါ သဒ္ဓါလွန်နေတာတဲ့၊ အဲဒီသဒ္ဓါလွန်နေတဲ့ပုဂ္ဂိုလ်က အမှန်ကို မရောက်ဘူး၊ အမှန်သိပ်မဖြစ်ဘူး၊ အသိဉာဏ်က အလုပ်မလုပ်နိုင်တော့ဘူး၊ ခုနက အသင်းအဖွဲ့တစ်ခုထဲမှာ လူကြီးတစ်ယောက်ကနေ လွှမ်းမိုးနေတာကိုး၊ ဒီပြင်လူက ဘာမျှလုပ်လို့ မဖြစ်သလို၊ အဲဒါ ဘာမှလုပ်လို့ မဖြစ်တော့ဘူး။

ပညာလွန်က သဒ္ဓါအားနည်းခြင်း

ပညာလွန်နေတာလည်း ရှိတယ်၊ ပညာလွန်ပြန်လည်း ပညာက စဉ်းစားဆင်ခြင်မှုတွေ များနေတယ်၊ ဟိုဟာမယုံ ဒီဟာမယုံဘူး၊ သူက စဉ်းစားနေတာပဲ၊ ချင့်ချိန်နေတာပဲ၊ ချင့်ချိန်ဖန်အားကြီးတော့ ဘယ်ရောက်သွားသလဲဆို ဝိစိကိစ္ဆာယုံမှားမှုတောင် ရောက်သွားသေးတယ်၊ အဲဒါသဒ္ဓါပျက်တယ်တဲ့၊ ပညာလွန်ရင်ဖြင့် သဒ္ဓါမရှိတော့ဘူး၊ ယုံကြည်မှု ပျက်တယ်တဲ့၊ စဉ်းစားဆင်ခြင်မှု အားကြီးသွားလို့ ရှိရင် ယုံကြည်မှုပျက်တယ်၊ ညီမျှနေမှ ယုံကြည်တန်သလောက်လည်း ယုံကြည်မှ၊ ဆင်ခြင်တန်သလောက်လည်း ဆင်ခြင်မှ အသိဉာဏ်နဲ့ သဒ္ဓါနဲ့ညီမျှနေမှတဲ့။

http://www.dhammadownload.com

ဝီရိယလွန်ကဆမာဓိမဖြစ်ခြင်း

'ဝီရိယနဲ့သမာဓိ'တဲ့၊ ဝီရိယနဲ့သမာဓိကလည်း တချို့ပုဂ္ဂိုလ် ဝီရိယ လွန်နေတာ ရှိတယ်၊ ဝီရိယက လွန်ပြီးတော့ အင်မတန်ပျင်းပျင်းထန်ထန် အားထုတ်၊ ဟိုလိုအားထုတ်မယ်၊ ဒီလိုအားထုတ်မယ် စသည်ဖြင့် စဉ်းစား ကြောင့်ကြ ဗျာပါရတွေက များနေတော့ သမာဓိမဖြစ်ဘူး၊ စိတ်ကို မငြိမ်သက်ဘူး၊ အဲဒီလိုဖြစ်နေတယ်၊ ဒါဝီရိယလွန်နေတော့ သမာဓိမဖြစ်ဘူး၊ သမာဓိမဖြစ်တော့ ဝိပဿနာဉာဏ် မတိုးတက်ဘူး၊ အသိတွေ မကောင်းဘူးပေါ့။

သမာဓိလွန်ကဝီရိယအားနည်းခြင်း

တချို့ပုဂ္ဂိုလ်က သမာဓိတွေ အားကြီးနေတယ်၊ တစ်နေရာမှာ စိုက်ပြီးတော့ တည်နေတယ်၊ သူဟာ အာရုံမပြောင်းဘူး၊ အာရုံမပြောင်းတော့ ထိုအခိုက်အတန့်မှာ မြင်တာ ကြားတာတွေ သူမသိဘူး၊ ဖြစ်ပေါ်တဲ့တရားတွေ မသိဘူး၊ ဗျက်သွားတာလည်း မသိဘူး၊ ထစ်ခုသောအာရုံမှာ သူစိုက်ပြီးတော့ ငြိမ်ပြီးတော့ တည်နေတော့ သမာဓိက များတယ်၊ ဉာဏ်မဖြစ်ဘူး၊ ဝီရိယကနည်းတဲ့အတွက် သမာဓိက အားကြီးနေတော့ ဉာဏ်မဖြစ်ဘူး၊ အဲဒါလို ဝီရိယလွန်ရင် သမာဓိမရှိဘူးတဲ့၊ သမာဓိပျက်တယ်တဲ့၊ သမာဓိအားကြီးပြန်လို့ရှိရင်လည်း ဝီရိယပေါ့လျော့ပြီးတော့ နေတယ်၊ ဒါကြောင့် သမာဓိနဲ့ဝီရိယဟာ ညီမျှဖို့လည်း လိုပါတယ်တဲ့။

ညီမျှစေတဲ့ဥပေက္ခာ

ညီမျှစေတဲ့တရားဟာ ဘယ်သူတုံးဆိုရင် ယခု 'တတြမဇ္ဈတ္တတာ'ခေါ်တဲ့ ဥပေက္ခာတရားတဲ့၊ သူက မျှပေးတယ်တဲ့၊ လူရဲ့ကျန်းမာရေးမျှားမှာ ဆေးတွေ အစာအဟာရတွေ ဆိုတာ ရှိတယ်၊ အယုတ်အလွန်တွေ သူက မျှပေးတယ်၊ ပထဝီဓာတ် လွန်တဲ့နေတာကို မလွန်ရအောင်၊ တေဇောဓာတ်လွန်တဲ့နေတာ မလွန်ရအောင်၊ ပထဝီဓာတ်လျော့နေတာ မလျော့ရအောင် စသည်ဖြင့် ညီမျှစေတဲ့ အစာအာဟာရတွေ ရှိတယ်၊ အဲဒီဆေးဆရာတွေ, ဆေးဝါးတွေ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက သင့်လျော်တဲ့ဆေးတွေရပြီးတော့ ဓာတ်တွေ ညီမျှအောင်လို့ သူပြုပြင်ရတာကိုး၊ အဲဒါလိုပဲ နာမ်တရားတွေမှာလည်း ညီမျှအောင်ပြုပြင်တဲ့ တရားလေး တစ်ခုပါတယ်၊ သူက ဥပေက္ခာတဲ့၊ တတြမဇ္ဈတ္တတာ စေတသိက်ပဲတဲ့၊

http://www.dhammadownload.com

သမ္မယုတ်တရားတွေ အညီအမျှဖြစ်စေတတ်တယ်တဲ့၊ အဲဒါ သူသဘောပဲတဲ့၊ သူ အထည်ကိုယ်က ညီမျှနေတဲ့သဘောပဲတဲ့၊ သူက မျှပေးတယ်၊ ဟိုဘက်လည်း မလိုက်နဲ့၊ ဒီဘက်လည်း မလိုက်နဲ့၊ ဘာနဲ့တူလဲဆိုလို့ရှိရင် ကလေးတွေ ကစားတာ ရှိတယ်၊ ကလေးတွေကစားတာ ဟိုတုံးပေါ်မှာ တုတ်ချောင်းကြီးတင် တုတ်ချောင်း ကြီးတင်၊ ပြီးတော့ ဟိုဘားကစားတွေမှာလည်း ပါပါတယ်၊ အဲဒီမှာ ခြေထောက်နဲ့ ခွာပြီးတော့ နင်းထားတယ်၊ အဲဒီတော့ ဟိုတစ်ဘက်ကနေပြီးတော့ ဖိနင်းလိုက်လို့ ရှိရင် ထောင်ကျသွားမယ်၊ ဒီဘက်က ဖိနင်းလည်း ထောင်ကျသွားမယ်၊ အဲဒီ ဟိုဘက် ဒီဘက် ညီမျှအောင်လို့ သူက ဟိုဘက်လေးသွား ဒီဘက်နင်းပေးလိုက်၊ ဒီဘက်လေးသွား ဟိုဘက်ကနေမျှပေးလို့ သူဟာ မတ်တပ်ရပ်နေလို့ရတယ်၊ လူပ် လိုက် လူပ်လိုက် ညီမျှနေတယ်၊ ညီမျှအောင် မလုပ်တတ်လို့ရှိရင် လိမ့်ကျရော့ပဲ ဒီပေါ်က၊ -

အဲဒါလိုပဲ ဖြစ်ပေါ်တဲ့စိတ်စေတသိက်တရားတွေကို ညီမျှအောင်ပြုပြင်ပြီး တော့ပေးတာက တတြမဗျတ္ထတာစေတသိက်တဲ့၊ ဥပေက္ခာပဲ၊ ဒါက ဗောဇ္ဈင်္ဂ် ပေက္ခာတဲ့၊ အဲဒါကို "ဥပေက္ခာက ညီမျှစေသည်"လို့ ဘုန်းကြီးကဆောင်ပုဒ်ပေး ထားတယ်၊ ပါဠိနဲ့တော့ ဘယ်မှတ်လို့ဖြစ်မလဲ၊ ပါဠိဆိုတာ ပါဠိတတ်မှဖြစ်တာ၊ "သမဝါဟိတလက္ခဏာ ဥပေက္ခာ"ဆိုတာ ချပေးရင်း အနက်ထင်ဖို့ရာ အတော် ခက်ဦးမယ်၊ တော်တော်ကြာ မေ့ပြီးသွားဦးမယ်၊ မြန်မာလိုက လွယ်လွယ်ပါပဲ၊ ဥပေက္ခာက 'ညီမျှစေသည်'ဆိုတော့ ပြီးရောပဲ၊ ဥပေက္ခာ ဆိုတာ ညီမျှစေတယ်တဲ့၊ ကဲ . . . ဒါလေးဆိုစမ်းပါဦး။

* **ဥပေက္ခာတ ညီမျှစေသည်။**
တစ်ဘက်လိုက်ခြင်း၊ ပယ်ခွင်းတတ်သည်။ (ဆို သုံးခေါက်)

ဘက်မလိုက်မှုကိုခွဲခြင်း

ဥပေက္ခာ ဆိုတာဟာ ညီမျှစေတယ်၊ တစ်ဘက်သတ်လိုက်ခြင်းကို ပယ် တတ်တယ်တဲ့၊ ဟိုဘက်မလိုက် ဒီဘက်မလိုက်ပေါ့လေ၊ တစ်ဘက်သတ် လိုက်သွား လို့ရှိရင် ခုနက ကလေးကစားတဲ့ တုတ်နင်းတာလို သူက တစ်ဘက်သတ်မှမလိုက် ဘဲနဲ့ မျှနေမှ သူက မတ်တပ်ရပ်နေလို့ ရတယ်၊ "တစ်ဘက်လိုက်ခြင်း ပယ်ခွင်း

http://www.dhammadownload.com

တတ်သည်"တဲ့၊ တစ်ဘက်သတ် သဒ္ဓါပညာ (၂) ခုမှာ သဒ္ဓါဘက်လည်း မလိုက်၊ ပညာဘက်လည်း မလိုက်၊ ဝီရိယသမာဓိ (၂) ခုမှာ ဝီရိယဘက်လည်း မလိုက်၊ သမာဓိဘက်လည်း မလိုက်၊ ဟိုဘက်လည်း မလိုက် ဒီဘက်လည်း မလိုက်၊ အလယ်ကနေပြီးတော့ သူက မျှပေးနေတယ်၊ ဟိုဘက်အားများသွားရင် ဒီဘက်ကို မျှပေးတယ်၊ ဒီဘက်အားများသွားရင် ဟိုဘက်က မျှပေးတယ်၊ အဲဒီပြင်တရားတွေလည်း ဒီလိုပဲ သဒ္ဓါဝီရိယသာမဟုတ်ဘူး၊ ဒီပြင်ဟာတွေလည်း လွန်ကဲမှုဆိုတာရှိတယ်၊ သို့သော် လည်း ဒီပြင်ဟာတွေက မထင်ရှားဘူး၊ သဒ္ဓါနဲ့ပညာ ဝီရိယနဲ့ သမာဓိ၊ ဒီလေးခုက သူက အဲဒါထင်ရှားတယ်၊ သူတို့ လွန်ကဲနေလို့ရှိရင် တစ်ခုခုက တရားအားထုတ် ရာမှာ တစ်ခုခုလွန်ကဲနေရင် မဖြစ်ဘူး။

ဒါကြောင့် ကမ္မဋ္ဌာန်းဆရာတွေက မေးမြန်းစစ်ဆေးပြီး တစ်ခါတစ်ရံ သဒ္ဓါလွန်နေတဲ့ပုဂ္ဂိုလ် လျော့သွားအောင်လို့ ဟောရတယ်၊ ပြောလို့ ပြုလို့ မရရင် စိတ်ပျက်အောင်လို့ တစ်ခါတစ်ခါ ပြောရတယ်၊ စိတ်ပျက်သွားမှ သူသဒ္ဓါတရားက လျော့သွားတာကိုး၊ ဒီလိုလုပ်ရတယ်၊ တစ်ခါ ပညာသင်မှုတွေ လွန်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်၊ ပညာလွန်တဲ့ပုဂ္ဂိုလ်လည်း ပြောရတယ်၊ ပညာမဆင်မခြင်ဘဲနဲ့ ရှုရုံကလေး ရှုနေဖို့ရာ ပြောရတယ်၊ အဲဒါပြောလို့ မရရင်လည်း အဲဒါပညာလွန်နေတာနဲ့ တရားမတက်ဘူး၊ ဝီရိယလွန်နေတဲ့ပုဂ္ဂိုလ်လည်း ဝီရိယလျော့ပေးရတယ်၊ ရှုနေပြီးတော့ သမာဓိအားကြိုးနေတဲ့ပုဂ္ဂိုလ်ကိုလည်း သမာဓိအား လျော့သွားအောင်လို့ သူ့အာရုံတွေ မျှားပေးရတယ်၊ စကြိုနည်းနည်းလျှောက်ပေးရတယ်၊ ခိုင်းရတယ်၊ တချို့ထိုင်ပြီး တစ်ငြိမ်တည်း တစ်နေရာတည်း ဝပ်ပြီးတော့ မှတ်နေတော့ သမာဓိတွေ များနေတယ်၊ အာရုံတွေ ဖြန့်ပေးရတယ်၊ ထိုင်ပြီး မှတ်ပြန်လည်း တစ်ကိုယ်လုံးကို ဖြန့်ပြီးတော့ မှတ်ခိုင်းရတယ်၊ သမာဓိအားများနေတဲ့အခါမှာ ဟိုက ထိုင်တယ်၊ ထိတယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်လိုက်တော့ တစ်နေရာတည်း မှာဆိုတော့ လွယ်လွယ်လေးပဲ။

ဥပမာ - ဖောင်းတယ်၊ ပိန်တယ် ဒါကလေးတွေ မှတ်နေတဲ့လူလည်း တစ်နေရာတည်း မှတ်နေရင် ကြောင့်ကြမစိုက်ရဘူး၊ သမာဓိအားများနေတယ်၊ အဲဒီလိုအခါကျတော့ တစ်ကိုယ်လုံးကို ဖြန့်မှတ်ရတယ်၊ ထိုင်တယ်၊ ထိတယ် တစ်နေရာမှတ်လိုက် နောက်တစ်ခါ ထိုင်တယ်၊ ထိတယ်၊ တစ်နေရာရွှေ့မှတ်၊ နောက်တစ်ခါ ထိုင်တယ်၊ ထိတယ်၊ တစ်နေရာ ရွှေ့မှတ်လိုက်၊ တစ်ကိုယ်လုံးပဲ ဖြန့်

http://www.dhammadownload.com

မှတ်ရတယ်၊ ဒါပေမယ့်လို့ ဒီလိုဖြန့်တာကလည်း အစအားထုတ်တဲ့ပုဂ္ဂိုလ်တော့ မဖြစ်ဘူး၊ အားထုတ်ခါစ အဲဒါ သွားလုပ်ရင် သမာဓိမှ မရှိသေးဘဲနဲ့၊ ဝိရိယ သဒ္ဓာ သူနေရာနဲ့သူ ဖြန့်ရတယ်၊ ဘယ်နေရာတွေကျမှ ပိုကောင်းလဲ ဆိုလို့ ရှိရင်တော့ ဟိုအထက်ဘင်္ဂဉာဏ်ကျမှ ကောင်းပါတယ်၊ အဲဒီအခါကျတော့ ဖြန့်လို့ သမာဓိလည်း မပျက်ပါဘူး၊ အဲဒီအခါကျ တစ်ကိုယ်လုံး ဖြန့်လိုက်လို့ရှိရင် ပြန့်ပြီး သွားတယ်၊ စင်ပြီး တစ်ခါတည်း တစ်ကိုယ်လုံး ခြေထောက်ကစပြီး ခေါင်း၊ ခေါင်းက စပြီး ခြေထောက်၊ တစ်ကိုယ်လုံးအနှံ့အပြား အထိကလေးတွေ ထိုင်တာ ရောက်လိုက်၊ ထိတာ ရောက်လိုက်၊ ထိတာကို ထိတာရောက်ပြီး ကျတဲ့နေရာ ကူး ကူးပြီးတော့ အသိကလေးများ အင်မတန်ကောင်းတယ်၊ တစ်နေရာက တစ်နေရာ တစ်ခါတည်း ဒါသိပြီးတော့ ဟိုဟာသိ တစ်ခါတည်း ကူးကူးပြီးတော့ သွားနေတယ်၊ အဲဒီလို သမာဓိအားကြီးနေတဲ့ပုဂ္ဂိုလ်မှာ ဝိရိယအားပါလာအောင် ဖြန့်ပြီးတော့ ပေးရတယ်၊ စကြီတို့ ဘာတို့ လျှော်က်ခိုင်းရတယ်၊ ပြုပြင်ပေးရတာကိုး၊ အဲဒါ ညီမျှအောင်လို့ လုပ်ပေးရတာ၊ အဲဒီညီမျှတဲ့အခါကျတော့ ဘယ်ဟာမှမလွန်ဘူး၊ သမာဓိလည်း မလွန်ဘူး၊ ဝိရိယလည်း မလွန်ဘူး၊ ပညာလည်း မလွန်ဘူး၊ သဒ္ဓါလည်း မလွန်ဘူး၊ ညီမျှပြီး သိရုံသိရုံလေး လိုက်နေတယ်၊ အဲဒါ ဘယ်အခါမှာ ထင်ရှားတုံးဆိုရင်ဖြင့် ဥဒယဗ္ဗယဉာဏ်အမှတ်ကောင်းမှ အဲဒီကစပြီးထင်ရှားတယ်၊ ကြောင့်ကြမစိုက်ရဘဲ အသိကလေး သွားနေတယ်၊ ဟန်ကျလိုက်တာ၊ ဟိုဘက် မလွန်၊ ဒီဘက်မလွန်၊ ဟိုဘက်မလိုက်၊ ဒီဘက်မလိုက်နဲ့ တစ်ခါတည်း သိရုံသိရုံလေး သွားနေတယ်၊ အကောင်းဆုံးက ဘယ်ကျမှကောင်းသလဲဆိုရင် သဒ္ဓါရူပေက္ခာကျမှ ပိုကောင်းတယ်၊ ဒီဥပေက္ခာသမ္မောဇ္ဈင်ကျမှ ကြောင့်ကြမစိုက်ဘဲ သိရုံသိရုံကလေး သွားနေတယ်။

အဲဒါ "ဥပေက္ခာက၊ ညီမျှစေသည်၊ တစ်ဘက်လိုက်ခြင်း ပယ်ခွင်းတတ်သည်"၊ တစ်ဘက်သတ် ဟိုဘက်ဒီဘက်လိုက်ခြင်း, ဘယ်ဘက်မှ မလိုက်ဘူးတဲ့၊ သဒ္ဓါဘက်လည်း မလိုက်၊ ပညာဘက်လည်း မလိုက် စသည်ဖြင့် ဘယ်တရားဘက်မှ မလိုက်ဘူး၊ "ပက္ခပါတုပဋ္ဌေဒရသ"တဲ့၊ ပက္ခပါတုပဋ္ဌေဒရသ - 'ပက္ခပါတ'ဆိုတာ တစ်ဘက်လိုက်တာကို၊ ပက္ခ-တစ်ဘက်လိုက်၊ ပါတ-က ကျတယ်၊ တစ်ဘက်သတ် လိုက်ခြင်းကို ဥပဋ္ဌေဒ,က ပယ်ဖြတ်ခြင်း၊ ရသ-သူ့ကိစ္စရှိတယ်၊ သူ့အလုပ်က ဒါပဲတဲ့၊ တစ်ဘက်သတ် မလိုက်ဘူး၊ ဟိုဘက် မလိုက်၊ ဒီဘက်မလိုက်၊ ဟိုဘက်မလွန်၊

http://www.dhammadownload.com

ဒီဘက်မလွန်ဘဲ အလုပ်လုပ်တာဟာ သူ့အလုပ်ပဲတဲ့၊ ပက္ခပါတုပစ္ဆေဒရသ-တစ်ဘက်သတ် လိုက်ခြင်းကို ပယ်ဖြတ်ခြင်းကိစ္စရှိ၏။ "တစ်ဘက်လိုက်ခြင်း၊ ပယ်ခွင်းတတ်သည်"လို့ ဘုန်းကြီးက သူ့ပါဠိနဲ့သူ မှတ်လို့လည်း ကောင်းအောင်ဆိုပြီး ကောင်းအောင် ဆောင်ပုဒ် စီထားရတာကိုး။

အလယ်အလတ်ဖြစ်ပြီး ညီမျှနေခြင်း

"ဥပေက္ခာက၊ ညီမျှစေသည်၊ တစ်ဘက်လိုက်ခြင်း၊ ပယ်ခွင်းတတ်သည်၊ လယ်ဗဟိုရ်မျှ၊ ချိန်ကျနေသည်" "မဇ္ဈတ္တဘာဝပစ္စုပဌာနာ"၊ အလယ်အလတ်သဘောအဖြစ်နဲ့ ယောဂီပုဂ္ဂိုလ်ဉာဏ်ထဲ ထင်ရှားတယ်တဲ့၊ ဒီတရားလေးတွေ့သွားတဲ့ပုဂ္ဂိုလ်ပေါ့လေ။ မတွေ့သေးတဲ့ပုဂ္ဂိုလ် မသိဘူး၊ မတွေ့သေးတဲ့ပုဂ္ဂိုလ် စာပေကျမ်းဂန်တွေ သင်ပြောသာနေရတယ်၊ မျက်စိမမြင်တဲ့ ပုဂ္ဂိုလ်က အဆင်းအကြောင်း ပြောနေတာလိုပဲ၊ ဟုတ်လား၊ မျက်စေ့မမြင်တဲ့ပုဂ္ဂိုလ်က အဆင်းတွေ ဘာတွေဟာ လှတယ်ကွ၊ အဖြူက ဘယ်လို၊ အဝါက ဘယ်လို စသည်ဖြင့် သူမှ မမြင်ဘူးဘဲနဲ့ သူများပြောတာနဲ့ မှန်ပြီး ရမ်းပြီးတော့ ပြောနေရတာ၊ ကိုယ်မရောက်ဘူးတဲ့အရပ်လည်း ဒီလိုပဲ၊ ကိုယ်မရောက်ဘူးတဲ့အရပ်ဒေသဟာလည်း သူများပြောတာနဲ့ မှတ်ထားပြီး ပြောနေရတယ်၊ အခု နတ်ပြည်အကြောင်းတွေ ဟောပြောနေရတယ်၊ ကိုယ်လည်း မမြင်ဖူးဘူး၊ နတ်ပြည်တွေ ဘာတွေ နတ်သား နတ်သမီးတွေ ဒီလိုပြောနေရတာပဲ၊ သူ့ဟာ စာပေအရနဲ့ပဲ၊ အဲဒါလိုပဲ ကိုယ်တိုင်က ဒီဥပေက္ခာသဘောလေးမတွေ့ဘူး၊ မသိဘူးသေးလို့ရှိရင် အလယ်ဗဟိုချိန် ကျနေတယ် ဆိုပေမယ့် သူ့ဟာ အခက်သားပဲ၊ မဇ္ဈတ္တဘာဝ-အလယ်အလတ်ကလေး ဖြစ်ပြီး ညီမျှနေတယ်ဆိုတာ သိဖို့ဟာ အတော်ခက်တယ်၊ ဒီတရားအားထုတ်လို့ အမှတ်ကလေးကောင်းတယ်၊ ညီမျှနေတဲ့အခါ ဥဒယဗ္ဗယဉာဏ်တွေ ရောက်ပြီးတော့ တောက်တောက် တောက်တောက်နဲ့ အမှတ်ကလေး သူ့ဟာသူ သွားနေတယ်၊ သခါရုပေက္ခာဉာဏ်ကျတော့ ကြောင့်ကြမစိုက်ရဘဲ သူ့အစဉ်နဲ့သူ သွားနေတဲ့အခါ အလယ်ဗဟိုညီမျှနေတာကို ယောဂီပုဂ္ဂိုလ်က သိတယ်၊ ကလေးလည်း သိတာပဲ၊ လူကြီးလည်း သိတာပဲ၊ ယောက်ျားလည်း သိတာပဲ၊ မိန်းမလည်း သိတာပဲ၊ စာတတ်လည်း သိတာပဲ၊ မတတ်လည်း သိတာပဲ၊ ဒီသဘောလေးက သေသေချာချာ လက်တွေ့ တွေ့နေတာကိုး။

http://www.dhammadownload.com

"လယ်ဗဟိုရိမ္ဘ၊ ချိန်ကျနေသည်"တဲ့၊ အလယ်ဗဟိုရိ အလယ်အလတ်ပဲတဲ့၊ ဟိုဘက်မလိုက်၊ ဒီဘက်မလိုက်၊ အလယ်အလတ်ဖြစ်ပြီးတော့ ညီမျှနေတယ်၊ ချိန်ခွင်လျှာလေးလို လျှာကလေးဟာ ဟိုဘက်မလိုက် ဒီဘက်မလိုက်. တစ်ခါတည်း အလယ်ဗဟိုရိကနေသလိုပဲတဲ့၊ အလယ်ဗဟိုမျှ ချိန်ကျနေသည်၊ ကဲ . . ဆိုစမ်း ပါဦး -

* **ဥပေက္ခာတ၊ ညီမျှစေသည်၊ တစ်ဆတ်လိုက်ခြင်း၊ ပယ်ခွင်းထက်သည်၊ လယ်ဗဟိုရိမ္ဘ၊ ချိန်ကျနေသည်၊ နွားစုံကောင်း၊ နှင်မောင်းထူလေသည်၊**
(ဆို သုံးခေါက်)

ရထားထိန်းမမာ ဥစမက္ခာ

'နွားစုံကောင်း'တဲ့၊ မြန်မာပြည်မှာတော့ နွားနှစ်ကောင်ကတဲ့ လှည်းယူကြတာကိုး၊ မြင်းနှစ်ကောင်းကတဲ့ ရထားကတော့ မြန်မာပြည်မှာ ရှေးတုန်းက နည်းနည်းပါးပါး ရှိပါတယ်၊ ယခုတော့ ရှိတောင် မရှိတော့ပါဘူး၊ စာထဲ ပေထဲကတော့ ရှေးခတ်တုန်းကလို အဲဒီမြင်းရထားတွေ မြင်းနှစ်ကောင်က,လို့ ဒီလို ရှိတာကိုး၊ မြင်းနှစ်ကောင်ကတဲ့ရထားနဲ့ စာကတော့ကို ဥပမာပေးထားပါ တယ်၊ "သမပဝတ္ထာနံ အဿာနံ အဇ္ဈုပေက္ခကသာရထိ ဝိယ ဒဋ္ဌဗ္ဗော" သမပဝတ္ထာနံ-အညီအမျှဖြစ်ကုန်သော၊ အဿာနံ-မြင်းတို့ကို၊ အဇ္ဈုပေက္ခက သာရထိ ဝိယ-လျစ်လျူရှုပြီး မောင်းနေသော ရထားထိန်းကဲ့သို့၊ ဒဋ္ဌဗ္ဗော-မှတ်အပ်၏၊ မြင်းရထားမောင်းတဲ့ ရထားမောင်းတဲ့ပုဂ္ဂိုလ်က မြင်းနှစ်ကောင်က မညီမမျှလို့ရှိရင်တော့ မသွားတဲ့မြင်းကို ကြိမ်လေး ဘာလေးနဲ့ ရိုက်တန်ရိုက်ပေးရလိမ့်မယ်၊ သွားလွန်းတဲ့ မြင်းဆို ဆွဲတန်လည်း ဆွဲပေးရလိမ့်မယ်၊ အဲဒါမညီမျှလို့ရှိရင် ညီမျှအောင်လို့ဟာ ရထားမောင်းသမားက ပြုပြင်ပေးရတယ်၊ မြင်းနှစ်ကောင်က သူဟာသူ ညီမျှနေပြီဆိုရင်တော့ ရထားမောင်းသမားက အသာလေးပဲ လျစ်လျူရှု လိုက်သွားရတယ် သူပါလို့ မပါရင် မြင်းတစ်ကောင်က မြန်ချင်လည်း မြန်သွားဦးမယ်၊ ဟိုတစ်ကောင်က နှေးချင်လည်း နှေးပြီးတော့နေမယ်၊ သူက ဘာမျှမလုပ်ဘူး ဆိုပေမယ့်လို့ သူဟာ မြင်းနှစ်ကောင် အသွားညီအောင်လို့ စောင့်ရှောက်ဖော်တော့ ရနေတယ်၊ အဲဒါက မြင်းရထားကိုး။

http://www.dhammadownload.com

နွားလှည်းတွေကတော့ လူတိုင်းလူတိုင်း သိပါတယ်၊ နွားလှည်းတွေက နွားနှစ်ကောင် နွားစုံကောင်း၊ နွားစုံမကောင်းလို့ရှိရင် နွားတစ်ကောင်က ညှဲ့နေလို့ရှိရင် သူကမသွားဘူး၊ သူ့ကို တို့တို့ပြီးတော့ မောင်းနေရတယ်၊ နွားတစ်ကောင်က သွားလွန်းအားကြီးလို့ရှိရင်လည်း ဟိုတစ်ကောင်ဆွဲတန်ဆွဲထားရတယ်၊ ဟိုတစ်ကောင် မလိုက်နိုင်တာနဲ့ ဒီလိုပြုပြင်ရတာကို၊ ဒါတော့ မြန်မာပြည်မှာ နွားတွေ လှည်းတွေ တွေ့ဖူးနေကြတော့ အင်မတန်ထင်ရှားနေတယ်၊ ဒါကြောင့် ဒါကလေး ဥပမာပေးရတယ်၊ "နွားစုံကောင်း"တဲ့။

စုံကောင်းနေတယ်၊ နွားနှစ်ကောင် ခြေညီတယ်၊ တကယ်တည်း ဒီလက်ျာဘက်နွားကလည်း ခြေမှန်မှန်သွားနေတယ်၊ လက်ဝဲဘက်နွားကလည်း မှန်မှန်သွားနေတယ်၊ သူဟာသူ မမောင်းရဘဲကို မှန်မှန်သွားနေတယ်၊ နွားနှစ်ကောင် ညီညီပဲ ထမ်းပိုးထမ်း ညီညီပဲသွားနေတယ်၊ လှည်းမောင်းသမားက ဘာမျှမလုပ်ရတော့ဘူး၊ လှည်းမောင်းသမားက ဟိုနွားလည်း ဆွဲဖို့မဟုတ်ဘူး၊ ဒီနွားလည်း ဆွဲဖို့မလိုဘူး၊ ဟိုနွားလည်း မောင်းဖို့ မလိုဘူး၊ ဒီနွားလည်း မောင်းဖို့မလိုဘူး၊ ဒီပြင်ဘာလုပ်စရာရှိတုံး ဘာလုပ်စရာမှမလိုဘူး၊ အသာလေး ကြိုးလေးကိုင်ပြီး လိုက်နေရုံပဲ၊ သူမပါဘဲနဲ့ လှည်းပေါ်က ဆင်းနေပြီးတော့ နွားတွေက သွားချင်ရာ သွားနေရင် ဒါတော့ မဖြစ်ဘူး၊ သူက အသာလေးမှေးပြီး လိုက်နေမှ၊ ဒီထဲ ဆေးလိပ်သောက်ချင်လည်း သောက်နိုင်သေးတယ်၊ စကားပြောချင်လည်း ပြောနိုင်သေးတယ်၊ အသာလေး မှေးလိုက်သွားရုံပဲ၊ တချို့လှည်းမောင်းသမားက အိပ်ချင်တောင် အိပ်လိုက်လာသေး၊ အဲဒါ နွားစုံကောင်းလို့ပါ၊ ၊ စုံကောင်းပြီးတော့နေတဲ့ နွားမျာမောင်းရတဲ့ပုဂ္ဂိုလ်နဲ့ တူပါတယ်တဲ့။

ဒီအလယ်အလတ်ညီမျှတဲ့ ဥပေက္ခာလေးကလည်း ညီမျှပြီးတော့ပေးတယ်၊ အညီအမျှဖြစ်တဲ့တရားတွေကို သူက အလယ်က ညီမျှပြီးတော့ ပေးတော့ ညီညီမျှမျှ ဖြစ်နေတယ်၊ အဲဒါတွေ့ရတယ်တဲ့၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်က အဲဒီတရားလေး ရောက်တဲ့အခါကျတော့ ဘာမှကြောင့်ကြမစိုက်ရတော့ဘူး၊ ထိုင်ရုံလေး ထိုင်နေရသလိုပဲ၊ သခ်ါရပေက္ခာမှာ သိပ်ထင်ရှားတယ်၊ တစ်ခါတည်း ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ အာရုံလေးက သူဟာသူပေါ် သူဟာသူ သိသွားနေလိုက်တာ၊ နာရီဝက်တင် တန်းသွားနေတာမဟုတ်ဘူး၊ တစ်နာရီလည်း သွားနေတာပဲ၊ (၂) နာရီ (၃)နာရီလည်း သွားတာပဲ၊ စဉ်တန်းပြီးတော့ အင်မတန်ကောင်းပါတယ်။

http://www.dhammadownload.com

အခုမြို့တွေဘာတွေမှာ ဆိုရင်တော့ မော်တော်ကား ယာဉ်ရထားတွေ ရှိပါတယ်၊ မော်တော်ယာဉ်ရထားစက်ကလည်း ကောင်းတယ်ဆိုရင် လမ်းကလည်း ပဲ ဘေးအန္တရာယ်မရှိဘူး၊ တိုက်ခိုက်စရာမရှိဘူး၊ ကွေ့စရာ ကောက်စရာမရှိဘူး၊ ဒီလို အချိန်တလေးမှာပေါ့၊ ဘာမှကြောင့်ကြမစိုက်ရဘူး၊ ကားမောင်းတဲ့ပုဂ္ဂိုလ်က စက်နှိုးနှိုးပြီး သွားနေလို့ရှိရင် သူဟာ အသာလေးလိုက်နေရတယ်၊ လက်က စီယာတိုင်တွေ ဘာတွေ မလှည့်ရဘူး၊ ခြေထောက်က မနင်းရဘူး၊ ဘာမျှမလုပ်ရဘူး၊ သူဥစ္စာ မှန်မှန်လေးလိုက်နေရတာကိုး၊ ဒါပေမယ့် သူပါမှ၊ သူမပါရင် ကားက သွားချင်ရာ သွားဦးမယ်။

အဲဒါလိုပဲ သမ္မယုတ်တရားတွေ အညီအမျှဖြစ်စေတဲ့နေရာမှာ နွားစုံကောင်းပြီးတော့နေတဲ့ လှည်းများမောင်းရတဲ့လူနဲ့လည်း တူတယ်တဲ့၊ မြင်းစုံကောင်းနေတဲ့ ရထားမောင်းရတာနဲ့လည်း တူတယ်တဲ့၊ စက်ကောင်းကောင်းနဲ့ လမ်းကောင်းကောင်း ဘေးရန်အန္တရာယ်မရှိတဲ့နေရာမှာ သွားနေတဲ့ကားမောင်းသမားနဲ့လည်း တူ၏-တဲ့၊ အဲဒါကတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ် လက်တွေ့ပါပဲ၊ ကိုယ်တိုင် အဲဒါလေးကတော့ သိပ်တူတယ်၊ ဥပမာက တယ်ကောင်းတဲ့ဥစ္စာလေး၊ 'နွားစုံကောင်း နှင်မောင်းတူလေသည်'တဲ့၊ အဲဒါ ဥပေက္ခာသမ္ဗောဇ္ဈင်ပဲတဲ့၊ စေတသိက်အားဖြင့် တတြမဇ္ဈတ္တတာစေတသိက်ပဲတဲ့၊ အဲဒါလေး အပြည့်အစုံဆောင်ပုဒ်ကလေး ပြန်ဆိုပါဦးတော့၊ ပြီးပါပြီ။

* **ဥပေက္ခာတ၊ ညီမျှစေဆည်၊ တစ်ဘက်လိုက်ခြင်း၊ ပယ်ခွင်းတတ်ဆည်း၊**
လယ်ဗဟိုမျှ၊ ချိန်ထားနေဆည်၊ နွားစုံကောင်း နှင်မောင်းတူလေဆည်း

(ဆို သုံးခေါက်)

အဲဒါ ဥပေက္ခာသမ္ဗောဇ္ဈင်အကြောင်းလေး မှတ်ရသားရအောင်လို့ အင်မတန်ကောင်းတယ်၊ သိလည်း သိခဲတယ်၊ တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ်တွေဟာ ဒီတရားလေးရောက်သွားရင် အောက်ထစ်ဆုံး ဥဒယဗ္ဗယဉာဏ်လောက် ရောက်ရင် ဒါလေးသိပါပြီ၊ ဒါလေးသဘောလေး တွေ့သွားပြီ၊ သခါရုပေက္ခာဉာဏ် ရောက်တဲ့ပုဂ္ဂိုလ်ဆိုရင်တော့ သူက ပိုပြီးသိတာပေါ့၊ သူက သိပ်ပြီးတော့ ရှင်းနေတာ၊ အင်မတန်ကောင်းပါတယ်၊ အဲဒါ ဗောဇ္ဈင်ဥပေက္ခာတဲ့၊ ဒီတရားနဲ့ ဒါလေးက အရေးကြီးတယ်။

http://www.dhammadownload.com

ဥစဝကွာညီမျှဖို့အရေးကြီး

ဒီဥပေက္ခာလေးပြည့်စုံမှ၊ မပြည့်စုံသေးရင် ဟိုခုန ပြောတဲ့ သတိ သတိသမ္ဗောဇ္ဈင်တို့ ဘာတို့ ဆိုတာ မကောင်းသေးဘူး၊ ဥပေက္ခာ မညီမျှဘူးဆိုရင် ဟိုတရားဟာ မတက်သေးဘူး၊ သတိတို့၊ ဓမ္မဝိစယတို့၊ ဝီရိယတို့၊ ပီတိ၊ ပဿဒ္ဓိတို့၊ သမာဓိတို့ဆိုတဲ့ ဒီပြင်ဟာတွေဟာ ဒီဥပေက္ခာလေး ညီမျှလာတဲ့အခါကျမှ သူက ကောင်းလာတယ်၊ ဥပေက္ခာက မညီမျှသေးရင်ဖြင့် ဒီတရားဟာ တိုးတက်သင့်သလောက် မတိုးတက်ဘူး၊ ကောင်းသင့်သလောက် မကောင်းဘူး၊ တရားတက်တဲ့အခါတွေဟာ ဒီဥပေက္ခာညီမျှတဲ့အခါ တက်သွားတာပဲ၊ မထင်ရှားပေမယ်လို့ နာမရူပပရိစ္ဆေဒဉာဏ်လည်း ဒီဥပေက္ခာညီမျှတဲ့အခါ နာမ်ရုပ်တွေ ပိုင်းခြားပြီးသိတယ်၊ ပစ္စယပရိဂ္ဂဟဉာဏ် အကြောင်းအကျိုးသိတာလည်း ဒီဥပေက္ခာ ညီမျှနေတဲ့အခါမှာ သူက သိတယ်၊ သမ္မသနဉာဏ် သုံးသပ်ဆင်ခြင်မှု အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို သုံးသပ်ဆင်ခြင်ပြီးသိတာလည်း ဒီဥပေက္ခာ တူညီမျှတဲ့အခါဖြစ်တာ၊ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်ကနေပြီး အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ် စသည်ဖြင့် တစ်ဉာဏ်တစ်ဉာဏ်တက်သွားတာ သူညီမျှတဲ့အခါ တက်သွားတာ၊ သခါရုပေက္ခာ,က ညီမျှနေတယ်ဆိုပေမယ်လို့ အညီအမျှဆုံးအခါကာလကတော့ ဝုဋ္ဌာနဂါမိနီဖြစ်ပြီးတော့ အရိယမဂ်သို့ တက်သွားတဲ့အခါပဲ၊ ဒါလေးညီမျှဖို့ အရေးကြီးတယ်။

လူကိုယ်ထဲမှာ ကျန်းမာရေးအတွက် ဓာတ်သဘာဝတွေ တစ်ခုခုမလွန်ရအောင် ပြုပြင်ဖို့ အရေးကြီးသလိုပဲ ဝိပဿနာယောဂီမှာလည်း ဒီဥပေက္ခာလေး ညီမျှဖို့ရာ အရေးကြီးပါတယ်၊ ဥပေက္ခာသမ္ဗောဇ္ဈင်-တဲ့၊ 'ဆဋ္ဌင်ပြဟ္မ၊ ဗောဇ္ဈင်' ပြီးသွားပြီ၊ တတြမဇ္ဈတ္တတာ ဒီထဲမှာ ပါသွားပြီ၊ အတူတူပါပဲ၊ တတြမဇ္ဈတ္တတာ ဆိုတာလည်း ဥပေက္ခာက ညီမျှစေသည် ဆိုတာနဲ့ အတူတူပါပဲ။

ဈာနုပေက္ခာ

'ဈာနုပေက္ခာ'ဆိုတာ အခုဟောနေတဲ့ဈာန်ပဲ၊ ဒီထဲမှာ ပါတာပဲ၊ ပီတိယာစ-ပီတိကိုလည်း၊ ဝိရာဂါ-စက်ဆုပ်ခြင်း လွန်မြောက်ခြင်းကြောင့်၊ ဥပေက္ခကော-အညီအမျှရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ဈာန်ရောက်တဲ့ပုဂ္ဂိုလ်ဟာ ဒီလိုအညီအမျှလေး ဖြစ်ပြီးသွားနေတယ်၊ အဲဒါလေး ဈာန်ရတဲ့ပုဂ္ဂိုလ်မှာ ထင်ရှားတယ်၊

http://www.dhammadownload.com

သူကို 'ဈာနုပေက္ခာ' လို့ ခေါ်တယ်၊ အဲဒီတော့ ဒီတတိယဈာန်က ဒီလောက်ပဲ ပြီးကြပါစို့ရဲ့။

စတုတ္ထဈာန်

နောက် စတုတ္ထဈာန်သွားရမယ်၊ 'ပါရိသုဒ္ဓိဥပေက္ခာ'ဆိုတာ ဒီထဲမှာ ပါပြန်တယ်။

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿ-ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

သုခဿ စ-ချမ်းသာကိုလည်း၊ ပဟာနာ-ပယ်ခြင်းကြောင့်၊ ဒုက္ခဿ စ-ဆင်းရဲကိုလည်း၊ ပဟာနာ-ပယ်ခြင်းကြောင့်၊ ချမ်းသာဆင်းရဲတွေ ပျောက်သွားတယ်တဲ့၊ ပုဗ္ဗေဝ-ရှေးအဖို့ကပင်လျှင်၊ သောမနဿဒေါမနဿာနာ-ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏၊ အတ္ထင်္ဂမာ-ချုပ်ခြင်းကြောင့်၊ ရှေးဈာန်မရောက်ခင် ဥပစာကတည်းက သောမနဿ ဝမ်းသာမှုတွေလည်း ပျောက်သွားပြီတဲ့၊ ဥပေက္ခာရောက်တော့မယ်ဆိုတော့, ဥပေက္ခာဈာန်နဲ့ တက်တော့မယ်ဆိုတော့ ဝမ်းသာမှုက ပျောက်တယ်၊ ဒီပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်မှာ ဒီဝမ်းသာမှုတွေက မပျောက်ဘူး၊ ဈာန်ထိအောင် မပျောက်ဘူး၊ ဈာန်ရှေးအဖို့ကဆိုတော့ အထူးပြော စရာမလိုဘူး၊ အခုဒီဈာန်ရောက်တော့မယ် ဆိုတော့ ရောက်ခါနီးကလေးက ဥပေက္ခာလေး ဣန္ဒြေရနေတယ်၊ ဣန္ဒြေကြီးလာတဲ့သဘောပေါ့၊ အညိအမျှ ရှုတယ်၊ လျစ်လျူရှုတဲ့သဘောတွေ ဒီမှာ ပါဝင်လာတယ်။

ဒါကြောင့် ပုဗ္ဗေဝ-ရှေးအဖို့ကပင်လျှင်၊ သောမနဿဒေါမနဿာနံ-ဝမ်းသာမှု နှလုံးမသာယာမှုတို့၏၊ အတ္ထင်္ဂမာ-ချုပ်ခြင်းကြောင့်၊ အဒုက္ခမသုခံ-ချမ်းသာလည်း မဟုတ်၊ ဆင်းရဲလည်း မဟုတ်သော၊ အဒုက္ခမသုခံ-ချမ်းသာလည်း မရှိ၊ ဆင်းရဲမရှိသော၊ ဥပေက္ခာသတိပါရိပုရိသုဒ္ဓိ-ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော၊ ဥပေက္ခာ အညိအမျှရှုလို့ ဒီဈာန်မှာ သတိဟာ စင်ကြယ်တတ်တဲ့၊ အောက်ဈာန်တုန်းကလည်း သတိပါတာပါပဲ၊ ဒါပေမယ့်လို့ မစင်ကြယ်သေးဘူးတဲ့၊ အောက်ဈာန်မှာတော့ သုခနဲ့ ရောနေတယ်၊ စိတ် ချမ်းသာမှုလေးနဲ့ ရောနေလို့တဲ့၊ စိတ်ချမ်းသာမှုက လွှမ်းမိုးနေတယ်၊ ယခု ဒီမှာ

http://www.dhammadownload.com

ဈာန်ချမ်းသာမှု မပါတော့ဘူး၊ ဥပေက္ခာနဲ့ ဖြစ်လာတာကိုး၊ ဥပေက္ခာနဲ့ လျစ်လျူရှုတဲ့ ဝေဒနာနဲ့ ဖြစ်နေပါတယ်၊ ဒါကြောင့်မို့ ဒီဈာန်ကျတော့ သတိဟာ ဥပေက္ခာ၏အစွမ်းကြောင့် ထက်ဝန်းကျင်စင်ကြယ်သွားတယ်တဲ့၊ အဲဒီဥပေက္ခာဟာ ပါရိသုဒ္ဓိဥပေက္ခာပဲ၊ သူလည်း တတြမဇ္ဈတ္တတာစေတသိက်ပါပဲ၊ အတူတူပါပဲ၊ အားကောင်းသထက် ကောင်းလာတာလေး ရှိတာပဲ၊ ခုန ဈာနုပေက္ခာတုန်းက ဥပေက္ခာလည်း သူပဲ၊ ဒီပါရိသုဒ္ဓိဥပေက္ခာဆိုတာလည်း သူပဲ။

သို့သော်လည်းပဲ တတိယဈာန်တုန်းက ဥပေက္ခာ,ကတော့ သုခနဲ့ရောနေလို့ အင်အားသိပ်မကောင်းသေးဘူး၊ အခုတော့ သုခနဲ့ မရောဘဲနဲ့ ဥပေက္ခာဝေဒနာနဲ့လည်း တွဲဖြစ်တော့ ဝေဒနာကလည်း ဥပေက္ခာ၊ တတြမဇ္ဈတ္တတာကလည်း အလယ်က မျှပေးတော့ အဲဒါအညီအမျှဆိုတာ (၂)ခုပေါ့လေ၊ ဝေဒနာက ခံစားမှု မျှပေးတယ်၊ ကောင်းရာလည်း မလိုက်၊ ဆိုးရာလည်း မလိုက်၊ ဒီတတြမဇ္ဈတ္တတာကတော့ အားလုံး သမ္မယုတ်တရားတွေကို ညီမျှစေတယ်၊ ညီမျှစေတဲ့တရား (၂)ခုပေါင်းမိတဲ့အခါမှာ အထူးသဖြင့် သန့်ရှင်းစင်ကြယ်စွာ ဖြစ်တယ်တဲ့၊ ဒါကြောင့် ဥပေက္ခာသတိပါရိပုရိသုဒ္ဓိ-ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော၊ စတုတ္ထ ဈာန်-စတုတ္ထဈာန်ကို၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏၊ ဈာန်ထဲမှာ အကောင်းဆုံး၊ ရူပဈာန်ထဲမှာဆိုရင်တော့ သူက ဆုံးသွားပြီ၊ အရူပဈာန်ကျတော့လည်း ဒီလိုပဲ၊ အတူတူပါပဲ၊ အာကာသာနဉ္စာတို့၊ ဝိညာဏဉ္စာတို့စသည်ဖြင့် အာရုံတွေသာ ပြောင်းတယ်၊ သဘောကတော့ အတူတူပါပဲ၊ ဒါ စတုတ္ထဈာန်အလားတူပဲ၊ ပဥ္စမဈာန်ခေါ်လည်း ပဥ္စမဈာန်ချင်း အလားတူပဲ၊ မထူးပါဘူး၊ အဲဒီဈာန် (၄)ပါးဟာ သမာဓိပဲတဲ့၊ ဈာန်တရားတွေ သက်သက်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်မှာဆိုရင် ထင်ရှားတာပေါ့လေ။

ဈာန်မဟုတ်ရင်လည်း အခု ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ ဝိပဿနာအလိုက် သူနေရာ သူအဝိုင်းလေးနဲ့ ပထမဈာန်နဲ့ အလားတူတဲ့သမာဓိက သမ္မသနဉာဏ်ဝိုင်းက ဖြစ်ခဲ့ပြီ၊ ဒုတိယဈာန်နဲ့အလားတူတဲ့သမာဓိ ဥဒယဗ္ဗယ အနုဝိုင်းက စပြီး ဖြစ်တယ်၊ တတိယဈာန်နဲ့တူတဲ့သမာဓိ ဥဒယဗ္ဗယအရင့်ဝိုင်းက စပြီးတော့ ဖြစ်လာတယ်၊ စတုတ္ထဈာန်နဲ့အလားတူတဲ့သမာဓိဆိုတော့ သခ်ါရုပေက္ခာ ဉာဏ်တွေမှာ ဖြစ်တယ်၊ ဥပေက္ခာသဘောဖြစ်ပြီးတော့ ဝေဒနာကလည်း ဥပေက္ခာ၊

http://www.dhammadownload.com

တတြမလျှတ္တတာ ညီမျှတာကလည်း အထူးသဖြင့် ညီမျှပြီးတော့ နေတယ်၊ သတိဟာလည်း ဒီတစ်ခါ အင်မတန်စင်ကြယ်နေတယ်၊ ဒီအမှတ်ရမှုလေးဟာ တစ်ခုပြီးတစ်ခု တစ်ခါတည်းအမှတ်မရတာကိုမရှိဘူး၊ အကုန်လုံးအမှတ်ရပြီးတော့ လိုက်လာတယ်၊ အကုန်လုံးဖြစ်နေတယ်၊ အဲဒါ စတုတ္ထဈာန်နဲ့ အလားတူတာ၊ ဒီမှာ ဖြစ်တယ်၊ အဲဒါ နှိုင်းချိန်ကြည့်ဖို့ပေါ့၊ အဲဒီ သမာဓိဟာ သမာဓိမဂ္ဂင်ပဲတဲ့။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။

ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤဆိုခဲ့သော ဈာန်လေးပါး၌ ပါဝင်သော သမာဓိကို၊ သမ္မာသမာဓိ-သမ္မာသမာဓိမဂ္ဂင် ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏၊ သမ္မာ သမာဓိမဂ္ဂင် ဆိုတာ ဒါပဲတဲ့၊ အဲဒီတော့ စုံသွားပါပြီ၊ သတိပဋ္ဌာန်တော့ ကုန်နေပြီ။

ဣတိ အဇ္ဇတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အဇ္ဇတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ဣတိ-ဤဆိုအပ်ခဲ့ပြီးသော အများအားဖြင့်၊ ဣတိ-ဤဆိုအပ်ပြီးသော တရားသည်၊ အဇ္ဇတ္တံ ဝါ ဓမ္မေသု-ကိုယ်တွင်းသန္တာန်၌ရှိသော သဘောတရားတို့၌ လည်း၊ ဓမ္မာနုပဿီ-သဘောတရားဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု-အပြင်ပသန္တာန် သဘောတရားတို့၌လည်း၊ ဓမ္မာနုပဿီ-သဘော တရားဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ အဇ္ဇတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု၊ အတွင်း အပြင် (၂)ပါးသော သဘောတရားတို့၌လည်း၊ ဓမ္မာနုပဿီ-သဘောတရားဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

သစ္စာလေးပါးတရားတွေ ရှုနေတာ၊ သဘောတရား ဆိုပေမယ်လို့ သစ္စာ လေးပါးတရားဆို ကုန်နေတာပဲ၊ သစ္စာလေးပါးတရားကမှ ကုန်တာ၊ ဒီပြင်ဟာ တွေကမှ ကျန်ရင် ကျန်ဦးမယ်၊ သစ္စာလေးပါးတရားကတော့ ကုန်တယ်၊ သစ္စာ (၄)ပါးတရားမှာ ဒုက္ခသစ္စာဆိုတာ ခန္ဓာငါးပါးတွေ အကုန်ပဲ၊ သမုဒယသစ္စာဆိုတာ အဲဒီထဲက တဏှာလောဘတရားလေး၊ နိရောဓ၊ မဂ္ဂတွေကတော့ အလွတ်တရား တွေပါပဲ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်က ဒုက္ခသစ္စာ သမုဒယသစ္စာ ဒီတရား (၂) ပါးမှာ ရှုရတယ်တဲ့၊ နိရောဓ မဂ္ဂကတော့ကို 'ဣဋ္ဌံ ကန္တံ မနာပံ' စသည်ဖြင့် စိတ်ညွှတ်ရုံပါပဲတဲ့။

http://www.dhammadownload.com

နိရောဓသစ္စာ

နိရောဓ - အကြောင်းအကျိုး ရုပ်နာမ်တွေ ချုပ်ငြိမ်းပြီးတော့ သွားတဲ့ နိရောဓ-နိဗ္ဗာန်ဆိုတာ ကောင်းတယ်၊ အကြောင်းရှိသမျှ ကာလပတ်လုံး အကျိုး တရားတွေ ဘဝတွေ ဖြစ်ရတယ်၊ ကုသိုလ်ကံရှိတဲ့အခါမှာ လူပြည် နတ်ပြည် လူဘဝ၊ နတ်ဘဝ၊ ရုပ်နာမ်ခန္ဓာတွေ ဖြစ်ရတယ်၊ အကုသိုလ်ရှိတဲ့အခါ အပါယ် (၄)ဘုံ ခန္ဓာတွေ ဖြစ်ရတယ်၊ လူဘဝ နတ်ဘဝတွေ ဖြစ်ရတဲ့အခါလည်း ဖြစ်ရ တယ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိတဲ့ ဆင်းရဲတွေနဲ့ တွေ့ရတယ်၊ မမြဲနေလို့ လည်း ဆင်းရဲတွေနဲ့ တွေ့ရတယ်၊ စိုးရိမ်ပူဆွေးရလို့ မကောင်းတာတွေ တွေ့ရတယ်၊ အပါယ်လေးပါးဖြစ်ရင် ပြောစရာမရှိဘူး၊ အဲဒီတော့ ဒီအကြောင်းရှိလို့ အကျိုး ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေ ဖြစ်နေသမျှကာလပတ်လုံး အိုခြင်း၊ နာခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲက မလွယ်ဘူး၊ မကောင်းဘူးတဲ့။

လောကမှာ လူတွေက ကောင်းကင်ဘုံရောက်ပြီးတော့ ချမ်းသာနေပါတယ်၊ ဘာဘာညာညာ စသည်ဖြင့် ဒီလိုချီးကျူးပြီး ပြောတာတွေ ရှိတယ်၊ ဒါတွေက သူတို့အကြိုက် သူတို့လိုချင်တာ ပြောတာ၊ တကယ်စင်စစ်က ရှိတာမဟုတ်ဘူး၊ မျက်မြင် လက်တွေ့အားဖြင့် အစရှိရင် အဆုံးရှိတာပဲ၊ ဖြစ်ပေါ်ရင် တစ်နေ့ကျရင် ဆုံးသွား တာပဲ၊ အဲဒီတော့ ဘဝဖြစ်မှုရှိလို့ရှိရင် တစ်နေ့ အိုခြင်း၊ နာခြင်း၊ သေခြင်းနဲ့ အဆုံးသတ်ရမှာပဲ၊ စိတ်အသိကလေး ရှိနေတယ်ဆိုကတည်းက အသိကလေးက သိနေတယ်ဆိုရတာကိုက သခ်ါရဒုက္ခရောက်နေတာပဲ၊ ကြောင့်ကြစိုက်ပြီး ပြုပြင် နေတဲ့ သဘောလေး၊ ဟိုလိုပြုပြင် ဒီလိုပြုပြင်ရနဲ့ ဟိုလိုကောင်းအောင် လုပ်ချင် ဒီလိုကောင်းအောင် လုပ်ချင်၊ မျှော်လင့်ခြင်း၊ တောင့်တခြင်း ဒါတွေ ရှိနေတာကိုက ဒုက္ခရောက်နေတယ်၊ အဲဒီတော့ မအေးချမ်းတဲ့သဘောတရားတွေ။

အဲဒီခန္ဓာငါးပါး ရုပ်နာမ်တရားတွေ အကြောင်းအကျိုးမရှိလို့ ဆိတ်သုဉ်း ပြတ်စဲငြိမ်းသွားတာဖြင့် အကောင်းဆုံးပဲလို့ ဒီလိုစိတ်ညွှတ်ရမှာကို၊ နိရောဓသစ္စံ-နိရောဓသစ္စာသည်၊ ဣဋ္ဌံ-အလိုရှိအပ်သောတရား၊ ကန္တံ-နှစ်သက်အပ်သောတရား၊ မနာပံ-မြတ်နိုးအပ်သောတရားတည်း-တဲ့၊ နိရောဓသစ္စာ-အကြောင်းအကျိုး ရုပ်နာမ်တွေ အကြောင်းကင်းလို့ အကျိုးရုပ်နာမ်တွေ ချုပ်ငြိမ်းသွားတဲ့သဘောတဲ့၊ ဆီမရှိလို့ မီးစာမရှိလို့ မီးတောက်ကလေးငြိမ်းသွားတာလို၊ ဆီရှိနေသမျှ

http://www.dhammadownload.com

ကာလပတ်လုံး, မီးစာရှိသမျှကာလပတ်လုံး မီးတောက်ကလေးဟာ ဆက်ကာဆက်ကာ တောက်နေတယ်၊ ကနေ့တစ်ညတာ ဆီထည့်ထားလိုက် တောက်နေတယ်၊ နက်ဖြန်ကာလည်းပဲ ဒီမီးတောက်မငြိမ်းစေချင်လို့ရှိရင် ထပ်ပြီးတော့ အသစ်ထည့်လိုက်၊ နက်ဖြန်ခါလည်း လင်းနေတာပဲ၊ သန်ဘက်ခါလည်း ထည့်လိုက်ရင် လင်းနေတာပဲ၊ ဖိန်းနွဲ့ခါလည်း လင်းနေတာပဲ၊ နောက်လလည်း လင်းနေတာပဲ၊ နောက်နှစ်လည်း လင်းနေတာပဲ၊ အမြဲတမ်းထည့်ပြီး အမြဲတမ်းလင်းနေတာပဲ၊ ဒီမီးမငြိမ်းဘူး၊ နောက်ထပ် ဆီတို့ မီးစာတို့ နောက်ထပ်အသစ်မထည့်ဘူးဆိုရင် ဆီကုန်ရင်လည်း ငြိမ်းတာပဲ၊ မီးစာကုန်လည်း ငြိမ်းတာပဲ၊ ဆီရော မီးစာရော (၂)ခုစလုံး ကုန်ရင် ပြောစရာ မရှိဘူး။

အဲဒါလိုပဲ အဝိဇ္ဇာ အစရှိသော အကြောင်းတရား ကိလေသာတွေ ငြိမ်းလာလို့ရှိရင် ကံတွေ ငြိမ်းသွားတယ်၊ ကံတွေ အကျိုးမပေးနိုင်တော့ဘူးတဲ့၊ ကံမရှိတော့ ဘဝသစ် ရုပ်နာမ်တွေ ခန္ဓာတွေ ငြိမ်းသွားတဲ့သဘောဟာ နိရောဓပဲတဲ့၊ ဒီလိုအငြိမ်းမျိုးတော့ကို စင်စစ်အငြိမ်းမှန်ပဲတဲ့၊ ဆင်းရဲငြိမ်းရာအမှန်၊ အဲဒီငြိမ်းတာဟာ ကောင်းတယ်တဲ့၊ ဒီလိုငြိမ်းသွားမှပဲ အေးချမ်းနိုင်မယ်။

နိရောဓသစ္စံ-နိရောဓသစ္စာသည်၊ ဆင်းရဲခပ်သိမ်းငြိမ်းသောတရားသည်၊ ဂ္ဂဋ္ဌံ-အလိုရှိအပ်သောတရားတည်း၊ ကန္ဆံ-နှစ်သက်အပ်သောတရားတည်း၊ မနာပံ-မြတ်နိုးအပ်သော တရားတည်း-တဲ့၊ ဒီလိုသဘောကျရမယ်၊ နိရောဓသစ္စာဟာ ကောင်းတယ်လို့ သဘောကျသွားတယ်၊ ဗုဒ္ဓဘာသာတွေဆိုတော့ နိဗ္ဗာန်ဆိုတာ ကောင်းတယ်လို့ ဒီလိုတော့ ပြောနေကြတာပါပဲ၊ သို့သော်လည်း နှစ်နှစ်ခြိုက်ခြိုက် သဘောကျသလား၊ မကျသလား၊ အဲဒါတော့ မပြောတတ်ဘူး။

တချို့လည်း ပညာရှိကြီးတွေ လုပ်နေတဲ့ပုဂ္ဂိုလ်ကိုပဲ အဲဒီရုပ်နာမ်ခန္ဓာတွေ ချုပ်ငြိမ်းသွားတာ သိပ်မကြိုက်ဘူး၊ သူ့ဟာ အတ္တလေးက ရှိနေချင်သေးတယ်၊ နိဗ္ဗာန်ရောက်ပြီး ဆွေတွေ မျိုးတွေနဲ့ တစ်သိုက်တစ်ဝန်းကြီး သူက နေချင်သေးတာကိုး၊ ဒီလိုဟာလေးက ရှိနေမယ်၊ ဒီလိုရှိတော့ သူသဘောမကျတတ်သေးဘူး၊ နိဗ္ဗာန်သည် ကောင်းတယ်၊ လိုချင်စရာတရားပဲ၊ မြတ်နိုးဖွယ်ပဲလို့ သူက မထင်ဘူး၊ မသိတတ်သေးလို့ အဲဒီဥစ္စာ ဒီလိုဖြစ်နေတာပဲ။

http://www.dhammadownload.com

မဂ္ဂသစ္စာ

မဂ္ဂသစ္စာက 'ဣဋ္ဌံ ကန္တံ မနာပံ' တဲ့၊ မဂ္ဂသစ္စာဆိုတာလည်း ကောင်းတယ်တဲ့၊ အဲဒါ နိဗ္ဗာန်ရောက်ကြောင်းတရားတွေဟာ ကောင်းတယ်လို့ သိရမှာကိုး၊ ဘာဖြစ်လို့တုံး ဒီမဂ္ဂသစ္စာတရားကျင့်မှ ခုနနိဗ္ဗာန်ရောက်မှာ၊ ရုပ်နာမ်သခါရ ငြိမ်းမှာ၊ ဆင်းရဲခပ်သိမ်းငြိမ်းမှာ၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတဲ့ အခါမှာ ဒီကိလေသာတွေ မရှိဘူး၊ ကိလေသာတွေမရှိတော့ ဘဝသစ်ရုပ်နာမ်ခန္ဓာတွေ မရှိတော့ဘူး၊ အပါယ်လေးပါးလည်း ဘယ်တော့မှမကျရဘူး၊ လူ့ဘဝ နတ်ဘဝတွေလည်း ဖြစ်ပြီး အိုရတယ်၊ နာရတယ်၊ သေရတယ်၊ ဆင်းရဲတွေနဲ့ ဘယ်တော့မှ မတွေ့ရဘူး၊ ကိုယ်ဆင်းရဲတွေ မတွေ့ရဘူး၊ ဆင်းရဲတွေ ဘယ်တော့မှ မတွေ့ရလို့ တစ်ခါတည်း ငြိမ်းသွားတာပဲ၊ ဆင်းရဲခပ်သိမ်း အကုန်လုံး ငြိမ်းသွားတာပဲ။

အဲဒီငြိမ်းတဲ့တရားကို ဘယ်နည်းနဲ့ရောက်မလဲဆိုရင် မဂ္ဂသစ္စာတရားနည်းနဲ့ ရောက်ရမယ်၊ ဒီမဂ္ဂသစ္စာတရားဟာ အမြတ်ဆုံးဆိုလို့ရှိရင် မဂ်လေးပါးပေါ့လေ၊ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ မဂ်လေးခုမှာပါဝင်တဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပစတဲ့ တရားတွေ စပြီးအားထုတ်လို့တော့ မဖြစ်ဘူး။

ပါရမီမျိုးစေ့

အဲဒီမဂ်လေးပါးရောက်ရာရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာက စပြီးအားထုတ်ရတယ်၊ ဝိပဿနာတောင်မှ သူက စတာ မဟုတ်ဘူး၊ ဝိပဿနာ အားထုတ်နိုင်တဲ့ အကြောင်းအရင်းဖြစ်တဲ့ ဒါန သီလ အစရှိသော ကုသိုလ်တွေက စလာတာ၊ ဒါန သီလကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်တွေက မြတ်စွာဘုရား၏သာသနာတော်တွင်းမှာ လူဖြစ်တာကိုး။

'မဂ်ဖိုလ်နိဗ္ဗာန်ရပါလို၏'လို့ ဆုတောင်းပြီးတော့ အဲဒီကုသိုလ်ကောင်းမှုတွေက အကျိုးပေးတဲ့အခါ ဘုရားသာသနာ လာတွေ့ရတယ်၊ အခု ဘဝလိုပေါ့၊ အခုဘဝ လူဖြစ်နေတာ ဘယ်က လာဖြစ်သလဲဆိုရင် ဒါလိုက်ပြီးတော့ စစ်ဆေးကြည့်ရမယ်၊ အခုဘဝ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ မိဘတွေထံမှာ ရောက်ပြီး ဗုဒ္ဓဘာသာတရားတွေ ထွန်းကားတဲ့ ဗုဒ္ဓဘာသာတရားတွေကို ကြားနိုင်နာနိုင်တဲ့ သူတော်ကောင်းတရားတွေကို ကျင့်နိုင်ကြံနိုင်တဲ့ အဲဒီလိုနေရာဌာန ရောက်ပြီးလာတာ၊

http://www.dhammadownload.com

ရှေးက ကုသိုလ်ကောင်းမှုရှိတဲ့ပုဂ္ဂိုလ်တွေ အဲဒီကုသိုလ်ကောင်းမှုတွေဟာ ဘယ်လို လုပ်ပြုလာတာလဲဆိုရင် လူချမ်းသာရအောင်, နတ်ချမ်းသာရအောင် ဒီလိုပြုလာတဲ့ ကုသိုလ်မဟုတ်ဘူး၊ ဒီကုသိုလ်မျိုးနဲ့ဆိုလို့ရှိရင် လူချမ်းသာ နတ်ချမ်းသာတွေ ရမှာပဲ၊ ရပြီးတော့လည်း မေ့မေ့လျော့လျော့နေမှာပဲ၊ ရတဲ့ချမ်းသာလေးနဲ့ သူပျော်မွေ့နေမယ်၊ အခုလို သူတော်ကောင်းတရားတွေ လိုက်လံရှာဖွေခြင်းတွေ ပြုမှာ မဟုတ်ဘူး၊ ကြားရ နာရလို့လည်း သူကျင့်မှာမဟုတ်ဘူး၊ အခု သူတော်ကောင်း တရားတွေ လိုက်လံရှာဖွေတဲ့သူကတော့ တရားနာဖို့ရာတွေ၊ သူတော်ကောင်း တရားကြားဖို့ရာတွေ ကြောင့်ကြစိုက်နေတယ်၊ ပါရမီမျိုးစေ့ပါလာတဲ့ပုဂ္ဂိုလ်တွေ ဒီတရားပဲ သူလိုက်ရှာနေတယ်၊ အင်မတန် အံ့ဩစရာကောင်းတယ်။

မြန်မာပြည်ကထက် ဟိုဗုဒ္ဓဘာသာမထွန်းကာတဲ့နိုင်ငံက လူတွေကမှ သိပ်အံ့ဩစရာကောင်းတာ၊ အဲဒီက ဘာမသိညာမသိနဲ့ သူတို့တရားတွေ လိုက်ရှာ နေကြတယ်၊ ခဲခဲယဉ်းယဉ်း သူတို့ခရီးစရိတ်တွေ အကုန်ခံပြုပြီးတော့ လာကြ အားထုတ်ကြတယ်၊ အင်မတန် အံ့ဩစရာကောင်းတယ်၊ အဲဒါ ပါရမီမျိုးစေ့တွေ၊ ရှေးဘဝတုန်းက ပါရမီကုသိုလ်တွေ ပါလာလို့ပဲ။ ဒီပါရမီကုသိုလ်က ဘယ်ပုံ ဘယ်နည်းဖြစ်သလဲဆိုတော့ ဒါနသီလ ပြုနေကြလို့ပါပဲ၊ ဆွမ်းကလေးတစ်ဇွန်း လောင်းတာဖြစ်စေ၊ ပန်းကလေးတစ်ပွင့် လှူတာဖြစ်စေ၊ ငါးပါးသီလဆောက် တည်တာ ဖြစ်စေ၊ ဘုရားရှိခိုးတာဖြစ်စေ အဲဒီကုသိုလ်ကောင်းမှု ပြုတဲ့အခါကာလ စိတ်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက် "မဂ်ဖိုလ်နိဗ္ဗာန် ရပါလို၏၊ ဒီကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရပါစေ"လို့ ဒီလိုရည်ရွယ်ဆုတောင်းပြီး ပြုတဲ့ကုသိုလ်တွေပါ။

ဓိဝဋ္ဋနိဿိတ ဆုတောင်း

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

မေ-အက္ခရာပ်၏၊ ဣဒံ ပုညံ-ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ-အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရွှက်ဆောင်သည်၊ (အာဝဟံ-ရွှက်ဆောင်သည်၊ 'ဝဟ'ဆိုတာ ဆောင်တာ၊ ဆောင်တယ်ဆိုတာက ဒီကနေပြီး ဟိုဆောင်သွားတာလည်း ရှိတယ်၊ 'အာဝဟ'ဆိုတာက ဟိုက ဆောင် လာတဲ့ အဓိပ္ပါယ်) အာသဝက္ခယာဝဟံ-အာသဝေါတရားလေးပါးတို့၏ ကုန်ရာ

http://www.dhammadownload.com

ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို ရွှက်ဆောင်သည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ ဒီအဆိုကလည်း မှန်မှန်ကန်ကန်ရတဲ့ပုဂ္ဂိုလ် အင်မတန်ရှားတယ်၊ ဒီကနားထောင်ကြည့်နေတယ်၊ ဒီလိုပါပဲ တချို့ဆရာကြီး သမားကြီးဖြစ်တဲ့ ပုဂ္ဂိုလ်တွေလည်း 'အာသဝက္ခယံ ဝဟံဟောတု' လို့ ဝဟံ-ဝဟန္တော-ရွှက်ဆောင်သည်၊ ဘာညာနဲ့ အနက်ဆောင်ပေးလိုက်သေးတယ်၊ ဒါတွေက မဟုတ်တဲ့ဟာတွေပဲ၊ 'အာသဝက္ခယာဝဟံ' အာသဝက္ခယ နဲ့ အာဝဟ-ကို သမာသ်ပုဒ်တွဲထားတယ်။

"ညာတော အတ္ထော သုခါဝဟော"တဲ့၊ ညာတော-သိအပ်သော။ အတ္ထော-အနက်သည်၊ သုခါဝဟော-ချမ်းသာကို ဆောင်တတ်၏-တဲ့၊ ဒီလိုရှိတယ်။

"စိတ္တံ ဒန္တံ သုခါဝဟံ"၊ စိတ္တံ-စိတ်သည်၊ ဒန္တံ-ဆုံးမပေး၍ ယဉ်ကျေးသည်ရှိသော်၊ သုခါဝဟံ-ချမ်းသာကို ဆောင်တတ်၏တဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏-တဲ့၊ သုခါဝဟံ-တဲ့၊ ဒုက္ခာဝဟံ-တဲ့၊ ဖလာဝဟံ-တဲ့ စသည်ဖြင့် အများကြီး ရှိပါတယ်၊ အာဝဟတွေ ရှေးပုဒ်နဲ့တွဲထားတဲ့ သမာသ်ပုဒ်ပဲ၊ ဒါပေမယ့် မြန်မာတစ်ပြည်လုံးမှာ 'အာသဝက္ခယံ'တွေက သိပ်တွင်နေတယ်၊ မှန်မှန်ကန်ကန်ရတဲ့ပုဂ္ဂိုလ်၊ မှန်မှန်ကန်ကန်ပြောဟောတဲ့ပုဂ္ဂိုလ်က နည်းနည်းပါးပါးတော့ရှိပါတယ်၊ နည်းပါတယ် 'အာသဝက္ခယာဝဟံ ဟောတု' ဆိုရတာ နည်းနည်းတော့ခက်တယ်၊ သူက အရှည်ကြီးဖြစ်နေတယ်၊ 'အာသဝက္ခယံ' တစ်ပုဒ်၊ 'ဝဟံ' တစ်ပုဒ် ဆိုရင်တော့ ဆိုလို့လွယ်တာပေါ့၊ ဒါပေမယ်လို့ အမှန်အတိုင်းတော့ 'အာသဝက္ခယာဝဟံ'ပါပဲ။

'ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု'တဲ့၊ မေ-ကျွန်ုပ်၏၊ ဣဒံ ပုညံ-ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ-အာသဝေါတရားလေးပါးတို့၏ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ရွှက်ဆောင်သည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ ဒါဘုန်းကြီးက အမြဲတမ်း ချပေးနေတာပါပဲ၊ အမြဲတမ်းချပေးနေပေမယ်လို့ တချို့က အမှတ်တမဲ့ပဲ၊ ကိုယ်ဆိုနေကျဆိုချင်လည်း ဆိုမှာပဲ၊ ကိုယ်ဆိုနေကျမဟုတ်ပြန်လည်း ဒီဆရာတော်က တစ်မျိုးပဲ. ထူးတယ် ဆန်းတယ်လို့ အောက်မေ့တယ်၊ ဆန်းတာကတော့ မဟုတ်ပါဘူး၊ စာပေနဲ့အညီပါပဲ၊ စာပေက ဒီတိုင်းရှိတာ။

http://www.dhammadownload.com

ကဲ. . ကဲ. . ဆိုစမ်းပါဦး "ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု" မေ- ကျွန်ုပ်၏၊ ဣဒံ ပုညံ-ဤကောင်းမှုသည်၊ ဤကောင်းမှု ဆိုတာ ဘုရားရှိခိုးရင် ဘုရားရှိခိုးတဲ့ကောင်းမှုပေါ့၊ (၅)ပါးသီလဆောက်တည်ရင် (၅)ပါးသီလဆောက်တည် ကျင့်သုံးရတဲ့ကောင်းမှုပေါ့၊ ပန်းလှူလို့ရှိရင် ပန်းလှူတဲ့ကောင်းမှုပေါ့၊ ဆီမီးလှူရင် ဆီမီးလှူတဲ့ကောင်းမှုပေါ့၊ ဆွမ်းလှူရင် ဆွမ်းလှူတဲ့ကောင်းမှု၊ သင်္ကန်းလှူရင် သင်္ကန်းလှူတဲ့ကောင်းမှု၊ အခုလိုပေါ့၊ ဘာကောင်းမှုဖြစ်ဖြစ်၊ 'ကျွန်ုပ်၏ ဤကောင်းမှုသည်' ဆိုလျှင် မိမိရဲ့စိတ်ထဲမှာရှိနေတဲ့ ဤသင်္ကန်းလှူသော ကောင်းမှု၊ ဆွမ်းလှူရသော ကောင်းမှု၊ ပန်းလှူရသောကောင်းမှု၊ ရေချမ်းလှူရသော ကောင်းမှု ဒီလိုတော့ ဆိုနိုင်ပါတယ်၊ မေ-အကျွန်ုပ်၏၊ ဣဒံ ပုညံ-ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ-အာသဝေါတရား (၄)ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရွက်ဆောင်သည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ အဲဒါ ဝိဝဋ္ဌနိဿိတ ဆုတောင်းပုံတဲ့၊ အဌကထာက ပြတာ၊ ဘုန်းကြီးက ပြတာမဟုတ်ပါဘူး၊ သံယုတ်အဌကထာ, အဂုံတ္တိုရ်အဌကထာမှာ ရှိတယ်။

အချို့က ဘဝတောင့်တပြီးတော့ ပြုတယ်တဲ့၊ ကုသိုလ်ကောင်းမှုပြုလို့ လူချမ်းသာရပါလို၏၊ နတ်ချမ်းသာရပါလို၏၊ သူဌေးဖြစ်ရပါလို၏၊ မင်းဖြစ်ရပါလို၏ စသည်ဖြင့် ဆုတောင်းတာကိုး၊ အဲဒါ ဘဝချမ်းသာတွေ တောင့်တတာ၊ တောင့်တရင် တောင့်တသလိုဖြစ်တယ်၊ တချို့ နတ်ဘဝတောင့်တ နတ်ဖြစ်တာပဲ၊ လူဘဝတောင့်တ လူဖြစ်တာပဲ။

ဆုတောင်းမှားနဲ့ခြင်း

တချို့များ တစ်ခါတည်း မြွေနဂါးကြီးဘဝကို တောင့်တပြီး မြွေနဂါးကြီးဖြစ်နေလို့ တကယ်တည်းမှပဲ ဘုရားအလောင်းတော် စမွေယျနဂါးမင်းကြီးသွားဖြစ်တယ်၊ ဘုရားလောင်းတော်ဟာ စမွေယျနဂါးမင်းမဖြစ်ခင် အရင်ဘဝက လူဖြစ်တယ်၊ လူဆင်းရဲဖြစ်တယ်၊ ဒီအခါတုန်းက နဂါးကိုလည်း ကိုးကွယ်ကြတယ်၊ စမ္ပာမြစ်ထဲက နဂါးကြီး၊ အဲဒါနဂါးကြီးကိုမင်းနှင့်တကွကိုးကွယ်ကြ၊ ပူဇော်ကြတော့ နဂါးကလည်း လူယောင်ဖန်ဆင်းပြီးတော့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ကို နတ်လိုဖြစ်နေတယ်၊ စာထဲပေထဲကတော့ ဒီလိုနဂါးတွေ နတ်တွေဟာ ထင်ရှားတယ်။

http://www.dhammadownload.com

အခုတော့ ဘယ်လိုဟာ ထင်ရှားသလဲဆိုရင် တချို့သိုက်သွားတူးတဲ့ပုဂ္ဂိုလ်တွေ တချို့မွေလိုက်လို့၊ နဂါးလိုက်လို့ ထွက်ပြေးရတယ်၊ ဒီလိုဟာတော့ နည်းနည်းပါးပါးရှိပါတယ်၊ ထင်ထင်ရှားရှားကတော့ နတ်နဂါးပါတာ တွေ့ခဲ့တယ်၊ အဲဒီနဂါးမင်းကြီးရဲ့စည်းစိမ်တွေ မြင်ရတော့ ခုနဆင်းရဲသား ဘုရားလောင်းက ဒီတစ်ခါဆင်းရဲသားဖြစ်နေတော့ သူမှာ ဘာမှမပြည့်စုံတော့ သူများပြည့်စုံတာတွေ မြင်ရင် သူက သဘောကျတယ်၊ အဲဒီတော့ ဒီနဂါးမင်းကြီးလိုဖြစ်ရရင် ကောင်းမှာပဲဆိုပြီးတော့ သူပြုတဲ့ကုသိုလ်လေးတွေနဲ့ ရည်ညွှတ်ပြီးလာလို့ သေသည့်အခြားမဲ့ မွေနဂါးကြီး ဖြစ်လို့ပါလား၊ သူက နဂါးကြီးဖြစ်သွားတယ်၊ အဲဒီလို နဂါးကြီးဖြစ်လာတော့ အောင်မယ် တကယ်တည်းမှ မွေနဂါးကြီးဖြစ်လာပါလား နေရာမကျဘူး၊ ဒါတော့ ဘုရားအလောင်းကို၊ ဒီပြင်ပုဂ္ဂိုလ်ဆို သိချင်မှ သိဦးမယ်၊ ဒီမွေနဂါးကြီးလည်း သဘောကျလို့ ကိုယ်ဖြစ်ရာဘဝ သဘောကျတယ်၊ ကိုယ့်ဘဝကို ဘာဖြစ်ဖြစ်၊ ဖြစ်ရာဘဝကို သဘောကျတယ်၊ ဘုရားအလောင်းကတော့ ပညာက ရှိပြီးသားဖြစ်နေတော့ မွေကြီးနေရာ မကျတာပဲ၊ စိတ်ကူးပြီးနေတုန်း နဂါးမတွေက ရိပ်မိသွားဆိုကို၊ နဂါးမတွေဟာ ဒီနဂါးကြီးကတော့ သူက စဉ်းစားဉာဏ်ရှိတယ်၊ သူဘဝနဲ့သူ သူနှလုံးမသာဖြစ်နေတာပဲ၊ တို့မျော်အောင် လုပ်ကြဦးစို့ဆိုပြီး နဂါးမတွေ တန်ခိုးဖန်ဆင်းပြီးတော့ တကယ်တည်း တီးကြ၊ မှုတ်ကြ၊ ကကြ၊ ခုန်ကြ သီချင်းဆိုကြနဲ့ဆိုတော့ ဒီအာရုံတွေ ရောက်သွားတော့ နဂါးကြီး သံဝေဂပျောက်သွားဆိုပဲ၊ သံဝေဂက ဘုရားအလောင်းတောင် ပျောက်သေးတာ၊ သာမန်ပုဂ္ဂိုလ်တွေဆိုပြောစရာ မရှိဘူး၊ ကြောက်စရာ အင်မတန်ကောင်းတယ်၊ ဘဝအသစ်ဖြစ်လို့ရှိရင် ဖြစ်ရာဘဝ ပျော်ကြတယ်။

ဘုရားအလောင်းဆိုတော့ ပြန်ပြန်စဉ်းစားတော့ သတိရလာတယ်၊ ဒီမွေဘဝကတော့ နေလို့နေရာမကျပါဘူးဆိုပြီး လွတ်ရာလွတ်ကြောင်း သူက ဥပုသ်သီတင်းသွားဆောက်တည်၊ သေချင်လည်း သေပစေ၊ သူများတွေ သတ်စားချင် သတ်စားပစေတော့ ဆိုပြီး လူတွေနေတဲ့နေရာ သွားပြီးတော့ ဥပုသ်သီတင်းဆောက်တည်နေတယ်၊ မွေအလမ္ဘာယ်ဆရာက တွေ့တော့ မွေကြီးကို ဖမ်းတယ်၊ သူက မွေမန္တန်တွေ ဘာတွေနဲ့ မန်းမှုတ်တယ်၊ သူမန္တန်စွမ်းတယ်လို့ အောက်မေ့ပြီး မွေကြီးကို သူက ဖမ်းသွားပြီး ပခြုပ်ထဲ ထည့်ပြီး အလမ္ဘာယ်ပြတာကို၊ အလမ္ဘာယ်ပြသူကို ကိုက်လိုက်ရင်တော့ သေမှာပဲ၊ မကိုက်လို့ ဘုရားအလောင်းကို၊ ကိုက်လိုက်

http://www.dhammadownload.com

ရင် သေမယ်၊ နှာလေနဲ့ မှုတ်လိုက်ရင်ပဲ သေမယ်၊ ဗါပေမယ်လို့ ဘုရားအလောင်း သူသီလမပျက်အောင် ဆိုပြီး ဥပုသ်စောင့်ပြီးနေတော့ သူက ဘာမှ မလုပ်ပါဘူး၊ အဲဒီဘဝအထိပဲ ဆုတောင်းလွဲခဲ့တယ်။

အဲဒီတော့ စိတ်က အလိုရှိရင် တောင့်တရင် ဖြစ်တယ်၊ ကုသိုလ်ကောင်းမှု ဆိုတာ ဘာမဆိုဖြစ်နိုင်တယ်၊ ကောင်းတာတောင့်တလည်း ဖြစ်တယ်၊ မကောင်းတာ တောင့်တလည်း ဖြစ်တာပဲ၊ တချို့လည်း ရန်ပြုးမဲ့ပြီးတော့ မိမိရန်ပြုးရှိတဲ့ ပုဂ္ဂိုလ်ကို နောက်ဘဝမှာ သတ်နိုင်ရပါလို့၏လို့ ဆုတောင်းထားလို့ နောက်ဘဝတွေဖြစ်လာတယ်၊ တစ်ယောက် တစ်ပြန်သတ်သွားလိုက်တာရှိတယ်၊ ဒီလိုဟာလည်း ရှိတာပဲ၊ ဒီလို မကောင်းမှု ဆုတောင်းဖြစ်တယ်၊ မကောင်းတာတော့ မတောင်းရဘူး၊ ကောင်းတာ တောင်းရတယ်၊ လူချမ်းသာ၊ နတ်ချမ်းသာဆိုတော့ နည်းနည်းတော်သေးတယ်၊ အကောင်းဆုံးကတော့ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ အကောင်းဆုံးပဲတဲ့၊ ဝိဝဋ္ဋ-ဝဋ်ကင်းရာဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရား တောင့်တ,တာ အကောင်းဆုံးပဲ၊ ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်တယ်။

"ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု"လို့ ပန်းလေးတစ်ပွင့်ဖြစ်စေ၊ သစ်သီးလေးတစ်လုံးဖြစ်စေ၊ ဆွမ်းတစ်လုပ်နှံဖြစ်စေ လှူတဲ့အခါကာလမယ်၊ အဲဒီလို ဆုတောင်းနဲ့ ဆုတောင်းရတယ်၊ ဒီလိုမဆိုတတ်လည်းပဲ 'မဂ်ဖိုလ်နိဗ္ဗာန်ရပါလို့၏' လို့ ဆိုလည်း ပြီးတာပါပဲ၊ အဲဒါကို စာနဲ့ပေနဲ့ နည်းနည်းခန့်ခန့်ငြားငြားဖြစ်အောင် ပြောနေတာ၊ 'ဒီကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရပါလို့၏' ပြီးတာပါပဲ၊ မထူးပါဘူး၊ အဲဒီလို ဆုတောင်းလိုက်လို့ရှိရင် ဒီကုသိုလ်ဟာ ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်တယ်၊ ပါရမီကုသိုလ်ဖြစ်ပါတယ်၊

အဲဒီကုသိုလ်က မဂ္ဂင်တရားပဲ၊ ဒီကုသိုလ်ကနေပြီးတော့ အကျိုးပေးမယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တဲ့ လူဘဝ၊ မိကောင်းဖကောင်း ပုဒ္ဓဘာသာဝင်ဖြစ်တဲ့ပုဂ္ဂိုလ်၊ ထွန်းကားနေတဲ့နေရာဌာန၊ မြတ်စွာဘုရားဟောတဲ့ တရားတွေ ကြားနေနိုင်တဲ့ နေရာဌာနမှာ ဒီကုသိုလ်ကောင်းမှုက ပို့ပေးတယ်၊ အဲဒီအရပ်သွားပြီး လူဖြစ်တာကိုး၊ အခု လူတွေ ဒီလိုဖြစ်လာတာ၊ ပထမ ပဋိသန္ဓေထဲက မိဘတွေက ပုဒ္ဓဘာသာတွေဖြစ်တယ်၊ ပုဒ္ဓဘာသာတရားတွေကြားနိုင်တဲ့ နေရာမှာနေတယ်၊ သူတော်ကောင်းတရားတွေ ကြားနိုင်တဲ့နေရာမှာ နေတယ်၊ ဒီသူတော်ကောင်း

http://www.dhammadownload.com

တရား အားထုတ်နိုင်တဲ့နေရာဌာနမှာ အစစအရာရာပဲ နေရေး ထိုင်ရေး စားရေး သောက်ရေးက စပြီး အကြောင်းညီညွတ်လာတယ်၊ (အကြောင်း မညီညွတ်ချင်ပြီ ဆိုမှတော့ မပြည့်စုံဘူး၊ ဟိုဟာ မပြည့်စုံ၊ ဒီဟာမပြည့်စုံ ဖြစ်လာတယ်) အဲဒီ အကြောင်းညီညွတ်လာတာတွေ ဘာ့ကြောင့်လဲဆိုတော့ ဒီလိုဆုတောင်းတွေ ကြောင့် ပြည့်စုံတာ၊ မေ-အက္ခရိုပ်၏၊ ဣဒံ ပုညံ-ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ-အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရွှက်ဆောင်သည်၊ ဟောတု-ဖြစ်ပါစေသတည်း။ ဆုတောင်းတဲ့ကုသိုလ်က အကျိုး ပေးတဲ့ကုသိုလ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တဲ့ လူဘဝကြီး ရနေကြပြီ၊ အဲဒါဟာ ဒါန ကုသိုလ် သီလကုသိုလ်တွေက လာတာပဲ။

မဂ္ဂင်သုံးမျိုး

ဒီဒါနကုသိုလ် သီလကုသိုလ်တွေဟာလည်းပဲ မဂ္ဂင်တရားတွေရဲ့ အခြေခံပဲ၊ မူလမဂ္ဂင်၊ ပုဗ္ဗဘာဂမဂ္ဂင်၊ အရိယမဂ္ဂင် (၃)မျိုးလို့ ဘုန်းကြီးက ခွဲထားတယ်၊ စာပေ ကျမ်းဂန်ထဲ တိုက်ရိုက်ရှိတာကတော့ ပုဗ္ဗဘာဂမဂ္ဂင်နဲ့ အရိယမဂ္ဂင် (၂)ခုပဲ ခွဲထားတယ်၊ မူလမဂ္ဂင်တော့ စာရင်းသွင်းမထားဘူး၊ မူလမဂ္ဂင်က ပုဗ္ဗဘာဂ မဂ္ဂင်ထဲ ထည့်ထားပါတယ်။

ဘုန်းကြီးကတော့ မူလမဂ္ဂင်က တမျိုးလေးမို့လို့ မူလမဂ္ဂင်ကို ဘုန်းကြီးက တစ်မျိုးခွဲထားတယ်၊ မှတ်လို့သားလို့လည်း လွယ်အောင်၊ "မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်၊ ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ခါတ်"တဲ့၊ ဒီလိုဆောင်ပုဒ် ကလေး ပေးထားတယ်၊ ကိုင်း . . ဆိုစမ်းပါဦး။

* **မူလ,ပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်၊**
ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ခါတ်၊ (ဆို သုံးခေါက်)

အဲဒီမဂ္ဂင် (၃)ပါးကို ဖြစ်အောင် အားထုတ်ပွားစေပါတဲ့၊ မဖြစ်သေးရင် ဖြစ်အောင် အားထုတ်ရတယ်၊ ဖြစ်ပြီးသားတရားတွေလည်း ပွားသထက် ပွားအောင် အားထုတ်လို့ ရှိရင် နိဗ္ဗာန်ကို ရောက်သွားပါတယ်လို့ ဆိုလိုတယ်။

မူလမဂ္ဂင်

အဲဒီမူလမဂ္ဂင်၊ ပုဗ္ဗဘာဂမဂ္ဂင်၊ အရိယမဂ္ဂင်၊ မဂ္ဂင် (၃)ပါး ဖြစ်အောင် အားထုတ်ပါတဲ့၊ ဖြစ်ပြီးလျှင်လည်း ပြည့်စုံသထက်ပြည့်စုံအောင် ပွားများအောင်

http://www.dhammadownload.com

အားထုတ်ပါတဲ့၊ ပွားများအောင် အားထုတ်ရင် ဘယ်ရောက်မလဲဆိုတော့ နိဗ္ဗာန်ဓာတ်ထဲ ရောက်သွားပါလိမ့်မယ်တဲ့၊ မူလမဂ္ဂင်က အခုပြောတဲ့ ကံ, ကံ၏ အကျိုး ယုံကြည်ပြီးတော့ ပြုတဲ့ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ 'မဂ်ဖိုလ် နိဗ္ဗာန်ရောင်အောင်လို့ မဂ်ဖိုလ်နိဗ္ဗာန် ရပါစေ'လို့ ရည်ရွယ်ဆုတောင်းပြီးပြုတာ၊ ဒါန သီလ အစရှိသော ကုသိုလ်တွေဟာ မူလမဂ္ဂင်တွေပဲ၊ အဲဒီမူလမဂ္ဂင်တွေက အရင်းခံပြီးတော့ ဘဝကောင်းတွေ ရောက်လာတာ၊ လူဘဝ၊ နတ်ဘဝ တရားထူး ရနိုင်တဲ့ ဘဝမျိုးတွေ ရောက်လာတယ်၊ အဲဒီရောက်လာတဲ့အခါကျတော့ ဒီမှာလည်း မူလမဂ္ဂင်တော့ ပါသေးတာပါပဲ၊ ကံ, ကံ၏အကျိုးယုံကြည်တာတွေ ပါသေးတယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတာ ပါတယ်။

ပုဗ္ဗဘာဂမဂ္ဂင်

အဲဒါ မူလမဂ္ဂင်အကြောင်းအရင်းခံပြီးတော့ တရားကျင့်တဲ့အခါ ပုဗ္ဗဘာဂ မဂ္ဂင်တွေ ဖြစ်တယ်၊ ဒွါရ (၆)ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေ ရှုတိုင်းရှုတိုင်း ဟာ ပုဗ္ဗဘာဂမဂ္ဂင်တွေ ဖြစ်တယ်၊ ရုပ်တရား နာမ်တရားတွေ ပိုင်းခြားသိတယ်၊ ဖြစ်မှုပျက်မှုတွေ ပိုင်းခြားသိတယ်၊ ပုဗ္ဗဘာဂမဂ္ဂင်ပဲ၊ အပျက်သက်သက်တွေ သိတဲ့ ဘင်္ဂဉာဏ်စသည် ဖြစ်ဖြစ်ပြီးတော့ သိသွားတယ်၊ သင်္ခါရတွေ လျစ်လျူရှုပြီး သိနေတယ်၊ ပုဗ္ဗဘာဂမဂ္ဂင်ပဲ၊ ဝိပဿနာရှုနေစဉ်အခါကာလဖြစ်တဲ့ ရှုမှတ်မှု သိမှု တွေဟာ ပုဗ္ဗဘာဂမဂ္ဂင်တွေချည်းပဲ၊ ရှေ့အဖို့ မဂ္ဂင်ရှေ့ပိုင်းပဲတဲ့။

အရိယမဂ္ဂင်

အဲဒီရှေ့ပိုင်းကနေပြီးတော့ ပြည့်စုံတဲ့အခါမှ နောက်ပိုင်း အရိယမဂ္ဂင်က ဖြစ်မှာ၊ ဒါလေးက တစ်ကြိမ်တည်းရယ် ဘာမျှမကြာဘူး၊ သူနာမည်ကသာကြီး နေတာ၊ သူက တစ်ကြိမ်ထဲပဲ၊ ဘာနဲ့တူနေလဲဆိုတော့ ဘုရားထီးတင်တာနဲ့တူတယ်၊ စေတီဘုရားတည်လို့ရှိရင် အောက်က အကြီးကြီးလုပ်ရတာပဲ၊ အောက်က တော် တော်နဲ့ မပြီးနိုင်ဘူး၊ ထီးလေးက သူဟာ ဘာမျှကြာတာ မဟုတ်ဘူး၊ ထီးတင်တော့ ဘာမျှကြာတာ မဟုတ်ဘူး၊ သူဟာ တစ်မနက်ခင်း တင်လိုက်လည်း ပြီးတာပဲ၊ ဒီလောက်ကြီးတဲ့စေတီကြီးဟာ တစ်မနက်ခင်း တင်လိုက်ပြီးတာပဲ၊ မပြီးချင်လို့ ဖြည်းဖြည်း ဟိုအတီးအမှုတ်တွေ ပွဲတွေ ဘာတွေ ခံလုပ်နေတာ၊ အဲဒါတော့

http://www.dhammadownload.com

ချဲ့ချင်လည်း ချဲ့လို့ ရတာပေါ့လေ၊ ပြီးအောင် လုပ်မယ်ဆိုလို့ရှိရင် တစ်မနက်ခင်း လောက်နဲ့ ပြီးတာပါပဲ၊ အဲဒီဥစ္စာ ဘာမျှခဲယဉ်းတာမဟုတ်ဘူး၊ အများဆုံး လုပ်ရ တာကတော့ အောက်ခြေက နေပြီးတော့, ဖိနပ်ကနေပြီးတော့ ပစ္စယံတွေ တက်၊ ဘာတွေတက်၊ ညာတွေတက်၊ လျှောက်ပြီးတော့ လုပ်ရတာ၊ စေတီကြီးတစ်ခု နှစ်လ၊ သုံးလ မပြီးသေးဘူး၊ စေတီကြီးလို့ရှိရင် တစ်နှစ်လည်း မပြီးသေးဘူး၊ နှစ်နှစ်လည်း မပြီးသေးဘူး၊ အင်မတန်လုပ်ရတယ်၊ ထီးတင်တဲ့အခါ တစ်ခဏလေး ဘာမျှ မကြာဘူး။

အဲဒါလိုပဲ သူက အရိယမဂ္ဂင်ဖြစ်အောင် အားထုတ်ရတာ၊ ဝိပဿနာတွေ ပုဗ္ဗဘာဂ ရှေ့ပိုင်း အင်မတန် အားထုတ်ရတယ်၊ အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ကြည့်ပေါ့၊ တရားအားထုတ်တာတွေဟာ အင်မတန်အားထုတ်ရတယ်၊ တချို့ မြန်တဲ့ပုဂ္ဂိုလ်တောင်မှ (၇)ရက်လောက် အားထုတ်ရတာကိုး၊ (၇)ရက်ထက်မြန်တဲ့ ပုဂ္ဂိုလ်လည်း ခပ်ရှားရှားပဲ၊ (၁၀)ရက်လောက် အားထုတ်ရတာ ရှိတယ်၊ (၁၅)ရက် လောက် အားထုတ်ရတာရှိတယ်၊ ရက် (၂၀)လောက် အားထုတ်ရတာ ရှိတယ်၊ (၂၅) ရက်လောက် အားထုတ်ရတာ ရှိတယ်၊ တစ်လလောက် အားထုတ်ရတာ ရှိတယ်၊ တစ်လခွဲလောက် အားထုတ်ရတာ၊ နှစ်လ သုံးလလောက် အားထုတ်ရတာ ရှိတယ်၊ အဲဒီရှေ့ပိုင်းက အဲဒီလို တစ်လ နှစ်လစသည် အားထုတ်နေတာဟာ ပုဗ္ဗဘာဂဂွင်တွေချည်းပဲ၊ နေ့ရော ညဉ့်ရော မပြတ်ဘူး၊ တစ်မှတ်တည်း မှတ်နေရ တာပဲ။ နောက်ဆုံး ရုပ်နာမ်သဒ္ဒါရဲ့ ငြိမ်းရာလေး ဖြုတ်ခနဲ ရောက်သွားတယ်ဆို တာ တစ်ခဏလေးပဲ၊ တစ်မိနစ်လည်း မကြာဘူး၊ ဖြုတ်ခနဲ ဟောပြီးပြီ၊ ပြီးနေတာ၊ ဆက်ပြီးတော့ မှတ်နေတာက ကြေအောင်လို့ မှတ်နေရတာ။

အဲဒီတော့ ဒီမှာ အစဉ်အားဖြင့် မူလမဂ္ဂင်၊ မဂ်ဖိုလ်နိဗ္ဗာန်ရည်ရွယ်ပြီး ပြုတဲ့ အခြေခံ ဒါန သီလ အစရှိသော ကုသိုလ်ကောင်းမှုတရားတွေ၊ မူလမဂ္ဂင်တွေ၊ ပြီးတော့ အရိယမဂ်ရောက်အောင်လို့ ဝိပဿနာတရားတွေ ပွားများအားထုတ် နေရတယ်၊ ရှုတိုင်းရှုတိုင်း ပုဗ္ဗဘာဂမဂ္ဂင်ပဲ၊ နောက်ဆုံးကျတော့ အရိယမဂ္ဂင်နဲ့ နိဗ္ဗာန်ဓာတ်ကို ပြေးဝင်ပြီးတော့ သွားတယ်၊ အဲဒါတွေဟာ မဂ္ဂသစ္စာတရားတွေ ပဲတဲ့၊ မူလမဂ္ဂင်နဲ့ပုဗ္ဗဘာဂမဂ္ဂင်က လောကီမဂ္ဂသစ္စာတရားတွေကိုး၊ နောက်ဆုံး နိဗ္ဗာန်ဓာတ်ထဲ ပြေးဝင်သွားတာကတော့ အရိယမဂ္ဂင် လောကုတ္တရာမဂ္ဂသစ္စာ၊ သူက လောကုတ္တရာမဂ္ဂင်ပဲ။

http://www.dhammadownload.com

အဲဒီလောကီရော လောကုတ္တရာရော (၂)ခုလုံးမှာ မဂ္ဂသစ္စံ-မဂ္ဂသစ္စာသည်၊ ဣဋ္ဌ-အလိုရှိအပ်တဲ့တရားပဲတဲ့၊ အလိုရှိအပ်တဲ့တရား။ မသိရင်သာ သိတဲ့ပုဂ္ဂိုလ်တွေ အလိုရှိရမှာ၊ မသိတဲ့ပုဂ္ဂိုလ်တွေကတော့ အလိုမရှိဘူးပေါ့၊ ကျွဲပါး စောင်းတီးဆိုတာလိုပဲ၊ မြတ်စွာဘုရားရှင်သာသနာတော်ကြီး အင်မတန် ထွန်းကားနေပေမယ်လို့ တချို့က ဒီဥစ္စာကို တယ်ပြီးတော့ အမွှန်အမြတ်မထင်ဘူး၊ ယခုခေတ်ကာလ လောကကြီးမှားရေးတွေ စီးပွားရေးတွေ ဘာတွေညာတွေ အနောက်နိုင်ငံတွေ ဘာတွေက တီထွင်လိုက်တာတွေ အကောင်းမှတ်ပြီးတော့ ဒါတွေ လိုက်ပြီးတော့ လုပ်နေတယ်၊ ဘာသာတရားတွေကိုတော့ တယ်ပြီးတော့ အရေးမကြီးသေးဘူးလို့ ဒီလိုအောက်မေ့နေတယ်၊ အပိုတွေပဲလို့တောင် အောက်မေ့ကြသေးတယ်၊ ဘာမျှဂရုမစိုက်ကြဘူး၊ မရိုမသေပြုလုပ်ပြီး နေတာတွေ ရှိတယ်၊ ဒါ အဖိုးတန်မှန်း မသိတာပဲ။

သမင်မမာ မဆီရွာ

ဘာနဲ့တူလဲဆိုရင် တောထဲမှာ သမင်များနဲ့ တူတယ်တဲ့၊ တောထဲ သမင်များဟာ အဖိုးတန်တဲ့ ကျောက်တို့၊ ရွှေတို့၊ စိန်တို့ တွေ့နေပေမယ့် သူမှာ ဘာမှတန်ဖိုးမရှိဘူး၊ တန်ဖိုးရှိမှန်းလည်း မသိဘူး၊ သူ့အတွက် အသုံးလဲမကျဘူး၊ ဟုတ်တော့ ဟုတ်တယ် သူက၊ သူကောက်သွားပေမယ်လို့ ဘာမျှအသုံးမကျဘူး၊ ဘာမှ လုပ်လို့ မဖြစ်ဘူး၊ သူမှာ လူတွေသာ အသုံးကျတာ၊ သူမှာတော့ အသုံးကျတာ မဟုတ်ဘူး၊ သူမှာတော့ မြက်လောက် အသုံးမကျဘူး၊ သူမှာတော့ မြက်နုနု မြက်ကောင်းကောင်းဟာ အဖိုးတန်တာပဲ၊ သမင်ကတော့ မြက်, ရေတို့ပဲ အသုံးကျတာပဲ၊ ဒါကြောင့် သူက မြက်ကောင်း, ရေကောင်းပဲ လိုက်ရှာနေတယ်၊ ကျောက်ကောင်းတွေ စိန်ကောင်းတွေ ဘာတွေ ညာတွေ လမ်းမှာ တွေ့နေပေမယ်လို့ ဒါတွေ အပိုတွေပဲ၊ သူမှာတော့ အပိုပဲ၊ ဒါတွေ ဂရုမစိုက်ဘူး၊ အဲဒါနဲ့ တူတယ်တဲ့။

အဖိုးထိုက် အဖိုးတန်ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရရာရကြောင်းဖြစ်တဲ့ ဒါနသီလ အစရှိတဲ့ မူလမဂ္ဂင်တွေ၊ ဝိပဿနာ ပုဗ္ဗဘာဂမဂ္ဂင်တွေဟာ မြတ်စွာဘုရား၏ တရားတော်တွေအရ ကြားနာသိနေရပေမယ်လို့ တချို့ အဖိုးတန်မှန်း မသိဘူး၊ ဒါတွေ ရှာမှီးရမှန်း မသိဘူး၊ ဟုတ်တယ်၊ သူ့အတွက်တော့လည်း အသုံးမကျဘဲဖြစ်နေတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ အလိုမှမရှိဘဲဟာကိုး၊ ခုန သမင်လိုပဲ

http://www.dhammadownload.com

ဖြစ်နေတယ်၊ လူမှာဆိုလို့ရှိရင်တော့ ဒါတွေ အဖိုးတန်ပေါ့၊ အဲဒါလိုပဲ တရား အလိုရှိတဲ့ ပုဂ္ဂိုလ်၊ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေတော့ ဒါတွေဟာ အဖိုးတန်တွေပဲ။

သာမန်ပုဂ္ဂိုလ်တွေက ဘာတွေအဖိုးတန်လဲဆိုရင် ကာမဂုဏ်တွေက အဖိုးတန်နေတယ်၊ ကာမဂုဏ်တရားတွေက တကယ်တည်း အဖိုးတန်နေတယ်လို့ ထင်ပြီး နေ့လုပ်နေ့စား၊ ညလုပ်ညစား၊ ရှာမှီးအားထုတ်ရသမျှလေး သုံးဆောင်ခံစားလို့ရှိရင် ဒါ အဖိုးတန်ဆုံးပဲ၊ အကောင်းဆုံးပဲလို့ ဒီလိုထင်နေတာကို၊ ခုနသမင်က နေ့တိုင်းနေ့တိုင်းသွားပြီးတော့ မြက်ခင်းကို သွားစားတာ ကောင်းတာပဲ၊ ရေလေးသွားသောက် အဲဒါကောင်းတာပဲ၊ ဒီလိုအောက်မေ့နေတယ်၊ ကျောက်တွေ စိန်တွေ အဖိုးတန်တွေ တွေ့ပေမယ့် သူ့အတွက်မကောင်းဘူး၊ သူ့အတွက်အသုံးလည်း မကျဘူး၊ အဲဒီလိုဖြစ်နေတယ်။

အမှန်အားဖြင့်တော့ ကျောက်တွေ၊ စိန်တွေက လူတို့အမြင်နဲ့ဆိုရင် အဖိုးတန်တွေပဲ၊ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေအမြင်နဲ့ဆိုရင်တော့ ဘုရားအစရှိသော သူတော်ကောင်းတွေအနေနဲ့ဆိုရင် ဒီမဂ္ဂသစ္စာတရားတွေ၊ မူလမဂ္ဂင်ခေါ်တဲ့ ဒါန၊ သီလ အစရှိတဲ့ ကောင်းမှုတွေ၊ ပုဗ္ဗဘာဂမဂ္ဂင်လို့ ခေါ်တဲ့ ဝိပဿနာမဂ္ဂင်တွေဟာ အင်မတန်ကောင်းတဲ့တရားများဖြစ်ကြတယ်၊ အလိုရှိအပ်တဲ့တရားတွေ အလိုကိုရှိရမယ်၊ အလိုရှိအပ်တယ်၊ အလိုရှိသင့် ရှိထိုက်တယ်၊ အလိုမရှိတဲ့ပုဂ္ဂိုလ်က မသိတတ်လို့သာ အလိုမရှိတာ၊ တကယ်တော့ အလိုရှိရမယ့်တရား ဒီလိုဆိုလိုတယ်၊ ဣဋ္ဌံ-အလိုရှိအပ်တဲ့တရားပဲ၊ ကန္တံ-နှစ်သက်စရာကောင်းတယ်၊ မနာပံ-စိတ်နှလုံးကို ရွှင်စေတတ်၊ ပွားစေတတ်တယ်တဲ့၊ မြတ်နိုးအပ်တဲ့တရားပဲလို့ ဒီလိုသိရမယ်။

ဒုက္ခနှင့်သမုဒယမှာ ရှုမှတ်ရခြင်း

အဲဒီလောက် သိရင် တော်ပါပြီတဲ့၊ ဟုတ်လား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ (၂)ခုက ဒီလောက်သိရင် တော်ပြီတဲ့၊ ဒီလောက်သိပြီးတော့ နိရောဓသစ္စာတရားကို ဆိုက်ရောက်ရအောင်, ကိုယ်တိုင်တွေ့ရအောင် မဂ္ဂသစ္စာတရား မိမိသန္တာန်ပြည့်စုံအောင် ဝိပဿနာရှုရတယ်၊ ရှုတော့ ဘာလုပ်ရတုံးဆိုရင် ဝဋ္ဌေ-ဝဋ်သစ္စာ၌၊ အဘိနိဝေသော-စ၍အားထုတ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဝဋ်သစ္စာနဲ့ အားထုတ်ရတယ်၊ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဒီ (၂)ပါး အားထုတ်ရတယ်၊ ဒုက္ခသစ္စာဆိုတာ

http://www.dhammadownload.com

ဥပါဒါနက္ခန္ဓာ (၅)ပါး၊ သမုဒယသစ္စာ ဆိုတာက သာယာနှစ်သက်တွယ်တာမှု တဏှာပေါ့လေ၊ တဏှာလေးနှုတ်ပြီး ကျန်တဲ့တရားတွေက ဒုက္ခသစ္စာတရားပါပဲ။

မျက်စိက မြင်တိုင်းမြင်တိုင်း ဥပါဒါနက္ခန္ဓာ (၅)ပါးတရားကို ရှုရမယ်၊ နားက ကြားတိုင်း၊ နှာခေါင်းက နံတိုင်း၊ လျှာက အရသာစားသိတိုင်း၊ ကိုယ်က တွေ့ထိတိုင်း၊ စိတ်ကူးစဉ်းစားကြံစည်တိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း ဒါဒုက္ခသစ္စာတရားတွေ၊ အဲဒီထဲမှာ သာယာနှစ်သက်မှုလေးကြားထဲမှာ ဝင်ဖြစ်သွားတာ ရှိတယ်၊ ဒါက သမုဒယသစ္စာတရား၊ ဒီတရား (၂)ခုကို ရှုရမယ်တဲ့၊ အဲဒီတရား (၂)ခုကို ရှုနေရတာကိုး၊ အဲဒီတရား (၂)ခု ရှုတော့ အခု ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ မြင်တယ်၊ ကြားတယ်၊ ဒီထဲ နှစ်သက်ရင် နှစ်သက်တယ်၊ လိုချင်ရင် လိုချင်တယ်၊ ဒါလည်း မှတ်လိုက်ရသေးတယ်၊ ကြံရင် ကြံတယ်၊ စဉ်းစားရင် စဉ်းစားတယ်၊ ဆင်ခြင်တယ် စသည်ဖြင့် ရှုမှတ်ရတယ်။

အရှုတ္တတရားရှုမှတ်ခြင်း

အဲဒါတွေဟာ အရှုတ္တံ ဓမ္မေသု-ကိုယ်တွင်းသန္ဆာန်ဖြစ်သော သစ္စာလေးပါးတို့၌၊ ဓမ္မာနုပဿီ-သဘောတရားမျှဟုရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ဒီတရားတွေ ရှုနေတယ်၊ ဖောင်းတဲ့အခါကာလမှာ ဒုက္ခသစ္စာတရား ဖြစ်ပြီး ပျောက်သွား၊ ပိန်တာလည်း ဖြစ်ပြီး ပျက်သွား၊ ဒါဖြစ်ပျက်တဲ့တရားပဲ၊ ကွေးတာ၊ ဆန့်တာလည်း ဖြစ်ပြီး ပျက်သွားတဲ့တရားပဲ၊ စိတ်ကူး စဉ်းစား ကြံစည်တာလည်း ဖြစ်ပြီး ပျက်သွားတဲ့တရားပဲ၊ ညောင်းတာ, မူးတာ, နာကျင်တာ, ကိုက်ခဲတာလည်း ဖြစ်ပြီး ပျက်သွားတဲ့တရားပဲ၊ ဒုက္ခသစ္စာချည်းပဲတဲ့။

ဒီထဲမှာ မြင်ရတာလည်း ကောင်းတယ်လို့ ထင်သွားတယ်၊ ကြားရတာလည်း ကောင်းတယ်လို့ ထင်သွားတယ် စသည်ဖြင့် ဒါလေးတွေ ကောင်းတယ်လို့ ထင်တာလေးတွေ ရှိတယ်၊ ကောင်းတယ်လို့ ထင်ပြီး သာယာနှစ်သက်သွားရင် သမုဒယသစ္စာလေးဖြစ်သွားတယ်။ အဲဒါလေးလည်း ရှုလိုက်ရတာကိုး၊ ကောင်းတယ်လို့ ထင်ရင် ကောင်းတယ်လို့ မှတ်ရတယ်၊ လိုချင်ရင် လိုချင်တယ်၊ နှစ်သက်ရင် နှစ်သက်တယ်လို့ မှတ်ပါ၊ ဒါသမုဒယသစ္စာ ရှုတာပဲ။

http://www.dhammadownload.com

နိရောဓသစ္စာ မဂ္ဂသစ္စာကို မျက်မှောက်ပြုရအောင်, တွေ့ရအောင် ရည်ရွယ်ပြီးတော့ ခန္ဓာ (၅)ပါးတည်းဟူသော ဒုက္ခသစ္စာ၊ နှစ်သက်သာယာမှု တည်းဟူသော သမုဒယသစ္စာ ရှုနေတာဟာဖြင့် ဒါစတုသစ္စကမ္မဋ္ဌာန်းပဲတဲ့၊ သစ္စာလေးပါး ရှုနေတာပဲတဲ့။

ဣတိ-ဤဆိုအပ်ခဲ့ပြီးသော အများအားဖြင့်၊ အဇ္ဈတ္တံ ဝါ-မိမိသန္တာန်၌ဖြစ်သော၊ ဓမ္မေသု ဝါ-သင်္ခေါတရားတို့၌မူလည်း-တဲ့၊ ဓမ္မာနုပဿီ-သင်္ခေါတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ မူလတုန်းကတော့ သင်္ခေါတရား ဘယ်ထင်မလဲ ဟုတ်လား၊ ကွေးတယ်ဆိုရင် ငါပဲ၊ လက်ပဲ၊ ကိုယ်ပဲ၊ ဆန့်တယ်ဆိုရင် ငါပဲ၊ လက်ပဲ၊ ကိုယ်ပဲ မြဲနေတယ်၊ မြဲနေတာပဲ၊ အရင်ကရှိတဲ့လက်နဲ့ ယခုရှိတဲ့လက် အတူတူပဲ၊ ငယ်ငယ်တုန်းက သိနေတဲ့စိတ် အခုစိတ် အတူတူပဲ၊ ဒီလိုထင်နေတာကိုး၊ ဘယ်သင်္ခေါတရားထင်မလဲ၊ အကောင်ကြီး လိုက်ဖြစ်နေတာလို့ ထင်နေတာပဲ။

အခု ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က အကောင်မရှိဘူး၊ သင်္ခေါတရားချည်းပဲ၊ ရှုခါစ ပုဂ္ဂိုလ်ကတော့ အကောင်ကြီးထင်ရင် ထင်ဦးမှာပဲ၊ သူဟာက ဉာဏ်မှ မဖြစ်သေးပဲကိုး၊ နာမရူပပရိစ္ဆေဒ-နာမ်ရုပ်ကို ပိုင်းခြားပြီး မသိသေးတဲ့ ပုဂ္ဂိုလ်တွေ၊ အားထုတ်ခါစပုဂ္ဂိုလ်တွေကတော့ ဘယ်သင်္ခေါတရားသိဦးမလဲ၊ အကောင်ကြီး လိုက်လည်း ရှိနေတာ၊ မြဲနေသေးတာပဲ၊ နာမ်ရုပ်ပိုင်းခြားသိလာပြီး ဥဒယဗ္ဗယဉာဏ် အဖြစ်အပျက်တွေ သိလာပြီဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ သင်္ခေါတရားတွေ ဘယ်ဟာမှ အကောင်အထည်လိုက် မရှိဘူး၊ မြဲတည်နေတာမရှိဘူး၊ ဖြစ်ပြီး ပျက်သွားတဲ့ သင်္ခေါတရားလေးချည်းပဲလို့ သိနေတာကိုး၊ အဇ္ဈတ္တံ ဝါ ဓမ္မေသု-မိမိသန္တာန်၌ရှိသော သင်္ခေါတရားတို့၌မူလည်း၊ ဓမ္မာနုပဿီ-သင်္ခေါတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏-တဲ့။

ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်တိုင်း မှတ်တိုင်း အဇ္ဈတ္တကိုယ်တွင်း သန္တာန်က ဒုက္ခသစ္စာတရားတွေ၊ သင်္ခေါတရားမျှပဲလို့ ရှုနေတယ်၊ ကိုယ်ထဲက နှစ်သက်မှု သာယာမှုဖြစ်ရင် အဲဒါကို ရှုလိုက်ပါ၊ သမုဒယ သစ္စာတရားတွေကို သင်္ခေါတရားမျှပဲလို့ ရှုနေတယ်၊ အစတုန်းကတော့ ဒီနှစ်သက်သာယာတာလေးလိုပဲ ငါထင်နေတာ၊ ငါနှစ်သက်တယ်၊ ငါသာယာတယ်၊ ငါလိုချင်တယ်၊ လိုချင်တာ ငါ၊ သူက ငါ

http://www.dhammadownload.com

ကောင်လို့ မှတ်နေတယ်၊ အကောင်ကလေးနဲ့ မှတ်နေတယ်၊ အကောင်ကလေးလို့ ထင်နေတယ်၊ အခုတော့ လိုချင်တယ်လို့ မှတ်လိုက်ရင် ဘယ်အကောင်ဟုတ်လို့တုံး၊ လိုချင်တာ အခုဖြစ် အခုပျောက်သွားတယ်၊ သဘောတရားပဲ၊ နှစ်သက်တယ်လို့ မှတ်၊ နှစ်သက်တာလေး တစ်ခုဖြစ်၊ အခုပျောက်သွားတယ်၊ သဘောတရားပဲ၊ အကောင်မဟုတ်ဘူး၊ အဲဒါကြောင့် အဏ္ဏတ္တ-မိမိကိုယ်တွင်းသန္ဓာန်၌၊ ဓမ္မေသု ဝါ-သစ္စာလေးပါးတရားတို့၌လည်း၊ ဓမ္မာနုပဿီ-သဘောတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏တဲ့၊ သဘောတရားမျှလို့ ရှုမှတ်နေတာ ဓမ္မာနုပဿနာဖြစ်နေတာတဲ့။

ဗဟိဒ္ဓတရား ရှုမှတ်ခြင်း

ဗဟိဒ္ဓါ ဝါ ဓမ္မေသု၊ ဗဟိဒ္ဓ သစ္စာလေးပါးတရားတို့၌မူလည်း၊ ဓမ္မာနုပဿီ-သဘောတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ဒါကတော့ကို မိမိသန္ဓာန်က သဘောတရားတွေ သဘောကျသွားတော့ သူများသန္ဓာန်လည်း ဒီလိုဟာတွေပဲ၊ သဘောတရားတွေပဲ တို့ မသိလို့၊ ကိုယ်က ကွေးလိုက်တဲ့အခါမှာ ကွေးချင်တဲ့စိတ်နဲ့ ကွေးရုပ်ကလေးတွေ အဆင့်ဆင့်ဖြစ်ပျက်သွားတာ တွေ့တော့ သဘောတရားတွေမှန်း သိတယ်၊ သူများတွေ ကွေးတယ်ဆိုတာလည်း ဒါအတူတူပေါ့၊ ကိုယ်ကွေးတာကတော့ ဖြစ်ပျက်နေတဲ့ရုပ်နာမ်၊ သူများကွေးတာလည်း အကောင်အထည် ဘယ်ထင်တော့မလဲ၊ ကိုယ့်မှာ ကွေးတဲ့အခါ ကွေးချင်တဲ့စိတ်နဲ့ ကွေးရုပ် အဆင့်ဆင့်၊ ဆန့်တဲ့အခါကာလ ဆန့်ချင်တဲ့စိတ်နဲ့ ဆန့်ရုပ် အဆင့်ဆင့်ကလေးတွေ သဘောတရားမျှ ဖြစ်ပျက်သွားတာပဲလို့ သိရင် သူများလည်းပဲ ဒီလိုပဲပေါ့၊ တစ်လောကလုံးမှာ ကွေးတယ်၊ ဆန့်တယ်ဆိုတာလည်း သဘောတရားချည်းပဲ၊ ထိုင်တယ်၊ ထိတယ် သွားတယ်၊ သဘောတရားပဲ မြင်တယ်၊ ကြားတယ်ဆိုတာလည်း အားလုံး သဘောတရားတွေပဲ။

ကိုယ့်သန္ဓာန်မှာ ဒီလိုရုပ်နာမ်တွေ ဖြစ်ပျက်နေသလို သူများသန္ဓာန်လည်း ဒီလိုဖြစ်ပျက်နေတာတွေပဲလို့ စဉ်းစားဆင်ခြင်ပြီး သုံးသပ်တာကိုး၊ သူများတွေရဲ့ သန္ဓာန်က တကယ်စင်စစ်ရှိနိုင်တဲ့အခါ နည်းပါတယ်၊ တစ်ခါတစ်ရံမြင်တဲ့အခါ ရှုလိုက်ရင် ဒါကတော့ နည်းနည်းပါးပါးလောက် ရှိပါတယ်၊ နည်းပါတယ်၊ မိမိ အဏ္ဏတ္တသန္ဓာန်က သဘောတရားတွေ သဘောကျတဲ့အခါမှာ သဘောတရားမျှ

http://www.dhammadownload.com

ပဲလို့ သဘောကျတဲ့အခါ သူများသန္ဆာန်လည်း ဒီလိုပဲ၊ တစ်လောကလုံးလည်းပဲ ဒီလိုချည်းပဲ၊ ဒီလိုဖြစ်ပျက်နေတဲ့ သဘောတရားတွေချည်းပဲလို့ သဘောကျသွားတယ်၊ အဲဒါ ဗဟိဒ္ဓမ္မောနုပဿနာ ဖြစ်သွားတယ်။

အဇ္ဈတ္တဗဟိဒ္ဓ တရားရှုရခြင်း

အဇ္ဈတ္တံ ဗဟိဒ္ဓါဝါ ဓမ္မေသု-မိမိသန္ဆာန်, သူတစ်ပါးသန္ဆာန်၌ရှိသော သစ္စာလေးပါးတရားတို့၌မူလည်း၊ ဓမ္မာနုပဿီ-သဘောတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ မိမိသန္ဆာန်ရော, သူတစ်ပါးသန္ဆာန်ရော သန္ဆာန်နှစ်ပါးလုံး သစ္စာလေးပါး တရားသိပြီးတော့ နေတယ်တဲ့၊ အဲဒါ မိမိသန္ဆာန် ရှုလိုက် မှတ်လိုက်၊ သဘောကျသွားတယ်၊ သစ္စာလေးပါးမျှ သဘောတရားမျှပဲလို့ သိသွားတယ်၊ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာမျှပဲ၊ နှစ်သက်သာယာတဲ့ သမုဒယသစ္စာမျှပဲ၊ အကြောင်းတရားလေးပဲလို့ အဲဒီလိုသိသွားတယ်၊ အဲဒီလို သိလာတော့ သူများသန္ဆာန်လည်း ဒီလိုပါပဲလို့ သုံးသပ်လိုက်တယ်၊ တစ်ခါ မိမိသန္ဆာန် ရှုလိုက်၊ သူတစ်ပါးသန္ဆာန် သုံးသပ်ဆင်ခြင်လိုက်၊ ဒီလို အသွားအပြန်ဖြစ်နေတဲ့အခါမှာ အဇ္ဈတ္တဗဟိဒ္ဓ (၂)ခုလုံး ရှုနေတယ်-တဲ့၊ တစ်ပြိုင်နက် (၂)ခုလုံး ရှုလို့ မဖြစ်ဘူး၊ မဖြစ်ဘူးလို့ပဲ အဌကထာဆရာက ဆိုထားတယ်၊ အဇ္ဈတ္တကိုယ်တွင်းသန္ဆာန်ရှုလိုက်၊ ဗဟိဒ္ဓသန္ဆာန်ကို သုံးသပ်ဆင်ခြင်ပြီးတော့ ရှုလိုက်၊ ကိုယ်တွင်းသန္ဆာန်က ရှုလိုက်၊ ဗဟိဒ္ဓသန္ဆာန်နဲ့ သုံးသပ်ဆင်ခြင်ပြီးတော့ ရှုလိုက်၊ ဒီလိုအပြန်ပြန် အလှန်လှန်ဖြစ်နေတဲ့အခါမှာ အဇ္ဈတ္တ ဗဟိဒ္ဓ (၂)ခုစလုံး ရှုနေတာ မည်တယ်-တဲ့။

အဲဒီလို ရှုရင်းသွားရင်းနဲ့ နောက်ဆုံးကျတော့ အရိယမဂ္ဂင်ထဲ ပြေးဝင်သွားရတာကိုး၊ တရားက ကနေ့ မဆုံးသေးပါဘူး၊ အဲဒီလို အဇ္ဈတ္တဗဟိဒ္ဓ တရားတွေ ရှုရင်း ရှုရင်းနဲ့ နောက် အဖြစ်အပျက်တွေ ရှုရင်းရှုရင်းနဲ့ ဒါတွေဟာ သဘောတရားမျှပဲလို့ ဉာဏ်ထဲမှာ ထင်တယ်တဲ့၊ ဒီလိုထင်ပြီးတော့ ဝိပဿနာ ဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး နောက်ဆုံးကျတော့ ဒီဖြစ်ပျက်တဲ့တရားတွေ အကုန်လုံးချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တရားဆိုတာကို တွေ့ရတာကို၊ ရှုနေရင်း ရှုနေရင်းနဲ့ တစ်ခါတည်း ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ မြင်တယ်၊ ကြားတယ် စသည်ဖြင့် မှတ်ရင်းကနေပြီး ဖြတ်ခနဲဆို တစ်ခါတည်း

http://www.dhammadownload.com

ရုပ်နာမ်သခ်ါရတွေ ငြိမ်းတဲ့ တရားတွေကို ပြေးဝင်ပြီးတော့ သွားတယ်တဲ့၊ အဲဒါ အရိယမဂ္ဂသစ္စာဖြစ်သွားတာ။

'မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်" ဆိုတာ အရိယမဂ္ဂင်ရောက်တာ၊ "ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်"ဆိုတာ နိဗ္ဗာန်ဓာတ်ထဲ တစ်ခါတည်း ဗြုတ်ခနဲဆို ပြေးပြီးတော့ ဝင်သွားသလိုပဲ၊ တစ်ခါတည်း အသိကလေးက ဗြုတ်ခနဲဝင် ကျသွားသလိုပဲ၊ အဲဒီလိုပြေးဝင်တဲ့ နိဗ္ဗာန်ဓာတ်တဲ့၊ ဒီလိုရောက်ပြီး သွားရမှာကိုး၊ အဲဒီလိုရောက်ပြီးတော့ သွားအောင် အားထုတ်ရတယ်၊ နောက်ပြောစရာတွေ နည်းနည်းကျန်သေးတယ်၊ မဆုံးတတ်သေးဘူး၊ နောက်တစ်ခါ သီတင်းကျမှ အပြီးသတ်ရမယ်၊ ကနေ့ တရားသိမ်းကြဦးစို့ရဲ့၊ ကဲ . . ဆောင်ပုဒ်ကလေးတွေ ဆိုလိုက်ဦးမှပဲ၊ တချို့လည်း ကျေညက်နေပါရော့မယ်၊ ဘုန်းကြီးက ခဏခဏချပေးတာ တယ်မှတ်မိအောင်လို့ပဲ၊ တချို့က တရားနာပြီး ဘာမှ မမှတ်မိဘူး၊ မမှတ်မိရင်လည်း အခုလိုဆို တစ်လုံးတစ်လေတော့ မှတ်မိမှာပေါ့၊ အကုန်လုံး မမှတ်မိတောင်မှ သဘောတော့ နားလည်မှာပါပဲ၊ ကဲ. . ကဲ. . ဆိုရမယ်။

* **ဝိပဿနု၊ သခ်ါရု၊ ရှုမှုဉာဏ်ဖြစ်သည်။**
ဝိရိဝေဒနာ၊ အရမှာ၊ နှစ်ဖြာတွဲပြားသည်။
ဆဋ္ဌင်ပြဟ္ဟ၊ ဗောဇ္ဈင်၊ တကြချာန်ပါရီ။
မဇ္ဈတ္တတာ၊ တစ်ပါးသာ၊ ခြောက်ဖြာတွဲလေ၏။
ဥပေက္ခာတ၊ ညီမျှစေသည်၊ တစ်ဘက်လိုက်ခြင်း၊ ပယ်ခွင်းတတ်သည်။
လယ်ဗဟိုရ်မျှ၊ ချိန်ကျနေသည်၊ နွားစုံတောင်း နှင်မောင်း တူလေသည်။
မူလပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်။
ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။

ဤသတိပဌာနသုတ် သစ္စာလေးပါးဆိုင်ရာ တရားဒေသနာတော်တို့ကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မဿဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် မိမိသန္တာန်၌ သစ္စာလေးပါး တရားသိအောင် ပွားများအားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

http://www.dhammadownload.com

မဂ္ဂသစ္စာတရားတော်

ဒသမတိုင်း

[၁၃၂၄-ခုနှစ်၊ တဆုန်လတွယ်နေ့ ထောကြားသည်။]

ဆန္ဒာဒေဝစနဝဂ္ဂ်

သစ္စာဒ္ဒ သဒ္ဒေါတရားမျှဟု ရှုနေခြင်း

ဣတိ အဗျတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဗျတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊

ဣတိ-ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ အဗျတ္တံ ဝါ ဓမ္မေသု-ကိုယ်တွင်းသန္ဓာန်၌ ဖြစ်သော သစ္စာလေးပါး သဒ္ဒေါတရားတို့၌လည်း၊ ဓမ္မာနုပဿီ-သဒ္ဒေါတရားမျှရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။ ဗဟိဒ္ဓါ ဝါ ဓမ္မေသု-အပြင်ပသန္ဓာန်၌ဖြစ်သော သစ္စာလေးပါး သဒ္ဒေါတရားတို့၌လည်း၊ ဓမ္မာနုပဿီ-သဒ္ဒေါတရားမျှရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ အဗျတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု- ကိုယ်တွင်းကိုယ်ပ သန္ဓာန်နှစ်ဝ၌ဖြစ်သော သစ္စာလေးပါးတရားတို့၌လည်း၊ ဓမ္မာနုပဿီ-သဒ္ဒေါတရားမျှ ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

သစ္စာလေးပါးတရား အရင်သိတင်းက ပြောပြီးပါပြီ။ ကြားထဲ နှစ်သိတင်းလောက် ခြားသွားတယ်၊ သစ္စာလေးပါးတရားတွေ ကိုယ်တွင်းသန္ဓာန်မှာလည်း ရှိတယ်၊ အပြင်ပသန္ဓာန်မှာလည်းရှိတယ်၊ အဲဒီရှိတဲ့ သစ္စာလေးပါးတရားတွေကို ရှုပြီးတော့နေတာဟာ ဓမ္မာနုပဿနာပဲ၊ အမှန်အားဖြင့်ဆိုရင် ပုထုဇဉ်ပုဂ္ဂိုလ်၏ သန္ဓာန်မှာ သစ္စာက လေးပါးတော့ မရှိပေဘူးပေါ့၊ ဟိုတစ်နေ့ကလည်း ပြောပြီးပါပြီ၊ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဒီနှစ်ခုပဲ ရှိတယ်၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာဆိုတာက ပုထုဇဉ်သန္ဓာန်မှာ မရှိနိုင်ဘူးတဲ့၊ အရိယာသန္ဓာန်မှာ တကယ်စင်စစ်ရှိတာကတော့

http://www.dhammadownload.com

မဂ္ဂင်ရှစ်ပါးဖြစ်ပေါ်တဲ့အခိုက်အတန့်မှာ မဂ္ဂသစ္စာ ရှိတယ်၊ နိရောဓသစ္စာ ဆိုတာ ကတော့ ဘယ်သူရဲ့ကိုယ်တွင်းသန္ဆာန်မှာ ရှိတယ်လို့ မဆိုနိုင်ဘူး။

ဒါပေမယ်လို့ ဒီနိရောဓသစ္စာကလည်းပဲ အဖျတ္တကိုယ်တွင်းသန္ဆာန်မှာရှိတဲ့ ခန္ဓာငါးပါးနဲ့ ဆက်စပ်ပြီးတော့ ခန္ဓာငါးပါးချုပ်ငြိမ်းပြီးတော့သွားတဲ့သဘောကို နိရောဓသစ္စာ ခေါ်ရတာပဲ၊ နိဗ္ဗာန်ဆိုတာ ငြိမ်းအေးခြင်းပဲ၊ ခန္ဓာငါးပါးတွေ အကြောင်းပြုပြီး ဖြစ်နေသမျှ ကာလပတ်လုံး သုခငြိမ်းအေးတယ်ဆိုတဲ့ ချမ်းသာကို မရနိုင်ဘူး၊ အကြောင်း အကျိုးဆက်စပ်ပြီးဖြစ်နေတဲ့ ခန္ဓာငါးပါးတွေ ချုပ်ငြိမ်းပြီးသွား တဲ့အခါမှာ အစဉ် ထာဝရငြိမ်းအေးပြီးတော့ သွားတယ်၊ ဆင်းရဲခပ်သိမ်း ငြိမ်းအေး သွားတယ်၊ ဒီတော့ ကိုယ်တွင်းသန္ဆာန်မှာရှိတဲ့ ခန္ဓာငါးပါး၏ချုပ်ငြိမ်းခြင်းသဘော ဖြစ်ပြီးတော့ နေတဲ့ အတွက် ကိုယ်တွင်းသန္ဆာန်မှာ ရှိတယ်လို့ ခေါ်ရပါတယ်။

ကိုယ်ထဲမှာ သစ္စာလေးပါးရှိခြင်း

"အဝိ စ ခွာဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဋ္ဌေဝရေ သသညိမှိ သမနကေ လောကဥ္စ ပညာပေမိ၊ လောကသမုဒယဥ္စ လောက နိရောဓဥ္စ လောကနိရောဓဂါမိနိဥ္စ ပဋိပဒံ။"

ဗျာမမတ္တေ ကဋ္ဌေဝရေ-ဤတစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ သညာလည်း ရှိတယ်၊ စိတ်လည်း ရှိတယ်တဲ့၊ ကိုယ်ထဲမှာ သညာစိတ်ကို ဆိုသဖြင့် ဒီပြင်နာမ်တရားတွေလည်း အကုန်ပဲ၊ သိတတ်တဲ့နာမ်တရားတွေလည်း ရှိတယ်၊ အဲဒီလို တစ်လံမျှလောက်သော၊ 'ဣမသ္မိံယေဝ ဗျာမမတ္တေ'-ဤတစ်လံမျှ လောက်ရှိ-တဲ့၊ ဣမသ္မိံ ကဋ္ဌေဝရေ-ဒီကိုယ်ကောင်ထဲမှာ၊ လောကဥ္စ-လောက ဆိုတဲ့တရားကိုလည်းပဲ၊ ပညာပေမိ-ငါပညတ်တယ်၊ မြတ်စွာဘုရားက လောက ဆိုတဲ့တရား၊ လောကဆိုတာ ဒုက္ခသစ္စာတရား၊ ပျက်တတ်တဲ့အတွက်ကြောင့် ခဏမစဲ ဥပါဒ်ဌီဘင်အားဖြင့် ခဏခဏအားဖြင့် ပျက်နေလို့ ဒီလိုလည်းပဲ ပျက်တတ်တဲ့သဘောရှိတယ်၊ နောက်ဆုံးကျရင် မရဏဆိုတဲ့ အပျက်ကြီးလည်း ရှိတယ်၊ အပျက်ကလေး အပျက်ကြီး အမျိုးမျိုးပျက်တတ်လို့ ရုပ်တရား၊ နာမ်တရား ဒုက္ခသစ္စာတရားတွေကို 'လောက'လို့ ခေါ်တယ်၊ လောကခေါ်တဲ့ ဒုက္ခသစ္စာတရား လည်းပဲ ကိုယ်ထဲမှာပဲတဲ့၊ လောကသမုဒယခေါ်တဲ့ သမုဒယသစ္စာလည်း ဒီကိုယ်ထဲ မှာပဲ ပညတ်တယ်၊ ဒါကတော့ ရှင်းနေတာပဲ။

http://www.dhammadownload.com

နိဗ္ဗာန်ကိုယ်တွေ့မှာ ရှိပုံ

'လောကနိရောဓ'ခေါ်တဲ့ နိရောဓနိဗ္ဗာန်တရား ကိုယ်ထဲမှာပဲ ပညတ်ထားတယ်၊ ဒီကိုယ်ထဲမှာ နိဗ္ဗာန်ဘယ်နားက ရှိသလဲ၊ ခေါင်းထဲက ရှိနေသလား၊ ဗိုက်ထဲက ရှိနေသလား - ဒီလိုစဉ်းစားစရာ ရှိနေတာပေါ့၊ ဘယ်ထဲမှာမှ ရှိနေတာ မဟုတ်ဘူး၊ ပုထုဇဉ်သန္တာန်မှာ နိဗ္ဗာန်နဲ့ကတော့ ဘာမှမဆိုင်ဘူး အလွတ်ကြီးဟာပဲ၊ သို့သော်လည်း အရိယာကျတော့ ဆိုင်တယ်၊ အရိယာပုဂ္ဂိုလ်တွေ မဂ္ဂသစ္စာ ဖြစ်လိုက်တာနဲ့ မဂ္ဂသစ္စာဖြင့် ပယ်အပ်တဲ့ကိလေသာတွေ ပယ်သွားတော့ ကိလေသာ မရှိတော့ ကံတွေ အကျိုးမပေးနိုင်တော့ဘူး၊ ခုနစ်ဘဝထက် ပိုလွန်ပြီးတော့ ဘဝသစ်ဖြစ်မယ့် ရုပ်နာမ်ခန္ဓာတွေဟာ သောတာပတ္တိမဂ်သို့ ရောက်သည်က စပြီးတော့ ချုပ်ငြိမ်းသွားတယ်၊ အဲဒီလို ချုပ်ငြိမ်းသွားသဖြင့် ဒီခုနစ်ဘဝထက် ပိုလွန်ပြီးဖြစ်မယ့် ဆင်းရဲတွေ ငြိမ်းသွားတဲ့သဘောဟာ အဲဒီသောတာပန်ပုဂ္ဂိုလ်၏ သန္တာန်မှာ ပြီးစီးသွားတာပဲ၊ ဒါကြောင့်မို့ နိရောဓ ချုပ်ငြိမ်းမှုသဘောဟာ အလျှတ္တ ကိုယ်တွင်းမှာ ရှိတယ်လို့ ဆိုရတယ်။

တကယ်တော့ ကိုယ်တွင်းရှိတာတော့ မဟုတ်ဘူး၊ သူ့သန္တာန်မှာ မပြတ်မစဲ ဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာတွေ အစဉ်မပြတ်ဖြစ်နေတယ်၊ အစဉ်မပြတ်ဖြစ်နေတာ ခုနစ်ဘဝက ကျော်လွန်တဲ့အခါကျတော့ ငြိမ်းမှာပေါ့၊ သကဒါဂါမိဆိုလို့ရှိရင်ဖြင့် နှစ်ဘဝ၊ နှစ်ဘဝနဲ့ကျော်လွန်ပြီးသကာလ ဆင်းရဲတွေ ငြိမ်းသွားတယ်၊ အနာဂါမိဆိုတော့ တစ်ဘဝပဲ၊ ရူပဘဝဖြစ်ဖြစ်၊ အရူပဘဝဖြစ်ဖြစ်၊ တစ်ဘဝဆိုသော်လည်း ပဋိသန္ဓေအားဖြင့်တော့ သုဒ္ဓါဝါသမှာ ဆက်ဖြစ်လို့ရှိရင် ငါးဘဝ၊ ငါးဘဝတောင် နေနိုင်တယ်၊ အရူပဘုံတက်ဖြစ်မယ်ဆိုလို့ရှိရင် လေးဘဝနေနိုင်ပါတယ်၊ ဒါပေမယ့်လို့ တစ်ဘဝလို့ ခေါ်ရတယ်၊ တစ်ဘဝထက်ပိုလွန်ပြီးတော့ ဖြစ်မယ့် ရုပ်နာမ်ခန္ဓာတွေ ငြိမ်းသွားတယ်၊ အဲဒါ နိရောဓပဲ၊ အရဟတ္တမဂ်ရောက်တဲ့ အချိန်အခါကာလကျတော့ စုတိက နောက်ဘဝသစ်ကို မဖြစ်ဘူး၊ ဆင်းရဲခပ်သိမ်းတွေ တစ်ခါတည်း ငြိမ်းနေတယ်၊ အဲဒီငြိမ်းတာက ဘယ်မှာငြိမ်းတာတုံးဆိုတော့ အစဉ်မပြတ်ဖြစ်လာတဲ့ ရုပ်နာမ်ခန္ဓာမှာ ငြိမ်းတယ်၊ ကိလေသာ မကင်းသေးခင်က တစ်ဘဝပြီး တစ်ဘဝ ဆက်ခါဆက်ခါ ဖြစ်နေတယ်၊ အဲဒီအရိယာမဂ်တွေ မျက်မှောက်ပြုတဲ့အခါကာလကျတော့ ဒီရုပ်နာမ်ခန္ဓာအစဉ်တွေ ဆက်ပြီးတော့

http://www.dhammadownload.com

မဖြစ်ရဘဲနဲ့ ငြိမ်းသွားတယ်၊ ဒီတော့ ဒီရုပ်နာမ်အစဉ်နဲ့ တစ်စပ်ထဲဖြစ်နေလို့ 'အဇ္ဇတ္တံ-ကိုယ်တွင်းသန္ဆာန်မှာ ရှိတယ်'လို့လည်း ခေါ်ရပါတယ်၊ အဲဒါ အရိယာ ပုဂ္ဂိုလ်တွေသန္ဆာန်မှာ ရှိတယ်။

'ဒုက္ခနိရောဓဂါမိနီပဋိပဒါ'လို့ ခေါ်တဲ့ မဂ္ဂသစ္စာ ဆိုတာလည်းပဲ တစ်လံမျှ လောက်သော ခန္ဓာကိုယ်ထဲမှာပဲ ပညတ်တယ်၊ ဒါကလည်း အရိယာပုဂ္ဂိုလ်သန္ဆာန် မှာပဲ လောကုတ္တရာမဂ္ဂသစ္စာကတော့ ပြည့်စုံတယ်၊ အဲဒါကြောင့် ပုထုဇဉ်ပုဂ္ဂိုလ် သန္ဆာန်မှာဆိုလို့ရှိရင်တော့ ဒုက္ခနဲ့သမုဒယ ဒီနှစ်ခုပဲ ရှိတယ်၊ နိရောဓ မဂ္ဂ အစစ် တွေက မရှိသေးဘူး၊ ဒါပေမယ်လို့ တဒင်္ဂ နိရောဓနဲ့ လောကီမဂ္ဂသစ္စာတွေ ကတော့ ရတယ်၊ ဒါ တော်တော်ကြာမှ ပြောရမယ်၊ အဲဒါကြောင့် မုချအားဖြင့် ရတဲ့ ဒုက္ခနဲ့သမုဒယသစ္စာ၊ ပရိယာယ်အားဖြင့် ရပြီးတော့နေတဲ့ နိရောဓ မဂ္ဂ သစ္စာတွေ အဲဒီသစ္စာလေးပါးကို မိမိသန္ဆာန်မှာ ရှုနေတဲ့ဥစ္စာဟာ ဓမ္မာနုပဿနာပဲ။

အဇ္ဇတ္တသန္ဆာန်မှာ ရှုခြင်း

အဇ္ဇတ္တံ ဝါ ဓမ္မေသု-မိမိကိုယ်တွင်းသန္ဆာန်၌ရှိတဲ့ သစ္စာလေးပါးတရားတို့၌၊ ဓမ္မာနုပဿီ-သဘောတရားမျှရှုသည်-တဲ့၊ ပုဂ္ဂိုလ်သတ္တဝါတွေအနေအားဖြင့် မရှုဘူးပေါ့ ဒွါရခြောက်ပါးက ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်တွေ မိမိသန္ဆာန် ဖြစ်တိုင်း ရှုနေရတယ်၊ ဖောင်းတာ ပိန်တာက စပြီးတော့ ဖောင်းတာလည်း ဒုက္ခသစ္စာပဲ၊ ပိန်တာလည်း ဒုက္ခသစ္စာပဲ၊ ထိုင်တာလည်း ဒုက္ခသစ္စာပဲ၊ ထိတာလည်း ဒုက္ခသစ္စာပဲ၊ ကွေးတာ ဆန့်တာလည်း ဒုက္ခသစ္စာပဲ၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရား တွေဟာ ဒုက္ခသစ္စာချည်းပဲ၊ ပြောပြီးပါ ပြီပဲ၊ "ဖြစ်ပျက်သမျှ၊ သခါရဒုက္ခ သစ္စာတည်း"တဲ့၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် အကြောင်းရှိလို့ အကျိုးဖြစ်တယ်၊ မဖြစ်အောင်လို့လည်း မတားဆီးနိုင်ဘူး၊ ဖြစ်ပြီးတော့လည်း မပျက်အောင် မတား ဆီးနိုင်ဘူး၊ ထိန်းမထားနိုင်ဘူး၊ ပျက်သွားတာပဲ၊ ယခု ရွတ်ဆိုတဲ့ အသံကလေးတွေ လည်း ဒုက္ခသစ္စာပဲ၊ ရွတ်ဆိုလိုက်တဲ့ အသံကလေးတွေ ကြားနေတယ်၊ ကြားတာ လေးကလည်း ဒုက္ခသစ္စာပဲ၊ ကြားပြီးတဲ့နောက် စဉ်းစားတာလည်း ဒုက္ခသစ္စာပဲ၊ စဉ်းစားတဲ့အထဲ သဘောကျတာလည်း ရှိတယ်၊ သဘောမကျတာလည်း ရှိတယ်၊ အဲဒါ ဒုက္ခသစ္စာပဲ၊ ဒီထဲက နှစ်သက်သာယာမှု လိုချင်တောင့်တမှုလေးက ရှိလာလို့ ရှိရင်တော့ အဲဒါကိုတော့ဖြင့် သမုဒယသစ္စာလို့ ခွဲပြီးခေါ်ရတယ်၊ နှစ်သက်သာယာ

http://www.dhammadownload.com

ခင်မင်တွယ်တာမှုလေးဖြစ်နေတာ သမုဒယသစ္စာပဲ၊ အဲဒီတော့ ဖြစ်ပျက်နေတဲ့ တရားတွေ ဟူသမျှ အကုန်လုံး ဒုက္ခသစ္စာတရားတွေချည်းပဲ။

ဒီတော့ မြင်တိုင်း ကြားတိုင်း ဖောင်းတာ ပိန်တာက စပြီး ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရှုမှတ်ပြီး သိနေတယ်၊ ဒုက္ခသစ္စာတရားတွေ သဘော တရားတွေမျှပဲလို့ သိတယ်၊ ဒီထဲက နှစ်သက်သာယာမှု ဖြစ်ပေါ်လာလို့ရှိရင် အဲဒါရှုတော့ သမုဒယသစ္စာသဘောတရားအနေအားဖြင့် သူသိတယ်၊ ဒီဖြစ်ပျက် နေတဲ့ ဆင်းရဲတရားတွေ ငြိမ်းတာကောင်းတယ်လို့ စိတ်ညွှတ်တဲ့အခါကာလ နိရောဓသစ္စာကို မှန်းဆပြီး ဆင်ခြင်တာပေါ့၊ စိတ်ညွှတ်ပြီးတော့ နိရောဓသစ္စာကို သိတယ်လို့ပဲ ခေါ်တယ်၊ ဆင်းရဲငြိမ်းတဲ့နိဗ္ဗာန် ကောင်းတယ်၊ ဒီနိဗ္ဗာန် ရောက်ခြင်း၏အကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာတရားတွေ ပွားများတာ ကောင်းတယ်၊ တစ်နေ့က မဂ္ဂသစ္စာတရားတွေ အသေးစိတ်တွေ ပြောခဲ့ပြီ၊ သာမန်အားဖြင့် အခု သီလအစရှိတဲ့ ကုသိုလ်တွေ စပြီးတော့ မဂ္ဂသစ္စာဖြစ်တယ်၊ ဝိပဿနာရှုတဲ့ အခါ အထူးပြောစရာမလိုဘူး၊ ပုဗ္ဗဘာဂမဂ္ဂင်တွေက ကောင်းတယ်၊ နောက်ဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးဖြစ်တဲ့ အရိယသစ္စာတော့ အထူးပြောစရာမလိုဘူး၊ အဲဒါတွေ ကောင်းတယ်လို့ စိတ်ထဲမှာ ပြောပြီး သဘောကျတာလေးတွေလည်းပဲ မဂ္ဂသစ္စာကို ရှုတယ်လို့ ဆိုရတယ်၊ ဒါ မိမိသန္တာန်မှာရှုလို့ရှိရင် ဒါအရွှတ္တ သစ္စာ လေးပါးတရား ရှုနေတာတဲ့၊ မိမိသန္တာန်ရှုလို့ သဘောကျတဲ့အခါ သူများသန္တာန်မှာ ဒီလိုဖြစ်ပျက်နေတဲ့ သဘောတရားတွေဆိုတာ သဘောကျပြီး ဆင်ခြင်တာရှိတယ်၊ အဲဒါက ဗဟိဒ္ဓမှာ ရှုတာတဲ့။

ဖြစ်ပျက်ရှုခနဲခြင်း

သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

ဓမ္မေသု-သဘောတရားတို့၌၊ ဓမ္မေသု-သစ္စာလေးပါးသဘောတရားတို့၌၊ သမုဒယဓမ္မာနုပဿီ ဝါ-ဖြစ်ခြင်းသဘောကို ရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ ဓမ္မေသု-သစ္စာလေးပါးသဘောတရားတို့၌၊ ဝယဓမ္မာနုပဿီဝါ-ပျက်ခြင်းသဘော ကို ရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ ဓမ္မေသု-သစ္စာလေးပါးသဘောတရား

http://www.dhammadownload.com

တို့၌၊ သမုဒယဝယမ္မာနုပဿီဝါ-ဖြစ်ခြင်း ပျက်ခြင်းသဘော တရားနှစ်ပါးကို ရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊

နိရောဓသစ္စာမှာတော့တို့ ဖြစ်ခြင်းပျက်ခြင်း မရဘူးပေါ့၊ မဂ္ဂသစ္စာလည်း လောကုတ္တရာသစ္စာမို့ သူလည်း ဖြစ်ခြင်းပျက်ခြင်း မရှိရပါဘူး၊ ရှိရတဲ့တရား မဟုတ်ဘူး၊ ဝိပဿနာရှုရတာကိုက ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဒီနှစ်ပါးပဲရှိတယ်၊ ဟိုတစ်နေ့က သီတင်းက ရှင်းပြီး ပြောပြီးပါပြီ၊ ဝဋ်သစ္စာ (၂)ပါးမှာ ဝိပဿနာရှုရတယ်တဲ့၊ ဝဋ်ကင်းတဲ့ နိရောဓသစ္စာ မဂ္ဂသစ္စာတွေ ရှုပြီးတော့ ဝိပဿနာဉာဏ် မဖြစ်ဘူး။

ပြီးတော့ ဒီမှာ 'သစ္စာလေးပါးသဘောတရားတွေမှ ဖြစ်ခြင်း ပျက်ခြင်း ရှုတယ်' ဆိုတာ ဒါ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ (၂)ပါး ရတယ်၊ နိရောဓသစ္စာ မဂ္ဂသစ္စာ မရနိုင်ဘူး။

အခြားအားဖြင့် ဖြစ်ပျက်ရှုခြင်း

အဲဒီမှာ ဖြစ်ခြင်းပျက်ခြင်းကလည်း အကြောင်းအားဖြင့် ဖြစ်ခြင်း ပျက်ခြင်းရှုတာ ရှိတယ်၊ အဝိဇ္ဇာရှိလို့ တဏှာရှိလို့ ကံရှိလို့ အာဟာရရှိလို့ နာမ်ရုပ်ရှိလို့ ဖဿရှိလို့ စသည်ဖြင့် အကြောင်းလေးတွေ ရှိတယ်၊ အဲဒီအကြောင်းနဲ့ ဆင်ခြင်ပြီး ရှုတာလေးတွေလည်း ရှိတယ်။

ဖြစ်ခိုက်ခဏအားဖြင့် ရှုခြင်း

အကြောင်းမဟုတ်ဘဲနဲ့ ဖြစ်ခိုက်ခဏအားဖြင့် ရှုတာ ရှိတယ်တဲ့၊ ယောဂီပုဂ္ဂိုလ်တွေ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်တာပျက်တာကလေးတွေကို ရှုပြီး သိနေတာကတော့ ဖြစ်ခိုက်ခဏနဲ့ သိတယ်၊ အဲဒါလေး လိုရင်းပါပဲ။

အကြောင်းဆင်ခြင်တာတတော့ ကိုယ်တိုင်လည်း မသိနိုင်ဘူး၊ အကြောင်းဆင်ခြင်တာ အဝိဇ္ဇာရှိလို့ ဖြစ်ခဲ့တယ် ဆိုတာ တိုက်ရိုက်အားဖြင့် ရှေးဘဝဖြစ်ခဲ့တဲ့ အဝိဇ္ဇာတွေ၊ ရှေးဘဝက ဖြစ်ခဲ့တဲ့ကံတွေ၊ ယခုဘဝမှာ ရုပ်နာမ်တွေ ဖြစ်လာတယ် ဆိုတာ ဒါကိုယ်ပိုင်ဉာဏ်နဲ့ ဘယ့်နှယ်မှ မသိနိုင်ဘူး၊ ဗဟုစ္စာကတော့ အခုလောလော ဆယ် သိတာကတော့ ယခု အဝိဇ္ဇာရှိလို့ အခုတောင့်တမှု တဏှာလေးဖြစ်လာတာ၊

http://www.dhammadownload.com

အဲဒါလေးကိုတော့ သိနိုင်တယ်၊ ဒီတော့ ဒီတဏ္ဍာလေးတွေကြောင့် ထိုထိုအမှုကိစ္စလေးတွေ မဖြစ်ဖြစ်အောင် ကြိုးစားအားထုတ်တာကလေးတွေတော့ ရှိတယ်။

ဒါပေမယ်လို့ အဝိဇ္ဇာတဏ္ဍာ စသော အကြောင်းတရားတွေကြောင့် ဘဝရုပ်နာမ်တွေ အသစ်ဖြစ်လာတာ၊ ပဋိသန္ဓေဖြစ်လာတာကတော့ တိုက်ရိုက်တော့ မသိနိုင်ဘူး၊ မှန်းဆပြီးလောက်တော့ သိနိုင်တယ်၊ အရေးကြီးတာကတော့ သမုဒယမှာကတော့ ဖြစ်ပျက်နေတဲ့တရားလေးတွေ အခုသိ အခုဖြစ်လိုက်၊ အခုပျက်လိုက်၊ ဒါလေးတွေ သိမှ အနိစ္စ မမြဲဘူး ဆိုတာ သိမှာကို၊ ဒုက္ခဆင်းရဲတွေ ဆိုတာ သိမှာ၊ အနတ္တ - ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ သဘောတရားဆိုတာ သိမှာ၊ အဲဒါကြောင့် ခဏအားဖြင့် ဖြစ်ပျက်နေတဲ့ သဘောလေးတွေ သိဖို့ရာ လိုပါတယ်။

ဖြစ်ခြင်းသဘောရှုခြင်း

သမုဒယမေ္ဗာနုပဿီ-ဖြစ်ခြင်းသဘောကို ရှုရမယ်တဲ့၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ မြင်တယ်၊ ကြားတယ် စသည်ဖြင့် ရှုတိုင်း ရှုတိုင်း ရှုရတဲ့ တရားလေးတွေဟာ ဖြစ်ပေါ်ပြီး ပျောက်သွားတာ တွေ့တယ်၊ ဘယ်က စပြီးတော့ တွေ့သလဲ ဆိုတော့ ဥဒယဗ္ဗယဉာဏ်ပိုင်းက စပြီးတော့ တော်တော် ရှင်းရှင်းလင်းလင်း တွေ့လာပါတယ်၊ သမ္မသနဉာဏ်ပိုင်းဆီကလည်းပဲ နည်းနည်းပါးပါး တွေ့တယ်၊ သိပ်မရှင်းလင်းပေဘူး၊ ဒါကတော့ အသွင်သန္ဆာန်ချည်းနဲ့ ဥဒယဗ္ဗယဉာဏ်ပိုင်းရောက်ပြီး ဒီအရောင်အလင်း ပီတိ ပဿဒ္ဓိတွေနဲ့ ဝမ်းမြောက်ဝမ်းသာစရာတွေနဲ့ တွေ့တန်သမျှ တွေ့ပြီးတော့ အဲဒီမှာလည်း တွေ့တယ်၊ အဲဒီမှနောက်မှာဆို ပိုပြီးရှင်းတာပေါ့လေ၊ မှတ်တိုင်းမှတ်တိုင်း ဖောင်းတာလေးတွေလည်း အဆင့်ဆင့်တစ်ခါတည်း ဖောင်းလိုက်ပျောက်လိုက်၊ ဖောင်းလိုက်ပျောက်လိုက်၊ စပေါ်လာတာလည်း သိတယ်၊ ဆုံးသွားတာလေးလည်း သိတယ်၊ အစပေါ်လာတာလေးက ဖြစ်ခြင်းသဘောတရား၊ အဆုံးပျောက်သွားတာလေးက ပျက်ခြင်းသဘောတရား ဖြစ်တယ်၊ ဖြစ်တယ် ဆိုတာ မရှိသေးရာက ပေါ်လာတာပဲ၊ ပျက်တယ် ဆိုတာ ဖြစ်ပြီးသားလေး ပျောက်သွားတာပဲ။

ညအခါကာလ မီးခြစ်နဲ့မီးခြစ်ဆံလေးနဲ့ မီးခြစ်လိုက်တဲ့အခါမှာ မီးတောက်တွေ တစ်ခါတည်း ဖြစ်ပေါ်လာတယ်၊ လင်းလာတယ်၊ အစက မှောင်နေတယ်၊

http://www.dhammadownload.com

ပထမ တစ်ဦးတစ်ယောက်ကနေပြီး ဖြုတ်ခနဲ မီးခြစ်ခြစ်လိုက်လို့ရှိရင်ဖြင့် အဲဒီ ပုဂ္ဂိုလ်ဟာ သိတာပဲ၊ ဘေးကပုဂ္ဂိုလ်က မျက်စိဖွင့်ထားရင် ဖြုတ်ခနဲဆို မျက်စိ အရောင်အလင်းတွေ ပေါ်လာတယ်၊ ဘေးပတ်ဝန်းကျင်မှ အရောင်အလင်းတွေ တစ်ခါတည်း မြင်ရ တွေ့ရ၊ တော်တော်ကြာတော့ ဒီမီးခြစ်ဆံလေးလောင်ပြီးတော့ ကုန်သွားတဲ့အခါကျတော့ မှောင်ကျသွားတယ်မရှိဘူး၊ အလင်းတွေ ပျောက်သွား တယ်၊ လက်နှိပ်ဓာတ်မီးနဲ့ ဖြုတ်ခနဲထိုးလိုက်ရင် တစ်ချက်လောက် တစ်ချက် လောက် နှိပ်လိုက်လို့ရှိရင် ဆပ်ခနဲဆို အလင်းက ပေါ်လာတယ်၊ မီးတော့ ပျောက် သွားတယ် မရှိဘူး၊ ကောင်းကင်က လျှပ်လက်တာလည်း ဒီအတိုင်းပဲ၊ အစက မရှိသေးတာလေး ဖြစ်ပေါ်လာတယ်၊ ဖြစ်ပြီး ပျောက်သွားတယ်။

ဒီလိုပဲ ကိုယ်ထဲက ရုပ်နာမ်တွေဟာလည်း ဖောင်းတက်လာလိုက်၊ ပိန်ကျ သွားလိုက်၊ ဖောင်းတိုင်း ဖောင်းတိုင်းဟာလည်းပဲ တစ်ဆင့်နဲ့တစ်ဆင့်မရောက်ဘဲနဲ့ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ တစ်ခါတည်း အဆင့်အဆင့်ကွေးတိုင်း ဆန့်တိုင်းလည်းပဲ တရွေ့တရွေ့မရောက်ဘဲနဲ့ ပေါ်လာ လိုက်၊ ပျောက်သွားလိုက်၊ စိတ်ကူးလေးတွေဖြစ်လို့ရှိရင်လည်း အဲဒီစိတ်ကူးလေး ဖြစ်တာလေး မှတ်လိုက်ရင် မရှိဘူး၊ ကွေးချင်တယ်၊ ဆန့်ချင်တယ်၊ ထိုင်ချင်တယ်၊ သွားချင်တယ်၊ လာချင်တယ် စသည်ဖြင့် စိတ်ကလေးအသစ်ဖြစ်လာတယ်၊ ဖြစ်ပြီး ခြင်း ချက်ချင်းပျောက်သွားတာပဲ၊ ညောင်းတာ၊ ကွေးတာ၊ နာကျင်ကိုက်ခဲတာတွေ လည်းပဲ ဖြစ်ပေါ်လာတာ၊ မှတ်လိုက်ရင် ပျောက်သွားတာပဲ၊ ဘယ်ဟာမှ အမြဲ တည်နေတာမရှိဘူး၊ သူ့အခိုက်အတန့်နဲ့သူဖြစ်ပေါ်ပြီး ပျောက်သွားတာလေး တွေ့ နေတယ်၊ သစ္စာလေးပါးတရား ဖြစ်ခြင်းသဘောရှုတာ၊ ဖောင်းတာ၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ဒုက္ခသစ္စာတရားတွေ အဖြစ်အပျက်တွေ ရှုနေတယ်၊ အဲဒါလည်းပဲ ဓမ္မာနုပဿီပဲ။

စိတ်ထဲ နှစ်သက်လိုချင်တာလေးတွေ ဖြစ်ပေါ်လာလို့ရှိရင် လိုချင်ရင် လိုချင်တယ် မှတ်လိုက်တော့ ခဏလေးပျောက်သွားတယ်၊ အစက လိုချင်တာလေး မရှိပဲ ဖြုတ်ခနဲပေါ်လာတယ်၊ ဆက်မှတ်လိုက် ပျောက်သွားတယ်၊ မရှိဘူး၊ လိုချင် တယ်၊ နှစ်သက်တယ်၊ သာယာတယ်၊ သဘောကျတယ်ပေါ့၊ အဲဒါ သမုဒယသစ္စာ လေးတွေ, ခင်မင်တွယ်တာတာလေးတွေ တစ်ခါတစ်ခါ ကြားထဲဝင် ဖြစ်တယ်၊

http://www.dhammadownload.com

ဖြစ်တာလေး မှတ်လိုက်ရင် ပျော်သွားတယ်၊ လောကရေးရာတွေနဲ့ စပ်ပြီးတော့ လိုချင်တောင့်တတာတွေလည်း ရှိတယ်၊ တရားရေးရာနဲ့စပ်ပြီးတော့ တရားလေးတွေလည်းပဲ ကောင်းချင်သေးတာကိုး၊ (သို့မဟုတ်) မိမိမှာဖြစ်ပေါ်လာလို့ သဘောကျတယ်၊ ထူးထူးခြားခြား ဖြစ်ပေါ်လာတာလေးကို နှစ်သက်တယ်၊ သဘောကျတယ် စသည်ဖြင့် ကြားထဲကြားထဲ ဝင်ဖြစ်တယ်၊ အဲဒါလေးတွေ မှတ်လိုက်တော့ အစပေါ်လာတာနဲ့ ပျော်သွားတာနဲ့ ဒါလေးသိနေတယ်၊ သမုဒယမဂ္ဂာနုပဿီ-ဖြစ်ခြင်းသဘောကို ရှုတယ်-တဲ့၊ ဝယမဂ္ဂာနုပဿီ-ပျက်ခြင်းသဘောကို ရှုနေတာတဲ့၊ တစ်ခါတစ်ရံကျတော့ အစရော အဆုံးရော အဖြစ်အပျက်ရှုနေတယ်၊ သမုဒယဝယမဂ္ဂာနုပဿီ-ဖြစ်ခြင်း ပျက်ခြင်း (၂)ပါးလုံး ရှုနေတယ်၊ အဲသလို ရှုပြီးတော့ နေရတာ။

ဓာတ်ဥာဏ်မှာ အပျက်ဆင်

ဒီလို ရှုပြီးတော့နေလို့ ရင့်ကျက်လာတဲ့အခါကျတော့ အဖြစ်မထင်ဘဲနဲ့ အပျက်ကြီးထင်နေတယ်၊ ဘင်ဥာဏ်ရောက်တော့ တစ်နေ့စီကလည်း နှစ်ခါသုံးခါ ပြောဖူးပါပြီ၊ ဥဒယဗ္ဗယဉာဏ်တုန်းက အစနဲ့ အဆုံးနဲ့ ရှေ့ပိုင်းနဲ့ နောက်ပိုင်းနဲ့ ပေါ်နေတာလေးဟာ ဘင်ဥာဏ်ရောက်တဲ့အခါကျတော့ အစပိုင်းက မပေါ်ဘူး၊ အဆုံးပိုင်းတွင် ဆုံးဆုံးသွားတာပဲ သိတယ်၊ အစပေါ်လာတာရယ်လို့ မထင်ရှားဘူး၊ တစ်စုံတစ်ခု ရှုမှတ်စရာလေးရယ်လို့ ရှုမှတ်လိုက်တယ်ဆိုရင် အစပေါ်လာတာ မတွေ့ရဘဲနဲ့ ဆုံးသွားတာ သိနေတာပဲ၊ ဆုံးနေနှင့်တယ်၊ ပျောက်နေနှင့်တယ်၊ ကွယ်နေနှင့်တယ်၊ ဒီလိုပဲ ထင်နေရတယ်၊ အပျောက်မြန်နေတယ်၊ အစတုန်းကတော့ အစနဲ့အဆုံးနဲ့ ထင်တယ်၊ အဆုံးကတော့ အထည်ဝတ္ထုကလေးတွေ ရှိသလိုပဲ။

ရူပ်တရား နာမ်တရားတွေဟာ ဘင်ဥာဏ်ရောက်တဲ့အခါကျတော့ အထည်ဝတ္ထုကို ရှာလို့မရဘူး၊ မယ်မယ်ရရ ဘာမှမရှိဘူး၊ ပေါ်တာမှတ်လိုက်ရင် ပျောက်နေတာချည်းပဲ တွေ့နေရတယ်၊ ဘာမှရှာလို့မရဘူး၊ လက်တွေ ခြေတွေ ကွေးလိုက် ဆန့်လိုက်လို့ မူလက ကွေးတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဆန့်တယ်ဆိုရင် လက်ပုံသဏ္ဌာန် ခြေပုံသဏ္ဌာန် ကိုယ်ပုံသဏ္ဌာန်ချည်းတွေနဲ့ပဲ၊ ယခု ဘင်ဥာဏ်ရောက်တဲ့အခါ အပျောက်ပဲ တွေ့နေတယ်၊ လက်ပုံသဏ္ဌာန်လည်း မရှိဘူး၊ ပျောက်နေတာ

http://www.dhammadownload.com

လေးတွေချည်းပဲ၊ အမှတ်ကောင်းနေတဲ့အခါပေါ့၊ မမှတ်ဘဲနဲ့ နားနေတဲ့အခါ ပြောလို့ မဖြစ်ဘူး၊ အမှတ်လျော့နေတဲ့အခါလည်း ရှိတယ်။

မော်တော်ကားအိမ်မြောင်ပုံဟန် ဝိပဿနာဉာဏ်

ဝိပဿနာဉာဏ် ဆိုတာက ဒီဉာဏ်ရောက်ရင် ဒီဉာဏ်မှာ တည်နေတာ မဟုတ်ဘူး၊ မော်တော်ကားကြီးများမှာ အိမ်မြောင်လေးတွေ ရှိတယ်၊ အနှေးအမြန် ပြတဲ့ အိမ်မြောင်လေးတွေ ရှိတယ်၊ ကားဟာ တစ်ခါတည်းအရှိန်နဲ့ များများမောင်း လိုက်တဲ့အခါကျရင် ဒီလက်တန်လေးက (၁၅)မိုင်၊ မိုင် (၂၀) (၃၀) (၄၀) စသည် ဖြင့် တက်လာတယ်၊ စက်အရှိန်လျှော့လိုက်တာနဲ့ သူကျသွားတယ်၊ အမြဲတမ်း ဟိုနေရာ တည်နေတာမဟုတ်ဘူး၊ စက်အရှိန်ပြင်းသလောက် တက်လာတယ်၊ စက်အရှိန်လျော့သလောက် ပြန်ကျသွားတယ်၊ အဲဒါလိုပဲ ဝိပဿနာဉာဏ်တွေ ဟာလည်းပဲ ဆက်တည်နေတာ မဟုတ်ဘူး၊ ဒီနေရာရောက်ပြီဆိုရင် ပြန်မကျဘဲနဲ့ နေတယ်လို့ ဒီလိုလည်း မအောက်မေ့ရဘူး၊ ဘာမှ မမှတ်တဲ့အခါ ဘာမှမသိပဲ၊ ခုနက မော်တော်ကား အိမ်မြောင်လေးနဲ့ သိပ်တူတယ်၊ မော်တော်ကားယာဉ်များ ရပ်နေတဲ့အခါ သူဟာ သုညရောက်နေတယ်၊ နည်းနည်းလေး လှုပ်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ခါတည်းတက်လာတယ်၊ အဲဒါလိုပဲ ဝိပဿနာကလည်း လုံးလုံး မမှတ်ဘဲနေတဲ့အခါကျတော့ သုညရောက်နေတာ။

သခ်ါရုပေက္ခာဉာဏ်ရောက်နေတဲ့ပုဂ္ဂိုလ်တောင် ရပ်နေတဲ့အခါ သုညရောက်နေသေးတာပဲ၊ အဲဒီမှတ်လိုက်ပြန်လို့ရှိရင် တက်လွယ်တယ်၊ အထက်ဉာဏ်တွေ ရောက်နေတဲ့သူက အကြာကြီးတက်နေတယ်။

စိတ်စင်ကြယ်အောင် မှတ်နေရခြင်း

ပထမစပြီး မှတ်တဲ့ပုဂ္ဂိုလ်က နာမရူပပရိစ္ဆေဒကို တော်တော်နဲ့မဖြစ်နိုင်ဘူး၊ အဲဒီမရောက်ခင် စိတ္တဝိသုဒ္ဓိဖြစ်အောင် သူဟာ အတော်မှတ်နေရတာကိုး၊ ကိုယ့် စိတ်က မစင်ကြယ်သေးဘူး၊ ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်ပါဆိုရင် စိတ်ကနေမှ မနေဘဲ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ အဲဒီဟာ မသွားပါနဲ့ ပြောလို့မရဘူး၊ တားထားလို့ မရဘူး၊ မှတ်ဆို တော်တော်နဲ့မမှတ်နိုင်ဘူး၊ မှတ်ပေမယ့်လည်း သူက

http://www.dhammadownload.com

သဘောမကျနိုင်ဘူး၊ မှတ်တဲ့အခါကျတော့ ဆက်ပြီး စဉ်းစားနေသေးတာကိုး၊ မှတ်ရင် ပျောက်တယ်၊ ပြောပေမယ့် အားထုတ်ခါစပုဂ္ဂိုလ်ကျတော့ မပျောက်ဘူး၊ သူက သဘောကျနေတာ မပျောက်ဘူး၊ သဘောကျနေတဲ့အာရုံ ဘယ်ပျောက်လို့ ရလိမ့်မလဲ။

သူက ဒီလိုစိတ်ထဲတွင် မပြောနဲ့တော့၊ လောတမှာ အပြင်အဆင်တောင် တိတ်တိတ်ခိုးပြီးတော့ တကယ်တည်းမပြုလုပ်ရမယ့်ဥစ္စာတွေ ပြုလုပ်နေတယ်၊ စိတ်ထဲ သဘောကျနေတဲ့အာရုံ မလုပ်ပါနဲ့ဆိုပေမယ့် သူ့ဥစ္စာ ဆက်လုပ်နေတာပဲ၊ တရားက မမှတ်ရင် အဲဒါတွေကို မစဉ်းစားနဲ့, မကြံနဲ့၊ ဒါတွေကို မှတ်ပြီးတော့ ဖျောက်ရမယ်ဆိုပေမယ့် သူက သဘောကျလက်ခံနေတယ်၊ မှတ်ပေမယ့် တော်တော်နဲ့ မပျောက်ဘူး၊ ဒါကြောင့် စိတ်မစင်ကြယ်ပါဘူး။

နာမ်ရှုပ်သိခြင်း

သမာဓိဉာဏ်တော်တော်ရင့်လာတဲ့အခါကျတော့မှ ဒီမှာ စိတ်ကလေး စင်ကြယ်သွားပြီး နာမ်ရုပ်ကို ပိုင်းခြားသိတာ၊ ရုပ်တရားမှတ်စရာရုပ်ကလေးက တစ်မျိုး၊ မှတ်စိတ်ကလေးက တစ်မျိုး မကြာခင်ဘဲ အဲဒီလို တဖြည်းဖြည်းလေး သိရတယ်။

ဟိုဘက်ဉာဏ်တွေ ရောက်ပြီးသားပုဂ္ဂိုလ်ကတော့ နားနေတဲ့အခါ သုညကျပေမယ်လို့ နောက်တစ်ခါ ပြန်မှတ်လိုက်၊ ဗြုတ်ခနဲဆို၊ မြန်မာမှာ ဟိုဒင်းလိုပဲ၊ မော်တော်ကားက မိုင်ပြတဲ့အိမ်မြှောင်လိုပဲ၊ ဗြုတ်ခနဲ လှည့်တာကိုး၊ သခီါရုပေက္ခာ ဉာဏ်လည်း ခဏလေးပြန်ရောက်တာပဲ၊ လေးငါးချက် မှတ်လိုက်ရင် ပြန်ရောက်တယ်။

အဲဒါကြောင့် မှတ်ကောင်းနေလို့ ဘင်္ဂဉာဏ် အမှတ်ကောင်းနေတဲ့အခါမှာ ဘင်္ဂဉာဏ်လောက်က ပြောခဲ့တဲ့အတိုင်း ဒီကရီရောက်နေတယ်၊ ဘင်္ဂဉာဏ်အဆင့် အတန်းရောက်နေတယ်၊ အဲဒီရောက်နေတဲ့အခါမှာဆိုလို့ရှိရင် မှတ်တိုင်းမှတ်တိုင်းမှာ ပုံသဏ္ဌာန်အထည်ဖြပ်မရှိဘူး၊ တစ်ရိပ်ရိပ်ပျက်နေတယ်၊ ရိပ်ခနဲ ရိပ်ခနဲ ပျက်နေတယ်၊ ကိုယ်ကြီးတစ်ကိုယ်လုံးလည်း ယိမ်းလိုက်လို့ရှိရင် ယိမ်းတာကလေး တစ်နေရာက တစ်နေရာမရောက်ဘဲ ပျောက်နေတာပဲ၊ ကွေးတာ ဆန့်တာတွေ၊

http://www.dhammadownload.com

ကြွတာ လှမ်းတာ ချတာတွေ ဇကုန်လုံး တစ်ရိပ်ရိပ်နဲ့ ပျောက်နေတယ်၊ စိတ်ကူး တာလေးတွေလည်း ပျောက်နေတာပဲ၊ မှတ်တဲ့စိတ်ကလေးတွေလည်း ပျောက်လိုက် နေတာပဲ၊ အကုန်လုံးပျောက်ပြီးတော့ လိုက်နေတာပဲ၊ ဝယမမွာနုပသီ-ပျက်ခြင်း သဘောချည်း တစ်ခါတည်း လျှောက်တွေ့နေတာပဲ၊ အဲဒီလိုရှုပြီးတော့ နေတယ်၊ ဒါ သစ္စာလေးပါးတရား ရှုပြီးတော့ နေတာပဲ-တဲ့။

ဆဇီဆင်ပုံ

'အတ္ထိ ဓမ္မာ'တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

ဝါ ပန-တစ်နည်းထင်ပုံကား၊ အဿ-ထိုယောဂီပုဂ္ဂိုလ်၏၊ သတိ-အမှတ်ရ မှု သတိသည်၊ "ဓမ္မာ-သဘောတရားတို့ သည်သာလျှင်၊ အတ္ထိ-ရှိကုန်၏၊" ဣတိ-သို့၊ ပစ္စုပဋ္ဌိတာ--ထင်လာသည်၊ ဟောတိ-၏။

တစ်နည်းအားဖြင့် သတိထင်ပုံကတော့ ရှေ့က ပြောခဲ့တာက ကိုယ်တွင်း သန္တာန်က သစ္စာလေးပါး တရားတွေကို ရှုနေတယ်၊ ကိုယ်ပသန္တာန်က သစ္စာ လေးပါးတရားတွေ ရှုနေတယ်၊ အတွင်းရော အပရော ရှုနေတယ်၊ တစ်ခါဖြစ်ခြင်း တရားကို ရှုတယ်၊ ပျက်ခြင်းသဘောကို ရှုတယ်၊ အဖြစ်အပျောက် (၂)ပါးလုံးကို ရှုတယ်၊ ဒီလိုရှုရမယ်။

သဇဘာတရားချည်းဆင်ခြင်း

အခုဟာ တစ်နည်းထင်ပုံကတော့ အဲဒီယောဂီပုဂ္ဂိုလ်သန္တာန်မှာ သဘော တရားချည်းထင်နေတယ်၊ သစ္စာလေးပါးတရားတွေဟာ သဘောတရားတွေချည်း ပဲ ထင်နေတယ်၊ ဘယ်တရားပဲ ရှုရှု သဘောတရားအနေအားဖြင့်ပဲ ထင်နေတယ်၊ ဖောင်းတယ်၊ ဖောင်းတယ် မှတ်လိုက်လည်း သဘောတရားပဲ၊ ပိန်တာ မှတ်လိုက် လည်း သဘောတရားပဲ၊ ကွေးတယ်မှတ်လိုက်လည်း သဘောတရားပဲ၊ ဆန့်တယ် မှတ်လည်း သဘောတရားပဲ၊ စိတ်ကူးစဉ်းစားတယ် မှတ်လည်း သဘောတရားပဲ၊ အားလုံးသဘောတရားတွေချည်းပဲလို့ ဒီလိုထင်နေတယ်၊ သဘောတရားဆိုတာ သူ့အကြောင်းအားလျော်စွာ သူဖြစ်ပျက်နေတဲ့သဘောတရားတွေပဲ၊ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ ပုဂ္ဂိုလ်၏အလိုသို့ လိုက်ပြီးတော့ ဖြစ်နေတာမဟုတ်ဘူး၊ သူ့အကြောင်း အားလျော်စွာ သူဖြစ်ပျက်နေတဲ့ သဘောတရား၊ သူကိစ္စတွေ သူဆောင်နေတယ်။

http://www.dhammadownload.com

"အတ္တနော သဘာဝံ ဓာရေတီတိ ဓမ္မော" မိမိ၏သဘော၊ မိမိ၏ကိစ္စကို ဆောင်နေတာပဲ၊ ရုပ်တရားကလည်း ရုပ်၏ကိစ္စ ရုပ်၏သဘော၊ နာမ်တရားက လည်း နာမ်၏ကိစ္စ နာမ်၏သဘော၊ စိတ်ဆိုလို့ရှိရင် အာရုံကို သိခြင်းသဘောကိစ္စ၊ ဝေဒနာဆိုရင် ခံစားခြင်းကိစ္စ၊ ဖဿဆိုရင် အာရုံ၌ တွေ့ထိခြင်း ကိစ္စတွေကို ဆောင်ပြီး ဖြစ်သွားတာပဲ၊ ဘယ်ပုဂ္ဂိုလ်ကမှ မစီမံမခန့်ခွဲနိုင်ဘူး၊ သ္ဌသဘောအတိုင်း ဖြစ်နေတဲ့တရားတွေ၊ အဲဒါတွေ သဘောတရားတွေလို့ ခေါ်တယ်။

လောကမှာ လူတွေ သတ္တဝါတွေက ကိုယ့်ကိုယ်ရော, သူများကိုရော အသက် ရှင်နေတဲ့ အကောင်အထည်ကြီးလို့ ထင်နေတယ်၊ တစ်သက်လုံး၊ တစ်ဘဝလုံး အသက်ရှင်နေတဲ့အကောင်အထည်ကြီးလို့ ထင်နေတယ်၊ ကိုယ်လုပ်ချင်တာလေး လည်း ကိုယ်လုပ်ရ၊ ကိုယ်ကြံတာ ကြံလို့ရ၊ ကိုယ့်အလိုအတိုင်းပြီးနေတယ်လို့ ဒီလိုထင်နေတာ၊ အဲဒီအလိုတိုင်းပြီးတာတွေ မဟုတ်ဘူးတဲ့၊ သဘောတရားတွေ ချည်းပဲတဲ့၊ သ္ဌဟာသူဖြစ်တယ်၊ သ္ဌဟာသူပျက်တယ်၊ ကောင်းကင်မှာ လေတွေ လာနေတယ်၊ ဘယ်သ္ဌအလိုနဲ့မှ မဟုတ်ပါဘူး၊ သ္ဌဘာသာလာတာ၊ နေပူလည်း သ္ဌဘာသာပူတာပဲ၊ မိုးရွာလည်း သ္ဌဘာသာရွာတာပဲ၊ ဘယ်သ္ဌအလိုနဲ့ ဘယ်မှ လုပ်လို့ ဖြစ်တာမဟုတ်ဘူး၊ သ္ဌသဘောအတိုင်း သ္ဌဟာသူဖြစ်နေတယ်၊ အလင်းတွေ အမှောင်တွေလည်း သ္ဌဟာသူဖြစ်နေတာ၊ ကိုယ်ထဲက ရုပ်နာမ်တွေဟာလည်း ဒီလိုပဲ သ္ဌဟာသူဖြစ်နေတာ၊ အဲဒီလိုသဘောတရားတွေလို့ တစ်နည်းအားဖြင့် ထင်တယ်။

သတိထင်ပုံ အခြင်းအရာ (၁၈)ပါး

"တာယောဝ အတ္ထိ နသတ္တော၊ နပုဂ္ဂလော၊ နဣတ္ထိ၊ နပုရိသော၊ နအတ္တာ၊ နအတ္တနိယံ၊ နာဟံ၊ နမမ၊ နကောစိ၊ နကဿစိတိ ဝေမဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ " အဌကထာက ဖွင့်တယ်၊ သဘောတရားထင်တယ်၊ ဒါ ကာယာနုပဿနာပိုင်းက ဖွင့်တယ်၊ ဒီအပိုင်းတွေကျတော့ မဖွင့်ပါဘူး၊ ပထမက တစ်ခုလောက် ဖွင့်ပြထားတယ်၊ ခဏခဏထပ်ပြီးတော့ ဖွင့်ရင် ကျမ်းတွေ ကျယ်နေမယ်၊ မှတ်သားစရာတော့ အင်မတန်ကောင်းတယ်၊ သဘောတရားမျှ သာပဲ ထင်ရုံလေး ထင်တာ၊ ဘယ်နှယ်ထင်နေတာတုံး၊ နသတ္တော-ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးလို့ ဒီလိုထင်တယ်၊ လောကမှာ လူတွေအထင်နဲ့

http://www.dhammadownload.com

ပြောင်းပြန်ပဲ၊ ပကတိပုဂ္ဂိုလ်တွေက ပုဂ္ဂိုလ်သတ္တဝါ ထင်နေတာကိုး၊ အဲဒါ လက်ကလေးလှုပ်လိုက် ပုဂ္ဂိုလ်ပဲ၊ ခေါင်း လေးလှုပ်လိုက် ပုဂ္ဂိုလ်ပဲ၊ စိတ် ကူးလိုက်၊ စဉ်းစားလိုက် ပုဂ္ဂိုလ်ပဲ၊ ပုဂ္ဂိုလ်တ လုပ်နေတယ်၊ ဒီလိုထင်နေတာကိုး၊ ကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ သွားလိုက်၊ လာလိုက်၊ ဒီလိုအမှုကိစ္စ တွေ ပုဂ္ဂိုလ်က လုပ်နေတယ်လို့ ထင်နေတာပဲ၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါ ကောင်က လုပ်နေတယ်လို့ ထင်တယ်၊ သတ္တဝါနဲ့ပုဂ္ဂိုလ်ဆိုတာလည်း အတူတူပါပဲ၊ ဝေါဟာရသာ ကွဲတယ်၊ ပုဂ္ဂိုလ်သတ္တဝါက လုပ်နေတယ်လို့ ဒီလိုပဲ ထင်တယ်။

အခု အဲဒါ မဟုတ်ဘူးတဲ့၊ ယောဂီပုဂ္ဂိုလ်က ရှုနေတယ်၊ မှတ်ရင်းမှတ်ရင်းနဲ့ လက်ကလေးကွေးတယ် မှတ်လိုက် ကွေးတာ၊ ကွေးချင်တာက စပြီးတော့ ကွေးချင်တယ်၊ ကွေးတယ်၊ ကွေးတယ် ဒီလိုမှတ်တော့ ကွေးချင်တာလေးကလည်း သူဟာ ပျောက်သွားတာကိုး၊ ရိပ်ခနဲကွေးတာလေး ရွေ့ရွေ့ပြီး သူဟာသူပျောက်သွားတယ်၊ ကွေးချင်တာနဲ့ ကွေးတာနဲ့၊ သိတာနဲ့ ကွေးတာနဲ့၊ ကွေးတာနဲ့ သိတာနဲ့၊ သူနေရာနဲ့သူ တစ်ရိပ်ရိပ်နဲ့ ပျောက်တာလေးတွေ သိနေတာပဲ၊ ဒီအထဲမှာ ကွေးအောင်လို့ ပြုလုပ်တတ်တဲ့ပုဂ္ဂိုလ်တွေ ရှာလို့မရဘူး၊ ကိုယ်ထဲမှ ဆင်းရဲချမ်းသာတွေ ဖြစ်လာတယ်၊ ကိုယ်ထဲမှာ ညောင်းတာ ကျင်တာ နာကျင်ကိုက်ခဲတာတွေ ဆင်းရဲတွေချည်းပဲ၊ ကိုယ်ထဲမှာ ကောင်းသော ခံစားမှုလေး ဖြစ်လာတယ်၊ အဲဒီဖြစ်တဲ့အခါကာလ အဲဒီပုဂ္ဂိုလ်တွေကတော့ ငါပဲ ဆင်းရဲတယ်၊ ပုဂ္ဂိုလ်သတ္တဝါတွေလို့ ထင်နေတယ်၊ ကောင်းနေလို့ရှိရင်လည်း ငါပဲ ကောင်းနေတယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင်းတယ်၊ ဒီလိုထင်နေတာကိုး၊ သူဟာ ဒီလိုမဟုတ်ဘူးတဲ့၊ ခံစားတတ်တဲ့ပုဂ္ဂိုလ် ဒီထဲမှာ မရှိဘူး၊ ညောင်းတယ် ညောင်းတယ်၊ ပူတယ်၊ ပူတယ်လို့ မှတ်ရင်းမှတ်ရင်း ပျောက်လိုက်နေတယ်၊ ခံစားတတ်တဲ့သဘောလေးပဲ တွေ့ရတယ်၊

ဒါကြောင့် နှ သတ္တော-ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဖြစ်ပျက်နေတဲ့သဘောတရားပဲ၊ ဒုက္ခသစ္စာတရားပဲ၊ ဖြစ်ပျက်နေလို့ နှစ်သက်သာယာဖွယ်မရှိ၊ အားကိုးစရာ မရှိတဲ့တရားပဲ၊ ပကတိပုဂ္ဂိုလ်တွေအနေကတော့ အားကိုးစရာလို့ ထင်နေတာ၊ ဒါတွေဟာ အခုလည်း ကောင်းစားမှု ရတန်သလောက် ရနေတယ်၊ အခုမရတောင် နောင်ရလိမ့်ဦးမယ်လို့ မျှော်လင့်စရာရှိတယ်၊ ဒီရုပ်နာမ်တွေ ပြီးတော့ အသက်ရှင်ပြီး စိတ်ချမ်းသာနေဦးမယ်၊ ကောင်းစားနေဦးမယ်၊ ဒီလိုမျှော်လင့်စရာတွေ

http://www.dhammadownload.com

ဖြစ်နေတာ၊ ရွပ်နာမ်ရယ်လို့လည်း မထင်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါပဲ၊ ငါပဲ၊ အကောင်ပဲလို့ ဒီလိုထင်နေတာ။

အခုဒီမှာ ယောဂီပုဂ္ဂိုလ်က ရှုမှတ်တော့ ဖြစ်လိုက် ပျက်လိုက်နဲ့ သဘော တရားလေးတွေ တွေ့နေတော့ ဒုက္ခသစ္စာတရားတွေပဲ၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်နေတာ ဒုက္ခသစ္စာတရားတွေပဲ၊ ဘာမှ အားကိုးလောက်စရာဆိုတာ မဟုတ်ဘူး၊ အခုပဲဖြစ်၊ အခုပဲပျက်၊ ဘယ်ချိန်မဆို သူဟာ သေပျက်နေတဲ့ တရား တွေပဲ၊ အသစ်အသစ် အစားထိုးနေလို့ မသေတာကိုး၊ နို့မို့လို့ရှိရင် သေတယ်၊ အဲဒီတော့ ဆင်းရဲတရားတွေ သဘောတရားတွေပဲ၊ နှ သတ္တော-သတ္တဝါမဟုတ်ဘူး၊ သတ္တဝါနဲ့ပုဂ္ဂိုလ်ကတော့ ဝေါဟာရပါပဲ၊ မထူးပါဘူး၊ ပုဂ္ဂိုလ်သတ္တဝါ ဒီလိုပြော နေကြတာပါပဲ၊ စာထဲမှာလည်း ဒီလိုပဲ၊ ပုဂ္ဂိုလ်ခေါ်လိုက် သတ္တဝါခေါ်လိုက် အတူတူ ပါပဲ။

"နှ သတ္တော၊ နှ ပုဂ္ဂလော၊ နှ ဣတ္ထီ၊ နှ ပုရိသော" ဒါကတော့ ယောက်ျား၊ မိန်းမ ခွဲတာ၊ နှ ဣတ္ထီ-မိန်းမမဟုတ်၊ နှ ပုရိသော-ယောက်ျားမဟုတ်၊ လောက ဝေါရဟာရဖြင့်တော့ မိန်းမပဲ ယောက်ျားပဲလို့ ရှိနေတာပဲ၊ အခု လောကဝေါဟာရ ပြောနေတာ၊ လောကဝေါဟာရမှာတော့ လူရယ်၊ နတ်ရယ်၊ ငြဟ္မာရယ်၊ ယောက်ျား ရယ်၊ မိန်းမရယ်၊ လူကြီးခလေး စသည်ဖြင့် ဒါတွေရှိတာပေါ့၊ အမိ အဘ သားသမီး ဒါတွေကတော့ ရှိကြတာပေါ့၊ လောကဝေါဟာရကတော့ အခုဟာက သဘော တရားလေး ပြောနေတာ၊ သဘောတရားအနေအားဖြင့် ရှုတိုင်းရှုတိုင်းဟာ ရှုခိုက် ရှုခိုက်မှာ ရိပ်ခနဲဖြစ်ပြီး ပျောက်သွား၊ ရိပ်ခနဲဖြစ်ပြီး ပျောက်သွား၊ ပျောက်ပျောက် သွားတဲ့ ရွပ်တရား နာမ်တရား ဒုက္ခသစ္စာတရားလေးတွေ၊ များသောအားဖြင့် ဒုက္ခသစ္စာ ရှုရတာက များပါတယ်၊ သမုဒယသစ္စာ တစ်ခါတစ်ရံမှ ရှုရတယ်၊ ဝိပဿနာဉာဏ် ဒီလောက်ကောင်းနေတဲ့အခါ သမုဒယကလည်း ဖြစ်ခဲတယ်၊ တယ်မဖြစ်ဘူး၊ ဒုက္ခပဲ ဖြစ်နေတာက များတယ်၊ ဒုက္ခသစ္စာပဲ၊ သမုဒယသစ္စာခေါ်တဲ့ သာယာတဲ့ တောင့်တမှု နှစ်သက်မှု ဆိုတာက အင်မတန်ဖြစ်ခဲတယ်၊ သူက ဒီလောက်မှတ်ကောင်းနေတဲ့အခါကျတော့ အင်မတန်ဖြစ်ခဲတယ်၊ ဒါက ဒီလောက် ကြာမှ ကောင်းတာပဲဆိုလို့ရှိရင် သခ်ါရုပေက္ခာဉာဏ်မှ ကောင်းကောင်းပြည့်စုံတာ၊ သူဟာ အောက်နားကဉာဏ်လေးတွေ မဟုတ်ဘူး၊ ဝိသုဒ္ဓိမဂ်မှာ (၁၀)မျိုးရှိတာ၊

http://www.dhammadownload.com

ဒသာဟာကာရ-ဆယ်ပါးသောအခြင်းအရာဖြင့် သုညတဝိပဿနာ, အတ္တမှ ဆိတ်သုဉ်းပုံကို ယောဂီပုဂ္ဂိုလ်ထင်မြင်နေတယ်၊ အဲဒါ သခ်ါရုပေက္ခာဉာဏ်ကျမှ ကောင်းကောင်းပြည့်စုံတယ်။

ဒါကြောင့် နာ ဏ္ဍတ္ထိ-မိန်းမမဟုတ်၊ လောကဝေါဟာရ မိန်းမပြောတာ မဟုတ်ဘူး၊ ခုနပြောတဲ့ကွေးခြင်း၊ ဆန့်ခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ သွားလာခြင်း၊ အစရှိသော အမူအရာတွေ ပြုလုပ်တတ်တဲ့ အကောင်ကလေးအနေအားဖြင့် မိန်းမကောင်၊ လောကဝေါဟာရမိန်းမလို့ ခေါ်ထားတယ်၊ အကောင်ကလေး ခေါ်တဲ့ အသက်ရှင်တဲ့အကောင်ကလေး မဟုတ်ဘူး၊ ဒီဥစ္စာဘာတုံးဆိုရင် ဖြစ်ပျက်နေတဲ့ သဘောတရားပဲ၊ ဖောင်းတာလေး ဖြစ်ပျက်နေတဲ့ သဘောတရား၊ ပိန်တာလေး ဖြစ်ပျက်တဲ့သဘောတရား၊ ကွေးတာလေး၊ ဆန့်တာလေး၊ မြင်တာလေး၊ ကြားတာလေး ဖြစ်ပျက်နေတဲ့ သဘောတရား၊ ကိုယ်ထဲမှာ ညောင်းတာ ပူတာ ဒုက္ခဝေဒနာခံစားတယ်၊ ညောင်းတယ်၊ ပူတယ် စသည်ဖြင့် အဲဒါတွေလည်းပဲ ပကတိပုဂ္ဂိုလ်ထင်နေတော့ မိန်းမသန္တာန်မှာ ဖြစ်နေလို့ရှိရင် ဒုက္ခရောက်နေတယ်၊ ဒီမိန်းမ ဒီလိုပြောမှာ၊ ဒီမိန်းမ ညောင်းနေတယ်၊ ပူနေတယ်၊ နာနေတယ်၊ ကိုယ့်ဟာကိုယ်လည်း ဒီလိုအောက်မေ့မှာပဲ။

ဝိပဿနာရှုတဲ့ ယောဂီအနေအားဖြင့်တော့ ဒီဟာ မိန်းမမဟုတ်ပါဘူး၊ ညောင်းနေတာပဲ၊ ဒါညောင်းတဲ့သဘောပဲ၊ ညောင်းတာလေးက ဘယ်မိန်းမဟုတ်မလဲ၊ ညောင်းတဲ့သဘောပဲ၊ ခံစားတတ်တဲ့ပုဂ္ဂိုလ်မဟုတ်ဘူး၊ သူဥစ္စာ ပူတာလည်း ပူတဲ့သဘော၊ နာတာလည်း နာတဲ့သဘော၊ နာပြီးရင်း ပျောက်သွား၊ နာပြီးရင်း ပျောက်သွား၊ အကယ်၍ သူကပဲ ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်တစ်ယောက်ဆိုရင် ခဏခဏ သေနေမှာပေါ့၊ ခုဟာက ဒီလိုမှ မဟုတ်ပဲ၊ ပူပြီးရင် ပျောက်၊ ညောင်းရင် ပျောက်၊ ဒုက္ခလေးတွေ ချက်ချင်းချက်ချင်း ပျောက်နေတာ၊ အသစ်အသစ်ဖြစ်ပြီး နောက်ထပ်လည်းဖြစ်ပြီး ပျောက်လိုက်၊ အဲဒီသဘောလေးတွေ တွေ့နေတယ်၊ ကိုယ်ထဲမှာ ကောင်းတာလေး ပေါ်လာရင်လည်း ကောင်းတဲ့သုခဝေဒနာတွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်၊ အဲဒါတွေလည်း ရှုမှတ်လိုက်၊ ပျောက်နေတာပဲ၊ ခံစားတတ်တဲ့ မိန်းမကောင်လည်း မဟုတ်ဘူး။

နာ ပုရိသော-ယောကျ်ားလည်း မဟုတ်ဘူး၊ ယောကျ်ားပုဂ္ဂိုလ်၏သန္တာန်မှာ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ၊ ကွေးတာ၊ ဆန့်တာကလေးတွေ ပကတိ

http://www.dhammadownload.com

အနေအားဖြင့်တော့ ယောက်ျားပဲ၊ ဒီလိုပဲ အောက်မေ့နေမှာပေါ့၊ ဒါဟာ ကွေးတယ်၊ ဆန့်တယ်၊ ယောက်ျားက လုပ်နေတယ်၊ ယောက်ျားကောင်ကပဲ ကွေးအောင်၊ ဆန့်အောင်၊ ကိုင်အောင်၊ ထအောင် လုပ်နေတယ်၊ သူပဲ သွားလာတယ်၊ သူပဲ မြင်ကြားတယ်၊ သူပဲ အမှုကိစ္စတွေ ဆောင်ရွက်နေတယ်၊ သူပဲ စကားပြောနေ တယ်၊ သူပဲ အလုပ်လုပ်နေတယ်၊ ဒီလိုထင်ရတာကို၊ တကယ်တော့ ဘယ်ဟုတ်မလဲ သဘောတရားလေး သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးရင် ပျောက်လိုက်နေတာပဲ၊ ကွေးတယ်ဆိုလို့ရှိရင် ကွေးချင်တယ်၊ ကွေးချင်တဲ့စိတ်ကလေး တခြားပဲ၊ သိတာ လေးက တခြားပဲ၊ တခြားစီ တခြားစီလေးတွေ၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပျက် နေတဲ့တရားတွေ၊ အဲဒါလေးတွေ တွေ့ရတော့ နပုရိသော-အမှုကိစ္စတွေ ပြုလုပ် တတ်တဲ့ ယောက်ျားမဟုတ်ဘူး၊ ကောင်းဆိုးတွေ ခံစားတတ်တဲ့ ယောက်ျား မဟုတ်ဘူး၊ ခန္ဓာအိမ်ထဲမှာ အမြဲတည်နေတဲ့ယောက်ျားကောင်မဟုတ်ဘူး၊ ပကတိ ပုဂ္ဂိုလ်တွေက ယောက်ျားဆိုတာ အကောင်ကလေး တကယ်ကို ရှိတယ်လို့ အောက်မေ့နေတယ်၊ ယောက်ျားကောင်ရှိတာလည်း မဟုတ်ဘူး၊ ဘာရှိတာလဲ ဆိုလို့ရှိရင် သဘောတရားပဲ၊ ဖြစ်လိုက် ပျက်လိုက် ဒုက္ခသစ္စာသဘောတရားပဲ ရှိတယ်တဲ့၊ အဲဒါကို သိတယ်။

အတ္တအစိပ္ပါယ်

နအတ္တာ၊ နအတ္တနိယာ၊ အတ္တာ-ကိုယ်ကောင်သည်၊ နမဟုတ်၊ အတ္တာ-အတ္တကောင်သည်၊ နမဟုတ်၊ အတ္တာ-ကိုယ်လို့ တချို့ကတော့ ဘာသာပြန်ကြ တယ်၊ ဒါဟာ သဘာဝမကျဘူး၊ ဒီလောကဝေါဟာရအားဖြင့် ကိုယ်ဆိုတဲ့ အကောင် ကတော့ ရှိတာပေါ့၊ ဒီဥစ္စာကတော့ အတ္တဆိုတာ ဒီလို ကိုယ်ရယ်လို့ မဟုတ်ဘူး။

မိစ္ဆာအယူဖြစ်တဲ့အတ္တ

သာသနာပပုဂ္ဂိုလ်တွေက သေသေချာချာ အတ္တကို ကြံထားတာ၊ သူတို့က ဒီအတ္တကို အမျိုးမျိုးကြံထားတယ်၊ ရုပ်တရာ နာမ်တရားတွေကို အတ္တအနေ အားဖြင့် ကြံတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ ရုပ်တရား နာမ်တရားမဟုတ်ဘဲနဲ့ ရုပ်တရား နာမ်တရားက အလွတ်၊ ခန္ဓာ (၅)ပါးက အလွတ်၊ ဒီလိုကြံတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်၊ သေသေချာချာ ကျမ်းစာတွေနဲ့ ရေးထားတာ၊ ခန္ဓာငါးပါးလည်း မဟုတ်

http://www.dhammadownload.com

ဘူးတဲ့၊ သူတို့က ခန္ဓာငါးပါးမဟုတ်၊ ဘာမှအသုံးမကျပါဘူး၊ အလကားပါပဲ၊ သူ့ဥစ္စာက ရုပ်လည်း မရှိဘူးလို့ ဆိုတာကိုး၊ အကောင်အထည်မရှိဘူး၊ နာမ်လည်း မရှိဘူးဆိုတော့ သိလည်း မသိဘူး၊ ဘာအသုံးကျဦးမှာတုံး၊ ဘာမှကို အသုံးမကျဘူး၊ အခု အလိုလိုလာနေတဲ့ လေလောက်တောင် အသုံးမကျဘူး၊ လောကမှာ အသုံးချလို့ ရသေးတယ်တဲ့ လေလို အထည်ဝတ္ထုမျိုး မရှိဘူး၊ သူတို့အတ္တသူတို့စဉ်းစားတာ ဒီအတ္တက ရုပ်လည်း မဟုတ်ဘူး၊ နာမ်လည်း မဟုတ်ဘူးတဲ့၊ ခန္ဓာငါးပါးက အလွတ်၊ အဲဒီလို ကြံထားတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်။

ဒါက မိစ္ဆာအယူရှိတဲ့ပုဂ္ဂိုလ်တွေ စိတ်ကူးထားတယ်၊ အဲဒါတွေ လျှောက်ပြီး ကြံထားကြတာပါပဲ၊ ဒီလိုကြံမထားပေမယ့်လို့လည်း အများအားဖြင့် အကုန်လုံး လောက်ပါပဲ၊ တရားဉာဏ်တွေ ကောင်းကောင်းမရသေးတဲ့ပုဂ္ဂိုလ်တွေဆိုလို့ရှိရင် ဒီအတ္တကောင်လေးက စွဲနေတယ်၊ အကောင်ကလေးလိုပဲ၊ အဲဒါကို သာသနာပ ပုဂ္ဂိုလ်တွေ ကြံထားတာနဲ့လည်း အတူတူပါပဲ။

"သာမိ"တဲ့၊ ခန္ဓာအိမ် အစိုးရတယ်တဲ့၊ ခန္ဓာအစိုးရတယ်၊ ပိုင်ရှင်ပဲတဲ့၊ ဒီအတ္တလေးဆိုတာ ခန္ဓာကိုယ်ထဲမှာ တစ်နေရာက ရှိနေသလိုလို (သို့မဟုတ်) တစ်ကိုယ်လုံး ပြည့်ပြီးနေသလိုလို ယူဆနေကြတယ်၊ အဲဒီ သာမိ ခန္ဓာအိမ်ကြီး ပိုင်ရှင်ပဲ။

'နိဝါသီ'တဲ့၊ ခန္ဓာအိမ်ထဲမှာ ဒီအတ္တကောင် အမြဲတည်ပြီးတော့ နေတယ်၊ ခန္ဓာအိမ်ထဲမှာ တည်ရှိနေတယ်၊ ခန္ဓာအိမ်ကြီး ပျက်သွားပေမယ့်လို့ သူကတော့ မပျက်ဘူးလို့ ယူဆတာကိုး၊ လူတွေ သေသွားတယ်ဆိုလို့ရှိရင် ဒီခန္ဓာအိမ်က ပျက်သွားရင် ဒီပြင်ခန္ဓာအိမ်ထဲ ပြောင်းသွားတယ်၊ သစ်ပင်တစ်ပင် နားနေတဲ့ ငှက်ဟာ ဒီသစ်ပင်က လွှဲသွားလို့ရှိရင် ဒီပြင်သစ်ပင်တစ်ပင် ပြောင်းနားတယ်၊ ဒီသစ်ကိုင်းက ညွှတ်ကျသွားရင် ဟိုအကိုင်းရွှေ့သွားတယ်၊ အဲဒါလိုပဲ၊ သူက ဒီခန္ဓာအိမ်ကြီးပျက်သွားလို့ရှိရင် ဒီခန္ဓာအိမ်ထဲ တည်ရှိနေတဲ့ ဒီအတ္တကောင်ကလေး အသက်ကောင်ကလေး ရွှေ့သွားတယ်လို့ ဒီလိုယူတာကိုး၊ အဲဒီလို ခန္ဓာအိမ်ကို အစိုးရတဲ့ ခန္ဓာအိမ်ထဲ အမြဲတည်နေတဲ့ အတ္တကောင်ကလေးမဟုတ်ဘူး၊ ဒါ ဘာတုံးဆိုရင်တော့ သဘောတရားပဲ၊ ဒုက္ခသစ္စာတရားတွေပဲ၊ ဖြစ်လိုက်ပျက်လိုက် အားကိုးစရာမရှိတဲ့တရားတွေပဲ၊ နှစ်သက်စရာ သာယာစရာ တွယ်တာစရာမရှိတဲ့

http://www.dhammadownload.com

တရားတွေပဲလို့ ရှုရင်း မှတ်ရင်း ဒီလိုသဘောကျလာတာကိုး၊ ဖောင်းတယ် မှတ်ရာမှာ သဘောကျတယ်၊ ပိန်တယ် မှတ်ရာမှာ သဘောကျတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ထိုင်တယ်၊ ထတယ်၊ မြင်တယ်၊ ကြားတယ်၊ ရှုတိုင်းရှုတိုင်း ဒီဉာဏ်ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ အကုန်လုံးသဘောကျတယ်၊ သဘောလေးတွေချည်းပဲ၊ ဒုက္ခသစ္စာတရားလေးတွေ သူဟာသူဖြစ်ပျက်နေတဲ့တရားချည်းထဲပဲ၊ အဲသလို သဘောကျတယ်။

ဒါကြောင့်မို့ နှ အတ္ထာ - ခန္ဓာအိမ်၏ပိုင်ရှင် စသည်ဖြင့် ထင်မြင်စွဲလမ်းအပ်တဲ့ အသက်ကောင် အတ္ထကောင် မဟုတ်ဘူး၊ ဘာဟုတ်တုံးဆိုတော့ ဖြစ်ပြီးပျက်သွားတဲ့ ဆင်းရဲတရားပဲလို့ ဒီလိုထင်ရမှာကိုး၊ နှ အတ္ထနိယာ-အတ္ထ၏ အစိတ်အပိုင်းမဟုတ်ဘူး၊ နှ အတ္ထနိယာ-အတ္ထ၏အစိတ်အပိုင်း၊ အသက်ကောင်ကလေးရဲ့ အစိတ်အပိုင်း မဟုတ်ဘူးတဲ့။

သာသနာပဂ္ဂိုလ်တွေ ကြံစည်ထားတာကတော့ အခု မြင်လိုက် ကြားလိုက် ဒီလိုဥစ္စာတွေ အတ္ထ၏ အရှိန်အဝါတလေးတွေ, အစိတ်အပိုင်းကလေးတွေလို့ ယူထားတယ်၊ ကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်လုပ်တယ်ဆိုရင် အတ္ထ၏ အမှုကလေးတွေပဲလို့ ယူဆထားတယ်၊ အဲသလို အမြင်မျိုးတွေဟာ ယောဂီပုဂ္ဂိုလ်တွေမှာ ရှင်းတယ်၊ အတ္ထကိုရှိကို မရှိဘူး၊ အတ္ထကောင် အသက်ကောင်လို့ မရှိတော့ ဒီဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ၊ ကွေးတာ၊ ဆန့်တာ၊ ဒီသဘောတရားလေးတွေ အတ္ထ၏အစိတ်အပိုင်းမဟုတ်ဘူး၊ ဖြစ်ပျက်နေတဲ့ ဆင်းရဲတရားလေးတွေပဲ။

'နာဟံ'တဲ့၊ ငါကောင်လည်း မဟုတ်ဘူး၊ 'နှ မမ'တဲ့၊ ငါ၏ဥစ္စာလည်း မဟုတ်ဘူး၊ လောကဝေါဟာရအားဖြင့်တော့ ငါလို့ခေါ်ရတာ ရှိပါတယ်၊ ငါ့ဥစ္စာပဲ၊ ငါ့လက်ပဲ၊ ငါ့ခြေပဲ ခေါ်ရပါတယ်၊ ငါ့သားပဲ၊ ငါ့သမီးပဲ၊ ငါ့ဆွေမျိုးပဲ၊ ငါ့မိတ်ဆွေပဲ စသည်ဖြင့် ဒီလိုပြောရပါတယ်၊ ငါ့ဥစ္စာပစ္စည်းပဲ ပြောရပါတယ်၊ လောကဝေါဟာရအနေနဲ့ပဲ ပြောနေတယ်၊ အခုဟာကတော့ လောကဝေါဟာရအနေဖြင့် ငါမဟုတ်ဘူး၊ အခုနပြောတဲ့ အတ္ထကောင်မဟုတ်တာပဲ၊ အသက်ရှင်တဲ့ အကောင်ကလေး မဟုတ်ဘူး၊ ငါ၏ဥစ္စာမဟုတ်ဆိုတာ ဒီအသက်ရှင်ပြီးတည်နေတဲ့ အတ္ထကောင်လေးရဲ့ အစိတ်အပိုင်းအတ္ထကောင်လေးရဲ့ အလုပ်ကိစ္စတွေ မဟုတ်ဘူး၊ သူဟာသူသဘောတရားလေးတွေပဲ၊ ဒီလို သိရမှာကိုး၊ အဲဒါကို ဆိုတာ။

http://www.dhammadownload.com

ဝိပဿနာဉာဏ်နဲ့ မကြည့်ရင်

ဘုန်းကြီးများ ခပ်ငယ်ငယ်တုန်းက ရွာမှာ ဒကာကြီးတစ်ယောက် တရား ဝါသနာပါတယ်၊ အဲဒီဒကာကြီးတစ်ယောက်ရှိတယ်၊ သူက တရားတွေ ဘာတွေ ရွတ်နေတယ်၊ တစ်ချိန်မှာ သူ့အိမ်နားလည်း ရောက်သွားတော့ သူရွတ်နေတာ ကြားတယ်၊ ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိလို့ လျှောက်ပြီး သူစာလေး ရွတ်ပြီးတော့ နေတယ်၊ ယောကျ်ားမိန်းမတွေက ရှိနေ ပြန်သေးတာပဲ၊ သူဥစ္စာက လောကဘက်ကနေကြည့်လို့ရှိရင်တော့ ရှိနေတာပဲ၊ ဝိပဿနာဉာဏ်နဲ့ ကြည့်တာမှ မဟုတ်ဘဲ၊ သူက စာရလို့ ရွတ်နေတော့ ရွတ်ရင်း ရွတ်ရင်းနဲ့ တစ်ခါတည်း ငါ သူတစ်ပါး ယောကျ်ား မိန်းမတွေ မရှိဘူးဆိုပေမယ်လို့ ဒါတွေကလည်း ရှိနေတာပဲဆိုပြီးတော့ သူက စဉ်းစားပြီး၊ သူဟာသူ စိတ်ထဲမှာ ပါးစပ်က ထုတ်ပြီး ပြောနေတာ ကြားတယ်၊ ဘုန်းကြီးက ငယ်ငယ်တုန်းကပါပဲ၊ အဲဒါ ဝိပဿနာဉာဏ်နဲ့ မကြည့်ရင် ဒီလိုနေမှာပဲ။

တစ်ခါက လူတစ်ယောက်က ပြောတယ်၊ ယောကျ်ား မိန်းမ မရှိဆိုတာ ဘာဖြစ်လို့မရှိရမှာလဲ ရှိနေလို့ပဲ၊ လူတွေဟာ တကယ်တည်း အဓိရယ်၊ အဖရယ်၊ သားရယ်၊ သမီးရယ် ရှိနေတာပဲဆိုပြီး လူတစ်ယောက်ကနေပြီး ဆင်ခြေကန်တယ်၊ အဲဒါက လောကဝေါဟာရအနေအားဖြင့် ပြောဆိုနေကြတဲ့ အသုံးအစွဲတွေကိုး၊ ဝိပဿနာဉာဏ်မှာတော့ ဖြစ်ပေါ်လာတဲ့ တရားလေတွေမှာ ဒါမရှိဘူး၊ ဖြစ်ပြီး ပျက်သွားတဲ့ သဘောလေးတွေပဲ ရှိတယ်၊ အဲဒါတွေ စုပေါင်းပြီးတော့ အစဉ် အဆက် ဖြစ်နေတာကိုး၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လောကဝေါဟာရ အားဖြင့် ခေါ်ရတာကိုး။

ဥပမာအားဖြင့်ဆိုရင် ထုံးတွေ၊ သဲတွေ၊ အင်းကတေတွေနဲ့ တစ်ခါတည်း အရုပ်တစ်ခုကို လုပ်လိုက်တယ်၊ လူရုပ်ဆိုပါတော့ အရုပ်တစ်ခု လုပ်လိုက်တယ်၊ တကယ်စင်စစ်အားဖြင့်တော့ လူရုပ်သဏ္ဌာန်ထုထားလို့ပဲ လူတော့ မဟုတ်ဘူး၊ ထုံးက ထုံးတခြားပဲ၊ အုတ်က အုတ်တခြားပဲ၊ သဲက သဲတခြားပဲ၊ ဒါလေးတွေ တစ်ခုစီ ခွဲထုတ်လိုက်ရင် ဘာမှမဟုတ်ပါဘူး၊ အဲဒါလို ဒီရုပ်နာမ်တရားတွေ စုပေါင်းပြီး ဖြစ်နေတဲ့အခါ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်ရတယ်၊ တကယ်စင်စစ်တော့ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ သဘောတရားလေးတွေပဲ၊ သူဟာသူဖြစ်တဲ့ သဘော

http://www.dhammadownload.com

တရား ဒုက္ခသစ္စာသဘောတရားလေးတွေ၊ အဲဒါ ယောဂီပုဂ္ဂိုလ်က ခက်ခက်ခဲခဲ ကြံမနေရပါဘူး၊ ရှုမှတ်နေရုံနဲ့ ဒီဟာသိရတယ်၊ ဟိုနာမရူပပရိစ္ဆေဒ-နာမ်ရုပ် ပိုင်းခြား သိတာကိုပဲ ဒီဝိသုဒ္ဓိမဂ်က ပြပြီးတော့ ထားတယ်။

လှည်းဆိုတဲ့, ရထားဆိုတဲ့ ဝတ္ထုမှာ သာမညအလုံးလိုက် ကြည့်လိုက်မယ် ဆိုရင်တော့ ရထားပဲ၊ လှည်းပဲလို့ ဒီလိုထင်ရပါတယ်တဲ့၊ ထင်ပေမယ်လို့ တစ်ခုချင်း ကို စိုက်ကြည့်ပါ၊ ဝင်ရိုးကလေးတစ်ခုတည်း ကြည့်လို့ရှိရင် ရထားမဟုတ်ဘူး၊ ဘီးလေးတစ်ခုတည်းကြည့်လို့ရှိရင် ရထားမဖြစ်ဘူး၊ ထမ်းပိုးတစ်ခုတည်းကြည့်လို့ ရှိရင် ရထားမဖြစ်ဘူး၊ လှည်းသံတစ်ခုတည်း ကြည့်လို့ရှိရင် ရထားမဖြစ်ဘူး၊ စသည်ဖြင့် အစိတ်အပိုင်းကလေးတွေ တစ်ခုစီ တစ်ခုစီ လျှောက်ကြည့်ရင် အစိတ်အပိုင်း ဒါရှိတာပဲ၊ ဒါတွေအကုန်ပေါင်းလိုက်တော့မှ ရထားလို့ ခေါ်ရတယ်၊ လောကဝေါဟာရအလိုအားဖြင့် ရုပ်တရား၊ နာမ်တရားတွေ တစ်ခုစီတစ်ခုစီ လိုက်ပြီးတော့ ကြည့်လို့ရှိရင်တော့ ဒီထဲမှာ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ဒါဘာမှမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းပြီးတော့နေတယ်၊ အပေါင်းလိုက်အားဖြင့် သာမည ကြည့်မယ်ဆိုလို့ရှိရင်တော့ သူက ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ဒါတွေဖြစ်နေတာ၊ ယောဂီပုဂ္ဂိုလ်မှာတော့ ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်ကလေးတွေ လိုက်ပြီးတော့ ရှုနေတော့ သဘောတရားတွေဟာ ထင်နေတယ်။

သတိထင်ပုံ

'အတ္တိ ဓမ္မာ'တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

အဿ-ထိုယောဂီပုဂ္ဂိုလ်အား၊ သတိ-အမှတ်ရမှုသတိသည်၊ ပစ္စုပဋ္ဌိတာ-ရှေးရှုထင်၏၊ အမှတ်ရမှု သတိဟာ ထင်တယ်၊ ဘယ်လိုထင်သလဲဆိုတော့ ဓမ္မာ-သဘောတရားတို့သည်၊ အတ္တိ-ရှိကုန်၏၊ သဘောတရားတွေပဲ ရှိတာပဲ၊ ဘယ်ဟာ မှတ်လိုက် မှတ်လိုက် သဘောတရားချည်းပဲ၊ ဖြစ်ပြီး ပျက်သွား ဖြစ်ပြီး ပျက်သွား သဘောတရားချည်းပဲ၊ မိမိတို့ အစက ထင်နေတဲ့အတိုင်း အသက်ကောင် သတ္တဝါ ကောင်လေးအနေအားဖြင့် တည်နေတာ မရှိဘူးပေါ့၊ ပကတိပုဂ္ဂိုလ်တွေမှာ ဆိုရင် အကောင်လေး ရှိနေတယ်၊ အကောင်လေးစဉ်းစားလိုက်ရင် အကောင်လေးပဲ၊ တစ်ယောက်တည်း တည်နေတယ်လို့ အောက်မေ့နေတယ်၊ သေသွားမှပဲ သူသေ သွားတယ်၊ ဒါပေမယ်လို့ ဟိုဘဝ ဒီဘဝပြောင်းသွားတယ်လို့ ဒီလိုထင်နေတာကိုး၊

http://www.dhammadownload.com

အဲဒီဝိပဿနာဉာဏ် ရင့်လာတဲ့ အခါကျတော့ အဲဒါတွေ ပျောက်သွားတယ်၊ အသက်ရှူင်နေတဲ့အကောင်လေးဆိုတာ ဒီထဲ ဘာမှမရှိဘူး၊ သဘောတရားလေးတွေပဲ၊ သူဟာသူ ဖြစ်ပျက်နေတဲ့တရားလေးတွေပဲ၊ အဲဒါကြောင့် (၁၀)ပါးသော အခြင်းအရာတို့ဖြင့် အတ္တကောင်၊ ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင် ဆိတ်သုဉ်းပြီး တော့နေတဲ့ အနေအားဖြင့် ယောဂီပုဂ္ဂိုလ်မှာ ထင်ပါတယ်တဲ့။

နှ သင်္ကာ-သတ္တဝါကောင်မဟုတ်ဘူး၊ သဘောတရားပဲ၊ အမျိုးမျိုးသော အမူအရာကြိယာတွေ ပြုလုပ်တတ်သော, အမျိုးမျိုးသော ခံစားမှုတွေ ခံစားတတ်သော ခံစားတတ်တဲ့ သတ္တဝါကောင်မဟုတ်ဘူး၊ ပုဂ္ဂိုလ်လည်းပဲ ထို့အတူပဲ၊ မိန်းမကောင်လည်း မဟုတ်ဘူး၊ ယောကျ်ားကောင်လည်း မဟုတ်ဘူး၊ အတ္တကောင်လည်း မဟုတ်ဘူး၊ အတ္တကောင်၏အစိတ်အပိုင်းလည်း မဟုတ်ဘူး၊ ငါကောင်လည်း မဟုတ်ဘူး၊ ငါကောင်၏ အစိတ်အပိုင်းလည်း မဟုတ်ဘူး၊ ကောစိ ကဿစိ-တစ်စုံတစ်ယောက်လည်း မဟုတ်ဘူး၊ တစ်စုံတစ်ယောက်၏ အစိတ်အပိုင်းလည်း မဟုတ်ဘူး၊ ဣတိ ဧဝံ-ဤသို့၊ အဿ-ထို ပုဂ္ဂိုလ်အား၊ သတိ-အမှတ်ရမှုသတိသည်၊ ပစ္စုပဋ္ဌိတာ-ရှေးရှုထင်ပါတယ်တဲ့။

အဲဒီနည်းအတိုင်း သတိတရားလေးဟာ မှတ်တိုင်းမှတ်တိုင်း ပုဂ္ဂိုလ်သတ္တဝါကောင်တွေ ကင်းဆိတ်ပြီးတော့ သူ့သဘောတရားလေးချည်း တွေ့နေတာကိုး၊ ဒါ ဘယ်မှာဖြစ်တုံးဆိုတော့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက သခီရုပေက္ခာဉာဏ်မှာ ပြထားတယ်၊ သခီရုပေက္ခာဉာဏ်မှာ (၁၀)ပါးသော အခြင်းအရာအားဖြင့် အတ္တဆိတ်သုဉ်းပုံကို ပြတယ်၊ သုညတ ဝိပဿနာတဲ့၊ 'သုည'ဆိုတာ အခုလောကမှာ ဂဏန်းရေးတော့လည်း ဘာမှမရှိတော့ သုညလို့ ခေါ်ရတာပဲ၊ အဲဒီသုညပဲ ဆိတ်သုဉ်းနေတာ၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် အစတုန်းက ထည်ထည်ဝါဝါကြီး ထင်ထားတာကိုး၊ ဒီအတိုင်းဆိုတော့ တစ်ခါတည်း ထည်ထည်ဝါဝါ အကောင်အထည်ကြီးပဲ၊ အင်မတန်ကို ခမ်းခမ်းနားနားကြီး၊ သဘောတရားလေးတွေ ဖြစ်တိုင်းဖြစ်တိုင်း ရှုလိုက်တဲ့အခါကျတော့ အဲဒီသုညဆိုက်လာတဲ့အခါ ဘာမှအကောင်အထည်ရှာလို့ မရဘူး၊ ပုဂ္ဂိုလ်သတ္တဝါမတွေ့ဘူး၊ ကြားရာကလည်း မတွေ့ဘူး၊ နံရာကလည်း မတွေ့ဘူး၊ စားရာကလည်း မတွေ့ဘူး၊ တွေ့ထိရာလည်း မတွေ့ဘူး၊ ကွေးရာ၊ ဆန့်ရာ၊ ထိုင်ရာ၊ ထရာကလည်း မတွေ့ဘူး၊ စိတ်ကူးစဉ်းစားကြံစည်တာကလည်း

http://www.dhammadownload.com

မတွေ့ဘူး၊ ဘယ်နေရာကမှ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် ရှာလို့ မရဘူး၊ ရှုမှတ်နေတဲ့နေရာကလည်း ရှုမှတ်ပြီး ပျောက်နေတာပဲ၊ သူကလည်းပဲ ရှာလို့မရဘူး၊ အကုန်လုံး ဆိတ်သုဉ်းပြီးနေတယ်၊ သဘောတရားချည်းပဲ ထင်တယ်၊ လူမရှိတဲ့ အရပ် လူဆိတ်နေသလိုပဲ၊ ရွာတစ်ရွာလုံး လူမရှိဘဲ ဝင်ကြည့်တော့ ဘယ်မှ လူတစ်ယောက်မှ မတွေ့ဘူး၊ ဆိတ်သုဉ်းနေတယ်၊ အဲဒါလိုပဲ၊ ရေအိုးထဲမှာ ရေခန်းနေတယ်၊ ရေခြောက်နေတယ်၊ ရေသောက်ချင်တဲ့ပုဂ္ဂိုလ်ဟာ ရေအိုးသွားပြီး ရေကြည့်ရင် ရေဆိတ်သုဉ်းနေတာ၊ ရေမရှိဘဲ ဖြစ်နေတယ်။

ဒီလိုပဲ ပကတိအနေအားဖြင့်ဆိုရင် ဒီခန္ဓာကိုယ်ထဲမှာ အသက်ရှင်တဲ့ သတ္တဝါကောင် တကယ့်ကို ဟုတ်တယ်လို့ ထင်ရတယ်၊ ယောက်ျားမိန်းမကောင်ကြီး တကယ်ဟုတ်တယ်လို့ ထင်နေရတယ်၊ အကောင်းအဆိုးတွေ သူပဲ ပြုလုပ်တတ်တယ်၊ သူပဲ ခံစားတတ်တယ်၊ အမြဲတမ်း အသက်ရှင်နေတဲ့ သတ္တဝါကောင် တကယ် ထင်နေတယ်၊ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးရှလိုက်တဲ့အခါကျတော့ အဲဒါပျောက်သွားတယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင် ဘာမှမရှိဘဲ သဘောတရားမျှပဲ၊ အဲဒီလို ယောဂီပုဂ္ဂိုလ်ဉာဏ်ထဲမှာ ထင်နေပါတယ်တဲ့၊ သခ်ါရုပေက္ခာဉာဏ်ကျတော့ ထင်ပါတယ်၊ သူ့အောက် အစကတည်းက ထင်လာတာပါ၊ အောက်ဉာဏ်တွေ နာမရူပပရိစ္ဆေဒဉာဏ်ပိုင်းက စပြီး နည်းနည်းထင်လာတယ်၊ သိပ်မသန့်ရှင်းသေးတာ တစ်ခုပဲ၊ အထက်ဉာဏ်ဆိုရင် ပြောစရာမရှိဘူး၊ ရှုမှတ်လိုက်တယ်ဆိုလို့ရှိရင် မှတ်စရာအာရုံကလေးတွေဟာ သူ့ဟာသူပေါ်လိုက် မှတ်သိစိတ်ကလေးတွေ သူ့ဟာသူ သိလိုက်သွားနေတာပဲ၊ သဘောတရားလေးတွေ သူ့ဟာသူဖြစ်နေတယ်၊ ဘာမှပုဂ္ဂိုလ် သတ္တဝါတွေနဲ့ မဆိုင်ဘူး၊ အဲဒီလိုဖြစ်ပျက်နေတဲ့တရားလေးတွေ အစဉ်အတိုင်း လျှောက်ပြီးတော့ သိနေတယ်။

'အတ္ထိ ဧမ္မာ'တိ ဝါပနဆ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ညာဏမတ္တာယ ပဋိဆတိမတ္တာယ အနိဆိတော စ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။

အဿ-ထိုယောဂီ ပုဂ္ဂိုလ်အား၊ ဧမ္မာ-ဧမ္မာ ဧဝ-သဘောတို့သည်သာလျှင်၊ အတ္ထိ-ရှိကုန်၏၊ ဣတိ-ဤသို့၊ သတိ-အမှတ်ရမူသတိသည်၊ ပစ္စုပဋ္ဌိတာရှေးရှု ထင်၏၊ ယာဝဒေဝ ညာဏမတ္တာယ-အသိဉာဏ်အဆင့်ဆင့် ဖြစ်ရုန်အလို့ငှာ

http://www.dhammadownload.com

သာလျှင်၊ ယာဝဒေဝ ပဋိသတိမတ္တာယ-အမှတ်သတိအဆင့်ဆင့် ဖြစ်ရုံမျှ အကျိုးငှာသာလျှင်၊ ဟောတိ-ဖြစ်၏။

အဲဒီအမှတ်ရမှုသတိဖြစ်တဲ့အတွက် ဘာဖြစ်သလဲဆိုတော့ အသိဉာဏ်တွေ ကောင်းလာမှာပဲ၊ သတိတွေလည်း အဆင့်ဆင့် ဆက်ခါဆက်ခါ ကောင်းလာမယ်၊ ရှေးက အမှတ်ရမှုကောင်းတော့ အမှတ်ရတဲ့အချိန်မှာ အသိဉာဏ်တွေ ကောင်းလတယ်၊ ဒီလိုပဲ ဆက်ခါဆက်ခါ အမှတ်သတိတွေက ဆက်ခါဆက်ခါ ကောင်းဖို့ပါပဲတဲ့၊ တစ်ဆင့်တစ်ဆင့် တစ်ခါတည်း သတိတွေ ဉာဏ်တွေ ရင့်ရင့်ပြီးတော့ တက်သွားဖို့ပဲတဲ့။

တဏှာဒိဋ္ဌိ အမှိုက်ပြီးစေနဖြင့်

အနိဿိတောစ ဝိဟရတိ၊ အနိဿိတော စ-မမှိုသည်ဖြစ်၍လည်း၊ အနိဿိတော စ-တဏှာဒိဋ္ဌိဖြင့် မမှိုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ အမှိုမရှိဘဲနဲ့ လူများ ထိုင်နေတယ်၊ တချို့က အမှိုကလေးနဲ့ ထိုင်ရတယ်၊ ကျန်းမာရေးတို့ ဘာတို့ ချို့ယွင်းတော့ အမှိုကလေးနဲ့ ထိုင်ရတယ်၊ တချို့ ကျန်းမာတဲ့ပုဂ္ဂိုလ်တွေ အမှိုမရှိဘူး၊ ဒီအတိုင်းပဲ ထိုင်တယ်၊ ဘာမှ မရှိဘူး၊ အဲဒါ မကျန်းမာတဲ့ပုဂ္ဂိုလ်က အမှိုကလေး ရှိတာလိုပဲ၊ ပကတိပုဂ္ဂိုလ်တွေက အမှိုလေးနဲ့၊ သူက မြင်ရာမှာလည်း တဏှာလေးနဲ့၊ မြင်ရာမှာလည်း နှစ်သက်သာယာမှုလေးတွေ ဝင်ပြီးတော့နေတယ်၊ မြင်ရာပုဂ္ဂိုလ် သတ္တဝါကောင် ထင်ပြီးတော့ ဒိဋ္ဌိနဲ့လည်း မှိသွားတယ်၊ အဲဒီလို အမှိုကလေးနေရာတကာ လိုက်နေတယ်၊ ပကတိပုဂ္ဂိုလ်မှာဆိုရင်တော့ အမှိုတွေ နေရာတကာလိုက်နေတယ်၊ မြင်တိုင်း ကြားတိုင်း အကုန်လုံး အမှိုတွေနဲ့ချည်းပဲ၊ သေသေချာချာ စစ်လိုက်လို့ရှိရင်ဖြင့် ကောင်းတာတွေ မြင်ရရင် သာယာမယ်၊ မကောင်းတာ မြင်ရရင် ကောင်းတာလေးတွေကို သူအလိုရှိမယ်၊ ကောင်းတာ ကြားလို့ရှိရင် သာယာမယ်၊ မကောင်းတာ ကြားရလို့ရှိရင်လည်း ကောင်းတာကို အလိုရှိမယ်၊ သာယာမယ်၊ အဲဒီလိုချည်းထဲပဲ လျှောက်ပြီးတော့ သွားနေတာ၊ မြင်ရ ကြားရဦးတော့ မြင်ရကြားရတဲ့ စိတ်ကလေးအပေါ်မှာတော့ သာယာမှုကလေး သူရှိနေမယ်၊ မြင်မှု ကြားမှုဆိုတာက ကိုယ့်သန္တာန်က တရားကိုး၊ ကိုယ့်သန္တာန်က တရားဆိုတော့ တွယ်တာမှု သာယာမှုကလေး ရှိတယ်၊ တစ်ခါပြီးတော့ မြင်ရာမှာလည်းပဲ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် ထင်တယ်၊ မြင်တတ်တဲ့စိတ်ကလေး ပုဂ္ဂိုလ်သတ္တဝါ

http://www.dhammadownload.com

အနေအားဖြင့် ထင်တယ်။ ဒိဋ္ဌိအမှီတွေတလည်း နောက်ကလိုက်နေတယ်၊ အဲဒါ တဏ္ဍာအမှီ ဒိဋ္ဌိအမှီတွေတဲ့၊ အတွဲကလေးတွေနဲ့ ဖြစ်နေတယ်။

ယောဂီပုဂ္ဂိုလ်မှာတော့ ရှုတိုင်းရှုတိုင်းဟာ တဏ္ဍာဒိဋ္ဌိတွေ ကင်းစင်နေတယ်၊ ဘယ်ဟာမဆို မှတ်လိုက်လို့ရှိရင် ဖြစ်ပြီး ပျောက်ပြီးသွားတာလေး သိနေတယ်၊ သိပြီးတော့ မမြဲတဲ့တရားပဲဆိုတာ ရှင်းနေတယ်၊ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေပဲ ဒီလိုလည်း ရှင်းတယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားမျှပဲ၊ ဒီလိုလည်း ရှင်းနေတယ်၊ အဲဒီလို ရှင်းပြီး သိနေတော့ အဲဒီတရားရဲ့အပေါ် ကောင်းလိုက်တာ လို့ သာယာစရာလေး နောက်ကလိုက်မလာဘူး၊ မြင်ရာမှာလည်း လိုက်မလာဘူး၊ ကြားရာမှာလည်း လိုက်မလာဘူး၊ နံရာ၊ စားရာ၊ တွေ့ထိရာမှာလည်း လိုက် မလာဘူး၊ စိတ်ကူးစဉ်းစား ကြံစည်တာလည်း လိုက်မလာဘူး၊ ဖြစ်ပျက်တဲ့ သဘော တရား၊ မမြဲတဲ့တရားပဲ၊ ဆင်းရဲတဲ့တရားပဲ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘော တရားပဲ ဆိုတာ သိပြီးတော့နေတယ်၊ နေတော့ တဏ္ဍာနဲ့ မသာယာဘူး၊ ဒါလေး ကောင်းတယ်လို့ သာယာမှုမဖြစ်ဘူး၊ သာယာမှုဖြစ်ခဲ့ပြန်လို့ရှိရင်လည်း အဲဒီ သာယာမှုလေး ရှုရသေးတာကိုး၊ သာယာမှုလေးရှိရင်လည်း မကင်းသေးဘူးပေါ့ လေ၊ သာယာမှုလေးဖြစ်တဲ့အခါ မကင်းဘူး၊ သို့သော် များသောအားဖြင့်တော့ သာယာမှုမဖြစ်ပါဘူး၊ အဲဒီလို အမှန်အတိုင်းသိနေတာလေးဟာ သာယာမှု မဖြစ်ဘူး၊ ဒိဋ္ဌိနဲ့ ပုဂ္ဂိုလ် သတ္တဝါကောင်အနေအားဖြင့်လဲ အထင်အမြင်မရှိဘူးတဲ့။ အဲဒါ ဒိဋ္ဌိအမှီလည်း ကင်းနေတယ်တဲ့။

မစွဲလမ်းတော့

နစ ကိဋ္ဌိ လောကေ ဥပါဒိယတိ၊ လောကေ-လောက၌၊ ကိဋ္ဌိ-တစ်စုံတစ်ခု သော တရားကို၊ နဥပါဒိယတိ-မစွဲလမ်း၊ တစ်စုံတစ်ခုခန္ဓာငါးပါးတရား ဘယ် တရားမှ မစွဲလမ်းပါဘူးတဲ့၊ ရှုမိတဲ့အာရုံထဲမှာဆိုရင် ရုပ်ရှုမိတဲ့အခါ ရုပ်အာရုံ ရှိတယ်၊ နာမ်ရှုမိတဲ့အခါ နာမ်အာရုံရှိတယ်၊ ဝေဒနာရှုမိတဲ့အခါ ဝေဒနာ၊ သညာရှု မိတဲ့အခါ သညာ၊ ခန္ဓာငါးပါးတရားတွေ ရှိတယ်၊ အဲဒီတရားတွေ ရှုမိတိုင်းရှုမိတိုင်း ဒီတရားတွေ အဖြစ်အပျက်သိနေလို့ အဲဒီတရားတွေကို တဏ္ဍာဒိဋ္ဌိနဲ့ စွဲလမ်းမှု မဖြစ်ဘူး၊ တဒင်္ဂပဟာန်အားဖြင့် မှတ်တိုင်းမှတ်တိုင်း တဏ္ဍာဒိဋ္ဌိတွေ ကင်းစင် နေတယ်၊ မရှုမမှတ်တဲ့အာရုံလေးမှာလည်းပဲ ဝိက္ခမ္ဘနပဟာန်အားဖြင့် တဏ္ဍာ

http://www.dhammadownload.com

ဒိဋ္ဌိတွေ ကွာနေတယ်၊ မရှမမှတ်ပဲနေတဲ့ပုဂ္ဂိုလ်မှာဆိုရင် မြင်ရာကြားရာကနေ မြင်တိုင်းကြားတိုင်း အကုန်လုံးကိလေသာတွေ ဖြစ်နိုင်တာကိုး၊ ရှမှတ်နေတဲ့ ပုဂ္ဂိုလ်မှာ ကြားထဲမှာ တစ်ခါတစ်ခါ ရပ်နားနေလို့ မြင်စရာ ကြားစရာတွေ မြင်ပေမယ်လို့ ကိလေသာတွေ ရုတ်တရက်မဖြစ်ဘူး၊ ကြမ်းကြမ်းတမ်းတမ်းတွေ မဖြစ်ဘူး၊ ပကတိအလွတ်နေတဲ့ ပုဂ္ဂိုလ်တွေဆိုလို့ရှိရင် သူမြင်တာ လျှောက်ဖြစ်နေတယ်၊ အဲဒီတရားအားထုတ်နေတဲ့ပုဂ္ဂိုလ် ဒီတရားရထားပေမယ့် ကျိုးတိုးကြမ်းတမ်းတာတွေ မတော်တာတွေ လျှောက်စိတ်ကူးတာတွေ မရှိဘူး၊ သက်သာမှုရနေတယ်၊ အဲဒါ ဝိကွမ္ဘနုပဟာန်အားဖြင့် ပယ်ထားတာတဲ့။

ဒါကြောင့် လောကေ-လောကဋ္ဌ၊ ကိဉ္စိ-တစ်စုံတစ်ခုသော တရားကိုမျှ၊ လောကဆိုတာ ခန္ဓာငါးပါးတရားကို ဆိုတာ၊ ခန္ဓာငါးပါးထဲက တစ်စုံတစ်ခုသော တရား ဘယ်တရားအပေါ်မှာမှ ရှမိတဲ့တရားမှာရော, မရှမိတဲ့တရားမှာရော၊ နဉပါဒိယတိ-တဏှာဒိဋ္ဌိနဲ့မစွဲဘူး၊ သာယာပြီးတော့ မစွဲလို့ ပုဂ္ဂိုလ်သတ္တဝါကောင် အနေနဲ့လည်း မစွဲလမ်းဘူး။

ဧဝမ္မို ဧဓါ ဘိက္ခဝေ ဘိက္ခူ ဧမ္မေသု ဧမ္မာနုပဿီ ဝိဟရတိ၊

ဧဝမ္မို-ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်လည်း၊ ဘိက္ခူ-ရဟန်းသည်၊ ဧမ္မေသု-သစ္စာလေးပါးတရားတို့၌၊ ဧမ္မာနုပဿီ-သဘောတရားမျှကို ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ သစ္စာလေးပါးတရားတွေ သဘောတရားမျှပဲ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးလို့ ရှုပြီးတော့ နေပုံက အကုန်လုံးပါပဲ၊ (၂၁)ပိုင်းလုံးပဲ၊ ရှုပုံတွေဟာ ဒီလိုအဆုံးသတ်သတ်ပြီးတော့ သွားတယ်၊ ဒီဧမ္မာနုပဿနာဟာလည်း ပုဂ္ဂိုလ်တစ်ဦး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ထွက်မြောက်ပြီးတော့ သွားဖို့ရာ နည်းလမ်းတစ်ခုပါပဲလို့ အဋ္ဌကထာဆရာက ပြတယ်။

ကာယာနုပဿနာမှာ (၁၄)ပိုင်း ရှိတယ်၊ (၁၄) ပိုင်းလုံး တစ်ပိုင်းတစ်ပိုင်းနဲ့ အားထုတ်နေလို့ရှိရင် အာနာပါန-ထွက်သက်ဝင်သက်ရှုနေရုံနဲ့လည်း အခုပြောတဲ့ ဖြစ်မှု ပျက်မှုတွေ သိသွားမယ်၊ နောက် ရူပတရားသဘောမျှပဲ၊ ကိုယ်ခေါ်တဲ့ ရူပတရား သဘောမျှပဲ ထင်ပြီးတော့ ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းနေတဲ့သဘော လည်း သိသွားမယ်၊ ပြီးတော့ တဏှာဒိဋ္ဌိအမှိုက်တွေအစွဲတွေမရှိဘဲနဲ့ ကင်းငြိမ်းတော့ အဲဒီလို ကင်းငြိမ်းသွားလို့ရှိရင် ဒါဟာ အရိယမဂ်ဉာဏ် တော်တော်ကြာ ရောက်တော့တာပဲ။

http://www.dhammadownload.com

နောက် ဣရိယာပုထ်လေးပါးပိုင်းမှာလည်း ဒီလိုလည်း ရှလို့ရှိရင် ဒီလို ရောက်နိုင်တာပဲ၊ သုံးဆယ့်နှစ်ကောဋ္ဌာသတွေ ပါတယ်၊ ပဋိကူလ မနသိကာရ အပိုင်းမှာလည်း ဒီလိုဟောတာပဲ၊ အမှန်ကတော့ ပဋိကူလမနသိကာရပိုင်းက သမထပဲ၊ ဒါပေမယ့်လို့ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း စသည်ဖြင့် ရှုရင်းရှုရင်းနဲ့ အဲဒီရှုတဲ့စိတ်ကလေးရဲ့ အဖြစ်အပျက်ကို သိသွားလို့ရှိရင် ဝိပဿနာ ဖြစ်နိုင်ပါတယ်၊ 'သမုဒယဓမ္မာနုပဿီ၊ ဝယဓမ္မာနုပဿီ'တဲ့၊ ဒါကြောင့် ဒီမှာ ဟောထားတယ်၊ 'ဖြစ်ခြင်းတရား ပျက်ခြင်းတရား ရှုတယ်'တဲ့၊ ဆံပင် မွေးညှင်း ရှုနေရာမှာတော့ ဘယ်ဖြစ်ခြင်းတရား ပျက်ခြင်းတရားပါမလဲ၊ သမထမှာ မပါဘူး၊ ဆံပင် မွေးညှင်းလို့ နှလုံးသွင်းတဲ့စိတ်ကလေး ဖြစ်လိုက်ပျက်လိုက်နဲ့ ဒါလေးတွေ ထင်လာတာကိုး၊ ဒါကြောင့် 'သမုဒယဓမ္မာနုပဿီ ဝယဓမ္မာနုပဿီ' စသည်ဖြင့် ဟောပြီး အဲဒါလည်းပဲ နိဗ္ဗာန်ရောက်ကြောင်း တရားတစ်ခုပါပဲ-တဲ့၊ အားလုံး (၁၄)ပိုင်းရှိတယ်။

နောက်ပြီးတော့ ဝေဒနာနုပဿနာပြီးတော့ စိတ္တာနုပဿနာ၊ အဲဒီကပြီးတော့ ဓမ္မာနုပဿနာက ငါးပိုင်းရှိတယ်၊ နီဝရဏပိုင်း၊ ခန္ဓပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်း၊ သစ္စာလေးပါးပိုင်း ဆိုပြီး ငါးပါးရှိတယ်၊ အဲဒါတွေ အကုန်လုံးဟာ ပေါင်းလိုက်လို့ရှိရင် (၂၁)ပိုင်း ရှိပါတယ်၊ အဲဒီ (၂၁)ပိုင်းလုံး အကုန်လုံး နိဗ္ဗာန်ရောက်ကြောင်းတရားချည်းပါပဲ။

ဆစ္စာလေးချက် တစ်ပြိုင်နက်သိပုံ

ဘယ်ပုံဘယ်နည်း သစ္စာလေးချက် ရောက်သတုံးဆိုတော့ ရှုတိုင်းရှုတိုင်းဟာ သတိတရားလေးဖြစ်တယ်တဲ့၊ အဲဒီသတိတရားလေးက ဒုက္ခသစ္စာပဲ၊ မှတ်ရတဲ့ သတိတရားလေးက ဒုက္ခသစ္စာ၊ လိုရင်းကတော့ အမှတ်ရတဲ့ သတိအာရုံက ဒုက္ခသစ္စာပဲ၊ အမှတ်ရမှု သတိလည်းပဲ အရိယမဂ်မဟုတ်သေးတော့ သူဒုက္ခသစ္စာလည်း ထည့်ပြီးတော့ ရေတွက်ပြတယ်၊ သူက နောက်ဆုံးအချိန်ကလေးဆိုယူပါတယ်၊ ရှေ့ပိုင်းကို မယူဘူး၊ ရှေ့ပိုင်းမှာတော့ ရှုတိုင်းရှုတိုင်းဟာ အာရုံက ဒုက္ခသစ္စာတရားပဲ၊ ရှုသိနေတာလေးက လောကီမဂ္ဂသစ္စာတရားပဲ၊ ဒါပေမယ့်လို့ နောက်ဆုံးပိုင်းအချိန်ကျတော့ကို ဒီရှုသိမှုကလေး ရှုသိတာနဲ့ အရိယမဂ္ဂသစ္စာ ဆက်ပြီးတော့ သိရမှာကိုး။

http://www.dhammadownload.com

ဖြစ်ပေါ်တဲ့ရုပ်နာမ်တွေကို ရှုရင်းရှုရင်းနဲ့ နောက်ဆုံးရှုတဲ့အချိန်ကလေး တစ်ချိန်ရှိတယ်၊ မြင်တာက ဖြစ်စေ၊ ကြားတာက ဖြစ်စေ၊ နံတာက ဖြစ်စေ၊ တွေ့ထိတာကဖြစ်စေ၊ ကွေးတာဆန့်တာက ဖြစ်စေ၊ လှုပ်ရှားတာက ဖြစ်စေ၊ အဲဒီ ဖြစ်ပေါ်လာတဲ့ တရားကလေး ရှုလိုက်တော့ ဖြစ်ပေါ်လာတဲ့ တရားလေးက အာရုံ၊ ရှုမှတ်တဲ့တရားလေးက သတိ၊ အဲဒီရှုမှတ်ပြီးတာနဲ့ တစ်ခါတည်း အာရုံဖြစ်ပေါ်လာတာ ရှုမှတ်ပြီးတာနဲ့ အရိယမဂ်က နောက်က ဆက်ပြီးတော့ ဖြစ်လာတယ်၊ အဲဒီဖြစ်ပုံလေးကို ယူပြီးတော့ အဋ္ဌကထာက - သူက ရှုမှတ်တဲ့ဥစ္စာက ဒုက္ခသစ္စာပဲ၊ မှတ်ရတဲ့အာရုံနှင့်တကွ မှတ်သိရတဲ့ သတိလေးပါ ဒုက္ခသစ္စာထဲ ထည့်ပြီးတော့ ဒုက္ခသစ္စာတဲ့၊ နှစ်သက် သာယာပြီးတော့နေတဲ့ ဥစ္စာကတော့ သမုဒယသစ္စာပဲ၊ နှစ်သက်သာယာတာက ဒီအခိုက်အတန့်မှာ မရှိပါဘူး၊ မရှုမမှတ်လို့ရှိရင် ဖြစ်မယ်၊ ရှုမှတ်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း ချုပ်ငြိမ်းပြီးတော့ သွားတာကို၊ ဒုက္ခနဲ့ သမုဒယတွေ အကုန်လုံး ငြိမ်းသွားတဲ့သဘောတဲ့၊ ဖြစ်ပေါ်လာတဲ့ အာရုံရော ရှုမှတ်တဲ့သတိလေးနဲ့တကွပေါ့၊ အဲဒီသဘောတွေ အကုန်လုံး ချုပ်ငြိမ်းသွားတဲ့ သဘော နိရောဓသစ္စာပဲ၊ အဲဒီနိရောဓသစ္စာကို ဆိုက်ရောက်ပြီးတော့ သွားတာက မဂ္ဂသစ္စာပဲ၊ နိရောဓသစ္စာချုပ်ငြိမ်းတဲ့သဘောထဲ ဩတ်ခနဲဆို ကျရောက်ပြီးတော့ သွားတာ၊ အဲဒါ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင် (၈)ပါးတရားကိုယ် ရေတွက်ကြည့်ရင် မဂ္ဂင် (၈)ပါး ရှိတယ်၊ ဒါပေမယ်လို့ စိတ်ကလေးက တစ်ကြိမ်တည်း ဖြစ်တာပဲ၊ ချုပ်ငြိမ်းရာလေး ပြုန်းခနဲဆို ရောက်ပြီးတော့ သွားတာလေး တစ်ကြိမ်ထဲပဲ၊ အဲဒါ သစ္စာလေးပါးတရားပဲ-တဲ့၊ ဒီနည်းဖြင့် တစ်ခါတည်း ဝင့်ဆင်းရဲမှုထွက်မြောက်ပြီးတော့ သွားနိုင်တယ်၊ ဝင့်ဆင်းရဲ ထွက်မြောက်ကြောင်းဖြစ်တဲ့ ကမ္မဋ္ဌာန်းနည်းတစ်ခုပဲလို့ အဋ္ဌကထာက ပြထားတယ်၊ အဲဒါ သစ္စာလေးပါးကို တစ်ပြိုင်နက် သိသွားတယ်ဆိုတာ ဒါပဲ။

* **သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ သိချက်ဘယ်သို့နည်း။** (ဆို သုံးခေါက်)

သစ္စာလေးပါးကို တစ်ပြိုင်နက် ဘယ်လိုသိသလဲဆိုလို့ရှိရင် သစ္စာလေးပါးကို သိတာက တစ်ခုလို့ရင်းပါပဲ၊ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်တရားလေး၊ အဲဒါကို သိတာပဲ၊ ဖြစ်ပျက်တဲ့တရားတွေ သိရင်းသိရင်းနဲ့ နောက်ဆုံး ဖြစ်ပျက်

http://www.dhammadownload.com

တရားတွေ လုံးဝဆိတ်သုဉ်းချုပ်ငြိမ်းရာ ပြုတ်ခနဲဆိုရောက်သွားတော့ ချုပ်ငြိမ်းတဲ့ သဘောလေးကို သိသွားတာ၊ ဒါ တစ်ခုကို သိသွားတာပါပဲ။

ဒါပေမယ့် ချုပ်ငြိမ်းတဲ့သဘောကို သိရတော့ မချုပ်ငြိမ်းတဲ့ ဖြစ်ပျက်နေတဲ့ တရားတွေဟာ ဆင်းရဲတွေပဲ၊ မကောင်းတာတွေပဲဆိုတာ ထင်ရှားတယ်၊ အပူထဲက အေးရာကို ရောက်သွားတော့ မူလလာခဲ့တဲ့ အပူထဲ နေရတုန်းဟာတွေ မကောင်းဘူး၊ အေးတဲ့နေရာရောက်သွားမှ ကောင်းတာ သိရတာကိုး၊ ဒါလိုပဲ ဖြစ်ပျက်တဲ့ တရားတွေ သိရင်း၊ သိရင်းက ဖြစ်ပျက်တဲ့တရားတွေ လုံးဝဆိတ်သုဉ်းတဲ့ နေရာလေး ရောက်သွားတော့ ဖြစ်ပျက်တဲ့တရားတွေ ဆိတ်သုဉ်းငြိမ်းနေတယ်၊ ဒါကောင်းတာ ပဲလို့ ငြိမ်းတာကို သိသဖြင့် မငြိမ်းတာကိုလည်း သူမကောင်းတဲ့တရားတွေပဲလို့ သွားပြီးတော့ သိတယ်၊ ဒါကြောင့် နိဗ္ဗာနချုပ်ငြိမ်းတဲ့ သဘောကောင်းတယ်လို့ သိသဖြင့် မချုပ်ငြိမ်းတာတွေဟာ မကောင်းတဲ့တရား ဆင်းရဲတဲ့ တရားပဲလို့ ဒီလိုလည်း သိနိုင်တာကိုး။

ပြီးတော့ ချုပ်ငြိမ်းတဲ့တရားအကောင်းလို့ မသိလို့ရှိရင် အကောင်းမှန်း အဆိုးမှန် မသိတော့ အဆိုးတွေလည်း သာယာနှစ်သက်နေမှာ၊ အခုတော့ ချုပ်ငြိမ်းတဲ့တရားဟာ ကောင်းတယ်၊ မချုပ်ငြိမ်းတဲ့တရား မကောင်းဘူးဆိုတာ သိတော့ မကောင်းတဲ့တရားတွေအပေါ်မှာ သာယာမယ့်တဏှာဟာ မဖြစ်ဘူး၊ ငြိမ်းနေတယ်၊ အဲဒါဟာ သမုဒယသစ္စာကို သိတာပဲ၊ ပဟာနပဋိဝေဓလို့ ခေါ်တယ်၊ ပယ်သောအားဖြင့် သိတာ။

ပြီးတော့ မဂ္ဂသစ္စာ ဆိုတာကတော့ ချုပ်ငြိမ်းတဲ့နေရာ ရောက်သွားတာ၊ သူဟာ မဂ္ဂသစ္စာ၊ ဒါကတော့ ပြန်စဉ်းစားရင် သိတော့တာပေါ့၊ ကိုယ့်သန္တာန်ဖြစ်သွားတာကို သိလို့ ချုပ်ငြိမ်းသွားတာပဲ၊ ငြိမ်းရာသို့ ဒီလိုရောက်သွားတဲ့ဥစ္စာ ပြန်ပြီးတော့ သိတာ၊ အဲဒီသိတဲ့အတွက် မဂ္ဂသစ္စာထဲ သူဟာ သိနေတာပဲ။

အဲဒီမှာ နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် ချုပ်ငြိမ်းတဲ့သဘောကို သိသွားတာ၊ နိရောဓချုပ်ငြိမ်းတာလေးကို သိတော့ မချုပ်ငြိမ်းတဲ့တရားတွေ မကောင်းဘူးဆိုတာ ပြန်ဆင်ခြင်လို့ရှိရင် သိနိုင်တယ်၊ မချုပ်ငြိမ်းတဲ့တရားတွေ အပေါ်မှာ သာယာပြီးနေတာ မဖြစ်နိုင်တော့ဘူး၊ မကောင်းမှန်း သိတော့

http://www.dhammadownload.com

မဖြစ်နိုင်ဘူး၊ ငြိမ်းသွားတယ်၊ ဒါ သမုဒယသစ္စာကိုလည်း ပယ်ခြင်းကိစ္စပြီးတယ်၊ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တရားကို အာရုံပြုပြီးတော့ သိသွားတဲ့ မဂ္ဂသစ္စာက မိမိ သန္တာန်မှာ ဖြစ်သွားတာကိုး၊ မိမိသန္တာန်ဖြစ်သွားတာတွေ ပြန်စဉ်းစားလို့ရှိရင် ဘယ်အချိန်မဆို သိနိုင်တာကိုး၊ ကိုယ့်ဖြစ်သွားတဲ့ဥစ္စာကို သိတာပဲ။

သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ ဘယ်လိုသိတုန်း ဆိုလို့ရှိရင် "သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ သိချက်ဘယ်သို့နည်း" သစ္စာလေးချက် တစ်ပြိုင်နက်သိတာဟာ "နိဗ္ဗာန်မြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာ သိမှုပြီးတာပဲ"တဲ့၊ နိဗ္ဗာန်တစ်ခု သိသောအားဖြင့် "နိရောဓေ အာရမ္မဏတာ ပဋိဝေဓော" နိရောဓ နိဗ္ဗာန်တရားကိုတော့ သေသေချာချာကို ချုပ်ငြိမ်းတဲ့သဘောထဲကို ရောက်ပြီးတော့ သိတာပဲ၊ ကြွင်းတဲ့သစ္စာတွေကတော့ကို "တီသု ကိစ္စတော ပဋိဝေဓော" ကြွင်းတဲ့ သစ္စာတွေတော့ ကိစ္စပြီးသောအားဖြင့် သိသွားတာ၊ ဒုက္ခသစ္စာကို ပိုင်းခြားသိတဲ့ ကိစ္စပြီးတယ်တဲ့၊ အခုနပြောတဲ့အတိုင်း ချုပ်ငြိမ်းတာ ကောင်းမှန်းသိတော့ မချုပ်ငြိမ်းတာတွေ မကောင်းဘူးဆိုတာ ပိုင်းခြားသိတယ်၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ ပြီးသွားတယ်၊ မချုပ်ငြိမ်းတာတွေ မကောင်းဘူး၊ သိကတည်းကိုက အဲဒါတွေ မသာယာတော့ဘူးပေါ့၊ မလိုချင်တော့ဘူး၊ အခု မချုပ်ငြိမ်းတာတွေ ကောင်းမှန်း ဆိုးမှန်း မသိတော့ ကောင်းတယ်လို့ ထင်ပြီးတော့ လိုချင်နေကြတာကိုး၊ အခု လက်ရှိဖြစ်တဲ့ ဘဝမျိုးတွေ ရုပ်နာမ်တွေ လက်ရှိဖြစ်တဲ့ အခြေအနေမျိုးတွေ လက်ရှိဖြစ်တဲ့ အနေအထိုင်မျိုးတွေဟာ ခံစားရတာမျိုးတွေ ဒီထက်ကောင်းတာတွေ ကောင်းလိမ့်မယ်လို့ ထင်ပြီး ကောင်းလိမ့်နိုးနိုးနှင့် သဘောကျနေတာ၊ အခုချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တရားကလေး ချုပ်ငြိမ်းနေတာဖြင့် ကောင်းတာပဲ၊ မချုပ်ငြိမ်းတဲ့ သဘောတွေဟာ အကုန်လုံးမကောင်းဘူးလို့သိတော့ အဲဒါတွေ ဘယ်သာယာမှု ဖြစ်တော့မလဲ၊ အဲဒီသာယာမှုတွေ ငြိမ်းသွားတာ။

အဲဒါလည်းပဲ တော်ရုံချုပ်ငြိမ်းတာပေါ့လေ၊ သောတာပန်ဖြစ်တော့ သောတာပန်အဆင့်အတန်းလောက် ငြိမ်းတယ်၊ အကုန်လုံးငြိမ်းတာ မဟုတ်ဘူး၊ သောတာပန်မှာ သက္ကာယဒိဋ္ဌိတို့၊ ဝိစိကိစ္ဆာတို့ အပါယ်ကျလောက်တဲ့ ကိလေသာတို့ အဲဒါတွေ ဖြစ်နိုင်လောက်အောင် ကြမ်းတမ်းတဲ့ကိလေသာတွေ ငြိမ်းသွားတာပဲ၊ အဲဒါ မျက်စိမှုန်နေတာ၊ မျက်စိမှုန်နေတဲ့ပုဂ္ဂိုလ်မှာ မျက်စိလုံးလုံး အလင်းမရပဲ ဖြစ်နေတယ်၊ ဆေးကောင်းကလေးရလို့ မျက်စိမျက်စဉ်းခပ်လိုက်တော့မှ တိမ်

http://www.dhammadownload.com

ကလေးတွေ ပါးလာပြီး နည်းနည်းရိုးတိုးရိပ်တိပ် ထင်လာတယ်၊ ရိုးတိုးရိပ်တိပ် ထင်တုန်း ယိုးတိုးရိပ်တိပ်လောက် မြင်တာပဲ၊ ပကတိကောင်းတဲ့ လူလောက် ဘယ်မြင်ဦးမလဲ၊ နောက်ထပ်တစ်ခါ ဆေးခပ်လိုက်တော့ကို ပိုပြီးတော့ ကြည်ကြည်လင်လင် မြင်လာတယ်၊ ဒါလည်း သူ့အဆင့်အတန်းလောက်ပဲ၊ ကောင်းကောင်း မမြင်သေးဘူးပေါ့၊ နောက်တစ်ခါ ဆေးခပ်လိုက်လို့ရှိရင်ဖြင့် အကုန်လုံး မြင်တာ မဟုတ်သေးဘူး၊ နောက်တစ်ခါ ဆေးခပ်လိုက်မှ အကုန်လုံး ပကတိမျက်စိသူများလို ကောင်းသွားတယ်၊ ဒါအကုန်လုံးမြင်တယ်။

အဲဒါလိုပဲ အရိယမဂ်က လေးဆင့်ရှိတယ်၊ အဲဒီလေးဆင့်က သောတာပတ္တိမဂ်နှင့် သမုဒယ သာယာမှုကို ပယ်တယ်ဆိုတာ တော်ရုံပယ်တာပဲ၊ အကုန်လုံး ပယ်တာမဟုတ်ဘူး၊ ဒါကြောင့်မို့ သောတာပန်မှာ ကာမဂုဏ်အာရုံတွေနဲ့ ရှိနေသေးတာကိုး၊ သကဒါဂါမ်တွေလည်း ရှိတာပဲ၊ အနာဂါမ်ကျတော့ ကာမရာဂတွေ အကုန်လုံး ကင်းသွားတာ၊ ဒါကြောင့်မို့ ကာမအာရုံတွေ မသာယာတော့ဘူး၊ ဒါပေမယ့်လို့ ဘဝလေးကိုတော့ သာယာတုန်းရှိသေးတယ်၊ ဘဝလေးနဲ့ ဖြစ်နေရတာကိုတော့ လုံးလုံးကြီးကို မရွံမုန်းသေးဘူး၊ မစက်ဆုတ်သေးဘူး၊ ဒါကြောင့်မို့ သူဟာ ရူပဘဝ အရူပဘဝတွေ ဖြစ်နေသေးတာပဲ၊ အရဟတ္တမဂ်ရောက်တော့မှ အကုန်လုံး သာယာမှုကင်းတာ၊ ဘယ်ဟာမှ သာယာစရာမရှိဘူး၊ မသာယာ တော့ဘူး၊ ဒီမှ အကုန်လုံးကင်းတာ၊ အဲဒီမှာ နိဗ္ဗာန်ကိုလည်း ပိုင်ပိုင်နိုင်နိုင်သိ တယ်၊ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကိုလည်း ပိုင်ပိုင်နိုင်နိုင်သိတယ်၊ ပြီးတော့ မချုပ်ငြိမ်းတဲ့ တရားတွေ ဒုက္ခသစ္စာတရားတွေ အကုန်လုံး မကောင်းဘူးဆိုတာ အဲဒီကျမှ ရှင်းရှင်းလင်းလင်း တစ်ခါတည်း သေသေချာချာ သိသွားတာ၊ ဒီတော့ သမုဒယ သာယာမှုတွေ အကုန်လုံး ကင်းသွားပြီ။

ဒါကြောင့် ချုပ်ငြိမ်းရာနိဗ္ဗာန်သိတာနဲ့ ဒုက္ခသစ္စာဆင်းရဲတရားတွေလည်း သိတယ်တဲ့၊ အဲဒီဆင်းရဲတရားတွေ သာယာမယ့်တဏှာလည်းပဲ ပယ်ခြင်းကိစ္စ ပြီးသွားလို့ သိတယ်၊ ပြီးတော့ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်တွေ့တာက မဂ္ဂသစ္စာဖြစ်တော့ မဂ္ဂသစ္စာလည်း မိမိသန္တာန်ဖြစ်သွားလို့ မဂ္ဂသစ္စာလည်း ပွားများခြင်းကိစ္စ ပြီးသွားပြီတဲ့၊ ကိုယ့်သန္တာန်ဖြစ်အောင် သွားရမှာကိုး၊ သူလည်း ပြန်စဉ်းစားလို့ရှိရင် သိလည်း သိနိုင်ပြီ၊ ဒါကြောင့်မို့ "သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ သိချက်ဘယ် သို့နည်း။

http://www.dhammadownload.com

နိဗ္ဗာန်မြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး"တဲ့၊ ဘုန်းကြီးက ဆောင်ပုဒ် ပေးထားတယ်၊ ဒီနေ့တော့ ဆိုစရာလည်း သိပ်မရှိဘူး၊ ဒါလေး ဆိုစမ်းပါဦး။

* **သစ္စာလေးချက်၊ တဖြိုက်နက်၊ သိချက်ဆယ်သို့နည်း၊**
နိဗ္ဗာန်မြင်တာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး။ (ဆို သုံးခေါက်)

နိဗ္ဗာန်မြင်တာနဲ့ ကြွင်းသစ္စာတွေကို မှန်စွာသိခြင်းကိစ္စ ပြီးသွားတယ်တဲ့၊ တကယ် အဲဒီအချိန်မှာ အာရုံပြုပြီးသိတာ မဟုတ်ဘူး၊ နိဗ္ဗာန်တစ်ခုပဲ သိသွားတယ်၊ ဒီပုံဒီနည်းဖြင့် နိဗ္ဗာန်ကို မြင်ပြီးတော့ သစ္စာလေးပါးတရားကို သိပြီး သွားပါတယ်တဲ့၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပြီးတော့ သွားဖို့ပါပဲ။

သတိပဋ္ဌာန် ပွားများရေးကိုး

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ ဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ၊ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဓိသေသေ အနာဂါမိတာ။

ဘိက္ခဝေ-ရဟန်းတို့၊ ယော ဟိ ကောစိ-အမှတ်မရှိ တစ်စုံတစ်ယောက် သောပုဂ္ဂိုလ်သည်၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဟာတုံး ဆိုတော့၊ ဘိက္ခု ဝါ-ရဟန်းပဲဖြစ်ဖြစ်၊ ဘိက္ခုနီ ဝါ-ရဟန်းမိန်းမပဲ ဖြစ်ဖြစ်၊ ဥပါသကော ဝါ-ရတနာသုံးပါးဆည်းကပ်နေတဲ့ ဒကာယောက်ျားပဲ ဖြစ်ဖြစ်၊ ဥပါသိကာဝါ-ရတနာသုံးပါးကို ဆည်းကပ်နေတဲ့ အမျိုးသမီးဒကာမပဲ ဖြစ်ဖြစ်တဲ့၊ ဒါတွေ 'ယော ဟိ ကောစိ'ပဲ၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ် ဆိုတာ သူတို့ပဲ အမှတ်မရှိဘူးပေါ့လေ၊ ယောက်ျားရယ်၊ မိန်းမရယ်၊ ရဟန်းရယ်၊ လူရယ် ခွဲမထားဘူး၊ လူကြီးလူငယ် ခွဲမထားဘူး၊ မြတ်စွာဘုရား၏ အဆုံးအမသြဝါဒ လိုက်နာကျင့်တဲ့ပုဂ္ဂိုလ်တွေ အကုန်လုံးပဲ 'ယောဟိ ကောစိ'-အမှတ်မရှိ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်၊ ဘယ်သူပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် အကုန်လုံးသို့သော်လည်း နတ်ကတော့ ဒီသတိပဋ္ဌာန်တရားကို တကူးတကအားဖြင့် တရားအားထုတ်ဖို့ရာတော့ မလွယ်ဘူးပေါ့လေ၊ ဒါပေမယ့် ခဏတဖြုတ်တော့ ရမှာပေါ့၊ ဘိက္ခဝေ-ရဟန်းတို့၊ ယော ဟိ ကောစိ-အမှတ်မရှိ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ-ဤလေးပါးသောသတိပဋ္ဌာန် တရား

http://www.dhammadownload.com

တို့ကို၊ ဧဝံ-ဤဟောခဲ့သောအစဉ်အားဖြင့်၊ ဧဝံ-ဤဟောပြခဲ့သောနည်းအားဖြင့်၊ ဘာဝေယျ-ပွားများရမယ်-တဲ့၊ အဲဒီသတိပဋ္ဌာန်လေးပါးတွေ၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ ကိုယ်အမူအရာတွေ ဗါတွေကို ရှုတာ ဟောခဲ့ပြီ၊ နှစ်နှစ်လောက် ရှိသွားပြီထင်တယ်၊ ဒီသတိပဋ္ဌာန်သုတ် ဟောနေတာ၊ ဒီနေ့တော့ အပြီးသတ်ရမယ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်တွေ ဝေဒနာတွေ ဝေဒနာမျိုးမျိုးရှုပုံ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်တွေ စိတ်အမျိုးမျိုးတွေ အားလုံးရှုပုံတွေ ဝေဖန်ဟော- ထားတယ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်သဘောတရားတွေ ရှုပုံတွေ။

အဲဒီ သတိပဋ္ဌာန်လေးပါးတရားတွေကို ပွားများလို့ရှိရင်တဲ့၊ ဧဝံ-ဤဆိုခဲ့သည့်အတိုင်း၊ ထွက်သက်ဝင်သက်ရှုရင် ထွက်သက်ဝင်သက်ရှုပုံနည်းအတိုင်း၊ ဣရိယာပုထ်ရှုရင် ဣရိယာပုထ်ရှုပုံနည်းအတိုင်း ရှုပုံရှုနည်းတွေ ပြထားတယ်၊ အဲဒီပြောပြခဲ့တဲ့အတိုင်း ဒီသတိပဋ္ဌာန်လေးပါး ပွားများလို့ရှိရင် ဘယ်လောက်ကြာအောင် ပွားများရမလဲဆို 'သတ္တဝဿာနိ-ခုနစ်နှစ်တို့ပတ်လုံး'တဲ့၊ ခုနစ်နှစ် ပွားများရမယ်၊ ဘိက္ခဝေ-ရဟန်းတို့၊ ယော ဟိ ကောစိ-အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ-ဤလေးပါးသော သတိပဋ္ဌာန်တရားတို့ကို၊ ဧဝံ-ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ သတ္တ ဝဿာနိ-ခုနစ်နှစ်တို့ ကာလပတ်လုံး၊ ဘာဝေယျ-ပွားများငြားအံ့၊ ပွားများလို့ရှိရင် ဘာအကျိုးရမလဲ အကျိုးဟောတော့မယ်၊ တဿ-ထိုပုဂ္ဂိုလ်အား ဒွိန္နံ ဖလာနံ-(၂)ပါးသောဖိုလ်တို့တွင်၊ အညတရံ ဖလံ-တစ်ပါးသောဖိုလ်ကို၊ ပါဋိကင်္ခံ-အလိုရှိအပ်၏၊ ဖိုလ်အကျိုးနှစ်ပါးထဲက တစ်ပါးပါး ဧကန်အလို ရှိအပ်ပါတယ်တဲ့၊ ဖြစ်မှာပဲတဲ့၊ ဒီအတိုင်း လုပ်လို့ရှိရင် ဒီဖိုလ်တရားတွေရမယ်။

ဘာဖိုလ်တွေတုံးဆိုရင် "ဒိဋ္ဌေဝ ဓမ္မေ အညာ ဝါ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ"၊ ဒိဋ္ဌေဝ ဓမ္မေ-မျက်မှောက်အတ္တဘော မျက်မှောက်ဘဝ၌ပင်လျှင်၊ အညာ ဝါ-အရဟတ္တဖိုလ်သော်လည်းကောင်း၊ ဥပါဒိသေသေ-စွဲလမ်းမှုဥပါဒါန်အကြွင်းသည်၊ သတိ-ရှိသော်၊ အနာဂါမိတာ ဝါ-အနာဂါမ်အဖြစ်သော်လည်းကောင်း၊ ဣတိ-ဤသို့၊ ဒွိန္နံဖလာနံ-နှစ်ပါးသောဖိုလ်တို့တွင်၊ အညတရံ ဖလံ-တစ်ပါးပါးသောဖိုလ်ကို၊ ပါဋိကင်္ခံ-အလိုရှိအပ်၏၊ မျက်မှောက်ဘဝတွင် အရဟတ္တဖိုလ်ရင်လည်း ရောက်မယ်၊ ရဟန္တာရင်လည်း ဖြစ်မယ်တဲ့၊ ရဟန္တာအဖြစ်

http://www.dhammadownload.com

မရောက်နိုင်လို့ရှိရင် ဥပါဒါန်အကြောင်းရှိနေလို့ ဥပါဒါန်တွေ စွဲလမ်းမှုတွေကို မပယ်နိုင်လို့ သူဟာ ကျန်နေသေးလို့ရှိရင် အနာဂါမ်ဖြစ်မယ်တဲ့၊ ဒီတော့ ဒီသတိပဋ္ဌာန်ပွားများသဖြင့် အမြတ်ဆုံးအကျိုး ရွေးဦးစွာပြတယ်၊ အရဟတ္တဖိုလ်ရောက်မယ်၊ ရဟန္တာဖြစ်မယ်တဲ့၊ ရဟန္တာဖြစ်တာတဲ့၊ ပိုပြီးတော့ ရောက်စရာတွေ မရှိဘူး၊ ကုန်နေပြီ၊ နံပါတ်ကုန်နေပြီ၊ အဲဒါရောက်နိုင်တယ်တဲ့၊ ခုနစ်နှစ်အားထုတ်ပါတဲ့၊ ဒီလောက်မရောက်လို့ရှိရင် ဘယ်လောက်ရောက်မလဲဆိုတော့ အနာဂါမ်ဖြစ်မယ်၊ အနာဂါမ်တော့ ဖြစ်နိုင်တယ်၊ ဒီတွင် ရပ်ထားတယ်။

ဒီအောက်တရားတွေကိုတော့ အထူးပြောစရာ မလိုဘူးပေါ့၊ အထက်ဆုံးအမြင့်တွေ ရောက်နေမှတော့ ဒီအောက်ကတရားတွေက ဖြစ်မှာပေါ့၊ ဝိပဿနာဉာဏ် ဖြစ်ပုံမလားလို့ မေးစရာ ဘယ်ရှိမလဲ၊ သူဥစ္စာ ဖြစ်ရမှာပေါ့၊ ဝိပဿနာမဖြစ်ဘဲနဲ့ ရဟန္တာဘယ်ဖြစ်နိုင်မလဲ၊ သောတာပတ္တိမဂ်ဖိုလ် သကဒါဂါမိမဂ်ဖိုလ်တွေလည်း ဘယ်ပြောစရာလိုမလဲ၊ အနာဂါမ် ရဟန္တာတောင် ဖြစ်နေတာပါပဲ၊ ဒီအောက်က တရားတွေလည်း အကုန်လုံးဖြစ်နေတာပေါ့၊ အကောင်းဆုံးကို သူက ညွှန်ကြားရတယ်။

အခုကာလ အထည်ဝတ္ထုတွေကို စွဲးရောင်းတဲ့ပုဂ္ဂိုလ်များက စွဲးရောင်းတော့ အကောင်းဆုံးဟာတွေ ပြောရတယ်၊ သာမန်ဟာလေးတွေ အကုန်ခိုးကျူးနေလို့ ဘယ်ဖြစ်မလဲ၊ သူများထက်ထူးတဲ့ဥစ္စာကို ပြောရမယ်၊ သူများထက် အထူးဆုံး အကောင်းဆုံးဥစ္စာကို ဖော်ပြပြီးတော့ ရောင်းရတယ်၊ အဲဒါလိုပဲ ဒီတရားဟာလည်း အကောင်းဆုံး အကျိုးတွေကို ဖော်ပြရတယ်၊ အနာဂါမ်နဲ့ ရဟန္တာဖြစ်သွားတာဟာ အမြင့်ဆုံးပဲ၊ အဲဒီမရောက်ရင်တောင်မှ အနာဂါမ်ဖြစ်မယ်တဲ့၊ ခုနစ်နှစ်အားထုတ်ပါ ဆိုတာကလည်း သူဟာ မပြတ်မစဲ အားထုတ်ဖို့ ပြောတာ၊ တစ်နှစ်လောက် အားထုတ်ပြီးတော့ ပထမတစ်ရက်လောက် အားထုတ်ပြီး နောက်အားမထုတ်ဘဲနဲ့နေတယ်၊ ခုနစ်နှစ်ပြည့်တော့မှ အားထုတ် ဒီလိုမဟုတ်ဘူး၊ ကြားထဲ ကြားထဲ ကြိုးကြားကြိုးကြား ရံခါရံခါ အားထုတ်တာ ပြောတာမဟုတ်ဘူး၊ သူဟာ တောက်လျှောက်အားထုတ်တာ ပြောတာ၊ ခုနစ်နှစ်အားထုတ်လို့ရှိရင် အနာဂါမ်ရဟန္တာဖြစ်မယ်တဲ့၊ ခုနစ်နှစ်ဆိုတော့ အားထုတ်နိုင်တဲ့ပုဂ္ဂိုလ်က နည်းလိမ့်မယ်၊ လူတွေဆိုရင်တော့ ခုနစ်နှစ်အားထုတ်ဖို့ သိပ်ခက်တာပေါ့၊ စားရေး

http://www.dhammadownload.com

သောက်ရေး နေရေး ထိုင်ရေးနဲ့ ဘယ်အားထုတ်နိုင်မလဲ၊ ရဟန်းသံဃာတွေထဲက တောင်မှ ခုနစ်နှစ် အားထုတ်ရမယ်ဆိုရင် ခက်သားပဲ၊ နည်းနည်းပါးပါးလောက် အားထုတ်နိုင်တယ်၊ များများအားမထုတ်နိုင်ဘူး။

အခုနေ အခါကာလမှာ အားမထုတ်နိုင်ကြဘူး၊ ရွေးတုန်းကတော့ အားထုတ်ပါတယ်၊ ဘုရားလက်ထက်တုန်းကတော့ ဘယ်ခုနစ်နှစ်ရယ် ဟုတ်မလဲ အကြာကြီး အားထုတ်နေကြတာ၊ သူတို့ ရဟန်းဖြစ်ကတည်းက အားထုတ်နေကြတာပဲ၊ မူလကတည်းက သာသနာဘောင်ဝင်ပြီး ရဟန်းပြုလာကတည်းက အရဟတ္တဖိုလ်ရောက်အောင် အားထုတ်မယ် ဆိုပြီးတော့ ဝင်လာကြတာကိုး၊ ရဟန်းပြုရင် သင်ထိုက်တာလေးတွေ သင်ကြားပြီးတော့ တောကျောင်း တောင်ကျောင်းတွေနေပြီး တရားအားထုတ်ကြတာပဲ၊ ဒီမြင်ဖူလုပ် ဘာလုပ်စရာမှမရှိဘူး၊ ဒါပဲ လုပ်နေကြတာ၊ ပထမ အစပိုင်းက ဆိုလို့ရှိရင် စာသင်စရာတို့ မရှိသေးဘူး၊ စာတွေပေတွေဆိုတာလည်း ရှိတာမဟုတ်ဘူး၊ ဘုရားဟောတဲ့တရားကလည်း နည်းနည်းပဲရှိတယ်၊ ဟိုတုန်းက သင်စရာ များများမရှိသေးဘူး၊ တရားပဲ အားထုတ်နေကြတာပဲ။

သို့ သော်လည်း အခုနေအခါတော့ ခုနစ်ရက်လောက် အားထုတ်ဖို့တောင် မလွယ်ဘူး၊ တစ်နှစ်လောက် အားထုတ်ဖို့ဆို ပိုမလွယ်ဘူး၊ မြတ်စွာဘုရားက လောကလူတွေ အလိုလိုက်ပြီးတော့ ခုနစ်နှစ်အားထုတ်မှပဲ ဖြစ်မလားလို့ဆိုတော့ ခုနစ်နှစ် အားမထုတ်နိုင်ပေမယ့် ဖြစ်နိုင်ပါတယ် ဆိုပြီးတော့ ခြောက်နှစ်တို့၊ ငါးနှစ်တို့၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်တဲ့ တဖြည်းဖြည်းလျော့လာတယ်၊ အဲသလောက်အားထုတ်ရင်လည်း ဖြစ်နိုင်ပါတယ်တဲ့၊ တစ်နှစ်တောင်မှ တချို့ကလည်း အားထုတ်ဖို့ရာခက်တော့ (၇)လအားထုတ်ပါတဲ့၊ (၇)လဆိုလည်း များသေးတာပဲ၊ ဒီတော့ ခြောက်လ ငါးလ တဖြည်းဖြည်းလျော့လာတယ်၊ လေးလ၊ သုံးလ၊ နှစ်လ၊ တစ်လ အားထုတ်ပါတဲ့၊ တစ်လတောင် များနေတယ်၊ အားမထုတ်နိုင်ဘူးဆိုတော့ မြတ်စွာဘုရားက လျော့လိုက်သေးတယ်၊ (၁၅)ရက် အားထုတ်ပါတဲ့၊ (၁၅)ရက်တောင် အားမထုတ်နိုင်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ (၇)ရက်အားထုတ်ပါတဲ့။

http://www.dhammadownload.com

နုနစ်ရက်အားထုတ်ရကျိုး

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ၊ ဒိဋ္ဌေဝ ဓမ္မေ အညာ ဝါ သတိ ဝါ ဥပါဓိသေသေ အနာဂါမိတာ၊

ဘိက္ခဝေ-ရဟန်းတို့၊ ယော ဟိ ကောစိ-အမှတ်မရှိ တစ်စုံတစ်ယောက် သောပုဂ္ဂိုလ်သည်၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ-ဤလေးပါးသော သတိပဋ္ဌာန်တို့ကို၊ ဧဝံ-ဤဟောပြခဲ့သည့်အတိုင်း၊ သတ္တာဟံ-ခုနစ်ရက်ပတ်လုံး၊ ဘာဝေယျ-ပွားများငြားအံ့၊ (၇)ရက်ပတ်လုံးပွားရမယ်၊ တဿ-ထိုပုဂ္ဂိုလ်အား၊ ဒိဋ္ဌေဝ ဓမ္မေ-မျက်မှောက် အတ္တဘောဌပင်လျှင်၊ အညာ ဝါ-အရဟတ္တဖိုလ်သော်လည်း ကောင်း၊ ဥပါဓိသေသေ-ဥပါဒါန်စွဲလမ်းမှု ဥပါဒါန်အကြွင်းသည်၊ သတိ-ရှိသော်၊ အနာဂါမိတာ ဝါ-အနာဂါမ်အဖြစ်သော်လည်းကောင်း၊ ဣမေ-ဤသို့ ဒွိန္နံ ဖလာနံ-နှစ်ပါးသော ဖိုလ်တို့တွင်၊ (၂)ပါးသော အကျိုးတို့တွင်၊ အညတရံ ဖလံ-တစ်ပါးပါးသောဖိုလ်, တစ်ပါးပါးသော အကျိုးကို၊ ပါဋိကင်္ခံ-အလိုရှိအပ်၏၊ မုချဖြစ်မယ်တဲ့။

'(၇)ရက် အားထုတ်ပါ'တဲ့၊ အနည်းဆုံး (၇)ရက်အားထုတ်ပါ၊ (၇)ရက် အားထုတ်လို့ရှိရင်ဖြင့် အနာဂါမ်ရဟန္တာဖြစ်မယ်တဲ့၊ အတိုချုပ်ကတော့ ဒါပါပဲ၊ အများအားဖြင့် ခုနစ်နှစ်ပိုင်းခြားထားတယ်၊ အနည်းဆုံးဆိုလို့ရှိရင် (၇)ရက်၊ ကြားထဲမှာ (၇)ရက်ထဲမို့ ပြီးတော့ (၁၅)ရက်တို့၊ တစ်လတို့၊ နှစ်လတို့၊ ဒါတွေလည်း ရှိပါတယ်၊ တစ်နှစ် နှစ်နှစ် ဒါတွေလည်း ရှိပါတယ်၊ အများဆုံး ခုနစ်နှစ်၊ အနည်းဆုံး (၇)ရက် အားထုတ်ပါတဲ့၊ ဒီလိုတောက်လျှောက် မပြတ်အားထုတ်နေလို့ရှိရင် ရဟန္တာဖြစ်နိုင်တယ်တဲ့၊ ရဟန္တာမဖြစ်အောင် အနာဂါမ်တော့ ဖြစ်နိုင်တယ်တဲ့၊ အဲဒီတော့ စိတ်အားတက်စရာ အင်မတန်ကောင်းပါတယ်၊ ဒီသတိပဋ္ဌာန်တရားဟာ အားထုတ်လိုက်လို့ရှိရင် ဘုရားက ဝန်ခံချက်နဲ့ ဟောထားတာ။

ဒီလိုဝန်ခံဟောတဲ့သုတ်က ရှားပါတယ်၊ ရှိလည်း ဝန်ခံဟောထားပြန်တော့ လုပ်ပုံကိုင်ပုံ အားထုတ်ပုံက ဒီသုတ်မှာလို ပြည့်ပြည့်စုံစုံမပါဘူး၊ ဒီသုတ်မှာ ဒီတရားအားထုတ်ပုံတွေလည်း ပြည့်ပြည့်စုံစုံပါတယ်၊ ဘယ်လိုအားထုတ်ရမယ် ဘယ်လို ရှုရမယ်၊ ဘယ်လိုရှုတော့ ဘယ်လို သိတယ် ဆိုတာလေးတွေပါ ပါလာတယ်၊

http://www.dhammadownload.com

ဒီသုတ်က အတော်သေချာတယ်၊ ပြီးတော့ အားထုတ်တော့ အကျိုးက ခုနစ်နှစ် အားထုတ်လို့ရှိရင်၊ (၇)ရက်အားထုတ်လို့ရှိရင် အနာဂါမ် ရဟန္တာဖြစ်မယ်၊ ဒီလို ဝန်ခံချက်လည်း ပေးပြီး ဟောထားတယ်၊ အင်မတန်ကို စိတ်အားတက်စရာ ကောင်းတယ်၊ အဲဒါ ဘယ်ပုဂ္ဂိုလ်အတွက်တုံးဆိုလို့ရှိရင် မဇ္ဈိမနေယျပုဂ္ဂိုလ်တဲ့။

ပုဂ္ဂိုလ်အလေးအနှိုး

ပုဂ္ဂိုလ်က (၄)မျိုးရှိတယ်၊

(၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ်
(၁) ဝိပဉ္စိတညူပုဂ္ဂိုလ်
(၃) နေယျပုဂ္ဂိုလ်
(၄) ပဒပရမပုဂ္ဂိုလ် -

အားဖြင့် လေးယောက်ရှိတယ်၊ 'ဥဂ္ဃဋိတညူပုဂ္ဂိုလ်"ဆိုတာကတော့ မြတ်စွာဘုရားက တရားအကျဉ်းချုပ်လောက် ဟောလိုက်ရင်၊ ဂါထာလေးတစ်ပုဒ် လောက်လည်း ဖြစ်ဖြစ် အကျဉ်းချုပ်ဟောလိုက်ရင် အဲဒီအကျဉ်းကလေး ဟော တာနဲ့ပဲ မဂ်ဖိုလ်ကို ရောက်သွားတယ်၊ တရားအားထုတ်ပုံ သိသွားတယ်၊ အဲဒါ 'ဥဂ္ဃဋိတညူပုဂ္ဂိုလ်'လို့ ခေါ်တယ်၊ တရားနာနေရင်းနဲ့ မဂ်ဖိုလ်ရသွားတယ်။

တစ်ခါ 'ဝိပဉ္စိတညူပုဂ္ဂိုလ်'တဲ့၊ "ဝိပဉ္စိတညူပုဂ္ဂိုလ်"ဆိုတာကတော့ အဲဒီ အကျဉ်းချုပ်နဲ့တော့ သူက သဘောမပေါက်လို့ မသိသေးဘူး၊ အဲဒီအကျဉ်းချုပ်ကို အကျယ်ချဲ့ပြီးဟောတဲ့အခါ, ဖေဿနာတရားကြီးတစ်ပုဒ်ဟောတဲ့အခါ တရားနာ နေရင်း မဂ်ဖိုလ်ကို ရသွားတယ်၊ ဒါ "ဝိပဉ္စိတညူပုဂ္ဂိုလ်"လို့ ခေါ်တယ်၊ အဲဒီ ဥဂ္ဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ် ဆိုတာကတော့ မြတ်စွာဘုရားလက်ထက် တုန်းက အများအပြားရှိပါတယ်၊ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက်လည်းပဲ အနည်း ငယ် ရှိပါတယ်၊ ရဟန္တာမထေရ်တွေဟောတဲ့အခါကာလ အတွင်တရား ရသွား တာတွေ တော်တော်ရှိပါတယ်၊ သို့သော် ဒီကနောက်မှာတော့ကို ထင်ထင်ရှားရှား စာပေနဲ့ ဆိုရင်တော့ မတွေ့ရဘူး၊ တရားဟောနေရင်းနဲ့ ဘယ်သူတော့ မဂ်ဖိုလ် ရသွားတယ်လို့ ဒီလိုမတွေ့ရဘူး၊ မရှိဘူးလို့တော့ မဆိုနိုင်ဘူးပေါ့လေ၊ သို့သော် ရှိဖို့ရာလည်း တယ်တော့မလွယ်လှဘူး။

http://www.dhammadownload.com

မြတ်စွာဘုရားဟောထားတဲ့တရားတွေကို နာကြားမှတ်သားပြီးတော့ ဆရာသမားဥပနိဿယတွေ ယူပြီးတော့ ကျင့်ကြံအားထုတ်တယ်၊ အဲဒီလိုအားထုတ်လို့ တရားရတဲ့ပုဂ္ဂိုလ်ဟာ နေယျပုဂ္ဂိုလ်မည်တယ်၊ မြတ်စွာဘုရား ရှေးဦးစွာ ဓမ္မစကြာ တရားဟောတော့ တရားနာရင်း အရှင်ကောဏ္ဍညမထေရ်က တရားထူး ရသွားတယ်၊ သူက ဝိပဉ္စိတညူပုဂ္ဂိုလ်နေမှာပေါ့၊ ဥဂ္ဃဋိတညူတော့ ဟုတ်ပုံမရဘူး၊ ဝိပဉ္စိတညူပုဂ္ဂိုလ်ထဲ ပါပါလိမ့်မယ်၊ တရားနာနေရင်း ရသွားတယ်၊ ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ပုဂ္ဂိုလ်လေးပါးကျန်သေးတယ်၊ အဲဒီလေးပါးက တရားအားထုတ်ရတယ်၊ အဲဒီတရားနာပြီးကတည်းက သူတို့ဆက်လက်အားထုတ်နေတာပဲ၊ ဆက်ပြီးအားထုတ်နေတော့ နောက်တစ်ရက်ကျ ဝပ္ပမထေရ်က သောတာပန်ဖြစ်တယ်၊ အဲဒီနောက် တစ်ရက်ကျတော့ကို ဘဒ္ဒိယမထေရ်၊ နောက်တစ်ရက်ကျတော့ မဟာနာမ်မထေရ်၊ နောက်တစ်ရက်ကျတော့ အဿဇိမထေရ် (၄)ပါးတို့ဟာ အစဉ်အတိုင်း တစ်ရက်စီ တစ်ရက်စီ သောတာပန်ဖြစ်ကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ကျင့်ကြံအားထုတ်ပြီးတော့ ယူရတယ်၊ သူတို့က နေယျသဘောရှိတယ်၊ ဒါပေမယ်လို့ နောက်အားလုံး သောတာပန်ဖြစ်ပြီးတဲ့အခါကျတော့ မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်ကို ဟောတဲ့အခါကျတော့ သူတို့အကုန်လုံး ရဟန္တာဖြစ်ကြတယ်၊ အဲဒီရဟန္တာဖြစ်ကြတာကို ထောက်ဆကြည့်မယ်ဆိုရင်တော့ သူတို့အကုန်လုံးဟာ ဝိပဉ္စိတညူထဲက နေမှာပေါ့၊ အဲဒီမှာတော့ တရားအားထုတ်ရတာမဟုတ်ဘူး၊ တရားနာနေရင်းနဲ့ပဲ နှလုံးသွင်းအားထုတ်ပြီးတော့ ရသွားတယ်။

နေယျပုဂ္ဂိုလ်ထုံးမျိုး

တရားနာနေရုံနဲ့ တရားမရသေးဘဲနဲ့ တရားနာမှတ်သားပြီးတော့ကိုး၊ လေ့ကျင့်အားထုတ်ယူရလို့ရှိရင် အဲဒီဥစ္စာ နေယျပုဂ္ဂိုလ်လို့ ခေါ်တယ်၊ အဲဒီနေယျပုဂ္ဂိုလ်ကလည်းပဲ တိက္ခပုဂ္ဂိုလ် ရှိတယ်၊ မရွှိမအလတ်စားပုဂ္ဂိုလ် ရှိတယ်၊ မန္ဒပုဂ္ဂိုလ် ရှိတယ်၊ အမျိုးမျိုးရှိတယ်။

မန္ဒပုဂ္ဂိုလ်ဆိုလို့ရှိရင် တုံ့နှေးနေတဲ့ပုဂ္ဂိုလ် ညှံ့နေတဲ့ပုဂ္ဂိုလ်၊ ဒါက ခုနစ်နှစ်နဲ့ အခုပြောတဲ့ အနာဂါမ်ရဟန္တာဖြစ်မှာ မဟုတ်ဘူးတဲ့၊ အဲဒီပုဂ္ဂိုလ်ကတော့ ခုနစ်နှစ်မက (၁၀)နှစ်လည်း အားထုတ်ချင်ထုတ်ရမှာပေါ့၊ ဒီလိုဉာဏ်လေးတဲ့ပုဂ္ဂိုလ်လည်း ရှိသေးတယ်။ ထက်တဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်လဲ ဒီလို (၇)ရက်တောင် အားမထုတ်ရ

http://www.dhammadownload.com

ပါဘူးတဲ့၊ ညဉီးနေပြီး ကမ္မဋ္ဌာန်းယူပြီး အားထုတ်ပြီး မနက်ဆိုလို့ရှိရင် တရားထူး ရနိုင်တယ်၊ "သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ" သာယံ-ညနေချမ်းအချိန်၌၊ အနုသိဋ္ဌော-ညွှန်ကြားပြသသွန်သင်အပ်ပြီးသည်ရှိသော်၊ ပါတော-နံနက်ခင်းကာလ၌၊ ဝိသေသံ-တရားထူးကို၊ အဓိဂမိဿတိ-ရလတဲ့၊ ညဉီးက နေပြီးတော့ ညွှန်ကြားပြသ တရားအားထုတ်လိုက်လို့ရှိရင် မနက်ကျတော့ တရားရတယ်၊ ဒီလိုပုဂ္ဂိုလ်လည်းရှိတယ်၊ "ပါတော အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ" မနက်ပိုင်းက တရားထူးယူပြီး အားထုတ်တယ်၊ ညနေပိုင်းကျလို့ ရှိရင်ဖြင့် တရားထူးရတယ်၊ ဒီလို ပုဂ္ဂိုလ်လည်း ရှိတယ်၊ အဲဒါတော့ တိကွနေယျတဲ့၊ သူကတော့ ထက်တယ်တဲ့၊ ဒီပုဂ္ဂိုလ်က တစ်နေ့တည်းနဲ့ ရက်တစ်ပတ်တောင် မလည်ဘူး၊ တစ်နေ့သော်လည်းကောင်း၊ တစ်ညသော်လည်းကောင်း အားထုတ်လို့ ရှိရင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်၊ အဲဒါက သုတ်တော်အရအားဖြင့် ဟောထား တာ ရှိတယ်၊ သုတ်တော်အရအားဖြင့် တိုက်ရိုက်ဟော့ထားတာက ဗောဓိကုမာရ သုတ်မှာ ဗောဓိမင်းကို ဟောထားတာရှိတယ်၊ အဲဒါက တိကွနေယျပုဂ္ဂိုလ်တဲ့၊ တစ်နေ့လုံးလောက် အားထုတ်တဲ့ပုဂ္ဂိုလ်လည်း ရှိမှာပေါ့၊ နှစ်ရက်လောက် အား ထုတ်တဲ့ပုဂ္ဂိုလ်လည်း ရှိမှာ၊ သုံးရက် လေးရက် ငါးရက် ခြောက်ရက် ဒီလိုအားထုတ် ရတဲ့ ပုဂ္ဂိုလ်လည်း ရှိမယ်၊ အဲဒါတွေဟာ တိကွပုဂ္ဂိုလ်တွေတဲ့၊ တိကွနေယျတွေတဲ့၊ ခုန ခုနစ်နှစ်တောင် ကျော်ပြီး အားထုတ်ရတဲ့ပုဂ္ဂိုလ်က မန္ဒနေယျပုဂ္ဂိုလ်တဲ့၊ ဒါ နဲ့တဲ့ပုဂ္ဂိုလ်တဲ့၊ အခုဟာက ခုနစ်နှစ် အားထုတ်ရမယ်၊ ခုနစ်ရက် အားထုတ်ရမယ်၊ ခုနစ်ရက်အားထုတ်လို့ရှိရင်ဖြင့် တရားထူးရနိုင်တယ်ဆိုတာက ဒါက မရွှိမနေယျ ပုဂ္ဂိုလ်၊ အလတ်စား နေယျပုဂ္ဂိုလ်သူကတော့ ဉာဏ်ထက်တာလည်း မဟုတ်ဘူး၊ ဉာဏ်နဲ့တာလည်း မဟုတ်ဘူး၊ အလတ်စားပုဂ္ဂိုလ်တွေ ရည်ပြီးတော့ မြတ်စွာ ဘုရား ဟောထားတယ်တဲ့။

ဒီသတိပဋ္ဌာန်တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ မရွှိမနေယျပုဂ္ဂိုလ်ဖြစ်လို့ ရှိရင် (၇)ရက်ပေါ့လေ၊ (၇)ရက်လောက် အားထုတ်ရင် တရားရရမှာပဲ၊ တိကွနေယျ ပုဂ္ဂိုလ်ဆိုလို့ရှိရင် ခုနစ်ရက်ထက်စောပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်၊ တစ်ဦးတစ်လေတော့ ရှိပုံပေါ်ပါတယ်၊ တချို့ပုဂ္ဂိုလ်လာပြီး တရားအားထုတ်တယ်၊ ဒီလိုပုဂ္ဂိုလ်ဟာ (၇)ရက်တောင် မကြာဘဲနဲ့ ကောင်းတဲ့အခြေအနေတွေ ရောက် သွားတာ ရှိတယ်၊ သို့သော် ရှားတော့ ရှားတယ်၊ ရှားတာမှ အတော့်ကိုရှားတယ်၊

http://www.dhammadownload.com

ခုနစ်ရက်လောက်ရောက်တဲ့ပုဂ္ဂိုလ်လည်းရှိတယ်၊ (၁၅)ရက်လောက်ရောက်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ တစ်လလောက်ဆိုတာကတော့ဖြင့် တော်တော်များပါတယ်၊ တစ်လ တစ်လကျော်ကျော်လောက် အားထုတ်လို့ရှိရင် တရားထူးရောက်တဲ့ပုဂ္ဂိုလ်တွေ တော်တော်များတယ်၊ ပြည့်စုံပါတယ်။

ဒါပေမယ်လို့ မြတ်စွာဘုရား ဝန်ခံထားတဲ့ပုဂ္ဂိုလ်မျိုးတော့မဟုတ်ဘူး၊ မြတ်စွာဘုရားဝန်ခံ တာက အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တဲ့၊ အနာဂါမ်ရဟန္တာရောက်တဲ့ပုဂ္ဂိုလ်က ရှားတော့ ရှားတယ်၊ တော်တော်ရှားလိမ့်ဦးမယ်၊ ဒီဥစ္စာက မရောက်ဘူးလို့ ပြောလို့မဖြစ်ဘူး၊ မြတ်စွာဘုရားဝန်ခံထားတာကတော့ဖြင့် (၇)နှစ်အားထုတ်ပါတဲ့၊ အားထုတ်ရင်ဖြင့် အနာဂါမ်ရဟန္တာဖြစ်မယ်တဲ့၊ အနာဂါမ်ရဟန္တာမဖြစ်တောင်မှ ဒီတရားအားထုတ် လို့ရှိရင် သောတာပန် သကဒါဂါမ်လောက်ကတော့ ဖြစ်ဖို့ရာရှိတာပေါ့၊ ဒါကတော့ ထင်ရှားနေတာပဲ၊ ဒီတရားအားထုတ်ရတဲ့ပုဂ္ဂိုလ်တွေ အင်မတန် စိတ်အားတက် စရာ ကောင်းပါတယ်၊ အားထုတ်ခါစပုဂ္ဂိုလ်တွေအတွက် သာပြီးတော့ အားတက်စရာကောင်းတယ်၊ အားထုတ်ပြီးသားပုဂ္ဂိုလ်တွေ, အချို့ကျနေတဲ့ပုဂ္ဂိုလ်တွေတော့ အထူးတိုက်တွန်းစရာမလိုဘူး၊ ကိုယ့်ဟာကိုယ်တွေ့. ပြီးသား သိပြီးသားတွေ ဖြစ်နေ တာပါပဲ။

အကျိုးစုနှစ်ပါးရှိတဲ့ သတိပဋ္ဌာန်

စောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊

'ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ' ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ၊

ဘိက္ခဝေ-ရဟန်းတို့၊ ယဒိဒံ ယေ ဣမေ စတ္တာရော သတိပဋ္ဌာနာ-အကြောင်းလေးပါးသော သတိပဋ္ဌာန်တရားတို့သည်၊ အတ္ထိ-ရှိကုန်၏၊ အယံ မဂ္ဂေါ-ဤသတိပဋ္ဌာန်ဟူသော ခရီးသည်၊ သတ္တာနံ-သတ္တဝါအပေါင်းတို့၏၊ ဝိသုဒ္ဓိယာ-ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်ခြင်းဖို့ရာ၊ စောယနော မဂ္ဂေါ-တစ်ခုတည်းသောလမ်း တစ်ကြောင်းတည်းသော ခရီးပါပေတည်း၊ ကာယနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ သတိပဋ္ဌာန်တရား

http://www.dhammadownload.com

လေးပါးတွေ ရှိတယ်၊ အဲဒီသတိပဋ္ဌာန်တရားလေးပါးတွေဟာ တစ်ခုတည်းသော လမ်း၊ တစ်ကြောင်းတည်းသောလမ်းပဲ၊ ဘယ်ရောက်မှာတုံးဆိုရင် စိတ်အညစ်အကြေးတွေ စင်ကြယ်ဖို့ရာ အစပိုင်းက ဟောခဲ့ပြီ။

သောကပရိဒေဝါနံ သမတိက္ကမာယ-စိုးရိမ်ပူဆွေးခြင်းတို့ကို လွန်မြောက်ခြင်းအကျိုးငှာ၊ ဧကာယနော မဂ္ဂေါ-တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်း သောခရီးပါပေတည်း။

ဒုက္ခဒေါမနဿာနံ-ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏၊ အတ္ထင်္ဂမာယ-ချုပ်ငြိမ်းရန်အလို့ငှာ၊ ဧကာယနော မဂ္ဂေါ-တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသော လမ်းပါပေတည်း၊ ဒီသတိပဋ္ဌာန်လမ်းက ဆက်လက်အားထုတ်သွားလို့ရှိရင် စိုးရိမ်ပူဆွေးမှုတွေ ကင်းငြိမ်းမယ်တဲ့၊ စိုးရိမ်ပူဆွေးစရာတွေဆိုတာက မလွဲမကင်းနိုင်ဘူး၊ တွေ့ကြုံရတာပဲ၊ တွေ့တဲ့အခါ သည်းခံနိုင်ဖို့ရာ အရေးကြီးပါတယ်၊ စိုးရိမ် ပူဆွေးမှုတွေ ဖြစ်နေလို့လည်း သက်သာတာတော့မဟုတ်ဘူး၊ ဖြစ်နေလည်း ဒုက္ခရောက်နေတာပဲ၊ ငိုကြွေးနေလို့လည်း သက်သာမှုရတာ မဟုတ်ဘူး၊ အဲဒါ ဒုက္ခရောက်တာရှိတာပဲ၊ အဲဒီတော့ စိုးရိမ်ပူဆွေးမှုကင်း ငိုကြွေးမှုတွေ လွန်မြောက် လို့ ကင်းနေလို့ ရှိရင်ဖြင့် အင်မတန်ကောင်းနေတာပေါ့။

ဒီတရားအားထုတ်လို့ရှိရင် ပူဆွေးမှုတွေ ကင်းသွားမယ်တဲ့၊ မကင်းတောင်မှ သက်သာခွင့်တော့ရမှာပဲ၊ သက်လည်း သက်သာပါတယ်၊ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ် စိုးရိမ်စရာ ပူဆွေးစရာ ငိုကြွေးစရာနဲ့ တွေ့လို့ရှိရင် တစ်ခါတည်း သက်သာခွင့်တွေ တော်တော်ရနေတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဆိုတာကတော့ ရုပ်ကိုယ်ကြီးရှိနေရင် ကိုယ်ဆင်းရဲဆိုတာ ဖြစ်မှာပဲ၊ ရဟန္တာတောင်ဖြစ်သေးတာပဲ၊ ဒါပေမယ်လို့ တရားနဲ့နေလို့ သက်သာခွင့် ရသေးတာ၊ လုံးလုံးကင်းတာကတော့ ဒီရုပ်ကြီးကိုမရှိမှ ငြိမ်းမှာ၊ စိတ်ဆင်းရဲဆိုတာကလည်း ဒီနာမ်တရားတွေရှိနေရင် ဖြစ်ဦးမှာပဲ၊ သို့သော် သူကတော့ဖြင့် အနာဂါမိမဂ်ဖိုလ်လောက်ရောက်ရင် စိတ်ဆင်းရဲကတော့ ကင်းတယ်၊ သူကတော့ နာမ်တရားတွေ ရှိနေပေမယ်လို့ စိတ်ဆင်းရဲတွေ မဖြစ်ဘဲနဲ့ နေနိုင်တယ်၊ ရဟန္တာပုဂ္ဂိုလ်တွေ စိတ်ဆင်းရဲမရှိဘူး၊ အနာဂါမ်တွေ စိတ်ဆင်းရဲမရှိဘူး၊ အဲဒါတွေ ရှင်းသွားတယ်။

အဲဒီကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေဆိုတာလည်းပဲ ကြောက်စရာကောင်းတဲ့ တရားတွေပဲ၊ လောကဆင်းရဲဆိုတာ သူတို့ (၂)ခု ရှိတာပဲ၊ အထည်ဝတ္ထုနဲ့လျှောက်

http://www.dhammadownload.com

ပြောရင်သာ အမျိုးမျိုးဆင်းရဲတွေ ဖြစ်နေတာ၊ အထည်ဝတ္ထုနဲ့ ပြောလို့ရှိရင် ရွှပ် အကြောင်းပြုပြီးတော့ အမျိုးမျိုးမစားရလို့၊ မသောက်ရလို့၊ ကိုယ်အလိုရှိတာတွေ မလုပ်ရလို့၊ ဆင်းရဲတွေ အများကြီးရှိတာကိုး၊ စိတ်ထဲမှာလည်း စိတ်ဆင်းရဲတွေ အမျိုးမျိုးတွေပဲ၊ ကိုယ့်အလိုအတိုင်းမဖြစ်လို့ ဆင်းရဲတွေ အများကြီးရှိနေတယ်၊ ဒါပေမယ့် အကျဉ်းချုပ် (၂)ခုပဲ ရှိတယ်၊ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲနှစ်ခုပဲ၊ အဲဒီကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေလည်း ချုပ်ငြိမ်းပြီးတော့ သွားစေနိုင်တယ်တဲ့၊ ဒီတရားအားထုတ်လို့ရှိရင် ဆင်းရဲတွေ အကုန်လုံးမရောက်ဘဲနဲ့ ဆင်းရဲတွေ ကင်းနိုင်တယ်။

ဉာယဿ-အရိယမဂ်ကို၊ အဓိဂမာယ-ရခြင်းသိခြင်းငှာ၊ နိဗ္ဗာနဿ-နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာယ-မျက်မှောက်ပြုခြင်းငှာ၊ ဧကာယနော မဂ္ဂေါ-တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောခရီးပါပေတည်း။ အရိယမဂ်များရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာ တစ်ကြောင်းတည်းသောလမ်း၊ တစ်ခုတည်းသောလမ်းပဲ၊ ဒီလမ်းက လျှောက်သွားလို့ရှိရင် မလွဲဘူးပေါ့လေ၊ လမ်းခွဲလမ်းခွမရှိတဲ့လမ်း၊ အဲဒီလို လမ်းဆိုလို့ရှိရင် ဘေးလာမဖယ်နဲ့ တည့်တည့်သာသွား၊ ဘယ်သူမှ မေးနေစရာမလိုဘူး၊ လမ်းဆုံးလို့ရှိရင်ဖြင့် ကိုယ်အလိုရှိတဲ့ မဂ်ဉာဏ်ရောက်မှာပဲ။

အဲဒါလိုပဲ ဒီသတိပဋ္ဌာန်တရားက အစဉ်အတိုင်းလျှောက်ပြီးတော့ သတိလေးတစ်ခုဟာ အလုပ်ကလေးတစ်ခုထဲပဲ၊ ဘာမှ ခက်တာမဟုတ်ဘူး၊ နည်းမသိရင်သာ၊ နည်းသိရင် သူဟာ လွယ်လွယ်ကလေး၊ ပေါ်တိုင်းပေါ်တိုင်းတွေ သူမှတ်နေရုံပဲ၊ ရွှပ်အမူအရာပေါ် ရွှပ်အမူအရာမှတ်၊ နာမ်အမူရာပေါ် နာမ်အမူအရာမှတ်၊ သတိပဋ္ဌာန်လေးပါးသာ ဆိုတယ်၊ အကျဉ်းချုပ် (၂)ပါးလို့ဆိုတော့ ရွှပ်နဲ့နာမ် (၂)ခုပဲ၊ ရွှပ်တိုင်းရွှပ်တိုင်း နာမ်တိုင်းနာမ်တိုင်း ထင်ရှားပေါ်တာလေးတွေ မှတ်ရတာ သတိဋ္ဌာန်တွေပဲ၊ အဲဒါလေးဟာ လိုက်နေလို့ရှိရင်ဖြင့် နောက်ဆုံးကျရင် ဒီသတိလေးဟာ ကောင်းသထက်ကောင်း၊ ကောင်းသထက်ကောင်းပြီး နောက်ဆုံး အရိယမဂ်ဉာဏ်ပေါ်လာတယ်၊ အရိယမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို တွေ့တာ၊ ဘယ်မှ မရောက်ဘူး၊ သူကတော့ နောက်ဆုံးကျလို့ရှိရင် အဲဒီမဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်မျက်မှောက်ပြုပြီး ဒီရောက်သွားတာပဲ။

http://www.dhammadownload.com

ဒါကြောင့်မို့ ဉာဃသ-အရိယမဂ်ကို၊ အဓိဂမာယ-ရခြင်းသိခြင်းငှာ၊ နိဗ္ဗာနဿ-နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာယ-မျက်မှောက်ပြုခြင်းငှာ၊ ဧကာယနော မဂ္ဂေါ-တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောခရီးပါပေတည်း၊ တစ်ခုတည်း တစ်ကြောင်းတည်းပဲတဲ့၊ ဣတိ-ဤသို့၊ ယံ တံ-အကြင်စကားကို၊ မယာ-ငါသည်၊ ယံ တံ-အကျဉ်းချုပ်ဖြစ်သော အကြင်စကားကို၊ မယာ-ငါသည်၊ ဝုတ္တံ-ဟောခဲ့ပြီ၊ မြတ်စွာဘုရားက ငါအစတုန်းက ဒီတရားပလ္လင်ခံစဉ်တုန်းက ဒီစကားအတိုချုပ်ကလေး ဟောခဲ့တယ်၊ သတိပဋ္ဌာန်၏စွမ်းရည်တွေ အကျိုးတွေ ဖော်ပြပြီးတော့ ငါဟောခဲ့တယ်တဲ့၊ သတိပဋ္ဌာန်လေးပါးက တစ်ကြောင်းတည်းသောခရီးပဲ၊ ဘယ်ရောက်ဖို့တုံး၊ သတ္တဝါတွေ ကိလေသာအညစ်အကြေးတွေ ကင်းစင်သွားဖို့၊ စိုးရိမ်ပူဆွေးမှုတွေ ကျော်လွန်ပြီးတော့ သွားဖို့၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကို လွန်မြောက်ပြီးတော့ သွားဖို့၊ အရိယမဂ်ဉာဏ်ကို ရဖို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့၊ အဲဒီအကျိုး (၇)ပါးကို ပြပြီးတော့ ဟောခဲ့တယ်တဲ့။

အဲဒီလို ဟောထားတဲ့ သတိပဋ္ဌာန်ဆိုတာဟာ ဘာတွေတုံးဆိုတော့ "ဣဒ မေတံ ပဋိစ္စ ဝုတ္တံ" ဣဒံ-အကျယ်ဟောခဲ့သော ဤစကားကို၊ ပဋိစ္စ-စွဲမှီ၍၊ တံ-ဤအကျဉ်းချုပ်စကားကို၊ မယာ-ငါသည်၊ ဝုတ္တံ-ဟောခဲ့ပေသတည်း။ ယခုပြောခဲ့တဲ့ အကျယ်စကားအတိုင်း ပွားများရခဲ့တာတဲ့၊ သတိပဋ္ဌာန်တရားလေးပါးဆိုတာ ယခုပြောခဲ့တဲ့အတိုင်း ကာယာနုပဿနာမှာ တစ်ဆယ့်လေးပါး၊ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ၊ အဲဒီပြောခဲ့တဲ့အတိုင်း အပိုင်းကြီးလေးပိုင်းပိုင်းပြီး ဟောခဲ့တာ၊ ရှုပုံကလေးသိပုံတွေ ပိုင်းပြီးတော့ ဟောခဲ့တယ်၊ အဲဒီမှာ ဟောတဲ့အတိုင်း သတိပဋ္ဌာန်တရားတွေ ပွားများဖို့ကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက ဟောတယ် ဆိုပြီးတော့ ဒေသနာနိဂုံးသတ်တာကိုး၊ ဒေသနာအဆုံးသတ် လိုက်တာပဲ၊ တရားအဆုံးပဲ။

အဲဒီဒေသနာဟောတော့ - "ဒေသနာပရိယောသာနေ-ဒေသနာ၏အဆုံး၌၊ တီ သဘိက္ခုသဟဿာနိ-သုံးသောင်းသောရဟန်းတော်တို့သည်၊ အရဟတ္တေ-အရဟတ္တဖိုလ်၌၊ ပတိဋ္ဌဟိသု-တည်လေကုန်၏"လို့ အဋ္ဌကထာဆရာက ဖော်ပြထားတယ်၊ သုတ်ပါဠိတော်မှာ တိုက်ရိုက်မရှိဘူး၊ အဋ္ဌကထာဆရာက ဖော်ပြထားတယ်၊ ဒီသုတ်ဟောစဉ်တုန်းက တရားနာနေတဲ့ပုဂ္ဂိုလ်တွေ လူတွေရော နတ်တွေရော အမျိုးစုံ ရှိမှာပေါ့လေ၊ ဒါပေမယ့်လို့ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်တွေကို

http://www.dhammadownload.com

ရေတွက်ပြီးတော့ ပြထားတာ၊ ဒီလို တရားနာနေရင်း ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်တွေ သုံးသောင်းပဲတဲ့၊ မြတ်စွာဘုရားကတော့ အကျယ်တွေဘာတွေ ချဲ့ဟောနေရတာ မဟုတ်ဘဲဟာကိုး၊ တရားဟောရင် နားလည်လောက်တဲ့ပုဂ္ဂိုလ်တွေ နားလည်အောင်လို့ မြတ်စွာဘုရားက နားလည်တဲ့စကားတွေနဲ့ ဟိုတုန်းက လွယ်လွယ်ဟောသွားတယ်၊ ဟောသွားတော့ ကြာမှာ မဟုတ်ဘူး၊ ဒါ အခုစာထဲမှာ ရေးထားတဲ့ ပါဠိအတိုင်းဆိုလို့ရှိရင် သိပ်မကြာဘူး၊ ၂-ဘာဏဝါရလောက် ရှိတယ်၊ အဲဒါ တစ်နာရီတောင်ကြာမှာ မဟုတ်ဘူး၊ နာရီဝက်လောက်ရှိမှာပေါ့၊ တရားဟောရင် ဒီထက်မြန်ချင်လည်း မြန်တယ်၊ မပြောတတ်ဘူး၊ မြန်တယ်လို့တော့ ကျမ်းဂန်တွေက ချီးကျူးထားတာပဲ၊ နာရီဝက်၊ တစ်နာရီအတွင်းလောက် တရားက ပြီးသွားမှာကိုး၊ တရားနာနေတဲ့ပုဂ္ဂိုလ်တွေ ဘာမှ မကြာဘူး။

ဘုန်းကြီးများ အခုဟောရတာတော့ အကြိမ်ကြိမ်များလှပါပြီ၊ ဘယ်နှစ်ကြိမ်လောက်လဲ မသိဘူး၊ တစ်နှစ်ကျော်နေပြီ ထင်တယ်၊ တစ်နေ့ချင်း နည်းနည်းချင်း နည်းနည်းချင်း ဟောရတာ၊ ကြားထဲ အပြတ်တွေကလည်း ရှိသေးတာကိုး။

အဲဒါ မြတ်စွာဘုရား တရားဟောတော့ တောက်လျှောက်နာလာတာ အစကတည်းကနေပြီးတော့ တစ်နာရီအတွင်းဆိုတော့ ဘာမှမကြာဘူး၊ နာနေရင်းနဲ့ နှလုံးသွင်း နှလုံးသွင်းပြီးတော့ ရဟန်းတော်တွေ (တိသ ဘိက္ခုသဟသဟဿာနိ-ဘိက္ခုသဟဿ ဆိုတော့ ရဟန်းတစ်ထောင်ကိုး၊ တိသ,က သုံးဆယ်၊ ထောင်ပေါင်း သုံးဆယ်၊ သုံးသောင်းပေါ့) သုံးသောင်းသောရဟန်းတော်တွေ အရဟတ္တဖိုလ် ရောက်ကြတယ်တဲ့။

အခုနေခါ စဉ်းစားကြည့်လိုက်လို့ရှိရင် တယ်ပြီးရဟန္တာဖြစ်လွယ်ပါလားလို့ အောက်မေ့ကြမှာပဲ၊ ဟိုတုန်းက ဟောကြားသူကလည်း မြတ်စွာဘုရားကိုး၊ ဟောတဲ့ပုဂ္ဂိုလ်အနေအားဖြင့် ကြည့်လိုက်မယ် ဆိုရင်လည်း မရောက်စရာမရှိဘူး၊ ဟောတဲ့ပုဂ္ဂိုလ်ကလည်း တရားရနိုင်လောက်တဲ့ပုဂ္ဂိုလ်တွေရဲ့ဉာဏ်နဲ့ ချင့်ချိန်ပြီးတော့ နားလည်အောင်လို့ မြတ်စွာဘုရားဟောထားတာကိုး၊ သူတို့ တစ်ခါတည်း နားလည်တဲ့စကားလုံးနဲ့ ဟောထားတာနဲ့ တွေ့ပြီးတော့သွားတယ်၊ တရားနာနေတဲ့ပုဂ္ဂိုလ်တွေကလည်း တရားနဲ့တွေ့ပြီးတော့ တရားရသွားကြတယ်၊ ဘုရားလက်ထက်က ဒီတရားရမဲ့ပုဂ္ဂိုလ်တွေ, ပါရမီအင်မတန်ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေအနေအားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် တရားရဖို့ရာလည်း လွယ်နေတာပဲ။

http://www.dhammadownload.com

ပြီးတော့ အဲဒီပုဂ္ဂိုလ်တွေဟာ သတိပဋ္ဌာန်တရားတွေ တစ်ခါတည်း ကြားရတာ မဟုတ်ပေဘူး၊ ရှေးကလည်း ကြားဖူး နာဖူး အားထုတ် ဖူးနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရမှာပေါ့၊ ဘာဖြစ်လို့တုံးဆိုလို့ရှိရင် မြတ်စွာဘုရားလက်ထက်က 'ပေစ္စ'ဆိုတဲ့ ဒကာတစ်ယောက်နဲ့ 'စန္ဒိက'ဆိုတဲ့ ပရိဗိုဇ်တစ်ယောက် ရောက်လာတယ်၊ ရောက်လာတော့ မြတ်စွာဘုရား၏အနီးအပါးမှာ ရဟန်းတော်တွေ အမြောက်အများ ရှိတယ်၊ အဲဒါတွေ ကြည့်ပြီးတော့ စန္ဒိကပရိဗိုဇ်က ကြည်ညိုနေတယ်၊ ဒီပုဂ္ဂိုလ်က ချီးမွမ်းတယ်၊ မြတ်စွာဘုရား၏အနီးအပါးရှိနေတဲ့ ရဟန်းတော်တွေ လက်မလှုပ် ခြေမလှုပ် ငြိမ်နေတယ်၊ စကားမပြောဘူး၊ ဘာမှမပြုဘူး၊ တစ်ခါတည်း ဆိတ်ပြီးတော့ နေတယ်၊ ကိုယ့်တရားလေးနဲ့ကိုယ် နှလုံးသွင်းနေတယ်၊ မြတ်စွာဘုရား ဟောရင်လည်း နာမှာပဲ၊ တရားမဟောတဲ့အခါလည်း ကိုယ့်တရားလေးနဲ့ကိုယ် နှလုံးသွင်းပြီးတော့နေတယ်၊ အဲဒီတော့ စန္ဒိကပရိဗိုဇ်က ဒီလိုဆိတ်ငြိမ်တာမြင်မှ မမြင်ဘူးဘဲကိုး၊ မမြင်ဘူးတော့ မြတ်စွာဘုရားထံမှာ ဒီတပည့်တွေ မြင်ရတော့ သူက အားရဝမ်းသာဖြစ်ပြီး ချီးကျူးတယ်၊ "မြတ်စွာဘုရား မြတ်စွာဘုရားက ရဟန်းတော်တွေ တပည့်တွေကို သွန်သင်ဆုံးမထားတာဖြင့် အင်မတန်ကောင်းပါပေတယ်၊ အင်မတန်ကောင်းသော သွန်သင်ဆုံးမခြင်းဖြင့် သွန်သင်ဆုံးမပြီးတော့ ထားပါပေတယ်၊ တယ်ကြည်ညိုစရာကောင်းတယ်တဲ့၊ ဘယ်ဘက်က ကြည့်လိုက် ကြည့်လိုက် ငြိမ်သက်သိမ်မွေ့ပြီးတော့ နေတာပဲ၊ ရှေးရှေးက ဘုရားတွေဟာလည်းပဲ တပည့်တွေ သွန်သင်ဆုံးမတာဟာ ဒီလိုပဲနေမှာပါပဲ၊ နောက်အနာဂတ်ကာလမှာ ပေါ်လာမယ့် 'ဗုဒ္ဓ'ဆိုတဲ့ ဘုရားတွေဟာလည်း ပေါ်လာလို့ရှိရင် ဒီလိုနေမှာပါ၊ မြတ်စွာဘုရားလိုပဲ သွန်သင်ဆုံးမပြီး ဒီအချိုးအစားအတိုင်းနေမှာပဲ ဆိုပြီး ကြည်ညိုလို့ ချီးကျူးတယ်။

ချီးကျူးတော့ မြတ်စွာဘုရားက စန္ဒိကပရိဗိုဇ်တဲ့၊ ဗဠာစွာ ဒီပရိသတ်ထဲမှာ တချို့က ရဟန္တာပုဂ္ဂိုလ်တွေပဲ၊ အာသဝေါကုန်ခန်းရဟန္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ ကိလေသာကင်းငြိမ်းနေတာ၊ တချို့ကလည်း အနာဂါမ်တွေတဲ့၊ တချို့ကလည်း သကဒါဂါမ်၊ တချို့ကလည်း သောတာပန်တွေပဲ၊ တရားထူးရနေတဲ့ပုဂ္ဂိုလ်တွေတဲ့၊ တချို့ပုဂ္ဂိုလ်ကလည်းပဲ သတိပဋ္ဌာန်လေးပါး ပွားများနေတဲ့ပုဂ္ဂိုလ်တွေတဲ့၊ သတိပဋ္ဌာန်လေးပါး ပွားများနေတဲ့ပုဂ္ဂိုလ်က သိမ်မွေ့နေတယ်၊ သိမ်မွေ့ရမှာပေါ့၊ သူဥစွာ ကိုယ်လှုပ်ရင် လှုပ်တာတွေ မှတ်ရမှာကိုး၊ ခေါင်းလှုပ်ရင် လှုပ်တာ မှတ်ရမယ်၊

http://www.dhammadownload.com

လက်လှုပ်ရင် လက်လှုပ်တာ မှတ်ရမယ်၊ မော့ရင် မော့တာ၊ ကြည့်ရင် ကြည့်တာ မှတ်ရမယ်၊ မြင်ရင်လည်း မြင်တာ မှတ်ရမယ်၊ စကားပြောချင်ပြန်လည်း ပြောချင်တာ မှတ်ရမယ်၊ ပြောရင်လည်း ပြောတာ မှတ်ရမယ်၊ ဘုရားနားမှာ ဆိုတော့ ဘယ်စကားတွေ ပြောနေလို့ဖြစ်မလဲ၊ တရားလည်းပဲ အမြဲတမ်း နှလုံးသွင်း ရွှမ့်တ်နေတော့ စကားပြောစရာလည်း မရှိပါဘူး၊ တရားအမြဲတမ်းရွှမ့်တ်နေတာ၊ သတိပဋ္ဌာန်တရား ပွားများနေရလို့ရှိရင် ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေ အကုန်လုံး သိမ်မွေ့နေတာ၊ စိတ်တောင်မမြင်ရလို့ပဲ၊ စိတ်လည်း သိမ်မွေ့နေတာပဲ၊ အကုန်လုံး ကောင်းတာ။

အဲဒါတွေ ပြောတော့ 'ပေစွ'ဆိုတဲ့ ဒကာက ထပြီးတော့ လျှောက်တယ်၊ "အရှင်ဘုရားတဲ့၊ သိပ်ကောင်းတာပါပဲတဲ့၊ လူလောကကြီးမှာ လူတွေဆိုတာ စိတ်တွေက ကောက်တွစ်စဉ်းလဲပါတယ်တဲ့၊ တိရစ္ဆာန်တွေများ စိတ်ဟာ ဖြောင့်မတ်တယ်တဲ့၊ သူတို့က ဟန်မဆောင်ဘူးတဲ့၊ မြင်းတို့၊ နွားတို့၊ သူသခင်အရှင်နဲ့သူ ကြည်ကြည်နူးနူးရှိတဲ့အခါ ကြည်ကြည်နူးနူးရှိတဲ့အလိုက်ပဲ၊ ကြည်ကြည်နူးနူး မရှိရင်လည်း မရှိတဲ့အလိုက် ဖော်ပြတယ်တဲ့၊ ဟန်မဆောင်ဘူးတဲ့၊ လူများက ဒီလိုမဟုတ်ဘူး၊ လူတွေကတော့ စိတ်ထဲကနေပြီးတော့ မကြည်ညိုဘဲနဲ့ ကြည်ညိုချင်ယောင်ဆောင်ချင် ဆောင်နေတာပဲ၊ အခုလည်း ကြည်ညိုချင်အောင် ပြောချင်လည်း ပြောနေတာပဲတဲ့၊ လူဟာ မဖြောင့်မတ်ဘူးတဲ့၊ အဲဒီလို မဖြောင့်မတ်တဲ့ လောကကြီးထဲမှာ အရှင်ဘုရားဟာ တရားတွေ သွန်သင်ဆုံးမထားတာ၊ ဖြောင့်မတ်တဲ့ ဒီသတိပဋ္ဌာန်တရားတွေ အင်မတန်ကောင်းတယ်တဲ့၊ ဒီတရားတွေနဲ့ အားထုတ်လိုက်လို့ရှိရင် ဖြောင့်မတ်ပြီးတော့ သွားတယ်၊ အင်မတန် ကောင်းတဲ့ တရားတွေပဲတဲ့၊ တပည့်တော်တို့ လူပေမယ့်လို့လည်း ဒီသတိပဋ္ဌာန် တရားတွေ ရံခါရံခါတော့ အားထုတ်နေပါတယ်ဘုရား"လို့ လျှောက်တယ်။

အဲဒီလိုလျှောက်တာထောက်ဆလို့ အခုန ရဟန်းတော်တွေ ဆိုတာက ဒီသတိပဋ္ဌာန်တရားတွေ အမြဲတမ်းအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်၊ အဲဒီလို အမြဲတမ်းပွားများအားထုတ်ပြီးတော့နေတော့ မြတ်စွာဘုရား တရားဟောလိုက်တဲ့အခါ ဟောတဲ့တရားကလည်းပဲ မြတ်စွာဘုရားဆိုတာ အင်မတန်ကို ရှင်းပေးတယ်၊ ရှင်းလင်းပြီးတော့ မိမိတို့ အဏ္ဏာသယနဲ့ကိုက်ပြီးတော့ နေကြတယ်၊ ဒီအတွင်းမှာ တရားနှလုံးသွင်း ရွှမ့်တ်ပြီးတော့ ရဟန္တာတွေ ဖြစ်ကုန်ကြတာပေါ့၊ ဖြစ်စရာ

http://www.dhammadownload.com

အကြောင်းက အများကြီးရှိပါတယ်၊ တရားသံတွေ ကြားနေရတယ်၊ တရားဟောတဲ့ စကားလုံးတွေကို ကြားနေရတယ်၊ အဲဒီစကားလုံးလေး အနက်အဓိပ္ပါယ်တွေ ပေါ်လာ၊ ဒီမှာ ပီတိတွေ ဖြစ်တာကိုး၊ မြတ်စွာဘုရားဟောရင်း ဟောရင်းနဲ့ ကိုယ်ထဲမှာ ပီတိတွေ ဖြစ်ရင် ဒီပီတိက ရွှရမှာကိုး၊ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်တဲ့စိတ်ထဲ ရွှရမှာကိုး၊ စိတ္တာနုပဿနာ ဓမ္မာနုပဿနာတွေအရ အဲဒါတွေ ပေါ်တာတွေကို ရွှရမယ်၊ ရွှလိုက်တော့ ရွှရင်းရွှရင်းနဲ့ တချို့ပုဂ္ဂိုလ် တရားဟောခါစ ကပဲ ရဟန္တာဖြစ်မှာ၊ တချို့လည်း အလယ်ပိုင်းလောက်တုန်းကတည်းက၊ တချို့လဲ ဆုံးခါနီးလောက် ဖြစ်ပါလိမ့်မယ်။

သို့သော် အကုန်လုံးစုပေါင်းပြီး 'ဒေသနာပရိယောသာနေ- ဒေသနာတော်၏အဆုံး၌၊ တိသဘိက္ခုသဟဿာနိ-သုံးသောင်းသော ရဟန်းတော်တို့သည်၊ အရဟတ္တေ-အရဟတ္တဖိုလ်၌၊ ပတိဋ္ဌဟိသု-တည်ကြလေပြီတဲ့၊ ရဟန္တာဖြစ်ပြီး သွားကြတယ် ဆိုတဲ့ အကြောင်းကို အဋ္ဌကထာက ဖွင့်ပြပြီးတော့ ထားပါတယ်။

သတိပဋ္ဌာနသုတ်လည်း ဆုံးပါပြီ၊ ဒီတစ်ခေါက်တော့ ဆုံးပြီ၊ ဒီသာသနာ့ ရိပ်သာ ရောက်ခါစတုန်းက သတိပဋ္ဌာနသုတ် တစ်ခေါက်ဟောခဲ့တယ်၊ အခု တစ်ခေါက် ဆိုတော့ နှစ်ခေါက်ရှိသွားပြီ၊ နောက် အကြောင်းညီညွတ်တဲ့အခါကျမှ ဟောရမယ်၊ နောက်သီတင်းကျလို့ရှိရင်တော့ ပဋိစ္စသမုပ္ပါဒ်ဟောဦးမှပဲ၊ ပဋိစ္စသမုပ္ပါဒ်က မှတ်သားစရာကောင်းပါတယ်၊ နက်နဲတဲ့တရားတွေ ဖြစ်တယ်၊ နောက်သီတင်းကျတော့ ပဋိစ္စသမုပ္ပါဒ်တရား စပြီး ဟောရမယ်၊ ဒီကနေ့ တရားသိမ်းရမယ်၊ ဤသတိပဋ္ဌာနသုတ္တန်တရားတော်ကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မဿဝနကုသိုလ်ကံစေတနာ၏ အစွမ်းအာနုတော်တို့ကြောင့် အခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် သတိပဋ္ဌာန်တရားဒေသနာတော်၌ ဟောကြား၍ထားသော လေးပါးသော သတိပဋ္ဌာန်တရားတို့ကို ပွားများအားထုတ်နိုင်ကြကုန်သည်ဖြစ်၍ မိမိတို့အလိုရှိအပ် သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု ပါဘုရား။

ဆစ္စာလေးပါးတရားတော်ပြီးပြီ။

http://www.dhammadownload.com

သမ္မဒါနံ ဓမ္မဒါနံ ဓိနာတိ
အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြား တော်မူသော တရားတော်သာသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော် ဘုရားကြီးရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာတော်အတွက် အကျိုးကျေးဇူးများလှပါသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့ လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော် ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ကျမ်းစာအုပ် များပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုပိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

"သမ္မဒါနံ ဓမ္မဒါနံ ဓိနာတိ"ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံး အလှူဖြစ်သော "တရားစာအုပ်များလှူဒါန်းလိုပါက" မဟာစည် တရားတော် မြန်မာ့ဗားရှင်း ထာဝရမဟာသာပတ်ဘင်္ဂလျှင် ကျပ် ၅၀၀၀/-ဖြင့် စိုက်ထုလှူဒါန်းနိုင်ပါသည်။ သီးသန့် ငွေပမာဏသာပင်စိုက်ထူ၍ မိမိနှစ်သက် ရာ ကျမ်းစာအုပ်ကို ရွက်နှိုင်လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့် အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဆက်သွယ်လှူ ဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
မဟာန်းမြို့နယ်၊ ရန်ကုန်မြို့။

Email-Mahasi-ygn@mptmail.net.mm
Website-www.mahasi.org.mm.
01.545918-01-541971

http://www.dhammadownload.com